www.burmeseclassic.com

ပုဂံ

အမှတ် - ၂၄၅ ၂၀၁၆ - ခုနှစ်၊ ဇူလိုင်လ

ပဉ္စမမြောင်း



www.burmeseclassic.com

PHOTOGRAPHY & GRAPHIC DESIGN
YAW MINN MOUNG

www.burmeseclassic.com

သဗ္ဗသိန္ဓဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

သော ဥတ္တိ၊ သဗ္ဗ သတ္ထုန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဒုဿိက္ခန္တရာယော၊ ဂစ္ဆအမုမိ ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ"ဟူ၍လည်း ခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ, နတ်, ဗြဟ္မာအပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရာဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

အမှတ် (၂၄၅)၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်

www.burmeseclassic.com

www.burmeseclassic.com



မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ရောက်ဖြစ်ခဲ့ပေ ကမ္ဘာကျော်သည့် မင်းကွန်းမြေ	မင်းဂုဏ် ၅
၂။	မင်းတုန်းမင်းကြီး လှူဒါန်းခဲ့သော ရွှေတိဂုံစေတီတော် ထီးတော်ကြီး	ညွှန့်မောင်ဦး ၁၄
၃။	ဇလွန် မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား	တက္ကသိုလ်မျိုး ၂၀
၄။	ပုဂံ ညောင်ဦး ဘုရားဖူးခရီးစဉ်နှင့်အတူ ကြုံရ ဆုံရ ခရီးသည်များ၏ဘဝ	မြမဉ္ဇူဝေ(ကျုံမင်း) ၃၄
၅။	သိကြားမင်းဆက်ကပ်ခဲ့သော တံဆိပ်တော်ရ ထားဝယ် ပြည်ဆံတော်	ဆရာကြီးဦးအောင်မြိုင် ၃၈
၆။	ထူးတူးခြားခြား ဦးကျော်သူဘုရား	ယောနကဘိုးထောင် ၄၁
၇။	မန္တလေးမြို့ ရွှေမန်းတောင်စေတီတော်မြတ်ကြီးနှင့် ရသေ့ကြီးဦးခန္ဓီ ဘဝဇာတ်ကြောင်း	မနှင်းဝေ(ဟသ်တ) ၄၅
၈။	မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဝေဒနာနုပဿနာကျင့်စဉ်	ဓမ္မဒိန် ၅၄
၉။	ဥူးသုမင်္ဂလ(ဒယ်အိုးဆရာတော်) ဟောကြားတော်မူသော အရိုအသေ အလေးအမြတ်	ဓမ္မဒိန် ၆၀
၁၀။	တေးချင်းဆိုသော ဝိသာခါ	ဆင်ပြူကျွန်းအောင်သိန်း ၆၈
၁၁။	အမတေ အမတ အမေ	ကိုအေးမင်း(ပဲခူး) ၇၁
၁၂။	မစင်စားတဲ့ ပြိတ္တာမ	နန္ဒာမိုးကြယ် ၇၆
၁၃။	သိမ်မွေ့သောဘဝကူးပြောင်းမှု အတွေ့အကြုံများ ...	စိုင်းမင်းညီ ၇၉
၁၄။	အိပ်မက်တစ်ခုရဲ့ရာဇဝင်	သတိုးနွယ် ၈၃
၁၅။	ရာဇဝင်ထဲက တိကျစ်မြို့တော်	ဗေဒသုတေသီ ဆရာမျိုး ၈၆
၁၆။	မီးလျှံဖြစ်စဉ် ရှုပွားဆင်ခြင် တန်ခိုးရှင်	လင်းယုဉ်ညာဏ် ၉၆
၁၇။	Vigen Myanmar မိသားစုများနှင့်တွေ့ဆုံခြင်း ...	ဉာဏ်ပွင့်(စက်မှု) ၁၀၇
၁၈။	အလောင်းမင်းတရား အောင်ဇေယျတဲ့ဟေ့	ထွန်းလင်းသူ ၁၁၃
၁၉။	ဆိုခဲစေ မြဲစေ	ကျော်သူရနိုင်(အဝေရာ) ၁၂၁
၂၀။	အီစွပ်၏အလွဲ	မောင်ဝင်းထိန်(အင်းစိန်) ၁၂၃
၂၁။	တကယ်အောင်မြင်တိုးတက်ကြီးပွားချင်ရင် စိတ်ဓာတ်ကိုပြုပြင်ပြီး ကိုယ်ထူးကိုယ်ခွန်လိုက်ပါ ..	မင်းလှမင်းခေါင် ၁၂၆
၂၂။	စိမ့်စမ်းရေကြည်ပမာ အမေ့မေတ္တာ	မောင်မြထွေး(ပင်လယ်) ၁၃၂
၂၃။	တစ္ဆေစီးတဲ့ လပြည့်ည	ဓာတ်ပုံမောင်မောင်အေး ၁၃၇

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၄။	တုံးအောက်က ဖားအကြောင်း	ဒီဗိုင်းကိုသက်(ရွှေတံခါးမှူး) ၁၄၃
၂၅။	နေထွက်ချိန်မှာ ကြယ်ကြွေသည်	တင်မောင်မောင်(ပေါက်ကုန်း) ၁၄၆
၂၆။	တစ်ခါက ကြုံတွေ့ခဲ့တဲ့	မကွေးနေရာဇာ ၁၅၂
၂၇။	တရားသူကြီးတစ်ဦး၏ အိပ်မက်	နေဝန်းနီ ၁၅၆
၂၈။	သမုဒယမိုးမြေ	ရေနံ့သာအောင်ချမ်းဇော် ၁၆၁
၂၉။	အမှောင်ည	ဘသက်ဆွေ ၁၇၀
၃၀။	ရင်ကွဲအပြုံး	ဂျိဳးနွန်းကို ၁၇၄
၃၁။	နွေကဗျာထဲက အိပ်မက်စေတမန်	စောဒေတာ ၁၈၂
၃၂။	ကျောက်ကြီးလှမောင်	ကြည်မင်းစံ(အောင်မြေသာယာ) ၁၉၅
၃၃။	မြွေဟောက်ဖမ်းသောည	ဘဒင်(မလွန်မြွေဖား) ၂၀၈
၃၄။	လမုပင်တန်းသရဲနှင့် ပျူစောထီးမြဒင်	ရိုရိုငွေး ၂၁၂
၃၅။	ပဲရစ်ရဲ့ စိန်စီသောလမ်းနှင့် အောင်မြင်ခြင်းမုခ်ဦး	ကိုအေးမြင့်(မဟာဝိဇ္ဇာဂျွေး-သု) ၂၁၇
၃၆။	မျက်လုံး ခွဲစိတ်ကုသခံရသော လူနာတစ်ဦး၏ ဖြစ်ရပ်မှန်	ကျော်ငွေး(နက္ခတ္တဂျောင်ခြည်) ၂၂၉
၃၇။	ကျားနဲ့ကညာ	ဆြာတော် ၂၃၂
၃၈။	နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏ ..	သမားတော်ကြီးဒေါက်တာသက်ဆွေ ၂၃၇
၃၉။	အောင်နိမိတ်ဆောင်သော အောင်သပြေပန်းနှင့် ကျန်းမာရေး	ဒေါက်တာနိုက်တင်ဂေးလ် ၂၄၁
၄၀။	လေးဖက်နာရောဂါ ရမ်းကုများ	တော်မြင့်(ဒုက်ဗျား) ၂၄၄
၄၁။	ရောဂါနှင့် နွားနို့အထောက်အကူ	စိုးယဉ်ထွန်း ၂၅၀
၄၂။	ကင်ဆာရောဂါ	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၅၃
၄၃။	သွေးဆုံးခြင်းနှင့်ဆက်နွယ်နေသော အရိုးပါးရောဂါ	ရိုရိုငွေး ၂၅၆
၄၄။	ဆေးနှင့်မန္တန်	မောင်စာဆို(ကျုံစု) ၂၆၀
၄၅။	အပူဒဏ်ခံ ဆီးရောဂါအတွက်	ဦးမင်းဇင်(ရွှေနဝင်း) ၂၆၂
၄၆။	ပြုံးရယ်ရယ်ဟား ဟာသများ	နီကြည်ကို ၂၆၄
၄၇။	ကာတွန်းကဏ္ဍ	ဒဂိုး(ရွှေရင်အေး)၊ကျော်ဖြိုးလွင်၊မုဒုံ(အိန္ဒဂျယ်)၊မိုးမခ(စစ်ကိုင်း) ၂၆၆
၄၈။	မိုးသည်းသည်းနှင့်လျှပ်တစ်ပြက်အလွဲ	ဟန်သီဇင် ၂၇၀
၄၉။	ရာသွန်းပြည့်နီးပါး မှန်ကန်သော လက္ခဏာပညာ အဟောများ	ဆရာကြီးဦးအောင်မြိုင် ၂၇၃



www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀။	နက္ခတ္တသိပ္ပံပညာနှင့် နက္ခတ်ဗေဒင်ပညာ	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၇၅
၁၁။	နတ်ဝိဇ္ဇာများပေးသော အလိုတော်ပြည့်ဂါထာတော်	မင်းသန့်ဦင်(ကွမ်းခြံကုန်း) ၂၇၈
၁၂။	နဂါးကိုးကောင်ဆရာတော်၏ အောင်စည်အောင်မောင်း အောင်ကြောင်းဝေဖြာ ဓာတ်ယတြာ	မင်းကုန္ဒက(ဒေတ္တစ်ကိုင်းတောင်ပိုး) ၂၈၀
၁၃။	ဝိဇ္ဇာအောင်မင်းခေါင် ဆုံးမလိုက်သော ရှေ့နေ	သိန်းထွန်းသစ် ၂၈၅
၁၄။	တိုတိုတုတ်တုတ်နှင့် အလုပ်ဖြစ်တဲ့ အဟုတ်ဖြစ်တဲ့ ဂါထာတော်	နတ်မျက်စိဆရာအောင်စိုး ၂၈၈
၁၅။	လူတိုင်းတွက် နဝင်းအည္ဆန့်ဓာတ်ယတြာ	အောင်ကြည်သန်း(ဗောင်တော်သီ) ၂၉၀
၁၆။	အကယ်ဒမီ မောင်လူလှနှင့် မှတ်ဉာဏ်ကောင်းစေသော ယတြာ	ထက်လင်းထက် ၂၉၃
၁၇။	နေ့စဉ်ဖြစ်ပျက်နေသည့် ဆန်းကြယ်မှုများ၏ အဖြေများ	ဦးတိုး(တက္ကသိုလ) ၂၉၆
၁၈။	ဝါစတုသ္သတ္တရပညာ	ဆရာဦးခန့်ကျော် ၃၀၁
၁၉။	၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ	ဦးညွှန့်လိုင်(ကြိုပင်ကောက်) ၃၀၉
၆၀။	၂၀၁၆ ခုနှစ်၊ ရာသီခွင်နှင့် ဇူလိုင်လ ဟောကိန်းများ	ဆရာဦးခန့်ကျော် ၃၁၂

နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

အကြံပေး
ဦးစိုးဝိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ဉာဏ်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်ဟန်ကျော်

ခရီးသွားအယ်ဒီတာ
စောင်းကောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်

မျက်နှာပုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ဝန်းစီပညာရှင်များ
အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူစိုးမြင့်လေး၊ စောတင်မောင်၊
ဇိုးအောင်၊ ဆွေမြင့်

အတွင်းဖလင်
ကိုဦး

မျက်နှာပုံးနှင့်အတွင်းပုံနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၀၃၈၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၃၀]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဇ္ဈဒေးတိုက်နှင့် ဖြန့်ဝေရေး
တိုက်အမှတ် (၃၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၈၃၀

ကြော်ငြာနှင့် ဖြန့်ဝေရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၃၄)

အစဉ်ခွဲ
အောင်ဝင်းသန့်

မန္တလေး
ထွန်းဦးစာပေ၊ နဂါးစာပေ

ရောင်းဈေး ၂၄၀ ကျပ် | ကုန်ခရေ ၁၀၀၀

ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက် အသိပေးအကြောင်းကြားခြင်း

စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့ စာမူအတွက် ဉာဏ်ပူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖြစ်ခဲ့ပေ တမ္ဘာကျော်သည့် မင်းကွန်းဒေါင်းလေး

ဇင်းဝတ်

အမရပူရ ခေါ် တောင်မြို့သို့ စာရေးသူ တစ်နှစ် တစ်ခေါက် ပုံမှန် ရောက်ဖြစ်သည်။ စစ်ကိုင်းသို့လည်း ရောက်ဖြစ်ခဲ့သဖြင့် ထိုနေရာဒေသများတွင် စံပယ်တော်မူလျက်ရှိသော ဘုရားပုထိုးစေတီများသို့ သွားရောက်ဖူးမြော်ခဲ့ပြီး ဘုရားဖူးခရီးသွား ဆောင်းပါးများကိုလည်း ရေးသားပူဇော်ခဲ့ပြီးပေပြီ။

အင်းဝနှင့် မင်းကွန်းတို့တွင် စံပယ်တော်မူလျက်ရှိသော ဘုရားပုထိုးစေတီတော်များ၊ သာသနိကအဆောက်အအုံများထဲသို့မူ ပြီးခဲ့သည့်နှစ်ပေါင်း (၂၀)ကျော် (၃၀)ဝန်းကျင်တွင် တစ်ခေါက် နှစ်ခေါက် ရောက်ဖူးခဲ့ပြီးနောက် မရောက်ဖြစ်ခဲ့တော့ပေ။

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင်မူ မန္တလေးသို့ရောက်သည့်အခိုက် အမရပူရမြို့နယ်၊ ဆင်ရွာ၊ မြင်းမူးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ဝေရောစနကျောက်စိမ်းစေတီတော်သို့လည်းကောင်း၊ အင်းဝမြို့ဟောင်းနှင့် မင်းကွန်းဘက်ရှိ ဘုရားပုထိုးစေတီတော်သာသနိက အဆောက်အအုံများသို့လည်းကောင်း သွားရောက်လေ့လာဖူးမြော်ဖြစ်ခဲ့သည်။

ကျောက်စိမ်းစေတီတော်အား သွားရောက်ဖူးမြော်ဖြစ်ခဲ့ပုံများကို ဇွန်လထုတ် လပြည့်ဝန်းမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ကျောက်စိမ်းစေတီတော်ကို ၂၉-၁၀-၂၀၁၅ ရက်နေ့ညနေပိုင်းတွင် သွားရောက်ဖူးမြော်ခဲ့ကြပြီးနောက် ၃၀-၁၀-၂၀၁၅ ရက်နေ့ နံနက်စောစောပိုင်းတွင် အင်းဝမြို့ဟောင်းနှင့် မင်းကွန်းဘက်သို့ သွားရောက်ရန် အငှားယာဉ် Probox ကားတစ်စီးကို ကြိုတင်ငှားရမ်းထားခဲ့ကြသည်။

၂၉-၁၀-၂၀၁၅ ရက်နေ့အထိ အမရပူရမြို့နယ်၏ ရာသီဥတုမှာ သာသာယာယာ ရှိခဲ့သော်လည်း ၃၀-၁၀-၂၀၁၅ ရက်နေ့ စာရေးသူတို့ ဘုရားဖူးထွက်မည့်နေ့ဧကန်တွင်မှ နံနက်မိုးမလင်းမီကပင် စတင်ကာ မိုးကတစိမ့်စိမ့်ရွာလျက်ရှိသည်။ မည်သို့ပင်ဖြစ်စေ ထိုခရီးကို ဖြစ်အောင်သွားမည်ဟု ဆုံးဖြတ်ထားကြပြီး နောက်ပိုင်းတွင် မိုးတိတ်သွားနိုင်သည် ဟူသော မျှော်လင့်ချက်ဖြင့် နံနက်စာကို စောစီးစွာပင် စားခဲ့ကြပြီးနောက် အငှားယာဉ်မောင်းအား လမ်းခရီးအခြေအနေကို စုံစမ်းမေးမြန်းကြည့်လိုက်သည်။ မိုးရွာနေသော်လည်း ဖွဲဖွဲလေးသာဖြစ်၍ သွားမည်ဆိုက သွားနိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကြက်ထောင့်ကန်ကြီး

ကြောင်း သိရသဖြင့် နံနက် ၇ နာရီ အရောက်လာခေါ်ရန် ခိုင်းဆိုခဲ့ပြီး ကား ရောက်လာသည်နှင့် မိုးဖွဖွလေး ရွာနေ ဆဲမှာပင် ထွက်ခဲ့ကြသည်။

မိုးက ဖွဲလိုက် သည်းလိုက်ဖြင့် စာရေးသူတို့အား ကလူကျီစယ်ပြုနေ သည့်နှယ်ပင်။ ဘေးတံခါး ပိတ်ထားရ သဖြင့် ပတ်ဝန်းကျင် မြင်ကွင်းအလှကို ကြည့်ရှုခံစားခွင့် မရခဲ့ပေ။ ရှေးယခင် အခါများက မင်းကွန်းဘက်သို့ သွားရာ တွင် မန္တလေးမြို့ မရမ်းခြံဆိပ်ကမ်းမှ မော်တော်စီးကာ သွားခဲ့ကြရသဖြင့် ဧရာဝတီမြစ်တွင်း မြင်ကွင်းကိုပါ အား ပါးတရ ကြည့်ရှုခံစားခွင့် ရခဲ့သည်။

သို့ရာတွင် ထိုစဉ်က ဘဝရှေ့ရေး အတွက် ရုန်းကန်နေရသည်ဖြစ်၍ ထို မြင်ကွင်းအလှများကို စာပန်းချီဖြယ်မှုန်းကာ သိကုံးရေးဖွဲ့ခြင်း မပြုနိုင်ခဲ့ပေ။

ယခုအခေါက်တွင်မူ ဧရာဝတီ တံတား (ရတနာပုံ)ကိုဖြတ်ကာ စစ်ကိုင်း မှတစ်ဆင့် စစ်ကိုင်းမင်းကွန်းကားလမ်း အတိုင်း မောင်းခဲ့သဖြင့် ဧရာဝတီမြစ် တွင်း မြင်ကွင်းအလှကိုလည်း ကြည့်ရှု ခံစားခွင့် မရခဲ့ပေ။

ဤသို့ဖြင့် ဆက်လက်မောင်းနှင် ခဲ့ရာ ခိုတောင်ချောင်း၊ ပေါက်၊ လက်ပံ၊ ထန်းမြင့် စသည့်ရွာလေးများကို ဖြတ် သန်းသွားသည်ကို သတိထားမိခဲ့သည်။

ကြက်ထောင့်ရွာ ရောက်သည် တွင် လက်ဝဲဘက်ခြမ်း၌ "ကြက်ထောင့် ကန်" ဟူသော ကမ္ဘည်းကျောက်တိုင် တစ်ခုကို တွေ့လိုက်သဖြင့် ယာဉ်ကို ခေတ္တရပ်ပေးရန် ယာဉ်မောင်းအား ပြောခဲ့ပြီး ထိုကန်ကြီးအနီးသို့သွားကာ လေ့လာဖြစ်ခဲ့သည်။ "ဘိုးတော်ဘုရား ကောင်းမှု၊ ကြက်ထောင့်ကန်၊ မြန်မာနှစ် ၁၁၇၉၊ ခရစ်နှစ် ၁၈၁၇" ဟူ၍ ရေးထိုး ထားသော ကမ္ဘည်းစာတမ်းအရ ဘိုး တော်ဘုရား(ဗဒုံမင်း)၏ ကောင်းမှုတော် ဖြစ်ကြောင်း သိရသည်။

မင်းကွန်းတွင် ပုထိုးတော်ကြီး၊ ခြင်္သေ့ကြီးနှစ်စီး၊ မင်းကွန်းခေါင်းလောင်း ကြီးနှင့် ကြက်ထောင့်ကန်ကြီးတို့မှာ ဗဒုံမင်း၏ ထူးခြားသော ကောင်းမှုတော် များဖြစ်ကြောင်း စာရေးသူ ဖတ်ရှုမှတ် သားမိခဲ့ရာ ယခု တွေ့မြင်ရသည့် ကြက် ထောင့်ကန်ကြီးမှာ ထိုကောင်းမှုတော် များအနက်မှ တစ်ခုပင် ဖြစ်သည်။

စစ်ကိုင်း မင်းကွန်း ကားလမ်း ဘေးတွင်ရှိသည့် ထိုကန်ကြီးကို အုတ် တံတိုင်းဖြင့် အခိုင်အမာ ကာရံထားပြီး ထိုအုတ်တံတိုင်း ဝင်ပေါက်လေ့ကား အတိုင်း ၁၀ ပေကျော်ကျော်ခန့် ဆင်း သွားပြီးမှ ကန်ပေါင်သို့ရောက်သည်။

အုတ်တံတိုင်း ပတ်လည်တွင် လည်းကောင်း၊ ကန်ပေါင်ပတ်လည်တွင် လည်းကောင်း ချုံနွယ်ပိတ်ပေါင်းများ ဝန်းရံဖုံးလွှမ်းလျက်ရှိပြီး ကန်ရေပြင်ပေါ် တွင်လည်း ရေမှော်ပင်များဖုံးလွှမ်းလျက် ရှိသဖြင့် ရှေးဟောင်းအမွေအနှစ် ဖြစ် သော ထိုကန်ကြီးကိုလည်း ထိန်းသိမ်း စောင့်ရှောက် ပြုပြင်ပေးရန် လိုအပ်နေ ပေပြီ။ ကန်ပေါင်နားသို့ ရောက်သည် အထိ ဆင်းကြည့်လိုသော်လည်း မိုးရွာ ထားသဖြင့် ရေညှိတက်နေသော လှေ ကားထစ်များအား ချုံနွယ်ပိတ်ပေါင်းတို့ ကလည်း ဖုံးလွှမ်းထားသဖြင့် မဆင်းဖြစ် ခဲ့တော့ပေ။ လှေကားဝမှ ရပ်၍ သာ မှတ်တမ်းဓာတ်ပုံ ရိုက်ယူဖြစ်ခဲ့သည်။

ထိုအခိုက်အတန့်တွင် မိုးစဲသွား သည့်မှာ ကံကောင်းသည်ဟုပင် ဆိုရ မည်။ သို့ရာတွင် ရာသီဥတုမှာ ပွင့်လင်း မလာသေးဘဲ မှိုင်းညို့ညို့ရီဝေဝေပင် ရှိနေသေးသည်။ ယခုအချိန်တွင် လင်း လက်သည့် နေခြည်နုလေးဖြင့် စာရေး သူက်အား နွေးထွေးစွာ ဆီးကြိုလာပါမူ ေ ောင်းလေစွဟု တောင့်တမိသည်။

သို့ရာတွင် တောင့်တသည့်ဆန္ဒ မှာ မပြည့်ဝခဲ့ပေ။ ညို့ညို့ဆိုင်းဆိုင်း အုံ့မှိုင်းလျက်ရှိသည့် ရာသီဥတု လွှမ်း မိုးမှုအောက်တွင်ပင် Probe ကား ကလေးက တရိပ်ရိပ် ရွေ့လျားလျက်ရှိ

www.burmeseclassic.com



ပုထိုးတော်ကြီးအား မြသိန်းဘုန်စေတီတော်ပေါ်မှ ဖူးတွေ့ရပုံ



နောင်တော်ကြီးစေတီ

သည်။ ဝါးချက်ဇီဝိတဒါန ဆေးရုံရှေ့မှ ဖြတ်ခဲ့သည်ကို ရိပ်ခနဲ တွေ့လိုက်သည်။

ယနေ့ ညနေ ၃ နာရီရထားဖြင့် ရန်ကုန်သို့ ပြန်ရမည်ဖြစ်၍ မင်းကွန်းပုထိုးတော်ကြီး၊ မင်းကွန်းခေါင်းလောင်းကြီး စသည့် မင်းကွန်းရှိ ထင်ရှားသော နေရာများနှင့် အင်းဝ မယ်နု အုတ်ကျောင်း၊ ဗားကရာကျောင်းစသည်တို့ကို နေ့ဝက်အချိန်အတွင်း ရနိုင်သမျှ သွားရောက်ကြမည်ဖြစ်၍ ယာဉ်မောင်းသူက လည်းခပ်သွက်သွက်ပင်မောင်းနှင်လျက် ရှိသည်။ ပုထိုးတော်ကြီးသို့ အရင်သွားမည်ဟုဆိုကာ ယာဉ်မောင်းက ပုထိုးတော်ကြီးသို့ဦးတည်မောင်းနှင်နေသည်။

မကြာမီ ဧရာဝတီမြစ်ကမ်းဘေးကားလမ်းမနှင့် ခပ်လှမ်းလှမ်း၌ ဖူးတွေ့နေကျ ပုံစံမျိုးမဟုတ်သော ထူးခြားသည့် စေတီတော်ထူစ်ဆူကို ဖူးတွေ့လိုက်ရသည်။ စေတီတော်၏ ဉာဏ်တော်မှာ ၁၅ ပေခန့်ရှိမည်ဟု ခန့်မှန်းမိသည်။ ထိုးတော်မှသည် ခေါင်းလောင်းပုံ အောက်ကျည်းဝန်းအထိ ရွှေသင်္ကန်းရောင် ဝင်းပြောင်လျက်ရှိပြီး အောက်ပိုင်းကြာဖူးပုံစံကိုယ်လုံးတော်နှင့် ဖိနပ်တော် အထက် ပစ္စယာ လေးဆင့်တို့မှာမူ ထုံးသင်္ကန်းကပ်လှူထားသည်ကို ဖူးတွေ့ရသည်။

ထိုစေတီတော်နှင့် စပ်လျဉ်း၍ ယာဉ်မောင်းအား မေးမြန်းကြည့်ရာ နောင်တော်ကြီးစေတီ ဖြစ်ကြောင်း သိလိုက်ရသည်။

ပုထိုးတော်ကြီး ပရိဝုဏ်အတွင်းသို့ ရောက်သည်တွင် မိုးဖွဲလေးများ ကျလျက်ရှိသည်။ သို့ဖြစ်၍ ပတ်ဝန်းကျင်မှာ စွတ်စိုထိုင်းမှိုင်းလျက် ရှိသည်။

ပုထိုးတော်ကြီးဟူသော ဘွဲ့မည်တော်နှင့် လိုက်ဖက်စွာပင် ထုထည်ကြီးမားလှသော ပုထိုးတော်ကြီးကို မိုးဖွဲဖွဲလေးထဲမှပင် မှတ်တမ်းမှတ်ပုံ ရိုက်ယူဖြစ်ခဲ့သည်။ ပုထိုးတော်ကြီးသို့ အဝင်လမ်း လက်ယာဘက်တွင် မြန်မာမှုအနုလက်ရာများဖြင့် ခြယ်မှုန်းထားသည့် လှပတင့်တယ်ရွှေချင်ဖွယ်ဖြစ်သောမဏ္ဍပ်ကြီးတစ်ခုကို တွေ့ရပြီး လက်ဝဲဘက်တွင်မူ စျေးဆိုင်လေးများ ရှိသည်။

ပုထိုးတော်ကြီးတွင် လိုဏ်မုခ်ဝ ရှိသည်ကို တွေ့သဖြင့် ရေညိတက်ထားသည့်အပြင် မိုးရေစိုလျက်ရှိသော လှေကားထစ်များကို သတိကြီးစွာထား၍ တက်ခဲ့ကြပြီး လိုဏ်မုခ်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ လိုဏ်မုခ်အတွင်း ဝယ် ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်တ

www.burmeseclassic.com

www.burmeseclassic.com

ပုထိုးတော်ကြီးဝင်ပေါက်မုခ်ဝ

ကိန်းဝပ်စံပယ်တော်မူလျက် ရှိသည်ကို ဖူးတွေ့ရသည်။ လိုက်မုခ်ဝ တစ်ဖက် တစ်ချက်တွင် ကြေးခေါင်းလောင်း တစ်လုံးစီ ရှိသည်။

ဘုရားဒါယကာ ဗဒုံမင်း (ဘိုးတော်ဘုရား)သည် ပုထိုးတော်ကြီးကို ဉာဏ်တော် ပေ ၅၀၀ အမြင့်တည်ရန် ရည်ရွယ်ခဲ့ပြီး ရွှေတိဂုံစေတီတော်ထက် ပေ ၂၀၀ ခန့် ပိုမြင့်မားသော ထိုစေတီကြီးကို တရုတ်ပြည်မှ မြင်နိုင်စေရမည်ဟု မျှော်လင့်ခဲ့သည်ဟု ဆိုသည်။

ဗဒုံမင်းသည် ၁၇၈၂ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ထီးနန်းသိမ်းပိုက်ကာ နန်းတက်ခဲ့ပြီး ၂၁-၁၀-၁၇၈၂ ရက်နေ့တွင် အမရပူရမြို့တော်ကို စတင်တည်ထောင်ခဲ့သည်။ ၁၂-၅-၁၇၈၃ ရက်နေ့တွင် အင်းဝမှ အမရပူရသို့ ပြောင်းရွှေ့နန်းစံခဲ့သည်။

ဗဒုံမင်းလက်ထက်တွင် ရခိုင်ပြည်ကို သိမ်းပိုက်ခဲ့ပြီး အာသံပြည်မှ ယိုးဒယားအထိ ကျယ်ပြန့်သော ကုန်းဘောင်အင်ပါယာကြီးကို ပိုင်စိုးသည် ဖြစ်ရာ ဧကရာဇ်မင်းတို့နှင့် လျော်ညီသော ထုထည်ကြီးမား ခံ့ထည်လှသည့် သာသနိက အဆောက်အအုံများကို ဦးစွာပထမ စတင်တည်ဆောက်ရန် ကြိုးပမ်းတော်မူခဲ့သည်။

ထိုသို့ ကြိုးပမ်းတော်မူရာတွင် ဗဒုံမင်းသည် နန်းတက်ပြီး၍ (၁၀)နှစ်ခန့် အကြာ သက္ကရာဇ် ၁၁၅၂ ခုနှစ် နတ်တော်လဆန်း ၁၅ ရက်၊ တနင်္ဂနွေနေ့တွင် သားတော် မဟာဉပရာဇာကို နေပြည်တော်၌ အစောင့်အနေ ထားတော်မူခဲ့ပြီး မင်းရွာသို့ ထွက်တော်မူကာ ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းတွင် အကြီးဆုံးသော စေတီကြီး၊ အကြီးဆုံးသော ခြသေ့ရုပ်တုကြီး၊ အကြီးဆုံးသော ခေါင်းလောင်းကြီးတို့ကို ရွှေ့လုံးဖော်တည်ဆောက်ခဲ့သည်။

ဗဒုံမင်းသည် မင်းရွာသို့ ထွက်တော်မူခဲ့ပြီးနောက် ဧရာဝတီမြစ်တွင်းရှိ နန်းတော်ကျွန်းတွင် ယာယီစံနန်းတော် တည်ဆောက်ကာ ပုထိုးတော်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် ကြပ်မတ်ကြိုးပမ်းတော်မူခဲ့သည်။

သက္ကရာဇ် ၁၁၅၂ ခုနှစ် တပို့တွဲလဆန်း ၅ ရက်နေ့တွင် ဗဒုံမင်းသည် ပုထိုးတော်ကြီးတည်ရန်အတွက် ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် စ၍ခင်းတော်မူကာ မင်းရွာကိုလည်း မင်းကွန်းဟု သမုတ်တော်မူခဲ့သည်ဟု ဆိုသည်။

ဗဒုံမင်းသည် ယာယီစံနန်းတော်တွင် ၁၁၅၂ ခု နတ်တော်လဆန်း ၁၅ ရက်မှ ၁၁၅၃ ခု ကဆုန်လပြည့်ကျော် ၁၀ ရက်အထိ ပထမအကြိမ် ၅ လနှင့် ၁၀ ရက် စံမြန်းတော်မူသည်။

ထို့နောက် ၁၁၅၃ ခု ပြာသိုလဆန်း ၁၂ ရက်မှ ထိုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်အထိ ဒုတိယအကြိမ် ၃ လနှင့် ၇ ရက်၊ ၁၁၅၄ ခု နတ်တော်လပြည့်ကျော် ၁ ရက်မှ တပေါင်းလဆန်း ၆ ရက်နေ့အထိ တတိယအကြိမ် ၂ လနှင့် ရက်ပေါင်း ၂၀၊ ၁၁၅၅ ခု ပြာသိုလဆန်း ၁ ရက်မှ ၁၁၅၇ ခု နယုန်လပြည့်ကျော် ၁၃ ရက်နေ့အထိ စတုတ္ထအကြိမ် ၁ နှစ် ၆ လနှင့် ၂၇ ရက်၊ ၁၁၅၈ ခု တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ မင်းကွန်းပုထိုးတော်ကြီး ဌာပနာပြီးဆုံးသည့်နှစ် တပေါင်းလကုန်အထိ ပဉ္စမအကြိမ်တွင် ၅ လခန့် စံမြန်းတော်မူခဲ့သည်။

သမိုင်းသုတေသန ဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာ့ရှက်စဉ်သမိုင်း (အင်္ဂလိပ်သမိုင်းကာလမှ ၁၉၄၈ အထိ) ပထမတွဲတွင် ဗဒုံမင်း (ဘိုးတော်ဘုရား)

www.burmeseclassic.com

လိုဏ်မှာအတွင်းရှိ ရုပ်တော်မူဘုရားပွားတော်



လိုဏ်မှာတစ်ဖက်ရှိ ကြေးခေါင်းလောင်းတစ်လုံး

သည် ၁၁-၂-၁၇၈၂ ရက်နေ့တွင် ထီးနန်းသိမ်းပိုက်ကာ နန်းတက်ခဲ့သည်။

၂၁-၁၀-၁၇၈၂ ရက်နေ့တွင် အမရပူရ မြို့တော်သစ်ကို စတင်တည်ထောင်မူခဲ့သည်။ ၁၂-၅-၁၇၈၃ ရက်နေ့တွင် အင်းဝမှ အမရပူရသို့ ပြောင်းရွှေ့နန်းစံခဲ့သည်။ ၁၄-၁-၁၇၉၁ ရက်နေ့တွင် ဓင်းကွန်းပုထိုးတော်ကြီးကို စတင်တည်တော်မူခဲ့သည်။ ၁၂-၃-၁၇၉၇ ခုနှစ်တွင် မင်းကွန်းပုထိုးတော်ကြီး၌ ဌာပနာသွင်းတော်မူခဲ့ပြီး မင်းရွာကို မင်းကွန်းဟု အမည်ပြောင်းခဲ့ကြောင်း ဖော်ပြထားသည်ကိုလည်း ဖတ်ရှု မှတ်သားခဲ့ဖူးသည်။

ဤကဲ့သို့ မင်းရွာတွင် ပုထိုးတော်ကြီးကို ဗဒုံမင်း တည်ထားခြင်းနှင့် စပ်လျဉ်း၍ ဝက်မလွတ်မြို့စား ဒုတိယ နဝဒေးက "ဒီထာသိန် မော်ကွန်း" ပိဒ်ရေ (၃၄) တွင် -

"တရုတ်တရုက်၊ စိန့်ကဆက်သည်၊ စွယ်တော်လက်ျာတော်၊ ရုပ်ရှင်ကျော်အား၊ မြင်မြော်ကိုးထ၊ ဖူးလိုစွဟု၊ ဘုရားလောင်းလျာ၊ စေတနာကို၊ စကြဝဠာပြည့်၊ မီးရူးထည့်လည်း၊ အရှည့်မာန်ပြိုင်၊ မမိနိုင်ခဲ့။

မဏ္ဍိုင်အမရ၊ ရွှေနန်းကလည်း၊ မင်းရွာအထိပ်၊ မြစ်ဆိပ်တခွင်၊ ကြည်ရေပြင်၌၊ သေနင်္ဂယဉ်၊ ဗျူဟာဗိုလ်ခြေ၊ မောက်ဖြိုးဝေလျက်၊ ဗုဒ္ဓဟေချက်၊

ပုထိုးတော်ကြီးအဝင်လမ်းတွင် မြင်တွေ့ရသည့် မဏ္ဍပ်ကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ မြင်တွေ့ရသည့် ခြင်္သေ့ရုပ်တု အပိုင်းအစ

ညောင်ရွှေစက်ကို၊ ဆောင်ရွက်ရှေးချာ၊ ယူလိုဌာဖြင့်၊ ဓမ္မာသောက၊ဘေးလောင်းကြွသို့၊ မင်းများမှန်ကူ၊ ကြိုးသည်မူကား၊ သည်းအူဆွတ်ဆွတ်၊ ကြွေလှုပ်တတ်မျှ၊ အာဝတ်နှစ်မည်၊ ဖြာလျက်လည်သည့်၊ ရေကြည်ရစ်ဝန်း၊ ညီသည့်ကွန်းကို၊ "မင်းကွန်း"သပြေ မည်တွင်စေလျက်။

ဆဲနှစ်ခွေပြိုင်၊ နောတတ်အိုင်သို့၊ ငါးဆိုင်တောင်စပ်၊ တည်ရာရပ်တွင်၊ သင်းကျပ်ပတ္တမြား၊ နံ့ထားစုပုံ၊ ထူပါရုံဟု၊ နတ်ဘုံနိမ့်မြင့်၊ တောင်ကြီးတင့်သို့၊ ဆင့်ဆင့်ပတ်ခြံ၊ အာလိန်စံဖြင့်၊ ဒိသမ္ဘတိ၊ မင်းကြီးလက်ပြိုင်၊ ရွှေအုတ်ကိုင်၍၊ ကိုယ်တိုင်တော်နေ၊ သို့ဖြစ်ထွေကို၊ ဧအောက်မြေအထဲ၊ ငရဲနဂါး၊ မိုးဖျားဇြတ်မာ၊ သူရာဝှန်လှိုက်၊ ကျိုက်ကျိုက်ကာမွန်နှယ်၊ သိစိမ့်ရည်သည်၊ ဆောက်တည် ရွှေနလုံးစွဲတည်း" ဟူ၍ ဖွဲ့ဆိုထားခဲ့သည်။

မင်းကွန်း ပုထိုးတော်ကြီး၏ အောက်ခြေ ပစ္စယာမှာ ပေ ၄၅၀အဝန်းရှိသည်။ ၁၀ နှစ်ကြာမျှ ဆောက်လုပ်သည်တွင် အဖြင့် ၁၆၅ ပေရှိသော အောက်ပိုင်းဗိမာန်ပြီးစီးခဲ့သည်။ ပြည်သူလူထု အင်အားဖြင့် တည်ဆောက်ခြင်းဖြစ်ရာ ကာလရှည်ကြာလာသည်တွင် ပင်ပန်းသည့်ဒဏ်ကို ပြည်သူအများ မခံနိုင်ဖြစ်ခဲ့ကြသည်။ ထိုအတောအတွင်း "ဘုရားလည်းပြီး ပြည်ကြီးပျက်လတ္တံ့"၊ "မင်းကွန်းဘုရားကြီး အပြီးသတ်၊ မုဆိုးသူညက်ပ်" ဟူသော ဝဘောင်များ ပေါ်လာသဖြင့် ဘုရားအား အပြီးတိုင် တည်ဆောက်ခြင်း မပြုတော့ဘဲ ဗဒုံမင်းကြီးက ရပ်ဆိုင်းလိုက်သည်။

အာရုဂိသုကာသမိုင်းတွင် မာဇုဆင် ဆိုသူက "မင်းကွန်းပုထိုးတော်ကြီးသည် ယခုကဲ့သို့ ပျက်စီးယိုယွင်းလျက်ရှိသော အခြေအနေ၌ပင် လွန်စွာထုတ်ည် ကြီးမားလျက် ခံ့ညားသော အုတ်ဗိမာန်ကြီးတစ်ခု ဖြစ်နေပေသည်၊ အီဂျစ်ပြည်၌ ရှေးဘုရင်တို့၏ ပိရမစ်ခေါ် ကျောက်ဂူကြီးများ ဆောက်လုပ်ခဲ့ကြသည်မှစ၍ ဤမျှကြီးမားသော အဆောက်အအုံမျိုးကို မည်သည့်အရပ်တွင်မျှ တီထွင်ဆောက်လုပ်ခြင်း မပြုခဲ့ကြပေ၊ ၁၉ ရာစုနှစ်၌ မြန်မာဘုရင် ကောင်းမှုဖြစ်သော ဤအုတ်စေတီမျိုးကား ဤကမ္ဘာတွင် ရှာမှရှားသည်ဟု ဆိုရပေမည်" ဟု ရေးသားထားသည်ကို ဖတ်ရှု မှတ်သားရသည်။

စာရေးသူလည်း ဤအတိုင်းပင် ခံစားမိသည်။ အောက်ခြေဗိမာန်သည်ပင် ဤမျှကြီးမားလျက်ရှိရာ ဗဒုံမင်းကြီး၏ ဆန္ဒတော်အတိုင်း ပြီးမြောက်သည်အထိ ဆက်လက်တည်ထားနိုင်ခဲ့ပါမူ ကမ္ဘာပေါ်တွင် ကြည်ညိုဖွယ်ရာ ထုထည်အကြီးမားဆုံးသော စေတီတော်ကြီး ဖြစ်လာမည်ကို စိတ်ကူးဖြင့် ပုံဖော်ရင်း ဖူးမြော်မိခဲ့သည်။

မင်းကွန်းပုထိုးတော်ကြီး၏ အရှေ့ဘက် မြစ်ကမ်းနဖူးတွင် အရှေ့လက်နှစ်ဖက်၊ ခါးဒိုနှင့်တင်ပါးဆုံတို့သာ ကျန်တော့သဖြင့် ခြင်္သေ့ရုပ်တုဟူ၍ မှန်းဆနိုင်ရုံသာရှိတော့သည့် တောင်ငယ်ပမာ မြင့်မောက် လုံးဝန်းသော အုတ်စိုင့်အုတ်တုံးကြီး နှစ်တုံးတို့ကိုလည်း ဝဲယာတစ်ဖက်တစ်ချက်တွင် တွေ့ရသည်။

ထိုခြင်္သေ့ရုပ်တုကြီး နှစ်ရုပ်မှာလည်း ဘိုးတော်ဘုရား (ဗဒုံမင်း)၏ ကောင်းမှုတော် ဖြစ်ကြောင်း ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲတွင် "သက္ကရာဇ် ၁၁၅၅ ခု ပြာသိုလပြည့်ကျော် ၅ ရက်နေ့ မင်းကွန်းပုထိုးတော်ကြီး အရှေ့မုခ်စောင်းတန်းဦး ရောဝလိမ္ပိန်နားတွင်

www.burmeseclassic.com

အရပ်အတောင် ၆၀ ရှိသော ခြင်္သေ့ကြီး နှစ်ဆူကို တည်တော်မူသည်" ဟု ရေးသား ဖော်ပြထားသည်။

မင်းကွန်း ပုထိုးတော်ကြီးကို ၁၁၅၂ ခု တပို့တွဲလတွင် ဖိနပ်တော်ခင်းပြီး စတင်တည်သည်မှ သုံးနှစ်ကြာသည်တွင် ထိုခြင်္သေ့ကြီး နှစ်စီးကို တည်ခဲ့ခြင်း ဖြစ်သည်။

ရတနာပူရ စတုတ္ထမြို့တည်ဘကြီးတော်(စစ်ကိုင်းမင်း)လက်ထက် သက္ကရာဇ် ၁၁၈၄-၈၅ ခုနှစ်တွင် ရောက်လာကြသည့် တရုတ်ပြည်မှ သံအဖွဲ့ကို ဗန်းမော်မြို့ဝန်က ကြိုဆိုကာ ရတနာပူရ အဝင်မြို့သို့ ရေကြောင်းဖြင့် ခေါ်ဆောင်လာခဲ့ရာ မင်းကွန်းသို့ ရောက်သောအခါ ခြင်္သေ့ကြီး နှစ်စီးကို တရုတ်သံအဖွဲ့ဝင်များ တွေ့မြင်ကြကာ ရင်သပ်ရှုမော အံ့ဩခဲ့ကြပုံကို ဝက်မစွတ်မြို့စား ဒုတိယနဝဒေးက သူ၏ တရုတ်သံရောက် မော်ကွန်းပိုဒ်ရေ (၈) "ရတနာပူရ" ခီအပိုဒ်တွင် -

"ဗန်းမော်ဝန်ချုပ် အုပ်ချုပ်ဖြိုထူးကြီးကြပ်ယူသား ရွှေကူကသာ သီတာသွတ်လောင်း တကောင်းကြည့်ပ် ရပ်ခဲ့ထိုဝယ် စမွာယ်နဂိုရ် ရေညီရစ်ခီ ညာသီဟတော တင့်မောကျောက်မြောင်းငါးပတ်ချောင်းက ရှားရောင်းစွန်းလွန်းစွယ်ကြဲကျွန်းထက် မင်းကွန်းမိုးခေါင်ပုထိုးတောင်ဝယ် ညီနောင်လွှားပေါက်ကြွားကြွားဟောက်သား တောင်လောက်တမြေ့ ရွှေခြင်္သေ့ကို ချက်တွေ့မြင်ဝံ့ ရင်သပ်အံ့၍" ဟု ဖွဲ့ဆိုခဲ့သည်။

ခြင်္သေ့ကြီးနှစ်စီး တည်ပြီးနောက် နှစ်ပေါင်း (၃၀)အတွင်း မြင်ရသည့် မြင်ကွင်းအတိုင်း ဒုတိယနဝဒေးကြီးက ဖွဲ့ဆိုထားခြင်းဖြစ်ရာ ထိုအချိန်အထိ ခြင်္သေ့ကြီး နှစ်စီးမှာ ပကတိအကောင်းအတိုင်း ရှိနေသေးသည်။ ထိုမှ နောက် ၁၅ နှစ်အကြာ ၁၂၀၀ ပြည့်နှစ် စစ်ကိုင်းဝယ်လင်းကြီး လှုပ်သည်တွင် မင်းကွန်းပုထိုးတော်ကြီးနှင့်အတူ ကိုယ်ထည်အထက်ပိုင်းပြိုကျပျက်စီးခဲ့သည်။

ထိုခြင်္သေ့ကြီးများကို တည်ခဲ့စဉ်က အုတ်ပေါင်းရှစ်သိန်းခန့် ကုန်ကြောင်းသိရသည်။ မျက်လုံးခြေသည်း၊ လက်သည်းများကိုမူ အုတ်အင်္ဂတေဖြင့် ပြုလုပ်ခြင်းမဟုတ်ဘဲ စကျင်ကျောက်ဖြင့်ပြုလုပ်ထားသည်။

မျက်လုံးပမာဏမှာလုံးပတ် အဝန်း ၉ ပေမျှ ရှိပြီး မျက်လုံးများမှာ ဖန်သီးများကဲ့သို့ မဟုတ်ဘဲ ကျောက်မြစ် ခိုင်မြဲမှုကို ရှေးရှုလျက် အလှား ၆ ပေမျှ ပြုလုပ်ခဲ့သည်။ မျက်လုံးထိပ်ဝတွင် အချောကိုင်ထားကာ အရင်းမှာ မူလကျောက်ကြမ်းအတိုင်း ရှိသည်။ ထိုမျက်လုံးကြီးကို လူ ၂၀ ခန့် မ,ယူသော်လည်း ရွှေ့လျားခြင်းမရှိဟု ဆိုသည်။ ဤမျှလေးသည့် မျက်လုံးကြီးများကို သံတောင် ၆၀ (၉၅ ပေ) မြင့်သည့် ခြင်္သေ့ကြီးတွင် တပ်ဆင်နိုင်ခဲ့ကြသည်မှာ အံ့ဩဖွယ်ပင်။ ခြေသည်း၊ လက်သည်းတို့မှာ ကျောက်ဖြူအမျိုးအစားဖြစ်ပြီး လုံးပတ် ၄ ပေ ၆ လက်မ၊ အလျား ၅ ပေ ၆ လက်မ ရှိသည်။ ယင်းတို့ကို လူ ၁၀ ယောက် မချီ၍မနိုင်ဟု ဆိုသည်။

ရာဇဂုဏ် ဖြိုးမောက်သည်နှင့် လျော်ညီစွာ မင်းကွန်းပုထိုးတော်ကြီးကို ဥာဏ်တော် ပေ ၅၀၀ အမြင့်တည်ထားရန် ဘိုးတော်မင်းတရား (ဗဒုံမင်း) ရည်မှန်းခဲ့သော်လည်း အခြေအနေအရ မာန်လျှော့ကာ ဥာဏ်တော် ၁၆၅ ပေရှိ အောက်ပိုင်းဗိမာန်တော် ပြီးစီးသည်တွင် ရပ်ဆိုင်းခဲ့ရသည်။ ထိုဗိမာန်တော်သည် ပင် လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့ရာ ယခုအခါ ဥာဏ်တော် ၁၆၂ ပေသာ ရှိတော့ကြောင်း သိရသည်။

အလားတူစွာ တရုတ်သံအဖွဲ့ပင် တအံ့တသြ ငေးမောကြည့်ရှုခြင်း ခံခဲ့ရကာ နှစ်ပေါင်းများစွာ ထည်ဝါဝင့်ကြွားခဲ့သည့် ဗဒုံမင်း၏ ကောင်းမှုတော် ခြင်္သေ့ကြီး နှစ်စီးမှာလည်း ထိုလျှင်ဒဏ်ကြောင့်ပင် မရှုမလှ ပျက်ယွင်းခဲ့ကြသည်။

ထိုမြင့်ကွင်းများက ရှင်တော်ဘုရား ဟောကြားတော်မူသည့် လက္ခဏာရေး သုံးပါးကို ဘုရားဖူးများ ရှုမြင်ကြကာ သံဝေဂပွားနိုင်ရန် လှစ်ဟပြသကဲ့သို့ ရှိနေပေသည်။ အကယ်၍သာ ခြင်္သေ့ကြီး နှစ်စီး အကောင်းပကတိရှိခဲ့လျှင် ယခုအခါ သက်တမ်း (၂၂၂) နှစ်ရှိပြီဖြစ်ရာ ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီးနှင့်အတူ အထင်အရှား ရှိနေမည်ကို မှန်းဆကာ နှမြောတသစွာဖြင့် သံဝေဂပွားဖြစ်ခဲ့သည်။

(ဆက်ရန်)

မင်းဂုဏ်

စာကိုး - သမိုင်းထဲက မင်းကွန်း၊ အရှင်စန္ဒဇောတိ (ပါဠိဝါရဂူ ဝိဇ္ဇာကတ် တစ်ပုံဆောင်)

❑

www.burmeseclassic.com

www.burmeseclassic.com



ပင်းတုန်းပင်းကြီး လျှဒါန်းခဲ့သော ဇျွတိဂုံဧတီတော် ထီးတော်ကြီး ပုံတူဧတို

www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းကြီး လှူဒါန်းခဲ့သော ရွှေတိဂုံစေတီတော် ဆင်းတော်ကြွေး

ညွန့်မောင်ဦး



ရွှေတိဂုံစေတီတော်မြတ်ကြီး

ရှေးလူများ၏ မှတ်တမ်းများအရ ရွှေတိဂုံစေတီတော်ကြီးမှာ နှစ်ပေါင်း (၂၆၀၀)ကျော် သက်တမ်းရှည်ကြာလာပြီး ကမ္ဘာမှာရှိသော စေတီပုထိုးများထဲတွင် အစောဆုံး၊ ပထမဦးဆုံး စေတီတော်ကြီးဖြစ်ပြီး ကမ္ဘာ့အံ့ဖွယ်မှတ်တမ်းဝင် စေတီတော်ကြီးတစ်ဆူလည်း ဖြစ်သည်။

စေတီတော်ကြီး၏ ထူးခြားသော ဂုဏ်သတင်းများကြောင့် အမြို့မြို့ အနယ်နယ်မှ ရှိကြသောလူများနှင့် နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံ ကမ္ဘာလှည့် ခရီးသည်များ လာရောက်ဖူးမြော်နေကြ၍ မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေ အရဆုံး စေတီတော်ကြီး တစ်ဆူ ဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်၏သမိုင်းအကျဉ်း ချုပ်မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် အနောက်မလျှိမတွင် ဂေါတမ ဘုရားရှင် ပွင့်တော်မူနေချိန်မှာ ကုန်များကို လှည်းများနှင့်လှည့်လည်ရောင်းချနေသော ကုန်သည် ညီနောင်တဖုသနှင့်ဘလ္လိကတို့က ဝင်ရောက်ဖူးမြော်ကြပြီး မိမိတို့ ယူဆောင်လာသော ပျားမုန့်ဆုပ်များကို လှူဒါန်း၍ ဘုရားရှင်ထံမှ မိမိတို့ကိုးကွယ်ရန် တစ်ခုခုကို တောင်းပန်လျှောက်ထားကြသည်။

ဘုရားရှင်က မိမိ၏ဦးခေါင်းတော်ကို လက်ဖြင့်သပ်လိုက်ပြီး ဆံတော် ရှစ်ဆူကို ပေးသနားလိုက်လေသည်။ ကုန်သည်ညီနောင်လည်း ဝမ်းသာအားရ ဆံတော်ရှစ်ဆူကို ယူလာပြီး မိမိတို့နိုင်ငံသို့ ပြန်ရောက်သောအခါ ဥက္ကလာပမင်းကြီးကို ဆက်သကြသည်။

ဥက္ကလာပမင်းကြီးက ဆံတော်များကို မြင်သောအခါ အလွန်ဝမ်းသာအားရဖြစ်ပြီး စေတီတော်တည်ထားရန် ကုန်သည် ညီနောင်တို့နှင့်တိုင်ပင်၍ သိဂုံတ္တရကုန်းတော်ကြီးပေါ်တွင် ဆံတော် ရှစ်ဆူ၊ ရွေးဘုရား သုံးဆူတို့၏ ရေစစ်တော်၊ တောင်ဝှေးတော်၊ ရေသန့်ပင်တော်၊ ဘုရင်လေးဆူတို့၏ အသုံးအဆောင် ပစ္စည်းများနှင့် ကျောက်သံပတ္တမြားရွှေငွေများကို ဌာပနာ၍ ဥက္ကာတော် ၄၄ တောင် ရှိသော စေတီတော်ကြီးကို တည်ရာမှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် စေတီတည်၍ ပြီးစီးသည်။

ဥက္ကလာပမင်းကြီးနှင့် ကုန်သည်ညီနောင်တို့ တည်ထားသော စေတီတော်ကြီးမှာ နှစ်ကာလ ကြာလာပြီး ငလျင်ဒဏ်ကြောင့် ပထမအကြိမ်မှာ ပြိုသွားပါသည်။ တစ်ဖန် ဟံသာဝတီပြည် ဘုရင်မကြီး ရှင်စောပုက မောင်တော် ဗညားကျန်းဒေါနှင့် တိုင်ပင်၍ စေတီတော်ကြီးကို အသစ်တစ်ဖန် ပြန်လည် တည်ကြသည်။

ဘုရင်မကြီး ရှင်စောပုနှင့် မောင်တော် ဗညားကျန်းဒေါတို့ ပြန်လည်တည်ကြရာမှ ယခင် ဥက္ကလာပမင်းကြီး တည်ခဲ့သော ဥက္ကာတော် အမြင့် ၄၄ တောင်ကို တိုးမြှင့်၍ ဥက္ကာတော် အမြင့် ၃၀၅ ပေမြင့်သည်အထိ တိုး၍တည်ခဲ့သည်။ မောင်တော် ဗညားကျန်းဒေါကလည်း စေတီတော်ကြီး ဖိနပ်တော်ပေါ်မှာ အရံစေတီ ၂၄ ဆူ တည်ခဲ့သည်။

ဟံသာဝတီပြည့်ရှင်ဘုရင်မကြီး ရှင်စောပုမှာ ရွှေတိဂုံစေတီတော်ကြီးကို

www.burmeseclassic.com

ဆင်ဖြူရှင်မင်း လူးဒိန်းခဲ့သော ရွှေတိုဂေတီတော် ထီးတော်ကြီး ပုံတူစေတီ

ရှင်စောပုဘုရင်မကြီးမှာ ဓနုတ်စေတီတော်အပါအဝင် မြို့ရွာများမှာ ဘုရားတည်၊ ကျောင်းဆောက် ကောင်းမှုများ လုပ်ခဲ့ပြီး သက်တော် ကြီးလာချိန်မှာ မိမိကို အင်းဝဘုရင်လက်ထဲမှ ကယ်တင်၍ ဟံသာဝတီပြည်ကို ပို့ပေးသော ကျေးဇူးရှင်ရဟန်းတစ်ပါးကို လူဝတ်လဲစေပြီး မမွေးစေတီအမည်ဖြင့် မင်းပြုစေပြီးသမီးတော် နှစ်ပါးနှင့် ထိမ်းမြားပေးလျက် မိမိက ရွှေတိုဂုံ စေတီတော်အနီးရှိ စမ်းချောင်းရပ်မှာ သာမန်အရပ်သား အဖြစ် နေထိုင်ကာ တရားအားထုတ်နေရင်း ကွယ်လွန်သွားခဲ့သည်။ သူမနေထိုင်ခဲ့သော ရပ်ကွက်ကို ရှင်စောပုရပ်ကွက်ဟု ခေါ်ကြသည်။

ရှင်စောပု ဘုရင်မကြီး အသစ်တည်ခဲ့သော စေတီတော်ကြီးမှာ နှစ်များကြာလာချိန်မှာ ငလျင်လှုပ်၍ ပြိုသွားပြန်သည်။ ထိုအချိန် အလောင်းမင်းတရားကြီးက မွန်ဘုရင်ကို တိုက်ခိုက် သိမ်းပိုက်ပြီး ကုန်းဘောင်မင်းဆက်ကို တည်ထောင်သည်။

အလောင်းမင်းတရားကြီးမှာ သားတော်များနှင့် စစ်သည်အင်အားများပြား၍ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီး ယိုးဒယား (ထိုင်း)နိုင်ငံကိုပင် ဝင်ရောက်တိုက်ခိုက်သည်။ အောက်မြန်မာနိုင်ငံတွင် ရန်သူတွေ ကုန်သွားပြီဖြစ်၍ ရန်တွေကုန်သွား၍ ရန်ကုန်ဟု အမည်ပေးခဲ့သည်ဟု သိရှိသည်။

အလောင်းမင်းတရားကြီးသည် ယိုးဒယားပြည်ကို တိုက်ခိုက်ပြီး အပြန်မှာ နေမကောင်းဖြစ်လာ၍ မွန်ပြည်နယ် ကင်းရွာမှာ ကံတော်ကုန်ရှာသည်။

အလောင်းမင်းတရားကြီး မရှိသည့်နောက်မှာ သားတော်ကြီး ဆင်ဖြူရှင်မင်းက မင်းပြုသည်။ ဆင်ဖြူရှင်မင်းလက်ထက်မှာ ယိုးဒယားကို စစ်နိုင်သည်။ ထိုဆင်ဖြူရှင်မင်းမှာ ရွှေတိုဂုံစေတီတော်ကြီးကို အသစ်ထပ်မံ၍ တည်သည်။

စေတီတော်ကြီးကို အသစ်တည်ရာမှာ စေတီတော်ကြီး၏ ဌာပနာဖူးနေရာမှာ ခိုင်ခံ့အောင် ကြေးအုတ်များနှင့် တည်သည်ဟု ဆိုပါသည်။ စေတီတော်ကြီးကိုလည်း ယခင် ရှင်စောပုဘုရင်မကြီး တည်ခဲ့သော ဉာဏ်တော်အမြင့် ၃၀၅ ပေမှ ၃၁၆ ပေအထိ တိုးမြင့်၍တည်ပါသည်။ ယခု လူအများဖူးမြင်နေကြရသော ဉာဏ်တော်အမြင့် ၃၁၆ ပေမှာ ဆင်ဖြူရှင်မင်း တည်ခဲ့သော ဉာဏ်တော်အမြင့် ဖြစ်သည်။

ဆင်ဖြူရှင်မင်း တည်ခဲ့သော ရွှေတိုဂုံစေတီတော်ကြီးမှာ နှစ်တွေကြာလာသည့်တိုင် မပြိုခဲ့သော်လည်း ကုန်းဘောင်မင်းဆက် ဘကြီးတော် ဘုရားလက်ထက် အင်္ဂလိပ်-မြန်မာ ဒုတိယအကြိမ် တိုက်ပွဲဖြစ်ပွားသည်။ တိုက်ပွဲဖြစ်ချိန်မှာ အင်္ဂလိပ်စစ်တပ်က ရွှေတိုဂုံဘုရားကုန်းတော်ကို တပ်စွဲထားပြီး ရွှေတိုဂုံစေတီအောက်ဘက် ပစ္စယာတစ်ပတ်မှာ လိုဏ်ခေါင်းများ တူးပြီး မြန်မာတပ်ကို ခံတိုက်သည်။ ထိုအချိန်က မြန်မာဘက်မှ စစ်သူကြီး ဗန္ဓုလက ဦးဆောင်၍ တိုက်သည်။

အင်္ဂလိပ်စစ်တပ်က စစ်သူကြီး ဗန္ဓုလကို ကြောက်၍ ရွှေတိုဂုံကုန်းတော်မှာ ခံတပ်လုပ်၍ခုခံသည်။ ဗန္ဓုလတို့တပ်မှာ ရန်ကုန်မြို့ကို တိုက်မရ၍ ဓရာဝတီတိုင်းဘက်ကို ဆုတ်ခွာသွားသည်။

www.burmeseclassic.com

ရောဝတီတိုင်း ဧနဖြူမြို့ တိုက်ပွဲမှာ ဗန္ဓုလ ကျဆုံးသွား၍ အောက်မြန်မာပြည် ရန်ကုန်မြို့ကို အင်္ဂလိပ်များ သိမ်းလိုက်သည်။

ရွှေတိဂုံ ကုန်းတော်ပေါ်မှာ တပ်စွဲထားသော အင်္ဂလိပ်စစ်တပ်မှာ ကုန်းတော် တစ်ခုလုံးကို မွှေနှောက်ဖျက်ဆီးကြပြီး ကုန်းတော်ပေါ်မှ အဖိုးတန်ပစ္စည်းများကို ယူကြသည်။ ဘုရားများမှ ရွှေများကို ခွာယူသည်။ တချို့ ဘုရားစေတီများကို အတွင်းဘက်တွင် ရွှေများ ရှိသည်ထင်၍ ဖောက်ကြသည်။

တပ်သားများက ရှာဖွေ၍ ရရှိသော ရွှေများကို ကပ္ပတိန်၊ စစ်ဗိုလ်တို့က ဝယ်၍ အပြင်ဘက်မှာ ပြန်ရောင်းသည်။ ခေါင်းလောင်းများနှင့် ရုပ်ပွားတော်ငယ်များကို ယူကြသည်။ စေတီများမှ ဆည်းလည်းများကို ဖြုတ်ယူကြသည်။

ရွှေတိဂုံစေတီတော်ကြီး အတွင်းပိုင်းမှာပင် ရွှေရှိသည်ထင်ပြီး ဖောက်ကြသည်။ ထိုသို့ဖြစ်ပျက်နေကြသည်ကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက မခံမရပ်နိုင်ဖြစ်ပြီး အင်္ဂလိပ်စစ်တပ်မှာ အရာရှိဖြစ်သည့် စစ်ကဲကြီး ဦးထော်လေးအား တိုင်ကြားကြသည်။ ဦးထော်လေးက တစ်ဆင့် အင်္ဂလန်ပြည် ဘုရင်မကြီးကို တိုင်လိုက်၍ အင်္ဂလိပ်တပ်များ ရွှေတိဂုံကုန်းတော်ပေါ်မှ ဆင်းသွားရသည်။

ထိုအချိန်မှာ ဘကြီးတော်မင်းကို ညီတော်များဖြစ်သော မင်းတုန်းနှင့် တနောင် ညီနောင်တို့က နန်းချလိုက်ပြီး မန္တလေးမြို့တည်၍ မင်းတုန်းမင်းက နန်းထိုင်ပြီး ညီတော်ကနောင်မင်းသားတ အိမ်ရှေ့မင်းအဖြစ် အုပ်ချုပ်နေသည်။ သို့သော် မန္တလေးနှင့် အထက်ပိုင်းတို့သာ အုပ်ချုပ်ရပြီး အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က သိမ်းပိုက်ကာ အုပ်ချုပ်နေသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးမှာလည်း ကုန်းတော်တစ်ခုလုံး ပျက်စီးနေ၍ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက ရဲဗိုလ်ချုပ် ဦးထော်လေးနှင့် တိုင်ပင်၍ စေတီတော်ကြီးကို ပြုပြင်ရန် အဖွဲ့ဖွဲ့ကြပြီး ထိုပြုပြင်ရေးအဖွဲ့မှ ဆရာတော်ဦးဩဘာကို တာဝန်ပေးကြသည်။ ဆရာတော် ဦးဩဘာကလည်း တာဝန်ယူ၍ ပြုပြင်သည်။

ဆရာတော် ဦးဩဘာကအလယ်တောရကျောင်းမှာ သီတင်းသုံးနေ၍ ရွှေတိဂုံစေတီတော်ကြီးနှင့် နီးသည်။ ယခု လင့်လမ်းနှင့် ဓမ္မစေတီ လမ်းထောင့်မှာရှိသော ဘုန်းတော်ကြီးကျောင်းများကို အလယ်တောရ ဟု ခေါ်သည်။ တချို့က ကြားတောရ၊ ဦးဩဘာတောရဟုလည်း ခေါ်ကြသည်။ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများရှိသည်။

ဆရာတော်ဦးဩဘာမှာ ရွှေတိဂုံစေတီတော်ကြီးကို အင်္ဂလိပ်စစ်တပ်မှ ဖောက်သွားသော လိုဏ်ခေါင်းကြီးကို ပိတ်လိုက်ပြီး လိုဏ်ခေါင်းထိပ်ဝမှာ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်ကို ထည့်ထားသည်ဟု သိရပါသည်။ ထိုပတ္တမြားမျက်ရှင် ရုပ်ပွားတော်ကို အောက်ဘက်မှာရှိနေသော ဘိုးဘိုးအောင်ဘုရားများထဲမှ တစ်ဆူကို ပင့်ထားသည်ဟု မှတ်သားရပါသည်။

တစ်ဖန် အင်္ဂလိပ်များက ရာဟုထောင့်မှာ စဉ့်ကူးမင်းလှဒါန်းထားသော ခေါင်းလောင်းကြီးကို ဖြုတ်ယူကြပြီး သဘော်နှင့်တင်သွားရာ လှိုင်မြစ်ထဲမှာ ကျသွားသည်ကို မြန်မာလူမျိုးများက အင်္ဂလိပ်များထံမှ ဆယ်ယူခွင့်တောင်းပြီး ပြန်ဆယ်ယူကြကာ ရာဟုထောင့်မှာပင် ပြန်ဆွဲထားလေသည်။



ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်ရှိ ထီးတော်ဟောင်းကြီး ပုံတူစေတီ

ဆရာတော် ဦးဩဘာက ရွှေတိဂုံစေတီတော်ကြီးမှ ဆင်းသက်လာသော ငွေနှင့် ထီးတော်ကြီးကို မပြုပြင်နိုင်ကြပါ။

www.burmeseclassic.com

ထိုအခါ ဆရာတော်ဦးပြားက ဦးထော်လေးနှင့်တိုင်ပင်ရာ မန္တလေးမှာ ရှိသော မင်းတုန်းမင်းကြီးထံမှာ အလှူခံလျှင် ရနိုင်သည်ဟု ဦးထော်လေးမှ အကြံပေးသည်။

"မင်းတုန်းမင်းကြီးက အလှူအတန်း ဝါသနာပါတယ်၊ သဒ္ဓါစိတ်လည်း ရှိတယ်၊ တတ်နိုင်သလောက် လှူမှာပါ"

"ကျောင်းတွေလှူ ဘုရားတွေ တည်နေတာပဲ၊ ထီးတော်တစ်ခုလောက်တော့ လှူမှာပါ၊ ဒါပေမဲ့ မင်းကြီးဆီကို ဘယ်လိုလုပ်ပြီး အလှူခံမှာလဲ"

"အလှူခံတာ လွယ်ပါတယ်၊ အင်္ဂလိပ်အစိုးရကို ခွင့်တောင်းရမယ်၊ ခွင့်ပြုချက်ရမှ မန္တလေးက မင်းတုန်းမင်းကြီးဆီကို စာပို့ကြတာ ကောင်းမယ်"

"ခွင့်ပြုချက်ရအောင် တပည့်တော် စာတင်ပေးမယ်၊ မင်းတုန်းမင်းကြီးထံ အလှူခံစာကိုတော့ အရှင်ဘုရားတို့ စဉ်းစားပြီး ရေးကြပါ"

"ဘုန်းကြီးကစပြီး အားလုံး လူတွေစုပြီး မေတ္တာရပ်ခံစာရေးပြီး လက်မှတ်ထိုးကြတာ ကောင်းမယ်"

"တပည့်တော်တို့အားလုံး ဝိုင်းပြီး လက်မှတ်ထိုးကြမယ်"

"အဲဒီ အစီအစဉ် ကောင်းပါတယ်"

ဦးထော်လေး စာတင်ပေးရှိ အင်္ဂလိပ်အစိုးရက မင်းတုန်းမင်းကြီး ထီးတော်လှူဒါန်းသည်ကိုခွင့်ပြုသည်။ သို့သော် မင်းတုန်းမင်းကြီးကို လာခွင့်မပြုပါ။ ဆရာတော်တို့အဖွဲ့ အလှူခံသည်ကို မင်းတုန်းမင်းက သဘောတူ၍ လက်ခံပြီး မကြာမီမှာပင် ကျွမ်းကျင်သော ဗိသုကာများကိုလွှတ်၍ ထီးတော်ကြီးကို တိုင်းထွာယူပြီး ပြန်သွားကြသည်။

ထီးတော်ကြီးကို မန္တလေးမှာပင် ပြုလုပ်ပြီး ရန်ကုန်သို့ ယူလာမည်ဟု ပြောသွားသည်။

ဆရာတော်ဦးပြားတို့ အဖွဲ့လည်း ထီးတော်ကြီးအတွက် စိတ်အေးသွားရ၍ ဝမ်းသာနေကြသည်။

ဒီလိုနှင့် သုံးလခန့်အကြာမှာ မင်းတုန်းမင်းကြီးထံမှ ထီးတော်ကြီးကို ဆင်နှင့် ကုန်းတော်ပေါ်သို့ ဆွဲတင်ရန် ဆင်ကြီးသုံးကောင်အား ဆင်ထိန်းများနှင့်အတူ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ လွှတ်လိုက်သည်။ ရောက်ရှိလာသော ဆင်ကြီး သုံးကောင်အား ဆရာတော် ဦးပြားတို့အဖွဲ့က စေတီတော်အနီးရှိ ယခု အာဇာနည်ကုန်းမှာ နေရာချထားသည်။

မင်းတုန်းမင်းကြီး ပို့လိုက်သော ဆင်သုံးကောင်ထဲတွင် ဆင်အကြီး တစ်ကောင် ပါလာသည်။ ထိုဆင်ကြီး၏ အမည်မှာ အာဇာနည်ဟုခေါ်၍ အနီးအနားမှာရှိသော ကလေးများက ဆင်များကို လာကြည့်ကြပြီး ဆင်ကြီးကို စကြသည်။ ဆင်ကြီးကသဘောကောင်း၍ ကလေးများက ခင်မင်ကြသည်။ ကလေးများက ဆင်ကြီးကို အစွဲပြု၍ အာဇာနည်ကုန်းသွားကြမည်ဟု အချင်းချင်းပြောဆိုကြရာမှ အာဇာနည်ကုန်းဟု အမည်တွင်လာသည်။ ဆင်သုံးကောင်ကိုလည်း ထိုကုန်းပေါ်မှာ ဆယ်ရက်ခန့်ထား၍ ကလေးများ ပျော်နေကြသည်။

နောက်မကြာမီ ထီးတော်ကြီးပြီး၍ ရေလမ်းမှ သင်္ဘောနှင့် တင်လာပြီး ရွှေတိဂုံကုန်းတော်ခြေရင်းသို့ ရောက်အောင် ဆင်နှင့်ဆွဲပြီး မြောက်ဘက်စောင်းတန်းမှ ကုန်းတော်ပေါ်စာင်သည်။ မြောက်ဘက်စောင်းတန်းမှာ ယခင်က စောင်းတန်းအလယ်မှာ မီးရထားသံလမ်းရှိ၍ ထီးတော်ကြီးကို သံလမ်းအတိုင်း ဆွဲတင်ကြသည်။

မင်းတုန်းမင်းကြီး လှူခဲ့သော ထီးတော်ကြီးမှာ ၁၉၉၅ ခုနှစ် ယခု ထီးတော်ကြီးအသစ်တင်မှ ချလိုက်ပြီး ရင်ပြင်တော် တနင်္္ဂနွေထောင့်မှာ ထီးတော်ပုံ စေတီနှစ်ဆူ ရှိသည်။ တံခွန်တိုင်ကြီး တစ်ခုလည်း ရှိသည်။

မင်းတုန်းမင်းကြီး ထီးတော်လှူဒါန်းစဉ်က ထီးတော်ကို ဆွဲရန် ပို့ထားသော ဆင်ကြီးအမည်မှာ အာဇာနည် ဖြစ်ပြီး ကလေးများက အာဇာနည်ဆင်ကြီး ထားရာနေရာကို အာဇာနည်ကုန်းဟု ခေါ်ကြရာ နောက် ၁၉၄၇ခုနှစ် ပို့လ်ချုပ်အောင်ဆန်းနှင့် အပေါင်းအပါ အာဇာနည် ခေါင်းဆောင်များကို ဂူသွင်းထားသော အာဇာနည်ကုန်း ဖြစ်လာခဲ့သည်။

၁၉၅၂ ခုနှစ် စာရေးသူသည် ကျောင်းသားဘဝမှာ သူငယ်ချင်းများနှင့် ကျောင်းပြေးပြီး အာဇာနည်ကုန်းမှာ ပျော်ခဲ့ဖူးသည်။

ထိုအချိန်က ပို့လ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးသွားသူများ၏ ဂူများကို တန်းစီထားပြီး အလယ်မှ ပို့လ်ချုပ်အောင်ဆန်း၏ဂူအား ရှေ့နည်းနည်းတိုးထားသည်။ ထိုဂူများ တန်းစီထားသောနောက်နားတွင် ပို့လ်ခဲ့ထွဋ်နှင့် ပို့လ်မှူးစိန်မှန့်တို့ ဂူနှစ်လုံးကို သီးခြားစီ ရုံပြုလုပ်ထားပြီး ပို့လ်မှူးခင်၏ဂူမှာ အမိုးမလုပ်ရသေးပါ။

အာဇာနည်ကုန်း ဝင်ပေါက်နှင့် မနီးမဝေးမှာ ယခင်က ငါးဆူတောင်နှင့် ကမ္ဘာအေးလေးဘုရားကို သွားရန် လမ်းရှိပြီး လမ်းဘေးမှာ ဟိန္နူကုလားများ နွားမွေးသော တဲလေးရှိသည်။ ထိုတဲ၏နောက်မှာ နွားကို ရေချိုးပေးသော ရေကန်တစ်ကန်ရှိပြီး တဲ၏ရှေ့မှာ ညောင်ပင်တွေရှိသည်။

အာဇာနည်ကုန်း ဘေးနားမှာ ကုန်းလေးတစ်ကုန်းရှိပြီး ထိုကုန်းပေါ်မှာ ဖ. ဆ. ပ. လအဖွဲ့ အဓိဋ္ဌာန်ကျောက်တိုင်တစ်ခုရှိသည်။ ကျောက်တိုင်နှင့် မနီးမဝေးနေရာမှာ အနာဂါမ်ဆရာသက်ကြီးဂူ ရှိသည်။ ထိုအချိန်က ထိုနေရာတစ်ဝိုက်မှာ လူသွားလူလာ နည်းပါးသည်။ ငါးဆူတောင် ဘုရားကိုသာ အသွားအလာ အနည်းအကျဉ်း ရှိကြသည်။ ကမ္ဘာအေးလေး ဘုရားမှာလည်း ဦးနုတည်ခဲ့သော ကမ္ဘာအေး

www.burmeseclassic.com

www.burmeseclassic.com

ဘုရား မတည်ခင်ကပင် ရှိနေသော ဘုရားဖြစ်သည်။ နောက်ပိုင်းတွင် ကမ္ဘာ အေးလေးဘုရား အေးတစ်လျှောက်မှာ လူများလာရောက်နေထိုင်ကြပြီး ကမ္ဘာ အေးလေးရပ်ကွက် ဖြစ်လာသည်။

နောက်ပိုင်းမှာ အိမ်စောင့် အစိုးရ ဗိုလ်ချုပ်နေဝင်း တက်လာပြီး မြို့တော်ဝန် ဗိုလ်မှူးကြီးထွန်းစိန်က ရန်ကုန်မြို့မှာရှိနေသော ကျူးကျော် ကွက်သစ်များကို ဖျက်ပြီး သာကေတ မြို့သစ်၊ တောင်ဥက္ကလာပမြို့သစ်၊ သုဝဏ္ဏမြို့သစ်များတည်ပြီး ပြောင်းရွှေ့ ပေးလိုက်သည်။ ကျွန်တော်တို့နေထိုင်ရာ ဦးဝိစာရကွက်သစ်ကြီးလည်း ၁၉၅၉ ခုနှစ်မှာ တောင်ဥက္ကလာပမြို့သစ်ကို ပြောင်းရွှေ့ရသည်။

တစ်ဖန် ၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အစိုးရ တက်လာပြီးနောက် ရွှေတိဂုံ စေတီတော်ကြီးမှာ ပြောင်းလဲသွားသည်။ စေတီတော်ကြီး၏စောင်းတန်း လေးသွယ်စလုံးကိုအသစ်တည်ဆောက်သည်။ တောင်ဘက်စောင်းတန်း မုခ်ဦး ထိပ်ရှိ ခြင်္သေ့ကြီး နှစ်ကောင်မှလွဲ၍ ကျန်စောင်းတန်းများမှာ ခြင်္သေ့များ တည်သည်။ စေတီတော်ကြီးကို ထီးတော် အသစ် တင်လှူသည်။ စက်လေ့ကား တပ်ဆင်သည်။ အနောက်ဘက် မုခ်နားမှာ ဗုဒ္ဓဝင်ခန်းမကြီး တည်ဆောက်သည်။

ရှင်ဥပဂုတ္တပန်းခြံနှင့် ရေကန်ကြီးပြုလုပ်သည်။ အနောက်ဘက်မုခ် ကွင်းကြီးကို သိဂုံတွ္တရပန်းခြံ ပြုလုပ်သည်။ ယခင် အာဇာနည်ကုန်းမှာ ဗုံးခွဲဖျက်ဆီးခံထားရ၍ အသစ်တည်ဆောက်သည်။ ယခင်က နွားရေချိုးပေးသောကန်ကို သွေးဆေးကန် လုပ်သည်။ကန်ဘေးမှာ ပန်းခြံလုပ်သည်။ ပန်းခြံနားမှာ သူရဲကောင်းဗိမာန် လုပ်သည်။

အနောက်ဘက်မုခ် ယခင်က တပ်ရင်း(၄) ဘားတိုက်နေရာကို ပြည်သူ့ဥယျာဉ် လုပ်ထားပြီး ဦးဝိစာရကွက်သစ်နေရာကို တော်လှန်ရေးပန်းခြံ ပြုလုပ်သည်။

ခေတ်တွေ ပြောင်းလဲခဲ့သလို ရွှေတိဂုံစေတီတော်ကြီး ဝန်းကျင်တစ်ဝိုက်မှာလည်း ပြောင်းလဲခဲ့ပါသည်။

ညွှန့်မောင်ဦး

❑

လူဝင်များ စည်ကား ငွေဝင်လာဘ်ရှင် စီးပွားတိုးတက်ဖို့

ထမင်းဆိုင်၊ ကြေးအိုးဆိုင်၊ ဟော့ပေါ့ဆိုင်၊ အကင်ဆိုင်၊ လက်ဖက်ရည် ကော်ဖီဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အအေးမျိုးစုံဆိုင်၊ ဒန်ပေါက်ဆိုင်၊ အရက်ဘီယာဆိုင် စသည့် စားသောက်ဆိုင်လုပ်ငန်းအမျိုးမျိုးမှာ လူဝင်များ စည်ကား ရောင်းအားကောင်းဖို့။

ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ အပန်းဖြေစခန်း၊ ကလေးကစားကွင်း၊ ဆေးခန်း၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကပညာရေးကျောင်း၊ သင်တန်း၊ ကျူရှင်၊ ဘော်ဒါ၊ ရေကူးကန်၊ ရုပ်ရှင်ရုံ စသော လုပ်ငန်းအမျိုးမျိုးမှာ လူဝင်များ၊ စည်ကား၊ ငွေဝင်ကောင်းဖို့ (နည်းလမ်းကောင်းများ ရှိပါသည်။)

ဆရာကြီးဦးဇော်မြင့်(ဥပဒေဘွဲ့)

လက္ခဏာဗေဒင်ပညာသုတေသီ

ယုံကြည်စိတ်ချလောက်သော ဗေဒင်ဆရာ

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ အုပ်ပြည်သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၉-၅၀၆၂၈၄၄၃၊ ၀၉-၅၁၇၇၆၂၂၂၊ ၀၉-၃၀၁၇၀၀၇၂၊ ၀၉-၇၃၀၀၅၂၂၄၊ ၀၉-၂၅၂၃၀၆၆၇၅၊ ၀၉-၂၆၀၄၄၄၀၀၊ ၀၉-၇၉၅၆၀၄၄၅

www.burmeseclassic.com

www.burmeseclassic.com

ဗောဂ်းသည့်ဆုနှင့်ပြည့်ဝလှ၍ မင်းပျိုမင်းလွင်များအား ဖူးမြော်ခွင့်မပြုသည့်

နန်းဦးဘုရား သို့မဟုတ်

ဂလွန်မာဂိုအောင်မြင် ဗြဟ္မဏတော်ပြုနန်ဘုရား

တက္ကသိုလ်မျိုး

၂၀၀၆ ခုနှစ်၌ မဂ္ဂဒေါင်မြင်မြက်စွာဘုရားရှင်၏ မှက်နာတော်အား အနီးကပ်ဖူးမြော်ရပုံ

စာရေးသူ ဗန်ကောက်မြို့မှ ၂၂-၁-၂၀၁၆ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ရောက်သည်။ ခြောက်ကြိမ်မြောက် အသည်းရောဂါနှင့် ပတ်သက်၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Bumrungrad ဆေးရုံကြီး၌ သွားရောက်ဆေးကုသမှု ခံယူပြီး မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်ရောက်ခြင်းဖြစ်သည်။

ယခုတစ်ခေါက်၌ စာရေးသူ ရောဂါအတွက် စိုးရိမ်သောက ဖြစ်နေမှုမှ အနည်းငယ် အားတက်ဖွယ် သတင်းစကား ကြားခဲ့ရ၍ ဝမ်းသာကြည်နူးစွာနှင့် ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။ စာရေးသူ၏ အသည်း၌ နှစ်စင်တီမီတာ အကျိတ်တစ်လုံးနှင့် လေးစင်တီမီတာ အကျိတ်လတ်တစ်လုံး အပြင် အကျိတ်ငယ်လေးများလည်း ရှိနေ၍ ခွဲစိတ်ကုသရန် အခက်အခဲရှိနေခြင်းကြောင့် မခွဲစိတ်ဘဲ ပေါင်ရင်း၌ရှိသော သွေးပြန်ကြောမှ စက်သွင်းလျက် အသည်းရှိအကျိတ်များကို ဆေးဖျန်းကုသည့်နည်းဖြင့် ကုသခဲ့သည်။

လေးကြိမ်မြောက် ဆေးကုသပြီးချိန်အထိ အသည်း၌ ရှိသော အကျိတ်မှာ သေးငယ်သွားခြင်းမရှိတဲ့ နဂိုအတိုင်းသာ ရှိနေ၍ အသည်းရောဂါ အထူးကုဆရာဝန်ကြီး Charkaphan နှင့် ဆေးဖျန်းကုသသည့် မေ့ဆေး အထူးကုဆရာဝန်မကြီး Unchala တို့က စိတ်ကျေနပ်ခြင်းမရှိသော်လည်း အသည်းရှိ အကျိတ်တို့မှာ နဂိုထက် ကြီးမားလာခြင်းမရှိ၍ စိတ်သက်သာရာရကြောင်း ပြောပြပြီး စတုတ္ထအကြိမ်မြောက် ဆေးဖျန်းကုသမှုကို ပဉ္စမအခေါက်၌ ပြုလုပ်ပေးခဲ့သည်။



၂၀၀၆ ခုနှစ် သွားရောက်ဖူးမြော်စဉ်က ဓိုက်ကူးခဲ့သည့်ပုံလေ

www.burmeseclassic.com

www.burmeseclassic.com

၁၅-၁-၂၀၁၆ ရက်နေ့၌ ခြောက်ကြိမ်မြောက် ဆေးကုသမှုခံယူရန်အတွက် ပန်ကောက်သို့ ရောက်ခဲ့ရပြန်သည်။ MIR စက်ဖြင့် စမ်းသပ်ပြီး ဆေးဖျန်းကုသသည့် မှေ့ဆေးဆရာဝန်ကြီး Unchala နှင့်တွေ့ရာ ယခုစမ်းသပ်ချက်အရ အကျိတ်အသေး (၂ စင်တီမီတာ)မှာ မရှိတော့ကြောင်း၊ အကျိတ်အလတ် (၄ စင်တီမီတာ)မှာ ရှိသေးကြောင်း၊ အကျိတ်သေးလေးများလည်း ရှိသေးကြောင်း၊ သို့သော်လည်း ထိုအကျိတ်များသည် ရှင်သန်နေသည့်အသွင်မှ အရောင်ဖျော့၍ အားလျော့သွားသည့်အသွင် တွေ့ရကြောင်း၊ ဓါတ်ကြောင့် ဒီတစ်ခေါက် ဆေးဖျန်းကုသမှုကို မလုပ်ဘဲ စားဆေးများသာ အသည်းအထူးကုဆရာဝန်ကြီး Charkaphan ညွှန်ကြားသည့်အတိုင်း ဆက်စားရန်နှင့် နောက်သုံးလကြာမှ တစ်ခေါက်ပြန်လာရန် ညွှန်ကြားလိုက်သည်။ စာရေးသူသည့် အသည်းဝေဒနာကြောင့် စိတ်ပျက် အားလျော့ အားငယ်နေမှုမှ စိတ်ဓာတ်တက်ကြွပြီး စိတ်သက်သာရာ ရခဲ့လေသည်။

ထို့ကြောင့်လည်း ပန်ကောက်မြို့ရှိ မြဘုရားကို တစ်ဦးလျှင် ဘတ် ၅၀၀ (မြန်မာငွေ တစ်သောင်းခွဲထောင်) အကုန်ခံ၍ တတိယအကြိမ်မြောက် သွားရောက် ပူဇော်လေသည်။ ဆုတောင်းပြည့် မြဘုရားထံမှောက်၌လည်း အသည်းဝေဒနာ ပျောက်ကင်းစေကြောင်း ဆုမွန်တောင်းမိသည်။



မာဉ်အောင်မြင်မြတ်စွာဘုရားရှင်အား ဇရုပရုန် ဟယ်ယင်းသို့ ဖာက်ရန်လှေကား



မှက်နှာကြက်ရှိ လက်ရာမြောက်လှသော ဇရုပရုန်းပုလက်ရာ

ခြောက်ကြိမ်မြောက် ပန်ကောက်ခရီးစဉ်မှ ပြန်ရောက်ပြီးနောက် စာရေးသူ၏စိတ်၌ ဇလွန်မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကို ဖူးမြော်လိုသောဆန္ဒသည် ပြင်းပြင်းပြပြဖြစ်ပေါ်ခဲ့သည်။ ဆုတောင်းပြည့် ဇလွန်ပြည်တော်ပြန်ဘုရားမာရ်အောင်မြင်မုနိသည် စာရေးသူအနေနှင့် လွန်ခဲ့သော လေးငါးနှစ်အထိ နှစ်စဉ် ဝတ်မပျက်သွားရောက် ဆွမ်းကပ်လှူဒါန်းပူဇော်ခဲ့သော မြတ်စွာဘုရားဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ယုံယုံကြည်ကြည် ဖူးမြော်ကြည်ညိုခဲ့သော ဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူလည်း ဖြစ်သည်။

ကမ္မဋ္ဌာန်းဆရာတော်ကြီး မိန့်မှာခဲ့ဖူးသော-

"မြတ်စွာဘုရားရှင်ကို သက်တော်ထင်ရှားရှိသည့် အလား ဖူးမြော်လိုလျှင် မဟာမြတ်မုနိရုပ်ပွားတော်မြတ်နှင့် ဇလွန်မာရ်အောင်မြင်ဘုရားကို သွားဖူးကြ"

ဟူသော မိန့်ကြားချက်ကို စိတ်၌ စွဲစွဲမြဲမြဲ မှတ်သားခဲ့ဖူး၍ မန္တလေး မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးနှင့် ညီနောင်ရုပ်ပွားတော်မြတ် ဖြစ်သော ဇလွန်မာရ်အောင်မြင် ရုပ်ပွားတော်မြတ်ကို စာရေးသူသည် ဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိသည့်အလား အာရုံပြု၍ ဖူးမြော်ကန်တော့ခြင်း၊ ဆွမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးတိုင်၊ ပန်းမန်တို့နှင့် ဆက်ကပ်လှူဒါန်းခြင်းကို နှစ်ပေါင်းများစွာကပင် ပြုလုပ်လှူဒါန်းခဲ့ဖူးလေသည်။

www.burmeseclassic.com



ထိုင်းနိုင်ငံပြဿုဏှုးနှင့်ပုံစံတူ ဌေး၊ မိုး၊ အောင်း ရုပ်ပွားတော်သုံးဆူ

စာရေးသူ မန္တလေးမဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးနှင့် သက်ဆိုင်သော ဆောင်းပါးရေးစဉ်က ဖော်ပြခဲ့ဖူးသော အကြောင်းအရာတစ်ရပ်ကို ထပ်မံဖော်ပြမှ ဇလွန်မာရ်အောင်မြင် မြတ်စွာဘုရားကို စာရေးသူ နှစ်စဉ်မပြတ် ပူဇော်ခဲ့ရခြင်း အကြောင်းကို စာရှုသူတို့အနေဖြင့် သိရှိနားလည်မည် ဖြစ်သောကြောင့် အကျဉ်းချုံး ရေးသားတင်ပြအပ်ပေသည်။

စာရေးသူ ရန်ကုန် ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ် သမိုင်းဌာနဌ် တာဝန်ထမ်းဆောင်နေစဉ် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းဌ် တက္ကသိုလ်ကျောင်းသား အရေးအခင်းများ စဉ်ဆက်မပြတ် ဖြစ်ပွားခဲ့သည်။ ၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်း၊ မိုင်းရာပြည့် အရေးအခင်းများကြောင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းများ မကြာခဏ ပိတ်ခဲ့ရသည်။ တက္ကသိုလ်စာမေးပွဲများကိုပင် ကျင်းပ၍မရအောင် ဖြစ်ခဲ့ရသည်။

ထိုအခါက တစ်ပါတီအာဏာရှင် စစ်အုပ်ချုပ်ရေး ကာလဖြစ်၍ တက္ကသိုလ်ကျောင်းသား လှုပ်ရှားမှုအစွန်ရောယ်ကို စိုးရိမ်သောကြောင့် တက္ကသိုလ်ပေါင်းစုံ၏ စာမေးပွဲများကို မြို့နယ်အလိုက် ကျင်းပရန် ဆုံးဖြတ်ပြီး တက္ကသိုလ်ဆရာများကို စာမေးပွဲကျင်းပမည့် မြို့နယ်များသို့ စေလွှတ်ပြီး မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ၊ ဆရာမများ ပါဝင်စေပြီး ကျင်းပခဲ့သည်။

စာမေးပွဲများကို နှစ်ကြိမ်ခွဲ၍ ကျင်းပရာ စာရေးသူသည် ပထမအကြိမ် စာမေးပွဲကို ကြီးကြပ်ရန် အဖွဲ့ခေါင်းဆောင်အဖြစ် ပဲခူးတိုင်းအနောက်ခြမ်း မိုးညှိမြို့နယ်၌ လည်းကောင်း၊ ဒုတိယအကြိမ် စာမေးပွဲကို ပဲခူးတိုင်းအရှေ့ခြမ်း ကျောက်ကြီးမြို့နယ်၌ လည်းကောင်း တာဝန်ကျခဲ့သည်။ တက္ကသိုလ်စာမေးပွဲများ ကျင်းပပြီးနောက် တက္ကသိုလ်များ ပြန်လည်ဖွင့်ရာ၌ ကျောင်းသားများ တစုတဝေးတည်း မစုစည်းနိုင်ရန် ဒေသကောလိပ်များ တည်ဆောက်ကာ ကျောင်းသားအင်အားကို ဖြိုခွဲခဲ့သည်။

ဒေသကောလိပ်များသို့ တက်ရောက်ပညာသင်ကြားခြင်းသည် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသော ကျောင်းသားများ၏ အမှတ်စာရင်းများကို ဒေသကောလိပ်ကျောင်းများ အခွဲခန်းမီ ဖွင့်လှစ်နိုင်ရန် တက္ကသိုလ်ဆရာများကပင် တစ်နိုင်ငံလုံးရှိ မြို့နယ်များသို့ ကိုယ်တိုင်ကြီးကြပ်ပြီး ပို့ဆောင်ရန် တာဝန်ချထားပေးပြန်သည်။

တက္ကသိုလ်ဆရာဘဝသည် တက္ကသိုလ်ကော်လိပ်တည်ရှိရာ မြို့ကြီးများ၌ တာဝန်ထမ်းဆောင်ရသော ဘဝမှ မြန်မာနိုင်ငံ ဒေသအသီးသီးသို့ သွားရောက်ပြီး တာဝန်ထမ်းဆောင်ကြရသော ဘဝသို့ ရောက်ရှိကြရလေတော့သည်။ စာရေးသူအသည် ၁၉၇၅-၇၆ ခုနှစ် အမှတ်စာရင်း သွားရောက်ပို့ဆောင်ရာတွင် ရှမ်းပြည်နယ် လားရှိုးမြို့နှင့် နမ့ဆူမြို့ (ရှမ်းပြည်မြောက်ပိုင်း) သို့ တာဝန်ကျလေသည်။

ထိုခရီးစဉ်မှအပြန် မန္တလေးမြို့သို့ ဝင်ရောက်ပြီး မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးကို ဖူးမြော်ရာမှ ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရားရှင်အား ဖူးမြော်ပူဇော်ရန် အကြောင်းဖန်လာခဲ့၍ အထက်ပါ အကြောင်းအရာကို အကျယ်တဝင့် တင်ပြနေရခြင်း ဖြစ်ပါသည်။

လားရှိုးမှ မန္တလေးသို့ မီးရထားဖြင့် ပြန်လာပြီး ကျောင်းနေဖက် မန္တလေးတက္ကသိုလ် သမိုင်းဌာနတွင် တာဝန်ထမ်းဆောင်နေသော ဆရာဦးဘုန်းလှိုင်၏အဆောင်၌ စာရေးသူ ဝင်ရောက်တည်းခိုခဲ့သည်။ ဆရာဦးဘုန်းလှိုင်သည် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန၌ စာရေးသူနှင့် အတန်းတူ လေးနှစ်တက်ရောက်ခဲ့သော်လည်း စာရေးသူထက် အသက် (၇)နှစ်ခန့်ကြီးသူဖြစ်၍ ကိုကြီးဘုန်းဟု စာရေးသူတို့က လေးလေးစားစား ခေါ်ခဲ့ကြသူ ဖြစ်သည်။

တက္ကသိုလ်သို့ စနစ်ဟောင်းခေတ်က တက်ရောက်ခဲ့သူဖြစ်ပြီး အိမ်ထောင်ကျသဖြင့် ကျောင်းမှထွက်သွားရာက စာရေးသူတို့ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် စနစ်သစ်ပညာရေး ဒုတိယမြောက်နှစ်၌ တက္ကသိုလ်သို့ ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သဖြင့် စာရေးသူတို့နှင့် တစ်တန်းတည်း ဖြစ်နေရခြင်း ဖြစ်ပါသည်။

ကိုကြီးဘုန်း တက္ကသိုလ်တက်စဉ်က သူငယ်ချင်းဖြစ်သူ ဆရာဦးအောင်ခင် (အမေရိကန် VOA အသံလွှင့်ဌာနမှ

ဘုရားပူဇော်တော်ယာဉ်များ ဝင်ရောက်ရာ မုံပိုး

www.burmeseclassic.com

မြန်မာနိုင်ငံရေး ဝေဖန်သုံးသပ်သူ)သည် ကိုကြီးဘုန်းတို့၊ စာရေးသူတို့၏ ဆရာဖြစ်နေသည်ကို ကြည့်ခြင်းဖြင့် ကိုကြီးဘုန်း ရန်ကုန်တက္ကသိုလ်သို့ စတင်ဝင်ရောက်ချိန်သည် လွန်ခဲ့သော ငါးနှစ်၊ ခြောက်နှစ်မက ဖြစ်မည်ကို ခန့်မှန်းနိုင်ပေသည်။

ကိုကြီးဘုန်း အဆောင်မှူးလုပ်သည့် အဆောင်၌ လွတ်လွတ်လပ်လပ် တည်းခိုပြီး မန္တလေးရောက်တိုင်း သွားရောက် ဖူးမြော်လေ့ရှိသည့် မဟာမြတ်မုနိဘုရားကြီးသို့ ကိုကြီးဘုန်းနှင့်အတူ သွားရောက်ဖူးမြော်ကြသည်။

စာရေးသူတို့ မဟာမြတ်မုနိဘုရားသို့ ရောက်ရှိချိန်သည် နံနက် ၁၀ နာရီကျော်ကျော်သာ ရှိသေး၍ ရွှေဆိုင်းဝယ်ယူပူဇော်လျက် မြတ်စွာဘုရားရုပ်ပွားတော် သီတင်းသုံးရာ ပလ္လင်ထက်သို့ တက်ရောက်ပြီး ကိုကြီးဘုန်းနှင့်အတူ ရွှေဆိုင်း ကပ်လှူပူဇော်ခဲ့သည်။ ထိုနေ့က လပြည့်နေ့ဖြစ်၍ ဘုရားဖူးများနှင့် အထူးစည်ကားလျက်ရှိသည်။

ရွှေဆိုင်းသင်္ကန်း ကပ်လှူပူဇော်ပြီးနောက် မဟာမြတ်မုနိဘုရားကြီး သီတင်းသုံးစံပယ်တော်မူရာ ဂန္ဓကုဋိတိုက်မှ ဘုရားဖူးများ ဝတ်ပြုပူဇော်ရန် သတ်မှတ်ထားသည့် နေရာသို့ ဝင်ရောက်ကြပြီး မြတ်စွာဘုရားရှင်အား သက်တော်ထင်ရှားရှိသည့်အလား အာရုံပြုလျက် ပူဇော်ကန်တော့ကြသည်။ ကန်တော့ပြီး၍ ထိုဝတ်ပြုရာနေရာမှ ထွက်ခွာရာ အမျိုးသမီးများအတွက် သတ်မှတ်ထားသည့် နေရာအရောက်၌ -

"မောင်မျိုးမြင့် တစ်ယောက်တည်းလား၊ မေမေ ဖေဖေတို့ကော မပါဘူးလား" ဟု နှုတ်ဆက်သံကြား၍ ကြည့်လိုက်သောအခါ အန်တီဒေါ်ကြည်ကို တွေ့မြင်ရ၍ အံ့သြမိလေသည်။

"မေမေတို့ မပါဘူး အန်တီ၊ ကျွန်တော်တစ်ယောက်တည်း၊ လားရှိုးကို တာဝန်နဲ့လာရာက မန္တလေးဝင်ပြီး မဟာမြတ်မုနိ ဝင်ဖူးတာ၊ အန်တီကော ဘယ်တုန်းကရောက်တာလဲ"

"အန်တီ ဒီနေ့မနက်ပဲ ရောက်တာ၊ ဒီနေ့က လပြည့်နေ့ဖြစ်လို့ မဟာမြတ်မုနိဘုရားကြီးကို ဆွမ်းတော်လာကပ်တာ၊ ဒီနေ့ညနေ လေယာဉ်ပျံနဲ့ ပြန်မယ်"

စာရေးသူမိသားစု မာရ်အောင်မြင့်ဘုရားကြီး ဂန္ဓကုဋိတိုက်ရှေ့ အမှတ်တရ

စာရေးသူမိသားစု ထမင်းဆိုင်မှဝယ်ယူကပ်လှူခဲ့ရသော ဆွမ်းနှင့်သစ်သီးများ

အန်တီဒေါ်ကြည်သည် လပြည့်နေ့တိုင်း မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို ဆွမ်း၊ ဆီမီး လာကပ်တတ်ကြောင်းကို မိခင်ကြီး ဒေါ်ကျင်ရွှေ မကြာခဏ ပြောပြဖူး၍ သိထားသော်လည်း ယခုမျက်မြင် ကြုံတွေ့ရသောအခါ အန်တီဒေါ်ကြည်၏ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအပေါ် ကြည်ညိုမှုကို လေးစားလျက် မုဒိတာပွားဖြစ်ခဲ့ရသည်။

အန်တီဒေါ်ကြည်၏ မိသားစုသည် စက်မှုလုပ်ငန်းဖြင့် ချမ်းသာကြွယ်ဝကြပြီး ဘောင်ဒရီလမ်း၌ ခြံဝင်းကျယ် တိုက်အိမ်ကြီးကြီးဖြင့် နေနိုင်သူများ ဖြစ်ကြသည်။ စီးပွားရေးလည်း ကောင်းမွန်ပြီး အစစအရာရာ အဆင်ပြေစွာ နေထိုင်နိုင်သူများ ဖြစ်ကြသည်။

ယခုလို မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကို လပြည့်နေ့တိုင်း ဆွမ်းကပ်ခြင်း၏ အကျိုးပေလားဟု စာရေးသူ တွေးထင်မိသည်။ အန်တီဒေါ်ကြည်လို ရန်ကုန်မြို့မှ မိုင် ၄၀၀ ကျော် ဝေးကွာသော မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးကို လပြည့်နေ့တိုင်း ဆွမ်းလာကပ်သလို စာရေးသူ အနေနှင့်လည်း ဆက်ကပ်လှူဒါန်းလိုစိတ်သည် ၁၉၇၄-၇၅ ခုနှစ်ကတည်းက စတင်ဖြစ်ပေါ်ခဲ့ရသည်။

စာရေးသူသည် အန်တီဒေါ်ကြည်တို့လို ချမ်းသာကြွယ်ဝသူတစ်ဦး မဟုတ်၍ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးထံ ဆွမ်းဆက်ကပ်လိုသော ဆန္ဒသည် စိတ်ကူးဥာဏ်ရှိပြီးလက်တွေ့ အကောင်အထည် မဖော်နိုင်ခဲ့ပေ။ မိုင် ၄၀၀ ကျော်ဝေးသော ခရီးကို တစ်လ တစ်ကြိမ်လာရောက်ရန် မဖြစ်နိုင်၍ စာရေးသူသည် မိုင် ၇၀ ခန့်ဝေးသော ဇလွန်မြို့ရှိ ပြည်တော်ပြန်မြတ်စွာဘုရားထံသို့ တစ်နှစ် တစ်ကြိမ် ဆွမ်းဆက်ကပ်လှူဒါန်းမည့် စိတ်ကူးကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့သည်။

ဇလွန်ပြည်တော်ပြန် မာရ်အောင်မြင်မြတ်စွာဘုရားရှင်သည် ဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါက မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ရင်ငွေ့လှုံပြီး ဘုရားငယ်တစ်ဆူအဖြစ် သွန်းလောင်းပူဇော်ခဲ့သော ရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်နှင့် တစ်ကြိမ်

www.burmeseclassic.com

ဟရိုင်းအောင်မြင်ဘုရားမျက်နှာတော်အား အနီးကပ်ပုံးငြော်ရုပ်ခွံ

ယခု သွားရောက်ပူးငြော်ရသည့် ဇလွန်ဟရိုင်းအောင်မြင်ပုံတော်



ဟရိုင်းအောင်မြင်ဘုရား သီတင်းသုံးရာ
ဂန္ဓကုဋီတိုက်နှင့် ဓမ္မတိတော်



ဇလွတိုင်ပုံစံတူ အရုံးဓမ္မတိတော်

www.burmeseclassic.com

www.burmeseclassic.com

ဝန္ဒကဋ္ဌတိုက်အတွင်းရှိ ကြည်ညိုဖွယ်ရာ မြတ်စွာဘုရား

နှီးပြင့်ရက်လုပ်ထားသော ပုဒ္ဓရုပ်ပွားတော်အား
ဝန္ဒကဋ္ဌတိုက်အတွင်း ပူးပေါ်ရပုံ



လက်တော်တန့်ထူးခြားလှသည့် ပုဒ္ဓရုပ်ပွားတော်သုံးဆူအား ပူးပေါ်ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ကန့်ကိုတိုက်အား စေတီမုန့်ယှဉ်၍ ဖူးမြော်ရပုံ

တည်း သွန်းလောင်းတော်မူခဲ့သည့် ညီတော်ရှုပ်ရှင်တော်မြတ်ဖြစ်၍ စာရေးသူသည် တစ်နှစ် တစ်ကြိမ် ဆွမ်းဆက်ကပ်ရန် အာရုံ၌ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ကိုယ့်အတိုင်းအတာနှင့် ကိုယ်ပြုခဲ့သော ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရားရှင်အား နှစ်စဉ် ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ရသော အကျိုးသည် စာရေးသူဘဝ၌ မျက်မှောက် အကျိုးထူးများဖြစ်သည့် စီးပွားတိုးတက်ခြင်း၊ အမွေမှုအနိုင်ရခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍လည်း လည်ပင်းကင်ဆာရောဂါ ပျောက်ကင်းခြင်း စသည့်အကျိုးထူးများကို သိသိသာသာ တွေ့ကြုံခံစားခဲ့ရသည်။

ထို့ကြောင့် နှစ်စဉ် ဝတ္ထုရားမပျက် တန်ဆောင်မုန်းလပြည့်၌ ပုံမှန် ဇလွန်ပြည်တော်ပြန်ဘုရားသို့ ဆွမ်းကပ်ပူဇော်ရန် ရောက်ရှိခဲ့သည်။ ပြီးခဲ့သော သုံးနှစ်ခန့်မှစ၍ စာရေးသူသည် ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရားအား ဆွမ်းကပ်ပူဇော်ခြင်း ကောင်းမှုကုသိုလ်ပြုလုပ်မှု ပျက်ကွက်ခဲ့ရသည်။

စာရေးသူအနေနှင့် ကိုယ်ပိုင် ဖင်ကောက်ဘင်ကားလေးကို ရောင်းချလိုက်ရ၍ လည်းကောင်း၊ အသက် (၇၀) ကာလရောက်လာ၍ ကျန်းမာရေး ချို့တဲ့လာသဖြင့် လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ဆွမ်းကပ်လှူဒါန်းမှု ဝတ္ထုရား ပျက်ခဲ့ရလေသည်။ မနှစ်ကစ၍ အသည်းရောဂါ စတင်ခံစားလာရသောအခါ ဆွမ်းကပ်ခြင်းအလှူနှင့် ပို၍ ဝေးခဲ့ရသည်။

ထိုကဲ့သို့ ပြည်တော်ပြန်ဘုရားသို့ ဖူးမြော်လှူဒါန်းရန် ပျက်ကွက်ခဲ့သော်လည်း စာရေးသူအနေဖြင့် ပြည်တော်ပြန် မြတ်စွာဘုရားရှင်၏ ပုံတော်ကို အစဉ်အမြဲ ချိတ်ဆွဲပူဇော်ထားခြင်းကြောင့် စာရေးသူ၏ စိတ်အာရုံ၌ အမြဲတမ်းဖူးမြော်ကြည်ညိုနေမိသည်။ ထို့ကြောင့် ဆဋ္ဌမအကြိမ်မြောက် ဗန်ကောက်မှ ရန်ကုန်သို့ ဆေးကုသပြီး ပြန်ရောက်ချိန်မှစ၍ ဇလွန်ပြည်တော်ပြန် မာရ်အောင်မြင်မြတ်စွာဘုရားရှင်ထံသို့ သွားရောက်ဖူးမြော်လိုစိတ်သည် စာရေးသူ၏စိတ်တွင် တားမရအောင် ပေါ်ပေါက်လျက် ရှိနေလေသည်။

ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရားရှင်အား သွားရောက်ဖူးမြော်ရန် ဖြစ်ပေါ်လာပုံမှာ ဘိုကလေး ပဒံတောရကျောင်း ဆရာတော်ဘုရားကြီး၏ သက်တော် (၇၁)နှစ်ပြည့် မွေးနေ့ပွဲသို့ သွားရောက်ကြည်ညိုရန် ဆွေမျိုးရင်းချာလို ခင်မင်ရသော ကိုချန္ဒရား၏ တက္ကစီကားကို အသွားအပြန် ငှား၍ စီးသွားရာမှ အပြန်တွင် -

"ကိုချန္ဒရား၊ ဇလွန် ဘုရားဖူးသွားချင်တယ်၊ ပို့ပေးလို့ ရမလား"

"အဘ ဘယ်နေ့သွားမှာလဲ"

"တတ်နိုင်ရင် နက်ဖြန်သွားချင်တယ်"

မူလ မဟာဗောဓိပင်တော်

www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်၊ ပို့ပေးရမှာပေါ့။ ဘယ်အချိန်သွားကြမှာလဲ"

"မနက် ၅ နာရီလောက် ထွက်မယ်၊ ဒါမှ စောစော ရောက်မှာ"

"ဒါဆို ကွန်တော် ၅ နာရီအရောက်လာခဲ့မယ်"

ကိုချန္ဒရားနှင့် စာရေးသူတို့ ဇလွန်ဘုရားဖူးခရီးစဉ် စီစဉ်ချိန်သည် ည ၉နာရီကျော်ဖြစ်၍ ဇနီးဖြစ်သူမှာ စာရေးသူ၏ အကျင့်ကို သိထားသူဖြစ်၍ ဘာမှဝင်ရောက်ပြောဆိုခြင်း မရှိဘဲ မျက်စောင်းအကြိမ်ကြိမ်ထိုးလျက်သာ ရှိနေလေသည်။

အိမ်ပြန်ရောက်ချိန်သည် ည ၉နာရီခွဲ ရှိနေပြီဖြစ်၍ ဇလွန်ဘုရားဖူး လိုက်ပါမည့်သူ စာရင်းကို ပြုစုလိုက်သော အခါ ဗန်ကောက်မှ အတူပြန်ရောက်လာသည့် သား ဇေမျိုးသက်၊ သမီးခွေးမ နန်းအွန်ခမ်း၊ သမီး အိအိသက်၊ မြေးဖိုးချစ်တို့လေးယောက်နှင့် စာရေးသူတို့ ဇနီးမောင်နှံ ပေါင်း ခြောက်ယောက်ပင် ဖြစ်လေသည်။

❑

နံနက် ၅ နာရီ မထိုးခင်ကပင် ကိုချန္ဒရား၏ တိုယိုတာ ဗင်ကားလေး ရောက်လာသည်။ ကိုချန္ဒရားနှင့် မိသားစုများ လက်ဖက်ရည်နှင့် မုန့်များ စားသောက်ကြပြီးနောက် ၅ နာရီ ၁၅ မိနစ် နေအိမ်မှ စတင်ထွက်ခွာခဲ့သည်။ ဇလွန်ခရီးသည် ရန်ကုန်မှ ညောင်တုန်း ဗိုလ်မြတ်ထွန်းတံတားအထိ ကားလမ်းကောင်းသည်။ ဗိုလ်မြတ်ထွန်းတံတား မဆောက်လုပ်မီ



အသစ်ဖိုက်ပျိုးထားသော မဟာဗောဓိပင်

အရပ်ရှာက်အဝင်စောင်းတန်းရှိ အာရုံခံတန်ဆောင်းကြီး

ကပင် စာရေးသူတို့ မိသားစု ပြည်တော်ပြန် မာန်အောင်မြင် ဘုရားအား ဆွမ်းတော်ဆက်ကပ်ခြင်း ကောင်းမှုကို ပြုလုပ်ကြရာ ညောင်တုန်းမှ တစ်ဖက်ကမ်း စက္ကော့သို့ ဇက်သင်္ဘော ပေါ် မော်တော်ကားတင်၍ ကူးကြရသည်။ ထို့ကြောင့် ညဦးပိုင်းကပင် ရန်ကုန်မှ ထွက်ခဲ့ကြရပြီး ညောင်တုန်း ဇက်ဆိပ်၌ နံနက် ဇက်သင်္ဘော ပထမဦးဆုံးအခေါက် မီရန် တန်းစီကာ စောင့်ဆိုင်းရသည်။ သန်းခေါင်ယံမှ မိုးလင်းအထိ မိသားစုမှာ ညောင်တုန်းဇက်ဆိပ်၌ ငုတ်တုတ်မိုးလင်းခဲ့ရသည်။ ဇက်ဆိပ်၌ ဖွင့်လှစ်ရောင်းချသော မုန်းဟင်းခါးဆိုင်၊ လက်ဖက်ရည်ဆိုင်တို့၌ ဝင်ရောက်စားသောက်ရင်း မိုးလင်းကြရသည်။

အိမ်မှ ချက်ပြုတ်လာသော ဆွမ်းဟင်းများ၊ သစ်သီးများ၊ ပန်း၊ ဆီမီးများကို ချိုင့်ကြီး ချိုင့်ငယ် စက္ကူဘူးများဖြင့် ထည့်သွင်းယူဆောင်လာပြီး နေ့ဆွမ်းအမီ ဆက်ကပ်နိုင်ရေး စိတ်မောခဲ့ရသည်။ ဇက်သင်္ဘောကို ပထမအခေါက် မီခဲ့သော် ဇလွန်သို့ နံနက် ၁၀ နာရီမထိုးမီရောက်၍ စိတ်ချမ်းသာစွာ ဆွမ်းတော် ဆက်ကပ်နိုင်လေသည်။ ဒုတိယအခေါက် ဖြစ်ခဲ့သော် ၁၁ နာရီထိုးခါနီးမှ ရောက်၍ စိတ်မောခဲ့ရသည်။

ထိုအချိန်က ညောင်တုန်းတစ်ဖက်ကမ်း စက္ကော့မှ ဇလွန်အထိ ကားလမ်းသည် အလွန်ကြမ်းတမ်း ဆိုးရွားလှသည်။ ဇလွန်မှ ဓနုဖြူအထိ ကားလမ်းသည် ကျောက်ကြမ်းလမ်းဖြစ်၍ မော်တော်ယာဉ်အား တစ်နာရီ မိုင် ၂၀ သာသာ

www.burmeseclassic.com

မြင့်မားလှသည့် တံခွန်တိုင်

သာ မောင်းနှင်နိုင်၍ လမ်းမှာ အခြိန်အတော်ကုန်သည်။ ခနဲဖြူမှ ဇလွန်အထိ ကားလမ်းလည်းကြမ်း၊ ဖုန်လည်း အလွန်ထူသောကြောင့် မှန်လုံကားဖြင့် သွားသူများအနေဖြင့် ဖုန်မှုန့် ဘေးမှလွတ်ကင်းသော်လည်း နောက်ဖွင့်တိုင်းလက်၊ ဒက်ဆန်းကား၊ လိုက်ထရပ်ကား၊ ဒိုင်နာကားများဖြင့် ဘုန်းဘုန်းလာသူများအနေဖြင့် ဖုန်မှုန့်များလူးကာ လူစင်စစ်မှ မျောက်ဖြူဘဝ ပြောင်းခဲ့ကြရသည်။

ထိုမှ ဆိုးလွန်းသော ကားလမ်းကို လွန်ခဲ့သော သုံးနှစ်ကျော်ကာလအထိ အနည်းအကျဉ်း ပြုပြင်ရံမှလွဲ၍ ကြမ်းတမ်းမြဲ၊ ဖုန်ထူမြဲအတိုင်းသာ ထားရှိခဲ့၍ ဇလွန်ပြည်တော်ပြန် ဘုရား ဖူးမြော်လို၍သာ နေ့စဉ်မော်တော်ယာဉ်ကြီးငယ် ရာနှင့်ချီ၍ သွားလာနေခဲ့ရသည်။

ယခု ပြီးခဲ့သော ရက်နှစ်ဆယ်ခန့်က ခရီးမှာကား အံ့သြဖွယ်ကောင်းလောက်ဇအောင် ဇလွန်မှ ခနဲဖြူ၊ ခနဲဖြူမှ ဇလွန်အထိ ကားလမ်းသည် အင်္ဂတေခင်း၍ လည်းကောင်း၊ ကတ္တရာ အခြောခင်း၍လည်းကောင်း အလွန်ကောင်းမွန်နေသည်။

တချို့နေရာများသာ ပြုပြင်ဆဲ လမ်းခင်းဆဲဖြစ်၍ ဖြည်းဖြည်းမောင်းရသော်လည်း ရာခိုင်နှုန်း ၉၀ ခန့်မှာ လမ်းချောများ ဖြစ်နေ၍ ခရီးသွားရသည်မှာ အခြိန်မကုန်၊ လူလည်း သက်သာနှင့် အဆင်ပြေလှသည်။

ပို၍ခရီးလမ်းပန်း အဆင်ပြေသည်ကတော့ ဗိုလ်မြတ်ထွန်းတံတားအပြင် ညောင်ဇုန်း ဟင်္သာတလမ်းအတွက် ကားရော မီးရထားပါ ဖြတ်သန်းသွားနိုင်သည့် တံတားသစ်ကြီးသည် ရောဝတီမြစ်ပြင်ကျယ်ကြီးကို ရှည်လျားစွာ ဖြတ်ကျော်တည်ဆောက်နေပြီဖြစ်၍ ဇလွန်ဘုရားဖူးခရီးမှာ ယခင်နှင့်မတူ မပင်ပန်းဘဲ သက်သောင့်သက်သာ သွားလိုရာခရီးကို အခြိန်တိုအတွင်း ရောက်ရှိနိုင်ပြီဖြစ်သည်။

ဇလွန်ပြည်တော်ပြန် မာရ်အောင်မြင်မြတ်စွာဘုရားကြီး၏ စံကျောင်းတော်သို့ နံနက် ၉ နာရီမထိုးမီ ရောက်ရှိခဲ့သည်။ လမ်း၌ လက်ဖက်ရည်သောက် မုန့်စားခြင်းပြုလုပ်၍ ၉ နာရီမှ ရောက်ရှိခြင်းဖြစ်သည်။ တိုက်ရိုက်လာခဲ့သော် ၃နာရီ မောင်းရသော ခရီးဖြစ်၍ နံနက် ၈ နာရီမှာ ရောက်ရှိမည်ဖြစ်သည်။

ယခု ဇလွန်ပြည်တော်ပြန်ဘုရားကြီးအား လာရောက်ဖူးမြော်ရာတွင် ည ၉ နာရီကျော်မှ စီစဉ်ကာ နံနက် ၅ နာရီခရီးထွက်ခဲ့ရ၍ မြတ်စွာဘုရားရှင်အား ရှည်စူး၍ ဆက်ကပ်ပူဇော်ရန် ဆွမ်း၊ ဆွမ်းဟင်းလည်း မချက်ပြုတ်နိုင်သလို သစ်သီးဆွမ်း အတွက်လည်း မစီစဉ်နိုင်ခဲ့။ အမွေးတိုင်၊ ဖယောင်းတိုင်တို့ကတော့ အိမ်၌ အသင့်ရှိနေ၍ ပူဇော်ရန် ယူဆောင်လာနိုင်ခဲ့သည်။

ရောက်ရောက်ချင်း ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရားအား ဆွမ်းဆက်ကပ်လှူဒါန်းရန် အဝင်စောင်းတန်းဘက်သို့ သွားရောက်၍ ဆွမ်းပွဲရောင်းချသည့် ဆိုင်သို့ သွားခဲ့ရသည်။

ဆွမ်းပန်းကန်ငယ်အတွင်း ဆွမ်းအနည်းငယ်ထည့်၍ ပေါက်ပေါက်ဆုပ်ဖြူးကာ သစ်သီးလေးတချို့တင်ပြီး သောက်တော်ရေခွက်ငယ်ဖြင့် ပြင်ဆင်ထားသော ဆွမ်းပွဲငယ်လေးပင် တစ်ထောင်ကျပ်ဖြင့် သတ်မှတ်ရောင်းချပြီး အတော်အသင့်ကြီးသော ဆွမ်းပွဲကိုကား နှစ်ထောင်၊ သုံးထောင် စသဖြင့် သတ်မှတ်ရောင်းချနေသည်ကို တွေ့ရသောအခါ ဘုရားရှင်အား သက်တော်ထင်ရှား ရှိသည့်အလား ဆွမ်းပန်းကန်အပြည့်၊ ဆွမ်းဟင်းစုံ ပန်းကန်ပြည့်၊ သောက်တော်ရေ ဖန်ခွက်

နတ်ပင်းနှင့် ဇော်ဂျိုပိတ္တိတို့ ဒေါင်းလောင်းထမ်း၍ ကူလိုယူနေပုံ

www.burmeseclassic.com

အပြည့်၊ သစ်သီးစုံ အလုံးလိုက် လေးငါးဆယ်မျိုးဖြင့် နှစ်စဉ် ကပ်လှူခဲ့ဖူးသော စာရေးသူသည် ရောင်းချနေသော ဆွမ်းပွဲကို မကပ်လှူလိုသောကြောင့် စောင်းတန်းအပြင်ဘက်ရှိ ထမင်းဆိုင်များ ရှိရာသို့ သွားရောက်ခဲ့သည်။

အိုးကြီးအိုးငယ်များဖြင့် ရောင်းချနေသော ဆိုင်အတွင်း ဝင်ရောက်ပြီး ဆိုင်ရှင်နှင့် ညှိနှိုင်းကာ ဆွမ်းပန်းကန်အပြည့် တစ်ပွဲ၊ ဆွမ်းဟင်း (ကြက်သားဟင်း တစ်ပွဲ၊ ငါးဟင်း တစ်ပွဲ၊ ဝက်သားဟင်း တစ်ပွဲ၊ အချဉ်ဟင်း တစ်ပွဲ)များကို လင်ပန်းဖြင့် ထည့်ကာ ဆက်ကပ်လှူဒါန်းရန် ပြင်ဆင်ခိုင်းခဲ့သည်။ ပန်းကန်များကို ခေတ္တယူဆောင်သွားမည်ဖြစ်၍ ငါးထောင်တန်တစ်ရွက်ကို အပေါင်တင်ထားခဲ့ရသည်။ ရေသန့်ဘူးကြီး တစ်ဘူးနှင့် လမ်းမကြီးပေါ်ရှိ သစ်သီးရောင်းသည့်ဆိုင်မှ ပန်းသီး၊ သီးသီး၊ ပန်းသစ်တော်သီး စသည့်သစ်သီးများဝယ်ယူကာ မြတ်စွာဘုရားရှင် ရှေ့မှောက်သို့ ယူဆောင်ပြီး ဆွမ်းတော်ဆက်တစ် လှူဒါန်းခဲ့ရသည်။

ယခင်က ကြိုတင်ပြင်ဆင်၍ နေအိမ်မှ ချိုင့်ကြီးချိုင့်ငယ်များဖြင့် ချက်ပြုတ်ပြီး ဆက်ကပ်လှူဒါန်းစဉ်နှင့် နှိုင်းစာကြည့်သောအခါ ယခု ဆက်ကပ်လှူဒါန်းခြင်းမှာ သစ်မရှိခင် ဝါးဖြင့်ဆောက်လုပ်ရသည့်ပမာ အားရကျေနပ်ခြင်းတော့ မဖြစ်မိပေ။ ဒါပေမဲ့ စောင်းတန်းတွင် ရောင်းချသော ဆွမ်းပွဲနှင့် ယှဉ်ကြည့်လျှင်တော့ အတော်လေးပင် ကောင်းမွန်လှသည်ဟု ရင်သေစိတ်ဖြေ ဖြေရတော့သည်။

ယနေ့ လာရောက်သည့်ရက်မှာ တနင်္ဂနွေနေ့ဖြစ်၍ ပြည်တော်ပြန်ဘုရား ရင်ပြင် ကျောင်းဝင်းအတွင်း၌ ဘုရားဖူးကားများနှင့် ပြည့်ကျပ်နေသလို အာရုံခံ ပူဇော်ရာတန်ဆောင်းအတွင်း၌လည်း ဘုရားဖူးများဖြင့် ပြည့်ကျပ်နေသည်။ ဆွမ်းဆက်ကပ်ရာ စင်ထက်၌လည်း ဆွမ်းပွဲများ၊ အုန်းဌက်ပျော်ပွဲများဖြင့် နေရာလပ်မရှိအောင် ပြည့်ကျပ်နေသည်။ စာရေးသူတို့၏ ဆွမ်းပွဲကို နေရာလပ်မရှိ၍ ခက်ရာခက်ဆစ် ထင်ခဲ့ရသည်။

ဇနီဖြစ်သူအနေဖြင့် ရှေ့ဆုံးတန်း၌ နေရာရ၍ ဝတ်ပြုဆုတောင်း ငါးပါးသီလ ခံယူခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်း

ဖိုးသူတော်နှစ်ယောက် ဒေါင်းလောင်းထမ်းနေပုံ



အရှင်ပိဏ္ဍောဘာရဒွါဇပေးထစ်မြတ် စန္ဒကူးသပိတ်အလှူခံရပုံနှင့် ကိုထွိုတို့ အဃောင် ၆၀ မြှင့်သော ဝါးတိုင်ထိပ်သို့တက်ရန် ကြိုးပမ်းနေကြပုံ

များကို ဥဒဟိုသွားလာနေသည့် ဘုရားဖူးများ အလယ်၌ အာရုံစိုက်ကာ ကြိုးစားပြီး သမာဓိ ထူထောင်နေလေသည်။

စာရေးသူအနေနှင့်ကား ဆွမ်းပွဲဝယ်ရန် စောင်းတန်းအဝင်ဘက်သို့ သွားစဉ်က ဝယ်ယူခဲ့သော ရွှေဆိုင်းများနှင့် မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ မှန်ခန်းဂန္ဓကုဋိ တိုက်အတွင်းသို့ ဝင်ရောက်ပြီး ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းရန် အဝင်လှေကား၌ တန်းစီစောင့်ဆိုင်းခဲ့ရသည်။

ယခင် အကြိမ်ပေါင်းများစွာ ဘုရားဖူးလာစဉ်က ဂန္ဓကုဋိတိုက်အတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်သော်လည်း ယခုအခါ၌မူ တန်းစီပြီး ဝင်ရောက်ရ၍ ရှေ့တွင် လူ ၁၅ ဦးခန့်ရှိနေသဖြင့် အချိန်အတော်ကြာ စောင့်ဆိုင်းခဲ့ရသည်။ ငါးဦးထွက်ပြီးမှ ငါးဦးကို ဝင်ခွင့်ပြု၍ ၁၅ မိနစ်ကျော် တန်းစီပြီး ဝင်ခဲ့ရသည်။ ဝယ်ယူလာသည့် ရွှေဆိုင်းများကိုကိုင်ပြီး ပလ္လင်ပေါ်တက်သည့် လှေကားတွင်လည်း ထပ်မံ၍ တန်းစီရပြန်သည်။ တစ်ယောက်ဆင်းမှ တစ်ယောက်တက်ခွင့် ရသောကြောင့် အချိန်အတော်ကြာ စောင့်ရပြန်သည်။

မိမိအလှည့်သို့ ရောက်သောအခါမှ ဘုရားရှင် သီတင်းသုံးတော်မူရာ ပလ္လင်ထက်သို့ တက်ရာလှေကားမှ တက်ခဲ့ပြီး ပလ္လင်တော်ပေါ်၌ ထိုင်ပြီး ရွှေသင်္ကန်းကပ်ရမဲ့ဖြစ်၍ စာရေးသူမှာ အခက်ကြုံရပြန်သည်။

www.burmeseclassic.com

ဟုန္တာင် ယွန်းပန်ဘိုရုံ

စာရေးသူမှာ ဦးနာဝေဒနာ ခံစားနေရ၍ ဆောင့်ကြောင့်ထိုင်မရသဖြင့် ဘုရားရှင်ရှေ့၌ တင်ပျဉ်ခွေထိုင်ကာ ခဲရာခဲဆစ် ရွှေသင်္ကန်း ကပ်လှူခဲ့ရသည်။

တရားသဘောအရ ကြည့်ပါက အနိစ္စတရားသည် ရုပ်ခန္ဓာကိုယ်၌ အထင်အရှား ပြလာပြီဖြစ်သည်။ အသက် (၅၀)ကျော် (၆၀)ကျော်ကာလက ခန္ဓာကိုယ်နှင့် ယခု (၇၄)နှစ်အသက်၏ ခန္ဓာကိုယ်သည် မတူညီတော့။ အနိစ္စသဘောအရ အိုမင်းရင့်ရော်လာရုံသာမက အံကြော၊ အရိုး၊ အဆစ်တို့သည် ပျက်စီးလာပြီဖြစ်၍ မသွက်လက်နိုင်တော့။ လမ်းပင် ဖြောင့်ဖြောင့်မလျှောက်နိုင်တော့။ ထပ်၍ နှစ်ကြာလာသော် လမ်းပင် လျှောက်နိုင်တော့မည် မထင်။ နောက်ဆုံး အနတ္တသဘောအရ အသက်ပင် ရှင်သန်ခွင့်ရတော့မည် မဟုတ်ပေ။

ပြည်တော်ပြန်ဘုရားအား ရွှေသင်္ကန်းကပ်လှူရင်း သခ်ါရတရားကို ရှုမြင်နေမိခြင်းပင် ဖြစ်သည်။ အို၊ နာ၊ သေဘေးသည် ဘုရား၊ ရဟန္တာပင် လွှဲရှောင်၍ ရသောအရာ မဟုတ်။ ပုထုဇဉ် သာမန်လူသားတစ်ယောက် အနေဖြင့်ကား အထူးဆိုဖွယ်ရာ မရှိပါတကား။ ဟု တရားသံဝေဂပွားကာ ဘေးမှ လူငယ်တစ်ယောက်၏ အကူအညီဖြင့် ထိုင်ရာမှ ထကာ ပလ္လင်တော်အောက်သို့ဆင်းပြီး ဖြစ်ပျက်တရားရှုရန် ဂန္ဓကုဋိထိုက်အတွင်း၌ နေရာယူရင်း လောဘ၊ ဒေါသ၊ မောဟကင်းသော ဆုကို တောင်းနေမိသည်။

ခြင်းချက်အနေဖြင့်ကား စာရေးသူ အမှန်ကို ဝန်ခံရသော် အသည်း၌ ဖြစ်နေသော ရောဂါကို အမြန်ဆုံးပျောက်ကင်း၍ အသက်ရှည်စွာ နေထိုင်ရပြီး သာသနာပြုနိုင်သည့်သူ ဖြစ်ရပါလို၏ဟူသော ဆုကိုလည်း တောင်းမိပေသည်။

ထပ်မံ၍ အမှန်အတိုင်း ဝန်ခံရသော် ဇလွန်ဆုတောင်းပြည့် မာရ်အောင်မြင်မြတ်စွာဘုရားရှင်ကို လာရောက်ဖူးမြော်ရခြင်း၏ အကြောင်းတစ်ရပ်မှာ ခံစားနေရသော ဝေဒနာသက်သာပျောက်ကင်းစေလိုခြင်းသည် အကြောင်းတစ်ရပ် ဖြစ်ခဲ့ပေသည်။ နှေးယခင်ကာလ လည်ပင်းကင်ဆာဖြစ်စဉ်က အဓိဋ္ဌာန်ဆုတောင်းခဲ့ဖူးပြီး ကင်ဆာဝေဒနာ ပျောက်ကင်းခဲ့ဖူးခြင်းကြောင့် ယခု ခံစားနေရသော အသည်းရောဂါ သက်သာပျောက်ကင်းရေးအတွက် ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရားထံ လာရောက်ပြီး တောင်းဆုခွင့်ရခြင်းဖြစ်ပေသည်။

❑

ဇလွန်မြို့၌ ကိန်းဝပ်စံပယ်တော်မူသော ပြည်တော်ပြန်ဆုတောင်းပြည့် မာရ်အောင်မြင်မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ဖူးကြသူ အတော်များများ ရှိကြသည်။ ရန်ကုန်မြို့နှင့် ဇလွန်မြို့သည် ရှေးယခင်ကာလ ကုန်းလမ်းခရီး မပေါက်မီက ရေကြောင်းခရီး နှစ်ထပ်သင်္ဘောများဖြင့် ဘုရားဖူးသွားရောက်ခဲ့ကြသူများ ရှိဖူးသည်။ သိပ်များများတော့ မဟုတ်ပေ။

ရန်ကုန်-ဇလွန် ကားလမ်းပေါက်ပြီးနောက် ပြည်တော်ပြန်ဘုရားကြီးအား မော်တော်ယာဉ်များဖြင့် သွားရောက်ဖူးမြော်သူ အတော်ပင် များခဲ့သည်။ ဗိုလ်မြတ်ထွန်း ဧရာဝတီမြစ်ကူးတံတားကြီး တည်ဆောက်ပြီးသော အချိန်၌ကား ကိုယ်ပိုင်မော်တော်ယာဉ်များ၊ ဘုရားဖူးပို့ဆောင်ပေးသည့် ယာဉ်များဖြင့် နေ့စဉ်နှင့်အမျှ ဘုရားဖူးသွားရောက်ကြသည်မှာ အထူးပင် စည်ကားခဲ့သည်။ ထို့ကြောင့် ဇလွန်ပြည်တော်ပြန်ဘုရားသို့ ရောက်ဖူးသူ၊ ဖူးမြော်ဖူးသူ များလှသည်ဟု မှတ်ချက်ပြုရခြင်း ဖြစ်သည်။

အထူးသဖြင့် ရန်ကုန်မြို့တွင် နေထိုင်သူများ ဖြစ်ကြသည်။ အထက်မြန်မာပြည်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း စသည့်ဒေသများ၌ နေထိုင်သူများက ပြည်တော်ပြန်ဘုရားကြီးကို ဖူးမြော်ဖူးသူ အတော်ပင်နည်းမည်ဟု ယူဆ၍ စာရေးသူအနေဖြင့် စာဖတ်ပရိသတ်အပေါင်းတို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်ရသည့် အလား ကုသိုလ်ပွားများနိုင်စေရန် ဇလွန်မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီးအား ဖူးမြော်ပုံ အဆင့်ဆင့်ကို ရေးသားတင်ပြလိုက်ရပေသည်။

ပြည်တော်ပြန်ဘုရားကြီးအား ဝင်ရောက်ဖူးမြော်ရန် ဘုံအဆင့်ဆင့်နှင့် ခြေသွေ့ရုပ်တုကြီး နှစ်ရုပ် ရံထားသော မြောက်ဘက်အဝင် မုခ်ဝကြီးသည် ခမ်းနားထည်ဝါလှသည်။ ပြည်တော်ပြန်ဘုရားကြီး ဟူသော ဘွဲ့အမည် ရေးထိုးထား

သူငယ်တော်ရုပ်တို့ ပျော်ရွှင်စွာခေါင်းလောင်းထိုးနေပုံ

www.burmeseclassic.com

သော မုခ်ဝမှ စတင်ဝင်ရောက်လိုက်သောအခါ မှန်စီရွှေချ တိုင်လုံး (၉၄)လုံးနှင့် ရှည်လျားလှသော အဝင်စောင်းတန်း ကြီးကို ဘုရားဖူးများစွာနှင့် စည်ကားစွာ တွေ့မြင်ရသည်။ စောင်းတန်းကြီး၏ အမိုးမျက်နှာကြက်၌လည်း ကြာပွင့် သဏ္ဌာန် အကွက်ဖော်ပြုလုပ်ထားသော လက်ရာအနုစိပ်လှ သည့် ပန်းပုရုပ်ကြွ အကွက်များမှာ ရွှေရောင်ဝင်းလျက် စောင်း တန်းကြီး၏ မှန်စီရွှေချ တိုင်လုံးများနှင့် အလွန်ပင်တင့်တယ် လှသည်။

စောင်းတန်းဆုံးလျှင် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" ဟု ကမ္ဘည်းစာတန်း ရေးထိုးထားပြီး ပြည်တော်ပြန်ဘုရားကြီး စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်ကျောင်းကြီးသို့ ဝင်ရောက်ရ မည့် အဝင်မုခ်ပေါက်ကို ပန်းကနုတ်များဖြင့် လှပစွာ ထုဆစ် ထားပြီး ရွှေရောင်ဝင်းနေသည်ကို သဒ္ဓါကြည်နူးစွာ ဖွေ့မြင် ရသည်။

မုခ်ပေါက်မှ အတွင်းသို့ ဝင်ရောက်လိုက်သည့်အခါ မာရ်အောင်မြင် မြတ်စွာဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာ အတွင်းဂန္ဓကုဋိတိုက်ကြီးအား မှန်များဖြင့် လုံခြုံစွာ ကာရံထား ပြီး ထိုဂန္ဓကုဋိတိုက်အတွင်းရှိ ပလ္လင်တော်ထက်၌ ပြည်တော် ပြန် မြတ်စွာဘုရားရှင်အား ဘေးတိုက်အနေအထားဖြင့် ဖူးမြော်ရလေသည်။

ပြည်တော်ပြန်မြတ်စွာဘုရားကြီးသည် အရှေ့ဘက် သို့ မျက်နှာပြုထားခြင်းကြောင့် မြောက်ဘက်စောင်းတန်း အဝင်မှ ဖူးမြော်သူ ဘေးတိုက်အနေအထားဖြင့် ဖူးမြော်ရခြင်း ဖြစ်သည်။ အရှေ့ဘက် စောင်းတန်းအဝင်ဘက် မျက်နှာမူ ထား၍ အရှေ့ဘက်မှ ဖူးမြော်ကာ ပန်းအိုးတင်ရန်၊ ဆွမ်းရေ ချမ်းတင်ရန် စင်များဖြင့် ပြင်ဆင်ထားသည်။ ဘုရားဖူးများ အာရုံပြုနိုင်ရန်လည်း ကောဇောအဝင်းများဖြင့် ခင်းကျင်းထား သည်။ အာရုံပြုရန် နေရာ၌ ဘုရားဖူးများနှင့် ပြည့်ကျပ်နေ သည်ကို တွေ့ရသည်။

ပြည်တော်ပြန်မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ အတွင်းဂန္ဓကုဋိတိုက်အား မှန်များဖြင့် လုံခြုံစွာ ကာရံထား သည်။ ထိုဂန္ဓကုဋိတိုက် အတွင်းသို့ အမျိုးသားများသာ ဝင်

မြောက်ဘက်စောင်းတန်းရှိ မှန်စီရွှေချတိုင်လုံးကြီးများဖြင့် ခမ်းနားနေပုံ

မြောက်ဘက်အဝင် မုခ်ပေါက်

ရောက်ရန် ခွင့်ပြုထားသည်။ မြတ်စွာဘုရားရှင် ရုပ်ပွားတော် အား ပလ္လင်ထက်သို့တက်၍ ရွှေပြားသက်နှံကပ်လှူခွင့်လည်း ပြုထားသည်။

နေ့စဉ်ရက်ဆက် ရွှေသက်နှံကပ်လှူသူ များပြားလှ၍ ဘုရားကြီး၏ ကိုယ်လုံးတော်၊ လက်တော်၊ ခြေတော်အစုံ၌ ရွှေစိုင်ရွှေခဲများ အသီးထကာ မန္တလေးမြို့ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးကဲ့သို့ ရွှေစင်ရွှေသားများ ဝင်းမှည့်လျက် ရှိလေသည်။

မှန်များဖြင့် ကာရံထားသော ဂန္ဓကုဋိတိုက်အတွင်း၌ လေအေးစက် တပ်ဆင်ပေးထား၍ အမျိုးသားဘုရားဖူးများ အနေဖြင့် အေးဆေးသက်သာ ဘုရားဖူးနိုင်သလို ပုတီးစိပ် ကာ ကမ္မဋ္ဌာန်းတရားများ ပွားများနိုင်လေသည်။ ပြင်ပအသံ များလည်း မကြားရ၍ သမာဓိအရမြန်ပြီး ကုသိုလ်ထူးကို ရရှိင် ပေသည်။

ဂန္ဓကုဋိတိုက်တော်ကြီး အမိုးမျက်နှာကြက်နှင့် ဘေး ပတ်လည်တို့၌ ရွှေဇဝါပန်းခိုများ (ယွန်းပန်းခို) ပြည်တော်ပြန် ဘုရားသမိုင်းပန်းချီကား (၁၉)ချပ်တို့ဖြင့် အနုပညာလက်ရာ မြောက်စွာ ရေးဆွဲခြယ်သထားသည်မှာ ထူးခြားချက်ပင် ဖြစ် သည်။

ပြည်တော်ပြန်မြတ်စွာဘုရား သီတင်းသုံး ကိန်းဝပ် စံပယ်တော်မူသည့် အတွင်းမှန်ခန်း ဂန္ဓကုဋိတိုက်အတွင်းရှိ

www.burmeseclassic.com

အမိုးမျက်နှာကြက်၌လည်း အလယ်စက်ဝိုင်း၌ ပဒ္မာန်းကွက်ဖော်ထားပြီး ဘေးစက်ဝိုင်း၌ ကြာပွင့်သဏ္ဌာန် ပန်းကွက်စက်ဝိုင်းများ၊ ပန်းခက် ပန်းရွက်များ ထွင်းထုထားပြီး အပြင်စက်ဝိုင်း၌ ညောင်ရွက်ပန်းပုလက်ရာများဖြင့် မြတ်စွာဘုရားရှင်အား ထီးတော်အလား အုပ်မိုးထားသည့် လက်ရာမှာ အလွန်ပင် အနုစိပ်လှကြောင်း တွေ့မြင်ရသည်။

မြတ်စွာဘုရားရှင်အား မျက်နှာကြက်အမိုး၌ ရွှေထီး အုပ်မိုးထားသည့်အလား ဖူးမြော်ရသည်။ မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး၏ မျက်နှာကြက်အမိုး၌လည်း ထီးတော်အလား အုပ်မိုးထားသည့် ပန်းခက်များ အလယ်၌ ကြီးမားသော စိန်ဖူးတော်ကြီးဖြင့် ပူဇော်ထားသည်ကို မြင်ယောင်နေမိသည်။

ပြည်တော်ပြန် မြတ်စွာဘုရားရှင် စံပယ်တော်မူရာ ပလ္လင်တော်မှာလည်း သီဟာသနပလ္လင်တော်ဖြစ်ပြီး လက်ရာအနုစိတ်လှသည်။ ပလ္လင်တော်၏ တံကဲအထက်၌ သိင်္ဂြားမင်း စောင့်ရှောက်ပူဇော်နေပုံကိုလည်း တွေ့ရသည်။ မန္တလေး မဟာမြတ်မုနိ ရှုပ်ရှင်တော်မြတ်ကြီး၌ အလှူရှင်များ ကုသိုလ်ပြုလှူဒါန်းထားသော ရတနာစိန်ရွေ ပတ္တမြား စသည့် အဖိုးတန် ကျောက်မျက်ရတနာများဖြင့် သပ္ပာယ်စွာ ဖူးမြော်ကြည်ညိုရသလို ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရား ရှုပ်ပွားတော်၌လည်း အလှူရှင်အဝေါင်း သင်္ခါတရားထက်သန်စွာ လှူဒါန်းထားသော စိန်ရွေရတနာမျိုးစုံ လက်ဝတ်လက်စားမျိုးစုံတို့ဖြင့် သပ္ပာယ်လှစွာ ဖူးမြော်ရသည်။

ပြည်တော်ပြန်ဘုရားကြီး စံပယ်တော်မူရာ ကျောင်းတော်ကြီးအတွင်း၌လည်း အရံဗုဒ္ဓရုပ်ပွားတော် အဆူဆူကို လည်း ဖူးမြော်ရသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဆူတောင်းပြည့် မြဘုရား၏ ပုံစံတူ နွေ၊ မိုး၊ ဆောင်းမြဘုရား ရှုပ်တုများကိုလည်း ဖူးမြော်ရသည်။

နှီးဖြင့်ရက်လုပ်ထားသော ရှုပ်ပွားတော်မြတ်ကိုလည်း ဖူးမြော်ရပြီး မှန်ကျောင်းဆောင်တစ်ခုအတွင်း၌ ရွှေဟောင်း ဗုဒ္ဓရုပ်ပွားတော် သုံးဆူကို သစ်သားဖြင့် ထုလုပ်ထားရာ သုံးဆူစလုံး လက်တော်အနေအထား ထူးခြားနေသည်ကိုလည်း ဖူးမြော်ရသည်။

ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရားရှင် စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး တည်ရှိရာ ကျောင်းဝင်းကြီးသည် အလွန်ပင် ကျယ်ဝန်းလှသည်။ ကျောင်းတော်ကြီး သို့ဝင်ရာ စောင်းတန်းလေးသွယ်အနက် မြောက်ဘက်စောင်းတန်းသည် ဘုရားဖူးများနှင့် စည်ကားလှသည်။

အရှေ့ဘက်စောင်းတန်းသည် မော်တော်ယာဉ်များဖြင့် လာရောက်ကာ ဖူးမြော်ကြသည့် ဘုရားဖူးများဖြင့် စည်ကားလှသည်။ ပြည်တော်ပြန်မြတ်စွာဘုရားကြီး မျက်နှာမူရာ စောင်းတန်းဖြစ်သည်။ ဆွမ်းဆက်ကပ်သူ၊ အုန်းငှက်ပျော ဆက်ကပ်သူ၊ ပန်းမျိုးစုံဖြင့် ဆက်ကပ်သူတို့ဖြင့် လည်းကောင်း၊ ပုတီးစိပ်သူ၊ တရားထိုင်သူများဖြင့် ပြည့်ကျပ်နေသည်။

အနောက်ဘက် စောင်းတန်းကား ဇလွန်ပြန်လက်ဆောင် ချင်းသုပ်၊ ငှက်ပျောသီးခြောက် စသည့် စားသောက်စရာများ၊ အမှတ်တရ လက်ဆောင် အထိမ်းအမှတ်ပစ္စည်းများ ရောင်းချသည့် စျေးဆိုင်များဖြင့် တိုးမပေါက်အောင် စည်ကားလှသည်။ အနောက်ဘက်မုခ်ဝအဝင် ကားလမ်းမပေါ် ၌လည်း ဒေသထွက် ပြောင်းဖူး၊ မြေပဲ၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ သဘော်သီး စသည့် အသီးအနှံများကို စျေးနှုန်းသက်သာစွာဖြင့် အဝေးမှလာရောက်ကြသည့် ဘုရားဖူးများသည် တောင်းကြီး တောင်ငယ်များဖြင့် ဝယ်ခြမ်းနေကြသည်မှာလည်း ကြိတ်ကြိတ်တိုး များပြားလှသည်။ ဇလွန်မြို့ထွက် ကုန်သီးနှံများမှာ ပေါများပြီး စျေးသက်သာလှပေသည်။ ထို့ကြောင့်လည်း အနောက်ဘက်စောင်းတန်းသည် စျေးရောင်းစျေးဝယ်များနှင့် အထူးပင် စည်ကားလှသည်။

အနောက်ဘက် စောင်းတန်းမှတစ်ဆင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အံတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာသို့ သွားရောက် ဖူးမြော်ကြသူများကိုလည်း တွေ့ရသည်။ တောင်ဘက်စောင်းတန်းကမူ စည်ကားမှုမရှိဘဲ ဒေသခံတချို့တလေသာ သွားလာကြသည်ကို တွေ့ရသည်။

စောင်းတန်းလေးသွယ်အနက် အရှေ့ဘက်စောင်းတန်းသည် မင်းကွန်းကျောင်းတိုက်ဘက်သို့လည်းကောင်း၊ တောင်ဘက်စောင်းတန်းသည် ပုဗ္ဗာရုံကျောင်းနှင့် ဓမ္မိကာရုံကျောင်းတိုက်သို့လည်းကောင်း၊ အနောက်ဘက်စောင်းတန်းသည် သီဟာရုံကျောင်းတိုက်ဘက်သို့လည်းကောင်း ဆက်သွယ်တည်ဆောက်ထားကြောင်း တွေ့ရသည်။

မာရ်အောင်မြင်မြတ်စွာဘုရား ရှုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ ကျောင်းတော်ကြီး၏ ဘေးပတ်လည်၌ တံခွန်တိုင်ကို လည်းကောင်း၊ ဘုရားဖူးများအနေနှင့် မိမိပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်အစုစုအား အမျှအတန်း ပေးဝေရန် ခေါင်းလောင်းများစွာကိုလည်း နှတ်မင်းရုပ်များ ထမ်း၍ လည်းကောင်း၊ ဇော်ဂျီရုပ်များ ထမ်း၍ လည်းကောင်း၊ သူငယ်တော်ရုပ်များ ထမ်း၍ လည်းကောင်း ကုသိုလ်ရှင်အဝေါင်းအနေနှင့် စိတ်ကြည်နူးစရာ ပြုံးပျော်ရွှင်လန်းစွာ ကောင်းမှုအစုစုကို အမျှအတန်း ပေးဝေနိုင်ရန် ဖန်တီးပြုလုပ်ထားသည်ကို တွေ့ရသည်။

ထိုခေါင်းလောင်းရုပ်များ၏ အနီး၌ လူကြီး၊ လူငယ်၊ ကလေးများမကျန် ဓာတ်ပုံအရိုက်ခံကြသည်မှာလည်း ပြည်တော်ပြန်မြတ်စွာဘုရားအား ဖူးမြော်ရင်း မှတ်တမ်းတင်ကြသည်ကို တွေ့မြင်ရသည်။

ပြည်တော်ပြန်မြတ်စွာဘုရားရှင် ကိန်းဝပ်စံပယ်တော်မူရာ စံကျောင်းတော် ဂန္ဓကုဋိတိုက်အထက်၌ တည်ထားသော

www.burmeseclassic.com

ဂူဘုရားပုံစံ လေးထောင့်ဂူ အုတ်တိုက်အထက်၌ မုခ်ဝလေးပေါက်ဖြင့် တည်ထားသော စေတီတော်မှာလည်း သပ္ပာယ်လှသည်။ ဘုရားဖူးအများစုသည် ပြည်တော်ပြန် မြတ်စွာဘုရားရှင်ကိုသာ အာရုံပြု ဖူးမြော်ကြ၍ ဂန္ဓကုဋိတိုက် အထက်၌ တည်ထားသော စေတီတော်ကို သတိမပြုမိကြပေ။

ဘုရားကြီး၏ ရင်ပြင်တော်၌ တံခွန်တိုင်နှင့်အပြိုင် ထူထောင်တည်ဆောက်ထားသော တိုင်ကြီးမှာ ဂေါတမမြတ်စွာဘုရားရှင် ဉာဏ်တော်ထင်ရှား ရှိစဉ်ကာလ ရာဇဂြိုဟ် သူဌေးသည် ရခဲလှသော စန္ဒကူးနှံ့သာ သစ်သားတုံးကို သပိတ်ပုံ ပွတ်ခုံ၌တင်၍ သပိတ်ထွင်းစေပြီး ဝါးလုံးအဆင့်ဆက်၍ အတောင်ခြောက်ဆယ်မြင့်သော တိုင်ထိပ်၌ ထားရှိပြီး ရဟန္တာ အမှန်စင်စစ်ဖြစ်သော် ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီး အလှူခံရန် ကြေညာပြီး ထားရှိခဲ့သည်။

အသံပြာသိန်းချီ၍ အဖိုးထိုက်သော စန္ဒကူးသပိတ်တော်ကို ရယူလိုသည့် တိတ္ထိဆရာကြီး ခြောက်ဦးသည် သပိတ်ကို ရယူရန် တိုင်ကြီးပေါ် သို့ အလုအယက် ဖက်တွယ်တက်ရောက်ခဲ့သော်လည်း စန္ဒကူးသပိတ်ကို ယူနိုင်စွမ်းမရှိခဲ့ပေ။ ရဟန္တာအရှင် ပိဏ္ဍောလဘာရဒ္ဒါဇမထေရ်မြတ်သည် အရှင်မောဂ္ဂလာန် မထေရ်ကြီး၏ တိုက်တွန်းမှုဖြင့် ကောင်းကင်ခရီးမှ စွာန်ဖြင့် ကြွတော်မူပြီး စန္ဒကူးနှံ့သာသပိတ်ကို အလှူခံတော်မူခဲ့သည်။

ထိုဖြစ်စဉ်ကို ဖော်ကျူးသည့်အနေဖြင့် ကျောက်တိုင်အား တိတ္ထိတို့ အလုအယက် တက်နေပုံနှင့် တိုင်ထိပ်တွင် ပိဏ္ဍောလဘာရဒ္ဒါဇ ရဟန္တာမထေရ်မြတ် စန္ဒကူးနှံ့သာသပိတ်တော်ကို အလှူခံယူနေပုံကို သရုပ်ဖော် ထုလုပ်ထားခြင်း ဖြစ်သည်။ ကျောက်ဆစ်ဆရာ၏ လက်စွမ်းကြောင့် အလွန်မင်အသက်ဝင်လှသည်။ ထိုပုံစံမျိုးကို မုရွာ ဖိုလ်ဝင်တောင်၌လည်း လက်ရာမြောက်စွာ တွေ့ခဲ့ဖူးသည်။

ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ အရှေ့ဘက်အဝင် တန်ဆောင်းကြီးမှာလည်း ဘုံအဆင့်ဆင့် ပန်းတောင်ပန်းဆွဲ အဆင့်ဆင့်နှင့် ဂန္ဓကုဋိတိုက်ကြီးနှင့်အပြိုင် ခမ်းနားလှသည်ကို တွေ့ရသည်။ အရှေ့ဘက် အာရုံခံတန်ဆောင်းကြီးအတွင်း၌ ဘုရားဖူးများ နားနေရန် ထမင်းစားသောက်ရန် နေရာများကို သပ်သပ်ရပ်ရပ် ပြုလုပ်ပေးထားပြီး သောက်ရေသုံးရေပါ အလွယ်တကူရရှိရန် စီစဉ်ပေးထား၍ ဘုရားဖူးများ နားနေစားသောက်နေကြသည်မှာ ပျော်ပွဲစားထွက်လာကြသည့်ပမာ စည်ကားလှသည်။

အရှေ့ဘက်စောင်းတန်းမှထွက်၍ ညာဘက်ကိုကြည့်ပါက စေတီရံနှစ်ဆူကိုလည်း ရွှေတိဂုံစေတီတော်ပုံစံ တည်ထားသည်ကို တွေ့ရသည်။ ကားလမ်းအဆုံး၌ မူလ မဟာဗောဓိပင်ကြီးနှင့် နောက်ပိုင်း စိုက်ပျိုးထားသော ဗောဓိပင်မျိုးနွယ်ပင်ကိုလည်း ဖူးမြော်ရသည်။ မဟာဗောဓိပင်မျိုး အခြေ၌ ခုနစ်နေ့ ခုနစ်နံ့ ထောင့်များထားရှိပြီး ကျောက်ဆင်းတုရုပ်ပွားတော်များ တည်ထားပေး၍ ဘုရားဖူးများအနေဖြင့် ဖူးမြော်ကြည်ညိုရန် အဆင်ပြေလှသည်။

အရှေ့ဘက်စောင်းတန်းဝန်းကျင်၌ ဘုရားဖူး ကိုယ်ပိုင်မော်တော်ယာဉ်ငယ်များ ရပ်နားရန် နေရာရှိ၍ ကိုယ်ပိုင်ယာဉ်ဖြင့် ဘုရားဖူးလာသူများ စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ကြသည်။ မြောက်ဘက်စောင်းတန်းဘေး၌ မော်တော်ယာဉ်ကြီးများဖြစ်သည့် အဲယားကွန်မှန်လုံကားကြီးများ၊ ဒိုင်နာ၊ တောင်းအိပ်ခ်ကားများ၊ ဘတ်စ်ကားကြီးများ ရပ်နားကြသည်။

ဘုရားကြီး စံပယ်တော်မူရာ မြေနေရာသည် (၁၀) ဧကကျယ်ဝန်း၍ ဘုရားဖူးများသည် မြောက်ဘက်မုခ်ဝမှ ခြေကျင်ဝင်ရောက်ကြပြီး မော်တော်ယာဉ်များ အနေဖြင့် ဘုရားဝင်းအတွင်းဝင်ရန် မုခ်ပေါက်တစ်ခု သတ်မှတ်ပေးထားသည်။

ဇလွန်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ သာသနာတော်သည် လျှုဒါန်းသူ ဘုရားဖူးများ၊ ဇလွန်မြို့ခံ ကောင်းမှုရှင်များကြောင့် တစ်နှစ်ထက်တစ်နှစ် ထူးခြားတိုးတက်ထွန်းကားလာခဲ့ရာ ယနေ့အခါ၌ အလွန်ပင် သာသနာတော်ပွင့်လင်းလျက်ရှိနေသည်ကို သဒ္ဓါကြည်လင်စွာနှင့် တွေ့မြင်နေရပေသည်။

(ဆက်ရန်)

ကျမ်းကိုး

၁။ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး သမိုင်း၊ ၂၀၁၃ ပထမအကြိမ် သမိုင်းပြုစုရေးအဖွဲ့။

၂။ ရွှေဘုံသာမုနိစေတီတော် သမိုင်း၊ ပထမအကြိမ် မြဝင်း(ဒဿန)။

၃။ မန္တလေးမဟာမြတ်မုနိဘုရား သမိုင်း၊

၄။ ရခိုင်မဟာမုနိဘုရား သမိုင်း၊ ၁၉၉၀ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)။

၅။ ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး သမိုင်းအကျဉ်းချုပ်၊ ဆရာဦးမောင်ရှင်း။

၆။ ဂါထာပရိတ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ်များ၊ ၁၉၈၇ ခု မြတ်မင်္ဂလာ အယ်ဒီတာအဖွဲ့။

၇။ ကိုယ်တိုင်အကြိမ်ကြိမ် သွားရောက်ဖူးမြော်လေ့လာတွေ့ရှိချက်များ။

❑

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးညောင်ပြိုး ဘုရားဖူးခရီးစဉ်နှင့်ကောက်ကုန်း ကုံစုံ ခရီးသည်များ၏ဘဝ

မြမာ့ဂေဝ (ကျုံမင်း)



ရှေးရှေးတုန်းက ပုဂံမြို့ဦး မြို့တံခါးကြီး

ခရီးစဉ် တစ်ခုကို သွားကြမည် ဆိုလျှင်ဖြင့် ကြိုတင်စီစဉ်ရပါပြီ။ ကိုယ် သွားမည့် အရပ်ဒေသသို့ သွားမည့် ယာဉ်၊ ရထား၊ ကား မှစ၍ သွားမည့်မြို့ ဒေသတွင် နားနေအိပ်စက်မှု သွားလာ လည်ပတ်ရန် စီးကြရမည့်ယာဉ်လိုသလို စီစဉ်ရပါတယ်။

ဒါကြောင့် ကျွန်မနှင့်ညီမတစ်စု ကြိုတင် တိုင်ပင်ထားပြီး ဖြစ်တဲ့ ပုဂံ ညောင်ဦး ဘုရားဖူးခရီးအတွက် ပုဂံ သို့မဟုတ် ညောင်ဦးတွင်ရှိနေပြီးသော တည်းခိုခန်း သို့မဟုတ် ဟိုတယ် သို့ မဟုတ် ဆင့်တင့်သော တည်းခိုစရာကို စီစဉ်ရပါတယ်။

သွားမည့်နေ့ကို ကြားရက်မှာ သတ်မှတ်ခဲ့တာကြောင့် ၄. ၁. ၂၀၁၅ နေ့ညမှာ အဖော်ငါးဦးဖြင့် ပျော်ပျော်ပါးပါး ခရီးစခဲ့ပါပြီ။ ကားကြီးက ကောင်းပါတယ်။ ဒါပေမဲ့ ခပ်လုံးလုံးမို့ ထင်ပါ့၊ လှေစီးနေရသလို လူးလူးလိမ့်လိမ့် ဖြစ်နေလို့ လူချောင်တဲ့ ကားထဲက ကျွန်မတို့ အိပ်မရကြဘဲ နံနက် ၅ နာရီမှာ ပုဂံမြို့ အဝေးပြေးဂိတ်ထဲ ရောက်ခဲ့ပါပြီ။

ယဉ်ကျေးမှုမြို့တော် ပုဂံမြို့တွင်းက တည်းခိုခန်းမကတိုတီယ်မကျသော Guest House တစ်ခုသို့ ရောက်ခဲ့ပါတယ်။ သုံးကြိမ်သုံးခါ အတိအကျ ငှားထားပြီးတာမို့ အပိုင်တွက်ထားမိတဲ့ ကျွန်မတို့ကို တာဝန်ရှိသူဟု ယူဆရသူက နေ့ ၁၂ နာရီမှ အခန်းရပါမည်ဆိုပြီး အခန်းတံခါး ပိတ်သွားပါတယ်။

အင်း- ခရီးအစက ဒုက္ခတော့ ပေးပါပြီ။ နားလည်းနားချင်နေကြတာမို့ အဲဒီ Guest House နာမည်ရှေ့ နှစ်လုံး ထပ်ကနေ အငှားကားကို မေတ္တာရပ်ခံ ပြီး ရှာပုံတော်ဖွင့်ကြရပါတယ်။ ဖြစ် တတ်တဲ့ သဘောပေါ့ရှင်။

စွယ်တော်ရှင် ရွှေစည်းခုံစေတီ တော်ကြီးနှင့် မလှမ်းမကမ်းက အသစ် ဖွင့်ထားတဲ့ ခပ်သေးသေး ဟိုတယ်ဖြစ် သော ကြယ်ခြောက်လုံးဟိုတယ်မှာ အဆင်ပြေသွားပါပြီ။ ပုဂံ ညောင်ဦး ဘုရားဖူးခရီး၏ ပထမဆုံး ကိုယ်တွေ့ ဖြစ်စဉ်အဖြစ် မှတ်ထားလိုက်မိပါတယ်။ မသေချာလို့ မရေမရာ ဖြစ်တာလို့ ဆိုလျှင်လည်း ရပါတယ်လေ။

ပထမနေ့ ၅. ၁. ၂၀၁၅ နေ့မှာ ညီမငယ်၏ မိတ်ဆွေ မြင်းလှည်းဆရာ ဦးတင်နှင့် ဘုရားဖူးခရီးစဉ် ထွက်ခဲ့ကြ ပြီး သာမန်ထက် သာလွန်သော ဘုရား တွေကို ဦးစားပေးခဲ့တာမို့ မြင်းလှည်း ခရီးနှင့် ထီးလိုမင်းလို ဘုရား၊ အလိုတော် ပြည့်စေတီ၊ နဂါးရုံဘုရား၊ အပယ် ရတနာ၊ မနုဟာ၊ ဂူပြောက်ကြီး၊ အာ နန္ဒာ ဘုရားတွေကို မနေးမမြန် ဖူးအပြီး မှာ နေ့ဝက်မက ဖြစ်သွားပါပြီ။

ဘုရားဖူးလိုက် ဓာတ်ပုံရိုက် လိုက်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေတဲ့ ခန္ဓာကိုယ်က ဆာလောင်လာပြီမို့ နံနက် စာ ထမင်းကို ပုဂံဘူဖေး ဆိုသော နာမည်ကြီးဆိုင် ဝင်ထိုင်လိုက်ပါတယ်။ ဒုတိယမြို့ မသေချာသည့်အဖြစ်က ဟင်း များသော်လည်း မောပြီး မစားနိုင်ကြလို့ သူတန်ဖိုးနှင့် သူရှင်းခဲ့ရပြန်ပါပြီ။

ဘုရားဈေးက ဆိုင်ကလေးတွေ မှာဆိုလျှင် ဆိုသော အတွေးဝင်သွား မိခဲ့သော်လည်း ထားပါတော့။

အညာနေက ပူပါတယ်။ဆောင်း လယ်ရာသီဖြစ်သော်လည်း မအေးသည့် သဘောမို့ သဗ္ဗညုဘုရားမှာ နားနား နေနေ ဘုရားဖူးအပြီး ကန်တော့ ပလ္လင်ဘုရားသို့ အရောက်မှာ ညနေ စောင်းနေပါပြီ။

ဒီနေ့ဘုရားဖူးခရီးစဉ်မှာ နှစ်ခါ သုံးခါ ဖြတ်နေရသည့်နေရာက မြန်မာ တို့၏ ပြည်ပုဂံကို အကာကွယ်ပြုခဲ့ဖူး တဲ့ သရုပါတံခါးကြီးပါ။ အုတ်ရိုးခိုင်

www.burmeseclassic.com

www.burmeseclassic.com

အလုံတော်ပြည်ဝေတိဟာ
ရွှေသားသက်နုံးပျားနှင့်
သဟဇ်လှသည်။



ထီးလုံမင်းလုံဝေတီကြီး
ဝင်ပြုပြင်
ပူးပြင်ရစဉ်။

ရွှေပူမပျက်
ပြုပြင်ပြီးသော
ဝမ်းတုကေဝေတီတော်

www.burmeseclassic.com

www.burmeseclassic.com

နှင့် တည်ခဲ့သည့် သရပါတံခါးကြီးက အဘိုးအိုတစ်ဦး၏ သွားကျိုးနေဟန် ပုံသဏ္ဌာန်မို့ စိတ်မကောင်း ဖြစ်မိပါတယ်။

ဒီတံခါးကြီးကို အခါခါပင် မြင်ခဲ့ကျော်ဖြတ်ခဲ့ဖူးပါတယ်။ ဒီပုံဟန်နဲ့ ဒီလို မြင်ကွင်းနဲ့မို့ စိတ်မကောင်းဖြစ်မိတာပါ။ ပြုပြင်မည်ဆိုလျှင်လည်း ရှေးမူ ရှေးဟန် ပျက်ရပြန်မှာမို့ ဒီမြင်ကွင်းကမှ သမိုင်းဝင်ဖြစ်မှာလို့ တွေးမိပါတယ်။

ကျွန်မတို့ အနှေးယာဉ် မြင်းလှည်းကလေးကို အားအင်နဲ့ အပြေးနှင်ခဲ့ရတဲ့ မြင်းကလေးလည်း လျှာထွက်နေပါဖြီ။ ညနေစောင်းပြီဆိုတော့ ဒီနေ့ ခရီး ဒီညနေမှာ နားခဲ့ပါပြီ။

ဟိုတယ်မှာ ပြန်နားပြီး အနီး နားက နာမည်ခံစဉ်လုံးနဲ့ နာမည်ကြီး ထမင်းဆိုင်တစ်ဆိုင်မှာ ညစာ စားကြပါတယ်။

တတိယမြို့ မသေချာသည့်အဖြစ်က ရယ်စရာပါပဲ။ ဈေးအသင့်အတင့် နှင့် ကောင်းကောင်းစားရပါရဲ့ ဒါပေမဲ့ ထမင်းစားနေစဉ် အချို့ပွဲဆိုပြီး ဖရဲသီး စိတ်တစ်ပွဲ၊ ပျားရည်နဲ့ ငှက်ပျောကြော် တစ်ပွဲ လာချပါတယ်။

စားပြီးသူက အချို့ပွဲစားတော့ ကောင်းတယ်ဆိုပြီး ထပ်ရသေးသလား လို့ မေးတော့ ရပါတယ်လို့ဆိုကာ လာချပေးပြန်ပါတယ်။ ကျွန်မတို့တစ်တွေ တွေးမိသည်က ထမင်းစားလို့ အချို့ပွဲ ထည့်ပေးတာလို့ သဘောပေါက်ပြီး ကိုယ်စီ စားလိုက်မိကြပါတယ်။ ကုန်ကျငွေလည်း ရှင်းရော အချို့ပွဲဖိုးပါ ထည့်ရှင်းလိုက်ရပါတယ်။ ထမင်းဖိုးထက် များနေပါရော။

ဒုတိယနေ့ ၆. ၁. ၂၀၁၅ မှာ နံနက်စောစောဟု တိုင်ပင်ထားခဲ့သော်လည်း ဟိုတယ်မန်နေဂျာလေးက နံနက် စာကို ၇ နာရီမှ ကျွေးပါတယ်ဆိုတာမို့ အေးအေးဆေးဆေး ပြင်ဆင်နေမိပါတယ်။ ဒီနေ့အတွက် ခရီးစဉ်ကို ကားနှင့် သွားရမှာပါ။

အင်းလိုင်မန္တလေး ဘုရားစေတီများနှင့် ဗိမာန်တိုက်မြေစာပင်များကို ရှေးဟောင်းပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံ ကြီးအလား မြင်တွေ့ရလို့

စွယ်တော်လေးဆူ ပုပ္ပားဆိုလို့ ကားဆရာကိုဘသောင်း (ကိုရွှေဝင်း) က ရောက်နေပါပြီ။ စားစရာရှိတာ စားအပြီးမှာ နံနက် ၈ နာရီကျော်နေပြီမို့ ကားဆရာက လောနေပါပြီ။ စွယ်တော်လေးဆူမှာ ဆွမ်းကပ်ဖို့ ကားဆရာကို ပင် စီစဉ်မှာကြားထားလို့လား ဒါမှမဟုတ် မမီမှာစိုးလို့လားပေါ့။

ကျွန်မ စွယ်တော်လေးဆူဘုရားဖူးခရီးကို ဒီတစ်ခါပါဆို လေးခါမြောက်ပါ။ ဟိုအရင်အဖွဲ့တွေနဲ့ဆို နံနက် ၁၀ နာရီမှာ လေးဆူစလုံး ဆွမ်းကပ်ပြီးနေပါပြီ။ ခုလည်း ဆွမ်းကပ်မှာဆိုတော့ မီစေချင်လို့ ကားဆရာနဲ့အတူ စိတ်ပူမိသော်လည်း လူကြီးအတွေးနဲ့ နှလုံးသားမှာ ဘုရားတည်ထားပြီးပြီပဲလေ။ မမီလည်း မီသရွေ့လို့ အသာငြိမ်နေလိုက်ပါတယ်။ ဒါပေမဲ့ ကိုဘသောင်း (ကိုရွှေဝင်း)က လောနေတာမို့ -

"ကဲ ကိုရွှေဝင်း သားရေ အန်တီတို့က အဓိဋ္ဌာန်ခရီး မဟုတ်ပါဘူးကွယ်၊ ဘုရားဖူးခရီးပါ၊ မီတော့လည်း ကပ်မှာပေါ့၊ မမီလည်း ရပါတယ်၊ စိတ်အေးအေးထား" ဆိုပြီး နှစ်သိမ့်လိုက်ပါတယ်။

ခပ်တိုတိုပြောရလျှင် စွယ်တော်လေးဆူဖူး ဆွမ်းကပ်အပြီးမှာ နေ့ ၁၂ နာရီထိုးခါနီးဖို့ မီပါတယ်။ ပုပ္ပားကို ကူးကြပြီမို့ လမ်းခရီးက ပျော်စရာပါ။ ဆွမ်းကပ်ပြီးပြီမို့ လူတွေလည်း ထမင်းစားရဦးမှာလေ။ ဒါကြောင့် လမ်းခရီး တစ်နေရာက ထမင်းရောင်းတဲ့ ကားဆရာတို့ရဲ့ စားနေကျ ပို့နေကျ နေရာမှာ ကားရပ်လိုက်ပါတယ်။

ကြက်ကြော်နဲ့ ထမင်းဆီဆမ်း စားကြမယ်ဆိုတော့ လူခြောက်ဦးစာ မှာလိုက်ပါတယ်။ အခြားဟင်းများနှင့် ကြက်သားကြော် ခြောက်တုံးနှင့် လူခြောက်ဦး ထမင်းစားကြအပြီးမှာ ထပ်မံတိုးလာသည့် စတုတ္ထအကြိမ် မသေချာမှုကြောင့် ခပ်တန်တန် (လက်သီးဆုပ်သေးသေးခန့်)အရွယ် ကြက်သားကြော် တစ်တုံး (၂၀၀၀/-)ကျပ်နှင့် ထမင်းခြောက်ပွဲစာ သောင်းကျော်ရှင်းလိုက်ရပြန်ပါပြီ။

ညီမငယ် တစ်ဦးက. . .

"ဒီလိုမှန်းသိရင် ထမင်းဆီဆမ်းနဲ့ ဘဲဥကြော်ပဲ စားမှာပေါ့" ဆိုပြီး စိတ်မကောင်း ဖြစ်သွားပါတယ်။

ကားဆရာ ကိုဘသောင်းကတော့ မသိသလိုပါပဲ။ သူနဲ့မှ မဆိုင်တာကို။

ပုပ္ပားနယ်မြေအဝင်မှာ နွေဘက်ဖြစ်သော်လည်း အေးစိမ့်စိမ့် အထိအတွေ့ ခံစားရပြီး ပုပ္ပားတောင်ကလေးနဲ့ ပုပ္ပားတောင်မှာ စိမ်းစိုစို သစ်တောသစ်ပင်တွေနဲ့ မျက်စိကို အေးမြနေအောင်

www.burmeseclassic.com

စိမ်းစိုနေတာမို့ တောင်ကလာပ်ပေါ် အတက်ခရီးက အမောလုံနေပါတယ်။

ရှေးယခင်ကနှင့်မတူသော လှေကားထစ်များနှင့် သက်သာစွာ တောင်ပေါ် ရောက်ခဲ့ပါတယ်။

ဒေသထွက် သစ်သီးများကလည်း စားချင်စရာဖြစ်နေတာမို့ ဩဇာသီးစားဖို့ ဝယ်လိုက်တော့ ခြင်းသေးသေး တစ်ခြင်း တစ်ထောင်နဲ့ ဝယ်လိုက်ပါတယ်။ အလုံးရေ ဘယ်နှလုံး မသိလိုက်သော်လည်း သူနှစ်လုံး ငါးလုံးလုံးနဲ့ စားအပြီးမှာ အလုံးနှစ်ဆယ်လောက် ပိုနေတာမို့ ဒီတစ်ခါ မြင်ကွင်းကိုဆိုလျှင် ကိုယ့်ဘက်ပါသောမြင်ကွင်းမို့ လေးဂိုး တစ်ဂိုး ဖြစ်သွားပါပြီ။ အနိုင်ပွဲ ရှိခဲ့ပြီပေါ့ရှင်။

ပုပ္ပားကအပြန် လွမ်းသလိုလိုနဲ့ ပုဂံပြန်ရောက်ခဲ့ပြီး မနက်ခင်းက ဖြတ်သွားမိတဲ့ ဗူးဘုရားမှာ ငါးဦးသားနားပြီး ဘုရားဖူးကြပါတယ်။ ကျွန်နေသေးတဲ့ မြစေတီကို ဖူး၊ ဥပါလိသိမ်ကို ကားပေါ်တနေသာ ကြည့်လိုက်ရပြီး ဒီကနေ့ ခရီးအဆုံး ဖြစ်သွားပါပြီ။

ပုဂံဘုရားတွေ၏ ပုံဟန်တွေက အတူတူတွေမို့ ဘယ်အခါဖူးဖူး မကွဲပြားတတ်လို့ မှတ်ရတာလည်း အလုပ်တစ်ခု ဖြစ်နေပါတယ်။ နံရံဆေးရေး အနုပညာလက်ရာတွေကလည်း အံ့မခန်းဖြစ်သော်လည်း ပျက်ပြယ်စ ပြုနေပြီမို့ ခပ်ရေးရေးသာ တွေ့ရပါတယ်။

ဒီတစ်ည မိုးချုပ်ပြီး မနက်မှာ ကျွန်ဘုရားဖူးမယ် ပခုက္ကူမြို့ ကူးမယ် ဆိုသော အစီအစဉ်နဲ့ အိပ်ခဲ့ကြပါတယ်။

၇. ၁. ၂၀၁၅ နေ့ နံနက်စာ စားအပြီး ပခုက္ကူမြို့သို့ သွားပါတယ်။ မြို့တွင်းမြို့ပြင်က သမိုင်းဝင် ဘုရားဂါဆူဖူးအပြီး ပုဂံအပြန်မှာ ကျန်နေသေးသော ဘုရားတွေဖူးကြဖို့ အစီအစဉ် ချလိုက်ပါတယ်။

ကျော်ရပြန်ပါပြီ သရပါတံခါးကြီးကို။ ဗူးဘုရားကို ထပ်သွားကြမယ် ဆိုတော့ ကျွန်မက မသွားချင်တော့ပါဘူး။ သို့သော်လည်း သွားချင်သူက အများမို့ သွားခဲ့ရပါတယ်။

ကျွန်စစ်သား ဥမင်သို့ဝင် ဓာတ်ပုံရိုက်ပြီး မဟာဉက်ပစ်တောင်၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ဓမ္မရာဇာ၊ မဟာဗောဓိ ဘုရားဖူးအပြီးမှာ ကျွန်မတို့ရဲ့ ပုဂံညောင်ဦးဘုရားဖူးခရီး အတော်စုံသွားပြီလို့ ဆိုနိုင်ပါတယ်ရှင်။

သို့သော်လည်း ဆိုချင်သည်က ဧည့်သည်နှင့် အိမ်ရှင် စိတ်အလျှင်ဆက်သွယ်မှုဟု ဆိုရမည့်အကြောင်းလေး နည်းနည်းပြောချင်ပါတယ်။

ငကွဲနားထောင်းစေတီနှင့် နတ်လောင်ကျောင်းသည် သမ္မတျုဘုရားနှင့် ကပ်လျက်၊ ရှင်အရဟံအုတ်ကျောင်းသည် မဟာဉက်ပစ်တောင်ဘုရားဝင်းအတွင်း၊ သံတော်ကြဲးဘုရားသည် ရွှေဂူကြီးဘုရားအနီး၊ ဥပါလိသိမ်သည် ထီးလိမင်းလိုဘုရားအနီး၊ နန်းဘုရားသည် မနုဟာဘုရားအနီး ဆိုပြီး အနီးအနားမှာ ကပ်လျက်ရှိနေပါသော်လည်း အိမ်ရှင် ကားဆရာကို ဘသောင်း၏ ဧည့်ဝတ်ကျေပွန်မှုဖြင့် အနီးအနားက ကပ်လျက်ရှိနေသော ငကွဲနားထောင်းစေတီ၊ နတ်လောင်ကျောင်း၊ ရှင်အရဟံအုတ်ကျောင်း၊ သံတော်ကြဲးဘုရား၊ ဥပါလိသိမ်၊ နန်းဘုရား အပါအဝင် ဖူးသင့် ရောက်သင့်သော ဘုရားစေတီများ ကျန်ခဲ့သည်မှာ အမှန်ကိုယ်တွေ့ ဖြစ်စဉ် ဖြစ်ကြောင်း ရဲရဲဝံ့ဝံ့ ဆိုလိုက်ချင်ပါတယ်ရှင်။

ဒီနှစ် ပုဂံညောင်ဦး ဘုရားဖူးခရီးစဉ်ကား ဤသို့သော မသေချာသောဖြစ်စဉ် ပထမ၊ ဒုတိယတွေနဲ့ ပြီးဆုံးခဲ့ရသော်လည်း ဝုဏ်ယူဖွယ် ဖြစ်စဉ်တစ်ခုနှင့်လည်း ကြုံခဲ့ရပြန်ပါတယ်။

မြန်မာပြည်၏ ယဉ်ကျေးမှု နယ်မြေ ဂုဏ်တက်စရာမို့ ဝမ်းသာကြည်နူးခဲ့ရပါတယ်။

နိုင်ငံရပ်ခြား လူမျိုးခြား၊ ဘာသာခြား၊ တူရကီနိုင်ငံသား အမျိုးသားအမျိုးသမီး နှစ်ဦးနှင့် ဆုံခဲ့ရပြီး သူတို့နှစ်ဦးက လွန်ခဲ့သော (၅)နှစ်အချိန်က ပုဂံက အာနန္ဒာဘုရားမှာ မြန်မာလို မင်္ဂလာဆောင် လက်ထပ်ခဲ့ကြောင်း ဓာတ်ပုံအခွေကို ပြခဲ့ပါတယ်။

မြန်မာသတို့သား သတို့သမီး ဝတ်စုံနှင့် အာနန္ဒာဘုရားအရှေ့ ရင်ပြင်မှာ ဓာတ်ပုံရိုက်ထားတာကိုလည်း ပြသပါတယ်။ ကဲ ဂုဏ်ယူစရာမဟုတ်ပါလားရှင်။

ကျွန်မတို့လည်း ဒီလိုချစ်စရာကောင်းတဲ့ ဇနီးမောင်နှံနှင့် တစ်ယောက် တစ်လှည့် ဓာတ်ပုံရိုက်ခဲ့ပါတယ်။ လူမျိုးခြား ဘာသာခြားက ပုဂံနှင့် မြန်မာကို ချစ်ပါသတဲ့လေ။

ပုဂံသူ ပုဂံသား အိမ်ရှင်များဆိုပို ချစ်မှာလို့လည်း အတွေးဝင်မိခဲ့ပါတယ်။

မြန်မာဖြစ်လို့ ပုဂံရောက်သော်လည်း ပုဂံဘုရားတွေ နဲ့အောင်မဖူးရသေးလို့ နေဇက်တစ်ခေါက်လို့ တွေးရင်း ဒီခရီးစဉ်၏ မြင်ကွင်းနှင့် ကိုယ်တွေ့ဖြစ်စဉ်ကို ခဏရပ်လိုက်ပါတယ်။ ပုဂံမြေမှာ မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်ဆုံဖို့ ကြိုးစားရပါဦးမယ်။

မြမဉ္ဇူဝေ(ကျုံမင်း)

❑

www.burmeseclassic.com

www.burmeseclassic.com

သိကြားမင်း ဆက်ကပ်ခဲ့သော

တံဆိပ်တော်ရေ ထားဝယ်ပြည်ဆံတော်

ဆရာကြီး ဦးအောင်မြိုင်

ကလိန်အောင်ဆံတော်ရှင်ဘေတီ အာရုံခံအတွင်း ပူဇော်ခံထားသော ရုပ်ပွားတော်

၁၉၉၇ ခု၊ ဒီဇင်ဘာလတွင် ပညာအလင်းပြစာအုပ်တိုက်မှ ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သော နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးစာအုပ်တွင် "စာ, မ, အက္ခရာ လေးလုံးကျစီ သိကြားမင်း ဆက်ကပ်ခဲ့သော် စေတီတော်မြတ်(၂၈) ဆူတို့၏ တည်ရာဒေသများ၊ ဝတ်ပြုပူဇော်ရန် မုခ်ဝန့်ငှ် အချိန်နာရီတို့ကို ဇယားစာရွက်ဖြင့် ရိုက်နှိပ်ဖော်ပြထားသည်ကို ကျွန်ုပ် ဖတ်ရှုမိသည်မှစ၍ ထို(၂၈)ဆူသော စေတီတော်များကို လိုက်လံဖူးမြင် အဓိဋ္ဌာန်ဝင်ခြင်း ပြုခဲ့ပါသည်။

(၂၈) ဆူ စေတီတော် ဇယားစာရွက်၏ အမှတ်စဉ် (၂၇) မှာ (မံ၊ သွတ်၊ သု၊ သံ) ထားဝယ်ပြည်ဆံတော်ဟု ဖော်ပြထားပြီး၊ အာရုံပြုရန်မှာ ပွင့်တော်မူပြီးသော "မေကော်ရာ" ဘုရားဖြစ်သည်။ မာတ်အားဖြင့် (အာပေါ်) နေ့သားအားဖြင့် (တနင်္လာနေ့)၊ ရှိခိုးရမည့် မုခ်က တောင်ဘက်မုခ်၊ အချိန်က နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း၊ တည်ရာဌာနက တနင်္သာရီတိုင်း၊ ထားဝယ်မြို့မြောက်ဘက်၊ ကလိန်အောင်ဆံတော်ရှင်ဟု တွေ့ရှိရသည်။

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ကျွန်ုပ်သည် ထားဝယ်မြို့သို့ မော်တော်ကားဖြင့် ခရီးထွက်ခဲ့ပါသည်။ ထိုခရီးစဉ်တွင် ရေး-ထားဝယ် ကားလမ်းအတိုင်း ၃ နာရီခန့် ကားစီးရပြီး ကလိန်အောင်မြို့သို့ ရောက်ရှိပါသည်။ ကလိန်အောင်မြို့၏ တောင်ဘက် (၄၇)မိုင်မှာ ထားဝယ်မြို့ရှိကြောင်း သိရသည်။

ကလိန်အောင်မြို့ အဝင်မှာ ချောင်းတူးတံတား တစ်စင်းရှိပြီး ထိုတံတားကို မဖြတ်မီ လမ်း၏ညာဘက်မှာ တောင်တက်ကားလမ်း ရှိပါသည်။ ထိုကားလမ်းအတိုင်း ငါးမိနစ်ခန့် မောင်းလျှင်ပင် ဆံတော်ရှင်စေတီအနီး ကားရပ်နားစခန်းသို့ ရောက်ရှိသည်။ ကားရပ်နားစခန်းမှာ စွေးဆိုင်များလည်း ရှိသည်။

စေတီတော်၏ မြောက်ဘက်မှ ဖြစ်ပြီး စေတီတော်ရှိရာသို့ သွပ်မိုးခေါင်းတန်းမှ သွားရသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဖွဲ့လိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည် အရပ်ရပ်မှ ထားဝယ် ရှင်ကိုးရှင် အဓိဋ္ဌာန်ဘုရားဖူးကားများနှင့် ဘုရားဖူးပရိသတ်များစွာတွေ့ရသည်။

စေတီတော်၏ မြောက်ဘက်ရင်ပြင်မှာ လိုဏ်ဂူသဏ္ဌာန် ဝတ်ပြုတန်ဆောင်းရှိပြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပူဇော်ခံထားသည်။ ဆံတော်ရှင်စေတီတော်မှာ ပြောင်ချောနေသော ကျောက်တုံးကြီးထိပ်မှာ တည်ထားသော ကိုးနဝင်းစေတီတော် ဖြစ်ပါသည်။

ရင်ပြင်တော်ကို ပတ်လျှောက်သောအခါ တောင်ဘက်ရင်ပြင်မှာ ထီးချစေတီငယ် လေးဆူကို ဖူးမြင်ရသည်။ ထိုနေရာမှာ "ဆုတောင်းပြည့် ဆံတော်ရှင်အောင်မြေ" ဟူ၍ စာတန်းထိုးထားသောနေရာကို ဓတ္တ်ရသည်။

ထို့ကြောင့် ကားရပ်နား စခန်းရှိ ဆိုင်တန်းမှ အသင့်ဝယ်ယူလာခဲ့သော သောက်ရေသန့်တစ်ဘူးကို အဖုံးဖွင့်ပြီး ဘုရားရှင်အား ရည်မှန်းကပ်လှူပါသည်။ (အာပေါဓာတ်)

ထို့နောက် ဦးချရှိခိုးခြင်း၊ နမော တဿ (၃)ခေါက်ရွတ်ပွားခြင်း၊ အနန္တော အနန္တဇါးပါး (၅)ခေါက် ရွတ်ပွားခြင်း၊ ဘုရားဂုဏ်တော်ကိုးပါး (၉) ခေါက် ရွတ်ပွားခြင်း၊ မေတ္တာသုတ် (၁) ခေါက် ရွတ်ပွားခြင်းများ ပြုပြီးမှ "မံ၊ သွတ်၊ သု၊ သံ" ဘွဲ့တံဆိပ်တော်ရ ထားဝယ် ပြည်ဆံတော်ဘုရားရှိခိုး ဂါထာတော် ခေါက်ရေသက်စေ့ ရွတ်ပွားပူဇော်ခြင်း ပြုပါသည်။

မ, ဏ္ဍိတ ကေသဝရမ္ပိ, သွ, ဏ္ဍံ ကာရုညတော ဒဒံ၊

သု, ဇနဟိတ မာကခီ, သ, မ္မုဒ္ဓံ တံ နမေ သဒါ။

ပုညေနာနေန သဗ္ဗမ္ပိ, သမိဇ္ဈ တု ယထိစ္ဆိတံ။

သွဏ္ဍံ - ကောင်းသော အဆင်းသဏ္ဌာန်ရှိထသော၊ မဏ္ဍိတ ကေသဝရမ္ပိ - တန်ဆာဆင်ဘိသကဲ့သို့



တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ကလိန်အောင်မြို့ ဆုတောင်းပြည့်ဆံတော်ရှင်စေတီ

ကလိန်အောင်ဆံတော်ရှင်စေတီ ရင်ပြင်တောင်ဘက်စောင်းတန်းမှ ထီးချစေတီငယ်များ



ကလိန်အောင်ဆုတောင်းပြည့်ဆံတော်ရှင်စေတီ ရင်ပြင်ရှိ အောင်မြေနေရာ

www.burmeseclassic.com

www.burmeseclassic.com

တင့်တယ်သော ဆံတော်မြတ်ကိုလည်း၊ ကာရည်တော - သနားကြင်နာတော်မူသဖြင့်၊ သုဇနဟိတ - သူတော်ကောင်းတို့ အစီးအပွားကို၊ မာကဒ် - တောင့်တတော်မူသည်ဖြစ်၍၊ ဒဒံ - ပေးတော်မူပေသော၊ တံသမ္ဗုဒ္ဓံ - ထိုမြတ်စွာဘုရားကို၊ သဒါ - အခါခပ်သိမ်း၊ နမေ - ရှိခိုးပါ၏၊ အနေန ပုညေန - ဤသို့ရှိခိုးသော ကောင်းမှုကြောင့်၊ သဗ္ဗမိ - အလုံးစုံသောဆုသည်လည်း၊ ယထိစ္ဆိတံ - အလိုရှိတိုင်း၊ သမိဇ္ဈတု - ပြည့်စုံပါစေသတည်း။

ကလိန်အောင် ဆံတော်ရှင်၏ သမိုင်းအကျဉ်းမှာ ဂေါတမမြတ်စွာဘုရား (၁၁)ဂါတွင် ဝေမိဿကတောင်မှာ ဂဝံပတိရသေ့၊ ဒူရကနတ်သား၊ ဂုမ္ဘကဏ္ဏနတ်ဘီလူးတို့ ဖူးမြင်ကြပြီး ဆံတော် သုံးဆူပေးအပ်ကာ ဝေဿဝဏ္ဏတောင်ကုန်း၌ ဌာပနာ၍ ကိုးကွယ်ရန် ဗျာဒိတ်ထားတော်မူခဲ့သည်။

ဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း ဝေဿဝဏ္ဏတောင်ကုန်းတွင် ဇေတဝန်အတောင် ၄၀၊ အနံအလျား အံတောင် ၃၀ ထူးပြီး ကျောက်အင်္ဂတေဖြင့် သေသပ်စွာပြလုပ်ကာ ဆံတော် သုံးဆူ ဌာပနာကာ ဥဿဘတော် ၁၅ တောင်ရှိ ကျောက်စေတီတစ်ဆူ တည်ထားခဲ့သည်။

သာသနာတော်နှစ် ၁၇- ခုတွင် ဒူရကနတ်သားဘဝမှ စုတေကာ ဝင်စားသော နရုတိမင်းက အောင်သာဝတီမြို့ကို တည်ထောင် အုပ်ချုပ် စိုးစံခဲ့သည်။

(ယခု ကလိန်အောင်ဆံတော်ရှင် တည်ရှိရာ တောင်ကုန်း၏ အရှေ့ဘက်မှာ အောင်သာဝတီမြို့တော် ဖြစ်ခဲ့သည်)။

ရတနာသုံးပါးကို အလွန်ကြည်ညို လေးစားသဖြင့် ဆရာတော်၊ သံဃာတော်တို့နှင့် ညီနှိုင်းတိုင်ပင်ကာ သာသနာတော်နှစ် ၂၄ ခု၊ ပြာသိုလဆန်း ၂ ရက်၊ ကြာသပတေးနေ့ နေဝန်းပေါ် ခြိန်တွင် ဆံတော်ဓာတ်ဌာပနာတိုက်ကို ဖွင့်ဖောက်တော်မူခဲ့သည်။

ဆံတော်သုံးဆူကို ဖူးတွေ့ရပြီး နောက် ဆံတော်ရှင်စေတီတော်ကို အသစ်တစ်ဖန် ပြုပြင်တည်ထားကာ ဆံတော်များ ဌာပနာသွင်း၍ ထီးတော် တင်လှူကာ ဆက်လက်ကိုးကွယ်ခဲ့ကြသည်။

ကောဏာသက္ကရာဇ် ၁၉၈ ခုတွင် ဓမ္မသေနမင်းကာလည်းကောင်း၊ ကောဏာသက္ကရာဇ် ၅၅၈ ခုတွင် ဓမ္မဝိဇယမင်းကာလည်းကောင်း၊ ကောဏာသက္ကရာဇ် ၈၈၅ ခုတွင် အလောင်းမင်းတရားကြီး (ဦးအောင်ဇေယျ)က လည်းကောင်း ဆံတော်ရှင် စေတီတော်ကို ပြုပြင်ပေးတော်မူခဲ့ကြသည်။

ယခုအခါတွင် ကလိန်အောင်မြို့၊ ဆုတောင်းပြည့်ဆံတော်ရှင်ဘုရားဟု မြန်မာပြည်တစ်လွှား ထင်ရှား ကျော်ကြားနေလေပြီ။

ဆံတော်ရှင် စေတီတော်၏ အနောက်ဘက်မှာ ထားဝယ်မြစ်ကမြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းလျက်ရှိသည်။ စေတီတော်၏ အရှေ့ဘက် ကျောက်မိကျောင်းနှင့် ကလိန်အောင် ချောင်းဆုံရာနေရာတွင် ထူးခြားဆော ဂန္ဓိရကျောက်မိကျောင်းရှိကြောင်း ဒေသခံများက ပြောပြသည်။

နှစ်စဉ် တပေါင်းလမှာ ဘုရားပွဲတော် စည်ကားစွာကျင်းပပြီး ဘုရားပွဲတော်ရက်များအတွင်း စေတီတော်မှ ရောင်ခြည်တော် ကွန့်မြူးလေ့ရှိကြောင်းလည်း သိရပါသည်။

ကလိန်အောင် ဆံတော်ရှင် စေတီတော်ရင်ပြင် အသွားလမ်း စကြံအနီးမှာ တောဓိညောင်ပင်ကြီးအောက်တွင် ကြေးပြားဖြင့် ထွင်းထားသော ဇယားချပ်ရှိပါသည်။

'ဆင်တို့သည် မည်သူတွေနှင့် ဒါန၊ သီလ၊ ဘာဝနာ အတူပြုခဲ့ပါသလဲ။ အဓိဌာန်ဝင်ကြည့်ပါ။ ပေါ်လာမည်။'



စာဖတ်သူများ တစ်ခါတစ်ခေါက် သွားရောက်ဖူးမြင် အဓိဌာန် ဝင်နိုင်ကြပါစေ။

ဆရာကြီးအောင်မြင့်

www.burmeseclassic.com

ထူးထူးခြားခြား ဦးကျော်သူတို့ကား

ယောနကာဦးထောင်

တစ်နေ့သ၌ ကျွန်ုပ်သည် ကျော်ဆူ ရေးသားသီကုံး ဖွဲ့နွဲ့သော 'ကျွန်တော်သာ သမ္မတကြီး ဖြစ်ခဲ့ရင်' စာအုပ်ကြီးကို ဖတ်ရှုလိုက်ရပါသည်။ ကျော်ဝင်း (သို့မဟုတ်) ကျော်သူ (သို့မဟုတ်) မောင်မောင် အကြောင်းဘဝ ရုပ်ပုံလွှာကို ထိုသို့ ဤသို့ မှတ်သား လိုက်ရပါ၏။

၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက် မွေးဖွား။ တက္ကသိုလ်ပညာ သင်ကြားစဉ် ဒေါ်မြင့်မြင့်ခင်ဖေ (သို့မဟုတ်) ရွှေဇီးကွက်နှင့် အိမ်ထောင်ပြု။ သား သမီး နှစ်ဦး ထွန်းကား။ သား ပြည်သိမ်းကျော်၊ သမီး မြင့်မိုရ်ဦး။ ၁၉၈၄ ခုနှစ် တွင် ရုပ်ရှင်စတင်ရိုက်ကူး။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) နှစ်ဆု ရရှိခဲ့။

၂၀၀၃ ခုနှစ်မှ စ၍ နာရေးကူညီမှုအသင်းတွင် ကူညီခဲ့။ ၂၀၀၃ ခုနှစ် နာရေးကူညီမှုအသင်း (ရန်ကုန်) တွင် ဒုတိယဥက္ကဋ္ဌ။ ၂၀၀၈ ခုနှစ်တွင် ဥက္ကဋ္ဌ (ယခုအချိန်ထိ တာဝန်ထမ်း ဆောင်ဆဲ)၊ သဘာဝဝန်းကျင် လှုပ္ပရေး၊ ငြိမ်းချမ်းရေးတို့အတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့။

ပြည်သူ့အကိတော်သား အနုပညာသမားဆု (၂၀၀၉)ခုနှစ်။ ပြည်သူ့ဂုဏ်ရည်ဆု (၂၀၁၀)ပြည့်၊ ဧမာန်ရေလ အသင်းတော်မှ D.H.S.S ဘွဲ့ (၂၀၁၁) ခုနှစ်၊ မေတ္တာရှင် ပရဟိတ စံပြဆု (၂၀၁၃) ခုနှစ်၊ သုတစွယ်စုံစာပေဆု (၂၀၁၄) ခုနှစ်။ အာရှတိုက်၏ အမြင့်ဆုံး မွန်မက်ဆေးဆေးဆု (၂၀၁၅)ခုနှစ် ရရှိခဲ့။ ကမ္ဘာ့အမြင့်ဆုံး နိဘယ်ဆုကဲ့သို့ အာရှတိုက်၏ အမြင့်ဆုံး ဖြစ်သည့် Romon Mag Say A World ကို ၂၀၁၅ ခုနှစ် အတွက် ဇူလိုင်လ(၂၉)ရက်နေ့က ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံမှ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ ရရှိခဲ့သည်။

ဦးကျော်သူ လှူကြီးမင်း ဖြစ်သွားခဲ့လေပြီ။ ကျွန်ုပ်သည် ဦးကျော်သူ၏ နှလုံးသားတွင် ဘုရားတည်ဆိုသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် မြတ်ကြီး အကြောင်းကိုလည်း ဖတ်ရှုရပြန်သည်။

ဦးကျော်သူ ရင်တွင်းဆန္ဒကို ပွင့်ပွင့်လင်းလင်း မြင်ရသည်။ ဦးကျော်သူ ခံစားချက် ပွင့်ထွန်းပေါ် လာမှုဖြစ်သည်။ လူတိုင်း လူတိုင်း နှလုံးသားတွင် ဘုရားတည်နိုင်ဖို့ အထူးလိုအပ်လှသည်။

ဦးကျော်သူ ရင်တွင်းဖြစ်မှာ 'လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး အား ကျွန်တော် မဖူးမြင်ရသည်မှာ လေးနှစ်တာ ကာလအတွင်းသို့ ရောက်ခဲ့ပြီ ဖြစ်သည်။ ကုန်လွန်ပြီးသော ကာလ (၂၀၀၇)ခုနှစ် စက်တင်ဘာလ မတိုင်မီ အချိန်များတွင် ကျွန်တော်သည် တစ်ပတ်လျှင် တစ်ကြိမ်အနည်းဆုံး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ် သို့ တက်ရောက် ဖူးမြော်ခဲ့ဖူးပါသည်။ ထို့အပြင် တက်ရောက်ကြည်ညို ဖူးမြော်ခွင့်ရခဲ့လှသော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အထွတ်အထိပ်တွင် တည်ရှိနေသော စိန်ဖူးတော်ကြီးအား လည်း ကျွန်တော်နှင့် ကျွန်တော်၏သား ပြည်သိမ်းကျော်တို့ တက်ရောက်ဖူးမြော်ခဲ့ဖူးပါသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီး သည် မြန်မာ ပြည်သူလူထုတင်မက ကမ္ဘာ့နိုင်ငံအသီးသီးမှ ဘာသာခြားနှင့် မစိမ်းပါ။ လူမျိုး၊ ဘာသာ၊ ဆင်းရဲ ချမ်းသာမရွေး လွတ်လပ်စွာ တက်ရောက် ဖူးမြော်ခွင့်ရရှိသည့် တန်ခိုးကြီးမားလှသည့် ဗုဒ္ဓဘာသာနွယ်ဝင်တို့၏ အထွတ်အမြတ်ထား ကိုးကွယ်ရာတည်းဟူသော

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်များ ကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၀၇ ခုနှစ် စက်တင်ဘာလ နောက်ပိုင်းတွင် လူမျိုး၊ ဘာသာ၊ ဆင်းရဲ ချမ်းသာ မရွေးတို့၏ နာရေး၊ ဆေးကုညီမှု၊ ပညာရေးကဏ္ဍများအား အခမဲ့ ဖေးမကူညီပေးနေသော ကျွန်တော် တက်ရောက်ဖူးမြော်ရာတွင် လွတ်လပ်မှုများ ဆုံးရှုံးခဲ့တော့သည်။

ကျွန်တော်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်ဖူးမြော်မည်ဆိုပါက အာဇာနည်ကုန်း မြောက်ဘက်မုခ်မှ ဓာတ်လှေကားနှင့် ဓာတ်ကားရင်ပြင်ပေါ် ရောက်သည်နှင့် မေတ္တာပို့သမှုကို မြောက်ဘက်မုခ်တွင်ရှိသော ဝိဇ္ဇာတန်ဆောင်းရောက်သည်အထိ ပို့သကာ ဝိဇ္ဇာတန်ဆောင်းတွင် သမထ၊ ဝိပဿနာကျင့်စဉ်တို့ကို ကျင့်ကြံအားထုတ်ပြီး၊ တနလ်ာထောင့်တွင် စေတီတော်မြတ်ကြီးအား မြတ်ဗုဒ္ဓ၏ ဆံတော်များကို မျှော်မှန်းကြည်ညိုသဒ္ဓါပွားကာ ဦးချပြီး နောက် စေတီတော်မြတ်အား လက်ယာရစ် တစ်ပတ်ပတ်ကာ ဖူအောင်မြေတွင် ဦးချ၍ မြောက်ဘက်မုခ်မှ ပြန်လည်ဆင်းလေ့ရှိသည်' ဟု ဖတ်ရှု မှတ်သားရပါသည်။

ကျွန်ုပ်၏ နှလုံးအိမ်ကို လေနှင်းကလေး ယက်ဖျန်းလိုက်သလို ခံစားရပါသည်။ ဦးကျော်သူကိုလည်း လေးစား အရေထားမိသွားပါသည်။ မည်သို့ပင်ဖြစ်စေ ယနေ့ကျော်သူသည် ဒီနေ့ကျော်သူအဖြစ်သို့ ပြောင်းလဲသစ်လွင်သွားတော့သည်။ ကျော်သူ အောင်မြင်စွာ ဆုတ်ခွာခဲ့ပါသော ရုပ်ရှင်လမ်းမကြီးပေါ်သို့ အသစ်တစ်ဖန်ပြန်၍ ခြေလှမ်းသစ်များ ထွက်ပေါ်လာခဲ့ပြန်သည်။

ဆရာကြီး မင်းသိခ်၏ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား ရုပ်ရှင်ကားကြီးဖြင့် မူလဘူတ ရုပ်ရှင်အောင်မြင်မှု လမ်းကြောင်းပေါ်သို့ ချင်းနင်းဝင်ရောက်လာခဲ့သည်။ ထို့နောက် တစ်ဖန် ဆရာကြီးမောင်ထင်၏ ဘဝထွဏ်ကြီးကို ပြန်လည် အသက်သွင်း ရုပ်ရှင်ဖြင့် အောင်ပွဲခံ အောင်လံထူပေဦးတော့မည်။ လယ်သမားတို့၏ဆင်းရဲမွဲတေ ဘဝမလှ ဗိုက်မဝသော ဘဝကို ကျော်သူ ပီပီပြင်ပြင် တင်ပြလာပြန်သည်။ ရုပ်ရှင်မင်းသားကြီး ကျော်သူသည် ယခုအခါတွင် သူကျော်ဖြစ်လာခဲ့လေပြီ။

ယနေ့ ခေတ်စားနေတဲ့ တစ္ဆေသရဲကားတွေမှာ ကျော်သူသရုပ်ဆောင်ခဲ့သည်။ ကျော်သူ ခေါင်းဆောင်ပါဝင်ခဲ့သော ဝိညာဉ်စိမ်းဇာတ်ကားမှ အလှထက် သဘာဝကို ဦးစားပေး သရုပ်ဆောင်ထားသည်။ အသွင် အပြင် အကျည်းတန်သော်လည်း လောကဓမ္မတရား အနိစ္စ သဒ္ဒါရု ဘဝ အိုးအိမ် အကြွေမ်ကြွေမ်တို့အဖြစ် ဆိုးသွမ်းသံသရာဝဋ်ကြွေးကြမ္မာကို ထင်လင်းစွာ သရုပ်တူတင်ပြထားသည်။

ရုပ်ရှင်မင်းသားကြီး ကျော်သူသည် နှလုံးသားတွင်ဘုရားတည်ခဲ့ရုံသာမက မြန်မာ့ရေမြေတွင်လည်း ဘုရားတည်၊ ကျောင်းဆောက် ကုသိုလ်ထူးရယူပိုင်ဆိုင်ခဲ့ပြန်သည်။ ကျော်သူသည် ဘုရားဒကာကြီးအဖြစ်အမြင့်ဆုံးအမြတ်ဆုံး ကောင်းမှုတော်ကို ပိုင်ဆိုင်သွားပြန်၏။ ပဲခူးတိုင်းဒေသကြီး ပြည်တစ်ဖက်ကမ်းတွင် ဘွဲ့တော် မဟာပဏ္ဍိတပရဟိတအောင်တော်မူ စေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။ ယခုအခါ အောင်မြင်ပြီးမြောက် ဌေးတော်တင်လျှုရန်သာ ကျန်ရှိလေသည်။



www.burmeseclassic.com

အများပြည်သူ ကြည်ညိုပူဇော်နိုင်ရန် နှလုံးသားတွင်သာမက မြန်မာ့မြေပေါ်ဝယ် အမြင့်ဆုံး ကုသိုလ်ဒါန အလှူကြီးတစ်ခု ပြုလုပ်နိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် နှစ်သစ်ရက်မြတ်ဖေဖော်ဝါရီလ၊ ပြည်ထောင်စုနေ့ရက် မြတ်မင်္ဂလာအခါသဘင်တွင် ကြည်သာအေးမြကျောင်းဆရာတော် ဦးကေသလဦးဇီးကာ ရွှေထီးတော်တင်ပွဲ အောင်မင်္ဂလာကို ကျင်းပတော့မည် ဖြစ်၏။ ခုနစ်ရက်သားသမီးများ ဖူးမြော်ကြည်ညိုနိုင်ရန် ရည်ရွယ်တည်ထားသော စေတီမြတ်ကြီးတစ်ဆူ ဖြစ်သည်။ ပရဟိတကျောက်စာကိုလည်း ရေးထိုးသွားမည်ဟု သိရှိရသည်။ မဟာပဏာတပရဟိတအောင်တော်မူ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း နဂါးရုံနှင့် ဗောဓိညောင်ပင်တို့ကိုလည်း တည်ထားကိုးကွယ်သွားမည် ဖြစ်သည်။ စေတီတော်တည်ဆောက်မှု စုစုပေါင်း ကုန်ကျငွေမှာ ကျပ်သိန်း (၁၀၀၀)ဖြစ်သည်။

မဟာပဏာတပရဟိတအောင်တော်မူစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ထူးဆန်းသော ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို ထားရှိမည်။ ရှေးဟောင်းသုတေသနပညာရှင်များ လေ့လာမှုအရ ရှေးနှစ်သန်းပေါင်း (၃၀)မှ (၅၀)အတွင်းရှိ ထူးဆန်းသော ကမ္ဘာဦးခေတ်က ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးဖြစ်သည်။ ထိုကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို မင်းသားကြီးကျော်သူ တည်ထားကိုးကွယ်သော ပဲခူးတိုင်းဒေသကြီး ပြည်မြို့တစ်ဖက်ကမ်းရှိ ပရဟိတအောင်တော်မူစေတီတော်အတွင်း ကန်ကြီးထဲ၌ ထားရှိပါမည်။ အများပြည်သူအကျိုးငှာ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ထေကွာလှသော ရွာတစ်ရွာမှ အလှူရှင်တစ်ဦးက နာရေးကူညီမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌဦးကျော်သူထံ ဆက်သွယ်လှူဒါန်း ထားခြင်း ဖြစ်သည်။

ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးသည် အလျား(၄)ပေကျော်၊ အနံ(၃)ပေခန့်ရှိသည်။ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးနှင့်ပတ်သက်၍ မင်းသားကြီးကျော်သူက ပြောကြားရာတွင် -

"ပြည်မြို့တစ်ဖက်ကမ်းက ပြောရရင် ရေမထွက်တဲ့နေရာပါ။ ရေကြောရှာလို့ မရနိုင်တဲ့နေရာလည်း ဖြစ်တယ်၊ စေတီတော်ကြီး ပရိဝုဏ်အတွင်းမှာ ရေရရှိနိုင်ဖို့အတွက် အဝီစိတွင်းတူးတဲ့အခါမှာလည်း မအောင်မြင်ခဲ့ဘူး၊ အဲဒီအချိန် အလှူရှင်တစ်ယောက်က သူတို့ရွာမှာ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးရှိတယ်၊ ဦးကျော်သူရဲ့ စေတီတော်ကြီးမှာ လှူဒါန်းချင်အယ်ဆိုပြီး ပေးအပ်လှူဒါန်းခဲ့တာပါ။ ထူးဆန်းတာတစ်ခုက လိပ်ကြီးကို သွားရောက်သယ်ဆောင်တဲ့အခါမှာ လူ (၁၀)ယောက်လောက် ဝိုင်းမပါတယ်၊ ဘယ်လိုမှ မ,လို့ မရခဲ့ဘူး။

နောက်တစ်ခါ ကရိန်းနဲ့မ,တယ်၊ ချိန်းကြိုးပြတ်သွားခဲ့တယ်၊ နောက်ဆုံး ကန်တော့ပွဲပေးပြီး ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို ရောင်းဖို့မဟုတ်ပါဘူး၊ ဦးကျော်သူတည်ထားတဲ့ စေတီတော်ကြီးကို လှူဒါန်းမလို့ပါ ဆိုမှသာ လိပ်ကြီးကို မ,လို့ရခဲ့တယ်။

နောက်တစ်ခါ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီး ရောက်လာတဲ့အခါ ယာယီနေရာလုပ်ပြီး ထားတယ်၊ အဲဒီကနေ ရွှေ့တော့ လိပ်ကြီး ယာယီထားခဲ့တဲ့အောက်မှာ ကျောက်ဖျာကြီး တစ်ချပ်ကို တွေ့ရှိခဲ့ပြီးတော့ တူးလို့မထွက်တဲ့ရေတွေဟာလည်း တူးလို့ရခဲ့ပါတယ်၊ အခုတော့ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို စေတီတော်ကြီးရဲ့ ပရိဝုဏ်အတွင်းမှာပဲ လိပ်ကန်တစ်ခု တည်ဆောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ထားရှိပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို အလှူရှင်က ဦးကျော်သူထံသို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ပရဟိတစေတီတော်(သို့မဟုတ်)မဟာပဏာတပရဟိတအောင်တော်မူစေတီတော်မြတ်ကြီးသို့ ကျောက်လိပ်ကြီး စတင်ရောက်ရှိခဲ့သည့် မတ်လအတွင်း ရေမျှား တူးဖော်ရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာ့ဆိုရိုးစကားတွင် ရေလို အေးလို့ ပန်းလို့မွှေးပါစေ စကားအတိုင်း ရေစင်ရေသန့်များ ထွက်ပေါ်လာခြင်းမှာ ထူးခြားချက်တစ်ရပ် ဖြစ်သည်။ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို ပြည်သူလူထု လေ့လာကြည့်ရှုနိုင်ရန် ဘုရားဝင်းအတွင်း ပြသထားရှိမည် ဖြစ်သည်။ ကျောက်လိပ်ကြီးကို ထိခိုက်ပျက်စီးမှု မရှိစေရန် အစာကျွေးခြင်း၊ ရေဖြင့် လောင်းခြင်း မပြုလုပ်ရန်အတွက်သာ မေတ္တာရပ်ခံထားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ(၁၅)ရက်နေ့တွင် ထူးထူးခြားခြား ကျော်သူဘုရားကြီး ထွန်းပေါ်လာခဲ့သည်။ ငြိမ်းချမ်းရေးကို ဖော်ဆောင်သောရည်ရွယ်ချက်ဖြင့် ဘာသာပေါင်းစုံ လက်တွဲဖူးမြော် ကြည်ညိုနိုင်ရန် အမှတ်တံဆိပ် မှတ်တိုင်မော်ကွန်းကြီးကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့သည်။ မဟာပဏာတပရဟိတအောင်တော်မူ စေတီတော်မြတ်ကြီး အောင်မြေတွင် ဘာသာပေါင်းစုံ လက်ရုပ်တုကြီးကို တည်ထားနိုင်ခဲ့သည်။

နာရေးကူညီမှု အသင်းကြီး ရန်ကုန်ဥက္ကဋ္ဌ ဦးကျော်သူက -

"ဘယ်ဘာသာမဆို ဗုဒ္ဓဘာသာလည်း အစွန်းရောက်တာတွေရှိသလို ခရစ်ယာန်မှာရော၊ ဟိန္ဒူမှာရော အစွန်းရောက်တာတွေ ရှိတယ်၊ ဘုရားသခင်က မဖျိမပဋိပဒါလို့ပဲ ဟောထားတာ၊ ငြိမ်းချမ်းမှုကိုပဲ အဓိကထားပြီးတော့ ဟောကြားထားတာ၊ အစွန်းရောက်တာ ဘယ်ဘုရားသခင်တိုင်းကမှ မကြိုက်ဘူး၊ မနှစ်သက်ဘူး၊ အစွန်းရောက်မဖြစ်ဖို့အတွက် ကျွန်တော်တို့က ဘုရားရဲ့ လမ်းစဉ်ကို လိုက်တဲ့ အနေနဲ့ မဖျိမပဋိပဒါလမ်းကို ကျင့်သုံးရမှာပဲ၊ ပရဟိတစိတ်ဓာတ်တွေ ရှင်သန်ထက်မြက်စေဖို့အတွက် တည်ဖြစ်တာ၊ ဘာပဲပြောပြော လူတွေအနေနဲ့ ပရဟိတ ဘာလဲဆိုတာကို သိအောင်လို့ တုည်ဖြစ်တာ" ဟု ပြောဆို ရှင်းပြပါသည်။

မဟာပဏာတပရဟိတ အောင်တော်မူစေတီတော့်ကို ပြည်မြို့ တစ်ဖက်ကမ်းရှိ ရွှေဘုံသာဘုရားအနီးတွင် တည်ထားခြင်း ဖြစ်သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ (၁၅)ရက်နေ့ မနက် (၉)နာရီ အချိန်တွင် စေတီတော်ဖွင့်ပွဲကြီး ကျင်းပခဲ့သည်။ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

မိမိဘာသာအလိုက် မိန့်ခွန်းများ ပြောကြား ဖွင့်လှစ်ပေးခဲ့သည်။ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအထိမ်းအမှတ် ကျောက်တိုင်စိုက်ထူပွဲကို ပဲခူးတိုင်းအနောက်ပိုင်း ပြည်ခရိုင် ပန်းတောင်းမြို့ ပရဟိတတောင်ပေါ်တွင် ပြုလုပ်ခဲ့သည်။ ကွန်းတော်မြတ်အောင်မြေပေါ်ဝယ် ကိုးနဝင်းမင်္ဂလာ နံနက်ခင်းအချိန်၌ ကျင်းပနိုင်ခဲ့သည်။

ဦးကျော်သူအနေနှင့် စေတီတော်မြတ်ကြီး တည်ထားခဲ့သည်မှာ တစ်နှစ်ကျော်ကြာခဲ့သည်။ စေတီတော်မြတ်ကြီး အောင်မြေနေရာတွင် ဆရာနိုင်မြန်မာ အကြံပြုချက်အရ လက်ရုပ်တုကို ဆောက်လုပ်ထားရှိခဲ့သည်။

မင်းသားကြီး ဦးကျော်သူက ဆက်လက်၍ -

"ကျွန်တော် ပထမက လက်ရုပ်တုကို နာရေးကူညီမှုအသင်းမှာ တည်ဖို့အတွက် လုပ်ထားပေမယ့် စေတီတော် တည်ထားတဲ့ အောင်မြေမှာ လုပ်ဖို့ တိုက်ဆိုင်သွားတယ်၊ အားလုံးပေါင်းရင်တော့ လက်ခုနစ်ခုခွဲခန့်ပေါ့နော်၊ ခုနစ်ရက် သားသမီးတွေကို ကိုယ်စားပြုပြီးတော့ အဘိုးကြီးလက်၊ အဘွားကြီးလက်၊ ကလေးလက် အားလုံးတွေပေါင်းတဲ့ပုံစံမျိုးကို ကျွန်တော်လုပ်လိုက်တယ်၊ ကမ္ဘာမြေကြီးရဲ့ ကျောက်သား ကျောက်တောင်တွေ ကွဲထွက် ထုတ်ပြီးတော့ ပေါ်ပေါက်လာတယ်၊ ကွဲထွက်သွားတဲ့ ကျောက်ဆောင်ပေါ်မှာ ဘာသာကြီးလေးမျိုးရဲ့ လက်တွေကို စုပေါင်းပြီးတော့ ပုံဖော်ထားတာ၊ ဒီဘုရားမှာဆိုရင် ဘာသာပေါင်းစုံက လူကြီး၊ ကလေး အကုန် လာဖူးလို့ရတယ်၊ ပရဟိတအောင်တော်မူစေတီကို လာတဲ့သူတွေ အကုန်လုံး ဆောက်ထားတဲ့လက်တွေကို ပုံဖော်ကြမယ်၊ ဘာစိတ်ကူးနဲ့ပဲ ပုံဖော်ပုံဖော် နောက်ဆုံး အနှစ်ချုပ်ကတော့ ဒါဟာ အားလုံးညီညွတ်မှုနဲ့ ငြိမ်းချမ်းမှုဆိုတာကိုတော့ သိမှာပါပဲ" ဟူ၍ ပြောဆိုခဲ့သည်။

မဟာပဏာတပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီး တည်ထားရာ၌ ခရစ်ယာန်ဘာသာဝင်၊ ဟိန္ဒူ ဘာသာဝင်၊ အစ္စလာမ်ဘာသာဝင်တို့နှင့် ဗုဒ္ဓဘာသာဝင်အပေါင်း လာရောက်လုပ်အားပေးလှူခဲ့ကြသည်။ ၂၀၁၆ ဖေဖော်ဝါရီလ ပြည်ထောင်စုနေ့ (၁၂) ရက်တွင် စေတီတော်ကြီး ထီးတွင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပမည် ဖြစ်သည်။

အောင်မြေထူးမြတ် ဘာသာပေါင်းစုံ လက်ရုပ်တုကြီးကို စောအယ်ဘလုက ထုဆစ်ပုံဖော်ပေးခဲ့ခြင်း ဖြစ်သည်။ မင်းသားကြီးကျော်သူ၏ စုစည်းခြင်း၊ ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်း၊ ငြိမ်းချမ်းခြင်း၊ အေးမြချမ်းသာ အောင်အဓိပ္ပာယ် နိမိတ်သည် မြန်မာပြည်သူလူထုသာမက ကမ္ဘာသူ ကမ္ဘာသား အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြမည် ဖြစ်သည်။

ယောနကဦးထောင်

❑

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့ ရွေမန်းတောင်စေတီတော်ကြီး နှင့် ရယ်ကြီးဦးခန္ဓီ ဘဝဇာတ်ကြောင်း

မနင်းဝေ(ဟသံတာ)

မဟာမြတ်မုနီ ဘုရားကြီး

စာရေးသူ၏ ဒီတစ်ခေါက် ဘုရားဖူးခရီးစဉ်ကတော့ ရွှေမန်းတောင်တော်မြတ်ဆီသို့ပါ။ ယခင် မန္တလေးသွားတုန်းက အကြောင်းကြောင်းကြောင့် မရောက်ဖြစ်ခဲ့ပါ။

တကူးတဝဲက လိုက်ပို့သူလည်းရှိ၍ ဝမ်းသာအားရပင် နံနက်စောစော ပြင်ဆင်ကာ တည်းခိုနေရာ နေပြည်တော်၊ လယ်ဝေးမြို့နယ်မှ နို့ဝင်ဘာလလယ်၏ တနင်္ဂနွေနေ့ နံနက်နေရောင်ဦးနှင့်အတူ ရွှေမန္တလေးသို့ ရွေးရွေ ထွက်လာခဲ့ပါတော့သည်။

မိုင်နှစ်ရာနီးပါးခန့် သွားအပြီးမှာတော့ နေ့လယ် ၁၁ နာရီခွဲခန့်၌ မြို့ကို စဝင်ပါပြီ။ ဦးစွာ မန္တလေး မဟာမြတ်မုနိဘုရားကြီးအား ဦးခိုက်ပူဇော်ရန် အသွားလမ်းပေါ်ရှိ ဆိုင်ကယ်နှင့် ကားများကို သတိထားမောင်းနှင်ရသည်။

ဖွံ့ဖြိုးတိုးတက်လှသော လူနေမှု စနှိုက်များကား အကောင်းဘက် ဦးတည်နေသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။

ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ဖြစ်သည်နှင့်အညီ ရွှေပ်ထွေးလှသော လူအများကြား တိုးဝှေ့၍ ဘုရားကြီး၏ မျက်နှာထော် ဖူးမြင်ရန် ကြိုးစားရသည်။ ဓာတ်ပုံရိုက်ရန်လည်း စောင့်ရသည်။ လိုက်ပို့သူ စိတ်မငြိုငြင်စေရန်လည်း အချိန်မယူနိုင်တော့ပါ။ ကိုယ့်အထွက် အချိန်နှောင့်နှေးမည်စိုးသောကြောင့် ရှေ့မှ မတ်တတ်ရပ်သူများ ရှင်းသည်နှင့် အလျင်အမြန် ဓာတ်ပုံရိုက်ခဲ့ရပါသည်။

ဘုရားကြီး၏ အပြင်ဘက်၌ လူအနည်းငယ်ရှင်းလျက် မန္တလေး၏ ပူပြင်းသောနေသည် သိသာလှသည်။ ကြည်လင်သန့်ရှင်းသော ကျူးရေတို့ ဝန်းရံလျက် မန္တလေးမြို့နိုးကြားသည် ထုထည်အားဖြင့် မကြီးမားလှသော်လည်း ရှေးမင်းအဆက်ဆက်တို့၏ ဂုဏ်ကို ဖော်ဆောင်နေပါသည်။

မန္တလေး ရတနာပုံနေပြည်တော် ခေတ်ဦးက ထွက်ပေါ်လာခဲ့သော 'အသက်ရှည်စေလို မြနန္ဒာရေညိုသန်းတဲ့ မန်းတောင်ရိပ်ခို၊ ခေါင်းလောင်းသံ ချိုချိုနှင့် ရွှေဗဟို စည်တော်ဟိန်းတယ်၊ ဘေးရန်ကင်းမဲ့' ဟူသည့် တေးသီချင်းတဘောင်နှင့်အညီ ကျူးထောင့်မှ ပတ်ပြီးအထွက် လှမ်းမြင်လိုက်ရသည်က ရွှေမန်းတောင်ကြီးပါ။

ရွှေမန်းတောင် စေတီတော်ကြီးသည် သာသနာနှစ် ၂၁၈၊ ဘီစီ ၃၀၈ ခုတွင် သီရိဓမ္မာသောကမင်းကြီး တည်

ဘုရားကြီးအပြင်ဘက် ရင်ပြင်ထော်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

ငရွမန်းတောင်ဝေတီတော်ရှိ ကောဇာဝုံပြတိုတွဘုကား

ငရွမန်းတောင်ဝေတီတော်ရှိ ဂေါတမပြတိုတွဘုကား

ငရွမန်းတောင်ဝကီတော်နှင့်

ဆုတောင်းပြည့်ဒေါင်ငပြုပေါင်းချုပ်

ဝေတီဂင်ပြင်ပေါ်ရှိ ဘုံဒိုင်းသွင်းတော်

www.burmeseclassic.com

www.burmeseclassic.com

ထားတော်မူခဲ့သည့် စေတီတော်ပေါင်း ရှစ်သောင်းလေးထောင် (၈၄၀၀၀)ထဲတွင် တစ်ဆူအပါအဝင် ဖြစ်သည်။ တောင်ခြေရောက်တော့ နေ့လယ် ၁၂ နာရီ ၅ မိနစ်ရှိပါပြီ။

ပင်ပန်းသမျှတို့ ပြေပျောက်သွားခဲ့ရသည်။ သီချင်းတဘောင်နှင့်လည်း ကိုက်ညီလှသော ရွှေမန်းတောင်တော်နှင့် ဘုရားကြီးသည် မန္တလေးသူ မန္တလေးသားတို့အတွက် အဖိုးမဖြတ်နိုင်သော အသက်ရှည်ဆေးပင်။

ကျွန်မတို့ မန္တလေးတောင်(ရွှေမန်းတောင်)ကြီးအား ကွေ့ပတ်လျက် တောင်ထိပ်သွားရာ လမ်းတစ်လျှောက် ခြေတျင်တက်ရောက်နေသူ တချို့နှင့် စကားဝိုင်းကိုတွန်းလျက် (အတက်လမ်း၌) သို့မဟုတ် စီးလျက် (အဆင်းလမ်း၌) နိုင်ငံခြားသား ဧည့်သည်တချို့ကို တွေ့ရသည်။

လူငယ်တချို့ တောင်ခြေ လှေကားထစ်များအတိုင်း တက်ရောက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။ တောင်ခြေမှ မြင့်တက်လာသည်နှင့်အမျှ တွေ့မြင်ရသော သဘာဝရှုခင်းတို့သည် ပြုပြင်ဖန်တီးထားခြင်းမရှိ။ သက်ရှိ ပန်းချီကားချပ်များပမာပင်။ အမောပြေစေသဖြင့် အသက်ရှည်စေချင်လျှင် ရွှေမန်းတောင်၏ အရိပ်ကိုခိုပါဟု ရှေးစာဆိုများက ပြောကြားခဲ့ခြင်း ဖြစ်မည်ပင်။

ကားဖြင့် ၁၀ မိနစ်ခန့် တက်ရောက်ပြီးနောက် တောင်ထိပ်သို့ ရောက်ခဲ့ပါပြီ။ ရွှေ့လျားစက်လှေကားဖြင့် ဘုရားပေါ်သို့ တက်ကြရသည်။ ကြီးမားခဲ့ထည်လှသည့် စက်လှေကား အဆောက်အအုံအတွက် နိုင်ငံတော် အစိုးရနှင့် အလှူရှင်တို့အား စိတ်ထဲမှ ကျေးဇူးတင်မိပါသည်။

မဝင်မပန်း သက်သာစွာဖြင့် ဘုရားရင်ပြင်ပေါ်သို့ ရောက်ရှိပြီးနောက်မှာတော့ ဘုရားရှင်၏ မေးရိုးဓာတ်တော်ကို ဌာပနာထား၍ တည်ထားသော စေတီတော်ကြီးအား ဦးခိုက်ပူဇော်ပါသည်။ စေတီတော် ပတ်ပတ်လည်ရှိ မုခ်လေးမုခ်၌ ဓာတ်ထားသည့် ပွင့်တော်မူပြီးသော ဘုရားရှင်တို့အား သမ္ဘယ်စွာ ဖူးမြော်ခဲ့ရပါသည်။ ရွှေသင်္ကန်း၊ မှန်သင်္ကန်းများ ဝင်းလက်စွာဖြင့် ကြည်ညိုဖွယ် တည်ရှိနေ၏။

စေတီတော် ရင်ပြင်အား လက်ယာရစ် ပူဇော်ရှိုး ရင်းဆုတောင်းပြည့် အောင်မြေပေါင်းချုပ် သစ္စာအဓိဌာန် မော်တွန်းကျောက်စာကို တွေ့ရှိရသည်။

ဤအောင်မြေပေါင်းချုပ်တွင်

(က) အိန္ဒိယပြည် ဗုဒ္ဓဂယာအောင်မြေ။
(ခ) ရွှေတိဂုံဘုရား အောင်မြေ။
(ဂ) မင်းတုယ ကုံလုံဆရာတော်ဘုရားကြီး၏ အဓိဌာန် အောင်မြေ။
(ဃ) ရွှေပေါ်ကျွန်း အောင်မြေ။
(င) ရွှေမော်ဓေဘုရား အောင်မြေ။
(စ) ကဲထပ်လှူ အောင်မြေ။



ရင်ပြင်တော်ပေါ်ရှိ စည်တော်အဆောင်

(ဆ) ပေါ်တော်မူဘုရား အောင်မြေ။
(ဇ) ရွှေဘို အောင်မြေ။
(ဈ) ပင်းဒယလိုက်ဂူ မြေမဲတောင် အောင်မြေ။
(ည) အင်းလေးဖောင်တော်ဦးဘုရား အောင်မြေ။
(ဋ) မဟာမြတ်မုနိဘုရား အောင်မြေတို့ ပါဝင်ကြပါသည်။

ကျောက်စာကို ဘုရားကြီး အနောက်မုခ် သံထီးတန်းမန္တလေးမြို့မှ ဆရာကြီးဦးစံလှမှ ထုလုပ်ခဲ့ပြီး ဗုဒ္ဓမြတ်စွာ၏ သာသနာတော်အား သက်ဝင်ယုံကြည်ကြကုန်သော ရဟန်းရှင်လူအပေါင်းတို့အား လောကီ လောကုတ္တရာနှစ်ဖြာ အကျိုးစီးပွား ဖြစ်ထွန်းစေရန် အလို့ငှာ ရည်ရွယ်၍ ဤဆုတောင်းပြည့် အောင်မြေပေါင်းချုပ် သစ္စာအဓိဌာန်ကို ၁၉၉၄ ခုနှစ် သာသနာနှစ် ၂၅၃၈ တွင် နိုင်ငံတော်အကြီးအကဲတို့မှ စီရင်ခဲ့ကြခြင်း ဖြစ်သည်။

ဘုရားရင်ပြင်တော် ပတ်ပတ်လည်သို့ လှည့်လည် ကြည့်ရှုရာမှ လက်ရာမြောက်လှသော အဇ္ဈမုခီဘီလူးမ (မှန်နန်းရာဇဝင်အရ) (ခ) စန္ဒမုခီဘီလူးမ ရုပ်တုကို တွေ့မြင်ရသည်။

ဘုရားရှင်အား လုံသာမန်တို့ပင် မကြဲစည်ဝံ့လောက်အောင် အလွန်ခံယဉ်းလှသော မိမိရင်သားမြတ်အား လှီး၍ လှူသော နတ်ဘီလူးမအဖြစ် သိရှိရသည်။ ထိုဘီလူးမကို အကြောင်းပြု၍ မန္တလေးတောင်ထိပ်မှ ရပ်တော်မူကာ

www.burmeseclassic.com

www.burmeseclassic.com



ဗဟန်းတောင်စေတီအား အဝေးမှမူးပြော်ရစို့

ရတနာပုံပြည်ကြီး ဖြစ်လတ္တံ့ဟု ဗျာဒိတ်တော် ထားတော်မူခဲ့ကြောင်း သိရှိရသည်။

မြတ်ဗုဒ္ဓဘုရားရှင်၏ ရွှေဗျာဒိတ်တော်အား ဖော်ဆောင်သူမှာ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးပင် ဖြစ်သည်။ ကောဇာသက္ကရာဇ် ၁၂၁၄ နှစ်တွင် နောင်တော် ပုဂံမင်းအား နန်းချပြီး မင်းအဖြစ်ရရှိခဲ့သည်။ ၁၂၂၁ ခုနှစ်တွင် မင်းနေပြည်တော်ကို အမရပူရမှ မန္တလေးသို့ ရွှေ့ပြောင်း တည်ထောင်တော်မူခဲ့သည်။ ၎င်းနောက် -

(၁) ရွှေနန်းတော် (၂) ကျဲးတော် (၃) အတုလံဝေယန် (အတုမရှိ)ကျောင်းတော် (၄) မဟာလောကမာရဇိန် စေတီတော် (၅) သုခမွာဇရုပ်တော် (၆) သိမ်တော် (၇) ဝိဇ္ဇကတ်တိုက်တော် ဤ(၇)ဌာနကို တစ်ချိန်တည်း တည်တော်မူသည်။

သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် ဗျာဒိတ်ပေးတော်မူပုံ၊ ရွှေဗျာဒိတ်ဘုရားကြီးအား ပန်းပုကျော်များဖြင့် ညီတော် အာနန္ဒာပုံတော်နှင့်တကွ မန္တလေးတောင်တော်၌ မြတောင်မြို့စား သေနတ်ဝန်မှ ဦးစီးကာ ရွှေပိန်းချ သစ်သားရုပ်တုတော်အဖြစ် ယခုနေရာမှာပင် တန်ဆောင်းပြာသာဒ်တို့ဖြင့် ကိုးကွယ်ခဲ့သည်။

၎င်းရုပ်တုတော်မှာ ၁၂၄၅ ခုနှစ်တွင် မန္တလေးတောင်တော် တစ်ခုလုံး မီးခတော်မူရာတွင် ပါဝင်ခဲ့ပြီး ယခု ရွှေဂုံတော်ကြီးမှာ ဆရာတော်ဦးနန္ဒိယမှ အလှူခံရရှိသော သစ်တုံးကြီးကို ပန်းပုအကျော်အမော်တို့ဖြင့် မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်ပုံစံအတိုင်း ထုလုပ်ပူဇော်ခဲ့ပြီး ဂန္ဓကုဋိတိုက်တော်ကြီးကို ရသေ့ကြီး ဦးခန္တိမှ ဆောက်လုပ်လှူဒါန်းခဲ့သည်။

ယခု စာရေးသူတို့ တွေ့မြင်ရသော မြွေကြီး နှစ်ကောင်ရှပ်တုနှင့် ပတ်သက်၍လည်း မြောက်ပြင် ထားဝယ်ရပ်မှ အလမ္ဘာယ်ဆရာတစ်ယောက် ဘေးမဲ့လွတ်လိုက်သည့် မြွေများ ဟူ၍လည်းကောင်း၊ ဗျာဒိတ်ပေးဘုရားကြီး ထုလုပ်ရန် ယူလာသည့် ကျွန်းသစ်တုံးကြီး၏ သစ်ခေါင်းထဲမှ ပါလာခြင်း ဟူ၍လူညီးကောင်း၊ အချို့သော စာများ၌ မန္တလေးတောင်ကို ပြုပြင်ရန် ရှင်းလင်းစဉ်က တွေ့ရှိရသည့် မြွေများဟူ၍လည်းကောင်း ရေးသားထားသည်ကို ဖတ်ရှုရသည်။

၎င်းမြွေကြီးများသည် ရသေ့ကြီး ဦးခန္တိ တရားအားထုတ်နေစဉ် ကျောင်းအောက်သို့ ရောက်ရှိလာပြီး မည်သူမျှလည်း ရန်မမူဘဲ ရသေ့ကြီးမှ ကျွေးမွေး စောင့်ရှောက်ထားရှိသည့် ၎င်းမြွေများကြောင့် အလှူငွေများ တိုးပွားလာခြင်းကြောင့် မန္တလေးတောင်၏ အလှူရှင်များသဖွယ် မြွေနှစ်ကောင်ပုံကို သံရည်ကျိုပိုစံ သွန်းလောင်းထားရှိသည်။

ရွှေမန်းတောင်တော်အကြောင်း ရေးသားရာတွင် မပါလျှင်မဖြစ် ရေးသားရမည်မှာ ရသေ့ကြီး ဦးခန္တိအကြောင်းပင် ဖြစ်ပါသည်။

ဗဟန်းတောင်ထိပ်ရှိ ဘွဲ့လွှားစက်လေ့ကား

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ခရစ်နှစ် ၁၉၀၈ ၌ ရသေ့ကြီးသည် မီးခထားသော ရွှေမန်းတောင်တော်ကြီးအား ယနေ့မျက်မြင်အတိုင်း ဖြစ်အောင် ပြုပြင်စီရင်တော်မူသည်။

(၁) သီရိဓမ္မာအသောကမင်းကြီးသည် ရွှေမန်းတောင် စေတီမြတ်ကြီးကို သာသနာ ၂၁၈ ခုနှ် တည်ထားခဲ့သော်လည်း၊

(၂) ဒုတိယဘုရားဒါယကာအဖြစ် သာသနာ ၁၅၈၈ ခုတွင် ပုဂံပြည့်ရှင် အနော်ရထာမင်း။

(၃) တတိယဘုရားဒါယကာအဖြစ် သာသနာ ၂၀၁၂ ခုတွင် အင်းဝဘုရင် ပြည်စုန်မင်း မိဖုရား။

(၄) စတုတ္ထဘုရားဒါယကာအဖြစ် သာသနာ ၂၃၄၉ ခုတွင် ဘိုးတော်မင်း၏ အိမ်ရှေ့ဥပရာဇာ။

(၅) ပဉ္စမဘုရားဒါယကာအဖြစ် သာသနာ ၂၂၆၃ ခုတွင် ဘကြီးတော်ဘုရား။

(၆) ဆဋ္ဌမဘုရားဒါယကာအဖြစ် သာသနာ ၂၄၀၃ ခုတွင် မင်းတုန်းမင်းတို့က ပြုပြင်ခဲ့ကြပြီး

(၇) သတ္တမဘုရားဒါယကာအဖြစ် သာသနာ ၂၄၅၁ ခုတွင် ရသေ့ကြီးဦးခန္တီက သာသနာနှစ် ၂၄၂၇ တွင် မီးလောင်မြေခခဲ့သော ရွှေမန်းတောင်တော်ကြီးကို (၂၄) နှစ်ကြာမှ ပြုပြင်နိုင်ခဲ့သည်။

ဆုတောင်းပြည့်အောင်ပြုပေါင်းချုပ်ကမ္ဘည်းကျောက်စာ

(၈) အဋ္ဌမဘုရားဒါယကာအဖြစ် သာသနာ ၂၄၉၃ ခုတွင် ဆရာတော်ဦးဇောတိက အမှူးပြုသော ရဟန်းပျိုအဖွဲ့ ချုပ်ကြီးမှ (၁၉. ၁၂. ၁၉၄၉)မှ စတင်ကာ ဒုတိယအကြိမ် စစ်ဘေးဒဏ်သင့် ဘုရားကြီးအား အဆောက်အအုံပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းများ ဆောင်ရွက်တော်မူခဲ့ကြပါသည်။

(၉) ယနေ့ စာရေးသူတို့ တွေ့မြင်ခဲ့ရ ဖူးမြော်ကန်တော့ခဲ့ရသော ရွှေမန်းတောင်ဘုရားကြီးအား နိုင်ငံတော်အစိုးရမှ ဘက်စုံပြုပြင်ရာတွင် -

(က) တောင်တက်တောင်ဆင်း ကားလမ်းများဖောက်လုပ်ခြင်း၊

(ခ) တောင်တော်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်း၊

(ဂ) ဓာတ်လှေကားနှင့် ရွှေလျှားစက်လှေကား တပ်ဆင်ခြင်း၊

(ဃ) တောင်ထိပ်စေတီတော် စကြိုပတ်လမ်းများ ပြုလုပ်ခြင်း၊

(င) စေတီပုထိုးများ (ရွှေသင်္ကန်း၊ မှန်သင်္ကန်း၊ ထုံးသင်္ကန်း) ရောင်တော်ဖွင့်ခြင်း၊

(စ) ဟန်ဆောင်းတော်များ ဆေးသုတ်ခြင်း စသည်တို့ ပါဝင်သည်။



ရွှေမန်းတောင်ထိပ်ရှိ ဓာတ်လှေကား

www.burmeseclassic.com

www.burmeseclassic.com

ဗျာဒိတ်ပေးဘုရားနှင့် ရှင်အာနန္ဒာရုပ်တု

သာသနာ့ဟိတခုဇ နာယက
ရသေ့ကြီးဦးခန္တိ၏ ဘဝဇာတ်စကြာဝဠ်း

ရသေ့ကြီးဦးခန္တိ၏ မွေးရပ်ဇာတိမှာ မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ်၊ ညောင်လွန်ဘူတာ အနောက်ဘက် သုံးမိုင်ခန့်အကွာ ကြိုးကြာအင်းအုပ်စု၊ ရွာသာယာဇာတိ ဖြစ်ပါသည်။

ခမည်းတော် မယ်တော်တို့မှာ ဦးရွှေလှနှင့် ဒေါ်ကံ(ခ)ဒေါ်ခိုဥတို့ ဖြစ်ကြသည်။

ရသေ့ကြီး၏အထက်၌ အစ်ကို နှစ်ယောက်၊ အစ်မ တစ်ယောက်ရှိပြီး မိဘနှစ်ပါးမှာ ရွာ၏အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာရှိ သစ်စေးတောင်ကွင်း (ခ) အင်းကောက်ကွင်း၌ အနေများပြီး ရွာသို့ မီးဖွားခါနီးမှသာ ပြန်လေ့ရှိကြောင်း သိရသည်။

မယ်တော် ဒေါ်ခိုဥမှ ရသေ့ကြီး ဦးခန္တိ ကိုယ်ဝန်ဆောင်ခင် နိမိတ်အိပ်မက် မြင်မက်ပုံမှာ ပင်လယ်သမုဒ္ဒရာထဲသို့ လှေသမွန်ဖြင့် ခရီးထွက်ခဲ့ရာ၌ သမုဒ္ဒရာရေကို လက်ခုပ်ဖြင့် ခပ်သောက်ရပြီး နေမင်း လမင်းသည်လည်း မိမိရင်ခွင်ထဲသို့ အလိုလိုရောက်လာသည်ဟု မြင်မက်ကြောင်း ရွာသာယာကျောက်စာ၌ ရေးထိုးထားကြောင်း သိရှိရသည်။

အိပ်မက်မြင်မက်သော ၁၂၂၈ ခုနှစ် တန်ဆောင်မုန်းလမှ ၃တင်၍ ပဋိသန္ဓေမှာ တစ်လနှင့်တစ်လ ရင့်မာလာ၍ ဆယ်လသို့ရောက်ရှိလာရာ အင်းကောက်ကွင်း ယာလုပ်တဲမှ ရွာသာယာသို့ ပြန်လာပြီး ၁၂၂၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်၊ တနလ်ာနေ့ နံနက် ၂ ချက်တီးကျော့်အချိန်၌ ဖွားမြင်ခဲ့သည်။

ရသေ့ကြီး၏ ငယ်နာမည်မှာ ကျော်မောင် ဖြစ်သော်လည်း မိဘဆွေမျိုးများက ဖိုးမောင်ဟု ခေါ်ဆိုကြကြောင်းနှင့် ငယ်စဉ်က နွားကျောင်းရာမှ နွားကန်ခံရသော ဒဏ်ရာမှာ နောင် ရသေ့ကြီးဦးခန္တိဘဝတိုင်အောင်သာမက သေရာပါ ဒဏ်ရာ ဖြစ်ခဲ့ရသည်ဟု ကျောက်စာ၌ ရေးသားထားကြောင်းလည်း သိရှိရသည်။

မောင်ဖိုးမောင် အသက်(၉)နှစ်အရွယ်တွင် မိသားစုအားလုံး ရမည်းသင်းမြို့ အရှေ့မြောက် ၆ မိုင်ခန့်အကွာရှိ သိမ်ကုန်းရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ၎င်းရွာရှိ ကျောင်းမှ ကျောင်းဆရာတော်ထံ အပ်နှံလျက် ပညာသင်စေရာ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့် နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး (၁၁)သုတ်နှင့်တကွ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့၏ ဆုံးမစာ အမျိုးမျိုးအား နှုတ်တက်ရွရွ ရရှိခဲ့သည်။

ကျောင်းအပ်ပြီး လေးနှစ်အကြာ (၁၃)နှစ်အရွယ်၌ မိဘများမှ ရှင်ပြုမင်္ဂလာပြုလုပ်ပေးရာ ရှင်ခန္တိဟူသည့် ဘွဲ့အမည်ရရှိခဲ့သည်။ ဝိဇ္ဇကတ်တော်၏ အခြေခံစာပေများ

အင္ဒပုဒီ (ဒေါ်) စန္ဒပုဒီ နတ်ဘီလူးမ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော သဒ္ဒါ၊ သဒ္ဒိုဟ်တို့ကို သင်ယူတတ်မြောက်ခဲ့သည်။

အသက် (၂၀) အရွယ် ၁၂၄၉ ခုနှစ်တွင် ခမည်းတော် မယီတော်တို့၏ ပစ္စည်းလေးပါးဖြင့် သိမ်ကုန်းရွာကျောင်းမ ကျောင်း ခဏ္ဍသိမ်၌ ကျောင်းမကျောင်းဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်တင်လျက် ရဟန်းဘောင်သို့ ရောက်တော်မူပါသည်။

ရဟန်းသီကွာ သုံးဝါရသောအခါ မန္တလေးမြို့သို့ တက်ရောက်ပြီး လောကုတ္တရာ စာပေများကို သင်ကြားတော်မူပါသည်။ ပထမရွှေကျင်ဆရာတော်ကြီးထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနုမဒု စသော ပိဋကတ်ကျမ်းစာများကိုလည်းကောင်း၊ သစ်ဆိပ်ဆရာတော်၊ တောင်ပြင်ဘုရားကြီးတိုက် ဆရာတော်၊ စစ်ကိုင်းတောင်ယံမှ ထွဋ်ခေါင်ဆရာတော် ဘုရားကြီးတို့ထံမှ ဂန္ထဓုရ ဝိပဿနာမူရတို့ကို အားထုတ်သင်ယူတော်မူခဲ့သည်။

ထိုခေတ်အခါက ထင်ရှားကျော်စောခဲ့သော ဦးသီလ ဆရာတော်ဘုရားကြီးထံ၌လည်း သမထနည်း၊ ဝိပဿနာနည်းတို့ကို လုပ်ငန်းစဉ်နှင့်တကွ နည်းနာတို့ကို ခံယူတော်မူခဲ့ကြောင်း သိရှိရသည်။

ၦင်းနောက် ဇာတိမြေဆို့ ပြန်လာကာ ဟန်မြင့်ဆရာတော်ဘုရားကြီးထံမှ သမထ၊ ဝိပဿနာ၊ ကမ္မဋ္ဌာန်း အဖြာဖြာတို့ကို ဆရာနှင့်တွဖက်၍သော် လည်းကောင်း၊ တစ်ဦးတည်းသော် လည်းကောင်း ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူသည်။

ရွှေဂူကန် ပေါက်တောရ၊ နဝင်းတောရ၊ ပင်စုရွှေဆံတော်တောရတို့တွင်လည်း ပတ္တပိဏ်ဆွမ်း တစ်ထပ်သာ စားပြီး ဇကစာရီတစ်ပါးတည်း တရားအားထုတ်တော်မူခဲ့သည်။

ရဟန်းဘဝမှ ရသေ့ဘဝသို့ ကူးပြောင်းခြင်း

၁၂၆၁ ခုနှစ်ဦးကာလတွင် ရဟန်းတော်ဦးခန္ဓိသည် သက်တော် (၃၂) နှစ်၊ ဝါတော် (၁၂)ဝါအရောက်၌ အောက်



သံဖြင့်သွန်းလုပ်ပူဇော်ထားသော ဗမြဲကြီးနှစ်ကောင်



ရသေ့ကြီး ဦးခန္ဓိ

ပါအတိုင်း ဆင်ခြင်တော်မူသည်။

ငါသည်မူလည်း၊ ဘုရားလောင်းလျာ၊ စွာန်မှာဗျော်မွေ့၊ ရသေ့အမော်၊ သုမေဓာကျော်တို့၏ထုံး၊ နှလုံးသွင်းခြင်းဆင်ကာ များစွာသော ဒါယကာ ဒါယိကာမ အပေါင်းတို့အား အပါယ်တံခါး ပိတ်စေလျက် နိဗ္ဗာန်တည်း ဟူသော နိဂြောဓသစ္စာဆိုက်ရောက်အောင် ပို့ဆောင်ရလျှင် အမှန်ပင် အကျိုးများမည်ဟု နှလုံးသွင်း ဆင်ခြင်ကာ ရဟန်းအသွင်မှ ရသေ့အသွင်သို့ တူးပြောင်းတော်မူလေသည်။

တစ်ဖန် ရသေ့တို့၏ ကျင့်နည်းအဖုံဖုံသိရှိရန် ရဟန်းဘဝက အတူနေ စာသင်ခဲ့ဖူးသော အကျင့်သိက္ခာနှင့်ပါပြည့်စုံပြီး ရသေ့အသွင် ဦးစွာကူးပြောင်းသွားခဲ့သော ဦးဣန္ဒာသဘရှိရာ ညောင်လွန်အရှေ့ဘက် သားခိုတောင်သို့ ကြွတော်မူသည်။

နောက် ရွှေမြင်တင်တောင်၏ အနောက်မြောက်သေလသောဇရာ အမည်ရှိ ကျောက်လက်မောင်းအနီးရှိ သစ်ပင်ရင်း၌ သီတင်းသုံးနေစဉ် သိမ်ကုန်းရွာမှ ကိုမင်္ဂလာ+မချုပ်တို့က ကျောင်းငယ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

ၦင်းကျောင်းငယ်၌ပင် သီတင်းသုံးနေထိုင်ရင်း လာရောက်လှူဒါန်းကြသော အလှူငွေများဖြင့် ရွှေမြင်တင်တောင်ပေါ်နှင့် တောင်အောက်ရှိ ရွှေဟောင်းသာသနိက အဆောက်အအုံများကို ပြုပြင်ခြင်း၊ ဆောက်လုပ်ခြင်းများ ပြုခဲ့သည်။

ရသေ့ကြီးဦးခန္ဓိ တည်ဆောက်ပြုပြင်ခဲ့သော သာသနိက အဆောက်အအုံ များစွာရှိသည့်အနက် မြို့ပေါင်း (၂၅) မြို့မှ ဌာနပေါင်း (၆၃)ဌာနကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားရှိသည်။

စဉ်	မြို့အမည်	ဌာန(သာသနိကအဆောက်အအုံ)များ
၁	မန္တလေးမြို့	(၁) မန္တလေးတောင် (၂) ရန်ကင်းတောင် (၃) မယ်ဥတောင် (၄)အာနန္ဒာဘုရား (၅)နန်းတွင်းတောရ (၆) ရွှေစာရံ

www.burmeseclassic.com

www.burmeseclassic.com

(၇) ကျောက်တော်ကြီး
(၈) စန္ဒမုနိ (၉) ကုသိုလ်တော်
(၁၀) သကျသီဟ
(၁၁) တောင်ပြုံးဆုတောင်းပြည့်
(၁၂) တောင်ပြုံးဆုတောင်းရ။

၂ မူဆယ်မြို့ (၁၃) စောမွန်လှ၏ ဟော်နန်း အိမ်တော်ရာနေရာ စေတီတော် ၁၂၆ ခုနှစ်။

၃ နမ္မတူမြို့ (၁၄) ရွှေမြင်သာတောင်
၄ သီပေါမြို့ (၁၅) ဘော်ကြိုဘုရား
၅ ပြင်ဦးလွင်မြို့ (၁၆) ဥဏှတောမဟာမြတ်မုနိ (၁၇) ရေဝင်တောင်
၆ မိုးကုတ်မြို့ (၁၈) ဘီးတောင်ဘုရား
၇ မိုးကောင်းမြို့ (၁၉) မန်းဦးတောင်ဘုရား
၈ တောင်ကြီးမြို့ (၂၀) ရပ်တော်မူဘုရား
၉ ပင်းဒယမြို့ (၂၁) ရွှေဥမင်ဘုရား
၁၀ စစ်ကိုင်းမြို့ (၂၂) ဆင်များရှင်ဘုရား (၂၃) ရှင်ဖြူရှင်လှ ဘုရားကြီး
၁၁ အင်းဝတံတားဦးမြို့ (၂၄) မင်္ဂလာစေတီတော်
၁၂ ကျောက်ဆည်မြို့ (၂၅) ရွှေဆံပဝါသွားဘုရား (၂၆) သပြေရေထွက်စခန်း (၂၇) ရွှေဆာလျောင်းတောင်

၁၃ ပုပ္ပားမြို့ ၁၂၉၁ခုနှစ် (၂၈) ရွှေသာလျောင်းဘုရား (၂၉) ပုပ္ပားတောင်မကြီး ကပ်ကျော်စေတီတော် (၃၀) ကြက်မောက်တောင် မြောက်အစွန်းရှိ စေတီတော် (၃၁) ကြက်မောက်တောင် တောင်အစွန်းရှိ စေတီတော် (၃၂) မောင်တော်ကုန်း မြောက်အစွန်းရှိ စေတီတော် (၃၃) မောင်တော်ကုန်း တောင်အစွန်းရှိ စေတီတော် (၃၄) သက်ကယ်ကျင်းကန်သာရရွာ မြောက်အစွန်းရှိ စေတီတော် (၃၅) သက်ကယ်ကျင်း၊ ကန်သာရရွာ တောင်အစွန်းရှိ စေတီတော် (၃၆) ဦးဖိုးချစ်ခြံအနောက်ဘက် တောင်ကုန်းထိပ်ရှိ စေတီတော်

၁၄ မင်းဘူးမြို့ (၃၇)မန်းစက်တော် (၃၈)ကျောင်းတော်ရာ (၃၉) ဆည်တော် မဟာမြတ်မုနိ

၁၅ ရမည်းသင်းမြို့ (၄၀) ရွှေမြင်တင်တောင် (၄၁) တောင်ပချုပ် (၄၂) ရွှေယင်ကျော်

ရွှေမန်းတောင်ထပ်မှ ရှုမြင်ရသည့် မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

(၄၃) ရွှေယစ်ပုံး (၄၄) ရွှေယင်မိ
(၄၅) ရမည်းသင်းမြို့ပေါ် မင်းသမီး ဘုရား

၁၆ တပ်ကုန်းမြို့ (၄၆)ညောင်လွန်ကားဆိပ် မဟာမြတ်မုနိဘုရား (၄၇) ညောင်လွန်ဘူတာ အရှေ့ဘက် သားခိုတောင်ဘုရား (၄၈) ရသေ့ကြီးဖွားရာဇာတိ ပန်းတောက်ကုန်းဘုရား (၄၉) ရသေ့ကြီး မိဘများ ယာလုပ်တဲ့နေရာ လွမ်းစေတီ

၁၇ ပျဉ်းမနားမြို့ (၅၀) ဆင်ဖြူတောင် (၅၁) ဓမ္မိကတောင် စူဠာမဏိ

၁၈ လယ်ဝေးမြို့ (၅၂) ရန်အောင်မြင် (ရွှေလက်လှ) စေတီတော်

၁၉ ဝဲဦးမြို့ (၅၃) ဟင်္သာကုန်းဘုရား
(၅၄) နောင်တော်ကြီးဘုရား

၂၀ ကျိုက်ထိုမြို့ (၅၅) ရသေ့တောင်ဘုရား

၂၁ သထုံမြို့ (၅၆) မဟာမြတ်မုနိ (၅၇) ရွှေစာရံဘုရားကျောက်စာ (၅၈)ရဟန္တာ ဓာတ်တော်တိုက်စေတီ
(၅၉) နေမိန္ဒရတောင် သိမ်တော်ဘုရား

၂၂ မော်လမြိုင်မြို့ (၆၀) အလံတင်တောင် ဦးခန္ဓိဘုရား

၂၃ ချောင်းဆုံမြို့ (၆၁) မြင်းမိုရ်တောင်ဘုရား

၂၄ အမရပူရမြို့ (၆၂) ပုထိုးတော်ကြီးဘုရား ခေါင်းလောင်းနှင့် တန်ဆောင်းတော်

၂၅ မြစ်ငယ်မြို့ (၆၃) ကုလားရွာ အေးငြိမ်းချမ်းသာ ကျောင်းတိုက်အတွင်းရှိ ဂူစွာသယံဇာတစေတီတော်

အထက်ပါ သာသနိက အဆောက်အအုံများ ဆောက်လုပ်နေဆဲအချိန်၌ ၁၃၀၇ ခုနှစ်တွင် ကိုယ်တစ်ခြမ်းလေဖြတ်ခံရသဖြင့် ဝေါကုလားထိုင်ဖြင့် တောင်ပေါ် သို့ တက်၍ အလှူခံပြီး စစ်ဘေးစစ်ဒဏ်ခံထားရသည့် အဆောက်အအုံများ ပြုပြင်နေဆဲ သက္ကရာဇ် ၁၃၁၀ ပြည့် ပြာသိုလပြည့်ကျော် ၁၅ ရက်၊ (၂၈.၁.၄၉) သောကြာနေ့ နံနက် ၃ နာရီအချိန် သက်တော် (၈၂)နှစ် အရွယ်တော်၌ ဘဝနတ္ထိတံ ပျံလွန်တော်မူပါသည်။

အထက်၌ ဖော်ပြခဲ့ပြီးသော- သာသနာ့ဟိတဓဇ နာယက ရသေ့ကြီး ဦးခန္ဓိ၏ ဘဝဇာတ်ကြောင်း အပြည့်အစုံကို ဦးခန္ဓိ၏ ထေရုပ္ပတ္တိနှင့် ရွှေမန်းတောင်သမိုင်းအကျဉ်းမှ

ရွှေမန်းတောင်ပေါ်မှ ရွှေပြင်ရသည့် မြင်ကွင်း

ထုတ်နုတ်တင်ပြထားခြင်း ဖြစ်ပါသည်။

ရေးသားပူဇော်သူမှာ သာသနာပြု စာရေးဆရာ ဦးအေးမောင် (အငြိမ်းစားရဲတပ်ကြပ်ကြီး) ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ဘုရားရင်ပြင်တော်ရှိ သာသနိက အဆောက်အအုံများသည် ဘုရားဖူးသူတိုင်း ရင်ကို ဝမ်းမြောက်ပီတိဖြစ်စေသကဲ့သို့ အလှူရှင်တို့၏ သဒ္ဓါတရားနှင့် ဘုရားကြီးမှ ဂေါပက အဖွဲ့ဝင်တို့၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးနေပါသည်။

ထို့အတူ ဘုရားရင်ပြင်တော်ပေါ်မှ ရှုမျှော်ကြည့်ရင်း တွေ့မြင်ခဲ့ရသော မြင်ကွင်းများသည်လည်း မွန်းတည့်နေရောင်အောက်ပင် ဖြစ်လင့်ကစား ဘက်ပေါင်းစုံမှ မည်သည့်နေရာကိုပင် လှမ်းကြည့်ကြည့်၊ မျှော်ကြည့်ကြည့် ရှုမျှော်၍ မဆုံး အံ့ဩ၍ မဆုံးနိုင်အောင် စိတ်ကို ဖျော်ရွှင်ကြည်နူးစေသည်။

ကြည်ပြာရောင် ကောင်းကင်အောက်မှ အဖြူရောင် တိမ်စိုင်များ၊ မှိုင်းညို့နေသော တောင်စဉ် တောင်တန်းများ၊ တာဝန်ကျစွာစီးဆင်းနေသော ဧရာဝတီမြစ်ပြင်ကျယ်ကြီးနှင့် မန္တလေးမြို့၏ အလှပုံရိပ်များသည် စာရေးသူအတွက်တော့ စာဆိုဆဲဆဲကအတိုင်း အသက်ရှည်စေဖို့ ဤရွှေမန်းတောင်ကြီးသို့ တစ်ခေါက်လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း အသိအမှတ်ပြုလိုက်ရပါတော့သည်။

မနှင်းဝေ(ဟင်္သာတ)

❑

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်အရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော တရားတော်

ဝေဒနာနုပဿနာကျင့်စဉ်

(ယခင်လမှ အဆက်)

"တဲ့သဲ့ သစ္စာနဲ့ အနုလောမတော သစ္စာနုလောမိက ဉာဏ်ဆို ဝုစ္စတိ"

သစ္စာလေးပါးထဲ အတွင်းဝင်သောကြောင့်၊ ဖြစ်ပျက်ဟာ သစ္စာလေးပါးထဲ အတွင်းဝင်သောကြောင့် ရှုတဲ့ဉာဏ်ဟာ သစ္စာနုလောမိကဉာဏ် ဖြစ်ပါတယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ကောင်းပြီ၊ ဌာကဲ့သို့ ဒကာ၊ ဒကာမတွေမှာ ဩော်-အကြောင်းနှစ်ခုက အနိစ္စမို့ အကျိုးဥပေက္ခာဝေဒနာလည်း အနိစ္စရောက်ရတော့မယ်လို့ ဒကာ၊ ဒကာမတွေက ဉာဏ်နဲ့ ရှုလိုက်တော့ ဒီဉာဏ်သည် ဝိပဿနာဉာဏ်က ဖုံးတယ်။ ဒါကြောင့် "သစ္စာနု လောမိက ဉာဏ်ဆိုဝိပဿနာ ဉာဏ်" ဩော်- သစ္စာနုလောမိကဉာဏ် ဆိုတာ တခြားလားမှတ်နေတယ်၊ ဝိပဿနာရှုတဲ့ဉာဏ်ပဲ (မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

သစ္စာနုလောမိကဉာဏ်ဆိုတာ ဘာပါလိမ့် (ဝိပဿနာဉာဏ်ပါ ဘုရား)။ ဝိပဿနာဉာဏ် (မှန်ပါ့)။ ဝိပဿနာ ရှုနေတာ၊ မောင်သစ်တို့ ရှုနေတဲ့ဉာဏ်၊ မောင်ချစ်စိန်တို့ ရှုနေတဲ့ ဖြစ်ပျက်မြင်တဲ့ ဉာဏ်ကို ဆိုပါတယ် (မှန်လှပါ ဘုရား)။

ဖြစ်ပျက်က ဒုက္ခသစ္စာကိုး (မှန်ပါ့)။ ဒုက္ခသစ္စာ ဆိုတော့ သစ္စာကိုသိနေတဲ့ အဓိပ္ပာယ်မရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။

အဲ- သစ္စာကိုသိနေတဲ့ အဓိပ္ပာယ်ရောက်ပြီးသကာလ နေသောကြောင့် ဩော်- တို့သစ္စာနုလောမိကဉာဏ် လုပ်နေတာပါကလားလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

လပြည့်ဝန်းမင်း (ဇလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

သစ္စာက သစ္စာ၊ အနုလောမိက က လျော်တာ၊ သစ္စာနဲ့ လျော်တဲ့ဉာဏ် သစ္စာသိတဲ့ဉာဏ် ရနေတယ်လို့ နောက်က ဒကာ၊ ဒကာမတွေ မှတ်ပါနော် (မှန်ပါ့ ဘုရား)။

ဖြစ်မှု ပျက်မှု မမြင်ဘဲနဲ့ သစ္စာသိတာ ရှိသေးတယ်လို့ အောက်မေ့မနေနဲ့တော့ (မှန်ပါ့)။ ဖြစ်ပျက်တာ ဒုက္ခသစ္စာပဲ။ အင်း- ဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲ ဆိုကတည်းက သစ္စာကို သိပြီးသားဖြစ်နေပြီလို့သာ ဆုံးဖြတ်ချက် ချပါတော့ (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ဒါကလေးတွေကလည်း သေသေချာချာ အရေးကြီးပြီး သကာလနေတော့ ဒကာ၊ ဒကာမတို့ သစ္စာနုလောမိက ဉာဏ်၊ မင်းတို့ဟာ သစ္စာမရောက်သေးပါဘူးလို့ သူများက ပြောလို့ရှိရင် ဖြစ်ပျက်တာ သစ္စာနဲ့လျော်တဲ့ဉာဏ်ပဲ၊ သစ္စာနုလောမိကဉာဏ်လို့ သေသေချာချာ မှတ်ကြ (မှန်ပါ့)။

ဖြစ်ပျက်တာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာ သိတဲ့ဉာဏ်က တို့ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ပဲ သွားဖြစ်တော့ သစ္စာနဲ့ လျော်တဲ့ဉာဏ်ပဲ သွားဖြစ်တယ် (မှန်ပါ့)။ မရှင်းကြသေးဘူးလား (ရှင်းပါပြီ ဘုရား)။

အဲဒါကြောင့် သစ္စာနဲ့ လျော်တဲ့ဉာဏ် ရနေတော့ သစ္စာဉာဏ် ရနေတဲ့ ဒကာ၊ ဒကာမတွေက အင်း- သစ္စာသိစရာ ကျန်သေးတယ်လို့ ဒီလိုအာသီသ မထားနဲ့ (မှန်ပါ့)။ တို့ သိနေပြီလို့သာလျှင် ဆုံးဖြတ်ချက်ချ (မှန်ပါ့ ဘုရား)။

ဒီလို သိပြီးလို့ရှိရင် သစ္စာပိုင်ပိုင်နိုင်နိုင်သိရင် ဒါ နိဗ္ဗာန် ပေါ်လာမှာပဲ (မှန်ပါ့)။ ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင် သိပြီးလို့ရှိရင် ဆုံးသွားတာပဲ၊ ဆုံးသွားရင် နိရောဓသစ္စာ ဒီနေရာ အစားထိုးပြီး ပေါ်လာတာပဲဆိုတော့ သေသေချာချာ မှတ်ပါ (မှန်လှပါ ဘုရား)။

ဒီနေ့ပြောနေတာက စာကိုက သဘောပါလို့ သဘော်စွေပါ ထည့်ပြောနေရတယ်လို့ မှတ်ပါ (မှန်ပါ့)။

ကဲ- ဒါဖြင့် ဒကာ၊ ဒကာမတွေ သန္တာန် ဥပေက္ခာဝေဒနာပေါ်လာပြန်တော့လည်း ဒီနှစ်ကြောင်းကြောင့် ပေါ်လာတယ် (မှန်ပါ့)။ ကိုယ်နဲ့ဖဿ (မှန်ပါ့)။ ကိုယ်ရှိလို့သာ ကိုယ်ပေါ်မှာ သူပေါ်ရတာကိုး (မှန်ပါ့)။

အင်း- ဖဿနဲ့ တွေ့ထိမပေးလို့ရှိရင် ဝေဒနာ ပေါ်နိုင်ပါ့မလား (မပေါ်နိုင်ပါ ဘုရား)။ အဲဒါကြောင့် ကိုယ်နဲ့ဖဿ နှစ်ခုကြောင့် ဒကာ၊ ဒကာမတွေ ဥပေက္ခာဝေဒနာ ပေါ်ပါတယ် (မှန်ပါ့)။ ရှင်းပြီ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အကြောင်းနှစ်ခုကိုက အနိစ္စဖြစ်လေသောကြောင့် အကျိုးဥပေက္ခာ ဝေဒနာတွေဟာလည်း ဘာဆိုကြမလဲ (အနိစ္စပါ ဘုရား)။

ဩော်- အနိစ္စက မွေးလို့ပေါ်ရတဲ့ ဝေဒနာဟာ အနိစ္စဓာတ်ပါ။ သူ့ကို ဘာမှ နာမည်ပေးစရာ မလိုတော့ဘူး (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

အနိစ္စနှစ်ခုက မွေးလိုက်လို့ ပေါ်လာတဲ့ ဥပေက္ခာဝေဒနာကို နိစ္စများ ဖြစ်လေရော့လားလို့ ဒကာ၊ ဒကာမတွေ ဒီဒိဋ္ဌဝင်စရာ မလိုပါဘူး (မလိုပါ ဘုရား)။ အနိစ္စက မွေးလို့ သူ့ကို ဘုယ်နှယ်ဆိုကြမယ် (အနိစ္စပါ ဘုရား)။ အနိစ္စပဲလို့ ဆိုတဲ့ဥစ္စာ မောင်ချစ်စိန် ရှင်းသွားပြီ (ရှင်းပါပြီ ဘုရား)။

ကာယကလည်း ဘာတုံး အနိစ္စ၊ ဖဿကကော (အနိစ္စပါ ဘုရား)။ သူတို့နှစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာကော (အနိစ္စပါ ဘုရား)။ သူတို့နှစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာကော (အနိစ္စပါ ဘုရား)။

အနိစ္စပဲလို့ဆိုတော့ ဩော်- ဒီလိုကာလနဲ့လည်း မင်းတို့သိလို့ရှိရင် မဂ်ဖိုလ်ရပါတယ်ကွာလို့ ဝေဒနာသံယုတ်မှာ ဆက်ဟောပြန်တယ် (မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီ)။

ဒါတ သံသယပါ၊ သိမ်းပြီးကြည့်တဲ့ သံသယတွေပါ သတ်ပြီးသကာလ ရှင်းရှင်းကြည့်နိုင်တဲ့ ဉာဏ်ပေးတဲ့နေ့ဆိုလို့ ရှိရင်လည်း မောင်ချစ်စိန် မလွဲဘူး (မလွဲပါ ဘုရား)။ မလွဲတော့ဘူးတဲ့ (မှန်ပါ့)။

ကိုင်း- ဒါဖြင့် ဒကာ၊ ဒကာမတွေ ဥပေက္ခာဝေဒနာလည်း အကြောင်းနှစ်ခုကြောင့် ပေါ်သောကြောင့် ပေါ်လာတဲ့ ဥပေက္ခာဝေဒနာကလေးဟာလည်းတဲ့ အနိစ္စပဲလို့ သိပါဆိုတော့ ဥပေက္ခာဝေဒနာက ဖြစ်ပျက် အနိစ္စ၊ ရွှတာက မဂ္ဂဆိုသဖြင့်တဲ့ ဥပေက္ခာဝေဒနာ ပေါ်တိုင်း ပျက်တိုင်း မသိလို့ ရှိရင် မသိတဲ့ အဝိဇ္ဇာကာလမှာ ဖြစ်နေလို့ ယခုတော့ သူ အကြောင်းက အနိစ္စမို့ ဥပေက္ခာဝေဒနာ အနိစ္စလို့ ဒကာ၊ ဒကာမတွေက ရှုလိုက်တော့၊ သိနေတော့ အဝိဇ္ဇာလည်း ချုပ်သွားတယ် (မှန်ပါ့)။

ဒါဖြင့် အဝိဇ္ဇာချုပ်တော့ သခါရက မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)။ အဲဒါကြောင့် ပဋိစ္စသမုပ္ပာဒ်ကို ဥပေက္ခာ ရှုပြန်လည်း အစက ပြတ်တယ် (မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။ ပဋိစ္စသမုပ္ပာဒ်က ဘယ်က ပြတ်သလဲ (အစက ပြတ်ပါတယ်)။ အစက ပြတ်တယ် (မှန်ပါ့)။

ဘယ်ဝေဒနာ ရှုလိုက်တာတုံး (ဥပေက္ခာဝေဒနာ ရှုလိုက်တာပါ ဘုရား)။ ဥပေက္ခာဝေဒနာကို ဖြစ်ပျက်ရှုလိုက်တာ၊ အကြောင်းအကျိုးနဲ့တကွ သိမ်းဆည်းပြီးသကာလ ရှုလိုက်တာ၊ ဒကာ ဒကာမတွေ အဝိဇ္ဇာနုသယ ချုပ်ပါတယ် (မှန်ပါ့)။ သဘောပါပလား (ပါပါပြီ)။ မချုပ်ပါနဲ့ဆိုလို့ (မရပါ ဘုရား)။

မရဘူး၊ အဝိဇ္ဇာချုပ်တော့ သူမှမရှိလို့ရှိရင်ဖြင့် သခါရက ငါချည်း ခန္ဓာဖြစ်အောင် လုပ်ဦးမယ်ဆိုတော့ ရပါ့မလား (မရပါ ဘုရား)။ မရဘူးတဲ့၊ 'အဝိဇ္ဇာနိရောဓာ သခါရ နိရောဓော'လာဖြစ်ရတယ် (မှန်ပါ့)။ သဘောပါပလား (ပါပါပြီ)။

အဝိဇ္ဇာ နိရောဓာ (သခါရနိရောဓောပါ ဘုရား)။ အဲ- သခါရနိရောဓော ဆိုကတည်းက ဘဝဖြစ်တဲ့ ဝိညာဏ်တွေ

www.burmeseclassic.com

www.burmeseclassic.com

လာသေးရဲ့လား (မလာပါ ဘုရား)။ အဲ- 'သခ်ီရနိရောဓာ ဝိညာဏနိရောဓော' ဆိုတော့ ဝိညာဏ် မချုပ်ဘူးလား (ချုပ်ပါတယ် ဘုရား)။

အဲဒီမှာ ထင်ရှားရှိတော့ ဒကာ၊ ဒကာမတို့ ဒီကာလနဲ့လည်း ကြည့်တဲ့အဓိပ္ပာယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဝေဒနာသံယုတ်မှာ ဟောပြန်တော့ အကြောင်းနှစ်ခု ပေါင်းပြီးဖြစ်တဲ့ အကျိုးတစ်ခုသည်ကားလို့ဆိုရင် တစ်ကာလတည်း ချုပ်တာပဲ (မှန်ပါ့)။ တစ်ကာလတည်းနော်၊ ပစ္စုပ္ပန် တစ်ကာလတည်းမှာ ဖြစ်သည်။ တစ်ကာလဇာတ်းမှာပဲ ချုပ်သည်၊ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

အကြောင်းနှစ်ခုကလည်း ပစ္စုပ္ပန်ကာလပဲ (မှန်ပါ့)။ ပေါ်လာတဲ့ အကျိုးကလေးကကော (ပစ္စုပ္ပန်ကာလပါပဲ)။ အကြောင်းချုပ်သွားတာလည်း ပစ္စုပ္ပန်ကာလပဲ၊ အကျိုးချုပ်တာကော (ပစ္စုပ္ပန်ကာလပါပဲ ဘုရား)။

အဲဒီကာလကို ဒီလိုကာလကလေးနဲ့လည်း မင်းတို့ကွာတဲ့၊ အာဂမေယျ - ဆိုင်းငံ့ပြီးသကာလ ရှလိုက်လို့ရှိရင်ဖြင့် ဥပေက္ခာရှလိုက်တော့ အဝိဇ္ဇာအနုသယ သေသကွတဲ့ (မှန်ပါ့ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ဥပေက္ခာရှလိုက်တော့ (အဝိဇ္ဇာနုသယ သေပါတယ် ဘုရား)။ အဝိဇ္ဇာနုသယ သေတယ်ဆိုကတည်းက ဒကာ၊ ဒကာမတွေက မှတ်လိုက်တာပေါ့ 'အဝိဇ္ဇာနိရောဓာ သခ်ိရနိရောဓော၊ သခ်ိရနိရောဓာ ဝိညာဏနိရောဓော' ဆိုတော့ ဩော်- ပဋိစ္စသမုပ္ပာဒ်ကြီးဟာ အဝိဇ္ဇာက စတာ၊ အစက ပြတ်တယ် (မှန်လှပါ ဘုရား)။ သဘောကျပလား (တျပါပြီ ဘုရား)။

ခုနင်္ကတုန်းက အစက ပြန်ကြည့်စို့၊ သုခဝေဒနာ ရှတုန်းက ပဋိစ္စသမုပ္ပာဒ် အလယ်က ပြတ်တယ် (မှန်ပါ့)။ ဒုက္ခဝေဒနာ ရှတုန်းက ပဋိစ္စသမုပ္ပာဒ် အဆုံးနားက ပြန်မပတ်နိုင်အောင်ဘဲ၊ ပြတ်ထွက်သွားတယ်ဆိုတာ သဘောပါပလား (ပါပါပြီ)။ ပြန်ပြောကြစမ်းတဲ့၊ သုခဝေဒနာ ရှလိုက်တဲ့အခါ ပဋိစ္စသမုပ္ပာဒ် ဘယ်ကပြတ်သတုံး (အလယ်က ပြတ်ပါတယ် ဘုရား)။ တဏှာဥပါဒါန်ဆိုတော့ ကာမရာဂါနုသယက စပြတ်တယ် (မှန်ပါ့)။ ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)။

တစ်ခါ ဒုက္ခဝေဒနာကို ရှလိုက်ပြန်တော့ကော ဘယ်ကနေ စပြတ်သတုံး (အဆုံးကနေ ပြတ်ပါတယ်)။ ပေါ်ကြပြီနော် (ပေါ်ပါပြီ ဘုရား)။ တစ်ခါ သွားပါဦးတဲ့၊ ဥပေက္ခာဝေဒနာကို ဒကာ၊ ဒကာမတွေက အကြောင်းချုပ်လို့ အကျိုးချုပ်တယ်လို့ သိသိ သိသိပြီးနေလို့-ဥပေက္ခာဝေဒနာ ပေါ်ပျောက်သည်ကို ဒကာ၊ ဒကာမတွေက ရှလိုက်ပြန်လို့ရှိရင်လည်းတဲ့ အဝိဇ္ဇာနုသယက နောက်က ဖြတ်ပစ်လိုက်ပြန်တော့ အဝိဇ္ဇာချုပ်တော့ ပဋိစ္စသမုပ္ပာဒ် အစကနေ ချုပ်ပြန်တယ်ဆိုတဲ့ဥစ္စာ အထင်အရှားဖြစ်နေတယ် (မှန်ပါ့)။

ဒါကြောင့် မှတ်လိုက်ကြစမ်းပါ၊ ဝေဒနာနုပဿနာကို ဘုရားဟောတော်မူခြင်းသည် လောဘ၊ ဒေါသ၊ မောဟ သေဖို့ (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဘယ်နှယ်ကြောင့်တုံး (လောဘ၊ ဒေါသ၊ မောဟ သေဖို့ပါ ဘုရား)။ ဒါက ဝေဒနာသုံးပါးသာ လှည့်ရှနေ (မှန်ပါ့)။ လောဘ၊ ဒေါသ၊ မောဟ မသေပါနဲ့လို့ဆိုလို့ ရသေးရဲ့လား (မရပါ ဘုရား)။

အဲဒါကြောင့် လောဘဟာ ဒကာ၊ ဒကာမတွေ၏ သံသရာရေသောက်မြစ် (မှန်ပါ့)။ ဒေါသဟာလည်း ဒီအတိုင်းပဲ၊ မောဟဟာလည်း ရေသောက်မြစ်ဆိုတော့ မောင်ချစ်စိန် ရေသောက်မြစ်သုံးခု ပြတ်သွားပြီ (မှန်ပါ့)။ ခန္ဓာပင် ပေါက်စရာ ရှိသေးရဲ့လား (မရှိပါ ဘုရား)။

ခန္ဓာပင်မှ မပေါက်ဘဲနဲ့ ခန္ဓာအို၊ ခန္ဓာနာ၊ ခန္ဓာသေ ဆိုတာတွေကော (မလာပါ ဘုရား)။ မလာနိုင်တော့ဘူးဆိုတဲ့ အဓိပ္ပာယ် ရှင်းသွားပါတယ် (မှန်ပါ့)။ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် 'ကာလံအာဂမေယျ' ဆိုတဲ့အတိုင်းတဲ့ ကာလနဲ့ ရှလိုက်ပြန်လို့ရှိရင်လည်း အကြောင်းနဲ့အကျိုး ဆက်ဆက်ပြီးသကာလ အကြောင်းချုပ်လို့ အကျိုးချုပ်တာပဲ၊ အလကားချုပ်တာ မဟုတ်ဘူး။ ဖြစ်စေတဲ့အကြောင်းကိုက အနိစ္စဖို့ ဖြစ်စေတဲ့ အကျိုးအနိစ္စလို နေ့တိုင်း မင်းတို့ဝေဒနာသုံးပါး လှည့်ရှစမ်းပါတဲ့ (မှန်ပါ့)။ ဒီလိုဆိုရင်လည်း လောဘ၊ ဒေါသ၊ မောဟ သေပါတယ်။ အနုသယသုံးပါး သေပါတယ်တဲ့ (မှန်ပါ့)။ ပေါ်ကြပလား။

အနုသယ ဘယ်နှပါးသေသလဲ (သုံးပါးသေပါတယ် ဘုရား)။ သုံးပါးလည်း ဘယ်သူ ဘယ်သူတုံးဆိုတော့ လောဘ၊ ဒေါသ၊ မောဟပါပဲ (မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သတ္တဝါတို့၏ ရေသောက်မြစ်ကလည်း ဘယ်သူတုံး (လောဘ ဒေါသ မောဟပါ ဘုရား)။ လောဘ၊ ဒေါသ၊ မောဟ သေပါတယ် ဆိုကတည်းက ဒီဝေဒနာဟာ စိတ်ကိုပါ ရှနိုင်တယ်လို့သာ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့ ဘုရား)။

အကုန်ပါတာပဲ၊ ဝေဒနာရှလည်း စိတ်ပါတာပဲနော် (မှန်လှပါ ဘုရား)။ ကြိုက်ရာကိုသာရှ (မှန်ပါ့)။ ပေါ်လို့ ကိုယ့်ဉာဏ်ထဲ ထင်မြင်တာကို ရှပေးပါ (မှန်ပါ့)။ သဘောပါကြလား (ပါပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့်ကွာတဲ့၊ ငါ မင်းတို့ကို ဥပမာကလေးနဲ့ ပြပါဦးမယ်၊ ဒီဝေဒနာကို ရှနည်းကိုဆိုတော့ ရှေးကတော့ အခုလို ဓာတ်မီးတွေမရှိတော့ ဆီခွက်ထဲ ဆီမီးခွက်ထဲ ဒကာ၊ ဒကာမတွေ ဆီကလေးထည့်တယ်၊ မီးစာကလေးထည့်တယ်၊ ပြီးတော့ မီးထွန်းတယ်နော် (မှန်ပါ့)။

အဲဒီတော့ ဆီမီးခွက်ထဲ ဆီထည့်၊ မီးစာထည့်၊ မီးညှိတယ် မောင်သစ် (မှန်ပါ့)။ အဲဒီမှာ ဆီကလည်း နဂိုက

www.burmeseclassic.com

www.burmeseclassic.com

ပျောက်ပျက်တတ်တဲ့၊ ခန်းတတ်တဲ့တရား (မှန်ပါ့)။ မီးစာကလည်း မီးလောင်လို့ရှိရင် ပျောက်တတ် ပျက်တတ်တဲ့တရား (မှန်ပါ့)။

အဲဒီတော့ ဆီနဲ့မီးစာတွေဟာ အနိစ္စ၊ ပျောက်ပျက်တတ်တဲ့တရားက ဖြစ်စေတဲ့ မီးကျမှ ခိုင်ချင် မြဲချင်လို့တော့ မရဘူးကွတဲ့ (မှန်ပါ့)။ ဘုရားက ဥပမာပေးလိုက်တယ် (မှန်ပါ့)။ ဒီသုတ်မှာပဲ ပေးလိုက်တာပဲ (မှန်ပါ့ ဘုရား)။

ကိုင်း- ဒါဖြင့် ဒကာ၊ ဒကာမတို့ ဆီကလည်း အနိစ္စ၊ မီးကလည်း အနိစ္စဆိုတော့ မီးကျမှ နိစ္စဆိုချင်လို့ ဘယ့်နယ်ဆိုကြမလဲ (မရပါ ဘုရား)။ နိစ္စဆိုတဲ့ ခိုင်မှု မြဲမှု ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါ ဘုရား)။ မဖြစ်နိုင်ဘူးကွ။

ဘာကြောင့်တုံးဆိုတော့ ဆီကလည်း အနိစ္စ၊ မီးစာကလည်း အနိစ္စ ဖြစ်နေတော့ မီးကျမှ ခိုင်ချင်တယ်၊ မြဲချင်တယ်၊ တည်တံ့ချင်တယ် ဆိုလို့ရှိရင်ဖြင့်တဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဟေ့တဲ့ (မှန်လှပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။

ဒီမှာလည်း ဝေဒနာကွန္ဓာကြီးဟာ ဆီနဲ့တူတဲ့ ကိုယ်ကလည်း အနိစ္စ ဟုတ်လား (မှန်ပါ့)။ မီးစာတူတဲ့ ဖဿကကော (အနိစ္စပါ ဘုရား)။ အနိစ္စဖြစ်နေတော့ မီးနဲ့တူတဲ့ ဝေဒနာကွန္ဓာ သဘောကြီးတွေက မောင်သစ်တို့ ခိုင်ချင်၊ မြဲချင်၊ တည်တံ့ချင်လို့ ရကြပါ့မလား (မရပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တယ်လည်း ဥပမာ အပေးကောင်းပါကလား (မှန်ပါ့)။ ဥပမာပေးအင်မတန်ကောင်းတော့ ဟုတ်လည်းဟုတ်ပြီးသကာလ နေတယ်၊ အကြောင်းကလည်း မှန်နေတယ်ဆိုတော့ ဒကာ၊ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ကိုယ်တည်းဟူသော ဆီ၊ မီးစာတည်းဟူသော ဖဿ၊ သူတို့နှစ်ခုက ဖြစ်စေတဲ့ မီးနဲ့တူတဲ့ ဝေဒနာဟာ မောင်ချစ်စိန် ဘယ်နည်းနဲ့ ခိုင်မလဲ (မခိုင်ပါ ဘုရား)။

ဘယ့်နယ်ကြောင့်လဲ ဆီက အနိစ္စ၊ မီးစာကလည်း (အနိစ္စပါ ဘုရား)။ မီးဟာလည်း ဘယ့်နှယ်တုံး (အနိစ္စပါ ဘုရား)။ အဲ- ထို့အတူပဲ ကိုယ်ကလည်း အနိစ္စ၊ ဖဿကလည်း အနိစ္စဆိုတော့ ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာသုံးမျိုးစလုံး ဘယ့်နှယ်ဆိုကြမလဲ (အနိစ္စပါ ဘုရား)။

အနိစ္စချည်းပဲလို့ ဒကာ၊ ဒကာမတွေက ရှုကြမယ်၊ မှတ်ကြမယ် ဆိုလို့ရှိရင်ဖြင့်ကွာတဲ့၊ ဒါ နိဗ္ဗာန်ပေါက်ပါတယ်တဲ့ (မှန်ပါ့)။ နိဗ္ဗာန်ပေါက်တယ်၊ မပေါက်ဘူး ဆိုတာကတော့ အားလုံး ဒကာ၊ ဒကာမတွေ ဉာဏ်နဲ့စဉ်းစားကြည့်တော့ ကိုယ့်ပဋိစ္စသမုပ္ပာဒ် ကိုယ်ရှင်းကြည့်လိုက်တဲ့အခါကျတော့မှ ဩော် - သုခဝေဒနာရှိတော့ လောဘရှုပ်တယ်၊ ဒုက္ခဝေဒနာရှိတော့ ဒေါသရှုပ်တယ်၊ ဥပေက္ခာဝေဒနာရှိတော့ မောဟရှုပ်တယ် ဆိုတော့ လောဘ၊ ဒေါသ၊ မောဟကြောင့် ခက်နေတာကိုး (မှန်လှပါ ဘုရား)။

လောဘ၊ ဒေါသ၊ မောဟကြောင့်သာ သံသရာခရီးသည် အိုလိုက်၊ နာလိုက်၊ သေလိုက်၊ မျောလိုက်၊ ပြောလိုက်၊ မျက်ရည်ကြီးယိုကျလိုက်၊ အနိုးတောင်နှယ်ပုံလိုက် ဒီလိုဖြစ်နေတာ (မှန်ပါ့)။ ဒီလောဘ၊ ဒေါသ၊ မောဟတွေကနော် (မှန်လှပါ ဘုရား)။

အခုတော့ ဒါတွေက ရှိသေးရဲ့လား (မရှိပါ ဘုရား)။ ဟာ- ဝေဒနာဖြစ်ပျက်၊ သုခဖြစ်ပျက် ရှုလိုက်တော့ ကာမရာဂါနုသယဆိုတဲ့ လောဘ (သေပါတယ်)။ ဒုက္ခဝေဒနာရှုလိုက်တော့ ပဋိဃာနုသယဆိုတဲ့ ဒေါသ မသေဘူးလား (သေပါတယ်)။ ဥပေက္ခာရှုလိုက်တော့ အဝိဇ္ဇာနုသယ ဆိုတဲ့ မောဟ (သေပါတယ်)။ မသေဘူးလား (သေပါတယ် ဘုရား)။

သေတော့ ဒကာ၊ ဒကာမတွေ၊ လောဘ၊ ဒေါသ၊ မောဟဟာ ကျုပ်တို့၏ ရန်သူအကြီးဆုံးဆိုတော့ ဒီဝေဒနာသုံးခုကို ပေါ်ရာ လိုက်ရှုနေလိုက်လို့ရှိရင် ရန်သူအကြီးဆုံး သုံးယောက်ကို မဂ်ကသတ်ပေးတယ် (မှန်ပါ့)။

ဘယ်သူက သတ်ပါလိမ့် (မဂ်က သတ်ပါတယ် ဘုရား)။ မဂ်က သတ်ပစ်လိုက်တော့ကိုတဲ့၊ မိစ်သည် ကိလေသာ သတ်တယ်ဆိုတဲ့ဟာ ဒီမှာပေါ်လာတယ် (ပေါ်ပါတယ် ဘုရား)။ မဂ်ဟာ ဒကာ၊ ဒကာမတို့ဟာတဲ့ (ကိလေသာသတ်ပါတယ် ဘုရား)။

ကိလေသာ သတ်တယ်လို့ဆိုတဲ့အတိုင်းလည်း ကိလေသာ သုံးမျိုး ကုန်သွားတယ် (ကုန်ပါတယ် ဘုရား)။ ကိလေသာ သုံးမျိုး (ကုန်သွားပါတယ် ဘုရား)။ ကုန်သွားတော့ နာမည်ပြောင်းထားတာပါနော် (မှန်ပါ့)။

'ကလံ အာဂမေတွာ ဥပ္ပဇ္ဇတိတိ အတ္ထော' ဆိုတဲ့ အတိုင်း ခန္ဓာကိုယ် လှည့်လည်သုံးသပ်နေမယ်ဆိုတော့ အခုတော့ ကိုယ်ပါ အနိစ္စ၊ ဖဿပါ အနိစ္စဆိုတော့ ဘယ်ဟာ ကျုပ်တို့ဟာ ခင်တာပါသေးသတုံး (မပါပါ ဘုရား)။

အဲဒီတော့ အနုသယ ဘယ်သွားကိန်းမလဲ (မကိန်းပါ ဘုရား)။ ကိန်းစရာ ရှိသေးရဲ့လား (မရှိပါ ဘုရား)။ အဲဒီတော့ ကိုတဲ့ ငါပေးတဲ့ ဥပမာအတိုင်းသာ မင်းတို့ မှတ်ကြပေတော့တဲ့။ ကိုယ့်ဝမ်းထဲ ထည့်တဲ့ဆီကလည်း အနိစ္စ၊ မီးစာကလည်း အနိစ္စ၊ အလင်းနဲ့တူတဲ့ ဝေဒနာသည် ဘယ်မှာသာလျှင် နိစ္စဖြစ်နိုင်ပါ့မလဲ၊ အနိစ္စသာ ဧကန်ပဲလို့ မင်းတို့သိလိုက်လို့ရှိရင် တစ်ခါတည်းကွာတဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ သံသရာရေသောက်မြစ်ကြီး သုံးခုဟာ သံသရာဒုက္ခ ပေးလေသမျှ ရေသောက်မြစ်သုံးခုက ဆိုတဲ့အတိုင်း ရေသောက်မြစ်သုံးခုဟာ ပြတ်တောက်ပြီး ထွက်သွားတယ်ဆိုတာ ဒကာ၊ ဒကာမတွေ ရှင်းသွားပြီ (ရှင်းပါပြီ ဘုရား)။ မရှင်းဘူးလား (ရှင်းပါတယ် ဘုရား)။

အေး- ရှင်းသွားတော့ကိုတဲ့ ငါ နိဗ္ဗာန်ရောက်ပုံကလေးကိုပါ ပြောပါမယ်ကွာတဲ့(မှန်ပါ့)။ သဘောကျပလား(ကျပါပြီ)။

www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်ရောက်ပုံကလေးကို မင်းတို့ကို ငါရှင်းပြဦးမယ်ဟေ့တဲ့။ ဒီဝေဒနာ ဒီဘက်က သေတော့ ကူညီနိုင်သေးရဲ့လား (မကူညီနိုင်ပါ ဘုရား)။ အနုသယသုံးပါး သေကြသကွတဲ့။ အနုသယ သုံးပါး သေတော့ကို အနုသယ သုံးပါးက နောက်က သေတာ၊ ဝေဒနာက ရှေ့က သေတာ (မှန်ပါ့)။ မဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။

တို့ ၂ နဲ့ ၃ မကူးရအောင် ကြိုးကလေးဖြတ်လိုက်တဲ့ မင်္ဂလေး ဝင်လာတော့ ကာမရာဂါနုသယလည်း မလာ၊ ပဋိဃာနုသယလည်း (မလာပါ ဘုရား)။ အဝိဇ္ဇာနုသယကော (မလာပါ ဘုရား)။ မလာဘူးတဲ့၊ အဲဒီတော့ကိုတဲ့ ရှေ့တဲ့ယောဂီ ပုဂ္ဂိုလ်က ကဲကွာ ဝေဒနာတွေကဖြင့် အကြောင်းအနိစ္စမို့ အကျိုးက အနိစ္စလို့မြင်ပြီး၊ အကြောင်းဒုက္ခမို့ အကျိုးဒုက္ခလို့ မြင်ပြီး အကြောင်းအနတ္တမို့ အကျိုးအနတ္တလို့ မြင်ပါပြီတဲ့။ ဒီဝေဒနာတွေကို (မှန်ပါ့ ဘုရား)။

မြင်တဲ့အခါကျတော့ ဒီဝေဒနာတွေမြင်လို့ ယထာဘူတဉာဏ် ရပါတယ်။ ဒီဝေဒနာတွေပင်လျှင် သတ္တဝါတွေ သေသမျှ သူတို့သုံးဦး နှိပ်စက်တာပဲ (မှန်ပါ့)။ သတ္တဝါ သေလေသမျှ (ဒီသုံးဦး နှိပ်စက်တာပဲ ဘုရား)။ သုံးဦးနှိပ်စက်တာပဲ၊ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဝေဒနာနဲ့ သေကြတယ်မဟုတ်လား (မှန်ပါ့)။ လူတစ်ယောက် သေတယ်ဆို ဘာဝေဒနာတုံးလို့ ဝေဒနာပဲ မေးတာပဲ (မှန်ပါ့)။ လူမေးရသလား၊ ဝေဒနာမေးရသလား (ဝေဒနာ မေးရပါတယ် ဘုရား)။

ဟာ- ဒါဖြင့် လောကကြီးထဲမှာ သုံးဆယ့်တစ်ဘုံမှာ အသက်အရွယ်တွေကြီးတဲ့ ပုဂ္ဂိုလ်တူသရွေ့မှာဖြင့် မောင်သစ် ဝေဒနာဟာ သေမင်းပဲ (မှန်ပါ့)။ သတ်တဲ့သေဓင်းပဲ (မှန်ပါ့)။ သဘောပါကြပလား (ပါပါပြီ)။

ဝေဒနာဟာ ဘာခေါ်ကြမယ် (သတ်တဲ့သေမင်းပါ ဘုရား)။ သတ်တဲ့သေမင်းပဲဆိုတာ အတော်ရှင်းသွားပါတယ် (မှန်လှပါ ဘုရား)။

အဲဒီတော့ ဒီဝေဒနာကို ကျုပ်တို့က ဖြစ်ပျက် မြင်လိုက်တယ်။ ဒီဝေဒနာလည်း ဖြစ်ပျက်မုန်းလိုက်တယ်၊ ကျုပ်တို့က ဒီဝေဒနာတွေကိုဖြင့် မင်းဟာ ဒုက္ခသစ္စာတွေပဲ၊ မင်းကိုတော့ နည်းနည်းမှ တို့မလိုချင် မရချင်ပါဘူး။ သူသတ်ယောက်ျား မှန်း သိပါတယ်ဆိုတော့ ဝေဒနာက အရင်ချုပ်တယ် (မှန်ပါ့)။ မချုပ်ဘူးလား (ချုပ်ပါတယ် ဘုရား)။

ဝေဒနာချုပ်သွားတော့ကိုတဲ့ ခန္ဓာကိုယ်ကြီးထဲမှာ ငြိမ်းအေးသွားတယ် (မှန်ပါ့)။ ငြိမ်းအေးသွားတယ်တဲ့၊ အဲဒီတော့ အဲဒီငြိမ်းအေးသွားတော့ ဘယ်နှယ်ကြောင့် ငြိမ်းအေးသွားပါလိမ့်မတုံးဆိုတော့ သူသတ်ယောက်ျားတွေ မရှိတော့ ငြိမ်းအေးပြီး သကာလ သွားတော့ လောကီ ဥပမာ ငါပြလိုက်ပါဦးမယ်ကွာတဲ့။ အိုးသည် အိုးတွေဖုတ်တဲ့အခါကျတော့ အိုးဖိုထဲကနေပြီး ညှပ်ကြီးနဲ့ အပြင်ဘက်ထုတ်တဲ့အခါကျတော့ အိုးတွေဟာ အိုးတော့ ရှိတော့ရှိတာပဲတဲ့ အပူဓာတ်တွေ ငြိမ်းသွားတယ် (မှန်ပါ့)။

အပူဓာတ်တွေ ဘယ့်နှယ်တုံး (ငြိမ်းသွားပါတယ် ဘုရား)။ ထို့အတူပဲတဲ့ ဝေဒနာမရှိတော့ ဝမ်းထဲက အပူဓာတ်တွေဟာ ငြိမ်းသွားခြင်းကြောင့် ဝေဒနာချုပ်အောင် ရှုနိုင်ရင် ဝမ်းထဲ အေးသွားတာပဲ (မှန်ပါ့)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။ ဝေဒနာချုပ်အောင် ရှုနိုင်ရင် (အပူဓာတ်တွေ အေးသွားပါတယ် ဘုရား)။

ဝမ်းအေးသွားတယ်၊ နဂိုက အိုးဖိုထဲတုန်းကတော့ ပူနေမှာပေါ့ (မှန်ပါ့)။ နောက် ပြင်ဘက်ကျတော့ ဒါကလေးတွေ ထုတ်လိုက်တဲ့အခါကျတော့ ဘယ်သူက အေးအောင် လုပ်ရသေးတုံးဆိုတော့ ဒကာ၊ ဒကာမတွေ သိတဲ့အတိုင်းပဲ ပြင်ဘက်ရောက်ပြန်တော့လည်း အေးသွားတာပဲ (မှန်ပါ့)။

ထို့အတူပဲတဲ့ ဝေဒနာချုပ်အောင် ရှုနိုင်လို့ရှိရင် ဝမ်းထဲမှာ အေးရမယ် (မှန်ပါ့)။ ဝမ်းထဲမှာ အေးသွားတော့ ဘုရားက ဟောထားတယ်၊ အေးငြိမ်းတာ မုချဖြစ်စေနိုင်တယ်ကွတဲ့ (မှန်ပါ့)။ အဲဒီ အေးငြိမ်းတာသည်ပင်လျှင် မင်းတို့သည်ကား လို့ဆိုရင် ဝေဒနာချုပ်သွားတာက နိဗ္ဗာန်၊ အေးငြိမ်းတာက ကိလေသာ သိမ်းတာပဲတဲ့ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။ ဝေဒနာကချုပ်တာက (နိဗ္ဗာန်ပါ)။ အေးငြိမ်းသွားတာက (ကိလေသာ သိမ်းတာပါ)။ ကိလေသာသိမ်းတော့ ဒါ မင်္ဂလာပေါ်တယ် (မှန်ပါ့ ဘုရား)။

ကိလေသာ သိမ်းတော့ မင်္ဂလာပဲ၊ အေးငြိမ်းတာပဲ ဆိုတာ မပေါ်လာသေးဘူးလား (ပေါ်လာပါပြီ ဘုရား)။ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ ဒီဝေဒနာ ရှုလို့ရှိရင်ဖြင့် ဒီလိုပဲ အေးငြိမ်းနိုင်ပါတယ်။ အေးငြိမ်းသည့်တိုင်အောင် မင်းတို့ ယထာဘူတဉာဏ်နဲ့ကြည့်၍ နိဗ္ဗိန္ဒဉာဏ်နဲ့လိုက်၊ မင်္ဂလာနဲ့ မလိုချင်တဲ့ သဘောနဲ့သာ မင်းရှုလို့ရှိရင် ဝေဒနာအကုန်သိမ်းသွားမယ်၊ အေးသွားတာပဲတဲ့ (မှန်ပါ့)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။

ဝေဒနာအကုန်သိမ်းရင် (အေးသွားပါတယ် ဘုရား)။ အေးသွားတယ်ဆိုတဲ့ သဘောသည် ဒကာ၊ ဒကာမတွေ ဘာဖြစ်လို့ အေးရသတုံးဆိုတော့ နှိပ်စက်တတ်တဲ့ သေမင်း ပျောက်သွားလို့ အေးတာမျိုး (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ဘယ်လိုရှုရမှာတုံး၊ မေးစရာ မလိုဘူးလား၊ သုခလာလည်း ဖြစ်ပျက်ရှုရုံပဲ (မှန်ပါ့ ဘုရား)။ အဲဒီဖြစ်ပျက်က ဘာတုံး၊ သူ့အကြောင်းက ဖြစ်ပျက်မို့ သူလည်း ဖြစ်ပျက် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ဒုက္ခလာလည်း (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

အင်း- ဘယ့်နှယ်ကြောင့် ဖြစ်ပျက်သွားပါလိမ့် (သူ့အကြောင်းကဖြစ်ပျက်မို့ သူလည်းဖြစ်ပျက်ပါ)။ သူ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

နှစ်ခုကိုက ဖြစ်ပျက်မို့ သူ့အကျိုးတရားဟာ (ဖြစ်ပျက်ပါ ဘုရား)။ အဲ- ဥပေက္ခာဝေဒနာ လာလည်း ဘယ်လိုလုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်ပဲ ရှုရမယ်တဲ့ (မှန်ပါ့ ဘုရား)။ အင်း- သံသယရှိလာရင် ဘယ်လိုဉာဏ်နဲ့ သိမ်းရမယ် (သူ့အကြောင်း ဖြစ်ပျက်မို့ သူလည်း ဖြစ်ပျက်ပါ ဘုရား)။

သူ့အကြောင်းနှစ်ခုကိုက ဖြစ်ပျက်မို့ သူကလည်း ဖြစ်ပျက်ရတာပဲ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။ ဤကဲ့သို့ ရှုရှု ရှုရှုပြီးသကာလ နေလိုက်လို့ရှိရင်ဖြင့် အနုသယ သုံးပါးဟာ နောက်က အကုန်သေပါတယ် (မှန်ပါ့)။ မသေသေးဘူးလား (သေပါတယ်)။ အဲဒီတော့ ပဋိစ္စသမုပ္ပဒ်သုံးမျိုး မပြတ်ဘူးလား (ပြတ်ပါတယ် ဘုရား)။

ဒါ ပဋိစ္စသမုပ္ပဒ် သုံးမျိုးပြတ်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ပဋိစ္စသမုပ္ပဒ် ပြတ်တဲ့အချိန်မှာ ဘုရားဖြစ်တယ် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဘုရား ဘယ်အချိန်ဖြစ်ပါလိမ့် (ပဋိစ္စသမုပ္ပဒ် ပြတ်တဲ့အချိန်မှာ ဖြစ်ပါတယ် ဘုရား)။ တကယ်ပြတ်တဲ့အချိန်၊ ဒေါသ ပြတ်တဲ့အချိန်၊ မောဟပြတ်တဲ့အချိန်မှာ သူသည် ဘာဖြစ်ရသတုံး (ဘုရား ဖြစ်ရပါတယ် ဘုရား)။

ဩော်- သူ့မှာ မဂ်ဉာဏ်က ဒါတွေဖြတ်လိုက်တဲ့အခါကျမှ သဗ္ဗညုတဉာဏ်က ပေါ်လာမယ် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။ ဒါဖြင့် ဒီဒကာ၊ ဒကာမတွေ ယနေ့ တရားနာရမှုသည် ထူးထူးခြားခြား နိဗ္ဗာန်လည်း ပေါ်လာတယ်၊ အနုသယ သိမ်းပုံလည်း ပြတယ်၊ အကြောင်းအနိစ္စမို့ အကျိုးအနိစ္စလို့ ဘုရားက ဟောတော့ ကာလတစ်ပြိုင်နက် ရှုမှုကိုလည်း သိစေလို့၍ ဟောတယ် (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ကာလ တစ်ပြိုင်နက် ကြည့်ပါ။ အကြောင်းကာလနဲ့ အကျိုးကာလတို့ တစ်ပြိုင်နက်ပဲ မဟုတ်လား (တစ်ပြိုင်နက်ပါ ဘုရား)။ အကြောင်းကာလလည်း ပစ္စုပ္ပန်၊ အကျိုးချုပ်တဲ့ကာလကော (ပစ္စုပ္ပန်ပါ)။ အကြောင်းချုပ်တဲ့ ကာလကကော (ပစ္စုပ္ပန်ပါ)။ အကျိုးချုပ်တဲ့ ကာလကကော် (ပစ္စုပ္ပန်ပါ ဘုရား)။ အဲဒီတော့ ဒီကာလကို မင်းတို့မလွန်အောင် ကြည့်ပေးစမ်းပါ (မှန်ပါ့)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။

ကာလမလွန်အောင် ကြည့်နည်းကတော့ဖြင့် ခုနင်က အတိုင်း ပေါ်လာရှု ပေါ်လာရှု ပေါ်လာရှု ကာလလွန်စရာ ရှိသေးရဲ့လား (မရှိပါ ဘုရား)။

ကာလလွန်စရာ မရှိလို့ ဖြစ်ရင်ဖြင့် ဝေဒနာဆုံး နိဗ္ဗာန်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

က- ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။

ဓမ္မဒါန

❑

အကြောပြင်ဆရာကြီး ဦးအေးထွန်း

(အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး

- ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်း ကောင်းအောင် ကူညီနေပါသည်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ၊ လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် ➤➤ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြို့ပြင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း) **ဖုန်း** - ၀၉-၇၃၂၄၄၄၂ ၀၉-၂၅၀ ၁၅၄၇၅၈

www.burmeseclassic.com

www.burmeseclassic.com

ဥူးသုမင်္ဂလ (ဒယ်ဒုံးဆဝရာဇာတော်)

ဟောကြားတော်မူသော တရားတော်

အရိုအသေ အလေးအမြတ်

(ယခင်လမှ အဆက်)

ဒီကောင်းကျိုး ဆိုးပြစ်ကို မြတ်စွာဘုရားက ကောင်းစွာ သိ၊ မသိ (သိပါတယ် ဘုရား)။

မြတ်စွာဘုရားက အပြစ်ရှိတယ်လို့ ပြောတဲ့အရာသည် အမှန်တကယ် အပြစ်ရှိရဲ့လား (ရှိပါတယ် ဘုရား)။ အပြစ်မရှိဘူးလို့ ပြောရင် (မရှိပါဘူး ဘုရား)။ မြတ်စွာဘုရားက အပြစ်ရှိတယ်ဆိုတဲ့ အလုပ်ကို လုပ်ရမှာလား၊ အပြစ်ကင်းတယ်ဆိုတဲ့ အလုပ်ကို လုပ်ရမှာလား (အပြစ်ကင်းတယ်ဆိုတဲ့ အလုပ်ကို လုပ်ရမှာပါ ဘုရား)။

www.burmeseclassic.com

သမ္မာသမ္ဗုဒ္ဓဘုရား၊ လောကမှာ မြတ်စွာဘုရား မသိတာ၊ မမြင်တာ (မရှိပါဘူး ဘုရား)။ သိတော်မူ မြင်တော်မူသော အရှင်မြတ်ကြီး ပြောစကား ငါတို့ ဘာမှစောဒကတက် နေစရာ (မလိုပါဘူး ဘုရား)။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကြီး မျှော်မှန်းပြီးတော့လည်း အလေးအမြတ် ပြုသင့်၊ မပြုသင့် (သင့်ပါတယ် ဘုရား)။ တန်ဖိုးထားဖို့ ထိုက်၊ မထိုက် (ထိုက်ပါတယ် ဘုရား)။

အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော - အသိနဲ့ အကျင့်နဲ့ ပြည့်စုံတယ်။ အခု ခင်ဗျားတို့ ကုသိုလ် မသိဘူးလား (သိပါတယ် ဘုရား)။ အကုသိုလ် မသိဘူးလား (သိပါတယ် ဘုရား)။ သိသလောက် ကျင့်နိုင်သလား။ ဒါကိုယ့်ဟာကိုယ် ဆန်းစစ်ကြည့်။

မြတ်စွာဘုရား ဘယ်လောက် ကြည်ညိုဖို့ကောင်းလဲ။ သိတဲ့အတိုင်း ကျင့်တယ်၊ ကျင့်တဲ့အတိုင်း သိတယ်။ ဝိဇ္ဇာ-အသိနဲ့ ပြည့်စုံတယ်။ စရဏ - အကျင့်နဲ့ ပြည့်စုံတယ်။

မြတ်စွာဘုရားမှာ ချို့ယွင်းနေတဲ့ သီလ၊ လိုအပ်နေတဲ့ သမာဓိ၊ မပြည့်စုံတဲ့ ပညာ (မရှိပါဘူး ဘုရား)။ ကျေနပ်သလား (ကျေနပ်ပါတယ် ဘုရား)။ ဒါဖြင့် ဝိဇ္ဇာနဲ့လည်း ပြည့်စုံတယ်၊ စရဏနဲ့လည်း ပြည့်စုံတယ်။ မြတ်စွာဘုရားက အသိနဲ့ အကျင့်နဲ့ ပြည့်စုံသလို အခု ခင်ဗျားတို့၊ ကျွပ်တို့ ဘုရားသားတော်တွေသည်လည်း အသိနဲ့အကျင့် ပြည့်စုံခြင်းငှာ ထိုက်၊ မထိုက် (ထိုက်ပါတယ် ဘုရား)။ ပြည့်စုံရန် ကျင့်သင့်၊ မကျင့်သင့် (ကျင့်သင့်ပါတယ် ဘုရား)။ သဘောပေါက်သလား (ပေါက်ပါတယ် ဘုရား)။

အဲဒါ အရှင်သာရီပုတ္တရာ အရှင်မြတ်ကြီး စဉ်းစားတာဟာ ဦးပဉ္စင်းတို့၊ သူတော်ကောင်းတို့အတွက် အင်မတန် အကျိုး ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။

ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော - မြတ်စွာဘုရားသည် မကောင်းတဲ့စကားကို ဆိုလား၊ ကောင်းတဲ့စကားကို ဆိုလား (ကောင်းတဲ့စကားကို ဆိုပါတယ် ဘုရား)။ မြတ်စွာဘုရား အနှစ်သာရ မဲ့တဲ့စကား (မပြောပါဘူး ဘုရား)။

နတ္ထိဒဝါ၊ နတ္ထိရဝါ၊ နတ္ထိအပ္ပဋိ နတ္ထိ ဝေဝါယိသတ္တံ နတ္ထိ အဗျာဝဋမနော၊ ဓာရဏာပရိတ်ကြီးမှာ ရွတ်နေတာ မရှိ ဘူးလား (ရှိပါတယ် ဘုရား)။

မြတ်စွာဘုရား ရယ်ချင် မြူးချင်တဲ့စိတ်နဲ့ စကားပြောတာ မရှိဘူး၊ ပြောင်စေ ပြက်စေနဲ့ စကားပြောတာ မရှိဘူး၊ သိမ်ဖျင်းပေါ့ပြက်တဲ့စကား ပြောတာ မရှိဘူး၊ ကုန်းတိုက်တဲ့ စကား ပြောတာ မရှိဘူး။

မြတ်စွာဘုရား နှုတ်တော်က ထွက်သောစကား အခု ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဝိဋ္ဌကတ်သုံးပုံ မပြောဘူးလား (ပြောပါတယ် ဘုရား)။

အဲဒီ ဝိဋ္ဌကတ်သုံးပုံ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဆိုတာ မြတ်စွာဘုရား နှုတ်တော်က ထွက်လာတဲ့ စကားအားလုံးကို မှတ်တမ်းတင်ထားတာ၊ အဲဒီ နှုတ်တော် ထွက် စကားအားလုံးဟာ ဘာဖြစ်သွားလဲ (တရား ဖြစ်သွားပါတယ် ဘုရား)။

အဲဒါ သုဂတောဂုဏ်တော်ကြီးနဲ့ ပြည့်လို့ပေါ့။ အဲဒီ ဂုဏ်ကျေးဇူးကြီးကို တစိမ့်စိမ့်ငေးပြီးတော့ တစ်ခါတည်း ပွားများနေမှ မြတ်စွာဘုရားကို ဘယ်လောက် အလေးအမြတ် ပြုသင့်တယ်ဆိုတာ ပေါ်မှာ ခင်ဗျား။

သုဂတော ဂုဏ်တော်ဟာ မြတ်စွာဘုရား နှုတ်တော်က ထွက်သမျှ စကားအားလုံးဟာ မကောင်းသောစကားမပါ။ အကျိုးမရှိသော စကားမပါတဲ့အတွက် စကားအားလုံးကို တရားလို့ သတ်မှတ်လိုက်တာ၊ သုဂတဂုဏ်တော်ကြီးကို မှန်းမျှော်ပြီးတော့ ပူဇော်ခြင်း၊ အလေးအမြတ်ပြုခြင်း ထိုက်၊ မထိုက် (ထိုက်ပါတယ် ဘုရား)။

ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သော မြတ်စွာဘုရားရဲ့ တပည့် ငါသည် မကောင်းသောအမှုကို ပြုခြင်းငှာ မသင့်။ မြတ်စွာဘုရား ဂုဏ်တော်တွေကို ရည်မှန်းပြီးတော့ ကိုယ့်ဘဝ အကုသိုလ်ကင်းအောင်၊ ကုသိုလ်တိုးပွားအောင် ရွက်ဆောင်လို့ ရ၊ မရ (ရပါတယ် ဘုရား)။ ဒါဖြင့် မြတ်စွာဘုရားကို အလေးအမြတ်ပြုခြင်းငှာ ထိုက်၊ မထိုက် (ထိုက်ပါတယ် ဘုရား)။

လောကဝိဒူ- မြတ်စွာဘုရားသည် လောကသုံးပါးကို အကုန်အစင် သိ၊ မသိ (သိတော်မူပါတယ် ဘုရား)။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက လောကကြီးသုံးပါးလုံးကို မြတ်စွာဘုရားက မသိတာ မရှိပါဘူး။ လောကသုံးပါးလုံးမှာ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရား၊ လောကကို ရှေ့ဆောင်နိုင်တဲ့ ဘုရားရဲ့ တပည့်သည် မိုက်မဲသော ပုဂ္ဂိုလ်တွေ ဖြစ်သင့်၊ မဖြစ်သင့် (မဖြစ်သင့်ပါ ဘုရား)။ ဒါဖြင့် လိမ္မာပါးနပ်ဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။

လိမ္မာပါးနပ်ဖို့ဆိုတာ လောကဝိဒူ - လောကရဲ့ရှေ့ဆောင် ဘုရားရှင်ရဲ့ တပည့်သားတွေ ဖြစ်တဲ့အတွက် ကိုယ့်ဘဝအတွက် အကျိုးစီးပွားဆုတ်ယုတ်မယ့် အကုသိုလ်အလုပ်မျိုး မလုပ်ဘူး။ ကိုယ့်ဘဝအတွက် အကျိုးစီးပွားတိုးပွားမယ့် ကုသိုလ်အလုပ်မျိုးကို ရွေးချယ်ကြိုးစားပြီးတော့ လုပ်ရမှာ။

စကားပြော ကုသိုလ်ဖြစ်အောင်ပြော၊ အကုသိုလ်ကင်းအောင် ပြောမယ်။ စိတ်ကြံ ကုသိုလ်ဖြစ်အောင် ကြံမယ်။ အကုသိုလ်ကင်းအောင် ကြံမယ်။ လက်ကလုပ် ကုသိုလ်ဖြစ်အောင် လုပ်မယ်။ အကုသိုလ်ကင်းအောင် လုပ်မယ်။ ရှင်းလား (ရှင်းပါတယ် ဘုရား)။ သဘောကော ပေါက်သလား (ပေါက်ပါတယ် ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

လောကဝိဒူ - လောကသုံးပါးဌ် ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရား၊ လောကသုံးပါးကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား၊ အနုတ္တရော ပုရိသ ဒမ္မ သာရထိ - မယဉ်ကျေးသေးတဲ့ လူယောက်ျား၊ နတ်ယောက်ျား တွေကို လိမ္မာယဉ်ကျေးအောင် ဆုံးမနိုင်စွမ်း ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။

ရှိတယ်ဆိုရင် ခင်ဗျားတို့ ဗုဒ္ဓဘာသာဝင်၊ ဗုဒ္ဓဘာသာဝင်ဆိုရင် မြတ်စွာဘုရား လောကမှာ မလိမ္မာ မယဉ်ကျေးသူတွေကို လိမ္မာယဉ်ကျေးအောင် ဆုံးမနိုင်စွမ်း ရှိတယ်ဆိုရင် မြတ်စွာဘုရားကို မပြစ်မှားမိပါစေနဲ့။ မြတ်စွာဘုရား ဆုံးမ မရတဲ့အထဲ ကိုယ်မပါစေနဲ့။

မြတ်စွာဘုရား ဆုံးမတဲ့ဘဝ သူတော်ကောင်းတို့ ရ၊ မရ (ရပါတယ် ဘုရား)။ ရနေရင် ယဉ်ကျေးအောင် ဆုံးမတော်မူတဲ့ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်တဲ့အတွက် ယဉ်ကျေးရန် သင့်၊ မသင့် (သင့်ပါတယ် ဘုရား)။

အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဒေဝ မနုဿာနံ - လူ နတ်များစွာ သတ္တဝါတို့ရဲ့၊ သတ္ထာဒေဝ မနုဿာနံ - ဆရာသမား၊ ရှေ့ဆောင်လမ်းပြ ဆရာသမား မြတ်စွာဘုရားသည် နိဗ္ဗာန်ကို သူတစ်ပါးတည်းကြွသွားတာလား၊ တပည့် သာဝကတွေကို တစ်ပါတည်း ခေါ်သွားတာလား (တစ်ပါတည်း ခေါ်သွားတာပါ ဘုရား)။ လမ်းပြမှု ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။

အဲတော့ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို တစ်ပါးတည်း စံတော်မူတဲ့ မြတ်စွာဘုရားလား၊ အားလုံးကို စံနိုင်အောင် လမ်းပြတော်မူတာလား (အားလုံး စံနိုင်အောင် လမ်းပြတော်မူပါတယ် ဘုရား)။ အခု ခင်ဗျားတို့ ဘုရားဖြစ်အောင် ကျင့်လို့ ရ၊ မရ (ရပါတယ် ဘုရား)။ ဘုရားဖြစ်အောင် ကျင့်နည်းတွေကော လမ်းညွှန်မှု ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။

အဲဒါ ဘုရား၊ အတုမရှိ ဘုရား၊ ငါတို့ ဘုရား ဘယ် ဘုရားနဲ့မှ မတူဘူး။ ငါတို့ဘုရားသည် ဘုရားဖြစ်ချင်ရင် ဖြစ်အောင် လုပ်လို့ရတယ်။ အဲတော့ လမ်းမပြဘူးလား (ပြပါတယ် ဘုရား)။

ဘုရားဖြစ်နည်းအထိ လမ်းပြတယ်ဆိုရင် ကျန်တာ ပြောစရာမလိုတော့ဘူး။ နိဗ္ဗာန်မင်္ဂဖိုလ်ရော လမ်းပြမှု ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ သောတာပန်ဖြစ်နည်း၊ သကဒါဂါမ် ဖြစ်နည်း၊ အနာဂါမ်ဖြစ်နည်း၊ ရဟန္တာဖြစ်နည်း၊ နတ်ပြည်ရောက်နည်း၊ ဗြဟ္မာပြည်ရောက်နည်း (ရှိပါတယ် ဘုရား)။

သတ္ထာဒေဝမနုဿာနံ၊ ဝေဒမနုဿာနံ - လူနတ် သတ္တဝါတို့ရဲ့ ဆေးသမားသဖွယ် ဆရာကြီး၊ လမ်းပြပုဂ္ဂိုလ်ကြီး ရှင်းတယ်နော်။

ပုဒ္ဓေါ - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား သစ္စာမသိရင် ဘုရားမဖြစ်ဘူး၊ အခု သစ္စာသိလို့ ဘုရားဖြစ်တယ်။

အခု ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာကြီးက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)။ အဲဒါ ဘယ်သူပြောသွားတာတုံး၊ မြတ်စွာဘုရား ပြောသွားတာ၊ မှန်ကော မမှန်ဘူးလား (မှန်ပါတယ် ဘုရား)။

အခု ခင်ဗျားတို့ ခန္ဓာကြီးက ဘာသစ္စာ (ဒုက္ခသစ္စာ)။ ဒီခန္ဓာကို ဖြစ်စေတာက သမုဒယသစ္စာ၊ သမုဒယရှိလို့ (ဒုက္ခ ဖြစ်တာပါ ဘုရား)။ သမုဒယမရှိရင် (ဒုက္ခမဖြစ်ပါဘူး ဘုရား)။ အတိတ်က သမုဒယသစ္စာကြောင့် ဒုက္ခခန္ဓာ မရဘူးလား (ရပါတယ် ဘုရား)။ သမုဒယလုပ်ရင် ဒုက္ခရမယ်၊ သမုဒယ သိမ်းရင် (ဒုက္ခငြိမ်းပါတယ် ဘုရား)။ ဘယ်သူ ပြောသွားတုံး (မြတ်စွာဘုရားပါ ဘုရား)။

အခု ခင်ဗျားတို့ ရုပ်နာမ်ခန္ဓာငါးပါး ခန္ဓာငါးပါး မရဘူးလား (ရပါတယ် ဘုရား)။ အဲဒီရုပ်နာမ်ကို ခင်တဲ့လူနဲ့ မခင်တဲ့လူ ဘယ်သူဆင်းရဲလဲ၊ ခင်တဲ့လူက (ဆင်းရဲပါတယ် ဘုရား)။ ခင်လေလေ ဆင်းရဲလေလေပဲ၊ သားသမီး များလေလေ ဒုက္ခများလေလေ၊ ဆွေမျိုး များလေလေ ဒုက္ခများလေလေ။ မြတ်စွာဘုရားရဲ့ အဆုံးအမတွေသည် သစ္စာ ဆိုက်၊ မဆိုက် (ဆိုက်ပါတယ် ဘုရား)။ အဲဒီတော့ ဗုဒ္ဓဂုဏ်တော်ကြီးနဲ့ ပြည့်စုံ၊ မပြည့်စုံ (ပြည့်စုံပါတယ် ဘုရား)။

ဘဂဝါ - ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရားမှာ အနှိုင်းမဲ့ တန်ခိုးတွေ ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ ဒါဖြင့် တန်ခိုးရှင်ကြီးက သူတော်ကောင်းတို့ စိတ်အကြံကို သိနိုင်၊ မသိနိုင် (သိနိုင်ပါတယ် ဘုရား)။ သူတော်ကောင်းတို့ရဲ့ ပဋိသန္ဓေ နေမှုကိုကော (သိနိုင်ပါတယ် ဘုရား)။ စုတေ သေဖွားကိုကော (သိနိုင်ပါတယ် ဘုရား)။ အားလုံး မြင်နိုင်၊ မမြင်နိုင်၊ မြင်နိုင်တဲ့ပုဂ္ဂိုလ်သည် စကြဝဠာ အနန္တကိုလည်း မြတ်စွာဘုရား သိ၊ မသိ (သိပါတယ် ဘုရား)။

ဩကာသ လောကကြီးကိုလည်း မြတ်စွာဘုရား မြင်၊ မမြင်၊ သဒ္ဒါရုံ လောကကြီးကိုလည်း မြတ်စွာဘုရား တွေ့၊ မတွေ့ (တွေ့ပါတယ် ဘုရား)။ တွေ့တော့ ဘဂဝါ ဘုန်းတော်ရှင်ပီပီ မြတ်စွာဘုရား ပြောခဲ့တဲ့ စကားမှန်သမျှသည် ဘုန်းရှင် ကံရှင် တန်ခိုးရှင်ကြီးပီပီ အကုန်လုံး သူကိုယ်တိုင်မြင်လို့ ပြောခဲ့တာတွေဆိုတာ သံသယဖြစ်စရာ အကြောင်းမရှိဘူး။ ဒီတော့ မြတ်စွာဘုရား စကားကို တို့ မြေဝယ်မကျ (နားထောင်ရမယ် ဘုရား)။

အဲဒီလို စိတ်ထဲက မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို စိတ်ထဲက မျှော်မှန်းပြီးတော့ အလေးအမြတ်ပြုနေရင် မဟုတ်တာ လုပ်ရဲဦးမလား၊ ခင်ဗျားတို့ မဟုတ်တာလုပ်တာကို ဘုရား သိ၊ မသိ (သိပါတယ် ဘုရား)။ သိနေတယ်၊ မဟုတ်တာ

www.burmeseclassic.com

ပြောတာကို မြတ်စွာဘုရား မြင်၊ မမြင်၊ မြတ်စွာဘုရား ကြား၊ မကြား၊ ယုံသလား (ယုံပါတယ် ဘုရား)။ ဘယ်သူမှ မသိဘူး ထင်မနေနဲ့ ဘယ်သူသိတုံး မြတ်စွာဘုရား သိတယ်။ ဘုရား ကြည့်နေတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သက်တော် ထင်ရှား ရှိစဉ်အခါကာလက သူတပည့်ရဟန်းတွေကို မနက် တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် သုံးသပ်ပြီး ကြည့်တယ်၊ ဘယ်ရဟန်း ဘာတွေ့နေလဲ၊ ဘယ်ရဟန်း ဘာ လုပ်နေလဲ၊ ဘာကြံနေလဲ၊ အကြံမှားရင် ချက်ချင်းဆုံးမတယ်။ အလုပ်မှားရင် ချက်ချင်းဆုံးမတယ်။

ဒါဖြင့် မြတ်စွာဘုရားသည် ဘုန်းတော်ခြောက်စုံနဲ့ ပြည့်စုံ၊ မပြည့်စုံ၊ ပြည့်စုံရင် ငါတို့ရဲ့စိတ်အကြံကို မြတ်စွာ ဘုရား သိ၊ မသိ (သိပါတယ် ဘုရား)။ ငါတို့ရဲ့ မဟုတ်မမှန် လုပ်ရပ်တွေ ဘုရား မြင်၊ မမြင် (မြင်ပါတယ် ဘုရား)။ ကျေနပ်သလား (ကျေနပ်ပါတယ် ဘုရား)။ ဒါဖြင့် ငါတို့သည် ဘယ်သူ့အရိပ်အောက်မှာ နေတာလဲ (မြတ်စွာဘုရားရဲ့အရိပ် အောက်မှာ နေတာပါ ဘုရား)။

ဒါဖြင့် မြတ်စွာဘုရားရဲ့ ဘုန်းရိပ် ကံရိပ်ဆိုတာ ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ ရှိရင် ဘုန်းရိပ် ကံရိပ်မှ မှီခိုအားထား လေးစားတန်ဖိုးထားတဲ့ ပုဂ္ဂိုလ်တွေသည် ကာယဒုစရိုက်၊ ဝစီ ဒုစရိုက်၊ မနောဒုစရိုက် ပြုသင့်၊ မပြုသင့် (ပြုသင့်ပါတယ် ဘုရား)။ ကျေနပ်သလား (ကျေနပ်ပါတယ် ဘုရား)။ ဘုရားကို အလေးအမြတ် ပြုသင့်၊ မပြုသင့် (ပြုသင့်ပါတယ် ဘုရား)။

မြတ်စွာဘုရားကို ရှိသေသဖြင့် အကုသိုလ်တွေ ကင်း ဝေးအောင်၊ ကုသိုလ်တရားတွေ တိုးပွားအောင် မြတ်စွာ ဘုရားကို အဓိပတိထား၊ ဒါ ဘယ်သူစဉ်းစားနေတာလဲ (ရွှင်သာရိပုတ္တရာ စဉ်းစားနေတာပါ ဘုရား)။ အဲတော့ မြတ်စွာဘုရားကို ရိုသေခြင်းက ထိုက်၊ မထိုက် (ထိုက်ပါတယ် ဘုရား)။

နောက် (၂) တရားတော် (၃) သံယာ (၄) သိက္ခာ သုံးပါး၊ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ သိက္ခာ သုံးပါးကို တန်ဖိုးထားဖို့ရာ သင့်၊ မသင့် (သင့်ပါတယ် ဘုရား)။ ဘုရားကိုလည်း တန်ဖိုးထားရမယ်၊ တရားကိုလည်း တန်ဖိုး ထားရမယ်၊ သံဃာကိုလည်း တန်ဖိုးထားရမယ်၊ သိက္ခာကို လည်း တန်ဖိုးထားရမယ်၊ သမာဓိ သမာဓိဆိုတာ ဖြောင့်မတ် မှန်ကန်ရမယ်။

အခု ငါတို့ဘဝသည် လူဘဝ၊ ဘာသာသည် ဗုဒ္ဓဘာ သာ၊ မိကောင်းဖခင်သားသမီး ဆရာကောင်းတပည့်ပီပီ ဘဝ တစ်လျှောက်လုံး ဖြောင့်မတ်အောင် ကိုယ့်သမာဓိကိုယ် တန်ဖိုးထားမှ အကုသိုလ်တွေ ကင်းမယ်၊ ကုသိုလ်တွေ တိုး ပွားမယ်။

အခု ဘယ်နှချက်လဲ (ငါးချက်ပါ ဘုရား)။

(၆) အချက် အပွမာဒ အလေးအမြတ်ပြုရမယ်။ အပွမာဒဆိုတာ မမေ့တာ၊ ကိုယ့်ဘဝကိုယ်ကော မေ့သင့်သလား (မမေ့သင့်ပါဘူး ဘုရား)။ ကိုယ့်ကိုးကွယ်မှုကိုကော မေ့သင့်သလား (မမေ့သင့်ပါဘူး ဘုရား)။ အပွမာဒ ကိုယ်ကျင့် ဆောင်တဲ့ တရားကိုကော (မမေ့သင့်ပါဘူး ဘုရား)။ ငါတို့ သည် ရတနာသုံးပါးကို ကိုးကွယ်သူတွေ ဟုတ်၊ မဟုတ် (ဟုတ် ပါတယ် ဘုရား)။ မမေ့နဲ့၊ မိကောင်းဖခင် ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ မိကောင်းဖခင် သားသမီးဆိုတာ မမေ့နဲ့၊ ကျေနပ် သလား (ကျေနပ်ပါတယ် ဘုရား)။

သက္ကစ္စ ဆိုတာ ဘုရားကို ရိုသေသဖြင့် လည်းကောင်း၊ တရားကို ရိုသေသဖြင့် လည်းကောင်း၊ သံဃာကို ရိုသေသဖြင့် လည်းကောင်း ဘာလုပ်မလဲ၊ နောက် အစေ့အစပ်ပြုမှုကို ရိုသေသဖြင့်လည်းကောင်း (၇)ချက်၊ ဘယ်နှချက်လဲ (၇ ချက် ပါ ဘုရား)။ တစ်ချက်ချင်း ရှင်းသွားမှာနော်။ အဲဒီတော့ မြတ် စွာဘုရားကို ဘယ်လိုရိုသေရမလဲဆိုတာ သိပြီလား။

မြတ်စွာဘုရား ဂုဏ်တော် ဘယ်နှပါးလဲ (၉ ပါးပါ ဘုရား)။ ဂုဏ် ၉ ပါးကို အာရုံပြုပြီးတော့ ငါတို့သည် ဂုဏ် ၉ ပါးရှင် မြတ်စွာဘုရား၏ တပည့်သား သာဝကဖြစ်ခြင်း ကြောင့် ငါတို့ ကာယက်၊ ဝစီက်၊ မနောက်တိုင်းသည် ဘာ ကင်းရမလဲ (အကုသိုလ် ကင်းရပါမယ် ဘုရား)။ ဘာတိုးပွား ရမလဲ (ကုသိုလ် တိုးပွားရပါမယ် ဘုရား)။

မြတ်စွာဘုရားကို ရိုသေသဖြင့် အရိုအသေ အလေး အမြတ် ပြုခြင်းကြောင့် ငါတို့ အကုသိုလ်ပြုခြင်းငှာ မထိုက် ဆိုတဲ့ အကုသိုလ်ကင်းအောင် ရှောင်မယ်။ ကုသိုလ်တိုးပွား အောင် ကြိုးစားမယ်။

ကြိုးစားဖို့အတွက် အရိုအသေပြုဖို့က ဘယ်နှပါးလဲ (၇ ပါးပါ ဘုရား)။ ပြန်ပြောကြည့်စမ်း [(၁) မြတ်စွာဘုရားကို အရိုအသေ ပြုရပါမယ် ဘုရား (၂) တရားကို အရိုအသေ ပြုရပါမယ်-ဘုရား (၃) သံဃာကို အရိုအသေ ပြုရပါမယ် ဘုရား (၄) သိက္ခာသုံးပါးကို အရိုအသေ ပြုရပါမယ် ဘုရား (၅) သမာဓိကို အရိုအသေ ပြုရပါမယ် ဘုရား (၆) အပွမာဒ ကို အရိုအသေ ပြုရပါမယ် ဘုရား (၇) အစေ့အစပ်ကို အရို အသေ ပြုရပါမယ် ဘုရား]။ အဲတော့ ဒီနေ့ ပြီးသလောက် သွားရအောင်။

နံပါတ် (၂) ဘာကို အရိုအသေပြုရမလဲ၊ တရားကို အရိုအသေ ပြုရပါမယ်။ မြတ်ဘုရားဟောတဲ့ တရား၊ အခု သူတော်ကောင်းတို့ မှတ်သားလိုက်နာ လေ့လာကျင့်သုံးနေ တဲ့ ဓမ္မက္ခန္ဓာအားလုံးသည် ဘယ်သူ ဟောခဲ့တာလဲ (မြတ်စွာ ဘုရားပါ ဘုရား)။ အဲ သွာက္ခာတဂုဏ် - ဒီနေ့ သူတော် ကောင်းတို့ ကြားနာရတာတွေဟာ သာမညဖလဂ္ဂိုလ်တွေ စီရင် ဖန်တီးထားခဲ့တဲ့ တရားတွေလား (သဒ္ဓညတ ဉာဏ်တော်ရှင် ဟောခဲ့တဲ့ တရားတွေပါ ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

အခု သူတော်ကောင်းတို့ လိုက်နာကျင့်သုံးနေတဲ့ ဝိနည်းတရားတွေက စိတ်ကူးယဉ်တရားတွေလား၊ လောကအမှန်တရားတွေလား (လောကအမှန်တရားတွေပါ ဘုရား)။ ဘယ်သူကိုယ်တိုင် မြင်တာလဲ (မြတ်စွာဘုရား ကိုယ်တိုင်ပါ ဘုရား)။

မြင်တော်မူသော မြတ်စွာဘုရား ကိုယ်တော်တိုင် ပြောခဲ့တဲ့ စကားဖြစ်တဲ့အတွက် သွာက္ခာတဝုဏ်၊ မြတ်စွာဘုရား ကောင်းစွာဟောကြားခဲ့တဲ့ ဝုဏ်ကျေးဇူး ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။

အဲဒီတော့ ဒီတရားတော်တွေမှာ မှားယွင်းချွတ်ချော်စရာ (မရှိပါဘူး ဘုရား)။ အပြစ်အနာအဆာ (မရှိပါဘူး ဘုရား)။ အပြစ်ကင်း၊ မကင်း (ကင်းပါတယ် ဘုရား)။ မြတ်စွာဘုရားရဲ့ တရားတော်တွေမှာ ချို့ယွင်းချက် (မရှိပါဘူး ဘုရား)။ အားနည်းချက် (မရှိပါဘူး ဘုရား)။

ခေတ်တွေ ဘယ်လောက် ပြောင်းသွား ပြောင်းသွား မြတ်တရား ခေတ်မမီတော့ဘူးလို့ (မရှိပါဘူး ဘုရား)။ လိုအပ်နေသေးတယ်လို့ (မရှိပါဘူး ဘုရား)။ ကျေနပ်သလား (ကျေနပ်ပါတယ် ဘုရား)။

အဲဒီလောက်မှ မသိရင် ဘုရားနဲ့ မတွေ့ဘူးနော်။ ယုံကြည်ချက်မှ မရှိရင် ဘုရားသာသနာနဲ့ တွေ့သူလို့ ခေါ်မလား၊ မတွေ့သူလို့ ခေါ်မလား (မတွေ့သူပါ ဘုရား)။ သာသနာပဲသားတွေ ဖြစ်သွားပြီ။

မြတ်စွာဘုရား အဆုံးအမကို လိုသေးတယ်၊ ပညတ်ဦးမယ်ဆိုရင် သာသနာပ၊ မဟာယာနလမ်း၊ ထေရဝါဒနဲ့ သွေဖည်သွားပြီ၊ ရှင်းသလား (ရှင်းပါတယ် ဘုရား)။ သဘောပေါက်သလား (ပေါက်ပါတယ် ဘုရား)။

တရားတော်တွေမှာ ကြည့်လိုက်၊ သွာက္ခာတ - မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားခဲ့တဲ့ တရားတော်ဟုတ်၊ မဟုတ် (ဟုတ်ပါတယ် ဘုရား)။ ယုံသလား (ယုံပါတယ် ဘုရား)။ ယုံရင် ဒီတရားတော်တွေမှာ သန့်ရှင်းမှု ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ စင်ကြယ်မှု (ရှိပါတယ် ဘုရား)။ ထက်မြက်မှု (ရှိပါတယ် ဘုရား)။ လေးနက်မှု၊ တန်ဖိုးရှိမှု (ရှိပါတယ် ဘုရား)။

ဒါဖြင့် သွာက္ခာတဝုဏ်နဲ့ ပြည့်စုံနေတဲ့ တရားတော်တွေကို ကြားနာနေရတဲ့ ပုဂ္ဂိုလ်တွေဝိပဲ တရားနဲ့ ဆန့်ကျင်တဲ့ အလုပ်တွေ လုပ်ခြင်းငှာ ထိုက်၊ မထိုက် (မထိုက်ပါဘူး ဘုရား)။

ဘယ်သူ့ကို ဘယ်သူ တန်ဖိုးထားရမလဲ (ကိုယ့်ကိုယ် ကိုယ် တန်ဖိုးထားရပါတယ် ဘုရား)။ အခု အားကိုးရာတရား ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ လောက လမ်းညွှန်မှု ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ နိဗ္ဗာန်ရောက်ကြောင်း တရားတော်တွေကော (ရှိပါတယ် ဘုရား)။ နတ်ပြည်ရောက်ကြောင်း တရားတော်တွေကော၊ ငရဲပြည်ရောက်ကြောင်း တရားတွေကော (ရှိပါတယ် ဘုရား)။ အဲဒီတော့ တရားလမ်းညွှန်မှုက ပြည့်စုံစွာ ရှိပြီးဖြစ်တဲ့အတွက် တရားအပေါ်မှာ ဘာမှ သံသယဖြစ်စရာ (မရှိပါဘူး ဘုရား)။

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော - မြတ်စွာဘုရားရဲ့ တရားတော်တွေသည် ဘယ်သူကိုယ်တိုင် မြင်နိုင်သတဲ့း (ကိုယ်ကိုယ်တိုင် မြင်နိုင်ပါတယ် ဘုရား)။

အခု ရုပ်တရား သူတော်ကောင်းတို့မှာ ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ နာမ်ကော (ရှိပါတယ် ဘုရား)။ ရုပ်မရှိဘူးလား၊ အဲဒီရုပ် မြဲသလား (မမြဲပါဘူး ဘုရား)။ မြတ်စွာဘုရားက မြတယ်လို့ ပြောသလား၊ မမြဲဘူးလို့ ပြောသလား (မမြဲပါဘူး ဘုရား)။ ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုယ် ကြည့်တော့ကော မြတာ တွေ့လား၊ မမြတာ တွေ့လား (မမြတာ တွေ့ပါတယ် ဘုရား)။ နာမ်တရားကော ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။

အခု ခင်ဗျားတို့ တတ်သိနားလည်တဲ့ စိတ်ကလေးတွေ ရှိတယ်နော်၊ အခု ငုတ်တုတ်ထိုင် တရားနာနေတာ ရုပ်လား၊ နာမ်လား (ရုပ်ပါ ဘုရား)။ တရားသံတွေ ကြားလား (ကြားပါတယ် ဘုရား)။ ကြားတယ်လို့ သိနေတာ (နာမ်တရားပါ ဘုရား)။ ကြားနေတာ ရုပ်၊ သိနေတာက နာမ်၊ ဒါဖြင့် ရုပ်လည်းရှိတယ်၊ နာမ်လည်းရှိတယ်၊ ကိုယ်တိုင် မတွေ့နိုင်ဘူးလား (တွေ့နိုင်ပါတယ် ဘုရား)။ အဲဒီရုပ်ကော မြဲသလား (မမြဲပါဘူး ဘုရား)။ အဲဒီနာမ်ကော မြဲသလား (မမြဲပါဘူး ဘုရား)။

ဒါဖြင့် မြတ်စွာဘုရားတ မြတယ်လို့ ဟောခဲ့သလား၊ မမြဲဘူးလို့ ဟောခဲ့သလား (မမြဲဘူးလို့ ဟောခဲ့ပါတယ် ဘုရား)။ ကိုယ်တိုင်ကြည့်တော့ကော မြတာတွေ့လား၊ မမြတာတွေ့လား (မမြတာ တွေ့ပါတယ် ဘုရား)။ ရုပ်လည်း မမြဘူး၊ နာမ်လည်း မမြဘူး၊ အဲဒီရုပ် ရှိနေသေးတဲ့အတွက် ချမ်းသာသလား၊ ဆင်းရဲသလား (ဆင်းရဲပါတယ် ဘုရား)။

ဒီရုပ်ကြီးကိုတော့ နေ့စဉ်ပြုစုစောင့်ရှောက် ယုယမနေရဘူးလား (နေရပါတယ် ဘုရား)။ သူ့အတွက် လိုအင်ဆန္ဒအတွက် အစားအသောက်တွေကော မစားရဘူးလား (စားရပါတယ် ဘုရား)။ အဝတ်အစားတွေကော မဝတ်ပေးရဘူးလား (ဝတ်ပေးရပါတယ် ဘုရား)။ ရေလည်း မချိုးရဘူးလား (ချိုးပေးရပါတယ် ဘုရား)။ စားဝတ်နေရေးအတွက်ကော မရှာရဘူးလား (ရှာရပါတယ် ဘုရား)။

ဘယ်လိုလုပ်လုပ် ဒီရုပ်ကြီးက ပျိုလာသလား၊ အိုလာသလား (အိုလာပါတယ် ဘုရား)။ ကောင်းကျိုးပေးလား၊ ဆိုးကျိုးပေးလား (ဆိုးကျိုးပေးပါတယ် ဘုရား)။ ဒါဖြင့် မြတ်စွာဘုရားက သုဘလို့ဟောလား၊ အသုဘလို့ဟောလား (အသုဘပါ ဘုရား)။ ကိုယ်ကိုယ်တိုင် ကြည့်တော့ကော သုဘတွေ့လား၊ အသုဘတွေ့လား (အသုဘ တွေ့ပါတယ် ဘုရား)။ ကျေနပ်သလား (ကျေနပ်ပါတယ် ဘုရား)။

www.burmeseclassic.com

ဒါဖြင့် သန္ဒိဋ္ဌကောဂုဏ်နဲ့ ပြည့်စုံ၊ မပြည့်စုံ (ပြည့်စုံပါတယ် ဘုရား)။ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် (မကောင်းကျိုးပေးပါဘယ် ဘုရား)။ ဒါလည်း အထင်အရှားပဲ။ လူတစ်ယောက်ကို သတ်ကြည့်လေ၊ ထောင်ထဲ သွားရမလား၊ မသွားရဘူးလား (သွားရပါတယ် ဘုရား)။ အဲဒီဒုက္ခ ခံရလား၊ မခံရဘူးလား (ခံရပါတယ် ဘုရား)။ နောက် ဖြစ်လေရာဘဝမှာ အသက်တိုမယ်၊ ဒုတိယဘဝမှာ ငရဲသွားရမယ်၊ နောင် လွတ်လာစေဘဲ ဖြစ်လေရာဘဝမှာ ရန်သူပေါ့မယ်။

သူများအသက် သတ်ဖူးတဲ့လူက ဖြစ်လေရာဘဝမှာ ရန်သူပေါမယ်၊ အနာရောဂါ များမယ်၊ ဇကျနပ်သလား (ကျေနပ်ပါတယ် ဘုရား)။ သူများအသက် သတ်တဲ့လူမှာ ရန်သူမရှိဘူး၊ အသက်ရှည်မယ်၊ အနာဘေးမရှိ ဒါဖြင့် ကိုယ်တိုင် တွေ့နိုင်၊ မတွေ့နိုင် (တွေ့နိုင်ပါတယ် ဘုရား)။ သန္ဒိဋ္ဌကဂုဏ်တော်နဲ့ ပြည့်စုံ၊ မပြည့်စုံ (ပြည့်စုံပါတယ် ဘုရား)။

အဲဒီသန္ဒိဋ္ဌက ဂုဏ်တော်နဲ့ ပြည့်စုံတဲ့ တရားတော်ကြီး ရှိနေပါလျက် ခင်ဗျားတို့ ဖောက်လဲ့ဖောက်ပြန်ပြုခြင်းငှာ ထိုက်၊ မထိုက် (မထိုက်ပါဘူး ဘုရား)။ အကုသိုလ်ပြုသင့်သလား (မပြုသင့်ပါဘူး ဘုရား)။ အကုသိုလ်ပြုသင့်လောက်အောင် မိုက်မဲတဲ့ ပုဂ္ဂိုလ်တွေလား (မဟုတ်ပါဘူး ဘုရား)။ အဆုံးအမ မရှိတဲ့ လူတွေလား၊ ဒါဖြင့် ကိုယ်တိုင်မြင်နိုင်တဲ့ တရားတော်တွေ မြတ်စွာဘုရား ဆုံးမထား၊ မထား (ဆုံးမထားတော်မူပါတယ် ဘုရား)။

ကိုယ်တိုင်မြင်နေပါလျက်နဲ့ အခုဘဝမှာ စားဝတ်နေရေး အဆင်မပြေတာသည် ဘာကြောင့်တုံး၊ အတိတ်က မကောင်းလို့ ကံ စိတ် ဥတု အာဟာရ အကြောင်းတရားတွေ မဖောခဲ့ဘူးလား။ အတိတ်က ပြည့်စုံတဲ့လူတွေကျတော့ မပင်မပန်း မရှာဖွေရဘဲနဲ့ ချမ်းသာနေတဲ့ ပုဂ္ဂိုလ်တွေ ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ အဲဒါတွေ ကြည့်လိုက်တော့ ကံကို မြင်နိုင်၊ မမြင်နိုင် (မြင်နိုင်ပါတယ် ဘုရား)။

တချို့ ဘယ်လောက် ကြိုးစား ကြိုးစား တစ်သက်လုံး မအိပ်မနေဘဲနဲ့ ကြိုးစားပေမယ့် ချမ်းသာမသွားတဲ့လူတွေ အများကြီး၊ ဒါတွေ ကြည့်ခြင်းအားဖြင့် ကံတရားကို မြင်နိုင်၊ မမြင်နိုင် (မြင်နိုင်ပါတယ် ဘုရား)။ အဲဒီတော့ သန္ဒိဋ္ဌကဂုဏ်နဲ့ ပြည့်စုံ၊ မပြည့်စုံ (ပြည့်စုံပါတယ် ဘုရား)။

အကာလိကော - ဓမ္မဆိုတာ အခါမလင့် အကျိုးပေးတယ်။ အခု ခင်ဗျားတို့ စိတ်ကောင်းလေး မွေးကြည့်လိုက်။ စိတ်ကောင်း မွေးလိုက်တဲ့ တစ်ခဏမှာ သူတော်ကောင်းတို့ စိတ်ထဲမှာ ပူလောင်မလား၊ အေးချမ်းမလား (အေးချမ်းပါတယ် ဘုရား)။ ဆင်းရဲမလား၊ ချမ်းသာမလား (ချမ်းသာပါတယ် ဘုရား)။ မနက်ဖြန်မှ ချမ်းသာသလား၊ အခု ချမ်းသာသလား (အခုချမ်းသာပါတယ် ဘုရား)။ အခု လောဘဖြစ်၊ ဒေါသဖြစ်၊ မောဟဖြစ် အေးချမ်းမလား၊ ပူလောင်မလား (ပူလောင်ပါတယ် ဘုရား)။ မနက်ဖြန်မှ ပူလောင်သလား၊ အခု ပူလောင်သလား (အခု ပူလောင်ပါတယ် ဘုရား)။

အကာလိကော - အခု သူတော်ကောင်းစိတ်မွေး အခု အေးချမ်းတယ်၊ ရှင်းလား (ရှင်းပါတယ် ဘုရား)။ အခု မသူတော်စိတ်မွေး အခု ပူလောင်တယ်။ အားလုံး တွေ့နိုင်၊ မတွေ့နိုင် (တွေ့နိုင်ပါတယ် ဘုရား)။ အဲဒီတော့ ကိုယ်တိုင်လည်း မြင်နိုင်တယ်၊ အခါမလင့်လည်း အကျိုးပေးတယ်။

သန္ဒိဋ္ဌကော အကာလိကော ဟေပသဿိကော၊ ဟေပသဿိကော ဆိုတာ မြတ်စွာဘုရားရဲ့ တရားတော်တွေက ဘယ်လိုသတ္တဝါမျိုးဖြစ်ဖြစ် မယုံရင် ကိုယ်တိုင်လုပ်ကြည့်ထိုက်။ ဟေ - လာပါ။ ပသ - လုပ်ကြည့်စမ်းပါလို့ ခေါ်ခြင်းငှာ ထိုက်၊ မထိုက် (ထိုက်ပါတယ် ဘုရား)။

ဓလာကမှာရှိတဲ့ တရား၊ ဒီတရားတွေ မြတ်စွာဘုရားရဲ့ တရားတော်တွေက ဘယ်တရားနဲ့မှ မတူဘူး၊ မြတ်စွာဘုရားရဲ့ တရားတော်တွေက အားလုံးကို ဖိတ်ခေါ်နိုင်စွမ်းရှိတယ်။ သူကတော့ ယောက်ျားမို့လို့၊ မိန်းမမို့လို့ ခွဲခြားထားတာ မရှိဘူး။ သူက နတ်ဖြစ်နေလို့၊ လူဖြစ်နေလို့ ခွဲခြားထားတာ မရှိဘူး။

တိရစ္ဆာန်လည်း ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတယ်။ လူလည်း ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတယ်။ တိရစ္ဆာန်လည်း မကောင်းတာလုပ်ရင် မကောင်းကျိုးပေးတယ်။ နတ်လည်း မကောင်းတာလုပ်ရင် မကောင်းကျိုးပေးတယ်။ လူလည်း မကောင်းတာလုပ် မကောင်းကျိုးပေးတယ်၊ ယုံလား (ယုံပါတယ် ဘုရား)။

ဓမ္မမှာ ဘက်လိုက်ခြင်း မရှိပါဘူး၊ ပုဂ္ဂိုလ်လိုက်ခြင်း မရှိပါဘူး၊ အချိန်လိုက်ခြင်း (မရှိပါဘူး ဘုရား)။ ဒီအချိန်လုပ်လို့ အကုသိုလ်နည်းတယ်လို့ (မရှိပါဘူး ဘုရား)။ ဒီအချိန်လုပ်လို့ ကုသိုလ်ပိုရတယ်လို့ မရှိဘူး။ ရက်ရာဇာနဲ့ အလှူပေးလို့ ကုသိုလ်တွေ ပိုရလား၊ မရဘူး။ ရက်ရာဇာနဲ့ အကုသိုလ် ပိုလုပ်လိုက်လို့ အကုသိုလ်တွေလျော့သွားသလား၊ မလျော့ဘူးနော်။ ကုသိုလ်ဇာရားတွေအတွက် ပြဿဒါးနဲ့ လုပ်လို့ ကုသိုလ်မရတော့ဘူးလား (ရပါတယ် ဘုရား)။

ပြဿဒါးနဲ့ ဥပုသ်စောင့်ရင် ကုသိုလ်ရ၊ မရ (ရပါတယ် ဘုရား)။ အလှူလုပ်ရင် ကုသိုလ်ရ၊ မရ (ရပါတယ် ဘုရား)။ ရက်ရာဇာ၊ ပြဿဒါးနဲ့ ခင်ဗျားတို့ ဆိုင်သလား (မဆိုင်ပါဘူး ဘုရား)။

ဒါဖြင့် ဟေပသဿိကော- ကိုယ်တိုင်လာပါ၊ ရှုကြည့်စမ်းပါလို့ ခေါ်ခြင်းငှာထိုက်တယ်။ ဒါ ဓမ္မဂုဏ်တော် သက်သေပြနိုင်တယ်။ မြတ်စွာဘုရား တရားတော်တွေဟာ ယောင်ဝါးလား၊ အထင်အရှားတွေလား။ မြတ်စွာဘုရား တရားတွေဆိုတာ သဘာဝ အမှန်တရား၊ တချို့က သာသနာပျက်တယ်

www.burmeseclassic.com

www.burmeseclassic.com

ပျက်တယ်နဲ့ သာသနာက ဘယ်တော့မှ မပျက်ဘူး။ မြတ်စွာဘုရား တရားတော်တွေဟာ အဆုံးအမ သာသနာတွေ ဖြစ်တယ်။ လောကအမှန်တရားတွေ ဖြစ်တဲ့အတွက် ဘယ်တော့မှ ပျက်စီးသွားတယ်လို့ မရှိဘူး။ ဒါပေမဲ့ ပေါ်ခ်ိန်၊ ကွယ်ခ်ိန်တော့ ရှိတယ်။

အဲဒီ အဆုံးအမ သာသနာတွေ မမြင်နိုင်တော့ရင် တော့ ကွယ်ပြီ။ စာအုပ်ပုံကြီး ဘေးချပြီး သာသနာကွယ်နေတာတွေ တစ်ပုံကြီး။ အဲဒီတော့ မြတ်စွာဘုရား အဆုံးအမကို မြင်အောင်ကြည့်ဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ ဧဟိပဿိကော - ကိုယ်တိုင်လုပ်ကြည့်လိုက်ကြ၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။

ဩပနေယျိကော ဆိုတာ အခု ပညာရှိ သူတော်ကောင်းတိုင်း ကပ်ပြီး ဆောင်ထားထိုက်တဲ့ တရား၊ မခွဲခွာထိုက်တဲ့ တရား၊ တရားနှင့် အစဉ်တွဲပြီးနေရင် ဒီပုဂ္ဂိုလ်မှာ ဆင်းရဲမလား၊ ချမ်းသာမလား (ချမ်းသာပါတယ် ဘုရား)။ တရားကင်းတဲ့အခ်ိန် ဆင်းရဲတာပဲ၊ အားလုံးကော သဘော ပေါက်သလား (ပေါက်ပါတယ် ဘုရား)။ အဲဒီတော့ မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ အပြစ်အနာအဆာ ကင်းတဲ့အတွက် အစဉ်ယှဉ်တွဲပြီးနေတဲ့ ပုဂ္ဂိုလ်တွေမှာ ပူလောင်မလား၊ ချမ်းသာမလား (ချမ်းသာပါတယ် ဘုရား)။ သေချာလား (သေချာပါတယ် ဘုရား)။ ဒါဖြင့် ပူမလား၊ အေးမလား (အေးချမ်းပါတယ် ဘုရား)။ ဆင်းရဲမလား၊ ချမ်းသာမလား (ချမ်းသာပါတယ် ဘုရား)။ ယုံသလား (ယုံပါတယ် ဘုရား)။

ယုံရင် တရားလက်မလွတ်စေနဲ့၊ ဩပနေယျိကော - မမြဲကပ်ပြီး ဆောင်ထားရမယ်။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ - ပညာရှိတွေဟာ အသီးသီး ကိုယ်ဆောင်ရင် ဆောင်သလောက် ရသွားကြပြီ။ ရဟန္တာဖြစ်အောင်လုပ်တဲ့ ပုဂ္ဂိုလ်တွေကလည်း ပရိနိဗ္ဗာန်စံသွား၊ အနာဂါမ်ရအောင် ယူနိုင်တဲ့သူကလည်း ပြဟ္မာပြည်ရောက်သွားပြီး၊ ငရဲရောက်ကြောင်း လုပ်တဲ့သူတွေကလည်း ငရဲရောက်သွားတယ်။

ဒီနေ့ ဒေဝဒတ်ကြီး ဘယ်ရောက်သွားလဲ (ငရဲရောက်သွားပါတယ် ဘုရား)။ ဘယ်သူ ပို့လိုက်တာလဲ၊ သူလုပ်ထားတဲ့တရားက သူ့ကို ပို့လိုက်တာ။ မြတ်စွာဘုရား ပို့လိုက်တာလား၊ တရားက မြတ်စွာဘုရားတောင် ဆုံးဖြတ်ပိုင်ခွင့်မရဘူး။ ဒေဝဒတ်က ငါ့ယောက်ဖကြီးကွာ၊ ငရဲက လွှတ်ပေးလိုက်ပါ၊ ရမလား၊ မရဘူး၊ သဘောပေါက်သလား။ အဲဒါ တရားကွ၊ ဘက်လိုက်မှု မရှိဘူး။

အဲဒီတော့ တရားတော်ရဲ့ ဂုဏ်ကျေးဇူးတွေ ပြန်ကြည့်လိုက်ရင် အသီးသီးဆောင်ရင် ဆောင်သလောက်ဆိုတော့ အခု သူတော်ကောင်းတို့ နိဗ္ဗာန်မဂ်ဖိုလ် ရခြင်းငှာ ထိုက်၊ မထိုက် (ထိုက်ပါတယ် ဘုရား)။ အခု ကိုယ့်ဘဝလေး ကိုယ် စစ်စမ်း၊ နိဗ္ဗာန်ရဖို့ အားလုံးမှာ ထိုက်တန်မှု၊ အခု သာသနာနဲ့ ကြုံ၊ မကြုံ၊ လူအဖြစ် ရ၊ မရ၊ တရားတော်တွေနဲ့ တွေ့၊ မတွေ့ (တွေ့ပါတယ် ဘုရား)။ သေချာတယ်နော် (သေချာပါတယ် ဘုရား)။

ကိုယ် နားလည်အောင် ပြောတတ်တဲ့ ဆရာသမား (ရှိပါတယ် ဘုရား)။ ဒါဖြင့် အားထုတ်နိုင်စွမ်းကော (ရှိပါတယ် ဘုရား)။ ရှိရင် အားလုံး နိဗ္ဗာန်နဲ့ ထိုက်၊ မထိုက် (ထိုက်ပါတယ် ဘုရား)။ ဒါဖြင့် အားလုံး နိဗ္ဗာန်ရောက်မလား၊ သူများအတွက် မကြည့်နဲ့၊ ကိုယ့်အတွက် ကိုယ်ကြည့်ဖြေ၊ ခင်ဗျားတို့အားလုံးမှာ နိဗ္ဗာန်နဲ့ ထိုက်တန်၊ မထိုက်တန် (ထိုက်တန်ပါတယ် ဘုရား)။ နိဗ္ဗာန်ထိုက်တန်တဲ့ ဘဝ ရ၊ မရ (ရပါတယ် ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်ရောက်ကြမလား (ရောက်အောင် ကြိုးစားပါမယ် ဘုရား)။

ကိုယ့်အတွက် ကိုယ်ကြည့်ဖြေ။ ဒါဖြင့် အားလုံးမှာ နိဗ္ဗာန်ရနိုင်တဲ့ ကံ ပါ၊ မပါ (ပါပါတယ် ဘုရား)။ နိဗ္ဗာန်နဲ့ ထိုက်တန်၊ မထိုက်တန် (ထိုက်တန်ပါတယ် ဘုရား)။ ရောက်မလား (ရောက်အောင် ကြိုးစားပါမယ် ဘုရား)။ ကြိုးစားမယ်ဆိုရင် လူတိုင်း ရနိုင်၊ မရနိုင် (ရနိုင်ပါတယ် ဘုရား)။ ကြိုးစားရင် ဘယ်သူမဆို ရနိုင်တယ်။

ကမ္ဘာပေါ်မှာရှိတဲ့ လူတွေအားလုံးထဲမှာ ခင်ဗျားတို့က ကံကောင်းတဲ့ဘဝ၊ မြတ်စွာဘုရား သာသနာတော်နှင့် ကြုံ၊ မကြုံ (ကြုံပါတယ် ဘုရား)။ ကံဆိုးနေသလား၊ ကံကောင်းနေလား (ကံကောင်းပါတယ် ဘုရား)။

မြတ်စွာဘုရား တရားတော်တွေကို ကြားနာခွင့် ရ၊ မရ (ရပါတယ် ဘုရား)။ တရားကို မြတ်နိုးတဲ့စိတ် ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ တရားကို ကိုယ်နားလည်အောင် ဟောနိုင်တဲ့ ပုဂ္ဂိုလ်တွေ ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ တရားကို အားထုတ်နိုင်တဲ့ အရည်အချင်းကော (ရှိပါတယ် ဘုရား)။

အခု ခင်ဗျားတို့မှာ အိပ်ရာဖျာကဝ် လဲနေပြီလား၊ အသိဉာဏ် ချို့ယွင်းနေပြီလား၊ မျက်စိတွေ ကွယ်ပြီလား၊ နားတွေ ထိုင်းပြီလား (မထိုင်းသေးပါဘူး ဘုရား)။ မထိုင်းသေးရင် ခင်ဗျားတို့ နိဗ္ဗာန်ရောက်လမ်းနဲ့ ပြည့်စုံ၊ မပြည့်စုံ (ပြည့်စုံပါတယ် ဘုရား)။ ဒါဖြင့် ရမလား (ရအောင် ကြိုးစားပါမယ် ဘုရား)။ ကိုယ့်အတွက် ကိုယ်ကြည့်ဖြေ မရဘူးလား (ရပါတယ် ဘုရား)။

ဒါဖြင့် တရားတော်မှ ဩပနေယျိကော - ပစ္စတ္တံ ဝေဒိတဗ္ဗ ဆိုတာ အားထုတ်ရင် အားထုတ်သလောက် ရနိုင်ပါတယ်လို့ တရားဂုဏ်ရှိလျက်နဲ့ရအောင် မယူနိုင်တာတော့ဖြင့်ရင် တခြားလူနဲ့ ဆိုင်သလား။ ဗုဒ္ဓမြတ်စွာနဲ့ ဆိုင်သေးလား (မဆိုင်ပါဘူး ဘုရား)။ အခု မြတ်စွာဘုရား သာသနာထားခဲ့မထားခဲ့ (ထားခဲ့ပါတယ် ဘုရား)။ ဘယ်သူတွေအတွက်တုံး (ကျပည့်တော်တို့ အတွက်ပါ ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

ကျွတ်မယ့်လူတွေရှိလို့ ထားခဲ့တာ။ ဘာမှ ဆင်ခြေလဲစရာ မလိုဘူး၊ ခင်ဗျားတို့မှာ ကျွတ်ထိုက်တဲ့ကံ မပါရင် တရားနဲ့လည်း မတွေ့ဘူး၊ အခု တရားတော်နဲ့ တွေ့၊ မတွေ့ (တွေ့ပါတယ် ဘုရား)။ တွေ့ရင် ကျွတ်ထိုက်တဲ့ကံနဲ့ ပြည့်စုံမပြည့်စုံ (ပြည့်စုံပါတယ် ဘုရား)။ ပြည့်စုံရင် အသီးသီး ကိုယ့်တာဝန် ကိုယ်ယူနိုင်ရင် တရားဂုဏ်ဆိုတာ ဒါပဲ။ သွာက္ခာတော၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ကိုယ်တိုင် ကောင်းစွာ ဟောထားတော်မူသော တရားဖြစ်တဲ့အတွက် ငါတို့ အလေးအမြတ် ပြုရမယ်။

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော - ကိုယ်တိုင်မြင်နိုင်တာမို့လို့ ကိုယ်တိုင်လုပ်ကြ၊ အကာလိကော - အခုလုပ် အခုရတာကို တုံ့ဆိုင်းမနေနဲ့ လုပ်လိုက်ကြတော့၊ ဧဟိပဿိကော - သက်သေထူနိုင်တဲ့ တရား၊ ဆင်ခြေမရှိတဲ့ တရား၊ လူတကာ့အပေါ် စိန်ခေါ်နိုင်တဲ့ တရား၊ ဒီလောက်ကြီးမြတ်တဲ့ တရားကြီး ငါတို့ဆီမှာ ရှိလျက်နဲ့ ပေါ့ဆမနေပါနဲ့လို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမရမယ်။

ဩပနေယျိကော - ကပ်ပြီးတော့ ဆောင်ခြင်းငှာ ထိုက်၊ မထိုက်၊ တရားတော်နဲ့ အတူနေတဲ့သူက ပူသလား၊ အေးသလား (အေးပါတယ် ဘုရား)။ ယုံသလား (ယုံပါတယ် ဘုရား)။ ဒါဖြင့် ငါတို့ ဘာနဲ့မခွဲမခွာ နေရမလဲ၊ ဩပနေယျိက - ကပ်ပြီး ဆောင်ထားစမ်းပါ။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ - သူမျှားတွေလုပ်လို့ အသီးသီး ရဟန္တာတွေ ဖြစ်ကုန်ပြီ။ အခု ခင်ဗျားတို့ ရဟန္တာဖြစ်မယ်ဆိုရင် မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ် ဘုရား)။ ဒါဖြင့် ရဟန္တာဖြစ်အောင် လုပ်မလား၊ အေးအေးဆေးဆေးပဲ လုပ်မလား၊ ရှင်းလား။

ဒါဖြင့် ဘယ်နှချက်တုံး၊ အားလုံး အကုသိုလ်တရား ပယ်သတ်ပြီး ကုသိုလ်တိုးပွားရေးအတွက် အချက် ဘယ်နှချက်လဲ (၇ ချက်ပါ ဘုရား)။ ၇ ချက်မှာ ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ အလေးအမြတ် ပြုမယ်ဆိုရင် ရနိုင်၊ မရနိုင် (ရနိုင်ပါတယ် ဘုရား)။ အဲဒီတော့ သံဃာဂုဏ် ၉ပါးနဲ့ နောက်ပိုင်းကိစ္စ မနက်ဖြန်မှ ဆက်ကြစို့၊ ပြီးမလား၊ မပြီးမလားတော့ မသိဘူး။ မပြီးရင် နောက်ပွဲကျမှ နာကြပေါ့။ ဟုတ်ပြီလား။

အခုလောလောဆယ် မြတ်စွာဘုရားကို အလေးအမြတ်ပြုသဖြင့် ကိုယ့်ဘဝကို တည်ဆောက်လို့ ရ၊ မရ၊ တရားကို အလေးအမြတ်ပြုသဖြင့် ကိုယ့်ဘဝကို တည်ဆောက်လို့ ရတော့ အားလုံး ဘဝတိုးတက်ကြောင်း တရားဘယ်နှပါးလဲ (၇)ပါး။ အဲဒီတော့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဒီအချက် ၇ ချက်ကို စဉ်းစားမိတယ်။ ဒါတွေကိုသာ အလေးအမြတ်ပြုနေရင်၊ တန်ဖိုးထားနေရင်၊ လေးစားနေရင် ဒီပုဂ္ဂိုလ်သည် အကုသိုလ် ပယ်ခွာနိုင်ဖို့လည်း မခက်ခဲတော့ဘူး၊ ကုသိုလ်တိုးပွားဖို့လည်း မခက်ခဲတော့ဘူး။

အဲဒီလို အသိတရားတွေ ရှင်သာရိပုတ္တရာရဲ့ ဉာဏ်တော်ကြီးမှာ ပေါ်လာတော့ ငါဉာဏ်နဲ့ ငါပြောနေတာ ကိစ္စမရှိဘူးတဲ့။ သက်သေထူနိုင်ဖို့ သက်သေပြုနိုင်ဖို့အတွက် ငါမြတ်စွာဘုရား လျှောက်ရဦးမယ်။ မနက်ဖြန်ကျ မြတ်စွာဘုရား လျှောက်လိုက်ဦးမယ်။ မြတ်စွာဘုရားက သက်သေထူပေးလိုက်ဦးမယ်။ ဟုတ်ပြီနော်။

ဒါကတော့ မနုက်ဖြန်မှ နာကြ။ ဒီနေ့ ဘုရားဂုဏ်တော်ကို အာရုံပြု၍ ကိုယ့်အဝကိုယ် ထည်ဆောက်တတ်အောင် ကြိုးစား၊ တရားကို အာရုံပြု၍ အကုသိုလ်ကင်းကွာနိုင်အောင် ကြိုးစား၊ အဲဒီတော့ အလေးအမြတ်ပြုထိုက်တဲ့တရား ဘယ်နှပါးလဲ (၇)ပါး။ အဲဒီ (၇)ပါးသာ အလေးအမြတ် ပြုနေမယ်ဆိုရင် သူတော်ကောင်းတို့ ဒီဘဝ အကုသိုလ် ကင်းနိုင်၊ မကင်းနိုင် (ကင်းနိုင်ပါတယ် ဘုရား)။ ကုသိုလ် တိုးနိုင်၊ မတိုးနိုင် (တိုးနိုင်ပါတယ် ဘုရား)။ နောက်ဆုံး ဘယ်အထိရောက်နိုင်လဲ (နိဗ္ဗာန်အထိ ရောက်နိုင်ပါတယ် ဘုရား)။ ယုံလား (ယုံပါတယ် ဘုရား)။

မြတ်စွာဘုရား တရားတော်အပေါ်မှာ သံသယဖြစ်စရာ အကြောင်းမရှိဘူး။ မရှိရင် သတိထား ဝီရိယစိုက် ပညာနဲ့ကြည့်၊ ဘယ်သူ့ကို ဘယ်သူကြည့် ကိုယ့်ကိုယ်ကိုယ်ကြည့်၊ ကိုယ့်ကိုယ်ကိုယ်ကြည့်ရင် ခန္ဓာ ဘယ်နှပါး (၅ ပါးပါ ဘုရား)။ မြဲသော တရားလား၊ မမြဲသော တရားလား (မမြဲသောတရားပါ ဘုရား)။ အားလုံးက ဖြစ်ပြီးရင် (ပျက်ပါတယ် ဘုရား)။

ကဲ- ဖြစ်ပြီးပျက်ထာ ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)။ သိတဲ့ ဉာဏ်က (မဂ္ဂသစ္စာပါ ဘုရား)။ သေတာက (သမုဒယသစ္စာပါ ဘုရား)။ နောင်ခန္ဓာ မလာတာက (နိရောဓသစ္စာပါ ဘုရား)။ သစ္စာ ဘယ်နှချက်ကိုက် (လေးချက်ပါ ဘုရား)။

အေး- ဤကဲ့သို့ သစ္စာလေးချက် တစ်ပြိုင်တည်း ကိုက်မှသာလျှင် သံသရာဝဋ်အတွင်းက လွတ်ကင်းနိုင်မှာ ဖြစ်တဲ့အတွက် မမေ့မလျော့ မပေါ့ဆဲသော သတိ၊ မလျော့သော ဇွဲလုံ့လ ဝီရိယကို လက်ကိုင်ထားပြီးတော့ ဒီဘဝ ဒီခန္ဓာမစွန့်ကြခင် မြတ်စွာဘုရားကို အလေးအမြတ်ပြုသဖြင့် လည်းကောင်း၊ မြတ်ဘုရား ဟောကြားအပ်သော တရားဒေသနာတို့ကို အလေးအမြတ်ပြုသဖြင့် လည်းကောင်း၊ အကုသိုလ်ကင်းအောင်၊ ကုသိုလ်တိုးပွားအောင် ကြိုးစားကြလို့ တိုက်တွန်းရင်းနဲ့ ဒီည ဒီမျှနဲ့ နားကြစို့။

သာဓု . . . သာဓု . . . သာဓု။

ဓမ္မဒါန

❑

www.burmeseclassic.com

www.burmeseclassic.com

တေးချင်းဆိုသော ဝိဿာခ၅

ဆန်ပြုကြေးနှိုး

ဝဲအေးသိန်း

www.burmeseclassic.com

www.burmeseclassic.com

ဝိသာခါသည် လေးလတို့ပတ်လုံး ကျောင်းတွင်း၌ ဘုရားအမှုဂရိုသော ရဟန်းသံဃာတော်မြတ် အပေါင်းအား အလှူကို ပေးလှူလေ၏။ နောက်ဆုံး ဖြစ်သောနေ့၌ ရဟန်းသံဃာတော်မြတ် အပေါင်းအား သင်္ကန်းလျာပုဆိုးတို့ကို ပေးလှူ၏။ သိတင်းအငယ်ဆုံးဖြစ်သော ရဟန်း ရအပ်သော သင်္ကန်းလျာပုဆိုးတို့သည် အဖိုးတစ်ထောင် ထိုက်ကုန်သည်။

ဝိသာခါသည် ခပ်သိမ်းသော ရဟန်းတို့အား သပိတ်တို့ကို ပြည့်စေလျက် ဆေးပစ္စည်းကို ပေးလှူသည်။ ဒါနဝတ္ထုကို စွန့်လွှတ်လှူဒါန်းခြင်းအားဖြင့် အသပြာ ကိုးကုဋေတို့သည် ကုန်ခန်းခြင်းသို့ ရောက်ကုန်သည်။

ဤသို့အားဖြင့် ကျောင်းမြေကို ဝယ်ယူခြင်းဖြင့် ကိုးကုဋေ၊ ကျောင်းဆောက်လုပ်စေခြင်းဖြင့် ကိုးကုဋေ၊ ကျောင်းပူဇော်ပွဲ ကျင်းပခြင်းဖြင့် ကိုးကုဋေ၊ ဤသို့ အလုံးစုံသော နှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာတို့ကို ဝိသာခါသည် မြတ်စွာဘုရား သာသနာတော်၌ စွန့်ကြဲလှူဒါန်း၏။

မိန်းမအဖြစ်၌တည်၍ မိစ္ဆာတိဋ္ဌိအိမ်၌နေလျက် ဤသို့ သဘောရှိသော၊ များမြတ်သော စွန့်ကြဲခြင်းမည်သည် ဝိသာခါမှတစ်ပါး အခြားသောမိန်းမအား မရှိစဖူး။

ဝိသာခါသည် ကျောင်းသာမုခေါ်ခြင်း၏ ပြီးဆုံးသောနေ့၌ ညချမ်းသောအခါ သားမြေးမြစ်တို့ခြံရံလျက် -

"ငါသည် ရှေး၌ အကြင်အကြင်ဆုကို တောင့်တအပ်၏။ ထိုသို့ အလုံးစုံသော ဆုသည် အထွတ်အထိပ် ပြည့်စုံခြင်းသို့ ရောက်ပေသည်" ဟု ကျောင်းပြာသာဒ်ကို အစဉ်လှည့်လည်ကာသွားလျက် "ကဒါဟံ ပါသာဒံ ရမ္မံ" အစရှိသော ဂါထာတို့ဖြင့် အသံသာယာစွာ မြွက်ကြားကျူးရင့်သည်။

ရဟန်းတော်များသည် ထိုဝိသာခါ၏ ဂါထာရွတ်ဆိုသော အသံကိုကြား ရလျှင် မြတ်စွာဘုရားအား ဤသို့ နားတော်လျှောက်သည်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် ဤမျှအတိုင်းအရှည်ရှိသော ကာလပတ်လုံး ဝိသာခါဒါယိကာမ၏ သီချင်းသီဆိုခြင်း မည်သည်ကို မကြားဖူးပါ၊ ထိုဝိသာခါသည် ယနေ့ သားမြေးမြစ်တို့ ခြံရံကာ သီချင်းသီဆိုလျက် ကျောင်းပြာသာဒ်ကို အစဉ်လှည့်လည်ပါသည်၊ ထိုဝိသာခါအား သည်းခြေသည်မူလည်း ပျက်စီးပါလေသလော၊ ထိုသို့မဟုတ် ရူးသွပ်ခြင်းသည်လည်း ဖြစ်ပါလေသလော ဘုရား"

ရဟန်းတို့ လျှောက်ထားကြသည်ကို မြတ်စွာဘုရားက ဤသို့ ပြန်လည် မိန့်ကြားတော်မူ၏။

"ချစ်သား ရဟန်းတို့၊ ငါ၏သမီး ဝိသာခါသည် သီချင်းသီဆိုသည်မဟုတ်၊ ထိုဝိသာခါအား မိမိ၏အလိုဆန္ဒ ပြည့်ဝလေပြီ၊ ထိုဝိသာခါသည် 'ငါ၏ တောင့်တအပ်သော ဆုတောင်းခြင်းသည် အထွတ်အထိပ် အပြီးအဆုံးသို့ ရောက်ရပေပြီ' ဟု နှစ်သက်ဝမ်းမြောက်သော စိတ် ရှိသည်ဖြစ်၍လျက် ဥဒါန်းသီကုံးကျူးရင့်၍ လှည့်လည်ပတ်သွားလာနေခြင်းဖြစ်၏"

"မြတ်စွာဘုရား၊ အဘယ်အခါ အဘယ်ကာလ၌ ထိုဝိသာခါသည် ဆုတောင်းခြင်းကို တောင့်တဖူးပါသနည်း ဘုရား"

မြတ်စွာဘုရား၏ မိန့်တော်သံအဆုံးတွင် ရဟန်းတော်များက မေးမြန်းလာသဖြင့် ရှင်တော်မြတ်ဘုရားက ပြန်လည် မေးမြန်းတော်မူ၏။

"ချစ်သားရဟန်းတို့၊ နာကြားလိုကုန်သလော"

"နာကြားလိုကြပါကုန်သည် မြတ်စွာဘုရား"

ရဟန်းတော်များက ဝိသာခါ၏ အတိတ်ဇာတ်ကို သိလိုကြသဖြင့် မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူသည်။

"ချစ်သားရဟန်းတို့၊ ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရာမြတ်စွာဘုရားသည် လောကဌ ထင်ရှားပွင့်တော်မူ၏။

ထိုပဒုမုတ္တရ မြတ်စွာဘုရား၏ အသက်တော်ကား အနှစ်တစ်သိန်း ဖြစ်ပေသည်၊ အခြံအရံအဖြစ် ရဟန္တာ တစ်သိန်းရှိသည်၊ နေပြည်တော်ကား ဟံသာဝတီ အမည်ရှိသည်၊ ခမည်းတော်၊ မယ်တော်တို့ကား သုနန္ဒာမင်းကြီးနှင့် သုဇာတာ မိဖုရားကြီးတို့ ဖြစ်ကြသည်။

ထိုပဒုမုတ္တရ မြတ်စွာဘုရား၏ အလုပ်အကျွေး ဒါယိကာမတစ်ယောက်သည် ရှစ်ပါးသော ဆုတို့ကို တောင်းယူ၍ မိခင်၏အရာ၌ တည်ပြီးလျှင် ဘုရားသမ္ဃာကို ပစ္စည်းလေးပါးတို့ဖြင့် နေ့ည မပြတ် ဆည်းကပ်လုပ်ကျွေးသည်။

ထိုအလုပ်အကျွေး ဒါယိကာမ၏ တစ်ယောက်သော အဆွေခင်ပွန်းမသည် ထိုအလုပ်အကျွေး ဒါယိကာမနှင့် အတူတကွ ကျောင်းတော်သို့ မပြတ် သွား၏။ ထိုအဆွေခင်ပွန်းမသည် ထို အလုပ်အကျွေးဒါယိကာမအား မြတ်စွာဘုရားနှင့် တကွ အကျွမ်းဝင်သဖြင့် စကားပြောဆိုခြင်းကို လည်းကောင်း၊ အထူးအကျွမ်းဝင်ခြင်းကို လည်းကောင်း မြင်ရလျှင် အဘယ်ကောင်းမှုကိုပြု၍ ဤသို့မြတ်စွာဘုရားနှင့် အကျွမ်းဝင်သောသူ ဖြစ်ကုန်သနည်းဟု ကြံစည်၍ မြတ်စွာဘုရားအား ဤသို့ မေးမြန်း လျှောက်ထားလေ၏။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမိန်းမသည် ရှင်တော်မြတ်ဘုရားကိုနှင့် အဘယ်သို့ တော်စပ်ပါသနည်း ဘုရား'

'အလုပ်အကျွေး ဒါယိကာမတို့တွင် မြတ်သောအလုပ်အကျွေး တစ်ယောက် ဖြစ်ပေသည်'

'အရှင်ဘုရား၊ အဘယ်ကောင်းမှုကို ပြုခြင်းကြောင့် ဒါယိကာမတို့တွင် မြတ်သော အလုပ်အကျွေး ဖြစ်နိုင်ပါသနည်း ဘုရား'

www.burmeseclassic.com

'ကမ္ဘာတစ်သိန်းကာလပတ်လုံး ဆုတောင်းခြင်းကို ပြုခြင်းကြောင့်ဖြစ်သည်'

'မြတ်စွာဘုရား ယခုအခါ၌ ဆုတောင်း၍ ရခြင်းငှာ တတ်နိုင်ကောင်းပါမည်လော ဘုရား'

'တတ်နိုင်ကောင်းသည် မှန်၏'

'မြတ်စွာဘုရား၊ ထိုသို့ဖြစ်ပါမူ ရဟန်းတစ်သိန်းနှင့်တကွ ခုနစ်ရက်ပတ်လုံး တပည့်တော်မ၏ ဆွမ်းကို ခံယူတော်မူပါ ဘုရား'

ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုဒါယိကာမ၏ လျှောက်ထားချက်ကို သည်းခံတော်မူ၏။ ထိုအဆွေခင်ပွန်းမသည် ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူ၍ အဆုံးဖြစ်သောနေ့၌ သင်္ကန်းလျာပုဆိုးတို့ကို လှူဒါန်းပြီးလျှင် မြတ်စွာဘုရားအား ရှိခိုး၍ ခြေတော်ရင်း၌ဝပ်လျက် ဤသို့ ဆုပန်သည်။

'ဘုန်းတော်ကြီးတော်မူပေလှသော မြတ်စွာဘုရား၊ တပည့်တော်မသည် ဤအလှူကောင်းမှု၏ အကျိုးဆက်အားဖြင့် နတ်စည်းစိမ်၊ အစိုးတရ မိုင်းစည်းစိမ် စသည်တို့တွင် တစ်ပါးပါးသော စည်းစိမ်ကိုမျှ တောင့်တရည်ရွယ်ခြင်း မပြုလိုပါ။

ရှင်တော်မြတ်ဘုရား၊ ထိုကဲ့သို့ သဘောရှိသော တစ်ဆူသော မြတ်စွာဘုရား၏ အထံတော်၌ သံဃာအား အသက်ထက်ဆုံး မိုးရေခံသင်္ကန်း လှူခြင်း၊ အာဂန္တုရဟန်းအား ဆွမ်းလှူခြင်း၊ ခရီးသွားရဟန်းအား ဆွမ်းလှူခြင်း၊ နာသော ရဟန်းအား ဆွမ်းလှူခြင်း၊ နာသော ရဟန်းကို လုပ်ကျွေးသောရဟန်းအား ဆွမ်းလှူခြင်း၊ နာသောရဟန်းအား ဆေးလှူခြင်း၊ အမြဲ ယာဂုလှူခြင်း၊ ဘိက္ခုနီ သံဃာအား ရေသနုပ်သင်္ကန်းလှူခြင်း ဟူသော ဆုရှစ်ပါးတို့ကို ရ၍ မိခင်အရာ၌ တည်ပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးသမှု ပြုခြင်းငှာ စွမ်းနိုင်သောသူတို့တွင် မြတ်သောအလုပ်အကျွေးသည် ဖြစ်ရပါလိုသို့၏'

ပဒုမုတ္တရ မြတ်စွာဘုရားသည်လည်း 'ဤဒါယိကာမ၏ ဆုတောင်းခြင်းသည် ပြည့်စုံလတ္တံ့လော' ဟု အနာဂတ်ကာလကို စူးစမ်းဆင်ခြင်တော်မူသဖြင့် ထိုဒါယိကာမ၏ ဆုတောင်း ပြည့်စုံလတ္တံ့သည့်အဖြစ်ကို မြင်တော်မူလျှင် ဗျာဒိတ်ပေးတော်မူသည်။

'ကမ္ဘာတစ်သိန်း၏ အဆုံး၌ ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူလတ္တံ့၊ ထိုအခါ သင်သည် ဝိသာခါ အမည်ရှိသော ဒါယိကာမဖြစ်၍ ထိုဂေါတမမြတ်စွာဘုရား၏ အထံ၌ ရှစ်ပါးသောဆုတို့ကို ရလျက် မိခင်အရာ၌ တည်ပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးနိုင်သော ဒါယိကာမတို့တွင် မြတ်သော အလုပ်အကျွေး ဒါယိကာမ ဖြစ်ပေလတ္တံ့'

ထို ဝိသာခါအလောင်းအလှာဖြစ်သော ဒါယိကာမသည်လည်း အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုကိုပြုလျက် ထိုကိုယ်၏အဖြစ်မှ စုတိမနေ သေလွန်သည်ရှိသော် နတ်ပြည်၌ဖြစ်၍ နတ်ပြည်၊ လူပြည်တို့၌ ကြိမ်ဖန်များစွာ ကျင်လည်ခဲ့သည်။

ကဿပ မြတ်စွာဘုရား ပွင့်တော်မူလာ၏။ ထိုမြတ်စွာဘုရား၏ ရွှေလက်ထက်တော်၌ ကီကီအမည်ရှိသော ကာသိကရာဇမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့တွင် အငယ်ဆုံး 'သံဃဒါသီ' မည်သော မင်းသမီးဖြစ်၍ လင့်အိမ်သို့ မလိုက်၊ အိမ်ထောင်မပြုဘဲ အစ်မကြီးများနှင့်နေသည်။

ထိုအစ်မကြီးများနှင့် အတူတကွ ရှည်ကြာစွာသော ကာလပတ်လုံး ဒါနအစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်၍ကဿပမြတ်စွာဘုရား၏ ခြေတော်ရင်း၌လည်း -

'နောင်သော်အခါ ရှင်တော်မြတ်ဘုရား၊ ထိုကဲ့သို့သော မြတ်စွာဘုရား တစ်ဆူဆူ၏ မိခင်အရာ၌ တည်ပြီးလျှင် လေးပါးသော ပစ္စည်းတို့ဖြင့် လုပ်ကျွေးကုန်သော ဒါယိကာမတို့တွင် မြတ်သော အလုပ်အကျွေးဒါယိကာမ ဖြစ်ရပါလို၏' ဟု ပတ္ထနာအမှု ဆုတောင်းခြင်းပြုလေသည်။

ဝိသာခါ အလောင်းအလှာဖြစ်သော ထိုဒါယိကာမသည် ထိုအခါမှစ၍ နတ်မြည်၊ လူပြည်တို့၌ ကျင်လည်လျက် ဤကိုယ်၏အဖြစ်၌ မေဏ္ဍကသူဌေးကြီး၏ သားဖြစ်သော ဓနဉ္စယသူဌေး၏ သမီးကောင်းရတနာ ဖြစ်လာ၍ ငါဘုရား၏ သာသနာတော်၌ များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လေသည်။

ချစ်သား ရဟန်းတို့၊ ဤသို့သော အကြောင်းအရာကြောင့် ငါ၏သမီး ဝိသာခါသည် သီချင်းသီဆိုသည်မဟုတ်၊ တောင့်တအပ်သော ဆုတောင်းခြင်း၏ ပြီးစီးခြင်း၊ ပြည့်စုံခြင်းကို မြင်ရသဖြင့် ဥဒါန်းစကား ကျူးရင့်မြွက်ဆိုခြင်းကို ပြုပေ၏"

ရှင်တော်မြတ်ဘုရားသည် ထိုစကားကို မြွက်ဆိုပြီးတွင် "ယထာပိ ပုပ္ဖရာသိမှာ" အစရှိသော ဂါထာတော်ကို ဟောကြားတော်မူလိုရကား -

"ချစ်သားရဟန်းတို့၊ ဥပမာမည်သည်ကား လိမ္မာလှသော ပန်းသည်သည် အထူးထူးသော ပန်းတို့ကို အစုအပုံကြီးပြု၍ အထူးထူးအပြားပြားသော ပန်းကုံးတို့ကို ပြုတတ်သကဲ့သို့ ဤအတူ သာလျှင် ဝိသာခါ၏စိတ်သည် အထူးထူး အပြားပြားသော ကောင်းမှုတို့ကို ပြုခြင်းငှာ ညွှတ်၏' ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူသည်။

ဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် သောတာပန်စသည်တို့ ဖြစ်ကြလေကုန်၍ လူများအပေါင်းအား အကျိုးရှိသော တရားဒေသနာတော် ဖြစ်ပေသည်။

ဆင်ပြူကျွန်းအောင်သိန်း

❑

www.burmeseclassic.com

www.burmeseclassic.com

အမေတော အမေ အမေ

ကိုအေးဓင်း(ဝိဇ္ဇာ)

အမေလို့ နှစ်နှစ်ကာကာ အားရှိပါးရှိ ခေါ်ချင်လိုက်တာ အမေရယ်။ ခုနေခါများ စကားလုံး တစ်လုံးတည်း ပြောခွင့်ပြုတော့မယ် ဆိုရင်တောင်မှ နောက်ဆုံးထွက်သက်နဲ့အတူ "အမေ" လို့ ရဲရဲရင့်ရင့် ခေါ်လိုက်မှာပါ။

'လောက မျက်မှောက်၊ နှစ်ယောက်မရှိ၊ မွေးမိမာတာ၊ တစ်ယောက်သာမို့၊ ခါခါရိုကျိုး၊ ဦးနှိမ်ချိုး၍၊ ရှိခိုးမဝ၊ ယုယလုပ်ကွေး၊ ဆေးပေးမီးယူး၊ အကူအညီ၊ အချီအချ၊ အထအသွား၊ အစားအသောက်၊ အပေါက်အယို၊ ထိုထိုတဝန်၊ သားကျေပွန်ငြား၊ အားမရဘူး၊ မေ့ကျေးဇူးကို၊ အထူးဆပ်လို၊ ပိုသည်မရှိ၊ သားသိတာက၊ နည်းနည်းလေး။'

သားရင်ထဲက ကဗျာလေးနဲ့ ပဏာမ ကျေးဇူးဆပ်တာပါ အမေ၊ လောကဝတ်အရ သဒ္ဓါတရားနဲ့အာမိသ ပူဇာတွေကို ကျေးဇူးဆပ်နေရပေမယ့် ခမွတ်အရ ပညာတရားဖြင့် ခမွပူဇာတွေနဲ့လည်း ကျေးဇူးဆပ်ရဦးမှာမို့ အမေ့ရှိုချိုချိုကို သောက်စို့ခဲ့တဲ့ သားပါးစပ်လေးနဲ့ အမေ့အလိုကျ ဘုရားစာတွေကို ရွတ်ဖတ် ကျက်မှတ်ပူဇော်နေပါတယ် အမေ။ ပြီးတော့ အမေ မှာထားတဲ့အတိုင်း ဆေးနည်းကို ရွတ်ဖတ်နေတဲ့အဆင့်ကနေ ဆေးနည်းပါအတိုင်း ဖော်စပ် ကျင့်သုံးသွားရမယ် မဟုတ်လား အမေ။ ဒါမှလည်း အမေအားကိုးရတဲ့ သားတစ်ယောက် လူဖြစ်ကျိုး သာသနာကြဲကျိုးပါ နဝ်သွားမယ်တဲ့။

သာသနာ့အနွယ်ဝင် သီလရှင်ဘဝကို အပြီးတိုင် ဝင်ရောက်သွားတဲ့ အမေ့ရိပ်သာလေးဆီကို အချိန်ရတိုင်း ဝတ်ကြီး ဝတ်ငယ်ပြုစုဖို့ သွားဖြစ်ပါတယ်၊ ဒီတစ်ခေါက်သွားတဲ့အခါ အမေ့

www.burmeseclassic.com

www.burmeseclassic.com

အတွက် စွမ်းနိုင်သမျှ လှူဖွယ်ဝတ္ထု ပစ္စည်းတွေနဲ့အတူ အမေဖတ်ဖို့ မထေရ် မြတ်တို့စကားဝိုင်း ဓမ္မစာအုပ်တွေလည်း လှူဖြစ်ခဲ့ပါတယ်။

အမေ သီလရှင်ကြီးရဲ့ ဝတ်ပြီး သား ဝတ်ရုံတွေကို လျှော်ဖွပ်ပေးနေရင်းက အမေဆုံးမလိုက်တဲ့ သီလရှင် ဘဝနဲ့ စပ်လျဉ်းတဲ့ ဓမ္မသံဝေဂ စကား လေးတွေကို ပြန်လည် အကြည်ညိုသစ်ရင်း ရေးပြချင်ပါတယ်။

အမေ့အတွက် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးက ဓဝေါက်တဲ့ ဖုန်းကတ် လေးကို တတ်နိုင်သမျှ ဟန်းဆက် ကလေးနဲ့ အကြောင်းကိစ္စရှိတိုင်း အမေ သုံးလို့ရပါစေတော့ရယ်လို့ စေတနာသန့် သန့်ရှင်းရှင်း သားကန်တော့်ခဲ့ပါတယ်။

ဒါပေမဲ့လည်း အမေ ငြင်းလိုက် ပုံက. . .

"အမေတို့ သီလရှင်ဘဝဆိုတာ ဝဋ်ဒုက္ခလွတ်မြောက်ရေးကိုသာ အဓိက လုပ်မယ်လို့ ကတိခံယူထားတဲ့ ပစ္စဇ္ဇိတ ဒုလ္လဘသမားတွေပါ။

ဘုရားရှင် ညွှန်ပြတဲ့ ပစ္စဇ္ဇာ ဆိုတာ ရဟန်းမဘဝနဲ့ အရေလျှာအား ဖြင့် ပစ္စဇ္ဇလို့ပဲ ခေါ်ဆိုထိုက်တဲ့ ဘိက္ခုနီ နွယ်လာအစဉ် သီလရှင် ယောဂီဘဝ ဆိုတာက အတ္ထောကာသော- ကုသိုလ် တရားတွေ ပွားများအားထုတ်ဖို့အတွက် ဟင်းလင်းပြင်ကြီးသဖွယ် ကျယ်ဝန်း ရှင်း လင်းတဲ့ ဘဝပါ သားရယ်။

ဒီတော့ ပစ္စဇ္ဇအဖြစ်ကို ခံယူ ထားတာဟာ ဃရာဝါသလို့ခေါ်တဲ့ လူမှု ရေးကိစ္စတွေ လူတာဝန်ဝတ္တရားတွေနဲ့ မင်းရေး၊ စီးရေးကိစ္စတွေ ဘာမှမရှိဘဲ ဓမ္မရေးသက်သက်ကို သာ ဇောက်ချ လုပ်ခွင့်ရတဲ့ ဘဝပါ သားရယ်။

တစ်နည်းအားဖြင့်တော့ အိမ်ရာ တည်ထောင် လူတို့ဘောင်ဘဝလို လူမှုကိစ္စတွေနဲ့ ထိစပ်ငြိကပ်ခြင်းမရှိတဲ့ ဟင်းလင်းပြင် အတွယ်လွတ်ဘဝကို ခံယူနေတာပေါ့ကွယ်၊ သားကို နောက် တစ်နည်း ရှင်းပြရရင် ကြွက်လမ်းစဉ် မဟုတ်တဲ့ ငှက်မြတ်လမ်းစဉ်လို့လည်း ပြောလို့ရတယ် သား၊ ကြွက်လမ်းစဉ် ဆိုတာ လူကိစ္စ၊ လူပစ္စည်းတွေနဲ့ ကပ်ငြိ ပြီး ကြိုးရှုပ်နေတဲ့ ဝန်ပိလမ်းစဉ်ကို ပြောတာပါ။ ငှက်မြတ်လမ်းစဉ်ဆိုတာ အငြိအတွယ်မရှိဘဲ လွတ်လပ်ပေါ့ပါးပြီး ဝန်ပေါ့ချမ်းသာလို ဃရာဝါသ၊ ကိစ္စမြား မြောင်၊ လူဘောင် ဆုတ်ခွာ၊ လွတ် ကြောင်းရွာဖို့ ရည်မှန်းပြီး နိက္ခမပါရမီကို ဖြည့်ကျင့်နေတဲ့ သဘောပါကွယ်။

တည့်တည့် ပြောရမယ်ဆိုရင် တော့ အမေတို့ နေနေတာက ဟင်း လင်းပြင်လွင်တီးခေါင်လို့ ခေါ်တဲ့ ပစ္စ ဇိတ ဒုလ္လဘနယ်မြေဖြစ်လို့ သားလှူတဲ့ ဟန်ဖုန်းသံ တည်ညံနဲ့ ကတုံးတွေ ကြိုး ရှုပ်နေကြတဲ့ ဒုလ္လဘမျိုးတော့ အမေ သိရက်နဲ့ အဖြစ်မခံပါရစေနဲ့တော့၊ ဆံထုံးရှုပ်လို့ ဖြေရှင်းမရရင် ဆံပင်ဖြတ် ပစ်လို့ ရနိုင်ပါသေးတယ်၊ ကတုံး ဖြစ် လာပြီးမှ ထပ်ရှုပ်လာကြဦးမယ်ဆိုရင် တော့ ဖြတ်စရာဆိုလို့ ဦးခေါင်းပဲ ရှိတော့ တယ် မဟုတ်လား၊ သတိထားမှ တော် ကာကျလိမ့်မယ်။

အမေတို့ ဘုရားရှင်ကလည်း သီလ ဦးခေါင်းပြတ်သူတွေ မဖြစ်စေနဲ့လို့ အမေတို့ကို ဆုံးမထားတာမို့ သားလှူတဲ့ ဖုန်းကို အမေလက်မခံပါရစေနဲ့ကွယ်၊ အမေ့ကို ကျေးဇူးဆပ်ချင်တယ်ဆိုရင် ဘုရားရှင်အလိုကျ ဓမ္မနဲ့ ကျေးဇူးဆပ် မှပေါ့ သား၊ ဒါမှ မင်းအဖေလည်း ရောက်ရာဘဝက ပြုံးပြုံးကြီး သာဓုခေါ် နေမှာပေါ့နော်၊ မင်းအဖေ ဖတ်ခဲ့တဲ့ တရားစာအုပ်တွေ၊ နာယူခဲ့တဲ့ တရားခွေ တွေ၊ သူရေးခဲ့တဲ့ ဓမ္မဆောင်းပါး စာအုပ် တွေက သားအတွက် အဖိုးမဖြတ်နိုင်တဲ့ အမွေစစ်တွေပဲပေါ့ သားရယ်"

လို့ အကျိုးသင့် အကြောင်းသင့် ရှင်းပြ နားချခဲ့တာပါ။

အဖေ့မျက်နှာကို ပြန်မြင်တိုင်း အနစ်နာခံခြင်း လမ်းစဉ်နဲ့ မေတ္တာတရား ကို ဖော်ဆောင်တဲ့ အသိဉာဏ်တွေ လင်းလက်စေပါတယ်။ အဖေ့ရဲ့ ပညာ-အမွေရဲ့ အကြောင်နာတရားတွေနဲ့ ဘုရား ရှင် အလိုကျ မြင့်မြတ်တဲ့ အိမ်ထောင် သည် ဘဝကို တည်ဆောက်နိုင်အောင် သား ကြိုးစားနေပါတယ် အမေ။

အပတ်စဉ်တိုင်း အမေ့ရဲ့ဝေယျာ ဝစ္စ ကုသိုလ်တွေကိုလည်းလှူ၊ အမေ တိုက်ကျွေးတဲ့ ဓမ္မအာဟာရတွေလည်း ဖြည့်တင်းရင်း အချိန်တန်လို့ လူတိုင်း ဖြေဆိုရမယ့် မရဏ စာမေးပွဲကြီးကို အဖေလို ဗုဒ္ဓနည်းကျ ဖြေဆိုသွားနိုင်ဖို့ သား ကြိုးစားသွားနိုင်အောင် အမေ့ ဓမ္မရင်ခွင်ရိပ်ကို ခိုလှုံလျက်ပါ အမေ ရယ်။

အမေ့ရဲ့ ရင်ခွင်မှာ ဓမ္မန္ဒိရည်တွေ သောက်စို့ရင်း လူဘဝရဲ့ တန်ဖိုးဟာ ဓမ္မအသိဉာဏ် လင်းလက်သွားဖို့ပဲ မဟုတ်လားဆိုတာကို အပြောလောက် သိတဲ့ ဘဝကနေ သဘောပေါက်သိလာ ပါပြီ အမေရယ်။ အမေက ပြောတယ် လေ၊ အမွေတရားတွေမှာပဲ လမ်းဆုံး မနေပါနဲ့၊ ငါ့အမေ ပြောတာပဲဆိုပြီး ယုံမနေပါနဲ့။ ယုံကြည်မှုဆိုတာ အသိ ဉာဏ်လောက် စိတ်မချရဘူးလေ။ မယုံ နဲ့၊ ကိုယ်တိုင်သိအောင် လုပ်ပါ သား ရယ် တဲ့။

အမေ့ရဲ့ ကျေးဇူးတရားကြောင့် အဖေလိုပဲ သေခြင်းရဲ့ ဆုလာဘ်တွေ ကို အနှစ်သား ထုတ်ဆောင်သွားပါ့ မယ်။ အမေဖြစ်စေချင်တဲ့ လူဖြစ်ကျိုး သာသနာကြုကျိုးနပ်အောင် သားကြိုး စားကျင့်ဆောင်နေတာကို အမေဉာဏ် နားကြီးကြီးနဲ့ နားဆင်ပါအမေ။ သားသိ နေတဲ့ လင်းလက်နေတာလေးတွေကို ဆင်ခြင်သုံးသပ်ပြချင်လို့ပါ။

ဗုဒ္ဓရှင်တော်မြတ်ဟာ အမှန်ကို ထုတ်ဖော်လမ်းညွှန်ခဲ့ပါတယ်။ အမှန် သည်သာလျှင် သေခြင်း၌သော်လည်း ကောင်း၊ ရှင်ခြင်း၌သော်လည်းကောင်း အားရှိစေ၏တဲ့။ လောကအလယ်မှာ သောကတွေ မကြွယ်စေဖို့ အမေမွေး တုန်းက ထည့်ပေးလိုက်တဲ့ ပကတ္တ အသားစိုင်မျက်လုံးနဲ့ နားလေးကို ပညာ

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးနဲ့ ဉာဏ်နားကြီးကြီးဖြစ်အောင် ကြိုးစားနေတဲ့အခါ သတ္တိဆိုတာ ပိုင်ဆိုင်လာတာပဲ မဟုတ်လား အမေ။ သတ္တိဆိုတာက သိတတ်တာ၊ သိတတ်မှ သတ္တိရှိရှိနဲ့ လောကထဲမှာ အနေရဲသွားမယ်လို့ အမေ ပြောခဲ့တယ်လေ။ ကြောက်အောင် လန့်အောင့် မနေရဘူး၊ ကြောက်လန့်နေကြတဲ့ သေခြင်းတရားဆိုတာကြီးကိုပေါ့။

ဘုရားရှင်က အဘိဏှသုတ္တန်မှာ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေကို ရင်းနှီးကျွမ်းဝင်သွားအောင် မပြတ်ဒုလုံးသွင်း ဆင်ခြင်သုံးသပ်နေရမယ်လို့ ဟောထားတယ် မဟုတ်လား။ ဘယ်လောက် ကြောက်စရာကောင်းတဲ့အရာဖြစ်ပါစေ သူနဲ့ မရင်းနှီးသေးခင် သူ့အကြောင်း သဘောမပေါက်ခင်သာ ကြောက်စရာလို့ ထင်နေရပြီး သူ့အကြောင်းသိသွားရင် ကြောက်စရာမဟုတ်တော့ပါဘူးတဲ့။ ဘဝတစ်ခုရဲ့ ချိန်ခွင်လျှာမှာ အသိတရားနဲ့ အကြောက်တရားတို့ဟာ အချင်းချင်း ဆန့်ကျင်ဘက် အဖြစ်နဲ့ တစ်ဖက်စီ ရှိနေကြတယ်လို့ သဘောပေါက်မိပါတယ်။

တစ်ဖက်က သေးပြီးပေါ့လိုက်ရင် တစ်ဖက်ကကြီးပြီး လေးသွားတဲ့ သဘော့ပေါ့အမေ။ အသိတရားသေးရင် သေးသလောက် အကြောက်ဘက်က ကြီးပြီး လေးနေတဲ့ သဘောပါ။ ဒါကြောင့်မို့ အသိကြီးတဲ့သူဟာ အမှားနည်းပြီး အပြစ်ကင်းပါတယ်။

အမေပြောခဲ့သလိုပေါ့၊ လောကမှာ အကြောက်တရားဆိုတာ အပြစ်တရားကြောင့် ပေါ်လာတာကို ရိပ်စားမိလာပါပြီ အမေ။ ဘာကို ကြောက်နေတာသလဲလို့ သေသေချာချာ ဆင်ခြင်တြည့်လိုက်တော့ ကိုယ်လုပ်မိထားတဲ့ အပြစ်တွေကြောင့် ကိုယ်ပြန်ပြီး ခံရမယ်ဆိုးကျိုး ဒုက္ခတွေကို တွေးပြီး ကြောက်နေကြလို့ပဲ မဟုတ်ဘူးလား။ အသိကြီးတဲ့သူတွေက အမှားနည်းအပြစ်ကင်းတဲ့ အတွက် ကြောက်မှု ဒုက္ခတွေကင်းစင်နေတာပါ။ အသိနည်းသူကတော့ အမှားနဲ့ အပြစ်တွေ များများလုပ်ထားတတ်တာမို့ ကိုယ်ပြုခဲ့တဲ့ အမှားနဲ့အပြစ်က ကြီးရင်ကြီးသလောက် အကြောက်တရားကလည်း ကြီးကြတယ်လို့သုံးသပ်ရဲလာပါပြီ အမေ။

လောကသား အားလုံးလိုလိုပါပဲ။ သေခြင်းတရားဆိုတဲ့ မရဏသဘော်ကို ကြောက်ရွံ့နေတတ်ကြပါတယ်။ သူ့အကြောင်းကို စဉ်းစားမိရင် အထိတ်ထိတ်အပျာပျာနဲ့ တုန်လှုပ်ဆုပွက်သွားကြတာပါပဲ။

အဓိက အကြောင်းကတော့ သေမှုနဲ့ ပတ်သက်တဲ့ အသိအမြင်အပေါ် တိကျတဲ့အမှန်တရားကို မသိမှုဆိုတဲ့ အဝိဇ္ဇာတရားက ဖုံးကွယ်ထားလို့ ဖြစ်မှာပါ။ ခြင်းချက်တော့ ရှိနိုင်ပါတယ်။ အဝိဇ္ဇာကင်းပြီး ဝိဇ္ဇာဉာဏ်အလင်းရှင်တွေကတော့ မကြောက်ကြတော့ပါဘူးအမေ။

သေခြင်းတရားဆိုတာကို ဘဝဟောင်းကနေ ဘဝသစ်ထွက်ရာ တံခါးပေါက်ဖြစ်တယ်လို့ မိမိဖြေလာဘာသာ ဝင်တွေက ယုံကြည်ကြပါလိမ့်မယ်။ နောက်တစ်မျိုးက ဝိညာဉ်ကောင်လို့ ခေါ်တဲ့ လိပ်ပြာကောင်၊ အတ္တကောင် လေးကူးတယ်လို့ ယုံကြည်နေကြတယ်လေ။

ပဋိစ္စသမုပ္ပာဒ် ဝိညာဉ်သာရှိပြီး သီးခြားဝိညာဉ်ကောင်မရှိဘူးလို့ အမေရှင်းပြထားတဲ့အတိုင်း သဿတဒိဋ္ဌိဆက်မှား အယူကြီးကို သားလက်မခံပါဘူးအမေ။ တရားကိုမြင်မှ ငါဘုရားရှင်ကို မြင်မယ် စကားတော်အရ မြင်ရမယ့် တရားတော်ကလည်း ပဋိစ္စသမုပ္ပာဒ် အရ ဆက်တွဲလည်း မဟုတ်။ လုံးဝပြတ်တယ်လို့လည်း မဟုတ်တဲ့ ကြောင်းကျိုးဖြစ်စဉ်ကိုသာ လက်ခံရမယ်လို့ အမေရှင်းပြ သွန်သင်ခဲ့ပြီးပြီလေ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ ကံကို ပြုလုပ်သူ မရှိ၊ ခံစားသူလည်း မရှိဘဲ တကယ်တမ်းရှိနေတာက ကြောင်းကျိုးဆက်ဖြစ်စဉ် ပဋိစ္စသမုပ္ပာဒ် သဘောတရားတွေသာ အမှန်ရှိပါတယ်။ ဒါကြောင့်လည်း အတ္တမပါတဲ့ သံသရာစက်ကွင်းမှာ "ပြုသူကာရက၊ အတ္တမထင်၊ ခံသူဝေဒက အတ္တမယှဉ်၊ ပြုခံကြောင်းကျိုး ကွင်းရိုးဆက်တွင် ဆက်မပြတ် ရဟတ်လည်မြဲပင်" လို့ မထေရ်မြတ်ကြီးများက ဆုံးမခဲ့တာပေါ့ အမေရယ်။ ဝိစ္ဆိန္နပဝါဟ- သဘော လက္ခဏာခြားနားလျက် ကြောင်းကျိုးဆက်စီးဆင်းမှုလို့ ဆိုနိုင်ပါတယ်။ သဘော လက္ခဏာ ခြားနားတဲ့အတွက် ဆက်တယ်လို့ မယူဆနိုင်သလို ကြောင်းကျိုးမကင်းလို့ ပြတ်တယ်လို့လည်း မဆိုနိုင်တဲ့ သဘောပါ။

တကယ်တော့ အမေရယ်၊ လူဘဝရဲ့ ရှင်မှုနဲ့ သေဆုံးမှု အဖြစ်နဲ့ အပျက်ဆိုတာဟာ ပိုက်ဆံအကြွေစေ့ရဲ့ ခေါင်းနဲ့ပန်းလိုသဘောပါပဲ။ ဘဝအစနဲ့ အဆုံးဆိုတာ ကျောနဲ့ရင်လို့ ခွဲမရပါဘူး။ ကျောရှိတဲ့အတွက် ရင်လို့ ခေါ်နိုင်တာဖြစ်သလို အရှေ့ရှိလို့ အနောက်ဆိုတာ သတ်မှတ်နိုင်တာမျိုးပါ။

ဒါက ဘာကို ပြောချင်သလဲဆိုရင် ပိုက်ဆံအကြွေစေ့ရဲ့ ပန်းဘက်ကို လိုရင် ခေါင်းဘက်ပါရမယ်။ ခေါင်းဘက်တော့ လိုချင်ပြီး ပန်းဘက်ကို မလိုချင်ဘူးဆိုလို့တော့ မဖြစ်နိုင်သလို အဖြစ်ကို လိုချင်ပြီး အပျက်ကို လက်မခံနိုင်ဘဲ ကြောက်တတ်ခြင်းကတော့ အင်မတန်မှားယွင်းတဲ့ ဟာသအမြောက်ဆုံး ပြက်လုံးပါ အမေရယ်။

နောက်တစ်ချက် ဥပမာပြောကြည့်ဦးမယ် အမေ၊ သေခြင်းဆိုတာ ထွက်လာတဲ့နေ ဝင်သွားတဲ့ သဘောမျိုးမို့ နေထွက်လာတဲ့ သဘောက ရှင်သန်မှု (ဇာတိ)ဖြစ်တယ်လို့ သာဓက ပြုနိုင်မယ် ထင်ပါတယ်။ နေထွက်လာလို့ နေဝင်ချိန်ရှိရတာ မဟုတ်လား။ အဲဒီသဘော အတိုင်း မွေးဖွားခြင်းရှိလို့သာ သေဆုံးမှု ဖြစ်ရတယ်ဆိုတဲ့ မျက်မှောက်ဘဝရဲ့ အစနဲ့အဆုံး (ပုခက်နှင့် ခေါင်းအကြား)

www.burmeseclassic.com

www.burmeseclassic.com

ကို ကြည့်ပြောလိုက်တာ ဖြစ်ပါတယ်။ ပဋိစ္စသမုပ္ပာဒ် ဖော်မြူလာအရ ဤအကြောင်းရှိလို့သာ ဤအကျိုးဖြစ်တယ် ဆိုတဲ့ ဖြစ်စဉ်သဘောတရားအတိုင်းပါပဲ အမေ။

ဒီနေရာမှာ မွေးဖွားခြင်းကြောင့် သေရတယ်ဆိုတာ ခြွင်းချက်မရှိမှန်နေပေမယ့် သေပြီးရင် ပြန်မွေးရမယ်ဆိုတာ ကျတော့ ရှိပါတယ်။ မွေးတဲ့ ဇာတိမရှိခဲ့ရင် သေတယ်ဆိုတာလည်း ဘယ်တော့မှ မရှိနိုင်ပါဘူး။ အဖြစ် ဇာတိ မရှိတော့ဘူးလို့ ပြောရမယ့် အခြေအနေရောက်သွားတဲ့ ပုဂ္ဂိုလ်မြတ်ကြီးများအတွက် အနှစ်သာရ အမတေအားဖြင့် အမတလို့ ပြောနိုင်မယ်လို့ ယုံကြည်မိပါတယ်။ နောက်ထပ်သေခြင်းဆိုတာ ပေါ်မလာနိုင်တော့ပါဘူး။

သက်ရှိ သက်မဲ့ အရာအားလုံးဟာ အကြောင်းတရားတို့ စုပေါင်းပြီး ဖြစ်ပေါ်နေတဲ့ သခါရ တရားတွေချည်းပါပဲ။ အဲဒါကို လူတွေက ပြောဆိုဆက်ဆံမှုနယ်ပယ်မှာ ခေါ်ဝေါ်သုံးစွဲရတာလွယ်ကူအောင်လို့ သတ်မှတ်ထားကြပါတယ်။ သတ်မှတ်ထားတဲ့အတိုင်း သခါရတရားပျက်တာကို ပြိုတယ်၊ လဲတယ်၊ ကွဲတယ်၊ ဖိတ်တယ်၊ စဉ်တယ်၊ ရွေ့တယ်၊ မျောတယ်၊ လွင့်တယ်၊ ပျောက်တယ်၊ သေတယ် ဆုံးတယ်ဆိုတာတွေက ကိုယ်စွဲလမ်းမှုည့်ခေါ်ထားတဲ့အတိုင်း အစွဲရှိသူတွေရဲ့ သတ်မှတ်ချက်သာ ဖြစ်တယ်လို့ မဆိုနိုင်ဘူးလား အမေ။

ဒါတွေအားလုံးကို သခါရအဖြစ်နဲ့ မြင်သိအောင် ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်တတ်မြင်တတ်ကြပြီဆိုရင် ဘယ်လိုသဘောထားမလဲ။ သဘောပေါက်သိဖို့လိုတယ် မဟုတ်လား အမေ။

သခါရလို့ မြင်တဲ့အတွက် နောက်မှာ ဘာပါလာသလဲ ဆိုတော့ ဖြစ်ပြီးပျက်တဲ့ သဘာဝတွေပဲဆိုတာ ဗုဒ္ဓဘာသာဝင်အားလုံး သိကြပါတယ်။ ဒါပေမဲ့ ဖြစ်တဲ့အရာတိုင်း ပျက်တယ်၊ ဒီလိုဖြစ်တတ် ပျက်တတ်တဲ့ သဘောတရားတိုင်း ချုပ်ငြိမ်း ကင်းလွတ်ရာ နိဗ္ဗာန်သည်သာ သုခအစစ်ဖြစ်တယ်လို့ အစွဲဥပါဒါနိက္ခင်္ဂကင်းနဲ့ သိမြင်နိုင်မှတွေ့ခွင့်ရှိမှာ ဖြစ်ပါတယ်။

ဒီသဘောတရားဟာ ကိုယ့်ဥပါဒါန်ကြိုးနဲ့ ကိုယ့်ဘာသာကိုယ် ပြန်တုပ်နှောင်ခံရပြီး ကိုယ့်ထောင် ကိုယ်ဆောက် ကိုယ်ချောက်ချနေတဲ့ အဖြစ်ဘဝကြီးက ကိုယ်လွတ်ရေး ကိုယ်ဘေးကိုယ်ပင် ခွာနိုင်တဲ့ နည်းလမ်းအမှန်လို့ ပြောနိုင်တယ် မဟုတ်လား အမေ။

သခါရတရားတွေအပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမတို့၊ သက်ရှိသက်မဲ့တို့၊ သတ္တဝါအဖို့ အမတို့ဆိုတဲ့ အစွဲမကင်းရင် ကိုယ်စွဲလမ်းထားတဲ့ အတိုင်း ပျက်တဲ့အခါမှာလည်း သေဆုံးတယ်။

ကွဲကွာတယ်ဆိုတဲ့ ခံယူချက်များနဲ့အတူ ဝမ်းနည်းပူဆွေးမှုစတဲ့ ဒုက္ခ (သည်းခံရန် ခက်ခဲတဲ့ အခံရခက်တဲ့ ဝေဒနာ) တွေ့ကြုံရမှာ အမှန်ပါပဲ။ အဲဒီလို စွဲလမ်းသတ်မှတ်ချက် ဥပါဒါန်ကြိုး မရှိတော့တဲ့ ပုဂ္ဂိုလ်တွေအဖို့ကျတော့ သတ္တဝါဆိုတဲ့ အစွဲမရှိတော့ရင် မွေးဖွားစရာ၊ အိုစရာ၊ နာစရာ၊ သေစရာ ဆိုတာ ရှိပါဦးမလားဆိုတာ အသိကြီးကြီးနဲ့ သတိ ကပ်ထားသင့်တယ် မဟုတ်လား အမေ။

တကယ်တမ်းကျတော့ ရှင်မှုနဲ့ သေမှုကိစ္စမှာ သေမှု (ပျက်မှု)ကိစ္စတွေကိုသာ ကြောက်နေကြပေမယ့် ရှင်မှု (မွေးမှု) အဖြစ်ကိစ္စကျတော့ လိုလိုချင်ချင် မက်မောနေကြတာဖြစ်လို့ သံသရာစက်ဝန်းကြီး လည်နေရတာ ဖြစ်ပါလိမ့်မယ်။ မူလသဘာဝအရှိတရား ဓာတ်(၄)ပါးကို ဥပါဒါ၊ ဝယနဲ့ ဆက်တိုက်ပုံသွင်းခံနေရတာကို သဘောပေါက်ခဲ့ရင် သေခြင်းသဘောကို ကြောက်ဖို့မရှိပါဘူး။ မူလအရှိ (Being) တရားဖြစ်တဲ့ ပထဝီ၊ အာပေါ် (ဓာတ်သေ)နဲ့ တေဇော၊ ဝါယော (ဓာတ်ရှင်)တွေကို အဖြစ်တရား (Becoming) ဖြစ်အောင် ပုံသွင်းလာပြီး ကံသခါရက ပြုပြင်ခြယ်လှယ်နေလို့ သံသရာစက်ဝန်း လည်နေရတာလို့ ကောက်ယူရင် ပိုမှန်တယ် မဟုတ်လား အမေ။

အမှန်ကတော့ သေတယ်ဆိုတာ ငါသေတာ မဟုတ်ပါဘူး။ အသက်လို့ ခေါ်တဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ကို စောင့်ရှောက်ပေးတဲ့ အာယု၊ ဥသွာလို့ ခေါ်တဲ့ ကိုယ်ဇွေ့အနွေးဓာတ်ရယ်၊ သိတတ်တဲ့ ဝိညာဏရယ်(အာယု၊ ဥသွာ၊ ဝိညာဏ်၊ ယဒါကာယ် ဇဟန္တိမံ)ဓာတ်သုံးပါးကင်းပြတ် ပုံပျက်သွားတာ ဖြစ်ပါတယ်။ သေတယ်ဆိုတဲ့ ပုံပျက်သွားခြင်းမှာလည်း ဏသတ္တိ မကုန်သေးရင်တော့ ပျက်လိုက်တာနဲ့ နောက်က ဖြစ်ရန် အသင့်ရှယ်ပြီးသား ရှိလာမြဲ ဖြစ်နေပါတယ်။

မွေးလို့ သေသလို သေလို့မွေးမယ့် အသွင်ပြောင်းခြင်း တစ်မျိုးသာသာပဲ ဖြစ်ပါတယ်။ ဘာမှထိတ်လန့်နေစရာ မလိုပါဘူး။ ပျက်တာတွေတွေးပြီး နှမြောတသနေကြသော်လည်း ယခုအပျက်ဘဝမှာ ကောင်းနေသလို အဖြစ်ဘဝမှာလည်း သူ့သဘောနှင့်သူ သည်ဘက်ကို သတိမထားဘဲ သူ့ဘဝသူ ကောင်းမြဲ ကောင်းနေမှာ ဖြစ်ပါတယ်နော် အမေ။

ဒါဟာလည်း အမေတက်ခိုင်းခဲ့တဲ့ ပဌာန်းသင်တန်းက ကမ္မပစ္စည်းကို ဆင်ခြင်လိုက်လို့ သဘောပေါက်သွားတာပါ။ လုပ်တာက စေတနာ၊ ခံစားတာက ဝေဒနာဖြစ်ပြီး ပြုသူမရှိ၊ ခံစားသူမရှိဘဲ မိမိပြုပြောကြံခဲ့တဲ့ စေတနာဆိုတဲ့ ကမ္မသတ္တိက သူဝန်သူဆောင် သူအမူသူပြုသွားရမြဲပါလားလို့ ဆင်ခြင်လိုက်မှ ဘဝမှာ လွတ်လပ်ပေါ့ပါးစွာ ဝန်ပေါ့ချမ်းသာကို သိမြင်သွားတာပေါ့ အမေ။

ဒါကြောင့်မို့ ကိုယ်တိုင်သေမှာကို မကြောက်တော့တာ။ အမေပေးတဲ့ သေခြင်းရဲ့ဆုလာဘ်လို့မဆိုနိုင်ဘူးလား။ သူများ သေတာကိုလည်း မကြောက်ဖို့

www.burmeseclassic.com

www.burmeseclassic.com

မလိုတော့ဘူးလေ။ ကြောက်တာက ငါက ကြောက်တာဆိုတော့ ငါဆိုတာ အမှန်မရှိဘူးလို့ သိမြင်နေပြီပေါ့။ ဒီလို ဆိုရင် အမေ့လို သေမှု အဘိဓမ္မာကို ကွဲပြားဖေါင် ခွဲခြားပြီး စွဲသွားအောင် ဆင်ခြင်သုံးသပ်ရဲနေပြီပေါ့နော်။ ဘယ်မှာ သေလို့လဲ၊ ဘယ်ဟာ သေလို့လဲ အမေ။

မြတ်ဗုဒ္ဓ ရှင်တော်မြတ် ဟောထွားတဲ့ ကေသမုတ္တိသုတ်မှာလည်း အသာတ-သက်သာရာ ဆောက်ဓာညရာ တရားလေးမျိုးကို ဟောကြားထားပါတယ်။ လောကထဲမှာ သောကတွေ မကြွယ်စေမယ့် နည်းလမ်း(၄)သွယ်ပါပဲ။

၁။ ရှေးဦးစွာ နှလုံးကောင်း စိတ်မြတ်တရားတွေနဲ့ ပတ်ဝန်းကျင်မှာ ဆက်ဆံပြုမူ နေထိုင်သွားသူ တစ်ဦးအနေနဲ့ ရန်ကင်းစိတ်၊ ကြောင့်ကြကင်းစိတ်၊ ကြည်လင်စင်ကြယ်တဲ့စိတ် ရှိနေပြီဆိုရင် တမလွန်လောကရှိပြီး ကုသိုလ်၊ အကုသိုလ်တွေရဲ့ အကျိုးဆက် ရှိတယ်ဆိုခဲ့ရင် ကောင်းမွန်စွာ နေထိုင်နေခဲ့တဲ့အတွက် ကောင်းသောဂတိသို့ ရောက်ရမယ်ဆိုတဲ့ ထောက်တည်ရာ တစ်ပါးရယ်။

၂။ တမလွန် လောကလည်း မရှိ၊ ကုသိုလ်၊ အကုသိုလ်တို့ရဲ့ အကျိုးလည်း မရှိဘူးဆိုစေဦးတော့ မျက်မှောက်ဘဝမှာ ရန်ကင်းပြီး ကြောင့်ကြမဲ့ ချမ်းသာစွာ နေရပေတယ်ဆိုတဲ့ ထောက်တည်ရာ တစ်ပါးရယ်။

၃။ မကောင်းမှုပြုရင် ကျတယ် ဆိုစေဦး၊ မကောင်းမှုကို မပြုလုပ်ခဲ့တဲ့အတွက် အပြစ်ကင်းပြီး ကောင်းကျိုးဆောင်နေလို့ ဆင်းရဲတွင်းမကျရောက်နိုင်ဆိုတဲ့ ထောက်တည်ရာတစ်ပါးရယ်။

၄။ မကောင်းမှုကို ပြုပေမယ့် ပြုရာမမည်ဘူးဆိုစေဦး၊ မကောင်းမှုကို မပြုခြင်း၊ ပြုရာမမည်ခြင်းဆိုတဲ့ အချက်နှစ်ခုကြောင့် စင်ကြယ်တဲ့ မိမိကိုယ်မိမိကြည့်ပြီး ထောက်တည်ရာတစ်ပါးရယ်လို့ ထောက်တည်ရာ လေးပါးဟာ လူဘဝရဲ့ အနှစ်သားတွေ မဟုတ်ပါလားအမေ။

ဒါကြောင့် လည်း ရှေးဆရာတော်ကြီးတွေက "ရှင်ချောင်သေကျပ်၊ ရှင်ကျပ်သေချောင်" လို့ ဆုံးမထားပါတယ်။ အသက်ရှင်စဉ်ကာလမှာ စား၊ ဝတ်၊ နေရေး ဆိုတဲ့ လောကရတနာသုံးပါးကိစ္စတိုင်းကို သမ္မာအမည်ရ မဂ္ဂင်ရှစ်ပါး လမ်းညွှန်ချက်နဲ့အညီ သက်ထိန်းလုပ်ငန်းအတွက် ထိန်းသိမ်းစောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ သုံးသာသုံးပါစေ၊ မစွဲနဲ့ဆိုတဲ့အတိုင်း အာရုံ (၆)ပါး အစားနဲ့ တရားမျှတအောင်ကျင့်ဆောင်သွားရမှာမို့ အသက်ရှင်စဉ်မှာ လိုချင်တာကို ရှောင်ရလို့ ကျပ်သလိုရှိလှပေမယ့် ထိုအပ်သမျှနဲ့ပဲ အနေရဲသွားလို့ သေချိန်မှာ ဉာဏ်မြင်ပြီး ချောင်သွားမှာ မဟုတ်လား အမေ။

နောက်တစ်မျိုး ပြောနိုင်သေးတာက သေတယ်ဆိုတာ လူရဲ့ အလုပ် မဟုတ်ပါဘူး။ ဓာတ်လေးပါးရဲ့ ဖောက်ပြန်ချို့ယွင်းမှုပါ။ သေတယ်ဆိုတာကို သစ္စာဖွဲ့ကြည့်ရင် ဒုက္ခသစ္စာထဲမှာ ပါနေတယ် မဟုတ်လား အမေ။ မရဏံ ပိဒုက္ခာ ဆိုတဲ့အတိုင်း ဒုက္ခသစ္စာဆိုတာ မမြဲခြင်း မပြည့်စုံခြင်း၊ နှောင်ဖွဲ့ခံရခြင်း ဆိုတာတွေထဲက ဗီဇခြားသိရမှာ မသိကြတဲ့အတွက် ကြောက်ကျင့်ပါနေတာပါ။

အမှန်က ဒုက္ခဆိုတာ သိ၊ ပယ်ဆိုက်၊ ပွား သစ္စာလေးပါးနည်းအရ သိရမယ့် တရားသာဖြစ်ပါတယ်။ ကြောက်ရမယ့်တရားမဟုတ်ပါဘူး။ ကြောက်တာက မသိလို့ ဖြစ်ပါတယ်။ သားကတော့ အမေ့သားဗီဗီ သေခြင်းတရားတွေကို သဘောပေါက်သွားတဲ့အတွက် 'သေမှု ရှင်မှု နှစ်ခုတို့မြင်၊ ပါစင်အောင်လွဲ၊ ပြုပြုကိုစင်၊ ပျက်ဖြစ် ဖြစ်ပျက်၊ စက်ကွက်ကိုမြင်၊ အမှန်တွေ့၊ ပျော်မွေ့အမတဝင်' လို့ သံပေါက်လေးစပ်နိုင်ပြီပေါ့။

ဒါကြောင့်မို့လို့လည်း ရုပ်နာမ်ဇီဝိတခွင့်ပြုသမျှ နေသွားပါမယ်အမေ၊ အသက်ရှည်ရှည် နေချင်လွန်းတာလည်း အာသဝေါတရားဆိုတော့ နေချင်လွန်းလို့တော့ မဟုတ်ပါဘူး။ သေခြင်းတရားကိုလည်း အံခဲမာန်တင်းပြီး မစောင့်ဘူးနော်၊ အလိုက်သင့်နေသွားတဲ့ သဘောပါ။ လောကသားတွေက အဆန်းဆုံးလို့ အထင်မှားပြီး မရဏကို စိတ်ကူးနဲ့ ကြိုပြီး ကြောက်နေကြတာပါ။

လက်တွေ့မှာ ဇရာ၊ ဗျာဓိတို့လောက် နာကျင်မှုရှိလိမ့်မယ်လို့ သားမထင်ပါဘူး။ အမေ့သားကတော့ ကြိုပြီး ကြောက်တတ်တဲ့စိတ်ကို ဖျောက်ဖို့အတွက် မရဏဆိုတာ ငါ့အလုပ်လား၊ ပရမတ္ထဓာတ်တွေရဲ့ အလုပ်လားဆိုတဲ့ မေးခွန်းကို အမေ့လို ဖြေနိုင်အောင် ပညာဓိက ဂေါတမဘုရားရှင်ရဲ့ လမ်းညွှန်ချက်နဲ့အညီ မဂ္ဂင်ရှစ်ပါးဆိုတဲ့ တစ်ကြောင်းတည်းသော လမ်းမှန်ကို သတိပဋ္ဌာန်(၄)ပါးပြည့်စုံအောင် အသိဉာဏ် လက်တစ်ဆုံးနှိုက်ပြီး ကျင့်ဆောင်သွားဖို့ပဲ လိုအပ်တယ် မဟုတ်လား အမေရယ်။

ဒါမှလည်း ဘုရားရှင်ပေးတဲ့ စတဒဂ်ဘွဲ့ကို မရနိုင်တာတောင်မှ မောဃပုရိသ၊ တုစ္ဆလို့ အခေါ်မခံရမှာ မဟုတ်လား၊ အမေ ဖွင့်ပေးခဲ့တဲ့ အသိဉာဏ် တံခါးချပ်တွေကို အမေ့ မြေးမြစ်တွေတိုင်အောင် လောကသားအပေါင်းအား အလင်းလက်ဆောင်အဖြစ် လက်ဆင့်ကမ်း ဖွင့်ပေးမှာဖြစ်လို့ အမေ့တရားတွေဟာ ဘယ်အခါမှ မှေးမှိန်သွားတော့မှာ မဟုတ်ပါဘူး။

ဒါဖြင့်ရင် အမေဆိုတာ ဘယ်တော့မှ မသေနိုင်တော့ဘူးပေါ့နော်။

အမေဆိုတာ အမတေ အမတနဲ့ ထာဝစဉ် မသေစေရဘူးလို့ အမေ့မေတ္တာတရားကို ဦးထိပ်ပန်ဆင်လျက်ပါနော် အမေ။

ကိုအေးမင်း(ပဲခူး)

❑

www.burmeseclassic.com

www.burmeseclassic.com

နန်းမြို့ကြီးမှ မင်းတံခါးတော် ပြတ်လာမှ

'ဝိဇ္ဇာဇဝီ'... ဟူ၍ အမည်ရှိသည့် တောအုပ်။

သည်တောအုပ်ရှိရာသို့ အရှင်မောဂ္ဂလာန်သည် ဈာန်တန်ခိုးဖြင့် တောင်စဉ်ခရီး လှည့်လည်တော်မူရာက ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

တောအုပ်ကြီးအတွင်းမှာတော့ မီးရှူးမီးပန်းများ ပစ်လွှတ်ဘိသည့် အလား ရောင်စဉ်တွေ ဖွေးဖွေးလှုပ်ကာ ဖွားခနဲ ဖွားခနဲ ဆိုသလို အထက်သို့ တက်တက်လာကြချေ၏။

သည်သို့သည်နှယ် အမြင်အာရုံ ဆန်းပြားလှသည့်အတွက် ရှင်မောဂ္ဂလာန်လည်း ထိုအနီးအနားသို့ သွားရောက်ကာ ခေတ္တရပ်တန့်လျက် ကြည့်ရှုနေမိလေတော့၏။

"အို... တော်တော်လေး ဒုက္ခကြီးတဲ့ ပြိတ္တာမိသားစုပါပဲလား"

သည်လို မှတ်ချက်ပြုစုရလောက်အောင် လေးဦးသော ပြိတ္တာ မိသားစု၏ ဒုက္ခဝဋ်ကြွေးကား ကြီးမားလှပါဘိ။

ထိုပြိတ္တာမိသားစုသည် အရှင်မောဂ္ဂလာန်ကို မြင်တွေ့လိုက်ရသည့် အခါ ထိတ်လန့် တုန်လှုပ်သွားကြပါချေ၏။

သည့်နောက် မူလခံစားနေရသည့် ဝဋ်ဒုက္ခအကိုင်းပင် ဆင်းရဲပင်ပန်းစွာ ခံစားနေပြန်ပါတော့၏။

ဤသို့ ဤနှယ် စိတ်သက်သာဖွယ် အလျှင်းမရှိသည့် မြင်ကွင်းကို ကြည့်ရှုရင်း ရှင်မောဂ္ဂလာန် မေးပါလေတော့၏။

"အို- ပြိတ္တာအပေါင်းတို့၊ သင်တို့ရဲ့အဖြစ်ဟာ အင်မတန်မှ ဆိုးရွားလှပါကလား၊ သင်တို့ လေးဦးရှိတဲ့အနက် တစ်ဦးက ကိုယ့်ခေါင်းပေါ်ကို ကိုယ်ကိုယ်တိုင် ဖွဲမီးတွေ ကြဲချနေတယ်၊ ဟို တစ်ဦးကလည်း ကိုယ့်ဦးခေါင်းကို ကိုယ်သံတင်းပုတ်နဲ့ ထုနှက်နေတယ်၊

အဲ- နောက်တစ်ဦးကျပြန်တော့ ကိုယ့်ကျောကုန်းသားကို ကိုယ့်လက်သည်းနဲ့ ထိုးခြစ်ကော်ထုတ်ပြီး အသားတွေကို ခွာစားနေတယ်၊ နောက်ဆုံးတစ်ဦးကျပြန်တော့ ခွံရွာဖွယ် အင်မတန်ကောင်းတဲ့ မစင်တွေကို မြိန်ရေရှက်ရေ စားနေပါကလား။

အို- ပြိတ္တာတို့၊ သင်တို့ ခုလိုမျိုး ဖြစ်ပျက် ခံစားနေကြရတာတွေးဟာ

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်း၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဘယ်မကောင်းမှု အကုသိုလ်ကံတွေ ကျူးလွန်မိခဲ့လို့ပါလိမ့်"

ရှင်မောဂ္ဂလာန်၏ အမေးစကား ဆုံးလေတော့ ပြိတ္တာမိသားစုလည်း သူဖြေနိုး၊ ငါဖြေနိုးဖြင့် တစ်ယောက် မျက်နှာကိုတစ်ယောက် ငေးကြည့်နေမိကြလေ၏။

နောက်ဆုံးမှာတော့ ပြိတ္တာမကြီးက တစ်ဦးချင်းကို ညွှန်ပြလျက် -

"အရှင်ဘုရား၊ သူက လူ့ဘဝတုန်းက တပည့်တော်မရဲ့ ခင်ပွန်းလင်ဖြစ်ပါတယ် ဘုရား၊ သူကတော့ လူ့ဘဝတုန်းက တပည့်တော်မရဲ့ သားဖြစ်ပြီး၊ သူကတော့ တပည့်တော်မရဲ့ ချွေးမ ဖြစ်ပါတယ် ဘုရား။

အရှင်ဘုရား၊ တပည့်တော်မရဲ့ မိသားစုဟာ လူ့ဘဝတုန်းဆီက တစ်ဦးစီ တစ်ဦးစီ မကောင်းမှုတွေကို လုပ်ဆောင်ခဲ့ ပြောကြားခဲ့တဲ့အတွက် လူ့ဘဝကနေ ဇီဝိန်ချုပ်ခဲ့တဲ့အခါမှာတော့ တပည့်တော်မတို့ မိသားစုလေးဦးစလုံး ဟောဒိတောအုပ်ကြီးထဲမှာ ပြိတ္တာတွေ ဖြစ်လာကြတာပါဘုရား"

ကြားရချက်က မသက်သာလှသလို မြင်တွေ့နေရသည့် မြင်ကွင်းကလည်း တစ်ကွက်ကလေးမျှ စိတ်ချမ်းသာဖွယ်မရှိ။

လူ့ဘဝ အတိတ်ကာလတုန်းဆီက မည်သို့သော ဒုစရိုက်များ ကျူးလွန်ခဲ့ကြပါသနည်း။

*

သာဝတ္ထိမြို့ အနီးရှိ ရွာငယ်ကလေး တစ်ရွာ။

သည်ရွာငယ်ကလေးမှာတော့ မိသားစုတစ်စု ရှိသည်။ အိမ်ရှင် ဇနီးမောင်နှံနှင့် သား ချွေးမ လေးဦးသာ ဖြစ်ကြ၏။

သည်မိသားစု လေးဦး၌ တစ်ဦးချင်းစီမှာပင် အကျင့်စရိုက်တွေက တစ်မျိုးတစ်ဖုံ။

အိမ်ထောင်ဦးစီး လင်ယောကျ်ား ဖြစ်သူက ကောက်ကျစ်ဉာဏ်လဲမှုဖြင့် စီးပွားရှာဖွေသော စပါးကုန်သည်ဖြစ်၏။

သူသည် ဝယ်ယူသိုလှောင်ထားသော စပါးတို့ကို ဖွဲများနှင့် ရောနှောင်။ စပါးမှော်၊ စပါးဖျင်းတို့ကို အချိန်စီးစေ ရန်အတွက် မြေနီမှုန့်တို့ကို ညှက်အောင် စိမ်လျက် စပါးကောင်းများနှင့် သမအောင် မွှေလေ၏။ ထိုသို့ ရောမွှေလိုက်သည့်အခါ စပါးတို့သည် တိုးပွားလာလေ၏။ ဤသည်ကား သူ၏ စီးပွားရေး၊ ကြီးပွားရေး လုပ်ရပ်ပင် ဖြစ်ချေ၏။

မယားဖြစ်သူကမူ တစ်မျိုးတစ်ဘာသာ။

လက်ပွန်းတတီး အိမ်နီးနားချင်း ရင်းနှီးသူတို့က တစ်စုံတစ်ရာကို တောင်းရမ်းလျှင် သူမှာရှိလည်းရှိပါလျက် ပေးမည်ဆိုလည်း ပေးနိုင်ပါလျက် 'မရှိဘူး' ဟူ၍သာ မှုသားသုံး ပြောဆိုလွှတ်လေ၏။ အဲဒယ်၍ တစ်စုံတစ်ယောက်မှာ အံတင်းကာရော မရမကတွယ်ကပ်၍ တောင်းခံလာပါက ယုံကြည်အောင် ကျိန်ဆိုပြောလေ့ရှိမြဲ။

"ဟေ့... ဒီမှာ မယ်မင်းကြီးမ၊ ညည်း မရမက တောင်းနေတဲ့ဓစ္စည်းဟာ ငါ့ဆီမှာ ရှိနေပါလျက်နဲ့ မရှိဘူးလို့ လိမ်ပြောခဲ့ရင် ဖြစ်လေရာဘဝတိုင်း, ဘဝတိုင်းမှာ ပိုးလောက်တဖွားဖွားတွေ အုံဖွဲ့နေတဲ့ မစင်ကို စားရသူဖြစ်ပါစေအေ၊ ကဲ... ကျေနပ်ပလား"

သည်သို့သည်ပုံ လိမ်ညာမှုသားသုံးလျက် ကျိန်ဆိုလေ့ ရှိသည်ကား မယားဖြစ်သူ၏ အရင်းခံသဘာဝ။

သည်လိုမျိုး မိဘနှစ်ပါးမှ ဖြစ်တည်ပေါက်ဖွားလာသည့် သားကျပြန်တော့ အပျော်ကိစ္စများ၌ အလွန်အကြူး၊ သောက်သောက်စားစား လူမင်းသား အသွင်ဖြင့် အပေါင်းအသင်းတွေမှာလည်း တရုန်းရုန်း။ ပြီးတော့... သည်သောက်သောက်စားစား အပေါင်းအသင်းတွေကို အိမ်သို့ခေါ်လာသည်။ ထိုအခါ မိခင်က ဘာသိညာသာ့နေသည့်အတွက် အပေါင်းအသင်းများ မြန်သွားကြသည်ရှိသော် -

"အမေ... ခင်ဗျားကြီး ဘာအချိုး ချိုးတာလဲ"

"အမေ ဘာလုပ်လို့လဲ သိုးရယ်"

"ဘာ၊ ဘာလုပ်လို့လဲ ဟုတ်လား၊ ကျွဲ့အပေါင်းအသင်းတွေက ကျွဲ့ကို ခင်လို့ လိုက်လာတာဗျ၊ ခုကို ခင်ဗျားကြီးက မသိလိုက် မသိဘာသာနေပြီး ဥပေက္ခာပြုထားတာ၊ ကျွဲ့ မကျေနပ်ဘူးဗျာ... တောက်"

ထိုသို့ နှင်ပဲငဆ ပြောဆိုရင်း လှည်းထမ်းပိုးချွတ်ကာ မိခင်ကို ရိုက်နှက်၏။ ထိုမျှနှင့် အားရကျေနပ်ခြင်း မရှိသေး။ နွားချည်ကြိုးကို ဆွဲယူလာကာ ရိုက်ပြန်၏။

"အောင်မယ်လေး... သေပါပြီတော့"

"သေဗျာ... သေ သေစမ်း၊ ခင်ဗျားကြီးကို သေအောင်ရိုက်မယ်"

သည်သို့ သည်ပုံ ယမကာ ခပ်ထွေထွေဖြင့် မိခင်အား ကြမ်းတမ်းစွာ ပြောဆိုလျက် ထုထောင်း ရိုက်နှက်တတ်သည်မှာ သားဆိုး သားမိုက်၏ ဓလေ့စရိုက်ဆိုလျှင် မမှား။

သည်အထဲမှာ ချွေးမဖြစ်သူ၏ အမူအကျင့် စရိုက်လက္ခဏာက တစ်မျိုးတစ်ဖုံ။ မိသားစု လေးယောက်စာ အတွက် အမဲသားငါးတို့ကို ချက်ပြုတ်ထားပြီဆိုလျှင် အိမ်သားများ အလစ်အငိုက်၌ ခိုးဝှက်စားသောက်လေ့ရှိ၏။

သည့်အတွက် နေ့အဖို့ရာ၌ စားသောက်၍ လောက်ငပါသော်လည်း ညစာ စားကြသောအခါတွင်မူ ဟင်းမှာ မလောက်မငဖြစ်ရသည်။

"ဟဲ့... သမီး၊ ဟင်းတွေက ကုန်ပြီလား၊ မနက်တုန်းက ချက်ထားတာ တစ်အိုးကြီးပဲကွယ်"

သည်သို့ ယောကျ်မဖြစ်သူက စကားဆိုလာလျှင် ကက်ကက်လန့်မျှ နှုတ်လုံထိုးလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒီမယ် အဘွားကြီး၊ ဟင်းတွေ တစ်အိုးကြီးချက်ထားပေမယ့် မလောက်မငဘူးလို့ဆိုတော့ ကျွပ်ကို ဟင်းခိုးစားတယ်လို့ စွပ်စွဲတာပေါ့လေ၊ ဒီမယ် မှတ်ထားလိုက်၊ ဟင်းတွေကို ဦးဦးဖျားဖျား ခိုးဝှက်မစားဘူးဆိုတာကို ကျွပ် ကျိန်တွယ်ပြီး ပြောလိုက်မယ်"

သည်သို့သည်နှယ် ကာက်ကက် လှန်မှု ခွန်းတုံ့ပြန်ပြီးသည့်နောက် -

"ကျွန်တော်မျိုးမသည် အကယ်၍ ချက်ပြုတ်ထားသော အမဲသားငါး ဟင်းလျာတို့ကို ဦးဦးဖျားဖျား ခိုးဝှက်စားသောက်မိသည်ဆိုပါက ဖြစ်လေရာရာ ဘဝဆက်တိုင်း ဘဝဆက်တိုင်းတို့၌ ကျွန်တော်မျိုးမ၏ ကျောကုန်းသားကို ကျွန်တော်မျိုးမကိုယ်တိုင် လက်သည်းနှင့် ကုပ်ခြစ်ကော်ထုတ် လိုးဖြတ်ကာ စားသောက်နေရသူ ဖြစ်ပါစေသား"

ဟူ၍ ရဲဝံ့စွာ ကျိန်တွယ်ပြောဆို ပါချေ၏။

သည်လိုမျိုး မိသားစုဝင်လေးဦး၏ အမူအကျင့် စရိုက်လက္ခဏာတို့ကား ဘဝတစ်ခုကို အနားသတ်နိုင်းချုပ်သည့် တိုင်အောင် ပြောင်းလဲပြုပြင်မသွားသည့် အတွက် လာခြင်းမည်မျှပင်ကောင်း ကောင်း ပြန်ခြင်း၏ အကျိုးဆက်မှာမူ ပြိတ္တာဘုံမှလွဲ၍ အခြားမရှိတော့။

သည်တော့ အကုသိုလ်အကျိုး ဆက်၊ မုသား၏ ရလဒ်၊ ကံကြိုးထိုက်သူ၏ သရုပ် လက္ခဏာ၊ လိမ်လည်လှည့်ဖြားမှု လားရာတွေက ရွှင်မောဂွလာန် မထေရ်မြတ်ကြီး၏ မျက်မှောက်၌ စိတ်မသတီစရာ မျက်ဝါးထင်ထင်။

ကောက်ကျစ်စဉ်းလဲသော အိမ်ရှင်ယောကျ်ား စပါးကုန်သည်ခမျာ မီးနှင့်ရဲရဲ အလှိုက်တပြောင်ပြောင် တောက်လောင်လျက်ရှိသော စပါးမှော်၊ ဖွဲမှော်များကို လက်နှစ်ဖက်ဖြင့် သိမ်းကျုံးဆုပ်ကိုင်၍ မိမိ၏ ဦးခေါင်းပေါ် သို့ ကြဲပက်ချရင်း ဆင်းရဲကြီးစွာ အော်ဟစ်နေရ၏။

ထို့အတူ ချွေးမဖြစ်သူမှာလည်း မိမိပြုခဲ့သော အကုသိုလ်၏ အကျိုးဆက်အရ မာကျောခွန်ထက်သော သံလက်သည်းရှည်ကြီးများ ပေါက်လာလျက် မိမိ၏ ကျောကုန်းသားတို့အား သံလက်သည်းရှည်ကြီးများဖြင့် ထိုးကော်လီးဖြတ်၍ စားသောက်နေရသော ပြိတ္တာမ ဖြစ်လာရချေ၏။

အလားတူမှာပင် မိခင်ကို ရိုက်ပုတ်ထုထောင်းသော သားဆိုး သားဓိုက် ဆိုလျှင်လည်း မိမိ၏ဦးခေါင်းကို မိမိကိုယ်တိုင် သံတင်းပုတ်ကြီးဖြင့် ထုထောင်းရိုက်ပုတ်ကာ ဆင်းရဲကြီးစွာ အော်ဟစ်နေရသည့် ပြိတ္တာအဖြစ် ရောက်ရှိနေလေ၏။

ထိုတဲ့သို့ပင် ကုန်သည်ယောကျ်ား၏ မယားမှာလည်း အလွန် မွေးကြိုင်လျက် အရသာရှိသော စားကောင်းသောက်ဖွယ်ရာများ သူမ၏ ရှေ့သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် အဆိုပါ စားကောင်းသောက်ဖွယ်ရာများသည် ပိုးလောက်လန်း တဖွားဖွားနှင့် မစင်များ ဖြစ်သွားကြလေ၏။

ဤတွင် ပြိတ္တာမလည်း မစင်တို့ကို အားပါးတရ နယ်ဖတ်စားသောက်နေလေတော့သည်တကား။

*

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအဲသီးသီး၏ ပူဇော်အထူးကို ခံယူတော်မူသည့် ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စံပယ်သီတင်းသုံးနေလေ၏။

ဤတွင် ရှင်မောဂွလာန်လည်း ဘုရားရှင်ထံမှောက် ရောက်ရှိသွားခဲ့ပြီး ရှိခိုးဦးချလျက် -

"အရှင်ဘုရား၊ တပည့်တော်သည် ဝိဇ္ဇာဥဝိအမည်ရှိ တောအုပ်ကြီးသို့ ရောက်သွားခဲ့ရာ တောင်မင်းကို မြောက်မင်း မကယ်နိုင်သည့် အလားတစ်ယောက်ဒုက္ခကို တစ်ယောက်က မြင်နေရပါသော်လည်း မတူနိုင် မကယ်နိုင် ဒုက္ခကိုယ်စီ ခံစားနေကြရသော ပြိတ္တာမိသားစုကို မြင်တွေ့ခဲ့ရပါသည် ဘုရား" ဟူ၍ တင်လျှောက်လေ၏။

ဤတွင် မြတ်စွာဘုရားရှင်လည်း ထိုပြိတ္တာ မိသားစု၏ အဲ့ကြောင်းကို အခြေပြု၍ ရောက်ရှိလာသော ရဟန်းရှင်လူ ပရိသတ်အပေါင်းအား ထိုပြိတ္တာမိသားစုကဲ့သို့ မဖြစ်စေရန် တရားဓမ္မတို့ကို ဟောကြားလေသည်ရှိသော် တရားနာ ပရိသတ်အပေါင်းတို့လည်း သတိသံဝေဂ ရကြကုန်သတည်း။

နန္ဒာမိုးကြယ်

ကျမ်းကိုး

ပေတဝတ္ထု အဋ္ဌကထာ၊ စူဠဝဂ်။

❑

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဒီးမှုန်းဇာတ်

သိမ်မွေ့သော ဘဝကူးပြောင်းမှု အတွေ့အကြုံများ

Reader's Digest (Asian Issue) ၏ ၂၀၁၅ ခုနှစ်၊ ဇွန်လထုတ် မဂ္ဂဇင်းထွင် "The gentle truth about dying" ဆိုသော ဆောင်းပါးကို ဖတ်လိုက်ရသည်။

အဖြစ်နာက်နိဉ်ငံများမှ ဘဝကူးပြောင်းခါနီး လူနာများ၏ အတွေ့အကြုံကို ဆရာဝန်၊ သူနာပြုများက ပြန်လည်တင်ပြထားခြင်းများ ဖြစ်ပါသည်။

တစ်နေ့တွင် လူတိုင်း ကြုံတွေ့ရမည့် သေခြင်းတရားကို ရင်ဆိုင်ရန် မည်သို့ ပြင်ဆင်ထားသင့်ကြောင်းကိုပါ ထိုဆောင်းပါးတွင် စေတနာဖြင့် တင်ပြထားပါ၏။

မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များအဖို့ "မမြဲခြင်း ဆင်းရဲခြင်း၊ အစိုးမရခြင်း" ဆိုသော သဘောတရားများကို နိစ္စဓုဝ ဗုဒ္ဓ၏သားတော် ဆရာတော် သံဃာတော်များက ဟောကြားဆုံးမတော်မူသောကြောင့် ထိုဝေါဟာရများသည် ယဉ်ပါးနေသော ဝေါဟာရများဟု ဆိုနိုင်ပါ၏။

သို့သော် မြန်မာနိုင်ငံသားတွေလည်း သေခြင်းတရားကို အမင်္ဂလာစကားအဖြစ် ယူဆကြောက်ရွံ့ကြရာတွင် အနောက်နိုင်ငံသားများနှင့် ထူးခြားလိမ့်မည် မထင်ပါ။

တရားပွဲများတွင် မိုးကုတ်ဆရာတော်ကြီးက သေခါနီးကြီးတွေ၊ သေခါဝေးလေးတွေ ဟူ၍ တရားနာပရိသတ် သံဝေဂရစေရန် ခေါ်ဝေါ်လေ့ရှိ၏။

ပြီးတော့မှ ဆရာတော်ကြီးက - "ကျုပ်ပြောတာ မနာကြနဲ့နော်၊ ခင်ဗျားတို့ သံဝေဂရဖို့ ပြောရတာဗျ" ဟူ၍ နှစ်သိမ့်တော်မူလေ့ရှိ၏။

မြန်မာနိုင်ငံ ဝိပဿနာစခန်းတိုင်း ဤနည်းနှင့်နှင့် ဆုံးမကြသည်သာ ဖြစ်ပါ၏။

မန္တလေးမြို့ (၆၂)လမ်း၊ တောင်စလင်းကျောင်းတိုက်တွင် မဇ္ဈိမပဋိပဒါနည်းလမ်းဖြင့် ဆယ်ရက်စခန်း ဝင်၍ စာရေးသူ တရားအားထုတ်ဖူး၏။ စခန်းသိမ်းသည့်အခါ ယောဂီအားလုံးအား သင်တန်းဆင်း လက်မှတ်များအား ဝါခင်းတုန်း ဆရာတော်ကြီး ဦးတိက္ခက ချီးမြှင့်တော်မူ၏။

ဤသို့ ချီးမြှင့်ရာတွင် ဆရာတော်က "သေနည်းသင်တန်း အောင်လက်မှတ် ပေးလိုက်တာပါ" ဟူ၍ မိန့်ကြား၏။

ထိုသင်တန်းတွင် စာရေးသူသည် ယောကျ်ား ယောဂီများတွင် ပထမအဆင့်ဖြင့် သေနည်းသင်တန်း အောင်လက်မှတ်ကို ရရှိခဲ့သည်ဖြစ်ရာ တစ်သက်တာတွင် မကြုံဖူးသော ပီတိသုခကို တကယ် ခံစားခဲ့ရဖူးပါသည်။

အနောက်နိုင်ငံသား ဘာသာခြားများသည် နောက်ဘဝ ရှိသည်ကို မယုံကြည်ကြပါ။ ထို့ကြောင့် ဥစ္စာ

ထပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

သမားများဟု ယူဆနိုင်သည်။ သို့သော် သူတို့မှာလည်း ကုသိုလ် အကုသိုလ် သတ်မှတ်ချက်မျိုးတွေ ရှိပါသည်။

တန်ခိုးတော်ရှင် ဘုရားစကား နားထောင်သူများသည် ကောင်းကင်ဘုံ၌ စံမြန်းရမည်ဆိုသော အယူအဆမျိုးတွေ ရှိပါသည်။ ရုပ်ဝါဒီများကမူ လူသေလျှင် မြေကြီးဖြစ်သည် ဟူ၍ ယူဆကြပါသည်။

စာရေးသူကိုယ်တိုင် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် ရှမ်းပမာဖြစ်သော်လည်း အသက်(၄၀)နှစ်ခန့်အထိ ယောင်ဝါးဝါး အယူအဆများကို လက်ခံခဲ့ဖူးပါသည်။ သို့သော် စာရေးသူမှာ ကံကောင်း၏။ တရားပြည့် ဆရာသမားများ အလို အလျောက် အိမ်ပေါ်တက်လာသဖြင့် တရားစစ် တရားမှန်များ နာကြားခွင့် ကျင့်ကြံခွင့် ရခဲ့၏။

တတ္တသိုလ်ကျောင်းသားဘဝက အထင်တကြီးဖြင့် Karl Marx ၏ Das Kapital လို ရုပ်ဝါဒကျမ်းပေါင်းများစွာ ခေါင်းအုံးအိပ်ခဲ့ဖူး၏။ ယခုအခါ ဆရာသမားများကျေးဇူးကြောင့် ပရလောကရှိကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရခဲ့၏။ စာတွေ့.မဟုတ် ငါတွေ့။ တစ်ကြိမ်မဟုတ် အကြိမ်ကြိမ်။ အိပ်မက်မဟုတ်။ အာရုံခံများဖြင့် တွေ့ရသော ဓမ္မဒိဋ္ဌ။ ယုံတာ၊ မယုံတာ စာဖတ်သူ၏ ကိုယ်ပိုင်အခွင့်အရေး။

သို့သော် တစ်ခုတော့ ပြောချင်သည်။ ဆရာကောင်းကို ရှာဖွေဆည်းကပ်ပါ။ တကယ်ယုံကြည်ပြီး တကယ် ကျင့်ကြံအားထုတ်ပါ။ ဗုဒ္ဓ၏ ဓမ္မသည် ဟိပယသိကဂုဏ်နှင့် ပြည့်စုံ၏။ အာမခံ၏။

Applied Religion လက်တွေ့ အသုံးချလို့ရသော ဘာသာတရားပါ။ ကြိုက်ရာ ဝိပဿနာနည်းနိဿယကို ရွေးချယ်လိုက်ပါ။ စွဲစွဲမြဲမြဲ ဇွဲနဲ့အားထုတ်ပါ။

အကျိုးဖလကို မျှော်လင့်မနေနှင့်။ အကြောင်းရှိလျှင် အကျိုးရှိတာ အမှန်ပင်ဖြစ်ကြောင်း အချိန်တန်လျှင် ကိုယ်တိုင် သိလာလိမ့်မည်။ အလွန်မွန်မြတ်သော လောကုတ္တရာ အကျိုးထူး ပေးနိုင်စွမ်းသော တရားဓမ္မသည် သေးဖွဲသော လောကီ အကျိုးစီးပွားကို မပေးနိုင်စရာ အကြောင်းမရှိပေ။

မိုးကုတ်ဆရာတော်ကြီးက ဆုံးမဖူး၏။ ဝိပဿနာတရားကို ဘဝကူးကောင်းရုံမျှလောက် မျှော်မှန်း၍ အားမထုတ်ပါနှင့်တဲ့ ခင်ဗျ။

သည်စကားကို လေးနက်စွာ စဉ်းစားကြည့်လျှင် ဘဝကူး ကောင်းနိုင်သော နည်းလမ်းအမှန် ဖြစ်ကြောင်း သဘောပေါက်နိုင်ပေသည်။

သိပ္ပံနည်းကျမှ ယုံမည်ဆိုသူများ ရုပ်သာပဓာနဝါဒီများ၊ တကယ်သေဘေးနှင့် ကြုံရသောအခါ သနားစဖွယ် တွယ်ရာမဲ့ ခိုကိုးရာမဲ့ ဖြစ်ကြရှာသည်။

ဒုတိယကမ္ဘာစစ်၏ ဂျာမန်စစ်တရားခံများကို စစ်အပြီးတွင် ဂျာမနီနိုင်ငံ နျူရင်ဘတ်မြို့(Nuremburg)၌ မဟာမိတ်များက စစ်ခုံရုံးတင်၍ စစ်ဆေးခဲ့၏။ ဂိုးအားရင်း၊ ဟင်းမလား စသော ဖက်ဆစ်ခေါင်းဆောင် လက်မခံရှုံးများသည် သေဒဏ်နှင့် မလွဲမသွေ ကြုံရပေ့ကော့မည်။

မဟာမိတ်တို့က အချုပ်ခန်းအတွင်း ဝှင်းတို့ ပြောကြသော စကားများကို အသံဖမ်းစက်ဖြင့် ခိုးဖမ်း၍ မှတ်တမ်းတင်ခဲ့၏။

ထိုမှတ်တမ်းများတွင် စစ်ဘရား ခံ တစ်ယောက်က -

"နောက်ဘဝဆိုတာ အမှန်ရှိတယ်၊ ခင်ဗျားမစိုးရိမ်နဲ့၊ နောက်ဘဝမှာ ကျုပ်တို့အဖ ဂျာမနီနိုင်ငံတော်အတွက် အလုပ်တွေ လုပ်ကြတာပေါ့" ဆိုတဲ့ စကားမျိုးတွေ ပြောကြကြောင်း ဖတ်မှတ်ဖူးသည်။

(Nuremburg Epilogue Moscow Publishing ကိုရှု။ အနှစ် ၅၀ ခန့်က ဖတ်ခဲ့တာပါ။ စကား အနေအထား ကွဲပြားနိုင်၊ မှားလျှင် ပြင်ပေးပါ။)

အထက်တွင် ဖော်ပြခဲ့ပြီးသော Reader's Digest ဆောင်းပါး၌ သူနာပြု NIKKI JOHNSTON က သေအံ့မူးမူး လူနာများ အကြောင်းကို အောက်ပါအတိုင်း ဖော်ပြထား၏။

"လူအများ အသက်ထွက်ခါနီး လျှင် မေ့မြောသွားတတ်ပြီး အသက်ရှူပုံပါ ပြောင်းလဲသွားတတ်သည်။ တစ်ခါတစ်ရံတွင် အသက်ရှူ လုံးဝရပ်သွားသည်ဟု ထင်ရပြီးမှ တစ်ဖန်ပြင်းထန်စွာ အသက်ပြန်ရှူကာ ခေတ္တခဏ သတိလည်လာတတ်သည်။

ထိုအချိန်မျိုးတွင် တစ်စုံ တစ်ယောက်က လာရောက် ခေါ်ဆင်နေသလို (သို့) တစ်စုံတစ်ဦးနှင့် စကားပြောဆိုနေပုံမျိုးများကိုလည်း တွေ့ရတတ်၏။ ကျွန်ုပ်တို့ နားလည်ရန် ခက်ခဲသော အမူအရာများပင်ဖြစ်၏" ဟူ၍ ရေးသားထား၏။ (ဆီလျော်အောင် ဘာသာပြန်သည်)

နာမည်ကျော် Apple ကုမ္ပဏီ၏ CEO စတီးဗ် ကျော့ဘ်စ်က ၂၀၀၅ ခုနှစ် အခမ်းအနား တစ်ခုတွင် ကျော်ကြားသော မိန့်ခွန်းတစ်ခု ပြောဖူး၏။

"ကျုပ်အတွက် သေခြင်းတရား နီးကပ်လာပြီလို့ အမှတ်ရခြင်းဟာ ဘဝမှာ အကြီးမြတ်ဆုံးဆိုတဲ့ အလုပ်တွေကို အခုပြုလုပ်ဖို့ သတိပေးချက်ပါပဲ" တဲ့။

အလားတူစွာပါပဲ အသက်(၄၀) တွင်း ရောက်ခါစ သားဥပ္ပန်ကင်ဆာရောဂါနဲ့ ကွယ်လွန်ခဲ့ရရှာတဲ့ ရုပ်ရှင်မင်းသမီး ဂီလ်ဒါရက်ဒနာ (Gilda Radner) ကွယ်လွန်ခါနီးမှာ သေခြင်းတရားနဲ့ပတ်သက်ပြီး ပြောခဲ့တဲ့ စကားတစ်ခွန်း ရှိပါတယ်။

"I wanted a perfact ending. Now I've learnt that some poems don't rhyme and some storied don't have a clear beginning, middle or end. Life is about not knowing"

"ကျွန်မကတော့ အပြစ်အနာအဆာကင်းတဲ့ ဇာတ်သိမ်းခန်းကိုသာ

www.burmeseclassic.com

www.burmeseclassic.com

ကခဲ့ချင်ပါတယ်၊ ဒါပေမဲ့လေ ကျွန်မကြုံခဲ့ရတဲ့ သင်ခန်းစာတွေကတော့ တချို့ ကဗျာတွေက ကာရန်မညီကြဘူးလေ၊ တချို့ဝတ္ထုတွေက နိဒါန်း စာကိုယ်နိဂုံး ဘယ်ဟာမှ မရှင်းလင်းပြန်ဘူး၊ ဘဝဆိုတာ ဒီလိုပါပဲရှင်၊ အမှောင်လွှမ်းတဲ့ အဝိဇ္ဇာလမ်းပဲ" တဲ့ခင်ဗျာ။

Gilda Radner တမ်းတခဲ့ဖူးတဲ့ Perfact ending ကို ကျွန်တော် ကိုယ်တိုင်တွေ့ဖူးတယ်။ တွေ့ဖူးတာမှ တစ်ကြိမ်မကဘူး။ သုံးကြိမ်လောက်တွေ့ဖူးတယ်။ စာမျက်နှာ အခက်အခဲကြောင့် တစ်ခုကိုသာ တင်ပြခွင့်ပြုပါ။ တကယ့် ဖြစ်ရပ်မှန်ပါ။ အကြောင်းကြောင်းကို ထောက်ထားရတဲ့အတွက် အမည်မှန်တွေကို မဖော်ပြနိုင်တာကို နားလည်ပေးကြပါခင်ဗျာ။

ရှမ်းပြည်နယ်မြောက်ပိုင်းခရိုင်မြို့ကြီးတစ်မြို့က တစ်ခိုင်လုံးလွှမိသားစုအကြောင်းကတော့ ဒီလိုခင်ဗျာ။

ဗြိတိသျှ ကိုလိုနီခေတ်မှာ မူလတန်း ကျောင်းအုပ်ဆရာကြီး တစ်ဦးမြေပြန့်ဒေသက တောင်ပေါ်သို့ ရောက်လာပါတယ်။

အတိုချုပ်ရရင် တောင်ပေါ်သူတစ်ဦးနဲ့ အကြောင်းပါလေပြီး သားယောကျ်ား တစ်ဦးနဲ့ သမီးမိန်းကလေးလေးဦး ထွန်းကားပါတယ်။

ဆရာကြီးက ယယ်တီဆရာတော်ဘုရားကြီးနည်းကို ကျကျနန လေ့လာသင်ကြားပြီး ဝိပဿနာတရားအားထုတ်လေ့ရှိပါတယ်။ တရားသမားတွေရဲ့ ထုံးစံအတိုင်းပါပဲ၊ မိမိရဲ့ တရားအတွေ့အကြုံတွေကို ဖောက်သည်ချချင်တဲ့ ဆရာကြီးဟာ အိမ်မှာ ဆယ်ရက် သင်တန်းတွေ တရားပွဲတွေကို အီတိုစိုက်(ဓမ္မဒါနဖြစ်အောင်) ကျင်းပတာကိုးဗျာ။

ဒီတော့ ဆရာကြီး သားသမီးတွေကအစ အိမ်နီးချင်းတွေပါ မကျန် အကုန်လုံးနီးပါး ဝိပဿနာတရားနဲ့ ယဉ်ပါးလာကြပါတယ်။ တယ်ဟုတ်တဲ့ တရားပဲဗျာ။ ညီအစ်ကို မောင်နှမ အားလုံး တစ်ယောက်မှ အိမ်ထောင်မပြုကြဘဲ လူပျိုကြီး၊ အပျိုကြီးတွေ ဖြစ်လာကြပါတယ်။

နောက်ထပ် ထူခြားချက်တစ်ခုကလည်း အကုန်လုံး ပညာတတ်တွေဘွဲ့ရဆရာ၊ ဆရာမတွေ ဖြစ်လာခဲ့ကြပါတယ်။ ဒါကြောင့်လည်း သူတို့ မိသားစုကို တစ်ခိုင်လုံးလွှမ်းခွေလို့ ခေါ်ခဲ့ကြတာပါ။

တချို့က အထက်တန်း၊ တချို့ အလယ်တန်း၊ ဒီအထဲက အထက်တန်းပြ ဆရာမတစ်ဦးက စာရေးသူနဲ့ တစ်ကျောင်းတည်း လုပ်ဖော်ကိုင်ဖက်ပါ။ ဒီဆရာမလေးက အသက်(၃၀)ကျော် အထိ အပျိုကြီးဖြစ်နေရာက ဓမ္မော်လင့်ဘဲ အိမ်ထောင်ကျပြီး သားလေး တစ်ယောက် ရလာပါတယ်။

တော်လှန်ရေးကောင်စီအစိုးရ လက်ထက် ၁၉၈၀ ပြည့်နှစ်လောက်မှာ ဆရာမလေး ရာထူးတက်ပြီး တောင်ပေါ်မြို့လေးတစ်မြို့ကို အလယ်တန်းကျောင်းအုပ်အဖြစ် ပြောင်းသွားရပါတယ်။ ဒီအချိန်က လမ်းပန်းဆက်သွယ်ရေးတွေ ခက်ခဲ၊ တောတွင်းလက်နက်ကိုင်ပေါင်းစုံကလည်း ပွက်ပွက်ညံနေတဲ့ ကာလ ဖြစ်လေတော့ သူ့ခင်ပွန်းနဲ့ ကလေးကို ခရိုင်မြို့ကြီးမှာပဲ ထားခဲ့ရပါတယ်။

ဆရာမ ပြောင်းရွှေ့သွားရတဲ့ မြို့ကလေးမှာက ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံလေးပဲ ရှိတယ်။ ဆရာဝန် ဆရာမကလည်း ရှားပါး၊ ဆေးဝါးကလည်း မပြည့်စုံ။ လူနာတွေကတော့ ခုတင်မဆံ့လို့ ဆေးရုံစကြီလမ်း ကော်ရစ်ဒါပေါ်မှာ ဖျာခင်းပေးပြီး ကုသနေရတယ်။ အများဆုံး ဖြစ်တတ်တဲ့ ရောဂါက ငှက်ဖျားရောဂါ။ ငှက်ဖျားကလည်း ကြောက်စရာ ဦးနှောက် ထိခိုက်တတ်တဲ့ Cerebral Malaris ငှက်ဖျားမျိုးဗျာ။

ဘွဲ့ နှစ်ဘွဲ့လောက် ရထားတဲ့ ဆရာမလေးဟာ ကျန်းမာရေးဗဟုသုတ မနည်းလောက်ပါဘူး။ ဒါပေမဲ့ ကံတရား ကိုတော့ ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူးလေ။ အတိုချုပ်ပြောရရင် များများကြာမီမှာ ဆရာမလေး ငှက်မိသွားပါတယ်။ Gilda Radner လို သူအသက်(၄၀)တွင်း အစောပိုင်းကာလ။ တိုက်နယ်ဆေးရုံဘယ်လိုမှ မကုသနိုင်လို့ ကားတစ်စီး အော်ဒါငှားပြီး ကျောင်းကော်မတီလူကြီးတွေကိုဖမ်တိုင် ခရိုင်ဆေးရုံကြီး တင်ပေးခဲ့ကြပါတယ်။

ဦးနှောက်ထိ ငှက်ဖျားရောဂါဟာ ဘယ်လောက် ဆိုးသလဲဆိုရင် အသက်ရှင်ဖို့လမ်းက ရာနှုန်း နည်းတယ်။ အကယ်၍ ရှင်ပြန်ရင်လည်း လျှာတွေ အာတွေလေးပြီး စကားက မပီ၊ ပေါကြောင်ကြောင်ကြီး ဖြစ်နေတတ်တယ်။ ဒီရောဂါရတာနဲ့ အပူကြီးပြီး သတိခဏခဏလစ်သွားတတ်တယ်။

ဆရာမလေး ခရိုင်ဆေးရုံရောက်လာတဲ့အချိန်မှာ ယဲ့ယဲ့ပဲ ကျန်ပါတော့တယ်။ ဒါပေမဲ့ သတိတစ်ချက်မလွတ်ဘူး။ ဝိပဿနာရှုမှတ်သူများရဲ့ သတ္တိပဲဖြစ်မှာပါ။

သူ့ယောကျ်ားကလည်း မြို့နယ်ပြည်သူ့စစ်ခေါင်းဆောင်ဆိုတော့ကာရှေ့တန်းရောက်နေရှာတယ်။ ဆရာမကို လာပြီး မတွေ့နိုင်ခဲ့ဘူး။

ရောက်လျှင်ရောက်ချင်း ဆရာဝန်၊ ဆရာမတွေ၊ ညီအစ်ကို မောင်နှမတွေ ဝိုင်းဝန်းပြုစုကြတာပါပဲ ခင်ဗျ။ မြို့မျက်နှာဖုံးတွေလို ဖြစ်နေတော့ လိုလေသေး မရှိပါဘူး။

ဆရာမ ကိုယ်ပေါ် လက်ပေါ် နှာခေါင်းထဲ မြောက်မြားစွာသော ဆေးပိုက်တွေက သက်သေခံနေပါတယ်။

ဆရာမက သတိ တစ်ချက် မလွတ်ဘူး။ သူ့ယောကျ်ားကို "ကို... မရောက်သေးဘူးလား" လို့ မေးတယ် ခင်ဗျ။ အစ်မဖြစ်သူက မရောက်သေးကြောင်း ခရီးလမ်း လမ်းပန်းခက်ခဲကြောင်း တိုးတိုးတိတ်တိတ် ရှင်းပြပါတယ်။

ဒီတော့ ဆရာမက-

www.burmeseclassic.com

www.burmeseclassic.com

"ဒီနိုင်ငံရေး အလုပ်တွေကို မငြီးငွေ့သေးဘူးလား" လို့ ဝေဖန်သေးတယ် ခင်ဗျ။

ဆရာမ အသံဟာ တိုးတိမ်မေ့မယ့် ကြည်လင် ပြတ်သားပါတယ်။ ခင်ပွန်း ဖြစ်သူကို သတိရပုံ ထောက်ရင် ဆရာမဟာ သံယောဇဉ် မကုန်သေး ကြောင်းကတော့ ထင်ရှားပါတယ်။

သမုဒယသံယောဇဉ် အကုန် ပြတ် ကိလေသာအားလုံး ချုပ်ငြိမ်းသူ တွေကတော့ အရဟတ္တမဂ်ဆိုက်ပြီး ပုဂ္ဂိုလ်တွေရဲ့ တရားအဆင့်အတန်းသာ မဟုတ်လားဗျာ။

သို့သော် ဆရာမရဲ့ ပြတ်သားမှု ဟာ ဆရာဓရဲ့ မနိမ့်ကျတဲ့ တရားအဆင့် အတန်းကို ဖော်ပြနေတာပါပဲ။ ဘယ်လို ပြတ်သားသလဲ ဆိုတော့ -

"ရှင်တို့ ဒီပိုက်တွေ အားလုံး ဖြုတ်လိုက်ကြပါတော့၊ မရတော့ပါဘူး၊ ကျွန်မ သိပါတယ်၊ ကျွန်မ တရားမှတ် ချင်လို့ပါ၊ ရှင်တို့အားလုံး ခေတ္တခဏ အပြင်ထွက်ပေးကြပါ" တဲ့ခင်ဗျာ။

ဒီအချိန်အထိ သတိကောင်း တုန်း ခင်ဗျ။ နောက် ၅ မိနစ်လောက်မှာ ဇီဝိန်ချုပ်တော့မယ်နော်။

အစ်မကြီးနဲ့တကွ သံယောဇဉ် မကင်းတဲ့ လူတွေအားလုံး မျက်ရည်စက် လက်နဲ့ အပြင်ထွက်ခဲ့ကြရပါတယ်။ ဆရာဝန်၊ ဆရာမတွေကလည်း ဘာမှ တိုးတက်မှုလက္ခဏာမပြတဲ့ ပိုက်တွေကို အကုန်ဖြုတ်ပြီး အပြင်ဘက် ထွက်ပေး ကြပါတယ်။ ၅ မိနစ်လောက်အကြာမှာ အခန်းတွင်း ပြန်ဝင်လာကြတော့ ဆရာမ လေးဟာ ရှဲ့မဲ့တွန့်လိမ် ရုန်းကန်ဝေဒနာ ခံစားထားရပုံ လက္ခဏာမရှိ။ ပကတိ ငြိမ်သက်ညင်သာ ငြိမ်းချမ်းစွာ ဇီဝိန်ချုပ် နေတာကို ဖြေမဆည်နိုင်အောင် တွေ့ လိုက်ကြရပါတော့တယ် ခင်ဗျား။

"သေခြင်းတရားဟာ ပညာရှိကို အလစ်တိုက်လို့ မရဘူး" Death never takes the wise man by surprise. လို့ ကဗျာဆရာ Jean de la fontaine က ပြောခဲ့ဖူးတယ်တဲ့။

အခြားစာရေးဆရာ တစ်ယောက် ဖြစ်တဲ့ Anais Nin ကလည်း သေခြင်းတရားနဲ့ ပတ်သက်ပြီး စကား တစ်ခွန်းပြောခဲ့ဖူးပါတယ်။

သူပြောဖူးတဲ့စကားနဲ့ ဒီဆောင်း ပါးကို နိဂုံးချုပ်ရမယ်ဆိုရင် People living deeply have no fear of death "သီလ၊ သမာဓိ နိုင်မြဲ လေးနက်မှုနဲ့ ဘဝကို ဖြတ်သန်းကြသူတွေဟာ သေမှာ မကြောက်ကြပါဘူး"တဲ့ ခင်ဗျား။

ဓိုင်းမင်းရည်

ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

◎ စီးပွားလုပ်ငန်းအသစ် လှုပ်ကိုင်ရန် ◎ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေ သိရန် ◎ ကျန်းမာရေး အခြေအနေ သိရန် ◎ လက်ထပ်ရန် သင့်၊ မသင့် ဇာတာတိုက်စစ်ရန် ◎ လက်ထပ်မင်္ဂလာအခါရွေးရန် ◎ ကလေး ခွဲစိတ်မွေးဖွားရန်အတွက် ရက်မြတ်ချိန်ခါရွေးရန် ◎ ကလေး နာမည် ပေးရန် ◎ အိမ်၊ တိုက်၊ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့်၊ ပန္နက်တာင်မင်္ဂလာ ရွေးရန် ◎ သင်ယူလိုသော ပညာရေးလိုင်း အကျိုးပေး၊ မပေး သိရန် ◎ နိုင်ငံခြားထွက် အလုပ်လုပ်ရန် ကောင်း၊ ဆိုးသိရန် . . . အစရှိသော သိလိုသည့် အကြောင်းအရာများကို ဆရာနှင့် ဆွေးနွေးနိုင်ပါသည်။ အောင်မြင်လိုသော ကိစ္စတို့အတွက် ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ အင်းယတြာ၊ ရတနာဒီပံယတြာ စသည့် အစီအရင်များဖြင့် လိုအပ်သလို အကူအညီ ပေးနေပါသည်။

ငွေကြိုသွင်းပြီး ဖုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ CB Bank A/c No - 0019600100036439

တောင်ဥက္ကလာဘဏ်ခွဲ၊ ရန်ကုန်မြို့ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/မဒန(နိုင်) ၀၁၁၄၂၂

ဓမ္မာခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား၊ မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၂၅၀ ၄၄၇၂၁

ဓမ္မာခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ ၊ ၃၀) မှ ညနေ (၅ ၊ ၄၅) နာရီထိ။

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်တစ်ခုရဲ့ ကုဏ္ဍင်သတိုးနှယ်

ရောဂါတစ်ခုနဲ့ ရှေ့ဆင့် နောက်ဆင့် ဆုံးသွားကြတာ၊ အဲဒါ ခိုကိုးရာမဲ့နေလို့ အရှင်ဘုရား ကျောင်းမှာလည်း ကျောင်းသားကိုရင်က မရှိဆိုတော့"

အပေါင်းအဖော်တွေနဲ့ နေရခြင်းကိစ္စကို ထပ်ပြီး မခံစားချင်တော့သော မိမိအဖို့ အဖော်လည်း မလိုအပ်သလို တပည့်လည်း အလိုမရှိပေ။

ခါပေမဲ့ ရွာလူကြီး ပြောစကား တစ်ခွန်းကခြင်းဆန်ရ ခက်နေပြန်သည်။

"ရွာထဲမှာဆိုရင် သူများခိုင်းဖတ်ဖြစ်ပြီး ပညာမတတ်ဘဲ လူဆိုးလူမိုက်ဖြစ်မှာစိုးတာနဲ့ အရှင်ဘုရားကို လာလျှုတာပါ တုရား"

ခြင်းဆန်ရင်လည်း မကောင်းတာနဲ့ အသက်တစ်ချောင်း ကယ်ကောင်းပါတယ် ဟူသော အသိဖြင့် ကယ်တင်လိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။

တောကျောင်းနေ မိမိအဖို့ သပိတ်၊ သင်္ကန်းက အပိုမရှိပေ။

"ဒီကလေး သာသနာတော်မှာ နေဖို့ လိုအပ်တာ တပည့်တော် လျှုပါ့မယ်ဘုရား"

လာလျှောက်သော လူကြီးကတာဝန်ယူ၏။ ဒီလိုနဲ့ မိမိရဲ့ တောရကျောင်းလေးကို သုခ ဆိုသော သာမဏေလေး တစ်ပါး တိုးလာခဲ့တယ်။ အပြောအဆို အနေအထိုင် တည်ငြိမ်သလို မိမိစကားလည်း လိုက်နာသဖြင့် ကိုရင်သုခနှင့်အဆင်ပြေလှ၏။ ပရိယတ္တိစာပေ အခြေခံရအောင် ပရိတ်ကြီး၊ သဒ္ဒါ၊ သဂြိုဟ် စတဲ့ စာပေတွေကို အချိန်လေး သတ်မှတ်ပြီး သင်ပေးဖြစ်တယ်။

အပြင်အာရုံထိတွေ့မှုက ကိုရင်သုခ စာလည်းအတော်သွား၏။ အရာရာကိုလည်း အလိုက်သိ၏။

"မမေ့တတ်သူအဖို့ မမေ့ခြင်း တရားတွေက ဆီးကြိုနေသလို၊ မေ့တတ်သူကိုလည်း မေ့ခြင်း အကျိုးတရားတွေက စောင့်ကြိုနေတယ်"

(ကြယ်တွေဒဿန)

"အရှင်ဘုရား၊ အရှင်ဘုရား"

တိတ်ဆိတ်ခြင်းကို အာရုံယူနေသော မိမိအဖို့ ပျာယာသော အသံက နှလုံးသားကို လာဆောင့်သလို တည်ငြိမ်စပြုနေသော သမာဓိတို့က အဝေးကို လွင့်စဉ်သွားတယ်။

ပတ်ဝန်းကျင်နဲ့ နေထိုင်ရတာကို ဒုက္ခလို့ ခံယူထားတဲ့သူအဖို့ ဒီတောလေးကို နှစ်သက်မိပေမယ့် တစ်ခါတစ်ခါ ရွာထဲက ကိစ္စလေးတွေကိုတော့ လိုက်လျောရတယ်။ ဒါကလည်း ရဟန်းတို့ရဲ့ ကိစ္စဖြစ်နေတော့ ဘာမှ မပြောသာပေ။

သို့သော် ကြီးကျယ်သော သာရေး နာရေးတွေကို မိမိကို မပင့်ဖို့ ရွာသားတွေကို တောင်းဆိုထားရတယ်။ ရွာနဲ့ မကင်းနိုင်ပေမယ့် ရွာနားက တခြားကျောင်းတွေကိုသာ သွားပင့်ဖို့ မှာထားရ၏။ အခုလည်း ဘာကိစ္စရှိလာပြီ မသိ။ ကျောင်းအပြင်မှာ ရွာထဲက လူကြီးတချို့နဲ့ (၁၀) နှစ်သားအရွယ် ကောင်လေးတစ်ဦးကို တွေ့လိုက်တယ်။

ရွာသူကြီးက -

"ဒီကလေးက ရွာတောင်ဖျားက ဘုရား၊ သူမိဘနှစ်ဦးစလုံး မရှိတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော်ဘုရား ရွာတွင်းကို ဆွမ်းခံမကြွပါနဲ့ ဘုရား၊ မိုးတွင်းဘက် ဆိုတော့ လမ်းတွေက မကောင်းတော့ လမ်းသွားရင် ချော်နေပါ့မယ်၊ တပည့်တော် တစ်ပါးတည်းကြွပြီး ဆရာတော်ကို ဆွမ်းခံကျွေးပါရစေ"

❋

ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ရဲ့ ဘဝငြိမ်းချမ်းမှု၊ ပူလောင်မှုသည် သူ နေထိုင်သော ပတ်ဝန်းကျင် ဓလေ့ စရိုက်နဲ့လည်း ဆိုင်တယ်လို့ အဘိဓမ္မာရဲ့ သဘောထဲမှာ ဆိုထားတယ်။

အခုလည်း ကိုရင်သုခအဖို့ ဆန့်ကျင်ဘက် နှစ်ခုဖြစ်သော ပတ်ဝန်းကျင်ကို မြင်နေရပြီ။

ဆရာအရှင်ရဲ့ တောရကျောင်း အရိပ်သည် အေးမြမှုရှိသလောက် ရွာတွင်းသို့ ကြွသွားသောအခါ အပူငွေ့တချို့က သူ့ကို လာလာရိုက်ခတ်တယ်။ အဲဒီ အပူငွေ့တွေကိုလည်း သူက သာယာနေမိတယ်။

"ကိုရင်၊ ညနေကျရင် အိမ်ကို ကြွပါဦး၊ အအေးကပ်ချင်လို့"

"ဆွမ်းဟင်းမကျက်သေးလို့ ခဏစောင့်ဦးဘုရား၊ အမေက ကိုရင်ကို ဆွမ်းဟင်းလောင်းဖြစ်အောင်လောင်းဖို့ သမီးကို အဲ တပည့်တော်မကို မှာသွားတယ်"

ဒီအခင်းအကျင်းတွေကြားမှာ ကိုရင်သုခရဲ့ စိတ်တွေက ယောက်ယက်ခတ်လာစတယ်။ အနာသိရင် ဆေးရှိတယ် ဆိုပေမယ့် အနာဆိုတဲ့ အရာကြီးကို အနာလို့ မမြင်တတ်တော့ ဆေးဆိုတာလည်း မသိခဲ့ပေ။

"ကိုရင်သုခက ချစ်စရာလေး၊ အသားလေးကလည်းဖြူ မျက်ခုံးလေးကလဲ စင်းပြီးတော့. . . "

ဒီလို ဝါကျလေးတွေဆိုရင် သုခရဲ့ အာရုံတွေကို အလုပ်ရှုပ်စေခဲ့တယ်။ တစ်ခါတလေ ဆရာတော်ကို ပြုလုပ်နေကျဝတ်တွေ ပေါ့လျော့လာတယ်။

နှစ်ပေါင်းများစွာ ဗုဒ္ဓရဲ့ ဓမ္မတွေ နှလုံးသား ဦးနှောက်ထဲမှာ သိမ်းဆည်းလာခဲ့ပေမယ့် တကယ်တမ်းကျတော့ သံယောဇဉ်ဆိုတဲ့ မီးကို ငြိမ်းဖို့ ကိုရင်သုခ နှလုံးသားက ကာဆီးထားတယ်။

'သာသနာတော်မှာ နေတာ အကုသိုလ်တွေ များပြီလား'

ဒီအတွေးတွေက ညဥ့်နက် အိပ်မက်တွေကို ဖျက်ဆီးပစ်လိုက်တယ်။ နဝိုကတည်းက ဓမ္မဖြင့် နေသားကျဖို့ ခက်ခဲတဲ့ နှလုံးသားကို ပတ်ဝန်းကျင်ရဲ့ အာရုံတွေက လာနှောင့်ယှက်တော့ ယိမ်းယိုင်စ ပြုလာတယ်။

"ကိုရင်၊ ရွာထဲက ပြန်လာတာ မိုးချုပ်ပါလား"

"အရှေ့ကျောင်းကို ခဏသွားတာပါ ဘုရား"

ဆရာတော်ကိုပင် လိမ်ညာဖို့ အစပျိုးမိနေပြီ။

'ဆရာတော်လို သီလ သမာဓိရှိတဲ့ ပုဂ္ဂိုလ်အနားမှာ ငါနေလို့ သင့်တော်ပါ့မလား'

ကိုရင်သုခ အတွေးတွေက တိမ်များလို လွင့်မျော်လို့။

ဆရာသခင်ကတော့ ဘုရားရှေ့မှာ ကမ္မဋ္ဌာန်းထိုင်နေ၏။ ဆရာ့ဘဝနဲ့ မိမိဘဝက ဆန့်ကျင်ဘက်၊ ကိုရင်သုခ တစ်ခုခုကို ဆုံးဖြတ်လိုက်တယ်။ ဆရာတော် တရားဖြိုတ်တာနဲ့ -

"ဆရာတော်ဘုရား တပည့်တော် သာသနာ့ဘောင်မှာ မပျော်တော့ဘူး ဘုရား"

❋

ရှင်လင်ပြန်၊ ထောင်ကထွက်၊ မိန်းမရသော ရက်တွေဟာ ယောကျ်ားသားတို့အဖို့ အပျော်ဆုံးရက်များအဖြစ် သတ်မှတ်ကြရ၏။

ယခု သုခအဖို့တော့ ရှင်လင်ပြန်လို့ ပျော်ရသလို မိန်းမရလို့လည်း ပျော်ရှင်ရပြီး အချိန်ကာလပေါင်းများစွာ ချုပ်တည်းစွာ နေခဲ့ရာမှာ လွတ်လပ်ခြင်းနှင့် ထိတွေ့ရတော့ ကြည်နူးမိသည်။

ကွန်ဒွေသိကွာကို ချုပ်တည်းရခြင်း၊ အမြင်အာရုံတွေကို ခြိုးခြံရမှုတို့ကို အတားအဆီးမဲ့ သွန်ပစ်လိုက်၏။ ဘဝနှင့်ရင်း၍ ရခဲ့သော ကိုယ်ကျင့်သီလတွေကို စွေးပေါပေါဖြင့် ချိုးဖောက်လိုက်၏။ အဲဒါကိုပင် အရသာဟု ထင်မိ၏။

ပြည်တန်သော ပတ္ထုမြားကို မားသွေးကျောက်အဖြစ် လဲလှယ်လိုက်ရသလို စင်ကြယ်လှသော ကိုယ်ကျင့်တရားတွေကို ကာမဂုဏ်ဖြင့် အပေးအယူ လုပ်လိုက်၏။ အဲဒါကိုပင် ဘဝချမ်းသာဟု သုခက ထင်၏။

သူ့ဘဝတွင် တောရကျောင်းလေးအစား ဆူညံသော အိမ်တွေက အစားဝင်လာသည်။ ဖြူစင်သော သီလအစား မည်းညစ်သော ဒုစရိုက်တို့က နေရာယူလာသည်။

အလင်းရောင်ရှိရာ အရပ်မှ အမှောင်လမ်းသို့ ဦးတည်လိုက်တယ်။ အဲဒီ အမှောင်လမ်းမှာ ကြုံတွေ့တဲ့ ခလုတ်တိုက်တာကိုပဲ သူက အရသာတွေ့နေမိတယ်။

ကာမဂုဏ်ဆိုတာ ဆားငန်ရေလို့ ဆရာတော် ပြောဖြစ်ဖူးပေမယ့် သူ့အတွက် သောက်ကောင်းခဲ့၏။ ဒီလိုနဲ့ ရိုးသားပြီး ကြိုးစားမှုကြောင့် သုခတို့ လင်မယား အတော်အသင့် အဆင်ပြေလာတယ်။

'မဖား အားပေး၊ ယောကျ်ားမားသွေး' ဆိုသည့် စကားအတိုင်း ချစ်ဇနီးရဲ့ အားပေးမှုကြောင့် သုခကလည်း အလုပ်အကိုင် ကြိုးစားပြီး လုပ်ခဲ့တယ်။ မောရမှန်းမသိ ပန်းရမှန်းမသိခဲ့ပေ။

နှစ်တွေကြာလာတော့ အတော်အတန် ပြည့်စုံလာလေတယ်။ စားဖို့သောက်ဖို့ အဆင်ပြေလာသလို ပိုတာလေးတွေကိုပင် ဇနီးဖြစ်သူက ရွှေလုပ်သင့်တာလုပ်၊ အတိုးပေးသင့်တာပေး၏။

စီးပွားဥစ္စာသာ ပြည့်စုံလာသည်မဟုတ်၊ သားသမီး ရတနာပါ ပြည့်စုံလာတော့ ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီးဆိုတဲ့ အစွဲလေးတွေက ဝင်လာတော့ သူ တစ်ပါးနှင့် သိပ်ပြီး မတည့်ချင်တော့။

www.burmeseclassic.com

www.burmeseclassic.com

အရင်က ရိုးသားခြင်း၊ အားနာခြင်း၊ သနားခြင်းဆိုတဲ့ နေရာမှာ ကိုယ်ရဖို့ အတွက်တစ်ခုကို ရှေ့တန်းတင်လိုက်တော့ ဦးသုခဆိုတဲ့ နာမည်ပျောက်ပြီး တချို့က (ကွယ်ရာမှာ) ဦးဒုက္ခလို့တောင် ခေါ်လာကြပြီ။

မိတ်ဆွေတွေက ရန်သူဖြစ်လာတယ်။ ဘယ်သူ့ကိုမှလည်း သိပ်ပြီးတော့ မယုံကြည်ချင်တော့ ခြံဝင်းကို အသေအချာ လုံခြုံအောင် ခတ်တယ်။ သားမယားတွေကို အသွားအလာ သတိထားဖို့ ပြောတယ်။

တစ်ခါ တစ်ခါ ကိုယ်မွေးတဲ့ မျောက် ကိုယ့်ပြန်ခြောက်မှာစိုးတာနဲ့ လက်ရင်း တပည့်လေးတွေကို မွေးထားရတယ်။ စီးပွားဥစ္စာကို စောင့်ရှောက်ရင်း အသက်ချမ်းသာအောင် မွေးမြူရသည်။ ဒုက္ခဆင်းရဲမှန်းတော့ ရိပ်မိတယ်။ ဒါပေမဲ့ သူတစ်ပါးခေါင်းပေါ်မှာပဲ နေချင်တော့ အဲဒီ ဒုက္ခကပဲ ခံတွင်းမြိန်လှ၏။

တစ်နေ့ သူ့ကို ကြည့်မရသူက သူတို့ မိသားစု အိပ်ပျော်နေချိန်မှာ သူ့အိမ်ကို မီးနဲ့ လာရှို့၏။ ရုတ်တရက်ဆိုတော့ သူ ဘာမှ မတတ်နိုင်ပေ။

သားမယားကို လက်စွဲပြီး သူ အလွတ်ရုန်းရ၏။ ဘာပစ္စည်းမှ မရလိုက်။

သုခကို ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ သူ နီးရာဓားကို ဆွဲကာ ရန်သူနောက်လိုက်သွား၏။

ဒေါသတရားတွေက ထိန်းမနိုင်သိမ်းမရ။ နောက်ဆုံး လူသတ်ခြင်း တည်းဟူသော ဂ်က သူ့ကို အကျဉ်းထောင်ထဲ ပို့လိုက်တယ်။ အထီးကျန်ခြင်း၊ ဒုက္ခရောက်ခြင်းဆိုတဲ့ ဘေးနှစ်ခုကြားမှာ သူဇနီးချောကို သတိရနေမိတယ်။

ထောင်ဝင်စာ လာမတွေ့တာကို ပင် သူ စိတ်မနာရက်နိုင်ပေ။ ဒီလိုနှင့် ရာသီတွေ အလှီလှီပြောင်းပြီး အချိန်ဇတွေနောင်းတော့ သူအပြစ်က လွတ်လာတယ်။ ရိုးရိုးသားသားနေပြီး ဘဝကို အသစ်တစ်ဖန် ပြန်စမည်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ သူရွာကို ပြန်ခဲ့တယ်။

ရွာရောက်တော့ သူ့ကို ချစ်လှပါတယ်ဆိုသော ဇနီးချောက နောက်တစ်ဦးနဲ့ ဖောက်ပြန်ကာ ရွာမှ ထွက်သွားတာ ကြာပြီတဲ့။

မုန်တိုင်းကို ရင်ထဲ မျိုထားရသလို ဆောက်တည်လို့ မရဘူး။ နဂိုကတည်းက တစ်ကောင်ကြွက် တစ်မျက်နှာဆိုတော့ ဆွေမျိုးတွေ မရှိဘူး။

အရင်က သူ့ပေးစာ ကမ်းစာနဲ့ ရှင်သန်နေသူတွေအိမ်သွားတော့ အရင်လို ကြည်ကြည်ဖြူဖြူ မဟုတ်တော့။ သရုပ်ဆောင်တစ်ယောက်လို သူ့ကို ဆက်ဆံတယ်။

သူ့ပုံကလည်း နိမိတ်ကြီး လေးပါးထဲက တစ်ပါးမှ မလွတ်ခဲ့။

ကျန်းမာရေးတွေက ညံ့ဖျင်းလာတယ်။ ဒီကြားထဲ မိုးကမိတော့ တစ်ကိုယ်လုံးဖျားပြီး ဘယ်အိမ်မှာ တည်းရမလဲလို့ စဉ်းစားလိုက်တော့ တစ်အိမ်မှ အဆင်မပြေဘူး ဖြစ်နေတယ်။

ရုတ်တရက် သူငယ်စဉ်က ဆရာစော်ကို သတိရလိုက်တယ်။ မိုးကလည်း အတော်ချုပ်နေပြီ။

"ဟုတ်ပြီ၊ ငါ ဆရာတော်ထံသွားမယ်"

ယိုင်နဲ့နဲ့ ခြေလှမ်းတွေနဲ့ သူ ဆရာတော်ရဲ့ တောရကျောင်းလေးကို လျှောက်လှမ်းခဲ့တယ်။ တောရကျောင်းလေး မရောက်ခင်မှာပဲ သူ မေ့လဲကျသွားတယ်။ သူ့နှုတ်ကလည်း -

"ဆရာတော် ဘုရား၊ တပည့်တော်ကို ကယ်ပါဦး"

*

"ဟဲ့ ကိုရင်သုခ ဘာတွေယောင်နေတာလဲ"

ကိုရင်သုခ ထထိုင်လိုက်တယ်။ နောက်ဆရာတော်ကို ရိုသေစွာ ကန်တော့ပြီး သူ့အိပ်မက်ထဲက အကြောင်းတွေ ပြန်ပြောလိုက်တယ်။

ကိုရင်သုခ စကားဆုံးတော့ ဆရာတော်က -

"အင်း သုပိနကူပမာ ကာမာတဲ့၊ ကာမဂုဏ်တရားဆိုတာ အိပ်မက်နဲ့တူတယ်လို့ မြတ်စွာဘုရားက ဟောထားတယ် သုခ၊ မင်း အိပ်မက်ထဲမှာ သူဌေးဘဝ ဖြစ်ခဲ့ပြီ၊ သားမယားတွေနဲ့လည်း ပျော်ခဲ့ဖူးပြီ၊ ဥစ္စာပစ္စည်းတွေ ရခဲ့ဖူးသလို ပျက်စီးတာလည်း ခံဖူးပြီ၊ လောကီ အပြစ်ဒဏ်တွေလည်း ခံဖူးပြီ"

"တင်ပါ့ဘုရား"

"အိပ်မက်ထဲမှာ ဘဝမျိုးစုံ မင်းကြုံခဲ့ဖူးပြီ မဟုတ်လား၊ မင်းကြုံခဲ့သမျှ အရာတွေဟာ ခုနေ ပြန်စဉ်းစားရင် အိပ်မက်တစ်ခုလိုပဲ ဘာမှ မကြာလိုက်ဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"တကယ်လို့သာ အဲဒီ အိပ်မက်ထဲကအတိုင်း မင်းရဲ့ သားသမီး ဇနီးတွေနဲ့ ပြန်ပြီးတော့ နေရဦးမယ်ဆိုရင် အဲဒီ ဥစ္စာပစ္စည်းတွေကြောင့်ရတဲ့ ဒုက္ခ၊ မိသားစုနဲ့ တွေကွင်းရခြင်း ဒုက္ခတွေ မင်း ပြန်ခံစားရဦးမှာပဲ၊ အဲဒီ မင်းအိပ်မက်တွေ ထပ်ပြီးတော့လည်း မမက်ချင်နဲ့တော့၊ ပြန်ပြီးတော့လည်း 'အိပ်မနေနဲ့တော့ကွာ၊ ဟိုမှာ ရောင်နီတွေလာနေပြီ၊ အလင်းရောင် လာတော့မယ်၊ အိပ်မနေပါနဲ့တော့ကွာ"

ရွှင်လန်းချမ်းမြေ့ကြပါစေ။

သတိုးနွယ်

❑

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်တဲ့က တိကျခြိုကြောင်

ဗေဒင်သုတေသီ ဆရာမျိုး



ဖောင် ရွှေဦးတော်

အခန်း(၁)

တိကျစ်သို့သွားသောခရီး

ကျွန်ုပ်သည် တစ်နေ့သ၌ တိကျစ်မြို့သူမြို့သားများ၏ ဖိတ်ကြားချက်အရ နေပြည်တော် တပ်ကုန်းဒေသမှ တိကျစ်မြို့ သို့ လိုက်ပါနိုင်ရန်အတွက် လွှဲင်ကော်ရထားကို စုံစမ်းလေသောအခါ ည ၁၂ နာရီတွင် ရောက်ရှိမည်ဟူ၏။ ရထားလက်မှတ်ကို ည ၁၁ နာရီတွင် ရောင်းချပေးမည်ဖြစ်လေသည်။ တပ်ကုန်းမြို့၏ ခွဲတမ်းတွင် ပထမတန်းထိုင်ခုံမပါရှိဘဲ ရှိရှိလေးခုံသာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရပေသည်။ ည ၁၁ နာရီတွင် လက်မှတ်သွားဝယ်လေသောအခါ ရန်ကုန်-မန္တလေးရထားများ ထွက်ခွာပြီးခါမှ ရောင်းချပေးမည်ဟူ၏။ ဤသို့ဖြင့် ည ၁၁း၃၀ နာရီတွင် လက်မှတ်ရရှိခဲ့ပါလေ၏။

ရထားကား နံနက် ၁ နာရီတွင် ဆိုက်ရောက်ခဲ့ပေ၏။ ထွဲများသည်ကား စစ်ကြိုခေတ်မှ ရထားတွဲများဖြစ်ပါလေ၏။ ရထားတွဲအလယ်မှ ခုံတန်းရှည်ကြီးများက နေရာယူထားပြီး လျှင် ခုံတန်းရှည်တစ်လုံးလျှင် လူ(၁၀)ဦးဖြင့် ကျပ်ကျပ်စည်းတည်း ဖွဲ့စည်းထားပါသည်။ စာရေးသူလိုက်ပါရမည့် ခုံအမှတ် (၃)၌ အဒေါ်ကြီးတစ်ဦးသည် ခုံအမှတ် (၁,၂,၃) သုံးခုံတွဲကို ကန့်လန့်ဖြတ်အိပ်လျက် ရှိပေ၏။

"အဒေါ်ကြီး ထပါဦး၊ ခုံအမှတ်(၃)မှာ ကျွန်တော် ထိုင်ရမှာ"

"ဖယ်မပေးနိုင်ဘူး၊ ငါက ပျဉ်းမနားကတည်းက လိုက်လာတာ၊ မင်းဟာမင်း တခြားလွတ်တဲ့နေရာ သွားထိုင်"

တခြားခုံများလည်း မလွတ်ပေ။ စာရေးသူကဲ့သို့ပင် (၁၊ ၂)ကို ထိုင်မည့်သူများလည်း ရောက်ရှိလာလေ၏။ တွဲစောင့်မှ လာရောက်စစ်ဆေးသောအခါ အဆိုပါအဒေါ်ကြီးသည် လမ်းခရီးသည်ဖြစ်၍ ခုံမဲ့လိုက်ပါလာခြင်းဖြစ်ပေရာ မကျေမနပ်နှင့် အော့က်တွင်ဆင်း၍ အိပ်ပြန်ပါလေ၏။ စာရေးသူတို့လည်း ခုံပေါ်တွင် နေရာယူပြီးကြသောအခါ ထိုအဒေါ်ကြီးနှင့် အခြားနှစ်ဦးတို့မှာ ရထားကြမ်းခင်းပေါ်တွင် တန်းစီအိပ်နေကြပြန်သဖြင့် ခြေချစရာနေရာ မရှိပြန်ပါလေ။ ထို့ကြောင့် ဥးကိုကွေးလျက် လိုက်ပါလာရပြီးလျှင် ထိုင်ခုံ

www.burmeseclassic.com

ကျောမှီမှာလည်း တစ်ဝက်သာပါရှိပြန်သောကြောင့် ခါးဆန့်ကျောမှီ၍မရဘဲ ရှိပြန်ပါလေ၏။ ညောင်း၍ နောက်သို့လှန်ချရန် ကြိုးစားလေတိုင်း နောက်ဘက်မှ ကျောချင်းကပ်ထိုင်နေသူနှင့် သွားသွားထိသဖြင့် သတိဖြင့် နေထိုင်နေရပေ၏။

ရမည်းသင်းသို့ ရောက်သောအခါ ဈေးသည်တစ်အုပ်တက်လာ၍ ဆူညံပွက်လောရိုက်သွားခဲ့ပေသည်။ ထိုင်ခုံပေါ်မှ ခရီးသည်များကို ခြေထောက်ဖယ်ခိုင်း၍ ခုံအောက်သို့ အထုပ်များ ထိုးထည့်ကြလေ၏။ အိပ်နေသောအဒေါ်ကြီးကို ထိမိသဖြင့် ရန်ထဖြစ်ကြလေ၏။ ဈေးသည်များ လူအုပ်များသဖြင့် အဒေါ်ကြီး လက်လျှော့သွားရလေ၏။ ရထားတစ်တွဲလုံး ကုန်ပစ္စည်းများဖြင့် ကျပ်ညပ်သွားခဲ့လေပြီ။ ပျော်ဘွယ်လွန်သော အခါ မိုးရွာလာလေ၏။ မိုးစက်မိုးပေါက်များက လေအဟုန်နှင့်အတူ ရထားတွင်းသို့ လွှင့်စဉ်ကျလာ၏။ စစ်ကြိုခေတ် ရထားဖွဲ့စည်းပုံအရ တံခါးမပါဘဲ တည်ဆောက်ထားပေရာ မိုးရေက ခရီးသည်များကို တိုက်ရိုက်ထိမှန်လေ၏။ စာရေးသူမှာ ကင်မရာပါသောအိတ်ကို ရင်ခွင်ပိုက်၍ မိုးစက်များကို နောက်ကျောဖြင့်ခံယူကာ ခုံပေါ်တွင် ပြောင်းပြန် ဆောင့်ကြောင့်ထိုင်၍ ကာကွယ်လိုက်ရပေ၏။

ယခုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နေချိန်တွင် စစ်ကြိုခေတ် ရထားတွဲများကို ပြုပြင်ပြောင်းလဲသင့်ပေပြီ။ စာရေးသူအတွေးလွန်သွားချိန်တွင် ရထားတွဲစောင့်ဆီမှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာ၏။ အိမ်သာတက်ချင်သော အမျိုးသမီးနှင့် အိမ်သာအပေါက်ဝကိုပိတ်၍ ပစ္စည်းများချထားသူတို့ စကားများနေကြခြင်းပင်။

မကြာမီ ထိုအမျိုးသမီး အိမ်သာမှထွက်လာသောအခါ ခြေချလမ်းလျှောက်စရာနေရာမရှိဟူသော အကြောင်းပြချက်ဖြင့် ထိုင်ခုံကျောမှီတန်းပေါ်မှ ကျော်လွှား၍ နင်းလျှောက်သွားလေ၏။ သူမ၏ ထဘီအနားစွန်းကား ထိုင်ခုံတွင် စီးနင်းလိုက်ပါလာကြသော ကလေး၊ လူကြီး၊ ရဟန်းသံဃာမရွေး၏ ဦးခေါင်းထက်တွင် ဝဲခနဲ ဝဲခနဲနှင့် ကြက်သီးထဖွယ်ကောင်းပေစွ။ တော်ပါသေးသည်။ စာရေးသူက လေဒဏ်၊ မိုးဒဏ်ကို ကာကွယ်သောအားဖြင့် ထိုင်ခုံကို ပြောင်းပြန်ထိုင်ထားမိလေသဖြင့် အဆိုပါမိန်းမ၏ အဖျားခတ်အန္တရာယ်မှ လက်မတင်ကလေး ကင်းဝေးသွားပေသည်။ ခရီးသည်အချို့က အဆိုပါအမျိုးသမီးအား မကြားတကြား မေတ္တာပို့ကြ၏။

ဤသို့ဖြင့် တစ်ရေးမှ မမှေးစက်လိုက်ရပါဘဲနှင့် တစ်ည လုံး ဝုတ်တုတ် မိုးလင်းသွားခဲ့ရပါလေ၏။ မိုးတိတ်သွားသဖြင့် သာ တော်သေး၏။ ရေစိုအဝတ်များသည်ကား လေပြင်းအောက်တွင် ခြောက်သွေ့ရပါလေ၏။ သို့သော် လူမှာ ချမ်းတုန်နေသဖြင့် ပါလာသောဆေးများကို အမြန်မှီဝဲလိုက်ရပေသည်။ မိုးလင်းသော် လည်ပြင်သို့ ရောက်ရှိလာသည်။



ယာယီစံကျောင်းတော်မှ အာရုံခံရုပ်ပွားတော်များ

ဗိုက်ဆာ၍ ဈေးသည် ရှာမိသည်။ ထိုစဉ် ရေရောင်းသော ကလေးက ရွှေ့မှသွား၍ အီကြာကွေးရောင်းသော ကလေးက နောက်မှ လိုက်လာသည်။ စာရေးသူ ပြုံးမိသွားသည်။ အီကြာကွေးကို ရေဖြင့်တို့စားရလျှင် ကောင်းမည်လော။ တခြားဈေးသည်မရှိ။ ဒီလိုနဲ့ လွန်းထိုးရောက်လာသည်။ တို့နောက်တွင် ခွေးရုပ်ဘူတာရောက်တော့ ထမင်းတစ်မျိုးတည်း ရောင်းသည်။ စာရေးသူက လက်ဖက်ရည်သောက်ချင်သည်။ ဒါပေမဲ့ မတတ်နိုင်၊ ထမင်းတစ်ဘူး ဝယ်စားလိုက်ရသည်။ ဒီလိုနဲ့ ဆင်တောင် ရောက်လာသည်။ ပင်လယ်ပြင်မှ ၃၉၃၄ ပေတဲ့။ အတော်မြင့်လာပါကလား။

တစ်ဖန် ဆင်တောင်မှအတက်တွင် ကမ်းပါးနီလိုဏ်ဂူအရှည် ၈၂၃ ပေတဲ့။ ရထားတစ်စင်းလုံး ဝိန်းပိတ်အောင် မှောင်မည်းသွားလေ၏။ လိုဏ်ဂူမှမလွတ်ခင် အလင်းရောင်မှုန်ပျပျအောက်တွင် အရှေ့ဘက် ခုံတန်းပေါ်မှ စုံတွဲဆီ

တိကျစ်ဇော်ဘွား ဦးစိုင်းစံထွန်း

www.burmeseclassic.com

www.burmeseclassic.com

နောင်လင်စေတီ

မမျှော်လင့်ဘဲ မျက်စိအကြည့် ရောက်သွားမိသည်။ ကောင်လေး၏ ဦးခေါင်းက ကောင်မလေး၏ ပါးပြင်ပေါ်မှ လျှပ်တပြက် ဖယ်ခွာသွားသည်။ စာရေးသူ လှမ်းကြည့်မှန်းသိတော့ ကောင်မလေး ခေါင်းငုံ့သွားသည်။ သြော်- ဒါသည်ပင် တစ်ညလုံး ပင်ပန်းခဲ့သမျှကို ပြေပျောက်စေနိုင်သော စက္ခုပသာဒ မြင်ကွင်းတစ်ခုပေလော။ စာရေးသူဝီဝီ ဖျတ်ခနဲ ခေါင်းစဉ်တပ်လိုက်မိသည်။

တမ်းပါးနီ အချစ်

ထို့နောက် ဒုတိယလိုဏ်ဂူအတိုကို ဖြတ်ပြန်သည်။ စောစောကလောက် မှောင်မိုက်ခြင်းမရှိ။ မျက်စိက စုံတွဲဆီ အကြည့်ရောက်ပြန်သည်။ လှုပ်ရှားမှုမတွေ့ရ။ ဆင်တောင်မှ ဆက်တက်တော့ မြင်းဒိုက်ရောက်လာသည်။ ကောင်မလေးက ပူဆာသဖြင့် ကောင်လေး အချဉ်ပေါင်းဆင်းဝယ်သည်။ ပြန်တက်လာသောအခါ ဆီးထုပ်တစ်ထုပ် စာရေးသူဆီ ကမ်းလင့်လာ၏။ စာရေးသူ လက်မလှမ်းဘဲ ကောင်မလေးကို ပြုံးပြီး ကြည့်နေလိုက်သည်။ ကမ်းပါးနီအချစ်ကို အမှတ်ရသွားဟန်ဖြင့် ကောင်လေးကို မျက်စောင်းထိုး၍ ခေါင်းငုံ့သွားပြန်သည်။ ကောင်လေးက ရယ်မောလျှက် ကောင်မလေးနဖူးပြင်ကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွထုလိုက်သည်။ ဤသည်ပင် စာရေးသူ အတွက် ညွှန်းစာရေးဖွဲ့မမီသည့် ကဗျာတစ်ပုဒ်လေလား။ "သြော်- မိုးထိစ် ပင်ယံမြင့်က ပန်းတစ်ပွင့်ကို လှမ်းလင့်လို့ အခြွေခက်သလိုပါပဲလေ"။ ဒီလိုနဲ့ ကလောရောက်တော့ လူနည်းနည်းပါးသွားသည်။ ကောင်လေးနဲ့ ကောင်မလေး ဆင်းသွားပြီးနောက် အောင်ပန်းရောက်တော့ စွေးသည် အားလုံး ဆင်းသည်။ ခရီးသည် သုံးချိုးနှစ်ချိုးဆင်းသည်။

ယခုမှ ချောင်ချောင်ချိချိ ဖြစ်သွားပြီး ခါးဆန့်လို့ အညောင်းဖြေလိုက်ရပါ၏။ နံနက် ၁၀ နာရီခွဲပေပြီ။ အောင်ပန်းတွင် အချိန်အတော်ကြာ ရပ်တန့်ပြီး ၁၂ နာရီမှ ပြန်ထွက်ဖြစ်သည်။ ဒီလိုနဲ့ နေ့လယ် ၂ နာရီတွင် တီကျစ်မြို့သို့ ဆိုက်ရောက်ပေသည်။ ထို့နောက် စာရေးသူသည် တီကျစ် တောင်ပိုင်းမှ အဘွားဒေါ်စန်းရီ၏ နေအိမ်တွင် တည်းခိုခဲ့ပေသည်။

အခန်း(၂)
တီကျစ်မြို့အကြောင်း

၁။ ဖွဲ့စည်းပုံ

စာရေးသူသည် နောက်တစ်နေ့တွင် တီကျစ်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် သွားရောက်တွေ့ဆုံခဲ့လေ၏။

မိုးကောင်းစေတီငုတ်နေရာ ဘားတိုက်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရားငါးဆူစေတီတော်များ

ဦးကျော်ဝင်းနှင့် အုပ်ချုပ်ရေးအဖွဲ့မှ ဝမ်းသာအားရ ဆီးကြို နှုတ်ဆက်ကြပြီးလျှင် စာရေးသူအား တိကျစ်မြို့၏ လက်ရှိ ဖွဲ့စည်းပုံအား ရှင်းလင်းပြောကြားခဲ့ကြပါသည်။

တိကျစ်မြို့သည် ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ဗင်လောင်းမြို့နယ်၊ နောင်တရားမြို့နယ်ခွဲ၌ ပါဝင်ပါသည်။ အရှေ့ဘက်တွင် လွယ်မောဒေသ၊ အနောက်ဘက်တွင် သံတောင်၊ တောင်ဘက်တွင် နောင်တရားမြို့နယ်၊ မြောက်ဘက်တွင် အောင်ပန်းမြို့ စသည်ဖြင့် ဝန်းရံတည်ရှိသည်။ ကျေးရွာအုပ်စုပေါင်း ၁၆ ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီးလျှင် အိမ်ခြေ ၁၃၇၅ ၊ အိမ်ထောင်စုပေါင်း ၁၆၉၅ နှင့် လူဦးရေ ဦးရေ ဆေးင်း ၇၈၆၂ ဦးဖြင့်ပါဝင်ဖွဲ့စည်းထားပါသည်။ ပအိုဝ်၊ တောင်ခြိုး ရွှမ်း၊ မြန်မာ၊ အင်းသား၊ ဓနု အစရှိသဖြင့် တိုင်းရင်းသားဆေးင်းစု နေထိုင်ကြသည်။ ကျေးရွာအုပ်စု၏ အကျယ်အဝန်းမှာ ၁၂၀၂၁ ကေဖြစ်ပြီး စိုက်ပျိုးမြေပေါင်း ၃၁၇၉ ဧက ပါဝင်

နားဆိုလူကန်ပြင်နေရာနှင့် ဦးညီ၊ ဦးစိန်ဝင်း၊ အေးဇင်မောန်း

ဖွဲ့စည်းထားပါသည်။ စာသင်ကျောင်းပေါင်း ရှစ်ကျောင်းရှိ၏။ ဌာနဆိုင်ရာပေါင်း ၁၂ ဌာနရှိ၏။ ထင်ရှားသောဌာနများမှာ တိကျစ်ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ တိကျစ်ဘိလပ်မြေစက်ရုံ၊ ဧဒင်ကျောက်မီးသွေးတူးဖော်ရေးကုမ္ပဏီ၊ တပ်ရင်း ၅၁၁ နှင့် တပ်ရင်း ၅၁၂ တို့ဖြစ်ကြပါသည်။ ငါးရက်တစ်ကြိမ်ဖွင့်သော တိကျစ်မြို့မ ဗဟိုစျေးကြီးတည်ရှိ၍ စျေးတွင် ပတ်လည်ရွာများမှ လာရောက်ရောင်းဝယ် ဖောက်ကားသူများဖြင့် စည်ကားသိုက်မြိုက်လှပေသည်။ ပြည်သူ့ရဲတပ်ဖွဲ့ ရဲစခန်းလည်း ရှိပေသည်။ တိကျစ် တိုက်နယ်ဆေးရုံလည်း ရှိ၏။ ရထားလမ်း၊ ကားလမ်းဆုံရာမြို့လည်း ဖြစ်ပေသည်။

၂။ အမည်ဖော်ပြချက်

ယခင်က 'သီကျစ်'ဟူ၍ စာလုံးပေါင်းခဲ့ဖူးသည်။ 'သ'၏အဓိပ္ပာယ် 'သောက'ဟု အသံထွက်သဖြင့် တိုးတက်ရန် အတွက် 'တီ'ဟု ပြောင်းလိုက်ကြောင်း အဆိုရှိသည်။ ရှမ်းအမည်မှာ 'စည်ကျစ်'ဖြစ်ပေသည်။ 'စည်'သည် 'လေး(၄)'ဟူ၍ အဓိပ္ပာယ်ရပေသည်။ 'ကျစ်'သည် 'ဆဲ'ဟူ၍အဓိပ္ပာယ်ရသည်။ ထို့ကြောင့် 'စည်ကျစ်'ဟူသည် ဆဲတော်လေးဆူ ဝန်းရံတည်ရှိသောမြို့ဟူ၍ အဓိပ္ပာယ်ရပေသည်။ အနောက်ဘက်တွင် နောင်လင်စေတီ၊ တောင်ဘက်တွင် မိုးကောင်းစေတီ၊ အရှေ့ဘက်တွင် မြို့ဦးစေတီ၊ မြောက်ဘက်တွင် ဘုရားငါးဆူစေတီတို့သည် တိကျစ်မြို့၏ ထောင့်လေးထောင့်တွင် ဝန်းရံတည်ရှိပြီးလျှင် အဆိုပါ ဘုရားလေးဆူ၏ အလယ်ဗဟိုကို ဂေါစရဂါမ်သတ်မှတ်၍ 'တိကျစ်'ဟုခေါ်ဆိုခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စက်တော်ရာနှင်းသူနှင့် ဘုရားပွဲတော်

ပအိုဝ်အမည်မှာ 'တချပ်' ဖြစ်ပေသည်။ စိုက်ပျိုးရေးစိုက်ခင်းများ ပတ်လည်ဝန်းရံထားသော အလယ်ကောင်တွင် ကျပ်ကျပ်တည်းတည်း နေထိုင်ရသောမြို့ဖြစ်သဖြင့် 'တချပ်' ဟူ၍ ခေါ်တွင်ပေသည်။ သို့ဖြစ်ပါ ၍ မြန်မာအမည် 'တီကျစ်'၊ ရှမ်းအမည် 'စည်ကျစ်'၊ ပအိုဝ်အမည် 'တချပ်'ဟု ခေါ်တွင်ပေသော သုံးမည်ရမြို့ ဖြစ်ပေသည်။

၃။ နောက်ခံရာဇဝင်

တီကျစ်မြို့သည် ပုဂံခေတ်နှင့်အပြိုင် စော်ဘွားများတည်ခဲ့သောမြို့ဖြစ်၏။ ရှေးအခါက ညောင်ရွှေစော်ဘွားနှင့် မိုးနဲစော်ဘွားတို့သည် ခမည်းခမက်များဖြစ်ကြ၍ အင်္ဂရပ်ဖို ထိုးကြသောအခါ မိုးနဲစော်ဘွားမှ အင်္ဂရပ်အောင်လေသည်။ ထိုအခါ မိုးနဲစော်ဘွားသည် သားတော်နှစ်ပါးအား နယ်ပယ်အသစ်များကို ရှာဖွေစေလေသောအခါ ဤနယ်မြေဒေသများသို့ ရောက်ရှိကြပြီးလျှင် သားတော်ကြီးက လွယ်လုံရွာကို တည်ထောင်၍ သားတော်ငယ်က တီကျစ်ဒေသသို့ ရောက်ရှိပြီးလျှင် မိုးကောင်းတောင်ဘက်၌ နန်းတည်ထောင်ခဲ့လေသည်။

ရှေးက ပဋ္ဌင်းဖြူရွာတွင် ဆင်ဖြူကွင်းရှိခဲ့ပေရာ တွင်းထဲက ဆင်ဖြူတော်လေးစင်း ထွက်ပေါ်ခဲ့သည်ကို အဓိဋ္ဌာန်ဖြင့် ဖမ်းဆီးစေပြီးလျှင် ဆင်ဖြူလေးစင်း၏ကျောပေါ်တွင် ဆံတော်ဌာပနာများကိုတင်ပြီး စေလွှတ်ရာမှ ထောင့်လေးထောင့်တွင် ဝပ်စင်းကြသဖြင့် အနက်(၈)တောင်စီတူး၍ ဌာပနာပြီးလျှင် ဘုရားလေးဆူတည်၍ ဗဟိုဖြစ်သော ယခင်ရွာဟောင်းအရပ်၌ တီကျစ်ရွာကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

တီကျစ်မြို့သည် ယခင်က ကျန်စစ်သား၏နယ်မြေဟုလည်း အဆိုရှိပေသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ယိုးဒယားသို့ စစ်ချီရာလမ်းကြောင်းလည်း ဖြစ်ပေသည်။ ယခု'ပင်လောင်း'မြို့နယ်သည် ယခင်က'လွယ်လုံ'ဟု ခေါ်ပေသည်။ (ပင်လောင်းမြို့သမိုင်းကို ဤစာရေးသူ၏ ပင်လောင်းမြို့သို့ အလည်တစ်ခေါက်ဆောင်းပါး၊ ဂန္ဓာရီမဂ္ဂဇင်း၊ ၂၀၁၀-ဒီဇင်ဘာတွင် ရှာဖွေဖတ်ရှုပါရန်။) ရှေးယခင်က လွယ်လုံစော်ဘွားနှင့် တီကျစ်စော်ဘွားတို့ သင့်မြတ်မှုမရှိကြပေ။ လွယ်လုံစော်ဘွားမှ တီကျစ်စော်ဘွားကို တိုက်ရန်အတွက် လမ်းခရီးတွင် ရွာတည်၍ စခန်းချလေသောအခါ အလောင်းမင်းတရားဦးအောင်ဇေယျမှာလည်း ရွှေဘိုမှနေ၍ ယိုးဒယားသို့ စစ်ကြောင်းခိုပြီး မော်ခိုးလမ်းကြောင်းမှနေကာ စစ်ချီ၍ပြန်အလာတွင် တွေ့ရှိသဖြင့် ကိုယ့်လူမျိုးတိုင်းရင်းသားအချင်းချင်း မတိုက်ခိုက်ရန်နှင့် ဤနှစ်ဒေသသည် ရှေးယခင်ကလည်း ညီနောင်ရွာဖြစ်ခဲ့ဖူးကြောင်းဖြင့် ဖျန်ဖြေစည်းရုံးရာမှ လွယ်လုံစော်ဘွားသည်လည်း နောင်တတရားရ၍ ပြန်လှည့်ထွက်ခွာရာမှ 'နောင်တရားရွာ'ဟူ၍ တွင်ရှိပေသည်။

တီကျစ်စော်ဘွားသည် လွယ်လုံစော်ဘွားမှ တပ်များပြန်ရုပ်သိမ်းသွားခဲ့သော်လည်း စိတ်မချသဖြင့် နယ်စပ်တွင် သံအမတ်များကို ရွာတည်၍ အစောင့်ချထားသည်ဖြစ်၍ တီကျစ်သံအမတ်များတည်သော ရွာဖြစ်သဖြင့် 'သံတဲရွာ'ဟူ၍ ခေါ်တွင်ပေသည်။ နောင်ကာလ ရွှေ့လျားသောအခါ လမ်းဝိုလ်များ၏ခေတ်တွင် တီကျစ်မြို့စွန်၌ ဝိုလ်များ တဲဆောက်နေထိုင်ကြပေရာ အဆိုပါ 'ဝိုလ်တဲ'ကို ရှေးခေတ်လက်ရာအဖြစ် ကျန်ရှိနေခဲ့သည်ကို တွေ့မြင်ရပေသည်။ အဆိုပါဝိုလ်တဲသည် တီကျစ်သစ်တောရုံး၏ တောင်ဘက်တွင် တည်ရှိပေသည်။ ယခုအခါ အဆိုပါတဲကို ဆောက်လုပ်ရေးအဖွဲ့မှ ထိန်းသိမ်းထားရှိပေသည်။

တီကျစ်မြို့ရှိ ရှေးဟောင်းဘုရားများမှာ နရပတိစည်သူမင်း လက်ထက်ကတည်းက တည်ရှိခြင်းဖြစ်ကြောင်း သိရှိရပေသည်။ ညောင်ရွှေ-ရွှေရတုသဘင်စာစောင်တွင် စော်ဘွားများအကြောင်း ပါဝင်ပေသည်။ ယခင်က တီကျစ်မြို့တွင် မြို့ပိုင်ရုံး ရှိခဲ့ဖူး၏။ မြို့ပိုင်ရုံးနေရာသည် ယခု ရဲကင်းနေရာတွင်ဖြစ်ပေသည်။ ယခင်က စော်ဘွားဟော်နန်းသည်လည်း ရှိခဲ့ဖူး၏။ စော်ဘွားဟော်နန်းသည် ယခု လျှပ်စစ်ရုံးထိပ်မှ စတင်၍ မြို့လယ်ဈေးယာတစ်ခုလုံး ပါဝင်ပေသည်။ စော်ဘွားဟော်နန်းနေရာသည် သောင်းကျန်းသူခေတ်က မီးရှို့ခံခဲ့ရသဖြင့် ပျောက်ကွယ်ခဲ့ရပေသည်။

တီကျစ်သည် ယခင်က ညောင်ရွှေမြို့အပိုင်ဖြစ်၍ ၁၉၆၂ ခုနှစ်တွင် ပြည်သူ့ပိုင် သိမ်းပြီးနောက် ၁၉၆၄ ခုနှစ်တွင်



နှက်ဈေးနှင့် ငါးစာကျွေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com

နောင်တရားမြို့နယ်ခွဲ အုပ်စုဝင်ဖြစ်ခဲ့သည်။ ယခင်က တီကျစ်ကျေးရွာအုပ်စု၊ မြင်းတွင်းကျေးရွာအုပ်စု၊ ဘုရားဖြူကျေးရွာအုပ်စု အုပ်စုသုံးအုပ်စုကို ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်းဖြင့် ပါဝင်ဖွဲ့စည်းခဲ့ပေသည်။ ၎င်းကို တီကျစ်ဂိုဏ်း ဟူ၍ အဆိုရှိခဲ့ပေသည်။

ယခင်က မြင်းတွင်း၊ ဘုရားဖြူ၊ လွယ်မော၊ တီကျစ်ဟူသော အုပ်စုလေးစုသည် ညောင်ရွှေပိုင်ဖြစ်၏။ ယခင်က ညောင်ရွှေ၌ အမတ်ထောက်အုပ်ချုပ်ချိန်တွင် တီကျစ်၌လက်ထောက်အမတ်မှ အုပ်ချုပ်ခဲ့၏။ ညောင်ရွှေ၌ မြို့ပိုင်အုပ်ချုပ်နေခေတ် ဖြစ်သောအခါ ညောင်ရွှေစော်ဘွားစောမြတ်ထွန်းသည် လက်ထောက်မြို့ပိုင်အဖြစ်ဖြင့် တီကျစ်တွင် ရုံးထိုင်ခဲ့လေသည်။ စော်ဘွားစောမြတ်ထွန်း ရုံးမထိုင်ခင်အချိန်က အမတ်ထောက်ဦးလှကျော်ကို ရုံးထိုင်စေခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဧရိယာမိုင်(၂၀)ကျော်ရှိသော တီကျစ်မြို့ကို ပင်လောင်းနယ်အတွင်းသို့ ထည့်သွင်းခဲ့၍ ပင်လောင်းမှ တီကျစ်တွင် လက်ထောက်မြို့ပိုင် ခန့်အပ်ခဲ့ပြန်သည်။ ထို့နောက် လက်ထောက်မြို့ပိုင်လေးဦး အစဉ်အဆက် အုပ်ချုပ်ခဲ့ပေရာ ပထမမြို့ပိုင် ဦးဘမြ၊ ဒုတိယမြို့ပိုင် ဦးအုန်းကျော်၊ တတိယမြို့ပိုင် ဦးပေါ့ပထန်၊ ပြီးနောက် စတုတ္ထမြို့ပိုင် ဦးကျော်မင်းမှ ၁၉၇၃ ခုနှစ်အထိ တာဝန်ယူပြီးလျှင် ၁၉၇၄ ခုနှစ်၌ ကျေးရွာကောင်စီခေတ်သို့ ပြောင်းလဲခဲ့ပေသည်။ ငြိမ်းချမ်းရေးယူပြီးနောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ပြောင်းလဲခဲ့ပေရာ နောင်တရားလက်အောက်သို့ ပြောင်းလဲရောက်ရှိသွားပြီးလျှင် နောင်တရားမြို့နယ်ခွဲအဖြစ်ဖြင့် ပါဝင်လာခဲ့ပေသည်။

၄။ ရွာမှ မြို့အဆင့် ပြောင်းလဲလာပုံ

တီကျစ်မြို့၏ ပထမဦးဆုံးကျေးရွာအဖြစ် ရွာဟောင်း(မြို့ဟောင်း)ဒေသသည် ဘူတာရုံ၏အနောက်ဘက် ယခု ရွာသစ်နေရာ ဖြစ်ပေသည်။ ရွာဦးစေတီအဖြစ် သံလမ်းနောက်ဘက်တွင် လျောင်းတော်မူဘုရားကြီး တည်ရှိခဲ့ဖူးပေရာ ယခုအခါ အထောက်အထားများ မကျန်ရှိတော့ပေ။ စာရေးသူသည် ကိုချစ်ဝေ-မခင်မေသန်းတို့၏ အကျိုးဆောင်ပေးမှုဖြင့်

ရတနာလျှော် မွေတော်ဘုရားကြီး



လွှေလင်းစင်ဘုရား

ဒုတိယနေရာဖြစ်သော တံတားဦးနေရာနှင့် ရွာဟောင်းမြို့ဦး(ရွာဦး)စေတီတို့ကို ဓာတ်ပုံမှတ်တမ်းတင် ယူနိုင်ခဲ့ပေသည်။ ရွာဦးစေတီမှ မသမာသူ လူတစ်စုမှ ဌာပနာဖောက်ထွင်းထားခဲ့ပုံကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရပါလေ၏။ ယခု တံတားဦးနေရာနှင့် မူလရွာဦးစေတီတို့မှာ လူသူအရောက်အပေါက်နည်းသွားခဲ့ပေရာ တီကျစ်မြို့၏ ရာဇဝင်တွင် 'မရောက်မဖူး တံတားဦး'ဟူ၍ တွင်ရစ်ပေသည်။

ထိုမှတစ်ဖန် တီကျစ်ကျေးရွာသည် မြို့ကုန်းအရပ်သို့ ပြောင်းရွှေ့ခဲ့ပါလေ၏။ စော်ဘွား ဟော်နေရာ၊ ဘုန်းတော်ကြီးကျောင်းနေရာများ ပါဝင်ပြောင်းလဲခဲ့ပေသည်။ အဆိုပါ မြို့ကုန်းအရပ်တွင် ရွာဦးစေတီ၊ ရွာဦးနတ်နန်းတို့ကို တည်ထားကိုးကွယ်ခဲ့ကြပေရာ နောင်တွင် မြို့ကုန်းအောင်ချမ်းသာစေတီတော်အဖြစ်ဖြင့် တီကျစ် ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်း ညွှန်ကြားရေးမှူး ဦးသန်းလွင်- ဒေါ်တင်တင်အေးမိသားစုတို့မှမတည်၍ ပြန်လည်ပြုပြင်လှူဒါန်းခဲ့ကြသည်။ နောက်ဆုံး၌ ယခုလက်ရှိ တီကျစ်ကျေးရွာအုပ်စု ၁၆ စု ပါဝင်သော ဧရိယာ ၁၂၀၂၁ ဧက အကျယ်အဝန်းအား တီကျစ်မြို့အဆင့်အဖြစ် ပြောင်းလဲခဲ့ပေသည်။ ထို့ကြောင့် လက်ရှိ တီကျစ်မြို့နေရာသည် တတိယမြောက်နေရာ ဖြစ်ပေသည်။ ဒုတိယမြို့ကုန်းနေရာမှ ယခု တတိယမြောက်နေရာသို့ ကျပန်ခေတ်အတွင်း၌ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောင်ဘိုကြီးစေတီတွင်းမှ ရုပ်ပွားတော်များ

၅။ ရှေးခေတ် စော်ဘွားမျိုးဆက် အနွယ်ဝင်များ

ရတနာရွှေဂူဘုရားသမိုင်းအရ ၁၁၄၈ ခုနှစ်တွင် စော်ဘွား ကော်သာခေတ်အဖြစ် ငွေပုရပိုက် အထောက်အထား အရလည်းကောင်း၊ ဌာပနာရွှေပုရပိုက် အထောက်အထား အရ စော်ဘွားရွှေကြူခေတ်အဖြစ်လည်းကောင်း၊ ၁၂၇၄ ခုနှစ် ထီးတော်တင်သမိုင်းအရ မြို့အုပ်မောင်လွယ်ခေတ်အဖြစ် လည်းကောင်း သမိုင်းအထောက်အထားများကို စိစစ်တွေ့ ရှိရပေသည်။

ဤသို့ဖြင့် ပုဂံခေတ်မှနေ၍ စော်ဘွားအဆက်ဆက် ပြောင်းလဲခဲ့ပေရာ တီကျစ်စော်ဘွားမောင်ညာသည် တီကျစ် ပင်မစော်ဘွားကြီးများ၏ နောက်ဆုံးမင်းဆက်ဖြစ်ပေသည်။ ပဒေသရာဇ်မင်းဆက်ကို ကျော်လွန်လာသောအခါ တီကျစ် မြို့သည် ညောင်ရွှေနယ်၏ လက်အောက်ခံဖြစ်ခဲ့ရာမှ ထမံ စော်ဘွားခေတ်တွင် တီကျစ်မြို့စား စော်ဘွားနောက်ဆုံး အဆက်သည် ဦးစိုင်းစံထွန်းဖြစ်ပေ၏။ စော်ဘွား၏ ညာ လက်ရုံး တပည့်ဘိုးတော်ရံ၏ သမီးများမှာ ဒေါ်သိန်းရှင်နှင့် ဒေါ်သိန်းမျှင် ဖြစ်ပေသည်။ ဒေါ်သိန်းရှင်နှင့် ဒေါ်သိန်းမျှင် တို့၏တူမှာ ဦးဘသန်းဖြစ်ပေသည်။ ဦးဘသန်း၏သားမှာ ကိုစိုးမြင့်သန်း ဖြစ်ပေသည်။ ကိုစိုးမြင့်သန်းမှာ ယခုအခါ ရွှေလင်းစင်ဘုရား၏ မြောက်ဘက်ကပ်ရက် နေရာတွင် ဓာတ်ပုံဆိုင် ဖွင့်လှစ်ထားရှိပေသည်။

သို့ဖြစ်ပါ၍ ကိုစိုးမြင့်သန်းသည် ဒေါ်သိန်းရှင်၊ ဒေါ် သိန်းမျှင်တို့၏ မြေးဖြစ်ပေသည်။ ဒေါ်သိန်းမျှင်၏ ခင်ပွန်းဖြစ် သူ ဦးခန့်ပန်သည်လည်း စော်ဘွားဦးစိုင်းစံထွန်း၏ ဘယ်လက် ရုံးတပည့်(ယာဉ်မောင်း)ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ ကိုစိုးမြင့် သန်းသည် စော်ဘွားဦးစိုင်းစံထွန်း၏ မြစ်တပည့်တော်သူ နောက်ဆုံး စော်ဘွားမျိုးဆက်သစ်အနွယ်ဝင် ဖြစ်ပေသည်။

၆။ ထောင့်လေးထောင့် ဆံတော်ဘုရားလေးဆူ

(က) အရှေ့အရပ်မြို့ဦးစေတီ

မြို့ဦးစေတီတွင် နှန်းမြို့ရိုးနယ်နိမိတ်များ တည်ရှိခဲ့ သည်။ မြေအောက်အနက် ရှစ်တောင်တွင် ဆံတော်ဌာပနာ သွန်းထားသော တီကျစ်နယ်နိမိတ် ဆံတော်စေတီလေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည်။ တီကျစ်မြို့အလယ်ပိုင်းရပ် ဒေဝင် ဥယျာဉ်ကုမ္ပဏီဝင်းအတွင်း ကျောက်မီးသွေးမိုင်းနင်းကုန်း ဒေသ သတ္တုတွင်းနှုတ်ခမ်းဘေး၌ တည်ရှိသည်။ ပထမတွင် ရွှေသံလွင်ကုမ္ပဏီ တည်ဆောက်ခဲ့ပြီးလျှင် ၂၀၀၂ ခုနှစ်မှ စတင်၍ ဒေဝင်ကုမ္ပဏီမှ ကျောက်မီးသွေးမိုင်းလုပ်ငန်းကို စတင် အကောင်အထည်ဖော်ခဲ့သည်။

ဤဘုရားစေတီအား ဒေါ်ခင်မေသန်း (မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ သက်ကြီးအဖွဲ့ဝင် အမှတ်. . . မမခ(၁၃) ပလန-၀၁၀၀၈၈)၏ အကျိုးဆောင်ပေးမှုဖြင့် ဖူးမြော်ခွင့် ရရှိခဲ့ပြီးလျှင် မိုင်းနင်းကုန်းသတ္တုတွင်း၏ တုန်ခါမှုဒဏ်ကြောင့် အလယ်ဖောင်းရစ်မှာ အထက်က ပြိုကျပျက်စီးသွားခဲ့ရသည် ကို ဝမ်းနည်းဖွယ်ရာ ဖူးမြော်ရပါလေ၏။

အတွင်းမှ အာရုံခံ ရုပ်ပွားတော်များကို ယာယီ စံကျောင်းတော်တွင် အပူဇော်ခံထားရှိပါသည်။ တီကျစ် ရာဇဝင်အတွက် ဓာတ်ပုံမှတ်တမ်းတင်ရာတွင် တာဝန်ခံ အင်ဂျင်နီယာမှ လာရောက်ပြီး ကုမ္ပဏီပိုင် တားမြစ်နယ်မြေ ဖြစ်ပါသောကြောင့် မြို့ဦးဘုရားအား အပြင်လူများဝင်ရောက် ဖူးမြော်ခွင့်မရှိကြောင်း တားမြစ်ကန့်ကွက်ခဲ့ပါလေသဖြင့် စာရေးသူတို့ ဘုရားဝင်းမှ ပြန်လည်ထွက်ခွာလာခဲ့ကြပါသည်။

(ခ) တောင်အရပ် မိုးကောင်းစေတီ

မိုးကောင်းဘုရားသည် တီကျစ်မြို့ တောင်ဘက် အထွက် လှည်းကုန်းရွာ၏မြောက်ဘက်၊ ဘုရားဖြူကျေးရွာ အုပ်စုအတွင်း၌ ပါဝင်ပါသည်။ မြေအောက်အနက် ၈ တောင် တွင် ဆံတော် ဌာပနာသွင်းထားသော တီကျစ်နယ်နိမိတ် ဆံတော်စေတီလေးဆူတွင် တစ်ဆူအပါအဝင် ဖြစ်သည်။ ဤဘုရားစေတီအား ကိုချစ်ဝေ+မခင်မေသန်းနှင့် အတူ ကြက်သွန်ကုန်းကျေးရွာ သာရေးနာရေးအကျိုးတော်ဆောင် ဦးတင်ဝင်းတို့၏ လိုက်လံအကျိုးဆောင်ပေးမှုဖြင့် ဖူးမြော်ခွင့် ရရှိခဲ့သည်။ ရပ်ရွာ၏ အခေါ်အဝေါ်မှာ လှည်းကုန်းဘုရား

ဟောင်ဘိုကြီးမှ နီးဘုရားရုပ်ပွားတော်မြတ်ကြီး (လယ်)

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ မူလဘွဲ့တော်မှာ မိုးကောင်းစေတီ ဖြစ်ပါသည်။ မိုးကောင်းစေတီတော်၏ အစဉ်အလာ တစ်ရပ်မှာ မိုးခေါင်ရေရှား ဖြစ်ပေါ်ပါက အိုးစည်ပုံမောင်းများနှင့် ကန်တော့ပွဲတင်လှူပြီး ဆွမ်းတော်ကြီးတင် ဘုရားပွဲကျင်းပ၍ မိုးတောင်းပါက မိုးကောင်းစွာ ရွာသွန်းပါပေသည်။ မိုးကောင်းလွန်းသဖြင့် မိုးတိတ်စေလိုပါက ကန်တော့ပွဲကို ပြန်လည်သိမ်းဆည်းရပါ၏။ ယခုအခါ ချဲ့နွယ်ပိတ်ပေါင်းများက ဖျက်ဆီးသဖြင့် မိုးကောင်းစေတီတော်မှာ အုတ်ပုံစေတီအဖြစ်သာ ကျန်ရှိတော့ကြောင်းကို ဝမ်းနည်းဖွယ်ရာ ဖူးမြော်ရပါလေ၏။

ဦးတင်ဝင်းမှ အကြံပေးသည်မှာ 'တိကျစ်မြို့၏ သမိုင်းရာဇဝင် မပျောက်ပျက်စေရန်အတွက် မိုးကောင်းဘုရားကို ပြန်လည်ပြုပြင်မည့် ဒါယကာအား မဂ္ဂဇင်းစာမျက်နှာပေါ်မှ ဖိတ်ခေါ်ပြီးလျှင် တိကျစ်ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးဖြစ်တော်မူသော မြသိန်းတန်ဆရာတော်ဘုရားကြီးအား လျှောက်တင်၍ ပြန်လည်ပြုပြင်ခွင့် ရရှိမည်ဆိုပါက မြန်မာ့သမိုင်းရာဇဝင်ကို တစ်ထောင့်တစ်နေရာ တစ်ခန်းတစ်ကဏ္ဍမှ ဖြည့်ဆည်း ဖော်ဆောင်ပေးရာ ရောက်ပေလိမ့်မည်' ဟူ၍ ဖြစ်ပါလေ၏။

(ဂ) အနောက်အရပ် နောင်လင်စေတီ

နောင်လင်စေတီသည် တိကျစ်မြို့အနောက်ဘက်အထွက် ဆည်ခေါင်းရွာလမ်းခွဲမှတစ်ဆင့် နောင်မွန်ရွာကိုဖြတ်ကျော်ပြီးလျှင် နောင်လင်ရွာ၏ ရွာဦးစေတီအဖြစ်ဖြင့် တည်ရှိပါလေ၏။ မြေအောက်အနက်ရှစ်တောင့်တွင် ဆံတော်ဌာပနာသွင်းထားသော တိကျစ်နယ်နိမိတ် ဆံတော်စေတီလေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်ပေသည်။ လုံးပိုးရွာသွားသော ခရီးလမ်းတွင် နောင်လင်စေတီကို ဝင်ရောက်ဖူးမြော်ဖြစ်ပါလေ၏။

နောင်လင်စေတီသည်ဆည် ခေါင်းရွာထိပ်မှစတင်၍ ဘန်းပြင်ရွာအထိ သွားရာလမ်းတစ်လျှောက်လုံးတွင် တင့်တယ်သပ္ပာယ်မှုအပေါင်းနှင့် ပြည့်စုံသော ထင်ရှားသည့် စေတီတစ်ဆူပင် ဖြစ်ပါလေ၏။ တဝဂူပုံစံတော်လိုဏ်မုခ်၏ အထက်တွင် စေတီတည်ထားခြင်း ဖြစ်ပေသည်။

တန်ဆောင်မုန်းဘုရားကြီးနှင့် တောင်ရွာဆရာတော်လေး

တောင်တိုင်းစေတီတော်နှင့် အပုံစေတီတော်များ

(ဃ) မြောက်အရပ်ဘုရားငါးဆူစေတီ

ဘုရားငါးဆူစေတီသည် တိကျစ်မြို့မြောက်ဘက်အထွက် သာယာကုန်းကျေးရွာ တောင်ဘိုကြီးကျောင်းတိုက်၏ အနောက်မြောက်အရပ်တွင်ရှိသော ဘုရားငါးဆူကျေးရွာ၏ ရွာဦးကုန်းထိပ်ပေါ်တွင် တည်ရှိပါသည်။ မြေအောက်အနက် ရှစ်တောင့်တွင် ဆံတော်ဌာပနာသွင်းထားသော တိကျစ်နယ်နိမိတ် ဆံတော်စေတီလေးဆူတွင် တစ်ဆူအပါအဝင် ဖြစ်ပါသည်။

ရှေးယခင်က 'ငါးဆူလာ' စေတီတော်ဟူ၍ စေတီတစ်ဆူတည်းသာလျှင် တည်ရှိခဲ့ပြီးလျှင် ကာလရှေ့လျှားကာ သဘာဝဘေးဒဏ်၊ ရာသီဥတုဒဏ်များကြောင့် ပျောက်ကွယ်သွားသောအချိန်တွင် တောင်ဘိုကြီးဆရာတော်မှ ဘူမိနက်သန် နေရာမှန်ကို ပြန်လည်ရှာဖွေ ဖော်ထုတ်ပြီးသကာလ ဘုရားစေတီပေါင်း ငါးဆူကို အရွယ်တူ၊ အချိုးတူ၊ ဥာဏ်တော်တူ၊ စကေးတူညီစွာ ပြန်လည်တည်ထားကိုးကွယ်ခဲ့ရာမှ ဘုရားငါးဆူစေတီနှင့် ဘုရားငါးဆူကျေးရွာဟူ၍ အသစ်တစ်ဖန် ပြန်လည်ပေါ်ပေါက်လာခဲ့ရပေသည်။ စာရေးသူသည် ဘုရားငါးဆူစေတီတော်မြတ်များအား တောင်ဘိုကြီး ဆရာတော်၏ လမ်းညွှန်မှုဖြင့် ဖူးတွေ့ခဲ့ရပါလေ၏။

အောက်ပါ အချက်အလက်များသည် ဘုရားငါးဆူဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ တောင်ဘိုကြီးဆရာတော်၏ မိန့်ကြားချက်များ ဖြစ်ပေသည်။

"ဘုန်းဘုန်း အသက်(၄၀)အရွယ်မှာ ဘုရားငါးဆူစတည်ခဲ့တာပါ။ ဘုန်းဘုန်း မတိုင်ခင်က ဘုရားငါးဆူကို ဘုန်းတော်ကြီးတစ်ပါးနဲ့ လူပုဂ္ဂိုလ်လေးဦးက တည်ဖို့ ကြိုးစားခဲ့တဲ့အခါမှာ မအောင်မြင်ခဲ့ကြပါဘူး၊ ဆရာတော်တစ်ပါး လာတည်တော့လည်း ပျံတော်မူသွားခဲ့ပါတယ်၊ ဒါကြောင့် ဘုန်းဘုန်းက သာသနာပွင်းပွဲကိုတည်ပြီး မေတ္တာပို့တယ်၊ ဘုရားကိစ္စ ဆောင်ရွက်နေစဉ် အတွင်းမှာ သက်သတ်လွတ် ဘဉ်းပေးတယ်၊ အဓိကကတော့ ဂုဏ်တော်ကိုးပါးနဲ့ ပဋ္ဌာန်း(၂၄)ပစ္စည်း၊ ပရိတ်ကြီး(၁၁)သုတ်တို့ကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ပေးခဲ့တယ်၊ ပြီးရင် မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များနဲ့ ဘုရား

www.burmeseclassic.com

www.burmeseclassic.com

မြသိန်းတန်စေတီတော်

အစောင့်အရှောက်တွေကို နေ့စဉ်မပျက်ထားပို့ပေးခဲ့တယ်၊ ဒီလိုနဲ့ အောင်မြင်လာခဲ့တာပဲ၊ မူလရည်ရွယ်တုန်းကတော့ ဘုရားတစ်ဆူတည်း တည်ဖို့ပါပဲ၊ ဒါပေမဲ့ အလှူရှင်တွေနဲ့ ဝတ္ထုငွေတွေ များပြားလာတာနဲ့ပဲ ဘုရားငါးဆူ ဖြစ်သွားခဲ့တာပါ၊ ဘုရားတည်ပြီးခါစတုန်းက လပြည့်ညတွေမှာ ကြယ်ကြေကျသလိုမျိုး ကြီးကြီးလုံးလုံးကြီးဟာ ဆင်းလိုက်တက်လိုက်နဲ့ မြသိန်းတန်တောင်ပေါ်က ဘုရားနဲ့ ဘုရားငါးဆူတို့ဟာ အပြန်အလှန် မာဟ်တော်ရောင်ခြည်တော် ကူးခဲ့ကြပါတယ်"

ဘုရားငါးဆူကျေးရွာမှ 'ဦးဆောင်'ပြောကြားချက်-

"ဘုရားငါးဆူရွာရယ်လို့ ဟိုတုန်းကတည်းကရှိတာ၊ အခုမှဖြစ်တာ မဟုတ်ဘူး၊ ဘုရားပြုပြင်ပြီးတော့ လူတွေ စီးပွားရေးပြေလည်လာပြီး တိုက်တွေဖြစ်လာခဲ့တယ်၊ ဒီရွာမှာ ဒုစရိုက်လုပ်ငန်းနဲ့ အသက်မွေးလို့ စီးပွားမဖြစ်ဘူး၊ နွားသတ်၊ ဝက်သတ်၊ အရက်ချက်တာမျိုး လုပ်လို့မရဘူး"

၇။ အမိန့်တော်ရ ကန်လေးကန်

စာရေးသူနှင့် မခင်မေသန်းတို့သည် တီကျစ်မြောက်ပိုင်းရပ်၊ အမှတ်(၈၄)နေ တီကျစ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၏ မိဘများဖြစ်ကြသော ဦးညို(၇၆)နှစ်+ဒေါ်စိန်(၇၃)နှစ်တို့၏ နေအိမ်သို့ သွားရောက်လည်ပတ်ခဲ့ကြပါသည်။

ဦးညို၏ ဖြည့်စွက်ပြောကြားချက်အရ -"တီကျစ်မြို့စော်ဘွားလက်ထက်မှာ ထောင့်လေးထောင့် ဘုရားလေးဆူရှိသလို အမိန့်တော်ရကန်လည်း လေးကန်ရှိခဲ့တယ်၊ သူတို့ကို မင်းတွေက အပိုင်စားပေးထားတာမို့လို့ သူတို့နေရာကို ထိလို့ မရဘူး၊ အချို့ကန်တွေက အခုတော့ တိမ်ကောကုန်ပြီး အထိမ်းအမှတ်နေရာပဲ ကျန်ခဲ့တယ်၊ ဒါပေမဲ့ ဒီကန်တွေက နဂါးဖို၊ နဂါးမ စောင့်ရှောက်တာဖြစ်လို့ ဒီရေကန်နေရာမှာ အလုပ်လုပ်စားလို့ မရဘူး၊ ခိုက်တယ်၊ ရေးမင်းတွေက သစ္စာဆိုပြီး ကန်တူးခဲ့ဖြစ်သလို ရေးစော်ဘွားတွေကလည်း အမိန့်တော်ပြန်ထားတဲ့ နေရာတွေဖြစ်လို့ ဒီကန် နေရာတွေမှာ အလုပ်လုပ်စားလို့ မရဘူး"

ထို့နောက် ဦးညို၊ မခင်မေသန်းနှင့် စာရေးသူတို့သည် ကျေးရွာအလယ်ပိုင်း အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်ဝင်း(၄၈)နှစ်အား ဝင်ခေါ်၍ နဂါးဖို ရေကန်မြေနေရာကို သွားရောက်လေ့လာခဲ့ကြပါလေ၏။

"ကျောက်မီးသွေးစက်ရုံက အရာရှိတွေက ဒီနေရာမှာ ကျောက်မီးသွေးကြောရှိတယ် ဆိုပြီးတော့ မြေတူးစက် ကရိန်းကြီးတွေနဲ့ တူးဖော်ဖို့ ကြိုးစားတဲ့နေရာမှာ ဒီနဂါးဖိုရေကန်ပေါ်လည်းရောက်ရော သူတို့စက်ကြီးနှစ်စင်းဟာ အလိုလို ထိုးရပ်သွားကြတယ်၊ ဘယ်မှ ရွှေလျားမောင်းနှင်လို့ မရတော့ဘူး၊ အဲဒါနဲ့ ညဘက် စက်ပေါ်မှာ စောင့်အိပ်ကြတဲ့ ယာဉ်မောင်းတွေကို အိပ်မက်ပေးပြီး ကြိမ်းမောင်းသတဲ့၊ ငါတို့နေရာကို တူးဖော်ဖို့ကြိုးစားရင် နင်တို့ သွေးပွက်ပွက်အန်ပြီး သေသွားစေရမယ်တဲ့၊ ဒါနဲ့ ကရိန်းသမားတွေ မြေတူးစက်ကြီးတွေကို ထားခဲ့ပြီး ညတွင်းချင်း ရွာထဲကို ထွက်ပြေးကြတယ်၊ နောက်နေ့တွေလည်း ဘယ်လိုမှ မောင်းနှင်လို့ မရတဲ့အခါကျတော့ သုံးရက်မြောက်မှာ သိုက်ပွဲတွေနဲ့ ကန်တော့ပွဲပေးပြီး ဒီနေရာကို မတူးဖော်တော့ပါဘူး၊ စက်တွေကို ပြန်သိမ်းပါတော့မယ်လို့ ကတိပြုတဲ့အခါကျတော့မှ စက်တွေကို ပြန်လည်ယူဆောင်ခွင့် ရခဲ့ကြတယ်၊ ဒါကြောင့် ကျောက်မီးသွေးတူးဖော်မယ့် အန္တရာယ်က ကင်းဝေးခဲ့တယ်"

ထို့နောက် ဦးညီနှင့် ဦးစိန်ဝင်းတို့ ပြန်သွားကြပြီးလျှင် စာရေးသူတို့သည် တီကျစ်မြို့၏ နတ်ရေကန်အဖြစ် လက်ရှိအထင်အရှား တည်ရှိနေသော အမိန့်တော်ရကန်တော်ကြီးအား သွားရောက်လေ့လာခဲ့ကြပါလေ၏။ နတ်ရေကန်၏ အရှေ့ဘက်တွင် ရွာစောင့်နတ်နန်း၊ ကိုးမြို့ရှင်နတ်နန်းနှင့် မြင်းဖြူရှင်နတ်နန်းတို့ကို အစဉ်လိုက် တွေ့ရှိရပါလေ၏။ ထို့နောက် ကန်အတွင်းမှ နတ်ငါးများကို ငါးစာကျွေးရင်း မခင်မေသန်းမှ ဆက်လက်ရှင်းပြပါလေ၏။

"ဒီနေရာဟာ တီကျစ်မြို့ရဲ့ နိုးရာမိဆိုင်ဖွယ်ဆိုင် နန်းကြီးဖြစ်ပါတယ်၊ ရှင်ပြုရဟန်းခံလို့ရှိရင် ဒီမှာ နတ်လာပြကြလေ့ရှိပါတယ်၊ ဒီငါးတွေဟာ အရင်ဘဝက ကျိန်စာအတိုက်ခံထားရတဲ့ နတ်ငါးတွေဖြစ်တာကြောင့် ဖမ်းယူစားသုံးသူကို ဥပဒ်ဖြစ်စေပါတယ်၊ အခန့်မသင့်ရင် အသက်အန္တရာယ်အထိ ဒုက္ခပေးတတ်ပါတယ်"

နဂါးမရေကန်နှင့် အခြား ရေကန်တစ်ခုမှာတော့ ပျောက်ကွယ်သွားပြီဖြစ်သဖြင့် မှတ်တမ်းမတင်နိုင်တော့ပါ။

၈။ အခြားသော တီကျစ်မြို့၏ အထင်ကရဘုရားများ

(က) တီကျစ်မြတ်ဗုဒ္ဓခြေတော်ရာစေတီ

တီကျစ်မြို့မကျောင်းအဝင်ဝ၏ လက်ယာဘက်လမ်းခွဲတွင် တည်ရှိသည်။ ရှေးဟောင်း ပါဒခြေတော်ရာအစစ်နှင့် ၁၃၅၈ ခုနှစ်တွင် တည်ထားပူဇော်သော စက်လက်ကွင်းအပြည့်အစုံပါရှိသည့် ပါဒခြေတော်ရာသစ်တို့ကို ပူးတွဲ၍

www.burmeseclassic.com

www.burmeseclassic.com

အပူဇော်ခံထားရှိသည်။ စကုမြို့စွေးအရှေ့ဘက်ရပ်မှ ဦးတင်ရှိန်+ဒေါ်ဖြူမိသားစုတို့မှ '၁၀၈ ကွက် စက်လှေကွင်းစုံစွာ ဖော်ပြ ဗုဒ္ဓခြေရာ၊ တောင်းပန်သူများ ထင်ရှားစေကာ၊ တစ်ဆယ့်ငါး ထောက်ထားစေတိပါ' ဟူသော စာချိုးလက်ာကို လှူဒါန်းထားပေသည်။

(ခ) ရွှေလင်းစင်ဘုရား

ရွှေဟောင်းသမိုင်းဝင် ပြသိန်းတန်စေတီတော်၏ အောက်ပစ္စယာရှိ စေတီနှင့် ရွှေလင်းစင်စေတီတို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်း ထီးတင်ပြီးစီးသည် ဟူသော ကြောင့် ၁၃၅၆ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့တွင် ယခု နောက်ဆုံး ဖူးမြင်ရသော ထီးတော်အသစ်ကို တင်လှူပူဇော်သည်ဟူ၍ ယူဆရပေသည်။ ယခင် နရပတိစည်သူမင်း လက်ထက်တွင် တစ်ညလုံး ထီးတော်လှူဒါန်းရာ၌ မိုးလည်းလင်းပြီးလည်းပြီး ဖြစ်သဖြင့် ရွှေလင်းစင်စေတီဟု ခေါ်တွင်ကြောင်း မှတ်သားရပါသည်။ ရွှေလင်းစင်ဘုရား၏ အနောက်တောင်ဘက်တွင် ယခင်စော်ဘွားများလက်ထက်၌ တန်ဆောင်မုန်းလအတွင်း နှစ်စဉ်ပွဲတော်များ ကျင်းပလေ့ရှိပြီး နောက်ပိုင်းတွင် ရွာတည်သောအခါ ပွဲကုန်းရွာဟုမှည့်ခေါ်၍ တိကျစ်မြို့ဖြစ်လေသောအခါ တိကျစ်မြို့မ မြောက်ပိုင်းရပ်ကွက်ဟူ၍ ပြောင်းလဲခေါ်တွင်ခဲ့ပေသည်။

(ဂ) ရတနာရွှေဂူ မွေတော်ဘုရားကြီး

တိကျစ်မြို့မှ အနောက်မြောက်ဘက်အထွက် ပင်လောင်း-အောင်ပန်း ကားလမ်းမပေါ်တွင် တည်ရှိသည်။ တိကျစ်မြို့၏ ကျက်သရေဆောင် အထင်ရှားဆုံးနှင့် အကြီးဆုံးသော ဘုရားကြီးဖြစ်ပေသည်။ အရံစေတီတော်များလည်း မြောက်မြားစွာ ပါဝင်ပေသည်။ စော်ဘွားများက ခေတ်အဆက်ဆက် ပြုပြင်လှူဒါန်းထားကြသည့် အကြောင်းကို ဘုရားကြီးသမိုင်း၌ ဖော်ပြပါရှိပေရာ မြို့မကျောင်းဆရာတော်ကြီး၏ မိန့်ဆိုချက်အရ စေတီ၏ ပုံစံတော်မှာ နရပတိစည်သူမင်း၏ လက်ရာဖြစ်နိုင်ကြောင်း ယွန်းစေတီလက်ရာ ဟူ၍ ခန့်မှန်းကြောင်း၊ မွေတော်ဟူ၍ ဘွဲ့တော်အမည်နာမ တပ်သော ဘုရားများသည် နရပတိစည်သူမင်း၏ လက်ရာများ အများဆုံးဖြစ်ကြောင်း အစရှိသဖြင့် မိန့်ကြားတော်မူပါသည်။

(ဃ) တောင်ဘို့ကြီးစေတီတော်

တိကျစ်မြို့၏ မြောက်ဘက်အထွက်လမ်း၊ ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ နောက်ကျော၊ သာယာကုန်းကျေးရွာထိပ်တွင် တည်ရှိပါသည်။ တောင်ဘို့ကြီးကျောင်းတိုက်မှ နှီးဘုရားကြီးမှာ ကလောမြို့မှ နှီးဘုရားကြီးကဲ့သို့ နဂို က ထင်ရှားပေါ်လွင်မှု မရှိပေသော်လည်း ဤစာရေးသူ၏ 'နှစ်ပေါင်းရာကျော် တောင်ဘို့ကြီးစေတီတော်'ဆောင်းပါး၏ ဖော်ပြချက်အရ ယခုနောက်ပိုင်းတွင်.တိကျစ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာတစ်ဝိုက်တို့တွင် ထင်ရှားပေါ်လွင်လာခဲ့သည်။

(င) ဖောင်တော်ဦးစေတီတော်

တောင်ဘို့ကြီးဆရာတော်နှင့် တောင်ရွာဆရာတော်လေးတို့၏ ကြိုးပမ်းမှုကြောင့် ရှေးမင်းအဆက်ဆက်မှ တည်ထားကိုးကွယ်ခဲ့ကြပြီးလျှင် ပျက်စီးယိုယွင်းခဲ့လေသော ဖောင်တော်ဦးစေတီတော်မြတ်ကြီးသည် အသစ်တစ်ဖန် ပြုပြင်မွမ်းမံမှုများဖြင့် ခံညားတင့်တယ် သပ္ပာယ်လှစွာဖြင့် မြင်းတွင်းရွာ၏မြောက်ဘက်၊ မြသိန်းတန်တောင်ခြေရင်းရှိ တောင်ရွာဆရာကလေးတွင် စံမြန်းတော်မူလျက်ရှိပေသည်။

(စ) တန်ဆောင်မုန်းဘုရားကြီး

တန်ဆောင်မုန်းဘုရားကြီးသည် ဖောင်တော်ဦးဘုရားကြီး၏ အရှေ့ဘက်အထက် တောင်ကုန်းမြင့်ကလေးပေါ်တွင် တည်ရှိပြီး ကမ္ဘာအေးဘုရားပုံစံတော်အတိုင်း မုခ်လေးမုခ်နှင့် အတွင်းလို့ဏ်ဂူပတ်လည်ပါရှိပြီး အထက်တွင် ပင်မစေတီတော်နှင့် အရံစေတီတော်ရှစ်ဆူ သီတင်းသုံးပါသည်။ ဤစေတီတော်ကြီးသည် နှစ်ပရိစ္ဆေဒ ကြာညောင်း၍ သဘာဝဘေးဒဏ် ဖောက်ပြန်မှုကြောင့် ပျက်စီးယိုယွင်းခဲ့သည်ကို ၁၃၇၀ ပြည့်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ သောကြာနေ့တွင် ဦးခွန်အောင်မိုး+ဒေါ်နန်းမအေး (ဦးမှတ်ကြီးကုန်မျိုးစုံရောင်းဝယ်ရေး) ဆည်ခေါင်းကျေးရွာမိသားစုတို့မှ တစ်ဦးတည်း အလှူရှင်အဖြစ် မတည်လှူဒါန်းထားပါသည်။

(ဆ) မြသိန်းတန်စေတီတော်မြတ်ကြီး

မြသိန်းတန်စေတီတော်မြတ်ကြီးသည် တန်ဆောင်မုန်းဘုရားကြီး၏အထက်ဘက် မြသိန်းတန်တောင်ပေါ် တည်ရှိပါသည်။ နရပတိစည်သူမင်း ပြုပြင်တည်ထားကိုးကွယ်ခဲ့ပေသော စေတီတော်ပေါင်း ၁၁၁၀ ဆူစာရင်းကို ၁၃၄၇-ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက်နေ့တွင် တိကျစ်မြို့မြောက်ဘက် မြသိန်းတန်ဆရာတော်ဘုရားကြီးမှ ပအိုဝ်ဘာသာဖြင့် လက်ာစီ သိကုံးဖွဲ့ဆိုထားချက်ကို တိကျစ်မြို့မဆရာတော်မှ မြန်မာဘာသာသို့ ရေးသားပြုစုပြန်ဆိုထားသော စာရင်းအရ အဆိုပါစေတီတော်များတွင် မြသိန်းတန်စေတီတော်သည်လည်း တစ်ဆူအပါအဝင် ဖြစ်ပေသည်။ မူရင်းဒါယကာမှာ သီရိဓမ္မာသောကမင်းကြီး ဖြစ်ကြောင်း သိရှိရပေသည်။ ထို့ကြောင့် မြသိန်းတန်စေတီတော်မြတ်ကြီးမှာ တိကျစ်မြို့မတိုင်ခင်ကတည်းက ရှိခဲ့ပေသော ရှေးအကျဆုံးနှင့် သက်တမ်း အရင့်ကျက်ဆုံး စေတီတော်ကြီးပင် ဖြစ်မေတော့သည်။

(ဆက်ရန်)

ကျွန်ုပ်သယမတိဒ္ဓိစေ

ဗေဒသုတေသီ ဆရာမျိုး

❑

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အဆုံးအစမထင် သံသရာဝဲဩဃတွင်းဝယ်၊ စုန်ဆန်လူးလား ပေါ်ချည်မြုပ်ချည်နှင့် မရေတွက်နိုင်လောက်သော ဘဝပေါင်းများစွာ၌ ကျင်လည်ဖြစ်တည်ခဲ့ကြရသော် ပုထုဇဉ်တို့အဖို့၊ အဝိဇ္ဇာတဏှာ၏ လှည့်စားသိမ်းသွင်းမှုကြောင့် အမှားကို အမှန်ထင်၊ ဒုက္ခကို သုခထင်ရင်း ဖြစ်ရာဘဝတိုင်းတွင် အပျော်ကြီး ပျော်နေခဲ့ကြသည်သာ ဖြစ်သည်။

သံသရာ ဒုက္ခနွံအတွင်းမှ ရုန်းထွက်လွတ်မြောက်ရန် မဖြစ်နိုင်လောက်အောင်ပင် ဆွဲအားကောင်းကောင်းဖြင့် ဆွဲထားသည့် အရာတို့တွင် ကာမဂုဏ်အာရုံငါးပါး၏ စွမ်းအားကား ကြီးမားလှပေသည်။ ပုထုဇဉ်မှန်သမျှ ကာမဂုဏ်အာရုံ၏ ကျော့ကွင်းအတွင်း သက်ဆင်းရမြဲ ဖြစ်သည်။ ကာမဂုဏ်နှောင်အိမ်အတွင်း ပျော်ပျော်ကြီး အချုပ်အနှောင်ခံကြသည်သာ ဖြစ်၏။ ကာမဂုဏ်နွံအတွင်း တပြောင်းပြောင်း တပြန်ပြန် ဒုက္ခဆင်းရဲကြီးစွာ ရုန်းကန်နေကြရသည်ကိုပင် ပျော်ရွှင်ကျေနပ်အားရနေကြစမြဲ ဖြစ်သည်။

ကီလေသာနှောင်အိမ် ကျော့ကွင်းဝယ် မရုန်းထွက်နိုင်အောင် ကာမဂုဏ်အာရုံတို့ကို လိုအပ်သလို သုံးစွဲပြီး ယောက်ျားတို့အား မိန်းမသားတို့သည် ပိုင်နိုင်ကျွမ်းကျင်စွာ သိမ်းသွင်းစည်းရုံးချုပ်နှောင်ထားနိုင်ခဲ့ကြသည်။ ရှုပါရုံကျော့ကွင်းဝယ် ထောင်ဖမ်းတတ်ကြသည်။ သဒ္ဒါရုံဖြင့်လည်း နှောင်ဖွဲ့ထားကြသည်။ ဂန္ဓာရုံနှင့်လည်း မြူဆွယ်သိမ်းသွင်းကြသည်။ ရသာရုံဖြင့်လည်း ဖြားယောင်းစည်းရုံးကြသည်။ ဖောဋ္ဌဗ္ဗာရုံဖြင့်လည်း ကာမနွံအတွင်း ဆွဲနှစ်တတ်ကြသည်။

မိန်းမသားတို့၏ အင်အားကား အဆင်းရှုပါရုံတည်း။ အစွမ်းထက်လှသော အဆင်းရှုပါရုံကို အသုံးချကာ ဥစ္စာ၊ အာဏာ၊ အခွင့်အလမ်းတို့ကို ရယူ သိမ်းပိုက်နိုင်ခဲ့ကြကုန်သည်။ အကျိုးဖြစ်ထွန်းခဲ့ကြကုန်သည်။ ထိုသို့အားဖြင့် မိန်းမသားတို့အတွက် ကောင်းကျိုးဖြစ်စေနိုင်ခဲ့သော အဆင်းရှုပါရုံသည် ပြဿနာအခက်အခဲ အကျပ်အတည်းများကိုလည်း တွေ့စေနိုင်ခဲ့သည်။ အသက်အန္တရာယ်ကိုပင် ပြုနိုင်သည့် ဆိုးကျိုးမျိုးကိုလည်း မိန်းမသားတို့အား ဖြစ်စေခဲ့သည်သာ ဖြစ်၏။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်က ရာဇဂြိုဟ်ပြည်တွင် သီရိမာဟူသော အမျိုးသမီးသည် လှပလွန်းသော ရုပ်အဆင်းရှိခြင်းကြောင့် လိုချင်တပ်မက်ရယူလိုသူ များလှသဖြင့် ပြဿနာများ ဖြစ်လာရကား နောက်ဆုံးတွင် မင်းမိန့်ဖြင့် မည်သူတစ်ဦး တစ်ယောက်မျှ ဝိုင်ခွင့်မပေးဘဲ ပြည်ပိုင်အများပိုင်ပြုကာ အခကြေးငွေ များစွာပေး၍ ပျော်ပါးခွင့်ပြုခံခဲ့ရသည်အထိ အဆင်းရှုပါရုံက အန္တရာယ်ဖြစ်စေခဲ့သည်။

ကောင်းမှုကုသိုလ်ကံ ပါရမီဖြည့်ကျင့်ခဲ့သဖြင့် ကြာညိုပန်းနုံ သင်းကာရုပ်ဆင်းလှပခဲ့သူ ဿဝတ္ထိပြည်မှ သူဌေးသမီး ဥပ္ပလဝဏ္ဏာကို လိုချင်တပ်မက်ကြသဖြင့် ဖခင်သူဌေးထံ လာရောက်တောင်းခံကြရာ အဆင်းကြောင့် များစွာ အခက်တွေ့ခဲ့ရသည်။ ဖခင်ဖြစ်သူ၏ ပါးနပ်လိမ္မာ မြော်မြင်ဓာတ်မှကြောင့် သာသနာ၏အရိပ်တွင် ခိုဝင်ခွင့်ရကာ ဘိက္ခုနီမအဖြစ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရသည်။ ဂေါတမဗုဒ္ဓ သာသနာဝယ် တန်ခိုးအရာ၌ ဧတဒဂ်ရလက်ဝဲရံအဂ္ဂသာဝိကာမ ဖြစ်ခဲ့ရသည်။

ဤဥပ္ပလဝဏ်ထေရီသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရဘုရားရှင်လက်ထက်တော်တွင် ဟံသဝတီနေပြည်တော်ဝယ် အမျိုးကောင်းသူဌေးသမီးတစ်ဦး ဖြစ်ခဲ့ပေသည်။ အများနှင့်အတူ ပဒုမုတ္တရဘုရားရှင် ထံသွားကာ တရားနာယူစဉ်၊ ဘိက္ခုနီရဟန်းမတစ်ပါးကို ဘုရားရှင်က တန်ခိုးကြီးသောအရာဝယ် အဿဆုံး ဧတဒဂ် ရာထူး ထားတော်မူသည်ကို မြင်၍ အားကျကာ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား မဟာဒါနကြီး ပေးလှူပြီးလျှင် ဘုရားရှင်၏ ခြေတော်ရင်း၌ ကြာညိုပန်းခုနစ်စည်းတို့ကိုချ၍ ပူဇော်ကာ နောင်လာမည့် ဘုရားတစ်ဆူဆူ လက်ထက်တွင် တန်ခိုးအရာ၌ ဧတဒဂ်ရာထူးကို ဆုပန်ခဲ့သည်။ အပြစ်မရှိ ပြည့်စုံလိမ့်မည်ဖြစ်၍ ဘုရားရှင်က ဗျာဒိတ်စကား မိန့်တော်မူခဲ့သည်။

ဥပ္ပလဝဏ် ထေရီလောင်း ထိုသူဌေးသမီးသည် အသက်ထက်ဆုံး ဘုရားရှင်နှင့် သံဃာတော်တို့ကို ရိုသေစွာ လုပ်ကျွေးပြုစုခဲ့ပြီး စုတေသော်နက်ပြည်၊ လူ့ပြည် စသည်တို့တွင် ဘဝမျိုးစုံ၌ ကျင်လည် ဖြတ်သန်းခဲ့ရသည်။

ထိုသို့ဖြစ်တည်ခဲ့ရသော ဘဝတို့တွင် ဂေါတမဘုရားလောင်းနှင့် တွေ့ကြုံဆုံစည်းခွင့် ရခဲ့သောအခါတွင် မိမိနှင့်ဘုရားလောင်းတို့အတွက် ကောင်းမှုကုသိုလ်ကံ ပါရမီတို့ကို တတ်စွမ်းသမျှ ကြိုးစား ဖြည့်ဆည်းပေးခဲ့ပေသည်။ ဂေါတမဘုရားလောင်းနှင့် ဆုံစည်းခွင့် မရခဲ့သော ဘဝတို့တွင် မိမိဆုပန်ချက် ပြည့်ရန် ကောင်းမှုကုသိုလ်ကံ ပါရမီရင့်သန် ပြည့်ဝရေးအတွက် ကြိုးစား ဖြည့်ဆည်း ဆောင်ရွက်ခဲ့သည်။

ဂေါတမဘုရားလောင်းနှင့် ကြုံကြိုက်သော ဘဝတို့တွင် ဥပ္ပလဝဏ် ထေရီလောင်းသည် ဘုရားလောင်း၏ နှမငယ်အဖြစ် ပါရမီ ကူညီဖြည့်ခဲ့သည်ကို တွေ့နိုင်ပါသည်။

ကေဏကနိပါတ် သီလဝဂ်ခရာဒိယဇာတ်တွင် ဘုရားလောင်း၏ နှမငယ်ဖြစ်ခဲ့သည်။ ရွှေကာလဘစ်ခုၦ်ဟရာဏသိပြည်၌ မြဟဒတ်မင်းအုပ်စိုးစဉ် ဘုရားလောင်းသည် သမင်ဖြစ်ခဲ့ကာ၊ နှမငယ်သမင်မ ဥပ္ပလဝဏ်ထေရီလောင်းတွင် ဆုံးမရခက်သော သားသမင်ငယ် တစ်ကောင်ရှိခဲ့သည်။ ထိုသမင်ကား ဂေါတမဘုရားလက်ထက်

www.burmeseclassic.com

www.burmeseclassic.com

တွင် သာသနာဝယ် အဆုံးအမရခက်သော ရဟန်းတစ်ပါးဖြစ်လာကာ ထို ရဟန်းကို အကြောင်းပြု၍ ဤဇာတ်ကို ဟောခဲ့ခြင်းဖြစ်သည်။

ရဟန်းသည် သမင်ငယ်ဖြစ်စဉ် မိခင်ဖြစ်သူ ဥပ္ပလဝဏ်ထေရီလောင်း သမင်မက မောင်ကြီးဖြစ်သူ ဘုရားလောင်းသမင်ထံ အပ်နှံ၍ မိဂမာယာကို သင်စေခဲ့သည်။ သားသမင်က မည်သို့မျှ သင်မရဘဲ ဦးကြီးဖြစ်သူထံ မသွားခဲ့သဖြင့် ဦးကြီးဖြစ်သူက အကြိမ်ကြိမ် ခေါ်ခဲ့သည်။ သို့သော် မသွားခဲ့။ သို့ဖြင့် သမင်တို့တတ်အပ်သော ပညာ မတတ်သဖြင့် တစ်နေ့တွင် တစ်နေရာ၌ ကျော့ကွင်းမိကာ ရှုန်းမထွက်နိုင်တော့ဘဲ မုဆိုး၏အသတ် ခံခဲ့ရတော့သည်။

နကနိပါတ် သီလဝဏ်တိပလ္လတ္ထဇာတ်တွင်မူ ဥပ္ပလဝဏ်ထေရီလောင်း သမင်မသည် ဂေါတမဘုရားလောင်း သမင်၏ နှမငယ်ဖြစ်ခဲ့ပြန်သည်။ ဤဘဝတွင်မူ သားငယ်ဖြစ်သူသည် လိမ္မာသော အရှင်ရာဟုလာလောင်း သမင်ငယ် ဖြစ်ခဲ့သည်။ ထိုအချိန်တွင် ရာဇဂြိုဟ်ပြည်၌ တစ်ယောက်သော မာဂဓမင်း စိုးစံနေချိန်ဖြစ်သည့် ရှေးလွန်လေပြီးသော ကာလတစ်ခုဖြစ်သည်။

ဥပ္ပလဝဏ်ထေရီလောင်း သမင်မသည် သားငယ်ကို မောင်ကြီးထံ အပ်နှံ၍ မိဂမာယာကို သင်ယူစေခဲ့သည်။ သားငယ်ကလည်း လေးစားစွာလိုက်နာသင်ယူသဖြင့် ကောင်းစွာတတ်ကျွမ်းခဲ့သည်။ တစ်နေ့၌ တောဝယ်ကျက်စားစဉ် ကျော့ကွင်းအမိခံခဲ့ရသည်။ မိခင်သမင်မ သိ၍ မောင်ကြီးဖြစ်သူအား ပြောပြရာ ဘုရားလောင်း သမင်က မစိုးရိမ်ရန်နှင့် မိဂမာယာကို သုံး၍ သားငယ်လွတ်လာလိမ့်မည်ဟု ပြောခဲ့သည်။

အရှင်ရာဟုလာလောင်း သားသမင်ငယ်သည် ကျော့ကွင်းမိသော် သေပြီးသည့်သဏ္ဌာန် ဖြစ်နေရန် ဗိုက်ကို ဖောင်းကားအောင် ပြုလုပ်ကာ တစ်ကိုယ်လုံး တောင့်နေစေခဲ့သည်။ ထိုအခါ ယင်များလာအုံကြသည်။ ကျီးများကလည်းလာကြသည်။

မုဆိုး ရောက်လာသော် သေသည်မှာ အချိန်အတန်ကြာဟန်ရှိသည်။ အသားကို ဖျက်ပြီး ယူမည်ဟု ကြံ၍ သစ်ခက်သစ်ရွက်တို့ကိုယူရန် အားထုတ်နေစဉ် သမင်ငယ်သည် ခြေလက်ကိုယ်တို့ကို လှုပ်ခါပြီး မတ်တတ်ရပ်ကာ အဟုန်ဖြင့် လွတ်အောင်ပြေးပြီး မိခင်ထံ အရောက်ပြန်ခဲ့တော့သည်။

●

ကိလေသာစွဲ၍ သာသနာ၌ ပြီးငွေ့သဖြင့် လူထွက်လိုသော ရဟန်းတစ်ပါးကို အကြောင်းပြုပြီး ဇေတဝန်ကျောင်းတော်ဝယ် စံပယ်မနစဉ် ဟောတော်မူခဲ့သော ပက်ကဏ္ဏကနိပါတ်၊ ဘီသဇာတ်တွင်လည်း ဥပ္ပလဝဏ်ထေရီလောင်းသည် ဘုရားလောင်း မဟာကဠာနသတို့သား၏ အထွေးဆုံးနှမငယ် ကဠာနဒေဝီ သတို့သမီး ဖြစ်ခဲ့ပြန်သည်။

ရှေးကာလတစ်ခုဌ ဗာရာဏသီပြည်တွင် ဖြဟ္မဒတ်မင်းအုပ်စိုးစဉ် ဂေါတမဘုရားလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဖြဟ္မဏမဟာသာလအမျိုး၏ အကြီးဆုံးသား မဟာကဠာနသတို့သားဖြစ်လာလေသည်။ ဘုရားလောင်းအောက် အစဉ်အတိုင်းမွေးဖွားလာသော ညီခြောက်ယောက်ကား ဒုတိယညီဖြစ်သည့် အရှင်သာရိပုတ္တရာလောင်း ဥပကဠာနသတို့သား၊ နောက် အရှင်မောဂ္ဂလာန်လောင်းလျှာ၊ အရှင်မဟာကဿပလောင်းလျှာ၊ အရှင်အနုရုဒ္ဓါလောင်းလျှာ၊ အရှင်ဒုဏ္ဏာလောင်းလျှာနှင့် အရှင်အာနန္ဒာလောင်းလျှာတို့၏ အငယ်ဆုံး နှမငယ်ကား ဥပ္ပလဝဏ်ထေရီလောင်းလျှာ ကဠာနဒေဝီသတို့သမီးတည်း။

သားသမီးများ အရွယ်ရောက်ကြသော် ခိဘတို့က အိမ်ရာထူထောင်ရန် တိုက်တွန်းပြောကြားခဲ့သည်။ ခုနစ်ယောက်လုံး မည်သူ့ကိုမျှ တိုက်တွန်း၍ မရခဲ့ချေ။ ထိုကဲ့သို့ မေထုန်အကျင့်သည် အရှိန်ပြင်းစွာ လောင်နေသော မီးကဲ့သို့၊ ဘေးအန္တရာယ်ကြီးကဲ့သို့၊ ရစ်ပတ်ချုပ်နှောင်ထားသည့် နှောင်အိမ်ကဲ့သို့၊ ကျင်ကြီးစွန့်ရာ မြေကဲ့သို့ ကြောက်ရွံ့ထိတ်လန့်စက်ဆုပ်ဖွယ်အရာဟု စွဲမှတ်လျက် တောထွက်ပြီး ရဟန်းပြုလိုကြောင်း ပြောဆိုခဲ့ကြသည်။

မိဘတို့လွန်သော် ဘုရားလောင်း မဟာဥုနသည် စည်းစိမ်ဥစ္စာများကို စွန့်ကြဲ လျှဒါန်းခဲ့သည်။ ညီခြောက်ယောက်၊ နှမငယ်၊ ခုဇ္ဇုတ္တရာ ဥပါသိကာလောင်းလျှာ၊ ကျွန်မိန်းမ တစ်ဦး၊ စိတ္တသူကြွယ်လောင်းလျှာ ကျွန်ယောကျ်ားတစ်ဦးနှင့် အဆွေခင်ပွန်းတစ်ဦး၊ စုစုပေါင်း တစ်ဆယ့်တစ်ယောက် တို့သည် ဟိမဝန္တာသို့ထွက်ကြကာ ကြာပဒုမအိုင်ကို မှီ၍ ကျောင်းဆောက်ပြီး ရသေ့ရဟန်းပြုကြပြီး တောသစ်မြစ် သစ်သီးဟူသော အစာတို့ဖြင့် အာဟာရမွေ့ခဲ့ကြသည်။

အကြီးဆုံးဖြစ်သူ ဘုရားလောင်းက သစ်သီးကြီးငယ်တို့ကို ဆောင်ယူ၍ ကျွန်လူတို့ကို လုပ်ကျွေးမည်ဟု ပြောသော် အားလုံးက လက်မခံဘဲ အစ်ကိုကြီး နှမငယ်နှင့် ကျွန်မိန်းမ တို့ကို အလွတ်ထား၍ ကျန်ရှစ်ယောက်တို့က နေ့စဉ်အလှည့်ကျ ရှာဖွေပြုစု လုပ်ကျွေးမည်ဟု ပြောခဲ့ကြသည်။ ရလာဓသော အစားအစာတို့ကို ကျောက်ဖျာပေါ်တွင် အစု တစ်ဆယ့်တစ်ခု ခွဲဝေစုပုံကာ မိမိဝေစုကိုယူပြီး စားကြသည်။ ပြီးလျှင် ရဟန်း၊ တရား ပွားများအားထုတ်ကြသည်။ နောင်တွင် ကြာစွယ်ကြာရင်းတို့သာ စားပြီး ထက်မြက်ပြင်းထန်သော အကျင့်ရှိခဲ့ကြသည်။

ထိုသူတို့၏ အကျင့် သီလကို သိကြားမင်း သိသော် ရသေ့တို့သည် ကာမဂုဏ်ကို နှလုံးသွင်းသလော၊ နှလုံးမသွင်းသလောဟု စုံစမ်းလိုသဖြင့် မဟာကဠာ၏ အဖို့အစုကို သုံးရက်တိုင် တန်ခိုးဖြင့် ကွယ်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားလောင်းက ပထမခန့်တွင် ဝေစုကို မတွေ့သော် မေ့လျော့၍ဟု ကြံ၏။ ဒုတိယနေ့တွင် မိမိ၌ အပြစ်တစ်စုံတစ်ခု တွေ့၍ ဖြစ်ရာ၏ဟု တွေး၏။ သုံးရက်မြောက်တွင်မူ မိမိ၏အပြစ်ကြောင့်ဖြစ်လျှင် ရသေ့တို့အား သည်းခံစေမည်ဟု ကြံပြီး ကျောက်စည်ထိုး၍ စုလိုက်သည်။

ဘုရားလောင်းက သူ၏ ဝေစုမရရှိကြောင်းကို ရှင်းပြခဲ့သည်။ ပထမနေ့၌ အလှည့်ကျသူက အစုကို ထားခဲ့ကြောင်း ပြောခဲ့သည်။ ထို့အတူ ကျန်နှစ်ဦးကလည်း ဘုရားလောင်းအတွက် အစုကြီးကိုပင် ထားခဲ့ကြောင်း ပြောကြသည်။ ထိုအခါ ဘုရားလောင်းက ထားပေးပါလျက် ဝေစုမရသဖြင့် မိမိတို့လူစုတွင် ဦးယူစားသောက်သူ ရှိမည်ဟုဆိုသော် အားလုံးက ထိတ်လန့်သွားကြသည်။

ကျောင်း၌ ရသေ့တို့အပြင် နှိပ်စက်ခံရသဖြင့် ပြေးလာသော ဆင်တစ်ကောင်၊ မြွေသမားလက်မှ လွတ်လာသော မျောက်တစ်ကောင်နှင့် ကျောင်းအနီး တောစိုးသစ်ပင်မှ ရှုကွစိုးနတ်တို့လည်း အတူနေနေခဲ့ကြသည်။ သိကြားမင်းက မထင်ရှားသော ကိုယ်ဖြင့် ရသေ့တို့ကို စောင့်ကြည့်နေခဲ့သည်။

ထို့နောက် အားလုံးသည် မိမိတို့အပြစ်ဝန်းကြောင်းကို ကျိန်ဆိုသစ္စာပြုကြမည်ဟု ဆုံးဖြတ်ကြကာ တစ်ဦးစီ ကျိန်ဆိုသစ္စာပြုကြသည်။ ကာမဂုဏ်အာရုံတို့နှင့် ဆက်စပ်ပတ်သက်၍ ခံစားစံစားကြရသည်ကို တကယ့် စက်ဆုပ်ကြောက်လန့်ဖွယ် ဘေးဆိုး ကျိန်စာအဖြစ်ထားကာ ဝေစုကို ခိုးစားမိပါက ကာမဂုဏ်ကျိန်စာဆိုးဒဏ် ခံရပါစေဟု သစ္စာပြုကြသည်။ နှမငယ် ဥပ္ပလဝဏ်ထေရီလောင်း၏ ကျိန်ဆိုပုံကိုလည်း သီခြားမဖော်ပြဘဲ အမျိုးသမီး နှစ်ဦး၏ သစ္စာပြုပုံကိုသာ ဖော်ပြထားပါသည်။

နောက်ဆုံး ဘုရားလောင်းရသေ့ကြီးကလည်း ကျိန်ဆိုပြခဲ့သည်။ ထိုပုဂ္ဂိုလ် (၁၄) ယောက်တို့၏ ကျိန်ဆိုသစ္စာပြုပုံကို ငါးရာငါးဆယ် ဇာတ်တော်ကြီးဝတ္ထု ဘိသဇာတ်တွင် အကျယ်တဝင့် ဖတ်ရှုလေ့လာ ကြည့်ညှိအားကျအတုယူနိုင်ပါသည်။

သိကြားမင်းသည်လည်း အံ့သြထိတ်လန့်သွားကာ မထင်ရှားသောကိုယ်ဖြင့်ပင် ဘုရားလောင်းကို ကာမဂုဏ်အား ကဲ့ရဲ့လျက် ကျိန်ဆိုရခြင်းကို မေးခဲ့သည်။ ဘုရားလောင်းက ကာမဂုဏ်၏ အပြစ်ကို နှစ်ဂါထာဖြင့် ရှင်းပြရာ သိကြားမင်းက ထိတ်လန့်စွာဖြင့် မိမိသည် ရသေ့တို့အား စုံစမ်းလိုသဖြင့် ကြာစွယ်ဝေစုကို ကွယ်ထားကြောင်း ပြောခဲ့သည်။ ဘုရားလောင်းက သိကြားမင်းအား ပြစ်တင်ရှုတ်ချသည်။

သိကြားမင်းက တောင်းပန်ရာ ရသေ့တို့က သည်းခံကြပြီး အားလုံး သံဃဏ္ဍင်းကာ ချမ်းသာစွာနေပြီး ကျင့်ကြံအားထုတ်ကာ စွာန်အဘိညာဉ်တို့ကို ဖြစ်စေပြီး ပြဟ္မာပြည်သို့ လားရောက်ကြကြောင်း ဆိုသည်။

●

ဒေဝဒတ်၏ ကြံစည်မှုဖြင့် နာဠာဂိရိဆင်နှင့် ဘုရားရှင်အား လုပ်ကြံရာတွင် အရှင်အာနန္ဒာက အသက်စွန့်၍ ကယ်ရန် ကြိုးစားသည်ကို အကြောင်းပြု၍ ဟေဋ္ဌတော်မူခဲ့သော ဝိသတိနိပါတ် ရောဟဏမိဂဇာတ်တွင် ဂေါတမဘုရားလောင်း အစ်ကိုဖြစ်သူ သမင်မင်းအား အသက်စွန့်၍ ကယ်ခဲ့သော နှမသမင်မ သုတနာအဖြစ် ဥပ္ပလဝဏ်ထေရီလောင်းကို တွေ့နိုင်ပါသည်။

လွန်လေပြီးသော ကာလတစ်ခု၌ ဟရာဏသီ၏ ပြည့်ရှင်မင်း ပြဟ္မဒတ်ဖြစ်သောအခါ ဂေါတမဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ မိအို၊ ဖအိုတို့ကို လုပ်ကျွေးပြုစုပြီး သမင်ရှစ်သောင်းအခြံအရံရှိသော ရောဟဏသမင်မင်း ဖြစ်ခဲ့သည်။ ရွှေရောင်အဆင်း ရှိသည်။ ညီစိတ္ထသမင်ကား အရှင်အာနန္ဒာ လောင်းတည်း။ နှမငယ် သုတနာသမင်မကား ဥပ္ပလဝဏ်ထေရီလောင်းတည်း။ အရှင်သာရိပုတ္တရာလောင်း ငြဟ္မဒတ်မင်း၏ မိဖုရားကြီး ခေမာကား ခေမာထေရီလောင်းလျာတည်း။

ခေမာမိဖုရားသည် အိပ်မက်ထဲတွင် ရွှေသမင်မင်း၏ တရားနာရသည်ကို မတင်းတိမ်နိုင်သဖြင့် သက်ရှိ ရွှေသမင်မင်းကို ဖမ်းပေးရန် လင်ဖြစ်သူကို နာဟန်ပြုပြီး ပူဆာခဲ့သည်။ လင်ဖြစ်သူကလည်း ရွှေသမင်ကို မြင်ဖူးသော ဖခင်မုဆိုးတစ်ဦး၏သားဖြစ်သူ အရှင်ဆန္ဒမထေရ်လောင်း မုဆိုးကို ဖမ်းစေခဲ့သည်။ မုဆိုးသည် ဘုရားလောင်း ရွှေသမင်ကို ကျော့ကွင်းထောင်၍ ဖမ်းခဲ့သည်။ ဘုရားလောင်း သမင်သည် ကျော့ကွင်းမိသော် ကြိတ်၍ ရုန်းကန်ကြည့်ရာ အရေအသားအကြောတို့ ပြတ်ကာ ကျော့သည်အရိုးတိုင် တည်ခဲ့သည်။

ငယ်သားအားလုံး အစာဝချိန် ရောက်မှ အော်လိုက်ရာ အားလုံး ထွက်ပြေးကြသည်။ အစ်ကိုဖြစ်သူကို မတွေ့သဖြင့် အရှင်အာနန္ဒာလောင်း စိတ္တသမင်သည် အစ်ကိုရှိရာ ပြန်လာရာ ဘုရားလောင်းက ပြန်ခိုင်းသော်လည်း အစ်ကိုဖြစ်သူနှင့်အတူ အသက်စွန့်မည်ဟုဆို၍ ဘုရားလောင်း၏ ဘေးတွင် မှီနေ၍ သက်သာရာရစေခဲ့သည်။ ဥပ္ပလဝဏ်ထေရီလောင်း သုတနာသမင်မသည် အစ်ကိုနှစ်ယောက်ကို မတွေ့သော် ပြန်လာရှာကာ ဘေးတွင်နေပေးခဲ့သည်။ ဘုရားလောင်းက ထွက်ပြေးခိုင်းသည်။

သို့သော် ဥပ္ပလဝဏ်လောင်း သုတနာသမင်မက မိမိသည် မောင်ဖြစ်သူကို မစွန့်နိုင်ကြောင်း၊ မောင်တော်အတွက် စိုးရိမ်ပူပန်ခြင်းဖြစ်ကြောင်း၊ ကျော့ကွင်းတွင်းမိနေသော မောင်တော်အား မစွန့်နိုင်ကြောင်း၊ မောင်တော်နှင့်အတူ အသက်စွန့်မည်ဖြစ်ကြောင်း ပြောကာ ဘုရားလောင်း၏ လက်ဝဲဘက်တွင် ရပ်ပေးကာ သက်သာရာ ရစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးသည် ကျောကွင်းရှိရာသို့ လာသော် စိတ္တသမင်က မပြေးသော်လည်း နှမငယ် သုတနာသည် ကြောက်စိတ်ဖြင့် ထွက်ပြေးမိတော့သည်။ သို့သော် ချက်ချင်းပင် မောင်နှစ်ဦးအား စွန့်ပြီး မထားနိုင်ဟု ဆင်ခြင်၍ ပြန်လာကာ ဘုရားလောင်း၏ဘေးတွင် ရပ်နေခဲ့သည်။

ဆန္ဒမထေရ်လောင်း မုဆိုးသည် ရွှေသမင် သုံးကောင်ကို မြင်မိစဉ်ပင် ချစ်ခင်စိတ်ဝင်ခဲ့သည်။ အကြောင်းကို မေး၍ မောင်နှမသုံးဦး၏ မေတ္တာသံယောဇဉ်ကြီးကြပုံကို သိသော် နူးညံ့သောစိတ် ဖြစ်ခဲ့သည်။ ထိုအချိန်တွင် အရှင်အာနန္ဒာလောင်း ညီသမင်စိတ္တက ဘုရားလောင်းသည် မိဘအိုတို့ကို လုပ်ကျွေးသူ ဖြစ်ကြောင်း၊ အကျင့်သီလနှင့် ပြည့်စုံသူဖြစ်ကြောင်း၊ ထို့ကြောင့် ဘုရားလောင်းကို သတ်လျှင် ငါအသက်ကို သတ်သည်နှင့်တူကြောင်း လွှတ်ပေးရန် ပြောခဲ့သည်။ မုဆိုးသည် ပို၍ ချစ်ခင်ကြည်ညိုကာ လွှတ်ပေးမည်ဟု ပြောခဲ့သည်။ ဘုရားလောင်း သမင်အား လည်း အနာကို ပြုစုပေးရာ မုဆိုး၏ မေတ္တာအာနုဘော်၊ ဘုရားလောင်း၏ ပါရမီအာနုဘော်တို့ကြောင့် ဒဏ်ရာသည် လုံးဝပျောက်သွားခဲ့သည်။ မိမိကို ဖမ်းရခြင်း အကြောင်းကို သိသော် ဘုရားလောင်းက မုဆိုးအား ပြုနိုင်ခဲသော အမှုပြုပေသည်ဟုဆို၍ မိမိကို မင်းထံ ခေါ်သွားစေသည်။

သို့သော် မုဆိုးက မင်းတို့ကို မယုံရသဖြင့် ချမ်းသာရာသို့သွားရန် လွှတ်ပေးခဲ့သည်။ ထိုအခါ ဘုရားလောင်းသည် မုဆိုး၏အကျိုးငှာ မိမိ၏ ရွှေရောင်သမင်မွေးတို့ကို ပေး၍ မင်းနှင့် မိဖုရားတို့ကို ဟောပြရန် ဓမ္မစရိယဆယ်ဂါထာကို သင်ပေးပြီး ငါးပါးသီလ၌ မြဲစေ၍ မမေ့မလျော့ စောင့်ရှောက်ရန် ပြောခဲ့သည်။

မုဆိုးသည် မင်းနှင့် မိဖုရားတို့အား ရွှေသမင်မွေးတို့ကိုပြ၍ ဘုရားလောင်း သင်ပေးသော ဂါထာတို့ကို ဟောပြရာ မိဖုရားချင်ခြင်းပြေခဲ့သည်။

ဆန္ဒမထေရ်လောင်းမုဆိုးသည် ဆုလာဘ်တို့ကို ဇနီးသားသမီးထံ ပေးခဲ့ပြီး ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြုပြီး သမာပတ်ရှစ်ပါးကို ဖြစ်စေ၍ စုတေသော် ပြဟ္မာပြည်သို့လားခဲ့သည်။ မင်းလည်း ဘုရားလောင်း၏အဆုံးအမ၌ တည်၍ နတ်ပြည်သို့ လားရ၏။ ဘုရားလောင်း ရွှေသမင်၏ အဆုံးအမ ဩဝါဒသည် အနှစ်တစ်ထောင်ပတ်လုံး တည်ခဲ့သည်။

●

ဥပ္ပလဝဏ်ထေရီ လေခင်းလျာကို ဂေါတမဘုရားလောင်း အလိန သတ္တမြင်းသား၏ နှမငယ်မင်းသမီး အဖြစ် တိုသနိပါတ် ဇယဒိသဇာတ်တွင် တွေ့ရပါသည်။ မိဘကို လုပ်ကျွေးပြုစုသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဂေါတမဘုရားရှင်ဟောကြားခဲ့သော ဘဝဖြစ်စဉ်ဖြစ်သည်။

ရှေးလွန်လေပြီးသော အခါ၌ ကပိလတိုင်း ဥတ္တရာဟပ္ပာလမြို့၌ ပဉ္စာလမင်း အုပ်ချုပ်သည်။ ထိုမင်း၏မိဖုရားကြီး သားတော်မွေးဖွားစဉ် မိဖုရားကြီး၏ ရှေးယခင်ဘဝတိုက်ဆိုင်ရာ ရန်ငြိုးရှိခဲ့ဖူးသည့် မိန်းမဆိုးသည် ဘီလူးမ ဖြစ်ကာ သားကို လာစားခဲ့သည်။ ဒုတိယသားမွေးပြန်သော် ထပ်လာစားပြန်သည်။ တတိယသားတော်မွေးသော် အစောင့်အရှောက် တင်းကျပ်သဖြင့် မစားရဘဲ ကလေးကို လုပြီး ထွက်ပြေးခဲ့ရသည်။

လမ်းတွင် ကလေးငယ်သည် မိခင်အမှတ်ဖြင့် ဘီလူးမ၏နို့ကို စို့ရာ ဘီလူးမသည် သားဟူသော ချစ်ခြင်းဖြစ်ကာ မစားတော့ဘဲ ကျွေးမွေးစောင့်ရှောက်ခဲ့ရာ လူသားဘီလူးတစ်ဦးအဖြစ် ကြီးပြင်းလာခဲ့သည်။

ပထမတွင် ဘီလူး ဆေးမြစ်ကြောင့် ကိုယ်ပျောက်နိုင်သော်လည်း နောက် ဆေးမြစ်ပျောက်သဖြင့် ကိုယ်မဖျောက်တော့ဘဲ ဘီလူးအသွင်ဖြင့် လူသားစားရင်း ပေါရိသာဒဘီလူး ဟု ထင်ရှားလာသည်။ လူတို့က ဝိုင်းဖမ်းသဖြင့် ထွက်ပြေးရပြီး မဟာဝန္နနိတော အုပ်တွင် နေကာ လာသူကို သတ်စားသည်။ သူကား အင်္ဂုလိမာလထေရ်လောင်းတည်း။ စတုတ္ထမြောက် မွေးဖွားလာသော ဇယဒိသမင်းသားကား သူ၏ ညီတည်း။ ခမည်းတော် သုဒ္ဓေါဒနမင်းလောင်းလျာတည်း။

ပဉ္စာလမင်း နတ်ရွာစံ၍ ဇယဒိသမင်း အုပ်စိုးခဲ့သည်။ တစ်နေ့တွင် သမင်ဖမ်းရန် မြို့အထွက်၌ တက္ကသိုလ်ပြည်မှ မိဘကို လုပ်ကျွေးသော နန္ဒပုဏ္ဏားနှင့်တွေ့၍ တစ်ဂါထာလျှင် တစ်ရာထိုက်သော သတာရဟ လေးဂါထာကို အပြန်တွင် နာကြားမည်ဟု ဆိုခဲ့ပြီး သမင်ဖမ်းထွက်ရာ တော်တွင်း အထိလိုက်မှ သမင်ကို မိသဖြင့် သတ်၍ ပေါရိသာဒရှိရာ ပညောင်ပင်အနီးတွင် နားနေစဉ် ပေါရိသာဒ၏ အဖမ်းခံရသည်။

ဇယဒိသမင်းက တောင်းပန်၍ နန္ဒပုဏ္ဏားထံမှ တရားနာခွင့်ပြုရန်နှင့် တရားနာပြီးလျှင် လာ၍ အစားခံပါမည်ဟု ပြောခဲ့သည်။ မင်း၏ကတိစကားကို ယုံ၍ ပြန်စေခဲ့သည်။ မင်းသည် နန္ဒပုဏ္ဏားထံမှ တရားနာယူပြီး သားတော် ဘုရားလောင်း အလိနသတ္တမြင်းသားကို အကြောင်းစုံပြောပြ၍ မိမိကတိရှိသည့် အတိုင်း ဘီလူးထံ အစားခံသွားရမည်ဖြစ်၍ နန်းအပ်သည်။

မင်းသားက ငြင်းပြီး ဖခင်အစား မိမိအစားခံရန် သွားမည်ဟု ဆိုခဲ့သည်။ မင်းက ခွင့်မပြုလိုသော်လည်း ဘုရားလောင်း သားတော်က မဆုတ်မနစ် တောင်းဆိုနေသဖြင့် ခွင့်ပြုလိုက်ရလေသည်။

အလိနသတ္တမြင်းသား ဘီလူးအစားခံရန် သွားသော် ဖခင် ဇယဒိသမင်း၊ မယ်တော် မာယာဒေဝီလောင်းလျာ၊ မိဖုရားကြီး ယသော်ရာလောင်း၊ အလိနသတ္တမြင်းသား၏ ကြင်ရာတော်

www.burmeseclassic.com

www.burmeseclassic.com

တို့သည် မင်းသား၏ အသက်ရှင်ရေး အတွက် အသီးသီးငိုကြွေးကာ သစ္စာပြု ဆုတောင်းခဲ့ကြသည်။

ဤတွင် ဥပ္ပလဝဏ်ထေရီလောင်း နှမငယ် မင်းသမီးသည် မောင်တော် အတွက် ဤသို့သစ္စာပြုကာ ဆုတောင်း ခဲ့သည်။

"အာဝီရဟောဝါပိ မနောပဒေါ သံ၊ နာဟံသရေ ဇာတုမလိနသတ္တော။

ဒုတေန သစ္စေန သရန္တုဒေဝါ၊ အနုညာတော သောတ္ထိ မုဉ္စေ ဟိ ဘာတု"

"စင်စစ်သဖြင့် ငါ့မောင်တော် အလီနသတ္တုမင်းသား၌ ငါသည် မျက် မှောက်၌ လည်းကောင်း၊ မျက်ကွယ်၌ လည်းကောင်း၊ စိတ်ဖြင့်ပြစ်မှားခြင်းကို လည်း မအောက်မေ့၊ မောင်ကြီး ဥပရာဇာ ဤသစ္စာစကားကြောင့် နတ်တို့ သည် အောက်မေ့စေကုန်သတည်း။ ပေါရိသာဒသည် ခွင့်ပြုအပ်သည်ဖြစ်၍ ချမ်းသာစွာ ငါ့မောင်ကြီးသည် လွတ်ပါစေသတည်း"

ပေါရိသာဒထံသို့ ရောက်သော် မကြောက်မရွံ့ဘဲ ဖခင်၏ ကတိတည်ရန် အစားခံရန် လာကြောင်းပြောပြီး ဘီလူး ကို စားစေသည်။ သေခြင်းကိုမကြောက် ဘဲ ရဲရင့်သော ဘုရားလောင်း အာနုဘော် ဘုန်းရှိန်ကြောင့် နောက်ဆုံး ပေါရိသာဒသည် ဘုရားလောင်းကို လွှတ်ပေးခဲ့သည်။

ဘုရားလောင်းသည် ပေါရိသာဒ အား သေချာစွာ ကြည့်ရှုရာ ဘီလူး အစစ်မဟုတ်၊ လူသားတည်း၊ မိမိ ယခင် က ကြားဖူးသော အုက္ကောင်းအရ မိမိ ၏ ဘဲကြီးတော်ဖြစ်ကြောင်း ဆုံးဖြတ် ခဲ့နိုင်သည်။ ပေါရိသာဒအား ပြောခဲ့ရာ မယုံသဖြင့် အရှင်သာရိပုတ္တရာလောင်း ဒီဗွစက္ခုရသေ့ထံ ခေါ်သွားခဲ့မှ ယုံခဲ့ပြီး ပေါရိသာဒသည် ရသေ့ထံတွင် ရဟန်း ပြုခဲ့သည်။

အလီနသတ္တုမင်းသား ပြည် တော် ပြန်ရောက်သော် အားလုံးဝမ်းသာ ကြပြီး ဇယဒိသမင်းသည် နောင်တော်ထံ သွား၍ ပင့်ခေါ်ကာ နန်းအပ်ခဲ့သည်။ ပေါရိသာဒက ငြင်းခဲ့သည်။ ထို့ကြောင့် ရသေ့၏ နေရာအနီးတွင် ရွာတည် ပေးကာ စူဠဇာမွာသဒ္ဓမ္မနိဂုံးဟုတွင်ကာ ရသေ့တို့အား ဆွမ်းဝတ်ကို ဖြစ်စေခဲ့ သည်။

●

သီလဆောက်တည်မှုအကြောင်း ပြု၍ ရှေးပညာရှိသူတော်ကောင်းတို့ သည် အသက်နှင့်ရင်းကာ သီလကို စောင့်ထိန်းခဲ့ကြောင်း ဘုရားရှင် ဟော တော်မူခဲ့သည့် မဟာနိပါတ်လာ ဘူရိ ဒတ်ဇာတ်တော်တွင် ဂေါတမဘုရား လောင်း ဘူရိဒတ်နဂါးမင်း၏ မိထွေး တော်၏သမီး၊ နှမတော်အဇမုခီနဂါး မင်းသမီးအဖြစ် ဥပ္ပလဝဏ်ထေရီ လောင်းလျာကို တွေ့နိုင်ပါသည်။

သုဒ္ဓါဒနမင်း လောင်းလျာ ဓတရဋ္ဌနဂါးမင်းနှင့် မဟာမာယာဒေဝီ လောင်းလျာ နဂါးမိဖုရားဖြစ်ခဲ့ရသူ လူ သားမင်းသမီး သမုဒ္ဒဇာ မိဖုရားတို့မှ ဖွားမြင်လာသော ဘူရိဒတ်နဂါးမင်း သည် ဂေါတမဘုရားလောင်းတည်း။

ဥပုသ်သီလကို ဆောက်တည် ခဲ့ပြီး သီလပါရမီ ဖြည့်ကျင့်ရာတွင် ဝိုင်း ထိရောက်ကာ အကျိုးရှိရန် အသက် အန္တရာယ်နှင့်နီးသော လူပြည်သို့လာ ကာ ဥပုသ်ဆောက်တည်လေ့ရှိသည်။

တစ်နေ့တွင် ဒေဝဒတ်လောင်း လျာ နေသာဒမုဆိုး ပုဏ္ဏား၏ ဖမ်းဆီး ခြင်းကို ခံခဲ့ရကာ အမျိုးမျိုး နှိပ်စက် ညှဉ်းပန်းလျက် အလမ္ဘာယ် ပြစားခဲ့ သည်။ ဘုရားလောင်း ဘူရိဒတ်နဂါး မင်းသည် သီလကျိုးပြတ်မည် စိုး၍ သည်းခံ လိုက်လျောခဲ့သည်။ ထိုစဉ် နဂါးပြည်၌ ဘုရားလောင်း အန္တရာယ် ကြုံသော နိမိတ်ကို တွေ့ကြရသဖြင့် ညီတော်၊ အစ်ကိုတော် မိသားစုတို့က လူပြည်သို့ လာကြကာ ဖြန့်၍ လိုက်ရှာ ကြသည်။ နောင်တော် အရှင်သာရိ ပုတ္တရာလောင်းလျာ သုဒဿနနဂါးနှင့် ဥပ္ပလဝဏ်ထေရီလောင်း မိထွေးတော် သမီး နဂါးမင်းသမီး အဇမုခီတို့သည် ဘုရားလောင်းအား အလမ္ဘာယ်ပြခိုင်း နေသော နေရာသို့ တွေ့ရှိပြီး ရောက် လာခဲ့ကြသည်။

သို့ဖြင့် နေသာဒပုဏ္ဏားနှင့် ယှဉ် ပြိုင်တိုက်ခိုက်ခဲ့ရသည်။ နောင်တော် သုဒဿန၏ လက်ဝါးပြင်ထက်တွင် ဖားပြုပ် အဆိပ်ပြင်းကောင်အဖြစ် အသွင်ယူကာ ဥပ္ပလဝဏ်လောင်း အဇ မုခီနဂါးမင်းသမီးသည် အဆိပ်ရည်ဖြင့် နေသာဒပုဏ္ဏားကို တိုက်ခိုက်အနိုင်ယူ ခဲ့ကာ နေသာဒပုဏ္ဏား ထွက်ပြေးခဲ့ရ သည်။ မောင်တော် ဘူရိဒတ်နဂါးမင်းကို ကယ်ဆယ်နိုင်ခဲ့သည်။

●

ဘဝအဆက်ဆက်၌ ဒေဝဒတ် လောင်းသည် ဘုရားလောင်းအား လုပ် ကြံသတ်ဖြတ်ခဲ့သည်ကို အလျဉ်းသင့်က ထုတ်ဖော်ဟောကြားခဲ့သည့် ဇာတ်တော် တို့မှ မဟာနိပါတ်လာ စန္ဒကုမာရဇာတ် တွင် ဥပ္ပလဝဏ်ထေရီလောင်းလျာသည် ဘုရားလောင်း စန္ဒကုမာရမင်းသား၏ နှမတော်သေလာမင်းသမီးအဖြစ် ပါဝင် ခဲ့ပေသည်။ သို့သော် ထူးခြားစွာ ဖြုံမှုံ ခြင်း မရှိခဲ့ပါ။

ဒေဝဒတ်လောင်း ခဏ္ဍဟာလ ပုဏ္ဏား၏ ရန်ငြိုးဖွဲ့ခြင်းခံရပြီး ယဇ် ပူဇော်၍ ဘုရားလောင်း၏ မယ်တော်၊ မိဖုရားများ၊ မှူးမတ်ပြည်သူများက ငို ကြွေးမြည်တမ်းကာ မင်းအား မင်းသား ကို မသတ်ရန် တောင်းပန်ခဲ့ကြသည်။ မင်းသည် တောင်းပန်ကြသဖြင့် စိတ် ယိုင်ပြီး မင်းသားကို ပြန်လွှတ်ပေးခဲ့ သည်။ တစ်ဖန် ပုဏ္ဏားက သွေးထိုး လိုက်ပြန်လျှင် ပြန်ဖမ်းပြန်သည်။

အရှင်ရာဟုလာလောင်း သား တော် ဝသုလမင်းသားငယ်သည် အဘိုး ၏ လည်ကိုဖက်၍ ဖခင်အတွက် ငိုယို တောင်းပန်ခဲ့သည်။ ဧကရာဇ်မင်းက ပြန်လွှတ်စေခဲ့ပြန်သည်။ ပုဏ္ဏားကြောင့် ပြန်ဖမ်း၍ ယဇ်တွင်းသို့ ခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဥပ္ပလဝဏ်လောင်း နှမငယ် သေလာမင်းသမီး၊ မင်းသား၏ ကြင်ရာ ယသော်ခရာလောင်း စန္ဒာဒေဝီတို့က လည်း အမျိုးမျိုး ဝိုင်းကြွေးတောင်းပန် သော်လည်း ခရခဲ့ချေ။ နောက်ဆုံး စန္ဒာ ဒေဝီသည် သစ္စာဆို၍ နတ်တို့အား တိုင် တည်ခဲ့သည်။ ထိုအခါ သိကြားမင်း ရောက်လာကာ ကယ်တင်ခဲ့သဖြင့် ဘုရားလောင်းက တောင်းပန်သဖြင့် ဒွန်းစကွားအဖြစ် ပြည်မှ နှင်ထုတ်ခဲ့ သည်။ ခဏ္ဍဟာလပုဏ္ဏားသည် ပြည်သူ တို့၏ ဝိုင်းဝန်းပုတ်ခတ်မှုကြောင့် သေခဲ့ သည်။ ဤဇာတ်ဖြစ်စဉ်မှာ ဟရာဇာသီ ပြည်သည် ပုပ္ပဝတီပြည်ဟုတွင်သည့် ရှေးကာလအခါက ဖြစ်ခဲ့သည်။

●

ဇေတဝန် ကျောင်းတော်ဝယ် ဂေါတမဘုရားရှင် စံနေခိုက် ရောက် လာသော ကောသလမင်းအား တရား ဟောတော်မူခဲ့သော စတ္တာ လီသနိပါတ် တေသကုဏဇာတ်တွင် အရှင်အာနန္ဒာလောင်း ဟရာဇာသီ ပြည့်ရှင် ဗြဟ္မဒတ်မင်းက သမီးတော် အဖြစ် မွေးစားခဲ့သော ကုဏ္ဍလိနီ အမည်ရှိ ဆက်ရက်မ ဖြစ်ခဲ့သည်။ သား တော်အဖြစ် မွေးစားခဲ့သည့် အရှင်သာရိ မူတ္တရာလောင်း ဝေဿန္တရာအမည်ရှိ ခင်ပုပ်ဌက်နှင့် ဂေါတမဘုရားလောင်း ဇမ္ဗုကကျေးသားတို့၏ နှမအဖြစ် တွေ့ နိုင်ပါသည်။

ရှေးကာလတစ်ခုဌ ဟရာဇာသီ ပြည့်ရှင် အရှင်အာနန္ဒာလောင်း ဗြဟ္မ ဒတ်မင်းတွင် သားသမီး မထွန်းကားခဲ့ ချေ။ တစ်နေ့တွင် မင်းဥယျာဉ်ရှိ အင် ကြင်းပင်ထက်ရှိ ဌက်သိုက်မှ ခဝ်ပုပ်ဉ၊ ဆက်ရက်ဥနှင့် ကျေးဥတို့ကို ရရှိခဲ့ရာ ကောင်းစွာ စောင့်ရှောက်ခဲ့သည်။

ထိုဌက်ဥတို့မှ ပေါက်လာသော အရှင်သာရိမူတ္တရာလောင်း ဝေဿန္တရာ ခင်ပုပ်ဌက်၊ ဥပ္ပလဝဏ်လောင်း ကုဏ္ဍ လိနီ ဆက်ရက်မနှင့် ဂေါတမဘုရား လောင်း ဇမ္ဗုကကျေးသားတို့ကို ဗြဟ္မ ဒတ်မင်းသည် သားသမီးများအဖြစ် မွေး ခဲ့သည်။ မင်းသား၊ မင်းသမီး အဆောင် အယောင်ပေးကာ သားတော်၊ သမီး တော်ဟုပင်ခေါ်ကာ ချစ်မြတ်နိုးခဲ့သည်။ ထို့ကြောင့် မှူးမတ်တို့က မင်းကို ပြက် ရယ်ကျီစယ်ကြသည်။ ဗြဟ္မဒတ်မင်းက မိမိ၏ ဌက်သုံးကောင်သည် မည်မျှထိ ပညာဉာဏ်နှင့်ပြည့်စုံကြောင်းကို အများ သိအောင် ကြံဆောင်ပြသခဲ့သည်။

ရှေးဦးစွာ နန်းရင်ပြင်တွင် မဏ္ဍပ် ပြုပြီး အရှင်သာရိပုတ္တရာလောင်းလျာ ဝေဿန္တရာ ခင်ပုပ်ဌက်ကိုခေါ်ကာ လူ အများရှေ့တွင် မင်းတို့ ကျင့်အပ်သော တရားကို ဟောစေခဲ့သည်။ ခင်ပုပ်ဌက် သည် တစ်ဆယ့်တစ်ဂါထာဖြင့် မင်းကျင့် တရားကို ဟောသော် မှူးမတ်ပြည်သူတို့ နှစ်သက်အံ့ဩခြီးကျူးခဲ့ကြသည်။ မင်း သည် ခင်ပုပ်ဌက်အား စစ်ပိုလ်ချုပ်ကြီး အရာပေးကာ မင်း၏အမှုကြီးငယ်ကို စီရင်စေခဲ့သည်။

ထို့နောက် ခုနစ်ရက်အကြာတွင် ကုဏ္ဍလိနီဆက်ရက်မ (ဥပ္ပလဝဏ်ထေရီ လောင်း)ကိုလည်း ထို့အတူ အလုံးစုံ သော မင်းကျင့်တရားကို ဟောစေခဲ့ပြန် သည်။ ဥပ္ပလဝဏ်ထေရီလောင်း ကုဏ္ဍ လိနီဆက်ရက်မသည် တစ်ဆယ့်တစ် ဂါထာဖြင့် ဤသို့ ဟောကြားခဲ့ပါသည်။ ဖတ်ရှု ကြည်ညိုကြည့်ကြပါစို့။

၁။ 'ဒွေဝ ဘာတ ပါဒကာနိ၊
ယတ္ထ သဗ္ဗံ ပတိဋ္ဌိတံ။
အလဒ္ဓသ့စ ယော လာဘော၊
လဒ္ဓသ အနုရက္ခဏာ။'

'ခမည်းတော်- မရသေးသော စည်းစိမ်ကို အကြင်ရအောင်, ပြုခြင်း သည် လည်းကောင်း၊ ရပြီးသော စည်း စိမ်ကို အကြင်စောင့်ရှောက်ခြင်းသည် လည်းကောင်း၊ ဤသို့ မင်းတို့ကျင့်ရာ သော အကြောင်းတို့သည် နှစ်ပါးတို့ သည်ဆာတည်း၊ အကြင်နှစ်ပါးသော အကြောင်း၌ အလုံးစုံသောအကျိုးသည် တည်၏။

ထိုနှစ်ပါးသော အကြောင်း၌ ခမည်းတော်မင်းမြတ်သည် တည်တော် မူလော့'

၂။ 'အမစ္စေ တာတ ဇာနာဟိ၊
စိရေ အတ္ထဿ ကောဝိဒေ။
အနက္ခာ ကိတဝေ တာတ၊
အသောဇ္ဇေ အဝိနာသကေ။'

'မင်းမြတ်- တည်ကြည်ကုန်သော ဘဏ္ဍာစိုးအစရှိသော သူတို့သည် ပြုအပ်သော အမှုအရေး၌ လိမ္မာကုန် သောအမတ်တို့ကို စုံစမ်းတော်မူလော့၊ ကြွေလောင်းအန်ခတ် လှည့်ပတ်စဉ်းလဲ ခြင်းကင်းကုန်သော၊ မုန်း၊ သုရာ၊ နှံ့သံ ပန်းတို့ကို စားသောက်လိမ်းကျံ ဆင်ပန် ကြူးခြင်း ကင်းကုန်သော၊ မင်း၏ ဥစ္စာ ဘဏ္ဍာတို့ကို မဖျက်ဆီးတတ်ကုန်သော အမတ်တို့ကို စူးစမ်းတော်မူလော့'

၃။ 'ယောစတံ တာတ ရက္ခေယျ၊
ဓနံ ယဉ္ဇော တေသိယာ။
သုတောဝ ရတ္တံ သဲဂဏ္ဌေ၊
သော တေ ကိစ္စာနိကာရယေ။'

'ခမည်းတော်- ရထားထိန်းသည် မိမိနှင့်သော'ရထားကို မညီညွတ်သော ခရီးသို့မရောက်စေရအောင် မစောင့် ရှောက်သကဲ့သို့ သင်မင်းမြတ်၏ နန်း တော်၌ အကြင်ဘဏ္ဍာတော်သည်လျှင် ရှိသည် ဖြစ်ရာ၏။ ထိုဘဏ္ဍာတော်ကို အကြင်အမတ်သည်လျှင် စောင့်ရှောက် ရာ၏၊ ထိုသဘောရှိသောသူကို ချီး မြှောက်တော်မူ၍ ဘဏ္ဍာစိုး စသော အရာတို့ကို ခန့်ထားတော်မူလော့'

၄။ 'သုသံဂါဟိ တန္တရနော၊
သယံ ဝိတ္တံ အဝေက္ခိယ။
နိဓိဉ္စ ဂ္ဂဏ ဒါနဉ္စ၊
နကရေ ပရပတ္တိယာ၊'

'မင်းမြတ်- ကိုယ်တော်၏ အထံ တော်၌ မြဲစွဲစေပါသောသူကို ပေးကမ်း ခြင်း အစရှိသည်ဖြင့် ကောင်းစွာချီးမြှင့် တော်မူ၍ ကိုယ်တော်တိုင် ဥစ္စာကို ရှု တော်မူ၍ ဥစ္စာမြှုပ်ထားတော်မူခြင်းကို လည်းကောင်း၊ ကြွေးမြီချပေးတော်မူ ခြင်းကိုလည်းကောင်း ကိုယ်တော်နှင့်

www.burmeseclassic.com

www.burmeseclassic.com

မြင်သာလျှင် ပြုတော်မူလော့၊ သူ့ကို ယုံကြည်သဖြင့် ပြုတော်မမူလင့်'

၅။ 'သယံ အာယံ ဝယံ ဇညာ၊
သယံ ဇညာ ကတာကတံ။
နိဂ္ဂဏှော နိဂ္ဂဏှာ ရဟံ၊
ပဂ္ဂဏှော ပဂ္ဂဏှာ ရဟံ။'

'မင်းမြတ်- ဆက်သင်ရောက်လာသော အခွန်အတုတ်ကို လည်းကောင်း၊ ပေးရသမျှသော မျိုးရိက္ခာကို လည်းကောင်း ကိုယ်တော်တိုင် သိတော်မူရာ၏၊ ကျေးဇူးပြုဖူး၊ မပြုဖူးသောသူကိုလည်း ကိုယ်တော်တိုင် သိတော်မူရာ၏၊ နှိပ်ကွပ်ထိုက်သောသူကို နှိပ်ကွပ်ရာ၏၊ ချီးမြှောက်ထိုက်သော သူကို ချီးမြှောက်ရာ၏'

၆။ 'သယံ ဇာနပုဗ္ဗံ အတ္တာ၊
အနုသာသ ရထေသဘာ။
မာတေ အမိုက်ကာ ယုတ္တာ၊
ဓနံ ရဋ္ဌဉ္စ နာသယုံ။'

'ခမည်းတော်- ဇနပုဗ္ဗသူတို့၏ စီရင်ဖွယ်အရေးကို ကိုယ်တော်တိုင် စီရင်တော်မူလော့၊ မတရားသော အမှုဌာန ယှဉ်တတ်ကုန်သော၊ တရားသူကြီးတို့သည် သင်မင်းမြတ်၏ ဥစ္စာကို လည်းကောင်း၊ တိုင်းနိုင်ငံသူတို့ကို လည်းကောင်း မဖျက်ဆီးစေကုန်လင့်'

၇။ 'မာစ ဝေဂေန ကိစ္စာနိ၊
ကရောသိ ကာရယေ သိဝါ။
ဝေဂတာ ဟိကတံ ကမ္မံ၊
မန္ဒော ပစ္ဆာနု တပ္ပတိ။'

'အကြင်ကြောင့် မလိမ္မာသော သူသည် မဆင်မခြင် အဆောတလျင် ပြုမိသောအမှုကို စွဲ၍ နောက်ကာလ၌ ပူပန်ဆင်းရဲရ၏။ ထို့ကြောင့် ခမည်းတော်သည် မဆင်မခြင်အဆောတလျင် အမှုတို့ကို ပြုတော်မမူလင့်၊ ဆင်ဆင်ခြင်ခြင် ဖြည်းဖြည်းညင်းညင်း ပြုတော်မူလော့'

၈။ 'မာတေ အဓိသရေ မုဉ္စ၊
သုဇာဥ မဓိကောပိတံ။
ကောဓသာဟိ ဗဟူ ဖီတာ၊
ကုလာ အကုလတံ ဂတာ။'

'မင်းမြတ်- အမျက်ထွက်ခြင်းကြောင့် ပွဉ့်လင်းစွာကုန်သော၊ များစွာများစွာကုန်သော မင်းမျိုးတို့သည် ကြီးစွာသော ပျက်စီးခြင်းသို့ အကြောင်းကြောင့် ရောက်ကုန်၏။ ထို့ကြောင့် ကောင်းမှုကိုလွန်၍ ဖြစ်သော၊ သူတစ်ပါးတို့၏ မကောင်းမှုဌာန သင်ခမည်းထော်၏ စိတ်တော်သည် အလွန်ပြင်းစွာ အမျက်ကို ဖြစ်စေ၍ လွှတ်တော်မမူလင့်'

၉။ 'မာတာတ ဣသာရော မိုတိ၊
အနတ္ထာယ ပတာရယိ။
ဣတ္ထိနံ ပုရသာနဉ္စ၊
မာတေ အသိ ဒုခုဒ္ဒြယော။'

'ခမည်းတော်သည် ငါ အစိုးရသော မင်းမြတ်တကားဟူ၍ တိုင်းနိုင်ငံသားလူများအပေါင်းကို အကျိုးမရှိသော အကျင့်ကို ကျင့်စိမ့်သောငှာ ပြုတော်မမူလင့်၊ ခမည်းတော်၏ နိုင်ငံတော်၌- မိန်းမတို့အားလည်းကောင်း၊ ယောကျ်ားတို့အားလည်းကောင်း ဆင်းရဲခြင်း၏ အဖြစ်သည် မဖြစ်စေလင့်'

၁၀။ 'အပေတ လောမ ဟံသသာ၊
ရညော ကာမာ နုသာဓိနော။
သဗ္ဗေ ဘောဂါ ဝိနသ္သန္တိ၊
ရညောတံ ပုစ္ဆတေ အယံ။'

'မင်းမြတ်- သံသရာ ပစ္ဆိပ္ပန် နှစ်တန်သောဘေးမှ ကြောက်ခြင်းကင်းထသော၊ မိမိအလိုသို့သာ လိုက်လေ့ရှိသော မင်း၏ ခပ်သိမ်းကုန်သော စည်းစိမ်တို့သည် ပျက်စီးကုန်၏။ ထိုစည်းစိမ်ပျက်စီးခြင်းကို မင်း၏ ဆင်းရဲဟူ၍ ဆိုအပ်၏'

၁၁။ 'တတ္ထေ ဝေတေ ဝတ္တာပဒါ၊
ဧသာဝ အနုသာသနီ။
ဒက္ခသုဒါနိ ပုညကရော၊
အသောက္ကော အဝိနာသကော။
သီလဝါဿ မဟာရာဇ၊
ဒုဿီလော ဝိနိပါတိကော။'

'ခမည်းတော်၏ 'ကိံ သု ကိစ္စံ ကတံ ဝရံ' ဟူသော ပြဿနာဌာန်သာလျှင် အကျွန်ုပ်သည် ဖြေဆိုအပ်ကုန်သော် ထို 'ဒွေဝတာတ ပဒါကာနိ...'

အစရှိသည်တို့သည် မင်းကျင့်တရားအစုတို့တည်း။ ဤမင်းကျင့်တရားအစုဌာန ခမည်းတော်သည် ကျင့်တော်မူလော့၊ ဤစကားသည်သာလျှင် ခမည်းတော်အား အကျွန်ုပ်တို့သည် ပေးအပ်သော အဆုံးအမတည်း။

ခမည်းတော်သည် ဤအဆုံးအမကို နာတော်မူ၍ ယခုအခါ၌ မယုံးမရှိသည် ကောင်းမှုကို ပြုတတ်သည်၊ သုရာသောက်ကြူးခြင်း အစရှိသည်မှ ကင်းသည်၊ ပစ္စုပ္ပန်သံသရာ အကျိုးစီးပွားကိုမဖျက်ဆီးတတ်သည် ဖြစ်တော်မူလော့၊ ခမည်းတော်သည် အကျင့်သီလနှင့် ပြည့်စုံသည် ဖြစ်တော်မူလော့၊ သီလမရှိသောသူသည် ငရဲသို့ ကျသည်မည်၏'

မင်းက နှစ်သက်၍ ကုဏ္ဍလိနီဆက်ရက်မ (ဥပ္ပလဝဏ်ထေရီလောင်း) အား ဘဏ္ဍာစိုးအရာ ပေးခဲ့သည်။ ထိုအခါမှစ၍ ဥပ္ပလဝဏ်ထေရီလောင်း ဆက်ရက်မသည် ဘဏ္ဍာစိုးအရာ၌ တည်လျက် မင်း၏အမှုကို စီရင်ခဲ့သည်။

တစ်ဖန် နောက်ခုနစ်ရက်မြောက်တွင် ဘုရားလောင်း ဇမ္ဗုကကျေးသားကိုလည်း အထက်ပါအတိုင်း မေးခဲ့ပြန်သည်။ ဘုရားလောင်းကျေးသားသည် အားတို့တွင် မြတ်သောအားကို လည်းကောင်း၊ မင်းကျင့်တရားကို လည်းကောင်း တစ်ဆယ့်နှစ်ဂါထာဖြင့် ဟောတော်မူခဲ့သည်။ နောက်ထပ်တစ်ဖန် ဆယ်ဂါထာဖြင့် မင်းကို အဆုံးအမပေးခဲ့သည်။

မင်းနှင့် ပြည်သူတို့က နှစ်ထောင်းအား၍ ချီးကျူးခဲ့ကြသည်။ ဇမ္ဗုကကျေးသားအား စစ်သူကြီးအရာပေး၍ မင်း၏အမှုတို့ကို စီရင်စေခဲ့သည်။ ဗြဟ္မဒတ်မင်းသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်ကာ စုတေသော်နတ်ပြည်သို့ လားရ၏။ လူတို့က ဘုရားလောင်း ကျေးသားအား မင်းပြုစေသော်လည်း ကျေးသားက ငြင်း၍ လူတို့အား သီလ၌ တည်စေကာ အဆုံးအမတရား

www.burmeseclassic.com

တို့ကို ရွှေပြားဥ ရေးပေးခဲ့ပြီး တောသို့ ဝင်သွားခဲ့သည်။ ဘုရားလောင်း ကျေးသား သုခမိန်၏ အဆုံးအမသည် အနှစ်လေး သောင်းပတ်လုံး တည်ခဲ့သည်။

●

ဥပ္ပလဝဏ်ထေရီလောင်းသည် ဂေါတမဘုရားလောင်း၏ သမီးအဖြစ်လည်း ကြုံကြိုက်ဆုံစည်းကာ ပါရမီတော် ရင့်ကျက်ရန် အစွမ်းရှိသမျှ ဖြည့်ကျင့်ကူညီခဲ့ပေသည်။

သားဖြစ်သူ သေဆုံးသွားသဖြင့် စိုးရိမ်သောကဖြစ်နေသော သူကြွယ်ကို အကြောင်းပြု၍ ဂေါတမ ဘုရားရှင် ဟောကြားခဲ့သော ပဋ္ဌာနိပါတ် ဥရဂ်ဇာတ်တွင် ငြဟ္မဒတ်မင်း အုပ်စိုးသော ဗာရာဏသီပြည်၏ တံခါးရွာဝယ် ဂေါတမဘုရားလောင်းဖြစ်သည့် လယ်လုပ်သော ပုဏ္ဏား၊ အရှင်ရာဟုလာလောင်း သားနှင့်ခွေးမ၊ ဥဒ္ဒါတ္တရာ ဥပါသိကာ မလောင်း ကျွန်မ၊ မိသားစုဝင် အားလုံးသည် ဒါနအမှုပြုကြသည်။ သီလတို့ကို စောင့်ရှောက်ကြသည်။ ဥပုသ်သုံးသော အမှုတို့ကို ပြုကြ၏။ သေခြင်းဥ မမေ့မလျော့ အောက်မေ့ဆင်ခြင်ကာ မရဏသတိကို ပွားကြကုန်သည်။

တစ်နေ့၌ လယ်အမှုလုပ်နေစဉ်၊ အရှင်ရာဟုလာလောင်း သားသည် တောင်ပို့တစ်ခုအနီးရှိ အမှိုက်ပုံကို မီးရှို့ရာ တောင်ပို့မှ မြွေ၏ အကိုက်ခံရ၍ သေခဲ့သည်။ ဖခင်သည် သေသွားသော သားကို သစ်ပင်ရင်းတစ်ခုဥ၌ ထား၍ မရဏသတိကို ဆင်ခြင်၍ လယ်ဆက်ထွန်ခဲ့သည်။ အနီးမှ ဖြတ်သွားသော အိမ်နီးချင်းကို အိမ်သို့ အမှာပါးခဲ့သည်။ တစ်ယောက်စာ ထမင်းသာ ယူလာရန်နှင့် မိသားစုအားလုံး စင်ကြယ်သော အဝတ်ဝတ်၍ လယ်ထဲသို့ လာကြရန် ဖြစ်သည်။ မိသားစုတို့ လယ်ထဲရောက်ဖော် အစာစားကြပြီး ပူဆွေးငိုကြွေးခြင်းမပြုဘဲ သခ်ါရတို့၏ အနိစ္စသဘောကို ဆင်ခြင်လျက် သား၏ဥတုဇရုပ်ကို မီးသင်္ဂြိုဟ်ပေးကြသည်။

ထိုသူတို့၏ သီလတန်ခိုးကြောင့် သိကြားမင်း မနေနိုင်ဘဲ ကြည်ညိုသောစိတ်ဖြင့် ခိုးမြွှင့်ပူဇော်ရန် လူအသွင်ယူ၍ မိသားစုရှိရာသို့လာခဲ့သည်။ မိသားစုတို့အား အကျိုးအကြောင်း မေးပြီး အိမ်သားတစ်ဦး သေဆုံးနေပါလျက် အဘယ်ကြောင့် ပူဆွေးသောကဖြစ်စွာ မငိုကြွေးကြခြင်းအကြောင်းကို မေးခဲ့သည်။

သေသူ၏ ဖခင်၊ မိခင်၊ ဇနီးနှင့် ကျွန်မ တို့က သူတို့ မငိုကြွေးကြရခြင်းကို ရှင်းပြခဲ့သည်။ ငါးရွာငါးဆယ်ဇာတ်တော်ကြီးဝတ္ထု ပဥ္စကနိပါတ် ဥရဂ်ဇာတ်တွင် အသေးစိတ် ဖတ်ရှုကြည့်ညိုနိုင်ကြပါသည်။

ဤတွင် သေသူ၏နှမဖြစ်သူ ဥပ္ပလဝဏ်ထေရီလောင်းလျာ၏ ဖြေကြားပုံကို ကြည့်ညိုနိုင်ရန် ဖော်ပြအပ်ပါသည်။

နှမပုဏ္ဏားမယ်က ဤသို့ ဖြေကြားခဲ့သည်။

'သဝေရောဒေ ကိသာ အသာ၊
တသာ မေကိ ဖလံသိယာ၊
ဉာတိမိတ္တ သုဟဒ္ဒာနံ၊
ဘိယျော နော အရတိ သိယာ'

'အရှင်၊ အကယ်၍ ငိုကြွေးအံ့၊ ကြံ့လိုသည် ဖြစ်ရာ၏။ ထိုကျွန်ုပ်အား အဘယ်အကျိုးသည် ဖြစ်ရာသနည်း၊ အကျွန်ုပ်တို့၏ အဆွေအမျိုး၊ အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်ကုန်သော သူတို့အား လွန်စွာ မမွေ့မလျော်ခြင်းသည် ဖြစ်ရာ၏။'

'ဒုယ္ဘမာနော နု ဇာနာတိ၊
ဉာတီနံ ပရိဒေဝိတံ။
တသ္မာ တေံ နု သောစာမိ၊
ဂတော သောတသာ ယာဂတိ'

'မီးဖုတ်အပ်သော မောင်သည်၊ အဆွေအမျိုးတို့၏ ငိုကြွေးခြင်းကို မသိ၊ ထို့ကြောင့် ထိုသေသော မောင်ကို ငါသည် မစိုးရိမ်၊ ထိုမောင်၏ အကြင်ဂတိသည်ရှိ၏၊ ထိုမောင်သည် ထိုဂတိသို့ လား၏။'

သိကြားမင်းသည် မိသားစုဝင်တို့၏ တရားစကားကို ကြားရသော် ကြည်ညိုခြင်းရှိသောကြောင့် မိသားစုအားလုံး ဆက်၍ မရဏသတိကို မမေ့မလျော့ပွားကြရန် အားလုံး လက်ဖြင့် အမှုလုပ်ရန် မလိုတော့ဘဲ မိမိသိကြားမင်းက ရတနာခုနစ်ပါးဖြင့် အိမ်၌ ဖြည့်ပေးမည် ဖြစ်၍ အမှု၊ သီလစောင့်မှု၊ ဥပုသ်သုံးမှုတို့ကို ပြုလုပ်ကြရန် အဆုံးအမပေးကာ ရတနာတို့ကို ပြည့်စေကာ ပြန်သွားခဲ့သည်။

●

မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းနေသော ရဟန်းတစ်ဦးကို အကြောင်းပြု၍ ဂေါတမဘုရားရှင် ဟောတော်မူခဲ့သော သတ္တတနိပါတ် မနောဇဇာတ်တွင် မလိမ္မာသော ရဟန်းလောင်းလျာဖြစ်သည့် မနောဇခြင်္သေ့၏ နှမငယ်၊ ဂေါတမဘုရားလောင်း ခြင်္သေ့နှင့် ခေမာထေရီလောင်း ခြင်္သေ့မတို့၏ သမီး၊ ခြင်္သေ့မငယ်အဖြစ် ဥပ္ပလဝဏ်ထေရီလောင်းကို တွေ့ရပါမည်။

ရှေးကာလတစ်ခုဥ၌ ဗာရာဏသီပြည့်ရှင် ငြဟ္မဒတ်မင်းလက်ထက်တွင် မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းနေသော ရဟန်းသည် မနောဇခြင်္သေ့ဖြစ်ကာ၊ ဖခင်ဘုရားလောင်း ခြင်္သေ့၊ မိခင် ခေမာထေရီလောင်းခြင်္သေ့မ၊ ဇနီး ခြင်္သေ့မနှင့် ဥပ္ပလဝဏ်ထေရီလောင်း နှမ ခြင်္သေ့မငယ်တို့ကို ရှာဖွေပြုစုကျွေးမွေးခဲ့သည်။

တစ်နေ့တွင် ဒေဝဒတ်လောင်း မြွေဆွေးသည် မနောဇထံ ခိုဝင်လာရာ လက်ခံခဲ့သည်။ ကောက်ကျစ်ယုတ်မာသော မြွေဆွေးနှင့် မပေါင်းရန် မိဘတို့က တားသော်လည်း မနောဇက မနာခံခဲ့ချေ။ မြွေဆွေး၏ မြှောက်ပင့်မှုဖြင့် မင်းဘဏ္ဍာဖြစ်သော မြင်းတို့ကို သတ်ဖြတ်စားသောက်ခဲ့သည်။ မိဘတို့က ထပ်၍ တားသော်လည်း မရခဲ့ပြန်။

မင်းကြီးသည် မိမိ၏ မြင်းများ အန္တရာယ်ကင်းရန် အမျိုးမျိုးစီမံခဲ့ကာ

www.burmeseclassic.com

နောက်ဆုံး ခြင်္သေ့ကို သတ်ဖြတ်ရန် လေးသည်တော်တစ်ဦးကို ခိုင်းခဲ့သည်။

လေးသမားသည် ခြင်္သေ့ကို စောင့်၍ မြင်းကိုချီပြီး ပြန်အထွက်၌ လေးဖြင့် ခွင်းခဲ့သည်။ မနောဇခြင်္သေ့သည် ဒဏ်ရာသည်းလျက်ဖြင့် သားကောင်ကိုချီကာ မိဘတို့၏ လိုက်ပူအဝရောက်သည်အထိပြန်ခဲ့ပြီး လဲကျ သေခဲ့သည်။ ဒေဝဒတ်လောင်းမြွေခွေးကား ထွက်ပြေးသွားခဲ့သည်။

မနောဇခြင်္သေ့၏ မိသားစုကား မနောဇကို ကြည့်ကာ မိဘစကား နားမထောင်ဘဲ မကောင်းသောအဖော်ကြောင့် ပျက်စီးရပုံကို သံဝေဂယူခဲ့ကြသည်။ ဥပ္ပလဝဏ်ထေရီလောင်း၏ ထူးခြားစွာ ပြုမူမှု မပါခဲ့သော်လည်း ယုတ်မာသော သူတို့နှင့် ပေါင်းဖက်၍ ပျက်စီးတတ်ကြောင်း၊ ပညာရှိတို့ကို ပေါင်းဖော်ဆည်းကပ်လှသည့်အဖြစ်ကို မှတ်သားနာယူစေလိုသည့် ဘုရားရှင် ဟောကြားခဲ့သည့် အောက်ပါ ဂါထာကို ကြည်ညိုကြည့်ကြပါစို့။

'နီဟီယတိ ပုရိသော နိဟီနသေ
ဝီ၊ နစ ယာယေဆ ကဒါစိ တုလျသေဝီ။
သေဋ္ဌ မုပဂမ် ဥဒေတိ ခိပ္ပံ၊
တသ္မာ အတ္ထနော ဥတ္တရိတရံ ဘဇေထ'

'ရဟန်းတို့၊ ယုတ်မာသောသူကို မှီဝဲသော ယောကျ်ားသည် ယုတ်မာ၏။ တူသောသူကို မှီဝဲသော ယောကျ်ားသည်၊ တစ်ရံတစ်ဆစ်၌ မယုတ်မာရာ၊ မြတ်သောသူကို ဆည်းကပ်သောသူသည် လျင်စွာ သီလ အစရှိသော ကျေးဇူးတို့ဖြင့် ပွား၏။ ထို့ကြောင့် မိမိထက် သီလစသည်ဖြင့် လွန်မြတ်သောသူကို ဆည်းကပ်မှီဝဲကြကုန်လော့'

တရား ဒေသနာ အဆုံးတွင် မနောဇခြင်္သေ့ဖြစ်ခဲ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်ခဲ့သည်။

●

ဖခင်ဖြစ်သူ ဂေါတမဘုရားလောင်းနှင့် မိခင်ဖြစ်သူ ယသော်ဓရာဒေဝီလောင်းတို့၏ သားနှင့်သမီးအဖြစ် အရှင်ရာဟုလာလောင်းနှင့်အတူ ဥပ္ပလဝဏ် ထေရီလောင်းကို သတ္တကနိပါတ် ကုမ္ဘကာရဇာတ်နှင့် မဟာနိပါတ် ဝေဿန္တရာဇာတ်တို့တွင် တွေ့ရပါမည်။

ကုမ္ဘကာရဇာတ်သည် သာဝတ္ထိပြည်မှ စု၍ ရဟန်းပြုလာကြသော ရဟန်း ငါးရာသည် ညဉ့်အချိန်တွင် ကာမဝိတက်ဖြစ်၍ ကိလေသာစိတ် ထကြွသည်ကို ဆုံးမနှိပ်ကွပ်၍ အရဟတ္တဖိုလ် ရောက်ရန် ဟောတော်မူခဲ့သော ဇာတ်ဖြစ်သည်။

လွန်လေပြီးသော ကာလတစ်ခု၌ ကလိင်္ဂတိုင်း ဒန္တရဝုရမြို့မှ ကရဏ္ဍကမင်းသည် အသီးသီးသော သရက်ပင် ပျက်စီးပြီး အသီးမသီးသော သရက်ပင် မပျက်စီးခြင်းကို မြင်သဖြင့် လည်းကောင်း၊ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ နဂ္ဂဇိမည်သော မင်းသည် နံ့သာသွေးနေကြသော မိန်းမတို့တွင် လိမ်တစ်ဖက်၌ လက်ကောက်တစ်ခုစီသာ ရှိပါက အသံမဖြစ်ဘဲ၊ လက်ကောက်နှစ်ခုရှိသောအခါ အသံမြည်သည်ကို မြင်သဖြင့် လည်းကောင်း၊ ဝိဒေဟတိုင်း မိထိလာပြည်၌ နိမိမည်သောမင်းသည် အမဲသားတစ်ရှိနေသော စွန်ကို အခြားစွန်များက လိုက်လံတိုးဆီတ်ကြပြီး သားတစ်ကို လွတ်လျှောလိုက်သောအခါ ဘေးရန်ကင်းသွားသည်ကို မြင်သဖြင့် လည်းကောင်း၊ ဥတ္တရပဉ္စာလတိုင်း ကပိလမြို့၌ ဒုမ္မုခမည်သော မင်းသည် နွားခြံမှ နွားများကို လွတ်လိုက်စဉ် နွားမတစ်ခု နောက်သို့ လိုက်သောနွားထီးတို့သည် အချင်းချင်း ကိလေသာ၏ နှိပ်စက်မှုကြောင့် ဒေ့ခတ်ကြရင်းဖြင့် သေကြေပင်ပန်းကြသည်ကို မြင်သဖြင့် လည်းကောင်း၊ ကိုယ်စီကိုယ်စီ သုတိသံဝေဂရကာ သုံးသပ်ဆင်ခြင်ရင်း ပစ္စေက ဗုဒ္ဓါလေးဆူဖြစ်သွားခဲ့ပြီး နန္ဒမူလိုဏ်ဂူသို့ ကြွခဲ့ကြသည်။

ထိုအချိန်တွင် ဗြဟ္မဒတ်မင်းအုပ်စိုးသော ဗာရာဏသီပြည်၌ တံခါးရွာတွင် ဂေါတမဘုရားလောင်းသည် အိုးထိန်းသည် ဖြစ်ခဲ့သည်။ အရွယ်ရောက်သော် ယသော်ဓရာလောင်းအမျိုးသမီးနှင့်ပေါင်းဖက်၍ အရှင်ရာဟုလာလောင်းသားနှင့် ဥပ္ပလဝဏ်ထေရီလောင်းသမီး မွေးဖွားလာခဲ့သည်။

တစ်နေ့၌ အထက်ပါ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ဘုရားလောင်း၏ အိမ်ရှိရာသို့ ဆွမ်းခံကြွရင်း ရောက်လာကြကာ အလျှံခံရင်း ဘုရားလောင်းက တစ်ဆူ တစ်ဆူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ မင်းအဖြစ်မှ ရဟန်းဖြစ်လာပုံ တရားဒေသနာကို ကြားရသော် အားကျကာ ရဟန်းပြုလိုခဲ့သည်။ မယား ဖြစ်သူကလည်း ထို့အတူပင် ရဟန်းပြုလိုခဲ့သည်။

မယားဖြစ်သူက ဦးစွာ ရဟန်းပြုသွားရာ ဘုရားလောင်းသည် သားနှင့်သမီး အရွယ်ရောက်သည်အထိ စွာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ပြဟ္မာပြည်သို့ လွှားခဲ့သည်။ သားနှင့်သမီး ရှိသည်ဆိုရုံသာ ဖြစ်ခဲ့သော ဇာတ်ဖြစ်စဉ်တည်း။

(ဆက်ရန်)

လင်းယဉ်ဉာဏ်

ကျမ်းကိုးစာရင်း

၁။ မဟာဗုဒ္ဓဝင် (၆)တွဲ (မင်းကွန်းတိုဝိဋ္ဌကဓရ ဆရာတော်ဘုရားကြီး)

၂။ ငါးရာငါးဆယ်ဇာတ်တော်ကြီးဝတ္ထု (၅)တွဲ (ညောင်ကန်ဆရာတော်ဘုရား)

၃။ ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး (အရှင်ဓမ္မဿာမိဘိဝံသ)

၄။ မဟာနိပါတ်ဇာတ်တော်ကြီး ဆယ်ဘွဲ့ (အရှင် ဦးဩဘာသ၊ အရှင် ပညာတိက္ခ၊ အရှင်နန္ဒမေဓာ)

❑

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး

လှမိုး(ပညာရေး)

နောက်ဆုံးအားထုတ်ခဲ့သော လက်ရာ

လောင်းရိပ်အောက်မှ မြန်မာပြည်

I LIVED IN BURMA

by E.C.V Foucar

ဒေယျာမြေစာပေတိုက် - အမှတ်(၇၂၄)၊ အခန်း(၁၇)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း (၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၀

သခင်မျိုးဇော်

တက္ကသိုလ်တင်ဟန်ကျော်

သခင် ၁၂ ယောက်အကြောင်းကို စိတ်ဝင်စားဖွယ် ဖော်ပြထားသော စာအုပ်ကောင်းတစ်အုပ်

ဖြန့်ချိရေး - ဒေယျာမြေစာပေတိုက် အမှတ်(၇၂၄)၊ အခန်း(၁၇)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း (၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၀

www.burmeseclassic.com

www.burmeseclassic.com



Vigen Myanmar

မိသားစုများနှင့်တွေ့ဆုံခြင်း

ဉာဏ်ပွင့် (ခက်မှု)

www.burmeseclassic.com

www.burmeseclassic.com

ဦးကိုကြီးမှ Vigen မိသားစုများအား ကျန်းမာရေးဆိုင်ရာ ထုတ်ယူတများ ရှင်းပြနေပုံ

(ယခင်လမှ အဆက်)

Vigen Myanmar ကို ကျွန်တော် စိတ်ဝင်စားနေတာ ကြာပါပြီ။ ဟိုလူပြော ဒီလူပြောနဲ့ Vigen Myanmar အဖွဲ့ဝင်တွေနဲ့ တွေ့ချင်နေတာ။ Vigen Myanmar ဟာ ပုံမှန်ကုမ္ပဏီ တစ်ခုလောက်ပဲ စိတ်ကူးထဲ ပုံဖော်ထားတာပါ။ ရင်းနှီးလာတာနဲ့အမျှ Vigen Myanmar ဟာ ကုမ္ပဏီတစ်ခု ပုံစံမျိုးထက် မိသားစုကြီးတစ်ခုပုံစံ ဖွဲ့စည်းထားတာပါ။

စားဝတ်နေရေးပဲ ဦးစားပေးပြီး ကျန်းမာရေး မလုပ်ဖြစ်တဲ့လူတွေအတွက်၊ အသက်ကြီးပြီး အိမ်မှာ ဘေးထိုင်နေရတဲ့ လူကြီးတွေအတွက်ပဲဖြစ်ဖြစ်၊ အထီးကျန်ဖြစ်နေတဲ့ လူတွေပဲဖြစ်ဖြစ် Vigen Myanmar ဟာ ရုပ်ကျန်းမာရေးအတွက်ရော စိတ်ကျန်းမာရေးအတွက်ပါ သက်သာပျောက်ကင်းစေတဲ့ စင်တာကြီးပါပဲ။

ဥက္ကဋ္ဌ ဦးကိုကြီး ကိုယ်တိုင် မိသားစုအဖွဲ့ဝင်တွေနဲ့ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး နေတာကို ကိုယ်တိုင်မြင်တွေ့ခဲ့ရတာပါ။ ကိုရီးယားတွေနဲ့ မြန်မာလူမျိုးတွေဟာ စရိုက်မတူကြလို့ ပေါင်းရ သင်းရခက်တာတွေ နေရာတကာ ကြားနေရပေမယ့် ဦးကိုကိုကြီးမှာတော့ မြန်မာအကျင့်စရိုက် အမူအရာတွေတောင် တွေ့နေရပြီ။ မြန်မာစကားလည်း အတော်အသင့် တတ်ကျွမ်းနေပြီ။ မြန်မာလူမျိုးတွေနဲ့ သဟဇာတဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ကြိုးစားထားပုံပါပဲ။ ဒါတွေဟာ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အတုခိုးရမယ့် အကျင့်စရိုက်တွေပါပဲ။

Vigen Myanmar ရဲ့ General Manager ကိုသီဟဝင်းထိန်မှာတော့ လုပ်ငန်းကျွမ်းကျင်မှု၊ ဦးဆောင်နိုင်မှု၊ ဖော်ရွေပွင့်လင်းမှု ဟန်ပန်တွေ အပြည့်အဝ တွေ့မြင်ရပါတယ်။ စင်တာခွဲတွေရဲ့ လှုပ်ရှားမှုတွေကို CCTV ကင်မရာကနေ တစ်ဆင့် ဟန်းဖုန်းမှာ ထင်ဟပ်စေပြီး အမြဲကြည့်ရှုလမ်းညွှန်မှုတွေ ပေးနေတာ တွေ့ရပါတယ်။ စာရေးတာ ဝါသနာပါပြီး လက်ရာကောင်း၊ စိတ်ကူးကောင်း စာရေးဆရာတစ်ယောက်ပါ။ ဒီလိုဦးဆောင်မှုတွေနဲ့ Vigen Myanmar ကတော့ ရှေ့ဆက်ပြီး အောင်ပန်းတွေဆွတ်ခူး ယူနေဦးမှာ မြင်ယောင်နေပါပြီ။ ဒါတွေကတော့ ကျွန်တော် မြင်တွေ့ခဲ့ရတဲ့ Vigen Myanmar ရဲ့ ပုံရိပ်အချို့တွေပါပဲ။

Vigen Myanmar ရဲ့ အကြောင်းတွေကို ဆက်လက်ပြီး ဖော်ပြရမယ်ဆိုရင် -

"မင်္ဂလာပါ ကိုသီဟ"

"မင်္ဂလာပါ ကိုဉာဏ်ပွင့်"

"ဗီဂန်မြန်မာ ဥက္ကဋ္ဌ ဦးကိုကြီးအကြောင်းလည်း မိတ်ဆက်ပေးပါဦး"

"ဟုတ်ကဲ့၊ ဆရာဦးကိုကြီးဆိုတာကတော့ ဗီဂန်မြန်မာ ဥက္ကဋ္ဌ Mr. Chea (မစ္စတာခဲ့) ဖြစ်ပါတယ်၊ ဦးကိုကြီး ဆိုတဲ့ နာမည်ကို မြန်မာနာမည်အဖြစ် ဆရာက သူဟာသူ ရွေးချယ်ထားတာပါ။ မြန်မာပြည်က လူတွေနဲ့ ပိုမိုရင်းနှီးမှုရရှိရန် ရည်ရွယ်ချက်နဲ့ မြန်မာနာမည် မှည့်ယူခဲ့တာပါ။ ဆရာဦးကိုကြီးဟာ အခုလက်ရှိ အသက် (၆၁)နှစ် ရှိပြီးဖြစ်တဲ့ ကိုရီးယားလူမျိုးတစ်ယောက် ဖြစ်ပါတယ်၊ Global Vigen (ကိုရီးယားနိုင်ငံရှိ ဗီကန်ကုမ္ပဏီ)က် စတင်ထူထောင်သူတွေထဲက တစ်ယောက် ဖြစ်ပါတယ်။

Global Vigen ကနေ မြန်မာနိုင်ငံကို ပရဟိတ သွားပြုဖို့ ၂၀၁၁ အစပိုင်း အစည်းအဝေး တစ်ခုမှာ ဆွေးနွေးတော့ မြန်မာပြည်ကို ဥက္ကဋ္ဌအနေနဲ့ လာချင်တဲ့သူ တစ်ယောက်မှ မရှိခဲ့ပါဘူး၊ ရာသီဥတု ပူတယ်၊ နိုင်ငံရေး တည်ငြိမ်မှု မရှိ၊ တရားဥပဒေ စိုးမိုးမှု မရှိဘူး၊ မီးမမှန်ဘူး စတဲ့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုသီဟဝင်းထိန်နှင့် စာရေးသူတို့ ရင်းရင်းနှီးနှီး အင်တာဗျူးနေကြစဉ်

ပြချက်တွေနဲ့ မသွားကြဖို့ ဆွေးနွေးကြတယ်၊ အဲဒီအချိန်မှာပဲ ဆရာဦးကိုကြီး ဖြစ်လာမယ့် မစ္စတာချဲက မတ်တတ်ထပြီး သူသွားမယ်လို့ ရဲရဲကြီး ထပြောပါတယ်၊ အားလုံးက တားကြတယ်၊ ဒါပေမဲ့ ဆရာချဲက မျက်တောင်တစ်ချက် မခတ်ဘဲ သွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။

တကယ်တော့ ဆရာဦးကိုကြီးမှာ မိသားစု ရှိပါတယ်၊ ဇနီးရယ်၊ သားရယ်၊ သမီးရယ် ရှိပါတယ်၊ ၂၀၁၁ က ဆရာ့ မိခင်တောင် သက်ရှိထင်ရှား ရှိပါသေးတယ်၊ ဆရာချဲဟာ အားလုံးကို စွန့်လွှတ်ပြီး မြန်မာပြည်မှာ ပရဟိတ လာဆောင်နေ ရွက်နေသူပါ။

၂၀၁၁ မတ်လမှာ ဆရာဦးကိုကြီးဟာ မြန်မာပြည်ကို ပထမဆုံးလာလည်ပတ်ခဲ့တယ်၊ ရွှေဘုံသာလမ်းထဲက ဆေးခန်း တစ်ခုရှေ့ကို ရောက်တော့ ခုံတန်းလေးတွေမှာ စောင့်ဆိုင်း နေကြတဲ့ လူနာတွေကို သူတွေ့ရတယ်၊ နောက်တော့ အစိုးရ ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေကို လိုက်လေ့လာတယ်၊ နောက်ဆုံး ဆရာချဲ သိလိုက်တာက မြန်မာနိုင်ငံမှာ ကျန်းမာရေး အာမခံလုပ်ငန်း မရှိဘူး၊ အစိုးရက ကျန်းမာရေးအတွက် စိုက်ထုတ်ကျခံပေးတာ မရှိဘူး၊ စက်ကိရိယာ မစုံလင်ဘူး၊ နည်းပညာ အဆင့်မမြင့်ဘူး၊ ဒါတွေအားလုံးဖြေပြီး ဆုံးဖြတ် ချက် ချလိုက်တာကတော့ မြန်မာပြည်မှာ ဗီဂန်ရှိမှ ဖြစ်မယ် ဆိုတာပါပဲ။

အဲဒီတုန်းက ဆရာ့အသက်က (၅၆)နှစ်ပါ၊ အခုတော့ မြန်မာပြည်ကို ဆရာရောက်တာ (၅)နှစ်ရှိ ရှိပါပြီ၊ ဒီ(၅)နှစ် အတွင်းမှာ ငွေကြေးမတတ်နိုင်သူ၊ ငွေကြေးတတ်နိုင်ပေမယ့် အခြားကုထုံးတွေက လက်လှမ်းမှီသူ ဒုနဲ့ဒေးကို ကျန်းမာ အောင် လုပ်ပေးနိုင်ခဲ့တယ်။

ဒါပေမဲ့ ပရဟိတသမား ဆရာဦးကိုကြီးဟာ သူသမီး က မွေးတဲ့ မြေးဦးလေး မွေးဖွားချိန်မှာ အနားမှာ မရှိခဲ့ဘူး၊ သူ့အစ်ကို အရင်းကြီး ကွယ်လွန်ချိန်မှာ အနားမှာ မရှိခဲ့ဘူး၊ နောက်ဆုံး သူမိခင်ကြီး ကွယ်လွန်ချိန်မှာလည်း သူ အနားမှာ မရှိနိုင်ခဲ့ဘူး၊ မြန်မာပြည်က လူနာတွေနဲ့ပဲ တစ်ချိန်လုံး အတူ ရှိနေခဲ့တယ်၊ ဆရာ့ဇနီး ပါရမီဖြည့်ဖက်ဟာလည်း ဆရာ့ အပေါ် နားလည်မှု အပြည့်အဝပေးတယ်၊ ဆရာ့မိခင်ကြီးကို မငြူမစူ အနီးကပ်ပြုစုပြီး ဈာပနအထိ အကုန် အမေအရင်း လိုပဲ ဆောင်ရွက်ပေးခဲ့ပါတယ်၊ ဦးကိုကြီးဟာ တကယ့် အတ္တမပါ ပရသတ်သက် လူသားတစ်ဦးပါလို့ ကျွန်တော် ပြောချင်ပါတယ်။

ဆရာဦးကိုကြီးက ဘယ်လိုပြောသလဲဆိုရင် သူဟာ လောကမှာ နေရဖို့သက်တမ်း သိပ်မကျန်တော့ပါဘူး၊ ကျန်တဲ့ ကာလမှာ လူတွေကို ပျော်ရွှင်၊ ကျန်းမာအောင် ဆောင်ရွက် မယ်၊ ကျန်းမာရေး အယူအဆ အမှားတွေကို ပြုပြင်ပေးမယ်၊ နောက်ဆုံး မြန်မာပြည်မှာပဲ ခေါင်းချမယ်၊ သူသေရင် သူ အုတ်ဂူမှာ Vigen မိသားစုဝင်တွေက ပန်းတစ်ပွင့်စီကို ယူလာ ထားပေးရင် သူ ကျေနပ်ပြီ၊ သူ ထပ်ပြီး ဘာမှ မမျှော်လင့် ပါဘူးလို့ ပြောခဲ့ပါတယ်။

Vigen မိသားစုဝင်တွေကိုတော့ သူမရှိတော့ရင်လည်း Vigen ကို ပုံမှန်လာ စက်တွေသုံးပြီး ကျန်ရှိတဲ့သက်တမ်းကို ကျန်းမာ ပျော်ရွှင်အောင် နေကြပါလို့လည်း ပြောထားပုံ တယ်၊ အခုတော့ ဆရာဟာ (၆၁)နှစ်ပေမယ့် ဆေးလိပ်၊ အရက် လုံးဝမသောက်၊ နံနက်တိုင်း လမ်းလျှောက်ထွက်ပြီး လူငယ်တစ်ယောက်လို ကျန်းမာစွာ၊ ပျော်ရွှင်စွာ နေထိုင် လျက် ရှိပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



Top & Top စက်အား ထူ မြင်ရစဉ်

"Top & Top စက်နဲ့ ပတ်သက်ပြီးတော့လည်း အသေးစိတ် ရှင်းပြပေးပါဦး"

"ဟုတ်ကဲ့၊ Top & Top စက်ဆိုတာကတော့ Chiropratic Therapy ကုထုံးနဲ့ (Heat Therapy) အပူကုထုံး၊ သံလိုက်ကုထုံးတို့ကို အခြေခံပြီး သိပ္ပံနည်းကျ ဒီဇိုင်းထုတ်လုပ်ထားတဲ့ Physio Therapy Device တစ်မျိုးပါ။ ဒီစက်ကို အသုံးပြုမယ်ဆိုရင် Massage Effect (နှိပ်နယ်ခြင်း အာနိသင်)၊ Accupranture Effect (အပ်စိုက်ကုထုံး အာနိသင်)၊ Moxibusion Effect (အပူဖြင့် ကုသခြင်း အာနိသင်) တို့ကို ရရှိမှာပဲ ဖြစ်ပါတယ်"

"Chiropratic Therapy ဆိုတာကိုလည်း ရှင်းပြပါဦး"

"Chiropratic Therapy ဆိုတာကတော့ ကျောရိုးမကြီး ဘေးမှာရှိတဲ့ ကြွက်သားတွေကို လက်ဖြင့် နှိပ်နယ်ပြီး ရောဂါဝေဒနာတွေကို ကုသပေးတဲ့ ကုထုံးဖြစ်ပါတယ်၊ ၁၈၉၅ ခုနှစ် အမေရိကန်နိုင်ငံမှာ ဆရာကြီး ဒယ်နီယယ်ဒေးဗစ်ပယ်လ်မာက တီထွင်ခဲ့တာ ဖြစ်ပါတယ်။

လူရဲ့ အာရုံကြောမကြီးဟာ ကျောရိုးမကြီးထဲကနေ ဆင်းသက်လာပြီး တစ်ကိုယ်လုံးကို ကျောရိုးဆစ် တစ်ခုချင်း စီမှာရှိတဲ့ အပေါက်လေးတွေကနေတစ်ဆင့် ဆက်သွယ်ထားပါတယ်။

Chiropratic မှာ အဲဒီကျောရိုးမကြီး ဘေးမှာရှိတဲ့ ကြွက်သားတွေကို နှိပ်နယ်ခြင်းအားဖြင့် သက်ဆိုင်ရာရောဂါကို ကုသတာပါ။ ဥပမာ - အစာအိမ်ရောဂါကို ကုသမယ်ဆိုရင် T-6 ရင်အုပ်ပိုင်း ကျောရိုးအမှတ် ၆ ရဲ့ ဘယ်ညာရှိ ကြွက်သားတွေကို လက်နဲ့ နှိပ်နယ်ခြင်းဖြင့် ကုသတဲ့နည်းပညာ ဖြစ်ပါတယ်"

"Heat Therapy ဆိုတာကကော"

"Heat Therapy ကို Thermotherapy လို့လည်း သုံးနှုန်းကြပါတယ်၊ အဓိကကတော့ နာကျင်မှုတွေ သက်သာစေဖို့နဲ့ အရောင်ကျစေဖို့ သုံးခဲ့ကြပေမယ့် အခုနောက်ပိုင်းမှာတော့ ကိုယ်ခန္ဓာ ဇီဝကမ္မဖြစ်စဉ်အတွက် မရှိမဖြစ် အရေးပါတဲ့ အင်ဇိုင်းတွေကိုပါ ကောင်းစွာ လှုံ့ဆော်နိုင်တယ်ဆိုတာကို သိရှိလာကြတာပါ။ အဲဒီအင်ဇိုင်းတွေဟာ လူရဲ့အပူချိန် (၃၆.၅)ကနေ (၃၇.၅)ကြားမှာ အကောင်းဆုံး အနေအထား လှုပ်ရှားတာကို လေ့လာတွေ့ရှိလာရတယ်။

ဒီတော့ Heat Therapy မှာ နှစ်ပိုင်း ခွဲနိုင်တယ်၊ လတ်တလော နာကျင်ရောင်ရမ်းနေတာတွေကို သက်သာစေဖို့ တစ်ပိုင်း၊ ကိုယ်ခန္ဓာအပူချိန်ကို (၃၇.၅) မှာ အမြဲထိန်းပြီး အကောင်းဆုံး ဇီဝကမ္မအနေအထား၊ အကောင်းဆုံး ကိုယ်ခံအား အခြေအနေ တစ်ရပ်မှာ ထိန်းထားဖို့ တစ်ပိုင်း ဖြစ်ပါတယ်"

"သံလိုက်ကုထုံး (ETS) အကြောင်းလည်း ပြောပြပါဦး"

"ETS ဆိုတာ Electromagnetic Therapy System ရဲ့ အတိုကောက်စာလုံးပါ၊ ကိုယ်ခန္ဓာကို သံလိုက်လှိုင်းတွေ သက်ရောက်စေခြင်းဖြင့် ရောဂါကုသတာပဲ ဖြစ်ပါတယ်၊ သံလိုက်လှိုင်းရဲ့ ကြိမ်နှုန်းပေါ် မူတည်ပြီးတော့ ရောဂါသက်သာတာတွေ ကွာခြားမှု ရှိပါတယ်၊ အနာပေါက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အပူလောင်ခြင်း၊ နာတာရှည်ရောဂါအမျိုးမျိုး၊ အာရုံကြောဆိုင်ရာရောဂါများ၊ ကျောရိုးမကြီးနှင့် အာရုံကြောမကြီး ထိခိုက်မှုများ၊ ဆီးချို၊ ရင်ကျပ်ပန်းနာ၊ လေပြွန်ဆိုင်ရာ ရောဂါများ၊ အရိုးအဆစ် ရောဂါများ၊ နှလုံးဆိုင်ရာ ရောဂါများ အပါအဝင် ကင်ဆာရောဂါအထိ သက်သာနိုင်စွမ်း ရှိပါတယ်။

ကျွန်တော်တို့ Top & Top စက်မှာ သုံးထားတဲ့ ETS ရဲ့ ကြိမ်နှုန်းကတော့ (၆၀)Hz ဖြစ်ပါတယ်၊ သူရဲ့ အဓိက အာနိသင်က သွေးကြောအတွင်းအဆီများကို ဖယ်ရှားပေးခြင်း၊ ရိုးတွင်းခြင်ဆီ အားကောင်းစေခြင်း၊ သွေးလှည့်ပတ်မှု ကောင်းခြင်းနဲ့ နှစ်ခြိုက်စွာ အိပ်ပျော်စေခြင်းတို့ပဲဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သဘာဝတွင်းထွက်များနှင့် ပေါင်းစပ်ပွဲစည်းထားသော Hygiea

"ဒါဆိုရင် Chiropratic Therapy နဲ့ Heat Therapy ETS ကို ဒီ Top & Top စက်ထဲမှာ ဘယ်လိုပေါင်းစပ် ပွဲထားလဲ ရှင်းပြ ပါဦး"

"ဒီစက်ရဲ့ ဖွဲ့စည်းပုံကို ကြည့်မယ်ဆိုရင် (၁) Hygiea roller (၂) ETS (၃) Massage roller ဆိုပြီး တွေ့ရမှာ ဖြစ်ပါတယ်။

Hygiea roller ကတော့ Heat Therapy အပိုင်းကို ဆောင်ရွက်တဲ့ အစိတ်အပိုင်း၊ ETS ကတော့ သံလိုက်ကုထုံး ကို တာဝန်ယူတဲ့ အစိတ်အပိုင်း၊ Massage roller ကတော့ Chiropratic Therapy အပိုင်းကို တာဝန်ယူတဲ့ အစိတ်အပိုင်း တို့ပဲ ဖြစ်ပါတယ်"

"ကြားဖြတ်ပြီး ပေးရဦးမယ်၊ Hygiea roller ဆိုတဲ့ စကားလုံးမှာ Hygiea ဆိုတာ ဘာအဓိပ္ပာယ်လဲခင်ဗျာ"

"Hygiea ဆိုတာကို ပြောရမယ်ဆိုရင် ခုနက ပြောခဲ့တဲ့ Heat Therapy ကို အနည်းငယ် ဆက်ပြောရပါလိမ့်မယ်၊ လူတွေဟာ အပူကို ကုထုံးတစ်ရပ်အနေနဲ့ အသုံးပြုရကောင်း မှန်း သိလာတဲ့ အချိန်ကစလို့ အပူရှင်းမြစ်အမျိုးမျိုးကနေ အပူကိုရယူ ကုသဖို့ ကြိုးစားခဲ့ကြတယ်၊ နေအရင်းအမြစ်ရဲ့ အပူကို နေပူစာလှဲခြင်းဖြင့် လည်းကောင်း၊ မီးအပူကို ရေနွေး ကြော်ထုပ်ထိုးခြင်း၊ မီးလှုံခြင်း၊ ရေနွေးစိမ်ခြင်း စတာတွေက လည်းကောင်း အသုံးပြုခဲ့ကြတယ်၊ ဒါပေမဲ့ ဒီနည်းတွေဟာ ထိရောက်တဲ့အာနိသင်ကို မရခင်မှာပဲ အပူလောင်ကျွမ်းခြင်း ကို ခံစားကြရတယ်။

ဒီလိုနဲ့ ၁၀ ရာစုနှစ်ပေါင်းများစွာ ဖြတ်ကျော်ပြီးခဲ့နှင်မှာ လူတွေဟာ အရေပြားလောင်ကျွမ်းမှု မရှိဘဲ ကိုယ်တွင်းကို အပူဝင်ရောက်နိုင်မယ့်နည်းကို ရှာဖွေတွေ့ရှိခဲ့ပါတယ်၊ အဲဒါ ကတော့ အနီအောက်ရောင်ခြည်ကို အသုံးပြုခြင်းပါပဲ၊ အနီ အောက်ရောင်ခြည်ဟာ လှိုင်းအလျားရှည်တဲ့အတွက် အရေ ပြားကို လောင်ကျွမ်းမှုမရှိဘဲ ကိုယ်တွင်းကို အပူကောင်းစွာ ရောက်ရှိစေတဲ့ တစ်ခုတည်းသော ရောင်ခြည်ဖြစ်ပါတယ်။

ဒီဂန်မက်ဒီကယ်က ပညာရှင်တွေဟာ အနီအောက် ရောင်ခြည်ကို တီထွင်ဖို့ ကြိုးစားခဲ့ကြပါတယ်၊ အနီအောက် ရောင်ခြည်ဟာ သဘာဝရောင်ခြည်ဖြစ်ပြီး နေရောင်ခြည်မှာ အများဆုံး ပါဝင်ပါတယ်၊ ဒါကြောင့် သဘာဝပစ္စည်းတွေကို လေ့လာမှသာ အနီအောက်ရောင်ခြည်ကို တီထွင်နိုင်မယ့် နည်းကို တွေ့မယ်လို့ ယုံကြည်ခဲ့ကြတယ်။

ဒီလိုနဲ့ သဘာဝပစ္စည်းတွေကို လေ့လာတဲ့အခါ အချို့ တွင်းထွက်ပစ္စည်းတွေနဲ့ သတ္တုတွေဟာ အပူနဲ့ထိတွေ့၍ အနီအောက်ရောင်ခြည်ကို ထုတ်လွှတ်နိုင်တယ်ဆိုတာကို ရှာဖွေတွေ့ရှိခဲ့တယ်၊ ပညာရှင်တွေဟာ နောက်ဆုံးမှာ အနီ အောက်ရောင်ခြည်ကို ထုတ်လွှတ်နိုင်တဲ့ သဘာဝတွင်းထွက် (၁၉)မျိုးကို အောင်မြင်စွာ တွေ့ရှိခဲ့ပြီး အဲဒီ(၁၉)မျိုးကို နာ

www.burmeseclassic.com

www.burmeseclassic.com



Top & Top စက်အား အသုံးပြုနေကြသူများ

အမှုန့်လေးတွေဖြစ်အောင် ပြုလုပ်ပြီး ပြန်လည်ပေါင်းစပ်တဲ့ အခါမှာတော့ လျှိုဝှက်ချည်အနီအောက်ရောင်ခြည် (၉၈) ရာခိုင်နှုန်းအထိ ထုတ်လွှတ်နိုင်တဲ့ အဖြူရောင်ဖြာပေါင်းတစ်ခုကို ရရှိခဲ့တယ်။

အဲဒီအဖြူရောင်ဖြာပေါင်းကို ပုံစံအမျိုးမျိုးပြုလုပ်ပြီး အပူပေးကြည့်တဲ့အခါ အနီအောက်ရောင်ခြည် ၉၈ ရာခိုင်နှုန်း ထုတ်လွှတ်နိုင်ကြောင်း စမ်းသပ်အတည်ပြုနိုင်ခဲ့တယ်။ အနီအောက်ရောင်ခြည်ကို ထုတ်လွှတ်နိုင်ခြင်းဟာ လူသားကျန်းမာရေးကို ထာဝရစောင့်ရှောက်နိုင်တော့မယ့် နိမိတ်လက္ခဏာဖြစ်တယ်။

ဒါကြောင့် 'ကျန်းမာရေးကို စောင့်ရှောက်သော နတ်သမီး' လို့ အဓိပ္ပာယ်ရတဲ့ Hygiea ဆိုတဲ့ ဂရိဝေါဟာရနဲ့ နာမည်သတ်မှတ်ခဲ့တာပဲ ဖြစ်ပါတယ်။

Hygiea မှာ ပါဝင်တဲ့ အဖိုးတန် တွင်းထွက်တွေက တော့ -

(၁) ငွေ
(၂) ဂျာမေနီယမ်
(၃) တိုက်တေနီယမ်ဒိုင်အောက်ဆိုဒ်
(၄) ရွှံ့ကျောက်
(၅) သလင်း
(၆) ကြွေကျောက်
(၇) ဆာပန်တင်း
(၈) မဟူရာ
(၉) ဇီအိုလိုက်
(၁၀) ပင်လယ်ရေညှို (Aliginate)
(၁၁) ပတ်တလိုက်

တို့ပဲ ဖြစ်ပါတယ်။ ကျန်(၈)မျိုးကိုတော့ လျှို့ဝှက်ထားပါတယ်"

"ဒီလိုဆိုရင် ဒီစက်ကို အသုံးပြုခြင်းဖြင့် ဘာရောဂါတွေ ပျောက်သလဲ ဆိုတာလည်း ပြောပြပေးပါဦး"

"ဒါကတော့ ပြောရခက်တယ်၊ Chiropratic ကုထုံး၊ Heat Therapy ကုထုံး၊ ETS ကုထုံးတွေအားလုံး ပေါင်းစပ်လိုက်တဲ့အခါ ဒီစက်က ပေးနိုင်တဲ့ အကျိုးကျေးဇူးတွေက ပြောလို့မကုန်အောင်ပါပဲ၊ ဒါကြောင့် လိုရင်းကို ဖြေဆိုရရင် ဒီစက်ဟာ သွေးလှည့်ပတ်မှုကို ကောင်းမွန်စေပြီး ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးပါတယ်"

"အခု ပြောခဲ့တဲ့အထဲမှာ Chiropratic တို့၊ Heat Therapy တို့၊ ETS တို့၊ Accupranture တို့၊ Moxibusion တို့၊ Massage တို့ ဆိုတာတွေက Western Medicine မှာ အကျုံးဝင်ပါသလား"

"မူလကတော့ ဒီကုထုံးတွေအားလုံးဟာ Alternative Medicine ထဲမှာပဲ ပါဝင်တာပါ။ ဒါပေမဲ့ အခုအချိန်မှာတော့ နိုင်ငံတကာမှာပါ Western Medicine ပညာရှင်တွေက လက်ခံလာကြပြီ ဖြစ်ပါတယ်"

(ဆက်ရန်)

ဉာဏ်မွှန်(စက်မှု)

❑

www.burmeseclassic.com

နယ်ချဲ့တို့ဖိမ့်ဖိမ့်တုန်ခဲ့ရသော မြန်မာ့အာကာနည်များ

မှတ်တော်တည်ကြကုန်လော့

အလောင်းမင်းတရား အောင်လေ့ကျတဲ့ဟော

ထွန်းလင်းသူ

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

'လုဇွတိ ပလုဇွတီတိ လောကော၊ သဘောနိယံ၊ လောကမံနှင့်၊ ဆက်ဆံကြဲကြိုက်၊ ကိန်းခန်းလိုက်ဖြင့်၊ ရစ်ဝိုက်မြစ်ဆုံ၊ ရွှေဘုံအင်းဝ၊ ပူရိန္ဒကား၊ နရသနင်း၊ မင်းလည်းရှင်းကွာ၊ ပြည်ရွာပျက်စီး၊ တောကြီးဟူလောက်၊ မျက်မှောက်ကင်္ကာ၊ သာသနာလည်း၊ ရောင်ဝါမလင်း၊ သို့ဖြစ်ခြင်းကို၊ မျှော်တင်းစေ့စေ့၊ ကြဲအောက်မေ့သော်၊ ပျောင်းခွေညွတ်ခွေ၊ လွမ်းတာဝေခဲ့ . . . '

ထီးသုဉ်းနန်းသုဉ်း မြို့သုဉ်းသုည သုဉ်းသုံးဝဖြင့် ရွှေပြည်အင်းဝ ပျက်စီးရပုံကို ပြန်ပြောင်းအောက်မေ့ လွမ်းငွေ့တဝေဝေ ဖြေနိုင်ပေါင်ဖြစ်ရပုံအား ဖော်ကျူးသီဖွဲ့ထားသော တမ်းချင်းရှည်ကြီးထဲမှ တမ်းချင်းအဖွင့် လက်ပန်းပွင့်လေးတွေ ဖြစ်ပါသည်။

အနှီ လက်ပန်းပွင့်လေးတွေက အလောင်းမင်းတရား ဦးအောင်ဇေယျနှင့် ပဇာသို့လျှင် ဆိုင်အံ့နည်း။ ဤသို့လျှင် အမေးရောက်လာနိုင်ပါသည်။ ရောက်မည် ဆိုကလည်း ရောတ်ထိုက်ပါပေသည်။ 'အောင်ဇေယျတဲ့ဟေ့' ကြုံးဝါးသံနှင့် အတူ အမြောက်သံ၊ စိန်သံ၊ လက်နက်လေးမြားသံတို့ အုန်းအုန်းထသွားလေရော့ဟု နားစွင့်ထားခါမှ 'ပျောင်းခွေညွတ်ခွေ၊ လွမ်းတာဝေခဲ့' ကြားလိုက်ရသောအခါ အဖြည့်စရာ ပဟေဠိပမာ ဖြစ်သွားကြပါလိမ့်မည်။

ဟုတ်ပါသည်၊ ထိုတမ်းချင်းသည် အလောင်းမင်းတရား ဦးအောင်ဇေယျအတွက်ရော မြန်မာတစ်မျိုးသားလုံးအတွက်ပါ ပဟေဠိဖြစ်ခဲ့ရပါသည်။ ပဟေဠိ ဆိုသည်မှာ အခိုမ်္ဘာယ် ဝှက်ထားသောအရာကိစ္စ ဖြစ်ပေရာ ပဟေဠိထဲတွင် အခိုဗ္ဘာယ် ပေါင်း မြောက်များစွာ ခိုဝင်ကိန်းအောင်းနေသည်မှာလည်း မမွတာပင် ဖြစ်သည်။

ထို့ကြောင့်ပင် ဖြစ်မည်။ ထိုတမ်းချင်းကို ဖတ်မိလေတိုင်း ဒုတိယမြန်မာနိုင်ငံတော်ကြီး ဘာကြောင့် ပြိုကွဲပျက်စီးသွားရသနည်း ဟူသော ပဟေဠိကို အဖြေရှာကြည့်မိရသည်။

ထိုအခါ -

'ပုဂ္ဂိုလ်ခြောက်မည်၊ သန္ဓေတည်သား၊ ဤသည် ပရိတ်၊ ရှစ်ဆယ်စိတ်တွင်၊ ခုတိတ်နောင်လျှင်၊ သံယောဇဉ်လည်း၊ အယဉ်စိစီ၊ တိဏီသာခန်း၊ ပျော်မမြန်းခဲ့၊ ထူးဆန်းကျူးလွန်၊ ဘုံသုံးတန်တွင်၊ နှိုင်းရန်ဟူကြောင်း၊ ရွေးချယ်ပေါင်းသော်၊ သောင်းကလွတ်ခွာ၊ ရာကကင်းဝေး၊ ကိုးယောက်ရွေးလျှင်၊ ရှင်ထွေးလှခေါင်၊ လှတန်ဆောင်သည်၊ ရှင်အောင်ကိုသာ လွမ်းမိခဲ့။'

ဟူသော 'ပုဂ္ဂိုလ်ခြောက်မည်' ခို သံဝေဂပိုဒ်စုံရတုကို ခြေရာခံမိသည်။ ပိုဒ်စုံရတု ဆိုသည်မှာ ဖော်ပြပါ အပိုဒ်မျိုးသုံးပိုဒ်ပါရှိသည်။ ယခု ဖော်ပြခဲ့သည်မှာ နံပါတ်တစ် ပထမ အပိုဒ်ဖြစ်ပါသည်။ သံဝေဂပိုဒ်စုံရတု ဆိုသည့်အတိုင်း 'သံဝေဂ' တရားတို့ဖြင့် ထုံမွမ်းထားသော ပိုဒ်စုံရတု ဖြစ်ပါသည်။

သံဝေဂ ဟူသည် 'သံသရာဘေးကို ထိတ်လန့်တာပေါ့'ဟု များသောအားဖြင့် သိကြသည်။ 'မှားကြောင်းသိ၍ သတိတရားရခြင်း' ကိုလည်း သံဝေဂဟုခေါ်ကြောင်း ပညာရှင်တို့ မိန့်ဆိုကြပါသည်။ ဟုတ်ပါသည်၊ ဖော်ပြပါ သံဝေဂ ပိုဒ်စုံရတုသည် သံသရာဘေးကို ထိတ်လန့်တာရော၊ လုပ်မှားပြောမှား ကြံစည်မှားခဲ့တာတွေရော ရောပြွမ်းထုံမွမ်းနေပါသည်။

(မှတ်ချက် ။ ။ မြန်မာတို့သည် ရှေးဟောင်းစာပေ အမွေအနှစ် လွန်စွာကြွယ်ဝသော လူမျိုးဖြစ်ပါသည်။ ထို ရှေးဟောင်းစာပေထဲတွင် ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတား၊ ဧချင်း၊ တမ်းချင်း၊ ဒွေးချီး၊ ဩချီး၊ လေးချီး၊ ဗုံကြီးသံ၊ လှေ့လှော်သံ၊ မော်ကွန်း စသည့် ကဗျာလက်မှားလည်း ပါဝင်သည်။ ထိုရှေးဟောင်းစာပေ ကဗျာ၊ လက်တို့သည် 'တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်သည်၊ ငှက်သွင်ပျံကြွ မတတ်သော်' ကဲ့သို့ အနုအလှ သမုဒယများဖြင့် ဖွဲ့ယှက်သီကုံးထားသကဲ့သို့ လက်ဝဲသုန္ဒရ (လက်ဝဲနော်ရထာ)၏ 'ပုဒ္ဓါဘိသေကမော်ကွန်း' မှ 'ရာမညရိုင်း၊ သုံးတိုင်းရေးရာ၊ လိုပြည့်ကာလည်း၊ ဟံသာဝတီ၊ ဌာနီအောင်ပွဲ၊ ရွှေနန်းထဲဝယ်၊ လက်ဝဲနော်ရထာ၊ ဘွဲ့သညာနှင့်၊ နေရာမြင့်ထု၊ ဝန်စုဝန်ငန်း၊ ပေးသိမ်းမြန်း၍၊ ရွှေနန်းဘုံပေါ်၊ နေ့ညပျော်၏' ကဲ့သို့ သမိုင်းမှတ်တမ်းများလည်း ရှိသည်။

ထိုသမိုင်းမှတ်တမ်းတို့သည် တိုင်းပြည်နှင့် လူမျိုးအတွက် တန်ဖိုးမဖြတ်နိုင်သော တန်ဖိုးအနှဏ္ဍထိုက်သည့် ရတနာများ ဖြစ်ပါသည်။

ဆိုလိုသည်မှာ. . . မကြာသေးခင်ကပင် ရှိုက်စပီးယား နှစ်လေးရာပြည့် အခမ်းအနားကြီးကို သူတို့ သက်ဆိုင်ရာ နိုင်ငံနှင့် နိုင်ငံတကာမှာ ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြုတင်ဆက်သွားကြသည်။ ကျွန်တော်တို့နိုင်ငံမှ ရှေးဟောင်းစာပေ ပညာရှင်များနှင့် စာပေလက်ရာများသည်ကား ခြဲ၊ ပိုးဟပ်၊ ကြွက်၊ ပင့်ကူတို့နှင့် အဆွေခင်ပွန်းဖွဲ့ကာ လမ်းဘေး စာအုပ်အဟောင်းဆိုင်များ၌ ဖုန်တသောသော မဖြစ်စေသင့်ပေဟူလို။)

ကောင်းပါပြီ။ ဤ'တမ်းချင်း'နှင့် ဤ'သံဝေဂပိုဒ်စုံရတု' ကို မည်သူ ရေးခဲ့ပါသနည်း။ မည်သည့်အချိန်တွင် ရေးခဲ့ပါသနည်း။ မည်သည့်အကြောင်းအရာကို အကြောင်းပြုပြီး ရေးခဲ့ပါသနည်း။

ထိုမေးခွန်းတို့အတွက် 'လက်ရာရှင်'၏ အတ္ထုပ္ပတ္တိကို အကျဉ်းမျှ ဖော်ပြခြင်းအားဖြင့် ပြည့်စုံနိုင်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟံသာဝတီရောက်မင်း' သည် ခမည်းတော် တနင်္ဂနွေ မင်း မြန်မာနှစ် ၁၀၉၅ ခုနှစ်၌ နတ်ရွာစံပြီးနောက် အသက် တော် (၂၀)တွင် အင်းဝရွှေနန်းကို ဆက်လက်စိုးစံတော်မူ၍ 'မဟာဓမ္မရာဇာဓိပတိ' ဟူသော ဘွဲ့နာမ်ကို ခံယူတော်မူသော သတိုးမင်းခေါင် ဖြစ်သည်။ မြန်မာနှစ် ၁၁၁၃ ခုနှစ်၌ ဟံသာဝတီမှာ မုဉ်းပြုသော ဗညားဒလသည် သားတော်အိမ်ရှေ့မင်း ဥပရာဇာနှင့် အင်းဝမြို့ကို ချီတက်ဝန်းရံ တိုက်ခိုက်ရာ အောင်မြင်၍ သတိုးမင်းခေါင်ကိုလည်း မိဖုရား၊ သားတော်၊ သမီးတော်တို့နှင့်တကွ ဖမ်းမိသဖြင့် ဟံသာဝတီသို့ ယူသွားလေသည်။ ဤသို့ ဖမ်းယူသွား၍ ဟံသာဝတီသို့ ရောက်ခြင်းကြောင့် 'ဟံသာဝတီရောက်မင်း' ဟူ၍ နောက်ကာလ ခေါ်ကြသည်။

မြန်မာနှစ် ၁၁၀၆ ခုနှစ် ကျရောက်သောအခါ ဟံသာဝတီမှာရှိသည့် မြန်မာကျေးကျွန် အမှုထမ်းကောင်းတို့နှင့် မသင့်မတင့် ကြဲသည်ဟူ၍ သတိုးမင်းခေါင်ကို မိဖုရား၊ သားတော်၊ သမီးတော်တို့နှင့်တကွ ရေမှာဖျောက်လေသည်။ ထို ဟံသာဝတီရောက် မင်းတရားကြီးသည် ဗဟုသုတ အကြီးအမြတ် ပညာနှင့် ပြည့်စုံသည်။ စောင်းငြင်းစသော အတီး အမှုတ်မျိုးနှင့် ကဗျာ၊ လင်္ကာ၊ ရတု၊ သီချင်းမျိုးတို့ကို တတ်ကျွမ်း၍ ရေးသားသီဆိုနိုင်သည်။ ဟံသာဝတီသို့ ရောက်သည်နောက် အင်းဝမြို့ကို တမ်းတ၍ ရေးတော်မူသော အင်းဝမြို့တမ်းချင်းသည် အလွန်ပင် ကောင်းမွန်လေသည်။

ဤမျှဖြင့် ပဗေဒိုသဖွယ် ဖော်ပြခဲ့သော 'တမ်းချင်း' နှင့် 'ပိုဖိစုံရတု'တို့၏ လက်ရာရှင်ကို သိကြရပေပြီ။ ဤဖော်ပြချက်အရ ဤလက်ရာရှင်မင်းတရားသည် အင်းဝထီးနန်းကို ဖျက်ဆီးပစ်ခဲ့သူဟု မည်သူမျှ ယုံနိုင်ကြလိမ့်မည် မဟုတ်ပေ။ လက်ရာရှင်မင်းတရား၏ အတ္ထုပ္ပတ္တိအကျဉ်းသည် ကြည့်ညှိလေးစားဖွယ်ရာတို့ဖြင့်သာ လွှမ်းခြုံထားပေရာ မင်းဆိုး မင်းညစ် ဟူ၍ ထင်ရက်စရာလည်း မရှိပါပေ။

သို့သော် ဖော်ပြပါအတ္ထုပ္ပတ္တိအကျဉ်းသည် အနုသုခုမ စာပေရပ်ဝန်းမှ တင်ပြချက်သာ ဖြစ်ပါသည်။ ဗဟုသုတ အကြားအမြင် ဉာဏ်ပညာနှင့် အနုပညာ စာပေရသကို ဆုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ရှိသေမြတ်နိုးလေ့ရှိသော စာပေရပ်ဝန်းမှ တင်ပြချက်သည် နူးညံ့သိမ်မွေ့နေမည်မှာ ဖြစ်တတ်သည့် ဓမ္မတာတရားဟူ၍သာ ဆိုရပါတော့မည်။

သို့သော် . . . သို့သော် . . .

နိုင်ငံရေးသုခမိန်နှင့် သင့်ိုင်းဗဟုသုတသိတို့ကမူ လက်တွေ့ကျကျ ဝေဖန်ထောက်ပြလေ့ရှိသည့် သဘောတရား အပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်၍ 'ဟံသာဝတီရောက်မင်းတရား' (၀၊) မဟာဓမ္မရာဇာဓိပတိ (၀၊) သတိုးမင်းခေါင်သည် 'အုပ်ချုပ်ရေး ညံ့ဖျင်းသောမင်း'ဟု တစ်တစ်ခွခွ ဝေဖန်ထောက်ပြခဲ့ကြလေသည်။

သမိုင်းသုတေသီတို့က ဤသို့လည်း ဝေဖန်ထောက်ပြခဲ့ကြပါသေးသည်။

အလောင်းမင်းတရား နန်းမတက်မီ ညောင်ရမ်းခေတ် (၉၅၉-၁၁၁၃)မှ၍ ခေတ်တစ်ခေတ် ရှိခဲ့သည်။ ယင်းခေတ်သည် နှစ်ပေါင်း (၁၅၄)နှစ်မျှ ကြာညောင်းခဲ့သည်။ ညောင်ရမ်းခေတ်တွင် ညောင်ရမ်းမင်းတရားလက်ထက် (၉၅၉-၉၆၇) မဟာဓမ္မရာဇာ (ခေါ်) အနောက်ဘက်လွန်မင်းတရားလက်ထက် (၉၆၇-၉၉၀)နှင့် သီရိသုဓမ္မရာဇာမဟာဓိပတိ (ခေါ်) သာလွန်မင်းတရားလက်ထက် (၉၉၁-၁၀၁၀) တို့မှာသာ ပြည်သူတို့သည် ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ခဲ့ကြသည်။

သာလွန်မင်း နတ်ရွာစံတော်မူပြီးနောက်တွင် နိုင်ငံတော် အခြေအနေမှာ လှိုင်းကြီးလေထန် အဆိုးလောကဓံတို့နှင့်သာ နှစ်ပါးသွားခဲ့ရသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် တိုင်းရေးပြည်မှု အစုစုသည် ဖွတ်ကျောပြာစုခရမအဆန်ကျွတ် ပွဲသည်ထက်မဲ့၊ ဆိုးသည်ထက်သာ ဆိုးခဲ့ရသည်။

အထူးသဖြင့် ညောင်ရမ်းခေတ်၏ နောက်ဆုံး မင်းနှစ်ပါးဖြစ်သော တနင်္ဂနွေမင်း (၁၀၇၆-၁၀၉၅)နှင့် မဟာဓမ္မရာဇာဓိပတိမင်း (၁၀၉၅-၁၁၁၃)လက်ထက်တို့တွင် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူပြည်သား ခုနစ်ရက်သားသမီးတို့ဘဝသည် ကြိမ်မီးအုံးကဲ့သို့ ယူကျုံးမရ အပူလုံးထကာ ဒုက္ခပင်လယ်ဝေခဲ့ကြလေသည်။

အင်းဝပြည်ကြီး ယိမ်းယိုင်ပြိုလဲ ရေအိုးကွဲသကဲ့သို့ ဖြစ်ရခြင်းမှာ ကသည်းတို့ ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကွေ့ရှမ်းနှင့် ဟံသာဝတီတို့ ပုန်ကန်ထကြွခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း စသည့် ထင်သာမြင်သာ သာမည အကြောင်းတရားများကြောင့် မဟုတ်ဘဲ အုပ်စိုးသူမင်းတရားတို့၏ အလွန်တရာ ပေါ့ပြက်ညံ့ဖျင်းသော အုပ်ချုပ်ရေးကြောင့်သာ ဖြစ်လေသည်။

ဟုတ်ပါသည်။ တိုင်းနိုင်ငံတစ်ခု ယိမ်းယိုင်ပြိုကွဲဆုံးရှုံးခြင်းသည် ဟိုလူ့ လက်ညှိုးထိုး၊ ဒီလူ့ လက်ညှိုးထိုး သာမည ကိစ္စများထက် အုပ်ချုပ်မင်းလုပ်သူတို့၏ အုပ်ချုပ်ရေး ညံ့ဖျင်းမှုကြောင့်သာ ဖြစ်ကြောင်း သင်ခန်းစာပေါင်း များစွာ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရလေပြီ မဟုတ်လော။

သမိုင်းသုတေသီ တချို့ကမူ ဟံသာဝတီရောက်မင်း၏ အားနည်းချက်၊ ပျော့ညံ့ချက်၊ ညံ့ဖျင်းချက်တို့ကို ဤသို့ နံပါတ်စဉ်ထိုး၍ ဒိုးဒိုးဒေါက်ဒေါက် ပျစ်ပျစ်နှစ်နှစ် ဝေဖန်ထောက်ပြကြပါသည်။

ဟံသာဝတီရောက်မင်းသည် -

(၁) နန္ဒမိတ်ကျော်ထင်၏ ကုန်းတိုက်မှုကြောင့် သီရိဇေယျနော်ရထာနှင့် သီရိဇေယျကျော်ထင်တို့ကို ကွပ်မျက်လိုက်၍ မဟာသီရိဇေယျသခ်ာ တစ်ဦးတည်း ဝန်ကြီးဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအချက်ကိုကြည့်လျှင် မင်းတရားသည် ကုန်းစကားကို ယုံလွယ်ကာ မိမိယုံကြည် အားထားရသူတို့အား အလွယ်တကူ ကွပ်မျက်ပစ်ခြင်းတို့ကြောင့် နှလုံးသား အရည်အသွေးတစ်ခုဖြစ်သည့် ဆင်ခြင်တွေးတောမှု အားနည်းသည်ဟု ကောက်ချက်ချပါသည်။

(၂) ရာထူးခန့်ပုံများကို လေ့လာကြည့်ရာတွင် နန်းတက်စဉ် အုပ်ချုပ်ရေးကျွမ်းကျင်သည့် မှူးကောင်း မတ်ကောင်းများ အတော်အတန် ရှိသေးသော်လည်း မိမိအပေါ် သြဇာညောင်းသည့် စာသံဝဆရာ ရာဇနန္ဒကို နန္ဒမိတ်ကျော်ထင် အမည်ဖြင့် အတွင်းဝန် ခန့်မိချိန်ကစ၍ ထိုသူ၏ ကုန်းခြောစကား တို့ကြောင့် ဝန်ကြီးများ ကွပ်မျက်ခံကြရသည်ကို တွေ့ရှိရသည်။

ထိုအချိန်မှစ၍ မှူးကောင်း၊ မတ်ကောင်းများ တဖြည်းဖြည်း လျော့နည်းလာသည်။ မှူးကောင်း၊ မတ်ကောင်းတို့အား ဆုံးရှုံးအောင် စီရင်မိသည့်အတွက် နန်းကျလုဆဲဆဲ အကျပ်အတည်း တွေ့ရသည့်အခါတွင် နောင်တကြီးစွာ ရခဲ့သည်။ မိမိအား ဒုက္ခပေးမည့်သူကို ဆရာတင်မိသည်ကလည်း ဆင်ခြင်တွေးတောမှု အားနည်းခြင်း ဖြစ်ပါသည်။

(၃) တွင်းသင်းတိုက်ဝန် မဟာစည်သူက 'မင်းတရားကား ရာဇဝင်၊ ပုံပြင်၊ ဗေဒင်၊ ကျမ်းဂန်ဗဟုသုတ၊ စောင်ငြင်းစသော အတီးအမှုတ် လေ့လာကျွမ်းကျင်တော်မူ၏။ အမှုထမ်း အရာထမ်းတို့ကိုလည်း မတိုမဲမြုပ်စေရန် စစ်ကြောခြင်း အထိုက်အလျောက် ပြုစုခြီးမြှောက်တော်မူ၏' ဟူ၍ ကောင်းကွက်ကို ခြီးကျူးသော်လည်း 'ဗိုလ်မှူး၊ တပ်မှူးတို့ အမှုကို ကြိုးပမ်း၍ မထမ်းသည်ကို မထမ်းသည့်အလျောက် အကွပ်အညှပ် မရှိသောကြောင့် အရေးတော်မပြီး၍ ပြည်ရွာအလွန်ချောက်ချား လေသတည်း' ဟူ၍ တင်းတင်းပြတ်ပြတ် အကဲဖြတ် ဝေဖန်ခဲ့သည်။

(၄) သေနုအချို့ရည်ကို သောက်အပ်၊ မသောက်အပ် ဟူ၍ ဆရာတော်အချင်းချင်း အငြင်းအခုံဖြစ်၍ နန်းတော်သို့ ပင့်၍ တရားကျမ်းဂန်ရှိသည်ကို ဆိုစေရာ ကျော်အောင်စံထား ဆရာတော်က သေနုကို သောက်အပ်ကြောင်း ကျမ်းဂန် ဝိနည်းလာသည်ကို အထောက်အထားဖြင့် ဆိုသည်။ စစ်ကိုင်းရွှင်သုဇာတက သေနုအချို့ရည်ကို မသုံးဆောင်အပ်ကြောင်း ကျမ်းကိုးကျမ်းခိုင်နှင့်ဆိုသည်။ ထိုအခြင်းအရာသည် ပြီးပြတ်မှု မရှိခဲ့ချေ။ ဆရာတော်၊ သံဃာတော်အချင်းချင်း အငြင်းအခုံဖြစ်ခြင်း၊ မသင့်မမြတ်ဖြစ်ခြင်းသည် တိုင်းပြည်အတွင်း စိတ်ဝမ်းကွဲစေပြီး တိုင်းသူပြည်သားတို့ကိုလည်း နှလုံးစိတ်ဝမ်း ညှိုးနွမ်းစေပါသည်။

(၅) နန်းတော်သစ်ဆောက်၍ စံခြင်း၊ ယာယီနန်းဆောက်၍ စံခြင်း၊ သင်္ကြန်ပွဲများကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ခြင်းတို့ကြောင့် 'ဤမင်းတရားသည် ပြည်ရေးရွာမှုတွင် စိတ်ဝင်စားမှုလည်း မရှိဘဲ အပျော်အပါးနှင့်သာ မွေ့လျော်နေလေ့ရှိသည်' ဟု စာဟောင်းတို့တွင် ဆိုထားသည်။

မင်းတရားနှင့် ခြေရံသင်းပင်းတို့သည် ကိုင်းကျွန်းများမှ အကိုင်းအခက်၊ အသီးအပွင့်၊ အညွှန့်အဖူးတို့ကို ခူးဆွတ်ရန် အချိန်မဟုတ်ဘဲနှင့် အပျော်အပါးအတွက် တွေ့ရာမြင်ရာ ရှိရှိသမျှ ခူးဆွတ်လေ့ရှိပေရာ ပြည်သူပြည်သား လူအများတို့ စိတ်အနှောင့်အယှက် ဖြစ်ကြရသည်။

(၆) မှူးကြီး၊ မတ်ကြီး အနီး၊ အဝေး မေးရာတွင်လည်း အရည်အချင်း အရင်းအမြစ် စိစစ်လေ့ မရှိ။ မင်းကျင့်တရား နှင့် မညီ။ ရှေးမင်းကောင်းမင်းမြတ်တို့၏ အစဉ်အလာတို့ကို ဖျက်ဆီးသည်။

(၇) ခေတ်စနစ် ကာလ၊ ဒေသ၊ ပယောဂကို နားမလည်။ နိုင်ငံတော်အတွက် စစ်ရေး စစ်သွေး ထက်မြက်၍ အုပ်ချုပ်ရေး ကျွမ်းကျင်လိမ္မာသော ဘုရင်ကို လိုအပ်နေချိန်၌ ဟံသာဝတီရောက်မင်းသည် လက်ရုံးရည် မဆိုထားနှင့် နှလုံးရည် (မင်းတစ်ပါးတွင် ရှိရမည့် အကြံအစည် စိတ်ကူးစိတ်သန်း)ကလည်း အားနည်းသည်။

ထို့ကြောင့် ကသည်းလို တိုင်းငယ်ပြည်ငယ်လေးကပင် မလေးမခန့် ကျူးကျော် စော်ကားလာသည်ကို ခံရသည်။ ကွေ့ရှမ်းတို့က ပခုံးချင်းယှဉ်လာသည်။ ဟံသာဝတီ၏ ပုန်ကန်ခြားနားမှုကြောင့် စီးပွားရေး အချက်အခြာ သန်လျင်ကို လက်လွတ်ဆုံးရှုံးရသည်။ ယိုးဒယား(ထိုင်း)တို့က မထီမဲ့မြင် ပြုလာသည်။ မန်ချူးတို့၏ အားစမ်းမှုကို ဖြတ်ပြတ်သားသား မတွန်းလှန်နိုင်မှုကြောင့် ၁၅၀၂ ခုနှစ်က စတင်၍ မင်းကြီးညို တည်ထောင်ခဲ့သော ဒုတိယ မြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်း (၂၅၀)အကြာတွင် ညောင်ရမ်းဆက်နှင့်အတူ ချုပ်ငြိမ်းခဲ့ရသည်။

(မှတ်ချက် ။ ။ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်သူမှာ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာ ဖြစ်သည်ဟု သမိုင်းပညာရှင်တို့ လက်ခံကြသည်။)

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် အလောင်းမင်းတရား ဦးအောင်ဇေယျ မတိုင်မီ မြန်မာနိုင်ငံ၏ ပုံရိပ်ကို ထင်ဟပ်ပြခဲ့ခြင်း ဖြစ်ပါသည်။ ထိုခေတ်ထိုအခါက နိုင်ငံရေးသွင်ပြင် လက္ခဏာများအရ ပြောရသော် မြန်မာ့ဦးစွန်း မြန်မာရှင်ဘုရင်သည် နေဝင်သွားခဲ့ပြီ ဖြစ်ပါသည်။ မြန်မာတို့ကိုလည်း စစ်နိုင်အုပ်စုများက မျိုးတုံးသတ်ဖြတ်နေချိန် ဖြစ်ပါသည်။ စစ်ဆေးမေးမြန်း၍ မြန်မာဟူ၍ သိရသည်နှင့် သတ်ဖြတ်ပစ်ကြလေသည်။

ဆိုလိုသည်မှာ ထိုအချိန် (ညောင်ရမ်းမင်းဆက် ပျက်သုဉ်းချိန်)တွင် မြန်မာတို့၏ ဘဝကား ပျောက်သောလမ်းမှာ စမ်းတဝါးဝါးသာမက ကူကယ်ရာမဲ့ဘဝ ဟူ၍သာ ဆိုရပါ

www.burmeseclassic.com

တော့မည်။ အနော်ရထာမင်း လက်ထက်တော်မှစ၍ တိုင်းရင်းသားအပေါင်း စုစည်းညီညွတ်စွာ တည်ထောင်လာခဲ့သော မြန်မာနိုင်ငံတော်ကြီးသည် စစ်အာဏာရှင် လူတစ်စု၏ အာဏာလုပွဲကြီးအောက်ဝယ် မရှိမလှ ဖရိုဖရဲ ဖြစ်ခဲ့ရပါသည်။

ပြောရမည်ဆိုလျှင် ကိုယ်ကျိုးစီးပွားအတွက် ကွက်ကွက်ကလေးကိုသာ ကြည့်ကြစတမ်းဆိုပါက ထိုစဉ်ခါ မြန်မာနိုင်ငံသည် အလဲလဲ အကွဲကွဲ အပြိုပြို အစုတ်စုတ်ဖြင့် ဘာမျှ မက်မောစရာ မရှိခဲ့ပါချေ။ ကြည့်လေရာရာ မီးလောင်ပြင် စစ်တလင်းနှင့် သူသေကောင် ရုပ်အလောင်းများ ပြန့်ကျဲလျက် သုသာန်တစပြင်မျှသာ ရှုမြင်ရမည် ဖြစ်ပါသည်။ ထိုစဉ် မြန်မာ့ပုံရိပ်သည်ကား 'ပျားတို့သည် မချို၊ ပို့တို့သည် မပေါက်၊ ယာတို့သည် ခြောက်ကုန်၏' ဟု ဆိုရချေတော့မည်။

ထိုကဲ့သို့ လကွယ်သန်းခေါင် မိုးမှောင်ကြီးကျနေစဉ် အခါသမယ၌ 'အောင်ဇေယျ'တည်းဟူသော နေမင်း၊ လမင်းကြီးသည် ပေါ်ထွန်းလာခဲ့ရပေသတည်း ဟူ၍ အခဲ့အညား ဆိုနိုင်ဖို့ရာ မည်မျှ ခက်ခဲ ဤပ်တည်းခဲ့မည်ကို စဉ်းစား၍သာ ကြည့်တော်မူကြပါလော့။

ထိုစဉ် အလောင်းမင်းတရား ဦးအောင်ဇေယျ ဟူ၍ ပေါ်ထွန်းလာမည့် ယောကျ်ားခေကောင်း ယောတျ်ားမြတ်၏ စိတ်အစဉ်၌ ဖြစ်တည်လာခဲ့သော မြင့်မြတ်နုလုံးသား လှပ်ခတ်သံစဉ်ကို 'လက်ဝဲနော်ရထာ' သည် 'အလောင်းမင်းတရားကြီး အတ္ထုပ္ပတ္တိ အနေတော်ပုံရာဇဝင်' ၌ ဤသို့ဖော်ကျူးမော်ကွန်းထိုးခဲ့လေသည်။

'ယင်းသောအခါ မြတ်သော ဗြဟ္မာကြီး၏ အနွယ်ဖြစ်သော ကမ္ဘာဦးသူတို့သည် မိမိတို့၏ ကိုယ်ရောင်ကိုယ်ဝါကွယ်သဖြင့် မှောင်အတိဖြစ်လတ်၍ လွန်စွာသော ကြောက်လန့်ခြင်း ရှိသောအားဖြင့် အလင်းရပါမည့် အကြောင်းကို ပြင်းသောအာသာရှိ၍ တောင့်တသည်တွင် တပေါင်းလပြည့်နေ့ နံနက် အရှေ့လောကဓာတ်မှ နေမင်းသည် တစ်ထောင်သော ရောင်ခြည်တို့ကို ဆောင်လျက် ထွက်ပေါ်သည်။ ညချမ်းသောအခါ နေမင်းကွယ်ပြန်လေလျှင် လမင်းသည် အလွန်ချမ်းမြသော အရောင်ကိုဆောင်လျက် ပေါ်ထွက်ပြန်သည်ဖြစ်၍ သတ္တဝါအပေါင်းတို့ ချမ်းသာရာ ရသကဲ့သို့ လည်းကောင်း၊

ကမ္ဘာဦး၌ ခပ်သိမ်းသော လူအပေါင်းတို့သည် ပို့ခိုကိုးကွယ်ရာ မရှိသော်ကြောင့် မဟာသမ္မတမင်းကြီးအား မင်းအဖြစ်ဖြင့် စိုးအုပ်တော်မူပါမည်အကြောင်းကို တောင်းပန်တြတုန်လတ်သော် မဟာသမ္မတမင်းကြီးလည်း လူအပေါင်းတို့တို့ ကရုဏာတည်းဟူသော သနားခြင်းဖြစ်၍ ဝန်ခံတော်မူသကဲ့သို့ လည်းကောင်း၊

အလောင်းမင်းကြီးသည် ဘုရားသခင် သာသနာတော် မပွင့်မလင်း မတောက်မထွန်း ညစ်နွမ်းခြင်း၊ သတ္တဝါအပေါင်းတို့ ကိုးကွယ်ရာမရ ပျက်စီးခြင်း မဖြစ်စေလို၊ လွန်စွာသော သမ္မာဆန္ဒတော် တိုက်တွန်းနှိုးဆော်တော်မူသည်ဖြစ်၍ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့သည် ပုဂံပြည်ကြီး၊ ပန်းယပြည်ကြီး၊ အင်းဝပြည်ကြီးတို့၌ အဘိသိက်ခံ၍ မင်းအဖြစ်ဖြင့် ဘုရားသခင် သာသနာတော်မြတ်ကို ခိုးမြှင့်ပြုစုခြင်း၊ သတ္တဝါအပေါင်းတို့ကို သိမ်းပိုက် မစခြင့်းတို့ဖြင့် ပြုစုသိမ်းပိုက် မစတော်မူကုန်သတည်း။

ယခုသည်လည်း ငါကိုယ်တော်ထင်ရှားရှိလျက် သာသနာတော် ညစ်နွမ်းခြင်း၊ သတ္တဝါအပေါင်းတို့ နစ်မွန်းခြင်း မဖြစ်ရာကောင်းချေ။ တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို သိမ်းရုံး မစတော်မူ၍ ဘုရားသခင် သာသနာတော်ကို အတိုင်းထက်အလွန် တောက်ထွန်းအောင် ခိုးမြှင့်ပြုစုတော်မူမည်ဟု ရည်ကြံတော်မူသတည်း။'

ဖော်ပြပါ အလောင်းမင်းတရား ဦးအောင်ဇေယျ အလောင်းအလျာ မုဆိုးဖိုရွာမှ ဦးအောင်ဇေယျ၏ ကြဲရွယ်တော်မူသော စိတ်စေတနာသည်တွား သာဓု အနုမောဒနာ အခါခါပြုစရာပင် ဖြစ်တော့ချေသည်။

ဟုတ်ပါသည်။ မင်းကောင်း မင်းမြတ် တို့ဟူသည် ရန်သူနှင့်တွေ့သော် မီးလို၊ ပြည်သူနှင့်တွေ့သော် ပန်းလို ဖြစ်ရမည်။ ရန်သူနှင့်တွေ့သောအခါ 'ကျေးလူးရှင်မို့ ကြောက်နေရတယ်' ဟူသော အစိုးရမျိုး၊ ပြည်သူနှင့်တွေ့သောအခါ အမြင်ကတ်ပုဒ်မတွေ တန်းစီတပ်ပြီး ပါးရိုက်မယ်၊ နားရိုက်မယ်၊ အကုန်ထောင်ထဲထည့်ပစ်မယ် ဟူသော အစိုးရမျိုးသည် မင်းဆိုးမင်းညစ်သာ ဖြစ်လေသည်။

'ငါတို့ အစွမ်းကုန် ကောင်းစားရမယ်၊ ငါတို့ သားစဉ်မြေးဆက် ဆယ်ဘဝ ဆယ်ကမ္ဘာ သုံးမကုန် ဖြုန်းမကုန် ချမ်းသာကြွယ်ဝရမယ်၊ ပြည်သူတွေကတော့ ဘယ်တော့မှ အညွန့်မထွက်စေနဲ့၊ သူတောင်းစားတွေ ထမင်းဝတော့ ဟိုအတွဲ့ တောင်လိမ့်မယ်၊ အဲဒီကောင်တွေ အားလုံး တစ်နေ့ ထမင်းတစ်နပ်ပဲ စားခိုင်း၊ ငွေနှစ်ထောင်နဲ့ လောက်အောင် သုံးခိုင်း၊ ထာဝရ စုတ်ပြတ်သတ် ပိန်လိမ်ချိုင့်ခွက် မွဲတေအညွန့်တုံး အောက်ကျနောက်ကျ နေကြပစေ' ဟူသော အစိုးရမျိုးဆိုလျှင် မင်းဆိုးမင်းညစ်ထက် အဆရာထောင်သိန်းသန်းကုဋေ သာလွန်သော 'မင်းစုတ်ပြတ်သတ် ပိန်လိမ်ချိုင့်ခွက် သူခိုးဓားပြ အစိုးရ' သာ ဖြစ်ပေတော့သည်။

မင်းအစိုးရဟု ပညတ်အားဖြင့်သာ မလွဲမရှောင်သာ ထည့်သွင်းပြောနေရသော်လည်း ထိုသူတို့ကား တောတွင်းပုံပြင်ထဲက ဇောင်းလဲ မြေခွေးထက်ပင် အောက်တန်းကျသော လူပြိတ္တာများသာ ဖြစ်သည်။ လူတိရစ္ဆာန်များသာ ဖြစ်သည်။ မသေခင်မှာပင် ငရဲသားဖြစ်နေသော လူငရဲကောင်များ ဖြစ်သည်။ ကမ္ဘာ့ရာဇဝင်ကို လှန်ကြည့်လိုက်လျှင် ထိုကဲ့သို့ လူပြိတ္တာအစိုးရ၊ လူတိရစ္ဆာန်အစိုးရ၊ လူငရဲကောင်အစိုးရများကို

www.burmeseclassic.com

www.burmeseclassic.com

အော့နှလုံးနာဖွယ်၊ အော်ဂလီဆန်ဖွယ် တွေ့မြင်ရမည်မှာ အားလုံးအသိပင် ဖြစ်သည်။

ယခု အလောင်းမင်းတရား ဦးအောင်ဇေယျသည်ကား မုဆိုးဖိုရွာတွင် သူ့ဘာသာသူ အေးအေးလူလူ နေထိုင်နေသူ ဖြစ်သည်။ မင်းအဖြစ်ကို စိတ်မဝင်စား၊ ငါ့သား ငါ့မယား ငါ့ဆွေသားတို့ ကောင်းစားရမည်ဟူသော မတော်လောဘ လည်း မရှိ၊ သမ္မာဒိဋ္ဌိ သန့်ရှင်းသော သက်မွေးဝမ်းကျောင်း မှုဖြင့် ဘဝကို ရိုးရိုးသားသား ကြည်ကြည်လင်လင် တည် ဆောက်ထားသူ ဖြစ်သည်။

အချိန်အခါနှင့် အခြေအနေအရ နိုင်ငံရေးထဲ ခြေစုံ ပစ် ဝင်လာချိန်တွင်လည်း အတ္တကိုရှေ့တန်းတင်၍ ဝင်လာသူ မဟုတ်၊ အမျိုး၊ ဘာသာ၊ သာသနာတော်အတွက် ဦးထိပ် ရွက်ပြီး သဲကုန်ကြိုးပမ်း ဦးလည်မသုန် ဝင်ရောက်လာခြင်း သာ ဖြစ်သည်။ ပကတိ နိုင်ငံတော်၏ အခြေအနေကလည်း ရာဇပလ္လင် မဆိုထားနှင့် ထန်းပလပ်ထိုင်ခုံပင် ကောင်းကောင်း မရှိ။ ဦးအောင်ဇေယျ၏ တည်ဆောက်ရုန်းကန်မှုသည် 'တစ်' က စရသည်မဟုတ်၊ သုညက စခြင်း ဖြစ်လေသည်။

ထိုသို့ ကုန်းကောက်စရာ မရှိလောက်အောင် ခြောက် သွေ့ ရှားပါးလှသောဘဝမှ ကုန်းဘောင်ပြည်ကြီး ထိန်ထိန် ညီးအောင် တည်ထောင်နိုင်ခဲ့သော ဦးအောင်ဇေယျတွင် ဘာအဆောင်ကောင်းများ ရှိ၍နည်း။ ဦးအောင်ဇေယျ၏ 'အဆောင်ကောင်း' များကို သမိုင်းသုတေသီ၊ နိုင်ငံရေး သုတေသီတို့ ဤသို့ ဖော်ထုတ်တင်ပြခဲ့လေသည်။

ဦးအောင်ဇေယျ၏ အဆောင်ကောင်းမှာ 'စည်းရုံးရေး စွမ်းအား'ပင် ဖြစ်ပါသည်။ ထိုစည်းရုံးရေးစွမ်းအားသည်လည်း ငါးမျိုး ငါးစား ရှိလေသည်။ ဘာတွေများပါနည်း။ ဤသို့ ဖြစ်ပါသည်။

(၁) သဘာဝစည်းရုံးရေး၊
(၂) သရုပ်ပြစည်းရုံးရေး၊
(၃) အခွင့်အရေးပြစည်းရုံးရေး၊
(၄) ပညာပေးစည်းရုံးရေး၊
(၅) အာဏာပြစည်းရုံးရေး။

(၁) သဘာဝစည်းရုံးရေး ဆိုသည်မှာ စည်းရုံးရေး အခြေခံ အုတ်မြစ် ဖြစ်လေသည်။ ထိုအခြေခံအုတ်မြစ် မခိုင်မာသော် ကျန်စည်းရုံးရေး လေးပါး အလိုအလျောက် ပျက်ပြယ်သည်။ သဘာဝစည်းရုံးရေးသည် အခြားမဟုတ်၊ ပတ်ဝန်းကျင်၏ ပြုပြင်စီရင်မှုပင် ဖြစ်လေသည်။ ပတ်ဝန်းကျင် ဆိုသည်မှာ လည်း မိမိနှင့် လိုက်လျောညီထွေ သဟဇာတ ဖြစ်သော ပတ်ဝန်းကျင်၊ မိမိနှင့် မညီမညွတ် သဟဇာတ မဖြစ်သော ပတ်ဝန်းကျင် ဟူ၍ နှစ်မျိုးရှိသည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မုဆိုးဖို စသော မူးမြစ်ဝှမ်းလွင်ပြင်တစ်လျှောက်တွင် မှီတင်း နေထိုင်သူတို့နှင့် သွေးချင်း ဆက်နွယ်နေသူ ဖြစ်သည်။ မူးမြစ်ဝှမ်းလွင်ပြင်တွင် မြန်မာ၊ ရှမ်း၊ ကတူး၊ ပျူ၊ ချင်း၊ ကချင် စသော တိုင်းရင်းသားတို့သည် အချင်းချင်း သွေးနှောရှိ 'မြန်မာ' ဟူသော အမည်ကိုပင် ခံယူကာ ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ စသည်တို့မှာလည်း တူညီကြသည်။

ထို့ကြောင့် ထီးကျိုးစည်ပေါက် တိုင်းပြည်ကြီး ကမောက်ကမ ဖြစ်လာသောအခါ မူးမြစ်ဝှမ်းလွင်ပြင်ရှိ ပြည်သူတို့သည် ခေါင်းဆောင်ကောင်း အင်္ဂါရုပ်များ ပြည့်စုံ သည့် ဦးအောင်ဇေယျအား အားကိုးလာကြသည်။ ဦးအောင် ဇေယျ၏ ခေါင်းဆောင်မှုအောက်တွင် တညီတညွတ် ဦးဆွေ ဆံမြည့် ထမ်းဆောင်ကြရန် စိတ်ဓာတ်များ တက်ကြွနေကြ သည်။ ဤအချက်သည် ဦးအောင်ဇေယျအတွက် သဘာဝ၊ အလျောက် ဖြစ်ထွန်းတည်ရှိနေသော 'သဘာဝစည်းရုံးရေး အင်္ဂါတစ်ရပ်' ပင် ဖြစ်လေသည်။

နောက်တစ်ချက်မှာ မဟာဓမ္မရာဇာဓိပတိမင်းလက် ထက်တွင် ပြည်သူတို့ ဝတ်မှုတ်ခေါင်းပါးလှသည်။ သူခိုး၊ ဓားပြ ပူလွန်းလှသည်။ သစ်ခေါက်ဆိုးဝတ် ဘုန်းကြီးရှင်ယောင် ငည်း သည် 'ဟိန်ဘုန်းကြီး' ဟူသော အမည်ကိုခံယူ၍ တိုက်ခိုက် လုယက် သောင်းကျန်းသည်။ ထိုအခါ ကျေးရွာအကြီးအကဲ တို့သည် မိမိတို့ကျေးရွာ လုံခြုံရေးအတွက် ဆူးတပ်၊ သစ်တပ် ကာရံလျက် အခိုင်အလုံ နေကြရသည်။ ဤသို့ဖြင့် မုဆိုးဖို ဝန်းကျင်တွင် ပဒေသရာဇ်ဝင်ယ်များ ပေါ်ပေါက်လာသည်။ မဟာဓမ္မရာဇာဓိပတိမင်းကလည်း ထိုပဒေသရာဇ်ငယ်များကို ဘွဲ့ထူး ဂုဏ်ထူးပေးပြီး အချိုသတ်ထားရသည်။

ဤသို့ဖြင့် ရောဂါဆိုးကို မကုသဘဲ ကျပန်ဖယောင်း 'ချက်ဖြင့်သာ ကပ်ထားလေရာ နောက်ဆုံးတွင် အညော်ဝင်ပြီး သေဆုံးရသကဲ့သို့ တိုင်းပြည်လည်းဆုံး ဘုရင်လည်း အသတ် ခံရလေတော့သည်။ ထိုအခါ အားကိုးရာမဲ့ကြရှာသော ပြည်သူပြည်သား အပေါင်းတို့မှာ စွမ်းရည်သတ္တိ ပြည့်ဝသော ဦးအောင်ဇေယျကို အားကိုးအားထား ပြုလာကြသည်။ ဤ အချက်သည်လည်း ဦးအောင်ဇေယျအတွက် သဘာဝ စည်းရုံး ရေးတစ်ရပ် ဖြစ်ခဲ့ရလေသည်။

ဤအချိန်ကာလ သမယတွင် အတိတ်၊ နိမိတ်၊ တဘောင်တို့ကို ယုံကြည်စွဲလမ်းသော မြန်မာတို့ကြားဝယ် တဘောင်တစ်ခုက ထူးထူးဆန်းဆန်း ပေါ်ထွက်လာသည်။

'အမယ်ကြီးနှင့် ဘကြီးတားရှိ
လားလားမနိုင် သောကြာသားက စကားခိုင်
သံတိုင်ကျောက်ခဲ လူပျိုချင်းတွင် မိုလို့ကဲ
ပဲနှင့်ပြောင်းကို ဟောင်းလျှင်ပစ်၍
အသစ်ရှာ အောင်ပါလေလား သောကြာသား

www.burmeseclassic.com

www.burmeseclassic.com

သောကြောသားကို နတ်များပုံပေါင်း ဆုကြိုးတောင်း
ကောင်း၏မြောက်မှာ အိမ်ကခွာ
ပြုရာမှာစွမ်း မောင်လူပျို မယ်ကမှန်း
စိန်ပန်း ရင်းမာ ပြိုင်လာဘက်ရှိုး
နောက်မှပေါ်သည့် တောင်တစ်လုံး
ဆံထုံးပေါ်တွင် မျှမဆင်
ဂူတော်ပြင်မှာ မှန်ပင်စိုက်ချင်သည်တည့်လေ။'

ထို့အပြင် ဦးအောင်ဇေယျ မွေးဖွားစဉ် မြေလျင်ပဲ့တင်ထပ်မျှ နေ့ညဉ့်များစွာ တုန်လှုပ်ခြင်း၊ တော်လည်းခြင်း အဖတိတ်၊ နိမိတ်တို့ ဖြစ်ပေါ်ခဲ့သည်။ အသက် (၂၂) နှစ်အရွယ်တွင် အာခံတွင်းမှ အနိုးအလှုံ့ထွက်ခြင်း၊ ညာလက်ရုံးမှ မီးတောက်ခြင်း စသော အတိတ်ကောင်း နိမိတ်ကောင်းများ ဖြစ်ပေါ်ခဲ့သည်။ မြောက်အရပ်မှ မင်းလောင်းပေါ် မည်ဟု ကောလာဟလ ပျံ့နှံ့ကျော်ကြားခဲ့သည်။ ဤဖြစ်စဉ်ဖြစ်ရပ်များကလည်း ဦးအောင်ဇေယျအပေါ် ပြည်သူအများက 'မင်းဖြစ်မည့်သူ' ဟူသော ယုံကြည်ချက်ကို အားပေးထောက်ပံ့နေသည်။ ဤအချက်များကလည်း ဦးအောင်ဇေယျအတွက် သဘာဝတရားအလျောက် ဖြစ်ပေါ်နေသော သဘာဝစည်းရုံးရေးပင် ဖြစ်လေသည်။

မြန်မာနှစ် ၁၁၁၃ ခု နှောင်းတန်ဆူးလဆန်း ၈ ရက်တွင် ရတနာပူရ အင်းဝနေပြည်တော်ကြီး ပျက်သုဉ်းသည်။ ထိုအခါ ဟံသာဝတီ အိမ်ရှေ့ဥပရာဇာ ဦးဆောင်သော ရဲမက်တို့သည် အင်းဝနန်းတော်မှ မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ မင်းညီ မင်းသား စသည့် သက်ရှိတို့ကိုလည်းကောင်း၊ ရွှေငွေကျောက်သံပတ္တမြား စသည့် သက်မဲ့ အဖိုးတန်ရတနာတို့ကိုလည်းကောင်း ဟံသာဝတီသို့ ခေါ်ဆောင်သယ်ယူသွားကြသည်။ အင်းဝရွှေနန်းတော်ကြီးနှင့်တကွ မိုးထိကျောင်း၊ မြို့နိုင်ကျောင်း စသော တော်ဝင်အဆောက်အအုံများ အပါအဝင် နေပြည်တော်တစ်ရပ်လုံးကို မီးတိုက် ဖျက်ဆီးသွားကြသည်။

ထိုအခါ မင်းမူထမ်းတို့နှင့်တကွ တိုင်းသားပြည်သူတို့သည် မီးလောင်တိုက် အသွင်းခံရသကဲ့သို့ ကမ္ဘာပျက်သော နေ့များစွာကို မောဟိုက်ပင်ပန်းစွာ ဖြတ်သန်းကြရသည်။ ဟံသာဝတီမင်း (မွန်မင်း)၏ လက်အောက်တွင် နေထိုင်လိုခြင်း မရှိကြသည့်အတွက် ဦးအောင်ဇေယျ ဦးဆောင်သော မြန်မာ့အသိုင်းအဝိုင်းသို့ ခိုဝင်လာကြသည်။ ဤအချက်သည်လည်း ဦးအောင်ဇေယျအတွက် အောင်မြင်သော သဘာဝစည်းရုံးရေးတစ်ရပ် ဖြစ်ခဲ့ရလေသည်။

(၂) သရုပ်ပြစည်းရုံးရေး ဆိုသည်မှာ ကိုယ်တိုင်ကိုယ်ကျ ထက်တွေ့လှုပ်ဆောင် ပြသခြင်းပင် ဖြစ်သည်။ ဦးအောင်ဇေယျသည် ငယ်စဉ်ကပင် လောကဝတ်၊ ရာဇဝတ်၊ ဓမ္မဝတ် တို့ကို လေ့လာကျွမ်းကျင် နားလည်သူဖြစ်သည်။ မင်းလုပ်တော့မည် ဆိုသောအခါကျမှ ဟိုပေထုပ်လှန်၊ ဒီပုရပိုက်ဖွင့် လုပ်ရသူ မဟုတ်။ အသက် (၂၂)နှစ် ပြည့်ပြီးချိန်မှစ၍ မိမိဝါသနာ၊ မိမိယုံကြည်ချက်ဖြင့် စကြဝတေးမင်းကောင်းမင်းမြတ်တို့ ကျင့်သုံးဆောက်တည်ရာဖြစ်သော အကျင့်မြတ်တို့ကို ဧလေ့လာသင်ယူ ဆည်းပူးတတ်မြောက်ထားသူ ဖြစ်သည်။ ထိုအချက်ကြောင့် ပတ်ဝန်းကျင်လူထု၏ လေးစားကြည်ညိုမှုကို ခံယူရရှိခဲ့သူ ဖြစ်သည်။

ဤသို့ လူထု၏ လေးစားကြည်ညိုမှုကို ခံယူရရှိခဲ့သည် ဖြစ်သောကြောင့်လည်း အင်းဝနေပြည်တော်ကြီး ပျက်စီးသောအခါ အနီးဝန်းကျင် ပြည်သူပြည်သား အပေါင်းတို့က 'မင်းအဖြစ်ကို ယူ၍ သတ္တဝါအပေါင်းတို့ကို ကယ်ဆင်တော်မူပါ' ဟု သမ္မတမင်းကို ခြိုးပင့်လျှောက်ထားကြသကဲ့သို့ ခြိုးပင့်လျှောက်ထားကြခြင်း ဖြစ်သည်။

ဦးအောင်ဇေယျကလည်း ပြည်သူလူထု၏ ဆင်းရဲဒုက္ခကို ကယ်တင်မည်ဟု အဓိဋ္ဌာန်ပြုပြီး အာဇာနည်ယောက်ျားကောင်းပီပီ မတွန့်မဆုတ် မရွံ့မထိတ် သံမဏိစိတ်ဓာတ်ဖြင့် မိမိကိုယ်မိမိ 'ဘုရားလောင်း'အဖြစ် ကြွေးကြော်ကြေညာကာ 'အလောင်းမင်းတရား' ဟူသောဘွဲ့ကို ခံယူသည်။ ဤဖြစ်စဉ်နှင့် ပတ်သက်၍ သမိုင်းရာဇဝင် အစောင်စောင်တွင် ဤသို့ ဖော်ပြခဲ့လေသည်။

'အလောင်းမင်းတရားကြီး ဘုရားလည်း ဘုရား
အလောင်း မင်းကောင်းမင်းမြတ်တကာတို့ မစွန့်
မြဲသော အလျှာသယ သမ္မာဆန္ဒတော် နှိုးဆော်
တိုက်တွန်းအပ်သည်ဖြစ်၍ ငါသို့သော မင်းမျိုး
မင်းမြတ် ရှိသည်ဖြစ်လျက် ဘေးလောင်းတော်
တို့၏ အရိုက်အရာ သာသနာတော်၏ အခြေ
အမြစ်ဖြစ်သော တိုင်းကားရှင်လူ ပြည်သူသတ္တဝါ
အပေါင်းတို့ ဆင်းရဲဖြင့် မနစ်မွန်းကောင်းပလေ။
ငါသည် သမ္မာသမ္ဗောဓိ သဗ္ဗညုဆုကို ပန်ယူ
တော်မူသည်နှင့်အညီ စရိယသုံးပါးကို ဖြည့်ကျင့်
တော်မူရအံ့သောအခါတန်ပြီ။ ငါသည်သာလျှင်
သတ္တဝါအပေါင်းတို့ ကိုးကွယ်ရာ ဖြစ်စေအံ့။'

ဤဖော်ပြချက်ကို လေ့လာသုံးသပ်ခြင်းဖြင့် ဦးအောင်ဇေယျသည် မိမိကိုယ်မိမိ စရိယသုံးပါး ဖြည့်ကျင့်တော်မူသော ဘုရားလောင်းအဖြစ် ဝန်ခံတော်မူ၍ ဘုရားလောင်းကျင့်စဉ်ကို လက်တွေ့ကျင့်သုံး နေထိုင်ခြင်းသည် စနစ်တကျ ကျင့်သုံးနေထိုင်သော သရုပ်ပြစည်းရုံးရေးတစ်ရပ် ဖြစ်ခဲ့ရပါသည်။

မုဆိုးဖိုကို မြင်း ၃၀၀၀၊ စစ်သူရဲ ၄၅၀၀၀ (လေးသောင်းငါးထောင်)ဖြင့် အထပ်ထပ်ဝန်းရံထားသော ဟံသာဝတီတပ်ကြီးကို အလောင်းမင်းတရား ဦးအောင်ဇေယျ ကိုယ်တော်တိုင် စီမံကွပ်ကဲ တိုက်ခိုက်သည်မှာလည်း သရုပ်ပြစည်းရုံးရေးပင် ဖြစ်ပါသည်။ ထိုသို့ တိုက်ခိုက်ပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ဤသို့ ဖော်ပြထားသည်-

www.burmeseclassic.com

'အလောင်းမင်းတရားကြီးဘုရားလည်း သက္ကရာဇ် ၁၁၁၄ ခု၊ ကဆုန်လပြည့်ကျော် ရှစ်ရက်၊ သောကြာနေ့၊ မွန်းယိမ်း နှစ်ချက်တီး အကျော် နှစ်မောင်းတွင် အကယ်တန္တုအားဖြင့် တာဝတိံသာမဟာသုဒဿနမြို့သို့ ချီတက်လာကုန်သော အသူရာစစ်သည်တို့ကို နှိမ်နင်းအံ့သောငှာ မင်္ဂလာရှိသော စိတ္တကုဋိတံခါးမှ သိကြားထွက်စံသကဲ့သို့ အောင်တံခွန်ကို လွှားလွှားလွင့်တော်မူ၍ သားတော်မြတ်နှစ်ပါးနှင့်တကွ ဆွေတော်၊ မျိုးတော်၊ ကျွန်တော်ရင်း (မြင်းရည်တက်) ခြောက်ဆယ့်ရှစ်ယောက်၊ ရွာခေါင်း လေးဆယ့်ခြောက်ယောက်၊ အစုအပူထမ်း လက်နက်စွဲသူရဲအပေါင်း ခြံရံလျက် မင်းတို့စံပယ်ခြင်းဖြင့် စည်တော်ရွှန်း၍ အရှေ့မျက်နှာ လက်ယာတံခါးမှ ရွှေထီးဖြန့်လျက် ထွက်တော်မူသည်။'

ဤကဲ့သို့ ကိုယ်တော်တိုင် သေနင်္ဂဗျူဟာကျင်း၍ တပ်တော်ဦးမှ တက်တက်ကြွကြွ ထက်ထက်သန်သန် ရဲဝံ့စွန့်စား တိုက်ခိုက်ခြင်းကြောင့် ဗိုလ်မှူး၊ တပ်မှူး၊ စစ်သည်ရဲမက်တို့သည်လည်း သက်စွန့်ကြိုးပမ်း ထမ်းရွက်လိုစိတ်များ တဖွားဖွား ဖြစ်ပေါ်စေသည်။ တစ်ဖက်ရန်သူတို့ကိုလည်း ထိတ်လန့်ချောက်ချားစေသည်။

လက်တွေ့ဖြစ်စဉ်တွင်လည်း ရွှေထီးဖြန့်ခြင်း၊ အောင်လံထိုး၍၊ မြေမိုးတုန်ဟည်း၊ အောင်သံကြီးဖြင့်၊ အံ့ဩချီးဖွယ်ရာ၊ ခမ်းနားစွာ ချီတက်တိုက်ခိုက်လာသော ဦးအောင်ဇေယျ၏ တပ်မတော်ကြီးကို မြင်ကြရသော ဟံသာဝတီတပ်သည် တုန်လှုပ်ချောက်ချား အယောင်ယောင် အမှားမှားဖြစ်လျက် တပ်ပျက်ဆုတ်ခွာသွားခဲ့ရသည်။

ဦးအောင်ဇေယျသည် ထိုကဲ့သို့ စစ်ပွဲတိုင်းတွင် ကိုယ်တော်တိုင် ဦးဆောင်တိုက်ခိုက်ခြင်းကြောင့် တိုက်ပွဲတိုင်း အောင်ပွဲရခြင်းနှင့်အတူ ဦးအောင်ဇေယျအတွက် သရုပ်ပြစည်းရုံးရေး စွမ်းရည်သည်လည်း တိုးတက်အောင်မြင်ခဲ့ရလေသည်။

ဦးအောင်ဇေယျ၏ သရုပ်ပြစည်းရုံးရေး မည်မျှအောင်မြင်ခဲ့သနည်းဆိုသော် အမေရိကန်သာသနာပြု မော်လကွန်း၏ 'အင်းဝပြည်မှာ နှစ်နှစ်ကြာ' စာအုပ်တွင် ဤသို့ ဦးကျူးရေးသားခဲ့ရသည်အထိ အောင်မြင်ခဲ့ပါသည်။ ရှုပါလေ။

'စစ်ဦးစီးဖြစ်သော မင်းသားသည် ရန်သူနှင့် တစ်ပွဲတစ်လမ်းမျှ ရင်ဆိုင်ခဲ့ခြင်း မရှိချေ။ နောက်လိုက် စစ်သည်တော်များသာ ရှေ့ဆုံးက တိုက်ခိုက် ဆုံးရှုံးခဲ့ရသည်။ ဤနေရာ၌ ကုန်းဘောင်နန်းဆက် တည်ထောင်သူ ဘိုးလောင်းတော် အလောင်းမင်းတရားနှင့် များစွာကွာခြားသည်ဟု ဆိုရပေမည်။ အလောင်းမင်းတရားကား စစ်ပွဲတွင် ရှေ့ဆုံးမှ ချီတက်လေ့ရှိခဲ့သည်။'

မြန်မာ-အင်္ဂလိပ် ပထမစစ်ပွဲ၌ သာယာဝတီမင်းသား၏ စစ်ပွဲ ဆင်နွှဲပုံကို ဘိုးလောင်းတော် အလောင်းမင်းတရား စစ်တိုက်ပုံနှင့် နှိုင်းယှဉ် မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပါသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် အဆုံးအဖြတ် ပေးနိုင်စွမ်းရှိသည်၊ အထူးအရေးပါလှသည့် တိုက်ပွဲကြီးများတွင် 'အဓိဋ္ဌာန်ပြု' ပုံကလည်း သရုပ်ပြစည်းရုံးရေးအတွက် လွန်စွာအရေးပါခဲ့သည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် မုဆိုးဖိုတိုက်ပွဲတွင် ဤသို့ သစ္စာအဓိဋ္ဌာန် ပြုခဲ့ပါသည်။

'ငါတည်း မင်းမျိုးမင်းမြတ် မှန်သည်ဖြစ်၍ ရဟန်းရှင်လူ ပြည်သူတကာ သာသနာတော်မြတ်၏ စီးပွား၊ မယ်တော်၊ ခမည်းတော်၊ ဆွေတော် မျိုးတော်တို့၏ စီးပွား၊ သားတော်အစဉ် မြေးတော် အဆက် မြစ်တော်အညွှန့်တိုင်အောင် ဆောင်တော်မူထိုက်သည်မှန်လျှင် သိကြား၊ စတုလောကပါလ၊ သာသနာတော်မြတ်ကို စောင့်ကုန်သော သမ္မာဒေဝ နတ်မြတ်အပေါင်း ကောင်းသောကြည့်ရှုခြင်းဖြင့် ညီညာရွှင်ဆောင်သည်ဖြစ်၍ အလွယ်တကူ ရန်သူတော်တို့ကို အောင်မြင်စေသော'

ထို့သို့ သစ္စာအဓိဋ္ဌာန် ပြုပြီးသော် ရွှေကရားဖြင့် ရေသွန်းလောင်းတော်မူသည်။ သွန်းလောင်းလိုက်သော ရေသည် မြေပေါ်သို့ ရောက်သည်နှင့် -

"အောင်ခါ ရောက်ပြီ၊
အောင်ချိန် သင့်ပြီ၊
အောင်ခါ တန်ပြီ"

ဟူ၍ အလွန်အောင်မြင် ခံ့ညားသော အသံတော်ဖြင့် တစ်ကြိမ်တော်မူလိုက်ပြန်ရာ အလောင်းမင်းတရားကြီး၏ အသံတော်ကို ကြားရသော တစ်ဖက်ရန်သူ ရဲမက်တို့သည် လက်ထဲတွင် ကိုင်ဆောင်ထားသည့် လက်နက်များ အယောင်ယောင် အမှားမှားဖြင့် လွတ်ကျကုန်လေသည်။

ဤသည်လည်း စိတ်ထားမွန်မြတ် သန့်စင်သော အာဇာနည်ခေါင်းဆောင်ကောင်း၏ သရုပ်ပြစည်းရုံးရေး အာနုဘော်ပင် ဖြစ်ပေသတည်း။

(ဆက်ပါဦးမည်)

ရိုသေစွာ ဦးညွတ်လျက်-

ထွန်းလင်းသူ

❑

www.burmeseclassic.com

www.burmeseclassic.com

ဆိုခဲစေ ပြုစေ

ကျော်သူရနိုင်(အဝေရာ)

စကား။

လူပါးစပ်ထဲမှ ထွက်ပေါ်လာသော အသံဟူသမျှသည် စကားသံများသာဖြစ်သည်။ "အ" သည်၊ "ဆွဲ" သည် ဆိုပေမယ့် ထိုသူ၏ ပူးပါးသံသည်ပင် စကားဖြစ်လေသည်။

နှုတ်တစ်ရာ၊ စာတစ်လုံး ဟူ စကားသံ၏ လေတွင် ပျောက်ပျက်ပုံကို စာရေး မှတ်သားထားခြင်းက တန်ဖိုးရှိသော အထောက်အထားဖြစ်သည်ဟု မှတ်ယူကြသည်။

စကားဆိုသွော ထိုအသံသည် ပြောပြီးခဏ လေထဲတွင် ပျောက်ပျက်၏။ ဤသို့ ပျောက်ပျက်ကုန်သောစကား တွင် တန်ဖိုးရှိသော စကား၊ တန်ဖိုး မဲ့သော စကား အစရှိသဖြင့် ပါရှိသည်။

မုသားစကားကို ခံစားချက်မပါ၊ ခံယူချက်မပါ၊ အပြောင်အပြက်စကား အဖြစ် ပြောဆိုနိုင်သည်။ ထိုစကားမျိုး သည် မိတ်ဆွေသူငယ်ချင်း၊ ရင်းနှီးကျွမ်း ဝင်သူချင်း၊ ပြောဆို ရယ်မောခြင်းဖြင့် ဟာသပြုလုပ်ကြသည်။ တဒင်္ဂလွတ်လပ် ပေါ်ပါး ရယ်ရွှင်စေရသည်။

လုပ်ငန်းဆောင်တာအရ မယုတ် မလွန်သုံးစွဲရာတွင် "မုသားမပါ၊ လက်ာ မချော" ဟု စကားတန်ဆာ ဆင်ကြ၏။ သို့သော် အများ နစ်နာမည်ဆိုလျှင် မကောင်းပေ။

ထို့အတူ မိမိကို အလေးထား၊ လေးစားနေသူတွေ့အပေါ်ကို မုသားသုံး၊ လိမ်ညာပြောဆိုလိုက်ခြင်းသည် စကား ဆိုသည့် ထိုအသံ၊ ပြောပြီး တစ်ခဏ လေမှာလွင့်ပျောက်သွားရသလို မိမိရဲ့ လိမ်လည်မှု ထင်ရှားလာသည်နှင့်အမှု မိမိရဲ့ သိက္ခာတွေလည်း လွင့်ပျံဆုံးရှုံး ရမည်မှာ မလွဲချေ။

တေ၊ ဇ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ။

ဇာတ်တော်ကြီး ဆယ်ဘွဲ့တွင် ပါရှိသော ဘုရားအလောင်း တော် တေမိမင်းသား သည်စကားတစ်ခွန်း ၏လွဲမှားလျှင်လွဲမှား သလို အကျိုးမရှိပုံ၊ တိုင်းပြည် အုပ်ချုပ် မင်းလုပ်ခဲ့သူ၏ စီမံမှု ညံ့ဖျင်းခြင်းကြောင့် တိုင်းသူပြည်သားတို့ ပူဆွေးသောကရောက် စေလျှင် တိုင်းသူ ပြည် သားတို့၏မကျေနပ်စိတ် ဖြင့် ထားရှိမည့် ကျိန်စာ တွေကြောင့် အပါယ်ဝဲရဲကို ရောက်ရှိတတ်သည်ကို စိုးရွံ့ ၍ မိမိအား ထီးနန်းပေးအပ် တိုင်းပြည် အုပ်ချုပ်စေခြင်းကို ငြင်းပယ်သောအားဖြင့် စကား မပြောတတ်သူ တစ်ယောက် ကဲ့သို့ ကျင့်ကြံတော်မူခဲ့လေသည်။

မိမိရရှိလာသော စည်းစိမ်ဥစ္စာ၊ ရာထူး၊ အာဏာတို့၏ အကျိုးအပြစ်ကို ဘုရားအလောင်းလျာတို့၏ ရင့်သန် သောပါရမီအစွမ်းဖြင့် သိရှိတော်မူ၍ ပယ်စွန့်နိုင်လေသည်။

မျက်မှောက်ခေတ် မိမိကိုယ်ကျိုး အတွက် အာဏာတဝင်းဝင်း စည်းစိမ် ကြက်ခုတ်ကြက်ယက် ရာထူးတပ်တပ် မက်မက် လိုချင်နေကြသော လူတချို့ နှင့်တော့ အကွာကြီး ကွာခြားလှပေ သည်။

လူတချို့သည် မိမိတို့ပြောလိုက် သည့်စကား မည်သို့ အဓိပ္ပာယ်သက် ရောက်စေသလဲ၊ ဘယ်လိုအကျိုးရှိစေ မလဲ တန်ဖိုးရှိရဲ့လား၊ သိက္ခာရှိရဲ့လား၊ မဆင်ခြင်မသုံးသပ်ကြဘဲ အလွယ်တကူ

www.burmeseclassic.com

ပြောဆိုနေကြသည်များကို ကြားသိနေရသည်။

ပရိန်ဗွာန်စခန်း စံဝင်တော်မူခါနီး နောက်ဆုံးအဖြစ် ဟောပြောခဲ့သော (၀၆) ပြောကြားခဲ့သော အနှိုင်းမဲ့တော်မူသော မြတ်ဗုဒ္ဓ၏စကား (၀၆) တရားသည် လောကလူသားတို့အဖို့ သုံးမကုန်နိုင်အောင် ပေါများလှသည့် ရတနာသိုက်ကြီးနှင့် တူလေသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီး နောက်ဆုံး ဟောပြောကြားခဲ့သော စကား (၀၆) တရားသည် "အပွမာဒေ၊ သမ္မာဒေထ" ဆိုတဲ့စကားဖြစ်သည်။

"မမေ့မလျော့တဲ့ သတိ အမြဲရှိကြရမည်"။ ထိုစကားသည် ကမ္ဘာလူသားတိုင်း အလေးအမြတ်ထားသင့်သည့် စကား၊ ဆင်ခြင်သုံးသပ် ကျင့်ကြံသင့်သည့် စကား (၀၆) တရားပင်ဖြစ်သည်။

နယ်ချဲ့လက်အောက်မှ လွတ်မြောက်စေရန် မြန်မာနိုင်ငံကို တစ်စုတစ်စည်းတည်းဖြစ်အောင် စုစည်းနိုင်ခဲ့သော မျိုးချစ်အမျိုးသားခေါင်းဆောင် ယနေ့ခေတ်လို ခေတ်မီ မြန်မာ့တပ်မတော်ကြီး၏ ဦးသျှောင်၊ လွတ်လပ်ရေးဝိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သော "အကျောင်းဆုံးကို မျှော်လင့်ပါတယ်၊ အဆိုးဆုံးဖြစ်လာရင်လည်း ရင်ဆိုင်ဖို့ အသင့်ပါ" ဆိုတဲ့ ရဲရင့်ပြတ်သားသည့်စကား၊ "လေ့ခွက်ချည်းကျန်အလံမလဲနဲ့" "ပန်းတိုင်မရောက်ခင် တုက်မမြောက်နဲ့" ဆိုသည့် မိမိရည်မှန်းချက်အောင်မြင်ဖို့ရာ ခွဲ၊ သတ္တိရှိရှိ ပြုလုပ်ဆောင်ရွက်စေရမည်လို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် စကားတို့သည် သမိုင်းဝင်ကျင့်သုံးလိုက်နာဖွယ်ရာအဖြစ် တည်ရှိနေခဲ့သည်။

ကမ္ဘာကျော် စစ်ဘုရင်နပိုလီယံရဲ့ "မဖြစ်နိုင်ဘူးဆိုတာ အရူးတွေရဲ့ အဘိဓာန်ထဲမှာပဲ ရှိတယ်" ဆိုသည့် စကားသည် ရည်မှန်းချက်များ အောင်မြင်ရန် ကြိုးစားအားထုတ်နေကြသော လူသားအပေါင်းကို စိတ်ဓာတ် တက်ကြွစေသည်မှာလည်း ငြင်းမရပေ။ တစ်စုံတရာ အားငယ်စိတ်ဝင်လာသည်နှင့် ထိုစကားစုလေးကို ရွတ်ဆိုကြည့်ခြင်းဖြင့် ခွန်အားသတ္တိ ယုံကြည်စိတ်များ တိုးပွားလာရပါသည်။

ထို့အတူပါပဲ "စကား... စကား ပြောပါများ၊ စကားထဲက ဇာတိပြ" ဆိုသလို လူတစ်ဦး၏ အလွှတ္တစိတ်များသည် သူပြောလိုက်သည့် စကားထဲမှ ထွက်ပေါ်လာလေသည်။

ပြောသူများက အမှတ်မထင်သော် လည်းကောင်း၊ အမှတ်ထင်ထင်သော်လည်းကောင်း ပြောဆိုလိုက်သည့် စကားများသည် ကြားရသူအဖို့ မပြုံးဘဲ ဝါးလုံးကွဲရယ်ရသကဲ့သို့ ဟာသဖြစ်သွားစေခြင်း၊ သမိုင်းထုစ်လျှောက် ရယ်စရာဖြစ်သွားစေခြင်း၊ အရှက်ရရှိနေစေခြင်းများ ဖြစ်ပေါ်စေသည်။

"အသဲကြောင့် ဖားသေ"၊ "နွားတ်ကြောင့်သေ၊ လက်ကြောင့်ကျေ" စတဲ့ ဆောင်ပုဒ်တွေလိုပါပဲ။ စကားတစ်ခွန်း၏ အဓိပ္ပာယ်ကြောင့် မြန်မာ့သမိုင်း အပြောင်းအလဲနှင့် ကြုံခဲ့ရခြင်းများလည်း ရှိခဲ့သည်။

ကွမ်းရေဆိမ်းကို နန်းချပြီး ပုဂံထီးနန်းကို သိမ်းပိုက်အုပ်ချုပ်နေသော စုတ္တတေးမင်း၏ "ညီသားနောင်မယ်" ရယ်ဟု ပဋိသန္ဓာရစကားသည် အနော်ရထာမင်းသားအတွက် နာကြည်းခံပြင်းစရာ ဖြစ်စေခဲ့သည်။

ရခိုင်တုံးရင်တစ်ပါးသည် "နန်းတော်တိုင်တွင် ထုံးမသုတ်ရ၊ သုတ်ခဲ့သော် သုတ်မိသူ၏ လက်ညှိုးကို ဖြတ်မည်" ဟု အမိန့်ထုတ်ထားလေသည်။

တစ်နေ့သောအခါ နန်းတော်တိုင်တွင် ထုံးသုတ်ရာကို တွေ့ရှိသဖြင့် စစ်ဆေးလေသော် မိမိကိုယ်တိုင် သုတ်မိခဲ့ကြောင်း သိရှိရလေလျှင် အမိန့်တော်အတိုင်း မိမိလက်ညှိုးကို ကိုယ်တိုင်ဖြတ်၍ အပြစ်ဒဏ်စီရင်လေသည်။

စကားပြောဆိုရာတွင် "ဆိုခဲ့စေ၊ မြွေစေ" တည်တံ့ခိုင်မြဲသူ ရှိသကဲ့သို့ ဝိမိတို့ ပြောခဲ့သည့်စကား၊ ပေးခဲ့သည့် ကတိများကို အရှက်မရှိ ပယ်ဖျက်ခဲ့သော ပယ်ဖျက်ဝံ့သော သာဓကများလည်း မြန်မာ့သမိုင်းတွင် ရှိခဲ့ဖူးလေသည်။

"တိုင်းပြည် တိုးတက်ရာ တိုးတက်ကြောင်းကို ဝေဖန်ပြောဆိုခြင်းမပြု၊ တိုင်းသူပြည်သားတို့ မျက်နှာကိုမှ မထောက်၊ မင်းအလိုလိုက်မင်းအကြိုက် ဆောင်ပြီး ရာထူး၊ အာဏာ၊ စည်းစိမ်၊ ဥစ္စာ၊ ခြွေရံသင်းပင်းတွေနဲ့ စည်းစိမ်ယစ်မူးနေရခြင်းထက် မသင့်တာကို မသင့်ပါဘူးလို့ ဝေဖန်မိလို့ သတ်မယ်ဆိုလည်း သေဝံ့ပါတယ်၊ ပြည်သူတွေအတွက်မို့ သေရခြင်းက မြတ်ပါတယ်"

လို့ အဓိပ္ပာယ်ရပြီး ပဒေသရာဇ်အာဏာရှင်ဘုရင်ကို ရင်ဖွင့်-ခေါင်းမော့ပြောခဲ့သည့် ယောမင်းကြီး (၀၆) လွှေပြည်မင်းကြီး (၀၆) ယောအတွင်းဝန် ဦးဘိုးလှိုင်၏ စကားများသည် အပေါ်ဖား အောက်ဖိ ဖော်လံဖားတွေအတွက် ရှက်စရာ ဖြစ်ပြီး အမှန်တရား မြတ်နိုးသူ၊ လောကအကျိုး သယ်ပိုးလိုသူ၊ အစဉ်ထာဝရ ငြိမ်းချမ်းရေးကို လိုလားသူတွေအတွက် အားကျအတုယူရမည့် မြန်မာတွင်သာမက ကမ္ဘာ့သမိုင်းဝင်စကားဖြစ်ခဲ့လေသည်။

ထို့ကြောင့် အရာရာကို "အသိတရားဖြင့် ဉာဏ်ပညာကို စေစားနိုင်ကြပါစေ" လို့ စာရေးသူ၏ ဒဿနစာသားဖြင့် စကားတန်ဆာဆင်လိုက်မိပါသည်။

ကျော်သူရနိုင်(အစစရာ)

❑

www.burmeseclassic.com

www.burmeseclassic.com

အိုးခွပ်၏အလှူ

ဆရာကြီး (သင်းမိုး)

တစ်နေ့သ၌ ယုန်နှင့်လိပ်သည် လမ်း၌ဆုံကြလေရာ ယုန်က -

"အဆွေလိပ်၊ လမ်းသည် ကျဉ်းလှသည်၊ သင်သည် အသွားနှေးသည်ဖြစ်ရာ ဘေးသို့ ခဏကပ်ပေးပါလော့၊ သို့မှသာ ငါသည် သင့်ကိုရှောင်ကွင်း၍ သွားနိုင်မည်" ဟု ဆိုလေသည်။ ထိုအခါ လိပ်က -

"အဆွေယုန်၊ သင်သည် သင့်ကိုယ်သင် လျင်မြန်လှသည်ဟု မာနထောင်ချေသည်၊ ငါ့ကိုလည်း အသွားနှေးကြောင်း တဲ့ရဲ့သည်၊ သင် ဝံ့စားလျှင် ငါနှင့်အပြေးပြိုင်ကြစေလော" ဟု စိန်ခေါ်လေသည်။ ယုန်လည်း -

"သင်ဆန္ဒရှိလျှင် ငါသည် ဓငြင်းသာပေ၊ နေရာနှင့် အချိန်သာ ပြောပေတော့" ဟုပြောလေသည်။

လိပ်လည်း -

"ကောင်းပြီ၊ မနက်ဖြန်နံနက်စာ စားပြီးချိန်တွင် ဤနေရာသို့ လာခဲ့လော့၊ ဤနေရာမှစ၍ မြစ်ရိုးရာသို့ အပြေးပြိုင်ကြမည်။ အသို့နည်း" ဟု ချိန်းဆိုလေသည်။

ယုန်လည်း -

"ကောင်းပြီ" ဟုပြောကာ လက်ခံလိုက်လေသည်။

လိပ်သည် ယုန်နှင့် ရိုးသားစွာ ယှဉ်ပြိုင်လျှင် မနိုင်နိုင်မှန်း သိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အကောက်ကြံရန် မြေခွေးဆီသို့ သွားလေသည်။ မြေခွေးထံရောက်သော် -

"အဆွေမြေခွေး၊ သင်သည် ဤတောတွင် ဖြတ်ထိုးဉာဏ် အကောင်းဆုံးဟု ကျော်စောလေသည်၊ ငါသည် သင့်အတွက် ဝမ်းမြောက်ပါတိ" ဟု မြွောက်ပင့် ပြောဆိုလေသည်။

မြေခွေးလည်း -

"အဆွေလိပ်၊ လိုရင်းကို ပြောပါလော၊ သင်သည် ငါ့ထံမှ အလိုရှိသောအရာ ရှိသည်မဟုတ်လော" ဟုပြောလေသည်။

လိပ်က -

"သင်သည် ငါကြားသည့်အတိုင်း အလွန်ပင် ပါးနပ်ပါပေသည်၊ တခြားမဟုတ်ပါ။ ငါသည် နက်ဖြန် နံနက်တွင် ယုန်နှင့်အပြေးပြိုင်ရန် ချိန်းထားပေသည်" ဟု ပြောပြလေသည်။ ထိုအခါ မြေခွေးက မဆိုင်းမတွပင် -

"ဟယ် လိပ်မိုက်၊ သင်သည် အသို့ ယုန်ကိုနိုင်အံ့နည်း၊ မိုက်မဲပေစွ" ဟု မြည်တွန်လေသည်။ လိပ်လည်း-

"ထို့ကြောင့်ပင် သင့်ထံလာခြင်းမဟုတ်လော၊ ငါ့အား ယုန်ကိုနိုင်မည့်နည်း ပေးလော့" ဟု တောင်းလေသည်။

မြေခွေးသည် -

"ဟယ် လိပ်၊ သင်သည် ငါ့အား သွေးထိုးလေပြီ၊ ငါသည် မည်မျှပင်ဉာဏ်ကောင်းပါစေ လိပ်တစ်ကောင်ကို ယုန်ထက်မြန်အောင် မစွမ်းဆောင်နိုင်ချေ" ဟု ငြင်းလေသည်။ လိပ်သည် လိပ်ပြုံး ပြုံးလိုက်ပြီး -

"အဆွေမြေခွေး၊ သင်သည် ငါးကြင်းဝမ်းပျဉ်းသား အိအိလေး မစားချင်ဘူးလား" ဟု မေးလေသည်။

မြေခွေးသည် နားရွက်ကိုထောင်လျက် -

"ဟယ်လိပ်၊ သင်သည် အကယ်၍ ငါးကြင်းဝမ်းပျဉ်းသား မကြိုက်သော မြေခွေးကို တွေ့အံ့၊ ထိုမြေခွေးသည် မြေခွေး မစစ်၊ မြေခွေး စစ်သော် ငါးကြင်းဝမ်းပျဉ်းသားသည် မစစ်တု မှတ်ပါလော" ဟု နှုတ်ခမ်းသပ်ကာ ဖြေလေသည်။

လိပ်လည်း -

"အသို့ဆိုလျှင် ငါ့ကို ယုန်ထက်မြန်အောင် ဆောင်ရွက်ပေးမည်လော၊ ယုန်ကို ငါ့ထက်နှေးအောင် ဆောင်ရွက်ပေးမည်လော" ဟု မေးလေသည်။ မြေခွေးက -

"ကောင်းပြီ၊ ငါသည် ယုန်ထံသွားအံ့၊ သင်သာ မနက်ဖြန်ပြိုင်ပွဲပြီးလျှင် ငါးကြင်းဝမ်းပျဉ်းသား အဆင်သင့် ပြင်ထားပါလော" ဟု တံတွေးမျိုချရင်း ပြောလေသည်။

လိပ်လည်း -

"ကောင်းပြီ၊ မနက်ဖြန် မြစ်ကမ်းဘေးကိုလာ၍ စောင့်နေလော့၊ ငါ အရင်ပန်းဝင်လာသည်နှင့် ငါးကြင်းဝမ်းပျဉ်းသား မဟုတ်၊ ငါးကြင်းဆူဆူပြိုးပြိုးတစ်ကောင် ခုန်တက်လာစေရမည်၊ သင်သာ မိအောင်ဖမ်းပါလော" ဟု အာမခံလေသည်။

ထို့နောက် လမ်းခွဲခဲ့ကြလေသည်။

မြေခွေးသည် မဆိုင်းမတွပင် ယုန်ရှိရာသို့ လာခဲ့လေသည်။ ယုန်သည် တောင်ကုန်းတစ်ခုကို ပြေးတက် ပြေးဆင်း လုပ်နေလေသည်။ မြေခွေးသည် ယုန်အား-

"အဆွေယုန်၊ ဘာပျောက်၍ ရှာနေသနည်း" ဟု မသိဟန်ဆောင်ကာ မေးလေသည်။ ယုန်က -

"အသင်မြေခွေး ငါသည် လိပ်နှင့် အပြေးပြိုင်ရန် လေ့ကျင့်နေသည်" ဟု ဖြေသော် မြေခွေးသည် ဟက်ဟက်ပက်ပက် ရယ်လေသည်။ ထို့နောက် -

"လိပ်ထစ်ကောင်နှင့် ယှဉ်ပြိုင်ရန်မှာ ဤမျှ လေ့ကျင့်ရန် လိုပါသလော" ဟု မေးလေသည်။ ယုန်က -

"ငါတို့ ယုန်များသည် အင်မတန် ဝီရိယကောင်းပေသည်၊ ကြိုတင် ပြင်ဆင်မှုလည်း ရှိကြပေသည်၊ ငါတို့၏ ပြိုင်ဘက်သည် လိပ်ဖြစ်စေ၊ သမင်ဖြစ်စေ ငါတို့ ယခုကဲ့သို့ လေ့ကျင့်ကြလေသည်၊ ငါ့ကြောင့် ငါ့မျိုးနွယ် သိက္ခာမကျစေရ" ဟု ပြန်ဖြေလေသည်။ မြေခွေးသည် -

"သင် ယခုကဲ့သို့ ခွန်အားကို ဖြုန်းတီးနေပါက မနက်ဖြန်ခါတွင် အဘယ်ခွန်အားဖြင့် ယှဉ်ပြိုင်မည်နည်း" ဟု ထပ်မေးပြန်သည်။ ယုန်လည်း -

"ဒါဖြင့် မလေ့ကျင့်ချိုလော" ဟု ပြန်မေးလေသည်။

မြေခွေးက -

"လေ့ကျင့်သည်မှာ သင့်ဆန္ဒဖြစ်ပြီး ငါအကြံပေးလိုသည်မှာ သင်သည် ခွန်အားကို တက်စေသော အစားအစာကို စားသင့်ပေသည်" ဟုပြောလေသည်။ ယုန်သည် -

"သင့်စကားမှာ ဖြစ်နိုင်ခြေရှိပေသည်၊ ငါတို့ ယုန်များသည် တစ်ခါမျှ ဒီလိုမစဉ်းစားဖူးပေ၊ ငါသည် လေ့ကျင့်မှုလည်း မပျက်၊ ခွန်အားလည်းတက်အောင် လုပ်ဆောင်ပေတော့မည်၊ အဘယ်သောအရာကို စားရမည်ကို ပြောပြပါလေ" ဟု တောင်းဆိုလေသည်။ မြေခွေးက -

"ခွန်အားကို တက်စေသော တက်စာများကို စားပါလော၊ မို့နှင့်တည်းသီးကို စားပါက ဇကေတက်ပေလိမ့်မည်" ဟု ပြောလေသည်။ ယုန်က -

"သင်သည် ဤသို့သောအကြံကို ငါ့အား အဘယ်ကြောင့် ပေးသနည်း၊ သင်နှင့်ငါ့ကြားတွင် မည်သည့်ကျေးဇူးခံကျေးဇူးစားမျှ မရှိပါဘဲလျက်" ဟု သံသယစကားကို ဆိုလေသည်။

ထိုအခါ မြေခွေးသည် -

"ငါသည် တောစောင့်နတ်၊ တောင်စောင့်နတ်များကို တိုင်တည်ပြီး ပြောအံ့၊ မို့နှင့် တည်းသီးကိုစားပြီး မတက်ပါက ငါသည် အသေဆိုးဖြင့်သေပါစေ၊ တက်ပါက ငါးကြင်း ဝဝကုစ်စစ်လေး စားရပါစေ၊ ကဲ- စားခြင်း မစားခြင်းမှာ သင့်အပိုင်း၊ ငါသွားတော့အံ့" ဟုဆိုကာ ထွက်သွားလေသည်။

ထိုအခါမှ ယုန်လည်း -

www.burmeseclassic.com

"နေပါဦး၊ စားနည်းလေး ပြောသွားပါဦး" ဟု အော်ပြောရာ မြေခွေးလည်း -

"ဒီညလည်းစား၊ မနက်လည်းစား" ဟု ဖြေကြားကာ တောအုပ်ထဲ ပြေးဝင်သွားလေသည်။

ထိုအချိန်တွင် လိပ်သည် မြစ်ရေထဲသို့ ဆင်းသွားကာ ငါးကြင်းထံသွားလေသည်။ လိပ်သည် ငါးကြင်းကို -

"အဆွေငါးကြင်း၊ ငါသည် မနက်ဖြန်နံနက်တွင် ယုန်နှင့်အပြေးပြိုင်ရန် ချိန်းဆိုထားသည်" ဟု ကြွားဝါပြောဆိုလေသည်။ ငါးကြင်းသည် -

"ဟယ် လိပ်မိုက်၊ အချည်းနှီးသော အလုပ်ကို လုပ်ချေပြီ၊ အပြေးမြန်သော ယုန်ကို သင်သည် အသို့ယှဉ်ပြိုင်အနိုင်ရအံ့နည်း" ဟု ဆိုလေသည်။ လိပ်လည်း -

"ငါသည် ယုန်ကို အနိုင်ရမည်ဟု ယုံကြည်သည်" ဟု ဆိုလေသည်။ ငါးကြင်းက -

"ယုံကြည်နေရုံမျှဖြင့် မည်သို့မျှ မနိုင်နိုင်၊ ယခုပင် အချိန်မီ ပြိုင်ပွဲကိုဖျက်လော့၊ သင် ရှုံးကိုရှုံးလိမ့်မည်" ဟု တားလေသည်။ လိပ်သည် ဒေါသထွက်ဟန်ပြုကာ -

"ဟယ် ငါးကြင်း၊ သင်သည် ရေသတ္တဝါအချင်းချင်း ငါ့ဘက်က မလိုက်၊ ကုန်းသတ္တဝါဘက်က လိုက်သည်၊ သင်သည် မိတ်ဆွေစစ်မဟုတ်၊ သင် ငါ့ကိုမယုံလျှင် လောင်းကြေးမလား၊ ငါရှုံးပါက သင့်ထံတွင် ကျွန်ခံမည်၊ ငါ နိုင်ပါက သင်သည် ရေပေါ်တွင် ကျွမ်းသုံးကြိမ်သာ ထိုးပြလော့၊ အသို့နည်း" ဟု လောင်းကြေးခေါ်လေသည်။

ငါးကြင်းလည်း လိပ်ကို ပညာပေးအံ့ဟုကြံကာ-

"ကောင်းပြီ၊ သင် ကတိတည်ပါစေ" ဟု ပြောလေသည်။ လိပ်လည်း ကျိတ်ပြီးပြုံးကာ ပြန်လာခဲ့လေသည်။

ယုန်သည် ထိုညက မှီနှင့် တညင်းသီးများ ရှာဖွေစားသောက်ရာ အကြောများတက်ပြီး ခါတိုင်းထက်ပိုပြီး အိပ်ကောင်းသည်တွင် အမှန်တကယ် ခွန်အားတက်သည်ဟု အထင်ရောက်သွားလေသည်။

နောက်တစ်နေ့ နံနက်တွင် ယုန်သည် မှီနှင့် တညင်းသီးများ အဝစားကာ လိပ်နှင့် ဆုံရပ်တွင် ဆုံကြလေသည်။

မြေခွေးလည်း မြစ်ကမ်းဘေးရှိ သစ်ပင်အကွယ်တွင် စောင့်ဆိုင်းနေပြီး ငါးကြင်းလည်း ရေမျက်နှာပြင်နားတွင် ကပ်ကာ စောင့်ကြည့်နေလေသည်။

ပြိုင်ပွဲစသည်နှင့် တစ်ပြိုင်နက် ယုန်သည် တစ်ဟုန်ထိုးပြေးလေသည်။ လိပ်မှာမူ တရွေ့ရွေ့ ပြေးလေသည်။ လမ်းတစ်ဝက်တွင် ယုန်သည် ပြေးရင်း ပြေးရင်း မောလာကာ အကြောလည်း စက်လာသဖြင့် ကျောက်တုံး တစ်တုံးဘေးတွင် ခဏနားနေလေသည်။ လိပ်မှာမူ ထာထွက်ရာနှင့်ပင် ခပ်သွက်လွှက်သာ ရောက်သေးသည်။ ယုန်သည် နားနေရင်း မျက်စိများလေးလာကာ အကြောတက်ပြီး အိပ်ပျော်သွားလေသည်။ လိပ်သည် တရွေ့ရွေ့ ပြေးလာရင်း ယုန်ကို ကျော်တက်ကာ ပန်းဝင်သွားလေသည်။

လိပ်သည် ပန်းဝင်သည်နှင့် မြေခွေးကို အချက်ပြကာ ရေထဲဆင်းသွားလေသည်။

မြေခွေးလည်း အသင့်ပြင်ကာ စောင့်နေလေသည်။

ရေထဲသို့ရောက်သော် ငါးကြင်းအား -

"ကဲ- အဆွေငါးကြင်း၊ သင်မြင်သည့်အတိုင်းပင် ငါသည် ယုန်ကိုနိုင်ခဲ့ပြီ၊ သင့်ကတိအတိုင်း ဆောင်ရွက်တော့" ဟု ပြောလေသည်။ ငါးကြင်းက -

"ငါသည် သင်နိုင်သည်ကို သင့်စကားအရသာ သိရသည်၊ ယုန် ပန်းဝင်လာသည်ကို ငါစောင့်ကြည့်အံ့" ဟု ပြောလေသည်။ လိပ်လည်း -

"ကောင်းပြီ" ဟုဆိုကာ အတူစောင့်ကြည့်နေလေသည်။

ယုန်လည်း တစ်နေနှီးပြီး အလျှင်အမြန် ထပြေးလာရာ ပန်းတိုင်သို့ရောက်သော် ရေထဲမှ ခေါင်းဖော်ကာ စောင့်နေ

သော လိပ်ကို တွေ့လိုက်ရလေသည်။ လိပ်က-

"အဆွေယုန် သင်ရှုံးသည်ကို ဝန်ခံပါသလား" ဟု မေးလေသည်။ ယုန်လည်း မငြင်းသာတော့ဘဲ -

"ဝန်ခံပါသည်" ဟု ပြောကာ ခေါင်းငိုက်စိုက်မျှ လျက်တောထဲသို့ ဝင်သွားလေတော့သည်။ ထိုအခါမှ လိပ်သည် ငါးကြင်းအား -

"သင့်ကတိအတိုင်း ဆောင်ရွက်လော့" ဟု ပြောလေသည်။ ငါးကြင်းလည်း မငြင်းသာတော့ဘဲ ရေမျက်နှာပြင်အထက်သို့ ကျွမ်းတက်ထိုးလိုက်ရာ ပထမတစ်ကြိမ်တွင်ပင် မြေခွေးက ဖမ်းချီ၍ တောထဲဝင်ပြေးသွားလေတော့သည်။

မောင်ဝင်းထိန်(အင်းစိန်)

❑

www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏဒီပဓဇမဟာရဋ္ဌဂုရုဝရ ဒေါက်တာဘဦး

'စိတ္တံ ဒန္တံ သုခါဝဟံ' စိတ်ကို ယဉ်ကျေးအောင် ဆုံးမထားသူသည် အောင်မြင်ချမ်းသာမှုကို ဖြစ်စေ၏ ဟူသော အဆုံးအမ တစ်ခုကို ကြားဖူးခဲ့သည်။ အောင်မြင်တိုးတက် ကြီးပွားလိုသူများသည် မိမိစိတ်ကို ယဉ်ကျေးအောင် ဆုံးမထားဖို့ လိုအပ်ပေလိမ့်မည်။

ဗုဒ္ဓကလည်း 'စိတ္တေန နိယတေလောကော' စိတ်သည် လောကကြီးကို ဦးဆောင်သည်ဟု ဆုံးမထားသည်ကို နာယူခဲ့ဖူးသည်။ ထို့ကြောင့် အောင်မြင်တိုးတက် ကြီးပွားလိုသူများသည် မိမိစိတ်ကို နိုင်အောင် ထိန်းချုပ်နိုင်ဖို့ လိုအပ်ပေလိမ့်မည်။

စာရေးဆရာကြီး ပီမိုးနင်း၏ စာအုပ်တစ်အုပ်ထဲမှ ရေးသားထားမှုကို ထုတ်နုတ်တင်ပြပါရစေ။

"တံခါးတို့ကို ခေါက်ကြလော့၊ ခေါက်သောသူတို့အတွက် တံခါးထ သည် ပွင့်လိမ့်မည်၊ မင်း ဘာဖြစ်ချ သလဲ၊ အဲဒီရည်မှန်းချက် တံခါးကို မ ခေါက်လိုက်ပါ၊ လွယ်လွယ်ကူကူတော့ မပွင့်ဘူး၊ မပွင့်မချင်း မင်း ခေါက်ပါ" တဲ့။

သိပ်ပြီး တန်ဖိုးရှိသော အသိပေးလမ်းညွှန်ချက် အဆုံးအမ တစ်ခုဖြစ်ပြီး လိုက်နာကျင့်သုံးသင့်သော စကားများဖြစ်သည်။

အောင်မြင်တိုးတက် ကြီးပွားလိုသူများအတွက် အဓိကအချက်မှာ မိမိစိတ်ကို နိုင်အောင်ထိန်းချုပ်ပြီး မိမိမျှော်မှန်းရာ ပန်းတိုင်သို့ မရောက် ရောက်အောင် လှမ်းမည်ဟူသော သန္နိဋ္ဌာန်ချမှတ်ပြီး ချမှတ်ထားသည့်အတိုင်း မရောက် ရောက်အောင် အရောက်လှမ်းနိုင်သည့် စိတ်သည် အဓိကပဓာနကျသည်ကို အမြဲသတိပြုကြရပေလိမ့်မည်။

ရည်မှန်းချက်တော့ ထားပါရဲ့၊ လုပ်ဆောင်ချက် မရှိပြန်လျှင်လည်း အောင်မြင်မှုပန်းတိုင်ကို ရောက်နိုင်မည် မဟုတ်ပေ။ ဗုဒ္ဓတရားတော်များကို ရွတ်ဖတ်နေရုံမျှဖြင့် မည်သူမျှ နိဗ္ဗာန်သို့ မရောက်နိုင်ပေ။ ဗုဒ္ဓတရားတို့သည် ရွတ်ဖတ်ရန် မဟုတ်၊ လိုက်နာကျင့်ကြံ ပွားများ အားထုတ်ရမည့် တရားများ ဖြစ်သည်။

ရွတ်ရုံမျှသာဆိုလျှင် အရွတ်သည် အသားစားရသလောက် အရသာရှိမည် မဟုတ်ပေ။

အလားတူပင် ရည်မှန်းချက်နောက်တွင် လုပ်ဆောင်ချက် မပါရှိလျှင် အောင်မြင်တိုးတက်ကြီးပွားမှုနှင့်အလှမ်းဝေးနေမည်သာ ဖြစ်လိမ့်မည်။ အမှန်တကယ် အောင်မြင်တိုးတက် ကြီးပွားလိုစိတ် ရှိပါက မိမိရည်မှန်းချက်ရှိရာသို့ မဆုတ်မနစ်သော ဇွဲလုံလ ဝီရိယတို့ဖြင့် တစိုက်မတ်မတ် လျှောက်လှမ်းကြရမည်သာ ဖြစ်သည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းတွင် ရည်မှန်းချက် ရှိသည်။ ထိုရည်မှန်းချက် ရှိရာသို့လည်း လျှောက်လှမ်းနေကြသည်။ သို့သော် လူတိုင်း အောင်မြင်တိုးတက် ကြီးပွားကြပါသလား။ လူတိုင်း အောင်မြင်မှု မရရှိခဲ့ကြပေ။ အဘယ်ကြောင့် မအောင်မြင်ကြသည်ကို လေ့လာဆန်းစစ်ဖို့ လိုပေပြီ။

ဘဝတစ်ခု အောင်မြင်တိုးတက် ကြီးပွားနိုင်ခြင်းကို ဥပမာတစ်ခုနှင့်ယှဉ်၍ ပြောလိုပါသည်။ ဘဝသည် တိုတောင်းသည်ဟု လူအများ ပြောဆိုနေကြသည်ကို ကြားဖူးသည်။ သို့သော် ထိုတိုတောင်းသော ဘဝလေးသည် လူသားတစ်ဦးအဖို့ မာရသွန်ခရီးရှည်တစ်ခု ဖြစ်သည်။

မာရသွန်ပြိုင်ပွဲတွင် လူပေါင်းများစွာ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ သို့သော် ပန်းဝင်သောအခါ တစ်ဦးတစ်ယောက်သောသူသာ ပထမဝင်သည်။ နောက် ဒုတိယ၊ တတိယ စသဖြင့် အသီးသီးဝင်ရောက်ခဲ့ကြသည်။

ပြိုင်ပွဲဝင်သောသူအားလုံး တစ်ပြိုင်နက် ပထမရသည်ဟု စာရေးသူ မကြားမမြင် မတွေ့ဖူးခဲ့ပါ။ ထိုသို့ ဖြစ်ရခြင်းမှာ တစ်ဦးချင်း၏ လုံ့လ ဇွဲ ဝီရိယ လေ့ကျင့်မှု၊ သက်လုံကောင်းမှု စသည့် ကြိုးပမ်းအားထုတ်မှုများမှ တစ်ဆင့် ပထမရရှိအောင် အထောက်အပံ့များ ရယူနိုင်ခြင်း ဖြစ်ကြောင်း လေ့လာသုံးသပ်မိသည်။

အလားတူပင် ဘဝတစ်ခုကို ဖြတ်သန်းရာတွင်လည်း အောင်မြင်တိုးတက် ကြီးပွားသူများသည် သာမာန်လူများထက် တစ်ခုခု ပေးဆပ်၍သော်လည်းကောင်း၊ အပင်ပန်းခံ၍သော်လည်းကောင်း၊ တိတ္ထင်ကြဲဆ၍သော်လည်းကောင်း၊ ပြင်းပြသော ရည်မှန်းချက်ရှိ၍သော် လည်းကောင်း ထိုထိုသော အကြောင်း တစ်ခုခုကြောင့်သာလျှင် အောင်မြင်တိုးတက် ကြီးပွားသော အခြေအနေသို့ ရောက်ရှိနိုင်မည် ဖြစ်ပေသည်။

ပန်းမှပွင့်ခြင်း

တကယ်အောင်မြင်တိုးတက်ကြီးပွားချင်ရင် စိတ်ဓာတ်ကို ပြုပြင်ပြီး ကိုယ်ထူးကိုယ်ချွန်လိုက်ပါ

သဖြည့်ဝန်းမင်္ဂင်း (ဂူလိုင်လ၊ ၂၀၁၆)

အလျဉ်းသင့်၍ ၂၁. ၂. ၂၀၁၆ ရက်နေ့ထုတ် စံတော်ချိန် သတင်းစာတွင် 'မင်းကိုဇင်' ရေးသားသည့် မြန်မာ ဒုက္ခသည်စခန်းမှသည် စံပြပုဂ္ဂိုလ်ဖြစ်လာမယ့် 'ကလာဟ' ဆိုသော လူငယ်တစ်ဦး အကြောင်းကို ကူးယူတင်ပြလိုပေသည်။

သူ့အမည်မှာ 'ကလာဟ' ဖြစ်ပြီး ကရင်တိုင်းရင်းသား ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေး အခြေအနေကြောင့် သူတို့မိသားစု မြန်မာနယ်စပ် အမ်ဝီယန်မိုင်း ဒုက္ခသည်စခန်းသို့ ရောက်ရှိသွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုဒုက္ခသည်စခန်းတွင် သူ့ကို မွေးဖွားခဲ့သည်။ ဘောလုံးကို အလွန်ဝါသနာကြီးသူ ဖြစ်သည်။ ထို့ကြောင့် ငယ်စဉ်ကတည်းက ခြေဗလာဖြင့် ဘောလုံး ကစားရင်း ကြီးပြင်းခဲ့ရလေသည်။ မိသားစု ခြောက်ယောက်ရှိသည်။ ဒုက္ခသည်စခန်း၏ အခန်းတစ်ခန်းစာ ဝါးတဲလေးတွင် နေထိုင်ကြရသည်။

ဒုက္ခသည်စခန်းသည် ထောင်တစ်ခုကဲ့သို့ နေထိုင်ရပြီး အခွင့်အလမ်းမရှိ၊ ထွက်ပေါက်မရှိ နေကြရသည်။ ဒုက္ခမျိုးစုံကို ခါးသီးစွာခံစားခဲ့ရသည်။ သဘာဝပတ်ဝန်းကျင်ကလည်း အပင်အရိပ် မရှိ၊ အကာအကွယ် မရှိ၊ ရာသီဥတုကလည်း အလွန်အေးသည်။ ဒုက္ခသည်ပေါင်း (၁၃၀၀၀) လောက်ဟာ အတူတကွ ဆင်းရဲစွာနေထိုင်ကြရသည်။

ဖခင်ဖြစ်သူက ဒုက္ခသည်စခန်းအနီးတွင် ကားမောင်းခြင်းဖြင့် လုပ်ကိုင်ရှာဖွေကျွေးမွေးသည်။ မိခင်ဖြစ်သူက သားသမီးတွေကို ထိန်းကျောင်းရသည်။ ထိုဒုက္ခသည်စခန်းအတွက် စိတ်ထွက်ပေါက်မှာ ဘောလုံးကစားခြင်းပင် ဖြစ်သည်ဟု သူ၏ ဒေးလီးမေးလ်မှာ ဖွင့်ဟထားသည်။

ဒုက္ခသည်စခန်းမှာ ဘဝတစ်ခုကို တည်ဆောက်ဖို့ ကြိုးစားနေသော သူတို့မိသားစုထံသို့ တစ်နေ့တွင် မျှော်လင့်ချက်ရောင်ခြည်လေးတစ်ခု ရောက်ရှိလာခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂမှနေ၍ အမ်ဝီယန်မိုင်းဒုက္ခသည် စခန်းမှ ဒုက္ခသည် အချို့ကို အင်္ဂလန်နိုင်ငံ ယော့ရှိုင်းယားရှိ ရွှာဖီးမြို့တွင် ခြေချခွင့်ရခဲ့သည်။ အင်္ဂလိပ်စာ အခက်အခဲ ရှိနေသည့် ကလာဟဲသည် ရွှာဖီးမြို့တွင် ဘောလုံးကစားရင်း အပေါင်းအဖော်တွေ ရရှိခဲ့သည်။ ထိုမိတ်ဆွေများ၏ ညွှန်ပြချက်သည် သူ့အတွက် မဟာအခွင့်အရေး တစ်ခု ဖြစ်လာခဲ့သည်။

လူမျိုးရေး ခွဲခြားမှုနှင့် အစော်ကားခံရမှုတွေကို ဘောလုံးကစားနည်းဖြင့် ပေါင်းစည်းဖြေရှင်းပေးသော အဖွဲ့အစည်း (Foot Ball United Resume Divides Group) မှတစ်ဆင့် အင်္ဂလန် ချန်ပီယံရှစ်ကလပ် ရွှာဖီးယူနိုက်တက် အသင်းတွင် ခြေစွမ်းစမ်းသပ်ခွင့် ရရှိခဲ့သည်။

ယခု အင်္ဂလန်နိုင်ငံ လက်ရွေးစင် ကစားသမားဖြစ်သော ကီလီပေါ်ကာသည်လည်း ထိုအဖွဲ့အစည်း အကူအညီဖြင့် ယခုကဲ့သို့ ကမ္ဘာကျော်ကစားသမားတစ်ဦး ဖြစ်လာခဲ့သူ ဖြစ်သည်။ သူသည် ယခုလက်ရှိ အင်္ဂလန် ပရီမီးယားလိဂ်ကလပ် စပါးအသင်းတွင် ကစားနေသူဖြစ်သည်။

ထို့ကြောင့် ကလာဟဲ တစ်ယောက် ရရှိလာသော မဟာအခွင့်အရေးကို လက်လွတ်မခံဘဲ ရွှာဖီးယူနိုက်တက်အသင်းတွင် သွားရောက် အစမ်းသပ်ခံခဲ့သည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် အထိမအောင်မြင်သော်လည်း တတိယအကြိမ် ကြိုးစားသောအခါတွင် သူ့မျှော်လင့်ချက်ကို အကောင်အထည်ဖော်နိုင်ခဲ့လေသည်။ ရွှာဖီးယူနိုက်တက်အသင်းမှ သူ့အား ရွေးချယ်ခြင်းကို ခံရသည်။ ရွေးချယ်ပြီးနောက် လူငယ်ဘောလုံးအကယ်ဒမီ သင်တန်းကျောင်းတွင် ဘောလုံးပညာ သင်ယူခွင့်ရခဲ့သည်။

အသက်(၁၈)နှစ်အရွယ်တွင် သူ့ရဲ့ ခြေစွမ်းကို ကြိုက်နှစ်သက်သဖြင့် ရွှာဖီးယူနိုက်တက်အသင်းက ပြီးခဲ့သော ၂၀၁၅ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့သည်။ ဆယ်ကျော်သက်အရွယ်သာ ရှိသေးသော ကလာဟဲသည် အသက် (၂၁)နှစ်အောက် လူငယ်အသင်းတွင် ပထမအကျော့အထိ ကစားနိုင်ခဲ့သည်။

ခြေစွမ်းရှိသော သူ့ကို စကော့တလန်ကလပ်အသင်းက ကမ်းလှမ်းလာကြောင်းနှင့် စကော့တလန် သွားမလားဆိုပြီး နည်းပြဖြစ်သူက မေးသည်။ ရရှိသော အခွင့်အရေးကို လက်လွတ်မခံဘဲ သွားပါ့မယ်ဟု အဖြေပေးလိုက်သည်။

ဘာကြောင့်လဲဟုဆိုလျှင် ရွှာဖီးမှာဆိုလျှင် လူငယ်အသင်းမှာပင် ကစားရမှာဖြစ်ပြီး စကော့တလန် ချန်ပီယံရှစ်ကလပ် ဒမ်ဘာတန် စီနီယာအသင်းကြီးမှာ လူကြီးတွေနှင့်အတူ ယှဉ်ပြိုင်ကစားရမှာ ဖြစ်တဲ့အတွက် သူဘဝအတွက် ပို၍တိုးတက်နိုင်သည်ကို တွေးမိပြီး အသင်းပြောင်းလိုက်ခြင်းပင် ဖြစ်သည်။

ကလာဟဲတစ်ယောက် ရွှာဖီးယူနိုက်တက်အသင်းမှနေ၍ ဒမ်ဘာတန်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကာ ပထမဆုံးပရော်ဖက်ရှင်နယ်ဘဝကို စတင်ခဲ့သည်။

ဒမ်ဘာတန် အသင်းကလည်း သူ့ကို နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ အသင်းတွင် ပုံမှန် ပွဲထွက်ကစားခွင့် ရဖို့နှင့် စီနီယာကစားသမားကြီး တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာ ပါလို့ သူက ဖွင့်ဟခဲ့သည်။

လွန်ခဲ့သော ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ယှဉ်ပြိုင်ကစားခဲ့သော စကော့တလန် ရှူးထွက်ဖလားပွဲစဉ်ဖြစ်သော ဒန်းဒီးအသင်းနှင့် ပွဲစဉ်တွင်လည်း ပထမဆုံး ပွဲထွက်ကစားခွင့် ရချင်သော်လည်း အရန်လူစာရင်းမှာသာ ပါဝင်ခွင့်ရခဲ့သည်။ ၎င်းပွဲစဉ် မတိုင်ခင်ပွဲတွင် ဒုတိယပိုင်း မိနစ် ၈၀ တွင် လူစားလဲကစားခွင့် ရခဲ့သည်။

မြန်မာလူမျိုး ကရင် တိုင်းရင်းသားလေး ကလာဟဲသည် မြန်မာလူမျိုးဖြစ်သောကြောင့် မြန်မာ လက်ရွေးစင် ဘောလုံးအသင်းတွင် ကစားစေချင်သည်ဟု မြန်မာပရိသတ်များက အလိုရှိနေသော်လည်း အင်္ဂလန်နိုင်ငံသားအဖြစ် ခံယူထားမိသဖြင့် မြန်မာလက်ရွေးစင်အသင်းတွင် လာရောက်ကာ မကစားနိုင်သလို ပရော်ဖက်ရှင်နယ် တစ်ဦးအဖြစ် ရပ်တည်နိုင်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံကိုယ်စားပြုအပြင် ထိုင်းနိုင်ငံမှလည်း သူ့ကို ရယူနိုင်ဖို့ ကြိုးပမ်းခဲ့သည်။

ကလာဟဲကတော့ မြန်မာနိုင်ငံအတွက် ကစားပေးချင်ကြောင်း ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကလည်း နိုင်ငံကိုယ်စားပြု ကစားနိုင်ဖို့ ကြိုးပမ်းခဲ့ကြသည်။ သို့သော် အင်္ဂလန်နိုင်ငံသားအဖြစ် ခံယူထားသည်ကို လက်လွတ်မခံနိုင်သည့်အတွက် မြန်မာ့လှုပ်ရှားစင်အသင်းတွင် မြင်တွေ့ဖို့ ခက်ခဲသွားရလေသည်။

သူသည် အင်္ဂလန်နိုင်ငံသား ပတ်စ်ပို့ကိုင်ထားခြင်းကြောင့် ဖြစ်ပြီး မြန်မာနိုင်ငံက နိုင်ငံသားခံယူခွင့်ဥပဒေကို ပြောင်းလဲမှ ဖြစ်လာဖို့ရှိကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စီအိုအိုဦးစိုးမိုးကျော်က ဖွင့်ဟကြောင်း သိရှိရသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်ခွင့် မရသော်လည်း နိုင်ငံတကာတွင် မြန်မာနိုင်ငံသားဟု ခံယူထားသော ဥရောပ ပရော်ဖက်ရှင်နယ်ကစားသမားအဖြစ် ဂုဏ်ယူရမည်သာ ဖြစ်သည်။

ကလာဟဲရဲ့ ရင်တွင်းစကား တစ်ခွန်းကလည်း အတုယူစရာဖြစ်သည်။

"ကျွန်တော် ဘယ်ကလာခဲ့ရသလဲ၊ ဘာအတွေ့အကြုံတွေ ရခဲ့သလဲ၊ ကျွန်တော် အောင်မြင်မှုရရှိဖို့အတွက် စိတ်ဓာတ်ခိုင်မာအောင် တော်တော်ကြိုးကြိုးစားစားထုတ်ခဲ့ရတာပါ၊ နောက်ပြီး ကျွန်တော့်မွေးရပ်ဇာတိက အတူတူခံတွေ့ရောက်ခဲ့တဲ့ ကျွန်တော့်လို ဘဝတူအသိုင်းအဝိုင်းအတွက် ကျွန်တော် အကြွေးတင်နေပါတယ်၊ သူတို့အတွက် ကျွန်တော် အောင်မြင်အောင် လုပ်ရမယ်။

ဒီအတွက်လည်း ကျွန်တော့်စိတ်ဓာတ် ခိုင်မာဖို့ လိုပါတယ်၊ ပြီးတော့ ခံတွေ့သည်စခန်းက လူငယ်တွေရဲ့ စံပြပုဂ္ဂိုလ်တစ်ဦး ဖြစ်ချင်ပါတယ်" ဟု သူ ရင်တွင်းမှ ခံယူချက် ခံစားချက်ကို ဖွင့်ဟပြောဆိုခဲ့ပါသည်။

ကလာဟဲဆိုသော မြန်မာနိုင်ငံက ကရင်တိုင်းရင်းသား တစ်ယောက် အင်္ဂလန်နိုင်ငံ ဒမ်ဘာတန်အသင်းတွင် ယခုကဲ့သို့ အောင်မြင်စွာ ကစားနိုင်ခြင်းသည် ပိတ်ထားသော တံခါးကို မပွင့်မချင်း ခေါက်ခဲ့သူဖြစ်သလို အောင်မြင်လိုသောစိတ်၊ ကြီးပွားစေလိုသောစိတ်၊ တိုးတက်လိုသောစိတ်ကို အခြေခံပြီး မအောင် အောင်မြင်အောင်ကို ကြိုးစားပြီး ကိုယ်ထူးကိုယ်ချွန်စိတ်ဖြင့် ကြိုးစားခဲ့သဖြင့် သူရောက်လိုသော ပန်းတိုင်ကို ရောက်အောင် လှမ်းနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

စိတ်ကို မနိုင်တဲ့သူဟာ ချမ်းသာကို မရနိုင်ပါဘူး။ ဆင်ဦးစီးဟာ ချွန်းကို ကိုင်ပြီး ဆင်ကိုနှိပ်ကွပ်ရသကဲ့သို့ ချမ်းသာချင်တဲ့သူ၊ အောင်မြင်ချင်တဲ့သူ၊ ကြီးပွားတိုးတက်ချင်တဲ့သူ လူငယ်အားလုံးသည်လည်း မိမိစိတ်ကို နိုင်အောင် ဆုံးမပြီး ကိုယ်ထူးကိုယ်ချွန်နိုင်ခဲ့သော လူငယ်များ ဖြစ်သင့်ပေသည်။

အလျဉ်းသင့်၍ မြန်မာနိုင်ငံမှ ကိုယ်ထူးကိုယ်ချွန် အောင်မြင်ခဲ့သော ပုဂ္ဂိုလ်အကြောင်းကို တိုးတက်အောင်မြင် ကြီးပွားလိုသော လူငယ်များ အတုယူနိုင်ကြစေရန် တင်ပြလိုပေသည်။

ထိုပုဂ္ဂိုလ်မှာ လင်းခေးဦးထွန်းမြင့် ပင်ဖြစ်လေသည်။

လင်းခေးဦးထွန်းမြင့်သည် ဗာဂိုးနီးယားဆေးကို မြန်မာပြည်နှင့် စတင် မိတ်ဆက်ပေးသူဖြစ်ပြီး အဓာန်းပညာမှာ ၁၀ တန်းမျှသာ သင်ကြားခဲ့ရ၍ နိုင်ငံခြား မရောက်ဖူးဘဲ ဗာဂိုးနီးယားဆေး စိုက်ပျိုးခြင်းနှင့် ဆေးပေါင်းတင်အတတ်ကို ကိုယ်ထူးကိုယ်ချွန်ပြီးတီထွင်ကြံဆ လုပ်ကိုင်ခဲ့ရသူ တစ်ဦးဖြစ်သည်။

အထူးသဖြင့် ဗာဂိုးနီးယားဆေးကို အောက်တန်းနောက်တန်းကျနေသည့် ရှမ်းပြည်နယ် တောင်သူများအတွက် ရည်ရွယ်ကာ ကိုယ်ကျိုးစွန့်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ထို့အပြင် ရှမ်းစော်ဘွားအနွယ်ဟိန်အရာရှိတစ်ဦး ဖြစ်သော်လည်း ပဒေသရာဇ် ဆန့်ကျင်ရေး လူမှုပြုပြင်ရေးသမား တစ်ဦးဖြစ်သည်။ ပင်လုံစာချုပ် အောင်မြင်ရေးအတွက် အဓိကအခန်းမှ ပါဝင်ခဲ့သည့် နိုင်ငံရေးသမား တစ်ဦးလည်း ဖြစ်သည်။ လွတ်လပ်ရေးရရှိချိန်တွင် ပထမဆုံးသော ရှမ်းပြည်နယ်တန်ကြီး၊ စက်မှုနှင့်သတ္တုတွင်းဝန်ကြီး၊ လမ်းစဉ်ပါတီခေတ်တွင် နိုင်ငံတော်ကောင်စီဝင်အဖြစ်လည်း ဆောင်ရွက်ခဲ့သူဖြစ်သည်။

ကိုယ်ကျင့်တရားနှင့် အမှန်တရားကို အလေးထား၍ 'ဟိန်' ရာထူးဝန်ကြီးရာထူးကို စွန့်ပစ်ခဲ့လေသည်။ ပရဟိတသမား၊ စီးပွားရေးတွင် စွန့်စားတီထွင်ခဲ့သော လုပ်ငန်းရှင်အဖြစ် တွေ့မြင်ခဲ့ရသည်။

ဆရာလင်းခေးဦးထွန်းမြင့်ကို ၁၉၀၃ ခုနှစ် ဖော်ဖော်ဝါရီလ ၂၈ ရက် စနေနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့တွင် မွေးဖွားခဲ့သည်။ ဖခင် ဦးကျော်စိန်၊ မိခင်မှာ ဒေါ်စောလုံဖြစ်သည်။ ဖခင်ဖြစ်သူမှာ သစ်ကုန်သည်ဖြစ်၍ မိခင်မှာ မောက်မယ်စော်ဘွားကြီး စဝ်ခွန်မွှံ၏ သမီးကြီးဖြစ်သည်။ ငယ်နာမည်မှာ စောဟတ် တွင်သည်။

၁၉၁၂ ခုနှစ်တွင် မော်လမြိုင် စိန့်ပက်ထရစ်ကျောင်း၌ စတင် ပညာသင်သည်။ ထို့နောက် ရှင်မဟာဗုဒ္ဓယောသ အမျိုးသားအထက်တန်းကျောင်းသို့ပြောင်း၍ ဆယ်တန်းအထိ ပညာသင်သည်။

၁၉၂၄ ခုနှစ်တွင် ရန်ကုန် တစ်ဖက်ကမ်း ဒလမြို့မှ ဦးထွန်းစိန်-ဒေါ်စောတင် တို့၏သမီး မလှအေးနှင့် လက်ထပ်သည်။ သားနှစ်ဦး၊ သမီးငါးဦး ထွန်းကားသည်။

၁၉၂၄-၁၉၃၀ ခုနှစ်တွင် ဒလတွင် ဆန်ရောင်းဝယ်ရေး လုပ်ကိုင်သည်။ ၁၉၂၈ ခုနှစ်တွင် ဦးရီးတော်စော်ဘွားကြီး ခွန်ဘိုးခေါင်က လင်းခေး

www.burmeseclassic.com

www.burmeseclassic.com

ဒေသတွင် ရှမ်းတောင်သူလယ်သမား များ ဆေးလုပ်ငန်းမကောင်း၍ စီးပွား ရေးခက်ခဲနေသောကြောင့်ဆေးလုပ်ငန်း တိုးတက်ရေးအတွက် အကူအညီများ တောင်းခံလာသည်။

ထိုအချိန်မှစ၍ ဗာဂျီးနီးယား ဆေးလုပ်ငန်း စာအုပ်များကို ရှာဖွေ ဖတ်ရှု လေ့လာကာ လုပ်ငန်းကို စတင် ဆောင်ရွက်ခဲ့သည်။ ၁၉၂၉-၃၀ ခုနှစ် တွင် လင်းခေး၌ ဗာဂျီးနီးယား ဆေး စိုက်ပျိုးရေးနှင့် ဆေးပေါင်းတင်သည့် လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။

ဦးရီးတော် မောက်မယ်စော်ဘွား က ငွေကြေး တာဝန်ယူခဲ့ရာ သုံးနှစ်ခန့် အကြာ ၁၉၃၁-၃၂ တွင် လုပ်ငန်းများ စတင်အောင်မြင်လာခဲ့သည်။

ဗာဂျီးနီးယား ဆေးပေါင်းတင် သည့် အလုပ်ကို စာအုပ်များဖတ်၍ ကိုယ်ထူးကိုယ်ချွန် ကြိုးစားခဲ့ခြင်း ဖြစ် သည်။ ၁၉၃၂-၃၃ ခုနှစ်တွင် ဘလူးဘင် ဆေးတံလုပ်ငန်းကို စီးပွားဖြစ် စတင် လုပ်ကိုင်နိုင်ခဲ့သည်။

၁၉၃၄-၃၉ တွင် ဦးရီးတော် မောက်မယ်စော်ဘွား ပေးအပ်သော ဟိန်ရာထူးကို လက်ခံဆောင်ရွက်သည်။ မောက်မယ်ဒေသတွင် လောင်းကစားမှု တားမြစ်ရေးနှင့် လူမှုပြုပြင်ရေးလုပ်ငန်း များကို ဆောင်ရွက်သည်။

ဇနီးဖြစ်သူက ဆေးလုပ်ငန်း လုပ်ကိုင်ခြင်းကို သဘောမတူ၍ ကွာ ရှင်းခွင့် တောင်းခံသောကြောင့် ကွာရှင်း ခွင့်ပေးခဲ့သည်။

၁၉၃၆ ခုနှစ် ဒီဇင်ဘာလတွင် လင်းခေးသူ မုနန်းဝယ်နှင့် အိမ်ထောင် ပြုသည်။ သားတစ်ဦး ထွန်းကားပြီး နောက် မုနန်းဝယ်၏ ဆန္ဒအရ ကွာရှင်း ပေးခဲ့သည်။

ဂျပန်ခေတ်တွင် ညီတော်ကျမိုင်း စော်ဘွားလေး စောစံထွန်းမှာ ငယ်ရွယ် သူဖြစ်၍ စော်ဘွားကိုယ်စား မောက် မယ်နယ်အုပ်ချုပ်ရေးကို ကူညီဆောင် ရွက်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်နေ စဉ် မောက်မယ်လူလတ်အသင်းဥက္ကဋ္ဌ၊ အာရှလူငယ်အသင်းအစည်းအရုံးဥက္ကဋ္ဌ တာဝန်များကိုလည်း ယူခဲ့သည်။ ဂျပန် တော်လှန်ရေးတွင် ကျောက်ကြီးရောဂါ ကြောင့် အိပ်ရာမှ မထနိုင်ဖြစ်ခဲ့ရသည်။

၁၉၄၅ ခုနှစ်တွင် ပထမဇနီး ဒေါ်လှအေး ကွယ်လွန်၍ သားသမီး များနှင့်အတူ ဒလသို့ ပြန်လည်ပြောင်း ရွှေ့ နေထိုင်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဒလသင်္ဘော ကျင်း အလုပ်သမားသပိတ်ဥက္ကဋ္ဌ၊ ၁၉၄၆ ခုနှစ် မတ်လတွင် ပထမအကြိမ် ပင်လုံညီလာခံ ကျင်းပရေးအတွက် ဆောင်ရွက်ခဲ့သည်။ ညီလာခံတွင် ဗာ ဂျီးနီးယားဆေး ပြခန်းကို ပြသခဲ့သည်။

၁၉၄၆ ခုနှစ် ဇူလိုင်လတွင် ရှမ်း ပြည်နယ် တိုက်နယ်ပြည်သူကောင်စီ အမှုဆောင် ဥက္ကဋ္ဌ၊ ၁၉၄၇ ဖေဖော်ဝါရီ လ ၁၂ ရက်တွင် ပင်လုံညီလာခံ လက် မှတ်ထိုး ကိုယ်စားလှယ် (၂၃)ဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

ထိုနှစ်မှာပင် ပထမ ဇနီးသည်၏ ညီမ မသန်းခင်နှင့် ထပ်မံ လက်ထပ် သည်။ သမီးတစ်ဦး ထွန်းကားသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေးကော်မတီဝင် ၁၉၄၇ ခုနှစ်၊ ရှမ်းပြည်နယ်ဥက္ကဋ္ဌ (ဝန်ကြီး) ၁၉၄၈၊ စက်မှုနှင့်သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ၁၉၄၈ ခုနှစ်၊ ဌာနလက်ကိုင်မရှိဝန်ကြီး (၁၉၄၈-၄၉)၊ ဦးမြနှင့်သားများကုမ္ပဏီ ၏ လင်ကွန်း ဆေးတံသောက်ဆေး လုပ်ငန်း ကျွမ်းကျင်မှုအကြံပေး (၁၉၅၀)၊ ကျေးလက်ကြီးပွားရေး ကော်ပိုရေးရှင်း အထူးအရာရှိ (၁၉၅၃-၁၉၆၈)၊ ဗာဂျီး နီးယားဆေး စီမံကိန်း အကြံပေးအရာရှိ (ပြည်သူ့စီးကရက်လုပ်ငန်း ဥက္ကဋ္ဌ)၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီ လုပ်ငန်းစီစစ်ရေးကော်မတီဝင်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် မူကြမ်းရေးဆွဲရေး ကော်မရှင်နှင့် နိုင်ငံတော်ကောင်စီဝင် တာဝန်များကို ထမ်းဆောင်ခဲ့သူ ဖြစ် သည်။

၁၉၅၃ ခုနှစ်တွင် ပြည်တော်သာ စီမံကိန်းအတွက် ဗာဂျီးနီးယားဆေး စီမံကိန်းကို ရေသားတင်သွင်းရာ ပထမ ဆုငွေ ၁၅၀၀ ကျပ်နှင့် သမ္မတ၏ ရွှေ တံဆိပ် ချီးမြှင့်ခြင်းခံရသည်။

၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် သီရိပျံချီ ဘွဲ့တံဆိပ် ချီးမြှင့် ခြင်းခံရသည်။ ဗာဂျီးနီးယားဆေး စာအုပ်ကို ဘာသာပြန်စာပေအသင်းမှ ပုံနှိပ်ထုတ်ဝေသည်။

ဗာဂျီးနီးယားဆေးပေါင်းပညာ နှင့် ပတ်သက်သော စာစောင်ကိုလည်း ၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ဦးစီးထုတ် ဝေခဲ့ပြီး ဆရာလင်းခေး ဦးထွန်းမြင့် သည် ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင် ရန်ကုန်မြို့ နေအိမ်၌ သွေးတိုး ရောဂါဖြင့် ကွယ်လွန်ကြောင်း ဆရာ မောင်ဇေယျာ ရေးသားသော လူကျော် (၁၀၀)စာအုပ်တွင် လေ့လာဖတ်ရှုခဲ့ရ သည်။

၁၀ တန်းအထိသာ ပညာသင်ခဲ့ ရပြီး နိုင်ငံတော်၏ ကြီးမားသောတာဝန် ဝတ္တရားများကို ထမ်းဆောင်နိုင်ခဲ့ပြီး အောင်မြင်တိုးတက် ကြီးပွားသောပုဂ္ဂိုလ် တစ်ယောက်အဖြစ် ဘာကြောင့်ရောက် ခဲ့ရသလဲဟု မေးမြန်းလေ့လာ သုံးသပ် ရလျှင် မိမိစိတ်ကို နိုင်နင်းအောင်ဆုံးမ တတ်ပြီး ကိုယ်ထူးကိုယ်ချွန်လိုသော စိတ်သည် သူ့ဘဝကို အမြင့်မားဆုံးဘဝ ရောက်အောင် တွန်းပို့ပေးလိုက်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် တိုးတက်ကြီးပွား အောင်မြင်လိုသော လူငယ်များသည် မြန်မာနိုင်ငံသား ကရင်တိုင်းရင်းသား လေး ကလာဟဲ့ ကဲ့သို့သော စိတ်ဓာတ် ရှိဖို့လိုအပ်သကဲ့သို့ လင်းခေးဦးထွန်းမြင့် ကဲ့သို့ တီထွင်ကြံဆကာ ကြိုးပမ်း အား ထုတ်လိုသောစိတ်၊ ကိုယ်ထူးကိုယ်ချွန် လိုသောစိတ်ကို မွေးမြူကြရပေလိမ့် မည်။

လောကတွင် တာရှည်အခံဆုံး ဟု ဆိုရမည်မှာ စွမ်းအားပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိစွမ်းအားကို အရင်းတည်၍ မဆုတ်မနစ်သော ကြိုးစားမှုဖြင့် ကိုယ်ထူးကိုယ်ချွန်ကာ ဘဝကို ဖြတ်သန်းလျှင် အောင်မြင် တိုးတက်ကြီးပွားမှုတို့သည် လက်တစ်ကမ်းအကွာတွင်သာ ရှိသည်ကို တွေ့မြင်ရမည်ကို သတိပြုသင့်ကြပေသည်။

အထူးသဖြင့် အောင်မြင်တိုးတက် ကြီးပွားလိုသော လူငယ်များအတွက် ညောင်တုန်းမြို့ ဓရှဟသ်ာတောရတိုက် ပထမစံကျောင်းဆရာတော်ကြီး၏ အဆုံးအမဆောင်ပုဒ်တစ်ခုကို လက်ဆင့်ကမ်းပါရစေ။ ထိုဆရာတော်ကြီး၏ အဆုံးအမမှာ ဗုဒ္ဓဟောကြားခဲ့သော တရားတော်ကို အများနားလည်လွယ်အောင်အလင်္ကာမြောက်စွာ ရေးဖွဲ့ပေးထားခြင်းဖြစ်သည်။

"လုပ်၍ရလာ၊ ထိုဥစ္စာကို၊ ပုံပါလေးပုံ၊ တစ်ပုံစားပါ၊ နှစ်ပုံထပ်ရင်း၊ အကြွင်းရန်ပုံ၊ ထားပါတဲ့၊ မှတ်ယုံကြီးပွားမည်"ဟူသော အဆုံးအမပင် ဖြစ်သည်။

ဤဒေသနာအရ မိမိရရှိလာသော ပစ္စည်းဥစ္စာကို လေးပုံပုံပြီး တစ်ပုံကို မိမိအိမ်ထောင်အတွက် သုံးရပါမည်။ အိမ်စရိတ်၊ လှူဒါန်းပေးကမ်းစရိတ်၊ ထောက်ပံ့ချီးမြှင့်စရိတ်တို့တွင် သုံးစွဲပြီး နှစ်ပုံကို အရင်းအနှီး ပြုလုပ်ရမည်။ တစ်ပုံတိုပင် မသုံးဓမြစ် သုံးစွဲရမည့် အရေးပေါ်လာလျှင် သုံးစွဲရန် ငွေအဖြစ် သိုဝှီးသိမ်းဆည်းထားရမည်ဟု ပြောဆိုဆုံးမထားခြင်း ဖြစ်သည်။

အထူးသဖြင့် အောင်မြင်တိုးတက် ကြီးပွားလိုသူများသည် အာရိဒိဟစ်ချိုင်ကော့၏ အဆိုအမိန့်တစ်ရပ်ကို လည်း လိုက်နာသင့်သည်ဟု ခံယူမိသဖြင့် တင်ပြလိုပေသည်။

ထိုအဆိုအမိန့်မှာ -

"အောင်မြင်မှု ဟူသမျှ၏ သော့ချက်ကား စိတ်အလိုကို မလိုက်မှားမှုပေတည်း။ သင့်ကိုယ်သင်သာ ထိန်းသိမ်းနိုင်စွမ်း ရှိပါစေ၊ သင်သည် ပညာတတ်တစ်ယောက်ပေတည်း၊ ထိုအချက်ကင်းမဲ့နေလျှင် အခြားဘာတွေကို တတ်နေနေ အချည်းနှီးသာတည်း" ဆိုသော အချက်ကိုလည်း သတိပြု လိုက်နာရပေလိမ့်မည်။

ထို့အပြင် အောင်မြင်ကြီးပွားတိုးတက်လိုသူများအတွက် ပရာဘဝ. သုတ္တန်မှ အဆိုအမိန့်တစ်ရပ်ကိုလည်း လိုက်နာကျင့်သုံးနိုင်ရန် သတိပေး နှိုးဆော်ချင်ပါသည်။ အအိပ်မက်သူ၊ ပွဲလမ်းသဘင်မက်မောသူ၊ ပျင်းရိသူနှင့် အမျက်ဒေါသကြီးသူတို့သည် အောင်မြင်တိုးတက် ကြီးပွားလိုသူများအတွက် အဟန့်အတားဖြစ်ပြီး ပျက်စီးဆင်းရဲခြင်းသို့ ပို့ဆောင်ပေးမည် ဟူသော အဆိုအမိန့်များကို သတိထားကြရမည် ဖြစ်ပေသည်။

နောက်ဆုံးအနေဖြင့် တိုးတက်ကြီးပွား အောင်မြင်လိုသူ လူငယ်များအတွက် မဟာဝန္ဓာရုံ ဆရာတော်ကြီး၏ အဆုံးအမ ကဗျာတစ်ပုဒ်ဖြင့် နိဂုံးချုပ်ခွင့်ပြုပါ။

လူ့ဘုံထုံးစံ၊ တဲ့ရဲ့ဒဏ်ဖြင့်
ရန်မာန်ပိတ်သဲ၊ ခရီးခဲ၌
စိတ်ဒဏ်သန်သန်၊ နောက်မပြန်ဘဲ
ရဲမာန်ရဲဆေး၊ ရဲစိတ်မွေးလျက်
ရဲသွေးနီနီ၊ စီရရီဖြင့်
ဦးတည်မဟျက်၊ ရှေ့သို့ ဆက်လော့။

မဟာဝန္ဓာရုံဆရာတော်

အောင်မြင်မှု၏ ပထမအခြေခံသည် ခံယူတတ်မှု စိတ်ဓာတ်သာလျှင် ဖြစ်သည်။ စတင်ယုံကြည်သည်နှင့်တစ်ပြိုင်နက် အောင်မြင်မှုဆိုတာ အလိုလိုရောက်ရှိလာမှာဖြစ်သောကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုစိတ်အပြည့်အဝ ထားပြီး ကိုယ့်ထူးကိုယ်ချွန်သူထဲသို့ အောင်မြင်တိုးတက် ကြီးပွားမှုများသည် အလိုအလျောက် ရောက်လာပါလိမ့်မည်။ ယုံလိုက်ပါ။

မင်းလှမင်းခေါင်

❑

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်းပို့မို့တိုးတက်အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။
၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

ဆက်သွယ်ရန်

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၀) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၀)လမ်းကြား၊ လသာပြိုန်ယံ၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၀

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီဆွဲပြင့်

စိမ့်စိမ်းရေကြည်ပမာ အမေမေတ္တာ

မောင်မြတ်ဆွေး(ပင်လယ်)

၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်၊ စနေနေ့က အမေ မူးမေ့လဲကျသည်။ ထမင်းချက်နေရာမှ ဟင်းညွှန့်ဆင်းခူးရင်း သတိလစ် လဲကျသွားခြင်းဖြစ်သည်။ ကျွန်တော်ကျောင်းမသွားမီ အချိန်အတွင်း ဖြစ်၍ တော်ပေသေးတော့သည်။

ရောဝပ်နေသည့် ကျွန်တော့်ဇနီးသည်က လှမ်းအော်သဖြင့် ကျွန်တော် အိမ်ပေါ်မှ ပြေးဆင်းခဲ့သည်။

ဇနီးသည်က အမေ့ကို ပွေ့ထူထားသည်။ အမေ သည်လို မကြာခဏ ဖြစ်တတ်၍ ကျွန်တော်တို့ အမြဲသတိထားနေရသည်။

အမေ့မှာ သွေးတိုးရောဂါ ရှိသည်။ ဆေးလုံးသောက်မှာ ကြောက်သည့် အမေသည် ဆေးသောက်ပြီးပြီဆိုကာ ဆေးလုံးများကို အိမ်အောက်ကြမ်းပြင်သို့ ပစ်ချထားလေ့ရှိသည်။ ကျွန်တော်က အမြဲစောင့်ကြည့် တိုက်တွန်းမှသာ မျက်နှာကို ရှုံ့မဲ့၍ ဆေးသောက်လေ့ရှိသည်။

ကျွန်တော့်ဇနီးသည်က လှမ်းမှာလိုက်သည်။

"ဆရာရေ၊ စင်မြင့်လေးပေါ်က နှာပုလင်းလေး ယူခဲ့စမ်းပါ"

"အေးအေး၊ အမေ့ကို သတိရအောင် ခေါ်ကြည့်စမ်းပါဦး"

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဆေးပုလင်းထဲမှ နှာမှုန့်များကို ခါထုတ်ယူ၍ အမေ့နှာခေါင်းဝသို့ ပွတ်သပ်ပေးကာ နှာခေါင်းဝတွင် နှာပုလင်းအဝလေးကို တေ့ပေးထားသည်။

"အမေ အမေ အမေ သားခေါ်တာ ကြားရဲ့လား"

ကျွန်တော်က အမေ့ ခန္ဓာကိုယ်ကို အနည်းငယ်လှုပ်ရှားပေး၍ သတိရစေရန် ခေါ်ပေးလိုက်သည်။ ကျွန်တော့် အသံကြား၍ အမေ့မျက်စိများ ပွင့်လာသည်။ သို့သော် မူးဝေနေသဖြင့် သိပ်ကြည်ကြည်လင်လင် ရှိလှသည်တော့ မဟုတ်လှပေ။ ဇနီးသည် လက်ထဲမှ အမေ့ကို ပွေ့ချီ၍ အိမ်ပေါ် တက်လိုက်သည်။ ကျွန်တော်က ဇနီးသည်ကို-

"ခေါင်းရင်းဘက်မှာ သင်ဖျာခင်းပြီး ခေါင်းအုံးချထားပေးပါ၊ ကိုယ် ဂျီတွေ့ကာက ဆရာသက်နိုင်ကို စက်ဘီးနဲ့ ပြေးခေါ်လိုက်ဦးမယ်၊ အမေ့ကို ချက်ချင်း ချမသိပ်ဘဲ ပွေ့ထူပေးထား၊ သွေးတိုးနေတဲ့သူကို ဖျာပေါ်မှာ ချက်ချင်း မအိပ်စေဖို့ ဆရာက မှာထားဖူးတယ်"

ထိုစဉ်က ကျွန်တော်တို့ဒေသတွင် ဆရာဝန် အလွန်ရှားပါးပါသည်။ လင်းသာကျေးရွာတွင် ကျေးလက်ဆေးခန်းဖွင့်ထားသော်လည်း ဆေးမှူးမရှိပါ။ ကျောက်ထိုးဆရာနှင့် သူနာပြုဆရာမများသာ ရှိလေသည်။

မြေပြင်တွင် ဆရာဝန်ကိုကျော်မြင့်နေသော်လည်း နံနက်ပိုင်းနှင့် ညနေပိုင်းသာ ဇကာဆေးခန်းဖွင့်၍ သံတွဲဆေးရုံကြီးတွင် တာဝန်ကျနေသည်ကများပါသည်။

ထို့ကြောင့် ထပ်မတော် အငြိမ်းစား ဆေးတပ်သား အဘသက်နိုင်က ရွာစဉ့်လှည့်၍ အချိန်ပြည့်ကုသပေးလေ့ရှိပါသည်။

အဘဦးသက်နိုင်က ကျွန်တော်တို့နှင့် အလွန်ရင်းနှီးရုံမျှမက မိသားစု ဆရာဝန်သဖွယ် ဖြစ်လေသည်။

"ဗျို့ အဘဦးသက်နိုင်ရေ ခုနက အမေမူးလဲသွားလို့ အဘကို ချက်ချင်း လာခေါ်တာ၊ အဲဒါ အမေ့ကို လိုက်ကြည့်ပေးပါဦး"

"အေး အေး၊ ကျောင်းဆရာသာ ရှေ့ကသွားနှင့် အခုပဲ လာခဲ့မယ်"

*

"မိန်းမရေ ရေနွေးပူပူလေး တည်ထားပေးစမ်းပါ၊ အဘ အခုပဲ လာလိမ့်မယ်"

မကြာမီ အဘ ဦးသက်နိုင် ရောက်လာသည်။ အမေ့ကို နားကြပ်နှင့် စမ်းသပ်သည်။ သွေးပေါင်ချိန်သည်။ သားကြီးမောင်ချမ်းမြေ့က သူ့အဖွားကို အဘဦးသက်နိုင် စမ်းသပ်နေသည်ကို လိုက်ကြည့်နေသည်။

"သွေးပေါင် တော့်တော်တက်နေတယ်၊ နှလုံးလည်း အားနည်းနေတယ်၊ အမေ့ကို ဆေးရုံပို့မှ ဖြစ်မယ် ကျောင်းဆရာ၊ အဘ သွေးပေါင်ကျဆေး ထိုးပေးလိုက်မယ်၊ ဒီမှာ ကုနေလို့ သက်သာမယ် မထင်ဘူး၊ အမြန်သာ စီစဉ်ပေတော့"

အဘဦးသက်နိုင်၏ ဆုံးဖြတ်ချက်တိုက်တွန်းချက်နှင့်အတူ ကိုထွန်းတင်တို့ ဂျစ်ကားလေးကိုငှား၍ အမေ့ကို ဆေးရုံတင်လိုက်ရလေသည်။

*

သံတွဲမြို့ဆေးရုံကြီးတွင် လေးရက်တာမျှ ကြိုးစား ကုသကြပါသော်လည်း အမေ့ အခြေအနေက ထူးခြားသက်သာမှု မရှိခဲ့ပါ။ ဆရာဝန်ကြီး ဒေါက်တာဦးသန်းဖေကို အနီးကပ်မေးကြည့်တော့ သူက သူ့ရုံးခန်းထဲ ခေါ်ပြောသည်။

"ကျောင်းဆရာ၊ ခင်ဗျားအမေက အသက်လည်း ကြီးပြီ၊ အင်အားလည်း သိပ်မရှိဘူး၊ နှလုံးလည်း အားနည်းနေတယ်ဆိုတော့ ပွင့်ပွင့်လင်းလင်း ပြောမယ်ဗျာ၊ ခင်ဗျား အမေကို အိမ်ကိုသာ ပြန်ခေါ်သွားပါ၊ သွေးတိုးတဲ့ ဒဏ်ကြောင့် ဦးနှောက်သွေးကြောငယ်တွေ ပေါက်ကုန်ပြီဗျ၊ ကုန်ကုန်ပြောရရင် ရက်သတ္တပတ်ပဲဗျာ"

ဆရာဝန်ကြီးဦးသန်းဖေ စကားကြောင့် ကျွန်တော့်ဦးခေါင်း မိုးကြိုးပစ်ချသလို ခံစားလိုက်ရသည်။

အမေ့ကို ဆုံးရှုံးစွန့်လွှတ်ရတော့မှာပါလား ဟူသည့် အသိစိတ်ကြောင့် ထိတ်လန့်ကြောက်ရွံ့ ဝမ်းနည်းစိတ်များ တစ်မှုတ်ချင်း ပေါ်ထွက်လာလေသည်။

အစ်မနှင့် ဇနီးသည်တို့ မရိပ်မိစေရန် မျက်နှာကို ကြိုးစားပြင်ဆင်၍ အမေ့ ခုတင်ဆီသို့ ပြန်လာခဲ့သည်။

ကျွန်တော် ဟန်ကိုယ့်ဖို့ ဆိုသော်လည်း ကျွန်တော့်မျက်နှာအခြေအနေကို ကြည့်၍ ခန့်မှန်းသိနေလောက်မည်ထင်ပါသည်။ အစ်မဖြစ်သူက. . .

"ဆရာဝန်ကြီးက ဘာပြော လိုက်လဲ ကိုလေး"

"အမေ့ ဝေဒနာက ပိုပြီး မသက်သာတော့ အိမ်ကို ပြန်ခေါ်သွားပြီး သက်သက်သာသာနေစေဖို့ ပြောလိုက်ပါတယ်၊ ဆေးရုံဆင်းလက်မှတ်လည်း ရေးပေးလိုက်ပါပြီ၊ အဲဒါ အမေ့ကို ပြန်ခေါ်ထုတ်သွားရမယ် အစ်မ"

"ဒီလို လုပ်ပါလား ကိုလေး၊ ခုအနေအတိုင်း အမေ့ကို ပြန်ခေါ်သွားရင် အမေ ပင်ပန်းနေလိမ့်မယ်၊ အမေ့ကို အစ်မအိမ်မှာ ထားခဲ့ပြီး ထူထူထောင်ထောင် ဖြစ်မှ ရွာကို ပြန်ပို့ပေးမယ်လေ"

"ပိုသင့်တော်တာပေါ့ အစ်မရေ ကျွန်တော်ပစ္စည်းတွေ သိမ်းလိုက်မယ်"

ကျွန်တော်တို့ မိသားစုတွင် မောင်နှမ နှစ်ယောက်သာ ရှိခဲ့သည်။ အစ်မက ကျွန်တော့်ထက် ဆယ်နှစ်ကြီးသည်။ အစ်မက သံတွဲမြို့တွင် အိမ်ထောင်ကျ၍ သြဘာလမ်းတွင် နေထိုင်သည်။ အစ်မ၏ သားကြီးဖြစ်သူနှင့် ကျွန်တော်က သုံးနှစ်ခန့်ကြီးသည်။ သူနှင့် ကျွန်တော်က တူဝရီးဖြစ်သော်လည်း ကစားဖော်ကစားဖက်များ ဖြစ်ကြသည်။

ကျွန်တော်က အိမ်ထောင်ကျသော်လည်း အဖေ၊ အမေတို့နှင့် အလှူ

www.burmeseclassic.com

www.burmeseclassic.com

နေထိုင်ကာ ဦးတူပေါင်ဖက် လယ်လုပ်ရင်း အဖေနှင့် အမေကို အနီးကပ်လုပ်ကျွေးပြုစုခဲ့ရသည်။ အစ်မတွင် သားသမီး ငါးယောက်ရှိ၍ မုန့်လုပ်ရောင်းသည်။ သူ့ယောကျ်ားက ကားဒရိုင်ဘာဖြစ်သည်။ သံတွဲနှင့် ရွာမှာ ဆယ်မိုင်သာဝေးကွာသော်လည်း အစ်မသည် သုံးလနေ၍ တစ်ခေါက် ရောက်ဖြစ်ခဲလေသည်။

ကျွန်တော်တို့ထံတွင် ဝမ်းစာဆန် မပြေလည်၍ လာယူသည့်အခါတွင် လည်းကောင်း၊ မုန့်လုပ်ရန် အုန်းသီးလိုသည့်အခါတွင် လည်းကောင်း ရွာရှိ ရပ်ဆွေရပ်မျိုးများ အလှူအတန်းနှင့် သာရေးနာရေးရှိသည့် အခါကျမှသာ ရောက်လာတတ်လေ့ရှိသည်။

အဖေဆုံးပြီးသည့်နောက် ကျန်းမာရေး မကောင်းသည့် အမေကို မြို့ရှိ အစ်မထံတွင်ထား၍ ဆေးဝါးကုသပေးစေလိုသည်ဟု ကျွန်တော်က စကားလမ်းခင်းပေးသော်လည်း အမေ၏ ဂိုလာန ကရိကထကို မခံနိုင် မပြုစုနိုင်သဖြင့် အမြဲလိုလို ဆင်ဒ္ဒေရန်ရှောင်ငြင်းပယ်လေ့ရှိပါသည်။ မပြေလည်၍ ဒွေကြေး၊ ရွှေငွေတို့ကို အမေ့ထံတွင် တီးတိုး တီးတိုးနှင့် အမြဲလာချေးငှား၍ ပြန်ပေးသည်ဟူ၍ မရှိဘဲ အစဉ်ပျောက်သွားလေ့ရှိသည်။

အမေက အဖေနှင့် ကျွန်တော် မသိစေရန် ထိမ်ချန်ထားသော်လည်း ခေတ်ပညာတတ် ကျွန်တော်က ရိပ်စားသိရှိခဲ့သည်။

မရှိအတူ ရှိအတူ အမေ့ကျန်းမာရေးနှင့် ဦးကလူး သေးကလူး ဒုက္ခကို ကျွန်တော်တို့ ဇနီးမောင်နှံသား ခါးစည်း၍ ခံခဲ့ကြရလေသည်။

ထို့ကြောင့် ယခုလို နောက်ဆုံးအချိန်တွင် အစ်မကို ကျွန်တော်က အနီးကပ်ပြုစုစေလို၍ အမေ့ကို အစ်မနေအိမ်တွင် ခေတ္တထားခဲ့ရန် ဆုံးဖြတ်ထားခဲ့ခြင်း ဖြစ်သည်။

*

အမေသည် ကျွန်တော့်ကိုအချစ်ဆုံးဖြစ်သည်။ အမေ့တွင် အိမ်ထောင်သက်တမ်း၌ သားသမီးဆယ်ယောက် မွေးခဲ့ပါသည်။ သို့သော် ကျွန်တော် အပါအဝင် သုံးယောက်သာအဖတ်တင်ခဲ့လေသည်။ ရှေးခေတ်က ကလေးရောဂါအမျိုးမျိုးဖြင့် သေဆုံးခဲ့ကြလေသည်။

အကြီးဆုံးသမီးမှာ မယ်ရွှေဖြစ်သည်ဟု သိရပါသည်။ အစ်မကြီး မယ်ရွှေသည် ခြောက်နှစ်အရွယ်တွင် ဆုံးသည်ဟု သိရသည်။ အဖေက ရွာအရှေ့ဘက် လေးမိုင်ကျော်ရှိ လင်းသာတောင်တန်းကြီး၏ အရှေ့ဘက် စာတိုက်နယ် ကျောက်တန်းရွာသားဖြစ်သည်။ အဖေ့ဆွေမျိုးများက ကြံတောင်သူများ ဖြစ်ကြသည်။ လယ်လုပ်သည်။ ဝါးခုတ်သည်။ နှီးဖြာ၊ တောင်း၊ စကော၊ စဲကာတွေ ရက်ကြသည်။ ကြံစိုက်၍ ထန်းလျက်ချက်ကြသည်။

ကြံပေါ်ခိုက် အဖေက မွေးရပ်မြေ ခရာသွားတော့ အမျိုးတွေက ကြံတွေ လက်ဆောင်ပေးလိုက်သည်။ ထို အချိန်တွင် မယ်ရွှေက ဖျားနေသည်။ ဆေးမသောက်လို၍ အဘိုးက ဆေးသောက်ပြီးရင် ကြံပေးစားမယ်ဟု ချော့လေသည်။ မယ်ရွှေက ဆေးသောက်ပြီး ကြံစားရန် တောင်းလေသည်။

အဘိုးက မြေးကို ချစ်လွန်းသဖြင့် မဖြစ်စလောက်ထင်ကာ ကြံပိုင်း အနည်းငယ်ကျွေးရာ မမယ်ရွှေထစ်ယောက် ဖျားနေရာ ဝန်းလိုက်၍ သေဆုံးလေသည်။ အမေလည်း အံ့ဩတစ်ပိုင်းဖြစ်ခဲ့သည်။ အဘိုးဆိုလျှင် သေသည်အထိ နောင်တရမဆုံး ဖြစ်သွားခဲ့လေသည်။ အဖေကတော့ အတွင်းဆွေးကျိတ်ဆွေးတတ်လေသည်။

ကလေး အသေအပျောက်များ၍ နာမည်ကိုပင် နေ့သင့် နံသင့်မပေးဘဲ အဖတ်တင်ကျန်သည့် အစ်ကို အကြီးဆုံးကို ရွှေငို ဟုလည်းကောင်း၊ အစ်မကို မငို ဟုလည်းကောင်း၊ အထွေးဆုံး ကျွန်တော့်ကို ရွှေချို ဟုလည်းကောင်း မိသားစုတွင်ရော ရပ်ရွာကပါ ငယ်နာမည်ကို ခေါ်ကြသည်။

ကျွန်တော့်ကို မွေးပေးသည့် လက်သည် ဒေါ်နှင်းမေက ကျွန်တော့်ကို မောင်စိန်ထွေးဟု အမြဲခေါ်လေ့ရှိသည်။ အမေ ကျွန်တော့်ကို အဘယ်မျှ ချစ်သနည်းဆိုရမူ ခရီးဝေး ဘယ်တော့မှ ပေးလွှတ်လေ့ မရှိပေ။ ကျောင်းထားတော့လည်း အရပ်ပု သေးညှက်လွန်း၍ သဖြင့် သူတကာတွေ နှိပ်စက်မှာစိုးသည်ဟု ဆိုကာ ကိုးနှစ်သားမှ ကျောင်းစထားပေးလေသည်။

ထို့ကြောင့် ကျွန်တော့် ကျောင်းနေဖက်သူငယ်ချင်းများသည် ကျွန်တော့်ထက် (၂)နှစ်၊ (၃)နှစ် ငယ်ကြလေသည်။

အမေသည် ကျွန်တော့်ကို ရိုက်နှက် ဆုံးမဖူးသည်ဟု မရှိခဲ့ပေ။ ခြောက်လှန့်ခြိမ်းခြောက်၍လည်း မဆုံးမဖူးပေ။ သူမျက်စိအောက်မှ အပျောက်မခံဘဲ အမြဲစောင့်ရှောက်လေ့ရှိသည်။ ကျွန်တော်က အမေနှင့် တူသဖြင့် အရပ်ပုလေသည်။

အဖေကမူ ထောင်ထောင်မောင်းမောင်းကြီးဖြစ်သည်။ အမေက ချွေးမတွေ သမက်တွေ အပေါ်မှာ နည်းနည်းလေးမျှ စိတ်မကွက်၊ သဘောထားကြီးသည်။ ဘယ်လောက်ပင် မကောင်းပြောပြော၊ မကောင်းလုပ်လုပ် သည်းခံနိုင်စွမ်းရှိသည်။

ဆွေမျိုးများ အပေါ်တွင်လည်း ဤနည်းနှင့်နှင်ပုံဖြစ်သည်။ သူ့အပေါ် ဘယ်လောက်ပင် အနိုင်ကျင့်ကျင့် စိတ်ထားမြတ်မြတ်နှင့် ခွင့်လွှတ်တတ်သည့် ချည်း ဖြစ်သည်။

အမေသည် တစ်ကောင်ကြွက်ဖြစ်သည်ဟု အစက ကျွန်တော်ထင်ခဲ့သည်။ အမှန်မှာမူ မဟုတ်ခဲ့ချေ။ ညီအစ်ကို မောင်နှမ ရင်းချာတွေ ရှိကြသည်။ သို့သော် အမေသိခွင့် မရခဲ့ရှာ။ အမေသည် ကိုယ်မွေးသည့် ရပ်ရွာကိုပင် ဘယ်အရပ်တွင် ရှိသည်ဟု မသိခဲ့

www.burmeseclassic.com

www.burmeseclassic.com

သေသာ သေသွားခဲ့သည် မွေးရပ်သို့ တစ်ခေါက်မှ မရောက်ဖြစ်ခဲ့ပေ။

ကျွန်တော့်လက်ရှိ အဘိုးနှင့် အဘွားမှာ အမေ့ အဖေရင်းနှင့် အမေ ရင်းများ မဟုတ်ခဲ့ကြချေ။ ဘိုးဘိုးနှင့် ဘွားဘွားတို့က အမေ့ကို ငယ်ငယ်လေး ကတည်းက မွေးစားခဲ့ကြသည်။ အမေ့ ဇာတိရွာသည် ကျွန်တော်တို့ရွာမှ မိုင် နှစ်ဆယ်ခန့်ဝေးသည့် ဂုံးစရစ် ရွာလေး ဖြစ်သည်။ အမေ့ကိုမွေးပြီး ဆယ်ရက် မြောက်နေ့တွင် အမေ့မိခင်ခမျာ သွေး တက်၍ ဆုံးရှာသည်။

အဖေ့ဖခင်က ဇာတ်သမားဖြစ် ၍ ရပ်တကာ ရွာတကာလှည့်၍ ဆိုင်း တီးသည်။ ဇာတ်နောက်လိုက်သည်။ သံမှာအပ်၊ လူမှာ ဇာတ်ဆိုသကဲ့သို့ အမေ့ဖခင်သည် မိသားစုကို ပစ်ကာ သူဝါသနာပါရာ အလုပ်ကို မက်၍ သားပစ် မယားပစ် နေထိုင်ခဲ့သည်။ ဇာတ်ကရင်း တစ်ရပ်တစ်ရွာတွင် ဆုံးပါး ခဲ့သည်။

နှစ်ဖက်ဘိုးဘွားများက မွေး ကင်းစ ကလေးကို မွေးမြူရန် မတတ်နိုင် သဖြင့် သူတစ်ပါးကို မွေးစားရန်ပေးဖို့ ကမ်းလှမ်းခဲ့ကြသည်။ မွေးကင်းစ ရက် သားအရွယ်ကပင် ဇာတိရပ်ရွာကို စွန့် ခွာခဲ့ရသော အမေသည် သူ့အဘိုး အဘွား၊ မိဘ၊ ညီအစ်ကို မောင်နှမ အရင်းအချာတွေကို တွေ့ခွင့် သိခွင့် မရခဲ့ခြင်း ဖြစ်သည်။

အမေ့ကို မွေးစားခဲ့သည့် ဘိုးဘို နှင့် ဘွားဘွားကလည်း သည်ရွာဇာတိ တွေ မဟုတ်ကြ။ ရဲကျွန်းမှ ဖြစ်သည်။ ဓားပြရန်ကို ကြောက်၍ ရှောင်တိမ်း လာကြသူများ ဖြစ်သည်။ သားသမီး လုံးဝမရတတ်၍ မေမွေးကို ဆိတ်နို့၊ နွားနို့တိုက်၍ လူလားမြောက်အောင် ကျွေး မွေးခဲ့ကြသည်။

ထို့ကြောင့် အမေသည် ကျွန် တော်တို့ကိုသာ ဆိတ်သား၊ နွားသား တို့တို့ ဆားမမြည်းဘဲ ချက်ကျွေး၍ ထို အသားဟင်းများကိုမူ လုံးဝ မစားခဲ့ပေ။

လက်ရှိ ဘိုးဘိုးနှင့် ဘွားဘွား တို့က ဆွေခန်းမျိုးခန်း ဖြတ်ရမည်ဟု ပြောဆိုကာ လူကြီးစုံရာနှင့် ကတိပေး မွေးစားခဲ့သဖြင့် ယနေ့တိုင် အမေ့ရပ်ရွာ ဆွေမျိုးများ ဘယ်သူမျှ မလာရောက်ရဲ ကြချေ။

အမေ မွေးစားသမီး အပေါ် ဤ၍ဤမျှ အချစ်ကြီးခဲ့သည့် ဘိုးဘိုးနှင့် ဘွားဘွားတို့၏ စိတ်ဓာတ်ကလည်း ရက် စက်ရာကျလွန်းလေသည်။ မွေးစားခဲ့ပြီး အရွယ်ရောက် သိတတ်မှတ်တတ်လျှင် စုံစမ်းမေးမြန်း၍ မိမိရပ်ရွာ ဆွေမျိုးသား ချင်းများထံ ပြန်သွားမှာစိုး၍ ဖြစ်သည် ဟု ဆိုပါသည်။ ထို့ကြောင့် ဘိုးဘိုးနှင့် ဘွားဘွားတို့ ဆွေမျိုးတစ်စုလုံးက ရေငုံ နူတ်ပိတ် ဆိတ်ဆိတ်နေခဲ့ကြသည်သာ ဖြစ်လေသည်။

*

အမေသည် သောကနှင့် အမြဲ ရင်ဆိုင်ခဲ့ရသည်။

ကျွန်တော် ဆယ့်တစ်နှစ်သား အရွယ်တွင် အစ်ကိုကြီး ဆုံးသည်။ ခွေးမက ပုန်ကန်ကာ သူ့ရပ်ရွာ ပြန် သွားသည်။ သစ်စိမ်းချိုး ချိုးခဲ့သည်။ သို့ပါသော်လည်း အမေသည် သူ့ခွေးမ ကြီးကို တမ်းတတနှင့် ရှိနေခဲ့သည်။ အပြစ်ဘယ်တော့မှ မပြော။ ကောင်း ကြောင်းသာ ပြောခဲ့သည်။

ကျွန်တော် အိမ်ထောင်ကျပြီး သားကြီး ခြောက်နှစ်သား အရွယ်တွင် အဖေဆုံးဖြန်သည်။ ဤသို့ ပရိဒေ သောကမီးများဖြင့် အမေ့ဘဝ ပူလောင် ခဲ့ရသည်။ သို့သော် အမေသည် ကြုံရ ဖန်များ၍ ခံနိုင်ရည်ရှိခဲ့ဟန် တူလေ သည်။ ကျွန်တော်တို့နှင့် အသက်တမျှ နေထိုင်၍ ကျွန်တော့် လက်ပေါ်တွင် ကွယ်လွန်ခဲ့လေသည်။

၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ(၂၇) ရက်၊ တနင်္ဂနွေနေ့ မွန်းလွဲ(၂း၁၅) နာရီတွင် မောဘဝတစ်ပါးသို့ ပြောင်းသွား ခဲ့သည်။ သူ့မြေးနှစ်ယောက် ကျွန်တော့် သားတွေကိုလည်း အလွန်ချစ်ရှာသည်။

အမေဆုံးတော့ သားငယ်လေးက သုံး နှစ်သား အရွယ်သာရှိသေးသည်။

အမေသည် ကျွန်တော့်ကို အဘယ်မျှ ချစ်သနည်းဆိုလျှင် ချစ်သည့် ဇာနှင့် ပညာရေးနှင့် အလုပ်အကိုင် ကိစ္စတွင်ပင် အဝေးမှာ သွားရောက်နေ ထိုင်ခွင့်ပြုခဲ့သည် မဟုတ်ပေ။ ကျွန် တော်ရှစ်တန်းအောင်တော့ ကျွန်တော် က ပန်းချီဝါသနာပါ၍ မန္တလေးပန်းချီ ကျောင်းတက်ရန် လျှောက်ထားရာဝင် ခွင့်ရခဲ့သည်။

အမေက ပေးမလွှတ်ခဲ့ချေ။ ဆယ်တန်းအောင်ပြန်တော့ စေလိုရာ စေ ကျောင်းဆရာ လျှောက်ထားပြန် သည်။ ဘူးသီးတောင်မြို့နယ်တွင် ခန့် ထားခြင်း ခံရသည်။ အမေက ပေး မလွှတ်ပြန်သဖြင့် ကျွန်တော် အခက် တွေ့ရသည်။ တက္ကသိုလ်တက်တောင်မှ စာပေးစာယူ အဝေးသင်သာ တက်ခွင့် ပြုသည့် အမေပါပေ။ တစ်ဦးသာကျန် သည့်သားဖြစ်သူ ကျွန်တော့်ကို ဤမျှ လောက် မျက်စိအောက်က အဖျော်က် မခံနိုင်အောင် ချစ်ခဲ့သည့် အမေပါပေ။

အမေနှင့် အဖေတို့တွင် ရွှေငွေ ပစ္စည်းများ စုဆောင်းထားခဲ့ရာ အစ်ကို ကြီး အိမ်ထောင်ကျတော့ ရွှေသုံးကျပ် သား တင်တောင်းသည်။ အစ်မ အိမ် ထောင်ကျတော့ ရွှေသုံးကျပ်သား လက်ဖွဲ့ပေးသည်။ အငယ်ဆုံးသား ကျွန်တော့်အတွက် မိန်းမတောင်းပေးရန် ရွှေသုံးကျပ်သား ထားသည်ဟု အမေ အမြဲပြောခဲ့သည်။

သည်ကြားထဲ အစ်မက ချေး ငှား၍ ကျွန်တော့်အတွက် ရွှေတစ်ကျပ် သားကို သုံးပြန်လေသည်။ အမေက သမီးဝိုက်ဟု တဖျစ်တောက်တောက် ပြောလေ့ရှိသည်။ သူ့သားအငယ်ဆုံး ကျွန်တော့်အတွက် ချန်ထားသည့် ရွှေကို ချေးငှားရကောင်းလားဟု အပြစ်တင် လေသည်။ သို့ရာတွင် ကျွန်တော် ဆယ် တန်းအောင်တော့ အမေ့ကို ကျွန်တော် က ပြောပြရသည်။

www.burmeseclassic.com

"အမေ ကျွန်တော်တက္ကသိုလ် စာပေးစာယူ တက်ချင်တယ်၊ အဲဒါ အမေ ကျွန်တော့်အတွက်ထားတဲ့ ရွှေတွေ ရောင်းပေးပါလား၊ ကျွန်တော် ပညာသင်ဖို့ ငွေလိုအပ်တယ် အမေ"

"ဟဲ့ ကလေးရေ၊ ရွှေမရှိရင် အမေက ငါ့သားကို ဘယ်လို မိန်းမ တင်တောင်းပေးနိုင်ပါတော့မလဲ"

"အမေကလည်းဗျာ၊ ဇနီးကြောင်ရာ ဆိုတာ အခိုန်တန်ရင် သူဟာနဲ့သူ ရပါလိမ့်မယ်၊ အမေ မစိုးရိမ်ပါနဲ့၊ ရွှေရောင်းပြီး ပညာသာ သင်ခွင့်ပြုပါ အမေ"

"အေး၊ လောလောဆယ် ရွှေက ငါ့လက်ထဲမှာ မရှိပြန်ဘူး၊ ဟိုကောင်မ ခဏဆိုပြီး ယူသွားတာ ခုထိ ပြန်မပေးဲသးဘူးလေ"

"အမေကလည်းဗျာ၊ အရင်ကလည်း ကျွန်တော့်အတွက်ထားတဲ့ ရွှေတစ်ကျပ်သား ဆုံးပြီးပြီ၊ ဒီတစ်ခါတော့ အဆုံးမခံနိုင်ဘူး၊ ရွှေမရရင်လည်း နှစ်စဉ် ရွှေတန်ဖိုးအတွက် ကျွန်တော့်ငွေ ရရင် တော်ပါပြီ"

"အေး အေး၊ ဒီလိုဆိုလည်း ပြီးရော၊ နင့်အစ်မကို ငါ လိုက်ပြောပေးမယ်"

အမေက အစ်မကို ရွှေပြန်မပေးနိုင်သော်လည်း ကျွန်တော့်မည်ရေးအတွက် နှစ်စဉ် ကျောင်းစရိတ်ငွေကြေးကို ထောက်ပံ့ပေးစေလေသည်။ ကျွန်တော်က ကားစပယ်ယာ ဝင်လုပ်သည်။ တွဲဖက်ကျောင်းဆရာ ဝင်လုပ်သည်။

ဤသို့ဖြင့် ဘွဲ့တစ်ခုကို ကျွန်တော် ပိုင်ဆိုင်ခဲ့သည်။ ကုန်သွယ်ရေးတွင် လုပ်ဖြစ်သော်လည်း ထိုမှထွက်ကာ ဘွဲ့ရ ဆွဲခန့်ဆရာအဖြစ် ယနေ့တိုင် အသက်မွေး ဝမ်းကျောင်းခဲ့လေသည်။ နှစ်ဖက် တစ်မိသားစုလုံးတွင် ကျွန်တော် တစ်ယောက်သာ ဘွဲ့ရပညာတတ်သည်။

ဝန်ထမ်း ကျောင်းဆရာဖြစ်သဖြင့် သူ့သား ကျွန်တော့် အပေါ် အမေ ဂုဏ်ယူ မဆုံးခဲ့ပေ။ ကြွားဝါ၍လည်း အမေ မပြောခဲ့ချေ။ ပိတိပြုံးဖြင့် အမြဲပြုံးနေတတ်လေ့ရှိသည်။ကျွန်တော် ဆယ်တန်း အောင်တော့ တက္ကသိုလ်တက်မည်ဟု ဆိုသည့်အခါ ဆွေမျိုးများက အမေ့ကို တားမြစ်ပိတ်ပင်ကန့်ကွက်ကြသည်။ ဆွေမျိုးတွေက. . .

"မြဂုံးရယ်၊ နင့်သား ပညာတတ်ပြီး ဝန်ထမ်းလုပ်လို့ ဘာကြီးပွားမှာလဲ၊ ရှိတာတွေပညာချသင်တော့ ပစ္စည်းတွေ ကုန်ရင် နင်တို့လင်မယား အရေခွံကျွတ်နေဦးမယ်၊ တော်ကြာ အိမ်ထောင်ကျမယားယူတော့ ချွေးမ မလိမ္မာရင် ဆောင့်စာ အောင့်စာ စားနေကြရဦးမယ်၊ ကြားရဲ့လား"

"အို ကျွန်မသားက နီလောက် မိုက်မယ် မတင်ပါဘူး၊ ကျွန်မတို့ လင်မယားတွေ ဘယ်လိုပဲ နေရ နေရ၊ သား ပညာတတ်ရင်တော်ပါပြီ၊ ကျွန်မသားက စိတ်ကောင်းရှိပါတယ်"

အမေသည် သားပညာရေးအတွက် ဆွေမျိုးတွေ ဘယ်လောက် ဖျက်ဖျက် ဝရွမစိုက်ခဲ့ချေ။

သို့သော် ဘွဲ့ရသည့်အခါ ငွေကြေးမတတ်နိုင်သဖြင့် တွဲတက်ရောက်ယူခွင့် မရခဲ့ပါချေ။ သား၏ ဘွဲ့ရ ဓာတ်ပုံကို ကြည့်၍ အမေပီတိတွေဝေနေလေသည်။

ကျွန်တော် ကျောင်းဆရာအဖြစ် ရပ်ဝေးတွင် တာဝန်ကျနေသော်လည်း အမေသည် ချွေးမ၊ မြေးတို့နှင့် အုပ်အုပ်ကျက်ကျက် ထိန်းသိမ်းနေထိုင်ခဲ့သည်။

သား အိမ်ထောင်ရေးကို စွန့်ပစ်ပတ်သက်၍ အမေက ကျွန်တော့် သဘောအတိုင်းသာ ဆုံးဖြတ်စေခဲ့သည်။ ကျောက်တန်းရွာရှိ အဖေ့နှမ ဒေါ်သိန်းဆင့်က သူတို့မိသားစုထဲရှိ လယ်ပိုင်ရှင်တစ်ဦးသမီးနှင့် လာရောက်စပ်ဟပ်ပေးကာ အဖေနှင့် အမေတို့ကို နားချ သိမ်းသွင်းခဲ့သည်။ အမေက လုံးဝ လက်မခံခဲ့။

"ကိုဖိုးဟန်ရေ အိမ်ထောင်ရေးကိစ္စကို သားသဘော ဆုံးဖြတ်ပါစေ၊ သူ စိတ်မချမ်းသာရင် ကျွန်မတို့ ဘစ်သက် လုံး ခံစားကြရမှာ၊ ဘယ်ဆွေမျိုးကိုမှ အားနာစရာ မလိုဘူး ကြားလား"

အဖေကတော့ ရွေးပြည်အောသမားဖြစ်သည်။

ကျွန်တော့်အိမ်ထောင်ရေးကိစ္စနှင့် ပတ်သက်၍ နားချမရသဖြင့် အရီးက ဆွေခန်းမျိုးခန်း ဖြတ်သွားခဲ့သည်။

ရွာတောင်ပိုင်းရှိ ဘကြီးဘိုးနီနှင့် ကြီးတော်ဒေါ်ရင်ခတို့က သူ့ချွေးမရွာ ပန်းတော်ဒေသက ညီမတော်နှင့် လာစပ်ဟပ်ပြန်သည်။

အဆင်မပြေသဖြင့် အမေတို့နှင့် သေသည်ထိ အဆက်အဆံလုံးမသွားကြချေ။ အမေသည် သားအိမ်ထောင်ရေးကို ဤမျှထိ လိုက်လျောခဲ့သည်။

ယခုတော့ အမေ ကွန်လွန်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အမေ့မြေးတွေပင် အိမ်ထောင်အသီးသီး ကျနေပေပြီ။ အမေ့မြစ်တွေကို အမေ ပြုစုယုယခွင့် ရမသွားရှာပါ။

အမေတို့ အဖေတို့ထားခဲ့သော လယ်ယာမြေတို့၏ အသီးအပွင့်ကို ကျွန်တော်တို့ ယနေ့တိုင် ခံစားနေရဆဲဖြစ်သည်။

လူတိုင်းအပေါ် စေတနာမေတ္တာအလွန်ကြီးမားသော အမေသည် ကောင်းရာသုဝတီ သို့မဟုတ် လူပြည်လူရွာသို့ ပြန်ရောက်နေလောက်ပေပြီဟု အမေ့မေတ္တာ စိမ့်စိမ်းရေကြည်ကို ခံယူသောက်သုံးခွင့်ရသည့် သားဖြစ်သူ ကျွန်တော် ယုံကြည်မိပါတော့သည်။

မောင်ပြည်ထွေး(ပင်လယ်)

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တန္ဆေ ဆိုသည်မှာ အပါယ်လေးဘုံတွင် ပါဝင်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော ဘုံသားများမှ ပြိတ္တာဘုံသားအုပ်စုတွင် ပါဝင်သော သတ္တဝါပင်ဖြစ်သည်။ ထိုသတ္တဝါ၏ မူလအမည်သည် တန္ဆေမဟုတ်ပါ။ သို့သော် လူတို့ကို ခြောက်လှန့်တတ်သောကြောင့် ပါဠိဘာသာအားဖြင့် တန္ဆေတိဟူသော သဒ္ဒါကိုစွဲ၍ တန္ဆေဟု ခေါ်ခြင်းဖြစ်၏။

လူတို့မည်သည် ဒိဋ္ဌနှင့် သုတဆိုသော အကြားနှင့်အမြင် နှစ်ပါးတွင် ဒိဋ္ဌဆိုသော် အမြင်၌သာ သက်ဝင်ယုံကြည်မှု များကြပါသည်။

ထို့ကြောင့်ပင် -

"ဟေ့- တို့က လက်တွေ့မျက်မြင် မဟုတ်ဘဲ မယုံဘူးကွ" ဆိုသူက အများပင်ရှိ၏။

ကျွန်တော် ဓာတ်ပုံမောင်မောင်အေးသည် လူမှန်းသိစအရွယ် ကလေးဘဝကပင် အမေပြောသော အိပ်ရာဝင်ပုံပြင်များမှ သမ္မုဒ္ဓေ မကြောက်သည့် ဘုန်းကြီးတန္ဆေ နားရွက်ကြီးတစ်ဖက်ကို ခင်း၊ နားရွက်ကြီးတစ်ဖက်ကို ခြုံ၍ အိပ်သော သဘက်ကြီး (တန္ဆေကြီး) အကြောင်း၊ ရွှေဂျိုးပြု မူလခဲဥစွာစောင့် (ပြိတ္တာ) ဇာတ်လမ်းများကို နားရည်ဝခဲ့သူ ဖြစ်၏။

တန္ဆေပုံပြင်များ အစွမ်းကြောင့် ညအမှောင်ရောက်လျှင် အပြင်သို့ မထွက်ဝံ့တော့။ ဘိုးခွက်ပန်းကန် ကြွက်တိုး၍ အသံမြည်လျှင် တန္ဆေထင်၏။ ယုတ်စွအဆုံး တောက်တဲ့အော်သံကိုပင် တန္ဆေလားဟုတွေးကာ လန့်တတ်၏။ လူသူပြတ်သည့် နေရာမျိုးတွင် မိန်းကလေးတွေ့လျှင် ဥစွာစောင့်မလေးဟု ထင်မိ၏။

ကျွန်တော်၏ သတ္တိကိုသိသော အမေက သမ္မုဒ္ဓေဂါထာတော်၏ အစွမ်းထက်ပုံကို ပြောပြကာ ဂါထာတော်ကို အရက္ခကံစေ၏။ နေ့စဉ် ရွတ်ဆိုပူဇော်တတ်ရန်လည်း လေ့ကျင့်ပေး၏။ သီလရှိလျှင် ပိုမိုအစွမ်းထက်ကြောင်းပါ ဟောပြောပြ၍ ညအိပ်ရာမဝင်မီ ဘုရားဝတ်ပြုသီလ (၅ ပါးသီလ) ဆောက်တည်ပုံများပါ သင်ကြားပါသည်။

တန္ဆေ ကြောက်တတ်သည့် ကျွန်တော်ကလည်း သမ္မုဒ္ဓေဂါထာကို အရက္ခကံ၏။ အသက်ငယ်သေးသဖြင့် သီလမမြဲသော်လည်း သမ္မုဒ္ဓေတော့ စွဲမြဲသွား၏။

သမ္မုဒ္ဓေအား လုံးဝယုံကြည်ကိုးစားသွားသည့်မှစ၍ တန္ဆေသရဲကြောက်သည့်ရောဂါ မရှိတော့ချေ။ တန္ဆေခြောက်လှန့်ခြင်း ကြုံတွေ့ရသော်လည်း ကြောက်စိတ်မဖြစ်တော့ပေ။

ထို့ကြောင့် ကျွန်တော်၏ နာခေါင်းအား တုန္ဆေက လိမ်ဆွဲသည်ကိုလည်း ကြုံဖူး၏။ ညဥ့်နက်သန်းခေါင် တစ်ကိုယ်တည်းပြန်လာခိုက် ချောင်ရိုးလေးတစ်ခုအရောက်တွင် တန္ဆေနှင့် တွေ့၍ ဘာတစ်ပြန် ကျားတစ်ပြန် ဆိုသလို တန္ဆေနှင့် နပန်းလုံး သတ်ပုတ်ဖူး၏။ ကြောက်တတ်သူဆိုပါက ထိုနေရာတွင် လန့်ကာ သေနိုင်၏။

ကျွန်တော် တန္ဆေမဖြစ်ကြောက်တော့ခြင်းမှာ သတ္တိကောင်း၍ မဟုတ်ပါ။ တန္ဆေ သရဲ ပြိတ္တာတို့သည် အပါယ်လေးဘုံသားများ ဖြစ်၍ သနားစရာသတ္တဝါများဟု ဗုဒ္ဓစာပေများ လေ့လာရသောအခါ သိရှိနားလည်သွားသောကြောင့် ဖြစ်ပါသည်။

ကျွန်တော် အထက်က ရေးခဲ့သလို အကြားနှင့်အမြင် နှစ်ပါးတွင် အမြင်၌သာယုံကြည်သူများသောကြောင့် ဓာတ်ပုံမောင်မောင်အေး တန္ဆေနှင့်နပန်းလုံးရသည်ဆိုသော သတင်း(အကြား)ကို မည်သူမျှ မယုံကြချေ။

"အလကားပါကွာ၊ အရက်မူးပြီး ရှဲ့ဗွက်ထဲ လဲကျတာပါ" ဟု အမနာပပြောသူကပြော၏။

ထိုသို့ အမနာပပြောသောအုပ်စုမှ အင်ဂျင်နီယာတစ်ဦး ညနေ အလုပ်သိမ်း၍ အပြန်တွင် ကျွန်တော်နှင့် တန္ဆေနပန်းလုံးခဲ့ရသော နေရာအရောက် သပြေပင်ကြီးပေါ်ကနေ မည်းမည်းအကောင်ကြီး ခုန်ဆင်းလာကာ ထိုအင်ဂျင်နီယာထံ ပြေးဝင်လာသဖြင့် စခန်းရောက်သည်အထိ သေလုမြောပါးပြေးခဲ့ရ၏။ လန့်ပြီး ဖျားသွားသဖြင့် သုံးရက်ခန့် ဆေးထိုးလိုက်ရ၏။

ထိုအင်ဂျင်နီယာသည် အဖျားပျောက်သွားသောအခါ ကျွန်တော့်ထံ ရောက်လာပြီး လက်ဆွဲနှုတ်ဆက်ရင်း-

"CONGRATULATION ပဲ ကိုမောင်အေးရေ၊ ခင်ဗျားတော့ လေးစားသွားပြီဗျာ၊ အာဂသတ္တိပဲ၊ ညအချိန် မတော်ကြီး ခင်ဗျားမို့ တန္ဆေနဲ့ နပန်းလုံးရဲတယ်၊ ကျွန်တော်ဖြင့် မည်းမည်းကောင်ကြီး မြင်ရုံနဲ့ သုံးရက်ဖျားသွားတယ်" ဟု လာရောက် စကားဆိုရင်း ကျွန်တော်နှင့် တန္ဆေ နပန်းလုံးခဲ့သည့် ကိစ္စအား လက်ခံယုံကြည်သွားပါသည်။

ဓာတ်ပုံမောင်မောင်အေး "ဆိုသော ကျွန်တော်သည် မြေပေါ် မြေအောက် ဓာတ်သတ္တု သယံဇာတနှင့် အဖိုးထိုက် ကျောက်မျက်ရတနာတို့ကို လေ့လာရှာဖွေဖော်ထုတ်ရသည့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနကြီးတွင် (၁၉၅၉-၁၉၉၆) နှစ်ပေါင်း (၃၇) နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

ယနေ့ လူသိများနေသော လက်ပံတောင်းတောင်၊ ကြေးစင်တောင်ကြေးနီသတ္တုရိုင်းသိုက်များ အသေးစိတ် လေ့လာရှာဖွေရေးလုပ်စဉ်က နှစ်နေရာ စလုံး၌ (၈)နှစ်တာမျှ အုတ်နှစ်ချပ်သဲတစ်ပုံး ပါဝင်ဆောင်ရွက်ခဲ့ဖူး၏။

သံနှင့်သံမဏိစက်ရုံများ ရှိနေ၊ ထုတ်လုပ်နေပြီဖြစ်သော ပင်းပက်နှင့် ပြင်ဦးလွင် သံရိုင်းသိုက်များ အသေးစိတ် လေ့လာရှာဖွေစဉ်ကလည်း ဂျာမနီမှ KRUPP SURVEY ပညာရှင်များနှင့် (၃) နှစ် လိုက်ပါဆောင်ရွက်ခဲ့ဖူး၏။ ထို့ကြောင့် အဆိုပါ သတ္တုတွင်းများ၊ စက်ရုံများ သတင်းကို ကြားရလေတိုင်း-

လပြည့်ဝန်းမှသင်း (၄လပိုင်းလ၊ ၂၀၁၆)

www.burmeseclassic.com

"ဟေ့- အဲဒီသတ္တုသိုက်တွေ တို့ရှာခဲ့တာကွ" ဟု ပီတိဖြစ်ရ၏။

အုတ်တစ်ချပ် သဲတစ်ပွင့်မဟုတ်ဘဲ အုတ်နှစ်ချပ် သဲတစ်ပုံး နေရာမှ ပါဝင်ခဲ့ခြင်းဖြစ်၏။ ထိုစဉ်က သတ္တုသိုက်များ ရှာဖွေရာတွင် ပါဝင်ခဲ့သည်ကို မည်သူမျှ CREDIT မပေးသော်လည်း မိမိဘာသာ ပီတိဖြစ်ရ၏။

ထိုသတ္တုတွင်းများ သံမဏိစက်ရုံများ အောင်မြင်နေခြင်းကိုလည်း ယနေ့အထိ အသက်ရှည်နေသဖြင့် သိရခြင်းဖြစ်ပါသည်။ ထိုစဉ်က ပါဝင်ခဲ့သော လုပ်ဖော်ကိုင်ဖက် အတော်များများသည် လူတဝတ်တွင် မရှိကြတော့ချေ။

ပင်းပက်၊ ကျားတွင်းရေ (ပြင်ဦးလွင်) သံရိုင်းသိုက်များ လေ့လာရှာဖွေစဉ်က ပါဝင်ခဲ့သော ကျွန်တော် မောင်မောင်အေးသည် သန်စွမ်းဖျတ်လတ်တက်ကြွသော အသက်(၂၀)သာရှိသေး၏။ ယနေ့ ဤစာစုကို ရေးနေချိန်တွင် အသက် (၈၀) ရှိပြီဖြစ်၏။

အတိတ်ကြောင်းများ ပြန်လည်သတိရသောကြောင့် ဖော်ပြခြင်းဖြစ်ပါသည်။ ကျွန်တော်ရေးသော ဂန္ထိရဖြစ်ရပ်များသည် ထိုသို့ သယံဇာတ လေ့လာရှာဖွေစဉ်က ကြုံတွေ့ ကြားသိခဲ့ရသော အကြောင်းများဖြစ်ပေရာ ယခုခေါင်းစီးဝါ 'တစ္ဆေစီးတဲ့ ကဆုန်လပြည့်ည' သည်လည်း ပြင်ဦးလွင်ဒေသ၌ ဘောက်ဆိုက် BAUXITE သယံဇာတလေ့လာရေးဆောင်ရွက်စဉ်က ကြုံတွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

ဘောက်ဆိုက် BAUXITE သယံဇာတ လေ့လာရှာဖွေရေး ဘူမိဗေဒ ကွင်းဆင်းအဖွဲ့သည် ဘူမိဗေဒဗဟုသုတရှင် လေးငါးဦးသာ ပါဝင်သော တွင်းဆင်း အဖွဲ့ငယ်လေး INDIVIDUAL FIELD PARTY သာ ဖြစ်ပါသည်။ အဖွဲ့ခေါင်းဆောင် တာဝန်ခံ ဘူမိဗေဒအရာရှိသည် စိုင်းကြာဦးဖြစ်၍ ထိုဆောက်ဘူမိဗေဒအရာရှိများမှာ အစ်ကိုထူး၊ ကိုခင်မောင်လေး၊ ဗစ်တာလှဝင်း၊ ကိုကော်ဝင်း (ကွယ်လွန်)နှင့် ခွန်တင်မျိုးတို့ ဖြစ်ကြပါသည်။ ကျွန်တော် မောင်မောင်အေးက မြေပုံရေးဆွဲသူ မြေတိုင်းပညာရှင် ဖြစ်ပါသည်။

ဘောက်ဆိုက်သယံဇာတသည် ပြင်ဦးလွင်ဒေသ တစ်စိုက်တွင် နေရာအတော်များများ၌ တွေ့ရှိရပါသည်။ နောင်ချိုမြို့နယ်၊ သရက်ကုန်းနှင့် ညောင်ပင်သာကျေးရွာဝန်းကျင်တို့တွင်လည်း တွေ့ရပေရာ ပထမဦးစွာ သရက်ကုန်း ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တတည်းခိုစခန်းချရင်း ညောင်ပင်သာတောင်ဘက်နားမှ ဘောက်ဆိုက်သယံဇာတများအား လေ့လာရှာဖွေမှုများ ဆောင်ရွက်ကြပါသည်။

ကျွန်တော် မောင်မောင်အေးက ဘူမိဗေဒပညာရှင်တို့ ဘောက်ဆိုက် လေ့လာရှာဖွေသော သတ္တုသိုက်ရှိရာ မြေပြင်ဧရိယာနေရာများအား အသေးစိတ် ကွန်ဒိုမြေပုံ တိုင်းတာရေးဆွဲပေးရပါသည်။

သူခေတ် သူ့အခါအရ ကျွန်တော် ကိုင်တွယ်အသုံးပြုသော တိုင်းတာရေးသုံး သီအိုဒိုလိုက် THEODOLITE သည် အလွန်တိကျသောကိရိယာဖြစ်၏။ ဒီဂရီ၊ မိနစ်၊ စက္ကန့် တို့တွင် တစ်စက္ကန့်အထိ အတိအကျတိုင်းနိုင်၏။ အခြားဆာဗေယာများ အသုံးပြုသော သီအိုဒိုလိုက်တို့မှာ အသေးဆုံး (၂၀) စက္ကန့်သာ အတိအကျဖတ်နိုင်၏။ ထိုသီအိုဒိုလိုက်ကို ကိုင်တွယ်အသုံးပြုရသူဖြစ်၍ ဥပမာ တင်စားပြောဆိုရာတွင် အုတ်နှစ်ချပ် သဲတစ်ပုံးဟု တင်စားခြင်း ဖြစ်၏။

ဘူမိဗေဒ စခန်းချထားသော သရက်ကုန်းရွာကြီးသည် ဒိုင်နယ်ရွာကြီးဖြစ်ပေရာ ရှမ်းပြည်နယ် ထုံးစံအတိုင်း ငါးရက်တစ်ရွေးလည်းရှိ၏။ ရွေးနေ့များတွင် အလွန်စည်ကားလှ၏။ ကျွန်တော်တို့ အဖွဲ့သားများလည်း ရွေးနေ့ရောက်တိုင်း ရှမ်းခေါက်ဆွဲ၊ တို့ဟူးကြော်များ စားကာ ကမ္ဘောဇ ပျိုဖြူလေးများကို လှည့်လည်ကြည့်ရင်း ရွေးတန်း တစ်လျှောက် အခေါက်ခေါက် လျှောက်၏။

ရွေးနေ့ဆိုလျှင် လုပ်ငန်းခွင်သို့ အခြားဒေသများလို ပုံမှန်မသွားတော့ဘဲ ရွေးလည်ပြီးမှ သွားကြ၏။

ရွေးနေ့ ကောင်းမှုကြောင့် ကမ္ဘောဇ ချောဇလျာလေးတစ်ဦး၏ ကိုယ်ရေးအရာရှိ ကျူးပစ် Cupid က အမြင်ကတ်သဖြင့် အချစ်လူးထားသော ကျည်တစ်တောင့်ကို အသုံးပြုကာ အသံထိန်းကိရိယာ Silencer တပ်ဆင်ထားသော ပစ္စတိုသေနတ်ဖြင့် ပစ်လိုက်ရာ ဘူမိဗေဒအရာရှိလေးတစ်ဦး (ကိုလှမြတ်)၏ နှလုံးသားကို တည့်တည့်မှန်ကာသွားသဖြင့် ဘူမိဗေဒအရာရှိ ရာထူးမှ ချစ်ပင်စင်ယူပြီး မဲတောရွာတွင် ယနေ့ထိတိုင် နေထိုင်လျက် ရှိသလို နောက်တစ်ဦးလည်း အသည်းကို တည့်တည့်မှန်ခံရသောကြောင့် ချစ်ပင်စင်ဖြင့်ပင် ပြင်ဦးလွင်၊ စည်ကားရွာ၌ သားသမီးများ ပွားစီးကာ နေထိုင်လျက်ရှိသူက ကျွန်တော်၏ အခင်ဆုံး ဘူမိဗေဒအရာရှိလေး ဗစ်တာလှဝင်း (ဖြူး) ပေတည်း။

ကျွန်တော်တို့ လေ့လာရှာဖွေရေးလုပ်သည့် ဘောက်ဆိုက်သယံဇာတ၏ အသုံးဝင်မှုကို ဗဟုသုတ အဖြစ် အနည်းငယ် မျှဖော်ပြရသော်. . .

ယနေ့ အလွန်တိုးတက်နေသော နည်းပညာများတွင် လွန်စွာအသုံးဝင်လှသော ဓာတ်သတ္တုတစ်မျိုးဆိုလျှင် ဆိုလောက်ပေသည်။ အပူခံပစ္စည်းများ ပြုလုပ်ရာ၌ မပါမပြီး အသုံးပြုရသလို ရေပန်းစားနေသော ရေသန့်လုပ်ငန်းများ၊ စက္ကူလုပ်ငန်း၊ ကော်ဖတ်လုပ်ငန်း၊ ဓာတုဗေဒလုပ်ငန်း၊ ရေနံသန့်စင်သောလုပ်ငန်း၊ သကြားသန့်စင်သောလုပ်ငန်း၊ အလူမီနီယံပါသည့် အထူးဘီလပ်မြေလုပ်ရာ၌လည်းကောင်း၊ ရေဒီယို တယ်လီဗေးရှင်းဆိုင်ရာ အီလက်ထရွန်နစ် ပစ္စည်းများ ပြုလုပ်ရာ၌လည်းကောင်း၊ ပေါ့ပါးခိုင်ခံ့၍ သံချေးမတက်သော

www.burmeseclassic.com

www.burmeseclassic.com

လျှပ်ကူးပစ္စည်း၊ လေယာဉ်တည်ဆောက်ရေး၊ သတ္တုစပ်ပစ္စည်းများ ပြုလုပ်ရာတွင်လည်းကောင်း နေရာများစွာတွင် အသုံးပြုရသည့် သယံဇာတ ဖြစ်ပါသည်။

နောင်ချိုမြို့နယ်၊ သရက်ကုန်း၊ ညောင်ပင်သာဒေသဝန်းကျင်ရှိ လုပ်ငန်းများ ပြီးစီးသော် ရန်ကုန် (ဘ. စ. ရ) နှံ့ချပ်သို့ ပြန်ခွင့်မရသေးဘဲ ပြင်ဦးလွင်မြို့နယ်ဝန်းကျင်တွင် ဘောက်ဆိုက် သယံဇာတများ လေ့လာ ရှာဖွေရေး ဆက်ရပြန်ပါသည်။

ပြင်ဦးလွင်ဒေသရှိ သပြေရေ၊ မြင်းဖြူဧရိယာ (ပြင်ကြီးရွာနှင့်နီးသည်)၊ ပတင်ချောင်းခြားဧရိယာ၊ တွင်းငယ်ဧရိယာ၊ အနီးစခန်းဘူတာ စောင့်ဘက်၊ မြေပုံ၊ သံတောင်ရွာများ ဝန်းကျင်တို့တွင် ဘူမိဗေဒ လေ့လာ ရှာဖွေရေးများ လုပ်ရမည် ဖြစ်ပါသည်။

ပထမဆုံး သပြေရေ၊ မြင်းဖြူဧရိယာသို့ ဝင်ရမည်ဖြစ်သောကြောင့် ပြင်ဦးလွင်နှင့် (၂၄) မိုင်ခန့်ဝေးသော ပြင်ကြီးရွာသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ ပြင်ကြီးရွာ ဥက္ကဋ္ဌ၏အိမ်တွင် ခေတ္တတည်းခိုကာ ပြင်ကြီးရွာနှင့် (၂)မိုင်ကျော်ခန့် ဝေးသေးသည့် ဘောက်ဆိုက် သယံဇာတ လေ့လာရှာဖွေရမည့်ဧရိယာ အနီးတွင်ရှိသော သပြေရေချောင်းလေး၏ အနောက်ဘက်ကမ်းတွင် ကျွန်တော်တို့ ဘူမိဗေဒအဖွဲ့ နေထိုင်ရန် တဲဆောက်ရပါသည်။

တဲဆောက်ခြင်း၊ စခန်းဝန်းကျင်ရှင်းလင်းခြင်းများ သုံးရက်ဆောင်ရွက်ရပါသည်။ အားလုံးပြီးဆုံးမှ သပြေရေစခန်းသို့ ပြောင်းရွှေ့ခဲ့ကြပါသည်။

သပြေရေမှ ပရလောကသားများ

သပြေရေစခန်းသို့ ပြောင်းခဲ့ရာတွင် ကျွန်တော်တို့ ဘူမိဗေဒအဖွဲ့သားများသာမကဘဲ ပြင်ကြီးရွာမှ ဒေသခံအလုပ်သမားများပါ ခေါ်ယူခဲ့ရပါသည်။

ကျွန်တော်၏ ဆာဗေးလုပ်ငန်းတွင် တောခုတ်၊ တောရှင်းခြင်း၊ တိုင်းတာရေး စက်ကိရိယာများ သယ်ယူခြင်းတို့၌ အလုပ်သမား မရှိမဖြစ်သလို ဘူမိဗေဒပညာရှင်များလည်း ဘူလုပ်ငန်းနှင့်သူ အလုပ်သမား လိုအပ်ပါသည်။

ထို့ကြောင့် ပြင်ကြီးရွာ ဥက္ကဋ္ဌကြီး ဦးအောင်ဘန်းထံ တင်ပြ အကူအညီ တောင်းကာ ခေါ်ယူခဲ့ခြင်းဖြစ်ပါသည်။

စခန်းတဲသည် သက်ငယ်မိုး၊ သက်ငယ်ကာပြီး ဝါးကြမ်းခင်းထားသော တစ်ဖက်ယပ်တဲဖြစ်ပါသည်။ လူအိပ်မည့် နေရာလောက်သာ အဆင့်လုပ်၍ ကြမ်းခင်းထားပြီး၊ ခြေရင်းဘက်တွင် မြေကွက်လပ်ဖြစ်ကာ ထိုမြေကွက်လပ်၌ မီးဖို၍ ချက်ပြုတ်စားကြပါသည်။ ညဘက်တွင် ထင်းတုံးကြီးကြီးများ ထည့်ကာ မီးမပြတ်အောင် လုပ်ထားပါသည်။

တဲ၏ တောင်ဘက်ဆုံးနေရာတွင် ကျွန်တော်အိပ်၍ ကပ်လျက်တွင် ဗစ်တာလှဝင်း၊ အမ်ဇော်ထူး၊ ကိုခင်မောင်လေး၊ ခွန်တင်မိုးတို့ အိပ်ကြသလို မြောက်ဘက်ခြမ်းတွင် ပြင်ကြီးရွာမှ အလုပ်သမားများဖြစ်သော ဝင်းမောင်၊ ထွန်းရှိန်၊ ပွကြီး၊ ဝင်းကြည်တို့ အိပ်ကြပါသည်။

ဘူမိဗေဒ ကွင်းဆင်းအဖွဲ့ငယ်လေးဖြစ်သောကြောင့် ဆက်သွယ်ရေးကြိုးမဲ့စက်၊ မီးစက် စသည်တို့ မပါရှိသောကြောင့် ညအခါတွင် ကိုယ်ပိုင်ဖယောင်းတိုင်ဖြင့် နေကြရပါသည်။

ထို့ကြောင့် အိပ်ရာခြေရင်းမြေကွက်လပ်မှ မီးဖိုတွင် ထိုက်သင့်သော အလင်းရောင် ရစေရန် ညလုံးပေါက်ခံမည့် ထင်းတုံးကြီးကြီးများ ထည့်ထားရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ တဲစခန်းလေးသည် ရွာနှင့်လည်းဝေးသလို သစ်တော၊ ဝါးတောကြီးများ အုပ်ဆိုင်းနေသည့် နေရာသစ်ဖြစ်သည်ကြောင့် တော်တော်နှင့် အိပ်မပျော်နိုင်ကြပါ။ မလှမ်းမကမ်းမှ ခွေးအ တစ်အုပ်၏ အူသံ၊ ခြေဟောက်သံတို့ကလည်း စိုးရွံ့စိတ်ကို ဖြစ်စေသဖြင့် အိပ်မပျော်ခြင်းလည်း ဖြစ်သည်။

ဖယောင်းတိုင် မီးငြိမ်းသွားပြီး မီးဖိုမှ မီးရောင်ရဲရဲလောက်သာ ကျန်တော့ချိန်တွင် မြောက်ဘက်ခြမ်း၌အိပ်သော အလုပ်သမားတို့ ဟောက်သံပင် ထွက်အောင် အိပ်မောကျနေပြီဖြစ်၏။

ကျွန်တော်က နေရာသစ် ဖြစ်သဖြင့် တော်ရုံဖြင့် အိပ်မပျော်နိုင်ချေ။

ထိုအခိုက်မှာ -

"အား. . . အား. . . . အောင်မယ်လေးဗျ"

ဟု အော်သံနှင့်အတူ အလုပ်သမားတစ်ယောက် အဆင့်ပေါ်မှ ကျသွားသံကြောင့် အားလုံးလန့်နိုးကြကာ ကျားဆွဲသည်ထင်၍ -

"ဟေး. . . ဟေး" ဟု ဝိုင်းအော်ကြ၏။

အိပ်စင်ပေါ်မှကျသွားသူ အလုပ်သမား ဝင်းကြည်လည်း လူးလဲထရင်း-

"ကျားမဟုတ်ဘူး၊ ခြေထောက်နှစ်ချောင်းကို လက်အေးအေးကြီးနဲ့ မြေပေါ်ဆွဲချတာ" ဟု ဆိုပါသည်။

ထို့ကြောင့် မီးမှားပြန်ထွန်းကာ တစ္ဆေထင်ကြောင်း ပြောဆိုကြရင်း ၁၂ နာရီခန့်မှ အိပ်ဖြစ်ကြပါသည်။ နောက်ထပ် ဘာသံမှ မကြားရတော့ပါ။

ဒုတိယညတွင် ကျွန်တော်၏ လက်ထောက် ဆာဗေယာနိုင်ဝင်း၏ ခြေထောက် လာဆွဲသဖြင့် ထအော်ရာ အားလုံးနီးကုန်သည့်အတွက် မြေပေါ်အထိ ကျမသွားပါ။

ဤအတိုင်းနေလို့တော့ မဖြစ်တော့ဟုတွေး၍ အလုပ်သမားများကို ညချင်းပင် ပန္နက်တိုင်(၁၂)ချောင်း ခုတ်ခိုင်းကာ ငါးပါးသီလခံယူပြီး ပန္နက်တိုင်များကို သရဏဂုံ သုံးပါးဖြင့် (၁၂) ခေါက်ရွတ်ဆို သိဒ္ဓိတင်ကာ စခန်းတဲ၏ပတ်လည် ပေ (၂၀) ခန့်အကွာမှ စတုရန်းပုံ လေးထောင့်ကျ ပေကြိုးဖြင့် တိုင်းကာ ပန္နက်တိုင်များ ရိုက်သွင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

ဧရိယာ သတ်မှတ်၍ ပန္နက်ရိုက်ပြီးချိန်တွင် တာဝန်ဖြင့် လာရောက်ကာ သယ်ဇာတရှာဖွေသော ကျွန်ုပ်တို့အဖွဲ့အား နှောင့်ယှက်ခြင်းမပြုရန် အမိန့်ပြန်ပါသည်။

အဖွဲ့သား အားလုံးကိုလည်း ညအခါ အပေါ်အပါး သွားလိုပါက ဤစည်းဝိုင်း ပြင်ပသို့ မထွက်ကြရန် သတိပေးထားပါသည်။

ထိုစဉ်က အဖွဲ့ထဲတွင် ကျွန်တော် မောင်မောင်အေးက အတွေ့အကြုံရော၊ အသက်ရော အကြီးဆုံးဖြစ်၍ ဤကိစ္စများကို ကျွန်တော်ပင် ဆောင်ရွက်ရပါသည်။

ထိုညမှစ၍ မည်သည့် အနှောင့်အယှက်မျှ မကြုံရတော့ပါ။

ဤနေရာမှ မရလောကသားတို့သည် သူတို့ပိုင်နက်အား ကျူးကျော်စော်ကားသည်ဟုထင်၍ နှောင့်ယှက်ခြောက်လှန့်ဟန် တူပါသည်။ သရဏဂုံသုံးပါး၏ တန်ခိုးတော်ကြောင့် အေးငြိမ်းသွားပါသည်။

ဘောက်ဆိုက် လေ့လာရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်၍ နှစ်လခန့်ကြာပြီးသောအခါ မိုးသေးမိုးဖွဲများ ရွာစပြုပြီဖြစ်သော မေလထဲရောက်လာပါသည်။ ထိုမေလတွင်ပင် ကဆုန်လပြည့်နေ့နှင့် ကြုံသောကြောင့် အလုပ်ပိတ်ရက်ဖြစ်ပေရာ အလုပ်သမားအားလုံးပင် ပြင်ကြီးရွာသို့ ပြန်ကြ၏။ လပြည့်ကျော် တစ်ရက်နေ့ မနက်ရောက်မှ အလုပ်ဆင်းခိုန်အမီ အရောက်ပြန်လာကြမည်ဖြစ်၏။

လပြည့်ကျော် တစ်ရက်နေ့ မနက်ရောက်သော်အခြားအလုပ်သမားအားလုံး ရောက်လာပါ၏။ ကျွန်တော်၏ ဆာဗေးအဖွဲ့မှ အရေးကြီး အလုပ်သမားဖြစ်သူ ထွန်းရှိန် မပါလာချေ။

ထို့ကြောင့် ပြန်ရောက်လာသူများထဲမှ ဝင်းကြည်ကို မေးရ၏။

ဝင်းကြည်၏အဖြေ ကျွန်တော် စိတ်ဝင်စားသွားကာ -

"ဘယ်လိုကွ ဝင်းကြည် ပြန်ပြောပါဦး၊ ထွန်းရှိန်ကို တစ္ဆေက ဘယ်လိုစီးတာလဲ"

ဆိုရာ ဝင်းကြည်က -

"ကျွန်တော်လည်း သေသေချာချာ မသိဘူး၊ ဒီမနက် အလုပ်ဆင်းဖို့ သွားခေါ်တော့ ထွန်းရှိန် ညကတစ္ဆေစီးလို့ အလုပ်မဆင်းနိုင်တော့ဘူးလို့ သူ့အမေ ပြောတာပဲ သိတယ်"

ဟု ဆိုသဖြင့် ကျွန်တော်လည်း ဘယ်လိုနားလည်ရမည် မသိတော့ချေ။

ထွန်းရှိန်သည် ကျွန်တော်၏ ဆာဗေးအဖွဲ့၌ ပေတံကြီးကိုင်ရသော အလုပ်သမားဖြစ်၏။

သီအိုဒိုလိုက်ဖြင့် တိုင်းတာရမည့် နေရာတိုင်း Stadia Staff ခေါ် ပေတံရှည်ကြီး ထောင်ပြရ၏။ ထောင်ပြသော ပေတံရှည်ကြီးမှ အမှတ်အသားများကို သီအိုဒိုလိုက်မှ တယ်လီစကုပ် (Telescope) မှန်ပြောင်းဖြင့် ဖတ်ရ၏။

ထိုအခါ ထရီကို (Trigonometry)ဘာသာရပ်သုံး ထောင့်နိမ့်၊ ထောင့်မြင့်၊ ရေပြင်ညီစကား စသည့် ဒေတာ Data များ ရ၏။ ထိုဒေတာများကို လောဂရစ်သမ်ဖြင့် တွက်ထုတ်ကာ မြေပုံဆွဲရခြင်း ဖြစ်၏။

ဆာဗေးအဖွဲ့တွင် ပေတံကြီးကိုင်ရသော အလုပ်သမားကို သင်တန်းပေး၍ ပုံသေဖြစ်စေရန် တစ်ယောက်တည်း ထိုင်ခိုင်းရ၏။ ထို့ကြောင့် ထွန်းရှိန် မရှိလျှင် မဖြစ်ချေ။ ထိုနေ့အဖို့ သီအိုဒိုလိုက်လုပ်ငန်း နားလိုက်ရ၏။

ညနေ ၅နာရီခန့်တွင်မှ ထွန်းရှိန် ရောက်လာပါသည်။ ထွန်းရှိန် ရောက်လာသည်နှင့် အားလုံးပင် ထွန်းရှိန်အနား ဝိုင်းထိုင်ကြပြီး ယမန်နေ့ ညကဖြစ်စဉ်ကို တစ်ယောက်တစ်ပေါက် မေးကြသောကြောင့် ကျွန်တော်ကပင် ဟန့်တား၍ -

"မင်းတို့ အဲဒီလို တစ်ယောက်တစ်ပေါက်မေးတော့ ထွန်းရှိန် ဘယ်ကစပြောရမှန်းမသိ ဖြစ်နေပြီ၊ ကဲ ဒီတော့ မင်းဖြစ်ရပ်ကို အစအဆုံးသာ ပြောပေတော့"

ဆိုကာ လမ်းကြောင်းပေးလိုက်ပါသည်။

ဤတွင် ထွန်းရှိန်၏ အဖြစ်အပျက် ပြောပြချက်များတွင် ဒေသသုံးရှမ်းစကားများ ပါဝင်သည်ဖြစ်၍ စာဖတ်သူများ သဘောမပေါက်မည်စိုးသောကြောင့် ကျွန်တော်က လို-တို-ရှင်း စကားပြေဖြင့် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

ပြင်ကြီးရွာ၌ ထူခြားဆန်းကြယ်သောကြောင့် တောစိုးသစ်ပင်ကြီးများဟု သတ်မှတ်ရသော အဓိကရ ညောင်ပင်ကြီး သုံးပင်ရှိ၏။ ထိုညောင်ပင်ကြီးသုံးပင်သည် အရွယ်အစားရော၊ အပင်အမြင့်ရော အတူတူဖြစ်၍ အရှေ့နှင့် အနောက် ထမ်းပိုးထမ်းဖြစ်နေခြင်းကလည်း ထူးခြား၏။ ရွာတွင် အသက်အကြီးဆုံးဖြစ်သော ဆရာကြီးဦးစိန္ဒာက ထိုညောင်ပင်ကြီးများတွင် ရုက္ခစိုးနတ်၏ ဝိမာန်ရှိသည်ဟု ပြောဖူးပါသည်။

ကဆုန်လပြည့်နေ့ အလုပ်နားရ၍ ရွာပြန်ရောက်နေသော ထွန်းရှိန်သည် ညဘက်တွင် ဒေသထုံးစံအရ 'ကွာလယ်နှဆောင်' အပျိုအိမ်သို့ သွားလည်၏။ အပျိုနှင့် သက်ကြီးခေါင်းချ ချိန် (ညဆယ်နာရီခန့်) အထိ စကားပြောကြ၏။ ရည်းစားမဖြစ်ကြသေးလျှင်လည်း ထွေရာလေးပါး ပြောကြ၏။ သက်ကြီးခေါင်းချ ကြက်တွန်သံကြားမှ မိမိအိမ်သို့ပြန်၏။ ဤသည်မှာ ရွာ၏ ဓလေ့ဖြစ်သည်။

ထွန်းရှိန်၏အိမ်သည် ပြင်ကြီးရွာမှ ထူခြားဆန်းကြယ်သော ညောင်ပင်ကြီးသုံးပင်မှ အနောက်ဘက်ညောင်ပင်ကြီးနှင့် ပေတစ်ရာခန့် အကွာတွင် ရှိသည်။ သက်ကြီးခေါင်းချ ကြက်တွန်၍ အိမ်ပြန်လာခဲ့သော ထွန်းရှိန်သည် လမ်းမမှ မိမိခြံပေါက်ဝသို့ ဝင်ရန်အပြု တစ်စုံတစ်ယောက်က ကျောကုန်းကို ပုတ်လိုက်သဖြင့် လှည့်ကြည့်သည်တွင်

www.burmeseclassic.com

ယောင်ထုံး (သျှောင်ထုံး) နှင့် အဘိုးအို ကြီးကို တွေ့ရ၏။

ထွန်းရှိန် လန့်၍ အိမ်ထဲပြေး ဝင်မည်အပြု အဘိုးအိုက ထွန်းရှိန်၏ နားရွက်နှစ်ဖက်ကို ဆွဲလိုက်ကာ လည်ကုပ်ပေါ် ခွစီးလိုက်သဖြင့် ပြေးမဝင် နိုင်တော့ချေ။ အိမ်သားများ အော်ခေါ်ရန် ပြုသော်လည်း အသံက မထွက်တော့။

ကုပ်ပေါ် ခွစီးထားသော အဘိုးအိုက နားရွက်တစ်ဖက်ကို ဆွဲကာ နောက်ပြန်လှည့်ရန် အချက်ပြသဖြင့် ကြောက်လှသောကြောင့် ခိုင်းသည့် အတိုင်း လုပ်ရ၏။ လမ်းလယ်ရောက်သော် အရှေ့ဘက်သို့သွားရန် ညွှန်ပြသဖြင့် အရှေ့ဘက်သို့ ထွက်ခဲ့ရပြန်၏။ စကားတစ်လုံးမျှမပြောဘဲ အချက်ပြဖြင့် ခိုင်းခြင်း ဖြစ်၏။

အနောက်ဘက်ဆုံးရှိ ညောင်ပင်ကြီးအောက်သို့ရောက်သော် ဤညောင်ပင်မှ ပုဂ္ဂိုလ်ဟု ထင်သဖြင့် ထွန်းရှိန်က ရပ်လိုက်၏။

အဘိုးအိုက ထွန်းရှိန်ရပ်လိုက်သည်ကို မကြိုက်ဟန်ဖြင့် ဦးခေါင်းကို ခေါက်၏။ ထွန်းရှိန်လည်း ခေါင်းခေါက်ခံရသဖြင့် ဆက်လျှောက်ရပြန်လေ၏။

ကဆုန်လပြည့်ည၏ လမင်းကြီးကား မြူတိမ်ကင်းစွာဖြင့် ထိန်လင်းစွာ သာလျက်ရှိသော်လည်း လမ်းပေါ်တွင် ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ မတွေ့ရသည်က ထူးဆန်းလှ၏။

ရွာလယ် ညောင်ဗင်ကြီးအောက် ရောက်လာ၏။ ဒီတစ်ခါ ခေါင်းခေါက်ခံရမည်စိုး၍ မရပ်ရဲတော့ချေ။

ရွာဦး ညောင်ပင်ကြီးအောက် ရောက်သောအခါ နားရွက်တစ်ဖက်ကို ဆွဲ၍ မြောက်ဘက်သို့သွားရန် အချက်ပြသဖြင့် ဥပုသ်ဇရပ်ဘက်သို့ လှည့်ခဲ့ရ၏။

ဒီတစ္ဆေကောင်ကြီး ဥပုသ်ဇရပ်တွင် ဆင်းလိမ့်မည်ဟု ထင်သော်လည်း ဇရပ်နားရောက်သောအခါ မဆင်းသည့်ပြင် နားရွက်ဆွဲလိမ်၍ အံနောက်ဘက် သို့လှည့်ရန် အချက်ပြသဖြင့် ခေါင်း ခေါက်မခံရခင် အမြန်ဆုံးလှည့်ခဲ့ရ၏။

ရွာလယ်လမ်းဆုံ ရောက်မြန် သောအခါ ရွာမြောက်ဘက် ရေချိုးဆိပ် သို့သွားသည့် လမ်းအတိုင်းသွားရန် အချက်ပြသဖြင့် ရွာအပြင်သို့ ထွက်ခဲ့ရ တော့၏။

ရွာမြောက်ဘက် ပေတစ်ထောင် ခန့်တွင် ရှေးဟောင်းစေတီတစ်ဆူရှိ၏။ စေတီတော်ရှိရာမှ ရှေ့ဆက်လျှောက် သော် ပြင်ကြီးရွာ ရေချိုးဆိပ် ချောင်း လေး ရှိ၏။ ချောင်းတစ်ဖက်ကမ်း ကုန်း ပြန့်လေး ကျော်ပြီးလျှင် ဒုတ္ထာတောင် ခြေဖြစ်၏။

ထွန်းရှိန်သည် ကြောက်ရမည်ကို ပင် သတိမထားနိုင်တော့ဘဲ တစ္ဆေကြီး ခိုင်းသည့်အတိုင်း လုပ်နေရ၏။ ရှေး ဟောင်းစေတီနားရောက်သော် ရပ်ခိုင်း၍ ရပ်ရ၏။ လည်ကုပ်ပေါ် ခွစီးလျက် ကပင် စေတီတော်ကို ရှိုးဖို့၏။ ပြီးသော အခါ ရွာဘက်ပြန်ရန် အချက်ပေးသဖြင့် ပြန်ခဲ့ရ၏။

လမ်းကွေ့တွင်ရှိသော အရိုး ခမ်းပုအိမ်မှ ခွေးရန်လုံသည် အလွန်ဆိုး၏။ ထိုအိမ်ရှေ့ရောက်သောအခါ ခွေး ရန်လုံသည် ကိုက်ဖို့၊ ဟောင်ဖို့ဝေးစွ၊ အမြီးကုပ်၍ ကြောက်နေ၏။

ရွာလယ်လမ်းဆုံမှ အနောက် ဘက်သို့ ကွေ့ခဲ့ပြီး ဆရာကြီး ဦးစိန္ဒာ၏ အိမ်ရှေ့လမ်းခွဲရောက်လျှင် စတင်ထွက် ခွာခဲ့သော ညောင်ပင်ကြီးရှိရာသို့ ကွေ့ ခိုင်းသဖြင့် ကွေ့ခဲ့ရ၏။

ညောင်ပင်ကြီးနား ရောက်ချိန် တွင် ရွာဦးကျောင်းဆီမှ အရုဏ်တက် အုန်းမောင်းခေါက်သံ ထွက်ပေါ်လာပါ သည်။ ရွာဦးကျောင်းမှ အုန်းမောင်းသံ ကြားသည်နှင့် တစ်ပြိုင်တည်း ထွန်းရှိန်၏ ကုပ်ပေါ် ခွစီးထားသော တစ္ဆေ ကြီးသည် ရုတ်တရက် ခုန်ဆင်းကာ ပြေးထွက် ပျောက်ကွယ်သွားပါတော့ သည်။

ထွန်းရှိန်သည် တစ္ဆေကြီးနှင့် တွေ့ဆုံမှုအား ပြောပြပြီး အကြောက် မပြေသေးဟန်ဖြင့် ငေးငိုင်နေသဖြင့် ကျွန်တော့်ထံတွင် လိုအပ်က သောက် ရန်ဆောင်ထားသော အိုးဘရန်ဒီပုလင်း ထုတ်ကာ ချေသားခြောက်မီးဖုတ်ကို အမြည်းလုပ်၍ သောက်ခိုင်းလိုက်မှ တက်ကြွလန်းဆန်းလာကာ -

"ငါ (-) မ တစ္ဆေ ဒီတစ်ခါတွေ့ ရင်လား ငါက အရင်တက်စီးလိုက်မယ်"

ဟု ရယ်မောကာ ကြုံးဝါးနိုင်ပါ တော့သတည်း။

[ဘောက်ဆိုက်သယ်ဇာတ လေ့ လာ ရွာဖွေရေးလုပ်စဉ် လွန်ခဲ့သော (၁၉၈၀) နှစ်က ဖြစ်ရပ်မှန်အား တင်ပြ ခြင်း ဖြစ်ပါကြောင်း။ ဘူမိဗေဒဆိုင်ရာ အချက်အလက်များ အကူအညီပေးပါ သော ဘူမိဗေဒ အငြိမ်းစားအရာရှိ ဦးဇော်ဝင်းမြင့်အား ကျေးဇူးတင်ရှိပါ ကြောင်း ဖော်ပြအပ်ပါသည်။]

စာတ်ပုံမောင်မောင်အေး

❑

www.burmeseclassic.com

www.burmeseclassic.com

ဂီတစကားပြေ

ဒီဇိုင်း ကိုသက်
(ရွှေတံခါးမှူး)

ခေါင်းစဉ် ဖတ်ရုံဖြင့် သစ်တုံးအောက်ရောက်နေတဲ့ ဒါမှမဟုတ်၊ တုံးအောက်မှာ ပိနေတဲ့ ဖားတစ်ကောင်ကို မျက်လုံးထဲမှာ တန်းမြင်ပြီး ဖားရဲ့ အကြောင်းကို ဖော်ပြပါ အကြောင်းဟာ ဘယ်လိုများပါလိမ့်ပေါ့လို့ ထင်စရာ ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့ ကလေးဘဝ လေးငါးတန်းလောက်ကပေါ့။ လူကြီးတွေက စကားပုံလို့ပဲ ပြောမလား၊ စကားစုလို့ မဆိုမလား၊ ထားပါတော့။ အဲဒီတစ်ခုပြော၍ အစအဆုံး အခေါက်ခေါက် မြန်မြန်ရွတ်ခိုင်းပြီး တဝါးဝါး ရယ်ခဲ့ဖူးပါသည်။ အဓိပ္ပာယ်ကိုတော့ မသိ။ ဆိုလို့ကောင်းတာပဲ သိသည်။ အများသိပြီးသားလည်း ဖြစ်မှာပါ။

စကားပုံလေးက -

'တုံးအောက်က ဖား၊ ပြားတဲ့ ဖားက ပြား၊ ဖောင်းတဲ့ ဖားက ဖောင်း' ဝင့် ဖြစ်ပါသည်။

မြန်မြန်ရွတ်လေ လျှာခလုတ်တိုက်ပြီး မှားချည်းပဲ နေတော့တ၏။ ဖြည်းဖြည်းရွတ်မှ မှန်တော့တ၏။

မြန်မြန်ရွတ်လို့ မှန်အောင် ဆိုနိုင်လျှင် မုန့်ဖိုး ဘယ်လောက်ပေးမည်၊ မုန့်ကျွေးမည် ဆိုသဖြင့် ကြိုးစားကြည့်ပြန်ဇ။ မြန်လေ မှားလေ ဖြစ်နေ၍ ပျော်စရာလည်း ကောင်း၊ ရယ်စရာလည်း ကောင်းပါသည်။

အခြားတစ်ခုလည်း မှတ်မိနေသေးသည်။

'တောင်ပေါ်က ရှမ်းကလေး၊ လျှော်ထမ်းလို့ပြေး၊ တိုတဲ့လျှော်က တို၊ ရှည်တဲ့လျှော်က ရှည်' ဖြစ်သည်။

အထက်ပါအတိုင်း အမှန်ပင် ပျော်ရွှင် ရယ်မောဖွယ် ဖြစ်ပါသည်။ မည်သူက ဘယ်လို ထွင်လိုက်သလဲဆို တာတော့ ယနေ့တိုင် အတိအကျ မသိပါမှုသာ ကျွန်တော် ဝန်ခံပါသည်။

မြန်လေ မှားလေ ဖြစ်ရခြင်း အကြောင်းရင်းကတော့ 'ဖား၊ ပြား၊ ဖောင်း' ဟူသော အသံထွက်နှင့် 'ရှမ်း၊ လျှော်၊ ရှည်' ဟူသော လေယူလေသိမ်း အသံထွက်တို့ကြောင့်သာ လျှာခလုတ်တိုက်မှားခြင်းပဲလို့ ကျွန်တော် အကြမ်းဖျင်း ယူဆပါသည်။

ဖေဖေ၊ မေမေ၊ မောင်နှမ စသည့် မိသားစုဝိုင်းလေးအတွင်း အမှန်ပင် သာယာချမ်းမြေ့ခြင်း ခံစားရသဖြင့် အထက်ပါ ဟာသလေးနှစ်ခုကို ပြန်၍ပင် လွမ်းမောမိနေသေးတော့သည်။

အခု ကျွန်တော်ပြောချင်တာက စကားပုံအကြောင်း မဟုတ်ပါ။ ဖားသတ္တဝါအကြောင်းလည်း မဟုတ်ပါ။ ကဲ- ဒါဆို ဘာကြောင့် ဒီခေါင်းစဉ် တပ်ထားတာလဲ၊ မေးစရာ ဖြစ်မနေပေဘူးလား။

အဖြေက စကားပုံ ခေါင်းစဉ် အစအဆုံးတပ်လျှင် ရှည်မှာစိုးလို့ အတိုကောက်တပ်ခြင်းသာ ဖြစ်သည်။

တကယ်တော့ စကားပုံပါ စာစုထဲမှာပါတဲ့ ဖားဆိုတဲ့ စကားလုံးတစ်လုံး အကြောင်းကိုသာ အဓိက ပြောချင်ခဲ့ဖြစ်ပါသည်။

www.burmeseclassic.com

ဖားဆိုတဲ့ဝေါဟာရကို အဓိပ္ပာယ် အမျိုးမျိုးဖွင့်လို့ ရပါသည်။

'ဆင်နားရွက်ကြီးလို ဖားဖားကြီး'၊ 'အရွက်ဖားဖားကြီးနဲ့ သစ်ပင်တစ်ပင်' စသဖြင့် ပုံသဏ္ဌာန်ကို ဖော်ပြတဲ့နေရာမှာ သုံးသလို ဖားသတ္တဝါကို ပြောချင်ရင်လည်း သုံးပါသည်။

အခြားအဓိကသုံးသော နေရာတစ်ခုလည်း ရှိပါသည်။ ပြုမူ လှုပ်ရှားပုံကို ပြသောအားဖြင့် တွင်ကျယ်စွာ ပြောဆို သုံးနှုန်းပြန်ပါသည်။

"မင်းက အရမ်းဖားတာပဲ"

"ပုံမှန်အတိုင်း ဆက်ဆံပါကွာ၊ သိပ်လည်း ဖားမနေပါနဲ့" စသည်ဖြင့် "ဖား" ဟူသော အဓိပ္ပာယ်ကို ဗန်းစကား အဖြစ် "ဖော်လံဖား"ဟူ၍ ပြောလေ့ရှိပါသည်။

အဓိပ္ပာယ်မှာ "အကျိုးကို မျှော်ကိုး၍ မျက်နှာလို မျက်နှာရလုပ်သည်" ဟူ၍ အပြုအမူကို ဖော်ညွှန်းလေ့ရှိကြ၏။

"ဒီကောင် တော်တော်ဖားတဲ့ကောင်ကွ"၊ "ဒီကောင်ဖားပဲ" စသဖြင့် တစ်ယောက်ကို တစ်ယောက် နောက်ပြောင်ခြင်းဟု ထင်ရသော်လည်း အပေါ်ယံကြည့်လျှင် အရေးကြီးသလို နှင့် သူတစ်ပါးအတွက် အင်မတန် ထိရောက် ဆုတ်ယုတ်စေသော အမူအကျင့် ဖြစ်ပါသည်။

အထူးသဖြင့် ကျွန်တော်တို့လို ဝန်ထမ်းနယ်ပယ်တွင် ဂရုပြုသတိထားရမည့် အချက်ဖြစ်ပါသည်။

မိမိကိုယ်တိုင်လည်း မပြုလုပ်မိစေရန်နှင့် ဖော်လံဖားတတ်တဲ့ လူစားမျိုးကိုလည်း သတိထား ရှောင်ရှားဖော်ထုတ်သင့်ပေသည်။

ဖားခြင်းအပြုအမူသည် မကောင်းမှန်း သိသော်ငြားလည်း ဖားသူတို့က ပုံစံအမျိုးမျိုး ဖားကြသလို အဖားခံရသူတို့ကလည်း မိမိကို ဖားနေမှန်းသိလျက်နှင့် သဘောကျကျေနပ် သာယာမိနေတတ်ပါသည်။

ဖားခြင်းနှင့်ပတ်သက်၍ ပုံပြင်ခေါ်မလား၊ သရော်စာ ခေါ်မလား၊ အများကြားဖူးပြီးလည်း ဖြစ်ပါလိမ့်မည်။

ပုံပြင်လေးက -

အခါတစ်ပါးက လူပြည်မှာ အလွန်ဖားတတ်တဲ့ အကျင့်ရှိသူ တစ်ယောက် အကုသိုလ်အမျိုးမျိုးနဲ့ သေလွန်ပြီး ငရဲရောက်သွားပါလေရော။ ငရဲမင်းကြီးက ငရဲသားကို စစ်ဆေးရင်း သူ့ကို အပြစ်ဒဏ်ချဖို့ စဉ်းစားနေစဉ် ထိုသူကလည်း မကြောက်မရွံ့ မင်းကြီးကို စေ့စေ့စိုက်ကြည့်နေတာကို မင်းကြီးလည်း မြင်သွားရော ဒေါပွပြီး-

"သယ် ရာရာစစ အသင် ရာဇတ်ကောင်က ငါလိုမင်းကြီးကို မတုန်မလှုပ် မခန့်လေးစား အဘယ်ကြောင့် စေ့စေ့ကြည့်နေဘိသနည်း" လို့ မေးတဲ့အခါ -

"ငရဲမင်းကြီး ခင်ဗျာ၊ ကျွန်တော်မျိုး လူပြည်မှာတုန်းက ကြားဖူးသည်မှာ ငရဲမင်းတို့ဟူသည် အလွန်တရာမှ အရုပ်ဆိုး အကျည်းတန်လှပြီး ရက်စက်ကြမ်းကြုတ် ကြောက်မက်ဖွယ်ကောင်းသည်ဟုသာ ကြားဖူးခဲ့ကြောင်း၊ အခုတော့ ကျွန်တော်မျိုး ကြားသိထားတာတက် အလွန်ပင် ကွာခြားနေပါပြီ ဘုရား။

အရှင်မင်းကြီး၏ ရုပ်သွင်မူရာမှာ အလွန်ပင်ကျက်သရေရှိ တင့်တယ်လှပနေသည်ကို တွေ့ရသည့်အတွက် ကျွန်တော်မျိုး တဲအံ့တသြနဲ့ ယခုလို ကြည့်မိနေခြင်း ဖြစ်ပြီး အပြစ်ရှိရင် ခွင့်လွှတ်တော်မူပါ ဘုရား"

လို့ ခပ်တည်တည်နဲ့ ရဲဝံ့စွာ လျှောက်ထားလိုက်လေသည်။

ဘေးမှ အကြံပေး အမတ်ကြီးက -

"အရှင်မင်းကြီး ဒီရာဇဝတ်သားသည် လူပြည်မှာ ဖားတတ်တဲ့စရိုက်အကျင့် ဆိုးရှိသူ ဖြစ်လို့ မင်းကြီးကို မြှောက်ပင့် ဖော်လံဖား ပြောနေခြင်းသာဖြစ်၍ သတိထားတော်မူပါဘုရား" လို့လည်း လျှောက်လိုက်ရာ ငရဲမင်းကြီး ဖြန်ပြောလိုက်သည်မှာကား -

"အမတ်ကြီး၊ ဒီငရဲသားသည် မှန်တာကို ပြောတာသာဖြစ်၍ ငါကိုယ်တော်မြတ် ခွင့်လွှတ်တော်မူသည်၊ ဆက်၍သာ လျှောက်တင်စေ" ဟူ၍ ပြုံးပြုံးကြီး မိန့်တော်မူကြောင်း ဖတ်ရှုမှတ်သားဖူးပါသည်။

ဤပုံပြင်လေးမှာ သရော်စာတစ်ပုဒ်သာဖြစ်သော်လည်း လူပြည်နှင့် လူ့ဘုံဝန်းကျင်တွင် အမှန်တကယ် ဖြစ်ပျက်နေသော ဖားသည့် ဖြစ်စဉ်များကို မီးမောင်းထိုးပြနေသည်မှာတော့ အမှန်ပင် ဖြစ်ပါသည်။

မိမိဖြတ်သန်းခဲ့ရသော ဝန်ထမ်းဘဝတစ်လျှောက်လုံး ဖားသည့်သူနှင့် အဖားခံရသူများ အတော်ပင် ကြုံခဲ့ဖူးပါသည်။ အခြားသူများလည်း ပုံစံအမျိုးမျိုးနှင့် ကြုံခဲ့ဖူးကြမည်သာပင် ဖြစ်ပါသည်။

အချို့လူကြီး တော်တော်များများသည် မိမိယုံကြည်မိပြီဆိုလျှင် သူပြောဆိုသမျှ အမှား၊ အမှန် အကျိုးသင့် အကြောင်းသင့် ချင့်ချိန်ခြင်း မရှိဘဲ လက်ခံ ယုံကြည်လွယ်တတ်ကြသည်။ ထိုအခါ တစ်ဖက်လူကို အပြစ်တင် အပြစ်ရှာတော့၏။ ထိုသူမှာလည်း စိတ်ဓာတ်ကျကာ ဖားတဲ့သူကို မကျော်နိုင်ဖြစ်ကာ ဌာနပြောင်းရွှေ့သွားခြင်း၊ အလုပ်မှ နုတ်ထွက်သွားခြင်း စသည့် အဖြစ်မျိုး ကြုံခဲ့ဖူးလို့ ရိုးသားသည့် ဝန်ထမ်း လူတော်လူကောင်းတစ်ဦး ဆုံးရှုံးရခြင်းမျိုး ဖြစ်ပေါ်တတ်၍ ဌာနအတွက်လည်း သွယ်ဝိုက်စွာ ထိခိုက်စေသည့်အတွက် ကြီးစွာ သတိထား ဆင်ခြင်သင့်ပါသည်။

ကျွန်တော်တို့ လူမျိုး၏ အားနည်းချက်လို့ ပြောမလား၊ အစဉ်အလာဟု ဆိုရမလား၊ လူယုံထား၊ တပည့်မွေးခြင်းတို့သည် ခေတ်စနစ် ပြောင်းသော်လည်း မပျောက်နိုင်သေးပေ။ လုပ်ပိုင်ခွင့်အာဏာရှိလေ ချဉ်းကပ်လာ

www.burmeseclassic.com

www.burmeseclassic.com

သူ များလေဖြစ်တတ်၍ ဌာနဆိုင်ရာ များသာမက ကုမ္ပဏီများ၊ ပုဂ္ဂလိကနှင့် စီးပွားရေးလုပ်ငန်းများတွင်လည်း ထို နည်းနှင့်နှင့်ပင် အမြဲသတိရှိ အကဲခတ် လုပ်ဆောင်နေကြရမည် ဖြစ်သည်။

ဖားတတ်သူများကလည်း အခွင့် အရေးကို အသုံးချကာ လူကြီးအကြိုက် လိုက်၊ မိမိ အကျိုးကိုသာ ကြည့်၍ အမြတ်ထုတ်ခြင်းမျိုးကို တာဝန်ရှိ လုပ် ပိုင်ခွင့်ရှိသူတို့ အနေဖြင့် သတိထား ရှောင်ရှားကြဖို့ အထူး လိုအပ်သလို အဖားခံရသူကလည်း သိသိကြီးနဲ့ ကိုယ့် ကိုယ်ကိုယ် အထင်ကြီး မာန်တက် မနေဖို့ လိုပါသည်။

တကယ်တော့ တုံးအောက် ရောက်နေသည့် မည်သည့် ဖားမဆို ပြားနေမည်သာ ဖြစ်ပါသည်။ သို့သော် တုံးအောက်က ဖားချင်းအထူတူ လည်း သည့် နေတတ်သည့် (ဖားတတ်သည့်) ဖားက မပြားဘဲ ပို၍ ဖောင်းကာ ဖြောင့် မတ်ရိုးသားသည့် (မဖားတတ်သည့်) သာမန်ဖားကသာ ပြားသထက် ပြား နေမည်သာ ဖြစ်ပေသည်။

"ဩော်- ဖားဟာ မြွေထက် ကြောက်စရာကောင်းပါလား အရပ် ကတို့..."

ဒါကြောင့် ကျွန်တော်ငယ်ငယ် က အဓိပ္ပာယ် အမှန်တကယ်မသိဘဲ လျှာခလုတ်တို့က် ဟာသဖြစ်ခဲ့ရသော "တုံးအောက်က ဖား" အစချီတဲ့ စကား ပုံလေး အစား၊ အခု အသက်ကြီးပိုင်း ရောက်မှ ပို၍ပင် လျှာတင်မက သွားပါ ခလုတ်တိုက် အဓိပ္ပာယ်ရှိစေတဲ့ ခေတ် သစ် စကားပုံလေးတစ်ခုအဖြစ် သတိ ပေး ပြောင်းလဲလိုက်ချင်တာကတော့ -

"တုံးအောက်က ဖား၊ ဖားတဲ့ စားက ဖောင်း၊ မဖားတဲ့ ဖားက ပြား"

ဟူ၍သာ မိုးပေါ်ကို မော့ပြီး အားကုန်ညစ် အော်ဖစ်လိုက်ချင်ပါ တော့သတည်း။

ဒီဂိုင်းကိုသက် (လွှတ်ခါးမှူး)

❑

တစ်ယောက်တည်းသွားရမည့်ခရီး သင် အဆင်သင့်ဖြစ်ပြီလား

ဇရာအရေး

သံဃဝတ္ထုအရေး

- အသက် ကြီးနေပြီ၊ သဘောထား ကြီးနိုင်သေးဘူးလား။
- ဆံပင်တွေ ဖြူနေပြီ၊ စိတ်ထားတွေ မဖြူနိုင်သေးဘူးလား။
- ဆံပင်တွေ ကျွတ်နေပြီ၊ အကျွတ်တရား မရှာနိုင်သေးဘူးလား။
- မျက်စိတွေ မှုန်ဝါးနေပြီ၊ တရားအတွက် စမ်းတဝါးဝါးဖြစ်နေတုန်း ပဲလား။
- နားတွေ ထိုင်းနေပြီ၊ တရားနာဖို့ ထိုင်းမှိုင်းနေတုန်းပဲလား။
- အသက်ရှူသံတွေ ချို့တဲ့လာပြီ၊ အာနာပါနလုပ်ဖို့ ချို့တဲ့နေတုန်း ပဲလား။
- လျှာတွေ ထူနေပြီ၊ မံကောင်းမှုမှာ ထူပူနေတုန်းပဲလား။
- သွားတွေ ကျိုးနေပြီ၊ မာန်မာနတွေ မကျိုးနိုင်သေးဘူးလား။
- ပါးစပ်တွေ ရွဲ့နေပြီ၊ ကုသိုလ်ကို အရွဲ့တိုက်နေတုန်းပဲလား။
- အသံတွေ ပြာနေပြီ၊ အခုထိ ပြာ(ဗျာ)များနေတုန်းပဲလား။
- လက်တွေ တုန်နေပြီ၊ ပုတီးကိုင်ဖို့ ချီတုံချတုံ ဖြစ်နေတုန်းပဲလား။
- ခြေထောက်တွေ ယိုင်နေပြီ၊ အမှားဘက်ကို ယိုင်နေတုန်းပဲလား။
- အသားအရေတွေ တွန့်နေပြီ၊ ကုသိုလ်လုပ်ဖို့ တွန့်နေတုန်းပဲလား။
- ခါးတွေ ကိုင်းနေပြီ၊ ရတနာသုံးပါးကို မကိုင်းရှိုင်းသေးဘူးလား။
- စိတ်တွေ တွေဝေနေပြီ၊ ဝိပဿနာလုပ်ဖို့ တွေဝေနေတုန်းပဲလား။

ဓမ္မဒါန

www.burmeseclassic.com

www.burmeseclassic.com

တောင်မောင်မောင်

နေတွင်းချိန်မှာ ကြယ်ကြေသည်

"ကလောင်. . . ကလောင်. . . ကလောင်"

ကျောင်းတက်ခေါင်းလောင်းသံကြောင့် ကျောင်းသားများနှင့် အတန်းပိုင်ဆရာ အသီးသီးတို့ အတန်းတွင်း ဝင်ရောက်သွားကြသည်။ ဆရာ ကိုမြတ်ထိုက် ထိုမူလတန်းကျောင်းလေးသို့ ပြောင်းရွှေ့အမှုထမ်းခဲ့သည်မှာ (၄) နှစ်ခန့်ရှိပြီ။ ကျောင်းအုပ်ဆရာ၏ တာဝန်က ကြီးလေးလှသည်။ ကျောင်း၏ကိစ္စအဝဝကို တာဝန်ခံ ဖြေရှင်းရသည်။ ကျောင်း၏ အလုံးစုံသော အရေးတို့ကိုလည်း ဦးလည်မသုန် ဆောင်ရွက်ရသည်။

ယခုလည်း စာသင်ခန်းများဆီလှည့်ပတ်စစ်ဆေးပြီး ကျောင်းဝင်းတံခါးကိုပိတ်ရန် ကျောင်းလုပ်သား ဦးသန်းမောင်ကို ပြောလိုက်သည်။

"ဦးသန်းမောင်"

"ဟုတ်ကဲ့၊ ရှိပါတယ် ဆရာကြီး"

"ဝင်းတံခါး ပိတ်လိုက်တော့၊ ညော်- ဒါနဲ့နေဦး၊ အမြဲကျောင်းနောက်ကျတဲ့ မောင်နှမတွေ ရောက်ပြီလား"

"ကျောင်းမလာတာ နှစ်ရက်၊ သုံးရက်လောက်ရှိပါပြီ ဆရာကြီး"

"ကျောင်းပျက်လှချေလား၊ ဘာဖြစ်လို့တဲ့လဲ"

"ကျွန်တော်လည်း အတိအကျ မသိပါဘူး၊ သူတို့အတန်းပိုင်ပြောတာတော့ သူတို့မိဘတွေ မရှိကြဘူးလို့ ပြောပါတယ်"

"ဒါဆိုလည်း သူတို့အတန်းပိုင် ဆရာတွေ သွားခေါ်လာခဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးသန်းမောင် စာသင်ခန်းများဘက်သို့သွားစဉ် ရုံးခန်းထဲ စားပွဲ၌ ထိုင်ကာ နေ့စဉ် လက်မှတ်ထိုးစာရင်းကို စစ်ဆေးနေမိသည်။ ကျောင်းရှိ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ

www.burmeseclassic.com

www.burmeseclassic.com

အားလုံး စည်းကမ်းကို လိုက်နာစေရန် ကိုယ်တိုင်လည်း သူတို့ အားလုံး၏ စံနမူနာ ယူထိုက်သူဖြစ်အောင် ကြိုးစား ရသည်။

စည်းကမ်းသည် အလွန်တန်ဖိုး ရှိသလို ကျောင်းတစ်ကျောင်း၏ တိုး တက်မှုသည် စည်းကမ်းလိုက်နာနိုင်မှု အပေါ် မူတည်နေသည်။

မကြာမီ ရုံးခန်းထဲသို့ ဆရာမ နှစ်ဦး ဝင်လာသည်။

"ဆရာကြီး ခေါ်တယ်ဆိုလို့"

"ဆရာမတို့ အတန်းတွေက ကျောင်းသားတချို့ ကျောင်းသုံးရတ် လောက် ပျက်နေတယ်လို့ကြားတယ်၊ ဘာဖြစ်လို့လဲ၊ အုပ်ထိန်းသူတွေက ခွင့် တိုင်ရဲ့လား"

"သူတို့တွေရဲ့ မိဘနှစ်ပါးစလုံး အချုပ်အနှောင်ခံနေရတယ်လို့ သိရ ပါတယ်"

"ဟင်... ဘယ်လိုဖြစ်ရတာလဲ၊ ကလေးတွေကကော အခုဘယ်မှာလဲ"

"ကျွန်မတို့လည်း အသေအချာ တော့ မသိဘူး၊ သူတို့နဲ့ အိမ်နီးချင်း ပန်း သည်အမျိုးသမီးပြောတာတော့ ကလေး တွေ သူတို့အိမ်ကို ပြန်မအိပ်ကြဘူးတဲ့ ဆရာကြီး"

"သူတို့မှာ မိဘတွေရဲ့ ဆွေမျိုး တွေရှိကြတယ်မလား"

"သူတို့က ဒီဒေသက မဟုတ်ဘူး လို့ ပြောကြတယ်"

"ကျွန်တော် ကလေးတွေနဲ့ တွေ့ ချင်တယ်"

ဆရာမများ ရုံးခန်းထဲမှ ထွက် ခွာသွားကြသည်။ ဆရာ ကိုမြတ်ထိုက် ၏ အတွေးတို့က အတိတ်ဆီ ရောက် သွားသည်။ သူ့ဘဝ အစကို သူကိုယ် တိုင် ဝေဝါးနေသည်။ အမေဆိုသည်ကို မမြင်ဖူးလိုက်၊ သူ လူမမည်အရွယ်၌ ဆုံးပါးသွားသည်ဟု သိခဲ့ရသည်။ အဖေ ဆိုသည်ကလည်း လူမှန်းသိတတ်စ လောက်အရွယ်တွင် သူ့ကိုကပ်နေသော ဘုန်းကြီးကျောင်းသို့ ရောက်လာပြီး နောက်နှစ်၌ သူ့ဘဝထဲမှ ပျောက်ကွယ် သွားခဲ့သည်။

သူ့ကိုကပ်နေသည့် ဘုန်းကြီး ကျောင်းမှ သူ့ဖခင်၏ အစ်ကိုဝမ်းကွဲ တော်သူ ဘုန်းကြီးက ကျွေးမွေးစောင့် ရှောက်ခဲ့၍သာ ဒီဘဝ၊ ဒီအခြေအနေ ကို ရောက်ခဲ့သည်။

မိခင်၊ ဖခင်တို့၏ အရိပ် မိဘတို့ ၏ မေတ္တာကို ခိုလှုံခွင့်မရ၊ ခံစားခွင့်မရ ဘူးပေ။ ငယ်စဉ်က မိဘတို့ကို တောင့်တ မိသည်။ မိဘတို့၏ မေတ္တာကို မရနိုင် သည့်အဆုံး၌ ဆရာတော်၏ အရိပ် အာဝါသနှင့် ကြီးပြင်းလူလားမြောက်ခဲ့ ရသည်။

ဆရာတော်၏ သွန်သင်ဆုံးမမှု ကို ခံယူရင်း ဘဝစစ်ခုခွ် တင်ခဲ့ဖူးသည့် ဝဋ်ကြွေးကို ပေးဆပ်ရသည်ဟုသာ ဖြေ သိမ့်နိုင်ခဲ့သည်။ ထို့နောက် ဆရာတော် ၏ ကျေးဇူးဖြင့် ဘွဲ့တစ်ခုယူနိုင်ခဲ့ပြီး ကျောင်းဆရာဘဝကို ခံယူခဲ့သည်။ ကြုံ တွေ့ခဲ့ရသည့် လောကဓံတို့က ရင်နှင့် မမျှအောင်ရှိခဲ့သည်။

တစ်ခါတစ်ရံ ထိုအကြောင်း တို့ကို တွေးမိတိုင်း သူလို ဘဝတူတို့ အပေါ် ကိုယ်ချင်းစာ နားလည်ပေးနိုင် ခဲ့သည်။

ယခုလည်း တပည့်လေးများ၏ မိသားစုအကြောင်းကို စိတ်မကောင်း ကြီးစွာဖြင့် ကြားလိုက်ရသည်။ တစ် ဆက်တည်း သူတို့လေးတွေ၏ စားဝတ် နေရေးကို ဘယ်သူက တာဝန်ယူလေ မလဲ။ စားရမဲ့၊ သောက်ရမဲ့ဘဝအခြေ မျိုး ရောက်သွားရင် သူတို့လေးတွေ ခံနိုင်ပဲ့မလား။ အဲဒီအခက်အခဲကို ဘယ် လို ဖြေရှင်းကြလေမလဲဟု တွေးကာ စိတ်သောကဖြစ်မိသည်။

ညနေ ကျောင်းဆင်းသည်နှင့် သူတို့လေးတွေနေထိုင်ရာ ဆင်းရဲသား ရပ်ကွက်ထဲသို့ ရောက်သွားသည်။ လမ်း ကျဉ်းလေးထဲ၌ ခနော်ခနဲ့ ကျောက်တုံး လေးများကို ခင်းထားသည်။ မြက်ပင်၊ ချုံပင်တချို့ လမ်းပေါ်ထိတိုင် ပေါက် ရောက်နေကြသည်။ တချို့နေရာတို့၌ ရွံ့ပွက်တို့ပင် ရှိနေသည်။ လမ်းထဲ၌ အများစုက ခနိမိုး၊ ခနိကာ ဝါးအိမ်များ ဖြစ်သည်။ တချို့အိမ်တို့၏ အမိုး၊ အကာ ခနိရွက်တို့က ဖရိုဖရဲ။ တချို့ဆိုလျှင် ပီနံ အိတ်အဟောင်းတို့ကို ဟိုတစ်ကွက်၊ ဒီတစ်ကွက် ကာရံထားကြသည်။

လမ်းထဲမှ လူတချို့၏ ကူညီ လမ်းပြမှုဖြင့် ကလေးများ၏ မိသားစုတို့ နေထိုင်ရာအိမ်ရှေ့သို့ ရောက်လာသည်။ အိမ်ဟု ဆိုသော်လည်း တဲအဆင့် လောက်သာရှိသည့် အိမ်ကျဉ်းလေးဖြစ် သည်။ အမိုး၊ အကာတို့က ပေါက်ပြဲနေ ကြသည်။ အိမ်က တံခါးမရှိ။ အိမ်ထဲ၌ လူရိပ်ကိုလည်း မတွေ့ရပေ။ ထို့ကြောင့် အိမ်နီးချင်းများထံ စုံစမ်းကြည့်ရသည်။

"ဒီမှာဗျာ၊ ဒီအိမ်က အိမ်ရှင်တွေ မရှိကြဘူးလား"

"မသိဘူး"

ထိုအိမ်နီးချင်းက စကားကို ခပ် တိုတို၊ ပြတ်ပြတ်ပြော၍ အိမ်ထဲသို့ ပြန် ဝင်သွားသည်။ မေးမြန်းသည့်အပေါ် နှစ်သက်ပုံမရပေ။ ထို့ကြောင့် ဆရာ ကိုမြတ်ထိုက် ထိုအနီးမှ ပြန်ထွက်လာခဲ့ သည်။ လမ်း၏ တစ်နေရာအရောက် တွင် လမ်းဘေးသို့ လွင့်စဉ်ကျနေသော ကျောက်တုံးလေးများကို ကောက်ယူ၍ လမ်းခင်းနေသော အဒေါ်ကြီးကိုတွေ့၍ သိလို သည့် အကြောင်းအရာတို့ကို စုံစမ်းကြည့်ပြန်သည်။

"အဒေါ်က ဒီလမ်းထဲကလား"

"အေး... ဟုတ်ပါတယ်ကွယ်"

"ကျွန်တော် တစ်ခုလောက် စုံစမ်းကြည့်ချင်လို့ပါ"

"ဘာသိချင်လို့လဲကွဲ့"

"ဒီလမ်းထဲက ကိုချစ်တီး၊ မပန်း အိမ်တို့ မိသားစုအကြောင်းလေး သိချင် လို့ပါ"

"ငါ့တူက သူတို့နဲ့ ဘယ်လိုပတ် သက်နေလို့လဲ"

"ကျွန်တော်က သူတို့သားသမီး တွေနေတဲ့ကျောင်းက ကျောင်းဆရာပါ"

www.burmeseclassic.com

www.burmeseclassic.com

"ကျောင်းဆရာကိုး၊ အင်းလေ တပည့်တွေ ကျောင်းမတက်နိုင်တော့ ဆရာတွေလည်း အလုပ်ရှုပ်ရတာပေါ့"

"သူတို့ မိသားစုအကြောင်း အဒေါ်သိရင် ပြောပြပေးပါလား"

"လာ. . . ဆရာလေး၊ အိမ်ပေါ် တက်ဦး အဒေါ် ပြောပြမယ်"

ထို့နောက် အိမ်ထဲသို့ဝင်ထိုင်ကာ အဒေါ်ကြီးပြောပြသည်တို့ကို နားထောင်ရသည်။

"ချစ်တီးတို့ မိသားစုက ဒီရပ်ကွက်သားတွေ မဟုတ်ကြဘူး၊ ပင်လယ်ဘက်ကနေ ပြောင်းလာကြတာ၊ သူတို့ ဒီရောက်တာ ငါးနှစ်လောက်ရှိရောပေါ့"

မပန်းအိမ်က လပွတ္တာမြို့အပိုင် လယ်နှင့်မှီးမစေး ရွာလေးတစ်ရွာက ဖြစ်သည်။

မပန်းအိမ်က မိဘများ သဘောမတူသည့်ကြားက အိမ်စာရင်းငှားချစ်တီးနှင့် အိမ်ထောင်ကျခဲ့ပြီး တစ်ဘိုးတစ်အိမ်ထူ၍ နေခဲ့ရသည်။ ကလေး (၂) ယောက် ရရှာသည်အထိ ဆင်းရဲကျပ်တည်းစွာ နေကြရသည်။ ချစ်တီးက အတတ်ပညာလည်း မရှိ၊ စာရင်းငှားအလုပ်၊ တံငါအလုပ်လောက်သာ လုပ်တတ်သည်။ မပန်းအိမ် အားကိုးရာမှားခဲ့သည်။

ထို့နောက် သူတို့ဒေသ မုန်တိုင်းတိုက်ခတ်ခဲ့ရပြီး၊ ရွာလုံးကျွတ် ပျက်စီးဆုံးရှုံးခဲ့ကြသည်။ ထိုထဲတွင် မပန်းအိမ်၏ မိဘညီအစ်ကိုမောင်နှမတို့ ဆုံးရှုံးကုန်ကြသည်။ ပစ္စည်းဥစ္စာတို့သည်လည်း ဘာမျှမကျန်အောင် ဆုံးရှုံးခဲ့သည်။

မိဘ ဆွေမျိုးတို့နှင့် ဥစ္စာပစ္စည်းတို့ ဆုံးရှုံးကုန်ပြီမို့ ထိုဒေသကို ကျောခိုင်းထွက်ခွာခဲ့ကြသည်။ ထိုသို့ဖြင့် မပန်းအိမ်တို့ မိသားစု ဝါးခယ်မမြို့၏ ဆင်းရဲသားရပ်ကွက်လေး တစ်ခုသို့ ရောက်လာခဲ့ကြသည်။

ချစ်စီးက ဝါးမယ်မမြို့ ဆိပ်ကမ်း၌ ကုန်တင်ကုန်ချအလုပ်ကို လုပ်သည်။ မပန်းအိမ်က အရပ်ထဲ၌ လှည်လည်၍ အဝတ်လျှော်၊ ရေခပ်အလုပ်ကို လုပ်သည်။ ချစ်တီးနှင့် မပန်းအိမ်တို့၌ သားသမီး (၄)ဦး ထွန်းကားလာသည်။ မိသားစုဦးရေ တိုးလာသည်နှင့်အမျှ မိသားစုစရိတ်က မလောက်မငြိစ်လာသည်။ ချစ်တီးကလည်း ကုန်တင်ကုန်ချ အလုပ်အပြင် ဆိုက်ကားနင်းသည့် အလုပ်ပါ လုပ်ရသည်။

ထို့နောက် ချစ်တီးတစ်ယောက် အပေါင်းအသင်းနှင့် ပတ်ဝန်းကျင်၏ ပြုပြင်မှုကြောင့် အရက်သောက်တတ်လာသည်။ ပင်လယ်သားတစ်ယောက် ယခုတော့ ပို၍စရိုက်ကြမ်းလာသည်။

မပန်းအိမ်က သားသမီးလေးတွေ၏ ရှေ့ရေးကိုတွေးကာ အလုပ်ကို မရှက်မကြောက် လုပ်ခဲ့ရသည်။ မိဘတို့နှင့် အတူနေခဲ့စဉ်က မပင်ပန်းခဲ့သော်လည်း ယခုက သားသမီးလေးတွေ၏ အရေးနှင့် ကြုံရသည့်အခါ အရာရာကို ရင်ဆိုင်ရဲသည့်သတ္တိတို့ ရလာခဲ့သည်။ မပန်းအိမ်က သားသမီးတွေကို သူ့လို ဘဝမျိုး မဖြစ်စေလို။ သားသမီးတွေကို ကိုယ့်ပညာနှင့်ကိုယ် လူတန်းစေ့နေနိုင်အောင် ပညာတတ်တွေဖြစ်စေလိုသည်။ ထို့ကြောင့် အပင်ပန်းအဆင်းရဲခံကာ သားသမီးတွေကို ကျောင်းထားပေးသည်။ သားသမီးတွေ ကျောင်းပျက်မှာကို စိုးရိမ်တတ်သည်။

လွန်ခဲ့သည့် တစ်နှစ်လောက်က ချစ်တီးတစ်ယောက် ဖောက်ထွင်းမှုဖြင့် ထောင် (၃) နှစ်ကျသွားသည်။

ထိုအခါ မပန်းအိမ် အိမ်ထောင့်တာဝန်၊ မိသားစုတာဝန်ကို ယူရတော့သည်။ သားသမီး (၄) ယောက်၏ တာဝန်ကို ပင်ပန်းကြီးစွာ ရွာဖွေကျွေးမွေးရသည်။ နံနက်ပိုင်း အရပ်ထဲ၌ အဝတ်လျှော်၊ ရေခပ်အလုပ်ကို လုပ်သည်။ နေ့လယ်ပိုင်းတွင် လမ်းကြိုလမ်းကြား တစ်လမ်းဝင်တစ်လှမ်းထွက် ရေသန့်ဘူးခွဲကောက်၍ ရောင်းရသည်။ တစ်နေကုန် ရွာဖွေ ရသမျှလေးနှင့် မိသားစုတွေ တင်းတိမ်ရောင့်ရဲကြရသည်။ တစ်ဖက်က ကျောင်းသား (၃) ယောက် ကျောင်းတက်နိုင်အောင်လည်း စီစဉ်ပေးရသေးသည်။

မပန်းအိမ်တစ်ယောက် မိန်းမသားဖြစ်သော်လည်း ကြုံလာသည့်ဘဝအခြေအနေကို ကြံ့ကြံ့ခိုင် ရင်ဆိုင်နိုင်ရန် စိတ်သတ္တိမွေးရသည်။ သားသမီးတို့၏အရေးကို ဆောင်ရွက်ရသလို ထောင်ကျနေသော လင်ယောကျ်ားအတွက် ထောင်ဝင်စာ တွေ့နိုင်အောင်လည်း ကြိုးစားရသည်။

တစ်ခါတစ်ရံ ပင်ပန်းမှု၊ စိတ်ဒုက္ခဖြစ်ရမှုတို့ကို သည်းခံရင်း ဆိုးလှသည့် ကံကြမ္မာကို စိတ်နာမိသည်။ သို့သော်လည်း သားသမီးတို့၏ အနာဂတ်အတွက် ရုန်းကန်ဖွဲ့ခွန်အားကို မွေးခဲ့ရသည်။ ပတ်ဝန်းကျင်၏ ထိုးနှက်မှု၊ မလိုလားမှုတို့ကလည်း မပန်းအိမ်အတွက် လောကဓံတစ်ခုပင်ဖြစ်သည်။

ထိုနေ့က မပန်းအိမ်၏ အငယ်ဆုံး သမီးလေး နေမကောင်းဖြစ်၍ အလုပ်ထွက်မလုပ်နိုင်ခဲ့။ တစ်နေ့ တစ်နေ့ ရွာဖွေစားသောက်နေရသည့် သူ့မိသားစုအတွက် အလုပ်မလုပ်နိုင်သည့် နေ့ဆို ထမင်းငတ်ရကိန်းရှိသည်။ အနီးအပါးတို့ကလည်း အားကိုး၍မရ။ လမ်းထဲက စေးဆိုင်တွင် အကူအညီတောင်း၍ အကြွေးယူကြည့်သော်လည်း မရခဲ့ပေ။ ထိုနေ့က ထမင်းတစ်နပ်ကို ခက်ခက်ခဲခဲဖြင့် စားခဲ့ရသည်။ သားအကြီးကောင် "သန်းခိုင်" ကျောင်းဆင်းလာပြီး ရပ်ကွက်ထဲ ရေသန့်ဘူးခွဲ လှည့်လည်ကောက်ပြီး ရောင်းချ၍ရသော ငွေစလေးဖြင့် တစ်နပ်စာထမင်းကို ညှပ်စားကြရသည်။

"မြေနှိပ်ရာလုံစိုက်" တတ်သည့် လူတို့၏သဘောအတိုင်း ဆင်းရဲနွမ်းပါးသည့် မပန်းအိမ်ကို 'မရှိခိုးနိုး' ထင်ကြသည်။

တစ်နေ့ မပန်းအိမ်က အလုပ်လုပ်နေကျအိမ်များတွင် အဝတ်လျှော်၊ ရေခပ်အလုပ်ကို လုပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်တစ်အိမ်၌ အလုပ်လုပ်စဉ် ပြဿနာ ဖြစ်ခဲ့ရသည်။ အိမ်ရှင်က လျှော်ဖွပ်ခိုင်းသည့် အင်္ကျီအိတ်ထဲတွင် လွယ်ထည်ပစ္စည်းပါသည်ဟု စွပ်စွဲ၍ မပန်းအိမ်ကို ခိုးမှုဖြင့် ခုခံစနုန်းသို့ တိုင်ကြားခဲ့သည်။ ထို့နောက် မပန်းအိမ် ခိုးမှုဖြင့် အချုပ်အနှောင် ခံထားရသည်။

မပန်းအိမ် အချုပ်အနှောင်ခံရသည်နှင့် သားသမီးလေးယောက် ဒုက္ခရောက်ကြရသည်။ အုပ်ထိန်းမည့်သူမရှိ၊ အားကိုးရမည့်သူမရှိပေ။

ထိုတွင် အကြီးကောင် သန်းခိုင်က မပန်းအိမ်နှင့်အတူ ရပ်ကွက်ထဲ ရေသန့်ဘူးခွဲ လိုက်ကောက်ဖူးသဖြင့် ယခုလို မိဘနှစ်ပါး မရှိချိန်တွင် သူက ရေသန့်ဘူးခွဲကောက်၍ ရောင်းသည်။ ရောင်းရသည့်ငွေစလေးနှင့် မောင်နှမ လေးယောက် မျှဝေ စားကြရသည်။ သန်းခိုင် ရှာဖွေသည့် ငွေစနှင့် မလုံလောက်သည့်အခါ အငယ်ကောင် မြတ်ခိုင်ပါ ရေသန့်ဘူးကောက် ထွက်ရသည်။ ထိုကလေးများ ဝါးခယ်မမြို့၏ လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြား တို့နှင့် အမှိုက်ပုံတကာတို့တွင် လှည့်လည်၍ သူတို့၏ဝမ်းရေးကို ဖြေရှင်းနေကြရရှာသည်။ တစ်ခါတစ်ရံ အိမ်ပြန်မရောက်ကြဘဲ ကြဲရာတို့တွင် အိပ်ကြသည်။ ပန်းခြံ၊ သင်္ဘောဆိပ်၊ ကင်းတဲစသည်တို့က သူတို့၏ တည်းခိုရာနေရာများ ဖြစ်လာခဲ့သည်။

ဆရာ ကိုမြတ်ထိုက် ထိုရပ်ကွက်တလေးမှအပြန် လမ်း၌ကြားသိခဲ့ရသော တပည့်တို့အကြောင်း စဉ်းစားရင်း သက်မြင်းရှည်တစ်ခုကို လေးတွဲ့စွာ ချလိုက်သည်။ စိတ်ထဲတွင် ခံစားမှုလိုလို၊ မကျေနပ်မှုလိုလို တစ်ခုက ကပ်ငြိပါလာသည်။

ကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ဆုံလျှင် ထိုအကြောင်းပြောပြ၍ ထိုင်ပင်ကြည့်သည်။ အရွယ်မရောက်ကြသေးသည့် သူတို့လေးတွေ၏ ဘဝလုံခြုံမှုအတွက် ဘယ်လိုစီစဉ်ပေးနိုင်မလဲဆိုသည်ကို စဉ်းစားရသည်။

သို့သော်လည်း သူတို့တွေကို တွေ့မှ စီစဉ်ပေးနိုင်မည်။ ထို့ကြောင့် သူတို့တွေကို တွေ့အောင် အရင်ရှာရမည်။

မြို့အနှံ့ရှာရသည်မှာ မလွယ်။ ရှိနိုင်မည့်နေရာတို့ကို ကျောင်းချိန်မတိုင်မီနှင့် ကျောင်းဆင်းချိန်များတွင် လိုက်လံရှာမိသည်။ လက်လှမ်းမီသလောက်လည်း သတင်းစုံစမ်းကြည့်သည်။ ဘာမျှ သတင်းမရခဲ့ပေ။

တစ်နေ့ ကျောင်းချိန် မတိုင်မီ ဘုရားကြီးရှေ့ လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်ရင်း နားစွင့်မိသည်။ ထိုတွင် ဘေးခုံးကပ်ငိုင်းမှ ပြောသံကို ကြားလိုက်ရသည်။

"ညက ဂျွန်တော်တို့ ဆယ်နာရီလောက် ကင်းလှည့်တော့ ရပ်ကွက်ထဲမှာ မသက်သာရာ လူနှစ်ဦးနဲ့ ကလေးတစ်ဦးကိုတွေ့လို့ ရပ်ကွက်ရုံးမှာ ခေါ်စစ်ဆေးတယ်၊ လူနှစ်ဦးက ဆိပ်ကမ်းအလုပ်သမားတွေ၊ အဲဒီအဖွဲ့ထဲက ကလေးက သုံးတန်းကျောင်းသားလို့ ပြောတယ်၊ ဒီကောင်တွေ တစ်ခုခု ကြံစည်ထားပုံရတယ်၊ ကလေးကို အသုံးချပြီး မကောင်းမှု ပြုလုပ်နိုင်တယ်"

ကိုမြတ်ထိုက်စိတ်ထဲ မပန်းအိမ်၏သား သန်းခိုင်ကို သတိရလိုက်သည်။ သန်းခိုင်က တတိယတန်းကျောင်းသား ဖြစ်သည်။ သန်းခိုင်များဖြစ်နေမလားဟု စိုးရိမ်မိလိုက်သေးသည်။

နောက်တစ်နေ့ည နေ ကျောင်းဆင်းချိန်၌ ပန်းခြံရှေ့ အုတ်ခုံပေါ်တွင် မောင်နှမလေးယောက် ကစားနေသည်ကိုတွေ့သဖြင့် သူတို့အနီးသို့ ကိုမြတ်ထိုက် ရောက်သွားသည်။

"မောင်သန်းခိုင်၊ ဆရာ မင်းတို့အိမ်ရောက်ခဲ့ပြီးပြီ၊ မင်းတို့ မိသားစုအကြောင်းလည်း ကြားခဲ့တယ်၊ ဆရာ မင်းတို့ကို ဘာကူညီရမလဲပြော၊ ဒီလိုလုပ်ကွာ၊ မနက်ဖြန် သားတို့မောင်နှမတွေအားလုံး ကျောင်းကိုလာခဲ့၊ ဆရာ စောင့်နေမယ်၊ ရော့. . . ဒါက သားတို့မောင်နှမတွေ ညနေစာ ထမင်းစားဖို့ ယူထားလိုက်"

မောင်သန်းခိုင်က ကိုမြတ်ထိုက် ကမ်းပေးသောငွေကို ရှိသေစွာယူရင်း မျက်ရည်တို့ ရစ်ဝိုင်းလာသည်။ ကိုမြတ်ထိုက်လည်း အတော်လေး စိတ်မကောင်းဖြစ်သွားသည်။ နောက်နေ့၌ မောင်နှမလေးယောက် ကျောင်းသို့ရောက်လာသည်။

"သားတို့အရွယ်က အလုပ်လုပ်ပြီး ငွေရှာရမယ့်အရွယ် မဟုတ်သေးဘူး၊ ပညာရှာရမယ့်၊ စာသင်ရမယ့်အရွယ်၊ မင်းတို့ မိဘတွေကလည်း မင်းတို့ကို ပညာတတ်စေချင်တာ ဆရာသိတယ်၊ မင်းတို့ကကော ကျောင်းမနေချင်ဘူးလား"

"သားတို့ ကျောင်းနေချင်ပါတယ်"

"ဒေါ်း၊ ဒါဆို နက်ဖြန်ကစပြီး ကျောင်းမှန်အောင်တက်မယ်၊ မင်းတို့အတွက် နံနက်စာထမင်းကို တို့ဆရာတွေ၊ ဆရာမတွေ တာဝန်ယူမယ်၊ မင်းတို့မောင်နှမတွေ ဒီညကစပြီး စုစုစည်းစည်းနဲ့ ကိုယ့်အိမ်ကိုယ်ပြန်အိပ်ရမယ်"

ထို့နေ့ နံနက်စာကို ဆရာ၊ ဆရာမများက စီစဉ်၍ကျွေးကြသည်။ သူတို့တွေ့ နှစ်ရက်၊ သုံးရက်လောက် ကျောင်းတက်မှန်ကြသည်။ လေးရက်ခန့်ကြာသော် သန်းခိုင် ကျောင်းမတက်ဘဲ ပျောက်နေပြန်သည်။ ကျန်သုံးယောက်သာ ကျောင်းရောက်လာသည်။ ထိုထဲမှ အငယ်ဆုံးကလေးက (၂) နှစ်အရွယ်သာရှိသေးသည်။

သန်းခိုင်အကြောင်း သူတို့ထံ စုံစမ်းသည့်အခါ သန်းခိုင် ဘယ်သွား၍ ဘာလုပ်သည်ကို ဘူတို့ မသိ။ ညက လူနှစ်ယောက်ရောက်လာပြီး ခေါ်သွားကြောင်းနှင့် နံနက်လင်းတော့ ပြန်ရောက်လာကြောင်း၊ သူတို့အတွက် မုန့်နှင့် ထမင်းစားဖို့ ပိုက်ဆံလည်း ပေးကြောင်း ပြောပြသည်။ ကိုမြတ်ထိုက် ရင်မောရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူက တပည့်တွေကို အေးချမ်းစွာ ပညာသင်ယူစေလိုသည်။ သူတို့လေးတွေအနာဂတ်အတွက် အကောင်းဆုံးတွေ ပေးလိုက်ချင်သည်။ အပူအပင်ကင်းသော ပညာသင်ယူနိုင်မှု ရှိမှသာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သော ပညာကို သင်ယူနိုင်ကြပေမည်။ သူတို့လေးတွေ၏ ဘဝက အားကိုးရာမဲ့နေကြရပြီး စိတ်သောကတွေနှင့် ကြုံနေကြရသည်။ သူတို့လေးတွေကို ထိုအခက်အခဲများမှ လွန်မြောက်စေလိုခဲ့သည်။

တစ်နေ့ ကျောင်းတက် ချိန်ရဲတပ်ကြပ်ကြီးတစ်ယောက် ကျောင်းသို့ ရောက်လာသည်။

"မောင်သန်းခိုင်ဆိုတဲ့ ကလေးက ဆရာတို့ကျောင်းကပါလားခင်ဗျာ"

"ဘာကိစ္စရှိလို့ပါလဲခင်ဗျာ"

"ညက အချိန်မတော် ရပ်ကွက်တစ်ခုမှာ မောင်သန်းခိုင်နဲ့ အမျိုးသမီးတစ်ယောက်ကိုတွေ့လို့ မသက်သာရာမို့ ကျွန်တော်တို့ စခန်းမှာ ခေါ်ယူစစ်ဆေးကြပါတယ်၊ သူတို့လက်ထဲမှာ တန်ဖိုးကြီး လက်ကိုင်ဖုန်း (၃) လုံးကို တွေ့ရတယ်၊ အမျိုးသမီးက သူ့ပစ္စည်းလို့ ပြောပါတယ်၊ ကျွန်တော်တို့ အဲဒီကိစ္စအတွက် ဆက်လက် စုံစမ်းနေပါတယ်၊ ဆရာ့အနေနဲ့ ဆရာ့ကျောင်းသားဆိုရင်လည်း အချိန်မီ မဖြစ်သင့်တာ မဖြစ်ရအောင် တားဆီးနိုင်အောင်လို့ပါ၊ ကျွန်တော် သိသလောက် သူ့မိဘတွေကလည်း အချုပ်အနှောင်ခံထားရတယ်လို့ သိရတယ်"

ထိုသတင်း ကြားရသည့်အခါ ကိုမြတ်ထိုက် ရင်ပူရသည်။ ကလေးဆိုသည်က ပတ်ဝန်းကျင်၏ အရောင်ဆိုးမှု အပေါ် အရောင်ပြောင်းတတ်သည်။ ဆရာတစ်ယောက်အနေဖြင့် တပည့်ကို ထိုအဖြစ်မျိုး အဖြစ်မခံနိုင်။ အချိန်မီ တားရမည်။ ထို့ကြောင့် သန်းခိုင်ကို ရှာပုံတော်ဖွင့်ရသည်။ နောက်ရက်များတွင် အခြားကလေးများပါ ကျောင်းသို့ ရောက်မလာကြတော့ပေ။

တစ်နေ့ ကိုမြတ်ထိုက် ကျောင်းသို့အလာ လမ်းခုလတ်၌ အမျိုးသမီးတစ်ယောက် နောက်မှ လိုက်လာပြီး ခေါ်သံကို ကြားလိုက်သည်။

"ဆရာက သန်းခိုင်တို့ကျောင်းကဆရာလား"

"ဟုတ်ပါတယ်. . . ဘာကိစ္စရှိလို့လဲ"

"သန်းခိုင်တို့ညီမ စံပယ် နေမကောင်းဖြစ်နေလို့ ကျွန်မတို့ စက်ဘီးပြင်ဆိုင်ထဲမှာ ခေါ်ထားတယ်၊ ဆရာတစ်ချက်လောက် လာကြည့်ပါဦး"

ကိုမြတ်ထိုက် ထိုအမျိုးသမီးခေါ်ဆောင်ရာ စက်ဘီးပြင်ဆိုင်လေးသို့ လိုက်သွားသည်။ ဆိုင်ဟုဆိုသော်လည်း ကျကျနနမဟုတ်။ ခနော်ခနဲ့ ဆိုင်လေးဖြစ်ပြီး မြေပြင်ပေါ်၌ သစ်သားကွပ်ပျစ်လေးသာ ရှိသည်။ သူတို့မောင်နှမများ ထိုဆိုင်လေး၌ ညလာအိပ်ကြသည်ဟု သိရသည်။

"ဒီကလေးတွေရဲ့ မိဘတွေက ဘယ်သူတွေမှန်း မသိ၊ ကလေးတွေ တစ်စုံတစ်ခုဖြစ်ရင်လည်း ကျွန်တော်တို့ တာဝန်မကင်းဖြစ်မှာ စိုးတယ်၊ အခုတောင် ဆရာ့ကို စံပယ် ပြောလို့ သိတာ"

စံပယ်က ကွပ်ပျစ်ပေါ်တွင် အပြင်းဖျားကာ လဲနေသည်။ အနီး၌ သူ့အောက်က အငယ်ဆုံး ကလေးမလေးကိုသာ တွေ့ရသည်။ အကြီးနှစ်ယောက်က ဘယ်ဆီရောက်နေသည်မသိ။ ထို့နောက် ကိုမြတ်ထိုက်က စံပယ်ကို ဆေးကုရန် ဆေးခန်းသို့ခေါ်သွားသည်။ ဆရာဝန်က ကလေး၏ရောဂါပြင်းထန်၍ ဆေးရုံတက်ခိုင်းသဖြင့် စံပယ်အား ဆေးရုံတင်လိုက်ရသည်။

ဆရာ၊ ဆရာမများ၏ အကူအညီဖြင့် စံပယ်အား ဆေးရုံ၌ ဆေးကုသပေးခဲ့သည်။ ဆေးရုံ၌ (၂) ရက်ခန့် ဆေးကုသခံလိုက်မှ သက်သာသွားသည်။ စံပယ်အား ဆေးရုံ၌ (၅) ရက်ခန့် ဆေးကုသလိုက်ရသည်။

ထိုအတောအတွင်း ကိုမြတ်ထိုက် သန်းခိုင်တို့ညီအစ်ကိုနှစ်ယောက်ကို စုံစမ်းရှာဖွေခဲ့သည်။

တစ်ည ဆေးရုံမှအပြန် (၁၀) နာရီခန့်လောက်တွင် ဖြစ်သည်။ လမ်းမကြီးအတိုင်း လျှောက်လာရာမှ အိမ်ပြန်လမ်းကို အနီးဆုံး ရွေးချယ်လိုက်သည်။ ရှေ့၌ ဖြတ်လမ်းတစ်ခုရှိသည်။ ထိုဖြတ်လမ်းအတိုင်း သွားပြီး တစ်ဖက်ရှိ 'မေတ္တာ'လမ်းမအတိုင်း ဆက်သွားလျှင် သူ၏အိမ်သို့ရောက်သည်။ ခရီးတစ်ဝက်နီးပါး လမ်းလျှောက်ရသက်သာသည်။ အချိန်ကလည်း ညဉ့်နက်လာသည်မို့ အနီးဆုံးလမ်းကို ရွေးလိုက်သည်။ သို့သော်လည်း ထိုလမ်း၌ လမ်းမီး မရှိ။ အနည်းငယ်မှောင်နေသည်။ လမ်း၏ လက်ယာဘက်ခြမ်း၌ ခြံကျယ်ကြီးသုံးခုရှိသည်။ ထိုခြံများတွင်းရှိ တိုက်များတွင် ပိုင်ရှင်များ အမြဲနေကြသည် မဟုတ်။ တစ်ခါတစ်ရံ ဘီလပ်မြေအိတ်များ၊ သံချောင်းများကို လာ၍ သိုလှောင်ထားသည်လည်းရှိသည်။ ထိုလမ်းက အိမ်ခြေလည်းကျဲသည်။ လမ်း၏ အလယ်လောက်ဆီ တစ်ဖက်တစ်ချက်၌ အရိပ်ကောင်းသည့် အပင်ကြီးများလည်းရှိသည်။ ထို့ကြောင့် လမ်းက ပို၍မှောင်သလိုရှိသည်။

ကိုမြတ်ထိုက်၌ လက်နှိပ်မီးက မပါသဖြင့် ထိုလမ်းကိုဖြတ်၍ သင့်တော်ပါ့မလားဟုလည်း စဉ်းစားမိသည်။ လူအများက ညအချိန်မတော်ဆိုလျှင် ထိုလမ်းကို ရှောင်ကြသည်။ လမ်း၏ ဟိုဘက်ထိပ်၌ အရက်ဆိုင်ရှိသဖြင့် အရက်သောက်သူတွေတော့ ထိုလမ်းကဖြတ်ကြသည်။ ကိုမြတ်ထိုက် ထိုဖြတ်လမ်းနှင့် မလှမ်းမကမ်းသို့ ရောက်လာချိန်၌ ခပ်လှမ်းလှမ်း မျက်နှာချင်းဆိုင်ဘက်မှ ဆိုက်ကားတစ်စီး နင်းလာသည်ကို တွေ့သည်။ ထိုအနီးဝန်းကျင်တွင် လူသွားလူလာ မတွေ့ရ။ ရှေ့မှနင်းလာသည့် ဆိုက်ကားက ထိုဖြတ်လမ်းထဲသို့ ချိုးဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အဖော်ရလေမလားဟု ဆိုက်ကားကို လှမ်းကြည့်လိုက်လျှင် ဆိုက်ကားပေါ်၌ ကလေးတစ်ယောက်ပါတွေ့လိုက်သည်။

ဆိုက်ကားနှင့် အနည်းငယ်လှမ်းသဖြင့် လူလုံးကို သဲသဲကွဲကွဲ မမြင်လိုက်ရ။ ဆိုက်ကားပေါ်က ကလေးကို သန်းခိုင်နှင့် လူလုံးချင်းတူသည်ဟု စိတ်ကထင်လိုက်သည်။ ထို့ကြောင့် ခြေလှမ်းကိုသွက်၍ ဆိုက်ကားနောက်ကို လိုက်သည်။ ဆိုက်ကားက ထိုဖြတ်လမ်းအတိုင်း နင်းသွားပြီး သစ်ပင်ကြီးများအနီး အမှောင်ရိပ်ထဲသို့ ဝင်သွားပြီး ပျောက်သွားသည်။ ကိုမြတ်ထိုက်လည်း နောက်မှလိုက်လာရင်း သစ်ပင်ကြီးများအနီးရောက်လျှင် အမှောင်ထဲ အာရုံစိုက်၍ ဆိုက်ကားနှင့် လူတွေကို ရှာကြည့်သည်။

လမ်းထဲ၌ ကိတ်ဆိတ်နေသည်။ ရှေ့ကိုက် (၅၀) လောက်ရှိ အိမ်တစ်လုံး၏ အိမ်ရှေ့မီးမှိန်မှိန် အလင်းရောင်လေးကို အားပြု၍ ကြည့်မိသည်တွင် သစ်ပင်ကြီးအောက် အမှောင်ရိပ်တွင် ရပ်ထားသော ဆိုက်ကားကို တွေ့လိုက်ရသည်။ လူတွေကို မတွေ့၍ ဟိုဟိုဒီဒီရှာကြည့်သည်။ ခဏကြာသည်အထိ ရပ်၍ ရှာကြည့်နေမိသည်တွင် လမ်း၏ လက်ယာဘက် ခြံကျယ်ကြီးအတွင်းမှ လူရိပ်နှစ်ခုပစ္စည်းတစ်ခုကို သယ်ထုတ်လာသည်ကို တွေ့သည်။

ကိုမြတ်ထိုက် ထိုလူရိပ်နှစ်ခုအနီးသို့ တိုးသွားသည်တွင် တပည့်ဖြစ်သူ သန်းခိုင်ကို တွေ့လိုက်ချိန်၌ သစ်ပင်ကြီး၏အနောက် မှောင်ရိပ်ခိုထားသော လူရိပ်တစ်ခုထွက်လာပြီး ကိုမြတ်ထိုက်ကို တုတ်တစ်ခုဖြင့် ရိုက်ချလိုက်သည်။ ကိုမြတ်ထိုက် ခေါင်းထဲမူးဝေသွားသည်။ ဦးခေါင်းထက်မှ စေးပျစ်ပျစ်အရည်များစီးကျလာသည်။ ခေါင်းကွဲသွားပြီဟု သိလိုက်သည်။ ထို့နောက် သူတို့တွေ ဆိုက်ကားဖြင့် နင်းပြေးသွားသံကို ကြားရသည်။

ကိုမြတ်ထိုက် ခေါင်းကဒဏ်ရာကို လက်ဖြင့်ဖိကာ လမ်းထလျှောက်နိုင်ရန် ကြိုးစားကြည့်သည်။ လူက ဒယီးဒယိုင်ဖြစ်နေသည်။ ထိုတွင် လက်နှိပ်ဓာတ်မီးများဖြင့် ကင်းလှည့်လာသော ကင်းသမားတစ်စု အပြေးအလွှားရောက်လာပြီး သူ့အား ဆေးရုံသို့ပို့ပေးကြသည်။ ထိုညက ကိုမြတ်ထိုက် ဆေးရုံ၌ အရေးပေါ်လူနာအဖြစ် ဆေးကုသခံရသည်။ နောက်နေ့နံနက်၌ ကိုမြတ်ထိုက်ရှိရာ ဆေးရုံသို့ ယခင်တစ်ခါဆုံခဲ့သည့် ရဲတပ်ကြပ်ကြီး ရောက်လာသည်။ ရဲတပ်ကြပ်ကြီးနှင့် အတူ ရဲသားနှစ်ဦးလည်း ပါလာသည်။

"ညက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်နဲ့ပတ်သက်ပြီး တရားလိုဖြစ်တဲ့ ဆရာ့ရဲ့ တွေ့ကြုံခဲ့တဲ့ အဖြစ်အပျက်ကို မြင်တွေ့ခဲ့ရတဲ့အတိုင်း ပြောပြစေချင်ပါတယ်"

ကိုမြတ်ထိုက် စဉ်းစားတွေဝေသွားသည်။ ညက ဖြစ်ပျက်ခဲ့သည်တို့မှာ တရားဥပဒေအရ ခွင့်မလွှတ်သည်မှာ မှန်သော်လည်း ကျူးလွန်ခဲ့ကြသူတို့ထဲတွင် တပည့်ဖြစ်သူ သန်းခိုင်ကပါဝင်နေသည်။ ယခင်က သန်းခိုင်မှာ ထိုအကျင့်စရိုက်မျိုး မရှိခဲ့ပေ။ မိသားစု၏ကြမ္မာလှိုင်းတို့ဆီတွင် ဓားစာခံဖြစ်ခဲ့ရရှာသည်။

မိဘနှစ်ပါးစလုံး ဆင်းရဲခြင်းလှိုင်းတံပိုးတို့အောက် နစ်မြုပ်သွားခဲ့ချိန်၌ လူမမယ်အရွယ်ဖြစ်သော်လည်း "အစ်ကိုကြီး အဖရာ" ဆိုသလို ညီ၊ ညီမတွေအတွက် ဘဝတို့ကပွဲကို ဆင်နွှဲခဲ့သည်။ သို့သော်လည်း 'တံငါနားနီးတံငါ' ဆိုသလို နီးစပ်ရာပတ်ဝန်းကျင်နှင့် ကြုံခဲ့ရသည်။

သန်းခိုင် မိသားစုအပေါ် တာဝန်ကျေသည်။ မိဘနှစ်ပါး၏တာဝန် ရဲရဲဝံ့ဝံ့ ယူခဲ့သည်။ သူတို့တွေ၏ ဆိုးဝါးလှသည့် ဘဝကြမ္မာကြောင့်သာ ယခုလို ဘဝ၌ ကျင်လည်နေရခြင်းဖြစ်ပေမည်။ သန်းခိုင်ကို ခုတုံးလုပ်၍ ဒုစရိုက်မှုပြုခဲ့ကြသော ဒုစရိုက်သမားတို့ကို ခွင့်မလွှတ်လိုသော်လည်း တပည့်ဖြစ်သူကို အပြစ်တစ်စုံတစ်ရာ မကျရောက်စေလိုပေ။

ပြီးတော့ သူတို့လေးတွေ၏ အနာဂတ်ကို လှမ်းမျှော်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

ထိုဆုံးဖြတ်ချက်က မှန်ချင်မှမှန်ပေမည်။ တပည့်အပေါ် ထားသည့် ချစ်ခြင်းမေတ္တာကြောင့် ထိုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပေသည်။

"ညက အဖြစ်အပျက်က ခရီးသွားတန်လွဲ ကြုံခဲ့ရတာပါ၊ ကျွန်တော် ဘာမှမသိပါဘူး"

"အင်းပေါ့လေ၊ ဆရာက ဘာမှမသိတူးဆိုတော့ ပြောပြရမှာပေါ့၊ ညက သန်းခိုင်နဲ့ လူနှစ်ယောက်ကို သူတို့ဖောက်ထွင်း ယူလာတဲ့ ပစ္စည်းတွေနဲ့ အတူ ဖမ်းမိထားပါတယ်"

ကိုမြတ်ထိုက် ခေါင်းငိုက်စိုက်ကျသွားသည်။ အရက်တက်ချိန်မှာ ကြွေကျခဲ့ရသည့် ကြယ်တစ်ပွင့်အတွက် နှမြောတသ ဖြစ်မိသည်။ ဆိုးလိုက်သည့်ကံကြမ္မာ၊ ဘယ်ဘဝက အထုံရောစက်တွေမှန်းမသိပေ။ ထိုနေ့က တိုက်တိုက်ဆိုင်ဆိုင်ပင် မပန်းအိမ်တစ်ယောက် အချုပ်က လွတ်လာသည်။ ကလေး (၃) ယောက်ကို လက်ဆွဲပြီး ကိုမြတ်ထိုက်ထံ ရောက်လာသည်။

"ကျွန်မရဲ့ မွေးရပ်ကိုပြန်ဖို့ ဆုံးဖြတ်ထားပါတယ် ဆရာ၊ ဆရာ့ကိုလည်း ကျေးဇူးတင်ပါတယ်"

မပန်းအိ တစ်ယောက် အငို မျက်နှာနှင့် နှုတ်ဆက်ကာ ကလေးများလက်ဆွဲ၍ ပြန်သွားသည်။ မိသားစုမစုံမလင်နှင့် ပြန်ရမည့် သူမ၏ ပြည်တော်ပြန် ခရီးကို စာနာစိတ်ဖြင့် ကြေကွဲမိပေတော့သည်။

တင်မောင်မောင် (ပေါက်ကုန်း)

❑

www.burmeseclassic.com

www.burmeseclassic.com

မကွေးဒေသရောက်

တခါက...ကြုံတွေ့ခဲ့တဲ့

လူတို့နှင့် တမလွန်ဘဝများ ခြားနားနေထိုင်ကြတဲ့ နာနာဘာဝ၊ ဝိနာဘာဝလို့ ခေါ်ဆိုကြတဲ့ အစိမ်းသရဲ၊ ဖုတ်၊ ပြိတ္တာဘဝများဖြင့် အသက်ရှင်စဉ်ကာလက ဘုရားတရားတော်နှင့် ဝေးကွာစွာ နေထိုင်လာခဲ့ကြပြီး ငါသား၊ ငါ့မယား၊ ငါ့ဥစ္စာ စွဲလမ်းမှုတွေနှင့်အတူ အစွဲအလမ်းကြီးခြင်း၊ အယူအဆလွဲမှား၍ စွဲလမ်းမှု အာရုံတွေက မဖျောက်ဖျက်နိုင်ကြဘဲနှင့် ကောင်းသောတရားများ စိတ်မှာ မထားရှိနိုင်တော့ပါဘဲနှင့် အကုသိုလ်စိတ်တွေ ဖိစီးကာ သို့မဟုတ် ဒါနတွေ နည်းပါးကာ ကိုယ်ကျင့်တရားများနည်းပါး၍ ကောင်းသောသုဂတိဘုံဌာနနှင့် ဝေးကွာ၍ အာစိဏ္ဏကံများနှင့် မိမိကိုယ်တိုင် သေခါနီးမှာ အယူတိမ်းပြီးတော့ မကောင်းသော ဘုံဘဝတို့ကို အကျိုးပေးတဲ့ကံများ ခံစား၍ သေဆုံးသွားခဲ့တာကြောင့် မကောင်းသောဘဝများ ရောက်ရှိကာ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ ဘဝများနှင့် မကျွတ်မလွတ်ကြသေးဘဲ လောကငရဲ ခံစားနေကြရသည်။

လူတို့ဘုံမှာ ရှိနေကြသော်လည်း မတွေ့အပ်၊ မမြင်အပ်တဲ့အရာဖြစ်ကြ၍ တွေ့ကြုံဖူးသူတို့သာ ရှိတယ်ဆိုတာ တွေးရဲကြည့်ကြ၍ မတွေ့မကြုံဘူးသူတို့ကတော့ ဇဝေဇဝါဖြစ်နေကြပေမည်။ လူတို့ မမြင်မတွေ့အပ်ပေမယ့် တစ်ခါတစ်ရံ လူတို့ကို ပူးကပ်၍ပင် သူတို့ကျွတ်လွတ်သွားနိုင်ဖို့ သာဓုခေါ်ဆိုနိုင်ရန် အလှူအတန်းလေးများ လှူပေးဖို့ရာတို့ကို ပူးကပ်ပြောတတ်ကြသည်။

စာရေးသူ ၁၉၆၂-ခု၊ တပေါင်းလဆီက တွေ့ကြုံဖူးခဲ့တဲ့ ဖုတ်၊ ပြိတ္တာ ဝင်ပူးကပ်စားသောက်နေတာ တစ်ခုကို တွေ့ကြုံခဲ့ရဖူးသည်။

လူမမာနာတာရှည် အသက်ကြီးတဲ့ အဘိုးအို အိပ်ရာထဲလဲနေတာကို

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဖုတ်ပြီတွက်ကာ ပူးကပ်ပြီးတော့ စားချင်တာတွေကို လူမမာစားချင်သလို ဟန်ဆောင်ပြီး အခွင့်ကောင်းယူကာ စားသောက်နေတာ ဖြစ်သည်။ လူ့ကိုယ်ဖုတ်ဝင်တယ်ဆိုတာ တွေ့ကြုံဖူးမှသာ ယုံကြော် ဒါမျိုးတွေလည်း ရှိတာကိုးလို့ သတိပြုမိမှာ သိမှာဖြစ်သည်။

ထိုလူမမာ ခံစားနေရတာတွေ ကြည့်ပြီးတော့ အားလုံးက သနားနေမိသည်။ တွေ့ကြုံဖူးခဲ့တာတွေကတော့ စာရေးသူ အိမ်နီးချင်းတို့ မိသားစု လေးယောက်နေထိုင်ကြတဲ့ ၂၉-လမ်း၊ အောက်လမ်း၊ ရန်ကုန်၊ တိုက်အမှတ် (-) နေထိုင်ကြတဲ့ ဒေါ်သိန်း၊ ယောကျ်ားဖြစ်သူ ဦး (----------) သားရယ်၊ သမီးရယ် မိသားစု လေးယောက် နေထိုင်ကြတယ်။

တစ်နေ့မှာတော့ ဒေါ်သိန်းတို့ ဇာတိရွာဖြစ်တဲ့ ဒေးဒရဲမြို့နယ်ထဲက လူကြုံဖြင့် စာတစ်စောင် ရောက်လာတယ်။ အကြောင်းကတော့ ဒေါ်သိန်း ညီမအရင်းဖြစ်သူ ဒေါ်ငြိမ်းဆီက ပို့ပေးလိုက်တာ။ ယောကျ်ားဖြစ်သူသည် အသည်းအသန် ဖြစ်နေတာကြောင့် အစ်မ အမြန်လာခဲ့ရန် ပို့လိုက်သော စာကြောင့် ဒေါ်သိန်းမိသားစု လေးယောက်တို့သည် လမ်းမတော်ဆိပ်ကမ်းကနေ၍ သင်္ဘောစီးပြီး လာခဲ့ကြသည်။

ဆုတန်းရွာကို ရောက်တယ်ဆိုရင်ပဲ ညီမယောကျ်ားဖြစ်သူသည် အိပ်ရာထဲလဲနေတာ တွေ့လိုက်ရပြီး နေထိုင်မကောင်းဖြစ်နေတာ တစ်နှစ်ကျော်ကြာနေပြီး အသက်ကလည်း (၆၀) ကျော်ဆိုတော့ လူမမာက နာတာရှည်ဖြစ်နေတာကြောင့် ပို၍ချုံးပြီး တစ်ကိုယ်လုံး အရိုးနဲ့အရေပဲ မြင်ရတယ်။

လူမမာဖြစ်တဲ့ ကိုထွန်းမောင်ကတော့ အစာမဝင်တာ၊ နည်းနည်းလေးပဲ စားတာကြာလာခဲ့ပြီးတော့ လွန်ခဲ့တဲ့ဆယ့်ငါးရက်လောက်မှ အစာစားတဲ့အခါ များများစားလာသလို ကောင်းတဲ့အညီအဟောက်တွေ ချက်ကျွေးဖို့ ပို၍ပြောလာတာကြောင့် ဒေါ်ငြိမ်းက အတတ်နိုင်ဆုံး နေမကောင်းနေတဲ့သူကို ပြုစုစောင့်ရှောက်ထားသည်။

ညီမဖြစ်သူ ဒေါ်ငြိမ်းက သူ့ယောကျ်ား စားသောက်နေထိုင်တာတွေကို အစ်မဖြစ်သူ ဒေါ်သိန်းကို ပြောပြတာကြောင့် အကြောင်းစုံ အတော်လေးသိနေပြီမို့ တစ်နေ့တော့ ဒေါ်ငြိမ်းစွေးသွားမယ်ဆိုတာကို ယောကျ်ားဖြစ်သူက သူစားချင်တာ ချက်ကျွေးပါလို့ ပူဆာတော့သည်။

သူစားချင်တဲ့ဟင်းက ငါးရံ့ကို အကောင်ကြီးကြီး ဝယ်ခဲ့ပြီးတော့ အကြေးမထိုးဘဲ ချက်ကျွေးစမ်းပါတဲ့။ ယောကျ်ားက ချက်ကျွေးစေချင်တဲ့ ငါးရံ့အကြေးတွေ မထိုးဖြစ်ဘဲ ချက်ကျွေးပါဆိုတော့ ကြားကြားချင်း အံ့သြသွားမိသည်။ နောက်တော့ လူမမာက ဆန္ဒရှိတဲ့ ဟင်းလျာပဲလေ။ သူလည်း အသက်(၆၀)ကျော်မှပဲ။ စားချင်တာ စားပါစေဆိုပြီးတော့ ဒေါ်ငြိမ်းက ချက်ကျွေးလိုက်တော့ အားပါးတရ စားတာကြောင့် ဒေါ်ငြိမ်း သူ့ယောကျ်ား အစားများများစားလာပြီ ဆိုပြီးတော့ ဝမ်းသာနေမိသည်။

ည့ေသည်ဖြစ်တဲ့ အစ်မ ဒေါ်သိန်း၊ ယောကျ်ားဖြစ်သူ ကိုမြ၊ သမီး၊ သား အားလုံးစားကြဖို့ ကြက်သားတစ်ကောင်ချက်လို့ ညစာ၊ မနက်စာ ငါးသလောက်ကိုကြော်လို့ ဒေါ်ငြိမ်းက ချက်ကျွေးထားသည်။

နောက်နေ့ စွေးမသွားရအောင် အမဲသားဝယ်ပြီးတော့ နှပ်ပြီးထားသည်။ နက်ဖြန် နံနက်စာ၊ ညစာ ဆိုပါတော့။

တောရွာတို့ရဲ့ဓလေ့ဖြင့် ည ၈ နာရီကျော်ကျော်လောက်ဆို အားလုံး မီးမှိတ်ပြီးတော့ အားလုံးအိပ်ကြသည်။ ဆုတန်းရွာသည် ချောင်းစပ်တွင် အတန်းလိုက် အိမ်ခြေက ပို့များသည်။ လျှပ်စစ်မီးမရှိ၊ လမရှိတဲ့ညတွေဆို မှောင်မဲနေသည်။ တစ်ရွာလုံး' ကိုယ့်အိမ်ကို မှန်အိမ် မီးခွက်၊ ရေနံဆီမီးခွက်တို့နှင့် တစ်ရွာလုံးက နေထိုင်ကြသည်။ ကိုယ့်ခြံနှင့် ကိုယ် ခြံကြီးတွေ ကျယ်ဝန်းလှသည်။

ဒေါ်ငြိမ်းတို့ အားလုံးပင် အိပ်မောကျနေကြတော့သည်။ အစ်မဖြစ်သူ ဒေါ်သိန်း အပေါ်သွားချင်တာကြောင့် ညီမဖြစ်သူကို လှုပ်နှိုးကာ လက်နှိပ်မီး တစ်ယောက် တစ်လက်နှင့် အိပ်ရာက ထလာခဲ့ကြပြီး မီးဖိုချောင်က ကျောက်ဆိုတဲ့အသံ ကြားလိုက်တာကြောင့် ဒေါ်ငြိမ်း လက်နှိပ်မီးနှင့် ထိုးကြည့်လိုက်ရာ -

"ဟယ်. . ."

ဒေါ်ငြိမ်း မြင်တွေ့လိုက်ရတဲ့ အရာကတော့ သူ့ယောကျ်ား ကိုထွန်းမောင်ဟာ ခြေနှစ်ဖက်စလုံး ကားကားကြီး ထိုင်ပြီးတော့ အမဲနှပ်အိုးကို ရှေ့ချပြီးတော့ ပလုတ်ပလောင်း မျက်လုံးကြီးပြူးပြီး စားနေတာ တွေ့လိုက်ရတော့ မိန်းမဖြစ်သူ ဒေါ်ငြိမ်းဟာ လန့်ထွားသလို အံ့သြသွားမိသည်။ အချိန်က ည ၂ နာရီခွဲလောက် ဆိုပါတော့။ အပြင်တွင် မှောင်မည်းလို့ တိတ်ဆိတ်နေသည်။

"ဟယ်. . . ဘယ်လိုဖြစ်တာလဲ ကိုထွန်းမောင်၊ တော့်ကိုလည်း ကျွေးထားတယ်မဟုတ်လား၊ ဘာပြလို့ မနက်ဖြန် စားကြဖို့ဟင်းတွေ ထစားရတာလဲ၊ အဲဒါ အမဲသား ငါးဆယ်သားချက်ထားတာ၊ ကိုထွန်းမောင် ဒီလို ဘာလို့စားတာလဲ"

"ဟီးဟီး. . . ငါဆာလို့ပါတာ"

ပြောပြောဆိုဆို ကိုထွန်းမောင်ဟာ နေရာတွင်စားရင်းနဲ့ တုံးလုံးလှဲအိပ်ချလိုက်တော့သည်။

"လက်မှာ ဟင်းပေလို့ မထနိုင်၊ မလျှောက်နိုင်နဲ့၊ ခုတော့ တော်က ဟင်းထစားတယ်"

မငြိမ်းက ယောကျ်ားကို တဖျစ်တောက်တောက် ပြောဆိုရင်း ပေနေတဲ့လက်ကို ရေဆေးပေးပြီး အားလုံးက ကိုထွန်းမောင်ကို ဝိုင်းမကြပြီး သူ့အိပ်ရာကို ပြန်ရွှေ့သိပ်ထားလိုက်ကြသည်။

www.burmeseclassic.com

အစ်မဖြစ်သူ ဒေါ်သိန်းက ညီမဖြစ်သူ ဒေါ်ငြိမ်းကို တိုးတိုးတိတ်တိတ် တိုင်ဝင်ရတော့၏။

"ညီမလေး မိငြိမ့်၊ ငါ စာနာစိတ် မရှိလို့ ပြောတာမဟုတ်ပါဘူးအေ့၊ နင့်ရဲ့ ယောကျ်ား ကိုထွန်းမောင်ဟာ မူမမှန်တော့ဘူးအေ့၊ ဘာကျွေးကျွေး လူတွေ့ရှေ့ကျတော့ သိပ်မစားဘူး၊ ကွယ်ရာကျတော့ ညဉ့်နက်သန်းခေါင်တောင် ထစားတယ်။

အဲဒါတွေကြောင့် ငါ မုသက်ာတော့ဘူး၊ နင့်ယောကျ်ားကို ပယောဂဆရာနဲ့ ပြကြည့်ပါဦးလား၊ အကျိုးအကြောင်း သိရတာပေါ့၊ မူမမှန်ရင်လည်း ကျန်းမာအောင် ကုကြမယ်နော်"

"အစ်မရယ် . . . ကျွန်မလည်း သောကတွေနဲ့ နှပန်းလုံးနေရတာ ကြာပြီ၊ လယ်တွေလည်း သူရင်းငှားနဲ့ လုပ်ကိုင်နေရတာ တစ်နှစ်ကျော်ခဲ့ပြီ၊ အစ်မရှိတုန်း အစ်မ ပြောသလို ပယောဂဆရာနဲ့ ပြကြည့်မယ်၊ ဟိုဘက်ရွာမှာ ပယောဂဆရာ ရှိတယ် အစ်မရဲ့"

"အေး၊ တို့ တစ်ခုခု ပိုသေချာသွားအောင် တို့နည်းတို့ဟန်နဲ့ စမ်းသပ်ကြည့်ကြရအောင်၊ ကြက်သား၊ ဘဲသားတွေကို ချက်ပြုတ်ထားပြီးတော့ တို့ချောင်းကြည့်ကြရအောင်၊ သူမူမမှန်ရင်တော့ ဇာတိရုပ်တွေ၊ သူ့အကျင့်တွေ ပြမှာပဲ၊ သေချာတယ်"

နောက်တစ်နေ့ မနက်မှာတော့ ဒေါ်ငြိမ်း ကြက်သား၊ ဘဲသား၊ အမဲသားများကို ဝယ်၍ အိမ်မှာ ချက်ထားတော့သည်။ ဟင်းနှံကလည်း ဟင်းကောင်းတွေဆိုတော့ အနံ့က တစ်အိမ်လုံး မွှေးကြိုင်တော့ စားချင်စဖွယ်ကို ဖြစ်နေတော့သည်။

တစ်အိမ်သားလုံး တိုင်ပင်ထားကြတာကြောင့် ညရောက်တဲ့အခါမှာတော့ တစ်အိမ်သားလုံးက အိပ်ရာဝင်ခဲ့ကြပြီး တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြဘဲ တိတ်တိတ်ကလေး စောင်ကို ခေါင်းကလုံအောင်ခြုံထားပြီးတော့ လူမမာရဲ့ ခြေသံကို နားထောင်နေကြသည်။ ချောင်းနေကြတာဖြစ်၏။

ည ၁၂ နာရီထိုးလည်း ဘာမှ မထူးခြား၊ ၁ နာရီလည်း မထူးခြားသေး။ ည ၂ နာရီထိုးတဲ့ အချိန်လောက်မှာတော့ လူမမာ ကိုထွန်းမောင်ရဲ့ ခြင်ထောင်ထဲက ဟိုဘက်လှည့်သံ၊ ဒီဘက်လှည့်သံ၊ လူပ်လူပ်ရွရွဖြစ်လာတဲ့ အသံတွေကြားရပြီးတော့ လူမမာ ကိုထွန်းမောင်သည် မီးဖိုချောင် အခန်းဆီကို သွားနေတာကို တစ်အိမ်သားလုံး မအိပ်ကြဘဲ ချောင်းကြည့်နေကြတာကြောင့် အားလုံး အိမ်သားများ တွေ့ကြရသည်။ အမှောင်ထဲ ခြေကို ဖွဖွနင်းသွားနေတာမြင်တွေ့နေကြရသည်။

လူမမာ ကိုထွန်းမောင်ကတော့ မီးဖိုချောင်မှာ ချက်ထားတဲ့ ကြက်သား အိုး၊ အမဲသားအိုးများကို ရှေ့ချကာ ခြေကားရား ခွထိုင်ချလိုက်ပြီးတော့ ဘယ်တစ်ဆုပ်၊ ညာတစ်ဆုပ် ပလုတ်ပလောင်း စားသောက်နေတာကို အတန်ကြာအောင် ချောင်းကြည့်နေကြတဲ့ တစ်အိမ်သားလုံးက အိပ်ရာက ချောင်းကြည့်နေကြရာက အားလုံးထလိုက်ကြပြီးတော့ ဒေါ်ငြိမ်းနှင့် ဒေါ်သိန်းတို့က မီးဖိုချောင် နှစ်ခန်းသာသာ သွားပြီးတော့ လက်နှိပ်မီးနှစ်လက်နှင့် ထိုးကြည့်လိုက်ကြရာ -

လူမမာ ကိုထွန်းမောင် ကြက်သားအိုး စားလိုက်၊ အမဲသားအိုး စားလိုက်နှင့် ပါးများဖောင်းကားနေအောင် ပလုတ်ပလောင်း မျက်လုံးကြီးကပြူးပြီး စားနေတာကို တွေ့လိုက်ကြပြီးတော့ မငြိမ်းက -

"ကိုထွန်းမောင်၊ တော်ဦးစားပြန်ပြီလား၊ ကျွေးတော့ နည်းနည်းပဲစားတယ်၊ ခုခိုးစားတော့ ကြက်သား အိုးရော၊ အမဲသားအိုးရော ကုန်တော့မယ်၊ ကျုပ်တို့သာ မကြည့်ရင်တော့ တော်အကုန်စားပစ်မှာ"

လူမမာ ကိုထွန်းမောင်ဟာ မျက်လုံးပြူးကြီးနှင့် ပြူးပြူးကြီးကြည့်ကာ လက်ထဲဆုပ်ထားတဲ့ အမဲသားတုံးများ အိုးထဲထည့်လိုက်ပြီးတော့ -

"ဟီး ဟီး . . . ငါက ဆာလွန်းလို့ စားတာပါဟာ"

ပြောပြောဆိုဆို အိုးတွေကို ခွထိုင် စားသောက်နေတဲ့နေရာမှာပဲ အော်တစောင်းလှဲ အိပ်ချလိုက်တော့သည်။

ဒေါ်ငြိမ်းက -

"ကိုထွန်းမောင်၊ တော် ဘာလို့ အိပ်ချလိုက်တာလဲ၊ ခုထ ကိုယ့်နေရာကိုယ်တိုင်သွားအိပ်တော့၊ မူရာမာယာတွေ တော်မလုပ်နဲ့၊ ကျုပ် မကြိုက်ဘူး၊ ကြမ်းပြင်တစ်ခုလုံးလည်း ဟင်းစက်တွေ ပေကျံပွနေတော့တာပဲ"

ဒေါ်ငြိမ်းတို့ ညီအစ်မနှစ်ယောက် လူမမာ ကိုထွန်းမောင်ကို ပေကျံနေတဲ့ လက်တွေ့၊ မျက်နှာတွေကို ရေနဲ့ဆေးပေးပြီးတော့ လူမမာကိုတွဲကာ သူ့အိပ်ရာ ပြန်သိပ်ထားလိုက်ကြသည်။

ဒေါ်ငြိမ်းကတော့ တိုးတိုးတိတ်ငိုနေရင်း -

"ဟုတ်နေပါပြီ၊ ဟုတ်ကို ဟုတ်နေပါပြီ"

တရှိုက်ရှိုက်ငိုရင်း ယူကျုံးမရ ငိုနေပြောဆိုနေတာကြောင့် အစ်မဖြစ်သူ ဒေါ်သိန်း တိုးတိုးတိတ် နှစ်သိမ့်နေရပြန်၏။ ညီမအရင်း ဖြစ်ကြသည်။

နောက် လူမမာ ကိုထွန်းမောင်ကို အကဲခတ် နားထောင်ချောင်းနေကြပြန်သည်။ လူမမာ ကိုထွန်းမောင်ထံမှ အင် အဲ့ . . . အသံများ တစ်ခါတစ်ခါ အသံထွက်လာပြီးတော့ တောက်တက် ခေါက်သံ ကြားလိုက်ရသည်။

"ထောက် . . . ဟင်း"

နံနက်မိုးလင်းတော့ ဒေါ်သိန်းနှင့် ဒေါ်ငြိမ်း ညီမနှစ်ယောက်တို့သည် ဆုတန်းရွာရဲ့ အရှေ့ဘက် မနီးမဝေးက ညောင်ပင်သာရွာကို ပယောဂဆရာ ပင့်ဖိတ်ပြသရန်အတွက် လာခဲ့ကြပြီး ပယောဂ ဆရာကြီး ဦးဘအုန်းကို အကျိုးအကြောင်း စုံအောင်ပြောပြပြီးတော့ အိမ်သို့ပင့်ဖိတ်၍ နာတာရှည်

www.burmeseclassic.com

www.burmeseclassic.com

နေမကောင်း ဖြစ်နေတဲ့ ကိုထွန်းမောင်ကို ပြကြသည်။ ပယောဂ ကုသကြဖို့ ဖြစ်သည်။

ဒေါ်ငြိမ်းက သူ့ယောကျ်ားကို ခြင်ထောင်ထဲကထုပြီးတော့ ဆရာကြီးရှေ့ ထိုင်ပေးလိုက်သည်။ လူမမာကား မျက်လုံးတွေက ပြူးကြောင်ကြောင်နဲ့ ဆရာကြီး ဦးဘအုန်းကို စိုက်ကြည့်နေပြီး သူမနှစ်မြို့တဲ့ အနေအထားနဲ့ စူစူကြီးထိုင်ပြီး ဘယ်သူ့ကိုမှ စကားမပြော။

ဆရာကြီး ဦးဘအုန်းက ကိုထွန်းမောင်ရဲ့ ဝေဒနာကို အကဲခတ်ကြည့်နေရင်း -

"ကိုထွန်းမောင် . . . ခင်ဗျားထမင်းစားကောင်းရဲ့လား၊ နေသာထိုင်သာရှိလား"

ဆရာကြီးက ကိုထွန်းမောင်ကို မေးလိုက်တော့ ကိုထွန်းမောင်က -

"ဟုတ်ကဲ့၊ အစားအသောက်တော့ များများလေး စားနိုင်ပါပြီ၊ လမ်းမလျှောက်နိုင်သေးတာပါပဲ"

လူနာ ကိုထွန်းမောင်က ပြန်ဖြေလိုက်သည်။

ဆရာကြီး ဦးဘအုန်းက ကိုထွန်းမောင်ရဲ့ ဟန်ပန်အမူအရာကို ကြည့်လိုက်ပြီးတော့ သောက်ရေခွက်နှင့် ရေတစ်ခွက်တောင်းယူပြီး ဘုရားစင်ဘက်ကို လှည့်ပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များနှင့် ဂါထာများ မန်းမှုတ်လို့ ဘုရားအမိန့်၊ တရားအမိန့်၊ သံဃာတော်များအမိန့်၊ အထက်ဆရာကြီးများ၊ မြို့တော်ရှင်၊ နယ်တော်ရှင်၊ ရွာတော်ရှင်များ အမိန့်၊ အများကြားကြရအောင် ရွတ်ဖတ်ပြီးတော့ ရေခွက်ထဲက မန်းမှုတ်ထားတဲ့ ရေနဲ့ လူမမာ ကိုထွန်းမောင် ခေါင်းကို လက်ဖျားရေကိုယူပြီး တောက်လိုက်ရင်း အထက်ဆရာကြီး အမိန့်၊ ငါဆရာရဲ့ အမိန့်ဟု မန်းမှုတ်ပြီး ကိုထွန်းမောင် အိပ်တဲ့ ခြင်ထောင်ဘေးကို ဝိုင်းပတ်၍ ရေမန်းများ ဖျန်းပေးထားလိုက်ပြီးတော့ ပြန်ထိုင်လိုက်သည်။

လူမမာ ကိုထွန်းမောင်သည် ခြေတုန်တုန်နှင့် ဆရာကြီးကို ဦးချကာ ကန်တော့လိုက်သည်။

ငိုချင် ရှိုက်ချင်တဲ့ပုံစံကို ဆရာကြီး ဦးဘအုန်းက တွေ့လိုက်ရတာကြောင့် -

"ကဲ . . . ကဲ မင်းအိပ်ရာထဲ လဲနေလိုက်တော့ကွာ၊ မင်းအကြောင်းတွေ မင်းသိ"

"အေး အေး ကိုထွန်းမောင်၊ မင်းကို ငါဘာမှမပြောချင်ဘူး၊ မင်းကိုယ် မင်းသိ၊ အားလုံးကို ဒုက္ခမပေးပါနဲ့၊ ကိုယ့်နေရာ ကိုယ်ပြန်ပါ၊ နောက်တစ်ခါ ငါလာရရင်တော့ မင်းကို ငါခွင့်မလွှတ်နိုင်ဘူး"

ဆရာကြီး ကိုဘအုန်းက မတိုးမကျယ် ကိုထွန်းမောင်ကို ပြောလိုက်တာကို အားလုံးက ကြားလိုက်ကြသည်။

ဆရာကြီး ဦးဘအုန်းသည် သူ့ဆေးလွယ်အိတ်ထဲမှ ပုလင်းထဲမှ ဆေးမှုန့်များကို စက္ကူဖြင့်ထုပ်ပြီး ဒေါ်ငြိမ်းကို တိုးတိုးတိတ်တိတ်မှာ၍ ဆရာကြီး ဦးဘအုန်း သူနေထိုင်တဲ့ရွာကို ပြန်သွားတော့သည်။

ထိုနေ့ညတွင် လူမမာ ကိုထွန်းမောင်ဟာ တစ်ည၌လုံး မအိပ်ဘဲနှင့် အဖျားတက်တဲ့ လူတစ်ယောက် ညည်းညူနေတဲ့အသံနှင့် ညည်းညူနေပြီး လူးလှိမ့်နေတဲ့အသံကို ကြားနေကြရသည်။ တစ်ခါ တစ်ခါ ထထအော်သည်။

"ပူတယ်၊ ပူတယ် မီးပူနေတယ်"

ဇနီးဖြစ်သူ ဒေါ်ငြိမ်းကတော့ သူအိပ်တဲ့ အိပ်ရာအောက်မှာ အထက်ပါ ဆေးများ ဖျန်းထားသလို အင်းစာရွက်များ ထားတာကြောင့် လူမမာ ကိုထွန်းမောင်ဆီမှ ညဉ့်နှစ်ချက်ထိုးအချိန်လောက်မှာတော့ ဘာသံမှ မကြားကြတော့။ လူမမာ ကိုထွန်းမောင် အိပ်ပျော်နေပြီလို့ အားလုံးက ထင်နေကြသည်။

အိမ်ခြံထဲက ဌက်ပျောတောကလေတိုက်သလို တဝေါဝေါ မကြာမကြာ မြည်နေတာကို ကြားကြရလေသည်။ မြောက်ဘက် လယ်ကွင်းဆီက ခွေးတွေက မကြုံစဖူး ဆူညံနေအောင်အူကြသည်။ အော်ကြသည်။ ဇူးစူးဝါးဝါးအူတဲ့ ခွေးအူသံ ကြားနေကြရသည်။

ရွာတာလမ်းမဆီက ခွေးတွေက သဲသဲမဲမဲ ဟောင်သံတွေ ကြားနေကြသည်။ အမှောင်ထုက လွှမ်းနေတော့ အိမ်ပေါ်က မအိပ်ဘဲစောင့်နေကြတာ အိမ်အောက်တောင်မဆင်းဝံ့ကြတော့။

နံနက် ၄နာရီထိုးအချိန်လောက်မှာတော့ ဒေါ်ငြိမ်းက သူ့ယောကျ်ား အိပ်ပျော်နေသလားလို့ ကိုထွန်းမောင် အိပ်နေတဲ့ခြင်ထောင်ကို မကြည့်လိုက်တော့ ပက်လက်အနေအထားနဲ့ လက်နှစ်ချောင်း ဘေးချထားကာဖြင့် ကိုထွန်းမောင် အသက်မရှိတော့။ စန့်စန့်ကြီး သေနေပြီ။ ခွေးအူတဲ့ အသံကျယ်ကြီးကို ကြားလိုက်ကြရသည်။

ဒေါ်ငြိမ်းတစ်ယောက်မှာတော့ သူ့ယောကျ်ား အမှန်တကယ် ဖုတ်ဝင်စားသောက်နေကြောင်း တွေ့သိလိုက်ရလေသည်။

ပုဒ္ဓဘုရားရဲ့ ဂုဏ်တော်များ၊ တရားတော်ရဲ့ ဂုဏ်တော်များ၊ သံဃာတော်များရဲ့ ဂုဏ်တော် တရားတော်များတို့ကို နာနာဘာဝ၊ ဝိနာဘာဝ ခေါ်တဲ့ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာတို့ဟာ အလွန်ကြောက်ကြတာကြောင့် သွားလေရာ လာလေရာတိုင်း ပုဒ္ဓမြတ်စွာ တရားတော်များတို့ ရွတ်ဖတ်သွားလာနေထိုင်ကြပါ။ မကောင်းသော ဘေးဆိုး ဥပဒ်မှန်သမျှ မကပ်ရောက်၊ မနှောင့်ယှက်နိုင်ကြောင်း ကိုယ်တွေ့တစ်ခုကို တင်ပြလိုက်ပါသည်။

မေတ္တာခြုံလို့ လုံပါစေ။

မဓူး နေရာ

❑

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီးတစ်အိမ်လုံး ရေနံချေးများ ရွှဲရွှဲစို သုတ်ထားသည့် အုန်းလေးဖက်ထိုးအိမ်ကြီး၏ ဆင်ဝင်ခန်းအပေါက်ဝ၌ တစ်တောင်သာသာရှိ ကျွန်းသားပြားလေးတွင် သင်္ကေတဆေးအဖြူနှင့် ရေးထားသော "ရပ်ကွက် တရားရေးဌာန" ဟူသည့် ဆိုင်းဘုတ်ကလေးက ထင်ရှားစွာ ပေါ်လွင်လျက်ရှိပြီး ခပ်ဝေးဝေးကပင် လှမ်းမြင်နိုင်ပေသည်။

ပျဉ်ထောင် ပျဉ်ကာ ပျဉ်ခင်းသွပ်မိုးနှစ်ထပ်အိမ်ကြီးသည် ထိုဆိုင်းဘုတ်ကလေးကြောင့် ပိုမိုခံ့ထည်သလိုလည်း ရှိပေသည်။ ဝင်းကြီး၊ မြံကြီးနှင့်မို့ ထိုအိမ်ကြီးမှာ ထီးထီးကြီး ရှိသော ရဲတိုက်ကြီးနှင့်လည်း တူလှပေ၏။

စင်စစ် ထိုအိမ်ကြီးသည် မြို့တစ်မြို့၏ ရပ်ကွက်တစ်ခုအတွင်းရှိ အရပ်သူအရပ်သားတို့၏ ဘဝ ငြိမ်းချမ်းစွာ နေထိုင်စားသောက်နိုင်မှု၊ ငြိမ်ဝပ်ပိပြားမှု၊ တရားဥပဒေစိုးမိုးမှုတို့အတွက် အားကိုးအားထားပြုရသော အဓိကနေရာကြီးဖြစ်သည့် "ရပ်ကွက်တရားရေးဌာန" ကြီး ဖြစ်ပေသည်။

ထိုရပ်ကွက်တရားရေးဌာန၏ အကြီးအကဲမှာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်ဖြစ်သည့် (ရပ်ကွက်ထဲ၌ သီလ၊ သမာဓိရှိ၍ မည်သည့်အရာမဆို မှန်မှန်ကန်ကန် ဝေဖန်ဆုံးဖြတ်တတ်သော) ဦးသမာဓိဆိုသူ ဖြစ်သည်။

ဦးသမာဓိတွင် ရပ်ကွက်ထဲ၌ ဖြစ်ပေါ်လာတတ်သည့် အမှုအခင်းများနှင့်ပတ်သက်၍ ဝေဖန်ဆုံးဖြတ်နိုင်ရန် ရဲလက်စွဲ ဥပဒေစာအုပ် တစ်အုပ်၊ ဒေသန္တရ ဥပဒေစာအုပ် တစ်အုပ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေစာအုပ် တစ်အုပ်၊ သက်သေခံ ဥပဒေစာအုပ် ထစ်အုပ်နှင့် ရာဇသတ်ကြီး ဥပဒေစာအုပ်တစ်အုပ် တို့ရှိသည်။

အမှုအခင်းတိုင်း၌ ဦးသမာဓိက ဥပဒေနှင့်အညီသာဆုံးဖြတ်လေ့ရှိသည်။ ဥပဒေအုတိုင်း စီမံဆောင်ရွက်သည်ဟု ကျော်စောသူလည်း ဖြစ်သည်။

ဦးသမာဓိ၏ ရပ်ကွက်တရားရုံးက ဆုံးဖြတ်ပြီးသမျှ အမှုအခင်းဆိုင်ရာ ရပ်ကွက်သူ ရပ်ကွက်သားတို့ ကျေနပ်မှု အပြည့်ရှိ၏။

ဦးသမာဓိကလည်း ကြီးသည့် အမှု သေးအောင်၊ သေးသောအမှု ပပျောက်အောင် ဆောင်ရွက်လေ့ရှိ၏။

ဦးသမာဓိအား ကူညီရန် ခဲတပ်ဖွဲ့မှ ပင်စင်ယူလာသော အငြိမ်းစားခဲတပ်သား ဦးသီလဆိုသူကို အကြံပေးအဖြစ် ခန့်ထားသည်။

ဦးသီလကလည်း သူ့တာဝန်ကို ပီပီပြင်ပြင် ထမ်းဆောင်လေ့ ရှိသည်။ ဦးသမာဓိ ဝေဖန်ရန်၊ ဆုံးဖြတ်ရန်ခက်သော အမှုများ၌ အကောင်းဆုံး အကြံဉာဏ် ပေးနိုင်သူဖြစ်ရုံမက ဦးသမာဓိ၏ အထာကိုကျွမ်းသော ကိုယ်ရေးအရာရှိလည်း ဖြစ်သည်။ သူတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက်လည်း ယုံကြည်မှုအပြည့် ရှိကြ၏။

သူတို့တရားရေးဌာနကို ကူညီရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ တိုက်ရိုက်ခန့်ပေးထားသော 'ရပ်ကျေးရဲ' များလည်း ထိုရပ်ကွက်၌ ရှိကြသေး၏။

ရပ်ကျေးရဲများက ရပ်ကွက်၏ လုံခြုံရေး၊ တရားဥဖဒေ စိုးမိုးနိုင်ရေးအတွက် တာဝန် ထမ်းဆောင်ကြရသည်။ ဥပဒေကို ချိုးဖောက်သူများအား ဖမ်းဆီး၍ ဦးသမာဓိတို့ တရားရေးဌာနကို ပို့ပြီး ဥပဒေအရ စစ်ဆေးဆုံးဖြတ်စေသည်။

အမှုတွေကိုလည်း ရုံးပိတ်ရက်ဖြစ်သော စနေနေ့နှင့် တနင်္ဂနွေနေ့တို့မှလွဲ၍ တစ်နေ့မှအားသည်မရှိ၊ နေ့တိုင်း လိုလို စစ်ဆေးဆုံးဖြတ်နေရသည်။

ထိုသို့ နေ့စဉ် အမှုစစ်ဆေးဆုံးဖြတ်နေရသည်ကို ဦးသမာဓိ ပျော်သည်။ အိမ်ပြန်တော့ မိန်းမကလည်း ကြည်ဖြူသည်။ အမှုမရှိသည့် နေ့တွေမှာတော့ ဦးသမာဓိလည်း ပျင်းသည်။ အိမ်က မိန်းမကလည်း မကြည်ဖြူချင်။

✿

ယနေ့ သူတို့ရပ်ကွက်တရားရုံးသို့ အမှုတွဲများ တစ်ခုမျှရောက်မလာသေး။

"ဦးသီလ၊ ၁၂ နာရီထိုးသွားပြီဗျ။ ဒီနေ့ ဘာအမှုမှလည်း တက်မလာပါလား၊ ရပ်ကျေးရဲဌာနကို ဖုန်းဆက်ကြည့်ပါဦး"

ဦးသမာဓိက လက်မှ နာရီကို ကြည့်ရင်း ငင်း၏ အကြံပေးအရာရှိ ဦးသီလကို လှမ်းပြောလိုက်သည်။

"ကျွန်တော် ဖုန်းဆက်မေးပြီးပြီ ဆရာ"

ဦးသီလက ပြန်ပြောလိုက်၏။

"ဘာပြောလဲ"

"လာပါ့မယ်တဲ့၊ ဒီနေ့ လာဘ်စားမှုကြီး ၃-မှု တင်စရာရှိတယ်တဲ့ ဆရာ"

"ခါဆို ဘာလို့မလာသေးတာလဲ၊ ကြာလိုက်တာ"

"တရားခံတွေ မလာသေးလို့တဲ့ ဆရာ၊ တရားခံတွေကို စောင့်နေရလို့တဲ့"

"ဩော်. . . ဩော်"

ဦးသမာဓိက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း သူ့ရှေ့ရှိ အမှုစာရင်း လက်ခံစာအုပ်ကြီးကို ဟိုလှန် ဒီလှန် လျှောက်လှန်နေသည်။

ဦးသီလကတော့ အပေါက်ဝမှ ထွက်ပြီး အမှုတွဲလာတင်မည့် ရပ်ကျေးရဲကို မျှော်နေသည်။

"ဦးသီလ"

"ခင်ဗျာ. . . ဆရာ"

"ကျုပ်တို့ရုံးရှေ့ဆိုင်က ကော်ဖီခါးခါး တစ်ခွက်လောက် သွားဝယ်ပေးစမ်းဗျာ"

"ဟုတ်ကဲ့ ဆရာ၊ အင်း. . . ဆရာကော်ဖီခါးခါး မှာခိုင်းရင်တော့ တန်ရော့ ဆရာအိပ်ချင်တာဖြစ်မယ်"

ဦးသီလက သူ့ဆရာကို အထာကျွမ်းကျွမ်းနှင့် ဝေဖန်ရင်း ရုံးရှေ့ရှိ ကာကာဆိုင်ကို ထွက်သွားသည်။

ဦးသမာဓိက ဦးသီလကိုကြည့်ရင်း ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် . . .

ရပ်ကျေးရဲ့ ဥ ယောက် တရားခံ ဥ ယောက်နှင့်အတူ အမှုတွဲဖိုင်များကိုင်ရင်း ရောက်လာ၏။

ရုံးပေါက်ဝင်တော့ ရဲတွေက ဦးသမာဓိကို အရိုအသေပေးပြီး သူတို့အတွက် သီးသန့်နေရာ၌ထိုင်၍ ကျန်တရားခံ ဥ ယောက်ကတော့ တရားခံများအတွက် နေရန်ပြုလုပ်ထားသော နေရာ၌ အသီးသီး ဝင်ထိုင်ကြသည်။

ဦးသမာဓိက သူတို့အား လုံးအား မျက်မှန်ကြီးပေါ်က ကျော်ကြည့်ရင်း စာအုပ်ကြီးကို ဆက်လှန်နေသည်။

စာအုပ်ကို လှန်သည်ဆိုသော်လည်း ရောက်လာသည့် တရားခံများကို အကဲခတ်နေခြင်းဖြစ်သည်။ တရားသူကြီးဆိုတာ တရားလို တရားခံအပေါ် လူကဲလည်း ခတ်တတ်ရမည် မဟုတ်ပါလား။ သို့သော် သူအကဲခတ်နေသည်ကို မသိစေလိုသည့်အတွက် အမှုတွဲစာအုပ်ကြီးကို ဟန်ပြဖတ်နေခြင်းဖြစ်သည်။

ခဏကြာတော့ ရပ်ကျေးရဲ့ ဥ ယောက်က တစ်ယောက်ချင်း အမှုတွဲများ လာတင်ကြသည်။ ဦးသမာဓိ အမှုတွဲ တစ်ခုချင်း ဖတ်နေ၏။

ပထမအမှုတွဲက အခွန်ဦးစီးဌာနမှ အမှုဖြစ်သည်။

သူတို့ရပ်ကွက် လူစည်ကားရာ နေ့တစ်နေ့ဖြစ်သော နွားပွဲရှိသည့် သောကြာနေ့၌ အခွန်ဦးစီးဌာနမှ တာဝန်ရှိသူအချို့တို့ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များသို့ဝင်ကာ ရောင်းချရမှု အနေအထားကို စာရင်းပြုစုကာ တစ်နေ့တာ၏ ရောင်းချရမှုငွေမှ တစ်လတာအတွက် တွက်ချက်ကာ အခွန်တောင်းသည်။

ထိုအခါ ဆိုင်ရှင်များက တစ်ပတ်တစ်ခါ သူတို့ရပ်၏ နွားပွဲစျေးနေ့များ၌သာ ရောင်းရပြီး ကျန်နေ့များ၌ ယခုလို မရောင်းချရသည့် အတွက် သာမန်နေ့များ၌သာ လာရောက်စာရင်းပြုစုပါရန် တောင်းပန်ကြ၏။ မှန်သည်။ တစ်ခါတစ်ရံ စျေးဦးပင် မပေါက်ကြ။

သို့သော် အခွန်ဝန်ထမ်းများက တောင်းပန်မရ။ တိကျလှသည်။

လက်ဖက်ရည်ဆိုင် တစ်ဆိုင် တစ်လ ၁၀၀၀၀၀/- ကျပ်၊ စားသောက်ဆိုင် တစ်ဆိုင် တစ်လ ၂၀၀၀၀၀/- ကျပ်။ ၎င်းတို့ တွက်ချက်မှုအရ အခွန်ဖြတ်သည်။ တချို့ တောင်းပန်မရသည့် အဆုံး ပေးကြရသည်။

တချို့ကတော့လည်း ၎င်းတို့အား တံစိုးလက်ဆောင်များပေး၍ ၁၀၀၀၀၀/- ကျပ် ကျသည့်ဆိုင်က ၁၀၀၀၀/- ပဲ စာရင်းပြပါ။ ၄၀၀၀၀/- ကို အပိုဆောင်း ကန်တော့ပါ့မည်။ ၁၀၀၀၀၀/- ကျပ် မလုပ်ပါနှင့်ဟု တောင်းပန်ကြသည်။

ထို့အတူ စားသောက်ဆိုင်များကလည်း အခွန်ကို ၂၀၀၀၀/-ကျပ်ပဲ ပြပေးပါ။ ၂၀၀၀၀၀/- ကျပ် မလုပ်ပါနဲ့၊ ၈၀၀၀၀/- ကျပ် ကန်တော့ပါ့မည်ဟု တောင်းပန်ကြသည်။ သူတို့၏ သက်သာရာသက်သာကြောင်း ရှာကြသည်။ တာဝန်ရှိသူတွေ တကယ်လိုက်တော့ အမှုတွေ အားလုံးပေါ် တုန်သည်။ သူတို့ ရပ်ကွက်အခွန်ဝန်ထမ်းတွေက အိတ်ထဲထည့်လွန်းသည်။

ဒုတိယအမှုတွဲက ရပ်ကွက်မှတ်ပုံတင်ဌာနမှ ဖြစ်သည်။

ရပ်ကွက်သူ ရပ်ကွက်သားများက သာမန်အချိန်များ၌ မှတ်ပုံတင်ရှိက်ရမှန်းမသိ၊ ခရီးသွားတော့လည်း ရပ်ကွက်ထောက်ခံစာ၊ ရဲထောက်ခံစာ၊ မှတ်ပုံတင်မရှိ မလုပ်ရသေး။ ပျောက်ဆုံးဖြင့် သွားကြသည်။ ဖြစ်လည်းနေသည်။

သို့သော် အလုပ်အကိုင် လုပ်ကိုင်လိုသော အခါများ၌ မှတ်ပုံတင်က မရှိလို့မဖြစ်၊ လိုလာသည်။ ထိုအခါ ရပ်ကွက်မှတ်ပုံတင်ရုံး သွားကြရသည်။ မှတ်ပုံတင် ဝန်ထမ်းတို့၏အကွက်ဆိုက်လာသည်။ မှတ်ပုံတင်က ဒီရပ်ကွက်မှာ တင် လုပ်လို့ မရ။ မြို့နယ်သွားရမည်။ တိုင်းသွားကာ လက်မှတ်ထိုးရမည်။ ၂၀၀၀၀/-ကျပ်ကုန်ကျမည်။ ၃၀၀၀၀/- ကျပ်ကျမည်။ အနေကြီးရင် ချက်ချင်း လုပ်ပေးမည်။ ၁၀၀၀၀၀/- ကျပ် ပေးရမည် စသည်ဖြင့် တောင်းတော့သည်။

မဖြစ်တော့လည်း ဖြစ်သလို လုပ်ကြရသည်၊ ပေးကြရသည်။ ယခုထိုအမှုတွေက ပေါ်လာသည်။ သူတို့ ရပ်ကွက် မှတ်ပုံတင်ရုံးက ငွေပေးမှ လုပ်ပေးသည်လေ။

ဦးသမာဓိ တတိယအမှုတွဲကို ဆက်ကြည့်သည်။

တတိယအမှုတွဲက အထက်ပါ အမှုနှစ်မှုနှင့် ဆက်စပ်နေသည်။

အထက်ပါ အမှုနှစ်မှုကို ပေါ်ပေါက်လာစေရန် စုံစမ်းဖော်ထုတ်ခဲ့သူ တစ်ဦး၏ အမှုဖြစ်သည်။

ဦးသမာဓိ ထိုအမှုတွဲကို ဖတ်နေရင်း မျက်ခုံးနှစ်ဖက် တွန့်သွားသည်။ ဘယ်လိုကြောင့်များ လာဘ်စားမှုတွေ ပေါ်ပေါက်လာစေရန် အမှုမှန်ဖော်ထုတ်ခဲ့သူ တစ်ဦးက တရားခံပြန်ဖြစ်ရတာ ပါလိမ့်။ ဘာကြောင့်များပါလိမ့်၊ ဘာကြောင့်များပါလိမ့်။ အဖြေက မပေါ်။ တွေးလေလှုပ်လေ ဖြစ်လာသည်။ ဒီတော့ ဦးနှောက်အခြောက်မခံ၊ ခေါင်းစားမခံတော့ဘဲ အမှုတွဲကို ဆက်လက်ဖတ်လိုက်၏။

သည်တော့မှ အဖြစ်မှန်ကို သူသိလိုက်ရသည်။

အဖြစ်က အမှုမှန်ပေါ် ပေါက်စေရန် စုံစမ်းထောက်လှမ်း၍ ဖော်ထုတ်ခဲ့သည့် တာဝန်ရှိသူတစ်ဦးထံသို့ သက်ဆိုင်ရာ တရားခံအသီးသီးက ပျံဝပ်တုပ်ကွစွာဖြင့် လာရောက်အသနားခံကြသည်။ အမျိုးမျိုး တောင်းပန်တိုးလျှိုးကြသည်။ သူတို့ထမင်းအိုးလေး ခွဲမစပ်ပါရန်နှင့် ထမင်းအိုးလေး ချမ်းသာပေးပါရန် ငိုကြိုးချက်မ ပြောကြသည်။

သည်တော့ ထိုပုဂ္ဂိုလ်က လူသားချင်း စာနာစွာဖြင့် နားလည်မှုပေး၍ လူမသိ သူမသိ တကယ့်သူတော်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကြီးစိတ် မွေးကာ ကျေနပ်လောက်သည်အထိ ငွေကြေးကန်တော့ခံပြီး အမှုတွေကို ပုန်းပစ်လိုက်သည်။

ဦးသမာဓိ တွေသွားသည်။ ငွေကြေးယူ အမှုကို ပုန်းပစ်ရုံနှင့် အဘယ်ကြောင့် တရားခံပြန်ဖြစ်လာရသနည်း။ မူလအမှုရှင်တွေက ပြန်တိုင်တာလား၊ ဒါလည်း မဖြစ်နိုင်။ တကယ်တော့ ကျေးဇူးရှင်ကို ပြစ်မှားကြမည်မဟုတ်။ ဒီလိုဆိုလျှင် သူတို့လည်း သူတို့ကိုယ် သူတို့ ကြိုးတုပ်ပြီးသား ဖြစ်သွားကြမည်ပေါ့။

"ဘုရား. . . ဘုရား"

ဦးသမာဓိ မျက်လုံး ပြူးသွားသည်။ ပထမအမှုမှန်တွေ ပေါ်ပေါက်လာစေရန် စုံစမ်းဖော်ထုတ်သူ၏နောက်မှ နောက်ထပ်အမှန်တရား ပေါ်ပေါက်ရေး စစ်မှန်သော တရားဥပဒေဝိုးဝိုးရေး အတွက် ထက်ကြပ်တပ်လျက် ထောက်လှမ်းစုံစမ်းနေသည့် တန်ပြန်ထောက်လှမ်းရေးသမား တစ်ဦးက လိုက်နေသည်။ ဒါကို ပထမလူက မသိလိုက်။

သည်တော့ -

"ဟူး. . . "

ဦးသမာဓိ စိတ်မောလူမောဖြင့် လေရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။ ဒီလိုအမှုမျိုး တစ်ခါဖူးမျှ သူ မကြုံဖူးသေး။ ယခုမှ ရှားရှားပါးပါး တွေ့လိုက်ရခြင်းဖြစ်သည်။

သို့သော် -

✿

ဦးသမာဓိက အမှုတွဲများကို ရပ်တွက်တရားရုံး၏ လုပ်ထုံးလုပ်နည်းများအတိုင်း စစ်ဆေးပြီး လက်ခံ၍ နောက်တစ်နေ့သို့ ချိန်းလိုက်သည်။ ထို့နောက် တရားသူကြီး နားနေဆောင်သို့ဝင်ကာ အမှုတွဲများကို အသေးစိတ်သိနိုင်ရန် အတွက် အေးအေးဆေးဆေးဖတ်ရင်း လေ့လာနေလိုက်၏။

သူစစ်ရမည့်အမှုက ၃ မှုစလုံး ထိုက်ဒိုက်နှင့် သွယ်ဝိုက်လာဘ်စားမှုများ ဖြစ်သည်။

လာဘ်စားမှု အမျိုးမျိုးကို သူ စစ်ဆေးခဲ့ဖူးပေမယ့် ယခု ရောက်ရှိလာသည့် လာဘ်စားမှုမျိုးကဲ့သို့ မရှုပ်ထွေး၊ သို့သော် ငါ တရားသူကြီးပဲဟု တွေးလိုက်၏။

ထိုအချိန် -

"ဆရာ. . . "

ရုံးခန်းထဲမှ ခေါ်သံကြားသဖြင့် သူနားနေဆောင်ထဲမှ ထွက်ခဲ့သည်။ မုန့်ပုံလေးကိုင်ပြီး ရပ်နေသည့် သူတို့ ရဝ်ကွက် အခွန်ဦးစီးရုံးမှ စောစောက တရားခံ အမျိုးသမီးကို တွေ့လိုက်ရသည်။

"ဆရာ့ကို မုန့်ပုံးလာကန်တော့တာပါ ဆရာ၊ တစ်ပုံးပါ"

ဟုဆိုရင်း မုန့်ပုံးကို လှမ်းပေးသည်။

ဦးသမာဓိက ဝမ်းသာသွားသည်။ ဒါပေမဲ့ ဣန္ဒြေဆည်ရင်း -

"စားပွဲပေါ် တင်ထားခဲ့၊ ဒါပဲလား" ဟု ခပ်တည်တည်မေးလိုက်၏။

"ဆရာ ကျေနပ်တဲ့အထိ ကျွန်မ ကန်တော့ပါ့မယ်"

အမျိုးသမီးက ပြောလိုက်သည်။ အမျိုးသမီးစကားဆုံးတော့ ဦးသမာဓိက လက်ညှိုးနှင့် လက်ခလယ်ကို မသိမသာ ထောင်လိုက်သည်။ နောက်ထပ် နှစ်ပုံးလား။ သို့မဟုတ် ခေတ်အထာဖြစ်သော 'ကြည်စေ အေးစေလား'၊ သူသာသိသည်။

သို့သော် အမျိုးသမီးကလည်း နားလည်ပုံရသည်။

"စိတ်ချပါဆရာ"

ဟု အခွန်တောင်းသော မျက်နှာမျိုးနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ရိုအိနိုင်သော မျက်နှာနှင့် ခေါင်းညိတ်၍ ပြန်ထွက်သွားသည်။

နောက်တစ်ယောက် ဝင်လာသည်။ သူက ရပ်ကျေးမှတ်ပုံတင်ရုံးမှ ဖြစ်သည်။ လက်ထဲတွင် မုန့်ပုံးတစ်ပုံးကိုင်ထားသည်။

"ကျွဲတို့က လူများတယ်ဗျ" ဟု သူက အထာနှင့် ပြောလိုက်သည်။

"စိတ်ချပါဆရာ၊ အခု ပြန်လာခဲ့ပါ့မယ်၊ ဆရာတို့ စားလောက်ရပါစေ့မယ်"

ထိုသူက လက်ထဲမှမုန့်ပုံးကို စားပွဲပေါ် တင်ပြီး ဦးခေါင်းညွှတ် ခါးကုန်း၍ ပြန်ထွက်သွား၏။

ထို့အတူ ထိုသူ ထွက်သွားသည် နှင့်တစ်ပြိုင်နက် ခုံခုံညားညား ဥပဓိရုပ် ကောင်းကောင်းနှင့် အသက်လေးဆယ် ပတ်ဝန်းကျင်ခန့် လူရွယ်တစ်ယောက် ဝင်လာပြန်သည်။ သူ့လက်ထဲမှာလည်း မုန့်ပုံးလေး ကိုင်လို့။

ထိုသူကိုတော့ ဦးသမာဓိက ခပ်တည်တည်ဟောက်လိုက်သည်၊ ထိုသူက လွယ်တဲ့သူ မဟုတ်။ အခွန်နှင့် မှတ်ပုံတင် ဌာနမှ အမှုတွေကို အမှုမှန်ပေါ်ပေါက်ရန် ပထမ စုံစမ်းထောက်လှမ်းဖော်ထုတ်ခဲ့သူ။

"ခင်ဗျား ဘာလာလုပ်တာလဲ"

"ဆရာ့ကို လာကန်တော့တာ"

"ကျုပ်က လာဘ်စားတဲ့လူ မဟုတ်ဘူး၊ လာဘ်မစားဘူး၊ ဘယ်သူ့ မျက်နှာမှလည်း မကြည့်ဘူး၊ အမှန်ကို အမှန်အတိုင်းပဲ စစ်ဆေးတဲ့ ရပ်တွေး တရားသူကြီးဗျ၊ ခင်ဗျားမုန့်ပုံး ပြန်ယူသွား"

"ဒါက ဆရာ လာဘ်စားတာ မဟုတ်ပါဘူး ဆရာရယ်၊ တွန်တော်တို့က အလိုအလျောက် လာကန်တော့တာပါ၊ မုန့်ပုံးလေးက တစ်ပုံးတည်း ဆိုပေမဲ့ ငါးပုံး ဘဲဥပါတယ်၊ ဆရာ လက်ခံပါ၊ တွန်တော်တို့ အခွင့်နဲ့ လာကန်တော့တာပါ"

"ခင်ဗျားတို့ တော်တော်ခက်တဲ့ လူတွေပဲ၊ အင်း. . . ဒီတစ်ခါတော့ အားနာပါးနာနဲ့ လက်ခံလိုက်မယ်၊ နောက်တော့ မရဘူး"

"ဒီတစ်ခါပါ ဆရာ"

"ဒါဆိုလည်း စားပွဲပေါ် တင်ခဲ့"

ထိုသူက ပုံးလေးကို စားပွဲပေါ် တင်ပြီး -

www.burmeseclassic.com

"ခွင့်ပြုပါဦး ဆရာ. . . သွားလိုက်ပါဦးမယ်" ဟု နှုတ်ဆက်၍ ပြန်ထွက်သွား၏။

အားလုံးပြန်သွားပြီး မည်သူမျှ မရှိတော့မှ ဦးသမာဓိ တစ်ချက်ပြုံးလိုက်သည်။ ဒါတွေက သူတောင်းတာမဟုတ်၊ သူတို့ဟာသူတို့ လာပေးကြတာတွေ။

ဒါပေမဲ့ 'အပေးနှင့် အယူ' ၏ တန်ဖိုး 'အပေးရှိလျှင် အယူရှိသည်' ဟူသည့် နိယာမ။ ဒါကိုတော့ ဦးသမာဓိ ကောင်းကောင်းသိသည်။ ဒါဆိုလျှင် သူတို့ဆီက 'ပုံး' လေးတွေ 'ပုံးကြီး' တွေ ယူပြီးခဲ့သည့်အတွက် သူက ပြန်လည်ပေးဆပ်ရဦးမည်။ အဲဒါက သူတို့ သူတို့တွေ၏ အမှုနှင့် ပတ်သက်တာတွေ။

ဘာပဲဖြစ်ဖြစ် ကြီးတဲ့အမှုသေးအောင်၊ သေးတဲ့အမှု ပပျောက်အောင် ပြုလုပ်သူဟု နာမည်ကြီးတဲ့ ရပ်ကျေးတရားသူကြီးပဲ။ ဒါတွေက မခက်ခဲ။

ဒါပေမဲ့ ခက်နေသည်က အခွန်နှင့် မှတ်ပုံတင်ဌာနက အမှုတွေလို ဖော်ထုတ်သူတစ်ဦး၏ နောက်မှ အမှန်တရား ပေါ်ပေါက်စေရန် ထပ်မံထောက်လှမ်းခံရသည့် အဖြစ်မျိုး။

"ရှင်ကလည်း ကြောက်စရာမရှိရှာကြောက်နေရတယ်လို့၊ လာဘ်စားမှုကိုစစ်တဲ့ တရားသူကြီး လာဘ်စားတာကို ဘယ်တရားရုံးမှာ လာဘ်စားမှုနဲ့ ပြန်စစ်ဆေးခံရတယ်လို့ ရှင်ကြားခဲ့ဖူးလို့လဲ၊ သူများ လာဘ်စားတာကိုသာ တရားသူကြီးက စစ်တာ"

သူ့အမျိုးသမီးက သူ့အကဲကို ခတ်ပြီး အထာကျွမ်းကျွမ်းနှင့် ပြောလာ၏။ သည်တော့မှ သူလည်း 'ဟင်း' ခနဲ သက်ပြင်းချနိုင်သည်။ ဟုတ်ပေသားပဲဟုလည်း တွေးလိုက်သည်။ ထိုအချိန်-

"ဆရာ. . . ဆရာ ဒုက္ခဖို ရောက်ပြီ"

ဟူသည့် ဦးသီလ၏ အသံက ပေါ်လာ၏။

သည်တော့မှ ဦးသမာဓိလည်း အမှုတွဲများတင်လာမည်ကို စောင့်ရင်းမှ မှေးခနဲ အိပ်ပျော်သွားပြီး အိပ်မက်မက်သွားသည့် အဖြစ်ကို တွေးရင်း ပြုံးနိုင်လေတော့သည်။

[မှတ်ချက်။ ။ သမမြို့အုပ်ကြီး ဦးသိန်း ညွှန်နှင့် ဓာတ်ပုံစိန်မောင် (ခေါ်) ဆရာ ကြီး ဦးစိန်မောင် (အထပြ/ငြိမ်း) တို့၏ ထပ်တူထပ်မျှ မက်ခဲ့ကြသော အိပ်မက်ကို မှတ်တမ်းတင် ရေးဖွဲ့အပ်ပါသည်။ အကြောင်းတစ်စုံတစ်ရာ တိုက်ဆိုင်မှုရှိပါက စာရေးသူ၏ ချွတ်ယွင်းချက်သာ ဖြစ်ပါသည်။ မည်သူ့ တစ်ဦးတစ်ယောက်ကိုမျှ ရည်ရွယ်ရင်းမရှိပါ။ စာရေးသူ]

နေဝန်းနီ

❑

ဥ၊ အရဟံ. မေတ္တာ လာဘ်

နဗ်မျက်စိ ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုတ္ထားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယဘြာများဖြင့် (၂၅)နှစ် တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

ဟောခန်းတည်နေရာ ➡ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

လမ်းညွှန် ➡ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်စီးမှတ်တိုင်တွင် ဆင်းပါ။

ဟောပြောချိန် ➡ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။

ဆက်သွယ်ရန် ဖုန်း ➡ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။

မှတ်ချက် ➡ *ဖုန်းဖြင့် ကြိုတင်တိုက်ယူပါ။* ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရောနဲ့သာအေးချမ်းလေ

သစ္စာဒဿဝိုးမြေ . . . . .

"မြန်မာနိုင်ငံမှာ ရုပ်မြင်သံကြား စပြီးပေါ်တာ တို့ဆင်ဖြူကျွန်းကတွဲ"

"ဟုတ်ပါ့မလားကွာ . . . ငါသိသလောက် ၁၉၈၀ လောက်ကမှ မြန်မာပြည်မှာ ရုပ်မြင်သံကြား စတာ မဟုတ်လား"

"အေး ဟုတ်တယ်၊ ဒါပေမဲ့ တို့ဆင်ဖြူကျွန်းမှာက လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ လောက်ကတည်းက ပေါ်ခဲ့တာတဲ့ တွဲ"

"အင်း ငါကလည်း ဆင်ဖြူကျွန်း စာ ဝေးခဲ့ရတာကြာပြီ၊ မင်းကတော့ ဆင်ဖြူကျွန်းမွေး ဆင်ဖြူကျွန်းကြီးဆို တော့ ဆင်ဖြူကျွန်းနဲ့ ပတ်သက်ရင် မင်းက ငါ့ထက် ရှေးမီ နောက်မီ ပဟုသုတ သာတယ်၊ ပြောစမ်းပါဦး"

"လွန်ခဲ့တဲ့ နှစ် ၅၀ လောက်က ဓာတ်စက် ဓာတ်ပြားခေတ်လေကွာ၊ ဓာတ်ပြားပေါ် အပ်လေးတင် ဂေါက်လေးနဲ့ လှည့်ပြီး သံပတ်ပေးဖွင့်ရတာ၊ အသံချဲ့စက် လော်စပီကာ ခေတ်စားတဲ့ လော်ခေတ်ပေါ့ကွာ၊ ကက်ဆက်ဆိုတာ တောင် မပေါ်သေးဘူး၊ အဲဒီအချိန်က ရွှေမန်းတင်မောင်ရဲ့ ဖွားတော်မူခန်း၊ လေးတော်တင်ခန်း ဇာတ်ထုပ်တွေ သိပ်လူကြိုက်များနေသလို တို့တေးသိန်းတန်ရဲ့ ထွေးညိုဇာတ်လမ်း၊ ချစ်စံပယ်၊ တင်တင်မြနဲ့ တို့တေးသိန်းတန် တို့ရဲ့ စိုးမိုးမေတ္တာဇာတ်လမ်း၊ ပြီးတော့ ဗိုလ်အောင်ဒင်ဇာတ်လမ်း၊ ဆန်ဆန် တောတွင်းလူဆိုးဗိုလ်နဲ့ မင်းသမီးယု တို့ရဲ့ ဇာတ်လမ်းတွေဟာ တောရော မြို့ပါ သိပ်ရေပန်းစားနေချိန်ပေါ့။

ထမြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

တို့ ဆင်ဖြူကျွန်းမှာကလည်း စနေ၊ တနင်္ဂနွေ၊ တနလာ၊ တစ်ပတ်လုံး ရပ်ကွက်အလိုက် ဆွမ်းလောင်းအသင်းတွေကလည်းရှိတော့ မာတ်ပြားဇာတ်လမ်းတွေဟာ နေ့ရောညပါ ဖွင့်ကြသတဲ့ကွ၊ တို့မြို့ကလည်း အင်မတန်မှ အနုပညာသမားတွေ ထွက်တဲ့မြို့လေကွာ၊ ဟိုးရှေးခေတ်က ယောကျ်ားမင်းသမီး မယ်အောင်ဗလ၊ ကျပင်းဆရာဖီးတို့ ပေါ်ထွန်းခဲ့သလို ဒီဘက်ခေတ် စာပေလောကမှာလည်း စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၊ ကာတွန်းရှေ့မင်းသား၊ ကာတွန်းမြေဇာ တို့ရှိခဲ့တယ်၊ ဒါက တိုင်းသိပြည်သိ ထင်ပေါ်ကျော်ကြားတဲ့ စာပေ အနုပညာရှင်ကြီးတွေ၊ အဝေးရောက် ဆင်ဖြူကျွန်းသားတွေပေါ့ကွာ။

တိုင်းသိပြည်သိ မဟုတ်ပေမယ့် ဆင်ဖြူကျွန်းမှာပဲ အနုပညာပါရမီရင့်သန်နေတဲ့ ဆရာဦးချန်ထွန်းတို့၊ ဆရာဦးခင်မြတို့ ဆိုတာလည်း ရှိတယ်၊ ကျောင်းဆရာတွေတဲ့ကွ၊ အဲဒီဆရာနှစ်ယောက်ဟာ အရေး၊ အတီး၊ ဂီတသဘင်ပညာဘက်မှာ အတော်ပါရမီထူးကြတယ်။

ကျောင်းကပဲ၊ အရပ်ကပဲ၊ ဘုရားပွဲတွေမှာ အဲဒီဆရာနှစ်ယောက် ရေးကြ၊ တီးကြ၊ ဒါရိုက်တာလုပ်ကြတယ်၊ ငါပြောတဲ့ ရုပ်မြင်သံကြား မြန်မာမြည်မှာ ဆင်ဖြူကျွန်းက စခဲ့တယ်ဆိုတာ အဲဒီဆရာဦးချန်ထွန်းနဲ့ ဆရာဦးခင်မြတို့က စခဲ့တာတဲ့။

ထွေးညိုဇာတ်လမ်းတို့၊ စိုးမိုးမေတ္တာဇာတ်လမ်းတို့ စင်တင်ကပြရာမှာ နောက်က လော်နဲ့ မာတ်ပြားဖွင့်ထားပြီး ဇာတ်စင်ပေါ်မှာ စကားပြော၊ သီချင်းအမူအရာတွေကို သရုပ်ဆောင်သူတွေက အံဝင်ခွင်ကျ ကွတ်တီ သရုပ်ဆောင်ကြသတဲ့၊ ပွဲကြည့်ကြတဲ့သူတွေ အရင်က အသံပဲ ကြားခဲ့ရတာ။

အဲဒီဆရာ နှစ်ယောက် ထွင်လိုက်တာ ရုပ်လည်းမြင်ရ အသံလည်း ကြားကြရလို့ ဆင်ဖြူကျွန်းမှာ လွန်ခဲ့တဲ့ နှစ် ၅၀ လောက်ထဲက ရုပ်မြင်သံကြား ပေါ်ခဲ့တာလို့ ပြောတာပေါ့၊ ပြီးတော့ ရသေ့ကြီး တစ်ပါးက ခွေးမလေးကို သနားကရုဏာသက်ပြီး အင်မတန် လှတဲ့ မင်းသမီးလေးအဖြစ် ဖန်ဆင်းထားတာ ဘုရင်တစ်ပါးက တွေ့ပြီး ရသေ့ထံမှာ မင်းသမီးလေးကို မိဖုရား မြှောက်ဖို့ တောင်းယူသွားတယ်။

တစ်နေ့ ဘုရင်နဲ့ မိဖုရား မြင်းရထားကြီးနဲ့ တိုင်းခန်းလှည့်လည်စဉ် မြင်းထိန်းသည် လက်ထဲ ကိုင်ထားတဲ့ သားရေကြိုးက သားရေနဲ့ကို မိဖုရားက ကိုက်ချင် ဝါးချင် စားချင်စိတ်တွေ ထိန်းမရအောင်ဖြစ်ပြီး လူပုံအလယ် မြင်းဇာကြိုး သားရေကို ကိုက်ဝါးလိုက်တယ်၊ ဘုရင်ကြီး အံ့ရှက်တော်ရ အမျက်ထွက်ပြီး မိဖုရားကို သတ်ပါမယ်ပေါ့ကွာ။

မိဖုရား-ဖြစ်နေသူဆိုတာကလည်း တကယ်တော့ ခွေးမလေးလေကွာ၊ ရသေ့ကြီးက မင်းသမီးအဖြစ် ဖန်ဆင်းထားတာ၊ ခွေးဆိုတာ ခွေးဇာတိသားရေနဲ့ ရတော့ ဘယ်နေနိုင်မလဲ၊ ကိုက်ချင် ဝါးချင်တော့ စိတ်မထိန်းနိုင်ပဲ ကိုက်တော့ ဝါးတော့တာပေါ့၊ ဘုရင်ကြီးက မသတ်ခင် ရန်သူ့ကြီးဆီ ကတိပေးခဲ့တာ သတိရပြီး မိဖုရားကို ရသေ့ဆီ ပြန်အပ်တယ်၊ ရသေ့ကြီးကလည်း သူဖန်ဆင်းခဲ့တဲ့ မင်းသမီးလေးကို ခွေးမလေးဘဝ ပြန်ထားလိုက်ရတယ်။

အဲဒီဇာတ်လမ်းကို တေးသရုပ်ဖော်အဖြစ် နောက်က သီချင်းဂီတသံနဲ့ အံကိုက် ဇာတ်စင်ပေါ်က လူတွေက သရုပ်ဆောင်ကြတာကို ဆရာဦးချန်ထွန်းနဲ့ ဆရာဦးခင်မြတို့က ရေးကြ၊ တီးကြ၊ ဒါရိုက်တာလုပ်ခဲ့တာ အင်မတန် လူကြိုက်များပြီး မကွေးတိုင်း ကျောင်းသားပွဲတော်ကြီးမှာတောင် အောင်မြင်ကျော်ကြားခဲ့တယ်ဆိုပဲ။

အဲဒါ ရုပ်မြင်သံကြားပေါ့ကွ၊ အဲဒီတုန်းက သရုပ်ဆောင်ခဲ့ကြသူတွေ ပါဝင်ခဲ့သူတွေတောင် အခုထိ အသက်ထင်ရှားရှိကြသေးတယ်တဲ့၊ အဲဒါတွေကို တို့ကျောင်းက ဂီတမှာ ထူးချွန်ပြီး ပါရမီရှိတဲ့ ပင်စင်ယူသွားတဲ့ ဆရာဦးစန်းမော်တို့ ပြန်ပြီး ဖော်ထုတ်သင့်တယ်ကွာ”

“အေးကွာ၊ ငါ ဆင်ဖြူကျွန်းမှာမွေး ဆင်ဖြူကျွန်းသားစစ်စစ်ဖြစ်ပေမယ့် ဒါတွေ မသိဘူးကွ၊ ပြီးတော့လည်း ငါက မိဘတွေ ပြောင်းရွှေ့လို့ ဆင်ဖြူကျွန်းမှာ ၁၀ တန်းအထိ မနေခဲ့ရဘူး၊ ကျောင်းနေဖက် သူငယ်ချင်းတွေတောင် အခုနေပြန်တွေ့ရင် ဗြန်းခနဲ မှတ်မိပါ့မလားတောင် မသိဘူး”

“ဒါတွေက မင်းတို့ငါတို့ မမွေးခင်က အဖြစ်တွေလေကွာ၊ ငါတို့ ဘယ်မီလိုက်ပါ့မလဲ၊ ဒါပေမဲ့ လူကြီးတွေ ရှေးဖြစ် နောက်ကြောင်း ပြောကြတဲ့အခါ ငါနားထောင်ပြီး မှတ်ထားတာကွ၊ အခု ငါတို့ခေတ်မှာ တို့ဆင်ဖြူကျွန်းက ဆရာဝန်ကြီးတွေ ဖြစ်နေသူတွေ၊ အင်ဂျင်နီယာကြီးတွေ၊ ရှေ့နေကြီးတွေ၊ တရားသူကြီး ဖြစ်နေကြသူတွေ၊ ကျောင်းအုပ်ဆရာကြီး ဖြစ်နေကြ၊ ဆရာကြီး ဆရာမကြီး ဖြစ်နေကြတာတွေ အပြင် နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှာလည်း အလုပ်လုပ်နေကြတာ၊ တပ်မတော်ထဲမှာ အရာရှိကြီး ဖြစ်နေကြတာ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ဖြစ်နေကြတာ၊ အကြီးအကဲ လူကြီးဖြစ်နေကြတာတွေ ငါတို့ မြင်တွေ့နေရသေးတာပဲ”

“အေးကွာ၊ သာသနာရေးဘက်မှာလည်း တစ်နိုင်ငံလုံးက ကိုးကွယ်ကြည်ညို အလေးအမြတ်ထားခဲ့ရတဲ့ ဆင်ဖြူကျွန်း ဦးဓမ္မသာရ ဆရာတော်ကို ငါတို့ မဖူးမြင်လိုက်ရဘူး၊ မိုးကုတ် ဝိပဿနာ သာသနာထွန်းကား ပြန့်ပွားခဲ့တာလည်း ဆရာတော် ဦးဓမ္မသာရရဲ့ ကျေးဇူးတွေ အများကြီးပဲ”

“အဲဒီဆရာတော် ဦးဓမ္မသာရ ဆိုတာ လူအမည်က ဦးတင်အောင်တဲ့ကွ၊ ဟိုးတစ်ချိန် ပါလီမန် နိုင်ငံရေးခေတ်တုန်းက နိုင်ငံရေးခေါင်းဆောင်ကောင်း တစ်ဦး ဖြစ်ခဲ့တယ်တဲ့၊ စီးပွား

www.burmeseclassic.com

ဥစ္စာလည်း ပြည့်စုံတယ်၊ ဗဟုသုတလည်း ကြွယ်ဝတယ်၊ ပါရမီပေါ့ကွာ၊ နိုင်ငံရေးသမားဘဝကနေ အချိန်တန်တော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလရဲ့ တရားတိပ်ခွေတွေကို ဟို ခေတ်က အကိုင်းဆိုတဲ့ ရီကော်ဒါအကြီးကြီး ဖွင့်ပြီး မအိပ်နိုင် မစားနိုင် တစိုက်မတ်မတ် နာကြားနေခဲ့တာတဲ့၊ နောက်တော့ အခြားသူတွေကို သိစေ၊ နာကြားစေချင်လွန်းလို့ အိမ်ရှေ့မှာ ညစဉ် ၇ နာရီတွင် မိုးကုတ်ဝိပဿနာတရားတော်များ နာကြားနိုင်ပါသည်လို့ ဆိုင်းဘုတ်လေး ချိတ်ခဲ့တယ်တဲ့။

အစပိုင်းတော့ တဖြည်းဖြည်း တရားနာသူတွေ များများလာပြီး တရားစခန်းလေးဖြစ်လာတာပေါ့၊ မိုးကုတ်ဆရာတော်ဘုရားကြီးက လူတိုင်းကို နားလည်သဘောပေါက်အောင် ရှင်းနေအောင် ဟောထားတာပါပဲ၊ ဒါပေမဲ့ တချို့အစိမ်းသက်သက် ဉာဏ်မရင့်သေးသူတွေက ဦးတင်အောင် ဘယ်နေရာလေးတော့ ရှင်းပြစမ်းပါဦးလို့ တောင်းဆိုကြရာက ဦးတင်အောင်က ထပ်ပြီး ဟောပြ ပြောပြသတဲ့။

ဆရာတော်ကြီးရဲ့ တရားတွေကို နှလုံးသားထဲအထိ အထပ်ထပ် နာကြားထားပြီး နိုင်ငံရေးသမားလည်း ဖြစ်ခဲ့တော့ အဟောအပြောက ကောင်း၊ အာဝဇ္ဇန်းကလည်း ရှင်၊ တရားနာသူတွေ တစ်စ တစ်စ များများလာတယ်၊ အဲဒါ ဆင်ဖြူကျွန်းမှာ မိုးကုတ်ဝိပဿနာအစပျိုး သန္ဓေတည်တာပဲပေါ့ကွာ။

နောက်တော့ သာသနာ့ဘောင်ဝင် ရဟန်းပြုသွားတယ်၊ မိုးကုတ်ဝိပဿနာဌာနချုပ်က ဥက္ကဋ္ဌကြီးနဲ့ ယောဂီအားလုံးက တညီထညွတ်တည်း ဆရာတော်ဦးဓမ္မသာရ (ဦးတင်အောင်) ကို အားကိုး ကြည်ညိုခဲ့ကြရတယ်၊ နောက်တော့ တစ်ပြည်လုံးပဲ။

ရန်ကုန်မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဌာနချုပ်မှာ ဆရာတော် ဦးဓမ္မသာရ (ဆင်ဖြူကျွန်း) ကမ္မဋ္ဌာနာ ဆရာတော်အဖြစ် တရားပြတဲ့ တရားစခန်းပွဲဆိုရင် တရားနာပရိသတ်ဓမ္မာရုံထဲပြည့်ပြည့်လျှံသွားတဲ့အပြင် ကားလမ်းပေါ်တွေအထိ လူတွေ၊ ကားတွေ ကြိတ်ကြိတ်တိုး အလုအယက် တရားနာလာကြတယ်တဲ့။

မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယအတိုင်း ဟောနိုင်တဲ့အပြင် တရားခံ၊ တရားထောက်အဖြစ် စန္ဒရားစိန်သောင်း ဆိုတဲ့မြန်မာ့အသံက ဝန်ထမ်းဟောင်း ဦးစိန်သောင်းနဲ့ တွဲမိလိုက်တဲ့အခါတွေမှာ တရားနာကြားကြရတဲ့သူတွေ အုတ်အော်သောင်းတင်း ဝိတိဖြစ်မဆုံး ဖြစ်ကြရတယ်တဲ့။

တစ်ခါကလည်း ဆင်ဖြူကျွန်း လျှပ်စစ်မီး အီးအက်စ်ဘီမှာ တာဝန်ကျနေတဲ့ မန်နေဂျာ ဦးပန်းငွေဆိုသူဟာ ဆရာတော် တရားကို နာကြားရပြီး ဝန်ကြီးလာတာနဲ့ ကြုံချိန် ပင်စင်ယူခွင့် တောင်းသတဲ့၊ ဝန်ကြီးက ငယ်ပါသေးတယ်၊ ကျန်းမာနေတာပဲ ပင်စင်မယူနဲ့ဦး ပြောတော့ ဦးပန်းငွေက 'အသေမဦးခင် ဉာဏ်ဦးမှ ဖြစ်မှာပါ ခင်ဗျ၊ အခုနေသေရင် အပါယ်ရောက်မှာ သေချာနေလို့ပါ၊ တရားအားထုတ်ချင်လို့ ပင်စင်ယူပါရစေ' ပြောတော့ ဝန်ကြီးက 'ကျုပ်လည်း အခုနေ သေရင် ခင်ဗျားလိုပဲ အပါယ်ကျမှာ သေချာတယ်၊ ကဲကဲ ပင်စင်ယူချင် ယူပါဗျာ' လို့ ဦးပန်းငွေ ပြောတာ သဘောကျပြီး ခွင့်ပြုလိုက်တယ်တဲ့၊ ဦးပန်းငွေဟာ လစာဝင်ငွေရာထူး စည်းစိမ်တွေလည်း 'ဓမက်'၊ မိသားစုအိုးအိမ်ကိုလည်း မခင်တွယ်တော့ဘဲ အခုထိ မကွေးမြို့မှာ တရားကိုဖဲ အားထုတ်နေတယ်တဲ့"

"အေးကွာ မင်းတို့ ငါတို့ ဆင်ဖြူကျွန်းဇာတိ ဆင်ဖြူကျွန်းသား စစ်စစ်ဖြစ်ပြီး ဆရာတော်ဦးဓမ္မသာရကို မသိမမီလိုက် မဖူးမြော်လိုက်ရတာ အတော်နာတယ်ကွာ"

"စိတ်မပျက်ပါနဲ့ သူငယ်ချင်း၊ ဆရာတော် တည်ထောင်ခဲ့တဲ့ မိုးကုတ်ရိပ်သာမှာ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ တရားတော်တွေရော၊ ဆရာတော်ဦးဓမ္မသာရရဲ့ တရားတော်တွေရော နာကြားနိုင်တယ်၊ အားထုတ်နိုင်တယ်၊ တပည့်ဖြစ်ကြတဲ့ ဆရာတော်တွေ၊ ယောဂီတွေကလည်း ဆက်ပြီး ထိန်းသိမ်းထားတယ်၊ ဆင်ဖြူကျွန်း မိုးကုတ်ရိပ်သာမှာ တရားစခန်းဝင်ရင် အစစပြည့်စုံတယ်၊ အင်း- သတိရလို့ လူကြီးတွေ ပြောပြတဲ့ ဆင်ဖြူကျွန်းက ပါရမီထူးသူ တစ်ယောက်အကြောင်း ငါပြန်ပြီး ဖောက်သည်ချရဦးမယ်။

ယိုး လွန်ခဲ့တဲ့ နှစ် ၅၀ကျော် ဓာတ်ပြား ဓာတ်စက်၊ ရေဒီယိုခေတ်က တည်းက ဘယ်နိုင်ငံမှ ပညာတော်သင် မသွားရဘဲ ဘယ်တက္ကသိုလ်တွေမှ မတက်ခဲ့ဘဲ အီလက်ထရွန်နစ်ပစ္စည်း၊ စက်ပစ္စည်းတွေကို မွေးရာပါ ဝါသနာနဲ့ နားလည် တတ်ကျွမ်းနေသူ တစ်ဦး ဆင်ဖြူကျွန်းမှာ ရှိသတဲ့။

သူဟာ့ ငယ်ငယ်လေးကတည်းက ကစားစရာအရုပ်လေးတွေကို ဖြုတ်ကြည့် တပ်ကြည့်တယ်၊ နာရီတွေ၊ ရေဒီယိုတွေ၊ မီးခြစ်က အစ စိတ်ဝင်စားပြီး ဖြုတ်ကြည့်၊ တပ်ကြည့် လေ့လာတယ်၊ ဒါကြောင့် မကြာခဏလည်း လူကြီးတွေ ရိုက်တာခံရတယ်၊ နောက်တော့ ဓာတ်ပြား၊ ဓာတ်စက်၊ ရီကော်ဒါ၊ ကက်ဆက်ပေါ် လာတော့လည်း လေ့လာတယ်၊ နောက်တော့ ပြင်တတ်၊ ဆင်တတ်၊ နားလည် တတ်ကျွမ်းလာတယ်၊ ကင်မရာနဲ့ ဓာတ်ပုံပညာတွေလည်း တတ်ကျွမ်းတယ်။

မိုးကုတ်ရိပ်သာကြီး ပေါ်ပေါက်လာတော့ ရိပ်သာမှာ တရားတော်တွေ ဖွင့်တဲ့စက်ခန်းမှာ စက်တွေနဲ့ ပျော်မွေ့နေတယ်၊ နှစ်တွေ ကြာလာတော့လည်း မိုးကုတ်ဆရာတော်ကြီးရဲ့ တရားတော်တွေ၊ ဆရာတော်ဦးဓမ္မသာရရဲ့ တရားတော်တွေ နှလုံးသားထဲ စွဲပြီး မှတ်မိလာတယ်၊ တရားတော်တွေ ရင်ထဲ ကိန်းဝပ်လာတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက် တီဗွီတွေ၊ ဗွီဒီယို တိပ်ခွေတွေ ပေါ်လာပြီး ဗွီစီဒီတွေ ဒီဗွီဒီတွေ ကွန်ပျူတာတွေ ပေါ်လာတော့လည်း အဲဒါတွေကို လေ့လာရင်း နားလည်တတ်ကျွမ်းလာတယ်၊ အဲဒီလို စက်တွေ အီလက်ထရွန်နစ်ပစ္စည်းတွေ နားလည်လာသလို တရားတော်တွေ မှတ်သားနာယူတာကလည်း ရင့်ကျက်လာတယ်။

ပါရမီကလည်းရှိ၊ ကုဿိုလ်က လည်းလူးဇော့် အရွယ်လေးရယာတဲ့ အခါ ဇနီးသားမယား အိုးအိမ်စည်းစိမ် အားလုံးကို စွန့်ပြီး ရဟန်းဘဝခဲ့ သာသနာ့ဘောင် ဝင်သွားတယ်၊ အခုထိ ဆင်ဖြူကျွန်း မိုးကုတ်ရိပ်သာထဲမှာ တရားအားထုတ် သာသနာပြုလျက် ရှိသတဲ့၊ ဘယ်လောက်အားကျဖို့ဖကောင်းသလဲ၊ အဲဒီ ဦးဇင်းနဲ့ ငယ်သူငယ်ချင်း ကျောင်းနေဖက်ဖြစ်တဲ့ ရေနံချောင်းက စာရေးဆရာဆိုတဲ့ လူကြီးတစ်ယောက်က ပြောပြတာကွ"

"အေး ဟုတ်တယ်၊ မကွေးမှာ ဘော်ဒါကျောင်းကြီး ဖွင့်ထားတဲ့ ငါတို့ ဆရာကြီး ဆရာဦးကြည်ဝင်းကလည်း ပြောပြဖူးတယ်ကွ၊ ပြီးတော့ သမဝါယမ ကျောင်းအုပ်ကြီး လုပ်သွားတဲ့ ဆင်ဖြူကျွန်းသားဆရာကြီးဦးမြင့်သိန်းကလည်း ပြောပြဖူးတယ်၊ ဆရာကြီးဦးမြင့်သိန်းဆိုရင် အခုပင်စင်ယူပြီးကတည်းက အိုးပစ်အိမ်ပစ် မင်းဘူး မိုးကုတ်ရိပ်သာမှာ တရား အားထုတ်ရင်း ရိပ်သာအမှုဆောင်လူကြီး လုပ်နေတယ် ကြားတယ်"

"နောက် ငါကြားဖူးတဲ့ ဆင်ဖြူကျွန်းသား ပါရမီရှင်တစ်ယောက် ရှိသေးတယ်ကွ၊ တို့ဆင်ဖြူကျွန်းမှာ ဟိုရှေးရှေးကတုည်းက လျှပ်စစ်မီး ရနေခဲ့တာတဲ့၊ မီးလာချိန်မှာ ဘယ်တော့မှ လည်း မီးမပျက်ခဲ့ဖူးတဲ့၊ လျှပ်စစ်မီးက ညနေ ၆ နာရီက မနက် ၆ နာရီထိ မီးပေးတာတဲ့၊ နေ့ဘက်တော့ မီးမရဘူး၊ အဲဒီအချိန်ကလည်း နေ့ဘက် လျှပ်စစ်မီး သုံးစရာ မရှိသလောက်ရှားတယ်လေကွာ၊ အဲဒီမှာ ဓာတ်ပုံဆိုင်တွေက ဓာတ်ပုံရိုက်တာ ဓာတ်ပုံကူးတာတွေ ဖြစ်အောင် လုပ်နိုင်ခဲ့ကြတယ်၊ ဟိုတုန်းက ဆေးရုံဆေးခန်း ဆရာဝန်တောင် မရှိခဲ့ဘူးတဲ့၊ အဲ့သြစရာပဲ။

ဆရာကြီးဦးထွန်းတင်တို့၊ ဆရာကြီးဦးဘရင်တို့ကို တစ်မြို့လုံး တစ်နယ်လုံး အားကိုးနေခဲ့ကြရတာ၊ ငါတို့ အမျိုးထဲက ဦးကြီးတစ်ယောက် သူငယ်ငယ်က ဆော့ရင်း ကစားရင်း ခေါင်းပေါက်တာ ဆရာဦးထွန်းတင်က သူ့ပေါင်ကြားထဲ ထိုင်ခိုင်းပြီး အစိမ်းချဉ်ချဉ် ဆေးထိုးဆေးတိုက်ကုခဲ့တာ အခုထိကောင်းလို့၊ လက်ကျိုးတုန်းကလည်း ဝါးခြမ်းပြားတွေနဲ့ ကျပ်စည်းပတ်တီးပတ် ကုပေးခဲ့တာတဲ့။

ငါတို့ ငယ်ငယ်က ဝင်းလိုက် ဓာတ်ပုံတိုက်ဆိုတာ နည်းနည်းမီလိုက်တယ်၊ ဝင်းသိဏ် ဓာတ်ပုံတိုက်တော့ မမီလိုက်ဘူး၊ အဲဒီ ဝင်းသိဏ် ဦးကိုကြီး ဆိုတာ ဓာတ်ပုံပညာ သိပ်တော်တာပဲတဲ့၊ အိမ်အမိုး အပေါက်ဖောက်ပြီး နေရောင်နဲ့ ဓာတ်ပုံရိုက် ဓာတ်ပုံကူးနိုင်ခဲ့တယ်၊ နောက်တော့ ရန်ကုန်တက်သွားပြီး ဝိုလ်ချွဲလမ်းမကြီးပေါ်မှာ ရန်ကုန်ဓာတ်ပုံဆိုင်တွေနဲ့အပြိုင် ဝင်းသိဏ် ဓာတ်ပုံတိုက်ကြီး ဖွင့်ခဲ့တာ သိပ်အောင်မြင်ခဲ့တယ်။

အဲဒီ ဝင်းသိဏ်ဓာတ်ပုံတိုက် ဦးကိုကြီးက ရန်ကုန်ရောက် ဆင်ဖြူကျွန်းသားတွေရဲ့ သာရေးနာရေးတွေကို ဦးဆောင်ပြီး ဆင်ဖြူကျွန်းအသင်းအနေနဲ့ ကူညီဆောင်ရွက်ပေးခဲ့တယ်၊ သူ့ကို ဆင်ဖြူကျွန်းသားတွေက ဝင်းသိဏ် မောင်ကိုကြီးလို့ ခေါ်ခဲ့ကြသတဲ့။

လွန်ခဲ့တဲ့ နှစ် (၅၀)ဝန်းကျင်ကတော့ ရန်ကုန်ရောက် ဆင်ဖြူကျွန်းသားတွေ အခုလောက်မများသေးဘူးပေါ့၊ ရန်ကုန် စီအမ်အေနုံးမှာ ဆင်ဖြူကျွန်းသားတွေများတယ်၊ ရေကြောင်းလုံး၊ ဧရာဝတီလုံးလို့ ခေါ်တဲ့ လုံးမှာလည်း ဆင်ဖြူကျွန်းသား မောင်ဗမာဦးမြင့်သိန်းဆိုတာ စာရေးကြီးတဲ့ကွ၊ အဆိုတော် ဓနုဖြူစိုးသိန်းတို့နဲ့ အပေါင်းအသင်းတွေနေတဲ့ ဆင်ဖြူကျွန်းအသင်းဆိုတာ ဟိုရှေးရှေးကတည်းက ရန်ကုန်မှာ ရှိခဲ့တယ်၊ နှစ်စဉ်လည်း နှစ်ပတ်လည်တွေ့ဆုံပွဲ အစည်းအဝေး လုပ်ခဲ့တာပဲတဲ့။

ဒါပေမဲ့ အခုခေတ် ရန်ကုန်က ဆင်ဖြူကျွန်းအသင်းကြီးလောက်တော့ မကြီးမား မခမ်းနားသေးဘူး၊ အခု ရန်ကုန်ရောက် ဆင်ဖြူကျွန်းသားတွေက လည်း များလာတယ်၊ အားလုံးကလည်း တက်တက်ကြွကြွ ပါဝင်လာကြသလို ဦးစီးဦးဆောင်လုပ်ကြတဲ့ အမှုဆောင်လူကြီးတွေကလည်း အနစ်နာခံကြ၊ အပင်ပန်းခံကြတယ်၊ တိုးတက်တဲ့ အမြင်တွေတဲ့လည်း ရှိကြတော့ နှစ်ပတ်လည် အစည်းအဝေးကြီးတွေကို နှစ်စဉ်စည်စည်ကားကား ကျင်းပနိုင်သလို နှစ်စဉ် ဆင်ဖြူကျွန်း မဂ္ဂဇင်း၊ ဆင်ဖြူကျွန်း ပြက္ခဒိန်တွေ ထုတ်နိုင်တော့ ဂုဏ်တင်တာပေါ့ကွာ။

သက်ကြီးပူဇော်ပွဲတွေ၊ ပညာရည်ချွန်ဆုပေးတာတွေ၊ စုပေါင်းဝါဆိုသင်္ကန်း ကထိန်သင်္ကန်းကပ်တာတွေ အပြင် ဆင်ဖြူကျွန်းသူ အမျိုးသားစာပေဆုရတာလဲ ဂုဏ်ပြုနိုင်တယ်၊ ပို့ပြီး ထူးခြားတာက ဆင်ဖြူကျွန်းအသင်းကြီး နှစ်ပတ်လည် ပွဲကျင်းပတာကို တီဗွီက နေ တစ်နိုင်လုံးကို တခမ်းတနား ရိုက်ပြတာတော့ အံ့သြဖို့ကျူးမိတယ်ကွာ။

ဆင်ဖြူကျွန်း မဂ္ဂဇင်းကြီးကို အဆင့်မြင့်မြင့် နှစ်စဉ်ထုတ်ပေးတော့ ဆင်ဖြူကျွန်းသားတွေ ကလောင်သွေးနိုင်ကြသလို တို့လို နောက်ပေါက်လူငယ်တွေ မသိသေးတဲ့ ဗဟုသုတတွေ၊ ဆင်ဖြူကျွန်း အကြောင်းတွေ ဖတ်ရတော့ သိပ်ပြီး အဖိုးတန်တာပဲ။

ငါက စာမရေးတတ်လို့ကွ၊ သိပ်ရေးချင်တာ နာယကကြီး ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းက ဆင်ဖြူကျွန်းသားတွေ ဆင်ဖြူကျွန်း အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

တွေ လေ့လာကြပါ၊ ရေးကြပါ၊ ရေးတဲ့ သူ နည်းနေတယ်လို့ ဆုံးမထားတယ်"

"ဆင်ဖြူကျွန်းသားကို ဆင်ဖြူကျွန်းသားက ဆင်ဖြူကျွန်း အကြောင်းတွေ ပြောနေတာတော့ တော်တော်စုံနေပါပြီ၊ ဒါပေမဲ့ ငါတို့ ငယ်သူငယ်ချင်း ကျောင်းနေဖက်တွေအကြောင်း ပြောစမ်းပါဦးကွ၊ ငါက ဝေးနေတာကြာပြီ"

"မင်းနဲ့သက်တူရွယ်တူ ကျောင်းနေဖက် ငယ်သူငယ်ချင်းတွေအကြောင်းက သိပ်ပြီး ထူးထူးခြားခြားမရှိလှပါဘူး၊ ဆင်ဖြူကျွန်းမှာ ငယ်ငယ်ကတည်းက ကျောင်းအတူနေခဲ့ကြတယ်၊ ကစားဖော်ကစားဖက် ငယ်သူငယ်ချင်းတွေပေါ့ကွာ၊ ဒါပေမဲ့ (၁၀)တန်းအောင်ကြတဲ့ အခါ တစ်ယောက်တက္ကစီ ဖြစ်ကုန်ကြတယ်။

တကယ်တော့ ၁၀ တန်းအောင်တယ်ဆိုတာ ဂုဏ်ယူစရာ ကောင်းပေမယ့် ဝမ်းသာစရာတော့ သိပ်မကောင်းဘူးကွ၊ မူလတန်းက အထက်တန်းထိ နှစ်ပေါင်းများစွာ မခွဲမခွာ အတူနေလာကြပြီး ၁၀ တန်း အောင်တော့ ခွဲကြရတယ်။

အဲဒီ ခွဲခွာရခြင်းဟာ ပေါ့ပေါ့ဆဆ တစ်ခဏလို့ ငါတို့ ထင်ခဲ့ကြတယ် မဟုတ်ဘူး သူငယ်ချင်း၊ အထက်တန်းကျောင်းသား ဘဝဟာ ဘဝအရေးလေးလေးနက်နက် မတွေးတတ်သေးငယ်သေးတော့ အပျော်ကြီး ပျော်ခဲ့ကြရတာယ်၊ အဲဒီနောက် ပျော်စရာတွေ ရှားပါးလာပြီး ခွဲခွာရခြင်းတွေဟာလည်း အတိုင်းအဆ မရှိနိုင်ကြဘူး၊ ၁၀ တန်းတွေအောင်ကြပြီးတဲ့နောက် တက္ကသိုလ်ဝင်ရောက်သူတွေသင်ကြ၊ အသက်မွေး ဝမ်းကျောင်းလိုင်းတွေ တက်ကြပြီး လုပ်ငန်းခွင်တွေကို အလုအယက် ဝင်ကြရတယ်။

အဲဒီနောက် အိမ်ထောင်သည်တွေ ဖြစ်ကြ၊ ဘဝတွေတည်ဆောက်ကြ၊ ရန်းတန်းကြနဲ့ သားသမီးတွေရ၊ စီးပွားရေးသမား ဖြစ်သွားသူတွေကလည်း စီးပွားတိုးတက်ရေးလိုက်ကြနဲ့ မအားကြတော့ဘူး၊ နောက်တော့ အိုကုန်ကြပြီ၊ နာကုန်ကြပြီ၊ တချို့ သေကုန်ကြပြီ။

အဲဒီတော့ ၁၀တန်းအောင်ခြင်းဟာ ဂုဏ်ယူစရာကောင်းပေမယ့် ငါ့အနေနဲ့ကတော့ သိပ်ဝမ်းသာစရာမကောင်းလှဘူး၊ ခွဲခွာကြရလို့ ဝေးကြရလို့ပေါ့၊ တချို့ဆို စိတ်နေစိတ်ထားတွေ တောင် ပြောင်းသွားကြတာ ရှိတယ်၊ သဘာဝတရား သခ်ါရတရားလို့ပဲ ဆိုပါတော့ကွာ၊ သိပ်တော့ မထူးဆန်းလှပါဘူး။

အဲ- ဒါပေမဲ့ စိတ်ဝင်စားစရာကောင်းပြီး ထူးဆန်းတဲ့ကောင် တစ်ယောက်တော့ ရှိတယ်ကွ၊ တို့ ငယ်သူငယ်ချင်းတွေထဲက စည်သူဆိုတဲ့ကောင်လေ၊ ကျောင်းနာမည်အရင်းက မင်းစည်သူတဲ့၊ တို့ကတော့ ငယ်ငယ်တည်းက နှုတ်ကျိုးနေတော့ စည်သူလို့ပဲ ခေါ်ကြတယ်"

"အေး ဟုတ်တယ်လေ၊ ငါနဲ့လည်း သူငယ်တန်းကတည်းကကျောင်းနေဖက် ငယ်သူငယ်ချင်းပဲ၊ ဒီကောင် ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲကွ၊ ငယ်ငယ်ကတော့ တို့လည်း ဘာမှမသိပါဘူး၊ သူနာမည် မင်းစည်သူ၊ စည်သူဆိုတာ ပညတ်သွားရာ ဂုဏ်သတ်ပါဆိုတာမျိုး ဖြစ်သွားသလား မသိဘူး၊ ဒီကောင့် အကြောင်းက တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်၊ ယုံရခက် မယုံရအခက်၊ ထူးတော့ ထူးဆန်းတယ်ကွ၊ အံ့သြဖို့လည်း ကောင်းတယ်။

အခုလို သိပ်ပြီးတိုးတက်နေတဲ့ သိပ္ပံခေတ်ကြီးမှာ ခေတ်လူငယ်လည်း ဖြစ်တဲ့ တို့သူငယ်ချင်း စည်သူအဖြစ်ဟာ မယုံနိုင်စရာပဲ၊ ပြီးတော့ စည်သူနဲ့ ဆက်နွယ်ပတ်သက်တဲ့ဆူတွေမှာလည်း အံ့သြစရာ ထူးဆန်းတဲ့ အဖြစ်တွေ ရှိနေတယ်။

အစော ဆိုတာလည်း တို့ငယ်သူငယ်ချင်းပဲလေ၊ အစောကလည်း နာမည်ကြောင့်ပဲလား မသိပါဘူး၊ ဟိုး နှစ်ပေါင်းများစွာ လွှေက အဖြစ်တွေနဲ့ ဆက်စပ်နေပြန်တယ်၊ ခက်တော့လည်း ခက်တယ်ကွာ၊ ဒီနေ့ ကမ္ဘာကြီး သိပ္ပံပညာတွေ ဘယ်လောက်ပဲ ခေတ်မီတိုးတက်နေပေမယ့် မမြင်နိုင် မသိနိုင်သေးတဲ့ မယုံနိုင်စရာ အံ့သြစရာတွေ အများကြီးရှိနေသေးတယ်။

ခက်တာက သုံးဆယ့်တစ်ဘုံ ကျင်လည်နေကြတဲ့သူတွေဟာ ဘဝသံသရာတွေ ရှည်ခဲ့ကြတယ်၊ ဘဝပေါင်းများစွာ သံသရာက မကြုံဖူး မဆုံဖူး၊ မတော်စပ်ဖူးသူရယ်လို့ မရှိကြဘူး၊ အဖန်ဖန်မွေး၊ အဖန်ဖန် သေခဲ့ရတဲ့ ဘဝသံသရာကြီးထဲမှာ အခု ငါတို့ သူငယ်ချင်း စည်သူနဲ့ အစောတို့ အဖြစ်က အတော်ကို စိတ်ဝင်စားစရာ မယုံနိုင်စရာပဲ၊ ငါတို့ကသာ သူငယ်ချင်းတွေမို့ စည်သူ၊ အစောလို့ နှုတ်ကျိုးပြီး ခေါ်နေကြတာ၊ သူတို့ မိဘတွေပေးထားတဲ့ ကျောင်းနာမည် အရင်းတွေက မင်းစည်သူ၊ စောခရာ မဟုတ်လား၊ ဒီအထဲ စည်သူနဲ့ ပတ်သက်လာတဲ့ မမန္တယ်ဆိုသူကလည်း ရေနံချောင်းက ရောက်လာတာကွ၊ သူနာမည်အရင်းကလည်း မြနန်းနွယ်တဲ့၊ အဲဒီနာမည်တွေကြောင့် များလား မသိပါဘူးကွာ"

"မင်းပြောမှပဲ ငါလည်း စည်သူအကြောင်း စိတ်ဝင်စားလာတယ်၊ ဆက်ပြောစမ်းပါဦး"

"စည်သူဆိုတဲ့ကောင်က ငယ်ငယ်ကတည်းက ခရီးသွားရတာကို သိပ်ပျော်တဲ့ကောင်ကွ၊ ဒီကောင်ကပဲ အမြဲဦးဆောင်ပြီး သူငယ်ချင်းတွေ စုစုပြုံး ခရီးသွားကြတယ်လေကွာ၊ ရွှေစက်တော်ဘုရားလည်း နှစ်စဉ်ရောက်တယ်၊ ဆွောက်က အေးစေတီဘုရားပွဲ၊ သီတင်းကျွတ် ကျောင်းဝိတ် မတွေးမြဲသလွန်ဘုရားပွဲ၊ ပုပ္ပါး ပုဂံ ညောင်ဦး၊ ငါးမျက်နှာ ဖောင်တော်ဦး တစ်သုတ်ကြီးတင်သွားကြတာ စုံနေတာပဲ။

လူကြီးတွေ ပြောပြလို့ ငါလည်း ကြားဖူးတာပဲ၊ စည်သူ မိဘတွေက

www.burmeseclassic.com

www.burmeseclassic.com

ဆွေကြီးမျိုးကြီး မင်းဆွေ မင်းမျိုး အနွယ် တော်တွေ ဆိုပဲကွ၊ အခုထိ ရန်ကုန်၊ မန္တလေးမှာ ဆွေမျိုးတွေ ရှိတယ်တဲ့၊ အစော မိဘတွေကလည်း တကောင်းမျိုးဆိုလား ဘာလား၊ ဆွေကြီး မျိုးကြီး ချမ်းသာကြတယ်၊ အစော မိဘတွေက အစောကို စောခရာလို့ နာမည်ပေးခဲ့တာလည်း အကြောင်းရှိသတဲ့ကွ။

အစော အဖေနဲ့ အမေ လူငယ်ချစ်သူတွေဘဝ နှစ်ဖက် မိဘတွေက အပြန် အလှန် သဘောမတူဖြစ်ကြပြဿနာဖြစ်ကြတယ်၊ အစော မိဘတွေ အိမ်ထောင်ကျစက စီးပွားရေးလည်း အဆင်မပြေကြဘူးတဲ့၊ အစောကိုမွေးတဲ့ အချိန်ကစပြီး စီးပွားရေးလည်း အဆင်ပြေ၊ နှစ်ဖက်မိဘတွေလည်း သဘောတူ အဆင်ပြေကြ၊ မြေးဦးဖြစ်တဲ့ အစောကို နှစ်ဖက် အဘိုး၊ အဘွားတွေ အလုအယက် ချစ်ကြတာပေါ့ကွာ။ အစစ အရာရာ ဒီသမီးလေးဟာ အခရာကျတယ်လို့ သူ့အဖေက သဘောပေါက်ပြီး နာမည်ပေးတဲ့အခါ အဂီါသမီးလေးမို့ စောခရာလို့ နာမည်ပေးခဲ့တာတဲ့။

စည်သူနဲ့ အစောဟာ ကျောင်းနေဖက် ငယ်သူငယ်ချင်းတွေ ဖြစ်ကြပေမဲ့ အရွယ်ရောက်လာတော့ မိတ်ဆွေအပေါင်းအသင်းဖြစ်ရာက စိတ်အနေပြောင်းပြီး ချစ်သွားကြတယ်ပေါ့ကွာ၊ တစ်ယောက်ကို တစ်ယောက် အတော်ကို သံယောဇဉ်ကြီးကြတယ်၊ အစောက ပညာရေးလည်း ထူးချွန်တယ်၊ ထက်လည်းထက်တာ မင်းအသိပဲ။

ပြီးတော့ အစောက သိပ်လှတယ်၊ တစ်ကျောင်းလုံး တစ်မြို့လုံးမှာ အလှဆုံးပဲ၊ အစောရဲ့ အလှက တို့အညာမှာ တော်တော်ထူးခြားတဲ့အလှကွ၊ နှာတံ သိပ်ပေါ်တယ်၊ အလှဆုံးက မျက်လုံးပဲ၊ မျက်ခုံးက နက်မှောင်သွယ်တန်းပြီးတော့ မျက်လုံးလေးက ဝိုင်းစက်နေတာပဲ၊ မျက်တောင်လေးက ရှည်ပြီး ကော့နေတယ်၊ အစောရဲ့ မျက်လုံးအကြည့်က ကရုဏာအကြည့်၊ အဲဒီ ကရုဏာအကြည့် သမုဒယအကြည့် ကြောင့်ပဲ စည်သူမှာ အကြည့်ချင်းဆုံ၊ ရင်တွေခုန်ခဲ့တာ နေမှာပေါ့ကွာ၊ အစောရဲ့ မျက်လုံးအလှဟာ တို့အညာသူ ဗမာမျက်လုံးအလှမျိုး မဟုတ်ဘူး၊ အိန္ဒိယမင်းသမီး မျက်လုံးအလှမျိုး။

ငယ်ငယ်ကတည်းက စည်သူရော၊ အစောရော ငါးမျက်နှာဘုရားသွားကြရင် ငါးမျက်နှာကန်ကြီးနားကန်ပေါင်ပေါ်မှာ ရေပြင်နဲ့ ကြာတွေ ငေးကြည့်နေကြပြီး စကားမပြောနိုင်ကြ၊ စိတ်ထိခိုက် ကြေကွဲကြ၊ ဝမ်းနည်းကြ၊ လွမ်းဆွေးကြသတဲ့၊ အစောကဆိုရင် ကန်ရေပြင်ကြည့်ပြီး မျက်ရည်တွေကျ ငိုရသတဲ့။

ငါးမျက်နှာဘုရားနားက ငါးမျက်နှာကန်ကြီးထဲမှာ အခုထိ ထန်းပင်ပျို တစ်ပင်၊ ညောင်ပင်အို တစ်ပင်နဲ့ အုတ်စီအုတ်ရိုးပျက် ကုန်းမို့မို့နေရာလေး တွေ့ရတယ်၊ အဲဒါက ကုလားမြို့ပ်ဘုရားစေတီနေရာပေါ့၊ ကုလားမြို့ပ်ဘုရားစေတီ ဆိုတာကလည်း ရင်နင့်စရာ ကောင်းတဲ့ အတိတ်က ပုံပြင်ဆန်ဆန် ဒဏ္ဍာရီဆန်ဆန် လွမ်းစရာသမိုင်းကြောင်းနဲ့ သမုဒယဇာတ်လမ်းအထောက်အထားတွေ ရှိခဲ့တယ်။

အဲစောနဲ့ စည်သူတို့နှစ်ယောက်လုံးက ဒီနေရာရောက်ရင် သူတို့ဟာ ဟိုရှေးအတိတ်ဘဝက ဒီနေရာနဲ့ သူတို့နှစ်ယောက် ပတ်သက်ခဲ့ကြတယ်လို့ ခံစားယုံကြည်ကြတယ်၊ အဲဒီကုလားမြို့ပ်ဘုရား လွမ်းစေတီအကြောင်း မင်းမသီသေးရင် ငါပြောပြမယ်၊ ငါလည်း သူတို့နဲ့ ပတ်သက်ပြီးတော့မှ ဒီဘုရားသမိုင်းလေ့လာဖြစ်တာကွ။

ငါးမျက်နှာဘုရားကို ထည်တဲ့ ဒကာကတော့ အသောကမင်းကြီးပဲ၊ ကျန်စစ်မင်းကြီး မြေးတော်ဖြစ်တဲ့ အလောင်းစည်သူမင်းကြီး (အေဒီ ၁၁၁၂-၁၁၆၇) ဖောင်စကြာနဲ့သွားရင်း ကျပင်းမြို့ဦး ရတနာဂီရိတောင်ခြေရောက်ခဲ့တယ်၊ အသောကမင်းကြီး တည်ထားတဲ့ မုဋ္ဌောစေတီဖူးတွေ့ရပြီး လေးပွင့်သော ကြာပဒုံနဲ့ ကြာတစ်ဝုံတစ်မုဟုတ်ချင်း မြေက ပေါက်လာလို့ ထူးခြားတဲ့ အတိတ်နိမိတ်အရ ရတနာဂီရိတောင်ထက် ကွန်းထောက်တဲ့ နန်းချပြီး မုဋ္ဌောစေတီကို ငုံပြီး မုခ်ငါးမုခ်နဲ့ ငါးမျက်နှာစေတီတော်ကြီးကို တည်ထားတော်မူလိုက်တယ်။

အဲဒီအချိန်မှာပဲ ဝေသာလီပြည်မှာ တရားပျက်တဲ့မင်းက ပြည်သူဥစ္စာတွေကို မတရားသိမ်း၊ မိန်းမငယ်တွေကို အဓမ္မဖျက်ဆီးနေလို့ ဘဝါနဲ့ စောခရာဆိုတဲ့ ကုလားမောင်နှမဟာ ဝေသာလီက ထွက်ပြေးလာကြတယ်၊ စောခရာဆိုတာကလည်း မင်းပေါက်အောင် လှရွာလွန်းတာကြောင့် တောင်ညာစံအတင်မခံရခင် မောင်နှမနှစ်ယောက် ထွက်ပြေးလာတာ ကျပင်းအရပ်ကို ရောက်နေကြတယ်။

ခရီးလှည့်ရာက မြို့ကျပင်းကို ရောက်လာတဲ့ အလောင်းစည်သူမင်းကလည်း အသွင်တစ်မျိုးနဲ့ အလှထူးနေတဲ့ စောခရာကိုတွေ့တော့ မေတ္တာသက်ဝင်ချစ်ခင်မိတယ်၊ စောခရာကလည်း ဘဝဘဝက ရေစက် ပါရမီတွေကြောင့် အလောင်းစည်သူကို သံယောဇဉ် ဖြစ်မိတယ်၊ စောခရာနဲ့ မင်းစည်သူတို့ သမုဒယ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်။

အဲဒီအချိန်ကာလ ကတည်းက ဒီမိုကရေစီ ထွန်းကားခဲ့တယ် ထင်ပါတယ်၊ အလောင်းစည်သူမင်းဟာ ငါဘုရင်ပဲဆိုပြီး သူ့သဘောနဲ့သူ ထင်မိထင်ရာမလုပ်ခဲ့ဘူး၊ မဆုံးဖြတ်ခဲ့ဘူး၊ မှူးမတ် ပုဏ္ဏား ပုရောဟိတ်တွေနဲ့ တိုင်ပင် ဆွေးနွေးခဲ့တယ်။

စောခရာကို နှစ်သက်မြတ်နိုးလို့ မိဖုရားတင်မြှောက်ချင်ပေမယ့် အများသဘောဆန္ဒကို ရယူခဲ့တယ်၊ ဒါဟာ ဒီမိုကရေစီပဲကွ၊ ဒီမိုကရေစီဆိုတာ ဘုရား ပွင့်တော်မမူမီ ဘုရားလောင်း ဝေဿန္တရာမင်းကြီးလက်ထက်ကတည်းက ဖြစ်ထွန်းခဲ့တယ်လို့ ငါဆင်ခြင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်လို့လဲဆိုတော့ ပြည်သူ့ပိုင် အများပိုင်ဆိုင်တဲ့ ဆင်ဖြူတော်ကြီးကို ဘုရားလောင်း ဝေဿန္တရာမင်းကြီးက သူ့သဘောဆန္ဒနဲ့ ပေးလှူခဲ့တယ်၊ ပြည်သူတွေ မကျေနပ်ကြတော့ ဆန္ဒပြကြရာက ဝေဿန္တရာမင်းကြီးနဲ့ မိသားစု ဝင်္ကပါတောင်ကို နယ်နှင်ဒဏ် အပေးခံရတယ်၊ အဲဒါ ဒီမိုကရေစီပဲ။

အလောင်းစည်သူမင်းကြီးက စောခရာကို ချစ်လို့ မိဖုရားမြောက်ချင်ပေမယ့် မှူးမတ် ပုဏ္ဏား ပုရောဟိတ်တို့ သဘောမတူဘဲ ကန့်ကွက်ကြတယ်၊ ဒီတော့ အလောင်းစည်သူမင်းကြီးက စောခရာကို မယူဘူး၊ သူ့ရင်ထဲ မှာတော့ အလွမ်းဝေဒနာခံစားရမှာပေါ့။

ဒီတော့ စောခရာဟာ အချစ်စိတ်က ပြင်းထန်၊ ထက်ကလည်းထက်၊ အရှက်ကလည်း ကြီးတာကြောင့် သူ့ခေါင်းမှာ ထိုးထားတဲ့ ဆံထိုးနဲ့ သူ့လည်မျိုကို ထိုးပြီး အသက်ဆုံးစီရင်လိုက်သတဲ့၊ ဒီနေရာမှာ ဇာတ်စုံဆရာ ဇာတ်ချင်းစာပေ ပညာရှင် ကျပင်းဆရာဖီးက ဇာတ်ချင်းနဲ့ မှတ်တမ်းတင်ခဲ့တာလေးက . . .

'စောခရာသေလို့ အစ်ကိုဖြစ်သူ ဘာဝါ အကြောင်းနဲ့ ငါးမျက်နှာကန်က ကုလားမြို့ပဲဘုရား လွမ်းစေတီကို သေလျှင်မကြာ ဘောဝါရှည်မကြာခင် ကံကြမ္မာ ကင်းစေတော့ရယ်လို့ တစ်ချက်တည်း လှုံ့ထောင်ခါ နံစောင်ကို တင်ခါထောက်လိုက်ပါ၊ ရှေ့နဲ့နောက် မရှည်မကြာ ဒီနှစ်ဖြာ ခန္ဓာစဲလို့မို့ ဥပပါတ်သန္ဓေနေတဲ့ တစ္ဆေပြည်ပြည် အပါယ်ရွာသို့ မဖယ်သာကျလို့မို့ ထောက်ဆကြောင်နာ မည်သာတာ ကမ္ဘာ့ရန်ဘက်ကြောင့်နှင့်ကြွက်လို ပုံအခွင့် ဥပဒေထွက်သည်မှာ၊ ရက်စက်စွန့်စား သေဝံ့အားနဲ့ ကုလားမိခရာ၊ ဓမ္မသောက ထည်ထားခဲ့သော ဘုရားငါးဆူ တောင်ထန်းအလယ်တွင်၊ ကန့်လယ်အတွင်း ရွှေငွေပေါင်းလောင်းနှစ်စင်း၊ ထည့်သွင်းထားသော ပစ္စည်းစုကို သုံးလှုမြတ်စွာ၊ မိတေယျာ ရတနာပလ္လင်ကဲ့ကော်ရိပ်နန်း ဘိသိက်မြန်းတဲ့ လေးခန်းကို မြင်တော့မှ အဆင့်ဆင့် ကျောင်းတော်ဆောက်ရန်ပို့ မပျောက်အောင် နှင်တို့ ထိန်းကြလို့ အစိမ်းသေမောင်နှမ ဒုတိယအဓိန့်တော်ပြန်သတဲ့' လို့ စာစီခဲ့တယ်ကွ။

စောခရာ သူလည်ပင်းကို ဆံထိုးနဲ့ထိုးပြီး သတ်သေလိုက်တော့ အစ်ကို ဖြစ်သူ ဘာဝါလည်း နံစောင်းကို လှုံ့ထောက်ပြီး ဖိချလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်၊ ဒီအစိမ်းသေ မောင်နှမကို အလောင်းစည်သူမင်းကြီးက ငါးမျက်နှာကန်လယ်မှာ ရွှေငွေတွေ နှစ်လှေစာမြှုပ်လို့ လွမ်းစေတီတည်ပြီး နောင်ပွင့်လတ္တံ့သော ဘုရားလက်ထက် ကျောင်းဆောက်လှူဒါန်းရန် ဌာပနာတယ်။

အစိမ်းသေ စောခရာ၊ ဘာဝါ မောင်နှမ ဥစ္စာစောင့်ဖြစ်ရရှာတယ်ပေါ့ကွာ၊ ဒါက နှစ်ပေါင်းများစွာ အတိတ်ဘဝက ဒဏ္ဍာရီပုံပြင်ဆန်တဲ့ သမိုင်းဖြစ်ရပ် သမုဒယ အလွမ်းဇာတ်ပေါ့၊ အလောင်းစည်သူရဲ့ မြေးတော် နရပတိစည်သူ (၅၃၆-၅၇၃) (၁၁၇၄-၁၂၁၁) ကလည်း ငါးမျက်နှာဘုရား မွမ်းမံတော်မူခဲ့ပြန်တယ်။

အလောင်းစည်သူ၊ နရပတိစည်သူ ဆိုတော့ စည်သူဆိုတဲ့ အမည်က ငါးမျက်နှာဘုရားသမိုင်းမှာ ဒီအမည် အရေးပါတယ်၊ အခု ငါတို့သူငယ်ချင်း စည်သူကလည်း ငါးမျက်နှာဘုရား ရောက်တိုင်း ကန်လယ်က ဘုရားကို ငေးငိုင်ကြည့်ကြည့်ပြီး မျက်ရည်တွေ ကျတယ်။

ဒီလိုပဲ စည်သူရဲ့ ချစ်သူ တို့သူငယ်ချင်း အစော၊ စောခရာကလည်း ဒီစေတီပျက်ကို ကြည့်ပြီး ငိုပွဲဆင်တယ်၊ အတိတ်က အလောင်းစည်သူမင်းနဲ့ စောခရာတို့ ချစ်သူဖြစ်ခဲ့ကြတယ်၊ အခု ဘဝမှာ တို့သူငယ်ချင်းတွေဖြစ်တဲ့ မင်း စည်သူ၊ စည်သူနဲ့ အစော၊ စောခရာတို့လည်း ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ ဒီအရပ် ဒီဒေသမှာပဲ။

အဲဒါက တိုက်ဆိုင်တာလား၊ နာမည်တွေကြောင့်လား၊ ဘဝ ဘဝ သံသရာ အဆက်ဆက်ကြောင့်လား၊ စိတ်ကူးယဉ် အိပ်မက်ဆန်တာလား၊ ငါတော့ မဝေခွဲတတ်ဘူး၊ ဖြစ်ရပ်ကတော့ သမုဒယအလွမ်းဝေရတဲ့ အခြေအနေတွေ၊ စည်သူနဲ့ အစောတို့ကိုလည်း နှစ်ဖက်မိဘတွေက ဝုန်းတု ဝုန်းပြိုင် မှာနတွေနဲ့ကြောင့် သဘောမတူဘူး။

ဒီဇာတ်လမ်းထဲမှာ အလောင်းစည်သူနဲ့ ပတ်သက်တဲ့အဖြစ်က ထပ်တိုးလာပြန်သေးတယ်၊ စည်သူ ၁၀ တန်းနှစ်မှာ ရေနံချောင်းက သူတို့နဲ့ ဆွေမကင်း မျိုးမကင်း မမန္တယ် ဆိုတာ စည်သူတို့အိမ် ရောက်လာတယ်၊ ဒါကလည်း စည်သူမိဘတွေက ခေါ်လိုက်တာ၊ ဆင့်ဖြူကျွန်း စျေးကြီးထဲမှာ အထည်ဆိုင်ကြီး ဖွင့်ပေးပြီး နေမှာ အထည်ရောင်း၊ ညာဘက် စည်သူ့ကို စာပြပေးခိုင်းတယ်။

မမန္တယ်လို့ခေါ်တဲ့ မြနန်းနွယ်က အမ်အက်စ်စီ မဟာသိပ္ပံဘွဲ့ရပြီးသားတဲ့၊ ရေနံတွင်းစားမျိုးနွယ်ထဲကပဲ၊ မမန္တယ်ကလည်း စည်သူ့ကို သံယောဇဉ် ဖြစ်လာတယ်၊ တစ်အိမ်တည်း အတူနေအနေနီးစပ်တယ်၊ မမန္တယ်က စည်သူ့ကို အလိုလိုက်ပြီး ကြင်ကြင်နာနာပြုစုတယ်၊ စည်သူချစ်တာက စောခရာ၊ အစော။

ဒါပေမဲ့လည်း မမန္တယ် ဆိုတဲ့ မြနန်းနွယ်ကိုလည်း သံယောဇဉ် မကင်းပါဘူး၊ ဒါတွေကို အစော သိတော့ အတော်လေး ခံစားရတယ်၊ ဒါကြောင့် အပြင်းအထန် စာကြိုးစားတယ်၊ စည်သူ့ကို မေ့နိုင်ပုန်းနိုင်အောင် ကျောင်းစာထဲ စိတ်ကို နှစ်မြှုပ်ထားတယ်၊ ဒဲ့ကြောင့် တို့သူငယ်ချင်း အစော ဝုန်းထူးတွေ အများကြီးနဲ့ ဆေးကျောင်းတက်ရတယ်၊ အခု ဆရာဝန်မကြီး ဖြစ်နေပြီ။

စည်သူနဲ့ မမန္တယ်၊ မြနန်းနွယ် အကြောင်း ပြောရဦးမယ်၊ မမန္တယ်

www.burmeseclassic.com

www.burmeseclassic.com

ကလည်း ငယ်စဉ်ကတည်းက သူ့ရင်ထဲ စိတ်ထဲမှာ မမြင်ဖူး၊ မတွေ့ဖူးတဲ့ စည်သူဆိုတဲ့ ချစ်သူကို တမ်းတနေခဲ့တာဆိုပဲ၊ စိတ္တဇဆန်ဆန် စိတ်ကူးဆန်တယ် ပြောရမလားပဲ၊ စည်သူ့ကို ထွေ့တွေ့ချင်း မမန္တယ် အရမ်းကို ကြည်နူးဝမ်းသာသွားပြီး သံယောဇဉ် ကြီးမိတော့တာပဲတဲ့။

ဒါကလည်း ရှေးဖြစ် နောက်ကြောင်း သမိုင်းက ရှိဆိုပဲ၊ ရေနံချောင်းသူ မြနန်းနွယ်၊ မမန္တယ်က စည်သူ့ကို ပြောပြတာတဲ့၊ ပုပွါးစောရဟန်းမင်းဖြို့ကြွင်းသက္ကရာဇ် ၂၆၈ ခု၊ ပုဂံပြည်မှာ တန်နက်မင်းကို လုပ်ကြံလို့ စလေမင်းခွေး နန်းတက်ချိန် တန်နက်မင်းရဲ့ မိဖုရားကြီးဟာ ပဋိသန္ဓေလွယ်လျက် ဆွေတော်မျိုးတော်တွေနဲ့ ထွက်ပြေးလာရတဲ့အခါ ကမ္ဘာ့ရွာကို ရောက်ခဲ့ကြတယ်။

ကံကောင်းထောက်မလို့ ဒီအရပ်ကို ရောက်ရလေတယ်လို့ အစွဲပြုပြီး ကမ္ဘာ့ရွာလို့ အမည်တွင်တယ်၊ မိဖုရားကြီးရဲ့ ဆွေတော်မျိုးတော် (၁၂)စုတို့က ဆိပ်သာကွန်းထောက်မြို့မှာ နေထိုင်ကြပြီး မိဖုရားကြီးကတော့ ကြောင်ဖြူအရပ်မှာ သွားရောက်နေတော်မူတယ်။

ဆွေတော် မျိုးတော် ယောကျ်ားသား (၁၂)ဦးတို့ တောလည်သွားကြရင်း ပျားကြီးတောင်ကို တွေ့ရာက တောအတွင်းမှာ သဘာဝ သယံဇာတ အင်မတန် မွေးတဲ့ နံ့သာမြေဆီတွေ စိမ့်ထွက်စီးဆင်းနေတာ တွေ့ကြရတယ်၊ ဆိပ်သာကွန်းထောက် မြို့သူကြီးဆီမှာ မြေတိုင်စာခံပြီး နံ့သာမြေဆီတွေ ရောင်းချ စားသောက်နေကြတယ်။

အနော်ရထာမင်း လက်တက် ပေထက်အက္ခရာ ပိဋကတ်တော်တွေကို သုတ်လိမ်းပူဇော်ဖို့ ဆိပ်သာကွန်းထောက်မြို့က နံ့သာမြေဆီတွေ ဆက်သွင်းစေခဲ့တယ်၊ နံ့သာမြေဆီ ဆက်သွင်းကြတဲ့ တွင်းစားရိုးအကြီးပြုသူကို တွင်းသူကြီးခန့်ထားပြီး နေမျိုးသမန္တဘွဲ့ပေးချီးမြှင့်တော်မူတယ်၊ တွင်းခေါင်းရိုး တစ်ဦး တွင်းဆော်ရိုးတစ်ဦး ခန့်ထားခဲ့တယ်တဲ့။

(၂၀)ဦး သားတို့ကို တွင်းစားရိုး တွင်စေပြီး (၁၄) အိမ်ထောင်သားမြေးတို့ကို တွင်းစားလို့ တွင်စေခဲ့တယ်၊ အခုတိုင် ရေနံချောင်းမှာ တွင်ရိုး၊ တွင်းစား ဆွေတော်မျိုးတော်တွေ ရှိနေကြပြီး စနေနံ့ဘုရားအနီးမှာ တွင်းကြီး မင်းစုရပ်လို့ ရှိနေသေးတယ်၊ အနော်ရထာ လက်ထက်မှာ ဆိပ်သာကွန်းထောက်မြို့ကို ရေနံ့သာမြို့ရယ်လို့ ပြောင်းလဲ ခေါ်ခဲ့တယ်။

အလောင်းစည်သူမင်း လက်ထက် တိုင်းခန်းလှည့်လည်ရာမှာ ရေနံ့သာမြို့ကို ရောက်လာတယ်၊ စနေနံ့စေတီတော်မြတ်ကြီးကို အထူးမွမ်းမံပြင်ဆင်လှူဒါန်းပြီး ပူဇော်ကန်တော့ခဲ့တယ်၊ မိဖုရားရဲ့အရံ နောက်ပါတို့ဟာ လှည့်လည်ကြည့်ကြရင်း တွင်းမတော်အရပ်မှာ နံ့သာမြေဆီတွင်းကို တွေ့ကြပြီး အလွန်မွေ့ဆဲ့ မြေဆီတွေနားက မခွဲနိုင်မခွာရက်ဖြစ်ကြပြီး ပျော်ရွှင်မြူးထူးနေကြတယ်။

အလောင်းစည်သူမင်းကြီးထံ အခစားလစ်ဟင်းပျက်ကွက်ကြတာပေါ့၊ အလောင်းစည်သူမင်းဟာ အမျက်တော်ရှ ဒေါသထွက်တော်မူခဲ့တယ်၊ တကယ်တော့ မင်းကြီးဟာ အချစ်ကြီးတတ်သူဖြစ်ပြီး သူ့ထက်ပိုလို့ သံယောဇဉ်ဖြစ်မှာ တွယ်တာသွားမှာကို မလိုလားဘူး၊ ဘာပဲဖြစ်ဖြစ် အချစ်ကြီးတော့ အမျက်ကြီးတယ်၊ သဝန်တိုတယ်၊ ဒီအချစ်စိတ် ဒေါသစိတ်ကြောင့်ပဲ မိဖုရားတွေကို အဆုံးစီရင်ဖို့ အမိန့်ပေးလိုက်တယ်။

တကယ်တော့ မိဖုရားတွေဟာ အလောင်းစည်သူမင်းအပေါ် သံယောဇဉ် ကြီးကြ ချစ်ခင်မြတ်နိုးကြပါတယ်၊ မိန်းမသားတွေဆိုတာ အင်မတန် မွေးပျံ့ထုံသင်း ရနံ့ကြိုင်သင်းတဲ့ မြေဆီကို မမြင်ဖူး မတွေ့ဖူးတော့ အထူးကို နှစ်သက်မိကြတယ်၊ ခုခေတ် ခုအခါ မိန်းမသားတွေ ရေမွေး မိတ်ကပ် ပေါင်ဒါကို သဘောကျကြသလိုပေါ့၊ မိဖုရားတွေကို အဆုံးစီရင် ကွပ်မျက်ခါနီးမှာ ဒီနံ့သာမြေဆီကို စွဲလမ်းနှစ်သက်မိလို့ အသက်သေကြရတော့မယ်လို့ နံ့သာမြေဆီကို စိတ်နာပြီး မိဖုရားခုနစ်ဖော်နဲ့ မောင်တော်တို့ဟာ စိတ်နာနာနဲ့ သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ကြသတဲ့။

အင်မတန်မွေးတဲ့ နံ့သာမြေဆီတွေဟာ နံတယ်လို့ဆိုရလောက်အောင် အနံ့တွေပြောင်းပြီး တူးဖော်လုပ်ကိုင်ရင်လည်း ကုန်ခန်းတယ်လို့မရှိဘဲ ချောင်းကျလောက်အောင် တသွင်သွင်စီးဆင်းပါစေလို့ အဓိဋ္ဌာန်ပြုပြီး သေဆုံးသွားကြတယ်။

ရေနံ့သာမြို့ဟာလည်း ရေနံတွေ ချောင်းစီးထွက်လာလို့ ရေနံချောင်းမြို့ရယ်လို့ ပြောင်းလဲ ခေါ်လာကြတယ်၊ တွင်းစားတွေဟာ တွင်းရိုးဖြစ်တဲ့ တန်နက်မင်းရဲ့ ဆွေတော် မျိုးတော် အခြေအရံများ ဖြစ်ကြတယ်၊ အဆုံးစီရင် ကွပ်မျက်ခံရတဲ့ မိဖုရား ခုနစ်ဖော်နဲ့ မောင်တော်တို့ နတ်ဖြစ်သွားကြတယ်။

ရေနံချောင်း ရေနံမြေက ရေနံတွင်းတွေဟာ ပထမက ဘုရင်ပိုင်တွေ မဟုတ်ဘဲ တွင်းရိုး၊ တွင်းစားတွေသာ ပိုင်ကြတယ်၊ တွင်းရိုး (၁၇)ဦး၊ တွင်းစား (၇)ဦးသာရှိခဲ့တယ်၊ ရှေးတုန်းက ရေနံလက်ယက်တွင်းတူးကြတဲ့အခါ ရိုးရာနတ်ကို ပူဇော်ပသပြီး အမြှုပ်တောင်လိုတန်းပါစေ၊ အရည်ခေါင်သို့ ပန်းပါစေလို့ ဆုတောင်းကြရတယ်။

မမန္တယ် ခေါ် မြနန်းနွယ်ဟာ အလောင်းစည်သူကို ချစ်တဲ့ မိဖုရားတစ်ပါးဖြစ်ခဲ့တယ်လို့ စွဲလမ်းယုံကြည်ထားတယ်၊ ယုံကြည်လောက်အောင်လည်း ထူးခြားတဲ့ အဖြစ်အပျက်တွေ ရှိခဲ့ကြ တာ့ မမန္တယ် ရင်ထဲမှာ စည်သူ့အပေါ် မမြင်မတွေ့ရဖူးပဲ သံယောဇဉ်တွယ် စွဲလမ်းနေခဲ့တယ်၊ နောက်တော့လည်း စည်သူနဲ့ ဆုံကြတယ်၊ ဒါတွေဟာ နာမည်တွေကြောင့် ပညတ်သွားရာ ဓာတ်သက်ပါတာလား၊ တိုက်ဆိုင်မှု

www.burmeseclassic.com

www.burmeseclassic.com

တွေပဲလား၊ စိတ်ကူးယဉ်အိပ်မက်ဆန်တာလား၊ ဘဝသံသရာ ဘဝက်ကြမ္မာတွေကြောင့်ပဲလား ယုံရခက် စဉ်းစားရတော့ခက်တယ် မဖြစ်နိုင်ဘူး၊ မဟုတ်ဘူးလို့ ပြောဖို့ရာလည်း ခက်တယ်။

လူဝင်စားဆိုတဲ့ ကိစ္စတွေမှာ အံ့သြစရာ ထူးထူးဆန်းဆန်း ဖြစ်ရပ်ဆန်းတွေ အခိုင်အမာကလည်း ရှိနေပြန်တယ်၊ ဒါတွေ ထားပါတော့လေ ငါတို့သူငယ်ချင်း စည်သူနဲ့ အစောတို့ ချစ်သူတွေ ဖြစ်ခဲ့ကြ၊ သံယောဇဉ်တွေ ကြီးခဲ့ကြတယ်။

ဟိုးတစ်ချိန်က အလောင်းစည်သူမင်းနဲ့ စောခရာတို့လည်း ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ အလောင်းစည်သူ စွန့်ပယ်လို့ စောခရာက သူလည်ပင်းကို ဆဲထိုးနဲ့ ထိုးပြီး သတ်သေသွားခဲ့တယ်၊ အလောင်းစည်သူ ကြေကွဲဝမ်းနည်းလွမ်းခဲ့ရတယ်၊ အမှတ်တရ လွမ်းစေတီ တည်ခဲ့တယ်၊ အစိမ်းသေ သေသွားခဲ့ရတဲ့ စောခရာ တမလွန်ကနေ ဘာတွေ ဆုတောင်းခဲ့သလဲ၊ အခု ဘယ်ဘဝမှာလဲ။

တိုအတိတ် ရှေးဘဝတုန်းက အလောင်းစည်သူကို ချစ်ခင်မြတ်နိုးသံယောဇဉ်ရှိခဲ့တဲ့ မိဖုရားတွေဟာ နဲ့သာမြေဆီကို စွဲလမ်းနှစ်သက်မိလို့ အချစ်ကြီးပြီး အမျက်ကြီးတဲ့ သဝန်တိုသူ အလောင်းစည်သူမင်းက မိဖုရားတွေကို အဆုံးစီရင် အပြစ်ပေးခဲ့တယ်။

မိဖုရားတွေဟာ နဲ့သာမြေဆီကို သာ စိတ်နာသွားကြတယ်၊ အလောင်းစည်သူအပေါ် နာကြည်းမုန်းမေ့သွားတာ မဟုတ်ဘူး၊ မြနန်းနွယ်ခေါ် မမန္တယ်ဟာ သူကိုယ်သူ မိဖုရားခုနစ်ဖော်ထဲက မိဖုရားတစ်ပါး ဖြစ်ခဲ့တယ်လို့ ယုံကြည်ထားတယ်၊ အတိတ်ဘဝက ချစ်ရတဲ့ မောင်တော် အလောင်းစည်သူဟာလည်း ယခုဘဝမှာ စည်သူ၊ မင်းစည်သူ အဖြစ်ရှိနေတယ်လို့ စွဲလမ်းယုံကြည်ခဲ့တယ်၊ စည်သူအပေါ် သံယောဇဉ်ကြီးနေဆဲ ဖြစ်တယ်တဲ့။

တကယ်လည်း စည်သူ ခေါ် မင်းစည်သူနဲ့ မမန္တယ်ခေါ် မြနန်းနွယ်တို့ တွေ့ဆုံနေကြရပြီ၊ စည်သူနဲ့ အစောတို့ ငယ်ချစ်တွေမို့ သံယောဇဉ်တွေ ကြီးနေကြဆဲပဲ၊ စည်သူနဲ့အစောကို နှစ်ဖက် လူကြီးတွေ သဘောမတူခဲ့ကြဘူး၊ ယခု အစော ဆရာဝန်မကြီး ဖြစ်နေပြီ၊ သူ့ရဲ့ အချစ်ရေး၊ အိမ်ထောင်ရေးကို သူကိုယ်တိုင် ဆုံးဖြတ်နိုင်ခွင့် ရလောက်ပြီ။

မမန္တယ် စည်သူ့ကို သံယောဇဉ် ဖြစ်တယ်၊ ချစ်တယ်၊ စည်သူကလည်း မမန္တယ်အပေါ် မုန်းရက်စရာ မရှိ သံယောဇဉ်တော့ မကင်းပါဘူး၊ နှစ်ဖက် မိဘတွေက စည်သူနဲ့ မမန္တယ်ကို သဘောတူ ကြည်ဖြူကြတယ်၊ စည်သူ (၁၀)တန်းအောင်ပြီး စက်မှုတက္ကသိုလ် တက်တယ်၊ အင်ဂျင်နီယာ ဖြစ်လာတယ်၊ ဝါသနာပါတာက သင်္ဘောနဲ့ ပင်လယ်တွေထဲ ခရီးထွက်ချင်နေသတဲ့၊ ဒီတော့ နိုင်ငံခြား သင်္ဘောကုမ္ပဏီတစ်ခုမှာ သင်္ဘောအင်ဂျင်နီယာ အဖြစ်နဲ့ သင်္ဘောလိုက်နေတယ်၊ မမန္တယ်ကတော့ စည်သူ့မိဘတွေနဲ့ ဆင်ဖြူကျွန်းမှာ အပျိုကြီးဘဝနဲ့ အထည်ရောင်းနေတယ်။

အလောင်းစည်သူလို့ ထင်တဲ့ သင်္ဘောအင်ဂျင်နီယာလေး မင်းစည်သူခေါ် စည်သူ။

ငေသာလိပြည်က ထွက်ပြေးခဲ့တဲ့ စောခရာ၊ သူကိုယ်သူ သတ်သေသွားခဲ့ပေမယ့် ယခုဘဝမှာ ဆရာဝန်မလေး စောခရာ ခေါ် အစော ဖြစ်နေသူ။

ဆိပ်သာကွန်းထောက်မြို့ ရေနံ့သာမြို့မှာ နံ့သာဆီကို စွဲလမ်းခဲ့လို့ ကွပ်မျက်ခံခဲ့ရတဲ့ မိဖုရားလေးတစ်ပါး ဖြစ်ခဲ့သူ မြနန်းနွယ် ခေါ် မမန္တယ်။

သူတို့ သုံးဦးရဲ့ သုံးပွင့်ဆိုင် မေတ္တာဇာတ်လမ်းကို ငါတို့တစ်တွေ စိတ်ဝင်စား စောင့်စားနေကြတယ်၊ ဒီမယ် သူငယ်ချင်း၊ မင်းသိချင်ပါတယ်ဆိုတဲ့ စည်သူ့အကြောင်းကတော့ ဒါပဲ၊ မင်း ဘယ်လိုတွေးမိသလဲ”

“ငါ မင်းဆီမလာခင် နောက်ဆုံး သိခဲ့ရတာကတော့ တို့သူငယ်ချင်း စည်သူ နိုင်ငံခြားမှာ သင်္ဘောလိုက်ရင်း တော်တော်လေး မကျန်းမာဖြစ်လာလို့ မြန်မာပြည် ပြန်လာတယ်၊ ချက်ချင်းပဲ ဆေးရုံတက်ရတယ်၊ သတိတောင်မရဘူးတဲ့။

တို့သူငယ်ချင်း ဆရာဝန်မလေး စောခရာ၊ အစော တာဝန်ကျနေတဲ့ ဆေးရုံပေါ် စည်သူ ရောက်နေတယ်၊ အစော တစ်ယောက် စည်သူ့ကို စိုးရိမ်တကြီး ပြုစု ကုသပေးနေတယ်လေ့။

စည်သူ မကျန်းမာလို့ မြန်မာပြည် ပြန်ရောက်လာပြီး ဆေးရုံတင်ထားရကြောင်း သတင်းရလို့ မမန္တယ်ခေါ် မြနန်းနွယ် စည်သူရှိရာကို သွားနေပြီ။

ငါတို့ ငယ်သူငယ်ချင်း မင်းစည်သူ ခေါ် စည်သူဆိုတဲ့ အလောင်းစည်သူမင်းကြီးရယ်၊ တို့သူငယ်ချင်းပဲ ဖြစ်တဲ့ ဆရာဝန်မလေး စောခရာ ခေါ် အစော၊ ဝေသာလီပြည်က ပြေးလာတဲ့ စောခရာဆိုပါတော့၊ ရေနံ့သာ ရေနံချောင်းမှာ မင်းဒဏ်သင့် ကွပ်မျက်ခံခဲ့ရပါတယ်ဆိုတဲ့ မိဖုရားလေးတစ်ပါး မြနန်းနွယ် ခေါ် မမန္တယ်။

အခုတော့ စည်သူရဲ့ ကျူးရှင် ဆရာမလေး မဟာသိပ္ပံဘွဲ့ရ မမန္တယ်တို့ အခုလောက်ဆို သုံးဦးသား ဆုံလောက်ကြပါပြီ၊ မုန်းရစ်လေဦး စောသခင်ဖြစ်လာမလား၊ လွမ်းရစ်လေဦး မြနန်းနွယ် ဖြစ်မလား၊ ငါတို့ရင်ထဲ မဝေခွဲ မဆုံးဖြတ်တတ်ဘူး။

ဒါပေမဲ့ အခုအခါမှာ လွမ်းသမုဒယတွေ ဝေနေတဲ့ မြေဟာ တို့တစ်တွေ ဟိုတစ်ချိန် ကလေးဘဝက မိုးရွာရင် မိုးရေချိုးမယ်လို့ အော်မြူးခဲ့တဲ့ သမုဒယမိုးမြေပါကွာ၊ သမုဒယ မိုးမြေပါ”

ရေနံ့သာအောင်ချမ်းဇော်

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"ဖူ"း ခနဲ လေပြင်းတစ်ချက် ပါးစပ်က မှုတ်ထုတ်လိုက်မှ အနည်းငယ် အမောပြေသွားသလို သူ ခံစားလိုက်ရသည်။

တစ်နေ့လုံးနီးပါး သူ လမ်းလျှောက်နေသည်။ ညနေစောင်းလာသည်နှင့်အမျှ ခြေလက်ကိုပင် သယ်ချင်စိတ်မရှိတော့။ တစ်နေရာရာမှာပင် စိတ်လွတ်ကိုယ်လွတ် အနားယူလိုက်ချင်၍ သူ ရှာနေမိသည်။ သူ့အတွက် အေးချမ်းလုံခြုံသော နေရာကို သူတွေ့သည်။ လှောင်ပိတ်မွန်းကျပ်နေသော ဂိုဒေါင်ဟောင်းတွေ၊ ပိုင်ပိုင်နဲ့နဲ့ တဲအိမ်မျိုးတွေကိုသာ သူမြင်လာခဲ့သည်။ စိတ်ထဲတွင် အကြိုက်မတွေ့လှ။

မေးရင်း သူ လာခဲ့သည်။ လမ်း၌တွေ့သော သူ တစ်ဦးကတော့ ညွှန်ပြလိုက်သည်။ နဒီဧရာလမ်းထဲတွင် တည်းခိုခန်းတစ်ခုတော့ ရှိသည်ဟု ဆိုသည်။ ဈေးများများလည်း မပေးနိုင်။ ဈေးသက်သက်သာသာ ရသောနေရာတွင် သူ တစ်ရက်၊ နှစ်ရက်လောက် နေပြီးမှ ခရီးဆက်ထွက်ရမည် ဖြစ်သည်။

နဒီဧရာလမ်းသည် ရပ်ကွက်ငယ်တစ်ခု အတွင်းရှိသော လမ်းဖြစ်သည်။ အသွားအလာ ခြောင်ကျသော နေရာပင်။ ဘယ်လိုပင်ဖြစ်စေ သူ ရောက်အောင်သွားရမည်။

တခြားတစ်နေရာတွင် တည်းခိုပြီး စားဖို့ သောက်ဖို့အတွက် သူမှာ ပါလာသည့် ပိုက်ဆံက လုံလုံလောက်လောက်မရှိလှ။ ငွေကြေး သက်သက်သာသာရှိသော အခန်းကို ရမှဖြစ်မည်။

နဒီဧရာလမ်းလို့သာ အမည်ကလှသည်။ လမ်းချိုးလမ်းကွေ့က များသည်။ ချိုင့်၊ ရွှံ့ဗွက်တွေက ထူလွန်းသည်။ နှစ်ရက် သုံးရက်လောက် မိုးကသဲသဲမဲမဲ ရွာထားသဖြင့် လမ်းပေါ်တွင် ရေဝပ်ပြီး ရွံ့တင်နေသည်။

လမ်းတစ်လျှောက် သစ်ရွက်သစ်ခက်၊ သစ်ကိုင်းတို့ကျိုးကျ၊ ကြွေကျထားသဖြင့် ရှုစီးရှင်းလင်းလင်း မရှိလှ။ ညနေအချိန်တုန်ဆဲဆဲခါနီးလျှင် အမှောင်ရိပ်ပင် သန်းလာပြီ။ သူတည်းခိုရမည့် အိမ်သို့ ရောက်လာသည့်အခါ မှောင်စပြုပြီဖြစ်သည်။ **အိမ်မှာ လမ်းဆုံးတွင်ရှိ ချောင်ကျကျနေရာပင်။**

အိမ်မှာ အပိုးအထာကအစ တောင့်တောင့်တင်းတင်းပင် ရှိသည်။ လူတွေ တည်ခိုခဲ့သည့် အနေအထားမျိုးကို မတွေ့ရ။ ဒီနေရာတိုင်း ဌားခို သူဆုံးဖြတ်လိုက်သည်။ လင်းတို့ လူနေအိမ်တို့နှင့် ဝေးပြီး သီးသန့်ကျသည်။

ပြောရလျှင် ပိုင်ရှင် မရှိသော အိမ်ပင်။ တံခါးတို့ သော့ခလောက်နှင့် ခတ်ထားပြီး သံကြိုးတို့နှင့် ပတ်ချည်ထားသည်။

သူ့တုတ်အကျီအတွင်းမှ သံချောင်းအတိုလေးကို ယူကာ တံခါးကို ရအောင်ဖွင့်လိုက်သည်။ တံခါးပတ္တာတို့မှာ ဆိမရှိ သံချေးကိုက်နေ၍ မနည်းတွန်းဖွင့်ရသည်။

"ဟာ မှောင်လိုက်တာကလည်း လွန်ရော"

အိမ်ထဲတွင် အလင်းရောင်လုံးဝမရှိ။ မှောင်မည်းနေသည်။ သော့ခတ်ပိတ်ထားသည်မှာ ကြာပြီဖြစ်၍ ပုပ်အဲ့အဲ့ညစ်စို့စို့ အနံ့အသက် စိုထိုင်းထိုင်းနှင့်။

အကျီအင်္ကျီထဲ နှိုက်လိုက်စဉ် မီးခြစ်ပါလာသည်။ မီးခြစ်ခြစ်လိုက်သည့် အခါတွင် ဖြာထွက်လာသော အလင်းရောင် မှုန်ဝါးဝါးတွင် မြင်ရသည်က ရှေ့တည့်တည့်တွင် အခန်းတစ်ခန်း ရှိနေသည်။ ဖွင့်ထားသည့် တံခါးကို သေသေချာချာ ပြန်ပိတ်ပြီး မီးခြစ်ဇ၏ အလင်းရောင်နှင့် သူ တဖြည်းဖြည်း လျှောက်လာခဲ့သည်။

တစ်နေရာမှ တစ်နေရာသို့ အလင်းရောင် မှုန်ဝါးဝါးနှင့် အမှောင်ထဲ လျှောက်နေရသည်က စိတ်ပျက်စရာပင်။ သည်လိုနေရာမျိုးမှလွဲ၍ သူမှာ နေစရာမရှိ။

နောက်ထပ် **မီးခြစ် ခြစ်လိုက်ပြီး** ရသည့် **အလင်းရောင်လေးနှင့်ပင်** ထောင့်ဆုံးအခန်းသို့ ဝင်လိုက်သည်။ ထိုအခန်းက လေဝင်လေထွက်ရှိ၍ အနံ့အသက်က သိပ်မဆိုး။ ပြတင်းတံခါးတို့မှာ ပျဉ်ပြားချပ်ငယ်များနှင့် အသေဖြတ်ရိုက်ပြီး ပိတ်ထား၍ ဖွင့်၍မရ။

ဟိုသည်ကို ရှာကြည့်လိုက်စဉ် **သံချေး အနည်းငယ်တက်စပြုပြီဖြစ်သော မီးဖိုငယ်တစ်လုံး။** တော်သေးရဲ့ **တူ သူစိတ်ထဲ တွေးလိုက်သည်။**

သိပ်မှောင်လွန်းနေသဖြင့် မီးခိုးမီးကြောင့် တစ်နေရာရာမှ လှမ်းမြင်ရလျှင် သူ့အတွက် နောက်ထပ်အဖော်တစ်ယောက်ယောက်ဖြင့် ရနိုင်မည် ထင်သည်။

"အင်း- ဒီအကျီကို စုတ်ဖြဲပြီး အမှိုက်တွေနဲ့ မီးမွှေးရရင်ကောင်းမယ်"

သူစိတ်ထဲတွေးကာ ဝတ်ထားသည့် အပေါ်အင်္ကျီကို ဘေးပတ်လည် အနားစအား ဆုတ်ဖြဲပစ်လိုက်သည်။ အမှိုက်တချို့၊ စက္ကူစ တချို့တလေကို စုပုံပြီး မီးဖိုပေါ်တင်လိုက်သည်။ မီးရှို့လိုက်သည့်အခါတွင် မီးအလင်းရောင်နှင့် မီးခိုးအငွေ့ပါ ခံစားရလေသည်။

လွန်ခဲ့သော သုံးလေးရက်က မိုးဆက်တိုက်ရွာထားသဖြင့် သူဝတ်ထားသော အင်္ကျီဘောင်းဘီရှည်တို့မှာ စိုထိုင်းထိုင်း ဖြစ်နေသည်။ အပူဓာတ်ရအောင် ကိုယ်ပေါ်မှ ချွတ်ပြီး မီးဖိုနားကပ်ထားလိုက်သည်။ **စီးလာသည့် ဖိနပ်မှာလည်း ရေတို့နှင့် စိုစွတ်နေသဖြင့် ခြေထောက်မှ ချွတ်လိုက်ပြီး မီးဖိုနားတွင် ထားလိုက်သည်။**

"အား . . . အိပ်ချင်လိုက်တာ"

ညက ပိုပြီးမှောင်လာသည်။ နဂိုထဲက တိတ်ဆိတ်နေသည်မှာ ပို၍ပင် တိတ်ဆိတ်ကာ ပိုးမွှားကောင်ငယ်တို့၏ အသံမျှပင် မကြားရချေ။

မီးဖိုနားမှာပင် ခြေပစ်လက်ပစ် ကျောဆန့်ကာ သူလှဲအိပ်လိုက်သည်။ ပင်ပန်းလွန်း၍ထင်သည် ချက်ချင်းပင် အိပ်ပျော်သွားသည်။ ရုတ်တရက် ပြန်နိုးလာသည်။ ကြာကြာ အိပ်မပျော်။

www.burmeseclassic.com

www.burmeseclassic.com

သူပြန်နိုးလာသည့်အချိန်တွင် မီးဖိုမှ မီးရှိလျက်ပင်။ အလင်းရောင်ကာပတ်ဝန်းကျင်ကို ထင်သာ မြင်သာစေသည်။

အိပ်ချင်သော်လည်း ကြမ်းပြင်ပေါ်တွင် ကြာကြာမအိပ်နိုင်။ အပြင်ဘက်တွင် ရာသီဥတု၏ အအေးဒဏ်က အိမ်အတွင်းမှာပင် မခံနိုင်အောင် အေးစိမ့်နေသည်။ ကြမ်းပေါ်တွင် လဲအိပ်ရာ၌ ခြေချောင်း လက်ချောင်းလေးများ ထုံကျင်လာ၍ မကြာခဏ နွေးထွေးအောင် လှုပ်ရှားပေးရသည်။

ခဏ ခဏ ပြန်အိပ်ရန် သူစဉ်းစားပြီး ထိုင်နေရာမှ ကိုယ်ကို လှဲလိုက်စဉ် သူ့နားထဲ၌ ကြမ်းပြင်ပေါ်တွင် ခြေနင်းလျှောက်လာသံကို ကြားရသည်။ ခြေသံနှင့်အတူ ပြတင်းတံခါးရွက်တို့လည်း လှုပ်ခါနေသည်။

စိတ်ထဲတွင် တစ်ခုခုကို စိုးရိမ်စိတ်ဝင်လာသည်။ ကြက်သီးအနည်းငယ် ထသွားသလိုပင်။ ခြေသံကို သေသေချာချာပင် နားစွင့်ထားလိုက်သည်။ သူနေသည့်အခန်းလေးတွင် ဝင်ပေါက်တံခါးဝက တစ်ခုသာရှိသည်။ တံခါးဝဘက်သို့ မျက်နှာမူပြီး ငုတ်တုတ်ထိုင်ကာ မျက်တောင်တစ်ချက်မခတ်ဘဲ သေသေချာချာကို ဂရုတစိုက်ကြည့်နေလိုက်သည်။

ရန်မူလာမည့်သူဆိုလျှင် ရင်ဆိုင်ရန် အသင့်ပြင်ထားသည်။ သူ့တွင် ခရီးဆောင်ဓားတစ်ချောင်း ပါသည်။ သူ့စိတ်ကို သူအားပေးပြီး သတ္တိမွေးလိုက်သည်။

"လာစမ်းပါစေ၊ လူသတ်မှုနဲ့ ထောင်ကျပြီး လွတ်လာတာ တစ်ပတ်ပဲ ရှိသေးတာ၊ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ"

စိတ်ထဲ တင်းထားရသော်လည်း သူ အပြစ်ကျခဲ့သည့် လူသတ်မှုမှာ အရက်မူးပြီး တစ်ယောက်တစ်ခွန်း စကားများ၍ လက်လွန်ခြင်းသာဖြစ်သည်။ တကယ်တမ်း ရင်ဆိုင်ရမည်ဆိုလျှင် သွေးတော့လန့်သည်။

ခြေသံရှင်ကလည်း ခပ်ဖြည်းဖြည်းနှင့် လေးလေးမှန်မှန် လျှောက်ကာ လာနေသည်။ လမ်းကျဉ်းကျဉ်းလေးမှ လျှောက်လာပြီး သူရှိသော အခန်းထဲသို့ ဝင်လာသည်။ သူ့ကို မမြင်၊ သူကလည်း ထိုလူစိမ်းမမြင်ရလေအောင် ခပ်မှောင်မှောင်ဖြစ်နေသော အခန်းထောင့်တွင် ကိုယ်ကို ကွေးနိုင်သမျှ ကွေးပြီး အသံလုံးဝမပြုဘဲ ကြည့်နေသည်။

လူစိမ်းသည် မီးဖိုထားသော မီးဖိုရှိရာသို့ တန်းတန်းမတ်မတ်လျှောက်သွားသည်။ အပြင်မှာ မိုးရွာသံ မကြားရသော်လည်း ထိုလူ၏ တစ်ကိုယ်လုံးရှိ အဝတ်အစားတို့မှာ ရွှဲရွဲစိုနေပြီး ခြေလှမ်းတိုင်းတွင် ရေစက်တွေ တောက်လျှောက်ကျနေသည်။

ထိုလူ၏ အဝတ်အစားတို့မှာ သူထက်ပင် ပိုပြီးဟောင်းနွမ်းလွန်းကာ အရောင်တို့မှာ မွဲနေသည်။ ရေစက်တို့မှာ တစ်ကိုယ်လုံးမှ စီးကျနေသည်။ ခေါင်းတွင် ဦးထုပ်မဆောင်းထား၍ ဆံပင်တို့သည် နဖူးတစ်ဝိုက်တွင်ကျကာ မျက်နှာတစ်ဝက်လောက်ကိုပင် အုပ်ထားသလို ဖြစ်နေသည်။ ခေါင်းမှနေလောင်းချထားသည့်ပမာ ရေရွဲရွဲစိုနေပြီး ရေကြောင့် မျက်လုံးအစုံကလည်း နီရဲနေသည်။

"ထိုင်မယ်နော်"

သူ့ကို မြင်သွား၍ မီးဖိုနားတွင် ထိုင်ရန် ခွင့်တောင်းလိုက်သည်။

"ထိုင်ပါ ထိုင်ပါ၊ မိတ်ဆွေကလည်း ကျုပ်လို ခရီးသွားတစ်ယောက်ပဲနဲ့ တူတယ်၊ ဒီနယ်သားတော့ ဖြစ်မယ် မထင်ဘူး"

"အား တယ်အေးတာပဲ၊ တစ်ကိုယ်လုံး မိုးမိထားပြီး ရွှဲရွဲစိုနေတာ"

မေးသည့် မေးခွန်းကို မဖြေသေးဘဲ သူ့ကိုယ်သူ နွေးနွေးထွေးထွေးရှိလာရန် မီးဖိုနားထိုးကပ်ပြီး လက်ဖြန့်ကာ မီးလှုံနေသည်။ ကိုယ်ကို ကွေးကွေးထိုင်ပြီး တဆတ်ဆတ်တုန်နေကာ သွားချင်းရိုက်သံကိုပင် ကြားရသည်။ ထိုသူ၏ မျက်နှာမှာလည်း အေးလွန်း၍ ထင်သည်။ သွေးမရှိသလို ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"ဒီလောက် မိုးလေသည်းနေတဲ့ အချိန်မှာခရီးမထွက်သင့်ဘူး၊ အန္တရာယ်ရှိတာပေါ့။ ဒီကို မရောက်ခင် တခြားတစ်နေရာရာမှာ မိုးခိုနေသင့်တယ်၊ ဒီတည်းခိုခန်းက လူတွေနေတဲ့ အိမ်နဲ့ သိပ်အလှမ်းဝေးတာ"

သူက စေတနာထားပြီး အေးလွန်း၍ တစ်ကိုယ်လုံး တုန်လျက်ရှိသော လူစိမ်းကို စာနာစိတ်နှင့် ပြောလိုက်သည်။ အပြင်တွင် လေဒဏ်ကြောင့် သစ်ရွက်သစ်ကိုင်းတို့ ကျိုးကျသံမှာ အဆက်မပြတ် ကြားနေရသည်။

"အချိန်က ရောက်နေပြီ"

ကွဲအက်ရှရှ အသံလေးလေးနှင့် သူ့ကို ထိုသူက စကားပြန်သည်။

"ဒီလို ရှားရှားပါးပါးရတဲ့ အခွင့်အရေးကို သူက လက်လွတ်ခံမှာမဟုတ်ဘူး၊ ဒီနေရာကို လူစုလူဝေးနဲ့ လာကြတာ မဟုတ်တော့၊ အင်း နောက်ပြီး ခင်ဗျားအဖို့ ဒီနေရာမှာ ဘာမှ စားစရာ တစ်ခုတလေ တစ်ဖဲ့တောင် တွေ့မှာ မဟုတ်ဘူး၊ အားလုံး သူတို့က စားပြီး သွားကြပြီလေ"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

လူစိမ်းအား သူက အသံမှန်မှန်နှင့် ပြန်မေးလိုက်သည်။ လူစိမ်းက ခေါင်းတဆတ်ဆတ် ညိတ်လျက်နေသည်။

"သူတို့ သူတို့ဆိုတာ ဟောဒီအိမ်ကြီးထဲမှာ နေကြတဲ့ နာနာဘာဝ၊ သရဲတွေ၊ တစ္ဆေတွေလေ၊ ဟား ဟား သိပ်ကြောက်သွားပြီလား ကိုယ့်လူ၊ ဒီမှာ ကျုပ်ပြောပြမယ်၊ အဲဒီအကြောင်းက တော်တော်စိတ်ဝင်စားဖို့ ကောင်းပြီး စိတ်မကောင်းစရာလည်း ကောင်းတယ်။

ဒီအိုမ်ရဲ့နောက်ဘက်မှာ နှံအိုင်ကြီး တစ်ခုရှိတယ်၊ တချို့ကတော့ သူ့ကိုယ်သူ သတ်သေတာတဲ့၊ အဲဒါ မဖြစ်နိုင်ဘူး၊ လုံးဝ မဖြစ်နိုင်တာ။

www.burmeseclassic.com

www.burmeseclassic.com

ဘယ် အဲဒီလူက သူမိသားစုက သိပ်ချစ်တာ၊ ဘာဖြစ်လို့ သူကိုယ်သူ သတ်သေရမှာလဲ၊ အဲဒီနွံအိုင်ရဲ့ဘေးမှာ ကျောင်းလေး တစ်ကျောင်း ရှိတယ်၊ သူက သူကလေးတွေကို ကျောင်းလာ လာကြိုတတ်တယ်။

တစ်နေ့တော့ သူ မေ့ပြီး မလာဖြစ်တဲ့အခါမှာ ကလေးသုံးယောက်စလုံးက နွံအိုင်ထဲဆင်းဆော့ပြီး အကုန်သေကုန်တယ်၊ သူဆင်းပြီး ဆယ်တဲ့အခါမှာ သူပါ နွံနစ်ပြီး သေသွားတယ်လေ။

အဲဒီတော့ တချို့က ပြောကြတယ်၊ ဒီအိမ်ထဲမှာ အဲဒီလူက အပေါ်ထပ်နဲ့ အောက်ထပ်အကုန်လျှောက်သွားနေတာတို့ ခြေသံတွေကြားရတာတို့၊ အဲတစ်ခါတလေ အရိပ်အယောင်တွေမြင်ရင် ထွက်ပြေးကြရော၊ သူကတော့ နွံအိုင်ထဲကျသွားတော့ နွံထဲက တက်လာခဲ့သလို ဟိုဟိုဒီဒီ လျှောက်သွားနေတယ်တဲ့"

လူစိမ်းက သူ့ကို ပြောပြပြီး စကားရပ်လိုက်သည်။

သူနားထဲတွင် ထိုလူစိမ်း၏ ဖိနပ်မှ ရေစိုနေ၍ အသံမြည်နေသည်ကို ကြားရသည်။

"အင်း ဒီအကြောင်းတွေက ကျွပ်အတွက် သိပ်အရေးမကြီးပါဘူး၊ ဒါတွေက အယူသိပ်ကြီးပြီး အစွဲအလမ်းရှိတဲ့သူတွေအတွက်သာ ဖြစ်မှာ၊ ကျွပ်ကတော့ လုံးဝ မယုံဘူး၊ ကနေ့အထိ သရဲဆိုတာ မြင်လည်းမမြင်ဖူးဘူး။

ဒီလို မိုးတစိမ့်စိမ့် ညမျိုးတွေ မကြာခဏ ကြုံခဲ့ရတာပဲ၊ ဖြတ်သွားဖြတ်လာခဲ့တာပဲ၊ ဘာသရဲမှ မတွေ့ခဲ့ဘူး၊ အလကား ယုံတမ်းစကား ပုံပြင်တွေပါဗျာ"

"အို ဒီလိုလည်း မဟုတ်ဘူးလေ၊ မဖြစ်နိုင်ဘူးလို့ ပြောလို့မှမရတာ၊ ကျွပ်လည်း လျှောက်သွားနေတာပဲ၊ မယုံပါဘူး"

လူစိမ်း၏အပြောကြောင့် သူက ပြုံးနေလိုက်သည်။

"ဟင်း ဟင်း ဘယ်သူတွေ ဘာပဲပြောပြော ကျွပ်က ကိုယ်တွေ့ကြုံမှ ယုံတတ်တာဗျ"

"မဟုတ်ဘူးဗျ ဒီလိုလည်း ပုံသေမပြောနဲ့၊ တချို့လူတွေ မယုံဘူး၊ အဲနောက်တော့ မဖြစ်မနေ တွေ့လာတော့ ယုံရတာပဲ"

"တော်ပါတော့ဗျာ၊ ဒီနေ့ ဒီအချိန်ကာလမှာ ဒါတွေဟာ တစ္ဆေသရဲတွေဆိုပြီး ပြောကြဆိုကြတာ ယုံတမ်းစကား အိပ်ရာဝင်ပုံပြင် ဖြစ်နေပါပြီ"

သူက ပြောပြီး လူစိမ်းကို ကြည့်လိုက်သည်။ မီးဖိုနားကပ်ပြီး မီးလုံနေသော်လည်း သူ့ကိုယ်မှ ရေစက်တို့မှာ စိမ့်ထွက်လျက်ရှိနေဆဲ ဖြစ်သလို ကြမ်းပြင်ပေါ်တွင် ရေရွှဲကာ အနှံ့အသက်တို့ ကလည်း ပုပ်အဲ့အဲ့ အောက်သိုးသိုး အနံ့ထွက်နေသည်။

"ဘုရားရေ ခင်ဗျား ဒီလောက် မီးလုံပြီး အပူခံနေတာတောင် ခင်ဗျား တစ်ကိုယ်လုံး ရွှဲနေတုန်းပါလား၊ ခုထက်ထိ မခြောက်နိုင်သေးဘူး"

သူက လူစိမ်း၏အဖြစ်ကို စိတ်မရှည်နိုင်တော့၍ အော်မေးလိုက်သည်။ တစ်ညလုံးနီးပါး ရှိတော့မည်။ နောက်ထပ် တစ်မှေးမျှမအိပ်ရသေး၍ စိတ်တို နေပြီ။

"မခြောက်နိုင်သေးဘူး ဟုတ်လား ကိုယ့်လူ၊ ဟား ဟား တကယ် ရယ်စရာကောင်းတယ်၊ စိုနေတာကို ခြောက်ရမယ်တဲ့၊ ကျွပ်တစ်ကိုယ်လုံး ဘယ်လိုလုပ်ပြီး ခြောက်သွေ့နိုင်မှာလဲ၊ ကျွပ်က အမြဲတမ်း ရွှဲရွှဲစိုနေတာ၊ နွေလည်းစို၊ မိုးလည်းစို၊ ဆောင်းမှာလည်းစို၊ အမြဲတမ်း စိုစိုရွှဲနေရတဲ့ ဘဝမျိုး ဒီမှာလေ ကျွပ်လက်တွေ ဘယ်လောက် လှုံလှုံ မခြောက်မှမခြောက်ဘဲ၊ ခင်ဗျားကြည့်ပါလား"

ပြောပြောဆိုဆိုပင် သူမြင်သာအောင် လူစိမ်း၏ လှုပ်နှစ်ဖက်ကို မီးဖိုမှ မီးအလင်းရောင်ဖြင့် ထောင်ပြလိုက်သည်။

"ဟား ဟား ကြည့်လေဗျ၊ ကြည့်လေ၊ အဲဒီ ကျွပ်လက်တွေ ဘယ်လိုလုပ်ပြီး ခြောက်အောင် လုပ်ရမလဲလို့ ပြောစမ်းပါဗျ"

ပြောရင်း လူစိမ်း၏ အသံမှာ လည်ချောင်းကွဲသံပမာ ဖြစ်ပြီး အသံတုန်လာသည်။ ဟားတိုက်ရယ်မောသံမှာ အခန်းလေးထဲတွင် ဆူညံလျက်ရှိသည်။ လူစိမ်း၏ လက်ဝါးနှစ်ဖက်ကို သူကြည့်လိုက်သည်။ သူတစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားတာ ချွတ်ထားသည့် ဖိနပ်၊ ဘောင်းဘီတို့ပင် မဝတ်နိုင်တော့ပဲ အမြန်ယူကာ ထိုနေရာမှ သူမြန်နိုင်သမျှ မြန်အောင် ထွက်ပြေးလာခဲ့သည်။ ရင်မှာမောပြီး ခြေလက်တွေပင် တုန်နေသည်။

"ဘုရား ဘုရား ကြောက်စရာပါလား"

ပြေးရင်းက လူနေအိမ်တွေရှိရာသို့ အမြန်ရောက်ပါစေဟု ဆုတောင်းရသည်။

သူမျက်လုံးထဲတွင် မီးရောင်၌ထောင်ပြသော လူစိမ်း၏ လက်နှစ်ဖက်ကို မြင်ယောင်နေမိသည်။

လက်နှစ်ဖက်စလုံးမှာ ရွှဲနွှဲတွေလူးပြီး ရွှဲရွှဲစိုကာရှိနေသော အနီးပြိုင်ပြိုင်နှင့် အသားဟူ၍ လုံးဝမရှိသည့် ကြောက်စရာ လက်နှစ်ဖက်ပင် ဖြစ်နေပါသတည်း။

(ပုံပြောကောင်းသော ကိုကိုလှသို့)

ဘသက်ထွေ

www.burmeseclassic.com

www.burmeseclassic.com

မင်းသိက္ခာလို့

ဝတ္ထုအမှတ်



www.burmeseclassic.com

www.burmeseclassic.com

- ကျွန်တော် ပြုံးလိုက်သလား၊ ကျွန်တော့်ဘာသာ ကျွန်တော်တောင် မသိပါဘူး။ ဟုတ်ကဲ့၊ ကျွန်တော် ပြုံးလိုက်တယ်ဆိုရင်တောင် ဒါဟာ ဒီကမ္ဘာလောကကြီးကို သရော်လှောင်ပြောင်တဲ့ အပြုံး၊ နာကျင်မှုတွေကို ခန့်လှောင်ရယ်တဲ့ အပြုံး၊ ကျွန်တော့်ရင်ထဲက ဝေဒနာတွေကို သက်သာရာရမလားလို့ ကြိုးစားကုသတဲ့ အပြုံး။

ဟင့်အင်း၊ ကျွန်တော် မငိုဘူး၊ ကျွန်တော် ငိုနေလို့လည်း ဖြစ်ပြီးသမျှ ကိစ္စအားလုံး ပြန်ကောင်းသွားမှာမှ မဟုတ်တာ၊ ကျွန်တော် မငိုတော့ပါဘူး။ ကျွန်တော့်ဘာသာ ကျွန်တော် တန့်နှဲ့ တမြည့်မြည့် ခံစားရင်း သူ့အလိုကျ ပြုံးနေပါတော့မယ်။ ဒီလိုဘဝမျိုးမှာ ကျွန်တော် တတ်နိုင်တာဆိုလို့ ဒါပဲ ရှိတော့တယ်လေဗျာ။

ညြော်- ဘာဖြစ်ခဲ့သလဲ ဟုတ်လား။ ပြောပြမှာပေါ့ဗျာ။ နာကျင်စရာကောင်းလွန်းတဲ့၊ ရင်နာကြေကွဲစရာကောင်းတဲ့ ကျွန်တော့်ဘဝဖြစ်ကြောင်းကို ကျွန်တော် ခပ်ရိုးရိုးပဲ ပြန်ပြောပြပါ့မယ်၊ ဒီလိုပါ။

▲

ဇာတ်လမ်းအစ

အိမ်ပြန်ရောက်ချင်ဇောနဲ့ ခပ်လောလောလျှောက်လာတဲ့ ကျွန်တော့် ခြေလှမ်းတွေက မတရားပြန်နေတယ်။ ခြေလှမ်းတွေ ခပ်သွက်သွက်၊ ရင်ခုန်သံတွေလည်း တဒုန်းဒုန်း တဒိန်းဒိန်း။ ရင်မခုန်ရိုး ရှိပါ့မလား။ ကျွန်တော့်အချစ်ဆုံးလေး ပုသေးနဲ့ တွေ့ရတော့မယ်။ ပုသေးရဲ့ မျက်နှာလေးကို မြင်ခွင့်ရတော့မယ်လေ။

ညြော်- ပုသေးဆိုတာ ကျွန်တော်တို့ သူငယ်ချင်းတွေ စ,နောက်ပြီး ချစ်စနိုးခေါ်တဲ့ မပိုးသူရဲ့ နာမည်ပြောင်ပါ။ မပိုးသူဆိုတာ ကျွန်တော့်ရွာက ငယ်သူငယ်ချင်းမပေါ့။ ငယ်ငယ်က ကစား ဖော်ကစားဖက် ရန်ဖြစ်ဖော်ရန်ဖြစ်ဖက်။ ကျွန်တော် မြို့ကျောင်းသွားမတက်ခင် မှာ မပိုးသူက (၁၅)နှစ်။ ကျွန်တော် လည်း (၁၅) နှစ်။- နှစ်ယောက်လုံးက အပျိုပေါက် လူပျိုပေါက် အရွယ်တွေ။ နှပ်ချေးတွဲလဲအရွယ်ကတည်းက ပေါင်းလာကြတဲ့ ငယ်သူငယ်ချင်းတွေဆိုတော့ အရွယ်ရောက်လာတဲ့အထိ တူးတွဲတွဲ ပါပဲ။ **တစ်ယောက်နဲ့တစ်ယောက် ခပ်ဖယ်ဖယ်နေတာမျိုး၊ ရှောင်ခွာခွာနေတာမျိုး မရှိခဲ့ပါဘူး။ လင်္ကာတလိုခံစဟယ်၊ ပြောင်ဟယ်ဆိုနဲ့ သူငယ်ချင်းတွေပဲပေါ့။**

ဒါပေမဲ့ ကျွန်တော်က မြို့ကျောင်းသွားတက်ရမှာဖြစ်လို့ ငယ်သူငယ်ချင်းလေး မပိုးသူနဲ့ ခဏတာခွဲခွာရဖို့ အကြောင်းဖန်လာခဲ့တယ်။

နီးတကျက်ကျက် ဝေးတသက်သတ် ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ကံကြမ္မာတ ကျွန်တော့်ကို သင်ကြားပြသပေးဖို့ စီမံချက်ချခဲ့တယ်လို့ ဆိုရမလားပဲ။

ကျွန်တော်တို့ရွာက မြို့နဲ့အလှမ်းဝေးတယ်။ ခေတ်နောက်ကျလှတယ်ချည်း မဟုတ်ပေမယ့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလို့ ရွာမှာဆိုဖညာတတ်ရှားတယ်။ နောက်ပြီး အထက်တန်းကျောင်းကလည်း နီးနီးနားနားမရှိတော့ တော်ရုံတန်ရုံဝင်ငွေရှားတဲ့ လယ်သမား မိသားစုဝင်တွေက သမီးမိန်းကလေးဆို ကျောင်းမထားကြတော့ဘူး။

အင်မတန် ပညာရေးလိုလားလို့ ကျောင်းထားမယ်ဆိုရင်တောင် ရွာက အလယ်တန်းကျောင်းမှာ လေးငါးတန်းအထိပဲ ကျောင်းထားနိုင်တယ်။ မြို့ကျောင်းအထိ ပို့ဖို့ဆိုတာက လွယ်ကူတဲ့ ကိစ္စမှ မဟုတ်ဘဲလေ။ မိန်းကလေးဆို ပိုဆိုးသပေါ့။ မိဘက နေရေထိုင်ရေ အထိ ပူပန်ပေးနေရမှာ မဟုတ်လား။ ဒီတော့ မပိုးသူနဲ့ ကျွန်တော် ရင်ခုန်လျက်သားနဲ့ ဝေးခဲ့ကြရတယ်။

ကျွန်တော် မြို့ကျောင်းသွားတက်တော့မှ မပိုးသူခမျာ မျက်ရည်လည်ရွဲနဲ့ ကျန်ရစ်ခဲ့ရရှာတာလေ။

ကျွန်တော့်ကို ဘယ်လောက်များ သတိရနေမလဲ။ ကျွန်တော် ပြန်လာတာသိရင် ဘယ်လောက်များ ဝမ်းသာသွားလိမ့်မလဲ။ ကျွန်တော် တွေးကြည်နှဲလို့တောင် မရဘူး။

အခုတော့ ကျွန်တော် မြို့တောင်း က ပြန်လာပါပြီ။ ကွမ်းရိုး ပြန်လာပြီ ပုသေးရေလို့ ရင်ထဲမှာ တကြော်ကြော်အော်ရင်း တွန့်တော် ပျော်ရွှင်နေမိတယ်။ ခွဲခွာခဲ့စဉ်က အငြောင်းတွေကို လမ်းတစ်လျှောက်လုံး ပြန်တွေးလာခဲ့ပေမယ့် အခုထိ မရိုးအီနိုင်သေးပါဘူး။ ကျွန်တော်က မြို့ကိုသွားခါနီး အဝတ်အစားထုပ်ကိုဆွဲပြီး မပိုးသူကို သွားနှုတ်ဆက်တော့ မပိုးသူက မျက်ရည်တွေဖြိုင်ဖြိုင်ကျရင်းနဲ့ -

"ကွမ်းရိုး၊ နင် ရွာကိုပြန်လာရမယ်နော်၊ ဟိုမှာ မိန်းမ ယူမသွားနဲ့၊ ယူသွားလို့ကတော့ ငါနဲ့အတွေ့ပဲနော်"

ကျွန်တော့်ကို တွေတွေကြီးစိုက်ကြည့်ပြီး ပြောလိုက်တဲ့စကား။ ကျွန်တော့်ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲသွားလို့ မပိုးသူလေးကို ဖျတ်ခနဲဆွဲဖက်ပြီး တင်းတင်းကျပ်ကျပ် ထွေးပွေ့လိုက်မိတယ်။ လူကြီးတွေက မြင်ကြပေမယ့် ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် နှုတ်ဆက်နေတာပဲလေလို့တွေးပြီး ဘာမှ မပြောကြပါဘူး။ သူငယ်ချင်း သံယောဇဉ်ကလည်း အကြီးသားကိုး။

မပိုးသူလေးကလည်း တွန့်တော့် ထွေးပွေ့မှုကို မငြင်းဆန်ဘဲ ကျွန်တော့်ပခုံးလေးပေါ် မေးတင်ပြီး-

"ကွမ်းရိုး၊ နင် ပြန်လာခဲ့နော်၊ ငါစောင့်နေမှာ"

"စိတ်ချပါ ပုသေးရယ်၊ ငါ စာမေးပွဲပြီးတာနဲ့ ချက်ချင်းပြန်လာခဲ့မယ်"

ဒီလိုနဲ့ ကျွန်တော်တို့ ဝေးခဲ့ကြတာ ခုဆိုရင် တစ်နှစ်ကျော်လို့ နှစ်နှစ်တောင် စွန်းခဲ့ပြီ။ ဒီနှစ်နှစ်လုံး ကျွန်တော် သူ့ကို တစ်ရက်မှ မေ့မရခဲ့ပါဘူး။ မေ့မရတဲ့အပြင် တစ်နေ့ထက် တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com

သတိရစိတ်တွေသာ တိုးပြီး မပိုးသူရဲ့ မျက်နှာလေးကို ပြေးမြင်ချင်မိတယ်။ မပိုးသူရဲ့ စကားသံလေးကို ကြားချင်နေမိတယ်။ "မပိုးသူကလည်း ရွာက အသိတစ်ယောက်တလေ မြို့တက်တာနဲ့ ကျွန်တော့်ဆီကို စာတွေ၊ လက်ဆောင်တွေ ပို့ပြီး သူ ကျွန်တော့်ကို မမေ့သေးတဲ့အကြောင်း အရိပ်အခြည်ပြတတ်စမြဲလေ။ ကျွန်တော့်မှာ သူ့ကိုသတိရတိုင်း သူပို့လိုက်တဲ့စာတွေကို ပြန်ဖတ်၊ သူပေးလိုက်တဲ့ ငါးပိကြော်လေးစားနဲ့ ကျောင်းစာကြည့်ဖို့ အားမွေးယူခဲ့ရတယ်။ ခုတော့ မပိုးသူက ကွမ်းရိုးလို့ ချစ်စနိုးခေါ်တဲ့ ကိုကြည်ရင် ရွာကို ပန်းကောင်းပန်လို့ ပြန်လာပြီလေ။"

▲

ရွာအဝင်လမ်းနားရောက်တော့ ရွာထိပ်က ညောင်ပင်ကြီးကို ငေးကြည့်ရင်း ငယ်ငယ်က မပိုးသူနဲ့ကျွန်တော် ဖန်ခုန်တမ်း၊ ကြက်ဖခွပ်ပြိုင်တမ်း၊ မန်ကျည်းစေ့တောက်တမ်း၊ ထွေခင်းတမ်း ကစားခဲ့တာတွေကို ပြန်သတိရမိတယ်။

အမှန်ပြောရရင် ကျွန်တော်တို့ နှစ်ယောက်က ဟိုးငယ်ငယ်လေးက တည်းက တစ်ယောက်နဲ့တစ်ယောက် အင်မတန် သံယောဇဉ် ကြီးကြတာ။ ရန်ဖြစ်တယ်ဆိုတာ အရှားသား။ သူ့ကို အနိုင်ကျင့်ရင် ကျွန်တော်က ဝင်ပါတတ်သလို ကျွန်တော့်ကို ကျောနေတာတွေ့ရင်လည်း သူက ဝင်ရန်ဖြစ်ပေးစမြဲ။ တစ်ယောက်ကိုတစ်ယောက် မောင်နှမလိုရော၊ သူငယ်ချင်းလိုရော ချစ်ကြတာ။ အရွယ်ရောက်လာတော့လည်း ချစ်သူလိုပါ ချစ်သွားကြတာပေါ့ဗျာ။

ရွာအဝင်လမ်းအတိုင်း ဝင်လာဖို့ စဉ်းစားဝံ့ပြီးခါမှ ညနေစောင်းအချိန်ဖြစ်နေတာကို သတိထားမိတော့ ကျွန်တော့်အတွေးတွေ ပြောင်းသွားတယ်။ ဒီအချိန်က မပိုးသူတို့ ရေခပ်ဆင်းတဲ့အချိန်လေ။ နောက်ပြီး ကျွန်တော့်စိတ်ထဲ ရွာထဲဝင်ရမှာကို ကြောက်သလိုလို ရွံ့သလိုလိုကြီး ဖြစ်နေတာလည်းပါတယ်။ ဘာဖြစ်လို့ အဲဒီလိုခံစားမိသလဲဆိုတာတော့ ကျွန်တော်လည်း မပြောတတ်ပါဘူး။ ညောင်ပင်ကြီးအောက်က ဖြတ်ပြီး ရွာခြံစည်းရိုးထဲ ဝင်ရမှာကို လန့်သလိုလိုကြီး ဖြစ်နေမိတယ်။ အင်းလေ ဒီခြံစည်းရိုးကို မဖြတ်ရတာ နှစ်နှစ်တောင် ရှိခဲ့ပြီပဲ။ အနေစိမ်းသွားလို့ အဲဒီလိုမျိုး ခံစားမိတာ ထင်ပါရဲ့။

ဒါနဲ့ ကျွန်တော်လည်း ရွာထဲသို့ မဝင်ဘဲ ရွာဘေးက တန်းသင်းရိုးတွေကို ဖြတ်ကျော်၊ ရွာပြင်ကနေပတ်ပြီး မပိုးသူတို့ ရေခပ်လမ်းဆီကို လာခဲ့ထယ်။ ကျွန်တော် ပြန်လာတာကိုသာ မပိုးသူ ရုတ်တရက် မြင်လိုက်ရင် ဘယ်လောက်များ ဝမ်းသာသွားမလဲ။ ကျွန်တော် တွေးယူလို့တောင် မရဘူး။ ကဗျာဝါသနာပါသူ ပီပီ ငုပ်လျှိုးခါနီး နေဝန်းနီနီကြီးကို ငေးကြည့်ရင်း မပိုးသူများ လိုချင်လေမလား ဆိုတဲ့အတွေးနဲ့ လှမ်းယူလိုက်ချင်တယ်လို့ပြောရင် ပိုလိုက်တာဟု ဆိုချင်မလားမသို့။

ကျွန်တော်တို့ရွာက သာယာကြည်အေးတဲ့ ရွာကလေး။ ပကာသနတွေ မဖက်ဘူး။ အပြိုင်အဆိုင်တွေ မရှိဘူး။ နေအိမ်အသီးသီးမှာ ရေတွင်းတွေလည်း တူးမနေကြဘူး။ ရွာရဲ့ သုံးရေချိုးရေကို ရွာပြင်က ရေကန်ကြီးထဲကနေပဲ လာခပ်ယူလေ့ရှိတယ်။ ဒါဟာ ရွာရဲ့ ဓလေ့လိုပဲ။ ရွာသူတွေအတွက် နိစ္စဓူဝ အလုပ်တစ်ခုလိုပေါ့။ တချို့တွေဆို ရေခပ်ပျင်းလို့ ကန်ရေထဲ လာဆင်းချိုးကြတယ်။ တချို့လည်း ကွဲနွားတွေကို ရေလာတိုက်ကြတယ်။ ရေခပ်တာဝန်ကိုတော့ အမျိုးသမီးတွေကပဲ ယူတာများတယ်။ နေ့စဉ် ခပ်နေရတာဆိုတော့ ပန်းတယ်၊ မောတယ် မရှိကြပါဘူး။ မိန်းမဖော်အချင်းချင်း စကားတပြောပြော လုပ်ရင်း နေအိမ်အတွက် လိုသလောက် ရေကို သုံးလေးခေါက် ခပ်သယ်ကြတာပါပဲ။

ရွာနောက်ဘက်က တောင်တန်းတွေပေါ် နေလုံးကြီး မေးတင်နေတဲ့ အချိန်မှာ ကျွန်တော့်ခြေလှမ်းတွေက ရွာရေခပ်လမ်းပေါ် ကို ရောက်ရှိနေခဲ့ပြီ။ ရေခပ်လမ်းအလယ်ကနေ ရေကန်ဆီကို ကျွန်တော် လှမ်းကြည့်မိတော့ ရေကန်နားမှာ မိန်းမတွေ တရှန်းရွှန်းနဲ့ ရေခပ်နေကြလေရဲ့။

ကျွန်တော်လည်း မိန်းမတွေပဲ ရှိတဲ့ အဲဒီရေကန်နားကို တစ်ယောက်တည်း မသွားဝံ့ဘူးဗျ။ မပိုးသူကို တွေ့ချင်လွန်းလို့ သွားဦးတော့ မပိုးသူက အဲဒီအုံ့ဖိုထဲမှာ ရှိမရှိက မသေချာဘူး။ သေချာတာက သူတို့တွေ ဝိုင်းနောက်ဝိုင်းပြောင်ကြမှာ၊ အားမနာပ စကားလုံးတွေနဲ့ သူတို့အနားကနေ ကျွန်တော် ထွက်ပြေးသွားလောက်အောင် ဝိုင်းစကြမှာ။

ဒါနဲ့ ကျွန်တော်လည်း ရေကန်နား မသွားတော့ဘဲ လှမ်းဘေးက မှောင်ရိပ်ကျတဲ့သစ်ပင်တစ်ပင်ရဲ့ ခြေရင်းမှာ "ထိုင်စောင့်နေလိုက်တယ်။ မပိုးသူလေးလာရင် ပွေ့ဖက်လိုက်မယ်။ မပိုးသူနဲ့ တွေ့ရတော့မှာကို တွေးပြီး ရင်ခုန်နေမိတာပေါ့။

ကျွန်တော် မြို့ကျောင်းသွားခါနီး မပိုးသူကို သွားနှုတ်ဆက်ရင်း တစ်ယောက်နဲ့တစ်ယောက် ထွေပွေ့ရာက နှစ်ဦးသားရဲ့ ရင်တွင်းခံစားချက်တွေကို နားလည်ခဲ့ကြတာဆိုပေမယ့် တကယ်တမ်း ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရင်ခုန်စေခဲ့တာဟာ ကျွန်တော်တို့ ဆယ့်သုံးနှစ်အရွယ်တုန်းက ကစားခဲ့ကြတဲ့ ထုပ်ဆီးတိုးပွဲလေး တစ်ခုကြောင့်ဗျ။

အဲဒီတုန်းက ကျွန်တော်ရော သူရော ကလေးစိတ် မကုန်သေးတဲ့ အရွယ်တွေဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် အပြိုင်အဆိုင် ဘယ်သူနိုင်နိုင်ပေါ့။ ဒီလိုနဲ့ တစ်ဦးကိုတစ်ဦး အသာမခံဘဲ ကစားကြရင်း လွတ်ပြီထင်လို့ပြေးတဲ့ မပိုးသူကို စည်းထဲ အဝင်မခံနိုင်တဲ့ ကျွန်တော်က အတင်းဆွဲဖမ်းလိုက်တယ်။ ထုပ်ဆီးတိုးပွဲရဲ့ ဘေးကာ

www.burmeseclassic.com

www.burmeseclassic.com

သဘာဝအတိုင်းပေါ့။ အရှိန်နဲ့ ပြေးလာတဲ့သူကို စည်းပေါ်မှာ ရပ်နေတဲ့သူက အတင်းဖမ်းရတာပဲလေ။ အဲဒီမှာ နှစ်ယောက်သား အရှိန်လွန်ပြီး လုံးထွေးလဲကျကုန်ပါရော။

လဲကျတော့ ကျွန်တော်က အောက်မှာ။ မပိုးသူက ကျွန်တော့်ရင်ခွင်ထဲမှာ အားလုံးက ဖုန်ဖတ်ခါရင်း ကျွန်တော်တို့နှစ်ယောက် ရန်ဖြစ်ကြမလားလို့ စိတ်ပူနေကြပေမဲ့ ကျွန်တော်တို့နှစ်ယောက်လုံး ဘာကြောင့်မှန်းမသိဘဲ ရင်တွေခုန်နေခဲ့ကြတယ်။ ခုန်ပုံကလည်း ကြောက်စရာလန့်စရာ။ တဒုန်းဒုန်းတဒိန်းဒိန်းနဲ့ ဘင်ခရာတီးဝိုင်းကြီး ရင်ဘတ်ထဲ ရောက်နေသလိုမျိုးပျာ။ ဒီမှာပဲ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်နေကြမှန်း သိခဲ့ရတာ။

▲

"အ. . . အ. . . အ. . . "

အိပ်တန်းပြန့်ဂက်တစ်ကောင်ရဲ့ အာခေါင်ချစ် အော်မြည်သံကိုကြားမှ ကျွန်ထော်သတိဝင်သွားတယ်။ အတိတ်ကို ပြန်တွေးရင်း ကျွန်တော် သစ်ပင်အောက်မှာ ထိုင်နေတာ တော်တော်ကြာသွားပြီပဲ။

ကျွန်တော့်အတွေးတွေ ဘယ်လောက်တောင် ခြေရှည်နေမိသလဲ မမြောတတ်ပေါင်။ ရုတ်တရက် သတိဝင်လာလို့ မော့ကြည့်လိုက်တော့ နေဝန်းကြီးတောင် တိမ်မြူပ်ကွယ်ပျောက်သွားပြီ။ ငှက်ကလေးတွေတောင် အိပ်တန်းပြန်လို့။ သူတို့လေးတွေရဲ့ အော်မြည်သံကလွဲရင် တစ်လောကလုံး အသံတိတ်နေပြီ။ ကျွန်တော်ကတော့ ရေခဲလမ်းကို ကျောပေးပြီး နေဝန်းကြီးရှိရာကို မျက်နှာမူလို့ ငူငူငိုင်ငိုင်ကြီး။ မသိရင် လူသေကောင်ကြီး တစ်ကောင်လိုကို ကျွန်တော် မလှုပ်မယှက် ထိုင်နေခဲ့တာ။ အတွေးထဲမှာ နစ်မြောနေခဲ့တာပေါ့ဗျာ။ အင်းလေ. . . ကျွန်တော်က အတွေးသမားပဉ္စာ။

ဟုတ်တယ်၊ 'ကျွန်တော်က အတွေးသမားဗျ။ မပိုးသူကလည်း ကျွန်တော့်ကို တွေးလွန်းငေးလွန်းလို့ ဆူခဲ့ဆဲခဲ့ဖူးတယ်။ တွေးလွန်းငေးလွန်းတဲ့သူက လူအ လုံနဲ့ တူတယ်တဲ့။ ဒါကတော့ သူအယူအဆပေါ့လေ။ ကျွန်တော်က တော့ အကြောင်းအရာတစ်ခုခုကို ပြန်စဉ်းစားနေရတာ၊ ပြန်တွေးနေရတာမျိုးကို သိပ်သဘောကျတာ။ အထူးသဖြင့် အခုလို ကြည်နူးစရာကိစ္စလေးတွေဆို ကျွန်တော် ခရာခဏပြန်တွေးတယ်။ အဲဒီလို ကောင်းတာလေးတွေကို ပြန်တွေးနေခြင်းအားဖြင့် မတောင်းတဲ့အတိတ်က အကြောင်းတွေကို မေ့ဖျောက်ထားနိုင်တယ်။

ဥပမာ-ကိုယ့်ကို လူတွေ အနိုင်ကျင့်ခဲ့တဲ့ အဖြစ်အပျက်မျိုး၊ နှိပ်စက်ခံခဲ့ရတဲ့ကိစ္စမျိုး အဲဒီလို အကြောင်းအရာမျိုးတွေကို ပြန်မတွေးမိတော့ဘူးပေါ့။

အတွေးတွေ အဆုံးမသတ်ခင်မှာ နောက်ကျောဆီက မသိမကွဲစကားသံတွေကို ကြားလိုက်ရလို့ ကျွန်တော် ဆတ်ခနဲ လှည့်ကြည့်မိတော့ ဘုစိန်မနဲ့ အေးကြည်တို့နှစ်ယောက် ခပ်သုတ်သုတ်လျှောက်ရင်း စကားပြောသွားကြတာကို တွေ့လိုက်ရတယ်။ သူတို့နှစ်ယောက်ကိုမြင်တော့ ကျွန်တော် လန့်သွားပါရောလား။ ကိုယ့်အထင်ကိုယ် သံသယဝင်ပြီး မသေချာမှာစိုးလို့ လမ်းတစ်လျှောက် မျှော်ကြည့်လိုက်တော့ သေချာပါ့ဗျာ။ ရေခဲလမ်းမှာ ဘယ်သူမှမရှိတော့ဘူး။ ရေကန်နားမှာလည်း ဘယ်သူမှ မတွေ့ရတော့ဘူး။ သေပါပေါ့။ ဒီတစ်ခါတော့ ကျွန်တော် အတွေးလွန်သွားတာက ပြဿနာကြီး ဖြစ်သွားပြီလေ။ မပိုးသူလေးနဲ့ တော့လွဲလွဲသွားရပြီ။ အတွေးထဲမှာ ကျွန်တော် နစ်ဝင်နေတုန်း အားလုံး အလုပ်ပြီးသွားကြပြီ။ အားလုံး ပြန်သွားကြပြီ။

မှုန်ကုပ်ကုပ် သစ်ပင်ရိပ်အောက်မှာ လမ်းမဘက် ကျောပေးထိုင်နေတဲ့ ကျွန်တော့်ကိုလည်း ဘယ်သူမှ သတိမမြုမိကြဘူး ထင်ပါရဲ့။ စောစောက တွေ့လိုက်ရတဲ့ ဘုစိန်မနဲ့ အေးကြည် ဆိုတာက လိပ်ညီအစ်မလေ။ တစ်ရွာလုံးက လိပ်ညီအစ်မလို့ နာမည်ပေးရလောက်အောင် အစစအရာရာနှေးကွေးနောတတ်တဲ့ နှစ်ယောက်။ သူတို့နှစ်ယောက်အောင် အခု ပြန်သွားကြပြီဆိုတော့ မပိုးသူဆို အိမ်တို ပြန်ရောက်နေလောက်ရောပေါ့။

ကျွန်တော်လည်း စိတ်ပျက်လက်ပျက်နဲ့ နေရာမှာပဲ ဆတ်ထိုင်ရင်း လွယ်လာတဲ့ ကျောပိုးအိတ်ကို ဆွဲဖွင့်လိုက်တယ်။ ပျင်းပျင်းနဲ့ အိတ်ထဲမှာပါလာတဲ့ ပစ္စည်းတွေကို လှေ့ာက်ကြည့်မိတယ်။ အိတ်ထဲမှာ မပိုးသူကိုပေးဖို့ ဝယ်လာတဲ့ ကချင်လုံချည်နဲ့ ပန်းနုရောင် အင်္ကျီစ တစ်စရယ်၊ နှုတ်ခမ်းဆိုးနီ တစ်တောင့်နဲ့ မိတ်ကပ်ဘူး တစ်ဘူး။ မပိုးသူက ဒီလက်ဆောင်တွေကိုမြင်ရင်-

"ကွမ်းပိုး၊ တော်. . . ဒါတွေကို ဘယ်ကောင်မနဲ့ ရွေးလာတာလဲ" လို့ ယိုးစွပ်ဉီးမလား မပြောတတ်ပေါင်။

ကျွန်တော်လည်း ရွာပြန်ခါနီး ဘာတွေဝယ်လို့ ဝယ်လာမိမှန်းတောင် မသိတော့ဘူး။ အိတ်ထဲမှာ ရှုပ်ပွနေရော ပဲ။ ပေါင်ဒါဘူးတွေလည်း ပါတယ်။ မျက်နှာသစ်ဆေးဘူးလည်း ပါတယ်။ ဒီပစ္စည်းတွေကြောင့် အိတ်ကြီးက ဖောင်းကားနေလိုက်တာများ မသိတဲ့သူဆို တောသူဌေးလေး ဘဏ်တပြန်လာတယ်အထင်နဲ့ ဓားပြတောင် တိုက်ချင်သွားဦးမယ်။

ဆက်မွေရင်း နောက်ထပ်တွေ့လိုက်ရတာက မပိုးသူရဲ့ မောင်လေးဦးလူအတွက် သင်္ကြန်မှာဆော့ဖို့ သရဲမျက်နှာဖုံး။ မျက်နှာဖုံးက ဝလတ်စတစ်အတောင်းစားနဲ့ လုပ်ထားတာဆိုတော့ မျက်နှာဖုံးနဲ့တောင် မတူဘူး။ အသားကလည်း အပေါစား မျက်နှာဖုံးတွေလို မဟုတ်ဘဲ နူးနူးညံ့ညံ့ပျော့စိစိနဲ့။ စွပ်ကြည့်ရင် ဘယ်လိုနေမလဲ မသိ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း အရူးထလက်စနဲ့ မထူးတော့ပါဘူးလို့တွေးပြီး သရဲမျက်နှာဖုံးကို မျက်နှာမှာ စွပ်ကြည့်လိုက်တယ်။

"အမယ်. . . တယ်ဟုတ်ပါလား။ မျက်နှာဖုံးစွပ်ထားတယ်လို့တောင် မထင်ရဘူး။ အသားနဲ့ ကပ်နေရောပဲ"

ဟုတ်တယ်။ ပေးရတဲ့ပိုက်ဆံနဲ့ တန်အောင် မျက်နှာဖုံးတာ တော်တော် အဆင့်မြင့်တယ်ဆိုရမယ်။ Made in Japan ပို့ ဒီလိုမျိုး ကောင်းနေတာပဲဖြစ်ရမယ်လို့ ကိုယ့်ဟာကိုယ် လူတတ်ကြီး လုပ်ပြီး သတ်မှတ်ရင်း လွယ်အိတ်ကို ဆက်မွေပြန်တယ်။ လွယ်အိတ်ထဲမှာ ရေမွေးဘူးငယ်လေး (၃)ပုလင်းနဲ့ ကြက်အူချောင်းထုပ် နှစ်ဆုပ်က ပြုံးစိစိနဲ့ ကျွန်တော့်ကို ကြည့်နေတယ်။ သူတို့ကိုတော့ ကျွန်တော် အပြင်မထုတ်တော့ဘူး။ ကြက်အူချောင်းတွေကို အိမ်ရောက်ရင် ကြော်စားရမယ်။ ညနေစာထမင်းကို ဒါတွေနဲ့စားမယ်လို့ ကျွန်တော် စဉ်းစားနေမိတယ်။ မြို့ကိုရောက်တာ နှစ်နှစ်လောက် ဆိုပေမယ့် မြို့စိတ်က ဝင်ချင်ချင်ရယ်။

ပတ်ဝန်းကျင်က တော်တော်လေး မှောင်နေပါပြီ။ နေရောင်က ဆည်းဆာရောင်ခြည်တောင် မကျန်တော့သလောက်ပဲ။ အိမ်မပြန်သေးဘဲ၊ မပိုးသူလေးနဲ့ သွားမတွေ့သေးဘဲ ဘာဖြစ်လို့များ ဒီသစ်ပင်အောက်မှာ ကျွန်တော် ဆက်ထိုင်နေမိသလဲဆိုတာ ကိုယ့်ဟာကိုယ်လည်း တွေးကြည့်လို့တောင် မရဘူး။ တစ်စုံတစ်ယောက် ဒါမှမဟုတ် တစ်စုံတစ်ခုက ကျွန်တော့်ကို အိမ်ပြန်လို့မရအောင် ညှို့ငင်ထားသလိုပဲ။

ကျွန်တော်လေ အိမ်ပြန်ရမှာကို ကြောက်နေမိတယ်။ ရွာထဲကို ဝင်ခါနီးတုန်းက စိုးရွံ့ထိတ်လန့်ခဲ့တဲ့ ခံစားချက်မျိုးကို အခု ကျွန်တော် ပြန်ခံစားမိနေပြီ။ အိမ်ပြန် ရမှာ၊ အိမ်ပြန် ရောက်ရင် သတင်းဆိုးတစ်ခုခု ကြားရတော့မှာကို ကျွန်တော် စိုးထိတ်နေမိတယ်။

ဘာကြောင့်လဲဆိုတာကို ကျွန်တော် အဖြေရှာလို့ မရသေးဘူး။

"အဟင့်. . . အဟင့်"

ကျွန်တော် ငေးငိုင်နေတုန်း နောက်ကျောဆီက ငိုသံကြားလိုက်ရတယ်။ သေချာတယ် မိန်းမတစ်ယောက်ရဲ့ ငိုသံပဲ။ ချက်ချင်းဆိုသလို နောက်ဘက်ကို လှည့်ကြည့်မိတော့ လမ်းမပေါ်မှာ ကျွန်တော့်ကို ကျောခိုင်းလို့ လမ်းလျှောက်သွားတဲ့ မိန်းမတစ်ယောက်ကို မှုန်ပျပျ နေအလင်းရောင်လက်ကျန် အောက်မှာ ကျွန်တော်မြင်လိုက်ရတယ်။ ငိုသံက အဲဒီမိန်းကလေးဆီကနေ ထွက်ပျနေတာဗျ။ ဘာဖြစ်လို့များ ငိုနေပါလိမ့်၊ ခါးနေရာလောက်မှာ ရေအိုးလေး ပိုက်ထားတာတွေ့ရလို့ ရေခပ်ဆင်းလာတဲ့ မိန်းမဖျိုတစ်ယောက်ပဲဖြစ်မယ်လို့ ကျွန်တော် မှတ်ယူလိုက်မိတယ်။ ဘာပြဿနာများ ရှိနေလို့လဲ။

ကျွန်တော့်မှာ မိန်းမ မြင်တိုင်း မရိုးမသားဖြစ်တတ်တဲ့ စိတ်ထားမျိုး မရှိပေမယ့် ကိုယ့်မှာလည်း ညီမတွေ၊ အစ်မတွေရှိလို့ နှမချင်းကိုယ် ချင်းစာပြီး သူမကို သနားသွားတာပါ။ အဲဒါကြောင့် သူမရှိရာဆီကို လျှောက်သွားပြီး အခက်အခဲကို မေးမြန်းကူညီဖို့ ဆုံးဖြတ်လိုက်တယ်။

"ညီမ. . . ညီမ"

ကျွန်တော့်အသံက ဗလုံးဗထွေးနဲ့ ဒါကလည်း ကျွန်တော့်အကျင့်။ ကျွန်တော်က စကားကို များများဆိုတတ်သူမဟုတ်တော့ ပြောတဲ့အခါကျ ခပ်မြန်မြန် ခပ်သော့သော့ပြောတတ်လို့ စကားက လေးလုံးမကွဲဘူး။ ကောင်မလေးက ကျွန်တော့်အသံကြားတော့ အနောက်ကို ဖြည်းဖြည်းချင်း လှည့်ကြည့်တယ်။ လေပြေအဝှေ့မှာ သူမရဲ့ ဆံနွယ်တချို့က လေထဲကို ဝဲဝဲနေတယ်လို့ ကျွန်တော်ထင်တယ်။ သေသေချာချာတော့ သဲသဲကွဲကွဲ မမြင်ရဘူး။ အမှောင်ထုက အရာရာကို ဝါးမျိုစပြုနေပြီကိုး။

"အမယ်လေး. . ."

လှည့်ကြည့်သူ မိန်းမပျိုလေးဆီက အော်သံနက်ကြီးကို ကျွန်တော် ကြားလိုက်ရတယ်။ အာခေါင်ချစ်အော်ဟစ်သံကြီးပါ။ ကျွန်တော့်ကို လှည့်ကြည့်ပြီး အလန့်တကြား ဟစ်အော်သွားတာ။

"ဟင်. . . မပိုးသူ"

နောက်ဘက်ကို သူမ လှည့်ကြည့်ကာမှ အဲဒီမိန်းကလေးက မပိုးသူဖြစ်နေမှန်း ကျွန်တော် သိလိုက်ရတယ်။ ကျွန်တော်တလည်း ညံ့ချက်ဗျာ။ ကိုယ့်ချစ်သူကို မမှတ်မိရဘူးလို့။ အင်းလေ ဘယ်မှတ်မိပါ့မလဲ။ ကျွန်တော်တို့နှစ်ယောက် ခွဲခွာခဲ့တုန်းက ပုသေးဆိုတဲ့ မပိုးသူက တကယ့်ကို ကလေးမလေး။ အခုတော့ မပိုးသူက ဒီနှစ်နှစ်အတွင်းမှာ အတော့်ကို ဖွံ့ထွားလာပြီး အပျိုမကြီး လုံးလုံးကို ဖြစ်နေရော။

"နေ. . . နေပါဦး မပိုးသူရဲ့၊ ဘာဖြစ်လို့ ထွက်ပြေးတာလဲ၊ ငါ ကိုကြည်ရင်လေ၊ ကွမ်းရိုးလေကွာ၊ မမှတ်မိတော့ဘူးလား"

မပိုးသူက ကျွန်တော့်ကိုမြင်တာနဲ့ အလန့်တကြားအော်ပြီး လှည့်ထွက်ပြေးတော့တာပါပဲ။ တစ္ဆေသဲရဲကို တွေ့လိုက်ရတဲ့အတိုင်း နောက်ကြောင်းပြန်မကြည့်တဲ့ တစ်ချိုးတည်းပြေးတာ။ ဘာကြောင့်များ မပိုးသူ ကျွန်တော့်ကိုမြင်ပြီး လန့်ပြေးသွားပါလိမ့်။

ကျွန်တော် မပိုးသူရဲ့နောက်ကို ပြေးလိုက်ပြီး မေးဖို့ စဉ်းစားလိုက်ပါသေးတယ်။

ဒါပေမဲ့ ကျွန်တော် ရွာထဲကိုဝင်ဖို့ တွန့်ဆုတ်နေတုန်းပဲ။ ကျွန်တော့်ရဲ့ စိတ်တွေက ရွာထဲဝင်ရမှာကို ကြောက်နေတုန်း။ ရွာထဲမှာ ကျွန်တော့်ကို ချောက်ချားစေမယ့် သတင်းဆိုးတစ်ခု၊ ဒါမှ မဟုတ် အကြောင်းအရာတစ်ခုကို ကြား ရတော့မယ်လို့ ဆဋ္ဌမအာရုံကနေ ကျွန်တော် သိနေတယ်။ ဘာမှန်းသာ မသိတာ၊ ရွာထဲကို ဝင်ရမှာတော့ တွန့်ဆုတ်နေတာ အမှန်။

လမြည့်ဝန်းမဂ္ဂဇင်း (ဇွန်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေလဲကွာ၊ ငါက ဘာလို့ ရွာထဲ ဝင်ရမှာကို လန့်နေရတာလဲ၊ နောက်ပြီး မပိုးသူလေးကရော ဘာဖြစ်လို့ ငါ့ကိုမြင်တာနဲ့ ကြောက်လန့်သွားရတာလဲ"

ရှုပ်ထွေးလွန်းတဲ့ အတွေးတွေကြောင့် စိတ်ညစ်လာလို့ ကိုယ့်နဖူးကိုယ် ပွတ်လိုက်မိတယ်။ ဒါကလည်း စိတ်ရှုပ်လာရင် ကျွန်တော်လုပ်တတ်တဲ့ ကျွန်တော့်ရဲ့ လုပ်ရိုးလုပ်စဉ် အကျင့်တစ်ခုဆိုပါတော့။ အဲဒီအခါကျမှ မပိုးသူ လန့်ပြေးရခြင်း အကြောင်းရင်းကို သိလိုက်ရတယ်။

"သေပါတော့ကွာ"

ကျွန်တော့် မျက်နှာမှာ တစ္ဆေမျက်နှာဖုံးကြီးနဲ့။ စောစောက လက်ဆော့ပြီး တပ်ကြည့်မိတဲ့ ကလေးဆော့ဖို့အတွက် ဝယ်လာတဲ့ တစ္ဆေမျက်နှာဖုံးက ခုထက်ထိ မချွတ်ရသေးဘူးလေ။ ဒါကိုမြင်ပြီး မပိုးသူလေး လန့်ပြေးသွားတာပဲဖြစ်ရမယ်။ အင်း. . . ဟုတ်ပါ့။ လန့်အော်ပြေးရင်လည်း ပြေးချင်စရာ။ နေဝင်မိုးချုပ်ချိန် မှုန်ပျပျအလင်းရောင်အောက်မှာ အစွယ်တွေ ထွက်နေတဲ့ တစ္ဆေမျက်နှာကြီးကို ရုတ်တရက် တွေ့လိုက်ရသူအဖို့ မလန့်ဘဲ ဘယ်နေပါ့မလဲ။ ဒီလိုကြောက်စရာမျက်နှာကြီးကို တွေ့လိုက်မှတော့ မလန့်ပြေးဘဲ ရှိပါ့မလား။ လိပ်ပြာမလွှင့်တာဘဲ ကျေးဇူးတင်ရဦးမယ်။

"ဟာ- မဖြစ်ဘူး၊ မပိုးသူလေး ညအိပ်ချိန်ထိ ထိတ်လန့်မနေအောင် သွားရှင်းပြမှ ဖြစ်မယ်"

ဒီအသိနဲ့ ကျွန်တော် ရွာထဲကို အပြေးတစ်ပိုင်းနဲ့ ဝင်လာလိုက်တယ်။ ရွာထဲကို ဝင်ရမှာ ကြောက်တဲ့စိတ်ကို လျစ်လျူရှုထားလိုက်တယ်။

▲

"ဝူ အူ အူး . . . "

ကျွန်တော် ရွာထဲကို ပြေးဝင်လာတော့ ခွေးအူသံတွေက ဆက်တိုက် ဆိုသလို ကြားလိုက်ရတယ်။ ဘုရား ဘုရား ကျွန်တော်နဲ့အတူ ရွာအပြင်ကထဲစွေတစ်ကောင်ကောင်များ တပ်ပါလာလို့များလား။ အတွေးနဲ့တင် ကျွန်တော့်တစ်ကိုယ်လုံး ထုံကျဉ်အေးခဲသွားတဲ့အထိ ကြောက်လန့်သွားမိတယ်။ ကျွန်တော်က သရဲတစ္ဆေ မမြင်ဖူးပေသိ အတွေးနဲ့တင် ကြောက်ရွံ့တတ်သူပဲလေ။ ကြက်သီးမွေးညင်းတွေ ထောင်ထ၊ ခေါင်းနားပန်းတွေပါ ကြီးသွားပါပေါ့။ ဒါပေမဲ့ ကြောက်နေလို့ မဖြစ်သေးပါဘူး။ မပိုးသူလေး ထိတ်လန့်မနေရအောင် ကျွန်တော် သွားရှင်းပြမှဖြစ်မယ်ဆိုတဲ့အတွေးကြောင့် ကြောက်စိတ်ကို ထိန်းချုပ်ပြီး မပိုးသူတို့အိမ်ဆီကို ခပ်သုတ်သုတ် လျှောက်လာလိုက်တယ်။

မပိုးသူတို့အိမ်လေးက အရင်ကလိုပဲ မပြောင်းလဲပါဘူး။ အိမ်တံစက်မြိတ်ရဲ့အောက်မှာ ကျွန်တော်တို့နှစ်ယောက် အမြဲထိုင်လေ့ရှိတဲ့ ထိုင်ခုံညီညီလေးကို ချထားစမြဲ။ အိမ်ရှေ့မှ ရွက်လှပင်တွေကလည်း အယ်သူမှ မပျိုးထောင်ပါဘဲ သူတို့ဘာသာ အပြိုင်းအရိုင်းကြီးထွားနေဆဲ။ ကျွန်တော် ခြံထဲကို မဝင်သေးဘဲ ခြံရှေ့ကနေ မပိုးသူတို့ အိမ်ကလေးကို အလွမ်းပြေ ငေးကြည့်နေမိတယ်။

အရွယ်ရောက်လို့ လက်ထပ်တဲ့ တစ်နေ့ကျ သူနဲ့ကျွန်တော် ဒီအိမ်လေးမှာ တစ်လှည့်၊ ကျွန်တော်တို့ အိမ်မှာ တစ်လှည့် နေကြမယ်လို့ စိတ်ကူးခဲ့ကြဖူးတယ်။ အဲဒီအကြောင်းတွေ ပြောတုန်းက မပိုးသူက ကျွန်တော့်ကို ထုခဲ့တယ်လေ။ ကလေးဖြစ်ပြီး ဘာတွေလျှောက်ပြောနေတာလဲတဲ့။ ဟုတ်သား၊ အဲဒီစကားတွေပြောတုန်းက ကျွန်တော်တို့အသက် ၁၅ နှစ်ပဲရှိသေးတော့ ဘာရယ်ညာရယ်မဟုတ် ကလေးအတွေးပါပဲ။

အိမ်ကလေးကို ငေးကြည့်ရင်း အတိတ်ကအကြောင်း ပြန်တွေးရင်း မပိုးသူလေးကို လွမ်းလာတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်နာမိရဲ့။ စောစောက မျက်နှာဖုံးစွပ်ကြီးသာ ဝင်မရှုပ်ရင် အခုလောက်ဆို မပိုးသူနဲ့ကျွန်တော် တွတ်တီးတွတ်တာစကားတွေ ပြောဆိုနေရလောက်ပြီ။

"ပိုးသူရေ ဟေ့. . . ပိုးသူ"

ကျွန်တော် မတိုးမကျယ် လှမ်းအော်ခေါ်တယ်။စိတ်ထဲကလည်း မပိုးသူတော့ အိမ်ရာထဲမှာ ကြောက်လန့်နေလောက်ရောပေါ့လို့ တွေးလိုက်မိတယ်။ ဟုတ်တယ်လေ၊ စောစောတ သူ တော်တော်လန့်သွားတဲ့ပုံပဲ ဆတ်လား။ သံုးခါလောက် အော်ခေါ်ပေမဲ့ ထော်တော်နဲ့ခေါ်မရလို့ အသံကျယ်ကြီးနဲ့ အော်ခေါ်ပစ်လိုက်တယ်ဗျာ။ မတတ်နိုင်ဘူး။ ဘေးအိမ်တွေပဲ အခြင်တစ်ကုပ်၊ ကျွန်တော့်အတွက်တော့ ပိုးသူနဲ့ တွေ့ရဖို့က အရေးအကြီးဆုံး။

ကျွန်တော့်ခေါ်သံ ဆုံးတဲ့အခါမှာ နံဘေးပြတင်းပေါက်ကနေ လူတစ်ယောက် ခေါင်းပြူထွက်လာတယ်။ မပိုးသူတော့ မဟုတ်ဘူး၊ သူ့အမေ ဒေါ်နွယ်အိရယ်။

"ဟယ်- မောင်ကြည်ရင်၊ မင်း . . . မင်း ပြန်လာပြီ"

ဒေါ်နွယ်အိရဲ့ပုံစံက အံ့အားသင့်သွားတဲ့ပုံ။ နောက်ပြီး အိမ်သံကလည်း ရင်ခေါင်းသံပါပါနဲ့ လှိုက်ခါတုန်ရီလို့။ ကျွန်တော်ပြန်လာလို့ ဝမ်းသာသွားတာဖြစ်ပါလိမ့်မယ်။ ဒေါ်နွယ်အိတ ကျွန်တော့်အပေါ်မှာ သားအရင်း တစ်ယောက်လို ချစ်ခင်သူဝဲတိုး။ ကျွန်တော် ပြန်လာတာမြင်တော့ ဝမ်းသာသွားမှာပေါ့။ အဲ- ဒါပေမဲ့ မျက်စိနှင်းထဲမှာ မျက်ရည်တွေ ဝဲလို့ပါလား။ ဘာဖြစ်လို့ပါလိမ့်။

"ဟုတ်တယ် ဒေါ်ဒေါ်၊ အခုပဲ ကျွန်တော်ရောက်တာ၊ ပိုးသူရောဟင်၊ ကျွန်တော် သူနဲ့ သိပ်တွေ့ချင်နေပြီ"

ကျွန်တော့်ရဲ့ ကြွေမြေမဆည်နိုင်ဖြစ်သွားပုံကို ချက်ချင်းပဲ ကျွန်တော့် ဘာသာ ကျွန်တော် သတိထားမိလို့ နည်းနည်းလည်း ရှက်ရွံ့သွားမိတယ်။ အမှန်ဆို ဒေါ်ဒေါ်တို့မိသားစုကောနေတောင်းရဲ့လား။ ဒေါ်ဒေါ်တို့၊ ပိုးသူ

www.burmeseclassic.com

တို့အတွက် လက်ဆောင်တွေ ဝယ်လာတယ်။ ဒါနဲ့ ပိုးသူရောဆိုပြီး စကားပလွှင့်ခံပြီးမှ မေးရမှာ။ ခုတော့ တဲ့တိုးကြီး။

ကျွန်တော်က အားနာလို့ ခေါင်းကြီးကို ငဲ့လိုက်မိပြီးမှ မထူးပါဘူးဆိုတဲ့အတွေးနဲ့ ဒေါ်နွယ်အိရဲ့မျက်နှာကို မော့ကြည့်လိုက်တော့ ဒေါ်နွယ်အိရဲ့မျက်ဝန်းမှာ မျက်ရည်စတွေ တွဲခိုလို့။ ဒါ. . . ဒါ ဒေါ်နွယ်အိ ငိုနေတဲ့သဘောပေါ့။ ဘာဖြစ်လို့လဲ။ ဘယ်သူများ ဘာဖြစ်သလဲ။ ချက်ချင်းပဲ စိတ်ပူလိုက်မိတာက ပိုးသူလေးအတွက်။ ပိုးသူလေး ဘာများဖြစ်သလဲ။ စောစောက ကျွန်တော့်ကြောင့် လန့်ပြီး အိပ်ရာထဲပဲ လဲသွားသလား။

"ဒေါ်ဒေါ်၊ ဒေါ်ဒေါ် ဘာဖြစ်လို့ ငိုနေတာလဲ၊ ပိုးသူ၊ ပိုးသူလေး ဘာဖြစ်လို့လဲဟင်၊ ဘယ်သူ ဘာဖြစ်လို့လဲ"

စောစောက မပိုးသူကို ကျွန်တော်ခြောက်လှန့်လိုက်မိလို့ မပိုးသူလေး တစ်ခုခုများ ဖြစ်လေပြီလားဆိုတဲ့ စိတ်ကူးနဲ့ အသည်းအသန်မေးမိတယ်။ ရင်ထဲမှာလည်း လှိုက်ဆူနေပြီ။ ပူလောင်နေပါပေါ့ဗျာ။

"မိပိုး. . . မိပိုးဆုံးပြီ ငါ့သားရဲ့၊ မိပိုးဆုံးပြီ၊ အမယ်လေး အီးဟီးဟီး သမီးလေးရဲ့"

"ဗျာ၊ ဘယ်. . . ဘယ်လို၊ ဘာပြောလိုက်တယ် ဒေါ်ဒေါ်၊ ပိုးသူ . . . ပိုးသူ ဆုံးပြီဟုတ်လား၊ မဖြစ်နိုင်တာဗျာ၊ စောစောကတင် ကျွန်တော် ပိုးသူကို ရေခဲလမ်းမှာ တွေ့လိုက်သေးတာပဲ၊ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ မဖြစ်နိုင်ဘူးဗျာ၊ ဒေါ်ဒေါ် မနောက်ပါနဲ့ဗျာ၊ ဒီလို အချိန်ကြီး မစကောင်းပါဘူး၊ ပိုးသူရော ဟင်. . . ပြောပါဒေါ်ဒေါ်ရယ်၊ ပိုးသူ ရေ. . . ပိုးသူ"

ကျွန်တော် မေးလည်းမေး၊ အော်လည်း အော်ခေါ်မိတယ်။ ကျွန်တော့်ပုံစံက အသိစိတ်လွတ်နေသူတစ်ယောက်လိုပဲ။ ဒေါ်နွယ်အိကတော့ ဘာစကားမှ ထပ်မဆိုတော့ဘဲ အိမ်တံစက်မြိတ်မှာ ဆောင့်ကြောင့်ထိုင်ချပြီး တဟီးဟီး ရှိုက်ငိုနေတယ်။ သူ့ပုံစံကိုကြည့်ရတာ နောက်ပြောင်နေတာနဲ့ မတူဘူး။ အမှန်တော့ ကျွန်တော် အသိစိတ်လွတ်သွားတာပါ။ ဘယ်အမေကများ ကိုယ့်သမီး သေသွားပြီလို့ နောက်ပြောင်မှာ တဲ့လဲ။ ဒါပေမဲ့ ကျွန်တော် အဖြစ်မှန်ကို လက်မခံနိုင်လို့ ကျိစယ်တယ်လို့ပဲ စိတ်က ထင်နေတယ်။ ကိုယ့်စိတ်ကိုယ် လိမ်ညာနေမိတယ်။

ဒေါ်နွယ်အိရဲ့စကားကို ကျွန်တော် ဘယ်လိုမှမယုံနိုင်လို့ ပိုးသူကိုသာ တကြော်ကြော် အော်ခေါ်နေမိတော့ မပိုးသူတို့နဲ့ တစ်အိမ်ကျော်မှာနေတဲ့ ကျွန်တော့်မိဘတွေက ကျွန်တော့်အသံကို ကြားသွားကြတယ်။

ကျွန်တော်တို့အိမ်နဲ့ မပိုးသူတို့အိမ်က တစ်အိမ်ပဲခြားတော့ ဒီက အသံကို ဟိုကလည်း လှမ်းကြားနိုင်တယ်လေ။ ကျွန်တော့်အမေ ရောက်ချလာတယ်။ နောက်မှာ ကျွန်တော့်ညီလည်းပါတယ်။ ကျွန်တော့်အသံ ကြားကြားချင်း ပြေးချလာပုံရတယ်။

"ဖိုးကြည်. . . လာစမ်း ဒီကို၊ လာခဲ့စမ်း ဒေါ်နွယ်ရယ် ကျွန်မ တောင်းပန်ပါတယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့နော်၊ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီလေ၊ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်မှပေါ့၊ မငိုပါနဲ့တော့"

မေမေက ကျွန်တော့်ကိုလည်း ဆူ၊ ဒေါ်နွယ်အိကိုလည်း နှစ်သိမ့်ရင်း အလုပ်များနေတဲ့အချိန်မှာ ကျွန်တော့်ညီငယ် ယွန်းမောင်က ကျွန်တော့်လက်ကိုကိုင်ပြီး အိမ်ဘက်ကို ဆွဲခေါ်လာတယ်။ ကျွန်တော်ကိုယ်တိုင်ကတော့ အသိဝင်တစ်ချက်၊ မဝင်တစ်ချက်။ စိတ်ထဲမှာ မွန်းကျပ်ဆို့နစ်ပြီး အသက်ရှူလို့လည်းမဝ။ ထမင်းလုံးတစ္ဆေ အခြောက်ခံနေရသလိုမျိုး။

"ကိုကြည်. . . ကိုကြည် ဘယ်လိုခံစားနေရမလဲဆိုတာ ညီ သိတယ်၊ ကိုကြည် ငိုချင်ငိုချလိုက်ပါ၊ မချက်နဲ့၊ တင်းခံမနေနဲ့"

"ပြော. . . ပြောစမ်းပါဦးကွာ၊ မိပိုး ဘာဖြစ်တာလဲ၊ မိပိုး ဘယ်တုံးက ဆုံးတာလဲ"

"မမပိုးသူ ဆုံးသွားတာ တစ်လလောက်ရှိတော့မယ် ကိုကြည်၊ ဆုံးတာကတော့ ရွာဓလေ့အတိုင်း ပိုးထိလို့ ဆိုပါတော့ဗျာ၊ မြို့ဆေးရုံကိုပို့ဖို့ လုပ်ကြပါသေးတယ်၊ မမိပါဘူးဗျာ. . . မြွေပွေးခေါင်းတို့ ထင်ပါရဲ့၊ လယ်ထဲဆင်းရင်း ထိတာပေါ့ဗျာ၊ မြွေပေါ်တဲ့ဒေသဆိုတော့ လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ မမပိုးရဲ့ကံပေါ့၊ မမပိုးသူခမျာ ဆုံးခါနီးအချိန် အထိ ကိုကြည့်အတွက်ပဲ စဉ်းစားနေတယ်၊ စကြည်တော့ ပိုးသူ မရှိတော့ရင် စိတ်ထိခိုက်ချာမှာပဲ၊ ကိုကြည့်ကို မိပိုး ဆုံးတဲ့အကြောင်း မပြောပါနဲ့ဦးနော်၊ သူစာကျက် ပျက်သွားလိမ့်မယ်၊ ပညာရေးထိခိုက်မှာကို မိပိုး စိုးရိမ်လို့ပါ၊ ပြန်လာမှ ပြောပြကြပါနော်၊ နောက်ပြီး သေချာပြောပေးပါနော်၊ ပိုးသူ မရှိတော့ပေမယ့် ပိုးသူရှိတုန်းကလိုပဲ ပြုံးပြုံးရွှင်ရွှင်နေပါတဲ့ဗျာ၊ မမပိုးကိုကြည့်ပြီး ညီတို့တောင် မျက်ရည်ဝဲတဲ့ဗျ"

"ဟဲ့ကောင်လေး၊ နင်က ဘယ် "အရွယ်ရှိသေးလို့ ဝင်ပြောနေရတာလဲ၊ သွား. . . နောက်ဖေးကို"

အမေက အိမ်ပေါ်ကိုတက်လာရင်း ယွန်းမောင် ပြောနေတာတွေကို ကြားပြီး ကျွန်တော် စိတ်ထိခိုက်မှာစိုးလို့ ထင်ပါရဲ့။ ယွန်းမောင်ကို မာန်မဲပြီး နောက်ဖေးဆီ သွားခိုင်းတယ်။ အမေ့စေတနာကို ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ညီလေးကို ကျေးလူးတင်တယ်။ မဟုတ်ရင် ဒီအကြောင်းတွေကို ကျွန်တော် ဘယ်သိရမလဲ။ ဒီအကြောင်းတွေကို မသိရင် မပိုးသူလေးရဲ့အချစ်ကို ကျွန်တော် ဒီလောက်နားလည်မှာမဟုတ်ဘူး။

မပိုးသူက ကျွန်တော့်အပေါ်မှာ သိပ်မေတ္တာထားခဲ့တာပဲ။ ကျွန်တော်ကသာ သူ့ နောက်ဆုံးအချိန်လေးတောင် သူ့အနား ရှိမနေခဲ့ဘူး။

လပြည့်ဝန်းမင်း (ဇလိုင်လ၊ ၂၀၂၆)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တွေတွေကြီးငိုင်နေတုန်း အမေက အနားရောက်လာပြီး ကျွန်တော့်ကို ညင်ညင်သာသာနဲ့ ပခုံးလေးကို ပွတ်သပ်မေးတယ်။ ကျွန်တော့် အမူအရာကို အမေက အကဲခတ်နေပုံရတယ်။

"သားရယ် လူဘဝဆိုတာ ဒီလိုပါပဲ၊ တွေ့ဆုံကြုံကွဲပေါ့၊ အခု မခွဲရရင် တောင် နောင်တစ်ချိန် ခွဲခွာရမှာပဲ မဟုတ်လား၊ စိတ်ကိုဖြေပါကွယ်၊ လူတွေအားလုံး ရှင်ကွဲကွဲလိုက်၊ သေကွဲကွဲလိုက်ပါပဲ၊ စိတ်ထိခိုက်ရင်လည်း ငိုသာချလိုက်နော် သားလေး၊ ငိုပစ်လိုက်ပါကွယ်၊ ဟင်- သားလေး ပြုံးနေပါလား၊ သားလေး သတိထားပါဦး၊ သား အမေ့ကို ကြည့်စမ်း၊ အမေ့ကို မှတ်မိရဲ့လား၊ သား စိတ်ကောင်းပါသေးရဲ့နော်၊ ဘာဖြစ်လို့ ပြုံးနေရတာလဲ သားရယ်၊ စိတ်ကိုထိန်းမှပေါ့"

ကျွန်တော့်မျက်နှာမှာ ဘယ်လို ကဘယ်လို အပြုံးတစ်ချက် လင်းလက်သွားသလဲဆိုတာ ကျွန်တော့်ဘ၀သာ ကျွန်တော်တောင် မသိလိုက်ရပါဘူး။ မေမေက ကျွန်တော့်အပြုံးကြောင့် စိတ်ပူပန်သွားရပုံရတယ်။ ဟုတ်တယ်လေ လူဆိုတာ ပြုံးသင့်တဲ့နေရာမှာပြုံးပြီး မဲ့သင့်ရင်တော့ မဲ့ရဦးမှာ မဟုတ်လား။ လူ့သဘာဝနဲ့ ဆန့်ကျင်နေတဲ့သူကို အများစုက အပြုံးရယ်လို့ သမုတ်ထားပြီးသား။

"သား အမေ့ကို မှတ်မိပါတယ်၊ စိတ်လည်း ကောင်းပါတယ်"

"ဒါ. . . ဒါဆို သား ဘာဖြစ်လို့ ပြုံးရတာလဲကွယ်၊ သား ဝမ်းနည်းလွန်းလို့ သည်းသည်းမည်းမည်း ငိုလိမ့်မယ်လို့တောင် အမေက တွက်ထားမိတာ၊ ဘာဖြစ်လို့လဲ သားရယ်"

မေမေက ကရုဏာသံနဲ့ မေးတယ်။ ကျွန်တော်လေ မဖြေချင်ဘူး။ ကျွန်တော် ဖြေလိုက်ရင် အဲဒီအဖြေကြောင့် မေမေ ဝမ်းနည်းသွားလိမ့်မယ်။ အဲဒါကို ကျွန်တော် သိနေတယ်။

ဒါပေမဲ့ မဖြေပြန်ရင်လည်း အရှုံးလို့ထင်ပြီး စိတ်ပူရဦးမယ်။ မပိုးသူနဲ့ ကျွန်တော် သိပ်ချစ်ကြတာကို မေမေ အပါအဝင် လူကြီးတော်တော်များများက သိနားလည်ထားကြတယ်လေ။

မပိုးသူ သေဆုံးလို့ အားလုံး စိတ်ထိခိုက်နေတဲ့အချိန်မှာ တစ်ပူပေါ်နှစ်ပူဆင့် ဆိုသလို ကျွန်တော့်ကြောင့် လူကြီးတွေ စိုးရိမ်ပူပန်ရမှာကို ကျွန်တော် မလိုလားဘူး။ ဒါကြောင့် ကျွန်တော် အမှန်အတိုင်းဖြောပြဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် ဘာကြောင့် မငိုသလဲ၊ ကျွန်တော် ဘာကြောင့် ပြုံးနေရသလဲ ဆိုတာကိုပေါ့။

"ကျွန်တော် ငိုနေလို့ကော ဘာထူးမှာမို့လဲ အမေရယ်၊ မပိုးသူမှ ပြန်မရှင်နိုင်တော့ဘဲ၊ ဒါကြောင့် မပိုးသူရဲ့ နောက်ဆုံး စကားကို နားထောင်တဲ့အနေနဲ့ ကျွန်တော် ပြုံးနေတာပါ အမေ၊ မပိုးသူက ကျွန်တော့်ကို သူ ရှိနေတုန်း ကလိပဲ ပြုံးပြုံးရွှင်ရွှင် နေပါတဲ့လေ၊ ဒါကြောင့် ကျွန်တော် မငိုဘူး အမေ၊ ကျွန်တော် ကျွန်တော် မငိုဘူး၊ တောက် မငိုပါဘူးဆိုနေမှ. ဒီမျက်ရည်ကလဲကွာ၊ ငါ မငိုဘူး၊ ငါ မငိုဘူး၊ မငိုဘူး၊ မငိုဘူး"

ကျွန်တော့်ရဲ့ အံကြိတ်သံကြီးနဲ့ အတူ ပလုံးပထွေး ထွက်ကျလာတဲ့ အဖြေစကားကြောင့် မေမေ့မျက်ရည်တွေ ရစ်ဝဲသွားရသလို ကျွန်တော့်မျက်ဝန်းထောင့်ကလည်း ကျွန်တော် မရည်ရွယ်ဘဲနဲ့ မျက်ရည်တစ်စက် ဖောက်ခနဲ ကျသွားတယ်။

▲

ဇာတ်သိမ်း

ကျွန်တော် ပြုံးနေတုန်းပါပဲ။ တချို့က ကျွန်တော့်ကို အရှုံးလို့ထင်ကြတယ်။ ဒါပေမဲ့ ကျွန်တော် ဂရုမစိုက်ဘူး။ လူတိုင်းက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှုံးသွေဝနေကြသူချည်းပဲ မဟုတ်လား။ ဒီတော့ ကျွန်တော်ဟာလည်း အဲဒီလူတွေထဲက အချစ်ရှုံးတစ်ယောက်ပေါ့။ ကျွန်တော် အကြာကြီး. . . ဒါမှမဟုတ် တစ်သက်လုံး ပြုံးနေဖို့ စဉ်းစားထားတယ်။ ကျွန်တော့်မျက်နှာမှာ မပိုးသူ့အတွက် အပြုံးတစ်ပွင့်ကို တပ်ဆင်ထားရမယ်။ ထာဝစဉ် တပ်ဆင်ထားရမယ်။ ကျွန်တော့်နှုတ်ခမ်းတွေက ပြုံးနေရပေမယ့် ကျွန်တော့်ရင်ထဲမှာတော့ ငိုရုံတင်မကဘူး၊ ကွဲကြေနေပါပြီ မပိုးသူရယ်။

ကျွန်တော့်အတွက် ရင်နာစရာအကောင်းဆုံးဖြစ်ရပ်တ ကျွန်တော်နဲ့ တွေ့ချင်လွန်းလို့ ဘဝတစ်ပါးရောက်သွားတဲ့အထိ ရေခဲလမ်းမဲ့ မျက်ရည်လည်ခွဲနဲ့ စောင့်ဆိုင်းနေရွာတဲ့ မပိုးသူလေးကိုမှ ကျွန်တော်တ ခြောက်လှန့်လွတ်လိုက်မိတဲ့ အဖြစ်။

သူမ ဘာကြောင့် ငိုနေရသလဲ။ ကျွန်တော့်ကို သတိရလို့လား။ သူမ သေဆုံးခဲ့ရတဲ့အတွက် ဝမ်းနည်းနေတာလား။ သူမရဲ့ ရင်ထဲက စကားတွေကို ကျွန်တော် မကြားရတော့ဘူး။ ရေခဲလမ်းမှာ ကျွန်တော် သွားစောင့်မေမယ့် ရက်ပေါင်းများစွာကြာတဲ့အထိ မပိုးသူရဲ့ဝိညာဉ်က ထပ်မပေါ်မလာတော့ပါဘူး။ အဲဒါဟာ ကျွန်တော့်အဖို့ အိပ်မက်လိုပါပဲ။ လူတစ်ရာမှာ တစ်ယောက် ကြုံဖို့ မလွယ်တဲ့ကိစ္စမို့ စိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ်နဲ့ ပိုတူနေတဲ့အတွက် ကျွန်တော် ဘယ်သူ့ကိုမှလည်း ဖွင့်မပြောပြတော့ဘူးဗျာ။

လူတူမရှား နာမည်တူမရှား ဆိုသလို မပိုးသူနဲ့တူတဲ့ တခြားရွာသူတစ်ယောက်ပဲလား၊ ဒါမှမဟုတ် ကျွန်တော် ယူဆသလို ကျွန်တော့်ကို စွဲလမ်းပြီး မကျွတ်မလွတ်နိုင်သေးတဲ့ မပိုးသူရဲ့ ဝိညာဉ်ပဲလား။ ဒါကိုတော့ ကံဇာတ်ဆရာပဲ သိပါလိမ့်မည်။

ဟုတ်ကဲ့၊ ရွာတစ်ရွာမှာ အရှုံးလို့ သမုတ်ခံထားရပြီး ရင်တွဲအပြုံးနဲ့ မိုးလင်းမိုးချုပ်နေတဲ့ ရွာသားတစ်ယောက် ရှိပါတယ်။

စေတနာရှေ့ထားလျက် . . .

ဂျိုးနွန်းကို

❑

www.burmeseclassic.com

www.burmeseclassic.com

ကိုစိုးခိုင်ကို အကူအညီ တောင်းလာသည်။ ဒီသာပေါင်းမြို့လေးတွင် ကိုစိုးခိုင်နှင့် အစ်မကြီး ဒေါ်သန်းသန်းဌေးတို့ မောင်နှမနှစ်ဦးက မိဘအမွေ အစဉ်အလာအရ အနုပညာကိစ္စရပ်များတွင် အကူအညီ ပေးတတ်ကြသူများပမို့

လေကြီးတက် အဆင့်မြင့် စက္ကူစက်ရုံမှ ဝန်ထမ်းစာရေးဆရာများ ဖြစ်ကြသော ဦးအောင်ကျော် (အောင်ကြယ်ပျိုခင်း) နှင့် ဦးမောင်သင် (မောင်သင်ကို) တို့က သူတို့စက်ရုံက စက်ရုံမဂ္ဂဇင်းထုတ်ရန် အစီအစဉ်ရှိကြောင်း "အစ်ကိုကြီး ကြိုပြောထားတာပါ" ဆို၍ စာမူတစ်ခု ရေးရန် ပြင်ဆင်ရသည်။

လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ပို့ရန် ရေးလက်စ စာမူရှည်ကြီးကို ခေတ္တရပ်နားပြီး စက်ရုံမဂ္ဂဇင်းအတွက် စာရေးရန် တွေးကြည့်ရသည်။ ရေးသားရန် အကြောင်းကလည်း ရှိပါသည်။ သည်စက်ရုံစီမံကိန်းကြီး ဆောက်လုပ်ရေးတွေ မပြီးစီးသေးခင်ကာလ စီမံကိန်း ညွှန်ကြားရေးမှူး ဗိုလ်မှူးကံလှလက်ထက်ကာထိုစက်ရုံစီမံကိန်းဝင်းအတွင်း ရက်ပေါင်းများစွာ ခြေချကျင်လည်ခဲ့ဖူးရာ ဖြစ်ရပ်မှန်အကြောင်းအရာလေးကို ဖော်ထုတ်ရေးသားရန် ရည်ရွယ်မိတော့သည်။

ကြာတော့ ကြာခဲ့ပေပြီ။ ဆယ်နှစ်တောင်ကျော်လာခဲ့ပေပြီ။ ကာလအားဖြင့် ၂၀၀၆ခုနှစ် မတ်လလယ်ခန့်က။

အတိတ်ပုံရိပ်
(တစ်)

ဒီနှစ်သက်ဖွယ်မှာ မလုပ်ဖြစ်တာကြာပြီ ဖြစ်သော သက်ကြန်ယိမ်းများ ပြိုင်ပွဲကို ထည့်သွင်းကျင်းပပေးမည် ဖြစ်သောကြောင့် မြို့ပေါ်ရပ်ကွက် သုံးခုမှ တစ်ယိမ်းစီ၊ အနုပညာ အက၊ အခုန် အစဉ်အလာများရှိသော ကျေးရွာကြီးများမှလည်း တက်ပေးကြရမည်။ မြို့နယ်ပြည်ခိုင်ဖြိုးအသင်းမှလည်း စည်းရုံးရေးအသွင်သဏ္ဌာန်အရ တစ်ယိမ်းဝင်ပြိုင်ပေးမည်ဖြစ်၍ ယိမ်းအကနှင့် အလှပြိုင်ပွဲတွင် မြိုင်ဆိုင်လှတော့မည်။ သာပေါင်းမြို့လေး၏ ရပ်ကွက် (၂) ဈေးပိုင်းလမ်းမတစ်လျှောက် မြစ်ကိုကျောပေးလျက် ရေပက်မကျွံပမ်းများကို နှစ်ဖာလုံရှိသော လမ်းတွင် လေးခုမျှ ဆောက်လုပ်ကြစေမည်။

ပြည်ခိုင်ဖြိုးအသင်းမှ ပြိုင်ပွဲဝင်မည့် ယိမ်းအတွက်အက သင်ပေးရန်

www.burmeseclassic.com

www.burmeseclassic.com

နွေကျွဲထိုးပြိုင်ပွဲတော်



အစ်မကြီး ဒေါ်သန်းသန်းဌေးက မအား။ ရပ်ကွက် (၂)ယိမ်းအား လက်ခံထားပြီး ဖြစ်၍ ကိုစိုးခိုင်က ပြည်ခိုင်ဖြိုး ယိမ်းအား လက်ခံလိုက်ရသည်။ မိုးကုတ် ပတ္တမြား ရိပ်သာ (သာပေါင်း)တွင် ပြုလုပ်သည့် သင်္ကြန်တွင်း တရားစခန်း၏ ဝေယျာဝစ္စအလုပ်ကိုတော့ နေသွား ညပြန်ပဲ လုပ်နိုင်ပေတော့မည်။ ကိုစိုးနိုင်က ပတ္တမြားရိပ်သာစခန်း၏ အမြဲတမ်း ဝေယျာဝစ္စ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သလို ဥပါသကာ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

ပြည်ခိုင်ဖြိုးအသင်းမှ အမှုဆောင် လူကြီးများမှာလည်း ရပ်ဆွေရပ်မျိုးပမာ ခင်မင်ရင်းနှီးကြလေသည်မို့ တိုင်တိုင်ပင်ပင်နှင့် အလုပ်လုပ်ရသည်မှာ အဆင်ပြေပေသည်။

"ကိုစိုးခိုင် အားတဲ့ရက်ကစလို့ ယိမ်းတိုက်ကြမယ်ဗျာ၊ ခုံးရဲ့အောက်ထပ် အစည်းအဝေးခန်းမတို့ ရှင်းလင်းထားပေးမယ်၊ စောစောတိုက်တော့လည်း ဝိုက္ကေညက်တာပေါ့"

သည်လို့နှင့် မတ်လနောက်ဆုံး ဝတ်တ စတင်၍ ပြည်ခိုင်ဖြိုးအသင်း ယိမ်းအား စတင်သင်ကြားပေးခြင်းဖြစ်သည်။ ပြည်ခိုင်ဖြိုးအသင်းက ခြေမြန်လက်မြန်ဖြင့် ရပ်ကွက်သုံးခုအတွင်းမှ မိန်းမပျိုလေးများကို ဦးအောင်ခေါ်ယူလိုက်သည်မို့ အရပ်အမောင်းညီသော မိန်းကလေးများကို စုစည်း၍ ရပေသည်။ ပြည်ခိုင်ဖြိုးယိမ်းအား သင်ကြားပေးနေရင်း မတ်လ ကုန်ခါနီးတွင် (အကသင်) တပည့်ဟောင်း ဥဝါ၊ မျိုးကြီး၊ ပုစု တို့သုံးဦး ဦးဆောင်သော မိန်းကလေး တစ်သိုက် ကိုစိုးခိုင်ထံ ရောက်ရှိလာလေသည်။

"သမီးတို့က အခု (P.T.T Co., Ltd) မှာ ဝင်လုပ်နေပါတယ် ဦး၊ အဲဒါ သမီးတို့ ကုမ္ပဏီက ယိမ်းတစ်ယိမ်း ဝင်ပြိုင်ရမယ် ဦးရဲ့၊ အဲဒါ သမီးတို့ကို သင်ပေးပါလို့ ဦးကိုအပူကပ်တာ"

"ဒီသာပေါင်းမှာ လာပြိုင်ဖို့လား"

"မဟုတ်ပါဘူး ဦး၊ သမီး လေ့ကြိုးတက် ပျော့ဖတ်စက်ရုံ တည်ဆောက်ရေးစီမံကိန်းထဲမှာပါတဲ့ ကုမ္ပဏီတစ်ခုကို တစ်ယိမ်းတက်ရမယ်၊ စက်မှု (၁)က ဗဟိုမဏ္ဍပ်မှာ ပြိုင်ရမှာပါ၊ စီမံကိန်း ညွှန်ကြားရေးမှူး ဝိုလ်မှူးကံလှက ကုမ္ပဏီတစ်ခုကို မဏ္ဍပ်တစ်ခု ဆောက်ရမယ်၊ ယိမ်းလည်း တက်ပြိုင်ရမယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပါဆရာ၊ ပုသိမ်သင်္ကြန်လိုပဲ ရေပက်မကစ်ပါရော၊ ချည့်ခဲဖျော်ဖြေရေးမကစ်ပါရော တွဲဆောက်ရမယ်တဲ့၊ ပြိုင်ပွဲဝင်ယိမ်းအက သင်ပေးဖို့ကျတော့ ငုဝါတို့က သူတို့ငယ်ဆရာ ရှိပါတယ်၊ သူတို့ ပြောရင် ရပါတယ်တဲ့၊ ကူညီပါဆရာရယ်"

မိတ်တောင်မဆက်ပေးရသေး၊ တစ်ယောက်က ဆန္ဒစောစွာ ဝင်ပြောလာသည်။

"အဟင်း. . . မျိုးကြီးနဲ့ ငုဝါရေ၊ မိတ်တောင်မဆက်ပေးရသေးဘဲနဲ့ ငါ အတင်းဝင်ပြောနေမိပြီ၊ မိတ်ဆက်ပေးဦးလေ"

"ဩော်. . . ဟုတ်ကဲ့၊ မမနွေးပြောမှပဲ သတိရတော့တယ်၊ ဦးရေ ဒါက မမနွေးနွေးလှိုင်၊ သူက မတင်တင်ထား၊ သူက မဂျူးဂျူး၊ အားလုံး အငယ်တန်းအင်ဂျင်နီယာတွေချည်းပါပဲ"

"အေး. . . အေး ဟုတ်တာတော့ ဟုတ်ပါပြီ၊ ဒီမှာကလည်း ပြည်ခိုင်ဖြိုးယိမ်းကို ညဘက် ၇ နာရီက စ,ဝင်ရတယ်၊ သမီးတို့ကလည်း ရုံးသမားတွေဆိုတော့ . . . "

"ဒါဆို ဆရာရယ်၊ သမီးတို့ကို နေ့ဘက် သင်ပေးလို့ရမလား ဆရာ၊ မနက်ဘက်ကနေ နေ့လယ် ထမင်းစားချိန်အထိ နေ့ဝက်ပဲ အချိန်ပေးနိုင်ရင် တော်ပါပြီ ဆရာရယ်၊ အကြိုအပို့ လုပ်ပေးပါ့မယ်"

"ဟုတ်ပါတယ် ဦးဦး၊ သမီးတို့က အာမခံလာတာ ဦးရဲ့"

တပည့် ဟောင်းတွေကလည်း ဝိုင်းပြောကြ။ (P.T.T Co.,Ltd) က အစစ အရာရာ အဆင်ပြေအောင် ညှိနှိုင်းပြီး ခေါ်သည်မို့ မငြင်းသာတော့။

'အင်း. . ဒီအတိုင်းဆိုရင်တော့ တရားစခန်းမှာ ဝေယျာဝစ္စ ဝင်လုပ်လို့ မရတော့ဘူး' ဟု စိတ်ထဲကပဲ -

"အေး. . . အေး ဒါဆို မနက်ဖြန်မနက် 6 နာရီ ၄၅ အရောက်လာကြ၊ ၇ နာရီမှာ သင်တန်းစမယ်၊ ၁၁ နာရီခွဲမှာ တန်းဖြုတ်မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါဆရာ ဝမ်းသာလိုက်တာ ဆရာရယ်၊ သမီးတို့ မနက်ဖြန် ကားလွှတ်လိုက်မယ်နော် ဆရာ"

အတိတ်ဖြစ်စဉ် (နှစ်)

P.T.T ကုမ္ပဏီရုံးခန်းရှေ့ ကားဆိုက်တော့ မိန်းကလေး တစ်သိုက် ကျွက်ကျွက်ညံအောင်ဆူရင်း ကားဘေးရောက်လာကြသည်။

"ဆရာ ပါလာပြီဟေ့"

တစ်ယောက်က အော်လိုက်သည်မို့ ကျန်သည့်ရုံးသူများလည်း ရုံးရှေ့ ဝရန်တာတွင် စုရုံးထွက်ကြည့်လာကြသည်။ ကားတံခါးဖွင့်ပြီး ဆင်းလိုက်တော့ ဝရန်တာမှာရပ်နေသော အုပ်စုထဲမှ 'တင်' ဆိုသည့် အာမေဒိတ်သံများ မတိုးမကျယ် ကြားရသည်။ ကားဘေးမှာ လာကြိုနေကြတာက သာပေါင်းမြို့ထဲမှ (ကုမ္ပဏီရုံးဝန်ထမ်း) တပည့် ဟောင်းများက -

"ဆရာ ပေး သမီးဆွဲမယ်"

ငုဝါ၊ မျိုးကြီးနှင့် ပုစုတို့က အလုအယက် ဝိုင်းကြိုကြသည်။ လက်ထဲမှ လက်ဆွဲအိတ်ကို အတင်းလုယူကြပြီး ရုံးခန်းထဲ ခေါ်သွားသည်။ သူတို့ရုံး၏ အကြီးအကဲ (P.E)ဆိုသူနှင့် မိတ်ဆက်ပေးသည်နှင့် အာလာပသလ္လာပ ပြောဆိုပြီးကြတော့ -

"ကဲ- ညည်းတို့ အကသင်မယ့် Mass Room ထဲ ဆရာ့ကို ခေါ်သွားကြ"

Mass Room မှ ခုံတန်းရှည်များကို ဖယ်ရှားပြီး ဝရန်တာထုတ်ထားကြသည်။

"ကဲ. . . အားလုံးတန်းစီကြပါ၊ ဆရာနဲ့ တစ်ဦးချင်းစီ မိတ်ဆက်ကြရအောင်၊ ကဲ- ရှေ့ဆုံးက သမီးက စပြော"

တစ်ဦးချင်းစီ မိတ်ဆက်ကြပြီး သော်လည်း တစ်ယောက်သောသူက မိတ်မဆက်ဘဲ ဝင်ပေါက်ကျည်းပေါင်ကို မီပြီး ရပ်ကြည့်နေသည်။ စိတ်ထဲက ရေတွက်ကြည့်လိုက်တော့ (၁၇) ယောက်မြောက် မိန်းကလေး။

"သူကကော ယိမ်းထဲ မပါလို့လား"

ဆရာ ကိုဝိုးခိုင်က အားလုံးကို မျက်လုံးဝေ့ပြီး အမေးပြုလိုက်သည်။

"မပါပါဘူး ဆရာ၊ ယိမ်းက လူလည်းပြည့်နေပြီ၊ သူက မကတတ်လို့ မပါဘူးတဲ့"

"ဩော်- ကဲ ဒါဆို 'ပ' စောက်ပုံဖြန့်ပြီး နေရာယူလိုက်ကွာ၊ တစ်ဦးချင်းကို ဆရာမြင်ရအောင်"

အားလုံး ဖြန့်ကြက်နေရာယူပြီးတော့ - "သမီးတို့အားလုံးရဲ့ အရည်အချင်းကို ဆရာမသိရသေးဘူး၊ ဒီတော့ ဆရာ ပြောသလို လိုက်လုပ်ကြည့်ပါ၊ သမီးတို့ အကနဲ့ပတ်သက်လို့ ဘယ်လောက်လုပ်နိုင်မလဲ သိရအောင်ပေါ့"

ကိုဝိုးခိုင်က မြန်မာ့အက အခြေခံ ကဗျာလွတ် ကကွက် ၁၊ ၂၊ ၃၊ ၄ တို့ကို လုပ်ကြည့်စေသည်။ သူ့တပည့် ဟောင်း လေးယောက်မှလွဲ၍ ကျန်သည့် အင်ဂျင်နီယာမလေးများမှာ သိပ်မဟန်။ သုံးယောက်လောက်က တော်တော့်ကို မယဉ်ပါးရှာ။ တစ်ဦးချင်းစီ၏ အနေအထားကို သိပြီမို့ ပထမနေ့ တစ်မနက်လုံး ကဗျာလွတ် ကကွက်တွေချည်း ပုံကျအောင် သင်ပေးရသည်။

စည်းနဲ့ဝါးကို ကိုင်လျက် ခြေအတိုး၊ အနှတ်၊ အသိမ်း အချတို့ကို လုပ်ပြသည်။ လိုက်လုပ်စေသည်။ မနက်ပိုင်း ၁၁နာရီခွဲ ရောက်တော့ တန်းဖြုတ်နားကြပြီ။ အတွန်ငယ်ကြောတော့ -

"ဆရာ ထမင်းသုံးဆောင်ဖို့ အသင့်ဖြစ်ပါပြီ"

ယိမ်းခေါင်းဆောင် နွေးနွေးလှိုင်က သတင်းပို့သည်။

"အေး. . . အေး မင်းတို့ကော မစားသေးဘူးလား၊ တစ်မနက်လုံး ကထားရတာ မောပြီးဆာရောပေါ့"

"ဟိုဘက်က ရုံးခန်းထဲမှာ ကိုယ့်စားပွဲမှာပဲ ကိုယ်စားနေကြပြီဆရာ"

"ဩော်. . . ဒါနဲ့ နွေးနွေးရော သွားစားလေ"

လပြည့်ဝန်းမဂ္ဂဝင်း (ဝူဝိုင်းလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

"ဆရာတစ်ယောက်တည်း ထားခဲ့ရမှာ အားနာလို့ သမီး စောင့်နေပေးတာပါ။ ဆရာ့အတွက် လိုအပ်တာ လုပ်ပေးဖို့ သမီးကျန်နေတာပါ"

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ ပြင်ပြီးသား ထုပ်ပွဲမှာ ဆရာ အသင့်စားနေပြီပဲ၊ သမီးဆာနေတာကို ဆရာ သိနေရက်သားနဲ့တော့ ဆရာ မျိုကျမှာ မဟုတ်ဘူး၊ သွားစားတော့၊ စားပြီးရင် အားလုံးလူပြန်စု၊ ဆရာ နည်းနည်းပြော စရာရှိတယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ၊ ဒါဆို သမီး သွားမယ်နော်"

ကိုစိုးခိုင် ခေါင်းပဲညိတ်ပြလိုက်သည်။ တစ်ယောက်တည်း ထုပင်းစားရင်း သူတို့တစ်တွေ့ကို ဘယ်သီချင်းနှင့် ဘယ်လိုသင်ရင်ကောင်းမည်ကို တွေးနေမိသည်။ ထုပင်းစားပြီးတော့လည်း အချိုပွဲတည်း၊ ရေနွေးကြမ်းသောက်ရင်း သင်ပေးမည့် ကကွက်များကို စဉ်းစားပြီး ပုံကြမ်းဆွဲ၊ ခေါင်းစဉ်ပေး၊ စည်းခန်း ဝါးခန်း ကျ။ မကျ ဝါးရိုက်ကြည့် စသည်ဖြင့် စိတ်အလုပ်ပေးနေမိသည်။

အတိတ်ဖြစ်စဉ် (သုံး)

"ဆရာ သမီးကိုထိုင်ခွင့်ပြုပါ"

မော့ကြည့်တော့ ယိမ်းထဲမပါသည့် တစ်ယောက်။

"ဩော်- ထိုင်လေ၊ ပြော ဘာကိစ္စ"

"ဟိုလေ ဆရာ. . သမီးလည်း ကချင်လို့၊ အဲဒါ"

"မင်းက ယိမ်းထဲမပါဘူးဆို၊ မကတတ်ဘူးဆို"

"ယိမ်းထဲတော့ မပါဘူးဆရာ၊ ဒါပေမဲ့ နည်းနည်းပါးပါးတော့ ကတတ်ပါတယ် ဆရာ"

"ဟေ. . ယိမ်းထဲမပါဘဲ ဘယ်လို ကမလဲလို့"

"နေ့ဘက် ဖျော်ဖြေရေးအစီအစဉ်မှာ ကချင်တာပါဆရာ၊ Single ပါ၊ သီချင်းနှစ်ပုဒ် သုံးပုဒ်လောက်နဲ့"

"ဩော်. . . ဆရာ့ကို လာပြောတုန်းက အဲဒီအစီအစဉ်တွေ မပါဘူး၊ ယိမ်းအတွက်တင် လာပြောတာ"

"ဟိုလေ . . . ဆရာ၊ ယိမ်းသင်နားတဲ့အချိန်လေး၊ ဟိုဟာလေ သင်ခဲသမီး သတ်သတ်ပေးပါ့ . . . "

"မဟုတ်ဘူး သမီးရဲ့၊ သင်ခဲအတွက် ပြောတာမဟုတ်ဘူး၊ ဆရာ ဒီမှာသင်မှာက နေ့ထက်ဝက်ပဲသင်မှာ၊ ယိမ်းအတွက်ပဲ အချိန်က လောက်မှာ၊ ဒီနေ့မှ စတာဆိုတော့ ဒီက ယိမ်းသမတွေ ဘယ်လောက်မြန်မြန် လိုက်နိုင်မယ်၊ မလိုက်နိုင်ဘူးဆိုတာ ဆရာ မှန်းလို့မရသေးဘူး၊ ပြီးတော့ သမီး သင်ချင်တယ်ဆိုရင် သမီးတို့တာဝန်ခံကို တင်ပြပြီးမှ ဆရာ့ကို ပြောရင်ကောင်းမယ်၊ ယိမ်းသင်ရမယ့်အချိန်ထဲက ဖဲ့ပေးရရင် ယိမ်းတာဝန်ခံ ကျေနပ်မှကောင်းမယ်၊ အများနဲ့ တစ်ယောက် အတွက်လေ"

သည်တော့မှ သဘောပေါက်သွားသည်။

"ဟုတ်ကဲ့ပါ ဆရာ"

ဆိုပြီး Project Engineer ရှိရာ ရုံးခန်းဘက်သို့ ထွက်သွားသည်။ ခဏအကြာ ယိမ်းတာဝန်ခံ ဦးဝိုကေဆိုသူနှင့် ပြန်ရောက်လာသည်။

"ဟူဖော်ပါတယ် ဆရာ၊ ကိုယ့် မင္ဂလာပ်နဲ့ကိုယ် ဖျော်ဖြေရေး အစီအစဉ်တွေ ပါရမယ်ဆိုတော့ ဆရာသင်ပေးနိုင်ရင် သင်ပေးလိုက်ပါ ဆရာ၊ ပြီးတော့ ဒီယိမ်းသမတွေထဲကပဲ ဖျော်ဖြေရေးမှာ သုံးလို့ရမယ့်သူတွေရှိရင် ပွဲထုတ်သုံးမယ်ဆရာရယ်၊ အဲဒါတွေအတွက်လည်း ဆရာပဲ စီစဉ်ပေးပါ"

"အဲဒါဆို ပထမပိုင်းရက်တွေမှာ အခြေခံသင်ပေးချိန်ကို တိုးယူမှရမယ်၊ နေ့ထက်ဝက်နဲ့ မရနိုင်ဘူး"

"ဆရာ ဘယ်လိုလုပ်ပေးရမလဲ ဆရာရယ်၊ အချိန်ကို တွက်ကြည့်ပါဦး" ဦးဝိုတေက စိုးရိမ်နေပြီ။

"ဒီလိုဗျာ ရုံးပိတ်ရက်ဆိုရင် ကြွခိုင်ရေးအသင်းကို ၁၂နာရီခွဲမှာ ပြန်ဝင်ရဖို့ရှိတယ်၊ ရုံးဖွင့်ရက်ဆိုရင်တော့ နေ့လယ်ဘက် အချိန်ပေးရမှာပေါ့၊ အချိန်ပို ထပ်ဆင်းသလိုပေါ့၊ ဦးဝိုတို့ ဝန်ထမ်းအဖွဲ့ကိုရော၊ ဒီလိုအချိန်ပေးလို့ ဖြစ်ပါ့မလား"

"ဟာ. . . ဆရာရယ်၊ ဆရာက တောင် အချိန်ပိုပေးပြီး လုပ်ပေးတာ၊ **ကျွန်တော့်ဘက်က အဆင်ပြေစေရမှာပေါ့၊ ဒီလိုတော့ ရှိတယ်ဗျာ၊ အလုပ်ပေါ်လာတဲ့သူလည်း ဟိုဘက်ခန်းပြေးလုပ်၊ ကျန်ခဲ့တဲ့သူ ဆက်သင်ပေါ့၊** ဖြစ်မလား ဆရာ"

"ဖြစ်ပါတယ်၊ ဒီလိုဆိုရင် ဖျော်ဖြေရေးမှာပါတဲ့သူတွေလည်း အခြေခံကကွက်တွေကို အတူတူဝင်ကျင့်ပါ"

သည်လိုနှင့် (P.T.T) ကုမ္ပဏီ မင္ဂလာပ်၏ ဖျော်ဖြေရေးအစီအစဉ်များအတွက်ကိုပါ သင်ကြားပေးရတော့သည်။ နေ့လယ်ပိုင်းကျတော့ ယိမ်းတစ်ဖွဲ့လုံးရော၊ ဖျော်ဖြေရေး ပါဝင်ချင်သူ 'နှစ်ဆန်းဦး'ဆိုသူ အင်ဂျင်နီယာမလေးကိုပါ အခြေခံကကွက်များကို သင်ကြားပေးရင်း သင်္ကြန်ကကွက်များတွင် သုံးလို့ရမည့် ကကြိုးကကွက်များကိုပါ သင်ကြားပေးကြည့်သည်။ 'နှစ်ဆန်းဦး' အခြေအနေ မဆိုး၊ ကတတ်သည်ပဲ။ ယိမ်းအဖွဲ့ထဲက သူ့တပည့်ဟောင်းတွေထက်ပင် ကတတ်သေးတော့သည်။

အတိတ်ဖြစ်စဉ် (လေး)

"အဲဒီနှစ်ဆန်းဦးက ဘဝင် ဆရာရေ၊ ကုမ္ပဏီပိုင်ရှင်တွေနဲ့ ဆွေမျိုးတော်တယ်၊ ရန်ကုန်မှာ နေတယ်၊ သမီးတို့ သာပေါင်းက ခေါ်လာတဲ့ ဆရာ့ကို စမြင်တဲ့နေ့က ပြောတယ်တဲ့"

"အင်း. . . ဘာတဲ့လဲ"

"အကသင်ပေးမယ့် ဆရာဆိုလို့ ထွက်ကြည့်မိတာ ဖြူဖြူပါးပါး၊ သွယ်သွယ်ချောချော အောက်မေ့တာ ရွှေဥဝံ ကျနေတာပဲတဲ့၊ ဒီလိုဗလကြီးနဲ့ ဘယ်လို အကသင်မလဲပေါ့"

"ဩော်"

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်လည်း ဟုတ်ပေသည်။ ဆရာကိုစိုးခိုင်က အကသင်ပေးသည့် ဆရာဆိုသော်လည်း ပုံစံက ကနဲ့ကလျ မရှိ၊ ညီညီတောင့်တောင့် ရှည်ရှည်ဖြစ်သည်။ ငယ်စဉ်က မြို့နယ်လက်ရွေးစင် ဘော်လီဘော၊ ကြက်တောင် အားကစားသမား။ ထို့အပြင် သိုင်းသမားဆိုလည်း မှန်သည်။

"ဆရာ သမီးတို့ကို သင်ပေးနေတုန်း ကြည့်နေရင်းနဲ့မှ ဆရာတကယ် တတ်မှန်း သိသွားတာနေမယ်"

"ဟုတ်မယ် ဟုတ်မယ်၊ သူတို့က တို့ဆရာကို မထင်မကြီးတာဖြစ်မယ်"

သာပေါင်းမြို့ပေါ်မှ (P.T.T) ဝန်ထမ်းဖြစ်နေသူ တပည့်ဟောင်းများက နှစ်ဆန်းဦးခွင့် ပတ်သက်ပြီး သတင်းပေးသည်။ အမြင်လည်း မကြည်ကြ။

"အလကားပဲ ဆရာ၊ သူ့ကို သင်ပေးမနေနဲ့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးတို့ရယ်၊ ညည်းတို့ လူကြီးတွေမျက်နှာရှိသေးတယ်လေ၊ ပြီးတော့ ဒီအစဝိုင်းရက်တွေပဲ ဆရာ တစ်နေ့လုံးနေလို့ရမှာ၊ ဒီမတ်လကုန်ရင် ဆရာ မွန်းလွဲပိုင်းကစပြီး စက်မှု (၁) ကို ဝင်ပေးရမယ်"

"ဟင်. . . ဆရာကလည်း သူတို့ကို မသင်ပေးနဲ့လေ၊ သမီးတို့နဲ့ ပြိုင်ဘက်ဟာကို"

"အေး. . . ဆရာလည်း ငြင်းပါသေးတယ်၊ ဒါပေမဲ့ အဲဒီယိမ်းကို သင်ပေးဖို့ခေါ်ထားတဲ့ သရဖီက ဆရာ့ကို လာခေါ်တာ သူမနိုင်ဘူး၊ သူ့ဆရာကို ခေါ်ပေးပါဆိုပြီး စက်မှု (၁) က လူတွေ တစ်နေ့က လာပြောကြတယ်၊ သရဖီကလည်း ညည်းတို့လို တပည့်ဟောင်းပဲလေ၊ သူက ညည်းတို့ထက်တော့ ကြီးတယ်ပေါ့။ အားလုံးဟာ တပည့်ဟောင်းတွေနဲ့ ပတ်သက်တာချည်းပဲလေကွာ"

"အင်းလေ. . . ဟုတ်တော့လည်း ဟုတ်တာပဲ"

"ဟိုမှာက သူတို့ဘာသာသူတို့ သင်နေကြတာ ကြာပြီ၊ အဲဒါ အချိုးမပြေတော့လို့ ဆရာ့ကို ခေါ်ပေးပါဖြစ်တာ၊ သီချင်းကလည်း သူတို့ဘာသာ သူတို့ရွေးတာ၊ တစ်ပုဒ်တောင် စမ်းတိုက်ကြည့်နေပြီ ပြောတယ်၊ ဒါပေမဲ့လည်း သူတို့အထဲမှာ စည်းနဲ့ဝါး လုံးဝနားမလည်သူတွေ ပါနေတယ်တဲ့"

"သမီးတို့ ပထမ ရပ့်မလားဟင်"

"ကြိုးစားရမှာပေါ့ကွယ်၊ ညည်းတို့က အဓိကပေါ့၊ ရက်တွေအများကြီး ကျန်သေးတာပဲ"

အတိတ်ဖြစ်စဉ် (၎း)

(P.T.T) ကုမ္ပဏီတွင် တစ်ပတ်ခန့် တစ်နေ့လုံးနီးပါး အချိန်ပေးသင်ပေးလိုက်မှုကြောင့် ယိမ်းအဖွဲ့မှာ အတော်လေး အထာကျသွားရသလို ည့ဲခံမဏ္ဍပ်၏ ဖျော်ဖြေရေး အစီအစဉ်များတွင် သင်္ကြန်သီချင်းနှင့် အဆို၊ အကပါဝင်ကြမည့် ဝန်ထမ်းများအား သီချင်းတိုက်ပေး၊ သင်ပေး၊ အကသင်ပေးရင်း နှစ်ရက်စာ ဖျော်ဖြေရေးအစီအစဉ်များ ပြီးရပေသည်။

ကောင်းသည်ထက် ကောင်းမွန်စေရန် လေ့ကျင့်ဖို့ပဲ လိုအပ်တော့သည်။ သို့ပေမယ့်လည်း ယိမ်းပြိုင်ပွဲမှာ သက်လုံကောင်းမှ ပြိုင်ဖွဲ့ဝင်နိုင်ပေမည်။

အချိန်သတ်မှတ်ချက် ၁၅ မိနစ်နှင့် ၂၀ မိနစ်ကြား ဘောင်ဝင်ရမည်ဟု စည်းကမ်းရှိထားသည်။ ဒါကလည်း သာပေါင်းမြို့ပေါ်ရှိ ဗဟိုမဏ္ဍပ် စည်းကမ်းအတိုင်းပင်။ န. ဝ. တ ခေတ်ဦးပိုင်း (မ. ဝ. တ)ရုံးမှ အနုပညာကျွမ်းကျင်သူဟု သတ်မှတ်တာဝန်ပေးခြင်း ခံရသူများက ထုတ်ပြန်ပေးခဲ့သည့် စည်းကမ်းဟုတော့ သိရသည်။

အချို့ကလည်း ဝတ်စုံဖိုးတွေ အကုန်အကျခံပြီး ဂုဒိုင်းရတာ တန်ဘောင် အချိန်ကြာကြာကခိုင်းနိုင်ဘောင် သီချင်း သုံးပုဒ်၊ ငါးပုဒ် စသည်ဖြင့် ကစေရန် အဆိုပြုရင်းမှ ဤစည်းမျဉ်း ထွက်ပေါ်လာရခြင်းပင်။ ဘယ်မြို့၊ ဘယ်သင်္ကြန်မှာမှ ဒီစည်းကမ်း မရှိပေ။

"ဆရာ ယိမ်းထဲကတစ်ယောက်က အလုပ်ထွက်သွားလို့ လူစားထိုးပြီး ကရမယ် ဆရာ၊ အဲဒါ လုပ်ပါဦး"

ယိမ်းခေါင်းဆောင် နွေးနွေးလှိုင်က တင်ပြလာသည်။

"အေးလေ. . . အဲဒါဆိုလည်း ရှိတဲ့သူ ဟိုဖျော်ဖြေရေးထဲမှာ ကနေတဲ့ တစ်ယောက်ယောက်ကို အစားထိုးရမှာပေါ့။ နှစ်ဆန်းဦးကိုထည့်လိုက်"

နှစ်ဆန်းဦးက ယိမ်းအဖွဲ့ စတင်သင်ကြားနေသည့်အချိန်ကစ၍ အတူတူပါဝင်လေ့ကျင့်နေသည်ဖြစ်၍ အခက်အခဲမရှိနိုင်။ နှစ်ဆန်းဦးကို ခေါ်ခိုင်းပြီး-

"တန်းစီလိုက်"

ဝံထမဝိုင်း ပြီးထားသည့် ပုဝံသကြန်သီချင်းတွင် ဝင်ကစေခိုင်းကြည့်သည်။ ကကွက်များအားလုံး လိုက်နိုင်သည်။ တန်းကူးတန်းပြောင်း၊ အစားကွက်ဖော်သည့် နေရာတွင်သာ ဘယ်သွား ဘယ်လာရမှန်း မသိတတ်သေး။ ကိစ္စမရှိ။ ယိမ်းတာဝန်ခံ ဦးဝိုကေက-

"ဆရာစိုး ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ရက်တွေ အများကြီး ရှိသေးတာပဲ"

"ဆရာစိုးက မနက်ဖြန်ကစပြီး စက်မှု(၁)ကို သင်ရမယ်ဆိုတော့ ကျွန်တော်တို့ရုံးက ကားနဲ့လိုက်ပို့ရမလား ဆရာ၊ ဘယ်အချိန်ချိန်းထားလဲ"

"ချိန်းတာကတော့ (၁၂၃၀) ပါ၊ ရှင်းလင်းဆောင်မှာ သင်ရမယ်တဲ့"

"ဩော်- ဟိုဘက်ကွေ့က ပင်မဆောင်ကြီး မဟေးဘူးဘဲ"

"သူတို့ ကားလွှတ်လိုက်မယ်တဲ့၊ စောင့်နေရုံပါပဲ"

"ဩော်. . . ဆရာတော့ တော်တော်ပင်ပန်းမှာပဲ၊ တစ်နေကုန်က လှေကြီးတက်မှာ ညကျတော့လည်း"

"ဝါသနာကိုး ဦးဝိုရယ်၊ နှစ်စဉ် ဒီလိုပဲလုပ်နေရတာပဲ၊ ဒီနှစ်ကတော့ အထူးပေါ့"

တစ်မနက်လုံး အကသင်၊ ဘ နာရီခွဲကျတော့မှ ထမင်းစားတန်း ဖြတ်

www.burmeseclassic.com

www.burmeseclassic.com

တော့မှ ကိုစိုးခိုင်ထိုင်ရင်းရေနွေးသောက်၊ လက်ဖက်သုပ်စား ခေတ္တနားရသည်။

သည်အချိန်လေးမှာပဲ ယိမ်းအဖွဲ့ဝင်တွေက တစ်ဖက်ခန်းမှ ပင်မခန်းထဲတွင် လုပ်လက်စ အလုပ်လေးတွေ ပြေးလုပ်သူကလုပ်၊ ထမင်းချိုင့်ဖွင့်စားသူကစား၊ Side လုပ်ငန်းခွင်ထဲသို့ ခေတ္တပြေးသူကပြေး။

"ဆရာစိုး မောနေပြီလားဗျာ"

တရုတ်စကားပြန်ကြီး အနားလာထိုင်သည်။

"စိုင်းထီးဆိုင် သီချင်းလေးလိုပေါ့ ဦးရွှေဝင်းရယ်"

"ဩော်... အနုပညာသမားလို့ မပြောရဘူး၊ ဖြေတာတောင် သီချင်းပဟေဠိနဲ့ ဖြေတယ်ဗျ၊ ကျွန်တော်လည်း အနုပညာလေ့ကနဲ့ မစိမ်းပေဘူးဗျ၊ ဆရာစိုးကို ကျွန်တော် လေ့လာနေတာဗျို့"

"ဟုတ်ကဲ့ ဆိုပါဦး"

"ဆရာစိုးက စည်းနဲ့ဝါးကို ပိုင်ပိုင်နိုင်နိုင်ကိုင်ပြီး ကပြနိုင်တာရယ်၊ သင်ပြပေးပုံ နည်းစနစ်တွေရယ်က ကျွန်တော် သိသလောက် ပန်တျာကျောင်းက စနစ်တွေဗျ၊ ဆရာစောက ပန်တျာကျောင်းဆင်းလား"

"ဟင့်အင်း... ကျွန်တော် မန်စျာကျောင်း မတက်ဖူးပါဘူးဗျာ"

"ဒါဆို ဒါတွေ ဘယ်လိုလုပ်တတ်နေတာလဲလို့"

"ကျွန်တော့်အဖေက ဒီမြို့ရဲ့ ဂီတကောင်စီ ဥက္ကဋ္ဌပါ၊ ကျွန်တော့် အစ်မကြီးက အဖေ့သွေးပါတယ်၊ ဂီတရော၊ သုခုမရော အစုံရတယ်၊ အကနည်းပြတစ်ယောက်ပါ၊ ဒီမြို့မှာ သင်္ကြန်ယိမ်းတွေကို နှစ်စဉ်သင်ကြားပြသပေးနေသူပေါ့၊ ကျွန်တော်လည်း မြင်တွေ့ဖန်များတော့ ယဉ်ပါးနေထဲ့ သဘောပါ"

"ဒါပေမဲ့ ဆရာစိုး အဆင့်က တကယ့် (Professional) ကျနေတာပဲ၊ ကျွန်တော့်ယောကျ်ားမကပန်တျာကျောင်းကျောင်းအုပ်ကြီးဗျ၊ တကယ်သိလို့ ဟန်မြတ်မော်ကိုသိလား၊ ရေဒီယိုအဆိုတော်လေ"

[တကယ်သိလို့ဟန်မြတ်မော်မှာ ဟိုစဉ်က ဂီတကောင်စီ (ဗဟို) အတွင်းရေးမှူးပင် လုပ်ခဲ့သေးသည်။]

"သိပါတယ်"

"ကျွန်တော်နဲ့ ဓယားညီအစ်ကို တွေဗျ၊ ပြီးတော့ ကျွန်တော့်မိန်းမက တစ်ခိုင်လုံးရွှေ အေးအေးမြင့်ရဲ့ အစ်မကြီးပေါ့"

"ဟင်- ဒါဆို ကျွန်တော်က တကယ့်အနုပညာအိုင်းအိုင်း ရင့်မာထဲက ပုဂ္ဂိုလ်ရွှေ့ရောက်နေတာပဲ"

"ဟင်း ဟင်း အထင်တော့မကြီးနဲ့၊ ကျွန်တော်က ဘာမှမလုပ်တတ်ဘူး၊ ဝါးလက်ခုပ်တောင် မတီးတတ်ဘူး"

"ဟုတ်ပါ့မလား ဦးရွှေဝင်းရယ်၊ ကျွန်တော်တောင် အဖေတွေ့၊ အစ်မတွေ လုပ်တာကိုင်တာကြည့်ဖန်၊ မြင်ဖန်များပြီး ယဉ်ပါးရာက လုပ်တတ်လာရတာဟာ"

"အဲဒါကြောင့် ကျွန်တော်က ဆရာစိုးကို ပိုပြီးအမှတ်ပေးမိတာ၊ အပ်ကျ မပ်ကျ ဘယ်သင်တန်းမှ မတက်ဖူးဘဲနဲ့ သင်ကြားရေးမှာ စနစ်တကျ ရှိတာကို တွေ့ပြီး ပန်တျာကျောင်းဆင်းလို့ ထင်မိတာပါဗျာ"

ဦးရွှေဝင်းမှာ (P.T.T)ကုမ္ပဏီ၏ တရုတ်စကားပြန်ဖြစ်ပြီး တရုတ်သွေးလည်း များသည်။ တရုတ်နာမည်မှာ 'လောင်စွပ်' ဖြစ်သည်။

ဒုတိယစကားပြန်မှာ ဦးမျိုးညွှန့် (ဗမာ) ဖြစ်သည်။

ဦးရွှေဝင်းနှင့် စကားကောင်းနေစဉ် နှစ်ဆန်းဦးက အနားမှာ ရှိရှိလေး ရပ်လာသည်။

"ဆရာ ထမင်းသုံးဆောင်ဖို့ အသင့်ဖြစ်ပါပြီရှင့်"

"ဩော်- ဆရာစိုး ထမင်းစားနောက်ကျနေပြီ၊ ကျွန်တော်စကားကောင်းနေတာနဲ့၊ သွားစား ဆရာစိုးရေ ကျွန်တော်တော့ ပြီးပြီ"

အတိတ်ဖြစ်စဉ် (ခုနစ်)

ထမင်းဝိုင်းမှာထိုင်မိတော့ ချိုင့်လေးနှစ်ချိုင့် ဝိုနေသည်။ တစ်ချိုင့်က ငါးခြောက်ဖုတ်ဆီဆမ်း၊ တစ်ချိုင့်က ပုန်းရည်ကြီးသုပ်။

ကိုစိုးခိုင်က ချိုင့်လေးများကို မေးငေါ့ပြီး နှစ်ဆန်းဦးထံ မျက်ဝန်းဖြင့် အမေးပြုလိုက်သည်။

"သမီး ယူလာတာပါ ဆရာ၊ ဒီ (Mass)က ဖင်းတွေက နေ့တိုင်း ကြက်သား၊ ဝက်သားလိုလိုပဲချက်တာဆိုတော့ ဆရာ စားနိုင်မှာစိုးလို့ပါ၊ နောက်ပြီး ဆရာ့ရဲ့တပည့်ရင်း ဓဠဝါတို့၊ မိုးကြီးတို့ကိုလည်း မေးကြည့်ဖူးပါတယ်၊ ဆရာက မြန်မာ့နန်းတွင်းဓာတ်စာ စားတယ်တဲ့၊ ဒီနေ့ချက်တဲ့ ဝက်သားရော၊ ရွှေဖရဲသီးရောက မတည့်ဘူးလေ ဆရာ"

"ဟင် အဲဒါတို့ မင်းအယ်လိုသိတာလဲ"

"သမီးတို့အဘွားက မန္တလေးကပါ၊ နန်းတွင်းသမားတော်ကြီး ဦးဖိုးမင်းရဲ့ ဓာတ်စာကိုပဲ လိုက်နာပြီး စားသုံးလာတြတာပါ၊ အဘွားမဆုံးခင် အနီးကပ်ပြုစု နေထိုင်ပေးရင်း သူပြထားတဲ့ စာအုပ်ထဲကအတိုင်း ပြုစုလုပ်ကျွေးရင်း နားလည်ရထားတာပါ၊ သမီးတို့မိသားစုလည်း အဲဒီဓာတ်စာအတိုင်း စားကြတယ်ရှင့်"

"မင်းပြောတဲ့ သမားတော်ကြီးက သဲတောဝမ်းတွင်း မြို့စားကြီး ပညာသီဟ ဦးဖိုးမင်းလား"

"ဟုတ်ပါတယ် ဆရာ၊ သူ့တပည့်ထဲက ထင်ရှားတဲ့ ဆရာကြီးတစ်ယောက်က ကံကြီးထောင့်အိုင် 'ရွှေလေးဆူ ပိတောက်ပင်' မှာနေတယ်လို့ ဘွားတို့ပြောတာ ကြားဖူးတယ်၊ ဦးပန်းညိုဆိုလား"

"အေး ဟုတ်တယ်၊ မြန်မာ့ဓာတ်စာ သမားတော်ကြီး ဦးပန်းညိုတဲ့၊ သူ့ရဲ့ ကုသရေဝန်းကျင် လက်တံဟာ အထက်ကို ကြံခင်း မြန်အောင်၊ ကနောင်အထိ ရှိသလို အောက်ဘက်ဆိုလည်း မော်

www.burmeseclassic.com

တင်စွန်း၊ ချောင်းသာ နယ်ဘက်က တောင် လာပင့်ကြတယ်၊ တစ်နှစ်လုံး လည်နေတာပဲ၊ အိမ်မှာနေချိန် သိပ် မရှိပါဘူး"

"ဩော်. . . ဟိုတုန်းက ဆေးကုတဲ့ သမားတော် ရှားပါးလို့ပေါ့နော် ဆရာ"

"မဟုတ်ဘူးကွဲ့၊ အင်္ဂလိပ်ခေတ် ဆိုတော့ အင်္ဂလိပ်ဆေးဆရာတွေလည်း ပေါ်နေပါပြီ၊ ဒါပေမဲ့ တို့ရွှေမြန်မာတွေက မိသားစုစဉ်ဆက် တိုင်းရင်းဆေးကိုပဲ အားကိုးလာကြတာ များတယ်လေ၊ အဲဒါပါ"

"ဩော် ဟုတ်ကဲ့ဆရာ"

သည်ဘက်ခေတ်တွင် ရှားရှားပါးပါး လာဆုံရခြင်းပင်၊ မြန်မာ့နန်းတွင်း ဓာတ်စာပညာမှာ လွန်စွာ မှေးမှိန်သွားရပေပြီ။ လိုက်နာစားသုံးသူလည်း လွန်စွာရှားပေပြီ။ သည်ထဲမှာမှ 'နှစ်ဆန်းဦး' က သူတို့မိသားစုနှင့် ဆရာတူ တပည့်တွေ လာဖြစ်နေရသည်။ ဆန်းကြယ်ပေစွ။

"ဒါဆို မင်းက Mass မှာမစား ဘဲ ကိုယ့်ဘာသာ ချက်စားတာလား"

"Mass မှာပဲ စားတာပါ ဆရာ၊ တစ်ခါတလေကျတော့လည်း ကိုယ်စီး ချင်တာ ကိုယ်ချက်စားပါတယ်၊ သမီးမှာ အိုးခွက်အပြည့်အစုံပါတယ် ဆရာ၊ ဆရာတို့လည်း သမီးချက်တိုင်း ဟင်းခွက်ယူလာပါရစေနော်၊ ဒီက ဟင်းတွေကို ဆရာစားလို့မဖြစ်ရင် ဆရာတစ်နေ့လုံး ဆာနေမှာစိုးလို့ပါ"

"အေးလေ၊ သမီးစေတနာကို ဆရာ အသိအမှတ်ပြုပါတယ်၊ ဒါပေမဲ့ နေ့စဉ် ဝတ္ထရားတစ်ခုကြီးလို့ သတ်မှတ်ခံယူမထားပါနဲ့၊ ကြုံသလိုလုပ်ပါ ဆရာအဆင်ပြေအောင် စားနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ မင်းလည်း သွားစားတော့၊ ဆရာ့ကို စောင့်မနေနဲ့၊ ဒါမှမဟုတ် ဆရာအဖော်ရအောင် အတူလာစားပါလား"

"ဟုတ်ကဲ့၊ ဆရာခွင့်ပြုတယ်ဆိုရင် သမီး ထမင်းပန်းကန် သွားယူလိုက်ဦးမယ်"

"အိုကေ"

ထို့နေ့မှစ၍ မနက်စာကို အတူတူ စားဖြစ်သွားတော့သည်။ အနီးကပ် ဆက်ဆံကြည့်တော့ နှစ်ဆန်းဦးမှာ ကျန်သူတွေ ထင်သလို ဘဝင်မဟုတ်ရှာပါ။ တစ်ကိုယ်တည်း သီးသန့် စည်းကမ်းလေးနှင့် နေတတ်ထိုင်တတ်ခြင်းပင် ဖြစ်တော့သည်။

အတိတ်ဖြစ်စဉ် (ရှစ်)

"ဆရာ စက်မှု (၁) က ကားရောက်လာပြီဆရာ"

ယိမ်းခေါင်းဆောင် နွေးနွေးက သတင်းပို့သည်။

"အေး. . . အေး ကဲ ဆရာသွားမယ်၊ လေ့ကျင့်ထားကြနော်"

"ဟုတ်ကဲ့ပါ ဆရာ"

ယိမ်းသမအားလုံး ဝရန်တာမှာ ထွက်ရပ်ချင်း လက်ပြန္တက်ဆက်ကျန်ခဲ့ကြသည်။

မျိုးကြီးပြောသလိုပင် ပြိုင်ဘက် တစ်ယိမ်းကို ကိုယ့်ဆရာ သွားသင်ပေးရမည်ဆိုတော့ စိတ်ထဲတော့ ကောင်းကြမည် မထင်ဧ။

(P.T.T) ရုံးက ယခု ပင်မဂိတ်ရှိရာ နေရာဖြစ်ပြီး စက်မှု (၁) ယိမ်းသင်ရမည့်နေရာက 'ရှင်းလင်းဆောင်' နေရာဆိုတော့ ကိုက်ငါးရာခန့်ပဲရှိမည်။ မာဇဒါ ကျစ် လေးဂီယာတောင် ပြောင်းဖို့မလိုခင် ရှင်းလင်းဆောင်ရှေ့ ရောက်လာရသည်။ တပည့်ဖြစ်သူ သရဖိုက တံခါးဝ က ထွက်ကြိုသည်။

"ဦး. . . နေကောင်းတယ်နော်၊ ဒါ သမီးတို့ ယိမ်းအဖွဲ့ အုပ်ချုပ်သူ ဒေါ်နှင်းသိရိမောင်ပါ"

"ဟုတ်ကဲ့ဗျာ၊ ကျွန်တော် စိုးခိုင်ပါ။ ဒေါ်နှင်းသိရိ"

ဒေါ်တစ်ခေါ်ရပေမင့် တော်တော်ငယ်သေးသည်။

"ဟုတ်ကဲ့ရှင့်၊ ဒီက ညီမတွေခေါ်သလို မနှင်းလို့ပဲ ခေါ်ပါဆရာ၊ နှင်းက ဒေါ်တစ်ရလောက်အောင် မကြီးသေးပါဘူး၊ ဟင်း ဟင်း ဟင်း"

"ဟုတ်ကဲ့ပါဗျာ၊ ခေါ်ရတာ ရင်းနှီးမှုဆန်ပါတယ်"

'ရှင်းလင်းဆောင်' ကြီးထဲရောက်တော့ စိမ့်ခနဲအေးသွားသည်။ မှန်လုံဆောင်ကြီးဖို့ လေအေးစက်ဖွင့်ထားသည်။ ခန်းလုံးပြည့် ကော်ဇောစိမ်းခင်းထားသည်။ တစ်ခန်းလုံးရှိ ကုလားထိုင်များကလည်း ဆိုဖာနောက်ပို့ ကုလားထိုင်ကြီးများက လှပသစ်လွင်လျက်ရှိသည်။ ရှေ့ဆုံးတန်းနှင့် Stage ကြားကွက်လပ်မှာ အတော်ပင်ကျယ်သည်။ စက်မှု (၁) ယိမ်းအဖွဲ့ဝင်တွေ ထိုင်နေကြသည်။

ရှေ့ဆုံးတန်းရှိ ဆိုဖာထိုင်ခုံပေါ်တွင် နေရာပေးပြီး--

"ဆရာ ဒါ ယိမ်းအဖွဲ့ဝင်တွေပါ"

ယိမ်းတာဝန်ခံ ဒေါ်နှင်းသိရိမောင်က တစ်ဦးချင်းစီနာမည်နှင့် မိတ်ဆက်ပေးသည်။ ယိမ်းသမတွေက မတ်တတ်ထရပ်ပြသည်။

"သူက ဝင့်ရွှေစင်သူ"

"သူက အေးချောစု"

"သူက နေခြည်ဦး"

"သူက သက်သက်ခိုင်"

"သူက ပွဲပွဲ"

"သူက သီထာစိုး"

"သူက သင်းသင်းစိုး"

"သူက ဟေမာဖြိုး"

အားလုံး (၁၆) ယောက်မှာ ဒီမျှသာပဲ မှတ်မိရတော့သည်။

နောက်ဆုံးမှ မိတ်ဆက်ပေးသော သုံးယောက်က သာပေါင်းမြို့ပေါ်က ကိုစိုးခိုင်၏ တပည့်ဟောင်းတွေ။

"ညည်းတို့ ဒီမှာရောက်နေတာကိုး"

"ဟုတ်ကဲ့ပါ ဦး"

စက်မှု (၁) ယိမ်းကို သရဖိုက သိချင်းနှင့် စသင်နေသည်ဖြစ်၍ သူတို့

www.burmeseclassic.com

www.burmeseclassic.com

သင်ကြားနေသော အဆင့် အတန်း ဘယ်မျှရောက်နေပြီသိရရန် ကခိုင်း ကြည့်ရသည်။ သီချင်းတစ်ပုဒ်လုံးကို ကဟန်လေးခုပဲ ပါသည်။ တန်းကူးတန်း ပြောင်း ထူးထူးခြားခြားမပါ။ သရဖီကို မေးတော့ -

"သမီးကလည်း မသင်တတ်သင် တတ်နဲ့ဆိုတော့ ဒီထက်ပိုပြီး မထည့် တတ်ဘူး၊ သူတို့ကလည်း မလိုက်နိုင်ဘူး ဦးရဲ့၊ ဟို သင်းသင်းစိုးကတော့ ဦးရဲ့ မြို့ပေါ်က ကြံ့ခိုင်ရေးယိမ်းမှာ ပါတယ်ဆို၊ လူသစ်ထဲမှာ သူကတော့ မဆိုးဘူး၊ ဦးရဲ့ တပည့်တောင်း သီတာစိုးနဲ့ ဟေမာဖြိုး တို့ကတော့ ပြောစရာမလိုဘူး၊ သူတို့က အကုန်လိုက်နိုင်တယ်၊ ကျန်တဲ့သူတွေက အစိမ်းသက်သက်တွေ၊ စည်းဝါးလည်း မသိကြဘူး"

"အေး. . . အဲဒါဆိုရင် သီချင်းနဲ့ စမသင်ရဘူး သမီးရဲ့၊ အခြေခံကကွက် တွေကို စည်းနဲ့ဝါးနဲ့ရိုက်ပြီး သင်ပေးရ တယ်၊ ဒါမှ စည်းသံဝါးသံကို နားလည် ပြီး နားယဉ်သွားမှာ"

"သမီးက စည်းနဲ့ဝါး မရိုက်တတ် ဘူး ဦးရဲ့၊ ကသာ ကတတ်တာ"

"အေးလေ၊ ညည်းတို့ကိုလည်း ငါ့ သင်မပေးဖူးသလို၊ သင်ယူရ ကောင်း မှန်း၊ လေ့ကျင့် ရကောင်းမှန်းလည်း ညည်းတို့မသိဘူးမလား"

"ဟုတ်ကဲ့"

"စည်းနဲ့ဝါးကို မကျွမ်းကျင်ရင် ဆရာ ဘယ်တော့မှလုပ်လို့မရနိုင်ဘူး သမီးရဲ့"

ကိုစိုးခိုင်က အားလုံးကို ဓာန်းစီ ခိုင်းပြီး အခြေခံကဗျာလွတ်အကွက်များ ကို စသင်ပေးသည်။ တော်တော်နှင့် အံ မကျ၊ ရှေ့ကနေ သရဖီ၊ ဟေမာဖြိုး၊ သီတာစိုး၊ သင်းသင်းစိုးတို့လေးဦးအား (Model) ထားပြီး လုပ်စေခိုင်းရသည်။ တစ်ဦးချင်စီလိုက် ပြင်ပေးရသည်။ စက်မှု (၁) က (P.T.T) ထက် (၅) ရက် နောက်ကျနေသည်မို့ နားချိန်သိပ်မပေး ဘဲ ကြိုးစားခိုင်းရသည်။ ဒေါ်နှင်းသီရိ မောင်ပင် ထိုင်မနေရက်တော့ဘဲ ဝင်ကူ ညီပြောဆို ပေးလာသည်။ မနှင်းက ကတတ်ပုံရသည်။ သူဝင်ကူညီတော့ လည်း မြန်ဆန်ရသည်။ ကျန်ယိမ်းသမ အသစ်တွေက လူစိမ်းယောကျ်ား ဆရာ ရှေ့မှာလုပ်ရတာ ပထမတော့ ခြိုးတိုးခြုံ့ တန့် ဖြစ်နေကြသည်။ အသစ်တွေထဲမှာ ထူးခြားတာကတော့ 'အေးချောစု' ဆို သည့် မိန်းကလေး။ ခြိုးတိုးခြုံ့တန့်မရှိ။ သွက်သွက်လက်လက်နှင့် ကကွက်သင် ပေးခဲ့ပြီး သူလုပ်လို့ရသွားလျှင် မူလ တန်းကလေး စာအံသလို ဆရာကိုစိုးခိုင် ၏ရှေ့မှာ လာလာလုပ်ပြသည်။ ရဲတင်း ပြီး ရိုးသားပွင့်လင်းသော 'အေးချောစု' က မြန်မြန်တတ်သည်။ ညနေ (၄း၃၀) နာရီရောက်တော့ ခုံးဆင်းချိန်၊ အိမ်ပြန် ချိန်ရောက်ပြီ။ ယိမ်းသမတွေက ပြန်ချင် ပုံရသည်။ ဆရာကိုစိုးခိုင်က-

"မနှင်းရဲ့ ကလေးတွေက စိမ်း သက်သက်တွေသိပ်များနေတယ်၊ ညနေ ၅ နာရီခွဲမှ တန်းဖြုတ်မယ်ဗျာ ဖြစ် မလား၊ ကျွန်တော် အချိန်ပိုသင်ပေး ချင်လို့"

"ဟာ ဆရာရယ်၊ ကျွန်မက ဆရာပြန်ချင်နေပြီလားလို့ ကားတောင် ခေါ်ထားတာ၊ ဆရာက အချိန်ပေးနိုင် တာပဲ၊ ကျွန်မတို့က ပိုတောင်ကြိုက် သေးတယ်၊ ဆရာ့သဘောပါ"

သည်လိုနှင့် စက်မှု(၁)ကို အပြင်း အထန် မောင်းယူရပေသည်။

အိတိတ်ဖြစ်စဉ် (တိုး)

စက်မှု (၁)ကပြန်တော့ ၆ နာရီ သာပေါင်းပြန်ရောက်တော့ ၆နာရီ ၁၅ မိနစ် ဖြစ်ပြီ။ ရေပိုးချိုး၊ အဝတ်လဲနေ စဉ်မှာပင် ကြံ့ခိုင်ရေးယိမ်းက ယိမ်းသမ တပည့်တွေက အိမ်ရှေ့မှာ ဝင်လာ စောင့်ခေါ်သည်။

"သားရေ. . . မင်းတပည့်တွေ ရောက်နေပြီ"

အဖေက အိမ်ရှေ့မှ လှမ်းပြော သည်။ ထမင်းစားဖို့ အချိန်မရတော့။ ကလေးတွေနှင့် ကြံ့ခိုင်ရေးခန်းမကို လိုက်ရတော့သည်။ ကိုစိုးခိုင်မှာ ပြည် ခိုင်ဖြိုးအသင်းဝင် မဟုတ်သော်လည်း ပြည်ခိုင်ဖြိုးအသင်းမှ အမှုဆောင် လူကြီးများမှာ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းများ ဖြစ်ကြလေသည်မို့ သည်ကြံ့ခိုင်ယိမ်းအတွက် တစ်လကြိုပြီး သင်ပေးဖို့ရန် တောင်းဆိုခဲ့စဉ်က စိတ် မပါစွာ လိုက်လျောခဲ့လိုက်ရသည်ကို ယခုမှ တွေးဆုံးတင်ရပေတော့သည်။ ပြည်ခိုင်ဖြိုးယိမ်းက သီချင်းလေးပုဒ်စလုံး ကကွက် တက်ပေးပြီးပြီ။ နောက်ဆုံး တစ်ပုဒ်သာ ကစားကွက်ဖော်ရန်နှင့် က ကွက်သိမ်းရန်ပဲ ကျန်တော့သည်။

ပြည်ခိုင်ဖြိုး ယိမ်းအသင်း၏ တာဝန်ခံက ကိုဝင်းသန်း၊ ကျန်သည့် အမှုဆောင် ကိုကိုဇင်တို့၊ သင်းသင်းငြိမ်း တို့ကလည်း နေ့စဉ်လာပြီး ဝိုင်းဝန်းပံ့ပိုး ပေးကြသည်။

"ဆရာစိုးရေ တို့ကတော့ ဒီနှစ် တို့ယိမ်းကို ပထမ မှန်းထားတယ်ဟေ့၊ အားလည်း အားရတယ်၊ ဝတ်စုံလည်း နှစ်စုံချုပ်ပေးမယ်၊ ဆုပေးပွဲနေ့ကျရင် တစ်စုံလဲ ကရမယ်ဟေ့"

"ဝေး ဝေး ဟေး ဟေး ဒါမှ တို့ လူကြီးတွေကွ ဖျောင်း ဖျောင်း ဖျောင်း"

ကလေးတွေ ပျော်သွားကြ သည်။ပျော်ရွှင်တက်ကြွနေသောကလေး များကို သင်ကြားပေးရသည်မှာ လွန်စွာ တိုးတက်လှပေသည်။ ပြည်ခိုင်ဖြိုး အသင်း ယိမ်းကို စောစောဖြတ်ထား နိုင်လျှင် နောက် နှစ်ယိမ်းကို ပိုမြီး အချိန်ပေးနိုင်ပေတော့မည်။

"ကဲ. . . ကလေးတွေ တန်းစီ တော့ဟေ့"

"ဒီနှစ် တို့ပြည်ခိုင်ဖြိုးအသင်း ယိမ်းတ ပထမဆု ရကို ရရမယ်လို့ သန့်ဌာန်ချထားကြပါ။ ဒီနေ့ နောက်ဆုံး သီချင်းအတွက် ကကွက် နုတ်တွေ ဆရာ ရှာဖွေပြီးပြီ၊ ဒီည တက်ပေးမယ်၊ ကြိုးစား ထားကြ တပည့်တို့"

"ဟုတ်ကဲ့ပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

ယိမ်းခေါင်းဆောင် ဇင်မိမိအောင်က ဆရာကိုစိုးခိုင်၏ ငယ်တပည့်ရင်း တွေထဲမှာ အတော်ဆုံးပို့ ညဘက် သင်ပေးထားပြီးသမျှတွေကို နေ့လယ်ဘက် နံနက်ပိတ်ရက်များတွင် ဦးဆောင်ပြီး အကတိုက်ပေးသည်။ မျက်နှာလွှဲလို့ရသည်။ လက်ထောက်တစ်ယောက်သဖွယ် အားကိုးအားထားပြုလို့ရလေသည်။

ပြည်ခိုင်ဖြိုး ယိမ်းအသင်းကို တန်းဖြုတ်တော့ ည ၁၀နာရီ ထိုးပြီ။ ကိုစိုးခိုင် ညနေစာထမင်းကိုစားတော့ ည ၁၀ နာရီကျော်ပေပြီ။ ထမင်းစားပြီးတော့ အိပ်ငိုက်ပြီ။ တစ်နေကုန် လှုပ်ရှားထားသမျှ ဖြေလျှော့နားချင်လှပြီ။ မဖြစ်သေး။ (P.T.T) နှင့် စက်မှု(၁)ယိမ်းနှစ်ယိမ်းအတွက် သီချင်းရွေးခြင်းနှင့် ကကြိုးကကွက် နုတ်များ ရေးသားရဦးမည်။ အိပ်လို့ မဖြစ်သေး။ ကြိုးစားပြီး ရေးသားပြီးစီးချိန်မှာတော့ သန်းခေါင်ကျော်လုပြီ။ အိပ်မက်ထဲတွင်ပင် ယိမ်းအဖွဲ့တွေကို ညွှန်ကြားနေသေးမိတော့သည်။ မိုးလင်းဝိုင်း ရောက်လုလု ဖြစ်မြဲမို့မည်။

နှစ်ဆန်းဦးက -

"ဆရာ ထမင်းစားကြမယ်"ဆိုပြီး အတူတူ မျက်နှာချင်းဆိုင် စကားတွေပြောရင်း စားကြ။ ထမင်းစားပြီးတော့လည်း -

"ဆရာ ပန်းသီးတစ်လုံး တစ်ယောက် တစ်ခြမ်း စားကြမယ်နော်"

လို့ သူမက ပြောတော့ အာစေးထည့်ထားသလိုဖြစ်ကာ 'နှစ်ဆန်းဦး' ကျွေးသော ပန်းသီးတစ်ခြမ်းကို ရင်ခုန်စွာ စားမိလိုက်တော့သည်။

ပန်းသီးကုန်သော အချိန်တွင် နှစ်ဆန်းဦးက သူ့လုက်ကို ဆွဲပြေးလေသည်။ နှစ်ယောက်သား ပြေးရင်း လွှားရင်း တိမ်ဝပ်မိုးစိုင်တွေကြားထဲ ရောက်သွားသည်။

ကိုစိုးခိုင် ဘေးပတ်ဝန်းကျင်ကို အံ့အားတသင့် လှည့်ပတ် ကြည့်နေမိစဉ် နှစ်ဆန်းဦးနှင့်သူ လက်ချင်းပြုတ်သွားသည်။ လှည့်ကြည့်လိုက်တော့ နှစ်ဆန်းဦးက ခပ်လှမ်းလှမ်းက ဇိမ်ဝင်ဝင်ကြီး ပေါ် ရောက်နေသည်။ သူနှင့်ဝေးရာသို့လည်း လွှင့်မျောစပြုနေပေပြီ။

"ဆရာ မြန်မြန်ပြေးတက်လိုက်လေ၊ ဆရာ သမီးကိုချစ်ရင် မြန်မြန်တက်လိုက်ပါ!"

နှစ်ဆန်းဦး၏ ခေါ်ငင်မှုကြောင့် ကိုစိုးခိုင် ကပျာကယာ ပြေးတက်လိုက်ရာ -

"ဝုန်း"

"ဟာ"

မျက်လုံး ဖွင့်ကြည့်လိုက်တော့ ကိုစိုးခိုင် ခုတင်အောက် ရောက်နေပေပြီ။ တော်ပေသေးသည်။ စောင်များနှင့် လုံးပတ်ကျ၍သာ တော်တော့သည်။ အထိမနာလှ။ ခုတင်ဘောင်ကိုမှီထိုင်ရင်း တစ်ယောက်တည်း ပြုံးမိရသည်။ နာရီလှမ်းကြည့်တော့ ငါးနာရီခွဲပေပြီ။ ပြန်အိပ်၍မဖြစ်တော့။ တစ်နေ့တာ ပြုဖွယ်အစီအစဉ်များကို စဉ်းစားပြီး လုပ်စရာရှိတာချရေး။ ပြီးတော့ ဘုရားရှိခိုးအမျှအတန်းဝေ။ အဖေရောက်မလာခင် ဆိုင်ဖွင့်ခင်းကျင်း ပြင်ဆင်ထား။ အဖေရောက်လာတော့မှ ရေပြေးချိုး။ အဝတ်အစားလဲပြီး နံနက်စာ အဆာပြေမြန်မြန်စား။ ကိုစွပ်စိပ်ပြီးချိန်မှာ ၇ နာရီထိုးရန် ၁၀မိနစ်အလို အိမ်ရှေ့သို့ (P.T.T) က လွှတ်လိုက်သောကားရောက်လာပြီ။

အတိတ်ဖြစ်စဉ် (တစ်ဆယ်)

"သားရေ. . . ကားရောက်လာပြီဟေ့"

အောက်ထပ်က အဖေက လှမ်းအော်ပြောသံကြားတော့ လက်ဆွဲအိတ်ဆွဲပြီးဆင်းလာ၊ လှေကားခြေရင်းရောက်တော့ အိမ်ရှေ့လှမ်းကြည့်။ ကိုစိုးခိုင် အံ့အားသင့်သွားသည်။

"ဟင်. . . နှစ်ဆန်းဦး"

ခုနကလေးတင် အိပ်မက်မက်ခဲ့သူကို ဇာပြင်မှာ ရုတ်တရက် တွေ့လိုက်ရ၍ ရင်ခုန်သွားရသည်။

"ဟုတ်ပါတယ် ဆရာ၊ စွေးဝယ်ကားက ဆရာ့ကြိုလာမှာသိလို့ ရေးလိုက်ရင်း လိုက်လာတာ၊ တစ်ခါ အသုပ်ဆိုင်မှာ မုန့်စားရင်း ဆရာ့အမေနဲ့တွေ့လို့ ကားပေါ် တင်ခေါ်လာခဲ့တာ ဆရာ"

"ကိုယ့်အမေမှန်း မင်း ဘယ်လို သိသလဲဟင်"

"အမှတ်တမဲ့ကနေ သတိပြုမိသွားတာပါ၊ မျက်နှာပေါက်ချင်းဆင်တာက တစ်၊ ပြီးတော့ အဒေါ်တစ်ယောက်က ကြိုးကြိုးကို ဒီလ ဘာတွေ စားရမလဲလို့ ဓာတ်စာမေးနေသံ ကြားလိုက်ရလို့၊ ဒီမြို့မှာ ဓာတ်စာနဲ့ယဉ်ပါးတာ ဆရာတို့မိသားစုပဲ ရှိတယ်လေ၊ အဲဒါ သိထားတာကိုး၊ ကြိုးကြိုးက ဆရာ ကိုစိုးခိုင် မေမေလားလို့ မေးပြီး မိတ်ဆက်လိုက်တာ၊ အဲဒါနဲ့ သိသွားရရော"

"ဩော်. . . တိုက်တိုက်ဆိုင်ဆိုင်ပဲ"

"ဟုတ်တယ် သားရေ၊ ဆရာကြီး ဦးဖိုးမင်းရဲ့ ဓာတ်စာကို ကျွမ်းဝင်တဲ့ မိန်းကလေးဆိုလို့ မေမေလည်း အံ့သြလေးစားရပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ ကြိုးကြိုး၊ သမီးကလည်း အံ့သြနေမိရပါတယ်"

"အေး၊ ဒီက သမီးလေး နောင်လည်း ကြိုးကြိုးတို့ဆီကို ဝင်လည်နော်၊ သမီးဆရာနဲ့ လိုက်လာချင်ရင်လည်း လာ သိလား၊ သမီးကို မြင်မြင်ချင်း ကြိုးကြိုး ချစ်သွားပြီကွဲ့"

"ဟုတ်ကဲ့ပါ ကြိုးကြိုး၊ သမီးတို့ သွားဦးမယ်နော်၊ ဆရာ လက်ဆွဲအိတ် သမီးကိုပေးပါ ဆရာ"

"နေပါစေကွာ ရပါတယ်"

"ပေးပါ ဆရာရယ်၊ ကိုယ့်ဆရာသမားကို ခရီးဦးကြိုဆိုရတာ တပည့်ဝတ်လေ ဆရာရယ်၊ 'လာမှုကြိုဆီး' ပေါ့"

"အေးပါဗျာ၊ တတ်တဲ့ ကလေးမဝဲ"

"ဟုတ်ပါ့ ငါတူမကြီးက အပြောကောင်းပဲဟေ့"

www.burmeseclassic.com

www.burmeseclassic.com

အဖေကပါ ဝင်ထောက်ခံသည်။

"ကျေးဇူးပါ ဘဘ၊ သွားမယ်နော် ဘဘနဲ့ကြီးကြီး၊ နေ့တိုင်းဝင်လည်မယ်"

"အေး အေး"

နောက်ခန်းမှာက စျေးဝယ်အဖွဲ့ ရှေ့ခေါင်းခန်းမှာက နေ့စဉ် ကိုစိုးခိုင်တစ်ယောက်တည်း။ ဒီနေ့တော့ နှစ်ဆန်းဦးနှင့် ပူးပူးကပ်ကပ်၊ နူးနူးညံ့ညံ့၊ မွေးမွေးကြိုင်ကြိုင် ရှိလှသည်။ ဆွဲခြင်းလေးထဲမှာလည်းအပြည့်။ 'ဆွဲခြင်းဆရာဘက်ပေး' ဆိုပြီး ယူကာ ခြေနှစ်ချောင်းကားပြီး ချပေးထားလိုက်သည်။

"များလှချေလား၊ ဘာတွေ ဝယ်တာလဲ နှစ်ဦး"

ကိုစိုးခိုင်က 'ဆန်း' ကိုဖြုတ်ပြီး နာမ်စားပြုလိုက်သည်။

"ဟင်... ဆရာ ဘယ်လို သမီးကို ဘယ်လိုခေါ်လိုက်တယ်ရှင်"

ကိုစိုးခိုင်ဘက်လှည့်ပြီး အမေးပြုသည်။

"နှစ်ဦးလို့၊ မကြိုက်လို့လား"

ဘာများ မှားသွားပါလိမ့်ဟု အတွေးရောက်စွာ ပြန်မေးမိရသည်။

ရင်တုန်စွာ။

"နားထဲမှာ ဆန်းသွားလို့ ဆရာ၊ ဆရာ ဘယ်လိုခေါ် ခေါ် ကြိုက်တယ်၊ သမီးက နှစ်ဆန်း (၁) ရက်နေ့မွေးတာ"

"ဩော်"

"စောစောကမေးတာ မဖြေသေးဘူး"

"ဩော်-ဟုတ်ကဲ့ဆရာ၊ သက်သတ်လွတ်ချက်ဖို့ ဝယ်လာတာတွေ ဆရာ၊ အခြားဟင်းရံတွေကတော့ (၂) ရက်စာပေါ့၊ အရက်ဆွမ်းကပ်ဖို့ မုန့်လည်းကုန်နေလို့ Good Morning ပေါင်မုန့်လည်း ဝယ်တယ်"

ဘာသာတရား ကိုင်းရှိုင်းသူလေးမှန်း သိလိုက်ရ၍ ကိုစိုးခိုင် လေးစားသွားရသည်။

"ဘာအဓိဋ္ဌာန်နဲ့ သက်သတ်လွတ်ချက်စားတာလဲ နှစ်ဦး"

"ဆရာ့ဖို့လေ၊ ဆရာ ဒီနေ့ သက်သတ်လွတ်စံားမယ်လို့ ကြီးကြီးပြောလို့၊ နှစ်ဦးဝယ်လာတာ၊ ဆရာ့ကိုချက်ကျွေးမလို့၊ ဆရာ့မွေးနေ့ကိုင်း သက်သတ်လွတ်စားတယ်လို့သိလိုက်ရတော့၊ ဆရာဟိုမှာ အဆင်ပြေမှာ မဟုတ်ဘူးလေ"

"ကျေးဇူးတင်ပါတယ် နှစ်ဦးရယ်၊ ဒါပေမဲ့ ဆရာ နွေးနွေးလှိုင်ကို မှာခဲ့တယ်၊ မြေပဲလှော်နဲ့ ဆီနဲ့ ဆားနဲ့ပဲ ချပေးလို့"

"ဩော်... ဆရာရယ်၊ သူတို့ကလည်း သူတို့စီစဉ်၊ သမီးချက်တွေးမယ့် သက်သတ်လွတ်ဟင်းလည်း စားရမယ်"

"အေးပါဗျာ စားပါ့မယ်၊ ဘာတွေချက်မလို့လဲ"

"ခရမ်းသီးဖုတ်သုပ်မယ်၊ ခရမ်းချဉ်သီးမှည့်သုပ်မယ်၊ အင်း... ပြီးတော့ ခရမ်းသီးနှပ်မယ် ဟင်း ဟင်း ဟင်း"

"ကောင်းတယ်ဗျာ၊ ခရမ်းသီးစီးရီး သက်သတ်လွတ်ဟင်းလျာတွေချည်းပဲ ဟင်းဟင်းဟင်း"

အတိတ်ဖြစ်စဉ် (တစ်ဆယ့်တစ်)

သည်လိုနှင့် ကိုစိုးခိုင် တစ်ယောက် မတ်လနှောင်းပိုင်းနှင့် ဖြေလဝက်လုံးလုံး ယိမ်းလုံးယိမ်းကို လှည့်လည်သင်ကြားပေးရင်း လေ့ကြီးတက် ပျော့ဖတ်စက်ရုံ စီမံကိန်းဝင်းထဲမှာသာ အချိန်ကြာစွာ ရှိနေခဲ့ရသည်။

သင်္ကြန်အကြို့နေ့ ညဦးတွင် သာပေါင်းပြည်ခိုင်ဖြိုး ယိမ်းအဖွဲ့အား လေ့ကြီးတက်ရှိ (P.T.T Co.,Ltd)မဏ္ဍပ်နှင့် စက်မှု(၁)မဏ္ဍပ်တို့တွင် ညှိနှိုင်းခဲ့ကပြဖျော်ဖြေနိုင်ဖို့ စီစဉ်ပေးနိုင်ခဲ့သလို (P.T.T Co.,Ltd) ယိမ်းအဖွဲ့ကိုလည်း သာပေါင်းမြို့မ ဗဟိုမဏ္ဍပ်တွင် ညှိနှိုင်းခဲ့ကပြဖျော်ဖြေနိုင်စေရန် စီစဉ်ပေးနိုင်ခဲ့သည်။

သင်္ကြန်အကျနေ့ ည သာပေါင်းမြို့မ ဗဟိုမဏ္ဍပ်တွင် ပြည်ခိုင်ဖြိုးယိမ်းအဖွဲ့ ပြိုင်ပွဲဝင်ကပြတော့ (P.T.T) ယိမ်းအဖွဲ့က အမိုးဖွင့်ကားဖြင့်လာရောက်ကာ စင်မြင့် ယာဘက်ထောင့်တွင် ကားဖင်ထိုးပြီး အော်ဟစ်အားပေးကြသည်။ ဆရာတူ ညီအစ်မ ယိမ်းများ အပြန်အလှန် အားပေးကြသည့်သဘောပင်။

သင်္ကြန်အကြတ်နေ့ ညကျတော့ လေ့ကြီးတက် စက်မှု (၁) (ဗဟို) မဏ္ဍပ်တွင် ပြိုင်ပွဲဝင်သည့် (P.T.T Co.,Ltd) ယိမ်းအဖွဲ့အား ပြည်ခိုင်ဖြိုးယိမ်းအဖွဲ့က သွားရောက်အားပေးကြပြန်သည်။

သင်္ကြန် ဒုတိယအကြတ်နေ့ကျပြန်တော့ သာပေါင်းမြို့နယ် ပြည်ခိုင်ဖြိုးယိမ်းအဖွဲ့က ပုသိမ်မြို့ တိုင်းပြည်ခိုင်ဖြိုးမဏ္ဍပ်သို့ သွားရောက်ကပြ ဖျော်ဖြေပြန်ရာ ပုသိမ်မြို့ယိမ်းအဖွဲ့များ အံ့အားသင့်ကုန်ကြတော့သည်။ သီချင်းလေးပုဒ် ဆက်တိုက်ကသော ယိမ်းမျိုး သူတို့တွေ မမြင်ဘူးကြ။ သာပေါင်းသင်္ကြန် ယိမ်းပြိုင်ပွဲဝင်မည့် ယိမ်းပျိုဖြူများသည် အမောအပန်း ခံနိုင်ကြရပေသည်။

တိုင်းပြည်ခိုင်ဖြိုး အတွင်းရေးမှူး ဦးသန်းထွန်း (ပြည်ထောင်စု ဒု-ဝန်ကြီး သ/မ) က ဂုဏ်ပြု ဆုတော်ငွေများ အားပါးတရ ချီးမြှင့်ပေးသည်။ အခြားသော တိုင်းကော်မတီဝင်များ၊ တိုင်းအမှုဆောင်များ၊ ခရိုင်အမှုဆောင်များ ကလည်း အသီးသီး ဆုတော်ငွေများ ချီးမြှင့်ပေးကြပါသည်။

သာပေါင်းပြည်ခိုင်ဖြိုး ယိမ်းပျိုဖြူလေးများ အမောတွေပြေကြ၊ ပျော်ရွှင်ကြ၊ ဝမ်းသာကြ။

သို့ပေမဲ့လည်း ထိုထိုသော ပျော်ရွှင် ဝမ်းသာရမှုများကို ဆရာ ကိုစိုးခိုင် မခံစားလိုက်ရပါ။ ပုသိမ်သို့ မလိုက်ပါနိုင်ခဲ့ပါ။ ယိမ်းခေါင်းဆောင် တပည့်မ ဇင်မိမိအောင် (ယခု လယ်ပြ၊ ထ-၆၊ ပုသိမ်) ကို မှာကြားလိုက်ရသည်။ ဦးဆောင်လှုပ်ရှားစေခဲ့ရသည်။ တပည့် အားလုံးထဲတွင် အတော်ဆုံး တပည့်မေမို့ မျက်နှာလွဲလို့ရပေသည်။

ကိုယ်ကိုယ်တိုင် မလိုက်နိုင်သလို စက်မှု (၁) ယိမ်းထဲမှာပါ ပါနေသည့်

www.burmeseclassic.com

www.burmeseclassic.com

သင်းသင်းစိုး ဆိုသည့် စက်မှု (၁) ဝန်ထမ်းကိုလည်း ပြည်ခိုင်ဖြိုးယိမ်းနှင့် ပုသိမ်သို့ ဇာတ်မဝေးလိုက်ရပါ။ ညကို ပြိုင်ပွဲဝင်ရမည့် စက်မှု(၁) ယိမ်းအားလက်ပူတိုက် လေ့ကျင့်စေရတော့သည်။ (P.T.T) ယိမ်းအဖွဲ့က ပြိုင်ပွဲဝင်ပြီးနေပြီဖြစ် စက်မှု(၁)မဏ္ဍပ်တွင် မနက်ပိုင်း ဖျော်ဖြေရေးများပြီးသည်နှင့် ရှင်းလင်းဆောင်ကြီးသို့ ပြန်လာကြကာ တစ်နေ့လုံး အကတိုက်ကြသည်။ ညနေ ၄ နာရီထိုးမှ တန်းဖြုတ်ကြရသည်။

"ဆရာ မပြန်ပါနဲ့တော့လား၊ ကျွန်မ အိမ်မှာလိုက်ပြီး ရေမိုးချိုးပြီး ဒီကယိမ်းအဖွဲ့နဲ့အတူ (Mass Room) မှာ ထမင်းလိုက်စားပါနော်"

ဒေါ်နှင်းသီရိမောင်က အကြံပြုသည်။

"နေပါစေ မနှင်းရယ်၊ ကျွန်တော် ပြန်ချင်သေးတယ်၊ ကြဲခိုင်ရေးအသင်းယိမ်း ပုသိမ်ကိုသွားတာ အခြေအနေသိချင်သေးတယ်၊ အဝတ်အစားအပို တွေလည်း အိတ်ကမလုံလို့ ရေတွေစိုထားတယ်ဗျ"

"ဒါဆို ဆရာရယ်၊ ညနေ ၉ နာရီလောက် ကားပြန်လာကြိုခိုင်းလိုက်ရမလား"

"ဟုတ်ပြီလေ၊ ဒါဆို ကျွန်တော် သွားမယ်၊ ကဲ သမီးတို့ ဆရာခဏပြန်ဦးမယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

"စောစောပြန်လာနော် ဆရာ"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသည်။

"ဆရာ ညကျ စင်ပေါ်အထိ လိုက်နေပေးနော်၊ စင်ထောင့်မှာ ဆရာ့ကို မြင်နေရမှ အားရှိမှာ"

"ဟုတ်တယ် ဆရာ၊ သမီးတို့ နည်းနည်းကြောက်ချင်နေတယ်"

အေးချောစုက ပခုံးလေးကျုံ့ပြသည်။

"ကဲပါ မကြောက်ကြပါနဲ့၊ ဆရာ စင်ထောင့်မှာ လိုက်နေပေးပါ့မယ်"

အတိတ်ဖြစ်စဉ် (တစ်ဆယ့် နှစ်)

သင်္ကြန်ရက်များအတွင်း တစ်လျှောက်လုံးလိုလိုသည် လေ့ကြီးတက်မှာသာရှိနေရတော့၏။ သင်္ကြန်မဏ္ဍပ်များ၏ ဖျော်ဖြေရေး အစီအစဉ်များ (P.T.T Co.,Ltd) မဏ္ဍပ်မှ ဖျော်ဖြေရေး အစီအစဉ်ထဲမှ နှစ်ဆန်းဦး၏ တစ်ကိုယ်တော်ဖျော်ဖြေရေး အစီအစဉ်များသည် ပွဲတောင်းအခံရဆုံးပင် ဖြစ်တော့သည်။

နှစ်ဆန်းဦးက စင်မြင့်ပေါ် ကျခါမှ အစီအစဉ် တစ်ခုကို ကောက်ကာငင်ကာ ကြေညာလေတော့သည်။

"အခုဆက်လက်ပြီး နှစ်ဆန်းအိပ်မက်စေတမန် သီချင်းလေးနဲ့ ကပြဖျော်ဖြေပါ့မယ်၊ နှစ်ဆန်း ကနိုင်ဖို့ အတွက် နှစ်ဆန်းရဲ့ဆရာ ဦးဝိုးခိုင်မှ သီဆိုပေးဖို့ မေတ္တာရပ်ခံ ဖိတ်ကြားပါရစေရှင်"

"ဝေး ဟေး ဟေး ဟေး. . . "

"ဟာ"

ဆရာကိုဝိုးခိုင် အံ့အားသင့်နေစဉ် -

"ဆရာ သွားလေ၊ ဟိုမှာ နှစ်ဆန်းဦးက ကြေညာပြီးနေပြီ"

"ဟုတ်တယ် ဆရာ၊ သွားဆိုပေးလိုက်ပါ ဆရာ"

တပည့်များက ဝိုင်းဝန်းတွန်းထိုးပြီး စင်မြင့်ပေါ် အရောက်ပို့ပေးကြတော့သည်။

ကာရာအိုကေ စက်ကြီးကလည်း ဖွင့်နေလေပြီ။ အတောကလည်း ဝင်လေပြီ။

(အိပ်မက်စေတမန် ××× ညင်းသွဲ့ဝန်းရဲ့ လေသွေးပြန် ××× ဥဩတွန်သံ ကြားရလေမှ နိုးထလာခဲ့ပြန်×××ပြော် သင်္ကြန်×××အဖော်ကင်းပြန်××× တီးကြ ဆိုကြ ကကြရလေဦး. . . တော့ အမှန် နှစ်ဦး ××× ရွှင်မြူးစေတဲ့ သင်္ကြန်×××)

(အဖော်များရယ်×××ပျော်နေတဲ့ သင်္ကြန် ××× ဆိုစကားရယ် ဖော်ရွေခဲ့ပြန် ××× ဒီနှစ်သင်္ကြန် နောင်နှစ်သင်္ကြန်××× နောင်နှစ်ခါအမှန် စောင့်ကြိုနေပါပြန်××× ပြော် သင်္ကြန် ××× အဖော်ကင်းပြန် တီးကြ ဆိုကြ ကကြရလေဦးတော့ အမှန် နှစ်ဦး ရွှင်မြူးစေတဲ့ သင်္ကြန်)

နှစ်ဆန်းဦး၏ ကြွေ့ရှင်းလှပသော ခန္ဓာကိုယ်ပေါ်တွင် ပိတောက်ပန်းခက်လေးများ ချိတ်ဆွဲထားသော ဝတ်စုံလေးနှင့် သေသပ်လှပသော ကကြိုးကကွက်များက တစ်သားတည်း ကျနလှသလို ချိုမြတိမ်းမူးဖွယ်သော အပြုံးမျက်နှာပေးလေးများကလည်း ဆွဲဆောင်အားကောင်းလှပါသည်။

အောက်က လက်ခုပ်လက်ဝါးတီးကာ အားပေးနေသော သင်္ကြန်ချစ်သူ ပရိသတ်များ မဆိုထားနှင့် စင်မြင့်ပေါ်ရှိ သီချင်းဆိုပေးနေသူ ကိုဝိုးခိုင်ကိုယ်တိုင်သည်ပင်လျှင် သတိလက်လွတ် ငေးမောကြည့်ရှုနေမိတော့မတတ် ဖြစ် ဖြစ်သွားရသည်။

သင်္ကြန်ပရိသတ်များ (P.T.T Co.,Ltd) မဏ္ဍပ်ရှေ့တွင် စည်ကားများပြားလှတော့သည်။ အခြားသော ဖျော်ဖြေရေး အစီအစဉ်များကလည်း အားကောင်းလှသည်မို့ မဏ္ဍပ်ရှေ့တွင် ပရိသတ်များက များသည်ထက် များလာလေတော့သည်။

နောက်တစ်နေ့ စက်မှု (၁) ဗဟို မဏ္ဍပ်မှ တပည့်မလေးများ၏ ဖျော်ဖြေရေးအစီအစဉ်များကို သွားရောက်အားပေးပြန်တော့ သူတို့က ခေတ်ဆန်သင်္ကြန်တေးများဖြင့် အနောက်တိုင်းကကွက်ဆန်းများကို ရောသမမွှေကာ ကတတ်ကြွပါပေသော 'အေးချောစု' တို့ 'ခေတ်သစ်သင်္ကြန်မေ' အဖွဲ့မှာလည်း ခဏခဏ ပွဲတောင်းခံရသော အဖွဲ့ပင် ဖြစ်တော့သည်။

သင်္ကြန်အတက်နေ့ မနက်ပိုင်း ဖျော်ဖြေရေးအစီအစဉ်များ အပြီးတွင် လေ့ကြိုးတက်ဗဟိုမဏ္ဍပ်မှ ဆုရယိမ်းအဖွဲ့များကို အသီးသီး ကြေညာပေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"တတိယဆုကို (N.E.P.S Co., Ltd) ကို ကိုယ်စားပြုယိမ်းအဖွဲ့က ရရှိပါတယ်ရှင်"

"ဒုတိယဆုကို (P.T.T Co.,Ltd) ကို ကိုယ်စားပြုယိမ်းအဖွဲ့က ရရှိပါတယ်ရှင်"

"ပထမဆုကို စက်မှု(၁) ကို ကိုယ်စားပြုတဲ့ ယိမ်းအဖွဲ့က ရရှိပါတယ်ရှင်"

"ၾကင်းဆုရ ယိမ်းအဖွဲ့များအားလုံး ဒီည ဆုပေးပွဲ အခမ်းအနားမှာ ပြန်လည်ဖျော်ဖြေပေးရမှာ ဖြစ်ပါတယ်ရှင်"

သာပေါင်းမြို့မ မဏ္ဍပ်မှာလည်း ပြည်ခိုင်ဖြိုးယိမ်း ပထမရကြောင်း သတင်းရျိုးပြီ။

ဆရာကိုစိုးခိုင် သင်ကြားပြသပေးသော ယိမ်း (၃) ယိမ်းစလုံး ဆုကြီးဝင်ကြလေသည်။

ထို့အတွက်ကြောင့်လည်း ဆရာကိုစိုးခိုင်၏ ဖျော်ရွှင်ဂုဏ်ယူမှုသည် ဒီဂရီအမြင့်ဆုံးပင်တည်း။ (P.T.T Co.,Ltd) ၏ P.E ဦးတက်ပုနှင့် ဘဏ္ဍာရေးတာဝန်ခံ ဦးဘိုကြည်တို့က နွေလယ်စာ ချေခဲ့သည်။

"ဆရာစိုးရဲ့ အောင်မြင်မှုကတော့ အံ့မခန်းပဲဗျို့"

ဦးဘိုကြည်က ဝမ်းသာစွာ ပြောလေ၏။

"ဟုတ်ပါ့ဗျာ၊ အမျိုးသမီး အကသင် ဆရာမတွေကိုကျော်ပြီး သာပေါင်းမြို့မမှာရော၊ လေ့ကြီးတက်မှာရော အောင်မြင်မှုတွေ ရကြတာပဲ"

"ဒါတင်မကသေးဘူးလေ၊ ဆရာစိုးရဲ့ ပြည်ခိုင်ဖြိုးယိမ်းကလည်း ပုသိမ်မှာ နာမည်ကြီးလာတာပဲဗျ"

စကားပြန်ကြီး ဦးလောင်စွပ်က ဝင်ပြောပြန်သည်။

"ဒီရုံးက အောင်အောင်တို့အဖွဲ့ အဲဒီနေ့က ပုသိမ်သွားကြတာလေ၊ ဆရာ့ကလေးတွေရဲ့ ယိမ်းအဖွဲ့ ကားနောက်ကနေလိုက်သွားပြီး အားပေးလာကြတာတဲ့၊ သူတို့ပြန်ပြောပြတာပေါ့ဗျ"

အစီအစဉ်ဖြစ်ရဲ့ (တစ်ဆယ့် သုံး)

သို့သော် သည်အပျော် သည်အမော်တို့သည် နှစ်ဆန်း (၁) ရက်နေ့မှာ ရပ်တန့်ပျောက်ဆုံးသွားသည်ကဲ့သို့ ခံစားလိုက်ရပေတော့သည်။

နေ့စဉ် ထိတွေ့ဆက်ဆံနေခဲ့ရသော သံယောဇဉ်မဟာသည်ထုထည်သိပ်သည်းများလှပေ၏။ ထို့မျှမက နေ့စဉ်လိုလို နံနက်စာ အတူတူစားခဲ့ရသော သာယာမှုလေးများသည်လည်း ရင်ခုန်စွာရှိ၏။

ထို့မျှမက မိဘများနှင့်ပါ နွေးထွေးသော ရင်းနှီးကျွမ်းဝင်မှုတွေ ရှိနေလေ၏။

မနေ့က ပြန်ခါနီး . . .

"မနက်ဖြန် နှစ်ဆန်း (၁) ရက်နေ့ကျရင် နှစ်ဆန်း သာပေါင်းကို စွေးဝယ်ကားနဲ့ လိုက်လာမယ်၊ ဘာဘဲနဲ့ ကြီးကြီးကို ပြောပြထားနော် ဆရာ၊ သက်ကြီးပူဇော်ပွဲလည်း လိုက်မယ်၊ ဥပုသ်ကျောင်းလည်း လိုက်မယ်၊ နှစ်ဦးရဲ့ မွေးနေ့မှာ ကုသိုလ်ပြုမယ်၊ ဘာဘဲနဲ့ ကြီးကြီးကိုလည်း ဆရာနဲ့အတူ ကန်တော့မယ်လေ"

ကိုစိုးခိုင်က 'နှစ်ဦး' လို့ ခေါ်သည်မှအစပြု၍ သူ့ကိုယ်သူ 'နှစ်ဦး' လို့ပဲ နာမ်စားပြုသည်။

"တကယ်လား နှစ်ဦး၊ ဆရာ မျှော်နေမယ်နော်၊ အိမ်မှာ ထမင်းအတူ တူစားကြမယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ၊ တကယ်ပါ၊ တစ်နေ့လုံး သာပေါင်းမှာနေမယ်၊ ညနေကျမှ ဆရာ ဆိုင်ကယ်နဲ့ ပြန်လိုက်ပို့ပေးလေ"

အဲဒီလို ပြောခဲ့ပေမယ့် နှစ်ဆန်း (၁) ရက်နေ့ မနက်မှာ နှစ်ဦးရောက်မလာခဲ့ပါ။

စွေးဝယ်ကား အိမ်ရှေ့ထိုးဆိုက်တော့ နှစ်ဦးရောက်လာပြီဟုပဲ အသိနှင့် အိမ်ရှေ့သို့ ထွက်ကြည့်တော့-

"ဆရာ မနှစ်ဆန်းဦးက မှာခဲ့လို့ လာဝင်ပြောပေးတာပါခင်ဗျာ"

ကားဆရာက ရှိရှိလေးရပ်ရင်း ပြောသည်။

"ဟုတ်ကဲ့ ပြောပါ၊ ဘာများမှာခဲ့ပါလိမ့်"

"မနေ့ညက ဆရာပြန်သွားပြီးမှ **ရန်တုန်ကုမ္ပဏီရဲ့ခန့်ပ်က ပစ္စည်းပို့တဲ့ ကားရောက်လာပါတယ်၊ မနှစ်ဆန်းဦးရဲ့ အဖေ ရွှတ်တုတ် ဆေးခဲ့တင်လိုက်ရတဲ့ကြောင်း သတင်းလည်းပါလာပါတယ်၊ အဲဒါ ခဲ့ကုဏ်းနဲ့ ဒီမနက်အစောကြီး ပုသိမ်ကို လိုက်ပို့လိုက်ပါတယ်၊ ပုသိမ် အဝေးပြေးကနေ ရရာကားနဲ့ ရန်တုန် ပြန်မယ်တဲ့ဆရာ"**

"ဩော်- ဟုတ်လား၊ ကျေးဇူးပဲနော်"

နောက်တစ်ပတ်ခန့်ကြာတော့ လှေကြီးတက်ရုံးက သူ့အခန်းလေးထဲက သူ့အသုံးအဆောင်ပစ္စည်းတွေကို သိမ်းထုပ်ပြီး ပစ္စည်းသယ်ကားနဲ့ ရန်ကုန်ကို ပို့ပေးရကြောင်း မျိုးကြီးနဲ့ ပူစူးတို့က ဝင်ပြောပြသည်။

မျက်နှာလည်း မကောင်းနိုင်ကြ။ သူတို့ဆရာနဲ့ မနှစ်ဆန်းဦးတို့ရဲ့ သံယောဇဉ် ဝမာဏကို သိကြသည်ပဲ။

"မမဦးက သမီးတို့ကို ပြောဖူးတယ်၊ (P.T.T) က ကုမ္ပဏီလုပ်ငန်းတွေ စီမံကိန်းပြီးလို့ သိမ်းသွားလည်း သမီးတို့နဲ့အတူ စက်မှု (၁) မှာ ဝင်လျှောက်ပြီး လုပ်မယ်တဲ့၊ သူဒီမှာ ပျော်နေပြီဆရာ"

"နောင်နှစ်သကြိန်ကျ စက်မှု (၁) ယိမ်းထဲမှာ ဝင်ကမယ်တဲ့"

"နှစ်ဆန်း (၁)ရက်နေ့တိုင်းလည်း သာပေါင်းကို သွားမယ်တဲ့"

"အခုဟာက သူ့အဖေ လေဖြတ်သွားလို့တဲ့၊ အနီးကပ်ပြုစုဖို့လိုတယ်လေ၊ အဲဒါကြောင့် သူအလုပ်ထွက်လိုက်ရတာတဲ့၊ သူကပြောတယ်၊ သူ့အဖေ နေပြန်ကောင်းတာနဲ့ သူဒီကို ပြန်လာမယ်တဲ့ဆရာ"

အခုတော့ နှစ်ဆန်း (၁) ရက်နေ့ကို ခဲယဉ်းစွာ ဖြတ်သန်းခဲ့ရတဲ့ အကြိမ်ပေါင်းကလည်း (ဆယ်ကြိမ်) ရှိခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဘာသတင်းမှလည်း ထပ်မရတော့။ စက်ရုံစီမံကိန်းကြီး ပြီးစီးသွားပြီဆိုတော့ ကုမ္ပဏီလုပ်ငန်းတွေလည်း ရုပ်သိမ်းပြန်ကြလေပြီ။

စုံစမ်းမေးမြန်းစံရာလည်း မဲ့လေပြီ။ လာမယ့် (၁၃၇၈) ခုနှစ် နှစ်ဆန်း (၁) ရက်နေ့ဆိုရင် (၁၁) ကြိမ် မြောက် ဖြစ်တော့မယ်။

နှစ်စဉ် နှစ်စဉ် နှစ်ဆန်း (၁)ရက် နေ့ကိုင်း နှစ်ဦးရဲ့ သတင်းကိုများ ကြားရ လေမလားလို့ မျှော်လင့်စောင့်စားနေသူ တစ်ယောက် 'သာပေါင်းမြို့လေး' မှာ ကျန်ရစ်ခဲ့ပါတယ်လို့...။

နှစ်ဦးကဖို့ ဆိုပေးခဲ့ရတဲ့ သီချင်း လေးထဲမှာမတော့...

"နှစ်ဦး ××× ရွှင်မြူးစေတဲ့ သင်္ကြန်×××" တဲ့။

ပြီးတော့ -

"အဖော်များရယ် ××× ပျော်နေ တဲ့ သင်္ကြန်" တဲ့။

အပေါင်းအဖော်များ ပျော်ရွှင် နေကြတဲ့ သင်္ကြန်များစွာကိုလည်း အဖော်မဲ့စွာ ရှောင်ရှားနေခဲ့မိတာ ဆယ်ကြိမ်ရှိခဲ့ပြီ နှစ်ဦးရယ်။

ပြီးတော့-

"ဒီနှစ် သင်္ကြန် ××× ဟိုနှစ် သင်္ကြန် ××× နောင်နှစ်အတာသင်္ကြန် ××× စောင့်ကြိုနေမယ်အမှန်" တဲ့။

အဲဒီလို ဆိုခဲ့မိလို့ ဒီလို စောင့် စားနေခဲ့ရတာလား နှစ်ဦးရယ်။

အဲဒီ အိပ်မက်စေတမန် သင်္ကြန် သီချင်းလေးက ကိုယ့် အတွက်တော့ နှစ်ဦးမှာ ရွှင်မြူးစေတဲ့ သင်္ကြန်သီချင်း လေး မဟုတ်ဘူးကွယ်။

တကယ်တော့ 'နှစ်ဦး' ဆိုတဲ့ နှစ်ဆန်းဦးလေးဟာ ကိုယ့်ဘဝမှာတော့ 'နွေကဗျာထဲက အိပ်မက်စေတမန်' လေများလားကွယ်။

စောဒေတာ

စာကြွင်း

ဖြစ်ရပ်မှန်တစ်ခုကို အခြေပြု လျက် ဇာတ်အိမ်ဖွဲ့ ရေးသားပါသည်။ မည်သူ့ကိုမျှ မရည်ရွယ်ပါ။ (၁၃-၁၂-၂၀၁၅) ရက်နေ့တွင် ကွယ်လွန် သွားရှာသော တပည့်မလေးအေးချောစု အား လည်း သတိရမိပါသည်။ အမျှ လည်း ပေးဝေပါသည်။ သမီး အေး ချောစု ကောင်းရာသုဂတိ လားပါစေ။

❑

ခုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာနွဲရိဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ - အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ - ကာလီခါချ်. (မြန်မာပြည်)

- ယဖြာဝါတ်ရိုက်ဝါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရှေ့ရေးလမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်ဇင်လာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး ☎ ၀၉-၃၁၀၂၂၈၁၆

www.burmeseclassic.com

www.burmeseclassic.com

ကြွေမင်းစိုး

၁၆ အောင်ဝင်ဖြာသောမှာ၊

ကျော်ကျော်ကြီးပြုပုံမှာ



www.burmeseclassic.com

www.burmeseclassic.com

'မြတ်စွာဘုရား အမှုန်ရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းသင်္ကန်း စသော ဒါတဖွဝတ္ထုအစုစုတို့ကို လှူဒါန်းပြီး တစ်ရွာလုံး မီးခိုးတိတ် ကွေးမွေးလှူဒါန်းပါမည် ခင်ဗျား၊ မည်သူမဆို လာရောက် သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။'

အလှူရှင်များမှာ ကျောက်ကြီးလှမောင် (ကွယ်လွန်)အား ရည်စူး၍ ဦးကျော်စိုး+ ဒေါ်လှမြင့် တို့မှ လှူဒါန်းပါသည်။'

လှည်းကူးမြို့သို့ အဲလူးအတွက် စွေးဝယ်သွားရာမှ ပြန်လာကြသော မောင်အေးနှင့် ဖိုးနီတို့သည် ကျော်စိုး အိမ်ရှေ့ အလှူခံ မဏ္ဍပ်တိုင်ကို မှီ၍ ထောင်ထားသော သုံးထပ်သားပြားပေါ်မှ စာများကို ဖတ်ကြပြီးသောအခါ ကားပေါ်မှ ပစ္စည်းများကို သယ်ချဖို့ ကိုပင် မပြုကြတော့ပေ။

ထို့နောက် ကျော်စိုးအိမ်ပေါ်သို့ ပြေးတက်လာကြ၏။ ထိုအခြင်းအရာကို အိမ်ပေါ်မှလှမ်းကြည့်နေသော ကျော်စိုးက သိလိုက်ပါသည်။ သူတို့ သုံးယောက် မျက်နှာချင်းဆိုင်မိသောအခါ ကျော်စိုးမှ စ၍ မြောပါသည်။

"ကိုမောင်အေး၊ ဘိုဖိုးနီ၊ ခဏနေရင် ကျုပ်တို့သုံးယောက် တစ်နေရာမှာ စကားသွားပြောကြမယ်၊ ကျုပ်ဒီမှာ မပြောချင်ဘူး၊ အခု ခဏလောက် နားလိုက်ပါဦး၊ ဟဲ့- မိန်းမ၊ ဒီမှာ မင့်အစ်ကိုတွေကို ကော်ဖီ ဖျော်တိုက်ပါကွယ်"

မောင်အေးတို့ နှစ်ယောက်က တစ်ချိန်က ကျောက်ကြီးလှမောင်ရဲ့ တပည့်တွေပါ။ ယခုအချိန်မှာတော့ ကျော်စိုး၏ အလုပ်သမားများ ဖြစ်ပါသည်။ ကျော်စိုးနှင့် သူတို့ လက်တွဲလာသည့်တစ်လျှောက် သူတို့ ဆရာအကြောင်း တစ်လုံးတစ်ပါဒမျှ မပြောဘဲ နေခဲ့ပြီး ယခုအလှူလုပ်သည့်အခါမှ အကြောင်းစုံ ပြောပြမည်ဟု ရည်ရွယ်ထားခဲ့ပါသည်။

အလှူအိမ်ဖြစ်၍ လူစည်ကားနေပါသည်။ ကျော်စိုးတို့ လင်မယားက လူချစ်လူခင်များပါသည်။ မောင်အေးနှင့် ဖိုးနီ မျက်နှာမကောင်းပါ။ အဘယ်ကြောင့်လည်းတော့ မသိပါ။ သူတို့ ဆရာအကြောင်း ဖုံးကွယ်ထားရကောင်း လားဟု ကျော်စိုးအပေါ် စိတ်ခုနေမည်လား၊ သို့မဟုတ် သူတို့ ဆရာအတွက် ရည်စူးပြီး လုပ်တဲ့ အလှူလို့ ယခုမှ သိရတာကို စိတ်ဆိုးသွားပြီလား။

ထိုသို့ မဟုတ်ဘဲ အလုပ်ရှင်ဖြစ်၍ အလုပ်သမားအပေါ် မထီမဲ့မြင် ဆက်ဆံလိုက်တယ်လို့ ထင်သွားပြီလား။ ကျော်စိုးသည် မောင်အေးနှင့် ဖိုးနီတို့ အနီး ထိုင်လျက် ထိုသို့ စဉ်းစားနေ၏။ ဤသို့ မဖြစ်စေချင်ပါ။ ထို့ကြောင့် ယခုပင် ရှင်းမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

"ကဲ ကိုမောင်အေးတို့ သွားကြမယ်"

ကျော်စိုး၊ မောင်အေး၊ ဖိုးနီတို့ သုံးယောက် ရွာအရှေ့ဘက်ဝဲကျောက်ကျင်းများရှိရာ တောင်ပေါ်သို့ တက်လာခဲ့ကြပြီး တောင်ထိပ်က နေရာသစ်ပင်ရိပ်တွင် ဝင်၍ ထိုင်ကြပါသည်။ တစ်လမ်းလုံး မည်သူမျှ စကားတစ်ခွန်း မပြောကြပါ။ တောင်ကုန်းထိပ်ဖြစ်၍ လေတဖြူးဖြူးနှင့် နေထိုင်ရကောင်းသော နေရာဖြစ်ပါသည်။

ထိုသစ်ပင်အောက်တွင် ကျော်စိုး ပြောပြသည်များမှာ ကျောက်ကြီးလှမောင်နှင့် ဘယ်လိုဆုံတွေ့ခဲ့ရသည်များသာ ဖြစ်ပါသည်။

ဤနေရာ၌ ဝဲကျောက်တူး သမားအချင်းချင်း ပြောသည့် စကားများဖြစ်နေ၍ ဝဲကျောက်တူးလောက အကြောင်း တီးမိခေါက်မိရှိစေရန် ဝဲကျောက်တူးပုံကို ဦးစွာ ဖော်ပြပါမည်။

နေရာဒေသမှာ လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာအုပ်စု သံချိုင့်အိုင်ဝဲကျောက်ကြောများတွင် ဖြစ်ပါသည်။ ထိုဒေသမှ ထွက်သော ကျောက်များသည် ဝဲကျောက်လောကတွင် နာမည်ကြီးပါသည်။ နာမည်နှင့် လိုက်အောင် သံတုံးသံခဲများပမာ မာကျောလှ၍ ဖြစ်ပါသည်။

ထိုသို့ ကျောက်အမာများကို ကျောက်ဝယ်သူ ကျောက်ပွဲစားများ အဝယ်လိုက်ကြပါသည်။ တစ်ချို့ကသံချိုင့်အိုင်အတွင်း ပွဲစေ့တန်းပမာ စည်ကားခဲ့ပါသည်။ ပေါပေါများများ လွယ်လွယ်ကူကူ တူးဖော်၍ ရသလို ဝဲကျောက်ဥတစ်လုံးကြီးများက လက်ညှိုးထိုး၍ မလွဲ ရှိခဲ့ပါသည်။

ဈေးတစ်လက်၊ စို့တစ်ချောင်း ကိုင်သွားပြီး ဘယ်နားကောက်ရိုက်သည်ဖြစ်စေ ကျောက်တစ်ကျင်းကို နေ့တစ်ဝက် မကုန်မီရနိုင်သော အချိန်ဖြစ်ခဲ့ပါသည်။ ထို့နောက် နှစ်အတန်ကြာသောအခါ မြေပေါ်ကျောက်များ ကုန်တော့၏။ မြေအောက်ကျောက်ကို ဆက်တူးကြပြန်၏။

မြေပေါ်တစ်ဝက် မြေအောက်တစ်ဝက်ရှိသော ကျောက်များကတော့ ယခုထက်တိုင် ရှိနေပါသေး၏။ ယခုအချိန်အထိ ဝဲကျောက်တူးကြသူများ၏ လုပ်ငန်းအဆင့်ဆင့်ကို ဖော်ပြပါမည်။

ကျောက်တုံးကြီးများသည် သဘာဝမြေကြီးများနှင့် ညီတွယ် ကျပ်ညပ်နေကြပါသည်။ ထိုအတိုင်း ခွဲစိတ်၍ မရနိုင်ပါ။ ကျောက်ကြောပေါ် အောင်တူးကိုလွဲချနိုင်မှ ကျောက်ဆက် ကျောက်ကြောများအတိုင်း စို့တင် ခွဲရိုက်ခွဲရပါသည်။ အကြောမဟုတ်လျှင် မကွဲဘဲ ကြေမွသွားပါသည်။

ပထမဦးစွာ ကျောက်တုံး၏ အောက်ခြေ ဝိုက်သားများကို သံတူးရွင်းများဖြင့် တူးဆွ နှိုက်ထုတ်ရပါသည်။ ထို့နောက် ရှေ့သို့ ဆက်တူးနိုင်အောင် ဝိုက်သားများကို စို့ဖြင့် ရိုက်ချရပါသည်။ ကျောက်တူးသမားများအတွက် ထိုအချိန်သည် လွန်စွာ အန္တရာယ်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အဘယ်ကြောင့်ဆိုသော် ကျောက်တုံးကြီးအောက်သို့ လူဝင်နေရသော အချိန်ဖြစ်ပါသည်။ အခန့်မသင့်လျှင် ကျောက်တုံး ပြုတ်ကျပြီး ခြေကျိုး လက်ကျိုး လူသေ ဖြစ်တတ်ပါသည်။ သံချိုင့်အိုင်အတွင်း မကြာခဏ ထိုကဲ့သို့ ဖြစ်ဖူးပါသည်။

ဗိုက်သားများ နို့က်တူးပြီး သောအခါ ကျောက်တုံး၏ ဘေးနှစ်ဖက်ကို နပန်းဖြတ်ရပါသေးသည်။ ထိုအချိန်ကလည်း လွန်စွာ ပင်ပန်းပါသည်။ ကျောက်တုံးကြီးလျှင် ကြီးသလိုပါပဲ။ အောက်ခြေက ဗိုက်သား ဆယ်ပေနှီက်ထားလျှင် အပေါ်က နပန်းသားကိုလည်း ဆယ်ပေဖြတ်ရပါသည်။ မာလွန်းလှသဖြင့် ရေလောင်းပြီး ဖြတ်ရပါသည်။ ရေလောင်းထားသည်ကပင် သံတူးရွင်းနှင့် ထိုးလျှင်-မီးပွင့်နေသေး၏။ သာမန်တူးရွင်းများ မဟုတ်ပါ။ ပန်းပဲ ကောင်းကောင်းနှင့် သထားသော တူးရွင်းများ ဖြစ်ပါသည်။

ဤသို့ ဘေးနှစ်ဖက် နပန်းဖြတ်ပြီးလျှင် ကျောက်တုံးပုံ ပေါ်လာပါပြီ။ ထို့နောက် ကျောက်တုံး၏ ဇက်သားနေရာမှ စွဲကြိုးများ စိတန်းရိုက်ချရပါသည်။ စွဲကြိုးများမှာ မီးရထားသံလမ်းကျောရိုးဖြင့် ပြုလုပ်ထားပြီး အရှည်တစ်တောင်ခန့် ရှိပါသည်။ ထိုမျှလောက် ကြီးမားသော စွဲကြိုးများကို ဆယ့်ခြောက်ပေါင်တူမကြီးများဖြင့် ရိုက်ရသည်မှာ လွန်စွာ ပင်ပန်းလှပါသည်။

ကျောက်တူးရာတွင် ကျွမ်းကျင်လိမ္မာသူများ ရှိသလို ဉာဏ်နည်း၍ ထုံအသူများလည်း ရှိပါသည်။ မိမိတို့ ဆင်မည့် ကျောက်တုံးအခြေအနေကို နားလည်ဖို့ အထူးလိုပါသည်။ ကျောက်ဆက်၊ ကျောက်ဇက်၊ ကျောက်ကြော၊ ကျောက်ဝိတ်၊ ကျောက်နှု၊ ကျောက်ရင့် စသည်တို့ နားလည်ဖို့ လိုပါသည်။

ဆင်ထားသော ကျောက်တုံး ဝိတ်များလျှင် စို့ရိုက်ချသည့် အခါ ဆံချည်မျှင်လောက် အက်ကြောင်းထသည်နှင့် ဝုန်းခနဲ ကျသွားတတ်ပါသည်။ ထိုအချိန်တွင် ခြေလွတ် လက်လွတ် မဖြစ်အောင် သတိထားရသည်။ တစ်ခါတစ်ရံလည်း လက်ညှိုးလုံးလောက် အက်ကြောင်းကြီး မြင်နေရပြီး မကျသည်လည်း ရှိတတ်ပါသည်။

ကျောက်တုံးကြီး ဝုန်းခနဲကျချ တုံးလုံးလဲသွားပါက ကျောက်တူးသမား အဖို့ ခွဲစိတ်ရ လွယ်တူပါသည်။ ဗိုက်ဆံမြင်ရဖို့ ငွေရဖို့ရာ ရာခိုင်နှုန်းငါးဆယ် သေချာပါသည်။ သံချိုင့်အိုင်မှ ကျောက်ဆိုလျှင် လိုချင်လွန်း၍ ကြိုတင်ငွေပင် ပေးသွားကြပါသည်။ ဤသည်ကား ဂဝံကျောက်တူးလောက အကြောင်း ဖြစ်ပါသည်။

ယခုတခါ ကျော်စိုးနှင့် လှမောင်ကြီးတို့ ဆုံတွေ့ပုံကို ဖော်ပြပါမည်။ ကျော်စိုးသည် တစ်ကိုယ်တော်ကျောက်တူးသမား ဖြစ်ပါသည်။ ဂဝံကျောက်တူးရာတွင် တစ်ယောက်တည်းတူးသူ ရှားပါသည်။

အရင်အချိန် ရောက်ခါစတွင် အဖော်တစ်ဦးနှင့် တူးပါသည်။ ကျော်စိုးက မိုးလင်းသည်နှင့် ကျောက်တွင်းထဲ ရောက်နေပါသည်။ ခွေးတလုံးလုံး သံတလုံးလုံးနှင့် လုပ်နေပါပြီ။ သူ၏ အဖော်ကတော့ နေအတော်မြင့်မှ ရောက်လာပါသည်။

အတွဲမညီသော်လည်း ကျော်စိုး ဘာမှ မပြောခဲ့ပါ။ နောက်တော့လည်း ထိုသူက သူ့နှင့် အကျင့်တူ စရိုက်တူသူများထံသို့ ပြောင်းသွားပါသည်။ ကျော်စိုး တစ်ယောက်တည်း လုပ်နေကျ ဖြစ်သွားပါပြီ။ တစ်ယောက်တည်းသမားဖြစ်၍ တစ်နိုင် ကျောက်တုံးမျိုးကိုသာ ရှာဖွေလုပ်ခဲ့ပါသည်။

ထိုအချိန်တွင် သံချိုင့်အိုင်၌ လူအတော်နည်းသွားပါပြီ။ အကြောင်းမှာ မြေပေါ် ကျောက်များ ရှားပါးပြီး ခက်ခဲမာကျောလှသော ကျောက်များသာ ဟိုတစ်စု သည်တစ်စု ကျန်ပါတော့သည်။ ကျောက်တူးသမားများ နေရာဒေသ အသစ်သို့ ပြောင်းသွားပေမယ့် ဝေးဝေးတော့မဟုတ်ပါ။ အရှေ့ဘက် တောင်ကြောကြီး တစ်ခုလုံးသည် ဂဝံကျောက်ကြောကြီး ဖြစ်ပါသည်။

ငါးဆူတောင်ရွာ အဝင်ကား လမ်းဘေးကြည့်လျှင်ပင် ဂဝံကြောကြီးများကို အထင်လိုက် မြင်နေရပါသည်။ ထိုနေရာသို့ ပြောင်းသွားကြပြန်ရာ ဖွဲ့ခင်းတမျှ စည်ကားနေလေ၏။ ကျော်စိုးတို့ သံချိုင့်အိုင်အတွင်းမှာတော့ တိတ်ဆိတ်စွာ ကျန်ခဲ့လေ၏။ ကျောက်တူးသူလေးငါးဖွဲ့လောက်တော့ ကျန်ပါသေးသည်။ တစ်ဖွဲ့နှင့် တစ်ဖွဲ့မှာ အလှမ်းကွာလှသဖြင့် လူလည်း မတွေ့ရ။ အသံလည်း မကြားရနှင့် ခြောက်ကပ်ကပ် နိုင်လှ၏။

ကျော်စိုးက ဝိရိယသမားဖြစ်၍ မနက်စောစော လုပ်ငန်းဝင်ပါသည်။ မနက်ခင်း နေအေးအေးတွင် အလုပ်လုပ်ရသည်မှာ လူသက်သာပါသည်။ တစ်နေ့သော နေ့လယ်ခင်း ထမင်းစားပြီးချိန်တွင် နေပူရှောင်ရင်း တစ်ရေးတစ်မော အိပ်နေပါသည်။ ကျော်စိုး အိပ်နေသော နေရာမှာ တူးလက်စ ကျောက်တုံးရှေ့ နေရိပ်ရသဖြင့် ပုဆိုးကြမ်းလေး ခင်းပြီး အိပ်ပျော်နေ၏။

ထိုအခါ အိပ်မက်တစ်ခု ထူးဆန်းစွာ မက်လေ၏။ အိပ်မက်ထဲ၌ လူတစ်ယောက်သည် ကျင်းပေါ်မှ မတ်တတ်ရပ်လျက် ကျော်စိုးကို လှမ်းပြောနေ၏။

"ဟေ့ ကျော်စိုး၊ မင်းကို ပေးစရာရှိတယ်ကွ၊ လာ ငါနဲ့ လိုက်ခဲ့"

အိပ်မက်ထဲတွင် ကျော်စိုးက စကားတစ်ခွန်းမျှ မပြောပါ။ ထိုသူက လိုက်ခဲ့ဆိုသည်နှင့် သူ၏ နောက်သို့ စိုက်စိုက်နှင့် လိုက်သွား၏။ တစ်နေရာရောက်သောအခါ ထိုသူက မြေပုံတစ်ခုကို လက်ညှိုးထိုးပြ၏။ သူပြသောနေရာမှ မြေကြီးများကို လက်နှင့် ယက်ဖယ်လိုက်သောအခါ သံထည်များကို စမ်းမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မြေကြီးများကို ဆက်ဖယ်လိုက်သောအခါ သံတူးရွင်းအကြီး၊ အသေး၊ အရှည်၊ အတိုများ၊ တူကြီး၊ စို့ကြီးများကို တွေ့ရလေ၏။ ကျော်စိုးသည် ထိုပစ္စည်းများကို ကြည့်၍ အံ့အားသင့်နေ၏။ ထို့နောက် ထိုလူကို လှည့်ကြည့်သောအခါ မရှိတော့ပါ။

ကျော်စိုးသည် အိပ်မက်မှ နိုးလာခဲ့ပြီး မိမိကို လာခေါ်သောနေရာသို့ လှမ်းကြည့်လိုက်ရာ လူတစ်ယောက်ကို ရိပ်ခနဲ တွေ့လိုက်ရ၏။ ချက်ချင်းထလိုက်ပြီး ထိုသူ့ထွက်သွားသောဘက်သို့ လိုက်ကြည့်ပြန်သော် ဘာမျှ မတွေ့ရပါ။

ကျော်စိုးသည် အိပ်မက်ထဲက နေရာကို ကောင်းစွာသိပါသည်။ ဂဝံ ကျောက်ကျင်းဟောင်း သုံးခုမှ ပစ်ပုံထားသော ဖို့မြေများမှာ ထိုနေရာတွင် တောင်လိုပုံနေ၏။ ညာဘက်အစွန်တွင် လက်ပံပင်ပေါက်များနှင့် ခဲ့ရတစ်ခုရှိသည်ကို မှတ်မိပါသည်။ မိမိတူးဖော်နေသော ကျင်းမှ မိနစ်နှစ်ဆယ်ခန့် သွားလိုက်သောအခါ ထိုနေရာသို့ ရောက်လာ၏။

အိပ်မက်ထဲက အတိုင်းသာ ရခဲ့လျှင်တော့ ဒီနေရာတစ်ဝိုက် ဘယ်လောက်ကြီးတဲ့ တုံးဖြစ်စေ လွယ်လွယ်ကူကူ တူးနိုင်တော့မည်ဟု အားရဝမ်းသာနှင့် မြေကြီးများကို ယက်ဖယ်နေ၏။ သို့ပေမဲ့ လက်ဖြင့် ယက်နေ၍ ထင်ပါသည်။ ခရီးမရောက်လှ။ ကျော်စိုးသည် ပေါက်တူး၊ ဂေါ်ပြား၊ တူးရွင်းများ ပြန်ယူပြီး ထိုနေရာကို တူးဖော်နေပါသည်။ ဖို့မြေ ဖြစ်သောကြောင့် တူးရလွယ်ပါသည်။

သို့သော် တော်တော်နှင့် မတွေ့နိုင်ရှိလာသောအခါ ကျော်စိုးက စိတ်ထဲမသက်ာဖြစ်လာသည်။ ဆက်မတူးတော့ဘဲ သံတူးရွင်းနှင့် လိုက်ထောက်ကြည့်နေ၏။ တစ်နေ့သို့ ထောက်မိသောအခါ သံကို ထောက်မိသဖြင့် ဒေါက်ခနဲမြည်သွား၏။ သေချာအောင် နည်းနည်းရွှေ့ထောက်ကြည့်၏။ ဒေါက်ခနဲ ထိုးမိပြန်၏။

သေချာပြီကွဆိုပြီး အားပါးတရ မြေကြီးတွေကို ထိုးကော်ဖယ်တော့၏။ ခဏကြာတော့ သံချောင်းရှည်တွေကို တွေ့နေရပါပြီ။ ရှင်းရှင်းလင်းလင်း ဖြစ်အောင် မြေကြီးတွေကို ဆက်ဖယ်နေပါသေးသည်။ သေချာအောင် လုပ်လေ့ရှိသောကြောင့် ကျော်စိုးသည် ထိုနေရာမှ ပစ္စည်းများ တစ်ခုမကျန်ရလိုက်ပါသည်။

ကျောက်တူးသမား ဘယ်လောက် တော်တော် ပစ္စည်းမကောင်းလျှင် သို့မဟုတ် လက်နက်ကိရိယာကောင်းမရှိလျှင် ခရီးမရောက် အလုပ်မတွင်ကျယ်ပါ။ ယခုလို ပစ္စည်းများကို ကျောက်တူးသမားများ မက်မောကြပါသည်။ ကျော်စိုးသည် သူ၏ ကျောက်တွင်းသို့ ထိုပစ္စည်းများကို သုံးခေါက်ထမ်းယူရပါသည်။ ထို့နောက် မိမိရှေ့တွင်ရှိသော သံပုံကြီးပမာ ဖြစ်နေသော လက်နက်ကိရိယာများကို မက်မောစွာ တစ်ခုချင်းကိုင်ကြည့်နေရာမှ ထအော်လိုက်၏။

"ကျေးဇူးတင်တယ်ဗျို့၊ ကျုပ်သာ ဒါတွေနဲ့ ကျောက်တူးရရင် ဒီထက်ပိုပြီး ငွေတွေ အများကြီးရမှာဗျ။ အဲဒီအခါကျရင် ခွန်ဟိုးအတွက် အလှူလုပ်ပေးမယ်၊ အဲဒီတော့ ခင်ဗျားလည်း ကောင်းရာမွန်ရာ ရောက်ရောပေါ့ဗျာ၊ ဟား ဟား ဟား"

ကျော်စိုးသည် တစ်ယောက်တည်း အလူးစတိုင်ဖြင့် အော်ပြောနေရာ ကြက်သီးမွေးညင်းများ ထလာတော့၏။ ခေါင်းမွေးဆံပင်များပင် ထောင်လာသည်ဟု ထင်ရ၏။ ထိုသို့ တစ်ခါမှ မဖြစ်ဖူးပါ။ ကြောက်တတ်သူမဟုတ်၍ ထိုအရာကို ဂရုမထားဘဲ အလုပ်ကိုသာ ဆက်လုပ်နေ၏။

ယခု ဆင်နေသော တုံးသည် ဘယ်ညာ ကျောက်ဆက်များ စိတ်မချ၍ အလယ်တွင် ဒေါက်ခံထား၏။ ဒေါက်ဆိုသည်မှာ သူသဘာဝအတိုင်း တစ်ပေလောက်ချိန်ထားခဲ့ခြင်း ဖြစ်ပါသည်။ ကျောက်တုံး ဝိုက်သားများအား လုံး ရှင်းပြီးမှ ထိုဒေါက်ကို သတိဖြင့် ဖြုတ်ရပါသည်။ ကျောက်တုံးက ငြိမ့်ခနဲ ဖြစ်သွားသည်နှင့် တွင်းပေါ်ကို အမြန်တက်ပြေးရပါသည်။ အန္တရာယ်များလှသဖြင့် သံတူးရွင်းရှည်ဖြင့် အဝေးမှ လှမ်းထိုးရပါသည်။

ယခုတော့ လိုအပ်သော သံတူးရွင်းရှည်ကြီး အဆင်သင့်ရှိသဖြင့် ဒီညနေ အပြီးလုပ်ခဲ့မည်ဟု ကြိုးစားလိုက်ပါသည်။ ညနေလည်း အတော်ပင်စောင်းနေပါပြီ။ သံတူးရွင်းရှည်ကြီး အားကိုးနှင့် ကျော်စိုး ဒေါက်ဖြုတ်ချလိုက်ပါပြီ။ ဒေါက်သားများကို ဝင်ကောက်ရပါမည်။ ကျောက်တုံး အခြေအနေကို ကြည့်ရသည်မှာ လှုပ်ရှားမှု မရှိပါ။

ထို့ကြောင့် ကျော်စိုးသည် ကျောက်တုံးကြီးအောက်မှ ဒေါက်သား ကျောက်တုံးကို ဝင်ကောက်မည်ဟု ဆင်းမည်ပြုသောအခါ. ...

"ဟေ့ကောင် မသွားနဲ့၊ တွေ့လား"

အသံက ကျော်စိုး အနောက်မှ ထွက်လာတာပါ။ ကျော်စိုးက ကျောက်တုံးထွေးကို ကြည့်နေရာ မြေမှုန်များ ကျောက်ဆက်ကြားမှ ကျလာသည်ကို တွေ့လိုက်ပြီးသော် ဝုန်းခနဲ အသံမြည်၍ ကျောက်တုံးကြီး ကျသွားပါသည်။

ကျောက်တုံးကြီး ကျသွားသည်ကို ကြည့်ပြီး ကျော်စိုး ခြေလက်များတုန်သွားပါသည်။ အစောက ဒေါက်သား ကျောက်တုံး ဝိုင်ကောက်နေချိန်နှင့် အံကျဖြစ်နေမည့် မိမိ၏ အသက်သည် မတွေးရဲစရာပါပေ။ ကျော်စိုး သတိပြန်ဝင်လာပြီး အသံလာရာ အနောက်ကို လှည့်ကြည့်လိုက်၏။ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် မှောင်ရိသန်းနေပါပြီ။ ကျော်စိုး ပစ္စည်းများ အမြန်သိမ်း၍ ဖွက်တန်တာ ဖွက်၍ နိုင်သရွေ့ထမ်းပြီး အိမ်ပြန်လာခဲ့၏။

ကျော်စိုးသည် ပစ္စည်းများ မနိုင်မနင်း ထမ်း၍ ပြန်လာရင်းဖြင့် မိမိ

www.burmeseclassic.com

www.burmeseclassic.com

နားထဲမှ ကြားလိုက်သော အသံသည် အိပ်မက်ထဲမှ လူ၏အသံနှင့် တစ်ထပ်တည်း ဖြစ်နေသည်ကို သိလိုက်ရ၏။ ကျော်စိုးသည် အိမ်အပြန် တစ်လမ်းလုံး စဉ်းစားလာ၏။ ထိုသူသည် စိတ်ကောင်းစေတနာကောင်းရှိလျက် ဤဘဝမျိုး ရောက်နေရရှာ၏။

ထိုသူကို မြန်မြန်ကျွတ်စေ လွတ်စေလိုသောဆန္ဒများ ကျော်စိုးရင်ထဲ၌ တဖွားဖွား ဖြစ်ပေါ်လာ၏။

ထိုသူသည် ဘယ်သူ့ဘယ်ဝါ ဖြစ်သည်ကို အမြန်ဆုံး သိအောင် ကြိုးစားပြီး ကျေးဇူးဆပ်ရမည်ဟု ဆုံးဖြတ်လိုက်၏။

ကျော်စိုး၏ ဇနီးဖြစ်သူ မလှမြင့်သည် ယောကျ်ားဖြစ်သူ အိမ်ပြန်နောက် ကျသဖြင့် လမ်းမှ ထွက်မျှော်နေ၏။ သံချောင်းရှည်ကြီးများ မနိုင်မနင်း ထမ်းလာသည်ကို တွေ့၍ အပြေးကလေး သွားတဲ့ပြီး. . .

"ကိုရေ မိန်းမကိုလည်း ပေးထမ်းပါဦး၊ မိန်းမ ဝိုင်းထမ်းမယ်လေ"

"ရတယ် ရတယ် မိန်းမ နေနေ၊ လာ လာ အိမ်ရောက်တော့မယ့်ဟာ"

ထိုနှစ်၏ အဖြစ်အပျက်များက ကျော်စိုးကို ထိတ်လန့်သွားစေသလို ဘာသာတရားကိုလည်း ပို၍ မြဲသွားစေပါသည်။ ပို၍ လုပ်ဖြစ်လာပါသည်။

ကျော်စိုးသည် အိပ်ရာထဲရောက်သည်အထိ ထိုအကြောင်းများကိုသာ စဉ်းစားနေ၏။ ထိုသူကကော ဘာလို့ ငါ့ကို ဒီပစ္စည်းတွေ ပေးတာလဲ၊ ငါ့ အသက်ကိုလည်း ဘာလို့ ကယ်လိုက်တာလဲ ဟူတွေးရင်း အိပ်ပျော်သွားပါတော့သည်။

ထိုနေ့ညတွင် အိပ်မက်မက်ပြန်၏။ အိပ်မက်ထဲတွင် ကျော်စိုးသည် ကျောက်တွင်းတစ်ခု၌ စားဦးစားဖျား ဧည့်၍ လျှံနေသည်ကို တွေ့ရပါသည်။ ထိုအချိန်တွင် အသံတစ်ခု ကြားလိုက်ရ၏။ ထိုအသံကတော့ ကြားနေကျ အသံ ဖြစ်ပါသည်။

"ကျော်စိုး၊ ငါ့ကို အရက်တိုက်ကွာ၊ မနက်ဖြန် ယူလာခဲ့"

မနက်မိုးလင်းတော့ ကျော်စိုး ဘုရားရှိခိုးပါသည်။ ဂုဏ်တော်ပုတီးစိပ်ပြီး မေတ္တာပို့ အမျှဝေပါသည်။ ကျော်စိုး ဇနီးမလှမြင့်က ရိုးပေမယ့် မအပါ။ သူ၏ ယောကျ်ားမျက်နှာကို အရိပ်လို ကြည့်နေသုံးဖြစ်၍ အကဲခတ်မိနေပါပြီ။ အမှု ဝေနေတုန်းကလည်း စကားဆန်းတစ်ခု ပါလာသဖြင့် မမေးဘဲ မနေနိုင်တော့ပါ။

"ကို ဘာပဲဖြစ်ဖြစ် မိန်းမကို ပြန် ပြောနေကျလေ၊ အခု ဘာလို့ မပြောတာလဲ၊ ကို တစ်ခုခုဖြစ်နေတာ ညကတည်းက မိန်းမသိတယ်၊ ကို ပြောမလားလို့ စောင့်နေတာ"

"ဟုတ်တယ်၊ မိန်းမ စိတ်မကောင်းဖြစ်မှာစိုးလို့ပါ။ ဒါပေမဲ့ ပြောလိုက်မှ ကိုယ့်ရင်ထဲမှာ ပေါ့သွားမှာ၊ ဒီလိုပါ မိန်းမရယ်၊ မနေ့က နေ့ခင်းမှာ"

ကျော်စိုးသည် မနေ့က ဖြစ်စဉ်များကို တစ်ခုမကျန် မိန်းမဖြစ်သူအား ပြောပြလိုက်၏။

"အို- ကိုရယ်၊ ကိုက သူတော်ကောင်းပါ၊ သူတော်ကောင်းကို နတ်ကောင်းစောင့်မှာပါ"

မလှမြင့်က သူ့ယောကျ်ား၏ လက်မောင်းကိုကိုင်ပြီး အားပေးစကား ပြောလေ၏။ သို့ပေမယ့် သူမ၏ အသံက ငိုသံပါနေ၏။

ထို့နောက် ကျော်စိုးအလုပ်သွားဖို့ ပြင်ပါသည်။ မမျှော်လင့်ဘဲ ကျောက်တုံးက စောစီးစွာကျသွားပြီဖြစ်၍ ကားအမြန်တင်နိုင်အောင် ကြိုးစားရပေဦးမည်။ ကျော်စိုး၏ ခန္ဓာကိုယ်ထဲမှ သွေးသားများ ပြောင်းလဲသွားပြီလားဟု ထင်ရပါသည်။ လန်းဆန်း ပေါ့ပါးလျက် ဘာမဆို လုပ်နိုင် ကိုင်နိုင်လောက်သည့် အားသစ်များ တိုးလာသလို ခံစားရပါသည်။ ကျောက်ကျင်းကို ရောက်မှန်း မသိ ရောက်သွားပါသည်။

ညတုန်းက အိပ်မက်ပေး၍ တောင်းဆိုထားသည်ကို ပြုလုပ်ပေးရပါဦးမည်။ အမိုးကြီးဆိုင်မှ ဝယ်လာသော အရက်ဝိုလင်းနှင့် အမြည်းများက လွယ်အိတ်ထဲမှာ အဆင်သင့် ပါလာပါသည်။

ကျော်စိုးသည် ကျောက်ကျင်းသို့ ရောတ်သောအခါ အသင့်ယူလာသော ပစ္စည်းများကို ဝါးကြောဖျာစုတ်လေးခင်း၍ နေရာချပါသည်။ အရက်ပုလင်း၊ ရွှေတံ၊ အမြည်း၊ ဆေးလိပ်တို့ ပီညိုပြီး ချသည်။ ထိုသို့ ပြီးသောအခါ-

"ကျွန်တော့် အိပ်မက်ထဲက ကျေးဇူးရှင်ကြီးခင်ဗျား၊ တောင်းဆိုထားတဲ့ သုံးဆောင်ဖွယ်ရာများ အဆင်သင့်ဖြစ်ပါ၍ သုံးဆောင်ပါရန် ကြွပါခင်ဗျား၊ ကျေးဇူးရှင်ကြီးလည်း ကျန်းမာလို့ ချမ်းသာပါစေကြောင်း မေတ္တာများ ပို့ပါတယ် ခင်ဗျား"

ဆေးလိပ်မီး သေသွား၍ ထပ်ညှိပြီး ပြန်ချလိုက်ပါသည်။ ထို့နောက် ကျောက်ကျင်းဘက်သို့ ကြည့်လိုက်ရာ လူနှစ်ယောက် မတ်တတ်ရပ်နေသည်ကို တွေ့ရ၏။ ကျောပေးထား၍ မည်သူတွေမှန်း မသိသေးပါ။ အနား ရောက်သောအခါ -

"ကိုကျော်စိုးပါလား၊ ဒါ ခင်ဗျား တုံးလား၊ ဒီမှာ ကျုပ်တို့ ဝိုင်းလုပ်မယ်ဗျာ၊ အဲဒါ ခင်ဗျားပေးချင်သလောက် ပေးလို့ ရတယ်၊ ဒီဇန္ဒ ပေးဖို့ မလိုဘူး၊ နောက်မှ ပေး၊ ကျုပ်တို့ ဝိုင်းလုပ်ရရင် ကျေနပ်တယ်" -

"ဟာ မဟုတ်တာပဲ၊ ပေးပါ့မယ်ဗျာ၊ ရပါတယ် လုပ်ပါ လုပ်ပါ"

ထိုသူတွေ ပုံစံက ကျောက်တုံးသမားပုံမျိုးပါ။ သူတို့မှာ ပါလာတဲ့ တူစို့တွေနဲ့ ကျော်စိုး စကားမဆုံးခင် ထုခွဲတက်နေကြပါပြီ။ သူတို့တွေက ကျော်စိုးကို သိသော်လည်း ကျော်စိုးက မသိပါ။

ထိုသူတွေ အလုပ်လုပ်နေပုံမှာ စက်ရုပ်တွေလို မတုန်မလှုပ် စကားမပြော နားလည်း မနားကြပါ။ သူတို့ နှစ်ယောက်က ခွဲစိတ်ပြီးသား ကျောက်တုံးများကို ဝါးကပ်ဖြင့် ရွှေ့နောက်

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက် သယ်ကြသည်။ ကျော်စိုး ခွဲစိတ်၍ပင် မနိုင်တော့ပါ။

ထိုအခါ သူတို့က တူစို့များကိုင်၍ ခွဲစိတ်ကြပြန်သည်။ သူတို့ 'မနား တော့ ကျော်စိုးလည်း မနားပါ။ ကျောက်ကျင်းထဲ ဆင်းကတည်းက တစ်ချက်မျှ မနားကြဘဲ လုပ်နေကြရာ ကားတစ်စီး စာ ရတော့ပေမည်။

"ကိုကျော်စိုး၊ ခင်ဗျား ကားသွား ခေါ်တော့"

ဟုတ်ပါသည်။ ကားသွားခေါ်တဲ့ အချိန်မှာ လိုသော ကျောက်က ပြည့်သွားမှာ ဖြစ်ပါသည်။ ကားတစ်စီး လျှင် လေးကျင်းပါဟီသည်။ ကျော်စိုး ကျောက်ပုံကြီးက ကားတစ်စီးစာကို သာသာထိုးထိုး တင်နိုင်ပါသည်။

ကျင်းထဲမှာလည်း မခွဲရသေးသော ကျောက်တုံးကြီးတွေက နောက် တစ်စီးစာရမှာ သေချာနေပါသည်။ ကား သမားတွေက သံချိုင့်အိုင် ဆိုလျှင် ချက်ချင်းထလိုက်ပါသည်။

ကားက ဝေးဝေးမှာ မဟုတ်ပါ။ အရှေ့ဘက်တောင်ပေါ်တွင်ရှိလျှင် ရှိ မရှိပါက ရွာအလယ်ကောင်စီရုံးရှေ့မှာ ရှိပါသည်။ ကျော်စိုး ကားခေါ်လာသည် အထိ ထိုသူများရှိနေပါသည်။ ထမင်း စားချိန်ရောက်နေ၍ အားနာလှသဖြင့် နားခိုင်းတော့မည်ဟု လှမ်းပြောဖို့ ပြင် လိုက်သောအခါ သူတို့လည်း ပစ္စည်း တွေ သိမ်းနေသဖြင့် မပြောဘဲ နေ လိုက်ပါသည်။ ထိုနှစ်ယောက်က ကျင်း ပေါ်တက်လာပြီး ကျော်စိုးကို မြော်ပါ သည်။

"ကျွပ်နာမည်က မောင်အေး၊ သူက ဖိုးနီ၊ ကျွပ်တို့မှာ ထမင်းထုပ်ပါ တယ်ဗျ၊ စားတော့မလား"

"ဟုတ်ကဲ့၊ ပါပါတယ် အတူတူ စားကြတာပေါ့၊ ဟို အရိပ်မှာ စားရ အောင်ဗျာ"

ကားသမားတွေက သူတို့ဘာသာ တင်နေကြပါပြီ။ ကျော်စိုး ထမင်း စားသောအခါ ထုံးစံအတိုင်း ဖက်တစ်ခု ထဲသို့ စားဦးစားဖျားကို ဦးဖယ်ပြီး သစ်ပင်ခွပေါ် တင်လိုက်ပါသည်။

ထို့နောက် လက်အုပ်ချီ၍...

"ဤအနီးအနားတွင် ရှိသော ပုဂ္ဂိုလ်များကို လှူပါတယ်၊ စားဦးစား ဖျားမို့ ဘုရားကို လျှူပြီး အသင်တို့ စား သုံးကြပါ၊ ကျန်းမာ ချမ်းသာကြပါစေ"

ထို့နောက် ကိုဖိုးနီတို့နှင့် အတူ စားလေ၏။ စားနေရင်းမှ သတိရလိုက် ၏။ ညတုန်းက အိပ်မက်ထဲထွင် ဤသို့ စားဦးစားဖျား ထမင်းလှူနေသည်ကို တွေ့ရ၏။ အဓိပ္ပာယ်ကတော့ ရှင်းပါပြီ။ ဒီလို လှူပေးတာကို သဘောကျ၍ ဖြစ် သည်ဟု ဆိုရပါမည်။ ထိုအချိန်တွင် ကားသမားရောက်လာပြီး ဘာမှ မပြော ရဘဲ ကားနှစ်စီးစာ ပေးသွားလေ၏။ ကျော်စိုး တစ်ယောက်တည်း ကျောက် တူးနေရာ တစ်လလုပ်မှ ကားနှစ်စီး သုံးစီးသာ ရပါသည်။

"ဟေ့ ကိုကျော်စိုး၊ ဘာမှ မပူနဲ့ ကျွပ်တို့ရှိတယ်၊ အဲဒီအပုံက ကားတစ်စီး စာမကဘူးဗျ၊ ကျင်းထဲက ကျောက်တွေ ကို ခွဲလိုက်ရင် မနက်ကို တစ်စီး ပြေး မလွတ်ပါဘူးဗျာ"

ထို့နောက် ဖိုးနီက ဝင်ပြောပြန် ၏။

"ခင်ဗျား ကျင်းကို အသေအချာ ကြည့်ပြီးပြီလား၊ ဘာထူးခြားနေလဲ သိ လား"

ဖိုးနီပြော၍ ကိုယ့်ကျင်းကို ပြန် ကြည့်မိသောအခါမှ ပထမ ကျသွား သော ကျောက်တုံး၏ ဘေးနှစ်ဖက်နှင့် အနောက်ဘက်တို့တွင် ကျောက်တုံးကြီး များ ပေါ်ထွက်လာသည်ကို တွေ့ရ၏။

ကျော်စိုးက ထမင်းစားနေရင်းမှ ထ၍ အနားကပ်ကြည့်လိုက်၏။ အံ့သြ စရာပါပဲ။ နောက်အတုံးတွေက ပိုလွယ် သလောက် အတုံးကလည်း ကြီးနေ သေး၏။

ဒီလူနှစ်ယောက်က ဒါကို တွေ့ လို့ ငါ့ဆီလာတာလားဟု တွေးနေမိ၏။ သို့ပေမဲ့ ထိုသို့ မဟုတ်ပါ။

"ကျွပ်တို့ နှစ်ယောက်လည်း မမြင်ပါဘူးဗျာ၊ ခဲင်ဗျား ကားသွားခေါ် နေတဲ့အချိန် ဘယ်က လူတစ်ယောက် လည်း မသိပါဘူး၊ သူ့ပုံစံက ကျောက်တူး သမားပုံ မဟုတ်ဘူးဗျ၊ လက်ထဲမှာ တောင်ဝှေးလို တုတ်တစ်ချောင်းနဲ့ပဲ၊ သူက ကျွပ်တို့ကို ကြည့်ပြီး မင်းတို့က ဒီကျောက်ကျင်းကလားလို့ မေးတယ်၊ အဲဒါ ငါက မဟုတ်ဘူး၊ ကျွပ်တို့ ဒီနေ့မှ ရောက်တာလို့ ပြောတော့ သူက ပြော သွားတယ်ကွ"

ကိုဖိုးနီ စကားမဆုံးသေးပါ။ ထို သူ ဘာပြောသွားသည်ကို ဆက်မပြော သေးဘဲ ရပ်သောက်နေ၏။ ထိုအချိန် တွင် ကျော်စိုးလည်း စားပြီးသွား၍ ထုံးစံအတိုင်း အနည်းငယ်ချန်ထားသော ထမင်းဟင်းများကို ဖက်တစ်ခုထဲ ထည့် ၍ အစောက သစ်ပင်အောက်တွင် သွားချထားလိုက်၏။ ကိုဖိုးနီ စကား မဆုံးသေးပါ။ သို့ပေမဲ့ ဆက်မပြော တော့ပါ။ သူ မပြောပေမယ့် မောင်အေး က ဆက်ပြောပါသည်။

"အဲဒီလူက ငါတို့ဆရာနဲ့ ပွတ် သက်တဲ့ စကားတွေ ပြောပြီးတော့ ဟောဟိုက ကျောက်တုံးကြီးတွေ ပေါ် နေတာကို ပြသွားတယ်ကွ"

ကိုဖိုးနီနှင့် ကိုမောင်အေးတို့ စကားထဲတွင် လျှို့ဝှက်ချက်တွေ ရှိနေ သည်ကို သတိပြုမိလိုက်ပါသည်။ သူတို့ ပြောချင်ပုံမရသော ကိစ္စကို ဆက်မမေး တော့ပါ။

"ကို မောင်အေး၊ ကျွန်တော် လက်ဖက်ရည်သွားဝယ်ဦးမယ်၊ ကား သမားတွေလည်း သောက်ရအောင်ပေါ့၊ အစ်ကိုတို့ နှစ်ယောက်က ဘယ်လို သောက်လဲ"

"မင်းကိုယ်တိုင်သွားဖို့ မလိုပါဘူး ကွာ၊ ဖိုးနီ သွားပေးမှာပေါ့၊ နောက်ကို လုပ်စရာရှိ ငါတို့ကိုပြော အားမနာနဲ့"

ကိုဖိုးနီက ကျော်စိုးကို ကြည့်ပြီး ခေါင်းညိတ်ပြပါသည်။ ကျောက်ကား တင်လျှင် လက်ဖက်ရည်၊ ဆေးလိပ်

www.burmeseclassic.com

www.burmeseclassic.com

ဝယ်တိုက်ကြသည်မှာကျောက်တူးသမား လောကဓ၏ ဓလေ့တစ်ခုပမာ ဖြစ်နေပါပြီ။

ယနေ့မနက်မှ တွေ့ဖူးသော လူနှစ်ယောက်သည် မိမိအပေါ် လေးစားသမှုနှင့် ဆက်ဆံလာပြီး အလုပ်လုပ်ရာတွင်လည်း ပြောစရာမရှိ အကွက်စေ့စေ့ လုပ်ပေးသည်ကို တွေ့ရပါသည်။

ထိုနေ့ညနေ လုပ်အားခငွေ ရှင်းသောအခါ တစ်ယောက် တစ်ရာစီ ပေးလိုက်ပါသည်။ ထိုစဉ်က နေ့စားအလုပ်သမားတစ်ယောက်အတွက် တစ်နေ့လုပ်အားခမှာ ဆယ့်ငါးကျပ်၊ နှစ်ဆယ်သာ ရှိပါသည်။ တစ်ခုရှိပါသည်။ ထိုမျှလောက် ပိုပေးလိုက်သော်လည်း သူတို့တစ်တွေ၏ မျက်နှာသည် ကျေနပ်ပျော်ရွှင်သည်ကို မတွေ့လိုက်ရပါ။

ဒီရိယသမား ကျော်စိုး အလုပ်ထဲကို စောစော ရောက်တတ်ပါသည်။ သို့ပေမဲ့ မောင်အေးနှင့် ဖိုးနီတို့က သူ့အရင်ရောက်နှင့်ပြီး လုပ်နေကြပါပြီ။ သူတို့ကိုယ်ပေါ်က ချွေးတွေကို ကြည့်လျှင် အတော်ကြာနေပြီဟု သိရပါသည်။

ထိုနှစ်ယောက်က ကျော်စိုးကို အလုပ်သမား ထပ်ခေါ်ဖို့လိုပြီဟု ပြောပြီး မင်းသဘောတူရင် ငါတို့ ခေါ်လာခဲ့မည်ဟု ပြောပါသည်။ ဤသို့ဖြင့် ကျော်စိုးသည် ကျောက်ကျင်းများ နှစ်ကျင်းမှ သုံးကျင်းအထိ တစ်ပြိုင်နက် တူးနေရပါသည်။

ဖိုးနီနှင့် မောင်အေးတို့က ကြိုးကြုပ် ဆောင်ရွက်လုပ်ကိုင်ကြပါသည်။ ကျော်စိုး၏ ကျောက်ကျင်းသုံးခုမှာ ဟိုတစ်ခု သည်တစ်ခုမဟုတ် တစ်ဆက်တည်း ဖြစ်နေပါသည်။ ပထမဦးဆုံး ကျော်စိုး၏ အသက်အန္တရာယ် သီသီတလေး လွတ်သွားသော ကျောက်ကျင်ဖူစ၍ ကျောက်တုံးများ ဆက်တိုက်ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

ထို နောက်ပိုင်းတွင် အလုပ်သမားကိစ္စ၊ ကျောက်ကားတင်ငွေချေ၊ လုပ်ကွက်အတွင်း လိုအပ်သည့်ပစ္စည်းဝယ်၊ အလုပ်သမားတွေ ငွေရှင်း စသော အလုပ်များကိုသာ ကျော်စိုး တာဝန်ယူရပါသည်။ သံတူးရွင်းကိုင်၊ ဘူစိုက်ကိုင် အလုပ်ကို ကိုဖိုးနီနှင့် မောင်အေးတို့က မလုပ်စေချင်ပါ။ အားလျှင် အရိပ်ထဲမှာ ထိုင်ပြီး တရားအာရုံနှင့်နေပါဟု ပြောလာ၏။

ကျော်စိုးဘဝ အပြောင်းလဲကြီး ပြောင်းလာပါပြီ။ ကျောက်တုံးကြီးများ ခွဲစိတ်စရာရှိသောအခါ တူကြီး၊ စိုက်ကြီးများ ထုပ်ပေးလိုက်ပါသည်။ ထိုနေ့က ဖိုးနီ၊ မောင်အေးတို့နှစ်ယောက် ပြောသော စကားများကို ကြားယောင်နေပါသေးသည်။

"ကိုမောင်အေး၊ ဒီစိုက်ကြီးတွေက ကျူပ်တို့ဆရာ စိုးတွေနဲ့ အတော်တူတာပဲဗျ"

"ဖိုးနီရာ အဲ့ပါ၊ အဲဒီတစ်ခောင်းတည်း မဟုတ်ဘူးကွ၊ အားလုံးတူတာ"

"ကိုမောင်အေး၊ ဘယ်လိုလဲ၊ ဒီသံတူးရွင်းတွေ တူတွေကောလို့ ပြောတာလား"

"မင်း အတော်ပဲ နမော်နမဲ့နိုင်လာပြီကွ၊ အခု ငါတို့ဆင်တဲ့ ကျောက်တုံးတွေဟာ ဆင်ပြီးတာနဲ့ နောက်သာဆုတ်နေ ခဏနေတာနဲ့ ပြုတ် ပြုတ်ကျတာပဲ မဟုတ်လား၊ အဲဒါကို သတိမထားမိဘူးလား"

"ဟာ ဟုတ်ပါ့ဗျာ၊ အဲဒါ ကျူပ်တို့ဆရာနဲ့ လက်တွဲပြီး လုပ်နေကတည်းက ဒီလိုမျိုး ဖြစ်နေကျပဲလေ၊ ခြော်ဟိတ်ပါ့၊ အားလုံးတူတယ်၊ ဟုတ်တယ်၊ အားလုံးတူတယ်"

ကျော်စိုး၏ အိပ်မက်ထဲမှ ကျေးဇူရှင်ဆိုသည်မှာ မည်သူမည်ဝါဆိုသည်ကို ကောင်းစွာ သိနေပါပြီ။ မောင်အေး၊ ဖိုးနီတို့၏ ဆရာဖြစ်ပါသည်။ သူတို့တစ်တွေ ကျော်စိုးကို အကျိုးပြုနေကြသည်မှာလည်း သူတို့ဆရာအတွက် ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ ကျော်စိုးက ဒီရွာသား မဟုတ်ပါ။ သူတို့နှစ်ယောက်က ဒီရွာဇာတိဖြစ်ပါသည်။ သူတို့နှင့်တွဲ၍ လေးလခန့်ရှိသောအခါ အိပ်တော်ရှင်က မြေဝယ် အိမ်ဆောက်ဖို့ ပြောလာပါသည်။ ငါးဆူတောင်ရွာတွင် အမြဲနေဖို့ မစဉ်းစားခဲ့ပေမယ့် သူ့ဆန္ဒအတိုင်း အားလုံး လုပ်ခဲ့ပါသည်။

ယခုအခါတွင် ကျော်စိုး၏ ကျောက်ကျင်း ခြောက်ကျင်းရှိပါသည်။ အလုပ်သမား အယောက်နှစ်ဆယ်ကျော် အမြဲရှိပါသည်။ တစ်နေ့လျှင် ကျောက်ကား နှစ်စီးမှ သုံးစီး၊ လေးစီး အထိ အမြဲတင်ရောင်းနေရပါသည်။ ကျောက်ထွက်မြန်ခြင်း အကြောင်းကတော့ အိပ်မက်ထဲက ကျေးဇူးရှင် ကောင်းမှုပါပဲ။ အလုပ်သမားများ အန္တရာယ်မရှိအောင်လည်း သူကပဲ စောင့်ရှောက်နေပါတယ်။

ဧရာမ တုံးကြီးတွေ ဆင်ထားပြီး နောက်တစ်နေ့မှာ တူကြီး စိုက်ကြီးတွေ ယူလာကြပါတယ်။ တူရိုက်ကောင်းတဲ့ ပလကောင်းကောင်းလူလေးငါးယောက်လည်း ရွေးထားပြီးပါပြီ။ ကျော်စိုးကလည်း ပုလင်းတွေ၊ ခွက်တွေနဲ့ သစ်ပင်အောက်မှာ ကျေးဇူးရှင်အတွက် အဆင်သင့် အားလုံးလုပ်ပြီးပါပြီ။

ထိုအချိန်မှာပဲ...

"ဝုန်း...ဝုန်း...ဝုန်း"

"ဝေး ဟေး ဟေး"

"ရှိ...ရှိ"

ကျောက်တုံးကြီးတွေ တဝုန်းဝုန်း ကျသွားသည်ကို တွေ့ရ၍ အလုပ်သမားများ ပျော်ကြ လက်ခေါက်မှတ်ပြီး အော်ဟစ်နေကြပါသည်။

တုံးကျပြီးသည်နှင့် တူရိုက်သံတွေ တဒိုင်းဒိုင်းနှင့် ထုရိုက်ခွဲနေကြ၊ သယ်တဲ့သူက သယ်ကြနှင့်။ ကျောက်တုံးများ ဟောခနဲ့ ဟောခနဲ့ ထွက်လာပါပြီ။

သည်လိုနေ့မျိုးဆိုလျှင် သူတို့တစ်တွေ ဘောက်ဆူးရတော့မည်ကို သိနေကြ၍ အားတက်သရော လုပ်ကိုင်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖိုးနီနှင့် ကိုမောင်အေးက ကျော်စိုးထက် ငါးနှစ်စီ အသက်ကြီးပါသည်။ ထိုခေါင်းဆောင်နှစ်ယောက်က ကျော်စိုးကို လေးလေးစားစား ရှိကြ၍ အလုပ်သမားများကလည်း ကျော်စိုးကို အထူးလေးစားကြပါသည်။

ဟိုတစ်ခါနိုက ကျော်စိုးသည် အိပ်မက်ပေး၍ လက်နက်ကိရိယာ ကောင်များ ရသောအခါ အရူးတစ်ယောက်ပမာ။ ကျုပ်သာ ဒါတွေနဲ့ လုပ်ရရင်ဟု အော်ပြောခဲ့ဖူးပါသည်။

တကယ့်တကယ်မှာတော့ ထို ပစ္စည်းများ ဧရာက်လာကတည်းကပင် ပင်ပင်ပန်းပန်း ဘာမှ မလုပ်ရတော့ပါ။ ထိုအိပ်မက်ရှင်နှင့်တွေ့ပြီး တစ်နှစ်ခန့် ရှိသောအခါ ထူးဆန်းသော အိပ်မက် ရပါတော့သည်။

ထိုအိပ်မက်မှာ ဂဝံသားနှင့် ထူထားသော ဘုရားဆင်းတုတော် ငါးဆူကို လိုက်ဂူကြီးတစ်ခုအတွင်း တွေ့ရ ဖူးရသည်ဟု မက်ပါသည်။ ထိုအိပ်မက်သည် တစ်ကြိမ်မက မကြာ မကြာမက် တတ်ပါသည်။ တကယ်ရှိနေ၍ ဖြစ်မည်ဟု ထင်ပါသည်။

ကျော်စိုးသည် နေ့စဉ် ဂုဏ်တော်ပုတီး စိပ်နေကျဖြစ်လေရာ မျက်စိမှိတ်၍ ထိုဘုရားများ ရှေ့ကို အာရုံချလိုက်ပြီး ဂုဏ်တော်ပွားတတ်လာပါပြီ။ ပို၍ ထူးကဲသော ခံစားမှုကို တွေ့ရ ပါသည်။ မည်သို့ ဖော်ပြရမည်ကို မစွမ်းသာတော့ပါ။ မိမိ၏ ရွှဲနာမ်တို့သည် ချမ်းသာနေသည်ကို သတိပြုမိပါသည်။

ဂုဏ်တော် အပေါ် တင်ထားသော စိတ်များသည် ဂုဏ်တော်များ၏ အောက်သို့ ရောက်သွားသည်ဟု ခံစားလိုက်ရပြန်သည်။ ထိုအခါ ပို၍ ချမ်းသာလာသည်ဟု ခံစားရပါသည်။ ဆင်းတုတော် ငါးဆူသည် အိပ်မက်ထဲတွင် တွေ့ရသကဲ့သို့ မှောင်၍ မနေတော့ဘဲ အလင်းရောင်များဖြင့် ရှင်းလင်းစွာ ဖူးနေရပါသည်။ ဂုဏ်တော်ပွား၍ ကြည်ညိုသဒ္ဓါစိတ်ဖြစ်နေစဉ် မိမိ၏ နောက်စိတ်ကို ဉာဏ်ဖြင့် မြင်ရပါသည်။ ထိုစိတ်သည် ဆင်းတုတော်များ ဘယ်နေရာမှာ ရှိသည်ကို ပထမ သိချင်နေ၏။ ထို့နောက် စမ်းတဝါးဝါးနှင့် လိုက်ရှာနေ၏။ ကျော်စိုး၏စိတ်သည် သိချင်သောစိတ် ဖြစ်သွားလိုက်၊ ဂုဏ်တော်ပွားသည့်စိတ် ဖြစ်သွားလိုက်နှင့် နှစ်နာရီခန့် ကြာသောအခါ တရားဖြိုတ်လိုက်ပါတော့သည်။

ထို အကြောင်းကို မည်သူ့ကို တိုင်ပင်ရကောင်းမလဲဟု စဉ်းစားနေမိပါသည်။ မည်သို့မျှ အဖြေမရသေး၍ ကျောက်ကျင်းများဘက်သို့ ထွက်လာခဲ့ပါသည်။ မနေက ကျထားသော တုံးကြီးများသည် ဗိုက်သားနှင့် အလယ်သားလောက်သာ ခွဲရပါသေးသည်။ ကျော်စိုး မျက်လုံးထဲတွင် နီညိုရောင် ဂဝံသားများထဲ၌ ဘုရားဆင်းတုတော်ပုံကို မြင်နေရ၏။

ထို ဂဝံတုံးကြီးကို စူးစိုက်ကြည့်နေလိုက်၏။ ဆင်းတုတော်ပုံမှာ ပုံချောမဟုတ်ဘဲ အကြမ်းထည်သာ ဖြစ်သည်ကို တွေ့ရပါသည်။ ကျော်စိုး စိတ်ထဲ ဉာဏ်အလင်းတစ်ခု ဝင်သွားသလိုခံစား လိုက်ရပါသည်။

"ဟေ့ ဟေ့ ရပ် ရပ်၊ အားလုံး ရပ်ထားကြွပါ။ ငါ ဒီခေါင်းသားတွေကို ဒီအတိုင်း လိုချင်တယ်၊ အဲဒါ အပေါ်ကို ရောက်အောင် တင်ပေးပါ"

အလုပ်သမားတွေက ကျော်စိုးကို နားမလည်သည့်သဘောဖြင့် ကြည့်နေကြ၏။

ကိုမောင်အေးနှင့် ဖိုးနီတို့ ချက်ချင်း ရောက်လာပါသည်။ ကျောက်တုံးကြီးကလည်း ကြီးလွန်းလှပါသည်။ ကျော်စိုးပြောသည့် စကားကို ကြားပြီး ဖြစ်၍ ဘယ်လို သယ်ရမလဲဟု အဖြေရှာမရခင်မှာပင် ကျော်စိုးမှ ကျောက်တုံး အနားကပ်သွားပြီး ခွဲစိတ်ရမည့်နေရာများကို ပြနေပါသည်။

အလုပ်သမားထဲတွင် ကျောက်ကြော နားလည်သူ အတော်များများ ရှိပါသည်။ နောက်ဆုံး ခွဲစိတ်ပြီးသော အခါ လေးပေ ငါးပေ ပတ်လည်ရှိသော စကွဲယားတုံးများ ထွက်လာပါသည်။ ငါးတုံးတိတိ ခွဲစိတ်ပြီးသောအခါ လူအင်အားဖြင့် ဝိုင်း၍ တွန်းတင်ကြပါသည်။

ကျောက်တုံးကြီး ငါးတုံး လမ်းဘေးမှာ တန်းစီထားပြီးသောအခါ ကျော်စိုးမျက်နှာ ဝင်းလက်နေပါတော့သည်။ ပုပ္ပစေတနာအရောင်ဟု ပြောရပါမည်။ ကျော်စိုးကဲ့သို့ အကြွရှိသူ နှစ်ဦး ရှိပါသေးသည်။

ဖိုးနီ၊ မောင်အေးတို့က ဘာလုပ်ဖို့လဲဟု မေးသောအခါ ဘုရားပုံ ထုဖို့ဟု ပြောလိုက်ပါသည်။ ထိုအခါ သူတို့ နှစ်ဦးသည် အားဝမ်းသာ -

"အောင်ပြီကွ"

"အောင်ပြီဗျော့"

ဟု လက်သီးလက်မောင်းတန်း၍ အော်ကြပါသည်။ သူတို့နှစ်ယောက်က ခေါင်းဆောင်တွေပါ။ သူတို့အော်တော့ အလုပ်သမားတွေကပါ ဝိုင်းအော်ကြ သဖြင့် ငါးဆူတောင်သံချိုင့်အိုင်အတွင်း ပဲ့တင်ထပ်ကာ မြည်ဟိန်းသွားလေ၏။ သံချိုင့်အိုင်အတွင်း ကျောက်တူးနေသူများ အသံကြားသဖြင့် ပြေးလာကြပါသည်။ အကြောင်းစုံကို သိရသောအခါ-

"ကိုကျော်စိုး၊ ဘုရားတည်မလို့ ဆို ဟုတ်လား"

"လောလောဆယ် ဘုရားပုံ ထုမှာပါ။ စေတီတည်ဖို့လည်း စဉ်းစားထားပါတယ်"

"ကောင်းပါပြီ ခင်ဗျာ၊ ဘုရားတည်တည်၊ ဘုရားထုထု ကျုပ်တို့လည်း ပါမယ်ဗျာ၊ အရှေ့ဘက်တောင်ပေါ်က အဖွဲ့တွေ ဒီသတင်းကြားရင် ကျုပ်လိုပဲ ချက်ချင်း လုပ်ပါ လုပ်ပါနဲ့ အားပေးကြမှာဗျ၊ ဝမ်းသာတယ်ဗျို့၊ ငါးပေးတယ် ကိုယ့်လူ ချ ချ"

ထိုနေ့ညတွင် ကျော်စိုးအိမ်၌ လူမပြတ်ပါ။ ဘုရားတည်မည်ကြား၍ လာမေးကြ၊ ပြောကြ၊ ဆွေးနွေးကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအထဲမှ အကြံတစ်ခု ရလိုက်ဖါသည်။ ဂဝံသားကို အုတ်ခဲပုံလူပ်ပြီး တည်လျှင် ပို၍ သင့်တော်ကြောင်းနှင့် ကျော်စိုး၏အကြံမျိုး သူတို့တောင် မကြံခဲ့ဘူး၍ ချီးကျူးပါကြောင်း၊ တည်ဖြစ်အောင် တည်ဖို့ တိုက်တွန်းပါကြောင်း အားပေးစကားများ ပြောသွားကြ၏။

ကျော်စိုးလည်း တော်တော်နှင့် အိပ်မပျော်ပါ။ ဇနီးဖြစ်သူကလည်း ပြုံးလို့ ရွှင်လို့ပါ။ လှုံ့ရတော့မည်ဆို၍ ထတောင် ကလိုက်ချင်တယ်ဟု ပြောနေပုံလေးက ကျော်စိုး၏ ပါရမီဖြည့်ဖက်မှန်ကြောင်း သက်သေပါပဲ။

နောက်တစ်နေ့တွင် ကျော်စိုး အလုပ်ရှုပ်နေပါသည်။ အိမ်က ထွက်ကတည်းက ဓားတစ်ချောင်းကို ထက်ထက်သွေးသွားပါသည်။ ကျောက်ကျင်ရောက်သည်နှင့် ဂဝံကျောက်များကို အုတ်ခဲပုံ ခုတ်နေပါတော့သည်။ ပုံစံကျအောင် စီတိုရှည်ရှည်ခုတ်နေပါသည်။

ဓားကောင်းလျှင် လွယ်မည်ကို သဘောပေါက်လာပါပြီ။ ကျော်စိုး ခုတ်သော ဂဝံအုတ်ခဲများကို လာကြည့်ကြသည်။ နေ့လယ် ထမင်းစား နားကြသောအခါ ဓားကိုယ်စီကိုင်၍ တကုပ်ကုပ်နှင့် ခုတ်နေကြတော့၏။

ထိုစဉ်က အုတ်ခဲ တစ်ခဲလျှင် ပြားရှုံ့ဆယ်သာ ရှိပါသည်။ ကျော်စိုးက ဂဝံအုတ်ခဲကို တစ်ကျပ်ပေး ဝယ်ပါသည်။ အခြေအနေကို အကဲခတ်ရသည်မှာ ကျော်စိုး ဖြစ်ချင်တာတွေ အားလုံး လျင်လျင်မြန်မြန် ဖြစ်လာတော့မည်သဘော ရှိနေပါသည်။

ကျောက်ဆစ် ပန်းပုဆရာနှင့် ဂဝံသားကို နားလည်သော ဗိသုကာဆရာတို့ လိုအပ်နေပါပြီ။ ကိုမောင်အေးနှင့် ဖိုးနီတို့က ရန်ကုန်၊ မန္တလေးမြို့များတွင် သွားခေါ်ပါက အချိန်မရွေး ရနိုင်ကြောင်း ပြောပါသည်။

ကျော်စိုး နောက်နေ့ ရန်ကုန်သွားမည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ထိုနေ့ညတွင် အိပ်မက်ရပါသည်။ အလှူအရင်လုပ်ပါ။ သွားစရာမလိုဘူးဟု ပြောသွားပါသည်။

ငါးဆူတောင်ရွာရှေ့ တောင်ကုန်းပေါ် သစ်ပင်အောက်၌ ကျော်စိုးသည် သူနှင့် ကျောက်ကြီးလှမောင်တို့ ဆုံတွေ့ခဲ့ပုံကို ထိုကဲ့သို့ပြော၍ ပြီးသောအခါ ကိုမောင်အေးက ဆက်၍ ပြောပါသည်။ သူပြောပြသည်က ကျောက်ကြီးလှမောင် အကြောင်းပါ။

ကျောက်ကြီး လှမောင်သည် ငါးဆူတောင်ဇာတိ ဖြစ်ပါသည်။ ဂဝံကျောက်လောကတွင် လွန်စွာနာမည်ကြီးခဲ့ပါသည်။ သူနှင့် ကျေးဇူးကင်းသူ မရှိသလောက် ရှားပါသည်။ သံချိုင့်အိုင် ကျောက်ကျင်များကို လျှောက်ကြည့် ပြီးသတိပေးတတ်ပါသည်။ သူပြောတာကို မယုံလျှင် အသက်ပေးသွားရပါလိမ့်မည်။

သူပြောတဲ့အတိုင်း အချိန်နာရီမလွဲ ဖြစ်တတ်၍ အားလုံးက ယုံကြည်လက်ခံလာကြပါသည်။ သူကိုယ်တိုင်လည်း တူးပါသည်။

"သူက ကျောက်တုံးကြီးတွေကို သာ ကိုင်တတ်သဖြင့် ကျောက်ကြီးလှမောင် ဟုခေါ်ကြပါသည်။

သူကျင်းမှာ လုပ်နေရင်းမှ သံတူးရွင်းပစ်ချပြီး တခြားကျင်းကို ပြေးသွားလျှင် ထိုနေရာမှာ အန္တရာယ်ဖြစ်တော့မှာ သေချာပါသည်။ ထိုနေရာကို ရောက်သောအခါ -

"ဟေ့ကောင်တွေ တက်စမ်း"

သို့မဟုတ်

"ဟေ့ ဟေ့ ရပ်လိုက် မလုပ်နဲ့"

သူတက်ခိုင်းလျှင် တက်သာတက်လိုက်ပါ။ အပေါ်က ကျောက်တုံးကျတော့မှာ သေချာပါသည်။ သူက ရပ်ဆိုလျှင် ရပ်လိုက်ပါ။ မဟုတ်လျှင် အန္တရာယ်ကြုံတော့မှာပါ။ ဤသို့လည်း ရှိသလို ကျောက်တုံးကြီးများ ဆင်၍ ရိုက်ချသည့်အခါ သူပါမှ ပွဲပြီးပါသည်။ နောက်ပိုင်းတွင် အရက်ကို အလွန်အကျွံသောက်လာပါတော့သည်။ သို့ပေမဲ့ ကျောက်ကျင်းထဲသို့ မသွားရ မနေနိုင်ပါ။ ကျောက်ကျင်းက လူတွေကဲလည်း ကိုလှမောင်ကြီး လာတာကို သဘောကျကြပါသည်။

အရက်ဆို အရက်၊ အမြည်းဆို အမြည်း စာဝန်ကျေပါသည်။ ငွေတော့ မလိုပါ။ ကျောက်ကြီးလှမောင်ကတပည့် ထပန်းတွေနဲ့ အလုပ်လုပ်သူပါ။ အရက်တို့ ကြာလေ သောက်လေ ဖြစ်လာပါသည်။ တစ်နေ့သော ညတစ်ညတွင် ကျောက်ကြီးလှမောင် သံချိုင့်အိုင်အတွင်း အရက်မူးပြီး အိပ်ပျော်နေ၏။

ထိုအချိန်တွင် သံချိုင့်အိုင် တစ်ခုလုံး ဆူညံနေသော အသံများကြား၍ ထကြည့်လိုက်၏။ သူအိပ်နေသောနေရာနှင့် မနီးမဝေးတွင် ပုံသဏ္ဌာန်အမျိုးမျိုး ရှိသော သတ္တဝါများကို တွေ့နေရ၏။ လူလိုလို မျောက်လိုလို မသဲမကွဲ မြင်နေ၏။ လှမောင်ကြီး အမူးပြေသွားသလို ဖြစ်သွားပြီး အသေအချာ မျက်စိကို ပွတ်ကြည့်လိုက်ရာ မရေတွက်နိုင်လောက်အောင် များပြားလှသည်ကို တွေ့ရ၏။

ခဏကြာသောအခါ ထိုသတ္တဝါများ ဟိုပြေး ဒီလွှားဖြစ်နေကြသည်ကို တွေ့ရ၏။ ထိုသို့ဖြစ်ရခြင်းမှာ သူတို့တိုထိန်းကျောင်းသောသူများ ရောက်လာ၍ ဖြစ်ပါသည်။ ထိန်းကျောင်းသောသူများသည် လူကဲ့သို့ ပုံသဏ္ဌာန်ရှိပြီး လက်ထဲ၌ တုတ်လိုလို တောင်ဝှေးလိုလို ကိုင်ထားကြ၏။

ထိုသူထဲမှ အကြီးအကဲဖြစ်ဟန် တူသောသူ ရောက်လာသောအခါ အားလုံး ငြိမ်သက်နေကြပါသည်။ ထို အကြီးအကဲသည် လှမောင်ကြီးထံသို့ လျှောက်လာ၏။

"ကဲ လှမောင် မင်းသေသေချာချာ နားထောင်၊ တို့မှာ ကြည့်စမ်း၊ သတ္တဝါတွေ ဒုက္ခဘုံက မကျွတ်နိုင်ဘူးဖြစ်နေတယ်၊ သူတို့အတွက် ဒီနေရာမှာ စေတီတစ်ဆူ တည်ရမယ်၊ အဲဒါ မင်း လုပ်ရမယ်၊ ဟောဒီ သံချိုင့်အိုင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

မင်းလုပ်ရင် ဘာမဆိုဖြစ်ရမယ်၊ မင်းဟာ တစ်ချိန်က သူတို့နဲ့ အတူတူရှိခဲ့တယ်၊ အခု မင်း လူသားတစ်ယောက်ဖြစ်နေပြီ၊ သူတို့ကို ကယ်ဖို့ မင်းမှာပဲ တာဝန်ရှိတယ်၊ မင်းတာဝန်ကို ကျေပွန်အောင် လုပ်ပါ"

ထို့နောက် လှမောင်ကြီး၏ မြင်ကွင်းထဲမှ အားလုံး ပျောက်ကွယ်သွားကြ၏။ ထိုနေရာ၌ လှမောင်ကြီးသည် ပြန်ထိုင်၍ စောင့်ကြည့်နေပါသေးသည်။ ထမင်းကလည်း ဆာလာပြီဖြစ်၍ ရွာထဲသို့ ပြန်လာခဲ့၏။

ရွာထဲရောက်တော့ အရက်ကို သာ အရင်သောက်ပါသည်။ ထိုကိစ္စကို မေ့မေ့ပျောက်ပျောက် ထားခဲ့ပါသည်။ တစ်နှစ်ခန့် ကြာသောအခါ အိပ်မက်ထဲမှ သတိပေးစကား ပြောသွားပါသည်။ အမြဲမူးနေသော လှမောင်ကြီး ဘာကိုမျှ အကြောက်တရားမရှိ၊ သတိလက်လွတ် နေထိုင်ခဲ့ပါသည်။ နောက်ထပ် တစ်နှစ်ကြာသောအခါ လှမောင်ကြီးကို အိပ်နေရာမှ လူတစ်ယောက်က နှိုးပြီး ခေါ်သွားပါသည်။ ထိုသူကို မသိသော်လည်း နောက်က လိုက်သွားမိပါသည်။

တစ်နေရာသို့ ရောက်သောအခါ . . .

"လှမောင် လှမောင်၊ ရေထဲက လာပြီး ရေထဲ ပြန်သွားရတော့မယ်၊ အိမ်း အနိစ္စ အနိစ္စ အနိစ္စ"

ပတ်ဝန်းကျင်တစ်ခုလုံး နေ့လယ်ခင်းပမာ လင်းထိန်နေပါသည်။ ဝဝံသားဖြင့် ပြုလုပ်ထားသော ကျောက်ခုံကြီးပေါ်၌ သူတော်စင်တစ်ပါး ထိုင်နေသည်ကို တွေ့ရ၏။ အစောက ကြားလိုက်ရသော အသံသည် လူ့လောကတွင် အသံချဲ့စက်မှ ထွက်သော အသံကဲ့သို့ ဟိန်းထွက်နေ၏။ လှမောင်ကြီးသည် ထိုဧရိယတွင် ဒူးတုတ် ထိုင်ချလိုက်၏။

"မင်းကို ပေးထားတဲ့ တာဝန်၊ ငါတို့ ပြန်ရှုပ်သိမ်းလိုက်ပြီ၊ အချိန်ဆိုတာ အလကား မဖြုန်းတီးကောင်းပါဘူးကွာ၊ အိမ်း သင္ဘေသတ္တာ ဇာမွသကာ"

လှမောင်ကြီး ထိုနေရာတွင် အိပ်ပျော်သွားသည်ကဲ့သို့ ဖြစ်သွားပါသည်။ တစ်နေ့လုံး တစ်ညလုံး သောက်ထားသော အရက်၏အပူနှိန်ကြောင့် ရေတံလာသဖြင့် အိပ်ရာမှ နိုးသွားပါသည်။ အိပ်နေသော နေရာသည် သံ ချိုင့်အိုင် အောက်ဘက် တောတွင်းတစ်နေရာ သစ်ပင်ကြီးတစ်ပင်အောက် ဖြစ်နေသည်ကို တွေ့ရ၏။ တူရိကသံ လူသံများလည်း ကြားနေရပါသည်။ နေရောင်ကို ကောင်းစွာမြင်ရသော နေရာသို့ ရောက်သောအခါ မနက် ၉ နာရီ ဝန်းကျင်လောက် ရှိမည် ထင်ရပါသည်။

ထိုတောထဲမှ တက်လာလျှင် ကျောက်ကျင်းများရှိရာသို့ ရောက်လာ၏။ ထိုနေ့မှစ၍ လှမောင်သည် သူ့ကိုယ်သူ သေရတော့မည်ကို သိနေခဲ့ပါသည်။ အရက်မသောက်လျှင် မြန်မြန် သေမည်ဟု ထင်ထားပါသည်။

လအနည်းငယ် ကြာသောအခါ ကျောက်ကြီးလှမောင်ကို သံချိုင့်အိုင်မှာ မတွေ့ကြတော့ပါ။ မည်သည့် သတင်း အစအနမျှလည်း မရကြပါ။

ပြီးခဲ့သော . တစ်နှစ်ကျော် လောက်တွင် ကိုမောင်အေး အိပ်မက် ရပါသည်။ သူ့ဆရာ ပျောက်သွားပြီး သုံးနှစ်ကြာမှ ပြန်တွေ့ခြင်း ဖြစ်ပါသည်။

အိပ်မက်ထဲ၌ ကျော်စိုး၏ ကျောက်ကျင်းနေရာကို ပြပြီး. . .

"ငါ ဒီမှာရှိတယ်၊ မင်းတို့ ဒီမှာ လာလုပ်ကြ"

ထိုကဲ့သို့ ပြောသွားပြီး ပျောက်သွားပါသည်။ နောက်ထပ် အိပ်မက် မရတော့ပါ။ ထို့နောက် ကျော်စိုး၏ ကျောက်ကျင်းရောက်သောအခါ လူတစ်ယောက်မှ ထူးဆန်းသော်စကားများ ပြောသွားပါသည်။ ထိုစဉ်က ကျော်စိုးမှာ ကျောက်ကားသွားခေါ်နေချိန် ဖြစ်လေ၏။ ထိုလူပြောသွားသော စကားများမှာ. . .

"မင်းတို့ သူ့ကို ကူညီစောင့်ရှောက်ကြပါ။ သူက မင်းတို့ဆရာ မလုပ်သွားခဲ့တာကို လုပ်လိမ့်မယ်၊ မင်းတို့ ဆရာကလည်း ဒီကို လွှတ်လိုက်တာ၊ သူ့ကို ကူညီကြဖို့ပဲ"

မောင်အေးနှင့် ဖိုးနီတို့ ကျောက်ကျင်းထဲကနေ ထိုသူပြောတဲ့ စကားတွေ နားထောင်နေရာက သတိဝင်လာပြီး ကျင်းပေါ်ကို ပြေးတက်လာကြပါသည်။ ခုနက လူ မတွေ့ရတော့ပါ။ ထိုစကားများကို ယခုမှ ပြောပြလေ၏။

သစ်ပင်ရိပ်အောက်တွင် သုံးယောက်သား ထိုင်၍ စကားပြောနေကြရာ အချိန်ပင် အတော်ကုန်ခဲ့လေ၏။ ကျော်စိုးအိမ်တွင် အလှူကိစ္စများ ဆက်လက်ဆောင်ရွက်စရာ ရှိနေသေးပါသည်။ ယခုအချိန်တွင် တစ်ဦးကိုတစ်ဦး နားလည်ခဲ့ပြီ ဖြစ်၍ ရှေ့ဆက်လုပ်ကြရာတွင် အောင်မြင်ပေတော့မည်ဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြ၍ အိမ်သို့ ပြန်လာကြ၏။

နောင်တစ်နေ့ အလှူမှာ ကျွေးမွေးကြသောအခါ ထိုဒေသ၏ ဓလေ့အတိုင်း ကျွေးပါသည်။ ထမင်းစားရံဆောက်၍ ဝါးကြမ်းခင်းခုံများ အရှည်လိုက်ပြုလုပ်ရပါသည်။ ထိုအပေါ်တွင် ငှက်ပျောဖက်ခင်း၍ ထမင်းကျွေးကြပါသည်။

ထိုနေရာ၌ ငှက်ပျောဖက်များကို အလှူပြီးမှ ဖယ်ရမည်ဖြစ်၍ သုံးထပ်လေးထပ် ထူထူခင်းထားပါသည်။ တစ်နေကုန်အောင် လူမပြတ်ပါ။ ဘယ်ရွာက လာသည်မသိသော လူများလည်း ရှိပါသည်။ ထမင်းဟင်းချက်ရံထဲမှ လူများလည်း ချွေးသံလုံးလုံးနှင့် ပျော်ရွှင်စွာ ချက်ပြုတ်ကြပါသည်။

အထူးသဖြင့် သူတို့၏ အချစ်တော် ကျောက်ကြီးလှမောင်အတွက် ရည်စူးပြီး ပြုလုပ်သော အလှူဖြစ်၍ ကလေး၊ လူကြီး တစ်ယောက်မကျန် အောင် ရောက်လာကြသည်။ ဝိုင်းလုပ်ကြသည်။ သောက်စရာအတွက် အကုန်ခံစရာ မလိုပါ။ ပုံးလိုက် အိုးနှင့်ထည့်ပြီး ယူလာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံး ညီညွတ်ကြပုံမှာ တော့ ပြောဆုံးမည် မထင်ပါ။ တခြား ရွာမှ လာသော အသိများကို တွေ့လျှင် ပြောကြသေး၏။

"ဟေ့ ကိုရင်တို့ ရွာမှာ လူရှိ သေးရင် လွတ်လိုက်စမ်းပါဗျာ၊ တစ်နေ ကုန် ကျွေးနေတယ်လို့၊ ကျွဲပန့်မတွေ လည်း ပြောလိုက်ဦးနော်"

အကြောင်းရင်း သိသူတွေက ရယ်ကြပါသည်။

"ကိုမောင်အေး၊ ကိုဖိုးနိုက မီးဦး တိတ်လို့ ကြေညာလိုက်တာနဲ့ ဒီရွာတင် မက တခြားရွာကပါ လာမှာ သေချာ တယ်၊ နို့ဆောင် ချက်ဖို့သာ ပြင်ထား" ဟု ပြောလေ၏။

ကျော်စိုးကတော့ 'ပိုချင်ပိုပါစေ မလိုအောင်သာ လုပ်ပါ' ဟု မှာထားပါ သည်။

ကိုဖိုးနိုတို့က ဒီရွာဇာတိဖြစ်၍ လာသည့်လူများကို ဘယ်ရွာသားဆို သည်ကို ကောင်းစွာသိပါသည်။ သို့ပေ မယ့် သူတို့မသိသောလူများ အုပ်လိုက် အုပ်လိုက် ရောက်လာကြသည်ကို တွေ့ ရ၍ ကျော်စိုးထံသို့ လာပြောလေ၏။

"ဟေ့ ကိုကျော်စိုး၊ ထူးတော့ ထူးတယ်ဗျ၊ ဘယ်ကလာတဲ့လူတွေမှန်း မသိဘူး၊ အုပ်လိုက် အုပ်လိုက်ဗျာ၊ မနက်ကတည်းက လာကြတာဗျ"

"နေပါစေ ကိုဖိုးနို၊ သွားမမေးပါ နဲ့၊ ကိုလှမောင်ကြီး မိတ်ဆွေတွေ နေမှာ ပါ"

ရွာသားများ ပြောဆိုကြပုံမှာ ဒီလောက်လူများတဲ့ အလှူ တစ်ခါမှ မတွေ့သေးဟူးဟု ပြောကြပါသည်။ ဤသို့ဖြင့် အလှူတစ်ခုပြီးသွားလေ၏။

ကိုလှမောင်ကြီး အိပ်မက်ထဲမှ ပြောသည့်အတိုင်း ဖြစ်လာပါပြီ။

ကျောက်ဆစ် ပန်းပုဆရာ တစ် ယောက် အလှူလုပ်သည့်နေ့က ရောက် လာပါသည်။ အလင်ငါးဆယ်ကျော် အရွယ် ဖြစ်ပါသည်။ ကျော်စိုးအိမ်သို့ ဝင်လာပြီး ပြောပါသည်။

"မင်းက ဒီအလှူရှင်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ထိုင်ပါဦး ခင်ဗျာ၊ ခေါင်းရင်းကို ကြွပါခင်ဗျာ"

"ဒါနဲ့ မောင်ရင်က အလှူပြီးရင် မြို့ပေါ်သွားမယ်ပေါ့"

"ဟုတ်ပါတယ် ဦးကြီး"

"မင်းသွားဖို့ မလိုတော့ဘူးကွာ၊ ငါက မင်းလိုချင်တဲ့ပုံ ထုပေးမယ့်လူပဲ၊ ငါ ထံမင်းစားပြီးပြီကွာ၊ စားပြီးမှ မင်းဆီ လာတာ၊ ကိုင်း မင်းဘာတွေလုပ်မယ် ဆိုတာ ငါသိပြီးပြီ၊ စိတ်ချသာနေတော့ တုတ်ပြီလား"

ထိုပညာရှင်ကြီးက လွန်စွာ စကားနည်းပါသည်။ အသားငါး မစား ပါ။ ဥပုသ်နေ့ဆိုလျှင် ဥပုသ်စောင့်ပါ သည်။ သံချိုင့်အိုင်ထဲမှာပဲ ပန်းပုထုပါ သည်။ ကျော်စိုးတို့ လုပ်ထားသော ဂဝံ အုတ်များကို ကြည့်၍ ထိုပုံစံ မဟုတ် သေးကြောင်း သူလုပ်တဲ့ပုံအတိုင်း လုပ် ခိုင်းပါသည်။ သူလုပ်ခိုင်းသောပုံက အပြားနည်းနည်းကြီးပါသည်။

ကျော်စိုးလည်း အလုပ်သမား များ ထပ်ခေါ်၍ လုပ်ငန်းစပါတော့ သည်။ ပန်းပုဆရာကြီး ညွှန်ကြားမှုဖြင့် ပန်းပဲဖို့တွင် ဓားဆယ့်ချစ်လက် အော်ဒါ မှာရပါသည်။ အုတ်ခုတ်ရန်အတွက် ဖြစ် ပါသည်။ ဓားပုံစံမှာ ယခုခေတ် တရုတ် ဓားနှင့် ဆင်ဆင်တူပါသည်။ ဓားသွေး ကျောက်နှင့် ရေကို အဆင်သင့်ချထား ပေးရပါသည်။

ကိုမောင်အေးတို့ ကျောက်တူး သည့် နေရာသို့ လျှောက်ကြည့်ပြီး သူ လိုချင်သော ကျောက်အမျိုးအစားများ ကို မှာထားလေ၏။

ဘုရားတည်မည့်နေရာကို ရွေး ချယ်ပြီးပါပြီ။ ထိုနေရာတစ်ဝိုက်ကျောက် မတူးကြစေရန် အလံတိုင်များ တန်းစီ စိုက်ထားပြီး တောင်ကုန်းထိပ်တွင် သာ သနာ့အလံကို လွှင့်ထူလိုက်ပါပြီ။

ထိုအချိန်၌ ဆင်းတုတော် ငါး ဆူမှာ အရွယ်အစားတူညီစွာ အချော သပ်ပြီး လေ၏။ ဘုရားတည်မည်ဟု မကြေညာပါ။ သို့ပေမဲ့ လှူပါရစေဟု ပြော၍ လာရောက်လှူကြသူများ တဖွဲဖွဲ ရောက်လာကြလေ၏။

ဒီသုကာဆရာကြီး၏ ညွှန်ကြား မှုဖြင့် သက်သတ်လွတ်စား၍ အဓိဋ္ဌာန် ဝင်နေရပါသည်။ ဘိလပ်မြေနှင့် သံ မပါဘဲ ရှေးခေတ်ပုံဝံဘုရားများကဲ့သို့ ပြုလုပ်ပါသည်။ ဒီသုကာ ဆရာကြီးက စတ္တုဖြူအရွက်ကြီးပေါ်တွင် ဘုရား စေတီပုံကို ပုံကြမ်းဆွဲ၍ အချိုးကျ ကျောက်တုံးများကို အဆင်သင့် စီမံပါ သည်။

ငြမ်းဆင်မည့် သစ်ဝါးများ လာ လှူကြပါသည်။ ဆန်အိတ်၊ ဆီပုံးများ လှူကြပါသည်။ စေတီ၏ အလယ် မာန်တိုင်သည် ငါးမြှောင့်ပုံတိုင်ကြီး ဖြစ် ပါသည်။ လိုဏ်ဂူပါသော ပုထိုးပုံဖြစ်ပါ သည်။ ဆရာကြီး ရေးဆွဲထားသည်မှာ လွန်စွာအချိုးကျပါသည်။

တကယ်တမ်း ဘုရားတည်သည့် အခါ ကျော်စိုးမှာ ဘာမှ လုပ်ရသည် မရှိပါ။ လိုအပ်သည့် ငွေကြေးဆိုတာ ကလည်း ဟိုက သည်က လာလှူကြ၍ ပိုလျှံနေပါပြီ။ တမည့်တပန်းတွေက လည်း မခိုင်းရဘဲ လုပ်ပေးချင်သူများ အနားမှာ ဝိုင်းနေ၏။ ထိုအခါ ကျော်စိုး အဖို့ တရားအာရုံနှင့်သာ အချိန်ကို လွန်စေတော့၏။

ပုထိုးပုံ စေတီ၏ အမိုးသည် ကြက်ဥအခွံ မှောက်ထားသကဲ့သို့ အခုံး ဖြစ်ပါသည်။ ကျောက်တုံးများကို တစ်ခု နှင့်တစ်ခု ချိတ်ဆက်၍ ထောက်ထား မည်ကို တွေ့ရ၏။ ဒီသုကာဆရာကြီး သည် အလုပ်ကိုသာ တွင်တွင်လုပ်၏။ စကားတစ်ခွန်းမျှ မပြောပါ။ မည်သည့် အခွင့်ကိုမျှ တောင်းဆိုခြင်းမရှိပါ။ ပါးစပ် ထဲတွင် ကွမ်းတစ်ယာဝုံထားလျှင် ထမင်း စားချိန်ရောက်မှ ကုန်ပါသည်။

ထူးခြားချက် တစ်ခုရှိပါသေး သည်။ ထိုအကြောင်းမှ သံချိုင့်အိုင် အတွင်း ပြန်ရောက်လာသော ကျောက် တူးသမားများ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျော်စိုး တစ်ယောက်တည်း တူးနေသောအချိန်တွင် လူရိပ်လူယောင် မျှပင် မတွေ့ရပါ။ ယခုတော့ ကျောက်တူးသမားများနှင့် ကျောက်တင်သောကားများ၊ စွေးသည်များဖြင့် စည်ကားနေလေ၏။

ကိုမောင်အေးနှင့် ဖိုးနီတို့ကို ကျော်စိုး လှည့်မကြည့်ဖြစ်ပါ။ ကျောက်ကားတင်သော ငွေနှင့် အလုပ်သမားများကို ရှင်းပေးသော ငွေကြေးကိစ္စကို မေးခြင်း၊ စစ်ခြင်း၊ ငွေကိုလည်း ရေတွက်ခြင်း၊ ကိုင်ခြင်း မလုပ်ခဲ့ပါ။

ကိုမောင်အေးကတော့ စာရင်းအင်းနှင့်တကွ လာလာပြပါသည်။

ကျော်စိုးက ရှင်းပြဖို့မလိုကြောင်းနှင့် ငွေ၏အရေအတွက်ကိုလည်း ပြော ဖို့မလိုတော့ကြောင်း ပြောပြီး သူကိုယ်တိုင် ဘာမှမလုပ်ရပါဘဲနှင့် ဤငွေတွေကို ယူလိုစိတ်မရှိတော့ကြောင်း ပြောလိုက်ပါသည်။

ထိုအခါ မောင်အေးနှင့် ဖိုးနီတို့က သူတို့လည်း ဘာမှ ဝင်လုပ်ကြသူများ မဟုတ်၍ အလုပ်သမားတွေကိုသာ ကြီးကြပ်နေပါသည်။ ဤငွေထဲမှ ထိုက်သင့်သရွေ့ ယူပြီးဖြစ်၍ ကိုကျော်စိုး၏ ငွေသာ ဖြစ်ပါသည်။ မပစ်မှားဝံ့ပါ။ လက်ခံပါဟု ပြော၍ ငွေထုပ်ကို ကိုကျော်စိုး၏ လက်သို့ မထည့်ဘဲ ဇနီးဖြစ်သူ မလှမြင့်ထံသို့ အပ်ကြလေ၏။

အကြောင်းမှာ ကျော်စိုးသည် အဓိဋ္ဌာန် ဝင်နေချိန်ဖြစ်၍ ဖြစ်ပါသည်။ ဘုရားတည်နေသည်မှာလည်း ပြီးလုပြီးခင်ရှိပါသည်။ အရံစေတီများအဖို့ ဌက်ပျောဖူးနှင့် ထီးတော်ကို တစ်ဆက်တည်းဖြစ်အောင် ဂဝံသားဖြင့် ထုလုပ်ထားပါသည်။

အလယ်စေတီကြီးအောက် တွင် ဝိဋ္ဌကတ်သုံးပုံ ဌာပနာ ထားပါသည်။ အလယ်စေတီ၏ ထီးတော်မှာလည်း ဂဝံကျောက်သားဖြစ်ပါသည်။ သို့ပေမယ့် မတင်ရသေးပါ။ အဆင်သင့်တော့ ဖြစ်ပါပြီ။

အခမ်းအနားနှင့် တင်မည်ဟု စီစဉ်ထားပါသည်။ ဆင်းတုတော် ငါးဆူကို မဏ္ဍပ်ထိုး၍ အပူဇော်ခံနေရာ လုပ်ပေးပြီး ထီးတော်တင်ပြီးမှ စေတီတော်အတွင်းသို့ပင့်ဆောင်ပါမည်။စေတီတော်အတွင်းရောက်မှ စစ်စီးသုတ် ရွှေချပါမည်။ အလယ်စေတီ၏ ဌက်ပျောဖူး ထီးတော်ကိုလည်း သစ်စေးသုတ် ရွှေချနေပါပြီ။

စေတီတော်က မပြီးသေးပါ။ ဘုရားဖူးလာကြသူများဖြင့် နေ့ညအမြဲစည်ကားနေပါသည်။

ဒီသုကဒ္ဒဆရာကြီးက တန်ဆောင်မုန်းလပြည့်နေ့ ထီးတင်မည်ဟု ကြိုပြောပါသည်။

စေတီတော်၏ ဘွဲ့မည်တော်မှာ "အရိမေတ္တေယျ အကြိုတော်စေတီ" ဖြစ်ပါသည်။

ဥက္ကာတော်မှာ ၃၁ ပေ ဖြစ်ပါသည်။ သွားဆယ့်တစ်ဘုံကောင်းဖို့ ရည်ရွယ်ပါသည်။ အောင်ဝင်းဗိုလ်ဆိုင်းဝိုင်းနှင့် အဆိုတော်များ ဌားပြီး ထီးတင်ဖို့ ပြင်ဆင်ထားလိုက်ပါသည်။

ကျော်စိုးလည်း ထိုနေ့တွင် အဓိဋ္ဌာန်ပြည့်ပါမည်။ ငါးဆူတောင်မှာ ဘုရားငါးဆူ ပွင့်ထွန်းလာပါပြီ။ မကျွတ်သေးသော ဝေနေယျ သတ္တဝါတွေ ကျွတ်ခိုင်တန်ပါပြီ။

ထီးတော်တင်သောနေ့ မတိုင်မီ အောင်ဝင်းဗိုလ်ဆိုင်း ရောက်လာပြီး တီးပါတော့သည်။ ပထမဦးဆုံး အလှူပြောကို တီးလိုက်သည်နှင့် သံချိုင့်အိုင်အတွင်း ကလေး လူငယ် လူကြီးများ၊ စွေးသည်များ၊ ယောကျ်ားမိန်းမ မရွေး အားလုံးပျော်ကြ၍ ရောက်နေသည့် နေရာမှာပင် ကနေကြပါသည်။

ထူးဆန်းလှပါ၏။ ရွာထဲက လူတွေ ဆိုင်းကားရောက်ပြီ အသံကြားသည်နှင့် ရောက်လာကြရာ သံချိုင့်အိုင်အတွင်း ကြိတ်ကြိတ်တိုးနေကြ၏။

မနက်ဆိုလျှင် ထီးတင်ပွဲရှိသည်မို့ ဟိုက သည်က ရွာနီးချုပ်စပ် လှည်းများဖြင့် ရောက်လာကြပြန်၏။ ရောက်လာသမျှကို ကျွေးမွေးဧည့်ခံဖို့ ချက်ပြုတ်နေကြပါပြီ။

အလှူမဏ္ဍပ်အတွင်း၌ ငါးဆူတောင်မှ ရွာသူ ပျိုမေတွေကလည်း အလှဆုံးဝတ်ဆင်ကြ၍ လုပ်အားပေးနေကြပါသည်။

ဆိုင်းဝိုင်းကြီးကလည်း မြို့ငှေ့အောင် တီးပေးနေပါသည်။ လူတွေကလည်း ထမင်းရံ့ထဲ၌ မြို့ငှေ့မြို့ငှေ့ ဆိုင်ဆိုင်စားနေကြသည်ကို တွေ့ရပါသည်။ မနက်ဖြန် ထီးတင်ချိန်တွင် ထို့ထက်မက လူတွေရောက်လာပါဦးမည်။ အစောကလှအလှူပြောတီးတာတောင် ထကနေလျှင် စည်တော်သံတီးပါက ဤလူအုပ်ကြီး အကုန်ကနေလောက်မည် ထင်ပါသည်။ ထိုနေ့က တစ်ရွာလုံး မည်သူမျှ အလုပ်မဆင်းပါ။ ဘုရားထီးတင်ပွဲနှင့် အကျွေးအမွေးအတွက် ဝိုင်းလုပ်ကြပါသည်။

စေတီတော်ကြီး၏ ဘွဲ့တော်ကို ကျောက်တုံးကြီး တစ်တုံးတွင် ကျော်စိုးကိုယ်တိုင် ထွင်းပြီး မြေကြီးပေါ်တွင် အတုံးလိုက်ထောင်ထားပါသည်။ စာလုံးများနေရာတွင် ရွှေဆေးများ သုတ်ထားလိုက်၏။ မြို့ပေါ်နေ လူတန်းစား အထက်တန်းလွှာများက ဆေတုံ့ တဖျပ်ဖျပ် ရိုက်ကြပါသည်။

ကျော်စိုး၏ စိတ်ကူးက ထိုထက်မကပါ။ စောင်းတန်းလေ့ကား မုခ်ဦးဝ ခြေသုံ့ပုံ စသည်တို့ကို ဂဝံကျောက်များဖြင့်လုပ်ဖို့ ရည်ရွယ်ထားပါသည်။ ဘုရားရင်ပြင်ကို ဂဝံသားခင်းပြီး ကျောက်စက်ဖြင့် အချောကိုင်ပါမည်။

ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ မနက် ၉ နာရီတိတိတွင် ထီးတော်တင်ပါသည်။ တင်ပြီးသည်နှင့် ဗိသုကာဆရာကြီး ပေးထားသော စာရွက်ထဲမှ ဂါထာများကို ရွတ်ဖတ်ပူဇော်ပါသည်။

ပြီးသောအခါ ရွှေဖလားဆဲမှ ငွေစက္ကူများ နှိုက်၍ လွှင့်ငွေမိုး ရွာပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထီးတော်ကို မနေသောအချိန်တွင် အောင်ဝင်းဗိုလ်ဆိုင်းက ကောင်းကင်ကြိုးတီးလုံးဖြင့် ပူဇော်ပေးပါသည်။ ထို့နောက် အောင်စည် အောင်မောင်းတီးခတ်ပြီး စည်တော်ရွှမ်းပါသည်။

စည်တော်ရွှမ်းသောအခါ လူတော်တော်များများ ကနေကြပါသည်။ စည်တော်သံပြီးသောအခါ အဆိုတော်အမျိုးသမီးတစ်ယောက် သီဆိုသံ ထွက်လာပါသည်။

ခေတ်ပေါ် သီချင်းဖြစ်၍ လူငယ်များ သဘောကျပြီး အားလုံး လိုက်ဆိုနေကြ၏။ သံချိုင့်အိုင်အတွင်း အုံးအုံးကျက်ကျက်ပါပဲ။

သီချင်းသံမှာ. . .

"ကျောက်တူးသမားလေးရယ် လောပန်ဖြစ်ဖို့ အားမငယ်ပါနဲ့ကွယ် ××× ဘဝသံသရာလောတရဲ့ အလယ်မှာ ××× ဆင်းရဲတာရယ် ချမ်းသာတာရယ် အများကြီးရှိပါတယ် ××× ကံမခိုင်သေးတော့ သံတိုင်ကိုင်ပြီး ကျောက်တူးရတာ အထင်တော့ မသေးပါနဲ့ ××× တကယ်တော့ ကျောက်တူးသမားများဟာ ××× လောပန်းလောင်းတွေပါ"

ကျော်စိုးသည် စေတီပေါ်မှ ချက်ချင်း မဆင်းသေးဘဲ မျော်ရွှင်နေကြသော လူအုပ်ကြီးကိုကြည့်ပြီး ကိုလှမောင်ကြီးသာ ရှိခဲ့ရင် ဘယ်လောက် ကောင်းမလဲဟု စိတ်မကောင်းဖြစ်နေမိပါသည်။

သန်ဘက်ခါ လပြည့်ကျော် နှစ်ရက်တွင် ဘုရားအနေကဇာတင် ရေစက်ချပေတော့မည်။

'ဩော်- တိုက်ဆိုင်လိုက်တာ၊ ဒီနေ့ ပုဒ္ဓဟူးနေ့ဆိုတော့ သူမွေးနေ့ပါလား၊ ဘုရားထီးတင်လိုက်တယ်ဆိုတော့ သူက ဒီထက်မြင့်မြတ်တဲ့ဘဝကိုရောက်တော့မှာပေါ့၊ ဟုတ်မှာပါလေ၊ ဒီအလှူက သူ့ကိုအကြောင်းပြုပြီး လှူဖြစ်တာဆိုတော့ သာဓု သာဓု သာဓု'

ကျောက်ဆစ်ပန်းပုနှင့် ဗီသုကာဆရာကြီးရောက်လာအောင်လည်းသူတို့လောကသားတွေသာ ပြုလုပ်နိုင်ပါမည်။ သံပဋ္ဌာန်းဆက်နှင့်သူ မှန်မှလည်း အစစအဆင်ပြေမှာပါ။

တကယ်တမ်း ဆန်းစစ်ကြည့်မည်ဆိုလျှင် ကျောက်ကြီးလှမောင်၏ တမလွန်ဘဝမှ အထောက်အကူ မရခဲ့လျှင် ဤသို့ဖြစ်လာလိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် ဤနေရာ၌ သံချိုင့်အိုင်သာသနာပေါ် ထွန်းလာခြင်းဖြစ်ပါသည်။ ထို့ကြောင့် မူလဘူတ ဘုရားဒကာကြီးကတော့ ကျောက်ကြီးလှမောင်ပဲ ဖြစ်ပါသည်။

ကြည်မင်းခဲ (အောင်မြေသာယာ)

ဆရာဦးပိုင်ဇအောင် (ဝိဇ္ဇာဘွဲ့)

လက္ခဏာဗေဒင်အောစန်း

တိုက် (၄၀)၊ အခန်း (B-1)၊ မြေညီထပ်၊ မဟာဗျိုင်္ဟဘိမုခထိပ်၊ ဥဒါဇာရုပ်၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံဖြို့နယ်။

ဖုန်းနံပါတ်၊ ဖုန်းနံပါတ်

- ပြည်ပ နိုင်ငံခြား ပညာသင် လွှေးချယ်ခံရဖို့။
  ပြည်ပ သွားရောက်လုပ်ကိုင်ခွင့် စာမေးပွဲကို အမှတ်များများရရှိ
  အောင်မြင် လွှေးချယ်ခံရစေဖို့။
  နိုင်ငံခြားမှ အလုပ်ခေါ်စာ အမြန်ဆုံးရောက်လာစေဖို့။
  မိမိသွားဖို့ လျှောက်ထားသော (သို့) ရည်မှန်းထားသော ပြည်ပနိုင်ငံကို
  အခက်အခဲမရှိ လွယ်ကူအဆင်ပြေစွာ အမြန်ဆုံးသွားရစေဖို့။
  ပြည်ပ နိုင်ငံခြား ရောက်ရှိနေသူ အမြန်ဆုံးပြန်လာစေဖို့။

● နိုင်ငံခြား သင်္ဘောသားသစ်များ အလိမ်အညာမခံရဘဲ နိုင်ငံခြားသင်္ဘော အမြန်ဆုံးတက်ရဖို့ ● နိုင်ငံခြား သင်္ဘောသားဟောင်းများ လိုင်းကောင်း၊ သင်္ဘောကောင်းမှာ လစာကောင်းဖြင့် အမြန်ဆုံး ပြန်တက်ရဖို့ ● နိုင်ငံခြားသင်္ဘောမှာ အစစအရာရာ အဆင်ပြေပြီး ဘေးရန်ကင်း ကျန်းမာစွာဖြင့် စာချုပ်သက်တမ်း ပြည့်သည့်အထိ ခိုင်မြဲစွာလုပ်ကိုင်ရဖို့ ● နိုင်ငံခြားသင်္ဘောဆိုင်ရာ အဆင့်ရာထူးတိုး (ရေးပြေး၊ လက်ငယ်) စာမေးပွဲများ အခက်အခဲမရှိ တစ်ကြိမ်တည်းနဲ့ ဖြေဆိုအောင်မြင်ဖို့။ | နှည်းလမ်းကောင်းများရှိပါတယ်

www.burmeseclassic.com

www.burmeseclassic.com

ကြက်ခြေနီဗိုလ်ချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

"တောက်"

ရေကုန်မှာ မျက်နှာသစ်၊ သွားတိုက်နေတုန်း ဝင်းကိုကို၏ စူးရှပြင်းထန်သော တောက်ခေါက်သံကို ကြားလိုက်ရသည်။

"စောစောစီးစီး ဘာတွေ ဒေါသထွက်နေတာလဲ ကိုယ့်ကောင်ရ"

"မပြောချင်တော့ပါဘူး အစ်ကိုရာ၊ ဒီမှာလေ ညတုန်းက ကြက်ခြံထဲကို မြွေဝင်မွေသွားတာ၊ ကြက်သားမိ တစ်အုပ် အတုံးအရုံးပဲ"

မြေပြင်တွင် စုပုံထားသော ကြက်သေများအား မေးထိုးပြ၏။

ကျွန်တော်လည်း သူ့ခြံထဲဝင်ကာ သေချာကြည့်လိုက်တော့ ကြက်မကြီးအပါအဝင် ကြက်ပေါက်ကလေး (၈) ကောင် ပြာဟောက်ပြီး သေနေတာတွေ့၏။ ဝင်းကိုကိုက သူ့ခြံထဲကို မြွေဝင်တာလို့ သေချာပေါက် ပြောနိုင်တာကလည်း ဒီအကြိမ်နဲ့ဆို (၂) ကြိမ်ရှိပြီဖြစ်၏။

အစပထမကတော့ ဝင်းကိုကိုလည်း မြွေလား၊ ကင်းလား မသိသေး၊ သူ့လိုပဲ တစ်ပိုင်တစ်နိုင် ကြက်မွေးသည့် ဝင်းဦးကျော်ဆိုသော သူ့သူငယ်ချင်းက ပြောသောကြောင့် မြွေမှန်း သိရခြင်းဖြစ်၏။ မြွေတောင်မှ မြွေဟောက်လို့ပင် အတိအကျ ပြောနိုင်သည်က အနီဝင်းဦးကျော်သည်ပင် မြွေဟောက် ဒုက္ခပေးတာ အတော်များများ ခံစားရဖူးလို့ပင် ဖြစ်၏။

ဝင်းကိုကိုရဲ့ သူငယ်ချင်း ဝင်းဦးကျော်နှင့် ကျွန်တော်လည်း အတန်အသင့် ရင်းနှီးတာကြောင့် ကြက်ဆွေသော မြွေဟောက်များအကြောင်းကို ပြောပြဖူး၏။

မြွေဟောက်များသည် ကြက်ခြံထဲသို့ ဝင်ရောက်ပြီး ပထမဦးစွာ အဆိပ်ဒွေများအား မှုတ်ထုတ်ကာ ကြက်များအား တိုက်ခိုက်ကြောင်း၊ ခံနိုင်ရည်နည်းပါးသော ကြက်ပေါက်စလေးများသည် ချက်ချင်းဆိုသလို သေဆုံးတတ်ပြီး ကြက်ကြီးများကတော့ မျက်စိကန်း၊ မူးဝေပြီး ဟိုပျံဒီသန်း လုပ်နေစဉ် လျင်မြန် သွက်လက်သော မြွေဟောက်၏ တိုက်ခိုက်မှုကြောင့် သေဆုံးရကြောင်း၊ မြွေဟောက်များသည် ကြက်ပေါက်စများအား အမှားအားဖြင့် ကိုက်ခဲသွားတတ်ပြီး ကြက်အကောင် ကြီးလျှင် ခေါင်းပိုင်းကိုသာ ဖြတ်တောက် စားသောက်ပြီးမှ လိုရာသို့ ပြန်သွားတတ်ကြောင်း၊ အထူးသဖြင့် ကြက်ခေါင်းကို တြိုက်နှစ်သက်ကြကြောင်း၊ ကြက်ခြံတစ်ခြံသို့ အောင်မြင်စွာ ဝင်ရောက်ပြီး ပါက (၁)ရက်ခြား၊ (၂)ရက်ခြား အချိန်နာရီမှန် ရောက်လာတတ်ကြောင်း ဗဟုသုတအဖြစ် ဝင်းဦးကျော်မှ ပြောပြခဲ့ဖူး၏။

"ကြက်ခြံထဲ မြွေဝင်မွေတာ မင်းမသိလိုက်ဘူးလား ဝင်းကိုကို"

"ပြီးခဲ့တဲ့ ထစ်ခါက စက်ရုံမှာ ဂျူတီကျနေလို့၊ အခုတစ်ခါက သူငယ်ချင်းတစ်ယောက် ရာထူးတိုးလို့ ပါတီလုပ်တဲ့ပွဲမှာ ရေချိုန်လွန်ပြီး အိမ်ရောက်တော့ မှောက်သွားတာ၊ ခေါင်းကို မထူနိုင်ဘူး၊ မိန်းမကလည်း မလွန်ရွာထဲက သူ့အမေအိမ်မှာ သွားအိပ်ပေးနေရတယ်"

ကျွန်တော့်ကို မြွေဟောက်အဆိပ်မိပြီး သေဆုံးသွားသော ကြက်မကြီး (ခေါင်းမရှိတော့ပါ) အား တစ်ချက် စောင်းကြည့်ပြီး -

"ကဲပါကွာ၊ မြွေဟောက်အဆိပ်မိပြီး သေတာဆိုပေမယ့် စားချင်ရင် စားလို့ရတယ်လို့ မင်းသူငယ်ချင်း ဝင်းဦးကျော်က ပြောဖူးတယ်၊ ငါ့ကို မင်းကြက်မ သေကို လျှော့ဈေးနဲ့ရောင်း၊ ငါ ဝယ်ပါ့မယ်"

"အစ်ကိုစားချင်ရင် ပို့ကဆံမပေးပါနဲ့ ယူသွားပါ၊ စားလို့ကော ရရဲ့လား၊ တော်ကြာ တစ်ခုခုဖြစ်နေဦးမယ်"

ကျွန်တော် ဘာမှ ပြန်မပြောတော့ဘဲ ကြက်သေကိုကောက်ယူကာ အိမ်ဘက်ပြန်ကူးလာပြီး ရေနွေးအိုးတည်ကာ ကြက်မွေးနုတ်၊ ခုတ်ထစ်ပြီး ဆား နနွင်းနယ်ပြီး မိန်းမလက်သို့အပ်ကာ ဒန်အိုးဖုံးဖွင့်ပြီး လုံးထားခိုင်းလိုက်သည်။ ပြီးတော့ အဝတ်အစားလဲကာ မလွန်ဈေးထဲမှ 'ထာဝရကဖီး' သို့ လက်ဖက်ရည်သောက်ရန် ခြေဦးလှည့်လိုက်တော့၏။

❂

"ဗိုလ်နေရေ တစ်ခွက် တစ်ပွဲ"

လက်ဖက်ရည်ဆိုင်သို့ ရောက်တော့ စားပွဲအလွတ်တစ်ဝိုင်းမှာ ဝင်ထိုင်ပြီး အထက်ပါအတိုင်း မှာလိုက်၏။ ဆိုင်ပိုင်ရှင်၊ အဖော်ဆရာ၊ စားပွဲထိုး စတဲ့ (၃) ခုသော ရာထူးများအား ပိုင်ဆိုင်ထားသည့် ကိုနေလင်း (ကျွန်တော့် အခေါ် ဗိုလ်နေ) သည် သောက်နေကျ ကျွန်တော်မှာသည်နှင့် လက်ဖက်ရည် ကျဆိမ့် တစ်ခွက်၊ ပဲပလာတာ တစ်ပွဲ လာရောက်ချပေး၏။

ဗိုလ်နေချပေးသော ပဲပလာတာအား စားလိုက်၊ လက်ဖက်ရည် တစ်ငုံသောက်လိုက်နဲ့ လျှာဖျား အရသာခံနေစဉ် -

"ကိုဘဒင် တစ်ယောက်တည်းလား၊ အစ်ကိုတို့အဖွဲ့ကော မမြင်ပါလား"

အမေးစကားသံနှင့်အတူ ကျွန်တော့် အိမ်ဘေးအိမ်မှ ဝင်းကိုကိုရဲ့ သူငယ်ချင်း ဝင်းဦးကျော်တစ်ယောက် ထိုင်ခုံအလွတ်မှာ ဝင်ထိုင်ပြီး ရေနွေးတစ်ခွက်ငှဲ့သောက်နေ၏။ သူပြောတဲ့ ကျွန်တော်တို့အဖွဲ့ဆိုတာ လက်ဖက်ရည်သောက်ရင်း စာအကြောင်း ပေအကြောင်းများ ဆွေးနွေးငြင်းခုံကြသည့် ကျွန်တော့်စာပေ မိတ်ဆွေများကို ပြောတာဖြစ်၏။

"အေးကွာ. . . ငြင်းမယ့် ခုံမယ့် သူတွေက မလာကြသေးဘူး၊ လက်ဖက်ရည်သောက်ရင် မှာလိုက်လေ"

ဝင်းဦးကျော်ရဲ့ အမေးကို ပြန်ဖြေပြီး လောကဝတ်စကား ဆိုလိုက်၏။ အခြားဆိုင်က သောက်လာခဲ့ပြီဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com

အကြောင်း ငြင်းပယ်ကာ သူ့ထံသို့ စောစောတုန်းက ဝင်းကိုကို ဖုန်းဆက်သောကြောင့် ကြက်ခြံထဲ မြွေဟောက် မွေတဲ့အကြောင်း သိခဲ့ရတဲ့အကြောင်း သူပြောတာကို နားထောင်နေလိုက်၏။ အဲဒီအချိန်မှာ သူထပ်ဆင့်ကာ ပြောတဲ့ စကားကြောင့် ကျွန်တော် စိတ်ဝင်စားသွား၏။

"ဝင်းကိုကို အိမ်က ကြက်ခြံထဲ ဝင်မွေသွားတဲ့ မြွေဟောက်ကို ကျွန်တော် ထောင်ချောက်ဆင်ပြီး ဖမ်းပေးမယ်လို့ ပြောထားလိုက်တယ်"

ဘယ်လို ထောင်ချောက်ဆင်ဖမ်းမှာလဲလို့ မေးတော့ အစ်ကို လေ့လာချင်ရင် မနက်ဖြန်ညတဲ့ထော့ ဝင်းကိုကို တို့ အိမ်ဘက်ကို ကူးလာခဲ့လေဟုပြောကာ ရေနွေးတစ်ခွက်ထည့် အင့်သေအောင်မူတ်၊ ပြီးတော့ တစ်ကျိုက်တည်း မော့သောက်ကာ ကျွန်တော့်အား နှုတ်ဆက်ပြီး 'ထာဝရကဗီး' လက်ဖက်ရည်ဆိုင်မှ ခပ်သုတ်သုတ် ထွက်ခွာသွားတော့၏။

○

"ဗျို့... ကိုဘဒင်၊ ဝင်းဦးကျော်ရောက်နေပြီ၊ အိမ်ဘက် လာခဲ့တော့လေ အစ်ကို"

တနင်္ဂနွေနေ့မို့ တီဗီထိုင်ကြည့်နေတုန်း တစ်ဖက်အိမ်မှ ဝင်းကိုကို၏ ခေါ်သံကြောင့် မိန်းမအား ခဏသွားဦးမယ်ဟုပြောပြီး ဝင်းကိုကို အိမ်ဘက်သို့ ကူးသွားလိုက်၏။

"လာ... ကိုဘဒင်၊ ရာသီဥတုက ကိုယ့်ဘက်ပါတယ်၊ ထမင်းစားရသေးခင် နည်းနည်းပါးပါး မှီဝဲပါလား"

ဝင်းကိုကိုအိမ်ရဲ့ ဧည့်ခန်းစားပွဲမှာ အရက်ထည့်၊ ရေငှဲ့နှင့် အလုပ်ရှုပ်နေသော ဝင်းဦးကျော်က ပွဲတောင်းလာသောကြောင့် - တစ်ချီတစ်မောင်းကရန် ခေါင်းညိတ်အတည်ပြုပြီး ခုံလွတ်မှာ ဝင်လိုက်၏။ ဝင်းကိုကိုကတော့ မီးဖိုခန်းထဲမှာ တရှဲရှဲနှင့် ဘာတွေကြော်တယ်မသိ။ အမြည်းလုပ်နေတာ ဖြစ်မည်။

ခဏကြာတော့ ကြော်ပန်းကန်ပြားတစ်ချပ်ကို စားပွဲပေါ် တင်ပြီး -

"ကိုဘဒင် မြည်းဗျာ၊ ကြက်ရိုးကြော်ထားတာ"

"မင်းကြက်ရိုးက ခေါင်းလည်းမပါပါလားကွ"

ကြက်ခေါင်းဆို အင်မတန် နှစ်ခြိုက်သည့် ကျွန်တော်က မေးတော့-

"ဒီကောင် ဝင်းဦးကျော်လေ၊ ကျွန်တော့်ကို ကြက်ရိုးနှစ်စုံ ဝယ်ခိုင်းပြီး ခေါင်းနှစ်ခေါင်း ချန်ထား၊ ကျန်တာတွေ အမြည်းလုပ်ဆိုလို့ ကြက်ခေါင်းနှစ်ခုကို အစိမ်းတိုင်း ချန်ထားလိုက်တာ"

တကယ်ဆို စားပွဲထဲမှာ ကြက်ရိုးသွားဝယ်ရင် ခေါင်း၊ လည်ချောင်း၊ တောင်ပံ နှစ်ခု၊ ခြေထောက် နှစ်ခုကို တစ်ကောင်စာ အရိုးဟုသတ်မှတ်ကာ ရောင်းချသည်ဖြစ်၏။ ကြက်ရိုး နှစ်စုံဆိုလျှင် ခေါင်းနှစ်ခေါင်း ပါရမည်ပေါ့။ အခု ခေါင်းနှစ်ခေါင်းကို ဘာကြောင့် ဖယ်ထားတာလဲ။

သိချင်စိတ်က တားမရတော့တာကြောင့် ဝင်းဦးကျော်ကို မေးတော့ မြွေဟောက်ကို ထောင်ချောက်ဆင်ဖမ်းမယ့် ထောင်ချောက်ရဲ့ ဖွဲ့စည်းပုံထဲမှာ ကြက်ခေါင်းက မပါမဖြစ်သော အစိတ်အပိုင်းတစ်ခုဟုပြောကာ ၎င်း၏ အကျိုးအတိတ်ကပ်ထဲမှ စတ္ထုဒုတိယ တစ်ထုပ်ကို နှိုက်ထုတ်ကာ ဖြည်လိုက်၏။

အမည်းရောင် နိုင်လွန်ကြိုး (ငါးမျှားကြိုး) တစ်ခွေနှင့် ငါးမျှားချိတ်များ။

ဝင်းဦးကျော်က -

"ဒီကြိုးတွေရယ်၊ ငါးမျှားချိတ်ရယ်၊ ကြက်ခေါင်း နှစ်ခေါင်းရယ်ကို အသုံးပြုပြီး မြွေဟောက်ကို ဖမ်းမှာလေ၊ ဒီနည်းကို ထုံးတိုနှက်ရုံမှာ တာဝန်ကျတုန်းက 'စောအကင်း' ဆိုတဲ့ ကရင်အမျိုးသားတစ်ယောက်ဆီက ရခဲ့တာ၊ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်အိမ် ကြက်ခြံမှာရော၊ မိတ်ဆွေအချို့ ကြက်ခြံတွေမှာရော အနည်းဆုံး ဆယ်ကြိမ် ထက်မနည်း စမ်းသပ်ခဲ့ပြီးမှ အောင်မြင်တာချည်းပဲ"

ပါးစပ်က မြောလည်မြောလည်၊ လက်ကလည်း အသင့်ယူလာသော ကြိုးညှပ်ကတ်ကြေးလေးနှင့် အနက်ရောင် နိုင်လွန်ကြိုးခွေအား ဖြေချပြီး နှစ်တောင်သာသာ ကြိုးအဖိုင်း ရှစ်ပိုင်း ပိုင်းလိုက်၏။ ခဏရပ်ထားပြီး အရက်သောက်၊ အမြည်းစား၊ ဆေးပေါ့လိပ် တစ်ဖွာ၊ နှစ်ဖွာဖွာပြီး ဆေးပေါ့လိပ်အား ခဲထားရင်း ဖြတ်တောက်ထားသော ကြိုးစများ၏ ထိပ်တစ်ဖက်တွင် ငါးမျှားချိတ် တစ်ချောင်းစီ ဦးခံ့အောင် ချည်နှောင်၏။ ငါးမျှားချိတ် တပ်ဆင်ပြီးသား ကြိုးစ ရှစ်ချောင်းအား လေးချောင်း တစ်စုခွဲကာ ပူးတွဲချည်နှောင်ပြန်၏။

ပြီးနောက် အမြည်းမလုပ်ခဲ့သည့် အစိမ်းတိုင်းထားခဲ့သည့် ကြက်ခေါင်း နှစ်ခေါင်းအားယူကာ စောစောက ငါးမျှားချိတ် လေးချောင်းတစ်စု တွဲထုံးထားသော ငါးမျှားချိတ်များကို ကြက်ခေါင်း အရေပြားထဲတွင် မြှုပ်ထားလိုက်၏။

"ထောင်ချောက်ဆင်ဖို့အတွက် ပြင်ဆင်ပြီးသွားပြီ၊ ကြက်တွေ အိပ်တန်းတက်တာနဲ့ မြွေဟောက်စစ်ဆေးရေးစယ်၊ ငါးလေးလောဆယ် ဒါလေးထပ်ချလိုက်ဦးမယ်"

ဟုဆိုကာ ဖန်ခွက်ထဲက လက်ကျန်အရက်ကို မော့သောက် အမြည်းစားနေလေ၏။

○

ကြက်တွေ အိပ်တန်းတက် ညမှောင်ဘက်သို့ ရောက်သောအခါ ဝင်းဦးကျော်တစ်ယောက် ဝင်းကိုကို၏ ကြက်ခြံထဲတွင် အောက်ပါအတိုင်း ထောင်ချောက်ဆင်လိုက်တော့၏။

စောစောက ပြင်ဆင်ထားသော ငါးမျှားချိတ် လေးချောင်းတစ်စု တွဲထားကာ ကြက်ခေါင်းတစ်ခေါင်းစီ ဖောက်ထည့်ထားသည့် ငါးမျှားချိတ်အတွဲ နှစ်တွဲအား တစ်နေရာစီခွဲကာ ကြိုးလေးချောင်း တွဲထုံးထားသည့်နေရာ အတွင်း

www.burmeseclassic.com

www.burmeseclassic.com

ပိုင်းကို အတက်ပါသော ဝါးတက်အား အဖျားချွန်ပြီး မြေကြီးထဲသို့ ဝါးအတက် ထောက်အောင် ရိုက်သွင်းရသည်။ ဝါးတက်မှ နိုင်လွန်ကြိုးများ မြဲမြံစေရန် လေးခွသားရေကြိုးများနှင့် လေးခွစည်း သုံလို စည်းထားရမည်ဖြစ်၏။

"ကဲ ထောင်ချောက်ဆင်ပြီးပြီ၊ မြွေဝင်မယ့် အချိန်ကို စောင့်ကြည့်ရတော့မှာပဲ၊ ဒီကောင် ဒီည သေချာပေါက်လာမှာ"

ထောင်ချောက်ဆင်ပြီးပြီးချင်း ဝင်းဦးကျော်က ပြော၏။ တစ်ဆက်တည်းမှာ ဝင်းကိုကို၏ အိမ်ဦးခန်းတွင်းမှ အသုံးတော်ခံ လက်ကျန်ယမကာများကို ဆက်ဖြိုရန်အတွက် သတိပေးတပ်လှန့်လိုက်သည်ဖို့ အိမ်ပေါ်ပြန်တက်ပွဲဆက်လိုက်တော့၏။

❂

"ကတော် ကတော် ဟော် ပိတ်ချိ ပိတ်ချိ ဖြန်း ဖြန်း ဖြန်း"

ယမကာအရှိန်နဲ့ ဝင်းကိုကို၏ ဦးခေါင်း ဆက်တီခုံပေါ်တွင် မှေးခနဲ အိပ်ပျော်သွားသော ကျွန်တော်တို့လည်း ကြက်ခြံမှကြက်များ လန့်ဖျပ်အော်သံများကြောင့် ကမန်းကတန်း ဓာတ်မီးယူ၊ တုတ်ဆွဲယူကာ ကြက်ခြံဘက်သို့ သွားကြည့်ကြ၏။

"ဝင်းကိုကို၊ ကြက်ခြံထဲမှာရှိတဲ့ မီးတွေကိုဖွင့်၊ မှောင်ရိပ်ကျတဲ့ နေရာတွေ ဓာတ်မီးနဲ့ သေချာထိုး၊ တကယ်လို့ မြွေဟောက်သာ ကြက်ခြံထဲဝင်ရင် အဖော်တစ်ကောင် ပါလာတတ်တယ်"

ဝင်းဦးကျော်၏ သတိပေးစကားသံကြောင့် ဝင်းကိုကို အိမ်ပေါ်ပြန်တက်ကာ မီးခလုတ်များဖွင့်၏။

ကြက်ခြံမီးများ လင်းသောအခါမှ ကြက်ခြံနားသို့ သတိနှင့်ကပ်ကြည့်လိုက်တော့ -

"ရှူး . . . ဘုတ် ရှူး . . . ဘူတ်"

နည်းတဲ့အကောင်လားဗျာ၊ လူကြီးလက်ကောက်ဝတ်ထက် လျော့မယ်မထင်။ ရှူးခနဲ ပါးပျဉ်းထောင်ဖို့ ကြိုးစားလိုက်။ မြေပြင်ကို ဘုတ်ခနဲ ပြန်ကျလိုက်နဲ့ ဖြစ်နေ၏။ ကြက်တွေကလည်း ဂနာမငြိမ် ဖြစ်နေဆဲ။ မြွေဟောက်ကြီးလည်း လူသံကြားတော့ ဒေါသပိုထွက်လေသလား မသိ။ ပါးပျဉ်းအတွင်းတွင် ထောင်ကာ ရန်စောင့်ဖိုကြိုးစားနေ၏။ ဒီကောင်ကြီးမှာ အဖော်မပါလာပေ၊ ပါလာလျှင်လည်း ထောင်ချောက်မိမှာ သေချာသည်ဟု ဝင်းဦးကျော်က ပြော၏။ တစ်ဆက်တည်း ဝင်းဦးကျော်က ပင် -

"ပွဲကတော့ ပြီးသွားပြီ၊ ကဲ-ဝင်းကိုကို မင်းကြက်တွေကို ဘဝပြောင်းပေးပြီး မင်းကို ဒုက္ခကောင်းကောင်းပေးတဲ့ အကောင်ကြီး အခုတော့ ဒုက္ခပြန်ခံစားနေရပြီ၊ ကြာလာရင် မောပြီးငြိမ်သွားလိမ့်မယ်၊ အခု တုတ်နဲ့ ဆော်တာ ကောင်းပါတယ်ကွာ" ဟုဆိုကာ ဝါးရင်းတုတ်နှင့် တဖြောင်းဖြောင်း ရိုက်ခွေးတော့၏။

မြွေကြီးလည်း ငြိမ်ကျသွားခါမှ-

"ကဲ . . . ဝင်းကိုကို၊ ဒီကောင်ကြီးကိုကိုင်ပြီး ချက်ထားကွာ၊ မနက်ဖြန် တနလ်ာနေ့ဆိုတော့ အလုပ်ဆင်းရမှာ၊ အလုပ်ဆင်းပြီး အပြန်ကျမှ အောင်ပွဲခံကြတာပေါ့၊ အခု ငါပြန်တော့မယ်၊ ငါ့မိန်းမက အိမ်မှာ တစ်ယောက်တည်း" ဟု ပြောပြောဆိုဆို ပြန်မည်လုပ်နေသည့်အတွက် -

"နေပါဦး ငါ့ကောင်ရ၊ လက်ကျန်အရက်လေး ရှိသေးပါတယ်၊ အဲဒါလေး ဆက်ရှင်းရင်းနဲ့ ဒီကောင်ကြီး (ထောင်မိသော မြွေဟောက်အား မေးငေါ့ပြကာ) ထောင်ချောက်မိပုံမိနည်းကို လင်းသွားပါဦး"

"လက်ကျန်တော့ မရှင်းပါရစေနဲ့" ဟုဆိုကာ ဝင်းဦးကျော်မှ မြွေဟောက်ထောင်ချောက်မိပုံအား ပြောပြလေ၏။

"ဒီလို ကိုဘဒင်ရ၊ ကျွန်တော် ငါးမျှားချိတ် ထောင်ချောက်ကို နှစ်ခုခွဲပြီး ထောင်ချောက်ဆင်ရတာက တစ်ခုမဟုတ်တစ်ခုမိအောင်ရယ်၊ မြွေဟောက်နဲ့အတူ အဖော်တစ်ကောင်ပါလာရင် နှစ်ကောင်လုံးမိအောင် လုပ်ထားတာ၊ အခု ထောင်ချောက်မှာမိနေတဲ့ မြွေဟောက်က အစာကိုသာမြင်ပြီး အစာဖြစ်တဲ့ ကြက်ခေါင်းထဲမှာ မြှုပ်ထားတဲ့ ငါးမျှားချိတ်ကို မမြင်ဘဲ ကမူးရှူးထိုး ကောက်မျိုချလိုက်ပြီး လိုရာကို ပြန်ထွက်သွားဖို့အလုပ်မှာ ကြက်ခေါင်းထဲက ငါးမျှားချိတ် (၄)ချောင်းနဲ့တွဲထားတဲ့ နိုင်လွန်ကြိုးတွေလည်း တင်းလာတယ်၊ နိုင်လွန်ကြိုးတွေတင်းလာထော့ ငါးမျှားချိတ်တွေလည်း အသက်ဝင်ပြီး မြွေဟောက်ရဲ့ ဝမ်းဗိုက် ဒါမှမဟုတ် လည်ချောင်းတစ်ဝိုက်က နံရံတွေကို ငါးမျှားချိတ်တွေ စူးဝင်သွားတော့တာပေါ့။

ဒီကောင်တွေက ဒေါသကြီးတတ်တဲ့ကောင်တွေဆိုတော့ နာကျင်တာနဲ့အမျှ ပါးပျဉ်းခွက်ဖို့ ဟန်ပြင်တိုင်းဝိုက်ထဲမှာ စိုက်ဝင်နေတဲ့ ငါးမျှားချိတ်တွေက သူ့ဒေါသကို နှိပ်ကွပ်ရှင်းနဲ့ အဲဒီလိုမျိုး သံသရာလည်နေပြီး နောက်ဆုံးတော့ ဇာတ်သိမ်းသွားတော့တာပေါ့ဗျာ၊ ကဲ- ဒီလောက်သိရရင် ကျေနပ်ပါတယ်နော် အစ်ကို၊ သွားတော့မယ်"

ဝင်းကျော်ဦးတစ်ယောက် ပြောပြောဆိုဆို သူ့ရဲ့ စီးတော်ဆိုင်ကယ်ပေါ်တက်ခွ စက်နှိုးကာ ဝင်းကိုကိုရဲ့အိမ်ခြံထဲက ထွက်မသွားခင် အော်ပြောသွားသေးတယ်။

"ကိုဘဒင်က စာရေးဆရာဆိုတော့ ဒီအကြောင်းလေးရေးပြီး စာဖတ်ပရိသတ်တွေ ဗဟုသုတရအောင် ဖြန့်ဝေလိုက်ပေါ့" တဲ့။

ဘဒင် (မဏ္ဍန်မြို့ဖား)

❑

www.burmeseclassic.com

www.burmeseclassic.com

ဓိဓိငွေး

လမုယင်တန်းမှ

ပျူစောထီးမြဝင်

အချိန်ကား . . .

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်တစ်နှစ်ဖြစ်သည့် ၁၉၄၉ ခုနှစ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီ ဖြစ်၍ ငြိမ်းချမ်းပြီဟုထင်ခဲ့သော်လည်း အလံနီ၊ အလံဖြူ၊ ဝုကပများ စသည့် ရောင်စုံသူပုန်များ ထကြွခဲ့သည်။ ထိုသို့ဖြင့် ၁၉၅၆ ခုနှစ်သို့ ရောက်လာပါသည်။

ဖဆပလခေတ် အခါဖြစ်ပြီး အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်မှာ ဦးနုဖြစ်လာပါသည်။ ဝန်ကြီးချုပ် ဦးဆောင်ပြီး ဦးဗဆွေ၊ ဦးကျော်ငြိမ်း စသည့် ဖဆပလ အစိုးရအဖွဲ့၊ ပမညတ (ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု) အဖွဲ့များ မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့ပါသည်။

ပမညတအဖွဲ့သည် ပါလီမန်တွင် လူနည်းစု အတိုက်အခံဖြစ်ပြီး မလိုသူများက ထိုအဖွဲ့ကို ပေါင်မုန့်ညာတုတ်အဖွဲ့ဟု ပြောင်လှောင်ခေါ်ခဲ့ပါသည်။

ဦးကျော်ငြိမ်းတို့ အဖွဲ့သည် ရောင်စုံသူပုန်များကို ကာကွယ်ရန် မြန်မာနိုင်ငံအနှံ့အပြားရှိ ပျူစောထီး တပ်များ၊ ကာကွယ်ရေးတပ်များ ဖွဲ့ထားသည်။ အထူးသဖြင့် ကျေးရွာများတွင် သူကြီးက အုပ်ချုပ်ပြီး သူကြီး လက်အောက်တွင် ပျူစောထီးတပ်၊ ကာကွယ်ရေးတပ်များ ရှိသည်။

ပျူစောထီးတပ်သား၊ ကာကွယ်ရေးတပ်သားများကို ယူနီဖောင်း ဝတ်ဆင်ပေးပြီး သူကြီးကို မီးကျိုးမောင်းပျက်

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

သေနတ်ထုတ်ပေးထားသည်။ တပ်သားများမှာ 'ဒူးလေး' ဟုခေါ်သော မြားနှင့် ပစ်ရသည့် လက်နက်တစ်မျိုး ကိုင်ဆောင်ရသည်။ ထိုတပ်သားများကို စစ်သင်တန်းပေးထားသည်။ ကာကွယ်ရေးအဖွဲ့သည် မိမိတို့ကျေးရွာ လုံခြုံရေးကို တာဝန်ယူရသည်။ သူပုန်များ လာလျှင် သူပုန်များကို တိုက်ထုတ်ရသည်။

ရောင်စုံသူပုန်များမှာ အလံနီကွန်မြူနစ်၊ အလံဖြူ ပကပများ ဖြစ်သည်။ ၎င်းတို့အုပ်စုမှာ နိုင်ငံတော်အစိုးရကို မကြိုက်သဖြင့် တောခိုကာ ပုန်ကန်သူများ ဖြစ်သည်။

တချို့အရပ်ဒေသတွင် အလံနီကွန်မြူနစ်များ ကြီးစိုး၍ အချို့ဒေသတွင် အလံဖြူ ပကပများ ကြီးစိုးသည်။ အလံနီနှင့် အလံဖြူကလည်း တစ်ဖွဲ့နှင့် တစ်ဖွဲ့ မသင့်မြတ်ခေ့။ တောထဲတွင် အချင်းချင်းလည်း တိုက်ပွဲဖြစ်ကြသေးသည်။

အထူးသဖြင့် ရန်ကုန်မြို့နှင့် အလှမ်းဝေးသော တောရွာများတွင် အလံနီအဖွဲ့၊ အလံဖြူအဖွဲ့များက ဆက်ကြေး ကောက်ခံလေ့ရှိသည်။

တစ်လလျှင် ငွေဘယ်လောက် ထည့်ရန် အကြောင်းကြားပါက ထိုငွေပမာဏကို ပြည့်အောင်ပေးဆောင်ရသည်။ ထို့ပြင် ကြက်၊ ဝက်၊ ဘဲ စသည်တို့ကိုလည်း ရိက္ခာအဖြစ် ယူဆောင်သွားတတ်သည်။ ထိုသို့ ယူဆောင်သွားသော်လည်း မည်သူမျှ မပြောရဲကြပေ။ ပြောလျှင်လည်း ထိုနေရာတွင်ပင် အသက်ပျောက်သွားပေမည်။

ကာကွယ်ရေး ပျူစောထီးတပ်များကို ဖွဲ့စည်းပေးထားသော်လည်း လက်နက်ကိုင် အလံနီ၊ အလံဖြူအဖွဲ့ကို သေနတ်တစ်လက်၊ ဒူးလေး ဆယ်လက် ခန့်ရှိသည့် ပျူစောထီးအဖွဲ့မှာ မယှဉ်နိုင်ခေ့။

အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အလံနီကွန်မြူနစ်များ အများဆုံး စိုးမိုးနေထိုင်ကြပြီး ထိုနေရာရှိ ရွာထယ်ကလေးများမှာ သူတို့၏ စားကျက်နေရာ ဖြစ်သည်။

ဖျာပုံမြို့နယ်အတွင်းရှိ ကျုံကနန်ရွာကလေးမှာ အလံနီ၊ အလံဖြူများကို ဆက်ကြေးပေးရသည့် ရွာဖြစ်သည်။ ထိုရွာတွင် အိမ်ခြေနှစ်ရာကျော်ခန့်ရှိပြီး အေးချမ်းသာယာသည့် ရွာဖြစ်သည်။ ထိုရွာနှင့် မနီးမဝေးတွင် လမုပင်တန်းရှိသည်။ ရွာသူရွာသားများမှာ လယ်ယာလုပ်ကိုင်သူများ၊ ကိုင်းသမားများနှင့် တံငါသည်များ ဖြစ်ပါသည်။

ကျုံကနန်ရွာ၊ ကျုံကျပ်ရွာ၊ ညောင်ပင်ရွာ စသည့်ရွာများမှာ ဆက်စပ်ရွာတန်းရှည်ဖြစ်သည်။ တစ်ရွာနှင့် တစ်ရွာမှာ ဆွေမျိုးမကင်းသူများဖြစ်သည်။ ထိုရွာများတွင် အလံနီကွန်မြူနစ်များ ကြီးစိုးဝင်ထွက်သွားလာရာ နေရာဖြစ်သည်။

ကာကွယ်ရေးအဖွဲ့၏ ခေါင်းဆောင်မှာ မြဒင်ဖြစ်သည်။ သူ့ထံတွင် ဒူးလေးတစ်လက်သာရှိပြီး ရပ်ရွာလုံခြုံရေးအတွက် တာဝန်ယူထားသည်။ ကာကွယ်ရေးတပ်သား ငါးဆယ်ခန့်ရှိသည်။ သူတို့သည်လည်း ဒူးလေးကိုင်ဆောင်သူများဖြစ်သည်။

သူခိုး၊ ခိုးပြများရန်ကို ကာကွယ်ရေးအဖွဲ့က ကာကွယ်နိုင်သော်လည်း သေနတ်ကိုယ်စီကိုင်ဆောင်ထားသည့် ကွန်မြူနစ်အလံနီအဖွဲ့ ဝင်လာလျှင် မြဒင်တို့ အုပ်စုမှာ ကြက်ပျောက်ဌက်ပျောက် ပျောက်ကုန်သည်။

ကျေးရွာမှ ရွာသူရွာသားများကလည်း အလံနီများ တောင်းသည့် ဆက်ကြေးကို ဖြစ်အောင်ပေးသဖြင့် အလံနီများကလည်း သူတို့ကို ဒုက္ခမပေးဘဲ ပြန်သွားခဲ့ကြသည်။ သို့သော် ကာကွယ်ရေး ခေါင်းဆောင် မြဒင်မှန်းသိသဖြင့် မြဒင်ကို ဒုက္ခပေးမည်ဟု ကြိမ်းဝါးသွားခဲ့သည်။

"မင်းတို့ရွာမှာ ငါတို့တပ်တွေ လာရင် ခုခံဖို့ ကာကွယ်ရေး ခေါင်းဆောင်အဖြစ် မြဒင်ကို ခန့်ထားတယ်ဆို၊ အဲဒီအကောင်ကို ပြောလိုက်၊ ထမင်းဝအောင်စားထားလို့"

"ဟုတ်. . . ဟုတ်ကဲ့ ဗိုလ်ကြီး"

"အေး. . . ငါတို့ နောက်တစ်လမှာ ပြန်လာမယ်"

အလံနီခေါင်းဆောင်မှာ ဗိုလ်မဲလုံးဖြစ်သည်။ သူတို့အုပ်စုသည် ထိုရွာရှိ ရွာသူရွာသားများထံမှ တစ်လလျှင် တစ်ခါ ဆက်ကြေး လာကောက်လေ့ရှိသည်။

မြဒင်ကို ဤသို့ ကြိမ်းဝါးသွားသည့်အတွက် မြဒင်၏ချစ်သူ ပန်းနုမှာ မြဒင်အတွက် စိုးရိမ်မကင်း ဖြစ်နေခဲ့သည်။

"မောင်ကြီးရယ်. . . မောင်ကြီးကို ဗိုလ်မဲလုံးက ကြိမ်းဝါးသွားတယ်ဆို ပန်းနုဖြင့် မောင်ကြီးအတွက် အရမ်းစိုးရိမ်တာပဲ"

"သူပုန်နဲ့ ကာကွယ်ရေးဟာ တစ်နေ့မဟုတ်တစ်နေ့ တွေ့ကြရမှာပဲ၊ မောင်ကြီးတို့မှာ သူတို့နဲ့ အင်အားချင်း မယှဉ်နိုင်လို့သာ မာန်လျှော့နေရတာ၊ တစ်ယောက်ချင်းဆိုရင် လယ်ပြင်မှာ ယှဉ်ထိုးလိုက်ချင်တယ်"

"ဒါကတော့ မောင်ကြီးပြောတာမှန်ပါတယ်"

"ပန်းနုပဲ စဉ်းစားကြည့်ပါ။ သူတို့ဟာ မောင်ကြီးတို့အိမ်က ဆက်ကြေးတောင်းပြီး ကွန်မြူနစ်ဝါဒကို ကြွေးကြော်နေတာ၊ တကယ်တော့ မောင်ကြီးတို့ ပြည်သူတွေကို ဘာမှလုပ်ပေးတာ မဟုတ်ဘူး၊ မောင်ကြီးတို့ဆီက မသဒ္ဓါရေစာငွေတွေကို ခေါင်းပုံဖြတ်လုစားနေတဲ့ အကောင်တွေ။

မောင်ကြီးတို့မှာ နဖူးကချွေးခြေမကျတဲ့အထိ လယ်လုပ်ပြီး ရတဲ့ငွေတွေကို သူတို့ကို ဆက်ကြေးအဖြစ် ဆက်ရတာ ရင်နာလွန်းလို့ပါ၊ မောင်ကြီးက အဲဒီအကောင်တွေကို အရမ်းမုန်းတာပဲ၊ အင်အားချင်း မမျှလို့သာ အားမတန် မာန်လျှော့နေရတာ၊ ဒင်းတို့နဲ့ တစ်ချီတစ်မောင်းယှဉ်ပြီး တိုက်ဦးမယ်

www.burmeseclassic.com

www.burmeseclassic.com

"ဩော်. . . မောင်ကြီးရယ် စိတ်လျှော့ပါ။ သူတို့ဆီမှာ သေနတ်ရှိတယ်၊ ယှဉ်တိုက်ရင် ကိုယ်သေသွားမှာပေါ့"

"ပန်းနုက မော်ငြီးသေမှာစိုးလို့လား"

"ဩော်- မောင်ကြီးရယ် ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ့်ချစ်သူကို ဘယ်မိန်းကလေးက သေစေချင်ပါ့မလဲ"

"မောင်ကြီးကလည်း ဒသေပါဘူး၊ ပန်းနုနဲ့ မင်္ဂလာဆောင်ပြီး ကဇေးတွေ အများကြီးမွေးဦးမှာ"

"သွား၊ ဘာတွေ လာပြောနေတာလဲ၊ ရှက်စရာကြီး"

ပန်းနုမျက်နှာမှာ ရှက်သွေးဖြာပြီး ထိုနေရာမှ အဖြေးကလေး ထွက်ခွာသွားခဲ့သည်။ မြဒင်မှာ ပန်းနု၏ နောက်ကျောကိုကြည့်ရင်း ဗိတိဖြစ်နေသည်။ သူတို့ချစ်သူနှစ်ဦး၏ ချစ်ခရီးမှာ သာယာဖြောင့်ဖြူးနေပါသည်။

သို့သော် . . .

သူတို့နှစ်ဦး၏ ချစ်ခရီးမှာ မုန်တိုင်းနှင့်ကြုံရန် ဖြစ်ပေါ်လာခဲ့သည်။ ထိုနေ့က ဗိုလ်မဲလုံးတို့ဗန်းဖွဲ့ ဆက်ကြေးတောင်းရန် ထိုရွာသို့ ရောက်လာခဲ့သည်။ ယခင်ကရွာထိပ်တွင် ဆက်ကြေးကောက်ပြီး ပြန်သွားလေ့ရှိသည်။ ယခုမှာကား ဤသို့မဟုတ်။

ရွာသူရွာသားများနှင့် တွေ့ဆုံလိုသည်ဟုဆိုကာ လူစုခွဲင်းသဖြင့် ရွာလယ်ရှိ ကွင်းပြင်တွင် ရွာသူရွာသားများ စုဝေးရောက်ရှိလာခဲ့သည်။

ရွာသူရွာသားများထဲတွင် ထိုရွာ၏ အလှပဝေး "ကွမ်းတောင်ကိုင်ပန်းနု" တစ်ယောက်လည်း ပါဝင်ခဲ့သည်။

ဤသို့ ပန်းနု ပါဝင်ရန်လည်း တမင်ဖန်တီးခြင်း ဖြစ်ပါသည်။ ပန်းနု၏ လှပကြော့ရှင်းသည့် အလှသတင်းမှာ ဗိုလ်မဲလုံးထံသို့ ရောက်ရှိသွားခဲ့သည်။ ဗိုလ်မဲလုံးသည် ပန်းနုတို့ အပျိုတစ်သိုက် ရေခဝဲဆင်းချိန်တွင် ရုပ်ဖျက်၍ စောင့်ကြည့်ခဲ့သည်။ ဤတွင် ပန်းနု၏အလှမှာ ကြားရသည့်သတင်းထက်ပင် ပို၍လှပနေသဖြင့် ပန်းနုကို မြင်လျှင်မြင်ချင်း ချစ်ကြိုက်သွားခဲ့သည်။ ထို့ကြောင့် ဤသို့ အကွက်ဆင်ကာ ရွာသူရွာသားများကို စုဝေးခိုင်းခြင်း ဖြစ်သည်။

ပန်းနုအပါအဝင် တစ်ရွာလုံးရှိ ရွာသူရွာသားများသည် ရွာလယ်ရှိ ကွင်းပြင်ထဲတွင် ဗိုလ်မဲလုံးတို့ အလာကို စောင့်နေကြသည်။ မကြာမီ မြင်းခွာသံများကို စတင်ကြားလိုက်ရသည်။

"ခွပ်"

"ခွပ်"

"ခွပ်"

ဤအသံသည် လူဆိုးများလာနေပြီဖြစ်ကြောင်း ကြားရသည့် နိမိတ်ပုံပင်ဖြစ်သည်။ ၎င်းတို့မြင်းစီးလာသည့် အတွက် ဖုန်လုံးကြီးများကို လှမ်းမြင်နေရသည်။

ထိုစဉ်. . .

"ဒိုင်း"

ဟူသော သေနတ်သံတစ်ချက် ကြားလိုက်ရသည်။

ဤသည်မှာ သူတို့ရွာထိပ်သို့ ရောက်နေပြီဖြစ်ကြောင်း အသံပေးခြင်းပင် ဖြစ်ပါသည်။ ပန်းဖွားကကြိုးများ တပ်ဆင်ထားသည့်အတွက် မြင်းညှိကြီးကို ဗိုလ်မဲလုံးက စီးနှံပြီး ကျန်လက်နက်ကိုင် တပ်သားများမှာလည်း မြင်းကိုယ်စီနှင့်။

လက်နက်ကိုင် အလံနီငယ်သားများမှာ အယောက်လေးဆယ်ကျော်ခန့် ရှိပြီး ၎င်းတို့လက်ထဲတွင် ခေတ်မီသေနတ်များဖြစ်သော စတင်းဂန်း၊ ဘရင်းဂန်းနှင့် ရိုင်ဖယ်သေနတ်မျိုးစုံကို ကိုင်ဆောင်ထားသည်။ ၎င်းတို့၏ ယူနီဖောင်းမှာ ကာကီရောင်အကျီဖြစ်ပြီး ပုဆိုးတို့တို့ ဝတ်ဆင်ထားပါသည်။

ရွာလယ်ကောင်သို့ ရောက်သောအခါ ဗိုလ်မဲလုံးက စကား စတင်ပြောကြားခဲ့ပါသည်။

"ရွာသူရွာသားအပေါင်းတို့ ကျွပ်ကတော့ ခင်ဗျားတို့အားလုံး သိကြတဲ့ ဗိုလ်မဲလုံးပဲ၊ ကျွပ်တို့ဟာ ခင်ဗျားတို့လို တောင်သူလယ်သမားတွေရဲ့ဘဝကို မြင့်တင်ပေးဖို့ ရည်ရွယ်ချက်နဲ့ ကွန်မြူနစ်ဝါဒကို ထူထောင်ပြီး အဓိုးရကို ဆန့်ကျင်တဲ့အဖွဲ့ဖြစ်တယ်၊ ကျွပ်တို့ဟာ ပစ္စည်းမဲ့လူတန်းစားတွေကို ပစ္စည်းရှိလူတန်းစားတွေနဲ့ စီးပွားရေး တစ်ပြေးညီဖြစ်အောင် လုပ်ပေးမယ့် ဘုံဝါဒကို လက်ကိုင်ပြုထားတယ်"

ရွာသူရွာသားများမှာ 'ဘုံဝါဒ' ဆိုသည်ကို ဘာမှန်းညာမှန်းမသိချေ။

"အခု ခင်ဗျားတို့ တောင်သူလယ်သမားတွေရဲ့ဘဝဟာ ဆင်းရဲတွင်းနက်နေတဲ့အပြင် ကျွပ်တို့အစိုးရတက်လာရင် ခင်ဗျားတို့ ချမ်းသာအောင် ကျွပ်တို့လုပ်ပေးမယ်၊ အခုအချိန်ဟာ အစိုးရကို ဖြုတ်ချဖို့ တိုက်ခိုက်နေချိန်ဖြစ်လို့ ခင်ဗျားတို့က ကျွပ်တို့အဖွဲ့ကို ပစ္စည်း၊ ငွေနဲ့ ရိက္ခာတွေကို ဆက်ကြေးပေးရမယ်၊ ဒါမှ ကျွပ်တို့က ရှေ့ဆက်တိုက်ပွဲဝင်နိုင်မှာဖြစ်တယ်၊ ဒါနဲ့ တစ်ဆက်တည်း ပြောချင်တာကတော့ ကျွပ်ဟာ ကျွန်ုပ်ရွာနဲ့ ဆွေမျိုးတော်ချင်တယ်၊ ကျွပ်ရဲ့ သတို့သမီးအဖြစ် ဟောဟိုမှာ ထိုင်နေတဲ့ ပန်းနုကို ရွေးချယ်လိုက်တယ်"

"ဟင်"

"ဟာ"

ရွာသူရွာသားများထဲမှ အာမေဋိတ်သံများ ပေါ်ထွက်လာခဲ့သည်။ မှန်ပါသည်၊ ဤစကားသည် မည်သူမျှ မျှော်လင့်မထားသည့် စကားလုံးဖြစ်သည်။ ကာယကံရှင် ပန်းနုမှာ ရင်တလှပ်လှပ်နှင့် ကတုန်ကယင်ဖြစ်နေသည်။

'ဘုရား. . . ဘုရား. . . ငါ့ကို ဇနီးအဖြစ် သိမ်းပိုက်မယ်ဆိုတဲ့ သဘောပဲ၊ ငါ ဘယ်လိုလုပ်ရပါ့. . . ငါတော့သေချင်တာပဲ'

ထိုသို့ တွေးတောနေစဉ် အလံနီခေါင်းဆောင် ဗိုလ်မဲလုံးက ဆက်လက်ပြောခဲ့သည်။

"ကဲ- မပန်းနု ခင်ဗျားကို ဘုံးရုက် အချိန်ပေးမယ်၊ သုံးရက်ပြည့်တဲ့

www.burmeseclassic.com

www.burmeseclassic.com

နေ့ မနက် ၉ နာရီမှာ မင်းကို အခမ်းအနားနဲ့ လာခေါ်မယ်၊ မင်းအဆင်သင့် လုပ်ထားပါ"

ပန်းနုမှာ ရှက်လွန်း၊ ဝမ်းနည်းလွန်းသဖြင့် မျက်နှာကို အောက်သို့ ငုံ့ထားသည်။

"ကဲ- သူကြီး ကျုပ်ပြောတာ ကြားတယ်နော်၊ ဒီကိစ္စကို မြို့ပေါ် အဖိုးရကို သတင်းမပေးနဲ့၊ နေ့ကပြီး ပန်းနုထွက်မပြေးအောင် ခင်ဗျားတာဝန်ယူရမယ်၊ တစ်ခုခုလွဲချော်ရင် ခင်ဗျား သေဒဏ်ပဲ၊ ဒီမှာတွေ့လား သေနတ်၊ ခင်ဗျားကို ကျည်ဆန်အတွဲလိုက် ပစ်လိုက်မယ်"

"ကောင်းပါပြီ၊ ကျွန်တော် ဘယ်သူ့ဆီကိုမျှ မတိုင်ပါဘူး"

"ကောင်းပြီ၊ အစစ အရာရာ ခင်ဗျား စီစဉ်ထားပါ၊ လွဲချော်ရင်တော့ ခင်ဗျားတို့ တစ်ရွာလုံး သတ်ပစ်မယ်"

ဗိုလ်မဲလုံးတို့ ပြန်သွားသော်လည်း ပန်းနုရော သူကြီးပါ စိတ်ဆင်းရဲခဲ့ကြသည်။

"သူကြီး. . . ကျွန်မကို သိမ်းပိုက်မယ်တဲ့၊ ကျွန်မမှာ ချစ်သူ ကိုမြဒင် ရှိတာ သူကြီးလည်းအသိပဲ၊ ကျွန်မ ဗိုလ်မဲလုံးကို မယူနိုင်ဘူး"

"ငါလည်း ဘယ်လိုပြောရမှန်းတောင် မသိပါဘူး ပန်းနုရယ်၊ နင့်ကို သူပုန်ဗိုလ်လက်ထဲ မထည့်ချင်ပါဘူး"

"ကျွန်မ ထွက်ပြေးမယ်၊ သူနဲ့တော့ မပေါင်းနိုင်ဘူး"

"အောင်မယ်လေး မယ်မင်းကြီးမရယ်၊ ထွက်တော့ မပြေးလိုက်ပါနဲ့၊ ငါတို့တစ်ရွာလုံးကို စိစဉ်ညှာက်ညှာက် သေအောင် သတ်ပစ်မှာပေါ့"

"ဒုက္ခပါပဲ သူကြီးရယ်၊ ကျွန်မကို မကယ်နိုင်တော့ဘူးလား"

"ဘယ်လိုလုပ်ရမလဲ ပန်းနုရယ်၊ သူတို့က တစ်သွေးတစ်သံတစ်မိန့်ကွဲ"

ပန်းနုလည်း ငိုယိုကာ အိမ်ပြန်သွားခဲ့သည်။ ကွန်မြူနစ်ခေါင်းဆောင် ဗိုလ်မဲလုံးမှ ပန်းနုအား သိမ်းပိုက်မည် ဟူသည့်သတင်းမှာ တစ်ရွာလုံး ပျံ့နှံ့သွားခဲ့သည်။

ထိုသတင်းကို ကြားလျှင်ကြား ချင်း မြဒင်တစ်ယောက် ပန်းနုဆီသို့ အပြေးကလေး ရောက်လာခဲ့သည်။

"ပန်းနု. . . ပန်းနု. . . မင်းကို ဗိုလ်မဲလုံးက သိမ်းပိုက်မလို့ဆို"

"ဟုတ်ပါရဲ့ မောင်ကြီးရယ်၊ ပန်းနုတော့ ကိုယ့်တိုယ်တိုယ် သတ်သေချင်တာပဲ"

"မသေပါနဲ့ ပန်းနုရယ်၊ သုံးရက် ဆိုတဲ့ အချိန်ရှိပါသေးတယ်"

"မောင်ကြီးရယ်၊ သူကြီးတောင် မတုတ်နိုင်တာ၊ သုံးရက်ပြည့်ရင် ပန်းနုကို ဗိုလ်မဲလုံးလက်ကို အပ်ကြတော့မှာ၊ တစ်ရွာလုံးတော့ အသေခံမှာ မဟုတ်ဘူး"

"ပန်းနု ဘာမှမကြောက်နဲ့၊ ဒီကို မလာခင်တတည်းက မောင်ကြီးစဉ်းစားထားတာရှိတယ်၊ ပန်းနုလည်း ဘယ်သူ့ကိုမှ မပြောနဲ့"

"ဟုတ်ကဲ့ မပြောပါဘူး၊ မောင်ကြီး ဘယ်လိုစဉ်းစားထားသလဲ ပြောပြပါ"

"မောင်ကြီး ရွာဖျက်ပြီး မြို့ကို တက်သွားမယ်၊ အစိုးရတပ်တွေကို အကူအညီတောင်းပြီး ဒီကောင်တွေကို ဖြိုဖျက်မယ်"

"မောင်ကြီးအကြံ ကောင်းတယ်"

ဤသို့ဖြင့် မြဒင်လည်း မြို့သို့ သွားကာ တပ်မတော်ကို သတင်းပို့ခဲ့သည်။

ဗိုလ်မဲလုံး ချိန်းဆိုထားသည့် သုံးရက်ပြည့် နံနက်စောစောအချိန်တွင် တပ်မတော်သားများသည် ထိုရွာသို့ အဝင်လမ်းရှိ တောအုပ်အတွင်း၌ စောင့်ဆိုင်းနေခဲ့သည်။

ဗိုလ်မဲလုံးတို့အုပ်စုသည် ဥနာရီထိုးခါနီးအချိန်တွင် မြင်းကိုယ်စီနှင့် ချီတက်လာခဲ့သည်။

"ခွပ်"

"ခွပ်"

"ခွပ်"

မြင်းခွာသံများကို ကြားရသည့် အချိန်တွင် တပ်မတော်သားများ အသင့်ပြင်ထားကြသည်။ ထိုတပ်မတော်သားများနှင့်အတူ ကာကွယ်ရေး ပဏာမတပ်သားများလည်း ဒူးလေးကိုယ်စီကိုင်ကာ ဗောအုပ်အတွင်း၌ နေရာယူထားခဲ့ကြသည်။

ထိုစဉ် ဗိုလ်မဲလုံးမှာ ပန်းနုအား **သိမ်းပိုက်ရန် ပီတိဝေဖြာပြီး** ရောက်လို့ **ဇောဖြင့် မြင်းစီးလာစဉ်** ထို့ရွာနားအရောက်တွင်. . .

"ဒိုင်း"

ဟူသောအသံကို ကြားလိုက်ရသည်။ ဗိုလ်မဲလုံးမှာ မမျှော်လင့်သောကြောင့် အံ့အားသင့်သွားစဉ် တပ်မတော်မှ ဗိုလ်အဆင့်ရှိသူက -

"ဗိုလ်မဲလုံး. . . ခင်ဗျားတို့ကို ကျုပ်တို့ တပ်မတော်က ဝိုင်းထားပြီ၊ လက်နက်ချပါ"

ဟု လှမ်းအော်ကာ အချက်ပေးလိုက်သည်။

ဗိုလ်မဲလုံးကား ရန်သူဆိုလျှင် ဗိုလ်မထား။ တိုက်ခိုက်ရန် အသင့်ရှိနေသူဖြစ်၍ -

"ဟေ့ကောင် ငါဘယ်တော့မှ လက်နက်မချဘူး၊ မင်းတို့ကို အပြုတ်တိုက်မယ်"

"ဒိုင်း"

-အသံလာရာဆီသို့ ဗိုလ်မဲလုံးက လှမ်းပစ်လိုက်သည်။

ထို့နောက် ငယ်သားများအား-

"ပစ်" ဟု အမိန့်ပေးလိုက်ရာ-

"ဒိုင်း"

"ဒိုင်း"

"ဒိုင်း"

ဟူသော သေနတ်သံများ ဆူညံသွားခဲ့သည်။

- ဗိုလ်မဲလုံးမှာ ကိုယ်ဟန်ဖို ပြောနေရသော်လည်း ကွင်းလယ်ထီးထီး သတ်ကွင်းအတွင်းသို့ ရောက်နေသည့် အတွက် -

www.burmeseclassic.com

www.burmeseclassic.com

"အား"

"အား"

"အား"

ဗိုလ်မဲလုံး၏ ငယ်သားများသေနတ်ထိမှန်ကာ ကျဆုံးခဲ့သည်။

ဗိုလ်မဲလုံးမှာ အခြေအနေ မဟန်မှန်းသိ၍ ထိုနေရာနှင့် မလှမ်းမကမ်း၌ ရှိနေသော လမုပင်တန်းဘက်သို့ ပြေးလွှားပုန်းရှောင်ခဲ့သည်။

တပ်မတော်သားများနှင့် ပျူစောထီးခေါင်းဆောင် မြဒင်တို့အဖွဲ့လည်း ဗိုလ်မဲလုံး၏နောက်သို့ တရြွတ်မြိုး လိုက်ခဲ့သည်။

လမုတော့ာစပ်သို့ ဗိုလ်မဲလုံး အရောက်တွင် တပ်မတော်မှ စစ်ဗိုလ်ပစ်လိုက်သော ကျည်ဆန်မှာ သူ၏ ရင်ဘတ်ကို မှန်သကဲ့သို့ မြဒင်ပစ်လိုက်သည့် မြားချက်မှာ ခမ်းဗိုက်ကို ထိမှန်ကာ လမုတောတွင် ကျဆုံးခဲ့သည်။

ဗိုလ်မဲလုံးတို့အုပ်စု ကျဆုံးသွားသည့်အတွက် ရွာသူရွာသားအားလုံး ဝမ်းသာပျော်ရွှင်ကာ အောင်ပွဲခံခဲ့ကြသည်။

သည်လိုနှင့်ပင် ရပ်ရွာအေးချမ်းသွားပြီဟု ထင်ခဲ့သော်လည်း တစ်ဖတ်ခန့်အကြာတွင် နယ်မြေအေးချမ်းမှုကို တုန်လှုပ်စေသော အကြောင်းတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။

ဤသည်မှာကား . . .

ညဉ့်သန်းကောင်ယံအချိန်တွင် လမုပင်တန်းဘက်မှ ရွာထဲ လာသူများကို အမွေးဖွားဖွားဖြင့် ကြီးမားသော ခန္ဓာကိုယ်ရှိသည့် သရဲကြီးတစ်ကောင်မှ ခြောက်လှန့်နေသောကြောင့် ဖြစ်ပါသည်။ ထိုအကောင်ကြီးမှာ ညအခါတွင် လမုပင်တန်း၌ တစ်ပင်မှ တစ်ပင်သို့ ခုန်ကူးကာ ထိုအပင်အောက်မှ ဖြတ်သွားသူများပါလာသည့် အမဲသားကြက်သားများကို လုယူစားသောက်တတ်သည်။

ထိုရွာတွင် အမဲသားပေါ်သူများသည် နံနက်စောစော၌ တစ်ဖက်ရွာသို့ သွားရောက်ရောင်းချရန် ခံတောင်းအတွင်း၌ထည့်ကာ ထိုလမုပင်တန်းမှ ဖြတ်လာစဉ် မည်းမည်းအကောင်ကြီးကို ဖျတ်ခနဲတွေ့ရဖြီး ခေါင်းပေါ်မှ အမဲသားတောင်းမှာ တဖြည်းဖြည်း ပေါ်သွားသည်ဟု ခံစားရသည်။ လမုတန်းအလွန်၌ အမဲသားတောင်းကို ဖွင့်ကြည့်ရာ အမဲသားအားလုံးမရှိတော့ဘဲ အမဲသားအား ထုပ်ထားသည့် ဖက်သာကျန်တော့သည်။

ထိုမည်းမည်းအကောင်ကြီးမှာ ရွာသူရွာသားများကို အမျိုးမျိုး ခြောက်လှန့်နေသည့်အတွက် 'လမုပင်တန်းသရဲကြီး' ဟု ခေါ်ခဲ့ကြပါသည်။

တစ်နေ့တွင် ရွာထဲရှိမိန်းမတစ်ဦးကို ဝင်ပူးပြီး ၎င်းမှာ အလံနီဗိုလ် ဗိုလ်မဲလုံး သေပြီး မကျွတ်မလွတ်ဖြစ်ကာ သရဲဘဝသို့ ရောက်နေကြောင်း၊ မြဒင်အား ကံနိမ့်သောအချိန်တွင် ကုပ်ချိုးကာ စားပစ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ထိုစကားကို မြဒင် ကြားသောအခါ-

"နင်သေတာတောင် သရဲဘဝနဲ့ ငါ့ကို အငြိုးထားနေသေးတယ်၊ အခု အချိန်မှာ နင်နဲ့ငါ့ တစ်ပွဲတစ်လမ်း သရဲနဲ့ ပျူစောထီး ဘယ်ကောင်နိုင်မလဲဆိုတာ အကဲစမ်းရအောင်"

ထိုသို့ပြောပြီးနောက် ငယ်သားများကို ခေါ်ပြီး -

"လမုပင်တွေကို မီးရှို့ထားတဲ့ မြားနဲ့ ပစ်ကြဟေ့၊ ဒါမှ လမုပင်တွေ အားလုံး မီးလောင်ကုန်ပြီး တစ္ဆေသရဲတွေ နေစရာမရှိမှာ"

ငယ်သားများလည်း မြဒင်ပြောသည့်အတိုင်း မီးရှို့ထားသည့်မြားဖြင့် လမုပင်များကို မြားနှင့်ပစ်ရာ နွေရာသီဖြစ်နေသည့်အတွက် မီးများလောင်ကျွမ်းတာ ကွက်လပ်ကြီး ဖြစ်သွားပါသည်။

"ကဲ ဒီနေရာမှာရှိတဲ့ မကောင်းဆိုးဝါးတွေကို တောထုတ်ပစ်"

ထိုသို့ မြဒင်မှ အမိန့်ပေးလိုက်ရာ သံပုံးများ၊ စလောင်းဖုံးများကို ဆူညံစွာတီးကာ တောထုတ်ခဲ့ကြသည်။

ထိုသို့ဖြင့် မကြာမီအချိန်တွင်-

"ဖောင်း"

ဆိုသည့် ကျယ်လောင်သောအသံကြီးနဲ့အတူ မီးခိုးလုံးကြီးမှာ ရွာအပြင်သို့ လျင်မြန်သောအရှိန်ဖြင့် လွှင့်ဆွဲခဲ့သည်။

"ကိုမြဒင် မီးခိုးလုံးကြီးကို တွေ့လိုက်လား"

"အင်း တွေ့လိုက်တယ်"

"အဲဒါ ဘာကြီးလဲ မသိဘူး"

ထိုစဉ် ထိုနေရာသို့ ရွာဦးဆရာတော် ရောက်လာပြီး-

"ဘုန်းကြီးရဲ့ မနေ့ကအာရုံထဲမှာ ဗိုလ်မဲလုံးသရဲဟာ လူကြမ်းတော့ နတ်ကြမ်း မခံနိုင်ဆိုသလို သူဝိညာဉ်ခိုနားတဲ့နေရာကို မီးရှို့ပစ်လိုက်တော့ အဝေးကို ထွက်ပြေးသွားတာ မြင်လိုက်တယ်"

မှန်ပေသည်။ ထိုနေ့မှစ၍ ဗိုလ်မဲလုံးသရဲကြီးမှာ လမုတန်းတစ်လျှောက် သရဲမခြောက်တော့ပေ။ လမုတန်းလည်း မရှိတော့ဘဲ လတာပြင်ဘဝသို့ ရောက်ရှိသွားပါသည်။

မကြာမီ ကျုံကနန်ရွာသူ ပန်းနုနှင့် ပျူစောထီးမြဒင်တို့ မင်္ဂလာပွဲဆင်ယင်နွဲ့ဖော်ခဲ့ကြပါသည်။

ထိုမင်္ဂလာပွဲတွင် ရွာသူရွာသားများက -

"လမုပင်တန်းသရဲကို အပြတ်ရှင်းနိုင်တဲ့ ပျူစောထီးသူရဲကောင်း ဗိုလ်မြဒင်ဟေ့"

ဟူ၍ ချီးကျူး ဂုဏ်ပြုလိုက်ပါတော့သည်။

ရိုရိုငွေး

❑

www.burmeseclassic.com

www.burmeseclassic.com

ပါရဂူရဲ့ မိုးမိုးသောလမ်းနှင့် အောင်ခြင်ခြင်းမှတ်တိုင်း

ကိုအေးမြင့်
(ဖဟာဝိဇ္ဇာ၊ ရွှေး-သူ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ပဲရစ်က လုပ်ပြတိုက်ကြီးမှာ အချစ်နတ်ဖုရားမ ဗီးနပ်စ်နဲ့ မိုနာလီဇာတို့ရဲ့ ညို့စက်တွင်းကနေ ရုန်းထွက်ခဲ့ပြီး ကိုယ်တို့ ခရီးသွားကားကြီးဟာ ပဲရစ်မြို့တွင်းကို လှည့်လည်နေပါပြီး ထွက်လာပြီး မကြာမီ ဘယ်ဘက်ခြမ်းမှာ မီးရထားဘူတာရုံကြီးကို မြင်ရတယ်။

အဲဒီနောက် ခြေသေ့ခေါင်းတွေနဲ့ အော့ဖဲပေးပြတိုက်၊ ပြီး အောင်မြင်ခြင်းရင်ပြင် (Con-corde Square)။ ကုန်စည်ပြပွဲများ ကျင်းပတဲ့ ၁၉ ရာစုလက်ရာ ဖန်နန်းဆောင် (Glass Place) တွေကို ဖြတ်ခဲ့ကြတယ်။ အဲဒါကို လွန်တော့ အလက်ဇန္ဒားတံတားလို့ခေါ်ကြတဲ့ ရွှေရောင်တံတားကြီး။ ဒါကတော့ စိန့်မြစ်ပေါ် မှာရှိတဲ့ တံတား ၃၇ စင်းမှာ အလှဆုံးပါ။ ပြီးတော့ လူဝီ ၁၄ ရဲ့ စစ်ဆေးရုံ၊ အဲဒီအတွင်းမှာတော့ နပိုလီယံရဲ့ အုတ်ဂူ ရှိနေတယ်တဲ့။

တစ်ဖန် နပိုလီယံ တက်ခဲ့တဲ့ စစ်ကျောင်း (Military School)။ မြစ်ကမ်းဘေး တံတားထိပ် နေရာမှာတော့ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မှာရှိတဲ့ လေဘာတီ ရုပ်တုနဲ့ဆင်တူ Liberty ရုပ်တုကို တွေ့နိုင်ပါတယ်။ ဒါဟာ အမေရိကန်သို့ လက်ဆောင်ပေးပို့တဲ့ အရုပ်အတိုင်း နမူနာထုလုပ်ထားခြင်း ဖြစ်ပါသတဲ့။

တမ္ဘာတိုင္ဘမ်းနေတဲ့ တိုရီးလသးယဉ်ကျေးမှု

ဒီနေ့တော့ နေ့လယ်စာကို ပဲရစ်မြို့တစ်နေရာက ကိုရီးယားစားသောက်ဆိုင်မှာ သွားစားကြတယ်။ အဆောက်အအုံ အသစ်လှလှကြီးရဲ့ အပေါ်ထပ်ကို အပြင်က ဖောက်ထားတဲ့ ခရုပတ်အတက်လမ်း အကျယ်ကြီးကနေ တက်ခဲ့ရတယ်။ ပြေပြစ်တဲ့လမ်းမို့ တက်ရမပင်ပန်းပါဘူး။ ဆိုင်အပြင်အဆင်လေးက ကိုရီးယားယဉ်ကျေးမှု အင်္ဂေအသက်တွေ လွှမ်းမိုးနေပြီး နှစ်လိုဖွယ်ကောင်းရဲ့။ ဆိုင်ရှင်နဲ့ စားပွဲထိုးကိုရီးယားမလေးတွေရဲ့ ကြိုဆိုမှုက ယဉ်ကျေးပျူငှာလှတယ်။ ဧည့်သည်ကို အထူးအလေးထားပြီး တရုတ်ဆိုင်တွေလို ဧည့်သည်မျက်နှာကို မကြည့်ဘဲ ပန်းကန်ထိုးပြီး ပစ်ချတာမျိုးလည်း မလုပ်ကြပါဘူး။ ပြီးတော့ ဆိုင်က သန့်လည်းသန့်ရှင်းရဲ့။ တရုတ်ဆိုင်များလို အဆီဝေဝေ အိတိတိ အနံ့များလည်း ကင်းလို့ စားရသောက်ရတာ ကျေနပ်ကြတယ်။

စားပွဲတိုင်းက ဒယ်အိုးပြားပေါ် တရွဲရွဲမြည်နေတဲ့ အသားကင်တွေကို စားပွဲထိုးလေး တစ်ဦးချင်းက အထက်အောက် အကျက်ညီအောင် လှန်ပေးနေတယ်။ ကင်ချိမ်းစုံ ချထားပေးထားတော့ ချဉ်ဖတ်စုံနဲ့ ထမင်းစားရသလို မြန်မာပါးစပ်နဲ့ ခံတွင်းတွေ့လှရဲ့။ ချင်းနုနုလေးတွေကလည်း အတော်စားကောင်းတယ်။ အထူးခြားဆုံးကတော့ တရုတ်ဆိုင်များနဲ့မတူဘဲ စားသုံးသူရဲ့ဆန္ဒကို အထူးအလေးထားခြင်းပါ။

ပဲရစ်မြို့မှာ စားခဲ့ရတဲ့ ကိုရီးယားစားသောက်ဆိုင်က အသုံးစရိတ်

ထမင်းစားခန်းထောင့်မှာ တီးလို့ရတဲ့ (Drum Set) ဒရမ်တစ်စုံ ချထားတာမို့ ကိုယ်တို့ခရီးသွားများက လှည့်တကြည့်ကြည့်နဲ့ စိတ်ဝင်စားနေကြတော့ ဆိုင်ရှင်ကိုရီးယားမလေးက ဒရမ်စုံဘက် လက်ဝါးပြန့်ပြန့်လေးနဲ့ထိုးပြပြီး ထမင်းသုံးဆောင်ပြီးရင် တီးကြည့်နိုင်ပါတယ်လို့ ခေါင်းလေးငဲ့ကာ ဆိုတယ်။ ဘယ်ရမလဲ၊ ကိုယ်တို့အဖွဲ့လည်း အလုအယက် ဝင်တိုးကာ တုတ်ချောင်းတမြောက်မြောက်နဲ့ တီးခတ်ကြပါရော။ အွန်စောတို့လည်း ကိုယ်တို့ကိုကြည့်ကာ တုပြုးပြုး ဖြစ်သွားကြပေါ့။ ခရီးသွားအဖွဲနဲ့ ကုမ္ပဏီများကိုတော့ ပေါက်ဖော်ဆိုင်များထက်စာရင် ပျူငှာဖော်ရွေတဲ့ ကိုရီးယားဆိုင်တွေမှာ ကြိုတင်စာရင်းသွင်းထားပြီး ကျွေးမွေးကြဖို့ အကြံပေးချင်ရဲ့။

စားပြီး ဆင်းလာတော့ အလယ်ထပ်မှာ ကိုရီးယားအစားအစာရောင်းတဲ့ ကုန်တိုက်အငယ်စားလေးကို တွေ့ရတယ်။ အာရှသားတို့အကြိုက် မုန်လာဥပြုတ်နီ၊ ကြက်သွန်ပြုတ်မျှစ်၊ ဆလတ်၊ ဂေါ်ဖီထုပ် စတဲ့ ဟင်းသီးဟင်းရွက်၊ ငရုတ်သီး၊ မိုနဲ့ မြေပဲလို အစေ့အဆန်မျိုးစုံ၊ ခေါက်ဆွဲခြောက်၊ ခေါက်ဆွဲပြား၊ ဆန်တွေလည်း ရနိုင်ရဲ့။ ကင်ချိမ်းစုံကိုတော့ ကြိုက်ရာရွေးပေရော့ပဲ။

အဲဒီနောက် ပဲရစ်ကို ဖြတ်သန်းစီးဆင်းနေတဲ့ စိန့်မြစ် (the Seine) မှာ သင်္ဘောစီးကာ မြို့ကို လှည့်လည်ကြည့်ရှုလေ့လာခံစားကြပြန်ပါတယ်။ ညွှော်- ကိုယ့်ရဲ့အိပ်မက်တွေထဲက တစ်ခုဖြစ်တဲ့ ပါရီခရီးကို တကယ်မက်နေရပါပေါ့။

စိန့်မြစ်အတွင်း သင်္ဘောစီးခြင်း (River Cruise) - (Croiseres sur la Seine)

အီဖယ်မျှော်စင်ရှေ့ အောက်ဘက် အနိမ့်ပိုင်းရှိ Bateaux Parism သင်္ဘောဆိပ်မှ သင်္ဘောစီးကာ ပဲရစ်မြို့ကို လှည့်လည် ကြည့်ကြတယ်။ နော်ထရီဒိမ်း (Notre Dame) ဘုရားရှိခိုးကျောင်းကြီးနား အရောက်မှာတော့ ကျွေးကို

www.burmeseclassic.com

စိန်မြစ်အတွင်း သင်္ဘောစီးကာ ပဲရစ်မြို့ကို လည်ပတ်နေစဉ်

တစ်ပတ်ပတ်ကာ လာလမ်းအတိုင်း သင်္ဘော ပြန်လည်ခုတ်မောင်းပြီး အီဖယ်မျှော်စင်နားက ဆိပ်ကမ်းကို ပြန်ဝင်ရောက်ရမှာပါ။

သင်္ဘောအတက်မှာ ခရီးသွားအားလုံး စည်းကမ်းတကျ တန်းစီဝင်ကြရတယ်။ ဥရောပရောက်မှ စနစ်တကျ တန်းစီတတ်လာပေါ့။ ကျော်တက်တာမျိုးလည်း ဒီမှာ ဘယ်သူမှ မလုပ်တတ်ကြ။ နှစ်ထပ်သင်္ဘောကြီးဖြစ်ပြီး ဟင်းလင်းပွင့်နေတဲ့ အမိုးပေါ် မှစီးနင်းခဲ့ထယ်။ အောက်ထပ်မှာလည်း စားပွဲ ကုလားထိုင်တွေနဲ့ အတော်ကြီး သားသားနားနား ကောင်းကောင်းပြင်ဆင်ထားရဲ့။ အပေါ်ထပ်ကြမ်းပြင်ကို သစ်သားပြားတွေ ခင်းထားပြီး ထိုင်ခုံတွေကို အလျားလိုက် အရှည်ကြီးတွေ တစ်ဆက်တည်းရိုက်ထားလို့ သင်္ဘောနဲ့ ဘေးတိုက် ထိုင်ကြရပါတယ်။ ပဲရစ်မြို့အလှကို ဝဲ-ယာ မြစ်ကမ်းနှစ်ဖက်လုံး အစုံအလင် တစ်ပြိုင်နက်မြင်တွေ့နိုင်ရဲ့။

တောက်ပတဲ့ နေရောင်ခြည်အောက်မှာ တိမ်ဖြူတွေ လွင့်နေတဲ့ အပြာရောင်ကောင်းကင်ကြီးကို တိုက်ရိုက်မြင်တွေ့နေရပေါ့။ ကြည်လင်တဲ့ မြစ်ရေစိမ်းမြမြ၊ မြစ်ပြင်ကိုဖြတ်ပြီး တိုက်ခတ်လာတဲ့ လေအေးအေး၊ ကောင်းကင်ပြာပြာနဲ့ မြစ်ကမ်းခြေ အလှအပများကို လွတ်လပ်စွာ တဝကြီးခံစားခဲ့ရ

စိန်မြစ်အတွင်း သင်္ဘောစီးကာ ပဲရစ်မြို့ကို လည်ပတ်နေစဉ်

ပါတယ်။ မြင်မြင်သမျှ အကုန်လုံးမို့ သင်္ဘောစထွက်သည်မှ ဆိပ်ကမ်းသို့ ပြန်ကပ်သည့်တိုင် မငြီးငွေ့နိုင်ခဲ့ပါ။

မြစ်နှစ်ခုဆုံရာ မြစ်ဆုံထောင့်ချွန်း နေရာတွေမှာ ရေကူးဝတ်စုံနဲ့ မောက်လျက် နေစာလှဲနေသူတွေကို မြင်တွေ့ရတယ်။ နော်ထရီဒိမ်းဘုရားကျောင်းကြီးကိုလည်း အနောက်ဘက်မှနေပြီး နောက်ထပ်ရှုထောင့်တစ်မျိုးကနေ ပြန်လည်မြင်ရပြန်ပေါ့။ အခြားဘုရားရှိခိုးကျောင်းကြီးတွေ၊ ပြတိုက်ကြီးတွေနဲ့ ခံ့ညားဆောက်အအုံကြီးတွေလည်း တွေ့ရပေမယ့် မှတ်မှတ်ရရ ယနေ့ခေတ်ပေါ် မှန်၊ အလှူခံနိုယ်၊ သံမဏိ အဆောက်အအုံတွေကိုတော့ မတွေ့ရသလောက်ပင်။

မြစ်ထဲမှာ အခြားသင်္ဘောတွေလည်း စုန်-ဆန် ခုတ်မောင်းနေကြရဲ့။ အဲဒီသင်္ဘောတွေပေါ်က လူတွေ၊ တံတားတွေနဲ့ ကမ်းစပ်က လူတွေကလည်း ကိုယ်တို့ကို လက်ပြနှုတ်ဆက်နေကြတယ်။ လူငယ်အတော်များများဟာ လက်ပြနှုတ်ဆက်ရင်း ပျော်နေကြပေမယ့် သရုပ်ပျက် ဝတ်စားဆင်ယင်မှုတွေတော့ မတွေ့ရတော်ပါဘူး။ လမ်းသွဲရဲဆန်တဲ့ ဗရုတ်ဗရက်နေထိုင် ပြုမူပုံမျိုးလည်း သိပ်မရှိကြတော့ အာရှတိုက်တွေမှာထက်တောင် ယဉ်ကျေးသိမ်မွေ့ပုံ ရနေပေါ့။

စိန်မြစ်ထဲ အထင်ကရ တံတား ၃၇ စင်းရှိရာမှာ တစ်စင်းရဲ့ လက်တန်းတွေကို သံစကားကွက်များသာ ကာရံထားပေမယ့် တံတားတစ်ခုလုံးဟာ ရွှေရောင်သန်းနေရဲ့။

အကြောင်းကတော့ သံစကာကွက်တွေမှာ ဆိုက်စုံ၊ ပုံသဏ္ဌာန်စုံ၊ အရောင်စုံ သေးသေးမွှားမွှားကို ခတ်ထားတာကြောင့်ပါ။ သေးတွေရဲ့ အရောင်ကြောင့် တံတားအရောင်ဟာ တစ်မျိုးပြောင်းလဲသွားတော့တယ်။

ချစ်သူတွေက သူတို့ရဲ့ မေတ္တာတရားကို မြဲမြံခိုင်မြဲဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ သော့တွေလာခတ်ကြသတဲ့။ လူအချို့ကလည်း ရာထူး၊ တည်နေရာတွေမှာ ခိုင်မြဲဖို့ ဆုတောင်းကြတာ ဖြစ်ချင်ဖြစ်မှာပေါ့။ (ဥရောပက ပြန်ရောက်ပြီး နိုင်ငံခြားသတင်းတစ်ပုဒ်မှာ ဒီလိုသော့မတွေ့အများကြီး ခတ်ထားရာက တံတားဘောင်တစ်ခု အလေးချိန်များပြီး ကျိုးကျလို့ ပြင်ဖို့ ပိတ်ခဲ့တာလည်း မြင်လိုက်ရတယ်။)

ကမ်းစပ်တစ်နေရာမှာတော့ မှန်နန်းဆောင် (Glass Palace) အမိုးခုံးကြီးကို မြင်လိုက်ရတယ်။ တံတားတစ်ဖက်တစ်ချက် လေးထောင့်ကျောက်တိုင်ထိပ်မော်မှာ ရွှေရောင်မြင်းစီးရုပ်တွေရှိတဲ့ တံတားအောက်ကို ဝင်ရပြန်တယ်။ တံတားအုံး လင်ခြမ်းကွေးတစ်ခုလုံးမှာ လိုက်ကာ ကာထားသလို အတွန့်အဝိုက်ကြီးတွေ အလီပ်လိုက်ရှိနေရဲ့။ တံတားခုံးအလယ်မှာတော့ ရွှေခဲ့ထားတဲ့ သင်္ကေတ ဒိုင်းပြားကြီး၊ တစ်ဖက်တစ်ချက်မှာတော့ ခေါင်းမှာ ရွှေရောင်သစ်ခက်သရဖူများ ဆောင်းထားကြတဲ့ အဝတ်မဲ့ နတ်မိမယ်ရုပ်များက ရွှေရောင်မီးတုတ်များကိုင်ဆောင်လျက် ဝန်းရံနေကြသလိုပဲ။

www.burmeseclassic.com

အတွင်္ကန်းအခဲ့များဆုံရာနဲ့ တံတားဘောင်ပေါ်က အလုံးတွေကို ရွှေပိန်းချထားပြန်တော့ တော်ဝင်ခမ်းနားထည်ဝါမှုက အပြည့်ပါ။ စိန်မြစ်ဖြတ် တံတားတွေထဲမှာ အလှဆုံးဆိုတာ ဒီတံတားထင်ရဲ့။ တံတားခန်းဖွဲ့တစ်ခုချင်းစီမှာလည်း ဖုန်မီးလုံးတွေ ချိတ်ဆွဲထားတဲ့ မီးတိုင်များကို စိုက်ထူထားတော့ ညများဆိုရင်ဖြင့် အတော်လှမှာပဲ။

တံတားတစ်ခုချင်းစီရဲ့ သမိုင်းကြောင်းတွေကလည်း အမျိုးမျိုးပါ။ ထိုအတူ ဗိသုကာတွေ မတူကြသလို တံတားများရဲ့ အသွင်သဏ္ဌာန်နဲ့ ဟန်တွေကလည်း ခေတ်အလိုက် အမျိုးမျိုးဖြစ်နေရဲ့။ ဆောက်လုပ်ရေးသုံးပုစွည်းတွေကလည်း ကွာခြားကြတယ်။ တချို့ကို သံဘောင်များနဲ့ တည်ဆောက်ပြီး အခြို့ထား အင်တေအုတ်များနဲ့ ဖြစ်ပါတယ်။

တံတားလက်ရန်းတွေကလည်း အကွေ့အဝိုက်၊ လေးထောင့်၊ အတန်းလိုက်၊ အခုံး အစုံပါပဲ။ အရောင်အသွေးတွေကလည်း အမျိုးမျိုး။ အပြာ၊ အစိမ်း၊ အစိမ်းပုပ်၊ နီညို၊ အညို၊ ရွှေရောင် စသဖြင့် စုံလင်လှတယ်။ တချို့မှာ ရုပ်တုတွေ၊ ပန်းပုတွေနဲ့ဖြစ်ကာ မြစ်ရေနဲ့ ထိစပ်နေတဲ့ နေရာတွေမှာတောင် အရုပ်တွေရှိနေတတ်ကြရဲ့။ ရေထဲက တံတားအောက်ခြေတိုင်များကို အရုပ်ကြီးတွေက ထမ်းပိုးထားတာမျိုးလည်း တွေ့ရတယ်။ တောင်ပံနဲ့ နတ်သမီးပုံတွေကိုတော့ မကြာခဏ တွေ့ရတတ်ရဲ့။

တချို့ကတော့ ရိုးရိုးရှင်းရှင်း ထူထူထဲထဲ သံရက်မကြီးတွေနဲ့ ခိုင်ခံ့မှုကိုသာ အလေးထားပုံရတယ်။ တံတားတစ်ခုစီရဲ့ အောက်ကိုဖြတ်တိုင်း အတွင်းပိုင်းတည်ဆောက်ပုံကို မော့ကြည့်ရတာကပင် အရသာတစ်မျိုး။ သံတန်း၊ သံရက်မ၊ ထုပ်တန်းတွေကို ပုံသဏ္ဌာန်မျိုးစုံနဲ့ တွေ့ရလို့ပါ။

မြစ်ကမ်းတစ်နေရာမှာ အင်တေနံရံ ပြန့်ပြန့်ကြီး တစ်မျှော်တစ်ခေါ် ရှိပြီး အဲဒီတစ်လျှောက်မှာ ကြီးမားတဲ့ ဆေးရောင်စုံဓာတ်ပုံကြီးတွေ ရှိနေရဲ့။ ကဲမ္ဘာတစ်ဝန်းလုံးက မျက်နှာများ။ အာရှသူလေးတွေ၊ ဆာရီခြုံသိုင်းထားတဲ့ အိန္ဒိယသူ မျက်နှာလေးတွေ၊ အနောက်တိုင်း ကောင်းဘွိုင်ဦးထုပ်နဲ့ လူတွေ၊ ပန်းပွင့်ကြီးတွေ။ ရဲတိုက်ကြီးလို့ အဆောက်အအုံတွေလည်း တွေ့ရတယ်။

တံတားတစ်စင်းရဲ့ ကျည်းဘောင်များထိပ်မှာတော့ အမူအရာအမျိုးမျိုးနဲ့ လူခေါင်းပုံ ကျောက်ပန်းပုလက်ရာ အမျိုးမျိုးကို မြင်ရတယ်။ အော်ဟစ်နေသူ၊ ပြုံးနေသူ၊ မဲ့နေသူ၊ ခပ်တည်တည်၊ ရယ်မောနေသူ၊ ဒေါသဖြစ်နေသူ၊ ငိုနေသူ မျက်နှာတွေပေါ့။ နှုတ်ခမ်းမွေးကားကားကြီးနဲ့သူတွေလည်း ပါရဲ့။

အင်း- ထူးခြားတာကတော့ Grafitty လက်ရာတွေကို မတွေ့ရခြင်းပါပဲ။ အစိုးရကပဲ ခွင့်မပြုလို့လား၊ ဂရစ်ဖစ်တီသမားတွေပဲ စွန့်စွန့်စားစား မဆွဲကြလို့လား၊ မိမိတို့ မြို့တော်

စိန်မြစ်အတွင်း သင်္ဘောစီးကာ ပဲခူးမြို့ထဲကို လှေလာနေစဉ်

အလှကို ထိန်းသိမ်းကြလို့လား။ အကျည်းမတန်စေချင်ကြလို့လား၊ မပြောတတ်ပါ။

အီဖယ်မျှော်စင်ဘေးသို့ ပြန်ရောက်ချိန်မှာတော့ မြစ်ကြောင်းခရီးစဉ် ဆုံးခဲ့ပြီလို့ သိလိုက်ရပြီး သင်္ဘောပေါ်မှ ကမ်းသို့ ပြန်တက်ခဲ့ကြတယ်။ အချိန်ပိုနေလို့ သဘော်ဆိပ်တစ်လျှောက်နဲ့ အီဖယ်မျှော်စင်ဘက်သို့ တစ်နာရီလောက် လမ်းလျှောက်၊ အစားအစာစား၊ ဓာတ်ပုံရိုက်ခွင့်ရတယ်။ ကမ်းစပ်အနိမ့်ပိုင်းမှာ ဈေးဆိုင်အချို့ရှိပြီး ဝေဖာဖောင်းပွပွကြီးတွေကို သကြား၊ ယိုသုတ်၊ Hot Chocolate နဲ့ ကော်ဖီခါးခါးတို့က တစ်ခုလျှင် ၃ ယူရိုလောက်ရှိရဲ့။ ပေါင်မုန့်မာမာရှည်ရှည်ကြီးတွေကို အ့လယ်မှ ဓားနဲ့အလှားလိုက်ခွဲကာ ကြက်သား၊ ဟင်းသီးဟင်းရွက်များ အဆာသွတ်ထားတဲ့ Chicken Sandwich တွေလည်း ရနိုင်တယ်။ ဝယ်သမျှ တစ်ခုချင်းစီကို ဘောက်ချာဖြတ်ပေးနေလို့ သူတို့နိုင်ငံသားတွေကို အံ့သြရတယ်။ လှမ်းပေးပြီး ငွေယူလိုက်ရင် ပြီးတဲ့ဥစ္စာ၊ ဇာခွဲနေတာနဲ့ ကြာလိုက်တာပေါ့။

မြစ်ဆိပ်မှ အုတ်လှေကားအတိုင်း မြစ်ထိန်းနံရံဘေးမှ တက်လာတော့ အီဖယ်မျှော်စင်ကြီးဆီ ရောက်သွားပေါ့။ Sightseeing ကားရောင်စုံတွေလည်း တစ်စီးပြီးတစ်စီး ဖြတ်

စိန်မြစ်အတွင်း သင်္ဘောစီးကာ ပဲခူးမြို့ထဲကို လှေလာနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပဲရစ်မြို့ လာဗယားစူးကြီးနားက ဒေါ်ပရာဇာတ်ရုံ

နေကြတယ်။ အဲဒီကားတွေက မြို့ကို ကားလမ်းကြောင်းတွေက ပတ်နေကြတာ။ ထူးခြားတာကတော့ သူ့လမ်းကြောင်းမှာ သူပတ်နေတဲ့ ကားတစ်စီးကို လဲက်မှတ်ဖြတ်ကာ တက်စီးပြီး တစ်နေရာရာ ရပ်တဲ့အခါ ဆင်းလေ့လာ၊ ထို နေရာမှာ ကြာသွားပါက ကားထွက်သွားတဲ့အခါ နေရစ်ပြီး ဆက်လေ့လာနေနိုင်တယ်။ ဒီလမ်းကြောင်းမှာ နောက်ထပ် သူ့အချိန်နဲ့သူ ရောက်လာတဲ့ ကုမ္ပဏီတစ်ခုတည်းမှ ကားတွေ ဆိုက်လာရင် မူလကားလက်မှတ်နဲ့ပဲ ဆက်စီးသွားနိုင်သတဲ့။

ဓာတ်ပုံရိုက်နေစဉ်များမှာ ဒေသခံဥရောပသားတွေက ရုပ်ပေး၊ ဖယ်ပေး၊ ခေါင်းလေးတွေ ငုံ့သွားတတ်ကြပေမယ့် ညှို့သည်အများစုဖြစ်တဲ့ တရုတ်တွေကတော့ ဆူဆူညံညံ စကားတွေ အော်ဟစ်ပြောကြ၊ ဓာတ်ပုံရိုက်နေတာမြင်လည်း အတင်းတိုးဝင်သွားကြပြီး သူတို့ကိစ္စမှလွဲ၍ အခြားသူများတို့ အားနာရတတ်မှန်းလည်း မသိကြပါဘူး။

ညနေစာကို ကိုယ့်အကြိုက် ထိုင်ဆိုင်မှာစားဖြစ်တယ်။ ဆိုင်လေးက ပြင်သစ်ရှေးဟောင်းစတိုင်နဲ့ ယိုးဒယားဟန် ပေါင်းပြီး အတော်လှတယ်။ သန့်စင်ခန်းသုံး ဆပ်ပြာရည်ကို ကြေးအိုးနှုတ်သီးရှည်လေးနဲ့ ထည့်ပြင်ပေးထားသလို အိမ်သာ ရေဆွဲတံကလည်း ကြေးလက်ကိုင်နဲ့ပါ။

ယိုးဒယားဟင်း မျှစ်နဲ့အုန်းနို့ချက်၊ ငါးနဲ့နွားနတ်သီးချက်၊ ငါးစင်းကောကြော်၊ ဝက်သားဟင်း စသဖြင့် အရမ်းကောင်းသော ညစာဖြစ်တယ်။ အချိုပွဲအဖြစ် အုန်းနို့ကဲတဲ့ ဆန္ဒင်းမကင်းလည်း ပါသေး။

ဆရာတော်က ရေနွေးကြမ်းမေးတော့ လာချပေးတယ်၊ လက်ဖက်ရည်စိမ်း (Green Tea)ပေါ့။ ကျွန် ပန်ချာဝီ ခရီးဖော်ကလည်း မှာကြတယ်။ သို့သော် ငွေချေတဲ့အခါ လက်ဖက်ရည်စိမ်းက သူတို့မီနူးထဲက မဟုတ်ဘဲ သီးခြားမှာရလို့ တစ်ခွက် ၄ ယူရို ပေးလိုက်ကြရတယ်။ ၅၂၀၀ ကျပ်မို့ အားလုံး တွန့်သွားကြတယ်၊ နောက်ဆို ထမင်းစားပြီး ရေနွေးကြမ်း မမှာကြေး။

သို့သော် ဆိုင်ရှင်ယိုးဒယားမကြီးက ဘုန်းဘုန်း ဦးသိရိ ပါလ်ကို ယူရို ၁၀၀၊ သီလရှင် မအဂ္ဂကို ယူရို ၂၀ ပြန်လှူလိုက်ပါရဲ့။

ညမှောင်မှောင် ထောင်ပေါ်က ဘုရားတော်ကြီး (Mt.Martre)

ညဘက် နားနေချိန်တွင်တော့ ခရီးသွားကုမ္ပဏီမှ လိုက်ပို့ပေးခြင်း မဟုတ်ဘဲ ကိုယ့်အစီအစဉ်နဲ့ကိုယ် ထွက်လည်ကြတယ်။ လမ်းညွှန်ကိုဇော်က လိုက်ပို့မယ်ဆိုလို့ သူ့ကို ဆရာတင်ပြီး ဓာတ်ရထားစီး ထွက်ခဲ့ကြတာပါ။ ညဉ့်မနက်ခင် အပြေးအလွှားပေါ့။

တောင်ခြေမှာ စျေးသက်သာတဲ့ ဆိုင်ခန်းတွေက ဝယ်ချင်စရာ တန်းစီနေပြန်ပေါ့။ ပဝါနဲ့အိတ်တွေ၊ လက်ဆောင်ပေးစရာတွေ၊ လျှပ်စစ်ပစ္စည်းဆိုင်မှာတော့ ကိုယ်ကြုံတွေ့နေရတဲ့ လတ်တလော အခက်အခဲ မီးပလတ်ကိစ္စ ဖြေရှင်းဖို့ နှစ်ပေါက်ထိုး ဝလတ်ခေါင်းအလုံးတစ်ခု ဝယ်လိုက်ရတယ်။ ၆ ယူရို၊ မြန်မာငွေ ၇၈၀၀ ကျပ်ပေါ့။ မြန်မာပြည်မှာ အလွန်ဆုံးပေးရ ၁၀၀၀ ပေါ်လို့ တွေးမိပေမယ့် မျက်စိမှိတ် ဝယ်ချလိုက်တယ်။ ရောမရောက်တော့ ရောမလိုကျင့်ရမည်ပ။

စျေးဝယ်တာ အမြန်စိတ်ဖြတ်ပြီး တောင်ခြေကို အပြေးလာခဲ့ကြတယ်။ တောင်ခြေအုတ်လှေကားများနဲ့ ဓာတ်လှေကားရုံသို့အတက် လက်ကားရားခြေကားရား လူမည်းတစ်အုပ်စုနဲ့ တွေ့ရတယ်။ စျေးရောင်းတာလား၊ ခရီးသည်ဆွယ်တာလား၊ ဘာအတွက်တားမှန်းမသိသော်လည်း မျောင်ရီရီမို့ လန့်လန့်နဲ့ ခပ်သွက်သွက် ကျော်ဖြတ်လိုက်ကြတယ်။

တောင်ပေါ်တက်ဖို့ ၂.၂ ယူရိုတန် လက်မှတ်ဝယ်ရတယ်။ ဓာတ်လှေကားကို တောင်စောင်းနဲ့အပြိုင် စီစဉ်ဆောက်လုပ်ထားလို့ လှေကားအိမ်က စောင်းစောင်းကြီးပါ။ မြေပြင်မှအမြင့်ကို မတ်မတ်တက်သွားတဲ့ ရွှေတိဂုံဘုရားက ဓာတ်လှေကားများလို မဟုတ်။ အပေါ် ဘုရားတော်ကြီးရှေ့ ရောက်ပြင်ရောက်တော့ များပြားလှသော လူအုပ်ကြီးကို တွေ့လိုက်ရတယ်။

ပဲရစ်မြို့ကြီးကို တောင်ပေါ်မှ ဆီးမြင်ရလို့ ဘုရားကျောင်းရှေ့ လှေကားထစ်ခွင်ကျယ်ကျယ်ကြီးမှာ လူတွေ အများကြီးထိုင်ပြီး ပဲရစ်ညအလှကို ကြည့်နေကြတယ်။ အထင်ကရ အမှတ်အသားဖြစ်တဲ့ အိဖယ်မျှော်စင်ကြီးကို ကသောကမျော ရှာရတယ်၊ မတွေ့။ နောက်တစ်ဆင့်တက်မှ ဓာတ်လှေကားရုံနဲ့ ကွယ်နေတဲ့ အိဖယ်မျှော်စင်ကို ဘွားခန့ တွေ့လိုက်ရပေါ့။ လလေးကလည်း မလှမ်းမကမ်းမှာ သာလို့။ ဆန်းသစ်စ လမင်း၊ အိဖယ်မျှော်စင်နဲ့ ပဲရစ်မြို့ကြီး နောက်ခံထားကာ အမှတ်တရ ဓာတ်ပုံတွေရိုက်ကြပြန်တယ်။ ပုံနှိပ်ထဲ၊ မထင်တော့ မသိပါ၊ ကဲပေါ့။ အိဖယ်မျှော်စင်ကိုကြည့်တဲ့

www.burmeseclassic.com

တောင်စောင်းမှာ မတော်တဆ တောင်အောက် ပြုတ်မကျ အောင် သံစကာကွက်များ ကာထားရဲ့။

ဘုရားရှိခိုးကျောင်းကြီးကို မီးဆလိုက်ထိုးထားလို့ အထင်းသား မိုးတိုးမတ်တတ်ကြီး ပေါ်လွင်နေတယ်။ လူမည်း စွေးသည်တွေလည်း ဘုရားကျောင်းရင်ပြင်နဲ့ အပြည့်၊ ပလတ်စတစ်စများခင်းကာ ပိုက်ဆံအိတ်၊ တရုတ်လုပ် ည အလင်းကစားစရာတွေ၊ နာရီတွေရောင်းနေကြရဲ့။ သူတို့ စွေးခင်းတဲ့ ပလတ်စတစ်စ အနားလေးဖက်ကိုတော့ ကြိုး ဆိုင်းထားပြီး ရုတ်တရက် မြူနီစီပယ်လာလျှင် သုတ်ခနဲ ဆွဲမ-ပြေးရုံပ။ ကိုယ်တို့ဆီက စည်ပင်အလာကိုလန့်ပြီး အသင့်ပြင် ထားတဲ့ လမ်းဘေးစွေးသည်များကို သတိရမိပေါ့။

လူမည်းစွေးသည်တွေ ကိုင်မြှောက် ပစ်ပေါက်ပြီး ရောင်းနေတဲ့ မီးရောင်စုံ ကစားစရာလေးတွေကလည်း ရင်ပြင်မိုးယံမှာ တက်လိုက်ကျလိုက် လင်းလိုက်မှိန်လိုက်ပေါ့။ ဘုရားရှိခိုးကျောင်း မှက်နှာစာမှာ ချိတ်ဆွဲထားသော စာတန်း ကြီးကို သဘောကျလိုက်တာ။ 'နောက်မကျသေးပါဘူး၊ အခု စလုပ်ရင် နောက်မကျသေးပါဘူး'တဲ့။ 'ဘုရားသခင်အတွက် (Opened)ဖွင့်ထားပါ'တဲ့။ ကျမ်းစာလာ စကားပေလား။

ပြန်အဆင်း လက်မှတ်ရုံဘေးမှာ သားသားနားနား အမှတ်တရပစ္စည်းဆိုင်လေးတွေ့လို့ ဝင်ကြပြန်တယ်။ ဗင်ဂိုး၊ မော်လင်းရုခ်၊ အီဖယ်မျှော်စင်ပုံ၊ စားပွဲခင်း(Table Mat)နဲ့ ဖန်ခွက်အောက်ခံတွေ၊ ပိုက်ဆံအိတ်နဲ့ မှန်အသေးလေးတွေက ဝယ်ချင်စရာကောင်းအောင် လှပနေကြရဲ့။ တစ်နေရာ တွင်တော့ ရေဆေး ခဲခြစ်ပန်းချီပုံတွေ တွေ့ရတော့ သယ်ရ ခက်ပေမယ့် တစ်ခုမှ ၁.၅ ယူရို့မြို့ ၈ ခုလောက်ဝယ်လိုက် မိပြန်ရဲ့။

လက်မှတ်ထပ်ဖြတ်စရာမလိုဘဲ အတက်လက်မှတ်နဲ့ ပြန်ဆင်းနိုင်သေးတယ်။ အောက်ဘက် တောင်ခြေအရောက် အလာတုန်းက မမျှော်ဖြစ်ခဲ့တဲ့ ဆိုင်လေးတွေကို ဆက်လက် မျှော်မိပြန်ပြီး ဓာတ်ရထားစီးကာ ပြန်ခဲ့ကြတယ်။ နက်ဖြန် မနက်စာကို ဂုနာရီခွဲစားကာ စနာရီခွဲမှာ ခရီးစထွက်မှာမို့ Morning Call မနက် ၆ နာရီခွဲ နှိုးပေးခိုင်းပြီး အိပ်လိုက် ကြတယ်။ နောက်နေ့ ဩဂုတ်လ ၁၃ ရက်ဟာ ပဲရစ်မှာ နောက်ဆုံးနေ့ပါ။

မနက်စာမှာ ပဲပြုတ်နဲ့ အရသာ အတော်ဆင်တဲ့ ပဲလုံးရှည်ရှည် နှစ်ဖက်ချွန်းလေးများပါလို့ စားကောင်းလှရဲ့။ စားသောက်ပြီးတာနဲ့ လာဖယားး(Lafayette) စွေးကြီးရှေ့သို့ ကားနဲ့ သွားကြပါတယ်။

အော်ပရာဇာတ်ရုံ (Opera House)

ပထမဆုံးလေ့လာရေးအဖြစ် စွေးကြီးရှေ့နားမှာရှိတဲ့ အော်ပရာဇာတ်ရုံကို အပြင်မှ လှည့်လည်ကြည့်ကြတယ်။

ပဲရစ်မြို့ လာဖယားးရုပ်ကြွေးနားက အော်ပရာဇာတ်ရုံ

ခရီးဖော်အတော်များများကတော့ စွေးဝယ်ဖို့သာ ဝင်သွား ကြရဲ့။ နှစ်ထပ်ခပ်မြင့်မြင့် အော်ပရာရုံဟာ ခုတော့ ဘဲလေး အကသင်ကျောင်း ဖြစ်နေပဲ့။ ဇာတ်ရုံ မှက်နှာစာမှာ ကျောက်လေ့ကားထစ်မှာ တိုင်လုံးကြီးတွေ၊ ရုပ်တုတွေနဲ့ အတော်ခမ်းနားလှပစွာ တန်ဆာဆင်ထားတယ်။ အောက်ထပ် ဘယ်ဘက်ဝင်ပေါက်မှာ စာကြည့်တိုက်တစ်ခုရဲ့ ဆိုင်းဘုတ် တင်ထားသေးရဲ့။

ရုပ်တုတွေမှာ အတောင်ပံပါတဲ့ နတ်မိမယ်တွေ၊ ဗျပ်စောင်းပိုက်ထားတဲ့ အမျိုးသားတွေနဲ့ ကလေးငယ်ရုပ်တွေ ပါဝင်တယ်။ အနုပညာကို စောင့်ရှောက်တဲ့နတ်တွေလား၊ ဒဏ္ဍာရီပုံပြင်တစ်ခုခုကို သရုပ်ဖော် ထုလုပ်ထားသလား မပြောတတ်ပါ။ အဆောက်အအုံဘေးတစ်လျှောက် ပတ် ပတ်လည်မှာ ကျောက်လား၊ ကြေးထည်လား၊ သံကြိုးလား၊ ဘာနဲ့ သွန်းလုပ်ထားမှန်းမသိတဲ့ အနက်ရောင် လူအရွယ် ဝတ်လစ်စားလစ် အမျိုးသမီးရုပ်များစွာက ခေါင်းပေါ်မှာ ထွန်းညှိထားတဲ့ မီးအိမ် မှန်ပုံးတွေကို ရွက်ထားကြတယ်။ အရုပ်တွေရဲ့ အောက်ခြေမှာတော့ ခွေးစာစ်ကောင်နဲ့ သူတောင်းစားအိုကြီးတစ်ယောက် အိပ်ပျော်နေရဲ့။

အော်ပရာရုံနဲ့ လမ်းခြားနေတဲ့ အခြားတစ်ဖက်မတော့ (Fragonard)ရေမွှေးပြတိုက် (Musee du Parfum) ရှိတယ်။ ပြတိုက်အဝမှာ တန်းစီနေသူများရှိနေလို့ ဝင်ရောက်စီရင်း အစောင့်ကို မေးကြည့်ရာ အခမဲ့ဝင်ကြည့်နိုင်တဲ့ ပြတိုက် ပေမယ့် ဝင်လှည့်စောင့်နေတဲ့ တရုတ်ခရီးသည်တွေ ဆူညံ လွန်းလို့ ပြန်ထွက်ခဲ့တယ်။ အဲဒီနောက်မှာတော့ ပဲရစ်ရဲ့ ဗိုလ်ချုပ်စွေးဖြစ်တဲ့ လာဖယားး(Lafayette)စွေးကြီးသို့သာ ခြေဦးလှည့်လိုက်တယ်။

လာဖယားးစွေးကြီး

ပြင်သစ် ဝုက်သရေရှိမိသားစုမှာ မွေးလာတဲ့ လာ ဖယားး(La Fayette)ဟာ ၁၇၅၇ ခုနှစ်ဖွားဖြစ်ပြီး ၁၇၇၄ ခုနှစ်မှာ

www.burmeseclassic.com

www.burmeseclassic.com

ပဲရစ်မြို့တော်က နာမည်ကျော် လာဖဲယားရေးကြီး

လက်ထပ်ခဲ့ကာ လူဝီ-၁၆ရဲ့ နန်းတွင်းသားလူငယ်တွေနဲ့ ပေါင်းပြီး မကြာခင်မှာ စစ်သည်တော်ဖြစ်လာတယ်။ ၁၇၇၇ခု ဇူလိုင်လ အမေရိကန်တော်လှန်ရေးကြီး ပြန့်ပွားပြီး ၂၇ လ အကြာမှာ ဖီလာဒဲလ်ဖီးယားကို သူ ရောက်သွားတယ်။ အမေရိကန်တွေနဲ့အတူ တော်လှန်ရေးမှာ ပြိတိသျှတွေကို တိုက်ခဲ့သူပါ။ လာဖဲယားဟာ ပင်ဆယ်လ်ဗေးနီးယားက(the Brandywine) စစ်ပွဲမှာ ထင်ရှားလာတယ်။

၁၇၇၉ ခု အစောပိုင်းမှာ ပြင်သစ်ကို ပြန်ခဲ့ပြီး လူဝီ-၁၆ရဲ့အစိုးရကို ကိုလိုနီတွေဆီ လူခြောက်ထောင်ပါတဲ့ တပ်နဲ့ အကူအညီပေးဖို့ စည်းရုံးနိုင်ခဲ့တယ်။ လာဖဲယားဟာ အမေရိကန်ကို ၁၇၈၀ ဧပြီလမှာ ပြန်ရောက်သွားခဲ့ကာ ချက်ချင်းပဲ ဗာဂိုးနီးယားကတပ်တွေကို ဦးစီးခဲ့ရတယ်။ ပြိတိသျှတပ်မှူး Lord Charles Cornwallis အား ဗာဂိုးနီးယားကို ဖြတ်ပြီး ဆုတ်ခွာဖို့ ဖိအားပေးခဲ့တယ်။ ပြင်သစ်တပ်နဲ့ များစွာသော အမေရိကန်တပ်တွေ ပေါင်းပြီး ဖမ်းဆီးမှုကြောင့် အောက်တိုဘာမှာ Cornwallis လက်နက်ချခဲ့တယ်။

ပြိတိသျှတွေ ဆုံးရှုံးမှု ကြုံခဲ့ပြီး လာဖဲယားကို "the Hero of Two Worlds"အဖြစ် ဂုဏ်ပြုကြတယ်။ ၁၇၈၂ခုမှာ သူ ပြင်သစ်ကိုပြန်လာခဲ့တော့ ဗိုလ်မှူးချုပ်အဖြစ် ရာထူးတိုးခဲ့တယ်။ ၁၇၈၄ခု အမေရိကန်ကို သူသွားရောက်လည်ပတ်တဲ့အခေါက်မှာ နိုင်ငံသားတစ်ယောက် ဖြစ်လာခဲ့ပေါ့။ နောက်တော့ ပြင်သစ်တော်လှန်ရေး ပထမနှစ်အနည်းငယ် အတွင်း အင်အားအရှိဆုံး လူတွေထဲက တစ်ဦးဖြစ်လာတယ်။

နောက် ငါးနှစ်အတွင်းမှာ လာဖဲယားဟာ ကျွန်ကုန်ကူးမှု ဖျက်သိမ်းရေးရဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်လာတယ်။ သူဟာ ညီလာခံ (the Assembly)ကို လူ့အခွင့်အရေးနဲ့ နိုင်ငံသားများရဲ့ အခွင့်အရေးတွေကို ထုတ်ပြန်ကြေညာတဲ့ သူ့မူကြမ်းကို တင်ပြခဲ့တယ်။ ထိုစဉ်အတွင်း လူအုပ်ကြီးက ဘာစတီးလ်ကို စီးနင်းခဲ့ပေါ့။ လာဖဲယားကို အသစ်ပြန်လည် ဖွဲ့စည်းထားတဲ့ ပဲရစ်အမျိုးသား ကိုယ်ရံတော် တပ်ဖွဲ့တပ်မှူး အဖြစ် ရွေးကောက်ခဲ့တယ်။

အောက်တိုဘာ ၆ ရက်မှာ လာဖဲယားရဲ့ တပ်တွေက ဗာဆေးလ်ထဲ ထိုးဖောက်ဝင်ရောက်လာတဲ့ လူအုပ်ကြီးရဲ့ ဒေါသပုန်ထမှုမှ လူဝီ-၁၆နဲ့ မိဖုရား မာရီအင်တွိုင်နက်ကို လုံခြုံစေခဲ့တယ်။ အဲဒီနောက်မှာ တော်ဝင်မိသားစုကို ပဲရစ်သို့ သူခေါ်ဆောင်လာခဲ့ပြီး တော်လှန်ရေးရဲ့ ဓားစာခံတွေ ဖြစ်သွားတယ်။ နောက်နှစ်မှာတော့ လာဖဲယားရဲ့ ကျော်ကြားမှုနဲ့ လွှမ်းမိုးမှုဟာ ထိပ်ဆုံးရောက်ခဲ့တယ်။

ပြင်သစ်မှာ လူတစ်အုပ်ဟာ ဘုရင်နန်းစွန့်ဖို့ တောင်းဆိုရန် စုဝေးခဲ့တဲ့အခါ လာဖဲယားရဲ့ အစောင့်တွေက ပစ်ဖောက်ခဲ့လို့ ဆန္ဒပြသူ ၅၀လောက် ဒဏ်ရာရကြ၊ သေဆုံးခဲ့ကြရတယ်။ ဒီအဖြစ်က သူ့ကျော်ကြားမှုကို ဖျက်ဆီးခဲ့ပြီး အောက်တိုဘာလမှာ ကိုယ်ရံတော်တပ်ဖွဲ့မှ သူနုတ်ထွက်ခဲ့တယ်။

သူ့စီမံကိန်းတွေ ကျရှုံးသွားပြီး ၁၇၉၂ခုမှာ ထီးနန်းဟာ ဆူပူအုံကြွမှုတစ်ခုမှာ ဖြုတ်ချခံရတယ်။ လာဖဲယားနိုင်ငံကို စွန့်ခွာခဲ့ကာ ဩစတြီးယန်းတွေက သူ့ကို ၁၇၉၇ခုတိုင်အောင် ဖမ်းထားခဲ့တယ်။ ၁၇၉၉ခုနှစ် နုပိုလီယံဘိုနာပတ် အာဏာ ပြန်ရှိလာတဲ့အခါ လာဖဲယားလည်း ပြင်သစ်ကိုပြန်လာခဲ့ပြီး ဂုဏ်သရေရှိ လယ်သမားတစ်ဦးအဖြစ် အခြေချခဲ့တယ်။

၁၈၂၄-၅ ခုမှာ သူ အမေရိကကို ပြန်လည်ပတ်တော့ သူ့ကို လွန်လွန်ကဲကဲ ချီးမြှောက်တာခံရတယ်။ ၁၈၃၀ ခု ဇူလိုင်လ ဘုရင်ချားလ်စ်-၁၀ကို နန်းချပြီး Louis-Philippeကို နန်းတင်ရာမှာ ကူညီဖို့ အမျိုးသားလုံခြုံရေးမှာ သူဦးစီးခဲ့ရတယ်။ ၆ လအကြာမှာတော့ သူအနားယူခဲ့တယ်။ အဲဒီ လာဖဲယားကို ဂုဏ်ပြုထားတဲ့စွေးကြီးထဲ ဝင်ရောက်လေ့လာခဲ့ကြတယ်။

ပထမဆုံး ဒီဇိုင်ချောင်သုံးပစ္စည်းတွေ ရောင်းတဲ့ ကုန်တိုက်သို့ ဝင်လိုက်ထယ်။ ထူးခြားဆန်းပြားပြီး လှပလွန်းတဲ့ အိမ်သုံးပစ္စည်းများစွာကို အခန်းများစွာမှာ အထပ်များစွာနဲ့ ပြသထားရဲ့။ ကြည့်ရှုမှုအပ ဘာမှမဝယ်ဖြစ်။

အဲဒီနောက် လမ်းကူးကာ အမျိုးသားသုံး အဝတ်အထည်များ ရောင်းတဲ့ အဆောင်သို့ဝင်ခဲ့ကြတယ်။ နာမည်ကျော်ကုမ္ပဏီကြီးများရဲ့ Branded ပစ္စည်းများကိုသာ ရောင်းလို့ စွေးတွေက အော်ပြန်နေပေါ့။ ဘောင်းဘီတိုလေးတွေပင်

www.burmeseclassic.com

၇ သောင်း ၈သောင်း၊ လည်စည်းပဝါလေးတောင် ၆သောင်းကျော်၊ ခါးကြားထိုးပိုက်ဆံအိတ်လေးတွေကား သိန်းချီနေရဲ့။ သို့ဖြင့် အမျိုးသမီး အသုံးအဆောင်များရောင်းတဲ့အဆောင်ကို ကူးခဲ့ကြတယ်။ ကမ္ဘာကျော်တံဆိပ်များမို့ အဝတ်တစ်စုံဝင် သိန်းချီနေပေါ့။

တစ်နေရာမှာ ဟင်းခတ်အမွှေးအကြိုင်တွေ ရောင်းချနေပြီး ငရုတ်တံသီးမှုန့်၊ မဆလာကအစ ရနိုင်တယ်။

အမျိုးသမီးဆောင်နဲ့ အမျိုးသားဆောင်အကူးမှာတော့ အထပ်မတင်ထားတဲ့ မှန်အမိုးခုံးကြီးနဲ့ အဆောင်ကြီး ရှိတယ်။ အတော်လှပခမ်းနားတဲ့ အဲဒီအဆောင်မှာ Gucci, Channel စတဲ့ရေမွှေးကုမ္ပဏီမျိုးစုံ ဆိုင်ခင်းရောင်းချနေကြရဲ့။ ဈေးကြီးတဲ့ ရေမွှေးတွေမို့ ကြည့်ရုံသာကြည့်နိုင်ပြီး တတ်နိုင်တဲ့ သူတွေကတော့ ဝယ်ကြတယ်။ ပန်းပွင့်ပုံညှပ်ထားတဲ့ စက္ကူဖြူလေးတွေမှာ စမ်းသပ်ရှုဖို့ နမူနာရေမွှေးများ ဆွတ်ပေးလို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် မျိုးစုံရှုရင်း မူးအီလာပေါ့။

ဒီလိုနဲ့ ကုန်တိုက်ကြီးအောက်ထပ်က စားသောက်ဆိုင်ကို လာခဲ့တယ်။ လက်ညှိုးလောက် ဖော့ချောင်းလေးစိုက်ထားတဲ့ ပူတင်းခွက်တစ်ခုပင် ၆ ယူရိုလောက် ပေးရတော့ ဈေးလည်းကြီးလှရဲ့။ တစ်ခုခုဝယ်ရင်လည်း ကွန်ပျူတာနှိပ်၊ ငွေချေစက်ဖွင့်၊ ဘောက်ချာပြန်အမ်းနဲ့ အတော်ကိန်းခန်းကြီးတဲ့ ဥရောပပါ။ အပြင်မှာချထားတဲ့ ခုံတွေမှာထိုင်ပြီး ဈေးဝယ်တွေ့ရေးမည်ကြတော့ ဒီအပြင်စာနှိုးဟာ ဆိုးလိပ်သောက်သူများအတွက်မို့ အနံ့မခံနိုင်ပြန်လို့ ဈေးထဲဝင်မွှေရပြန်တယ်။

လူပြန်စုမိတော့ နွေလယ်စာစားဖို့ ထွက်ကြတယ်။ Thai ဆိုင်မှာ အုန်းနို့မျှစ်ချဉ်ချက်၊ အသားဟင်း၊ အသီးအရွက်ကြော်တွေနဲ့ ကျွေးတယ်။ စားသောက်ဆိုင်မှအထွက် နာမည်ကျော် D & G တံဆိပ် မျက်မှန်ဆိုင်သို့ဝင်ကြပြန်တယ်။ မျက်မှန်ခွါတ်ပြီး လည်ပင်းမှာဆွဲတဲ့ ကြိုးကလေးပင် ၄၅ယူရို (၆သောင်းနီးပါး)လောက်ရှိရဲ့။ လက်ဖြစ်(Hand-made)မို့ ဈေးကြီးသတဲ့။ မျက်မှန်တွေကလည်း ယူရို ၁၅၀-၂၀၀ အောက် မရှိ။ နှစ်သိန်းကျော်၊ သုံးသိန်း အနည်းဆုံးပါ။ အဲဒီနောက် နာမည်ကျော် ရှောင်ဇေလီဇေလမ်းမကြီးနဲ့ အောင်ပွဲခံမုခ်ဦးဆီ ကားနဲ့ဆက်သွားကြတယ်။

ရှောင်ဇေလီဇေရိပ်သာလမ်းမကြီးရဲ့ အနောက်ဘက်လမ်းအဆုံးမှာ လမ်းမကြီးက ဦးတိုက်နေတဲ့ အောင်မြင်ခြင်းမုခ်ဦးရှိပြီး မုခ်ဦးကို အရင်လေ့လာကြပါတယ်။

ပဲရစ်မြို့တော်တာ အောင်ပွဲခံမုခ်ဦး အောင်မြင်ခြင်းမုခ်ဦး (Arc de Triomphe de l'Étoile)

မုခ်ဦးကြီးဟာ လမ်းဆုံလမ်းလယ်ကောင်က စက်ဝိုင်းကြီးမှာ ထီးထီးကြီးတည်ရှိနေတာမို့ လှလှပပ ခုံခုံညားညားကြီးနဲ့ ဓာတ်ပုံရိုက်လို့လည်း အလွန်ကောင်းပါတယ်။ လမ်းဆုံ

ပဲရစ်မြို့တော်က နာမည်ကျော် ထင်ရှားရာနေရာများ

အဝိုင်းကြီးမို့ ကားတွေကလည်း အောင်ပွဲခံမုခ်ဦးကြီးကို ဝုန်းပြုနေသလို လှည့်ပတ်ပြီး မောင်းနှင်နေကြရဲ့။ အဝိုင်းကြီးထိပ်နားက သိပ်မကျယ်တဲ့ လမ်းလေးထိပ်မှာပဲ ကိုယ်တို့ကားကြီးကို ရပ်လိုက်ကြပြီး ဆင်းကြည့်ကြတယ်။

ဒီအောင်ပွဲခံ- အောင်မြင်ခြင်းမုခ်ဦးဟာ ပဲရစ်ရဲ့ အထင်ကရတွေထဲက တစ်ခုနဲ့ ပဲရစ်ရဲ့ လူသိအများဆုံး ဝုန်းပြုအဲထိမ်းအမှတ် အဆောက်အအုံ ဖြစ်သလို ဟမ္ဘာ့ပေါ်မှာ ရှိရှိသမျှ အောင်မြင်ခြင်းမုခ်ဦး (triumphal arch)တွေထဲမှာလည်း အကြီးမားဆုံးပါ။ မုခ်ဦးကြီးဟာ အရင်တုန်းက the Place de l'Étoile ခေါ် the Place Charles de Gaulle ရဲ့အလယ်ဗဟိုမှာ တည်ရှိနေပါတယ်။ မုခ်ဦးကြီး ကနေ ၁.၂ မိုင်ကျော် (၂ကီလိုမီတာ)သာသာအကွာအဝေး ရိပ်သာလမ်းမကြီးရဲ့ အရှေ့ဘက်လမ်းအဆုံးကတော့ the Place de la Concorde ပါ။

၁၈၀၆ ခုနှစ်မှာ ပထမမြောက် နပိုလီယံဟာ သူရဲ့ (the Battle of Austerlitz) စစ်အောင်ပွဲကြီး (၁၈၀၅ခု) ပြီးဆုံးတဲ့နောက်မှာ ပြင်သစ်တပ်မတော်ရဲ့စစ်ဌေးစွမ်းဆောင်နိုင်မှုကို ဂုဏ်ပြုပြီး ဒီမုခ်ဦးကြီးကို တည်ဆောက်စေခဲ့တာပါ။ မုခ်ဦးပုံကို ချယ်ဂရင်(Jean-François-Thérèse Chalgrin)က ဒီဇိုင်းထုတ်ပေးခဲ့ပြီး အမြင့် ၁၆၄ ပေ (မီတာ၅၀)ရှိကာ ၁၄၈ ပေ (၄၅မီတာ) ကျယ်ဝန်းပါတယ်။ မုခ်ဦးဟာ စက်ဝိုင်းပုံကွက်လပ်ကြီး အလယ်မှာ တည်ရှိပြီး အဲဒီကနေ ထည်ဝါခဲ့ညားလှတဲ့ ရိပ်သာလမ်းမကြီး ၁၂ခု ဖြာထွက်နေလို့ ကြယ်ပွင့်တစ်ခုလို ဖြစ်နေရဲ့။

'အောင်မြင်ခြင်း မုခ်ဦးကြီးကို နပိုလီယံစစ်သူကြီး တည်ဆောက်ခဲ့တာပါ။ အမည်မသိစစ်သည် (the Unknown Soldier) တွေကို မုခ်ဦးအောက်မှာ မြှုပ်နှံထားတယ်'လို့ ကိုယ်တို့ရဲ့ မြန်မာလမ်းညွှန်က ခပ်လွယ်လွယ် ပြောပါတယ်။ သူစကားအဆုံးမတော့ ကိုယ်တို့ခရီးဖော်တွေဟာ နပိုလီယံ ဆောက်ခဲ့တဲ့ အဲဒီမုခ်ဦးနဲ့ အလှဓာတ်ပုံတွေရိုက်နေကြပေါ့။

www.burmeseclassic.com

ပဲရစ်မြို့ရဲ့ အထင်ကရအဆောက်အအုံ အောင်မြင်ခြင်းမုခ်ဦး

မုခ်ဦးကြီးတည်ဆောက်ရေးကို ၁၈၀၆ ခု ဩဂုတ်လ ၁၅ရက်၊ နပိုလီယံရဲ့ မွေးနေ့မှာ စတင်ခဲ့တာပါ။ ၁၈၁၀ ပြည့် ဩစတြီးယားဧကရာဇ်မင်းရဲ့ သမီးတော် မာရီလူဝီ(Marie-Louise)ကို သူလက်ထပ်ခိုန်မှာတော့ မုခ်ဦးကြီးဟာ အောက်ခြေပန္နက်ထက် အနည်းငယ်သာပိုတဲ့ အနေအထားလောက်ပဲ ပြီးပါသေးရဲ့။ အဲဒါကြောင့် သမီးတော်ရဲ့ ပဲရစ်မြို့တော်ဝင် အခမ်းအနားကို ဂုဏ်ပြုဖို့အတွက် မုခ်ဦးကြီး ပြီးနေသလို သရုပ်ပေါ် အောင်လို့ မုခ်ဦးပုံကို သစ်သားတွေနဲ့ တည်ဆောက်စေပြီး ကင်းဗတ်ပြားတွေအုပ်၊ ဆေးခြယ်ကာ ဖန်တီးပေးခဲ့ကြရပါတယ်။

ဒီလိုလုပ်ဖြစ်တော့လည်း ဒီဇိုင်းထုတ်တဲ့ ဗိသုကာ ချယ်ဂရင်ကို အဲဒီနေရာမှာ သူဒီဇိုင်း ဘယ်လိုရှိမယ်ဆိုတာ ကြည့်ခွင့်ရရှိစေလို့ ပြင်ဆင်စရာ အနည်းအကျဉ်းကိုလည်း ပြင်နိုင်ခဲ့ပြန်တယ်။ ၁၈၁၀ ခုနှစ် ဗိသုကာသေသွားခိုန်တိုင် အဆောက်အအုံရဲ့ အစိတ်အပိုင်း အနည်းငယ်လေးလောက်သာ ပြီးပါသေးတယ်။ နပိုလီယံ ဧကရာဇ်ဘုရင်အဖြစ်ကနန်းစွန့်သွားခိုန်နဲ့ (the Bourbon Restoration) (၁၈၁၄ခု) နောက်မှာလည်း ဆောက်လုပ်ရေးကို ဖြည်းလေးစွာပဲ ဆက်လုပ်ခဲ့ရပါတယ်။

နပိုလီယံ လူဝီ-၁၀ မှသည် လူဝီဖိလစ်တိုင်

၁၈၂၃ ခုနှစ်မှာ လူဝီ-၁၈(Louis XVIII)ဟာ စပိန်ကို ပြင်သစ်တွေ ထိုးဖောက်ဝင်ရောက်ပြီး ဘုရင်ဖာဒီနန်-၇ (Ferdinand VII)ရဲ့ အာဏာကို ဧကရာဇ်ဘုရင်တစ်ပါးအဖြစ် အပြည့်အဝ ပြန်ပေးခဲ့နိုင်အောင် အောင်မြင်မှုရခဲ့ခိုန်မှာ စိတ်ဓာတ်တွေ တက်ကြွပြီး မုခ်ဦးကြီးကို ဆက်လက် တည်ဆောက်စေခဲ့ပါတယ်။

လူဝီ-၁၈ ကတည်ဆောက်ရေး ပြန်လည်စလုပ်ဖို့ အမိန့်ချခိုန်ထိလည်း အနည်းငယ်လောက်ပဲ ပြီးစီးပါသေးတယ်။ အဆောက်အအုံရဲ့ အခြေခံထုထည်တွေကို ၁၈၃၁ ခုနှစ်မှာတော့ ပြီးအောင်လုပ်ခဲ့ပါတယ်။ လုပ်ငန်းတွေအားလုံးဟာ ၁၈၃၆ ခုနှစ်၊ ဘုရင်လူဝီဖိလစ် (Louis-Philippe) အုပ်စိုးစဉ်ကာလမှာမှ အပြည့်အဝ ပြီးစီးသွားပြီး မုခ်ဦးကြီးကို သူကပဲ ဇူလိုင် ၂၉ရက်မှာ တရားဝင် ဖွင့်လှစ်ပေးခဲ့တယ်။

အောင်ပွဲခံမုခ်ဦးကြီးရဲ့ ဗိသုကာနဲ့ အနုလတ်ရာ

ချယ်ဂရင်ရဲ့မုခ်ဦးဒီဇိုင်းဟာ ရောမနဲ့ဂရိ ရှေးဟောင်း ဂန္ထဝင်ပုံစံကို အခြေခံတဲ့ Neoclassical ပါ။ အီတလီနိုင်ငံ ရောမမြို့က ဧရာမလူသတ်ကွင်းကြီး ကိုလိုဆင်း (Colosseum) ဘေးနားက လူအများစုဝေးရာ ရောမဖိုရမ် (the Roman Forum) မှာ ရှိနေတဲ့ တိုးတပ်စ်မုခ်ဦး (the Arch of Titus)ကို စံနမူနာယူပြီး အဲဒီကနေ တစ်စိတ်တစ်ပိုင်း စိတ်ကူးစိတ်သန်းတွေ ရခဲ့ပါတယ်။ အဲဒီမုခ်ဦးပုံသဏ္ဌာန်ကို မှီငြမ်းယူပြီး တည်ဆောက်ခဲ့တာလို့လည်း ပြောနိုင်ပါရဲ့။

ဥရောပခရီးစဉ် စစချင်းနေ့မှာပဲ ရောမက မုခ်ဦးကို မြင်ခဲ့ဖူးပါပြီ။ ရောမမုခ်ဦးက ဝိုလည်းရှေးကျတော့ သိပ်လှလှပပ မရှိတော့သလို နေရာကလည်း ခုလို ထင်ရှားမြင်သာတဲ့နေရာ မဟုတ်ဘူးလေ။ အဲဒါကြောင့် 'အကြံတူနောက်လူသာမြဲ' ဆိုတဲ့စကားလို ရောမမုခ်ဦးထက် ဒီပဲရစ်မုခ်ဦးကြီးက ပိုလို့လှပနေရဲ့။

အလှတန်ဆာဆင်တဲ့အနေနဲ့ မုခ်ဦးကြီးပတ်လည်မှာ တပ်ဆင်ထုလုပ်ထားတဲ့ ခပ်နက်နက်ရုပ်ကြွပန်းပုတွေကတော့ တော်လှန်နေကာလမှာ စစ်ရေးအောင်မြင်မှုတွေ ရခဲ့တာကို ဂုဏ်ပြုထားတာပါ။ ပထမအင်ပါယာဟာ မုခ်ဦးရဲ့ အောက်ခံတိုင်ခုံလေးခုက မျက်နှာစာ(Facade)တွေပေါ်မှာ နာမည်ကျော် ပန်းပုပညာရှင်-ရူဒ်(François Rude)၊ ယွန်း (Jean-Pierre Cortot)နဲ့ အန်တိုနီ(Antoine Etex)တို့ရဲ့ လက်ရာတွေကို ပြီးမြောက်စေခဲ့ပါတယ်။

အဲဒီဗန်းပုတွေထဲမှာ ထင်ရှားကျော်ကြားဆုံးကတော့ ရူဒ်ရဲ့ ၁၈၃၃-၃၆ခုနှစ်လောက်က လက်ရာမွန် '၁၇၉၂ခုနှစ်က အပျော်တမ်းတပ်ဖွဲ့ဝင်တွေ ထွက်ခွာခြင်း'(Departure of the Volunteers of 1792) ဆိုတဲ့ အုပ်စုလိုက် ထုလုပ်ထားတဲ့ ကျောက်သားပန်းပုကြီးပါ။ အတိုင်းအတာအားဖြင့်တော့ ပန်းပုကြီး တစ်ချပ်လုံးဟာ ၁၂.၈-၇.၉ မီတာ ရှိပါတယ်။ အဲဒီပန်းပုရုပ်ကြွကို အခြားအမည် La Marseillaise နဲ့ လူဝိုသိကြပါတယ်။

အခြားမုခ်ဦးတိုင် မျက်နှာပြင်တွေမှာလည်း ရာနဲ့ချီလှဝိုလ်ချုပ်ကြီးတွေ၊ စစ်ပွဲတွေရဲ့အမည်တွေနဲ့ နေထိုးတန်ဆာဆင်ထားပါသေးတယ်။ မုခ်ဦးကြီးတစ်ခုလုံး အလှတ်ဘက်

www.burmeseclassic.com

ကနေ ပန်းပုရုပ်တွေ လိုက်ကပ်ထားသလို ပန်းပုတွေက များလိုက်တာ။ မုခ်ဦးအထက်က ထောင့်ကွေးလေးမှာ၊ နဖူးစီး ဝတ်လည်မှာ၊ အဆောက်အအုံကြီးထိပ်မှာ ပန်းပုရုပ်တွေ ချည်းပေါ့။

ဥရောပပန်းပုတွေမှာ ခန္ဓာဗေဒကိုလည်း အသားပေး တတ်လို့ ဝတ်လစ်စားလစ်မုံပန်းပုတွေလည်း အများကြီးပါ။ "တောင်ပံပါတဲ့ မိန်းမပျိုတွေ၊ လေထဲမှာဝဲပြီး ခရာမှုတ်နေသူ တွေလို ဒဏ္ဍာရီလာရုပ်တုတွေလည်း ပါရဲ့။ တစ်ရုပ်နဲ့တစ်ရုပ် အဆင်ပြေအောင် ခိုတ်-ထပ်-တွယ်-ဆက်ပြီး ထုလုပ်ယူထား တာကလည်း လက်ရာမြောက်လှတဲ့ ဖွဲ့စည်းဒီဇိုင်းတွေပေါ့။

မြေပြင်ညီကနေ မုခ်ဦးထိပ်အထိ တက်နိုင်ဖို့ လှေကား ထစ် ၂၄၈ ထစ်လည်းရှိရဲ့။ စက်လှေကားတစ်ခုလည်း မုခ်ဦး ပေါ်ကို အပိုင်းလိုက်တက်ဖို့လုပ်ပေးထားပါတယ်။ ဒါပေမဲ့ အဲဒီနေရာကနေ ပတ်ဝန်းကျင် လှည့်ပတ်စောင့်ကြည့်နိုင်တဲ့ ကုန်းဗတ်ရှိနေတဲ့ အပေါ်ဆုံးထပ်ကို ရောက်နိုင်ဖို့ကတော့ ကျန်ရစ်နေတဲ့ လှေကားတွေကနေ တက်တဲ့ တစ်နည်းသာပဲ ရှိတယ်။

စောင့်ကြည့်ကုန်းပတ်ရဲ့ အောက်တစ်ဆင့် နိမ့်တဲ့ နေရာမှာတော့ သေးငယ်တဲ့ ပြတိုက်လေးရှိကာ မုခ်ဦး သမိုင်းကြောင်းကို ပြသထားတယ်။ မုခ်ခုံးကြီးအောက်မှာ တော့ ပြင်သစ်ရဲ့ အညတရစစ်သည်များအတွက် ဂူဝိမာန် (Tomb of the Unknown Soldier)ကို ၁၉၂၁ ခုနှစ်မှာ ထပ်ဖြည့်ထားရဲ့။ မုခ်ဦးကြီးက အမှတ်ရစရာမီးတောက်လည်း ညနေတိုင်းမှာ မီးစာပြန်ပြန်ဖြည့်ပေးပြီး ထွန်းညှိထားတာ ရှိတယ်။ ဒီမီးတောက်ကို ၁၉၂၃ခုနှစ်မှာ ပထမဆုံး ထွန်းညှိ ခဲ့တယ်။

ဒီမုခ်ဦးဟာ ပြင်သစ်ရဲ့ ရုပ်ပြသင်္ကေတအဖြစ် သို့မဟုတ် တိုင်းပြည်အတွက်ရော ကမ္ဘာကြီးအတွက်ပါ ဆက်လက် တာဝန်ထမ်းနေဆဲပါ။

ဗစ်တာဟူးဂိုး (Victor Hugo)နဲ့ Ferdinand Foch တို့လို ပြင်သစ်အကျော်ဇော ပုဂ္ဂိုလ်များစွာထဲက တစ်ဦးဦး သေဆုံးခဲ့ရင်လည်း သူတို့ကို ဘယ်နေရာမှာပဲမြှုပ်မြှုပ် မမြှုပ်ခင် သူတို့ရဲ့ ခေါင်းတလားတွေ လဲလျောင်းရာ နေရာအဖြစ်လည်း သတ်မှတ်ထားရဲ့။ ဒါတင်မက အောင်မြင်ခြင်း စစ်ရေးပြပွဲ တွေလည်း မကြာခဏဆိုသလို ဒီမုခ်ဦးကြီးကိုဖြတ်ပြီး ချီတက် ကြလေ့ရှိတယ်။

ပြင်သစ်ကနေ အခြားနိုင်ငံတွေ ဥပမာ- ကျာမနီကို ၁၈၇၁ နဲ့ ၁၉၄၀ နှစ်တွေမှာလို ထိုးဖောက်ဝင်ရောက်နိုင်မှု၊ ၁၉၁၈ခုနှစ်နဲ့ ၁၉၄၄ခုတွေမှာ ဒုတိယကမ္ဘာစစ်အတွင်းက ပဲရစ် မြို့ လွတ်မြောက်မှုနဲ့ ၁၉၄၅ခုနှစ် ဥရောပမှာ ပြင်သစ်နဲ့ သူအပေါင်းပါတွေရဲ့ စစ်တွေပြီးဆုံးသွားတဲ့ ပွဲတွေလိုမှာပေါ့။ ဇူလိုင် ၁၄ ရက်နေ့မှာ ကျရောက်တဲ့ ပြင်သစ်အမျိုးသား

ပဲရစ်မြို့ရဲ့ အထင်ကရအောက်အခံ ဒေသပြပြင်းမုခ်ဦး

နေ့မှာလည်း မုခ်ဦးကြီးကိုပတ်ပြီး ရှောင်ဇေလီဇေလမ်းမကြီး ပေါ်မှာ စစ်ချီပွဲကြီး(Parade) ကျင်းပလေ့ရှိတယ်။

၁၉၁၈ ခုနှစ်က ပထမကမ္ဘာစစ်ကို နှစ်ဖက်သဘော တူညီမှုနဲ့ စစ်ဆိုင်းခဲ့တဲ့ကာလ အမှတ်တရ နှစ်ပတ်လည်နေ့ အတွက် နှစ်စဉ်အခမ်းအနားတွေကိုလည်း ဒီမှာကျင်းပခဲ့ပါ။ ပြာလွင်လွင် မိုးကောင်းကင်နောက်ခံနဲ့ ဝါကြင်ကြင် ကျောက် သားမုခ်ဦးကြီးပေါ်မှာ ဝဲပျံလွှင့်တက်သွားတဲ့ ပြင်သစ်အလံက အရောင်တွေနဲ့ မီးခိုးရောင်စုံကို မျက်စိထဲ မြင်ယောင်ပြီး ပြင်သစ်တပ်ဖွဲ့တွေ ဘင်ခရာသံနဲ့ ညီညီညာညာ ချီတက် အလေးပြုသွားပုံတွေလည်း တိုယ့်အာရုံထဲမှာ တရိပ်ရိပ် ရှိနေရဲ့။

တည်းခိုရာ ဟိုတယ်က မြို့ပြင်မှာမို့ မုခ်ဦးရဲ့ မီးထိန် ထိန်နဲ့ ညအလှရှုခင်းကိုတော့ ကြည့်ခွင့်မသာခဲ့ပါဘူး။

ရှောင်ဇေလီဇေလမ်းမကြီး (Avenue des Champs-Élysées)

တရားဝင်ရုံးသုံးအမည် Avenue of the Elysian Fields နဲ့ နာမည်ကျော် ရှောင်ဇေလီဇေလမ်းမကြီးဟာ အောင်မြင်ခြင်းမုခ်ဦးရှေ့မှာပဲ ရှိပြီး မုခ်ဦးအပိုင်းကနေ ဖြာထွက်တဲ့ ရိပ်သာလမ်းမကျယ်ကြီးပေါ့။ မုခ်ဦးကနေ နိုင်ငံတော်နှစ်ဆိုင်တဲ့ အခမ်းအနားပွဲတွေနဲ့အတူ ချီတက် လှည့်လည်ပြသပွဲတွေကိုလည်း ဒီလမ်းမကြီးတစ်လျှောက် တစ်ဆက်တည်းပြုလုပ်ကြပါတယ်။ ဒီလိုနဲ့ ရှောင်ဇေလီဇေကို ဆက်လက်လေ့လာ လျှောက်လှမ်းခဲ့ကြပေါ့။

ကမ္ဘာ့အကျော်ကြားဆုံးလမ်းတွေထဲက တစ်ခုဖြစ်တဲ့ ဒီလမ်းမကြီးမှာ မိနစ် ၂၀နဲ့မျှသာ လမ်းလျှောက်ခွင့်ပေးမယ်လို့ လမ်းညွှန်က ဆိုလိုက်ပါသေးရဲ့။ ရှောင်ဇေလီဇေနဲ့ အပြိုင် တည်ရှိနေတဲ့ ဘေးလမ်းမှာ ခရီးသွားကားကြီးကို ရပ်ထားလို့ စိတ်အေးလက်အေး၊ ဒါပေမဲ့ ခပ်သွက်သွက်ဆက်လျှောက် ခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပဲရစ်မြို့ရဲ့ အထင်ကရ အီယက်ဖယ်စင်ကြိုး

သမိုင်းဝင်လမ်းမကြီး ရှောင်ဇေလီဇေဟာ လမ်းက အသင့်အတင့် ကျယ်ဝန်းပေမယ့် သိပ်တော့မရှည်လှပါဘူး။ ၂ကီလိုမီတာ (၁. ၉၈ကီလိုမီတာ၊ ၁. ၁၇မိုင်) လောက်သာရှိတဲ့ ရှန်လမ်းသွားလမ်းမကြီးပေါ့။ လူနေလမ်း မဟုတ်လို့ ရုံးခန်း၊ ဆိုင်ခန်းနဲ့ ရုပ်ရှင်ရုံတွေသာ ရှိပါတယ်။ လွန်ခဲ့တဲ့ နှစ် ၃၀၀ လောက်ကတော့ လူချမ်းသာတွေ နေထိုင်ရာလမ်းမကြီး ဖြစ်ခဲ့ပေမယ့် ခု ဒီလမ်းမှာ နေထိုင်သူပေါင်းဟာ ၅၀ လောက်သာ ရှိပါသတဲ့။

၁၇ ရာစုမှာ ပထမဆုံး ဒီဇိုင်းထုတ်ခဲ့တုန်းကတော့ ရှောင်ဇေလီဇေဟာ ပဲရစ်ရဲ့ဆင်ခြေဖုံး စိန့်မြစ်တစ်လျှောက် (the Tuileries Palace)အထိချဉ်းကပ်လမ်း (the Cours de la Reine)(Queen's Drive) တစ်ခုအပါအဝင် နှစ်ခွင်းပြင်နဲ့ လေဟာပြင်ပါ။ အဲဒီရာစုနှစ် နောက်ပိုင်းမှာပဲ André Le Nôtre က ကျယ်ပြန့်ပြီး အရိပ်ရတဲ့ရိပ်သာလမ်းကို မြေယာအခင်းအကျင်းနဲ့လုပ်ပြီး အခုအောင့်မြင်ခြင်းမုခ်ဦး တည်ရှိနေတဲ့ တောင်ကုန်းလေးထိပ်ပိုင်းအထိ ချဲ့ထွင်ခဲ့ပါတယ်။

၁၈ ရာစုမှာတော့ ဒီတစ်ခုလုံးကို ရှောင်ဇေလီဇေလို့သာ ခေါ်လိုက်ကြပေါ့။ ၁၈၃၆ ခုနှစ်မှာ အောင်မြင်ခြင်းမုခ်ဦးကို အခမ်းအနားနဲ့ဖွင့်လှစ်လိုက်တယ်။ ၁၈၆၀ ပြည့်မှာ ပဲရစ်ရဲ့ ရိပ်သာလမ်းတွေကို ထည်ဝါခမ်းနားလာအောင် ပြန်လည်ရေးဆွဲရာမှာ ရှောင်ဇေလီဇေလည်း ပိုတိုးယ်နဲ့ စားသောက်ဆိုင်တွေရဲ့ ဝုက်သတင်းမွှေးတဲ့ လမ်းမကြီးဖြစ်လာတယ်။

ရှောင်ဇေလီဇေကို the Rond-Point အရ နှစ်ပိုင်းခွဲခြားထားရဲ့။ the Tuileries Gardens အလွန်၊ the Place de la Concorde အထိ အောက်ပိုင်းဟာ ပန်းခြံ၊ ပြတိုက်၊ ကဇာတ်ရုံနဲ့ စားတော်ဆက်အချို့ ပတ်ပတ်ရံလို့ပါ။ အထက်ပိုင်း the AdeT အထိမှာ အစဉ်အလာအရ ဇိမ်ခံပစ္စည်းဆိုင်၊ ဟိုတယ်၊ စားသောက်ဆိုင်၊ စကြီလမ်းကော်ဖီဆိုင်၊ ကဇာတ်ရုံ၊ ဘဏ်နဲ့ ရုံးခန်းတွေရှိရဲ့။ ကမ္ဘာလှည့်ခရီးသွားတွေက မူရင်းလက်ကျန်ကို ပြင်းပြစွာ နှစ်မြို့က်ဆဲမှာပဲ လမ်းရဲ့ စရိုက်လက္ခဏာဟာ တိုးတက်ပြောင်းလဲနေပါတယ်။

လေကြောင်းလိုင်း ရုံးခန်း၊ အသင့်စား စားသောက်ဆိုင်၊ ကားပြခန်းနဲ့ ရုပ်ရှင်ရုံတွေ၊ အလားတူပဲ အမေရိကန်စတိုင် စျေးဝယ်အမိုးခုံးတွေက အုတော့်ကို လွှမ်းမိုးလာပေါ့။

ဒီလမ်းက ဆိုင်ခန်းတွေဟာ ပိတ်ချိန်၊ ဖွင့်ချိန်နဲ့ ဖွင့်ရက် သတ်မှတ်ထားတဲ့ မြင်သစ်ဥပဒေကို ဆန့်ကျင်ပြီး ၇ ရက်လုံးလုံး ဖွင့်ထားကြတယ်။ ဒီအတွက် အခွန်ပေးဆောင်ရပေမယ့် နာမည်ကျော်တံဆိပ်ရ (Brand) တွေသာ ရောင်းချကြလို့ အမြတ်အစွန်း ကျန်သေးတယ်လို့ သိရတယ်။

ကားတီးယား (Mont Blanc, Celio, Swarovski, Brioche Doree, Mc Donald, Le Do) စတဲ့ 'ကမ္ဘာကျော်' ကုမ္ပဏီတွေရဲ့ ကြော်ငြာ၊ နာမည်ညွှန်းဆိုင်းဘုတ်တွေကို ငေးကြည့်ရင်း လမ်းလျှောက်ရတာဟာ ဒီလမ်းကပေးတဲ့ အရသာထင်ပါရဲ့။ အဆောက်အအုံတစ်ခုအတွင်းမှာတော့ စိန်စီထားတဲ့ လှေကားထစ်များကို တလက်လက်တွေ့လိုက်ရတယ်။ လူအများအပြား အတက်အဆင်းလုပ်ရင်း အမှတ်တရ ဓာတ်ပုံတွေရိုက်နေကြတယ်။ ကိုယ်လည်း စိန်စီသော လှေကားထစ်များကို ၄-၅ ထစ် အသေ့ာတက်ကာ ပြန်ဆင်းလာဟန် ဓာတ်ပုံရိုက်လိုက်မိတယ်။ ဘာပဲဖြစ်ဖြစ် စိန်စီသော လမ်းကို လျှောက်ခဲ့ဖူးပြီပေါ့။ ကျေနပ်စိတ်နဲ့အတူ လမ်းညွှန်ပေးထားတဲ့ အချိန်လည်း ကုန်လုပြီမို့ ရှောင်ဇေလီဇေကနေ ကသုတ်ကရက် ထွက်ခွာခဲ့ပေါ့။

ခရီးသွားကားကြီးဆီ အာရုံစိုက်ပြီး လမ်းသွက်သွက် လျှောက်နေဆဲမှာ တစ်စုံတစ်ခုကို တွေ့လိုက်ရတော့ ခြေလှမ်းတွေ တုံ့သွားမိရဲ့။ မြင်လိုက်ရတဲ့ မြင်ကွင်းကတော့ ဒီလိုကြီးကျယ်ခမ်းနားတဲ့ လမ်းမကြီးနဲ့ ဆန့်ကျင်နေပေါ့။

ဥရောပတစ်ခွင် ဘယ်နိုင်ငံမှာမဆို ခင်းထားတတ်တဲ့ ကိုယ်နှစ်သက်လှတဲ့ ကျောက်အုတ်အနက်လေးတွေစီထားတဲ့ စကြီလမ်းပေါ်မှာ ဒူးတုပ်ပြီး ကိုယ်ကို မြေမှာ-ပြားပြားဝပ်လျက် တောင်းစားနေသူ တစ်ဦး။ သြော်- ဘိုးတက်ပြီးနှင့်ပြီဖြစ်တဲ့ ပဲရစ်မှာလည်း ဒီလိုဘဝတွေ ရှိနေတာပဲလား။

(ဆက်ရန်)

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ဇေမှု-သု)

❑

www.burmeseclassic.com

ကျောင်ဝင်း

နန်ကွတ်ကျောင်းခဲ့သည်

မျက်ကွယ်ခဲ့ခြင်းတို့ကလွဲသဘောထားတတ်ခြင်းတို့ကြောင့်ပါပဲမှန်

(၁)

ကံကြမ္မာကိုပဲ အပြစ် ပုံချရမလား။ ကိုယ့်အတွေးပဲ မှားခဲ့လေသလား ကိုယ်မသိ။

သိလို့ကိုတော့ တစ်ခုပဲ ရှိတယ်။ ဆရာဝန်ကြီးရဲ့ စေ့စေ့စပ်စပ် ကြိုတင်ပြင်ဆင်မှု မပြည့်စုံတာလား။ ကိုယ့်ကံကြမ္မာကိုက ခေတာလား၊ ဝေခွဲမရနိုင်။

"ငံ့ထား၊ ငံ့ထား၊ အလေးမပြုခဲ့ဘူးလား၊ ရင်ဘတ်နဲ့ မေးစေ့ထိကပ် နေအောင် ငံ့ထား"

ဆရာဝန်ကြီး၏ နဖူးကြောများ တင်းနေသည်။ ချွေးစို့စပြုလာပြီ။

မိနစ် လေးဆယ်ခန့် ကြာနေပြီ၊ အတွင်းတိမ်က ခွဲထုတ်ရ ခက်နေဆဲ။

နွေမောင်က စာရေးလေ့ရှိတဲ့သူ။ အကြောင်းကြောင်းကြောင့် စာဆက်မရေးဖြစ်ခဲ့သော်လည်း စာပြင်ချင်သည်၊ စာဖတ်ချင်သည်၊ စာငတ်သူဖြစ်သည်။ သူ့ဘယ်မျက်စိ ဝါးနေ၍ မြေလတ်၏ မြို့လေးတစ်ခုမှာ မျက်စိခွဲခံနေခြင်း ဖြစ်၏။

အခမဲ့ကြေညာခြင်း၊ နယ်လှည့် ပါရဂူကြီးများ ကိုယ်တိုင် လာမည်ဟု

www.burmeseclassic.com

www.burmeseclassic.com

သတင်းရထားခြင်းကြောင့် ရပ်ကွက်ဇုန်မှာ စာရင်းပေးထားမိ၏။ သွားပြမိ၏။ မျက်စိ အစစ်ဆေးခံသည်မှ စတင်ကာ အေပိုး၊ ဘီပိုး၊ စီပိုးနှင့် ဆီးချို သွေးချို သွေးတိုး အစစ စစ်ဆေးအောင်မြင်ပြီးမှ ခွဲစိတ်ခန်းဝင်နေသူ ဖြစ်သည်။

မိနစ်တိုင်း၊ စက္ကန့်တိုင်း အကြော တက်နေသည်။ ကြာလေ အကြော တက်လေဖြစ်၏။ (၄၅) မိနစ်ခန့်အကြာတွင် တိမ်ထုတ်ရသွား၏။ သို့သော် အတွင်းဘက်မှ မျက်ကပ်မှန် ထည့်မရတော့။ ကြိုးစားဆဲဖြစ်၏။ အကြောလျှော့ချခိုင်းတိုင်း ဖျောခနဲ ဖျောခနဲ ရှေ့ပြို့ ကျသွားတာ မြင်နေရ၏။

နွေမောင် တုန်လှုပ်သွားခဲ့၏။

ဆရာဝန်ကြီး၏ နှုတ်မှ -

"ဆရာမ၊ အပြင်ဘက်ကချိတ်တဲ့ ခြိတ် မရှိဘူးလား" ဟု အင်္ဂလိပ်လို မေးနေ၏။

"ဆရာ မရှိဘူးလေ" ဟု ဆရာမက ပစ္စည်းရှာရင်း ဖြေနေ၏။

ဆရာဝန်ကြီးက ပြောင်းလာစဟု နောက်မှ စုံစမ်းသိခဲ့ရ၏။ ထုတ်ရသော အတွင်းတိမ်က ဘားပလက် တစ်ဖြားစာမျှ ကြီး၏။ မျက်ကပ်မှန် ထည့်မရတော့ဘူးဟု လက်လျှော့စကားဆို၏။ ၎င်းနောက် မျက်ကြည်လွှာ ပြန်ချုပ်ပေးနေဆဲ ရေအိတ်ပေါက်ကျသွား၏။

ဒုတိယ အကြိမ်လည်း ထပ်ပေါက်ကျသွားပြန်၏။

ဆရာဝန်ကြီးက -

"လူနာ ကံပဲကွာ၊ ဒီတစ်ခါ မရရင်တော့ လုံးလုံးကွယ်မှာ" ဟု အနီးရှိ ဆရာမလေးအား တီးတိုးပြောနေ၏။

နွေမောင် စိတ်အာရုံ စုစည်းလိုက်၏။ ဇနီးသည်က ဗုဒ္ဓ၏ ပဌာန်းပူဇော်လျက် ခွဲစိတ်မှု အောင်မြင်ဖို့ ဆုတောင်းနေ၏။

နွေမောင်ကတော့ -

"ထာဝရ ဘုရားသခင် အလို ကျော်အလိုင်း ဖြစ်ပါစေ၊ ထာဝရ ဘုရားသခင်ရဲ့ ဘုန်းထင်ရှားစေဖို့ မြင်ခွင့်ရှိရင်လည်း မြင်ပါရစေ၊ အာမင်. . . " ဟု စိတ်ထဲမှ အကြိမ်ကြိမ် ဆုတောင်းနေမိ၏။

နောက်ဆုံး အောင်မြင်သွား၏။ လုံးဝ မကွယ်နိုင်တော့ပါ။ မှုန်မှုန်ဝါးဝါး ပြန်မြင်နိုင်သော အခြေအနေသို့ ရောက်ခဲ့၏။ ခွဲစိတ်ခန်းမှ လူနာဆောင် မိမိ၏ အခန်း (၃) ခုတင်ပေါ် သို့ ပြန်ရောက်ခဲ့၏။ ခွဲလူနာအမှတ် (၈) ဖြစ်၏။

မိတ်ဆွေ ကိုနေလှိုင်း (အညာမြေ) အား ဤကိစ္စကို ဇနီးသည်အား ပေးမသိစေလိုကြောင်း မြင်ဖို့တစ်ဝက်၊ မမြင်ဖို့တစ်ဝက်ဖြစ်ကြောင်းပြောပြမိ၏။

နာရီဝက်ခန့်ကြာသော် ဆရာဝန်ကြီး၏ အထောက်အကူပြု ကျန်းမာရေးဝန်ထမ်း ကောင်လေး (နွေမောင်၏ မိတ်ဆွေရဲ့သား) က -

"ဦး မြင်လား၊ ဦး မြင်လား" ဟု သူ့လက်ဝါးလေးကို မျက်စိပေါ်မှ ယမ်းခါပြနေ၏။ စိုးရိမ်လျက်ရှိ၏။

"အေး၊ ရိပ်ခနဲ ရိပ်ခနဲတော့ မြင်ရတယ်၊ လက် ဘယ်နှချောင်းမှန်းတော့ မသိဘူး"ဟု ဖြေလိုက်၏။

- စားဆေး မှန်မှန်သောက်ခြင်း၊ ခပ်ဆေးမှန်မှန်ခတ်ခြင်းကြောင့် မျက်စိအခြေအနေ ပုံမှန်ဖြစ်သောအခါ ညာဘက်ပါ လိုက်မှန်သွားခြင်းကို သိရ၏။ သွားသွားလာလာ ပြုလုပ်နိုင်ရန် ပါဝါ (၁၀၀၀) မျက်မှန်ထူကို တပ်ရ၏။

(၂)

မင်းဘူးမြို့၏ မျက်စိအထူးကု ဆရာဝန်ကြီးထံ ရောက်သွားပြန်၏။ ဆရာဝန်ကြီး၏ ညာဘက်မျက်စိ ခွဲစိတ်ခံခွင့် ရခဲ့၏။ နွေမောင့်လို လူနာမျိုး (၃၀၀)ခန့်ဝန်းကျင် နေ့စဉ်အောင်မြင်စွာ ခွဲစိတ်ကုသပေးနေ၏။

ခွဲစိတ်ခံရမည့် လူနာသည် မခွဲမီ (၁)ရက်အလို ကြိုတင်ဆေးရုံတက်ရ၏။ စမ်းသပ်စစ်ဆေးပြီး အတွင်းတိမ်ရှိသော လူနာများကို ခေတ်မီစက်က လေဆာဖြင့်ပစ်၍ အတွင်းတိမ်ကို ခြေပေး၏။ တစ်ဦးလျှင် (၅) မိနစ်ခန့်သာ ကြာ၏။

နောက်နေ့တွင် ခွဲစိန်ခန်း ဝင်ရ၏။ ချေပြီးသော အဲတွင်းတိမ်များကို စုပ်ထုတ်ခြင်းနှင့် မျက်ကပ်မှန် ပြန်ထည့်ပေးခြင်း အလုပ်ကို လူနာက ငြိမ်သက်မှု ကောင်းလျှင် (၅) မိနစ်ခန့်သာ ကြာ၏။ ခွဲစိတ်မှုအဝဝကို အပြစ်က လူများ မြင်အောင် စက်ဖြင့်ဖွင့်ပြထား၏။

အော်ပရေးရှင်း တစ်ခုလုံး (၁၀) မိနစ်သာ ကြာ၏။ ညခွဲစိတ်ပြီးနောက် နောက်နေ့နံနက်တွင် ပတ်တီး ဖြေပေး၏။ အလင်းကာ အပေါက်ပါကော်ခွက်ကလေးတွေ ကိုယ်စီဖြင့် မျက်လုံးဖွင့်လိုက်သည်ခဏ အားလုံး မြင်ခဲ့ရ၏။ နွေမောင် ပျော်သွား၏။ ဆရာဝန်ကြီးအား ကျေးဇူးလည်း တင်သွား၏။

"ငါမြင်လို့ ရပြီ၊ ငါစာဖတ်လို့ ရပြီ ငါစာရေးချင်တဲ့အခါ ရေးလို့ရပြီ"ဟု စိတ်ထဲက အကြိမ်ကြိမ်ပြောနေမိ၏။

ညာဘက်ခွဲစိတ်မှု ဇောအောင်မြင်၍ သွားလာနိုင်သွား၏။ လွှဝန်းကျင်နှင့် မကင်းကွာတော့ပါ။

မင်းဘူးဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်တကွ ဆရာ၊ ဆရာမအားလုံး အခြား အထောက်အကူပြု ဝန်ထမ်းအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေဟု နွေမောင် စိတ်ထဲက လှိုက်လှိုက်လဲ့လဲ့ ဆုတောင်းနေမိ၏။

(၃)

နွေမောင် ဘယ်ဘက်ခွဲစိတ်မှု ဖြစ်စဉ်နှင့် ညာဘက်ခွဲစိတ်မှုဖြစ်စဉ်ကို နှိုင်းယှဉ်စဉ်းစားနေမိ၏။

ခေတ်မီ စက်ပစ္စည်းကိရိယာများ၊ နောက်ဆုံးပေါ် နည်းပညာနှင့် လုပ်ငန်းအဖွဲ့အကြုံများက အောင်မြင်မှုကို မျက်စိအထူးကုဆရာဝန်ကြီးများဘက်ရော၊ ကုသခံ လူနာများ အတွက်ပါ ပေးစွမ်းနိုင်ကြောင်း မျက်ဝါးထင်ထင် တွေ့လိုက်ရ၏။

၎င်းအပြင် လုပ်ငန်းလုပ်သူတိုင်း မိမိလုပ်ရမည့် အလုပ်အပေါ် ကြိုတင်

www.burmeseclassic.com

စီစဉ် စစ်ဆေးသင့်ကြောင်း၊ မခွဲစိတ်မီ အထောက်အကူပြု လုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးများ စုံလင်စွာ ရှိ၊ မရှိ ကြိုတင်စစ်ဆေးသင့်ကြောင်း၊ မျက်စိအမြင်သည် လူကို အထီးကျန်ဘဝသို့ တွန်းပို့နိုင်ကြောင်း နွေမောင်တ တောင်စဉ်ရေမရ တရစပ် တွေးနေမိ၏။

နွေမောင်တို့ဇနီးမောင်နှံ မင်းဘူးဆေးရုံကြီး၊ မျက်စိအထူးကုဌာန လူနာဆောင်မှအပြန် အတူကားဆုံစီးခဲ့ကြသူလူနာချင်း ခင်မင်စွာ စပ်မိစပ်ရာ ပြောမိကြရင်း -

"အရင်က နှစ်ဖက်လုံး မြင်တယ်၊ မျက်ကပ်မှန် ထည့်ထားတာ၊ နှစ်နှစ်ကျော်ကြာတော့ ရှင်ဘတ်ကို ဆေးပူတွေလိမ်း၊ ဇက်ကြောနဲ့ နားထင်မှာ ဆေးပူတွေ လိမ်းတာတွေကြောင့် နှစ်ဖက်လုံး ပြန်မှန်သွားတာ၊ အခုတော့ လူတစ်ယောက် တွဲခေါ်မှ သွားလာနိုင်တဲ့အထိ ဖြစ်သွားတာဗျ"

ဟု ဘဝတူ လူနာများကို သူ့အတွေ့အကြုံပြော၍ ဆေးပူမလိမ်းဖို့၊ မျက်နှာ၊ ဇက်၊ ရင်ဘတ် ဆေးပူမလူးမိဖို့ သတိပေးနေသံကို လည်းကောင်း။

"ကျွန်မက အရင်မျက်ကပ်မှန် ထည့်ထားလို့ မြင်ရတယ်၊ မျက်စိထဲတို့ ဖုန်မှုန့်တွေ လုံးဝင်သွားလို့ လုံးဝပြန်မှန်သွားတယ်ရှင့်" ဟု လူနာမတော်ဦးတအသံစာစာဖြင့် ဝင်ပြောနေသံကို လည်းကောင်း ခွဲစိတ်ခံပြီးစ နွေမောင် တစ်ယောက်အဖို့ သတိထားစရာ အတွေ့အကြုံများ ကြားနေရ၏။

"ဘယ်၊ ညာ ခွဲစိတ်ပေးသော် မျက်စိကုဆရာဝန်ကြီးများ အားလုံးကို ကျေးဇူးတင်ပါတယ်၊ ဇူ့ဝန်းကျင်ထဲ အမြင်အာရုံနဲ့ ပြန်ခေါ်ပေးတဲ့ ညာဘက်မျက်စိခွဲစိတ်သူ မင်းဘူးအထူးကု ဆရာဝန်ကြီးအား ပို၍ ပို၍ ကျေးဇူးတင်ပါတယ်" ဟု နွေမောင် တိုးတိုးလေး ရွတ်ဆိုရင်း မိုးတဖွဲဖွဲကြား မင်းဘူးမကွေး လိုင်းကားလေးက တရိပ်ရိပ် ပြေးနေသဲ့။

နွေမောင်လို မျက်စိကု လူနာများလည်း မင်းဘူးမြို့ ဆေးရုံကြီးရဲ့ မျက်စိကုသဆောင်မှာ တဖွဲဖွဲ ဝင်ထွက်နေကြဆဲ။

[မှတ်ချက် ။ ဤကိုယ်တွေ့သုံသပ်ဝတ္ထုကို လေးဖြစ်အောင် မျက်စိခွဲစိတ် ကုသိုလ်ယူသော တူမောင်ဇီးစံအား လည်းကောင်း၊ ထပ်ခဲခွဲစိတ်(ညာ) ကုသိုလ်ယူသော သား မောင်ကျော်စောဝင်းနှင့် သမီး မအိတာအား လည်းကောင်း၊ ခွဲစိတ်ကုသပေးသော မျက်စိအထူးကုဆရာဝန်ကြီးများနှင့်အထောက်အကူပြု ဆရာဝန်၊ ဆရာမများ၊ အခြားအဆင့်များအား လည်းကောင်း ဝမ်းမြောက် ကျေးဇူးတင်စွာ မှတ်တမ်းတင်အပ်ပါသည်။]

ကျော်ဌေး (နှင်္ကတ္ထရောင်ခြည်)



www.burmeseclassic.com

www.burmeseclassic.com



မှုတော်ပညာရှိအပေါင်း ဗုဒ္ဓသည်
ညီ ထက်ရောက်ကြောင်းသော ညီလာခံ
သည်တစ်ခုလုံး မီးတို့ ရှေးခိုင်ပြီးတဲ့
ကဲ့သို့ အသာစလံများ တိတ်ဆိတ်နေသည်
ပါသည်။

စောကေပိုင်းအဆိုလွှမ် တိုင်း
ရေးပြည်ရေး အရှင်းချင်း ဆွေးနွေးလဲ
မှုခု မြင်းတရားကြီးထံ လျှောက်တင်
သံများ ကိစ္စသည် ရှိလှပါသည်။

သို့သော် ဆိုကြားတိုင် (အကျဉ်း
ထောင်)မှ ရဲတပ်ဖွဲ့ဝင်အချို့ အား
ရွှေတော်ဆောက်သို့ ခေါ်ဆောင်
လာခဲ့သောအခါ အရာရှိအသုံးသည်
သူတို့ကို ကစစ်ပြုငြိမ်းမခံ ပြုခဲ့ကြသော
အကြောင်း ပြောပြလိုက်သည်။

ဘုရားရှင်သည် ဝမ်းနည်းသည့် မီး
ဝင်းဝင်းတောက်လောင်နေသော ကျွန်းမြေ
တရားစခန်းအား ကြည့်ရှုတော်မူ
ခဲ့ပြီးနောက် ဗုဒ္ဓသေတ္တာ ဖြစ်သည်။
စဉ်ဆက် ထိုကဲ့သုံးသည့် သားတော်
တို့အား အပူဒုက္ခ ပေးခဲ့သော ပြစ်မှု
သည်။ ဘုရားသခင် ထက်ပြန်ကြည့်ရုပ်
ထားတော့ ဝမ်းကွဲဦး ဒွေးတုပ်ကာ
ခေါင်းငုံ့စေးနေပါသည်။

သမတိုးတော်ကြီးသည် မီး
ဝင်းဝင်းတောက်လောင်နေသော ကျွန်းမြေ
တရားစခန်းအား ကြည့်ရှုတော်မူ

www.burmeseclassic.com

www.burmeseclassic.com

သက်တော်ရှည် အမတ်ကြီးများပင် မင်းတရား၏ဒေါသစိတ်ကို တထိတ်ထိတ်နှင့် အရိပ်အကဲ ကြည့်နေကြရပါသည်။ မည်သူကမျှ လေသံပင် မဟရကြပါ။

အတန်ကြာမှ မင်းတရားက မိုးခြိမ်းသံအလား မိန့်မှာစကားဖြင့် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်ပါသည်။

"မောင်မင်း ငမြတ်ထင်ဟာ လူတကာ မထင်မှတ်တဲ့အမှုကို လုပ်တယ်၊ ငါဘုရင်မင်းမြတ် ကရုဏာထားပြီး ခွင့်လွှတ်စရာမဟုတ်တဲ့ ပြစ်မှုကြီးကို ကျူးလွန်တယ်၊ မောင်မင်းဟာ အပြစ်ရှိတယ် ဆိုတာ ဝန်ခံသလား"

မိုးကြိုးသွားကဲ့သို့ စူးရှထက်မြက်သော စကားကြားရသဖြင့် ငမြတ်ထင် တုန်လှုပ်သွားသည်။ ပင်ကိုအားဖြင့် သူသည် ရဲဝံ့သွက်လက်၍ သတ္တိမနည်းသော လူငယ်တစ်ယောက်အဖြစ် ကြီးပြင်းခဲ့ပါသည်။ ဦးဦးဖြစ်သူ၏ စီမံမှုဖြင့် ဝေယျာဝစ္စ လုပ်ကိုင်ရသော အမှုလုပ်လုလင်အဖြစ် နန်းတွင်းသို့ ရောက်ခဲ့ရသော်လည်း အုခါအခွင့်သင့်လျှင် နန်းတော်စောင့်တပ်တွင် တာဝန်ထမ်းဆောင်ရန် မျှော်လင့်ထားခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ နဂါးတို့ မျက်စောင်း အကြောင်းသုံးပါး ရွေးသည်။ မင်းတို့မျက်စောင်း အကြောင်းမရွေးကြောင်း နားလည်ထားပါသည်။ သို့ပါ၍ တိတ်တိတ်နေလိုက်ပါသည်။

တိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဟု ယူဆသော် ရပါ၏။ သို့ရာတွင် ဘုရင် သမုတိဒေဝရာဇာက ဤမျှနှင့် မကျေနပ်ပါ။ ဒေါသနှင့် ဆက်ပြောပါသည်။

"သယ်- ငါမင်းတရား မိန့်မှာစကား ဒီဝဠိုက်သား မကြားလေရော့သလား၊ အပြစ်ပေးရမယ်ဆိုရင် သေဒဏ်ကလွဲလို့ တခြားမရှိတူးဟဲ့"

မင်းတရားသည် မှူးတော်ဗိုလ်ပါနှင့်တကွ လူအများရှေ့တွင် မင်းကောင်းမင်းမြတ်တို့၏ ကျင့်သုံးလေ့ရှိသည့် အတိုင်း အများရှေ့တွင် တရားစီရင်နေခြင်းဖြစ်ပေသည်။ သူ၏ ပင်ကိုစိတ်ရင်းအရဆိုလျှင် ယခုကဲ့သို့ တံ့ဆိုင်းမနေဘဲ မိမိလက်မှ သန်လျက်ဖြင့်သာ ခုတ်ပိုင်းချင်လှပေသည်။

သမုတိဒေဝရာဇာမင်းကြီးတွင် တောင်ညာစံဒေဝီ မဟာသီဟိုဠရာဇာမင်းကြီးမှ ဖွားမြင်သော ရင်နှစ်သည်းချာဖြစ်သော သားရတနာ သူရိယတေဇမှာနှင့် သမီးလှရတနာ စန္ဒမာလာတို့ နှစ်ဦးရှိပေသည်။ အရွယ်ရောက်သော် သူရိယကုမာရမင်းသားသည် ယောကျ်ားတို့တတ်အပ်သော အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်သော ပညာတို့တွင် ခနုဗေဒ ခေါလေးမြားနှင့် စစ်ဗျူဟာ အတတ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ခဲ့ပါသည်။ သားတော်အား မြို့စံ၊ နယ်စား ခီးမြောက်ပေးသနားတော်မူပြီး အစွန်အဖျားဒေသများရှိ သူပုန်သူကန်များ နှိမ်နှင်းရန် တာဝန်ပေးထားရသည်။

သမီးငယ် စန္ဒမာလာကိုကား အဲချစ်ပိုသည်ကတစ်ကြောင်း၊ မိန်းမသားဖြစ်သည်ကတစ်ကြောင်း အဝေးသို့ မပို့ဘဲ မျက်စိအောက် နန်းတော်တွင်းဌာန စံမြန်းစေပါသည်။

စန္ဒမာဆိုသည်မှာ လမင်းဖြစ်သည်။ လမင်း၏ သဘာဝမှာ အေးမြသော သဘောပင်ဖြစ်သည်။ မြင်ရသူတို့အား စိတ်နှလုံးရွှင်ပြုံးစေသည်။ မာလာ ဆိုသည်မှာ အနွယ်တက်သော ပန်းဖြစ်သည်။ သမီးတော်သည် ပန်းကလေး တစ်ပွင့်ကဲ့သို့ လှပပါသည်။ တစ်ခါတစ်ရံ ပန်းတွေထက်ပင် လှပသည်ဟု တင်စားရသည်။ ဖခင်ဘုရင်ကြီး၏ စိတ်နှလုံးကို ရစ်ပတ်နှောင်ဖွဲ့သော သမုဒယနွယ်ပင် ဖြစ်လေသည်။

သမီးတော်သည်သာ ဖခမည်းတော်၏ လမင်းဖြစ်လာသည်။ သမီးတော်သည်သာ ဖခမည်းတော်၏ မွေးရန်း သင်းပျံ့လှစွာသော ပန်းမာလာ ဖြစ်လာလေသည်။ အချစ်ကြီးသော ဖခင်သည် သမီးတော်အား နန်းတော်ငယ်ကဲ့သို့ အဆောင်ဆောင် အခန်းခန်း ရှိသော တိုက်ခန်းတွင် စံမြန်းစေပါသည်။ လိုအပ်သည်မှန်သမျှ မရမမရှိလေအောင် အထိန်းတော်များ၊ ရဲရွေတော်များနှင့် တေးဂီတ ဖျော်ဖြေသူများပါ မတျန် အထူးစီမံထားပါသည်။

သို့ရာတွင် ထိုအဆောက်အအုံသည် ဓင်းသမီးနှင့် ရဲရွေတော်များသာ နေခွင့်ရသော 'မိန်းမဆောင်' ဖြစ်သည့် အားလျော်စွာ အဖိုဆိုလျှင် ယင်ဖိုဝင် ဝင်ခွင့်မရပါ။ လူယောကျ်ားဆိုလျှင်ကား လက်ကျန်လျှင် လက်ဖြတ်၊ ခြေကျန်လျှင် ခြေဖြတ် တန့်သတ်ထားသော နယ်မြေဖြစ်ပါသည်။

အပြင်စည်းတွင် တာဝန်ချထားသော လေးသည်ကျော်များကလည်း ဖြတ်သန်းဝင်ရောက်သူကို ပစ်ခွင်းရန် အလှည့်နှင့် ကင်းစောင့်နေကြပါသည်။ ကျူးကျော်ဝင်ရောက်သူကိုတွေ့လျှင် စစ်သူကြီးထံ အမိန့်တောင်းစရာ မလိုပါ။ အလိုအလျောက် 'ပစ်မိန့်' ရထားသူများဖြစ်ပါသည်။ ထိုမျှ မကသေးပါ။ ဖခင်ဘုရင်ကြီးကိုယ်တိုင်က 'တိုင်းပြည်ရဲ့ အလှပဂေးမို့ ရည်ငံလျှင် ဘဝကို ပေးရမယ်ဟေ့' ဟု ကြိမ်းဝါးထားခဲ့ပါသည်။

သို့ရာတွင် မင်းတရားကြီး သတိမမူခဲ့သော ကိစ္စတစ်ရပ်ရှိပါသည်။

စလုံးကဲ့သို့သော ဖိုအကွရာစာလုံးဖြင့် မှည့်ခေါ်ထားသော မိန်းကလေးများသည် ယောကျ်ားလေးပမာ သွက်လက်ချက်ချာပါသည်။ ဟိုစပ်စပ် ဒီစပ်စပ်လည်း ရှိတတ်ပါသည်။ ငယ်စဉ်ကတည်းက အထိန်းတော်များ လစ်ရင်လစ်သလို နန်းတော်အနှံ့ လျှောက်သွားတတ်သည်။ နန်းတော်အတွင်း အထူးလျှို့ဝှက်အပ်သော နေရာများမကျန်နှံ့စပ်အောင် ရောက်ဖူးသည်။

အဲသက်အရွယ်ရောက်၍ စာပေပညာများ လေ့လာဆည်းပူးပြီးသော အခါ မိန်းမသားဖြစ်၍ စီမံခန့်ခွဲခွင့် မရှိသည်မှလွဲ၍ မင်းမှုရေးရာ ကျွမ်းကျင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးအဆင့် ရောက်လာသော်လည်း နှံ့နှံ့စပ်စပ် လျှောက်သွားသည့် အလေ့အထကို ဖျောက်မရပေ။ ဟိုဟိုဒီဒီ လျှောက်သွားရင်း အမှုလုပ်လုလင် မောင်မြတ်ထင်နှင့် ဆုံမိကြပါသည်။

မောင်မြတ်ထင်သည် ရည်မှန်းချက်ကြီးသူ ဖြစ်သည်။ အထက်လူကြီးများဖြစ်သော ဝန်ကြီး၊ ဝန်ကလေးနှင့် ဝန်ထောက်များ၏ ကျေနပ်မှုရအောင် ဆောင်ရွက်ပေးခြင်းဖြင့် တစ်စတစ်စ ညီလာခံပြင်ဆင်ရေးအထိ ဝင်ဆံ့လာပါသည်။ မင်းဆွေမင်းမျိုးတို့နှင့် အမှတ်မထင် တွေ့ဆုံရလျှင် အမှုလုပ်တို့မှာ မလုံမလဲ တုန်လှုပ်တတ်ပါသည်။ မောင်မြတ်ထင်က ထိုသို့ မဟုတ်ချေ။ မိမိအလုပ်ကိုမိမိယုံကြည်ပါသည်။ မေးမြန်းစုံစမ်းလာလျှင်လည်း ရဲရဲဝံ့ဝံ့ ဖြေကြားတတ်ပါသည်။

မောင်မြတ်ထင်နှင့် မင်းသမီး ညီလာခံအဆောင်အနီး တွေ့သောအခါ မင်းသမီးက စတင်မေးမြန်းပါသည်။

"အသင်က မည်သူနည်း"

"အမှုလုပ်လုလင် မောင်မြတ်ထင် ဖြစ်ကြောင်းပါ မင်းသမီး"

"ကောင်းပြီ မင်းတရားကြီးရဲ့ အမှုတော်ဆိုရင် မပေါ့ဆစေနဲ့"

"မှန်လှပါ၊ ကျွန်တော်မျိုး အမှုတော်ထမ်းရင် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆပြုလုပ်၍ လစ်ဟင်းမှု တစ်ခုမျှ မရှိကြောင်းပါ မင်းသမီး"

ရဲရဲဝံ့ဝံ့ လျှောက်တင်မှုကို စနှောလာ အံ့သြသွားသည်။ အံ့သြမှုတွင် အထင်ကြီး လေးစားမှု ပါသွားသည်။ တစ်ချိန်တည်းတွင် အခြားသူများက သူမအား ကြောက်ရွံ့ထိတ်လန့်မှုတို့ကြောင့် သူမကိုယ်တိုင်မှာ သရဲသဘက်ကဲ့သို့ ဖြစ်နေသည်။

မိတ်ဆွေရောင်းရင်းကဲ့သို့ ပြောဆိုနိုင်မည့်သူသည် မောင်မြတ်ထင်သာ ဖြစ်သည်ဟု တစ်ဆက်တည်း ခံယူမိတော့သည်။

သို့နှင့် မကြာခဏ တွေ့ဖန်များသောအခါ မောင်မြတ်ထင်၏ နှလုံးသားနှီးကြားလာတော့သည်။ ထို့အတူ ယောကျ်ားလေး ဟူ၍ နောင်တော်သူရိယကုမ္ပဏီနှင့်ပင် ရင်းရင်းနှီးနှီး မနေဖူးသော စနှစ်မာလာသည် မောင်မြတ်ထင်အား သဒ္ဓါလွန် တဏှာကျွန် ဖြစ်မိတော့သည်။ နောက်ဆုံး မောင်မြတ်ထင်သည် မင်းသမီးအဆောင်သို့ လျှို့ဝှက်လမ်းမှ တိတ်တဆိတ် သွားခဲ့သည်အထိ ဖြစ်လာတော့သည်။

ရံဖွေတော်များလည်း အစပိုင်း သိသာသိစေ၊မမြင်စေနဲ့ဟူသောဘောနှင့် နှုတ်ဆိတ်နေကြသော်လည်း ကာလအတန်ကြာသောအခါတွင်ကား သတင်းစကား ပေါက်ကြားသွားလေသည်။ တစ်နှန်းတော်လုံးသိပြီးမှ မင်းကြီးနားရောက်ရပေတော့သည်။ မင်းကြီး အမျက်ခြောင်းခြောင်း ထွက်သည်မှာ ဆိုဖွယ်ရာမရှိတော့ချေ။ လူအများရှေ့မှောက် တရားစီရင်နေရသော်လည်း ဒေါသကြောင့် အသားများပင် တဆတ်ဆတ်တုန်နေပါသည်။

"ကဲ- မောင်မင်းမှာ ပြောစရာ မရှိရင် တရားစီရင်မယ်"

မင်းတရားကြီး၏ နောက်ဆုံးစကား ဖြစ်သည်။ သို့ရာတွင် ငြိမ်နေ၍မရတော့ချေ။ ဘာမှမပြောလျှင် သေရပေတော့မည်။ အမျက်ဒေါသကို ကြောက်၍မရချေ။ ကြောက်ရင်လွဲ၊ ရဲမှ မင်းဖြစ်ရသည်။ ထို့ကြောင့် အရဲစွန့်၍ လျှောက်တင်လိုက်သည်။

- "လျှောက်တင်ပါရစေ အရှင်မင်းမြတ်"

သမုတိရာဇာမင်း မျက်ခုံးပင့်မိသည်။ သို့ရာတွင် လူပုံအလယ်ဖြစ်၍ ရာဇကျွန်ဖြစ် ဆည်လိုက်သည်။

"ကိုင်း- အလျင်အမြန် လျှောက်တင်စမ်းဟဲ့"

"မှန်လှပါမင်းကြီး၊ အရှင်မင်းကြီး အပြစ်လို့မြင်ခဲ့တဲ့ကိစ္စဟာ ကမ္ဘာဦးအစကတည်းကဖြစ်စဉ်ပါဘုရား။ လုလင်ပျိုနဲ့ လုံမပျို ချစ်ကြိုက်တယ်ဆိုတာ သဘာဝနိယာမပါဘုရား၊ သဘာဝမှာ အပြစ်မရှိပါ ဘုရား"

"ဟယ်- ရာရာစစ၊ သမီးတော် အဆောင်ကိုကျူးကျော်တဲ့ကောင်ကများ"

"မှန်လှပါ မင်းကြီး၊ သမီးတော် အဆောင်ကို ဝင်ရောက်တဲ့ ကျွန်တော်မျိုးမှာ အပြစ်ရှိတယ်ဆိုရင် ကျွန်တော်မျိုးကို လက်ခံတဲ့ သမီးတော်မှာလည်း အပြစ်ရှိကြောင်းပါ ဘုရား"

"ဟေ့- မောင်မင်း ဘာပဲပြော ပြော ငါကိုယ်တော်မြတ်က အပြစ်ရှိတယ်ထင်ရင် စီရင်မှာပဲ၊ မှတ်လေ့"

"မှန်လှပါ၊ ကျွန်တော်မျိုး အပြစ်ရှိရင် တရားက စီရင်ပါလိမ့်မယ်၊ အပြစ်မရှိရင်တော့ အခွင့်အရေးရသင့်ပါတယ်၊ အရှင်မင်းကြီး လက်သုံးပြုတဲ့ ကြေးဝါတံခါးနှစ်ချပ်ကို ရွေးခွင့်ပြုပါ ဘုရား"

ညီလာခံတစ်ခွင်လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ မင်းကြီး၏အမျက်ကို ကြောက်နေပုံရသော မျက်လုံးများသည် လုလင်အား ဘရုဏသက်သည့်အသွင် သို့ ပြောင်းနေသည်ကို တွေ့လိုက်ရသည်။ မိမိယုံကြည်နေခဲ့သော ကြေးဝါတံခါးနှစ်ချပ် စီရင်ထုံးကို လက်မခံလျှင် ရာဇသိက္ခာ ကျရပေတော့မည်။

စင်စစ် သမုတိဒေဝရာဇာမင်းသည် အမြော်အမြင် ဉာဏ်ပညာအားနည်းသူ ဖြစ်သည်။ နာမည်နှင့်လိုက်အောင် နတ်ဒေဝတာအားကိုးမှု လွန်ကဲသည်။ မင်းနေပြည်တော်တွင် ကမ္ဘာစောင့်နတ်မင်းကြီးအဖြစ် မဟာပိသနိုးနတ်ရုပ်တုကို ထုလုပ်ကိုးကွယ်ထားပါသည်။ တိုင်းရေးပြည်ရေး အစစ ကူညီရန် ဗလီနတ်စာများဖြင့် မပြတ်တမ်းပူဇော်ပသလေ့ ရှိသည်။

တရားစီရင်သောအခါ၌လည်း မိမိ မဝေခွဲနိုင်သော အမှုကိစ္စများတွင် နတ်ဒေဝတာကို တာဝန်ပေးချင်ပုံရသည်။ 'တရားကို နတ်စောင့်သည်' ဟူသော စကားကို မူသေကိုင်စွဲထားသည်။ ထိုမင်း၏ ကောင်းသောစရိုက်လက္ခဏာ

www.burmeseclassic.com

မူကား သနားကြင်နာတတ်သော ကရုဏာတရား ရှိပေသည်။

သူစဉ်းစားသည်မှာ အကယ်၍ အဆင့်ဆင့်တာဝန်ယူရသောမင်းမူထမ်းတို့သည် အပြစ်မရှိ ပကတိဖြူစင်သူတစ်ဦးဦးအား မှားယွင်း၍ ဖမ်းဆီးတုပ်နှောင် အရေးယူခြင်းများ ပြုခဲ့သော်ထိုသူ နစ်နာဖွယ်ရာရှိသည်။ ထိုသို့မှားယွင်းအရေးယူမိပါက နစ်နာမှုအား ပြေပျောက်စေရန် ပြန်လည် ကုစားပေးသင့်ပေသည်။ ထို့အတူ တကယ်တမ်း အပြစ်ကျူးလွန်သူ မှန်နေဝါက ထိရောက်သောအပြစ်ဒဏ် ခံစားစေသင့်သည်။ သို့မှသာ ပြည်သူအများ တရားဥပဒေကို လေးစားလိုက်နာကြမည်။ အပြစ်မဲ့ပြည်သူများလည်း တရားဥပဒေ၏ အကာအကွယ်ရ၍ ရပ်ရွာ အေးချမ်းပေမည်။

ထိုသို့ စဉ်းစားမိသည့်အလျောက် မှန်ကန်တိကျသော တရားစီရင်ရေးပုံစံတစ်ခု ဖော်ဆောင်ခဲ့သည်။ ရှေးဦးစွာ မြို့လယ်ကောင်တွင် ကွက်လပ်ကြီး တစ်ခု စီမံလိုက်သည်။ တွက်လပ်ကို လုံခြုံမှုရှိစေရန် ကျောက်တံတိုင်းအမြင့် ဖြင့်ကာရံထားလိုက်သည်။ ထိုကွက်လပ်ကို မင်းနှင့် မှုမတ်များ၊ ကြည့်ရှုနိုင်ရန် မင်္ဂလာမဏ္ဍပ် ဆောက်လုပ်ထားသည်။ အများပြည်သူ ကြည့်ရှုနိုင်ရန်လည်း ပတ်ဗတ်လည်တွင် စင်မြင့်များ ဆောက်လုပ်ထားပါသည်။

ကွက်လပ်အတွင်းတွင် ဖော်ကထွင်း၍ မမြင်နိုင်သော လှောင်အိမ်ကြီး နှစ်လုံး ဆောက်ထားသည်။ လှောင်အိမ်ကို ခံ့ညားလှပစွာသော ကြေးဝါတံခါးတစ်ချပ်စီနှင့် ပိတ်ထားသည်။ လှောင်အိမ် တစ်အိမ်အတွင်း၌ အစာမကျွေးဘဲ ထားသော ကျားသတ္တဝါ ရှိလေသည်။ အခြားတစ်လုံးတွင်မူ ရုပ်ရည်သန့်ပြန့်သော ကညာပျို ရှိလေသည်။ ကျားနှင့် ကညာ မည်သည့်လှောင်အိမ်တွင် မည်သည်ကိုထားသည်ကိုမူ အသိမပေးပါ။ ထိပ်တန်းလျှို့ဝှက်ချက် ဖြစ်သည်။

သမုတိဒေဝရာဇာမင်းသည် ဆုံးဖြတ်ရန်ခက်ခဲသောကိစ္စ၌ အချုပ်သားကို လှုပ်အလယ် ကြိုက်ရာလှောင်ချိုင့်ကိုရွေး၍ ဖွင့်စေသည်။ အပြစ်မရှိပါက နတ်ဒေဝတာများကို တိုင်တည်လျှင် နတ်များက ကညာပျိုရှိရာဘက်ကို ဖွင့်ရန် နှိုးဆော်ပေမည်။ အပြစ်ရှိပါက တရားစောင့်သော နတ်များက ကူညီမည် မဟုတ်ချေ။

အချုပ်သားသည် မိမိသဘော အလျောက် ကျားလှောင်အိမ်ကို ရွေးချယ်ဖွင့်လိုက်ပါက ဆာလောင်နေသော ကျားကိုက်ခဲ၍ သေပွဲဝင်ရတော့သည်။ ထိုအခါ ရာဇဝတ်သားကြောင့် ထိခိုက်ဆုံးရှုံးရသော ကာယကံရှင်များ စိတ်ကျေနပ်ပေတော့မည်။ ထိုလူသေဆုံးပြီးသောအခါမှ ကျားထိန်းများက ကျားကို လှောင်အိမ်ထဲ ပြန်သွင်းကြသည်။ သေဆုံးသူ၏ ကြွင်းကျန်သမျှ ရုပ်အလောင်းကို သင်္ချိုင်းသို့ ထုတ်ယူသွားရပါသည်။ နောက်ဆုံးကွက်လပ်ကိုလည်း ဆေးကြော သန့်စင်ရပါတော့သည်။

ထိုသို့ မဟုတ်ဘဲ ကညာပျိုရှိသော လှောင်အိမ်ကိုဖွင့်မိပါက မင်းနှင့် ပရိသတ် အပေါင်းသည် ထိုသူအား အပြစ်မရှိသောလူဟု လက်ခံယုံကြည်သွားကြပါသည်။ အပြစ်မရှိဘဲ အချုပ်ကျသော နစ်နာမှုအတွက် ရှင်ဘုရင်ကိုယ်တိုင်က ထိုမိန်းကလေးနှင့် လက်ဆက် ထိမ်းမြားပေးပါသည်။ ရင်းနှီးစားသောက်ရန် ဆုတော်ငွေများလည်း ချီးမြှင့်ပါတော့သည်။ လှောင်အိမ်ဖွင့်အပြီး အတွင်းမှ ကညာပျိုထွက်လာသည်နှင့်တစ်ပြိုင်နက် အိုးစည်ဗိုးပတ်များနှင့် တီးမှုတ်သီဆိုသော လုလင်ပျိုများအပြင် ပျော်ပျော်ရွှင်ရွှင် ကခုန်ကြသော် လုံမပျိုများက ပရိသတ်အား ကွင်းလုံးပြည့် ဖျော်ဖြေကြပါသည်။

ဤနည်းဖြင့် တရားစီရင်ခဲ့ရာတွင် ယနေ့အထိ အမှားအယွင်းမရှိနတ်လူ သာဓုခေါ်နေသည်ဟု မင်းတရားက ယုံကြည်ထားပါသည်။

ယခုသော် ငမြတ်ထင်ဆိုသော လုလင်က ထိုသို့စီရင်ရန် တောင်းဆိုနေပေသည်။ ခွင့်မပြုပါက သူ့ကိုယ်တိုင် တီထွင်သော တရားစီရင်ရေးစနစ်ကို သူ မယုံကြည်သလို ဖြစ်သွားမည်။

ညီလာခံ ပရိသတ်ကို အကဲခတ်လိုက်သောအခါ၌လည်း လုလင်ပျိုကို ကရုဏာသက်ပုံရသည်။ စောစောက အကြောက်တရား၏ မျက်နှာထားများက လုလင်အား သနားသည့်အသွင် ပြောင်းလာချေပြီ။ ခက်သည်က လုလင် အသက်ရှင်နေသေးလျှင် သမီးတော်နှင့် ထပ်မံတွေ့ဆုံနိုင်သေးသည်။ ထိုအခြေအနေကိုလည်း လုံးဝလက်မခံနိုင်ပါ။

စိတ်ထဲ ကျဉ်းကျပ်လာသဖြင့် မင်းတိုင်ပင်အမတ်ကို ကြည့်လိုက်သည်။ မင်းတိုင်ပင်အမတ် ဇေယျပဏ္ဍိတသည် လတ်တလော အဆောင်အယောင်များဖြင့် ဝင့်ဝင့်ကြွားကြွားရှိလှသည်။ သမုတိဒေရာဇာမင်းသည် ထိုအမတ်နေရာတွင် ထိုင်ခဲ့သော အမတ်ကြီး မင်းလှမဟာပညာကျော်အား သတိရလိုက်သည်။ ထိုအမတ်ကြီး၏ပညာမှာ အတုမရှိချေ။ ယခုနေ သူသာရှိလျှင် ကောင်းလှပေမည်။ သို့ရာတွင် ထိုအမတ်ကြီးက သူကြံစည် စဉ်းစားထားသော စနစ်ကို လက်မခံချေ။ ခေါင်းပန်းလှုန်းလို့ ကံတရားဟုသာ ဝေဖန်ခဲ့သည်။ ထို့ကြောင့် သူ့အား အရာမှုချ၍ နန်းတော်မှ နှုတ်လိုက်သည်။ တစ်သက်လုံး ကျွေးမွေးခဲ့သည့် ကျေးဇူးမှမထောက် အခြားမင်းထံ ခိုဝင်သွားလေပြီ။

စင်စစ် အမှန်တရားကို ရာထူးဌာနန္တရသာမက အသက်ထက်ပင် မြတ်နိုးကာ မှန်ရာကို မှန်သည့်အတိုင်းပြောသော ပညာရှိဓကား နားခံလှပါ၏။ မင်းလိုလိုက် မင်းကြိုက် ပြောသော ဒုတိယတန်းစားများသာ ခီးမြှင့်မြောက်စားခြင်း ဖြစ်ပေသည်။

သို့သော် ဇေယျပဏ္ဍိတကလည်း မခေပါ။ ချက်ဆိုလျှင် နားကွက်က မီးတောက်ပါသည်။မင်းလိုလိုက်မင်းကြိုက်

www.burmeseclassic.com

www.burmeseclassic.com

ပြောတတ်သော စိတ်တော်သိ ခေါင်းတော်ညိတ် ဖြစ်ပေသည်။

"အရှင်မင်းကြီး. . . ဤအရေးကိစ္စသည် နတ်နဲသိမ်မွေ့လှပါသဖြင့် ခေတ္တ အတွင်းဆောင်သို့ဝင်ကာ ရွှေဉာဏ်တော်နှင့် ဆင်ခြင် စဉ်းစားသင့်ကြောင်းပါ ဘုရား"

ဇေယျပဏ္ဍိတအမတ် လျှောက်တင်ချက်အတိုင်း ရာဇဝတ်သားနှင့် ညီလာခံကို ပကတိအတိုင်းထား၍ မင်းနှင့် အမတ် အတွင်းဆောင်ဝင်သွားပါသည်။ အတွင်းဆောင်ထဲတွင် နှစ်ဦးတည်း ရှိသောအခါ ဇေယျပဏ္ဍိတ အမတ်က မင်းကြီးလက်ခံနိုင်လောက်သည့် အကြံကောင်းတစ်ခု ပေးလိုက်သည်။ မင်းကြီးလည်း ညီလာခံပြန်တက်ပြီး အမတ်၏အကြံအတိုင်း အမိန့်တော် ချမှတ်လိုက်ပါသည်။

"အမောင်လုလင် နားဆင်လော့၊ သင့်ရွှေတွင်ချထားသော ကြေးဝါတံခါးနှစ်ချပ်တွင် သင်ကြိုက်ရာကို ရွေးချယ်ခွင့်ပြုလိုက်မည်၊ သင့်တွင် အပြစ်မရှိကြောင်း နတ်ဒေဝတာ အပေါင်းက သက်သေပြုပါက ကညာနုကို သင်တွေ့ရလိမ့်မည်၊ ထိုသို့တွေ့ရပါက ဆုတော်ငွေနှင့်အတူ ထိုသတို့သမီးငယ်အား သိမ်းယူပြီး သက်ကာလ နေပြည်တော်မှ ဝေးရာသို့ သွားရမည်၊ အဖွင့်မှားလျှင်မူ ကျားဘုရင်ဝှုဖြစ်ပြီး အသည်း၊ နှလုံး အူတို့ ကြေဖျက်ပြီး ခန္ဓာကိုယ် အသက်ဆုံးရှုံးရလိမ့်မည်၊ ထိုစီရင်ချက်သည်သာ သင်၏ကံကြမ္မာ ဖြစ်တော့မည်"

မင်းတရား၏ တစ်ချက်လွှတ် အမိန့်ကို ကြားရသောအခါ မင်းမူထမ်းများသည် မြို့တော်အလယ်ရှိ ကွက်လပ်ကို ပြင်ဆင်ရတော့သည်။ အများပြည်သို့ လာရောက်ကြည့်ရှုနိုင်ရန် အချိန်သတ်မှတ်ပေးရဦးမည်။ ထို့ပြင် 'မင်းတို့ထွက် ရက်ရာဇာ' ဆိုသလို နန်းတော်မှ ထွက်လာလျှင် ကောင်းခြင်းမင်္ဂလာရှိမည့် ရက်မြတ်ကို ပုဏ္ဏားတော်များက တွက်ချက် လျှောက်ထားရပေသည်။

ထိုကာလအတွင်း မောင်မြတ်ထင်မှာ ကြေးတိုက်တွင် အချုပ်ကျနေပေသည်။ သေတစ်လမ်း ရှင်တစ်လမ်း ကံစမ်းမည့် အခွင့်အရေးရရန် တောင်းဆိုခဲ့ရသော်လည်း တကယ်တမ်း ရွေးချယ်ရာတွင် ကျားလှောင်အိမ် ဖွင့်မိလျှင်မူ ဒုက္ခ၊ စဉ်းစားမိတိုင်း တုန်လှုပ်နေပါသည်။ မင်းသမီးထံမှ စိတ်အေးအေး ထားရန် ပါးလာသော စာလွှာရသော အခါမှ အနည်းငယ် ဆောက်တည်နိုင်တော့သည်။

သူသိထားသည့်မှာ မင်းသမီးသည် နန်းတော်တွင်းအလွန်နှံ့စပ်သည်။ လျှို့ဝှက်အပ်သော ကိစ္စများကို စပ်စုရန် ဝါသနာပါသည်။ ယခုလောက်ဆိုလျှင် ကျားထိန်းများကို လာဘ်ထိုးပြီးပေမည်။ လှောင်အိမ်ကိစ္စ စိမ့်ရသော အမှုထမ်းများကို တရားစီရင်ပွဲ ပြီးစီးသည်အထိ ထိန်းသိမ်းထားရလေသည်။ သို့သော် အတွင်းစကားမှာမူ ပေါက်ကြားပြီး ဖြစ်လောက်ပေမည်။

သို့နှင့် သတ်မှတ်နေ့ရက်ရောက်လာပေပြီ။ မင်းမူထမ်းများ ခြံရံ၍ မောင်မြတ်ထင် ကွက်လပ်တွင်း ဝင်လာရပေသည်။ ပွဲကြည့်ပရိသတ်ကလည်း ရှင်တမမဖြစ်နေကြသည်။ မဟာပိသနိုးနတ်မင်း၏ အံဆုံးအဖြတ် တရားအစီအရင်ကို သိချင်နေကြပေသည်။

မောင်မြတ်ထင်လည်း နဖူးတွေ့ဒူးတွေ့ ကြုံသောအခါ မျှားစွာတုန်လှုပ်မိပါသည်။

အမတ်တစ်ဦးက အမိန့်ပြန်ပြီး သောအခါ ကြေးဝါတံခါးကို ရွေးရပေတော့မည်။ မည်သည်ကို ရွေးရမည်မသိ၊ ချီတုံချတုံဖြစ်ရင်း မကျွတ်စင်ပေါ် ကြည့်လိုက်သည်။ လမင်းငယ်ပမာ မင်းသမီးမျက်နှာကို တွေ့လိုက်ရသည်။ အားကိုးသော အကြည့်နှင့် ကြည့်လိုက်သည်။

ချစ်သူချင်း ကြည့်သောအကြည့်ကို သမုတိဒေဝရာဇာမင်း သတိမပြုလိုက်မိချေ။ ရာဇကွန်ဒြေနှင့် နေရသည်မဟုတ်ပါလော၊ ထို့ပြင် မင်းသမီး၏ အမူအရာမှာလည်း ပကတိ တည်ငြိမ်အေးဆေးလှသဖြင့် အနည်းငယ် စိတ်ချမိပေသည်။ တရားစီရင်မှုသည် တိုင်းသူပြည်သားများ၏ ရှေ့မှောက်ဖြစ်သလို ကာယကံရှင် သမီးတော်၏ရှေ့မှောက်လည်း ဖြစ်သင့်ပါသည်။ ထိုလုလင် သေဆုံးသွားလျှင် တကယ်အပြစ်ရှိကြောင်း အားလုံးကို သက်သေပြနိုင်ပေတော့မည်။

လုလင်နှင့်ထပ်တူ စိတ်လှုပ်ရှားနေသူများမှာ ပရိသတ်ဖြစ်သည်။ သက်ကြီးရွယ်အိုများက 'ဘုရား. . . ဘုရား' တနေပါသည်။ လူငယ်များစိတ်တွင်မူ တဒိတ်ဒိတ် ရင်ခုန်နေကြပါသည်။

ထိုစဉ် မောင်မြတ်ထင်က မင်းသမီးကို ထပ်ကြည့်လိုက်သည်။ မင်းသမီးက မသိမသာ လက်ကာပြလိုက်သည်။

မင်းသမီး ညွှန်ပြသော လှောင်အိမ်သို့ မောင်မြတ်ထင် သွားလိုက်သည်။ ပရိသတ်လည်း အသက်ရှူရပ်သွားသည့်အလား ရင်တမမနှင့် အသံအားလုံး တိတ်ဆိတ်သွားသည်။

တံခါးလက်ကိုင်ကို ဖွင့်ခါနီးတွင် မင်းသမီးကို ထပ်ကြည့်လိုက်သည်။ မင်းသမီးက ဟုတ်မှန်ကြောင်း မသိမသာ ခေါင်းညိတ်ပြလိုက်သည်။ မောင်မြတ်ထင် တစ်ချက်ပြုံးလိုက်သည်။ သို့ရာတွင် ဝမ်းသာမှုကို လူပုံအလယ်တွင် ထင်ထင်ရှားရှားပြ၍မဖြစ်ချေ။ ယုံကြည်မှုအပြည့်နှင့်သာ ကြေးဝါတံခါးကို ဆွဲဖွင့်လိုက်ပါသည်။

တံခါးပွင့်၍ လှောင်အိမ်အတွင်း ကြည့်လိုက်သောအခါ မောင်မြတ်ထင်၏ နားထဲတွင် ဝုန်းခနဲ မြည်သော ကျားဟိန်းသံကို ကြားလိုက်ရသည်။ မြင်ရသော အရာကြောင့် မျက်လုံးများ ပြူးဝိုင်းသွားလေတော့သည်။

ဆက်ပါဦးမည်

www.burmeseclassic.com

www.burmeseclassic.com

သီမွတ်ဖွယ်ရာ ဆေးပညာ

နယ်မြေကစသည်ပင် ဆေးဖက်ဝင်၏

သမားတော်ကြီး ဒေါက်တာသက်ဆွေ



ဆီးဖြူသီးပင်

ဆီးဖြူသီးပင်ကို လေ့လာရာတွင် သုံးမျိုး တွေ့ရှိရ၏။

(၁) နိုးရိုးဆီးဖြူသီးပင်သည် ပင်ကြီးမျိုးဖြစ်၍ အမြင့် ပေ ၂၀ မှ ပေ ၄၀ ထိရှိကြ၏။

(၂) သင်္ဘောဆီးဖြူပင်သည် ပင်လတ်မျိုးဖြစ်၍ အမြင့် ၁၀ ပေမှ ၁၅ ပေအထိ မြင့်၏။ အရွက်တို ဟင်းချိုချက်၍ စားကြ၏။ အသီးသည် ရွှေဖရဲသီးနှင့်တူ၏။

(၃) မြေဆီးဖြူ (ဝါ) တောင်ဆီးဖြူပင်သည် မြေတွင်ကပ်ပေါက်ပြီး အမြင့် ၁ ပေမှ ၂ ပေအထိ မြင့်၏။ အသီးကလေးများ အရွက်တွင်ကပ်၍ ဟိုဘက်ဒီဘက် သီးကြ၏။ တောင်ဆီးဖြူပင် နုတ်ပြီး ပဆွဲငါးပါး သတ္တုရည်ညှစ်ပြီး သောက်ပေးပါက သွေးတိုးရောဂါ ပျောက်၏။

အကျိုးသွားဂုဏ်သတ္တိများမှာ -

နိုးရိုးဆီးဖြူသီးသည် အင်နှိမ့်တစ်ပါး အာရသာ (၅) ပါးစုံလုံး ပါဝင်၏။ ဆေး၏ ဝိပါကသ် ချို၏။ ကြေကျွက်လွယ်၏။ ဝမ်းမီးကို တောက်စေ၏။ သုက်ကိုပွား၏။ ဒေါသသုံးပါးစလုံးနိုင်၏။ အသက်ကို ရှည်စေ၏။ ဝမ်းကို သက်စေ၏။ ဆီးပူ၊ ဆီးအောင့်၊ ဆီးကျဉ်ရောဂါများ ပျောက်၏။ မြင်းသရိုက်နာ ခေါ် ဒူလာလိပ်ခေါင်းရောဂါနှင့် လေထိုး လေအောင့်၊ ပန်းနာရင်ကျပ်ရောဂါများပါ ပျောက်ကင်းစေနိုင်၏။

သင်္ဘောဆီးဖြူသီးသည် သလိပ်၊ သည်းခြေ ဒေါသတို့ကို နိုင်၏။ လေကို ပွားစေ၏။ နှုတ်ကို မြိန်စေ၏။ ဆာလောင်မွတ်သိပ်စေ၏။ လေသွားပြန်များတွင် အပူကို ကင်းဝေးစေ၏။ လေထိုးလေအောင့်၊ အော့အန်ခြင်း၊ ရေငတ်ခြင်း စသည်များနှင့် မြင်းသရိုက်နာတို့ကို ပျောက်ကင်းစေ၏။

မြေဆီးဖြူ ခေါ် တောင်ဆီးဖြူသည် လေကိုဖြစ်စေ၏။ နှုတ်ကိုမြိန်စေ၏။ သည်းခြေ၊ သလိပ်တို့ကိုနိုင်၏။ သံးသန္ဓေကို ဖြစ်စေ၏။ အဆိပ်သင့်နာ၊ သွေးအန်၊ သွေးကျရောဂါ၊ ချောင်းဆိုး၊ ရင်ကျပ်ရောဂါများပါ ပျောက်ကင်းစေနိုင်၏။

မြန်မာ့တိုင်းရင်းဆေးအလိုအားဖြင့် တင်ပြရသော် ဆီးဖြူသီးသည် သွေးကိုထိုင်းစေ၏။ လေ၊ သလိပ်၊ သည်းခြေတို့ကိုနိုင်၏။ မျက်စိနာ၊ ပိုးနာ တို့ကို ပျောက်ကင်းစေ၏။ အဆီကို ကျစေ၏။ လေထိုး၊ လေအောင့်နာ၊ ချောင်းဆိုး၊ ရင်ကျပ်ရောဂါတို့ကိုလည်း ပျောက်ကင်းစေ၏။ ယားယံခြင်းကို ပျောက်၏။ အားဆေးနှင့် ဝမ်းနုတ်ဆေး ဖော်စပ်ရာတွင်လည်း အသုံးပြုကြ၏။ ဆီးဖြူသီးနှင့် ဖော်စပ်သော ဆေးနည်းများစွာ ရှိသော်လည်း ရှည်မည်စိုး၍ ဖော်မပြတော့ပါ။ ဆီးဖြူသီး စားသုံးခြင်းဖြင့် ကျန်းမာရေးကို များစွာအထောက်အကူပေးမည် ဖြစ်ပါသည်။

ဆူးပန်းပင်

ဆူးပန်းပင်သည် နေကြာမျိုးရင်းတွင် ပါဝင်သည်။ ပင်ပျော့မျိုးဖြစ်ပြီး အမြင့်ဆုံး ၃ ပေမျှသာရှိသည်။ ပင်စည်ချောသော်လည်း ဆူးများရှိသည်။ အရွက်များသည် လုံးထွားကဲ့သို့ ရှည်ပြီး အဖျားချွန်သည်။ အရွက်ပတ်လည် ခွေးသွားစိပ်များ ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

ပန်းပွင့်များ အစုလိုက်ပြုံ၍ ပွင့်သည်။အဝါရောင်ဖြစ်သည်။ ပွင့်ခံရွက်များ ဝန်းရံထားပြီး အချို့က ဆူးပါ၍ အချို့က ဆူးမပါပါ။ အသီးများသည် လေးမြောင့်ပုံရှိပြီး သေးငယ်သည်။ အလေ့ကျပေါက်သော အပင်မျိုးဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ဟင်းလျာအဖြစ် စိုက်ပျိုးကြသည်။ အရွက်ကို ချဉ်ရည်ဟင်းချက်စားပါက ဆီးကို ရွှင်စေ၏။ အရွက်ကို ပြုတ်၍ သုပ်စားကြ၏။ အတို့အမြှုပ်အဖြစ်လည်း သုံးစွဲကြ၏။

တိုင်းရင်းဆေးကျမ်းများ အလိုအားဖြင့် အစေ့သည် ချိုအေး၏။ ထေသလိပ်ကို ကင်းဝေးစေ၏။ ခွန်အားကို ဖြစ်စေ၏။ ကာမကို အားပေး၏။ အရွက်သည် ပူ၏။ ခါး၏။ ဝမ်းကို သက်စေ၏။ မျက်စိကို အကျိုးပြု၏။ သလိပ်ကို ပယ်ဖျောက်တတ်၏။

ရောဂါအလိုက် အသုံးပြုပုံ

၁။ မြွေဆိပ်၊ ကင်းဆိပ်တက်ပါက အပွင့်၏သတ္တုရည် သောက်ပေးပါက ပျောက်၏။

၂။ အသည်းရောင်အသားဝါရောဂါ ဖြစ်လျှင် အပွင့် အခြောက်မှုန့် သောက်ပေးက ပျောက်၏။

၃။ အဆစ်အမြစ်ရောင်ခြင်း၊ ကြွက်သားနာခြင်းဖြစ်ပါက အပွင့်ပြုတ်ရည် လိမ်းပေးက ပျောက်၏။

၄။ လေဖောက်ပြန်သောရောဂါ အရှူးရောဂါများ ဖြစ်ပါက အစေ့ကို အမှုန့်ပြုပြီး နွားနို့ တစ်ခွက်တွင် ၄ ပဲသား ထည့်တိုက်က ပျောက်ကင်းစေနိုင်၏။

၅။ ဆူးပန်းစေ့နှင့် ဆီးဖြူခေါက် ၂ ကျပ်သားစီ ပြာချိုးငင်းပြာကို စံပယ်ဆီဖြင့်ရောရ၍ လိမ်းပေးပါက ဆဲပင်များ နူးညံ့ပျော့ပျောင်း နက်မှောင်လာသည်ကို တွေ့ရှိရပေမည်။

ဆူးပန်းပင်အား လိုအပ်သလို အသုံးပြုနိုင်ရန် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဆေးခါးကြီးပင်

ဆေးခါးကြီးပင်သည် ပင်ငယ်မျိုး ဖြစ်၏။ အမြင့် ၂ ပေမှ ၃ ပေကျော်ထိ သာရှိ၏။ ပင်စည် ခြောက်၏။ အရွက်သည် ရှည်ပြီး အဖျားချွန်၏။ လုံသွားနှင့် တူ၏။ အပွင့်များ သေးငယ်၍ အဖြူရောင်ဖြစ်၏။ ခေါင်းလောင်းပုံသဏ္ဌာန်နှင့် တူ၏။ အသီးများသည် အရှည်ဖြစ်ပြီး သေးငယ်၏။

မြန်မာပြည် အနှံ့အပြား အလေ့ကျပေါက်ကြ၏။ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ပို၍ပေါက်ရောက်ကြ၏။ ရှမ်းဆေးခါးကြီးဟုလည်း ခေါ်၏။ အချို့ဒေသတွင် ငရုတ်ခါးဟုလည်း ခေါ်ကြ၏။

ဂုဏ်ဆေးခါးကြီးအမှုန့် ပျားရည်ဖြင့် ရောရှိုက်ပေးပါက ဒုက်ဖျားရောဂါ အမြစ်ပြတ်ပျောက်ကင်း၏။

ရှမ်းဆေးခါးကြီးမှုန့်နှင့် ပဲလွန်းရောရှိုက် ချက်စားပါက သွေးတိုး၊ ဆီးချို နှလုံးရောဂါများ ပျောက်ကင်းစေနိုင်ပါသည်။

တိုင်းရင်းဆေးကျမ်းများ၏ ဖော်ပြချက်အရ အကျိုးသွားအာနိသင်များမှာ ဆေးခါးကြီးသည် အေး၏။ ခါး၏။ သလိပ်နှင့် သည်းခြေကိုနှိုင်၏။ လေကို ပျက်စေတတ်၏။ ဝမ်းမီးတောက်၏။ အဖျားကို ပျောက်စေတတ်၏။ ကလေးဆေးများ ဖော်စပ်ရာတွင်လည်း အသုံးပြု၏။

ရောဂါအလိုက် အသုံးပြုမည်ဆိုပါက လေထိုင်လေအောင့် လေနာဖြစ်ပါက ရှမ်းဆေးခါးကြီးအရွက် ပြုတ်၍ သောက်က ပျောက်၏။ ဆီးချိုရောဂါသမားများ ရှမ်းဆေးခါးကြီးအမှုန့်နှင့် ပဲလွန်းရောရှိုက် ချက်စားပါက သက်သာစေ၏။ ဒုက်ဖျားရောဂါဖြစ်ပါက ရှမ်းဆေးခါးကြီးမှုန့် ၄ ပဲသား ပျားရည် ၁၀ ကျပ်သားဖြင့် ဖျော်၍ ၂ ပဲသားခန့် နေ့စဉ် သောက်ပေးခြင်းဖြင့် နောက်ဆုံး အမြစ်ပြတ် ပျောက်ကင်းစေပါသည်။

ထောက်ကြံ့ပင်

ထောက်ကြံ့ပင်များသည် ပင်ကြီးမျိုးတွင် ပါဝင်၏။ အရွက်အကြီးမျိုးနှင့် အရွက်ငယ်မျိုးဟု နှစ်မျိုးရှိ၏။ အထက်မြန်မာပြည် အပူပိုင်းဒေသနှင့် မြေလတ်ပိုင်းတို့တွင် အပေါက်များ၏။ နှစ်မျိုးစလုံး ဆေးဖက်တွင် အသုံးပြုကြ၏။

ဓာတ်သတ္တိစွမ်းရည်မှာ ခါး၏။ စပ်၏။ ဝိပါကဒွန်စပ်၏။ အရိုးကျိုးခြင်းကို ဆက်၏။ သွေးယိုစီးခြင်းကိုလည်း ပိတ်စေ၏။ လေဒေါသကို နှိုင်၏။ ပဒွင်းပါးစလုံး ဆေးဖက်ဝင်၏။

အနာပေါက်ရောဂါဖြစ်လျှင် အရွက်ကို မီးကင်ပြီး ကပ်ပေးက ပိန်၍ပျောက်ကင်း၏။ ချောင်းဆိုးရင်ကျပ်ဖြစ်လျှင် အရွက်သတ္တုရည်ကို ဆားအနည်းငယ်ထည့် တိုက်ကျွေးက ပျောက်၏။ ဆီးပူ၊ ဆီးနည်း၊ ဆီးကျဉ် ဖြစ်လျှင် အရွက်ကို သုံးခွက်တစ်ခွက်တင် ကျိသောက်က ပျောက်၏။

www.burmeseclassic.com

www.burmeseclassic.com

သီမုတိုဖွယ်ရာ ဆေးပညာ

မြွေကိုက်ခံရသောနေရာတွင် အခေါက်ပြာချ သိပ်ပေးပါက အဆိပ်ပြယ်၍ ပျောက်ကင်းစေ၏။ အရွက်နှင့် အခေါက်ကို သည် ဆေးဖက်တွင် လိုအပ်သလို အသုံးပြုနိုင်၏။



စားတော်ပဲပင်

စားတော်ပဲပင်သည် ပင်သေးမျိုးဖြစ်ပြီး အမြင့် ၂ ပေမှ ၃ ပေအထိ မြင့်၏။ နွယ်ပင်မျိုးဖြစ်၍ အခြားအပင်ကြီးများသို့လည်း နွယ်၍တက်ကြ၏။ အရွက်မှာ သေးပြီး ဝိုင်း၏။ အရွက်ကို ဟင်းချိုချက်၍လည်းကောင်း၊ ကြော်၍ လည်းကောင်း စားသုံးကြ၏။

စားတော်ပဲသီးတောင့်များကိုလည်း ဟင်းချက်စားကြ၏။ စားတော်ပဲသီး အဆန်ကို ထောပတ်ထမင်း၊ ဒံပေါက်ထမင်းများတွင် ထည့်၍ ချက်ကြ၏။ စားတော်ပဲဆန်ခြောက်ကို ပဲပြုတ်ပြုတ်၍စားကြ၏။ စားတော်ပဲပြုတ်ကို ထမင်းကြော်၌ လည်းကောင်း၊ ဆီထမင်း၊ ကော်က်ညှင်းပေါင်းများတွင် လည်းကောင်း ထည့်၍ စားသုံးကြ၏။

စားတော်ပဲ၏ ဂုဏ်သတ္တိစွမ်းရည်မှာ ချို၏။ အေး၏။ လေကိုပွားစေ၏။ ဆာလောင်ခြင်းကို ဖြစ်စေ၏။ ဝမ်းကို သက်စေ၏။ သွေးကို စင်ကြယ်စေတတ်၏။ ချောင်းဆိုးခြင်း၊ သည်းခြေဖောက်ပြန်ခြင်း၊ ပူလောင်ခြင်းတို့ကို ပျောက်ကင်းစေ၏။ အနာစိမ်းပေါက်လျှင် ပဲမှုန့်ကိုအုံးပေးက ပျောက်၏။ အသားအရေ နူးညံ့စေရန်လည်း ပဲမှုန့်ကို အသုံးပြုကြ၏။

ခရေပင်

ခရေပင်များသည် ပင်ကြီးမျိုး ဖြစ်၏။ အမြင့်ပေ ၄၀ ကျော်ကျော်ထိ မြင့်၏။ ပင်စည်လုံးပတ် ၅ ပေမှ ၆ ပေ ကျော်ထိရှိ၏။ ပင်စည်တွင် အခေါက်များပါရှိ၏။ အကိုင်းအခက် အရွက်များ အုပ်ဆိုင်းပြီး အရိပ်ကောင်းသော အပင်မျိုးဖြစ်၏။

အဖိုပင်၊ အမပင် (၂) မျိုးရှိ၏။ အဖိုပင်သည် အပွင့်ကြီးပြီး အသီး မသီးချေ။ အမပင်သာလျှင် အသီးသီး၏။ အသီးများသည် ဘဉ်ပုံသဏ္ဌာန်နှင့် တူပြီးလျှင် စိမ်းလျှင် အစိမ်းရောင်ဖြစ်၍ မှည့်သောအခါ အဝါရောင်ဖြစ်လာ၏။ အသီး၏ ရသာမှာ ချို၏။ ဖန်၏။

အခေါက်၏ အရသာမှာ ခါး၏။ ချို၏။ အေး၏။ ဝမ်းမိုးကို ပွားစေ၏။ နှလုံးကို အားရှိစေတတ်၏။ ရောဂါပိုးများကို နိုင်၏။ သည်းခြေဖောက်ပြန်ခြင်းကိုလည်း နိုင်၏။ သွားဖုံးရောဂါများကို ပျောက်ကင်းစေ၏။

အသီးသည် နှုတ်ကို မြိန်စေ၏။ အူကို တွန့်ရုံစေ၏။ အပွင့်ကို သနပ်ခါးဖြင့် သွေးလိမ်းပေးပါက ပွေး၊ ညှင်း၊ တင်းတိတ်၊ ဝက်ခြံများ ပျောက်၏။ အသီးမှည့်ကို စားပေးခြင်းဖြင့် နှလုံးရောဂါ ပျောက်ကင်းနိုင်၏။

တောင်တန်စွန်းငယ်ပင်

တောင်ကန်စွန်းငယ်ပင်သည် ချုံနွယ်မျိုးတွင်ပါဝင်၍ အခြားသစ်ပင် ချုံနွယ်များပေါ်တွင် တွယ်၍တက်သော အလေ့ကျပေါက်သော အပင်မျိုးဖြစ်၏။ ပင်စည်နွယ်ဘေးပတ်လည်တွင် အမွေးနုကလေးများ ပါရှိ၏။

အရွက်များသည် ဘဉ်ပုံသဏ္ဌာန်နှင့်တူ၏။ ရွက်ညှာတံ ပါရှိ၏။ ရွက်ညှာရင်းမှ အဖူးအပွင့်များ ထွက်ရှိ၏။ အပွင့်၏အရောင်မှာ လိမ္မော်ရောင်တွင် ပန်းရောင်သန်း၏။

တောင်ကန်စွန်းငယ်ပင်များသည် မြန်မာနိုင်ငံ အပူပိုင်းဒေသများတွင် အပေါက်များ၏။ ဆေးဖက်တွင် များစွာ အသုံးဝင်သောကြောင့် စိုက်ပျိုးကြ၏။

ဓာတုရသဆေးကျမ်းအလိုအားဖြင့် ဂုဏ်နှင့် စွမ်းရည်မှာ အရွက်သည် သွေးအားကို တိုးစေ၏။ ဥသည် အားကို ဖြစ်စေ၏။ သုက်ကို ပွားစေ၏။ နှုတ်ကို မြိန်စေ၏။ မျက်စိနာရောဂါဖြစ်လျှင် အရွက်သတ္တုရည် ခတ်ပေးက ပျောက်၏။ လေးကို ကျေစေ၏။ သလိပ်ကို ပွားစေ၏။ ဆီးကို

www.burmeseclassic.com

www.burmeseclassic.com

ရွှင်စေ၏။ ဆီးပူ ဆီးနည်းဖြစ်ပါက အရွက်သတ္တုရည်ကို သကြားနှင့်သောက်က ပျောက်၏။

တောင်ကြာဥပင်

တောင်ကြာဥပင်သည် နွယ်ပင်မျိုးတွင် ပါဝင်၏။ ရေမကြိုက်သော အပင်မျိုးဖြစ်သဖြင့် ရေနှင့်ဝေးသော ကုန်းမြင့်ဒေသများတွင် အလေ့ကျ ပေါက်ကြ၏။ ၎င်းအပင်၏ ဥသည် ၅၀ သားမှ ၃ ဗိုသာကျော်ကျော်ထိ ရှိ၏။

အရွက်များသည် ကြာရွက်နှင့် သဏ္ဌာန်တူ၏။ အချို့က ၎င်းဥကို ဆင်တုံးမန္တယ်ဟုခေါ်ကြ၏။ အမှန်မှာ ဆင်တုံးမန္တယ်ဥ မဟုတ်ပါ။ တောင်ကြာဥပင်သည် တိလက်သာမျိုးနွယ်တွင် ပါဝင်ကြောင်း စရကစကြပါဂါဒဿတ္ထကျမ်းကြီးတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အကျိုးသွား အာနိသင်များမှာ အားကိုဖြစ်စေ၏။ ကာမကို အားပေး၏။ သုက်ကိုပွားစေ၏။ အားဆေးဖော်စပ်ရာတွင် ဥကို အထုံးပြုရ၏။ သွေးလေ မညီမျှသော ဝေဒနာနှင့် လေဖြတ်ရောဂါများပါ ပျောက်ကင်းစေ၏။ လေဖြတ်ဝေဒနာရှင်များအား ၎င်းဥကို ဝက်သားဖြင့် ချက်ကျွေးပါက သက်သာပျောက်ကင်းစေနိုင်ပါသည်။

ဧတာစံပင်

တောစံပယ်ပင်များသည် တောတွင်း၌ အလေ့ကျ ပေါက်သော ပင်ငယ်မျိုးဖြစ်၏။ ခုနှစ်မျိုးဖြစ်၏။ အလေ့ကျ စုပြုံ၍ ပေါက်ကြ၏။

တောစံပယ်ပင်တွင် ပင်ကြီးမျိုးနှင့် ပင်ငယ်မျိုးဟူ၍ နှစ်မျိုးတွေ့ရ၏။ ပင်ကြီးမျိုးသည် အရွက်ကြီး၏။ အဖြူပွင့်လေးများ ပွင့်၏။ အခက်လိုက်ပွင့်ပြီး တစ်ခက်လျှင် (၃) ပွင့်မှ (၅) ပွင့်ထိရှိ၏။ တောခံပွင့်နှင့်တူ၏။ ပင်ငယ်မျိုးသည် အရွက်သေးး၍ ပင်ကြီးမျိုးထက် သေး၏။ တောစံပယ်ပွင့်သည် အိမ်တွင်စိုက်သော စံပယ်ပန်းကဲ့သို့ပင် အနံ့မွှေး၏။

တောစံပယ်ပွင့်ကို အခြောက်လှန်းပြီး သနပ်ခါးဖြင့် သွေးလိမ်းပါက စိတ်ကိုကြည်လင်စေ၏။ ခေါင်းမူးဝေ ကိုက်ခဲခြင်းမျာ ပျောက်၏။ တိုင်းရင်းသမားတော်များအနေဖြင့် တောစံပယ်မြစ်ကို ဆီးချိုပျောက်ဆေး သွေးတိုးပျောက်ဆေးများ ဖော်စပ်ရာတွင် အသုံးပြုကြ၏။

သမားတော်ကြီးဒေါက်တာသက်ထွေ

❑

မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

နာရှာထွာ လက္ခဏာနှင့် ဓွယ်စုံပညာရှင်

ဆရာအောင်ကျော်ခိုင်

အိမ်ထောင်ရေးဒုက္ခတွေနေသလား။ စီးပွားရေးအခက်တွေ့နေသလား။ အိမ်ခြံမြေ တိုက်ခန်း ရောင်းထွက်ချင်သလား။ အိမ်ကအမျိုးသားက ခြေလှမ်းများများနေသလား။ အမျိုးသမီးက ပုံမှန်ဟုတ်ရဲ့လား။ သားသမီးတွေ ပြောစကား နားမထောင်ဘူးလား။ နိုင်ငံခြားခရီး ကြာနေသလား။ ကြွေးတွေက တောင်းမရလို့ စိတ်ညစ်နေသလား။ အတိုက်အခံတွေ ပေါသလား။ စွဲးရောင်းကောင်းချင်လား။

ဒါတွေ ခက်နေတာ လွယ်ပို့ သင် ဆရာနဲ့တွေ့ပို့ အချိန်တန်ပြီ

ဟောခန်းတည်နေရာ ➳ ဆုတောင်းမြည့် အောင်မြေသာယာစေတီတော် မြောက်ဘက်မှ သူတော်စင်များနန်းအနီး။

လမ်းညွှန် ➳ ပုံးလွယ်တိုင်၊ လိုင်သာယာမြို့နယ် ဆင်း ရောက်ပြီ။

ဖုန်း ➳ ၀၉-၄၂၀၀၂၂၃၂၂ ၀၉-၇၇၁၁၀၇၃၇၀ (ပိတ်ရက်မရှိပါ)

(အခါပေးအမျိုးမျိုး၊ မေဒင်ဟော၊ ဇာတာဖွဲ့၊ အတိုက်အခိုက်ရှင်း၊ ဓာတ်ရိုက်ဓာတ်ဆင်နှင့် အဆောင်ယာကြာကိစ္စများ အထူးဆောင်ရွက်ပေးပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ေအာင်နိမိတ်ဆောင်သော ေအာင်သပြေပန်းနှင့် ကျန်းမာရေး

ဒေါက်တာနိုက်တင်ဂေး(လ်)

မင်္ဂလာပေါင်းနဲ့ ပြည့်စုံ လှပတဲ့ မင်္ဂလာနှစ်သစ်မှာ အောင်အတိတ် အောင်နိမိတ် အောင်ဓာတ်တွေ ဆောင်လာပေးမယ်လို့ မျှော်လင့်ရင်း ဆရာမင်းသုဝဏ် ရေးဖွဲ့ခဲ့တဲ့ "သပြေညို" ဆိုတဲ့ ကဗျာလေးနဲ့ နွေးထွေးစွာ ကြိုဆိုပါတယ်။

သပြေညို

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို
တို့ပြေမှာ တို့မေ ကမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလှက်ပါကို။
ဘာဓလွှာလေနဲ့
လာတော့မကွဲ့ ရွှေပဟိုရ်
လေချိုက အသွေး။
လင်းကြက်အဆော်
ကွင်းထက်မှာ တူတျော်မျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာဇ
ရောင်နီမှာ အောင်စည်ရွှင်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှုပ်ကြစို့လေး။ ။

မင်းသုဝဏ်

အဲဒီလို အောင်သပြေကို ကဗျာဖွဲ့ ကြပါတယ်။ စာဖွဲ့ကြပါတယ်။ အောင်ပန်း အဖြစ် ညွှန်းဆိုကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုသာ၊ အောင်ကြပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်း" ဆိုတဲ့ မြန်မာသီချင်းဟာ မင်းခမ်းမင်းနားတိုင်း စည်တော်ရွှမ်းလို့ အခမ်းအနားဖွင့်ရတဲ့ အောင်သပြေသီချင်း မဟုတ်ပါလား။

"အောင်ဇေယျတု၊ ဒွေခရဏဲ့ သပြေနုခက် "ဆိုတဲ့ မင်္ဂလာစုံတွဲ သီချင်းဟာလည်း မင်္ဂလာဆောင်မင်္ဂျာပ်များမှ ပို့လွှင့်နေတတ်ပါတယ်။

မန္တလေးမြို့၊ နန်းတော်မြို့ရိုးအတွင်း ရွှေနန်းတော်ကြီး တောင်စမုခ်တောင် ဘုတ်တလုတ်ကန် အရှေ့ဘက် လမ်းမကြီးပေါ်မှာ သပြေပင်ကြီးများ ရှိပါတယ်။ သပြေပင်ကြီးရဲ့ အရိပ်မှာ နားခိုရင်း သပြေသီးမှည့်များ ကောက်လို့စားကြ၊ ကစားကြ ပျော်စရာကြီးပါပဲ။

လက်မခန့် စပျစ်သီးရှည်သဏ္ဌာန် ညိုရင့်ရောင် သပြေသီးမှည့်ရဲ့ အရသာမှာ ချိုဖန်ဖန် ဖြစ်ပါတယ်။ မင်းတုန်းမင်းကြီး နန်းတော်တည်စဉ်က အတိတ်နိမိတ်ဆောင်လို့ နန်းတော်တောင်စမုခ်မှာ သပြေပင်စိုက်ခဲ့တယ်လို့ လေ့လာမှတ်သားမိပါတယ်။

လူနေအိမ်အချို့မှာလည်း အိမ်ရှေ့အိမ်ဦးခန်းများမှာ သပြေပင် စိုက်ပျိုးလေ့ ရှိကြတယ် မဟုတ်လား။

လေးကျွန်း တစ်မြင်းမိုရ် ဆိုတဲ့အတိုင်း မြင်းမိုရ်တောင်ကို ဗဟိုပြုလို့ ကျွန်းကြီး(၄)ကျွန်း ပေါ်ထွန်းခဲ့ပါတယ်။

မြင်းမိုရ်တောင်ရဲ့ အရှေ့ဘက်မှာရှိတဲ့ကျွန်း (အရှေ့ကျွန်း)ကို ပုဗ္ဗဝိဒေဟကျွန်းလို့ ခေါ်ပြီး အနောက်ဘက်မှာရှိတဲ့ (အနောက်ကျွန်း)ကို အပရဂေါယာနကျွန်း၊ မြောက်ဘက်မှာရှိတဲ့ (မြောက်ကျွန်း)ကို ဥတ္တရကုရုကျွန်း၊ တောင်ဘက်မှာရှိတဲ့ (တောင်ကျွန်း)ကို ဇမ္ဗူဒီပကျွန်းလို့ ခေါ်ဆိုပါတယ်။

အဆိုပါ ကျွန်းကြီးလေးကျွန်းရဲ့ ကျွန်းဦးကျွန်းထိပ်မှာ သစ်ပင်ကြီးတစ်ပင်စီ ပေါက်ရောက်နေပြီး ကျွန်းကြီး(၄)ကျွန်းဆိုတော့ သစ်ပင်ကြီး (၄)ပင် ဖြစ်ပါတယ်။

ပုဗ္ဗဝိဒေဟကျွန်း (အရှေ့ကျွန်း)မှာ ကုက္ကိုပင်ကြီး၊ အပရဂေါယာနကျွန်း (အနောက်ကျွန်း)မှာ ထိပ်ပင်ကြီး၊ ဥတ္တရကုရုကျွန်း (မြောက်ကျွန်း)မှာ ပဒေသာပင်ကြီး၊ ဇမ္ဗူဒီပကျွန်း (တောင်ကျွန်း)မှာ ဇမ္ဗုသပြေပင်ကြီး ပေါက်ရောက်ပါတယ်။

ကျွန်မတို့ နေထိုင်ရာ မြန်မာနိုင်ငံဟာ တောင်ကျွန်း ခေါ် ဇမ္ဗူဒီပါကျွန်းပေါ်မှာ တည်ရှိပါတယ်။ တောင်ကျွန်းဟာ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဖြစ်တာကြောင့် ဩဘာနိမိတ် ထွန်းတယ်လို့ ဆိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်းဦးထိပ်မှာ ဇမ္ဗုသပြေပင်ကြီး ပေါက်ရောက်လို့ပါပဲ။

သစ်ပင် အမျိုးမျိုးတို့မှာ သပြေပင်ဟာ ကျက်သရေမင်္ဂလာ အရှိဆုံး၊ အောင်မြင်မှု အတိတ်နိမိတ် ပေးနိုင်စွမ်းတဲ့ သစ်ပင်ထူး၊ သစ်ပင်မြတ် ဖြစ်ပါတယ်။ အဲဒါကြောင့် သပြေပင်ရဲ့ အရွက်၊ အညွှန့်တို့ဟာ အောင်မြင်ခြင်း မင်္ဂလာအပေါင်းကို ဆောင်ယူပေးစွမ်းနိုင်တာကြောင့် "အောင်သပြေ" လို့ ခေါ်ကြခြင်း ဖြစ်ပါတယ်။

ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာ အလှူအတန်းမှာ မင်္ဂလာယူလို့ တီးမှုတ်လေ့ရှိတဲ့ 'ရေခင်းသံ' ခေါ် 'ပလုတ်တုတ်တုတ် ပလုတ်တုတ်တုတ်-ပြုန်း' ဆိုတဲ့ဆိုင်းသံမှာ ဇမ္ဗုသပြေပင်မှ အကြောင်းခံခဲ့တဲ့ တူရိယာသံဖြစ်ကြောင်း လေ့လာမှတ်သားရပါတယ်။

အလောင်းစည်သူမင်းကြီး ဖောင်စကြာ လှည့်လည်စဉ်က ဇမ္ဗုသပြေပင်ရင်းသို့ ရောက်ခဲ့ကြောင်း၊ လေတိုက်လို့ ဇမ္ဗုသပြေပင်မှ အသီးများ သမုဒ္ဒရာအတွင်းသို့ ကြွေကျတဲ့အခါ 'ပလုပ်တုတ်တုတ်' ရယ်လို့ မြည်ကြောင်း၊

သမုဒ္ဒရာရေပြင်လို့ ဇမ္ဗုသပြေသီးများ ကြွေကျတဲ့အခါ ငါးကြီး အာနန္ဒာက ရေထဲမှ ဝမ်းသာအားရ ထွက်လာပြီး 'ဝုန်း'ခနဲ ခုန်ဟပ်လိုက်တာကြောင့် ဇမ္ဗုသပြေသီး ကြွေကျသံဖြစ်တဲ့ "ပလုပ်တုတ်တုတ်" ရယ်လို့ မြည်သံနဲ့ ငါးကြီးအာနန္ဒာရဲ့ "ဝုန်း"ခနဲ ခုန်ဟပ်လိုက်တဲ့ အသံနှစ်ခုဟာ တစ်ဆက်တည်းဖြစ်ပြီး အလောင်းစည်သူမင်းကြီးရဲ့ နားထဲမှာ "ပလုတ်တုတ်တုတ်-ပြုန်း" လို့ ကြည်နူးဖွယ်ရာ တူရိယာသံအဖြစ် စွဲမြဲနှစ်သက်ခဲ့တယ်လို့ သိရှိရပါတယ်။

အလောင်းစည်သူမင်းကြီးဟာ "ပလုတ်တုတ်တုတ် ××× ပလုတ်တုတ်တုတ်××ပြုန်း"ဆိုတဲ့ "မင်္ဂလာရေခင်းသံ" တူရိယာအသံကို တီထွင်ခဲ့တယ်လို့ ရှေးလူကြီးသူမများရဲ့ အဆိုစကား ရှိပါတယ်။

ဒါကြောင့်မို့ အောင်သပြေပန်းနဲ့ မင်္ဂလာရေခင်းသံတို့မှာ ဇမ္ဗုဒီပါလက်ယာတောင်ကျွန်းမှာသာ ပေါက်ရောက်တဲ့ ဇမ္ဗုသပြေပင်နဲ့ ဆက်စပ်နေတဲ့ မင်္ဂလာအောင်ပန်း မင်္ဂလာတူရိယာများ ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါတယ်။

သပြေဟာ မြတ်ဘုရားထံပါးမှာ ပန်းအိုးနဲ့ ဝေဝေဆာဆာ စိမ်းလန်းစိုပြည်နေအောင် ကပ်လှူထားလို့ပဲဖြစ်ဖြစ်၊ အနန္တောအနန္တ ငါးပါးအတွက် ကန်တော့ပွဲတွေမှာ ထည့်လှူလို့ဖြစ်စေ၊ အလှူမင်္ဂလာ အခမ်းအနားများမှာလည်း မပါမဖြစ် အသုံးများရုံသာမက အာဟာရတန်ဖိုးလည်းများပြီး ဆေးဖက်ဝင် အပင်လည်း ဖြစ်ပါတယ်။

သပြေဟာ နေရာအနှံ့အပြား ပေါက်တဲ့ အပင်မျိုးဖြစ်ပြီး အမျိုးပေါင်း (၇)မျိုး ရှိပါတယ်။ အဲဒါတွေကတော့ သပြေနီရိုး၊ သပြေကြက်ခြေ၊ သပြေနီ၊ သပြေပွ၊ သပြေချဉ်၊ ဇမ္ဗုသပြေ၊ သပြေလုံး တို့ ဖြစ်ကြပါတယ်။

သပြေလုံးကို ပန်းသပြေ၊ အောင်ဘာလေသပြေလို့လည်း ခေါ်ပါတယ်။

မြစ်ချောင်းအင်းအိုင် စသဖြင့် ကမ်းနားတို့မှာပေါက်တဲ့သပြေကို ရေသပြေလို့ ခေါ်ပါတယ်။ အရွက်က နွယ်သကဲ့အရွက်နဲ့ တူပါတယ်။ အသီးမှာ အလွန်သေးငယ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်မျိုးရဲ့ အရွက်က သရက်ရွက် နဲ့တူပါတယ်။ အသီးက အလတ်စား ဖြစ်ပါတယ်။ အဲဒါကို သပြေရိုးရိုး လို့ခေါ်ပါတယ်။

နောက်တစ်မျိုးက အလွန်မြင့်ပြီး ကြီးမားတဲ့ အပင်မျိုး ဖြစ်ပါတယ်။ အရိပ်အာဝါသ အလွန်ကောင်းပါတယ်။ အရွက်မှာ ညောင်ရွက်နဲ့ တူပါတယ်။ အရောင်တောက်ပြီး ချောမွတ်နေပါတယ်။ အသီးမှာ ၃ လက်မ၊ ၂ လက်မခန့် ရှည်ပါတယ်။ အဲဒါကို သပြေကြီးလို့ ခေါ်ပါတယ်။ အဲဒီသုံးမျိုးစလုံးဟာ ဂုဏ်သတ္တိ တူကြပါတယ်။

ထူးခြားတာက သပြေရိုးရိုးဟာ ဆေးဖက်မှာ စွမ်းရည် သတ္တိ ပိုရှိပါတယ်။ သပြေရိုးရိုးဟာ မြန်မာပြည်မှာ လူသိများတဲ့ သပြေ ဖြစ်ပါတယ်။ မိုးဦးကျမှာသီးပြီး အချဉ်တည်စားခြင်း၊ အသီးချည်းသက်သက် စားခြင်းကြောင့် လူသိများတဲ့ သပြေပင် ဖြစ်ပါတယ်။

သပြေပင်မှာ အလေ့ကျပင်အဖြစ် ပေါက်ရောက်တတ်သလို စိုက်ပျိုးပင်အဖြစ်လည်း စိုက်ပျိုးကြပါတယ်။ သပြေပင်ရဲ့အရွက်၊ အခေါက်၊ အစေ့၊ အသီးတို့ကို အသုံးပြုနိုင်ပါတယ်။

သပြေခေါက်ဟာ ဖန်ချိုသော အရသာ ရှိပါတယ်။ ပြီးတော့ သပြေခေါက်သည် မလတို့ကို ချွေးစေသည်၊ ကြေလွယ်သည်၊ ခြောက်သွေ့သည်၊ နှူတ်ကို မြိန်စေသည်၊ သည်းခြေနာ၊ ပူလောင်နာ ဘို့ကို ပယ်ပျောက်နိုင်သော အာနိသင်ရှိသည်လို့ စနစ်တကျ မှတ်တမ်းတင်ထားပါတယ်။

သပြေသီးကတော့ ချိုဖန်အေး၍ မလကို ချွေးစေပြီး နှူတ်ကိုမြိန်စေပါတယ်။ သလိပ်၊ သည်းခြေရောဂါနဲ့ အစာမကြေ လေပြည့်ရောဂါတို့ကို ကင်းဝေးစေပါတယ်။

အစေ့သည် ချိုချဲ့ ဆီးချိုရောဂါကို နိုင်နင်းပယ်ဖျောက်နိုင်သည်။

သပြေညွှန့်သည် အေး၍ ခြောက်သွေ့သောကြောင့် အစာမကြေ၊ ဝမ်းရောင့်နှင့် ဝမ်းကြောတင်းခြင်းတို့ကို ဖြစ်စေတတ်သည်လို့ တိုင်းရင်းဆေးပညာကျမ်းစာအုပ်များမှာ မှတ်တမ်းတင်ထားပါတယ်ရှင်။

လတ်ဆတ်တဲ့ သပြေရွက်နုနုကို သန့်စင်အောင် ဆေးကြော်ပြီး ရေနွေးကြိတ်လို့ ငုံဆေးအဖြစ် ငုံပေးမယ်ဆိုရင် ခံတွင်းမှာ ပေါက်တဲ့ အပူဖုများကို ပျောက်ကင်းစေပါတယ်။

သပြေခေါက်ကို ပြုတ်ပြီး ငုံဆေးအဖြစ် ငုံပေးမယ်ဆိုရင်လည်း ခံတွင်းမှာပေါက်တဲ့ အပူဖုများ၊ ပူလောင်တဲ့ အနာများ ပျောက်ကင်းပြီး သွားများ ခိုင်မာလာပါလိမ့်မယ်။

သပြေခေါက် ၂ ကျပ် ၄ ပသားကို ထောင်းပြီး ရေ ၃၂ ကျပ်သားနဲ့ ထက်ဝက်အထိ ခန်းအောင် ကျိုရပါမယ်။ အဲဒီပြုတ်ရည် ၂ ကျပ် သားနဲ့ ထောပတ် ၈ ပဲသား၊ ပျားရည် ၃ ပဲသား၊ သကြားခဲ ၂ ခွေသားလောက်ထည့်ပြီး အဲဒီဆေးကို တစ်နေ့ နှစ်ကြိမ် သောက်ပေးမယ်ဆိုရင် မီးယပ်ဖြူဆင်းခြင်းကို သက်သာပျောက်ကင်းစေပါတယ်။

ကျွန်မတို့တစ်တွေ ခရီးသွားတဲ့အခါ အဆင်သင့်တဲ့ အချိန်၊ အဆင်သင့်တဲ့ နေရာမှာ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ၊ ညလယ်စာ စသဖြင့် ဝမ်းမီးငြိမ်းအောင် ကြုံသလို ဆိုင်အတွင်းဝင်လို့ အာဟာရဖြည့်တင်းကြရပါတယ်။ အဲဒီအခါ ဝိုက်ဆာဆာနဲ့ အားရပါးရ စားတော့မယ်တဲ့လို့ ခပ်လိုက်တဲ့ ဇွန်းထဲမှာ၊ ထမင်းပန်းကန်ထဲမှာ၊ ဟင်းလုံးထဲမှာ ဆံပင်ခြည်၊ ဆံမွှာင်တွေကို မြင်တွေ့ကြရတဲ့အခါလည်း မနည်းပါဘူး။ မမြင်မီလို့ ဝမ်းထဲဝင်သွားတဲ့အခါတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ အဲဒီလို ဝမ်းထဲကို ဆံပင်များ ဝင်သွားတယ်ဆိုရင် သပြေသီးကို စားပေးခြင်းအားဖြင့် ဆံပင်များ ကြေပျက်သွားပါလိမ့်မယ်။

သပြေသီး အစေ့ခြောက်ကို အမှုန့်ပြုပြီး အဲဒီအမှုန့် ၂ ပဲသားကို တစ်နေ့ နှစ်ကြိမ် ရေကျက်အေးနဲ့ သောက်ပေးရင် ဆီးချိုရောဂါကို သက်သာစေပါတယ်။

မကျက်နိုင်တဲ့ အနာများမှာ သပြေသီးအစေ့ကို ရေနဲ့ကြိတ်ပြီး လိမ်းပေးရင် အနာကို လျင်မြန်စွာကျက်စေပါတယ်။

သပြေသီးအစေ့ရဲ့ အမှုန့်ကို သကြားခဲနဲ့ ဆတူစပ်ပြီး တစ်ခွက်စာ ၂ ပဲသားလောက် တစ်နေ့ နှစ်ကြိမ် သောက်ပေးမယ်ဆိုရင် သွေးဝမ်းသွားခြင်းကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

သပြေသီးအစေ့၊ သရက်စေ့၊ ကြစုံသီးတို့ကို အညီအမျှစုပြီး ညက်အောင် အမှုန့်ကြိတ်လို့ အဲဒီဆေးမှုန့်ကို တစ်ခွက်ကို ၂ ပဲသား ညတစ်ကြိမ်၊ နံနက်တစ်ကြိမ် ရေနွေးနဲ့ သောက်ပေးမယ်ဆိုရင် နာတာရှည် ဝမ်းပျက်ရောဂါနဲ့ မီးယပ်ဝမ်းပျက်၊ သွေးဝမ်းသွားခြင်းတို့ကို ပျောက်ကင်းစေနိုင်ပါ တယ်။

ကင်းကိုက်ခံရတဲ့အခါ အကိုက်ခံရတဲ့နေရာမှာ သပြေရွက်သတ္တုရည်ကို လိမ်းပေးရမယ်လို့ ဆေးကျမ်းစာအုပ်တချို့မှာ ကျွန်မ ဖတ်ဖူးပါတယ်။

သပြေပင်ရဲ့ အစေ့ဟာ သွေးတွင်းမှာရှိတဲ့ ကိုလက်စထရော (Cholestrol)ကို ကျဆင်းစေတဲ့ အာနိသင်ရှိတယ်လို့ ဆိုပါတယ်။ သပြေစေ့ အခြောက်မှုန့်ကို တစ်ကြိမ်မှာ ၂ ဂရမ်နဲ့ တစ်နေ့ နှစ်ကြိမ် သောက်သုံးပေးမယ်ဆိုရင် ကိုလက်စထရောနဲ့ အဆီဓာတ်ကို လျော့နည်းစေကြောင်း တွေ့ရှိရတယ်လို့ အိန္ဒိယဆေးကျမ်းအလိုအရ သိရှိရပါတယ်။

ချစ်တဲ့ပရိသတ်ကြီး အနေနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ နှစ်သစ်မှာ တန်ဖိုးရှိလှတဲ့ သပြေပင်တစ်ပင်လုံးကို တန်ဖိုးရှိရှိ အသုံးပြုလို့ ကျန်းမာပျော်ရွှင် အောင်မြင်သူများ ဖြစ်ကြပါစေကြောင်း အောင်သပြေ ညောင်ရေသွန်းလောင်းလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ခေါက်တန်ကိုလင်းဇော်

www.burmeseclassic.com

လေးဖက်နာရောဂါ ရမ်းကုများ

ARTHRiTiS

တော်မြင့်(ဌက်ဂျား)

နာကျင်ခံစားရမှု ထူပြောသော လေးဖက်နာ (ARTHRITIS) ဝေဒနာရှင်များသည် ယနေ့ တန်ဖိုးမရှိသော ဆေးဝါးများနှင့် အသုံးမဝင်သော ကိရိယာများကို အရောင်းပြင့်တင်နေသူများ၏ လှည့်ဖြားမှု ခံနေရသည်မှာ တုန်လှုပ်စရာ ကောင်းလှပါသည်။

လေးဖက်နာ ဖောင်ဒေးရှင်း၏ လက်တလောခန့်မှန်းချက်အရ ဝေဒနာရှင်များသည် နှစ်စဉ် အမေရိကန် ဒေါ်လာ (၄၀၀) မီလျံခန့် မဟုတ်မှန်သော ကုသမှုများတွင် အကုန်အကျခံနေရပါသည်။ ဆယ်နှစ်အတွင်း (၆၅) ရာခိုင်နှုန်း မြှင့်တက်လာမြဲ၊ ထိတ်လန့်စရာ ကောင်းအောင် ဖြစ်နေပါသည်။

"ငွေလိမ်ယူနေတဲ့ လူတွေဟာ စိတ်ထား ယုတ်တယ်၊ အန္တရာယ်များတယ်၊ ပြီးတော့ ထိုးပွားနေတယ်" ဟု ဒွိုင်းတေလာ (DOYL TAYLOR) က ပြောပါသည်။ သူသည် အမေရိကန် ဆရာဝန်အသင်း ဝံဇော်စစ်ဆေးလေ့လာနေမှု ဒါရိုက်တာဖြစ်ပါသည်။

"လူတွေ ဘာသာမိခံနေရတယ်"

ယခုအခါ အမေရိကန် ပြည်သူတစ်ဝက်တွင် လေးဖက်နာဝေဒနာရှင် (သို့)မဟုတ်ပါသည်။ လေးဖက်နာ ဝေဒနာရှင်တွေ ထိုင်နေရာကနေ ထပြီး

www.burmeseclassic.com

www.burmeseclassic.com



များစွာ၏ (၉၀)ရာခိုင်နှုန်းသည် ဆေးပညာ မသိကျွမ်းသူတို့၏ သဲ့ားကောင်တစ်ကြိမ်မဟုတ် တစ်ကြိမ် ဖြစ်သွားနိုင်ကြောင်း သတိပေးထားပါသည်။ သို့မဟုတ်ပါကလည်း ကုသမှုရှာ ရန် အကျိုးမရှိသော စုံစမ်းရှာဖွေမှု ပြုမိပေမည်။

အသစ်ဖြစ်သော 'အံ့ဖွယ်ကုသမှု' ဆိုသည်မှာ လုံးဝ အသစ်မဟုတ်သလို လုံးဝအံ့သြစရာမဟုတ်ပါ။ပျောက်ကင်းအောင် ကုသနိုင်မှုလည်း လုံးဝမရှိပါ။ သို့ရာတွင် ဈေးကွက်တွင် အပတ်စဉ် ပေါ်ထွက်နေပါသည်။ ၎င်းတို့တွင် သောက်သုံးရန် ဆေးလုံးများ ရှိပါသည်။ အရည်များလည်း ပါပါသည်။ ပွတ်လိမ်းရန် လိမ်းဆေးဆီများလည်း ရှိပါသည်။ ရှူရှိုက်ရန် ဓာတ်ငွေ့များနှင့် ဝတ်ဆင်ရန် ကိရိယာများလည်း ပါဝင်ပါသည်။ တုန်ခါမှု လှိုင်းပေါ်တွင် ထိုင်နေရန်လည်း ရှိပါသည်။ ထို့ပြင် ဇီမိခံရေနွေးငွေ့ပေါင်းခံခြင်းနှင့် 'အာမခံကုသမှု'များ ပေးနေသော ဈေးကြီးသည့် ဆေးခန်းများ ပါဝင်ပါသည်။ အဆိုးရွားဆုံးမှာ ဝေဒနာရှင်များအား အလွန်အကျွံ ပြင်းအားရှိပြီး အန္တရာယ်ကြီးသော ဆေးဝါးများဖြင့် ကုသပေးနေသော ဆရာဝန်အချို့လည်း ရှိနေခြင်းပင် ဖြစ်သည်။

မမှန်ကန်သော 'ကုသမှု' များအား အရောင်းမြှင့်တင်နေသူတို့မှာ ပြောမပြနိုင်လောက်အောင် အတင့်ရဲနေကြပါသည်။ ဘိုလဒါ (BOULDER) နှင့် မောင့် (MONT) ဒေသများတွင် ယူရေနီယံတူးဖော်သော မိုင်းတွင်းများ ရှိနေပါသည်။ ထိုဒေသများတွင် ရေဒီယို သတ္တိကြွ ဓာတ်ငွေ့တစ်မျိုးဖြစ်သည့် ရာဒွန် (RADON) ကို ရှူရှိုက်ခြင်းဖြင့် နာကျင်မှု ပယ်ပျောက်ရန် ကြော်ငြာများ ထောင်ချီထွက်ပေါ်လာပါသည်။

အမေရိကန် ဆရာဝန်အသင်းက ထိုအပြုအမူသည် အသုံးမဝင်ရုံမျှမက အန္တရာယ်လည်း ရှိနိုင်ကြောင်း သတိပေးထားပါသည်။

မည်သို့ဖြစ်စေ နှလုံး ပြောင်းလဲကုသမှုကို ရှေးဦး ဆောင်ရွက်ခဲ့သူ ဒေါက်တာ ခရစ်ဆီယန်ဘားနတ် (DR. CHRISTIAAN BARNARD) ၏ လက်တွင် လေးဖက်နာရှိသည်ဟု သိရသောအခါ မိုင်းတွင်းပိုင်ရှင်က ရှူဆေးတစ်ဘူးကို သူ့ထံ ပေးပို့ခဲ့ပါသည်။

ကောက်ရိုးတစ်မျှင်

ဆေးပညာ စုံစမ်းသပ်ချက်အရ နာတာရှည် လေးဖက်နာဟု သတ်မှတ်သူ အားလုံးနီးပါးသည် ရမ်းကုများထဲ အနှစ်းပေး အည့်ခံရန် ရောက်သွားတတ်ပါသည်။

အကြောင်းရင်း တစ်အချက်မှာ ယနေ့အထိ ဖြစ်ပွားရသော အကြောင်းရင်းနှင့် ထိရောက်သော ကုသမှုကို သိရှိခြင်းမရှိပါ။

ခေတ်မီဆေးပညာသည် အလွန်ပြင်းထန်သော ရောဂါဝေဒနာရှင်များကိုပင် မသန်မစွမ်း မဖြစ်အောင် တားဆီးပေးနိုင်ပါသည်။ တရားဝင်ကုသမှုမှာ အခိုန်ပေးရပါသည်။ နေ့းကွေးသော တိုးတက်မှုကို စိတ်ဓာတ်ကျပြီး နာကျင်ခံစားမှုကြောင့် မတည်ဆောက်နိုင်သူတို့မှာ 'ပို၍လျင်မြန်သော' သို့မဟုတ် 'ပို၍သေချာသော' သက်သာမှုကို ရှာဖွေကြပေမည်။

အကြောင်းရင်း (၂) မှာ အရိုးဆစ်များတွင် ရောင်ရမ်းမှု ခံစားရသော ဝေဒနာရှင်များတွင် အလိုအလျောက် သက်သာသွားတတ်ပါသည်။

ထိုသက်သာမှုသည် ရက်သတ္တပတ်များစွာ၊ လပေါင်းများစွာနှင့် နှစ်ပေါင်းများစွာအထိ ရှိတတ်ပါသည်။ ထို့နောက် ရက်စက်ယုတ်မာစွာ ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်တတ်ပါသည်။ ထိုကဲ့သို့ ရောဂါအတက်အကျဖြစ်မှုများအား ရမ်းကုများက 'ကုသမှု' အဖြစ် အမှတ်ဝင်ယူတတ်ကြပါသည်။ ယေဘုယျအားဖြင့် ရောဂါလက္ခဏာများ အခိုက်အတန့် ကွယ်ပျောက်နေခြင်းသာ ဖြစ်ပေသည်။

ရမ်းကုတွေဆီ ဘယ်သူသွားသလဲ။ သူကိုယ်တိုင်ကလည်း (၁၈) နှစ်သားကတည်းက လေးဖက်နာ ခံစားခဲ့ရသူ လေးဖက်နာ ဖောင်ဒေးရှင်း၏ အထူးဌာနမှူး ဒါရိုက်တာ ဂျယ်ရီဝါး (JERRY WAHSH) က -

"မခံမရပ်နိုင်ဖြစ်လာရင် ဘယ်သူမဆို ကောက်ရိုးတစ်မျှင် ဆွဲမှာပဲ" ဟု ပြောပြပါသည်။ မမှန်ကန်သော ကုသမှုအတွက် ဒေါ်လာအနည်းငယ်လောက်ကို အခါအားလျော်စွာ သုံးစွဲကြပေမည်။

လေးဖက်နာရောဂါ အထူးကုသူ တစ်ဦးက -

"ဂန္ဓိရဆန်တဲ့ ကုသမှုစွမ်းအားရှိတဲ့ ဝက်သစ်ချသီးတွေကို အိတ်ထဲထည့်ပြီး ဂျယ်ရီဝါး လမ်းလွှားနေတယ်"ဟု ပြောပါသည်။

"အကြောင်းအချက်တွေက အဲဒီလိုလုပ်လို့ အကျိုးမရှိဘူးလို့ ကျွန်တော့်ကို ပြောတယ်" ဟု သူက ဂျယ်ရီဝါးကို ပြောပြပါသည်။

"ဒါပေမဲ့ ဘယ်သူသိမှာလဲ" -

များများကြာမီက တစ်နိုင်ငံလုံး ဖြန့်ဝေသော ရုပ်မြင်သံကြား အစီအစဉ်တွင် ဂျယ်ရီဝါးက ရမ်းကုများ၏ ကိရိယာများကို စုစည်းတင်ပြပြီး တစ်ခုစီကို တန်ဖိုးမရှိကြောင်း သေသေချာချာ ရှင်းပြခဲ့ပါသည်။ ရုတ်အနည်းငယ်အတွင်းတွင် သူ့ထံ ပေးစာပေါင်း ငါးထောင်ခန့် ရောက်ရှိလာပါသည်။ အများစုမှာ ထိုကိရိယာများကို မည်သည့်နေရာတွင် ဝယ်ယူရရှိနိုင်ကြောင်း မေးမြန်းထားခြင်း ဖြစ်ပါသည်။

နယ်စပ်ကို ဖြတ်ကျော်တာ

မူမမှန်သော ကုသမှုအားလုံးတွင် လိုက်(ဖ)ကော့ (LIFECORT) ဟု အမည်ပေးထားသော ပြုပြင်မှုတစ်ခုအား ဆရာဝန်အများစု ထိတ်လန့်သွားပါသည်။ ၎င်းကို ဆရာဝန်အသင်းမှ စုံစမ်းရာဖွေသူ တေလာက -

"လေးဖက်နာအတွက် ရမ်းကုဆေးဝါးထဲမှာ ယနေ့ထိပ်ဆုံး" ဟုအမည်တပ်ပါသည်။

လိုက်(ဖ)ကော့သည် ရောဘတ်အီး။ လိုက်(ဖ)မင် (ROBERT E. LIFEMANN) အမည်ရှိ (၄၈) နှစ်အရွယ် ကနေဒါလူမျိုး ဆရာဝန် တစ်ဦး၏ နေမှုန်းမြေအောက်ခန်းတွင် ထုတ်ဖော်သော လျှို့ဝှက်ဖော်မြူလာဖြစ်သည်။

၁၉၆၁ ခုနှစ်မှ စတင်၍ လူနာများကို ဆေးပေးခဲ့ပါသည်။ ထို့နောက် အံ့သြဖွယ်ကောင်းသော အောင်မြင်မှု ရရှိကြောင်း ကြွေးကြော်ခဲ့ပါသည်။ အမေရိကန်လူမျိုး ထောင်ပေါင်းများစွာသည် မွန်ထရီယာဗစ်ရှိ ဒေါက်တာ လိုက်(ဖ)မန်း၏ ခမ်းနားသောဆေးခန်းသို့ ခရီးသွားခဲ့ပါသည်။ အောင်စဝက်မှ ရှိသော ပုလင်းတစ်လုံးနှင့် အညှိရောင် အရည်ကို (၁၀) ဒေါ်လာ ပေးဝယ်ရပါသည်။ ၎င်းတို့အား ထိုအရည်အစက် အနည်းငယ်ကို လျှာအောက်တွင် နေ့စဉ် တို့ရန် ညွှန်ကြားလိုက်ပါသည်။

သေသေချာချာ လေ့လာပြီးသောအခါ အမေရိကန် ဆရာဝန်အသင်း၊ အမေရိကန်ဆေးဝါးနှင့် အစားအစာဌာနနှင့် လေးဖက်နာဖောင်ဒေးရှင်းလိုက်(ဖ)ကော့သည် အန္တရာယ်ရှိသော ဆေးဝါးဖြစ်ကြောင်း သတိပေးကြေညာခဲ့ပါသည်။

ထိုဆေးဝါးတွင် ဘေးထွက်ဆိုးကျိုး ပြင်းထန်သော အားပြင်းသည့် ဟိုမုန်း သုံးမျိုးပါဝင်နေပါသည်။ ၎င်းတို့မှာ ပရက်နီစုန်း (PREDNISONE)၊ တက်စ်တိုစတီရုန်း (TESTOSTERONE) နှင့် အက်စထရာဒိုင်အော (ESTRADIOL) ဖြစ်ပါသည်။

လေးဖက်နာ ဖောင်ဒေးရှင်း၏ ဒါရိုက်တာတစ်ဦးဖြစ်ခဲ့သူ ဒေါက်တာ ရိုနယ်ဒဗလျူလဲမောင့်ဟေဗာ (DR. RONALD W. LAMONT HAYERS) က ထိုဆေးဝါးနှင့် ဆက်စပ်၍ သေဆုံးသူ အနည်းဆုံးသုံးဦးရှိခဲ့ကြောင်း အမေရိကန် ဆီးနိတ်အထူးကော်မတီထံ တင်ပြခဲ့ပါသည်။ ထိုဆေးဝါးသည် အလွန်တရာ အန္တရာယ်ကြီးကြောင်း ကြေညာပြီး အမေရိကန်ပြည်ထောင်စုအတွင်း စမ်းသပ်မှုကိစ္စပင် မပြုလုပ်ရန် တားမြစ်ခဲ့ပါသည်။

အစွမ်းထက်သော ဆေးဝါးတစ်မျိုးဖြစ်သော ဒိုင်ပိုင်ရုန်း (DIPYRONE) အသုံးပြု၍ လေးဖက်နာ ကုသမှုတွင်

လပြည့်ဝန်းမဂ္ဂဇင်း (၄လိုင်း၊ ၂၀၁၆)



www.burmeseclassic.com

ဆရာဝန်များ အတွင်းကျကျ ပါဝင်ခဲ့ရပါသည်။

လွန်ခဲ့သော သုံးနှစ်ခန့်က တက်ဆက်နယ်စပ်တွင် ပီဒရာနီဂရာ (PIEDRAS NEGRAS) ရှိ ဆရာဝန်တစ်ဦးက လေးဖက်နာရောဂါကို ထူးခြားစွာ ကုသပေးနိုင်ကြောင်း သတင်းစကားများ မကွာဆီကိုနိုင်ငံတွင်း ပျံ့နှံ့နေပါသည်။

မကြာမီ ရောဂါဝေဒနာ ခံစားရသော လူနာထောင်ပေါင်းများစွာသည် ထိုဆရာဝန်၏ခုံးခန်းတွင် ပြည့်သွားပြီး ထိုးဆေးပုလင်းငယ်များ ဝယ်ယူကြရပါသည်။ သူတို့အား နောင်နှစ်နှစ်အတွင်း အမေရိကန်တွင် ဝယ်ယူရရှိနိုင်မည် မဟုတ်ကြောင်း ပြောကြားပါသည်။ မိမိတို့နေအိမ် ရောက်သောအခါ သူတို့၏ ဆရာဝန်များအား ထိုးဆေး ထိုးနှံပေးရန် ပြောကြပါသည်။ ဆရာဝန်အနည်းငယ်က ထိုးနှံပေးပါသည်။ လူနာများက သိသာထင်ရှားသော သက်သာမှုရှိကြောင်း အဆိုပြုကြပါသည်။

ကိုယ်စားလှယ်အဖွဲ့ တစ်ခုသည် လွတ်တော်ကိုယ်စားလှယ် အော်တို အီပတ်(စ)မင်း (OTTO E. PASSMAN) ထံ သွားရောက်ပြီး ကြိုးနီစနစ်ကို ပယ်ဖျက်ကာ ထိုဆေးဝါးကို အသိအမှတ်ပြုရန် တောင်းဆိုကြပါသည်။ သို့မဟုတ် ဆေးဝါးရရှိရန် မကွာဆီကိုသို့ သူတို့ ခရီးသွားရန် မလိုအပ်တော့ပါ။

စုံစမ်းစစ်ဆေးမှုများအရ အမေရိကန်ပြည်ထောင်စုအတွင်း ရောက်ရှိလာသော ဆေးများတွင် တံဆိပ်များ သေချာစွာ ထားသည်ကို တွေ့ရပါသည်။ နောက်ဆုံးတွင် ကပ်ထားသော တံဆိပ်တစ်ပိုင်းတစ်စကို ရရှိလိုက်ပါသည်။ ဆေးဝါးနှင့် အစားအစာဌာန အကူအညီဖြင့် ဆေးဝါးနှင့် ထုတ်လုပ်သူအား ဖော်ထုတ်နိုင်ခဲ့ပါသည်။

ဒိုင်ပိုင်ရူနှံသည် အစွမ်းထက်သော အကိုက်အခဲပျောက်ဆေး ဖြစ်ပါသည်။ ထို့ပြင် အသက်အန္တရာယ် နီးသော သွေးရောဂါတစ်မျိုး (AGRANULOCYTOSIS)ဖြစ်ပွားခြင်း၊ တုန်တုန်ရီရီ ဖြစ်ခြင်း၊ ပျို့အန်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း သွေးထွက်ခြင်းနှင့် အခြားပြင်းထန်သော ဘေးထွက်ဆိုးကျိုးများ ဖြစ်ပွားစေပါသည်။

ဆေးဝါးနှင့် အစားအစာဌာန ထုတ်ပြန်ချက်အရ ရောဂါကုသစဉ် ထိုဆေးဝါး အသုံးပြုခြင်းမှာ ရှားပါးလှသော အခြေအနေမျိုးတွင်သာ တရားမျှတမှုရှိပြီး၊ အခြားသော ကုသမှုများ မအောင်မြင်မှ အသုံးပြုသင့်ပါသည်။ ဝါ(စ)မင် တွေ့ရှိခဲ့သည်မှာ ထိုဆေးဝါး သုံးစွဲမှုကြောင့် အနည်းဆုံး လူလေးဦး သေဆုံးခဲ့ပါသည်။ သို့တစေ အချို့သော မကွာဆီကိုလူမျိုး ဆရာဝန်များက အသုံးပြုနေဆဲ ဖြစ်ပါသည်။

မြောက်များစွာသော ကုသမှု

အခြားသော ပြုပြင်မှု ဆေးဝါးများနှင့် ငွေရလွယ်သော အခြားလှည့်ဖျားမှုများ ရှိပါသေးသည်။ ၎င်းတို့သည် လတ်တလော အခြေအနေတွင် လေးဖက်နာရောဂါဘက် ဦးတည်နေကြောင်း ဆရာဝန်အသင်းနှင့် လေးဖက်နာဖောင်ဒေးရှင်းက စုစည်းတင်ပြထားပါသည်။

(က) အသေးစားကိရိယာများ

ကြေးနီသည် အထူးကုသမှုစွမ်းအားရှိသည်တဲ့ အဆိုရှိပေ၏။ ထို့ကြောင့် ကြေးနီလက်ကောက်၊ အိုင်ဒီကြိုး၊ လတ်ပတ်အဆက်များ၊ နာရီလက်ပတ်ကြိုးများ၊ လက်ယှက်ထိုးညှပ်သော ကိရိယာနှင့် ပင်အပ်များကို **တစ်ခုလျှင် ဒေါ်လာ(၅၀)**အထိ ရောင်းရပါသည်။ ရေဒီယိုသတ္တိကြွသော သဲအိတ် တစ်အိတ်သည် (၃၅) ဒေါ်လာ ကျပါသည်။ ၎င်းသည် ရောင်ရမ်းမှုကို လျော့ကျစေသည်ဟု ယူဆရပါသည်။ ရေဒီယိုသတ္တိကြွသော ယူရေနီယံအစင်းများပါသော လက်အိတ်အား တစ်ခုကို (၁၁) ဆင့်ဖြင့်ထုတ်လုပ်ပြီး၊ အစုံလိုက်အားဖြင့် (၆၅) ဒေါ်လာနှင့် ရောင်းချပါသည်။

(ခ) ဖြည့်စွက်အာဟာရ

တစ်စုံတစ်ရာ စားသုံးသည်ဖြစ်စေ၊ မစားသုံးသည်ဖြစ်စေ လေးဖက်နာရောဂါဖြစ်ပွားခြင်း သို့မဟုတ် ပျောက်ကင်းမှုရှိနိုင်ပါသည်။ တစ်ကွာတာလျှင် (၁.၇) ဒေါ်လာဖြင့် ရောင်းချနေသော 'ခံနိုင်ရည်ရှိစေသည့် နွားနို့'မှာ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးမရှိပါ။ ပြင်းအားမြင့်ထားသော ပင်လယ်ရေ၊ အပင်ငယ်များ၊ အက်စစ် ဓာတ်များ၊ အယ်ရီသီးများ၊ ပျားရည်၊ ရှာလကာရည် (သို့မဟုတ်) ငါးကြီးဆီ နှင့် လိမ္မော်ဖျော်ရည်များ ပါဝင်ကြပါသည်။ အမေရိကန် ဆရာဝန်အသင်းက -

"အားထားလောက်တဲ့ သုတေသီများ အဆိုအရ လေးဖက်နာဝေဒနာရှင်များဟာ လူသာမန်တွေလိုပဲ ပြည့်စုံတဲ့ အာဟာရ လိုအပ်ပါတယ်" ဟု ပြောပါသည်။

(၀) ဆေးခန်းများ

လွန်ခဲ့သော နှစ်များစွာက လေးဖက်နာဖောင်ဒေးရှင်းသည် လိမ်လည်မှုနှင့် မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုမှုများအား ဆီးနိတ်ရှိ ဆပ်ကော်မတီသို့ အစီရင်ခံခဲ့ပါသည်။ အသက်ကြီးသူများအား ထိခိုက်စေပြီး ထောင်ပေါင်းများစွာသော လူနာများသည် ကျယ်ကျယ်ပြန့်ပြန့် စွဲစွဲမြဲမြဲနှင့် အချက်မရှိသော အရောင်းမြှင့်တင်သူများက အမည်ခံ လေးဖက်နာ ရောဂါကုဆေးခန်းများသို့ သွားရန် လှည့်ဖျားခြင်း ခံနေရပါသည်။

ထိုဆေးခန်းများရှိ ကုသမှုတွင် အူလမ်းကြောင်းဆေးကြောခြင်း (ဖိအား ပေးစနစ်ဖြင့် အစာအိမ်ရှင်းလင်းခြင်း)၊ သွေးရည်ကြည်ကုသမှု၊ ဗီတာမင် အားဖြည့်မှုနှင့် အထူးပြုလုပ်သော ရေချိုးခြင်းများ ပါဝင်ပါသည်။

ကိုယ်တွင်းခေါင်း (COLON) ကုသမှုသည် အကျိုးကျေးဇူးမရှိသဖြင့် လွန်ခဲ့သော အနှစ်(၄၀)က စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။

သွေးရည်ကြည်ကုသမှုမှာ လုံးဝ အဓိပ္ပာယ်မရှိဟု လေးဖက်နာ ဖောင်ဒေးရှင်းက ပြောပါသည်။ အကြမ်းဖျင်း အဓိပ္ပာယ်မှာ ကလာပ်စည်းများကို လှုံ့ဆော်ခြင်း ဖြစ်သည်။

ဗီတာမင် အားဖြည့်မှုဆိုသည်မှာ ဗီတာမင် အချို့မညီမှုကို ပြင်ဆင်သော ကုသမှုဟု အဆိုရှိပါသည်။

ထပ်ပြန်တလဲလဲ လေ့လာမှုများအရ လေးဖက်နာရောဂါသည် ဗီတာမင် သို့မဟုတ် ဟော်မုန်းများ နည်းသည်၊ များသည်နှင့် ဆက်စပ်မှု လုံးဝမရှိပါ။ ရေနွေးငွေ့နှင့် ပေါင်းခံခြင်းမှာ နာကျင်မှုကို ယာယီခဏတာမျှ သက်သာစေပါသည်။

တောက်ပသော အခြားတစ်ဖက်

ယနေ့ လေးဖက်နာရောဂါ ကုသရာတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရဆုံးသော ဆေးဝါးမှာ အက်စပရင် (ASPIRIN) ဖြစ်ပြီး တစ်မျိုးတည်း သို့မဟုတ် အခြား ဆေးဝါးများနှင့် ပေါင်းစပ် သုံးစွဲရပါသည်။

ထို ဆေးဝါးသည့် နာကျင်မှု သက်သာရန်နှင့် အရိုးအဆစ် ရောင်ရမ်းခြင်းကို လျှော့ချရန် အကူအညီပေးပါသည်။ ထို့ထက်တမူ အချို့သော လိမ်းဆေးများ၊ ခရင်များ၊ ဆီများနှင့် လင်နမင်တို့သည် လေးဖက်နာရောဂါ၏ နာကျင်မှု အပျော့စားကို သက်သာစေပါသည်။ သို့ရာတွင် ထိုကဲ့သို့ သက်သာမှုမှာ ယာယီသာဖြစ်ပါသည်။

"ကျွန်တော်တို့ရဲ့ ကြီးကြီးမားမား အကျိုးရှိဖို့ မျှော်လင့်ချက်ဟာ လမ်းလွဲစေပါတယ်" ဟု လေးဖက်နာ ဖောင်ဒေးရှင်းက ပြောပါသည်။

မည်သို့ဆိုစေ အနာဂတ်တွင် လေးဖက်နာအတွက် အာမခံချက်ရှိပုံ ရပါသည်။ သုတေသန စိမံချက်များ ရာချီ၍ ပြုလုပ်နေပါသည်။ ထို့ပြင် လတ်တလော တိုးတက်မှုနှစ်ရပ်သည် ဆေးပညာ အသိုင်းအဝန်းအား စိတ်လှုပ်ရှားအောင် မွေနှောက်နေပါသည်။

ခန္ဓာကိုယ်အစိတ်အပိုင်း ပြောင်းလဲတပ်ဆင်သောအခါ ပြင်ပမှ တစ်သျှူးကို ငြင်းပယ်လေ့ရှိသော သဘာဝဖြစ်ရိုး ဖြစ်စဉ်အား ဖိနှိပ်သော ဆေးဝါးသည် လက်တွေ့စမ်းသပ်ချက်များအရ ရောင်ရမ်းမှုကို လျှော့ချရာတွင် ထူးထူးခြားခြား ထိရောက်မှုရှိပါသည်။ ထိုဆေးဝါးမှာ ဆိုင်ကလိုပော့်(စ)ပါမိုဒ် (CYCLOPHOS PHAMIDE) ဖြစ်ပြီး၊ အမေရိကန် လေးဖက်နာဖောင်ဒေးရှင်းက မတည်သော သုတေသန အစီအစဉ်များတွင် အခြားဆေးဝါးများနှင့်အတူ စမ်းသပ်လေ့လာနေပါသည်။

လေးဖက်နာရောဂါဖြစ်နေသော အရိုးအဆစ်များမှ ပျက်စီးနေသော တစ်သျှူးများကို ဖယ်ထုတ်ခြင်းသည် စံချိန်မီခွဲစိတ်ကုသမှုဟု နှစ်ပေါင်းများစွာ လက်ခံကျင့်သုံးခဲ့ပါသည်။ ယခုအခါ ခွဲစိတ်ဆရာဝန်များသည် တစ်သျှူးအများအပြား ထိခိုက်မှုမရှိမီ ခွဲစိတ်နိုင်ရန် နည်းလမ်းသစ်ကို ကြိုးစားနေကြပါသည်။ စောစီးစွာ ခွဲစိတ်လျှင် ရောဂါပျံ့နှံ့မှုကို တားဆီးနိုင်ကြောင်း တွေ့ရှိခဲ့ကြပါသည်။ အထက်ပါနှင့် အခြားသော တိုးတက်မှုများက လေးဖက်နာဖောင်ဒေးရှင်းကို အကောင်းမြင်အစီရင်ခံစေပါသည်။ ၎င်းမှာ လေးဖက်နာရောဂါ ကုသသောဆေး မကြာမီ ပေါ်ပေါက်လာပေမည်။ သို့သော် ဘယ်အချိန်အခါ ဖြစ်မည်လဲ။

ပြီးပြည့်စုံသော လက်နက်

လတ်တလော အခြေအနေတွင် လေးဖက်နာဖောင်ဒေးရှင်းမှ နိမိတ်ဖတ်သည်မှာ ဝေဒနာရှင်များသည် မူမမှန်သော ဟန်ဆောင်ကုသမှုများနောက် လိုက်ခြင်းမှာ မိသားစု၏ စုဆောင်းငွေအားလုံး ကုန်ဆုံးစေနိုင်ကြောင်း မသိမချင်း လိမ်လည်မှုများက ဆက်လက်ရှိနေဦးမည်။

ထို့ပြင် ပိုမိုများပြားလာဖွယ်ရာလည်း ရှိပါသည်။ သာဓကတစ်ရပ်မှာ ကာလီဖိုးနီးယားပြည်နယ်တွင် အသက် (၆၀) အရွယ်ရှိ မုဆိုးမ တစ်ဦးသည် 'ကုသမှု'ကို ရှာဖွေရင်း ခုနှစ်နှစ်အတွင်း ဒေါ်လာ (၁၄၅၀၀)ကို အချည်းနှီး ကုန်ကျခဲ့ရပါသည်။ ထို့ပြင် တန်ဖိုးရှိလှစွာသော အချိန်များလည်း ကုန်ဆုံးခဲ့ရပါသည်။

လင်ပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

ဆေးပညာ ပါရဂူများက စောစောစီးစီး ရောဂါရှိကြောင်း သိရလျှင် လူနာ (၁၀)ယောက်တွင် (၇) ယောက်အား မသန်မစွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ကြောင်း သဘောတူ လက်ခံကြပါသည်။ ထို့နောက် တစ်ဦးချင်းကုသမှုကို အချိန်မီ ဆောင်ရွက်ရပါသည်။

လေးဖက်နာဖောင်ဒေးရှင်းမှ ဒါရိုက်တာဖြစ်သူ ဒေါက်တာ ဝီလျံအီး ရေနိုး (DR. WILLIAM E. REYNOLDS) က စိတ်သောကရောက်စရာကောင်းသည်မှာ လူတစ်သန်းလောက်ဟာ တစ်နေ့တခြား ပုံပျက်လာပြီး မူလအခြေအနေ ပြန်ရောက်ဖို့ အလားအလာနည်းပါးကြောင်း ပြောပြပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့တွေဟာ ရုန်းကုတွေနဲ့ အချိန်ဖြုန်းကြလို့ပါပဲဟု မှတ်ချက်ပေးပါသည်။

ထိုကဲ့သို့ လိမ်လည်မှုများအတွက် ဆေးဝါးနှင့် အစားအစာဌာနတွင် ဥပဒေများရှိပါသည်။ ဆေးဝါးနှင့်အစားအစာဌာနသည် မမှန်မကန် တံဆိပ်ကပ်ထားသော ပစ္စည်းများနှင့် လိမ်လည်၍ အရောင်းမြှင့်တင်သော အရေးအသားများကို တားမြစ်ပါသည်။ ကုန်သွယ်ရေး ဖက်ဒရယ်ကော်မရှင်က မမှန်မကန်သော ကြော်ငြာများနှင့် လမ်းလွဲလိုက်စေသော ကြော်ငြာများကို ဆန့်ကျင် ဆောင်ရွက်ပါသည်။ ထို့ပြင် စာပို့ဌာနကလည်း စာတိုက်မှတစ်ဆင့် ပေးပို့သော မမှန်ကန်သည့် ပစ္စည်းများကို တားမြစ်ပါသည်။

သို့ရာတွင် ဥပဒေက လုံလောက်စွာ မလျင်မြန်နိုင်ပါ။ မမှန်မကန်သော ဆေးဝါးကို တရားဝင် မပိတ်ပင်နိုင်မီ လပေါင်းများစွာ ကြာပါသည်။ ထိုအချိန်တွင် အရောင်းမြှင့်တင်သူမှာ အလုပ်လက်မဲ့ ဖြစ်သွားပေမည်။ သို့ရာတွင် ယာယီသာဖြစ်ပြီး ထိခိုက်မှုလည်း ဖြစ်ပေါ်ပြီးပေပြီ။

နောက်ဆုံးတွင် မသမာသူများနှင့် ယုတ်မာသော ခေါင်းပုံဖြတ်မှုအားတားဆီးရန် အထိရောက်ဆုံး လက်နက်မှာ ဝေဒနာရှင်များကိုယ်တိုင် ဖြစ်ပါသည်။ ၎င်းတို့သည် တရားဝင် သမားတော်တို့၏ ဆေးညွှန်းပေါ်တွင်သာ အားထားသင့်ပြီး တိုးတက်မှုနှေးခြင်းကို စိတ်ဓာတ်မကျသင့်ပေ။ ရုန်းကုများက ဆွဲဆောင်သော အရာများကို ဝယ်ယူရန် ငြင်းဆန်ရပေမည်။

၎င်းတို့သည် မိမိကိုယ်မိမိ ယုံကြည်ပြီး အခြားဝေဒနာရှင်များအား သတင်းစကား ဖြန့်ဝေပေးသင့်ပါသည်။ ပြောရမည်မှာ ရုန်းကုများ၏ တုန့်ပြန်မှုများမှာ တခြားမဟုတ်၊ ဒုက္ခသာဖြစ်ကြောင်း သတိပေးချက်သာ ဖြစ်ပေသည်။

တော်ပြင့်(ဌက်ပျား)

(Lester David ၏ Worst of the Medical Swindlers - The Arthritis Quacks (RD Jan 70) ကို ဆီလျော်အောင် ပြန်ဆိုပါသည်။) ❑

မိသားစုတိုင်း အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်။

သင့်ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ်ဟောထားသည့် စာအုပ်။
ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်။

အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ

သင့်ဘဝ တစ်သက်တာ ဗေဒင်ဟောကိန်းများ

စာအုပ်ထွက်ပြီ

ညွှန့်ခိုင်မာ (ကျောက်ဆည်)
ညွှန့်လွင် (စက်မှုတက္ကသိုလ်)

ဖုန်း ၀၉-၃၃၂၇၁၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှ အရောက်ပို့ပေးပါမည်။
ဦးညွှန့်လွင် ၊ အမှတ် ၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

ယခင် စာအုပ် ၆၀၀၀၊ ယခု ၅၀၀၀ ကျပ်၊ သုံးအုပ်နှင့် အထက်မှာလျှင် ၄၅၀၀ ကျပ်။

www.burmeseclassic.com

ကျန်းမာရေးနှင့် နွားနို့အကျိုးအကျေး

ဒိုးဗယ်ဒေါ်နီး



ကမ္ဘာနိုင်ငံများတွင် စက်မှုပညာသိပ္ပံနည်းများ မည်မျှပင် ထွန်းကားတိုးတက်ပါစေ လယ်ယာကိုင်းကျွန်းဥယျာဉ်ခြံမြေ စိုက်ပျိုးမှုတွင် အသုံးပြု အပုံအပိုးယူကြရသည့် နွားသတ္တဝါများနှင့် ကျွဲ၊ ဆင်၊ မြင်း၊ လားတို့ကို မွေးကြသည်။ အဓိက နွားကို ပို၍မွေးမြူကြသည်။

နွားသည် လူတို့အတွက် အကျိုးပြုရာတွင် အသားစားရခြင်း၊ နို့သောက်ရခြင်း၊ အရေပြားကို လိုရာတွင် အသုံးပြုရခြင်း ဖြစ်သည်။ သို့စင်တွင် နွားနို့သည် ရောဂါ ဝေဒနာများအတွက် အထောက်အကူပြုမှုသည် အလွန်များပြားသည်။

www.burmeseclassic.com

www.burmeseclassic.com

ယနေ့တွင် လူသားတို့မှာ ရောဂါဘယ ထူပြောခြင်း ဖြစ်ပေါ်နေကြရာတွင် ဆီးချိုရောဂါ၊ သွေးချိုရောဂါမှာ ပို၍ အဖြစ်များကြသည်။ ထိုဆီးချို၊ သွေးချိုရောဂါများသည် ဆီ၊ ဆေး သုံးစွဲမှုများကြောင့် ဆီးသွားရာတွင် ဆီးနှင့်အတူ ရောရှိပါသွားသည့် ကယ်လ်စီယမ်များက သွေးထဲတွင် လျော့ပါးသွားသည်။

လူတွင် ပါရာသိုင်းရွိုက် (Parathyroid) ဇီဝတွင်း ကယ်လ်စီယမ်နဲ့ ဖော့စ်ဖရပ်စ်တို့ရဲ့ ဖြစ်ပျက်ကို ထိန်းသည့် ဂလင်း၏ လုပ်ဆောင်မှုကို ရှုပ်ထွေးသွားပြီး သွေးတွင် ကယ်လ်စီယမ်ကို ထပ်၍ကျဆေးသည်။ ထို့အတွက်ကြောင့် ဆီးချိုရောဂါ ပိုဆိုးဝါးလာသည်။

သူမြော ငါမြောကြတဲ့ ဆေးဝါးတွေနဲ့ ကုနေရင်တော့ ရောဂါကြာရှည်ပြီး အသက်ကိုပါ စိုးရိမ်ရမည်ဖြစ်သည်။ ဆေးပညာရှင်များ တတ်ကျွမ်းနားလည်သော ဆရာဝန်များနှင့် ပြ၍ကုသရန် လိုအပ်ပါသည်။

အစာလည်းဆေး၊ ဆေးလည်း အစာ ဆိုသလိုပင် ကမ္ဘာ့နိုင်ငံကြီးများမှ သုတေသနပြုထားသည့် နွားနို့က သွေးချို၊ ဆီးချိုကို ပျောက်ကင်းစေတယ်ဆိုတာကို လက်ဆင့်ကမ်း မျှဝေပါရစေ။

နွားနို့ထဲမှာ ကယ်လ်စီယမ်အိုင်းယွန်းများ ပါရှိပြီး၊ ကယ်လ်စီယမ်နှင့် ဖော့စ်ဖရပ်စ်များကလည်း အချိုးအစား မျှစွာရှိသည်။ ဒီတာမင်ဒီနှင့် လက်တိုစ် (Lactose) တို့ ပါဝင်မှု မြင့်မားသဖြင့် ကယ်လ်စီယမ် စုပ်ယူနိုင်မှုကို အားပေးသည်။

ဒါကြောင့် သွေးချို၊ ဆီးချိုရောဂါရှိသူများက ကျန်းမာရေးကောင်းပြီး အာဟာရအတွက် နွားနို့ကို သောက်သုံးများထက် ပုံမှန်ပို၍ သောက်သုံးသင့်သည်။

လူတချို့က ဆီး၊ သွေးချိုရောဂါရှိလျှင် အချိုစားခြင်း၊ နို့နှင့် နို့တွက်



ပစ္စည်း အစားအစာများကို စားသုံးခြင်းအတွက် ရောဂါပို၍ တိုးပွား ဆိုးဝါးလာမည်ဟု တွေးထင်ကြသည်။ ဒါဟာ မှားယွင်းတဲ့ အတွေးအသိပါ။

ခန္ဓာကိုယ်တွင်းတွင် ကယ်လ်စီယမ် လျော့ပါးမှုကို ပြန်လည်ဖြည့်ပေးပြီး ဆီးချိုရောဂါကို သက်သာစေပါသည်။ ယနေ့စားသုံးရသော အစားအစာများမှ ပြုပြင်ဖန်တီးမှုများ၏ ဘေးထွက်ဆိုးကျိုးများကို ပျက်ပြယ်စေပြီး အာဟာရနှင့် ကယ်လိုရီကို ပြန်လည်ဖြည့်ပေးပါသည်။

နွားနို့သည် နွားသတ္တဝါမှ ညှစ်ယူရရှိသော် နွားနို့အစစ်ဖြစ်ရန်တော့ လိုအပ်ပါသည်။

နွားနို့ဟာ သွေးတိုးရောဂါကို ကာကွယ်ပေးတယ်လို့ အသိများကြပါတယ်။ အမှန်ကတော့ နွားနို့ ပရိုတင်းတွေက သွေးကြောတွေကို ပျော့ပျောင်းအောင် ထိန်းပေးပါတယ်။ သွေးကြောတွေကို မာကျစ်စေတဲ့ ဆိုဒီယမ် (ဆားဓာတ်) ကို မလွန်အောင် ဆောင်ရွက်ပေးပါတယ်။

အစားအသောက်များသည် သွေးတိုးရောဂါကို ဖြစ်ပွားစေနိုင်ပြီး သွေးချိုရောဂါနှင့်၊ ဆီးချိုရောဂါသည်လည်း ဖြစ်လာရန် လွယ်ကူသည်။ နွားနို့မှာ အက်ဆစ် (Lazie Acid) ပါဝင်သောကြောင့် နွားနို့ကို သောက်ခြင်းအားဖြင့် ကိုလက်စထရော ကျစေပါသည်။

လူကိုယ်တွင်းမှာရှိသော သွေးတို့က အစားအစာများမှ ပို့လွှတ်သည့် ဓာတ်များကို အသည်းကလက်ခံပြီး ပြုပြင်၍ ယူရမှုအပေါ်တွင် ကိုလက်စထရောက ဖြစ်လာရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

နွားနို့က လက်တစ်အက်စစ်သည် အဆည်းမှ လက်ခံပေးပို့သောကိုလက်စထရောကို ထားဆီးမှုပြု၍ သွေးတွင်းဝင်ရောဂါမှု လျော့နည်းခြင်း ဖြစ်သည်။ သွေးထဲတွင် ကိုလက်စထရော မြင့်မားနေသူများအဖို့ မလိုင်ထုတ်ထားသော နွားနို့ကိုသာ သောက်သင့်ပါသည်။

အသက်အရွယ် အပိုင်းအခြား အိရ ၄-နှစ်မှ ၈-နှစ်အထိ နေ့စဉ် တယ်လ်စီယမ် ၈၀၀၊ မီလီဂရမ် လိုအပ်ပါသည်။

၁၃-နှစ်မှ ဖွံ့ဖြိုးမှုကာလ ဖြစ်သော ၁၈-နှစ်အရွယ် ကယ်လ်စီယမ် လိုအပ်မှုမှာ ၁၀၀၀ မီလီဂရမ် ဖြစ်သည်။

အသက် ၅၀ ပြည့်ပြီးသည်၏ နောက်ပိုင်းတွင် ကယ်လ်စီယမ်လိုအပ်မှုသည် ၁၃၀၀ မီလီဂရမ်ဖြစ်သည်။

(မြန်မာ့အယ့်အဆအရ အသက် (၄၀) ပြည့်လျှင် မိခင်နို့ရည် ကုန်ခန်းသည်ဟုဆိုသည်)

လူတို့၏ အရိုးကြံ့ခိုင်မှုသည် ပို့ရွယ်စဉ်ကာလမှာပင် ကျန်းမာမှု ရှိမရှိဆိုသည်က အဆုံးအဖြတ်ပေးသည်ဟု ဆိုပါသည်။

အသက် (၄၀) နှစ်၏ နောက်ပိုင်းကာလဖြစ်သည့် လူအိုလူကြီးများရဲ့ အရိုးများဟာ ကြံ့ခိုင်မှု လျော့နည်းသွားပြီဖြစ်သည်။ ဒါကြောင့် လူအို လူကြီးများ၏ အရိုးများသည် ဓာတုခိုက်မိလျှင် ကျိုးကြေလွယ်၍ ပြန်လည် ကောင်းမွန်အောင် ဆေးဝါးကုသမှု ခက်ခဲရခြင်း ဖြစ်သည်။

နွားနို့ဟာ ကယ်လ်စီယမ်အဓိက ရရှိနိုင်တဲ့ အရင်းအမြစ် ဖြစ်သည်။ မူလကျန်းမာရေးထက် ပို၍ကောင်းမွန်စေပါသည်။

နွားနို့သောက်သုံးသော မိန်းကလေးနှင့် ယောကျ်ားလေးထက် နွားနို့မသောက်သော မိန်းကလေး၊ယောကျ်ားလေးများက အရိုးကျိုးနိုင်မှု အန္တရာယ် ပိုနိုးစပ်ပါသည်။

ယနေ့ကာလ၏ အခြေအနေနှင့် နွားနို့ကို နေ့စဉ်သောက်နိုင်ရန် အလွန်ခဲယဉ်းသည်။

အမျိုးသမီးများအတွက် နို့ကျိတ်ရောင်ခြင်း၊ နွားနို့၏ အဆီထဲတွင်ပါရှိသော ဖက်တီးအက်စစ် (CLA) က ကာကွယ်ပို့ပေးရာမှာ အစွမ်းထက်လှပါသည်။

နို့ကျိတ်ရောင်နာအတွက် နွားနို့ (၅၀)သားထဲကို စမုန်စမင်း (၅)ကျပ်သား ထည့်၍ ကျက်အောင်ကျိပါ။ နွားနို့ဆူလျှင် မီးဖိုပေါ်မှခွာ၍ အအေးခံပြီး စမုန်စပါးများ စစ်ယူဖယ်ပစ်ပြီး နံနက်၊ည တစ်ခွက်စီသောက်ပါ။ (အစာစေးမိသောက်ရန်) သုံးရက် သောက်လျှင် သိသာစွာ ပျောက်ကင်းပါမည်။

အပျိုဖော်ဝင်စ အမျိုးသမီးများ၊ ရာသီပေါ် ခါနီးတိုင်းမှာ နာကျင်ကိုက်ခဲတတ်ကြပြီး ခါးကိုက်၊ ဒူးမခိုင်ဖြစ်ပြီး တစ်ကိုယ်လုံးမှာ အားမရှိဘဲ ခွေလှဲနေချင်တတ်ကြသည်။ ခန္ဓာကိုယ်ထဲမှာ ဝိတက်စီယမ်နှင့် မဂ္ဂနီစီယမ် လျော့နည်းခြင်းကြောင့် ဖြစ်သည်။ နွားနို့နှင့် ပျားရည်ကို သောက်မြေးရမည့် အချိန်အဆမှာ နွားနို့ကျိုပြီးသား အစိတ်သား၊ ပျားရည်ဟင်းခပ်ွန်း တစ်ွန်းတို့ ဖြစ်သည်။

နွားနို့နှင့် ပျားရည်သည် ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်း၊ အူခြောက်ခြင်းများကို ပျောက်ကင်းစေပါသည်။ နွားနို့လက်ဖက်ရည် အချိုပန်းကန်တစ်လုံးတွင် ပျားရည်ကို ကော်ဖီဖျော်ွန်း တစ်ွန်းထည့်၍ တစ်ရက်ခြား (၁၄) ရက်သို့မဟုတ် နေ့စဉ် တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတွင် သောက်ပေးရမည်။

မကြာ မကြာ အော့အန်ခြင်း ဖြစ်လျှင် မုန်လာဥနီ အစိမ်းစစ်လုံးနှင့် နွားနို့တစ်ခွက်ကို သုံးရက်ဆက်တိုက် စားသောက်ပေးလျှင် ပျောက်ကင်းပါသည်။

ချောင်းဆိုးလွန်းသော လူကြီး၊ ကလေးတို့ကို နွားနို့ ကျက်ဆူပြီးသား ခွက်ထဲတွင် ကြက်ဥကို ဖောက်ထည့်ပြီး ခလောက်ပေးပါ။ အိပ်ရာဝင်ချိန်တွင် တစ်ဝက်သောက်၍ နောက်ပိုင်း ချောင်းဆိုးချိန်တွင် တိုက်ပေးပါလျှင် တစ်ပတ်အတွင်း ချောင်းဆိုးခြင်း ရက်နုအရှင့် အတိုင်း ပျောက်ကင်းနိုင်ပါသည်။

နှာစေးခြင်း၊ အအေးမိ၍ နှာစေးခြင်း၊ နှာခေါင်းတွင် ရောင်ရမ်းမှုဖြစ်ခြင်း၊ နှာခေါင်းတွင်းတွင် အဖုအသီးဖြစ်လျှင် ကြက်သွန်နီ တစ်ဥနှင့် ကြက်သွန်ဖြူ တစ်ဥတို့ကို ထုထောင်း၍ အရည်ကို အဝတ်ပါးပါးနှင့် အဖတ်မပါအောင် စစ်ယူပြီး နှစ်စက်၊ သုံးစက်နှင့် နွားနို့အစိမ်း သုံးစက်မျှကို ရောမွှေပြီး၊ နှာခေါင်းတွင်းကို အစက်ချပေးပါ။

ကလေးငယ်များ ကြို့ထိုးလျှင် နွားနို့နွေးနွေးကို ွန်းသေးသေးဖြင့် နည်းနည်းချင်း တိုက်ကျွေးပါ။

ကမ္ဘာ့ ဆေးသုတေသနဌာနမှ အာဟာရပညာရှင်များက အသည်းရောင် စီရောဂါရှိသူများသည် သကြားမပါသော နွားနို့ကို နေ့စဉ်သောက်ပေးခြင်းဖြင့် ဆေးကုသမှုပြုရာတွင် လျင်မြန်လွယ်ကူစွာ ပျောက်ကင်းကြောင်းကို ထောက်ခံထားပါသည်။

ထို့သည်ကြောင့် နွားနို့သည် ကျန်းမာရေးကို အထောက်အကူပြုကြောင်းပေါ် လွင်လှပါသည်။

အာဟာရလည်းဖြစ်၊ဆေးလည်းဖြစ်သော နွားနို့ကို သောက်သုံးခြင်းဖြင့် ရောဂါဘယ ကင်းကြပါစေဟူ၍သာ ရေးသားလိုက်ရပါသည်။

နီးယဉ်ထွန်း

❑

www.burmeseclassic.com

www.burmeseclassic.com

ကင်ဆာရောဂါ

အောင်ဘုန်းမြင့်(ကချင်ပြည်)

ကင်ဆာရောဂါသည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံးသော ရောဂါများထဲတွင် တစ်ခုအပါအဝင် ဖြစ်ပြီး လူသားများ၏ မကောင်းသော မိတ်ဆွေဟောင်းကြီး ဖြစ်လာ၏။ အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ အဖြစ်လွယ်တတ်သော ရောဂါမျိုးဖြစ်သဖြင့် အသက်ရှည် နေထိုင်လာရသည့် (၂၀)ရာစု နောက်ပိုင်းတွင် ကင်ဆာရောဂါဖြစ်သူဦးရေ တစ်နှစ်တခြား တိုးပွားလာသောကြောင့် ခေတ်၏ ရောဂါအသွင် သဏ္ဌာန်ဆောင်နေလေတော့သည်။

ကျန်းမာရေးစစ်တမ်းများအရ ယခင်က နှလုံးရောဂါသည် လူအသက်ကို ဒုက္ခပေးသော ထိပ်ဆုံးက ရောဂါဖြစ်ခဲ့သည်ဆိုသော်လည်း ယခုအခါ ကင်ဆာရောဂါသည် နှလုံးရောဂါကိုဖြတ်၍ ရောဂါအားလုံး၏ ထိပ်ဆုံးသို့ ရောက်ရှိနေပြီဟူ၍ ဖြစ်သည်။

ကင်ဆာရောဂါကို မတူသနိုင်သူအများစုသည် ငွေကြေး မတတ်နိုင်သော အောက်ခြေ ဆင်းရဲသားလူတန်းစားများ ဖြစ်ကြ၏။ သို့ဖြစ်သောကြောင့် နို့ရာဆေး၊ ဘိုးတော်နတ်ဆေး၊ သမားဟောင်းဆေး၊ ဝိုက်ဆေးဟူ၍ အမည်အမျိုးမျိုးတပ်၍ အာမခံချက်အမျိုးမျိုး အဖုံဖုံပေးပြီး သိပ်ပွနည်းကျစမ်းသပ်သုတေသန ပြုလုပ်ထားခြင်းမရှိသည့် ရော်ရိရောရာ ယောင်ယမ်း ကုထုံးတွေဘက်ကို စရိတ်စက သက်သက်သာသာနှင့် ကုသမှုခံယူနေကြသောကြောင့် အခြေအနေ ပိုမိုဆိုးဝါးလျက်ရှိနေပေ၏။ မလွဲမရှောင်သာဘဲ ရောဂါဖြစ်လာပါက တတ်ကျွမ်းသည့် ဆရာဝန်ကြီးများနှင့် တိုင်ပင်ကုသမှုခံယူသင့်ပါသည်။

လုံသားများအပေါ်၌ ကင်ဆာရောဂါ တစ်နေ့ တခြားအောင်ပွဲခံ အနိုင်ယူလာခြင်းသည် ပြောင်းလဲတိုးတက်လာနေသော လူနေမှုစနစ်နှင့် အစားအသောက်များကြောင့် ဖြစ်လေသည်။

ရှေးအခါက လူသက်တမ်း တိုတောင်းလှပါသဖြင့် ကင်ဆာရောဂါ စွဲကပ်ခိုန် မရောက်ခဲ့ကြပေမယ့် အာဟာရဓာတ်က တိုးတက်ပြောင်းလဲလာသော လူနေမှုစနစ်သစ်သည် လူသက်တမ်းကို ပို၍ရှည်စေ၏။ ထို့သို့ အသက်ပို၍ရှည်လာသဖြင့် အိုမင်းရင့်ရော်လာနေသည့် ကိုယ်ခန္ဓာအဟောင်းအဆွေးကြီးသည် ကင်ဆာရောဂါ၏ စံပျော်ရာ



www.burmeseclassic.com

ဘူမိနက်သန် ဖြစ်နေပေတော့သည်။ ကင်ဆာသည် ကုသ ပျောက်ကင်းရန် ခက်ခဲသောရောဂါဖြစ်၍ ဆင်ခြင်သတိထား ရမှုည် ဖြစ်၏။

ကင်ဆာအမျိုးမျိုး

ကင်ဆာရောဂါ အမျိုးမျိုးရှိသည့်အနက် အဖြစ်များ တတ်သော ရောဂါအမည်များမှာ -

(၁) ရင်သားကင်ဆာ (၂) အူမကြီးကင်ဆာ (၃) အစာအိမ်ကင်ဆာ (၄) သားအိမ်ခေါင်းကင်ဆာ (၅) အစာ ပြွန်ကင်ဆာ (၆) အဆုတ်ကင်ဆာ (၇) ဆီးကြွက်ကင်ဆာ (၈) ပန်ကရိယကင်ဆာ (၉) အရေပြားကင်ဆာများ ဖြစ် သည်။

ကင်ဆာရောဂါသည် ကြီးတင်အသိပေးတတ်သော ရောဂါအမျိုးအစား မဟုတ်သည့်အပြင် ဘယ်လိုအချိန်အခါ မျိုး၌ ဖြစ်လာမည် မဖြစ်လာမည်ကိုလည်း ကြိုတင်စမ်းသပ် သိရှိနိုင်ရန်နှင့် ဖြစ်လာလျှင် အရှင်းပျောက်ကင်းအောင် ကုသ နိုင်ရန် ခက်ခဲပါသည်။ ရောဂါဖြစ်ခြင်း၊ ရောဂါလက္ခဏာ ပြသည်ဟု ထင်ရသည့်အခါ၌ ရောဂါအမြစ်ပိုင်သွားပြီး ရောဂါ ကျွမ်းနေပြီ ဖြစ်သည်။

သို့ဖြစ်၍ ကင်ဆာရောဂါများကို ရောဂါဖြစ်လာ၍ ကင်ဆာအမြစ်တွယ်ရာမှ ကာကွယ်ကုသခြင်းထက် ရောဂါ မဖြစ်မီ ကြိုတင်ကာတွယ်တားဆီးထားခြင်းသည် အကောင်း ဆုံးသော ရောဂါကာကွယ်တိုက်ဖျက်ခြင်းနှင့် ကုသခြင်းဖြစ် ပေလိမ့်မည်။ ကင်ဆာရောဂါ၏ ဆိုးကျိုး ကောင်းကျိုး သဘော လက္ခဏာများကို လေ့လာသိရှိထားပြီး ရှောင်ရန် ဆောင်ရန် နည်းနိဿယများကို သတိနှင့် ဆင်ခြင်လိုက်နာ ကြမည်ဆိုပါက ရောဂါဖြစ်နှုန်း (၅၀)မှ (၇၅)ရာခိုင်နှုန်းထိ ကာကွယ်ထိန်းထားနိုင်သော အခြေအနေရှိပါသည်။

အသက်အရွယ် ကြီးရင့်လာမှ တွယ်ကပ်လာတတ် သော ရောဂါမျိုး ဖြစ်သည်ဆိုသော်လည်း အကြောင်းမသင့် ဖြစ်၍ ကင်ဆာရောဂါဖြစ်နိုင်သည့် အကျိုးဆက်များ စုပုံ ပြည့်စုံလာလျှင် ကြီးငယ်ဟူသည် အရွယ်မရွေး ဖြစ်လာနိုင် သဖြင့် ပေါ့ပေါ့ဆဆ သဘောမထားဘဲ အလစ်၌ အဝင်မခံ ရလေအောင် ပတ်ဝန်းကျင် အထိအတွေ့ အစားအသောက် ဆင်ခြင် သတိထားရပါမည်။

အထူးသဖြင့် လူကို ကောင်းကျိုးမပြုသော ကွမ်း၊ ဆေးလိပ်၊ အရက်သေစာ မူးယစ်ဆေးဝါး စားသောက်ခြင်းမှ ရှောင်ရှားကြရမည်။

အစားအစာနှင့် ကင်ဆာ

ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူနေမှုနှင့် စားသောက်မှုဓလေ့ ဆန်းဆန်းပြားပြား ပြောင်းလဲလာခြင်း သည် ကင်ဆာရောဂါ အပါအဝင် အခြားရောဂါများနှင့် ရောဂါဆန်းအမျိုးမျိုးကို တစ်နေ့တခြား ဖြစ်နှုန်းတိုးပွားစေ လျက်ရှိသည်။ အစားအသောက်များသည် ကင်ဆာရောဂါ ဖြစ်ကြောင်းနှင့် အထူးဆက်နွယ် ပတ်သက်နေသည်ကို အထူး သတိထားရန် လိုအပ်ပါလိမ့်မည်။

အစားအသောက် မဆင်မခြင်မှုကြောင့် အမျိုးသား၊ အမျိုးသမီးတို့၌ ကင်ဆာဖြစ်နှုန်း (၄၀)မှာ (၆၀)ရာခိုင်နှုန်း အထိ ဖြစ်နှုန်း မြန်ဆန်တိုးတက်သည်ဟူ၏။

ခြုံငုံသုံးသပ် တင်ပြရလျှင် ကင်ဆာဖြစ်လာရခြင်း၏ အခြေခံ အကြောင်းရင်းများ၌ ပတ်ဝန်းကျင်အထိအတွေ့ အစားအသောက်နှင့် မျိုးရိုးဗီဇ ဆင်းသက်ဆက်နွယ်မှုဟူသော အချက်များကြောင့် ဖြစ်သည်ဟု ဆိုသည်။

ကင်ဆာရောဂါနှင့် ပတ်သက်၍ အစားအသောက် နှစ်မျိုး နှစ်စားရှိလေသည်။ ယင်းတို့မှာ -

www.burmeseclassic.com

(၁) မိမိတို့နေ့စဉ် စားသုံးနေရသော အစားအစာများတွင် ကျန်းမာရေးကို အသုံးပြုစေပြီး ကင်ဆာရောဂါများကို ကာကွယ်တားဆီးပေးနိုင်သော အာဟိသင်များ ပါဝင်သည့် ကောင်းကျိုးဖြစ်ထွန်းစေနိုင်မည့် အစားအစာများ (ဥပမာ- Fiber ဖိုင်ဘာအမျှင်ဓာတ် ကြွယ်ဝသော သီးနှံ ဟင်းသီးဟင်းရွက်များကို ဆိုလိုသည်။)

(၂) မိမိတို့ စားသုံးသည့် အစားအစာများထဲ၌ ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်သော အာဟိသင်စွမ်းအား နည်းပြီး ကျန်းမာရေးကို ထိခိုက်စေကာ ကင်ဆာဖြစ်စေနိုင်သော ကောင်းကျိုးမပြုသည့် အစားအစာများဟူ၍ ဖြစ်သည်။ (ဥပမာ- ဓာတုဆေးဝါး ရောနှောစာများကို ဆိုလိုသည်။)

ကင်ဆာရောဂါဖြစ်စေသောအကြောင်းအရာ

လူအများစု၏ ကျန်းမာရေးကို လေ့လာ၍ တွေ့ရှိထားသော ကင်ဆာရောဂါဖြစ်လွယ်စေနိုင်သည့် ရှောင်ရန် အစားအစာများမှာ -

(၁) ပြည့်ဝဖဆီ စားသုံးရန် မသင့်သော ဆီများနှင့် ဆီကြော် အစားအစာများ၊

(၂) ဓာတုဆေးဝါး အရောအနှော မကင်းသော အစားအသောက်များနှင့် ကြာရှည်ခံ မုန့်ပဲသရေစာ၊ ဆီသွတ်ဘူး အစားအသောက်များ၊

(၃) အနီရောင်ရှိသော အသားအမျိုးမျိုး၊ ဥပမာ-အမဲသား၊ ဆိတ်သား၊ ဝက်သား၊ သိုးသား၊ တောသားကြီးများကို ရည်ညွှန်းဆိုလိုခြင်း ဖြစ်သည်။ အနီရောင် အသားများကို ချက်စားလိုက်ခြင်းကြောင့် ဓာတ်ပြောင်းဖြစ်လာသည့် Heterocyclicamine ဓာတ်သည် အူမကြီး ကင်ဆာနှင့် ရင်သားကင်ဆာအမျိုးမျိုး အထူးအားပေးသည်ဟူ၍ ဖြစ်သည်။

(၄) ကြော်ပြီး တာရှည်ခံထိုးသော အသားအမျိုးမျိုး၊ အမဲကြော်၊ ဆတ်သားကြော်၊ ယင်း အသားကြော်များကို မြန်ကြော်စားလျှင် ပို၍ ဆိုးရွားစေနိုင်သည်။

(၅) ကြာရှည်ခံအောင် ကြော်လော်နှပ်ထားသော အစားအစာများနှင့် နှစ်ပြန်ကြော်. အစားအစာအမျိုးမျိုး၊ မသန့်သောဆီဖြစ်လျှင် ပိုဆိုးနိုင်သည်။

(၆) ဆားစိမ် အခြောက်ခံထားသော အစားအစာများ၊ ဝက်သားဆားနယ်ခြောက်၊ ဝက်ပေါင်ခြောက်၊ ငါးဆားနယ်၊ ဆားရည်နှင့် ကြာရှည်စိမ်ထားသော မလေတ် ဆတ်တော့သည့် အချဉ်တည် အစားအစာများသည် ကင်ဆာကို အားပေးသည်။

(၇) ကြာရှည်အထားခံအောင် ပြုပြင်ထားသော အစားအစာများ၊ ဥပမာ-ဝက်သားချဉ်၊ အမဲချဉ်၊ ထမင်းချဉ်၊ သနပ်ချဉ်များသည် ကင်ဆာဖြစ်လွယ်စေနိုင်သော အစားအစာများ ဖြစ်သည်။

ကင်ဆာကာကွယ်ပေးသောအစားအစာ

ကင်ဆာဖြစ်နှုန်းကို ကာကွယ်ပေးသော အစားအစာများမှာ -

(၁) လတ်ဆတ်ကောင်းမွန်သော သစ်သီးဝလံ၊ သီးနှံ ဟင်းသီးဟင်းရွက်များ၊

(၂) နည်းနည်းသာဖွဖ်ထား ချွတ်ထားသော ဆန်၊ ဘာလီ၊ ဂျုံ အစရှိသော ကောက်နှံအစားအစာများ၊

(၃) Fiber ဖိုင်ဘာအမျှင်ဓာတ်များများပါဝင်သော အစားအစာများ။

(၄) အငန်ဓာတ်နည်းသော အစားအစာများ၊

(၅) အကြော်အလှော်ကင်း၍ ဆီနည်းပါးသော အစားအစာများ။

(၆) နေကြာစေ့၊ ရွှေဖရုံစေ့၊ ကွာစေ့၊ သီဟိုဠ်စေ့၊ သစ်ကြားစေ့များ ဖြစ်သည်။

အစေ့အဆန်များသည် ကိုယ်ခန္ဓာဆဲလ်များကို ပျက်စီးစေသော Freeradicals များကို ဆန့်ကျင်တားဆီး ကာကွယ်ပေးနိုင်သည့် Antioxidants ဓာတ်များ ပါဝင်ထားသဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ မျက်စိဝေဒနာများကို ကာကွယ်ပေးစွမ်း ရှိသည်။ သန့်ရှင်းလတ်ဆတ်၍ အရောအနှောကင်းသော အိမ်ထမင်း အိမ်ဟင်း အိမ်ချက်အစားအစာများသည် ကင်ဆာဖြစ်နှုန်းကို လျော့နည်းစေနိုင်ပါသည်။ အချို့မှန်သည် ဆိုးရွားသော ဓာတုဆေးဖြစ်သည်ကို သတိပြုကြပါကုန်။

အောင်ဘုန်းမြင့် (ကချင်မြေ)

❑

www.burmeseclassic.com

www.burmeseclassic.com

ရိုရိုငြေး



Healthy bone

Osteoporosis

သွေးဆုံးခြင်းနှင့် ဆက်နွယ်နေသော

အရိုးပါးရောဂါ

OSTEOPOROSIS

ARTRITIS



www.burmeseclassic.com

www.burmeseclassic.com



Healthy knee joint Osteoarthritis

သွေးဆုံးပြီးနောက်ပိုင်း အမျိုးသမီးများအတွက် အမြစ်များဆုံးရောဂါဟာ အရိုးပါးရောဂါ ဖြစ်ပါတယ်။ အရိုးပါးရောဂါဟာ အမျိုးသမီးများကို အန္တရာယ်ပေးလွန်းတဲ့ရောဂါ ဖြစ်ပါတယ်။ အများအားဖြင့် အရိုးပါးရောဂါရှင်များဟာ အခန့်မသင့်ရင် အရိုးကျိုးသွားနိုင်ပါတယ်။ ထိုသို့ အရိုးကျိုးခြင်းကြောင့် ဝေဒနာရှင်မှာ နာကျင်ကိုက်ခဲမှု ဝေဒနာကို ခံစားရပြီး အိပ်ရာထဲမှာ လှဲနေရတဲ့ဘဝမျိုးကို ရောက်ရှိသွားနိုင်ပါတယ်။

အကယ်၍ အိပ်ရာထဲလဲနေရီင် ရောဂါရှင်သာ မကမိဘဆွေမျိုးများပါ စိတ်ဆင်းရဲမှုနဲ့ တွေ့ကြုံရပါမယ်။

အရိုးပါးရောဂါအကြောင်း လေ့လာမယ်ဆိုရင် အရင်ဆုံး အရိုးအကြောင်း သိထားရပါမယ်။ အရိုးဆိုတာ ခန္ဓာကိုယ်ရပ်တည်ဖို့ သွားလာနေထိုင်ဖို့အတွက် အဓိကထောက်ပံ့ပေးထားတဲ့ အရာဝတ္ထုတစ်ခု ဖြစ်ပါတယ်။ သာမန်အားဖြင့် အရိုးက ထူနေတဲ့အတွက် တော်တော်နဲ့ အရိုးမကျိုးနိုင်ပါဘူး။ အရိုးထူတယ်ဆိုတာဟာ အရိုးရဲ့ သိပ်သည်းဆ များလို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ သွေးဆုံးပြီးနောက်ပိုင်း အမျိုးသမီးအများစုဟာ တဖြည်းဖြည်းချင်း အရိုးရဲ့သိပ်သည်းဆ နည်းသွားတဲ့အတွက် အရိုးပါးခြင်း ဖြစ်စေပါတယ်။ အရိုးပါးခြင်း

ကြောင့် ထိခိုက်မိရင် အရိုးကျိုးတတ်ပါတယ်။

အရိုးကို လေ့လာကြည့်မယ်ဆိုရင် အပိုင်း သုံးပိုင်း ရှိပါတယ်။

(၁) အပြင်ဆုံးပိုင်း

(၂) ဝန်ထုပ်ဝန်ပိုးကို ခံနိုင်အားရှိတဲ့ အလယ်ပိုင်း

(၃) သတ္ထုဓာတ်နဲ့ မိုးတွင်းခြင်ဆီများရှိတဲ့ အတွင်းပိုင်း

အရိုးဟာ ပုံမှန်သိပ်သည်းဆရှိပြီး မာကြောတဲ့ သဘောရှိပါတယ်။ အဓိကတတော့ အလယ်လွှာပဲ ဖြစ်ပါတယ်။ သွေးဆုံးပြီး အမျိုးသမီးများဟာ အရိုးရဲ့ သိပ်သည်းဆ လျော့လာပြီး အရိုးဆုံးရှုံးမှု Bone Loss ဖြစ်လာပါတယ်။ အရိုးရဲ့ သိပ်သည်းဆ လျော့လာလေလေ ပိုပါးလေလေဖြစ်ကာ အရိုးကြွပ်ဆတ်မှု ဖြစ်လာပါတယ်။ ထို အခါ ခန္ဓာကိုယ်ကို ထောက်မ,ထားနိုင်တဲ့ စွမ်းအားတွေ လျော့လာပါတယ်။

အရိုးပွရောဂါဟာ နိုင်ငံတကာမှာ အဖြစ်များတဲ့ ရောဂါဖြစ်လာပါတယ်။အဲဒီရောဂါဟာ အမေရိကန်နိုင်ငံတစ်နိုင်ငံတည်းမှာတင် လူပေါင်း(၂၅)သန်းခန့် ထိုရောဂါကို ခံစားနေရပါတယ်။ တစ်ကမ္ဘာလုံး အုတိုင်းအတာအရ လူပေါင်း (၃၀၀)သန်းကျော်ခန့်နှစ်စဉ်ခံစားနေရပါတယ်။

အရိုးပွရောဂါရှင်များအနက် (၉၀)ရာခိုင်နှုန်းဟာ အမျိုးသမီးများဖြစ်ပြီး အမျိုးသားများဟာ (၁၀)ရာခိုင်နှုန်းခန့်သာရှိကြောင်း သိရှိရပါတယ်။ သွေးမဆုံးမီ အချိန်က အမျိုးသားများနဲ့ အမျိုးသမီးများရဲ့ အရိုးသိပ်သည်းဆ လျော့ကျနှုန်း သိပ်ပြီးမကွာဟပေမယ့် အမျိုးသမီးများ သွေးဆုံးပြီးနောက်ပိုင်း အရိုးသိပ်သည်းဆနှုန်း လျော့ကျသွားပါတယ်။

သွေးဆုံးပြီး အမျိုးသမီးများမှာ ဘာကြောင့် အရိုးပါးရောဂါ ဖြစ်တာလဲ

အမျိုးသမီးများဟာ သဘာဝအားဖြင့် အယ်ဖော်ဝင်စအချိန်မှာပဲ ရာသီပန်း ပွင့်လန်းပါတယ်။ ဒါပေမဲ့ လူလတ်နှောင်းပိုင်းလောက်မှာ သွေးဆုံးခြင်း ဖြစ်ပါတယ်။ သွေးဆုံးသွားတဲ့အတွက် မမျိုးဥ(၂)လုံးကနေ အဓိကမဟော်မုန်းဖြစ်တဲ့ အီစထရိုဂျင်ထုတ်ပေးခြင်း ရပ်ဆိုင်းသွားပါတယ်။ ဒါကြောင့် သွေးထဲမှာ အီစထရိုဂျင်ဟော်မုန်း တဖြည်းဖြည်းပါးသွားပြီး အရိုးအထူအပါးကို ထိန်း

www.burmeseclassic.com

www.burmeseclassic.com

Osteoporosis



ချုပ်နိုင်တဲ့အားတွေ လျော့သွားပါတယ်။ အရိုးလိုဏ်ခေါင်းထဲမှာရှိတဲ့ ရိုးတွင်းခြင်ဆီနဲ့ပေါင်းပြီး ထုံဓာတ်(ကယ်လ်ဆီယမ်)နဲ့ အခြားသတ္တုဓာတ်တွေ သိုလှောင်တဲ့အား လည်း လျော့နည်းသွားပါတယ်။

အီစထရိုဂျင်ဟော်မုန်းဟာ အရိုးပါးခြင်းကို ထိန်းချုပ်နိုင်တဲ့အပြင် သတ္တုဓာတ်များကို ထိန်းပေးပြီး အရိုးခိုင်မာအောင် စွမ်းဆောင်ပေးပါတယ်။ အရိုးပါးခြင်းကြောင့် ထိခိုက်မှုဖြစ်ပွားပါက ပေါင်ရိုးကျိုးခြင်း၊ လက်ကျိုးခြင်း၊ လက်ကောက်ဝတ်ကျိုးခြင်း၊ တင်ပါးဆုံရိုးကျိုးခြင်းစတဲ့ အရိုးကျိုးခြင်းများနဲ့ ကြုံတွေ့ရပါတယ်။ အသက်ကြီးလာတာနဲ့အမျှ အရိုးပြန်မဆက်ခြင်းနဲ့ ကြုံတွေ့ ခံစားရပါတယ်။

အရိုးကျိုးခြင်း X Ray ဖြစ်၊ မဖြစ်ကို ရိုက်ခြင်းဖြင့် သိရှိနိုင်ပါတယ်။ ဒါ့အပြင် C.T Scan ရိုက်ခြင်း၊ SPA-Scan ရိုက်ခြင်း၊ DPA Scan ရိုက်ခြင်းခြင့် သိရှိနိုင်ပါတယ်။

အရိုးပါးခြင်း ဖြစ်နိုင်ခြေ ပိုများသူများ

- ပြင်းထန်မှုမရှိတဲ့ ထိခိုက်မှု၌ အရိုးကျိုးတဲ့ရာဇဝင်ရှိဖူးသူများ
- မိသားစုမှာ အရိုးပွရာဇဝင်ရှိသူများ
- အရွယ်မတိုင်မီ သွေးဆုံးသူများ
- လေ့ကျင့်ခန်း အလွန်အကျွံ လုပ်သူများ
- ကော်တီဆုန်းအုပ်စုဝင် ဆေးများကို ရေရှည်သောက်သူများ
- ပိန်ဆေးကို အလွန်အကျွံသောက်သူများ
- အရက်သေစာ သောက်သူများ

အမျိုးသမီးများအတွက် လိုအပ်တဲ့ သတ္တုဓာတ်နှင့် ဗီတာမင်ပမာဏ

- အရွယ်ရောက်တဲ့အမျိုးသမီးများဟာ အရိုးသန်မာဖို့အတွက် ကယ်လ်စီယမ်ဓာတ် (၁၂၀၀-၁၅၀၀) လိုအပ်ပါတယ်။
- ဗီတာမင်ဒီကတော့ ၄၀၀ IUs ရှိဖို့ လိုအပ်ပါ တယ်။
- အရိုးပါးခြင်းဟာ အရိုးအတွင်း ကယ်လ်စီယမ်ဓာတ် လျော့ပါးသွားတာဖြစ်လို့ စားသောက်တဲ့ အစားအစာထဲမှာ ကယ်လ်စီယမ်လို့ခေါ်တဲ့ ထုံးဓာတ် လုံလုံလောက်လောက် ပါရှိရမှာဖြစ်မါတယ်။
- အရိုးသန်မာခြင်းဟာ အရိုးပါးရောဂါကို ကာကွယ်ခြင်း ဖြစ်ပါတယ်။
- ကယ်လ်စီယမ်ဓာတ်ဟာ ကလေးများအတွက် (7.6 - 10.8 mg/dl) ရှိရပါမယ်။
- အရိုးဆိုတာဟာ အသက်ရှိနေသရွေ့ အသစ်ဖြစ်လိုက်၊ အိုဟောင်းလိုက်၊ သေသွားလို့ အစားထိုးလိုက်နဲ့ သံသရာလည်နေပါတယ်။ အသစ်အစားမထိုးနိုင်ရင် ဒီရောဂါ ဖြစ်လာပါတယ်။
- အရိုးသန်မာဖို့အတွက် ကယ်လ်စီယမ်နဲ့အတူ ဗီတာမင်ဒီဓာတ်လည်း အရေးကြီးပါတယ်။
- အကယ်၍ ခါးရိုးထဲက နာလာတာ ကြာရင် အရိုးသိပ်သည်းဆကို စစ်ဆေးပါ။
- အသက်(၇၀)ကျော်သူတိုင်း ကယ်လ်စီယမ်၁၂၀၀ mg နဲ့ ဗီတာမင်ဒီ ၈၀၀ IU နေ့စဉ်လိုအပ်ပါတယ်။
- အထူးသဖြင့် တောမှာနေသူများဟာ အရိုးပါးခြင်း လျော့နည်းနေတာ တွေ့ရပါတယ်။ တောမှာ နေသူ

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၀၆)

www.burmeseclassic.com

များဟာ ခြေကျင်ခရီး အသုံးပြုတာ များတဲ့အတွက် ကြွက်သား သန်မာစေတဲ့အပြင် အရိုးထဲမှာ ကယ်လ်စီယမ်ဓာတ် ကုန်ခန်းမှုကို အသင့်အတင့် တားဆီးပေးပါတယ်။

- အရိုးပါးသူများကို ကယ်လ်စီယမ်ပါတဲ့ ဆေးပေး ရာမှာ ဆရာဝန် ညွှန်ကြားချက်နဲ့အညီ သောက် သုံးရပါမယ်။

စားသောက်မှုပုံစံနဲ့ ဆက်နွှယ်နေခြင်း

- အရိုးပါးခြင်းဟာ စားသောက်မှုပုံစံနဲ့လည်း ဆက် နွှယ်နေပါတယ်။
- အရိုးပါတဲ့ငါးကလေးများ စားသုံးသူ၊ နွားနို့ သောက် သူများဟာ စားသုံးတဲ့ အစားအစာထဲမှ ကယ်လ်စီ ယမ်ဓာတ်ကို ရရှိတဲ့အတွက် အရိုးပါးခြင်း လျော့ နည်းစေပါတယ်။
- ပဲပိစပ်ပဲနဲ့ ပြုလုပ်ထားတဲ့ အစားအစာထဲမှာ Phyto Estrogen လို့ခေါ်တဲ့ သဘာဝအီစထရိုဂျင် ဓာတ် ရရှိစေနိုင်တဲ့အတွက် အရိုးပါးခြင်းကို ကာကွယ် နိုင်ပါတယ်။

အရိုးပါးရောဂါရှင်များနဲ့ သင့်တင့်တဲ့ အစားအစာများ

- လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်များ
- အစိမ်းရောင်ဟင်းသီးဟင်းရွက်များ၊ ဘရွန်ကိုလီ ခေါ် ဂေါ်ဖီပန်းအစိမ်း
- လုံးတီးဆန်၊ ဆန်လုံးညှို
- အဆီထုတ်ထားတဲ့ နို့နဲ့ နို့ထွက်ပစ္စည်းများ
- အရိုးပါတဲ့ ငါးကလေးများ (တစ်ပတ်လျှင် သုံးရက် ခန့် စားသင့်ပါတယ်။)
- ဆာဒင်းငါး၊ ဆယ်လ်မွန်ငါး (တစ်ပတ် အနည်းဆုံး နှစ်ရက်ခန့် စားသင့်ပါတယ်)
- အယ်လ်မွန်သီး၊ သစ်ကြားသီး
- ပဲပုပ်၊ ပဲပုပ်နဲ့ ပြုလုပ်ထားသော အစားအစာ (တစ် ပတ်လျှင် ၃-၅ ရက်ခန့် စားသုံးသင့်ပါတယ်)

ဒီတာမင်ဒီဓာတ်

- ဤဓာတ်ဟာ ကယ်လ်စီယမ် ပျော်ဝင်ဖို့အတွက် မရှိမဖြစ် လိုအပ်ပါတယ်။
- ခန္ဓာကိုယ်ဟာ ကယ်လ်စီယမ်လို့ခေါ်တဲ့ ထုံးဓာတ် ကို စုပ်ယူနိုင်စွမ်းမရှိပါ။
- ထုံးဓာတ်ကို စုပ်ယူဖို့အတွက် နေရောင်ခြည်နဲ့ ဒီတာမင်ဒီဓာတ် လိုအပ်ပါတယ်။
- ဒီတာမင်ဒီနဲ့ နေရောင်ခြည်နဲ့ တွဲလိုက်တော့မှ ထုံး ဓာတ်ဟာ ခန္ဓာကိုယ်ထဲ ပျော်ဝင်သွားပါတယ်။
- အရိုးသန်မာဖို့အတွက် ဒီတာမင်ဒီဓာတ် ကြွယ်ဝစွာ ပါဝင်တဲ့ ငါးကြီးဆီ၊ ထောပတ်၊ နွားနို့နဲ့ ကြက်ဥ အနှစ်ကို စားသုံးရပါမယ်။
- နံနက်ခင်း နေရောင်ခြည်ရရှိစေရန် နံနက်စောစော နေစာလှုပ်ပါ။
- သွပ်ဓာတ်ဟာ စုပ်ယူမှုအားကောင်းစေတဲ့ ဓာတ် ဖြစ်လို့ သွပ်ဓာတ်ပါဝင်တဲ့ ရွှေဖရုံသီး၊ ရွှေဖရုံစေ့၊ ကိုကိုးတို့ကို စားသုံးရပါမယ်။
- အဲဒီ အစားအစာတွေနဲ့ မလုံလောက်ရင် အရိုး အားဖြည့်ရန် ကယ်လ်စီယံနဲ့ ဒီတာမင်ဒီဓာတ် နှစ် မျိုးပေါင်းထားတဲ့ ဆေးဝါးများကို သောက်သုံးပါ။
- ကျန်းမာရေး လေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ် လေ့ ကျင့်ပါ။
- လမ်းလျှောက်ခြင်း၊ လှေကားထစ်တက်ခြင်း၊ ကြိုး ခုန်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ အားကစား ခန်းမ၌ ဆရာနှင့် စနစ်တကျ သင်ကြားခြင်း။

အထက်ပါ သင့်တင့်သော အစားအစာကို စားသုံး ခြင်း၊ သင့်တင့်တဲ့ နေထိုင်မှုစနစ် မှန်ကန်ခြင်း၊ နေပူစာ လှုံခြင်းတို့ဟာ အရိုးပါးရောဂါ မဖြစ်ပွားအောင် ကြိုတင် ကာကွယ်ခြင်းအပြင် အရိုးပါးရောဂါရှင်များအား အရိုး အား တိုးတက်လာခြင်းကို ဖြစ်စေပါတယ်။

အရိုးပါးခြင်းရောဂါဟာ သွေးဆုံးခြင်းနဲ့ ဆက်နွယ် နေတဲ့အတွက် သွေးဆုံးသောအမျိုးသမီးများဟာ ဒီရောဂါ မဝင်ရောက်စေရန် ကာကွယ်ခြင်းဖြင့် အရိုးအဆစ် ခိုင်မြဲ သန်မာတဲ့ အမျိုးသမီးများအဖြစ် သွေးဆုံးခြင်းကို ကောင်း စွာ ဖြတ်သန်းသွားနိုင်မှာ ဖြစ်ပါတယ်။

ရိုရိုငွေး

Ref : "What is Osteoporosis" from Internet.

❑

www.burmeseclassic.com

www.burmeseclassic.com

ဆေးနှင့်မစ္စတာ

မောင်စာဆို(ကျုံးစွဲ)

တစ်နေ့ နေ့လယ်ခင်းတွင် ဆေးနှင့်ပတ်သက်သော ဆောင်းပါးများ ရေးလိုသဖြင့် ကျုံးစုရွာ မင်္ဂလာကန်တော်ကြီး အနီးတွင်နေသော စာရေးဆရာကြီး ဆရာဆန်းဝင်း(အောင်မြေ)အိမ်သို့ ရောက်ရှိ၍ သွားလေသည်။

"ဆရာ စားပြီးပြီလား"

"ဟ မင်းလာတဲ့အချိန်လည်း ကြည့်ပါဦးဟာ၊ တစ်နာရီခွဲနေပြီ စားပြီးပြီပေါ့"

"တခြား မေးစရာမရှိလို့ပါ ဆရာ၊ ဒီတစ်လအတွက် ဆေးဆောင်းပါး မရေးရသေးဘူး ဆရာ၊ အဲဒါ ဆရာ့ဆီ ဆေးမှတ်စုလေး ကူးချင်လို့"

"အင်း ဒီတစ်ပတ် ဘာတွေသိချင်တာလဲ၊ မေးလေကွ"

"အဲ ဒီတစ်ပတ် ရှေးဟောင်းနည်းထဲက ဆံပင်နှက်တဲ့ ဆေးအကြောင်း မှတ်ချင်ပါတယ် ဆရာ"

"အေး မင်းကံကောင်းတယ်၊ ပြီးခဲ့တဲ့လက စာပေဟောပြောပွဲ လေးမျက်နှာမြို့သွားရင်း ဓာတ်ဆိပ်ကျောင်း ဆရာတော်ကြီးဆီ ဝင်ကန်တော့တော့ အဲဒီမှာ ဆေးနည်းတွေ စွန့်လိုက်သကွ၊ ငါ သေချာမှတ်လာခဲ့တယ်ဟ"

"ဟုတ်ကဲ့ ဆရာ၊ အမိန့်ရှိပါ မှတ်ပါ့မယ်"

"အင်း အဲဒီနေ့က ဆရာတော်ကြီး ကျောင်းရောက်တော့ ဆရာတော်ကြီးက ငါ့ကိုတော့ စကားအရင်ပြောသကွ၊ ဟ စာရေးဆရာ၊ ဘယ်က လှည့်လာသလဲ၊ မတွေ့တာလည်း ကြာပြီ၊ ကျုပ် နားလေးသွားလို့ ဒကာကြီးပြောတာ ကြားမှာ မဟုတ်ဘူး၊ ရော့- ကျောက်သင်ပုန်းနဲ့ ကျောက်တံ၊ စာရေးပြီး ပြောစမ်းပါလို့ ပြောသကွ"

"တော်တော် လေးသွားတာပေါ့နော်"

"ဟုတ်တယ်၊ ငါလည်း စာရေးပြီး လျှောက်ထားရတာပေါ့၊ အဲဒါနဲ့ ဆရာတော်က မေးတယ်၊ ဒကာကြီး အသက် ဘယ်လောက်ရှိပြီတုံးတဲ့၊ မှန်ပါ တပည့်တော် (၆၇)နှစ် ရှိပါပြီ ဘုရား ဆိုတော့ ဆံပင် သိပ်မဖြူသေးပါလားတဲ့၊ ကျုပ်လည်း မဖြူသေးဘူးတဲ့လေ၊ အသက် (၈၇)နှစ် ရှိပြီတဲ့။

အရှင်ဘုရား ဆေးနည်းကောင်းကလေးများရှိရင် မိစ္စ စွန့်ကြပါဆိုတော့ မှတ်သွားဆိုပြီး ပြောလိုက်တာ၊ ဩဇာသီးလှိုင်လှိုင်ပေါ် ချိန်မှာ ဩဇာစေ့ကို အသက်(၆၇)စေ့ အစိယူတဲ့၊ လစွန်း ရက်စွန်း မတွက်ထည့်ရဘူးတဲ့၊ အဲဒီဩဇာစေ့ထဲမှာ အဝါတွေ အကြောင်တွေ ဖယ်၊ မည်းနက်နေတဲ့ အစေ့ကိုရွေး (စားပြီးသား အစေ့မယူရ)၊ ပြီး မီးဖိုပေါ် သံပြားဒယ်အိုးတစ်ခုခုနဲ့ ပြာကျအောင် မီးဖုတ်ရမယ်၊ ပြီးရင် အဲဒီပြာဖြူဖြူလေးတွေကို လက်ကော်ရည်ရဲ့ ပျားရည်နဲ့ ဖျော်ရမယ်၊ ပျားရည် မများစေရဲဘူးလို့ မှာတယ်။

ဖန်ပုလင်းမှာထည့်ပြီး တစ်နေ့ကို မနက်ညည်းစေ့ခန့် နေ့စဉ် တစ်ကြိမ်မှန်မှန် စားရမယ်၊ ဆံပင်မဖြူဘူး၊ အခုဖြူလည်း နောက်ပေါက်လာတဲ့ ဆံပင် မဖြူတော့ဘူး နက်သွားမယ်၊ တဖြည်းဖြည်း အဖြူတွေပျောက်ပြီး အနက်ဖတွေ ပေါက်လာမယ်၊ သေသေချာချာလုပ်လို့ မှာတယ်၊ အဲဒီဆရာတော်ကြီး ဆံပင် မဖြူဘူးနော်"

"ဟုတ်ကဲ့ ဆရာ၊ ဒါလည်း ရှေးနည်းကောင်းတစ်ခုပဲနော်၊ ဒီတစ်ခါ ဩဇာသီးပေါ်ရင် အစေ့တွေ စုထားပြီး စဖော်၊ အမေ့ကို စမ်းကြည့်ရမယ်"

"မင်းအမေ အသက်ဘယ်လောက်ရှိပြီလဲ"

"၅၇ နှစ် ဆရာ"

"တချို့တစ်ဝက် ဖြူနေပြီလား"

"ဖြူတာပေါ့ ဆရာရယ်"

"ဟုတ်ပြီ ဒါဆို စမ်းကြည့်ပေတော့၊ ဆေးကို တစ်ဖုံကျန်မှ နောက်တစ်ဖုံ ဖော်စပ်ရမှာနော်"

"ဟုတ်ကဲ့ ဆရာ၊ သိပါပြီ"

"နောက်သိချင်တာ မေးပါဦး၊ အချိန်ရသေးတယ်"

"ဟိုဆရာ ရှေးတုန်းက ရှင်ဘုရင်တွေ လက်ထက်က ဂါထာတွေ၊ မန္တန်တွေ၊ ပရိတ်တော်တွေကြောင့် ထူးထူးဆန်းဆန်းတွေ ဖြစ်တာရှိလား ဆရာ"

"အေး မင်းမေးခွန်း ကောင်းတယ်၊ ရှေးတုန်းက ဘုရင်များလက်ထက် ထူးဆန်းတဲ့ အကျိုးပေးမှုတွေရှိသလား ဆိုရင် အများကြီးရှိတာပေါ့ကွာ၊ ပထမဆုံး ပြောရရင် မိဖုရားစောလုံ အကြောင်းပေါ့၊ ပုဂံ ရာဇဝင် နရသီဟမတေ့မင်း လက်ထက် မိဖုရားစောလုံဟာ မင်းပြစ်မင်းဒဏ်ခံရပြီး သံကျပ်စင်ပေါ် တင်ပြီး မီးနဲ့ရှို့အသတ်ခံရဖို့ အမိန့်ကျတယ်မို့လား"

"ဟုတ်ပါတယ် ဆရာ"

"သံကျပ်စင် ဆောက်လုပ်နေတဲ့ (၇)ရက်ကာလမှာ စောလုံဟာ သီလ ဆောက်တည်ပြီး အခါမလပ် ဂုဏ်တော် (၉)ပါးကို မပြတ်ရွတ်ဖတ် သရဇ္ဈာယ်ခဲ့တယ်၊ အဲဒီနောက် သံကျပ်စင်ပေါ် အေးအေးဆေးဆေး ရဲရဲဝံ့ဝံ့ တက်ခဲ့တယ်၊ မီးသုံးကြိမ် သုံးခါ သေသွားတယ်လို့ မှတ်ဖူးတယ်၊ လူကို မီးမကူးဘူး"

"ဟုတ်ပြီ ဆရာ၊ ငယ်ငယ်တုန်းက ရာဇဝင်သင်တော့ ဖတ်ဖူးတာ သိပြီ"

"အေး မှန်နှန်းရာဇဝင်ထဲက အကြောင်းတွေလည်း ပြောကြည့်ရအောင်၊ အဝမြို့ ငါးထပ် ဒါယကာ လက်သက်

www.burmeseclassic.com

www.burmeseclassic.com

ပုဂံမင်းကို ရန်သူ တရုတ်တွေက ဖမ်းသွားတယ်၊ အဲဒီညမှာ ပုဂံမင်းဟာ ဘုရားဂုဏ်တော် (၉)ပါးကို အခေါက်ရေ သုံး ထောင်ပြည့်အောင် ရွတ်ဆိုပြီးမှ အိပ်သတဲ့။

လင်းအားကြီး အချိန်ရောက်တော့ ပုဏ္ဏားတစ်ယောက် ရောက်လာပြီး မင်းကြီး ယနေ့ သားတော် သမီးတော်တို့ နှင့်တကွ ပြန်တော်မူရမည် စိုးရိမ်တော်မမူပါနှင့်လို့ ဆိုပြီး ခရုသင်းနဲ့ ရေစင်သွန်းဖျန်းသတဲ့လို့ အိပ်မက်ပေးတယ်။

နံနက် တစ်ချက်တီးလောက် ရောက်ရော တရုတ် စစ်သူကြီး ရောက်လာပြီး မင်းကြီးဟာ သူတော်ကောင်း ဖြစ်တယ်၊ ပြန်တော်မူနိုင်ပါဦးလို့ ပြောပြီး သားတော် သမီး တော်တွေနဲ့တကွ သံလျင်းနဲ့ ထမ်းပြီး အဝမြို့ ရောက်အောင် ပို့သတဲ့"

"ကောင်းလိုက်တာ၊ ဆက်ပါဦး ဆရာ"

"အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ဆိုရင် ရွှေတိဂုံဘုရားရင်ပြင်၌တော်ပေါ်မှာ ကိုယ်ရံတော်တွေနဲ့တကွ သားတော်၊ ညီတော်၊ ဗိုလ်မှူး၊ စစ်ကဲတစ်ယောက်မကျန် ဂုဏ်တော်ကိုးပါးကို တစ်ထောင်ပြည့်အောင် ရွတ်ဖတ် သရဏဂုဏ်ပြီးမှ တိုက်ပွဲဝင်တာ၊ အဲဒီတိုက်ပွဲကြီး အောင်မြင် သွားတယ်၊ ဒဂုံဆိုတဲ့ အမည်ကနေ ရန်ကုန်ဆိုတဲ့ အမည်ကို အဲဒီ ဦးအောင်ဇေယျ ပြောင်းခဲ့တာ မဟုတ်လားကွ"

"ဟုတ်ကဲ့ မှတ်ယူပါတယ် ဆရာ"

"ပုဂံခေတ်က ကွမ်းဆော်လုလင်ကို စောင်ချမ်းပင် စောင့်နတ်က ကိုယ်ထင်ပြပြီး ကောင်းစားလိုလျှင် အနုဿတိ ဆယ်ပါးကို တစ်နေ့ နှစ်ထောင်ရအောင် စီးဖြန်းလေလို့ ဆိုတယ်၊ ဆိုတဲ့အတိုင်း စီးဖြန်းတဲ့အခါ မမျှော်လင့်ဘဲ ကွမ်း ဆော်သတို့သားဟာ မင်းအဖြစ်ကို ရောက်သွားရတယ်၊ အဲဒီ ကွမ်းဆော်မင်းဟာ ပထမမြန်မာနိုင်ငံတော်ကြီးကို ထူထောင် သွားတဲ့ အနော်ရထာမင်းရဲ့ ခမည်းတော်ပဲကွ"

"နောက်တစ်ယောက်က စည်သူကျော်ထင်မင်းပဲ၊ ဥဒေတယဂါထာကို နံနက်မှာ တစ်ထောင်၊ အပေတယဂါထာ ကို ညမှာ တစ်ထောင်ရအောင်ရွတ်ဆိုပြီး စီးဖြန်းတယ်၊ အင်းဝ လို့ခေါ်တဲ့ အဝန္ဓေနန်းကို ရခဲ့တယ်။

နောက်တစ်ဦးက အလောင်းမင်းတရားကြီးပဲ၊ သူဟာ ဘုရားရှိခိုးတိုင်း အရပ် ဂုဏ်တော်ကို တစ်ထောင်ရအောင် အမြဲရွတ်တယ်၊ ဆင်းရဲသား အဖြစ်ကနေ မင်းဖြစ်ခဲ့တာ မဟုတ်လား"

"ဟုတ်ကဲ့ဆရာ၊ ဗဟုသုတစုံပါတယ် ကျေးဇူးတင်ပါ တယ်ဆရာ၊ နောက်ဆုံး ဆေးနည်းလေးတစ်ခုနဲ့ ပိတ်လိုက် ရအောင် ဆရာ"

"အေး ငါတို့ငယ်ငယ်က ပဉ္စင်းဝတ်စာသင်သား ဘဝနဲ့ မနုဖြူပါဦတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်မှာ ပညာသင် နေတုန်းက တပို့တွဲလဆို ဆွမ်းဆန်ခံထွက်ရတဲ့ ထုံးစံရှိတယ်၊ နဲ့ကျိုး၊ ကော့ကပ်၊ အရွေ့ဘက်ဆို စံကင်း၊ ဇလုပ်ကြီး၊ ညအိပ် ဆွမ်းဆန်ခံထွက်ကြရတယ်ကွ၊ အစိုးရစာမေးပွဲ မဖြေမီပေါ့"

"ဟုတ်ကဲ့ဆရာ"

"အဲဒီမှာ မှတ်မှတ်ရရ ဇလုပ်ကြီးကျောင်း ညအိပ်တော့ တို့က ဆရာတော်ကြီး သွားဝတ်ပြုတာပေါ့။ နှိပ်နယ်ပေးရင်းနဲ့ ဆရာတော်ဘုရား ဆေးနည်းကောင်းလေးများရှိရင် အမိန့် ရှိပါဘုရားလို့ လျှောက်တော့၊ အေး မောင်ပဉ္စင်းတို့ ငါ့အသက် ၉၃ နှစ်ရှိပြီ၊ ကျန်းမာရေး အိုနာကလွဲလို့ တခြားရောဂါမရှိဘူး၊ မင်းတုန်းမင်းကြီးကို အမြဲစားဖို့ သမားတော်များ ဖော်စပ် ပေးရတဲ့ လေမျိုးရှစ်ဆယ်ပျောက် ဆေးနည်းတော့ရှိတယ်၊ မောင်ပဉ္စင်းတို့ တစ်ခါတည်း အရသာ ကျက်သွားကွဲ့တဲ့ဆိုပြီး ချပေးတာ။

တို့က လိုက်လည်း ဆိုရတယ်၊ ရှင်းလည်း ပြတယ်၊ တစ်ခါတည်း အရလည်း ကျက်ရတာပေါ့ကွာ"

"ဟုတ်ကဲ့ ဆရာ၊ ဆက်ပါဦး"

"အဲ- ဆရာတော်ကြီးက ကဲ- လိုက်ဆို ဆိုပြီး၊ ဆိတ် ဖူး လင်းနေ၊ ကြောင်ပန်းဖက်၊ ဆားစမုန်နက်၊ ကြက်သွန်ဖြူ၊ ဘုမ္မရာဇာ၊ ရှိန်းခိုနှော ရောအမျှယူ၊ (အမျှယူဆိုတာ အလေး ချိန်အတူတူ ထည့်လို့ပြောပါတယ်၊ တစ်ကျပ်သားဆို အား လုံး တစ်ကျပ်သား၊ ရှစ်ပဲဆိုလည်း အားလုံး ရှစ်ပဲချည်း ယူပါ လို့ပြောတာ) သွေးတကူနဲ့ လေတကူ ရေနွေးပူနဲ့ ဖျော်ကာ သောက် လေမျိုးရှစ်ဆယ် အကုန်ပျောက် အီးပေါက်တဲ့ ဆေး ဆိုပြီး ပြောသကွ၊ ငါ ဒါမမေ့တော့ဘူး၊ သတိရနေတော့တာ"

"ကောင်းတယ်ဆရာ၊ ဒီဆေးနည်းလည်း ရှင်ဘုရင် ခေတ်က အသုံးများတဲ့ဆေးပဲ၊ ဒီခေတ် ပရဆေးဆိုင်တွေမှာ ဝယ်လို့ရတဲ့ ပစ္စည်းတွေပါပဲ၊ ကျေးဇူးတင်ပါတယ် ဆရာ"

"အေး ကဲဒီနေ့တော့ ဆေးနည်းသက်သက်သာမက မန္တန် ပရိတ်တော်တွေရဲ့ အစွမ်းသတ္တိတွေပါ မှတ်သားရပြီပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ နောက်အပတ်ကျမှ လာပါ ဦးမယ်ဆရာ၊ ပြန်ပါဦးမယ် ခင်ဗျ"

"ကောင်းပါပြီဗျာ"

သို့နှင့် စာရေးသူသည် ဆရာကြီးဦးဆန်းဝင်းထံမှ ဆေးမှတ်စုများ၊ မန္တန်အစွမ်း၊ ပရိတ်တော်အစွမ်း အံ့မခန်းများ အားပါးတရ မှတ်တမ်းတင်၍ ပြန်လာခဲ့လေတော့သတည်း။

မောင်စာဆို(ကျုံရွာ)

ကျမ်းတိုး

သက်ကြီးစကား (မောင်မောင်အောင်)၊ ဆောင်းပါး အား မှီငြမ်းဖော်ပြပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

အဆုံးကြီး ဆီးပေါက်ဝိဒ္ဓတ်

အနေမဆက်ရလေအောင်

ဦးမင်းဇင်(ရွှေနဝင်း)



သို့အတွက်ကြောင့် နေပူပြင်းပြင်းထဲတွင် သွားလာလှုပ်ရှားပြီးခါစ အခြေအနေတွင် အေးလွန်းသော ရေခဲကဲ့သို့သော အစာရေစာများကို ချက်ချင်း စားသောက်ခြင်း၊ လေအေးပေးထားသော အခန်း၊ ပန်ကာလေအေးပေးထားခြင်းတို့ကို ချက်ချင်း တိုက်ရိုက် အအေးခံခြင်းတို့ကို အထူးဂရုပြု ရှောင်ကြဉ်ပါ။

အကောင်းဆုံးသော နည်းမှာ နေပူပြင်းပြင်းထဲတွင် သွားလာပြီးခါစ အချိန်တွင် သင့်တော်သော အရိပ်ကောင်းကောင်းတွင် ခေတ္တနား၍နေပြီး ရိုးရိုးသာမန် ရေအေးတစ်ခွက်ကို အဝသောက်ပြီး၊ အနည်းဆုံး နာရီဝက် (သို့) တစ်နာရီခန့်အချိန်ကြာမှ ရေခဲ၊ အအေးစသော အစာရေစာတို့ကို သောက်သုံးသင့်ပါသည်။ အကယ်၍ မလွဲမရှောင်သာ နေပူပြင်းပြင်းထဲတွင် သွားလာလှုပ်ရှားရ၍ ဆီးနှင့်ပတ်သက်သော ရောဂါဝေဒနာဖြစ်ပွားရသူများအတွက် အကောင်းဆုံး၊ အလွယ်ဆုံး၊ အထိရောက်ဆုံး ဆေး (၃) မျိုးကို ဖော်ပြပေးပါမည်။

နွေရာသီသို့ ရောက်လျှင် မီးအတွက် ရတက်မအေးရသလို လက်လုပ်လက်စား အခြေခံလူတန်းစားများအဖို့ ဆီးအတွက် အနေခက်ရပေသည်။ နေပူဒဏ် ပြင်းပြင်းကြီးတွင် ဘဝပေးအခြေအနေအရ မဖြစ်မနေ သွားလာလှုပ်ရှားရုန်းကန်ရပေသည်။

သို့အတွက်ကြောင့် အပေါ်နေကပူ အောက်ခြေ မြေကပူနဲ့ အအေးကို တောင့်တကြသည့်အတွက် ရေခဲရေကြဲရည်၊ အအေးခံထားသော အချိုရည် အမျိုးမျိုးတို့ကို တဒင်္ဂသက်သာခွင့်ရနေ ငွေပေး၍ သောက်သုံးကြသည်။

သို့သော် ငွေပေး၍ ရောဂါကို ဝယ်ယူသလို ဖြစ်နေပေသည်။

တဒင်္ဂ အပူသက်သာရေး၊ နေပူပြင်းပြင်းတွင် ရေခဲကဲ့သို့သော အအေးလွန်သော အစာရေစာတို့ကို ရုတ်ခြည်း ပူလောင်နေသော ဝမ်းထဲသို့ လောင်းထည့်လိုက်သောအခါ အပူနဲ့အအေး ဝိရောဓိ ဓာတ်အားကြီးပြီး အခန့်မသင့် လျှင် ချက်ချင်း အပူရှုပ်သလိုဖြစ်၍ အပူငုပ်ပြီး ပြင်းထန်စွာဖျားခြင်း၊ သွေးပေါင်ချိန် ဖိအားများလာပြီး ဦးနှောက်သွေးကြောကို ထိခိုက်စေခြင်း။

နောက်ဆုံး အခြားဘာမှမဖြစ်လျှင်တောင်မှ အခြေခံဖြစ်သော ဆီးနှင့် ကျောက်ကပ်တွင် အပူငုပ်၍ အပူအောင်းပြီး ဆီးပူ၊ ဆီးနီ၊ ဆီးဝါ၊ ဆီးသွေးပါခြင်း၊ ဆီးနည်းခြင်း စသော ဆီးနှင့်ပတ်သက်သည့် ဆိုးကျိုးများကို ခံစားရတတ်ပေသည်။

BLOOD IN THE URINE

လမြည့်ဝန်းမဂ္ဂဇင်း (နှင်းဆီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဆေးနည်း (၁)

နေပူပြင်းပြင်းထဲတွင် သွားလာရ၍ တစ်ကိုယ်လုံး ပူစပ်ပူလောင်ဖြစ်ပြီး အပူရှုပ်၍ ဖျားနာချင်သလိုဖြစ်လာပါက နေပူထဲမှ ဆက်လက်သွားလာလှုပ်ရှားခြင်းကို ရပ်တန့်၍ အေးသောနေရာတွင် ခေတ္တအနားယူပြီး ကြက်သွန်နီဥ ခပ်ရွယ်ရွယ် အနေတော်တစ်လုံးကို အခွံသင်ပြီး ထန်းလျက် အရွယ်တော်တစ်ခဲနှင့်ရောရှေ့ ဝါးစားပြီး မြိုမိုရေအေးတစ်ခွက်ကို အဝသောက်ချပါ။ ပြီးလျှင် အနားယူလိုက်ပါက ခံစားနေရသော ဝေဒနာ သက်သာပျောက်ကင်းသွားပေမည်။

ဆေးနည်း (၂)

နေပူပြင်းပြင်းထဲတွင် သွားလာရ၍ ဆီးနှီး၊ ဆီးနည်း၊ ဆီးပါ၊ ဆီးအောင့်ဖြစ်လာပါက သခွားသီး အကြွပ်မျိုး (ကိုင်းသခွားသီး အရွယ်တော် ၂-လုံး၊ ၃-လုံးခန့်) ကို အခွံခွာပြီး ထန်းလျက် အနေတော် (၄၊ ၅) ခဲနှင့်ရောရှေ့ နံနက်နှင့် နေ့လယ်ပိုင်းတွင် အဝစားပါ။

ညနေနှင့် ညဘက်တွင် မြင်းခွာရွက်အရည် လက်ဖက်ရည်ပန်းကန် တစ်လုံးခန့်တွင် သံပရာသီး အရွယ်တော်တစ်ခြမ်း ညှစ်ထည့်၍ သကြားသင့်တော်ရုံထည့်ကာ ဖျော်ပြီး သောက်ပေးပါ။

ဂုဏ်အတိုင်း နံနက်၊ ည (၃) ရက်ခန့် နေ့စဉ် သောက်ပေးပါက ရောဂါပျောက်ကင်းပေမည်။



ဆေးနည်း (၃)

ဆီးပူ၊ ဆီးနည်း၍ အညောင်းအကိုက်အားကြီးပြီး ကိုယ်သားကိုယ်ရေပူနေပါက ဆေးကုလားမ ကောင်းကောင်းဖွေးဖွေးကို ရွေးဖြင့် တစ်ညစိမ်၍ နံနက် အိပ်ရာထတွင် သကြားသင့်ရုံထည့်ဖျော်ပြီး အဝသောက်ပါ။

ရှားစောင်းလက်ပပ် အတွင်းသား လက်ဖက်ရည်ပန်းကန် (၂) လုံးခန့်ကို သကြားဇွန်းကြီး (၂) ဇွန်း၊ ဖျားရည်ဇွန်းကြီး (၁) ဇွန်း၊ ဆား မန်ကျည်းစေ့ (၂) စေ့ခန့်ရောရှေ့ ဖျော်ရည်ကဲ့သို့ စိမ်ထားပြီး ညအိပ်ရာဝင် အဝသောက်ပါ။ ဤကဲ့သို့ (၃၊ ၄) ရက်ခန့် နေ့စဉ်သောက်သုံးပေးသွားလျှင် အပူစင်၍ ရောဂါသက်သာပျောက်ကင်းချမ်းသာပေမည်။

အထက်ပါ ဆေးနည်းတို့အပြင် ဆီးနှင့်ပတ်သက်သော ရောဂါဝေဒနာရှင်များသည် ညအိပ်ရာဝင်ချိန်တွင် ခြေဖဝါး အလယ်ကြော (၂) ဖက်ကို ဆားဖြင့် ၁၀ မိနစ်ခန့် နာနာပွတ်ပေးပြီး ဒူးခေါင်း (၂) ဖက်မှနေ၍ ရေအေးအေး တဝလောင်းချပြီး ခြေဆေး၍ ခြောက်သွေ့အောင်သုတ်ပါ။

ပြီးလျှင် ကရမက်ကို များများသွေးပြီး ဆီးစပ်၊ ပေါင်ခြံနှင့် ပြီးညောင့်ရိုးတစ်ပတ်လည် ဆီးခဲ့အထက် ချက်အထိ ဝမ်းဗိုက်တစ်ပြင်လုံးတို့ကို လိမ်းပြီး အိပ်ရာဝင်ပါ။

အထက်ပါနည်းတို့သည် အဖိုးနည်းသော်လည်း အကျိုးမနည်းပါဟု ဆိုချင်ပါသည်။

(ဆေးတန်ဖိုး အကုန်အကျနည်းသော်လည်း ရောဂါ ပျောက်ကင်းစေသည့် အကျိုးအာနိသင်မှာ များပြားလှပါသည်။)

စာရေးသူ ဆရာကိုယ်တိုင် လက်တွေ့ကုသ ပျောက်ကင်းစေသောနည်းကောင်းများကို ဝေဒနာရှင် အပေါင်းအတွက် စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ပါသည်။

မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရသောသူအပေါင်းတို့ ကျန်းမာ၍ ချမ်းသာသုခနဲ့ ပြည့်စုံကြပါစေ။

ဦးမင်းငင် (ရွှေနဝင်း)

❑



www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်ဟာသများ

စကားစူးရှင်

ထောင်ကျနေသော ရာဇဝင်လူဆိုးထဲသို့ မိန်းမဖြစ်သူက ထောင်ဝင်စာလာတွေ့သည်။ လူဆိုးက -

"မိန်းမရယ်- ငါမရှိတုန်း မင်းမှာ ငွေရေးကြေးရေး အခက်အခဲ တွေ့နေမှာပေါ့"

"စိတ်မပူပါနဲ့ရှင်၊ ရှင့်ကို ဖမ်းမိအောင် လက်ထောက်ချခဲ့တဲ့ ငွေနဲ့ အနှစ် (၃၀)လောက်တော့ အေးအေးဆေးဆေး အခက်မခဲ မရှိပါဘူး"

❐

နောက်မကျပါဆူး

လူတစ်ယောက်သည် ညဘက်တွင် အိပ်မပျော်သောရောဂါ ရှိသောကြောင့် ဆရာဝန်ထံ သွားပြသည်။ ဆရာဝန်က စမ်းသပ်ပြီး အိပ်ဆေးအပြင်းစားများ သောက်ရန် ဆေးစာရေးပေးလိုက်သည်။

ဆရာဝန် ညွှန်ကြားသည့်အတိုင်း ထိုဆေးများကို တနင်္ဂနွေနေ့ ညတွင် စတင်သောက်လိုက်ရာ ကောင်းစွာအိပ်ပျော်သွားလေသည်။ နို့စက်မမြည်ခင် မှာပင် သူနိုးလာသည်။ အလုပ်ခွင်သို့ အေးအေးဆေးဆေး လမ်းလျှောက်သွားနိုင်လောက်အောင်ပင် အချိန်ရလေသည်။ အလုပ်ခွင်တွင် ဌာနအကြီးအကဲနှင့် တွေ့ရာ -

"ဆရာ၊ ကျွန်တော် ဒီနေ့တော့ အိပ်ရာထ နောက်မကျတော့ပါဘူး ခင်ဗျာ့"

"အေးအေး ကောင်းတယ်၊ ဒါနဲ့ ဒီနေ့က ဗုဒ္ဓဟူးနေ့ကွ၊ တနလာနေ့နဲ့ အင်္ဂါနေ့တွေက မင်း ဘာလို့ အလုပ်မဆင်းတာလဲ"

❐

ဘုရား ဘုရား

ဂေါက်သီးရိုက် အားကစားနှင့် ပတ်သက်၍ အတွေ့အကြုံမရှိသော လူတစ်ယောက်သည် ဂေါက်ကွင်းတစ်ခုသို့ လေ့လာရန် ရောက်လာသည်။

ထိုအချိန်တွင် ကစားသမားတစ်ဦးက သဲကျင်းထဲသို့ ကျသွားသော ဂေါက်သီးကို အသည်းအသန် ရိုက်ထုတ်နေသည်။ နောက်ဆုံးတွင် သဲများဖွာလန်ကျဲနေသည့် အကြားမှ ဂေါက်သီးက မြောက်တက်လာပြီး မြက်ခင်းပေါ် တက်လာကာ ကျင်းဆီသို့ လိမ့်ဝင်သွားတော့သည်။

"ဘုရား . . . ဘုရား၊ သူတို့ဒုက္ခက မသေးပါလား၊ ဒီလောက်ကျယ်တဲ့ သဲကျင်းကြီးထဲကတောင် ဒီလောက်ရိုက်ထုတ်နေရတာ ဒီကျင်းသေးသေးထဲက ထွက်ဖို့ဆိုရင်တော့ ဘုရား. . . ဘုရား"

❐

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်အကြိုက်များ

မရှိတာ သေချာတယ်

အမူးသမားတစ်ယောက်သည် ဟိုတယ်ဧည့်ကြိုအခန်းရှိရာသို့ ဒယီးဒယိုင်ဖြင့် ဝင်လာကာ ကောင်တာစာရေးကို ပြောလိုက်သည်။

"ကျေးဇူးပြုပြီး အခန်းအမှတ် (၅)က သော့လေး ပေးစမ်းပါဗျာ"

ကောင်တာစာရေးက -

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ အဲဒီအခန်းမှာ လူရှိနေပါတယ်၊ တခြားအခန်းဆိုရင် ရနိုင်ပါတယ်"

"ဟာ- အဲဒီအခန်းက လူမရှိတော့လို့ပေါ့ကွ၊ ငါ အခုပဲ အဲဒီအခန်းပြတင်းပေါက်က ပြုတ်ကျလာလို့ကွ"

❐

သူ့အကြံ

ချိုင်းထောက်နှင့် လမ်းလျှောက်လာသော လူတစ်ယောက်ကို လမ်းတွင်တွေ့သော သူမိတ်ဆွေက မေးလိုက်သည်။

"ဘယ်လိုဖြစ်လာတာလဲဗျ"

"လွန်ခဲ့တဲ့ နှစ်လလောက်က ကားတိုက်ခံရတယ်လေဗျာ"

"မကောင်းဘူးလား"

"ဒီလိုဗျာ၊ ဆရာဝန်ကတော့ ပြောတယ်၊ ချိုင်းထောက်မပါလည်း လမ်းလျှောက်လို့ ရပါပြီတဲ့၊ ဒါပေမဲ့ ကျွန်တော့်ရှေ့နေကတော့ လောလောဆယ် ချိုင်းထောက်နဲ့ လျှောက်နေပါဦး ဆိုလို့ပါဗျာ"

❐

ဘယ်ကောင်ပြောလဲ

သင်္ဘောသား နှစ်ယောက်သည် သင်္ဘောသားဘဝမှ အနားယူပြီး အရက်ဆိုင်တစ်ဆိုင်ကို စပ်စူဝယ်လိုက်ကြသည်။ ထိုဆိုင်သည် ရွာငယ်လေးတစ်ခုမှ ဆိုင်လေးဖြစ်သည်။ အရက်ဆိုင်ကို ပြန်လည်ပြုပြင် မွမ်းမံရန်အတွက် ပိတ်ထားလိုက်သည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသော်လည်း အရက်ဆိုင်ကတော့ ပြန်ဖွင့်မလာ။ ဆိုင်ပိတ်ထားသည်မှာ ကြာပြီဖြစ်၍ ရွာမှ အရက်သောက်သုံးသူများ သည်းမခံနိုင်ဖြစ်လျက် အုပ်စုဖွဲ့ ချီတက်လာကြသည်။ ဆိုင်တံခါးကို ထုကြသည်။ အထောက်ကြာမှ ပြတင်းပေါက်တစ်ခုပွင့်လာပြီး လူတစ်ယောက် ပေါ်လာသည်။ ထိုသူက အရက်မူးသံနှင့် -

"ဟေ့- ဘာလိုချင်လို့လဲကွ"

"ဆိုင် ဘယ်တော့ဖွင့်မလဲ သိချင်လို့ဗျ"

"ဆိုင်ဖွင့်ဖို့ ဟုတ်လား၊ ငါတို့ အရက်ဆိုင်ဖွင့်မယ်လို့ ဘယ်ကောင်ပြောလို့လဲ၊ ဒီဆိုင်ကိုဝယ်ထားတာ တို့နှစ်ယောက်အတွက်ပဲ ဝယ်ထားတာကွ" ဟု ဆိုင်ထဲမှ သင်္ဘောသားက ပြန်အော်လိုက်လေသည်။

နိဂြုံးကို

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မိုးဒဏ်ခံဒဏ်ရှိန်နှင့် ရျှပ်တစ်ပြက်အလွမ်း ဟန်သီဇင်



စာသင်ကျောင်းများ ပြန်ဖွင့်သည့် ကာလသည် မိုးရာသီဖြစ်သော်လည်း ပန်းဆိုးတန်းအနီး လမ်း (၄၀) အောက်(ထိပ်)ရှိ လေအန်ကုန်းရှိ ဆရာ၊ ဆရာမများ အလုပ်များကြသည်။

မိုးရွာလည်း ကိုယ့်ထီးကိုယ်ဖွင့် ဆောင်းကာ ဇွဲကောင်းစွာ စာပေလှုပ်ရှားမှုများ ဆောင်ရွက်ကြသည်။

နှစ်စဉ် အယ်ဒီတာဆရာကြီးများ၊ ထုတ်ဝေသူ၊ လုပ်ငန်းရှင်အချို့ ဦးဆောင်ပြီး မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ရှိ တောင်စွန်းသို့ မိဘမဲ့ကလေးများ ပညာသင်ကြားရန် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ၊ အလှူငွေများ သွားရောက် စုပေါင်းလှူဒါန်းကြသည်။

ရန်ကုန်ဘူတာကြီးမှ တောင်စွန်းဘူတာသို့ မီးရထားဖြင့် သွားကြပါမည်။ ခရီးစရိတ်အား အလှူရှင် ရှိပါသည်။

ခရီးစရိတ် မကုန်၊ စားစရိတ် မကုန် ဆို၍ လိုက်ပါမည့်သူများက စာရင်းပေးကြရသည်။

လူစာရင်းကောက်သူမှာ အယ်ဒီတာ ဆရာကောင်းဖြစ်သည်။

သည်နေ့ကျမှ ဟိုလူက ဆရာကောင်း၊ သည်လူက ဆရာကောင်းနှင့် ပြုံးပြရတာပင် သွားများ အအေးပတ်နိုင်သည်။

"ဆရာ၊ ကျွန်တော်လည်း လိုက်မှာနော်"

နာမည် မပြောဘဲ စာရင်းပေးလာသူမှာ ဆရာမိုးမှောင် ဖြစ်သည်။

"ဟုတ်ကဲ့ပါ ဆရာ"

လူအမည် မမှားစေရန် မော့ကြည့်လိုက်ပြီး နာမည်စာရင်း ရေးမှတ်ရသည်။ ထို့စဉ် -

"ဆရာတို့ ဘာလုပ်နေတာလဲ၊ ခရီးသွားတာဆိုရင် ကျွန်မလည်း လိုက်မှာနော်"

မျက်မှန် တပ်ထားသော်လည်း အမြင်မသဲကွဲ၍ ဘေးလူက တွဲခေါ်ရှသည့် ဆရာမ ကြောင်မျက်ရှင်ကလည်း ဇွတ်စာရင်းပေးလေ၏။

တစ်ဦးပြီးတစ်ဦး အမည်စာရင်း ရေးမှတ်ကောင်းနေဆဲမှာ -

"ဆရာ၊ ကျွန်တော်လိုက်မှာနော်"

အသံပြုကာ ထပ်ပြောလာသူက ဆရာမိုးမှောင် ဖြစ်သည်။

"ဩော် ဆရာရယ်၊ ဒီမှာ ဆရာ့နာမည်ကို အမှတ်စဉ် သုံးမှာ ရေးထားပါတယ်ဗျာ"

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ပြောလည်းမရ။ အမည်စာရင်း စာရွက်ကို အတင်းဆွဲယူ ဖတ်ကြည့်ပြီးမှ သူနာမည် အသေအချာပါကြောင်း စိတ်ချသွားဟန်တူသည်။ လေအန်ကုန်း လက်ဖက်ရည် စားပွဲဝိုင်းပေါ်ရှိ အလှူရှင်များ၏ လက်ဖက်ရည်နှင့် မုန့်ကို အားရပါးရ စားနေတော့သည်။

ထိုစဉ် -

"ဆရာရေ၊ ကျွန်မနဲ့ အဒေါ် တစ်ယောက်ပါမယ်နော်"

"လာ ဆရာမ နှင်းနှင်းရေ၊ ငါလည်း ခရီးစဉ်လိုက်မယ့်လူ စာရင်းကောက်ရင်း ညည်းကို စောင့်နေတာ"

"ဆရာရေ ကျွန်မတို့ တိုက်ထားတဲ့သီချင်း အကုန်ဆိုလို့တော့ ဖြစ်မယ် မထင်ဘူးနော်၊ ကျန်တဲ့သူတွေလည်း ဆိုကြဦးမှာဆိုတော့"

"အေး၊ ငါလည်း တီးဝိုင်းဆရာလာရင် ညှိနှိုင်းတိုင်ပင်ရအောင်"

ဆရာကောင်းနှင့် ဆရာမလေးနှင်းတို့ ပြောနေသောစကားကြောင့် -

"ဆရာ၊ ကျွန်တော်လည်း ဆိုမှာနော်"

ဆရာမိုးမှောင် အကြောင်းသိသူမို့ ဆရာကောင်းက ခေါင်းညိတ်လက်ခံပြလိုက်သည်။

ဂီတစာဆို ဆရာချစ်မင်းသူနှင့် ကီးဘုတ်ဆရာဇော်တို့ ရောက်လာကြသည်။

လေအန်ကုန်း စာရေးဆရာအဖွဲ့တွင် ဂီတပညာရှင်များလည်းရှိရာ ပွဲတစ်ပွဲ ကျင်းပချင်လျှင် တခြားမှာ ရှာဖွေစရာမလို။ ကိုယ့်စာပေအသိုင်းအဝိုင်းမှာတင် ပြီးပြည့်စုံသည်။

သည်လိုနှင့် ဆရာကောင်း၊ ဆရာချစ်မင်းသူ၊ ဆရာဇော်၊ အဆိုရှင် ဆရာမနှင်းနှင်း၊ ဆရာမ ကလျာတို့ စုဝေးတိုင်ပင် ပြောဆိုကောင်းနေဆဲမှာ -

"ဒီမှာ... ဆရာတို့၊ ကျပ်လည်းဒီပွဲမှာ ဆိုမှာနော်?"

ဘယ်ပွဲဖြစ်ဖြစ် ပါလေရာ ဆရာမှောင် အကြောင်းသိနေကြသဖြင့် -

"စိတ်ချ ဆရာ၊ အခမ်းအနားဖွင့်ပွဲမှာ မုဒိတာစကားပြောပြီးတာနဲ့ ဆရာ့ကို အရင်ဆုံး ဆိုစေရမယ်၊ ဟုတ်ပြီလား"

သည်တော့မှ ကျေနပ်သွားပုံရကာ လက်ဆွဲသေတ္တာမည်းကြီး စတိုင်ထုတ်ဆွဲကာ ပြန်သွားလေတော့သည်။

▼

ရန်ကုန်ဘူတာကြီးတွင် ပရဟိတ အလှူပွဲလိုက်ပါမည့် စာပေအဖွဲ့သားများ တဖွဖွရောက်ရှိလာကြသည်။

သွားမည့်နေ့မှ ရွာလိုက်သည့် မိုး။

'ခင်' လည်း လိုက်သာလိုက်ရသည်။ လမ်းမှာ ရထားလမ်း ရေကြီးလျှင် ဒုက္ခရောက်မည်စိုး၍ စားစရာ ရိက္ခာအပြည့်။ ပလတ်စတစ် လေထိုးဘောကွင်းကအစ ထည့်လာခဲ့သည်။

"ဆရာကောင်းရေ၊ ဖေစ်ဘွတ်ခ်မှာ ရေကြီးတဲ့ သတင်းတွေချည်းပဲ"

"ငါတို့သွားတဲ့ဘက်မှာတော့ ရေမကြီးလောက်ပါဘူး၊ ဆရာတော်လည်း ဖုန်းဆက်မပြောလာတော့ သာယာလို့ပေါ့"

သည်လိုနှင့် 'ခင်' တို့ စာပေအဖွဲ့ မီးရထားကြီးနှင့် လိုက်ပါလာရာ ပဲခူးရောက်တာနှင့် တွင်းပြင်တွေမှာ ရေဖွေးနေသည်။ စိတ်တော့ပူရသည်။

တကယ်လည်း တောင်စွန်းဘူတာ ရောက်သောအခါမှာ လမ်းပေါ်မှာ ရေက ယောကျ်ားပေါင်ရင်းခန့် ရှိနေသည်။ ရထားလမ်းက အမြင့်ဖြစ်၍ ရေမမြုပ်ခြင်းဖြစ်သည်။

အလှူပေးမည့် ကျောင်းဆရာတော်နှင့် ကလေးကြီးအချို့ လာကြိုသည်။ မိုးနှင့်လေကြီးသဖြင့် ဇုန်လိုင်းများ ပြတ်တောက်ကုန်၍ ဆတ်သွယ်မရ၊ ဘူတာမှ ကျောင်းသို့အတော်လှမ်းသည်။

အမျိုးသားများတဲ့ ဝုဆိုးတို့ ခါးတောင်းကျိုက်တာ ရေထဲထလျှောက်သွားနိုင်သည်။

'ခင်' တို့ အမျိုးသမီးအဖွဲ့တ သွားရန်မလွယ်။ ပြီးတော့ အလှူပစ္စည်းများက သယ်ရန်မလွယ်သေး။ အခြေအနေက စိတ်ညစ်စရာ။

"ဘယ်သူမှ ဘာမှ စိတ်မပူနဲ့၊ ဘူတာမြောက်ဘက်မှာ ကျူပ်တူမအိမ်ရှိတယ်၊ ဆရာမတွေနဲ့ ပစ္စည်းတွေ အဲဒီမှာ ပို့ထားလိုက်၊ မနက်ရောက်မှ ကျောင်းကိုလှမ်းဖို့ စီစဉ်ကြတာပေါ့"

ခုလိုဆိုတော့လည်း ဆရာမိုးမှောင်က ကယ်တင်ရှင်ကြီးပမာ။ ဖုန်းဆက်မရသဖြင့် ကျောင်းသားနှစ်ဦးကို လမ်းညွှန်ကာ စာရေးပေးလိုက်သည်။ တစ်နာရီမျှအကြာ သစ်သားလှေငယ် တစ်စင်းနှင့် ဆရာမိုးမှောင်တူမ မိန့်တို့ လင်မယား ရောက်လာသည်။

'ခင်' တို့အဖွဲ့ လှေပေါ်ရောက်ပြီး လှေထွက်ခါနီးမှာ ဆရာမိုးမှောင်က လှမ်းပြောလာသည်။

"ဟဲ့- မိန့်၊ ညနေ ဟင်းတောင်းကောင်းချက်ထား၊ ငါ ထမင်း **လာစားမှာ**"

ဤသို့ တူမကို ဦးတင်ပြန်သည်။ ဆရာတွေလည်း ရေတောထဲဖြတ်လျှောက်ရန် ပြင်ဆင်နေကြသည်။ ရော အနက်ကြီးမဟုတ်ပေမယ့် လှေဖြင့် သွားရှုရသည်။

ဆိုင်ကယ်၊ သုံးဘီး၊ ဆမ်ပလော့ ကားသာ အားကိုးသွားလာသော ဒေသမှာ ခုလို ရုတ်တရက် ရေကြီးတော့ လှေတစ်စီးရရန် လိုက်ရှာဖွေခဲ့ရကြောင်း မိန့်က ရှင်းပြသည်။

'ခင်'တို့အဖွဲ့ အမျိုးသမီးချည်းပဲမို့ တစ်ခန့်ထည်း စုနေလိုက်ကြသည်။ ရေစိုအတတ်အစားလဲလှယ်ကြ၊ အိပ်စရာနေရာ ခင်းကျင်းကြနှင့် ညနေစောင်းအချိန်ရောက်လာသည်။ ညနေဆိုသော်လည်း ဝိုးတဝင်းမှောင် မနားတမ်း တစိမ့်စိမ့်ရွာ။ ဒီးကမရနှင့် ညနေစာ စားပြီး အိပ်ရာစောစောဝင်ခဲ့ကြသည်။

မိန့်တို့ ဇနီးမောင်နှံခမျာ ထမင်းစားလာမည့် ဦးလေးကို ထမင်းစားပဲ့

www.burmeseclassic.com

ပြင်ထားရင်း စောင့်မျှော်နေရသည်။ တစ်စစနှင့် မှောင်လာပြီမို့ အိမ်တံခါး ပိတ်လိုက်သည်။

ဦးလေးလာလျှင် အသံမကြား မှာစိုး၍ ထမင်းစားပွဲအနှံ့မှာပင် လဲလျောင်းရင်း စောင့်နေလိုက်သည်။

မိုးက အေးအေးဆိုတော့ အိပ်ပျော်သွားကြသည်။

"မိန္ဒဲ့... ဟေး မိန္ဒဲ့"

ခြံပြင်မှ အော်သံကြားသဖြင့် မိန္ဒဲ့ရော၊ 'ခင်' တို့အုပ်စုပါ တံခါးဖွင့်၊ ခေါင်းပြူထွက်ကြည့်လိုက်သည်။

မှောင်နေသဖြင့် လက်နှိပ်ဓာတ်မီး ထိုးကြည့်ရာ -

"ဦးလေး၊ လာလေ"

"ဟာ ဆရာမိုးမှောင် လာတယ်"

မိန္ဒဲ့က တံခါးဖွင့်ပြီး လှေကားမှ ဆင်းဟန်ပြင်စဉ် -

"မိန္ဒဲ့ တံခါးမဖွင့်နဲ့တော့၊ ငါ ဒီညနေ လာမယ်ပြောထားတာ မိုးတွေ ရွာနေလို့ ငါမလာဖြစ်တဲ့အကြောင်း အဲဒါ လာပြောတာ၊ ဒါပဲ... ဒါပဲ"

ပြောပြောဆိုဆို ကျောင်းက လှေဖြင့် လိုက်ပို့ဟန်တူသည်။ ဆရာမိုး မှောင်တို့ လှေကလေး ပြန်ထွက်ခွာသွားတာကို လှမ်းကြည့်ရင်း -

ဆရာမိုးမှောင် ပြောသွားသည့် စကားဝါကျအား 'ခင်' တို့ စာရေး ဆရာမအုပ်စု နားဝေတိမ်တောင် ဖြစ်သွားရသည်။ မိန္ဒဲ့ခမျာလည်း ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း -

"ဦးလေးကလည်း ဘာကြီးမှန်း လဲ မသိဘူး၊ မိုးတွေရွာနေလို့ သူမလာနိုင်တာကို လာပြောတာတဲ့"

သူ့ယောကျ်ားကို ပြောပြရာ-

"ဟား ဟား ဟား... မိန်းမရဲ့ ဦးလေး ရေကြီးတဲ့ကမြင်ပြီး ကယောင်ချောက်ချား ဖြစ်သွားပုံရတယ် အံ့ဩစရာပဲ၊ သူမလာနိုင်တာကို လာမယ့်အိမ်ကို ရောက်အောင်လာပြီးမှ မိုးရွာလို့ မလာနိုင်တာ လာပြောတာတဲ့ ဟား ဟား ဟား"

"ခွီ... ခွီ... ခွီ"

"အဟိ... ဟိ... ဟိ"

'ခင်' တို့ အုပ်စုလည်း ရယ်ချင်တာကို အောင့်အည်းမနေတတ်တော့ လွှတ်လပ်စွာ ရယ်မောပစ်ခဲ့တော့သည်။

တစ်ခါတစ်ရံမှာ 'ခင်'တို့ စာရေးဆရာ၊ ဆရာမ မောင်နှမတွေရဲ့ လျှပ်တစ်ပြက် အလွဲများက ဟဒယရွှင်စရာ ဖြစ်စေတော့သတည်း။

ဟန်သီဇင်

❑

အမျိုးသမီးများ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်အေးရစေပို့ဝ

❁ ကိုယ့်အမှားတစ်ခုကြောင့် ကိုယ့်အပေါ် စိတ်နာပြီး အဆက်အသွယ် ဖြတ်သွားတဲ့ ကိုယ့်ချစ်သူက စိတ်ဆိုးဒေါသေ ပြေပျောက်ပြီး ကိုယ့်အပေါ် ယခင်လို ချစ်ခင်ကြင်နာကာ အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်လာစေချင်ပါသလား ❁ အကြောင်းတစ်မျိုးမျိုးကြောင့် အဆက်အသွယ် ပြတ်နေတဲ့ ကိုယ့်ချစ်သူနဲ့ အဆက်အသွယ် အမြန်ဆုံး ပြန်ရစေချင်သလား ❁ လက်ရှိ အဆင်မပြေဖြစ်နေတဲ့ အချစ်ရေးကိစ္စ အမြန်ဆုံး အဆင်ပြေလိုပါသလား ❁ ကိုယ့်ချစ်သူအပေါ် စကားအပြောအဆို အောင်မြင်ပြီး အမြန်ဆုံး စေ့စပ်လက်ထပ် ပေါင်းသင်းချင်သလား ❁ အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ် ပြတ်သွားစေဖို့ ❁ နောက်ကွယ်မှာ ခြေမများတော့ဘဲ အမြန်ဆုံး ခြေငြိမ် အိမ်မြဲစေဖို့ ❁ မိမိပြောစကား သူ့အပေါ် အောင်မြင်ပြီး ရှာဖွေရရှိသမျှ ငွေကြေးဥစ္စာပစ္စည်းများ မိမိထံ အကုန်ပြန်အပ်နှံစေဖို့ ❁ တကျက်ကျက် ရန်မဖြစ်ရတော့ဘဲ အိမ်ထောင်ရေး အဆင်ပြေသာယာ ပျော်ရွှင်စေဖို့။

[ဝန်ခံရပညာ ယတြာအစီအရင် နည်းလမ်းတောင်းများရှိပါတယ်]

ဆရာမ ဒေါ်နှင်းသူဇာဦး

လက္ခဏာဗေဒင် + ယတြာအစီအရင် (အမျိုးသမီး သီးသန့်)

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

ဝဒ္ဓ-၅၀၉၃၈၉၃၊ ဝဒ္ဓ-၀၃၁၄၄၇၀ ၂၄၊ ဝဒ္ဓ-၂၅၀၇၀၃၆၂၆

www.burmeseclassic.com

ရာနှုန်းပြည့်နီးပါး မှန်ကန်သော
လက်ဗွေကဟတ္ထာ အဖော်များ

ဆရာကြီးဦးအောင်မြင့်

"ဘဝမှာ ဘယ်ရောဂါက ဒုက္ခအပေးနိုင်ဆုံး ဖြစ်မလဲ" ဆိုတဲ့ မေးခွန်းမျိုးကိုလည်း လူအတော်များများက မေးမြန်းလေ့ရှိပါတယ်။

ကျွန်ုပ်ရဲ့ လုပ်ငန်းအတွေ့အကြုံအရ ကိုယ်တွေ့ကို ပြောပြချင်ပါတယ်။



နှလုံးလမ်းကြောင်း

လက်သူကြွယ် လက်ချောင်းအောက် နှလုံးလမ်းကြောင်းဟာ အပြတ်သင်္ကေတ ဖြစ်နေပြီး အဲဒီအပြတ် နှစ်ခုရဲ့ ထိပ်မှာ ခက်ရင်းနှစ်ခွပုံ ဖြစ်နေမယ်ဆိုရင် နှလုံးရောဂါ ဒုက္ခအပေးနိုင်ဆုံး ဖြစ်မယ်။

အထူးသဖြင့် အသက်(၅၁)နှစ်မှ (၆၀)နှစ်အတွင်း နှလုံးရောဂါကြောင့် ကွယ်လွန်အတ်ပါတယ်။ အဲဒီ သင်္ကေတမျိုးဟာ ဘယ်လက်ရော၊ ညာလက်မှာပါ အတူတူပါရှိရင် ကွယ်လွန်ဖို့ ရာခိုင်နှုန်းပြည့် ဖြစ်ပါတယ်။

လက်တစ်ဖက်တည်းမှာသာ ပါတယ် ဆိုရင်တော့ သေလုမြောပါး ဝေဒနာ အပြင်း အထန် ခံစားရပြီးမှ ပြန်လည် သက်သာနိုင် ပါတယ်။

ယခု ဖော်ပြထားတဲ့ ညာလက်ဖဝါးပုံစံ ကို ကြည့်ပါ။

'က' အက္ခရာနဲ့ ညွှန်ပြထားတာဟာ နှလုံးလမ်းကြောင်း ပြတ်ပြီး လမ်းကြောင်း ထိပ်တွေမှာ ခက်ရင်းနှစ်ခွပုံ ဖြစ်နေခြင်း ပါပဲ။

ဒီလို သင်္ကေတမျိုး ရှိနေရင် လမ်း ကြောင်း နှေးဒိန်သွားအောင် ဖြစ်စေ၊ အဲဒီနေရာမှာ စတုဝံသင်္ကေတ ပေါ်လာ ပြီး တာတွယ်နိုင်အောင် ဖြစ်စေ အကျင့် စရိုက်ကောင်း၊ အဓိဋ္ဌာန်ကောင်းတွေ ကြိုတင် စွဲမြဲလုပ်ဖို့ လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အိမ်ထောင်ရေးက ကောင်းမလား၊ ဆိုးမလား"

ဆိုတဲ့ မေးခွန်းမျိုးကို အိမ်ထောင်ပြုဖို့ ရည်ရွယ်ထားတဲ့ မိန်းမပျိုလေးတွေနဲ့ အိမ်ထောင်ကျတာ သိပ်မကြာသေးတဲ့ အမျိုးသမီးတွေက အမေးများတတ်ပါတယ်။

ယခု ဖော်ပြထားတဲ့ ဘယ်လက်ဖဝါးပုံစံဟာ အမျိုးသမီးတစ်ဦးရဲ့ ဘယ်လက်ဖဝါးပုံစံ ဖြစ်ပါတယ်။

လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်မှာ အလျားလိုက် ကန့်လန့်ရှိနေတဲ့ အိမ်ထောင်ရေးလမ်းကြောင်းကို 'က' အက္ခရာနဲ့ ညွှန်ပြပေးထားပါတယ်။ သေချာကြည့်ရှုပါ။

အိမ်ထောင်ရေးလမ်းရဲ့ အောက်ဘက်ကို လမ်းခွဲမျှင်ကလေးတွေ ကျဆင်းနေတာ တွေ့ရမယ်။

အဲဒီသင်္ကေတဟာ ခင်ပွန်းကို အားမကိုးရခြင်း၊ ခင်ပွန်း ကျန်းမာရေး မကောင်းခြင်း၊ ခင်ပွန်းအတွက် ပူပန်သောက ရောက်ရခြင်းတွေ ဖြစ်တတ်တယ်။



ဘယ်လက်ပုံစံ

အဲဒီအိမ်ထောင်ရေးလမ်းရဲ့ အောက်ဘက်ကို ခွဲဆင်းတဲ့ လမ်းကြောင်းမျှင်ကလေးများအနက် လမ်းကြောင်းမျှင် တစ်ခုကို ဒေါင်လိုက်မျဉ်းတစ်ကြောင်းက ကြက်ခြေခတ်လို ထိဖြတ်ထားတယ်။

အဲဒီသင်္ကေတဟာ ခင်ပွန်းဖြစ်သူဟာ ကျန်းမာရေးကြောင့်ဖြစ်စေ၊ မတော်တဆ ဘေးဥပဒ်ကြောင့်ဖြစ်စေ ရုတ်တရက် ကွယ်လွန်ပြီး လက္ခဏာရှင်ဟာ မုဆိုးမဘဝ ရောက်ရတတ်ပါတယ်။

အိမ်ထောင်ရေးလမ်းရဲ့ ထိပ်မှာ ခက်ရင်းခွသဏ္ဌာန် သင်္ကေတ တစ်ခုကို တွေ့ရတယ်။

အဲဒီသင်္ကေတကြောင့် သူမရဲ့ ခင်ပွန်းဟာ ရုပ်ဝေး ပြည်ပနိုင်ငံခြားမှာ သွားရောက်ကာ အလုပ်လုပ်ကိုင်ရင်း ရုတ်တရက် ကံဆိုးပြီးမှောင်ကျရောက်တတ်ပါတယ်။

ဒီလိုသင်္ကေတမျိုး နီးစပ် တူညီတာ တွေ့ရင် အိမ်ထောင်ရေး ကံဆိုးတတ်ကြောင်း ဟောရမယ်။ မမှားပါဘူး။

ဆရာကြီးဦးအောင်မြိုင် (ဥပဒေဘွဲ့)

❑

www.burmeseclassic.com

www.burmeseclassic.com



နက္ခတ်သိပ္ပံပညာနှင့် နက္ခတ်ဗေဒင်ပညာ

ဒေါက်ဘုန်းမြင့်(ကချင်မြေ)

နက္ခတ်ပညာ

ရှေးဦးမူလအစက နက္ခတ်ပညာရပ်သည် နက္ခတ်ဗေဒင်ပညာနှင့် နက္ခတ်သိပ္ပံပညာ ဟူ၍ တူညီသော အမြင်သဘောနှင့် တစ်ခရီးတည်း အတူသွားခဲ့သော ပညာရပ်ဖြစ်ခဲ့သည်။

ထို့နောက် ကမ္ဘာမြေကြီးကို ဗဟိုပြုသော အယူအဆနှင့် နေမင်းကြီးကို ဗဟိုပြုသည်ဟူသော အခြေခံသဘောတရားပေါ် အကြောင်းပြု၍ လမ်းခွဲခဲ့ကြခြင်း ဖြစ်သည်။ ဝိဇ္ဇာနှင့် သိပ္ပံလိုင်း ခွဲသွားခြင်း ဖြစ်ပါသည်။

ထိုအချိန်မှစ၍ နက္ခတ်သိပ္ပံပညာရှင်တို့သည် ရှေ့ဖြစ်နောက်ဖြစ် ဟောကြားခြင်းကို စွန့်လွှတ်လိုက်ကြပြီး သိပ္ပံပညာရပ်ကိုသာ အခြေခံ၍ ရှေ့သို့ချီတက်သွားခဲ့ကြပြီး နက္ခတ်ဗေဒင်ပညာရှင်တို့ကမူ စနစ်ဟောင်းထဲ၌ ဆက်လက်ကျန်ရစ်ခဲ့ကြခြင်း ဖြစ်ပေသည်။

ဘီစီ ၃၅၀ ခန့်က နက္ခတ်ပညာရှင်ကြီး ယူဒူးဆပ်က အရာဝတ္ထုမှန်သမျှသည် ကမ္ဘာကြီးကို ဗဟိုပြု၍ လည်ပတ်နေကြသည်ဟူသော အဆိုကို တင်ပြလက်ခံခဲ့ကြပြီး နောက်နှစ်ပေါင်းတစ်ထောင် ကြာညောင်းလာသည့်အခါ အရပ္ပတာချုပ်စမည်သော နက္ခတ်ပညာရှင်ကြီးက ကမ္ဘာကြီးအပါအဝင် ဂြိုဟ်များအားလုံးသည် နေမင်းကြီးကို ဗဟိုပြု၍ အချိန်မှန်ထိန်းချုပ်လည်ပတ်နေကြကြောင်း အမှန်ကို တင်ပြနိုင်ခဲ့သည်။

သို့သော် ထိုခေတ်က အရှိန်အဝါကြီးမားသော သိပ္ပံပညာရှင်ကြီး တိုလမိက ကမ္ဘာဗဟိုပြုစိဒ္ဓတို့ ယုံကြည်ထောက်ခံခဲ့သဖြင့် ကမ္ဘာဗဟိုပြုသီအိုရီသည် ဝညာရှင်လောကၦ အသာစီးရ ခိုင်မာခဲ့ပါသည်။

အေဒီ ၁၆ ရာစုတွင် ပိုလန်နိုင်ငံသား နက္ခတ်ပညာရှင်ကြီး ကော်ပါးနီးကပ် (COPERNICUS-1473-1543) ဆိုသူက ဂြိုဟ်အားလုံးတို့သည် နေမင်းကြီးကို ဗဟိုပြု၍ ရွေ့လျားနေကြသည်ဟူသော အဆိုကို ထပ်မံထောက်ခံတင်ပြခဲ့သည်။

ထိုအဆိုကို ကမ္ဘာကျော်နက္ခတ်ပညာရှင်ကြီး ဂယ်လီလီယို (GALILEO GALILEI-1564-1642) အပါအဝင် သိပ္ပံပညာရှင်များအားလုံးက လက်ခံအတည်ပြုခဲ့သောကြောင့် အရိုးဆွေးနေသော ကမ္ဘာဗဟိုပြုသီအိုရီကို နေမင်းဗဟိုပြုသီအိုရီက အနိုင်ရသွားခဲ့ခြင်း ဖြစ်သည်။

၂၁ ရာစုထဲတွင် နက္ခတ်သိပ္ပံပညာရှင်တို့က နေ့ဝိသားစု စကြဝဠာကြီးကို ဝုဝံကြယ်ပေါ်မှ အပေါ်စီး ကြည့်ရှုလေ့လာနိုင်ကြပြီး နက္ခတ်ဗေဒပညာရှင်တို့ကမူ မြေကမ္ဘာကြီးထဲမှ အောက်စီးလှမ်း၍ လေ့လာနေခဲ့ကြသည်ကို သရော်ခဲ့ခြင်းများ ရှိခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ သိပ္ပံပညာရပ်များသည် လက်တွေ့ပိုင်းတို့ ဦးဆောင်ပြီး လူသားများ၏ တိုးတက်အောင်မြင်မှုများကို ပိုမိုတိုးတက်စေပြီး ဝိဇ္ဇာပညာရပ်များသည်လည်း

www.burmeseclassic.com

www.burmeseclassic.com

လူသဘာဝစရာများနှင့် စိတ်ပိုင်းဆိုင်ရာများကို အကျိုးပြုလျက် ရှိနေပါသည်။ ထို့ကြောင့် သိပ္ပံပညာနှင့် ဝိဇ္ဇာပညာ နှစ်ရပ်စလုံးသည် သူ့အပိုင်းနှင့်သူ လောကကြီးကို တိုးတက်ဖွံ့ဖြိုးစေနိုင်ရန် လိုအပ်သော ပညာရပ်ဖြစ်သည်ဟု ဆိုရပေမည်။

နက္ခတ်သိပ္ပံပညာ

နက္ခတ်သိပ္ပံသဘိုင်းသည် နက္ခတ်ဗေဒင်ပညာနှင့် လမ်းခွဲသွားပြီးနောက် နက္ခတ်ပညာအတွေးအမြင်သစ်များထဲတွင် လတ်တွေ့မကျသော လွန်စွာ စိတ်ကူးယဉ်ဆန်လွန်းသည့် နတ်သားများ နတ်သမီးများနှင့် တိရစ္ဆာန်များ၏ ထွင်လုံးဖြီးလုံးများကို ဝင်ရောက်ပါဝင် ပတ်သက်ခွင့် မပြုတော့ဘဲ အကောင်နှင့် အထည်နှင့် မြင်နိုင်တွေ့နိုင်သော ဂြိုဟ်၊ ကြယ်၊ နက္ခတ်တာရာများကိုသာ လက်တွေ့အားပြု လေ့လာ၍ နက္ခတ်သိပ္ပံပညာများကို ဆက်လက်ထိန်းသိမ်း ဖွံ့ဖြိုးတိုးတက်စေခြင်းကိုသာ တစိုက်မှတ်မှတ် ကြိုးစားခဲ့ကြသည်။

စကြဝဠာကြီး၏ ပြုပြင်ပြောင်းလဲလှုပ်ရှားမှု အမှန်များကို စူးစမ်းလေ့လာခြင်း၊ အာကာသ သုတေသနပြုခြင်း၊ ဂြိုဟ်တုလွှတ်တင်ခြင်း၊ နေစကြဝဠာကြီးနှင့် ဂြိုဟ်သိမ် ဂြိုဟ်ငယ်များကို အနုစိတ် လေ့လာခြင်းများသည် နက္ခတ်သိပ္ပံပညာရပ်၏ အစိတ်အပိုင်းဖြစ်သည်။

အမျိုးမျိုးသော အတွေးအခေါ်များကို တွေးတော်ကြံဆကြ၍ ဂြိုဟ်သွား ဂြိုဟ်လာ ဂြိုဟ်အိပ် ဂြိုဟ်နား ဂြိုဟ်ယှဉ် ဂြိုဟ်မြင်များကို အသေးစိတ်တွက်ချက် အဖြေရှာပြီး အကောင်းအဆိုး ဟောပြောခြင်းသည် နက္ခတ်ဗေဒင်ပညာ၏ အစိတ်အပိုင်း ဝိဇ္ဇာပညာလိုင်း ဖြစ်လာသည်။

သို့ဖြစ်၍ လက်တွေ့ဆန်သော နက္ခတ်သိပ္ပံပညာရပ်သည် အာကာသဆိုင်ရာ လောကီပညာရပ်များကို လျင်မြန်သော အရှိန်အဟုန်ဖြင့် လူသမိုင်းကို တိုးတက်ဖွံ့ဖြိုးခေတ်မီစေနိုင်မည် ဖြစ်သော်လည်း ယုတ္တိမတန် စိတ်ကူးယဉ်ဆန်သည်ဟု ယူဆထားသော နက္ခတ်ဗေဒင်ပညာရပ်များကိုလည်း ဝိဇ္ဇာပညာရပ်တစ်ခုအဖြစ် မပစ်ပယ်ဘဲ ဆက်လက်၍ လက်တွဲ တံခါးဖွင့် ကြိုဆိုပြီး တိုးတက်ဖွံ့ဖြိုးစေရမည်ဟူ၍ ခံယူကြလေသည်။

အတွေးအခေါ် သဘောတရားများသည် လက်တွေ့သဘောတရားကို ဦးဆောင်၍ လက်တွေ့သဘောတရား၏ ဖွံ့ဖြိုးတိုးတက်လာမှုများသည်လည်း အတွေးအခေါ် ဝိဇ္ဇာပညာရပ်များကို ပိုမိုတိုးတက် ရင့်ကျက်စေပါသည်။အကောင်းထဲမှ အဆိုးသံသရာလည်နိုင်သလို အဆိုးများထဲမှလည်း အကောင်းများကို ကျင့်ယူနိုင်သဖြင့် ပညာရပ်များအားလုံးကို ရွှင်သန်တိုးတက် ဖွံ့ဖြိုးစေခြင်းသည် ယဉ်ကျေးသော လူသမိုင်း၏ သင်္ကေတပြယုဂ် ဖြစ်နေပေတော့သည်။

နက္ခတ်ဗေဒင်ပညာ

ဝေါဟာရစကားအရ နက္ခတ်ဗေဒင် မည်သည်မှာ ထက်ကောင်းကင် စကြဝဠာအတွင်း၌ မိမိတို့၏ ဂြိုဟ်ပတ်လမ်းကြောင်းပေါ်တွင် အဓိသဟဲပြု လှည့်ပတ်သွားလာနေကြသော ဂြိုဟ်ကြီး ဂြိုဟ်ငယ်များနှင့် နက္ခတ် ကြယ်တာရာများကို အညီအမျှ ရာသီအိမ် (၁၂)အိမ် ပိုင်းခြားဖွဲ့ဆို၍ နက္ခတ်ဇာတာဖွဲ့ကာ ဂြိုဟ်မင်း (၁၀)ပါး၊ နက္ခတ် (၂၇)လုံးတို့၏ အစီးအနင်း အမြင်အယှဉ် အပူးအခွာ အငုပ်အထွန်း အသွားအလာများကို မွေးဖွားချိန်၏ လာဘ်စန်းပေါ်၌ အသေးစိတ် တွက်ချက်ယူဆရသော ပညာရပ်ဖြစ်သည်။

နက္ခတ်ဗေဒင်ပညာသည် တိမ်မယောင်နှင့် နက်ပြီး လွယ်မယောင်နှင့် ခက်သော ပညာမျိုးဖြစ်သလို ပညာအထွာအလွန်ကျယ်ပြန့်ပြီး အမျိုးမျိုး အဖုံဖုံ တွေးဆဟောကြားနိုင်သော ပညာရပ်တစ်ဆူလည်း ဖြစ်သည်။

ဂြိုဟ်နက္ခတ် တာရာများသည် လူသတ္တဝါအပေါင်းတို့နှင့် လောတသုံးပါးတို့၏ သဘာဝတရားများပေါ်၌ ထိရောက်သော အတိုင်းအတာစွမ်းအားများဖြင့် ပြုပြင်ထိန်းကျောင်းပေးနိုင်သော တန်ခိုးသတ္တိထူးများ ကိန်းဝပ်နေသည်ဟူသော ယုံကြည်မှုနှင့် ကံကြမ္မာ အကောင်းအဆိုးကို ညွှန်ပြပေးနိုင်သည်ဟူသော အယူအဆများကြောင့် နက္ခတ်ဗေဒင်ပညာ ထွန်းကားလာခဲ့ခြင်း ဖြစ်သည်။

နက္ခတ်ဗေဒင်ပညာဖြင့် အဟောထုတ်ကြရာတွင် လူပုဂ္ဂိုလ် တစ်ဦးနှင့်တစ်ဦး၏ နက္ခတ်ဇာတာသည် တစ်ထပ်တည်း တူညီသည်ဟူ၍ မရှိနိုင်သလို နက္ခတ်ဗေဒင်ဆရာတစ်ဦးနှင့်တစ်ဦး၏ ဇာတာဟောကိန်းများသည်လည်း တူညီမှု ရှိကြသလို မတူကွဲပြားသည်လည်း ရှိတတ်ပါသည်။ နက္ခတ်ဇာတာဖွဲ့၍ အစင်အကျယ် တွက်ချက်ယူပြီး အသေးစိတ် ဟောပြောခြင်းဖြင့် လူတစ်ဦး တစ်ယောက်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကံကြမ္မာ အဆိုးအကောင်းကို ရာမိုင်နှုန်း ပြည့်နီးပါး မှန်အောင် အဟောထုတ်နိုင်သော်လည်း တစ်ခါတစ်ရံ လက်တွေ့နှင့် ဟောကိန်း ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ရသည့် အဖြစ်မျိုးနှင့်လည်း ကြုံရတတ်ပါသည်။

နက္ခတ်ပညာ တွက်နည်းများသည် လွန်စွာကျယ်ပြန့်ပြီး တွက်နည်းပိုင်းနှင့် ဟောနည်းပိုင်းဟူ၍ နှစ်ပိုင်းရှိပြန်ပါသည်။ လူတစ်ဦးချင်းအတွက်နှင့် မင်းရေးမင်းရာ၊ ရာသီဥတု၊ ကပ်ဘေးအန္တရာယ် အမျိုးမျိုးကိုပါမကျန် လောကီရေးရာ အဖြာဖြာများကို တွက်ချက်ဟောပြောနိုင်သော ပညာရပ်ဖြစ်သည်။

အတွက်အချက်ပိုင်းသည် သိပ္ပံ၏ အပိုင်းဖြစ်ပြီး အဟောပိုင်းသည် ဝိဇ္ဇာ၏ အပိုင်းဖြစ်ပါသည်။ တုန်ကုန်တင်ပြရလျှင် နက္ခတ်ဗေဒင်ပညာသည် အားကိုးအားထားလောက်သော ပညာရပ်တစ်ခုဖြစ်သလို တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအမျိုးမျိုးကြောင့် ရှက်ပြုံးလေးတောင် မပြုံးနိုင်အောင် လွဲမှားတတ်သော အားနည်းချက်များကိုလည်း ကြုံတွေ့ ရင်ဆိုင်ရတတ်ပါသည်။

နက္ခတ်ဗေဒာခြင်း

ခေတ်ကာလ ကြာရှည်လာသည်နှင့်အမျှ နက္ခတ်ဗေဒင်ယုံကြည်မှုနှင့် ဟောပြောမှုများသည် တိမ်မြုပ်အားနည်းသွားခြင်း မရှိဘဲ ပိုမိုအားကောင်းလာပြီး ကမ္ဘာနှင့်အဝန်းထုံကြည်လင်ခံလာသူများ တစ်နေ့တခြား တိုးပွားလျက်ပင် ရှိနေလေ၏။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် အဇရေပါသော အခန်းကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းဖော်ပြနေခြင်းကို ထောက်ရှုနိုင်ကြမည် ဖြစ်ပါသည်။

နက္ခတ်ဗေဒင်ပညာရပ်၏ ရှေ့အနာဂတ်သည် လူသားများအတွက် စာစံနည်းနည်းဖြင့် အကျိုးပြုပညာရပ် တစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးနေဦးမည်သာ ဖြစ်ပေ၏။ အလွန်ခေတ်မီတိုးတက်နေသော နိုင်ငံကြီးများတွင် ဗေဒင် မေးမြန်းကြသူများ လျော့နည်းမသွားသလို အခြားဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နှေးကွေးသော ဒေသများ၌လည်း ဗေဒင်ယုံသူ၊ ဗေဒင်လမ်းညွှန်မှု ခံယူကြသူများ အုံနှင့်ကျင်းနှင့် တိုးတက်နေသောကြောင့် ဖြစ်၏။

လူသားတို့သည် ထက်ကောင်းကင် အံ့ကာသ ပင်လယ်ပြင်ထဲ၌ မှိတ်တုတ်မှိတ်တုတ်နှင့် လင်းလက်ရွှေ့လျားနေသော အီလင်းလုံးကလေးများသည် မမြင်မတွေ့နိုင်သော လျှို့ဝှက်ဆန်းကြယ် ဂုဏ်သတ္တိစွမ်းအားများဖြင့် မိမိတို့၏ ရှေ့ဖြစ်၊ နောက်ဖြစ် ဘဝကံကြမ္မာ အကောင်းအဆိုးများကို စိုးမိုးဆက်နွယ် ကြိုးကိုင်ဖန်တီးပေးနေသည်ဟူသော အတွေးအမြင် ယုံကြည်မှုများကို စွန့်လွှတ်နိုင်ကြဦးမည် မဟုတ်ပါ။

ထို့ကြောင့် နက္ခတ်ဗေဒင်ဟော်ပြောသော အတတ်ပညာရပ်သည်လည်း တိမ်ကောပျောက်ကွယ်သွားမည်မဟုတ်ဘဲ ဆက်၍ ခရီးဆက် ထွန်းကားနေမည်သာဖြစ်၏။ နက္ခတ်ဗေဒင်ယုံကြည်သူများနှင့် ဟောကြားသူများ၏ ဝိညာဉ်နှလုံးသားထဲ စွဲမြဲစွာ တည်ရှိနေဦးမည်သာ ဖြစ်ပါသည်။

နက္ခတ်ဗေဒင်ယုံကြည်မှု

စင်ကြယ်သော ပါလဒုတ္တာပြာရောင် ကောင်းကင်ပြာကြီးထဲ၌ ဟန်ချက်ညီညီဖြင့် လှည့်ပတ်သွားလာနေကြသော ဂြိုဟ်၊ ကြယ်၊ နက္ခတ်တာရာများသည် လူသား တစ်ဦးချင်းကို သိကြမည်မဟုတ်သော်လည်း လူသားတို့ကမူ လွန်စွာယုံကြည်စိတ်ဝင်စားလျက် ရှိကြလေ၏။ ယူရေနပ်စ်ဂြိုဟ်ကြီးကို ရှာဖွေတွေ့ရှိမိက မွေးဖွားခဲ့သူ အိုက်ဆက်နယူတန် (ISAAC NEWTON. 1642-1727) က နက္ခတ်ဗေဒင်ပညာသည် ယုတ္တိသန်သည်ဖြစ်စေ၊ မသန်သည်ဖြစ်စေ၊ ကမ္ဘာကြီးကို ဗဟိုပြု၍ ဟောကိန်းထုတ်ရသည်ဖြစ်စေ၊ နေမင်းကြီးကို ဗဟိုပြု၍ တွက်ချက်ဟောပြောရသည်ဖြစ်စေ ကဲ့ကြမ္မာဟောပြောရသော ပညာရပ်တစ်ခုအဖြစ် ဆက်လက်ရှင်သန် တည်ရှိနေမည်သာဖြစ်သည်ဟူ၍ ဟောကိန်းထုတ်ခဲ့ဖူးသည်ဟူ၏။

စိတ်ပညာအရ လူသည် အားကိုးရှာတတ်သော သတ္တဝါဖြစ်သည်။ အိုက်ဆက်နယူတန်သည် (THE LAW OF UNIVERSAL GRAVITATION) မြေကမ္ဘာ၏ ဆွဲအား ဥပဒေကို ဖော်ထုတ်ပေးခဲ့သော ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး ဖြစ်သည်။ ထို့ပြင် ကမ္ဘာအကြီးဆုံး နက္ခတ်ဗေဒပညာရှင်ကြီး အဖြစ် ဆိုးမြောက်ခံရသူဖြစ်ပြီး ကြယ်များ၏ သဘာဝကို ယုတ္တိရှိအောင် သခ်ၤာဖြင့် ထုတ်ဖော်ပေးနိုင်ခဲ့သူလည်း နယူတန်ဖြစ်ပါသည်။

သို့ဖြစ်၍ မည်သို့ပင်ဆိုစေကာမူ နက္ခတ်ဗေဒင်ပညာသည် သခ်ၤာပိုင်း၊ သိပ္ပံပညာပိုင်းနှင့် အတွေးအခေါ်ပညာပိုင်းများအရ အဆင့်မြင့်သော တွက်ချက် ဟောပြောနည်း ပညာတစ်ရပ်အဖြစ် နက္ခတ္တဗေဒပညာရှင်များ အားလုံးနှင့် ကမ္ဘာကျော်သိပ္ပံပညာရှင်တို့က တညီတညွတ်တည်းထောက်ခံအတည်ပြုထားခဲ့သော ကျမ်းခိုင်ကျမ်းဂန် ပညာရပ်ဖြစ်ပါသည်။

အဆင့်မြင့်ပညာရပ် ဖြစ်သောကြောင့် နက္ခတ်ဗေဒင်ပညာအပေါ် ဆက်၍ ယုံကြည်အားကိုးကြသူများ၊ ဆက်၍ ဆက်၍ အားထားမေးမြန်းကြသူများနှင့် အားပေး ထောက်ခံကြသူများ တိုးပွားခိုင်မာနေဦးမည်ဖြစ်ပြီး ထောင့်စုံမှ ပါဝင်နေဦးမည်မှာ ကေန်မလွဲပါပေ။

နက္ခတ်ပညာကို သခ်ၤာနည်းအခြေခံ၌ ခေတ်ကာလနှင့်အညီ သိပ္ပံပညာရပ်နှင့် ဝိဇ္ဇာပညာရပ် နှစ်ပါးစလုံးကို ဟန်ချက်ညီညီ တွဲဖက်ပေါင်းစပ်၍ ရှေ့ဖြစ် နောက်ဖြစ် ဟောပြောရသော လူသားအကျိုးပြုပညာရပ်အဖြစ် ဆက်လက်ခရီးဆက်နေမည် ဖြစ်သည်။ နက္ခတ်ပညာရှင်ကြီး ကော်ပါးနိကပ်၏ သီအိုရီများသည် နက္ခတ်ပညာ ပညာရှင်များဖြစ်ကြသော ဂယ်လီလီယိုနှင့် ကက်ပလာတို့၏ ကျမ်းများအတွက် အရေးပါသော အချိန်ဒါန်းရစေခဲ့ပြီး ယင်း နက္ခတ်ကျမ်းများသည် နယူတန်ဆိုသော မဟာပညာရှိကြီးကို ပေါ်ထွန်းစေခဲ့ခြင်းဖြစ်သည်။

နက္ခတ်ပညာ၏ တိတ္ထသော တိုးတက်မှုများသည် အလွန်ကျယ်ပြန့်သော သိပ္ပံပညာ၏ အစဖြစ်စေခဲ့သလို ဝိဇ္ဇာပညာရပ်အတွေးအခေါ်များကိုလည်း ဆက်လက်ဖွံ့ဖြိုးစေခဲ့ပါသည်။

အောင်ဘုန်မြင့် (ကချင်မြေ)

❑

www.burmeseclassic.com

www.burmeseclassic.com



နတ်ဝိဇ္ဇာများ ပေးသော အလိုတော်ပြည့် ဂါထာတော်

မင်းသန့်ဦး(ကွမ်းခြံကုန်း)

မွန်ပြည်နယ် ဘီးလင်းတောင်စွန်း ရတနာတောင် ပန်းတနော် ကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေထိုင်သော မိုးကုတ်ဝိပဿနာ ဒုတိယဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းနည်းပြ နယ်လှည့် ဓမ္မကထိက သာသနဓဇဆရာတော်ကြီး ဦးတေဇိန္ဒ၏ အထူးစီရင်တော်မူသော အလိုတော်ပြည့်ဂါထာတော် ဖြစ်သည်။

ဆရာတော်ကြီးသည် ထူးခြားသော ညတစ်ညတွင် ဂါထာတော်ကို နှုတ်တိုက်ချပေးနေသော ပုဂ္ဂိုလ်ထူးတစ်ပါး၏ အသံကို အလွတ်အရ ကျက်မှတ်နိုင်ခဲ့သည်။ ဂါထာတော်ကို အင်းကွက်သွင်း၍လည်း စည်းကမ်းတကျ သင်ပေးခဲ့သည်။

ဂါထာတော်၏ အနက်အဖွင့်ကို ဆရာတော်ကြီး ကိုယ်တိုင် ဖွင့်ဆိုခဲ့သည်။

ရတနာတောင်သည် ဘီးလင်း တောင်စွန်းမြို့၏ သီးခြားတောင်အဖြစ် ၂၅၈က အကျယ်အဝန်း နတ်ဝိဇ္ဇာတို့ ပျော်စံရာတောင်ဖြစ်သည်။

ဆရာတော်ကြီး၏ ထူးခြားချက်မှာ ပရိတ်ကြီး (၁၁) သုတ်ကို ပါဠိအနက် အလွတ်ပြန်ဆို၍ ညစဉ် ကျိန်းစက်လေ့ရှိသည်။

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန် ငါးမျိုးသော ဝိဇ္ဇာအတတ်တို့တွင် မန္တန်ဝိဇ္ဇာသည် အချုပ်ဟု ဖွင့်ဆိုသည်။

ရတနာတောင် ပန်းတနော် ကျောင်းဝင်းအတွင်း ရှိသော မန္တန်ဝိဇ္ဇာ သိဒ္ဓိပေါက် ဆရာတော်ဦးဝါယမ အုတ်ဂူစေတီတော်၊ မနောမဟိဒ္ဓိစေတိဂံးတော်ကြီး ဘိုးတော်ပွင့်၊ သစ္စာမဏ္ဍိုင်စေတီတော်၊ အထုတ်တစ်ရာဖြင့် သာသနာပြုစေတီတော်များ တည်ခဲ့သော ဆရာတော်ကြီး၏ ဆုတောင်းပြည့်စေတီတော်တို့သည် ရှေးယခင်မှ ရှိနှင့်ပြီးဖြစ်သည်။

ဆရာတော်ကြီး ဦးတေဇိန္ဒ ရောက်လာသော်အခါ တောင်စောင့် ဘိုးဘိုးကြီး၊ သိကြား၊ နတ်ဝိဇ္ဇာတို့ ဓာတ်ခန်းကြီး၊ ကျောင်း၊ သိမ်၊ ဓမ္မာရုံများ ပြုပြင်ဆောက်လုပ်ခြင်းနှင့်အတူ လမ်း(၄၀) ပုလင်းဦးလှမြင့်၊ ဒေါ်သန်းသန်းဝင်း ကောင်းမှုစေတီတော်တစ်ဆူ တရားစခန်းဓမ္မာရုံကြီး၊ ထို့ပြင် မုခ်ဦးအဝင် ကုန်းမြင့်တွင် နဂါးရုံစေတီနှင့် စေတီတော်များ တည်ထားနိုင်ခဲ့သည်။ ဆရာတော်ကြီးသည် နတ်ဝိဇ္ဇာများ ပေးထားသော အလိုတော်ပြည့်ဂါထာတော် နေ့စဉ် ရွတ်ဖတ်ပူဇော်လျက် အခက်အခဲများစွာ ကျော်လွှားရင်း သာသနာပြုနေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး မေတ္တာရိပ်အောက် ရောက်သော လမ်း(၄၀) ပုလင်းဦးလှမြင့်၊ ဒေါ်သန်းသန်းဝင်းတို့သည်လည်း အလိုတော်ပြည့်ဂါထာ ရွတ်ဖတ်ပူဇော်ရင်း စီးပွားရေးလုပ်ငန်းများ ပွင့်လန်း၍ ကြီးပွားခြင်းတို့သည် ဆရာ၊ ဒကာ လက်တွဲမှု သဒ္ဒါတရားတို့ ဖြစ်သည်။

နတ်ဝိဇ္ဇာများပေးသော အလိုတော်ပြည့် ဂါထာတော်မှာ -

ဣန္ဒေန သမ္မန္နံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။
ဧတေန ပုညတေဇေန ဣစ္ဆာ ပူရေန္တု
မေ သဒါ။

ဣန္ဒေန - လိုရာဟူသမျှ အဝဝန့်၊ သမ္မန္နံ - လုံးဝကုံလုံ ပြည့်စုံတော်မူသော၊ ဟုံ - အားလုံး သိမြင် မြတ်စွာဘုရားရှင်ကို၊ အဟံ - ဘုရား တပည့်တော်သည်၊ သဗ္ဗဒါ- နေ့စဉ်မပြတ် အခါခပ်သိမ်း၊ ဝန္ဒာမိ - ရှိခိုးပူဇော်ပါ၏၊ အရှင်ဘုရား။

ဧတေန ပုညတေဇေန - ဤသို့ ရှိခိုးပူဇော်ပါရ ပုညတေဇော် အာနုဘော်ကြောင့်၊ မေ - ဘုရား တပည့်တော်အား၊ သဒါ - နေ့ညမပြတ် အခါခပ်သိမ်း၊ ဣစ္ဆာ - လိုရာဟူသမျှ အဝဝသည်၊ ပူရေန္တု - လုံးဝကုံလုံ ပြည့်စုံပါစေသတည်း။

(ဆရာတော်၏ တရားဟော ပလ္လင်ဖွင့် ဂါထာလည်း ဖြစ်သည်)

မွေးနေ့တိုင်း- တနင်္ဂနွေသားသမီး - (၁၀၈)ခေါက်။
နေ့စဉ်- (၆) ခေါက်။
မွေးနေ့တိုင်း- တနင်္လာသားသမီး - (၁၃၅)ခေါက်။
နေ့စဉ်- (၁၅) ခေါက်။
မွေးနေ့တိုင်း- အင်္ဂါသားသမီး- (၁၄၄)ခေါက်။
နေ့စဉ်- (၈) ခေါက်။
မွေးနေ့တိုင်း- ဗုဒ္ဓဟူးသားသမီး- (၁၅၃)ခေါက်။
နေ့စဉ်- (၁၇) ခေါက်။
မွေးနေ့တိုင်း- ကြာသပတေးသားသမီး-(၁၇၀)ခေါက်။
နေ့စဉ်- (၁၉) ခေါက်။
မွေးနေ့တိုင်း- သောကြာသားသမီး- (၁၂၆)ခေါက်။
နေ့စဉ်- (၂၁) ခေါက်။
မွေးနေ့တိုင်း- စနေသားသမီး- (၁၈၀)ခေါက်။
နေ့စဉ်- (၁၀) ခေါက်။

(၇)နေ့ သားသမီးများအားလုံး ဖော်ပြပါ အစီအစဉ်အတိုင်း ယုံကြည်သည့် သဒ္ဒါတရား၊ ဖြူစင်ဖြောင့်မတ်သည့် စိတ်ထား၊ ကြိုးစားအားထုတ်ခြင်း ဝိရိယ၊ ဆင်ခြင်ဉာဏ် ပညာများဖြင့် အချိန်မှန် ရွတ်ဖတ်ပူဇော် ကုသိုလ်တော်ပွားများခြင်းဖြင့် အကျိုးကျေးဇူး များစေသည်။

အလိုတော်ပြည့် ဂါထာ စီရင်ပုံ



မွေးနေ့ ရွတ်ဖတ်ပူဇော်ပြီးလျှင် အလယ်တွက်၌ မွေးနံ့ရေးသွင်းထားပါ။ (လိုရာပြည့်ဝ မြတ်ဗုဒ္ဓဝုဏ်-ကိုယ်လုံးမြို့) အလယ်ကွက်၌ မွေးနံ့သွင်းထားခြင်းမှာ နှလုံးသားမှာ ဘုရား တည်ထားပြီး လိုရာ ပြည့်ဝ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို ကိုယ်လုံးမြို့ထားသည့် သဘော ဖြစ်သည်။

ဘီးလင်းမြို့နယ် ရတနာတောင် ဝန်းတနော်ကျောင်းတိုက် အောင်ခေမာရပ်ကွက် တောင်စွန်းမြို့ မကွေး အရှင်တေဇိန္ဒ သာသနာ့ဓဇမဟာစရိယ နယ်လှည့် ဓမ္မကထိက ဆရာတော်ကြီး၏ အလိုတော်ပြည့်ဂါထာတော် ပူဇော်ခြင်း ဖြင့် လိုရာသိဒ္ဓိ ပြီးပြည့်စုံစေသည်။

မင်းသန့်နိုင်(ကွမ်းပြုကုန်း)

www.burmeseclassic.com

www.burmeseclassic.com



နဂါးကိုးကောင်ကန့်ထက်မင်္ဂလာနှင့် နဂါးကိုးကောင်ဘုရား



ဗောမွန်လှု မြတ်ဘက်စတီးတော် အနောက်ဘက်မှမြင်

နဂါးကိုးကောင်ဆရာတော်၏
ဒေါင်စည် ဒေါင်မောင်း ဒေါင်ကြွင်းဝတ္ထု
ဇာတ်ယာဉ်

မင်းကွန်ခေတ် စစ်ကိုင်းတောင်ဘိုး

တစ်ခုသော ပြာသိုလပြည့်နေ့တွင် ကျွန်ုပ်သည် မန္တလေးသို့ အမေနေ့ အခမ်းအနားတက်ရောက်ရန် ရောက်ရှိလာခဲ့သည်။

အမေနေ့ အခမ်းအနားတွင် စာရေးဆရာ၊ ကဗျာဆရာများ၊ ရဟန်းစာဆို၊ လူစာဆို မြောက်မြားစွာနှင့် တွေ့ဆုံ၍ စကားပြောဆို ဆွေးနွေးခွင့်ရခဲ့သည်။

သို့တိုင် ကျွန်ုပ်သည် ကျွန်ုပ်နှင့် ရင်းနှီးခင်မင်သော မြို့သစ်သား စာရေးဆရာကို မတွေ့၍ မေးမြန်းရာ အိမ်နေရာ အပြောင်းအရွှေ့လုပ်နေ၍ မလာရောက်နိုင်ကြောင်း ကြားသိရသဖြင့် များစွာ စိတ်မကောင်းဖြစ်မိသည်။

ကျွန်ုပ်သည် မြို့သစ်သား စာရေးဆရာနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ ဆယ့်ငါးနှစ်၊ နှစ်နှစ်ဆယ်နီးပါးမျှ ရှိပြီဖြစ်သည်။ ကျွန်ုပ်သည် သူနှင့်အတူ ရွှေအောင်လံမဂ္ဂဇင်းတွင်လည်းကောင်း၊ ဂန္ဓိရမဂ္ဂဇင်းတွင် လည်းကောင်း၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင်လည်းကောင်း မကြာခဏဆိုသလို အတူပါဝင် ရေးသားခဲ့ဖူးပြီး လူချင်းလည်း မကြာခဏ ရင်းနှီးစွာ ပြောဆိုဆက်ဆံခဲ့ဖူး၏။ ခရီးလည်း အတူထွက်ဖူး၏။ ထမင်းလည်း အတူလက်စုံစားဖူး၏။

သူသည် သူတစ်ပါး၏ ဒုက္ခသုက္ခကို ဝေမျှခံစားတတ်သူ၊ စာနာတတ်သူလည်း ဖြစ်၏။ သူတစ်ပါး၏ အခက်အခဲကို ကူညီဖြည့်စွမ်းတတ်သူလည်း ဖြစ်၏။ သို့တိုင် သူကိုယ်တိုင် အခက်အခဲတွေ့သောအခါတွင် မည်သူ့ကိုမျှ ဖွင့်ဟပြောကြားခြင်း၊ တိုင်ပင်ခြင်း၊ အကူအညီတောင်းခံခြင်းမရှိဘဲ သူ့ဒုက္ခကို သူဘာသာသူ ခါးစည်း၍ ခံလေ့ရှိ၏။

သူသည် ငါးကြင်း တနင်္ဂနွေသား၊ မရေစာဖွားဖြစ်သည့် အလျောက် ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့်လည်း ကြုံတွေ့ခဲ့ရ၏။ ဒုက္ခဆိုတာ ချိန်ခဲ့လား၊ ဆိုသည့် လူစားမျိုးလည်းဖြစ်၏။ သူသည် 'ကိုး' ဂဏန်းသမားဖြစ်၍ ဘဝတွင် အတိုက်အခံလည်းများ၏။

သူ၏ ချစ်စရာကောင်းသော အရည်အချင်းမှာ ရိုးသားမှုနှင့် အမှန်တရား မြတ်နိုးမှုပင်ဖြစ်သည်။ သို့သော် သူ၏ ရိုးသားမှုနှင့် အမှန်တရား ချစ်မြတ်နိုးမှုကပင် တစ်ခါတစ်ရံ လူအများနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၍ မလိုမုန်းထားမှု ခံရတတ်သည်။ မိုးခါးရေ မသောက်တတ်သဖြင့် အမြဲလိုလို အထီးကျန်ဆန်နေတတ်သည်။

ကျွန်ုပ်မှာ သူ၏ဘုကန့်လန့်နိုင်မှု၊ ရှုင်းရှင်းလင်းလင်း ပြောတတ်မှုကြောင့်ပင် သူ့ကို ပို၍ခင်နေမိသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် 'ကိုး' ဂဏန်းသမားဖြစ်၍ သူ၏ဘဝနှင့် ရပ်တည်မှုအပေါ် စာနာ နားလည်နိုင်ခဲ့သည်။

သို့ဖြင့် ကျွန်ုပ်လည်း အမေနေ့ စာပေဟောပြောပွဲ မပြီးခင်မှာပင် အဆိုပါ စာရေးဆရာရှိရာ မြို့သစ်သို့ ဆိုင်ကယ်တက္ကစီဌာန၌ ရောက်ရှိခဲ့သည်။

ကျွန်ုပ် ရောက်ရှိသွားသောအခါ သူသည် ရုတ်တရက် အံ့အားသင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဝမ်းသာအားရ နှုတ်ဆက်ကာ သစ်ပင်အောက်၌ နှစ်ယောက်သား ထိုင်ခုံများချ၍ ထိုင်ခဲ့ကြ၏။ သူ၏အိမ်သည် ဆောက်လက်စဖြစ်၍ နှစ်ထပ်အိမ်ကလေးဖြစ်သည်။ တင့်တောင်းတင့်တယ် နေချင်စဖွယ်ပင်ဖြစ်သည်။

သူ့ကိုကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်နေပုံရသည်။ သူသား ဖြစ်သူကို လက်ဖက်ရည် ဝယ်ခိုင်းပြီး ကျွန်ုပ်အား တိုက်သည်။

"ဘယ်နှယ့်လဲ စာရေးဆရာ၊ အိမ်တွေ ဘာတွေ ဆောက်လို့ပါလား၊ တော်တော်အဆင်ပြေနေပုံရတယ်"

ဟု ကျွန်ုပ်က ဆိုသောအခါ စာရေးဆရာက ခပ်ယဲ့ယဲ့လေး ပြုံးကာ -

"ကျွန်တော်စွမ်းလို့ မဟုတ်ပါဘူး၊ နဂါးကိုးကောင် ဆရာတော်ရဲ့ ကျေးဇူးကြောင့်ပါ"

ဟု ဆို၍ သူ့အဖြစ်အပျက်တချို့ကို ပြောပြခဲ့သည်။

"ဆရာသိတဲ့အတိုင်းပဲ၊ ကျွန်တော် မြို့သစ်က မြေကွက်ကို ဧရာင်းပြီး ပြင်ဦးလွင်ကို ပြောင်းနေခဲ့တယ်၊ ပြင်ဦးလွင်မှာ နှစ်နှစ်ကျော်၊ သုံးနှစ်လောက်နေပြီးတော့ ဝယ်ထားတဲ့ မြေကွက်လေး အသိမ်းခံရတာနဲ့ မန္တလေး ပြန်ရောက်ပြီး အိမ်ငှားဘဝနဲ့ နေခဲ့ရတာ၊ ဝယ်ထားတဲ့မြေကွက် ဆုံးရှုံးရုံတင်မကဘူး၊ အိမ်ထောင်ပရိဘောဂတွေရော၊ စာအုပ်တွေရော ဟိုရွှေ့ ဒီရွှေ့နဲ့ နာလန်ကို မထူနိုင်ခဲ့ဘူး"

"အင်း- ဟုတ်ပါရဲ့နော်၊ ဆရာ့အဖြစ်က မလွယ်လှပါလား၊ မေမြို့မှာကော နေထိုင်ရတာ အဆင်ပြေရဲ့လား"

"ပြေပြီလား ဆရာရယ်၊ မေမြို့ ရာသီဥတုကလည်းကောင်း၊ တောင်ကုန်း အနိမ့်အမြင့်လေးတွေပေါ်မှာလည်း နေစဉ်လမ်းလျှောက်ဖြစ်တော့ ကျန်းမာရေးလည်းကောင်း၊ ဟိုက စာပေမိတ်ဆွေတွေကလည်း နွေးနွေးထွေးထွေးဆိုတော့ စိတ်လည်းချမ်းသာတယ်၊ စာတွေလည်း အများကြီး ရေးဖြစ်ခဲ့တယ်ဗျာ"

"မန္တလေးပြန်ရောက်ပြီးတော့ကော"

"စာရေးဆရာဆိုတာ စာရေးနိုင်ရင် အဆင်ပြေတာပဲ ဆရာရဲ့၊ ဒါပေမဲ့ ရေးရသမျှ စာမူခလေးတွေက အိမ်စပေါ်တင်ရတာနဲ့၊ အပြောင်းအရွှေ့စရိတ်နဲ့ ကုန်ရုံတင်မကဘူး၊ စိတ်ပန်း လူပန်းဆိုတော့ စာမရေးဖြစ်ဘူး၊ စာမရေးဖြစ်တော့ အဆင်မပြေဘူးပေါ့၊ တစ်ခါတစ်ခါ အိမ်အပြောင်းအရွှေ့ လုပ်ပြီး တစ်လ၊ နှစ်လလောက် အခြေမကျသေးတော့ စာကောင်းကောင်းမရေးဖြစ်ဘူးဗျာ၊ တော်တော်လေး အရှိန်ပြန်ယူရတာ"

"ဒါနဲ့ နဂါးကိုးကောင်ဆရာတော်အကြောင်း ဆက်ပါဦး"

"ဟုတ်ကဲ့ ဒီလိုပါဆရာ၊ တစ်နေ့ ကျွန်တော်လည်း ဓတ္တဇင်းတွေ၊ စာစောင်တွေထဲမှာ ဖတ်ရတဲ့ အောင်ပင်လယ်က



လွန်ခဲ့သော အပြည်ပြည်ဆိုင်ရာကမ္ဘာ့၏ အောင်ရည်အောင်ယောင်း

ဆေးပန်းလှမြတ်ဘာက်စေတီတော် အလှူကုန်ငွေတွင် အောက်ဆုံးမှတ်ပုံတင်သော အမှုဆောင်အောင်အသင်းပြီး

www.burmeseclassic.com

www.burmeseclassic.com

လိုရာပြည့်တရားဆောင် ဆွမ်းစားဆောင်မှ အောင်စည်ကြီး



လိုရာပြည့်တရားဆောင် ဆွမ်းစားဆောင်မှ အောင်ဃောင်း

စောမွန်လှ မြတဘက်စေတီကိုသွားပြီး ဆရာတော်မြတ်ထံ ဆုတောင်းခဲ့တယ်၊ ခုလို စက်ဘီးကလေးချောက်ချက်နဲ့ ပြေးလွှားနေရတဲ့ ဘဝက လွတ်ရုပါစေလို့ပေါ့။ သိပ်မကြာပါဘူး၊ နဂါးကိုးကောင် ဆရာတော်ကပဲ ကျွန်တော့်အသက်အရွယ်နဲ့ စတ်ဘီးကလေးစီးပြီး ရွှန်းကန်နေရတာ မကြည့်ရက်လို့ဆိုပြီး ဆိုင်ကယ်တစ်စီး ပေးလာတယ်ဗျ"

"ဒါတော့ ဆရာရယ်၊ ဆရာ မြတဘက်ဘုရားမှာ ဆုတောင်းအဓိဋ္ဌာန်တာသိလို့၊ အဓိဋ္ဌာန်လည်း အောင်ရာရောက်အောင် ဆရာလည်း အဆင်ပြေပါစေဆိုပြီး ဦးမြင့်တာ နေမှာပေါ့"

"မဟုတ်သေးဘူး ဆရာရဲ့၊ ကျွန်တော် ပြောပြတာ သေချာနားထောင်ပါဦး၊ စောမွန်လှ မြတဘက်စေတီမှာ ဆုတောင်းအဓိဋ္ဌာန်ပြုတဲ့ လူတွေ အောင်မြင်တာ ကျွန်တော့် ကိုယ်တွေ့ပဲ ဆရာရဲ့။

ဒါပေမဲ့ နဂါးကိုးကောင်ဆရာတော်ကိုယ်တိုင် ရန်ကုန်ကနေ မြတဘက်ဘုရားမှာ (၄၅)ရက် အဓိဋ္ဌာန်ဝင်ရင်း ရောက်ရာကနေ အစ်မတော်က ပြန်မလွှတ်တော့ဘဲ ခုလို သာသနာပြုနိုင်အောင် နတ်ကောင်းနတ်မြတ်တွေ ကူညီမှုင်းမတယ်ဆိုတော့ တခြားလှို့ဝှက်ချက် ရှိရဦးမယ်ဆိုပြီး ကျွန်တော်လည်း အမြဲတမ်း ဆရာတော်နား ချဉ်းကပ်ပြီး လေ့လာနေခဲ့တာ"

"အဲဒီတော့ ဘာထူးခြားလဲ"

"ထူးခြားတာပေါ့၊ ဆရာရဖ်၊ ဆရာတော်က နေ့စဉ် နံနက် ဘုရားဝတ်ပြု ဆုတောင်း၊ မေတ္တာပွား အမျှအတန်း ပေးဝေပြီး အောင်စည်အောင်မောင်း တီးလာတာ နှစ် (၂၀) ကျော်ပြီဗျ"

"အင်း. . . ဆက်စမ်းပါဦး"

"အစတော့ ကျွန်တော်လည်း အမှုမဲ့ အမှတ်မဲ့ပါပဲ၊ နောက် ဆရာတော်နဲ့အတူ ရန်ကုန်ပြို့ ဘုရင့်နောင်ပွဲရုံတန်းက အောင်ချမ်းသာ ဆန်ပွဲရုံရောက်တော့လည်း ခုလိုပဲ ဘုရား ရှိခိုး၊ မေတ္တာပို့ အမျှဝေပြီးတာနဲ့ အောင်စည်အောင်မောင်း တီးတာ တွေ့ရတယ်၊ ကျွန်တော် မေးကြည့်တော့ နဂါးကိုးကောင်ဆရာတော် ခိုးမြှင့်တဲ့ ဝိဇ္ဇာဓာတ်လို့ သိရတယ်။

အောင်ချမ်းသာ ဆန်ပွဲရုံဆိုတာက မကြည်ကြည်ညွှန့်၊ မကြည်ကြည်မြင့် ညီမနှစ်ယောက် ဦးစီးပြီး သာမန် ဆန်ရောင်းဝယ်ရေး လုပ်ငန်းလေးကနေ ဆန်ပွဲရုံကြီးဖြစ်လာတာ၊ ခုဆို ဆန်ပွဲရုံ၊ ဆန်ရောင်းဝယ်ရေး မကတော့ဘဲ ဆန်စက်ပိုင်ရှင်ဖြစ်ရုံမက ဇမ္ဗူထိပ်အောင်ချမ်းသာ အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်ဖြစ်နေပြီ၊ ချမ်းသာလိုက်တာလည်း မပြောပါနဲ့တော့။

လှူတဲ့တန်းတဲ့ နေရာမှာလည်း မြန်မာနိုင်ငံ တစ်ဝှမ်း တစ်လျှား သူတို့မလှူဖူးတဲ့နေရာ မရှိတော့ဘူး၊ ဒါတင်မက

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်မှာထိ ဘုရားတွေ၊ ကျောင်းတွေ၊ ရိပ်သာတွေ လှူဒါန်းထားတာကလား။

အဲဒီတော့ ကျွန်တော်လည်း နဂါးကိုးကောင်ဆရာတော်ကို လျှောက်ရတော့တာပေါ့၊ ဆရာတော်ဘုရား သူများတွေကိုတော့ ချမ်းသာအောင် မ,တယ်၊ တပည့်တော်လည်း မ,ပါဘီး၊ အောင်ချမ်းသာလို အောင်စည်အောင်မောင်း လုပ်လို့ ရမလား မေးတော့ ဆရာတော်က -

'ဒါက တောင်းမှ ပေးလို့ရတာ၊ မေးမှ ဖြေလို့ရတာ၊ ခင်ဗျား ဒီအရင်က မေးဖူး တောင်းဖူးလို့လား၊ မတောင်းဘဲ ပေးလို့မရဘူး၊ အခု ခင်ဗျားတောင်းတော့ ကျွဲပ်ပေးမယ်၊ မနက်တိုင်း ဘုရားရှိခိုး၊ ဆီမီး ရေချမ်း ပန်း အမွှေးတိုင် ပူဇော်၊ မေတ္တာဘာဝနာ ပွားများပြီး မေတ္တသုတ် ပရိတ်တော် ရွတ်၊ ပြီးရင် ပဌာန်းပုတီးစိပ်၊ အဓိဌာန်နဲ့ နိုင်သလောက်လုပ်၊ လိုသလောက် ဆုတောင်း မဟုက်စေနဲ့' လို့ မိန့်တယ်ဗျ"

"ဒီတော့ ခင်ဗျားက အဲဒီအတိုင်း လုပ်သေးလား"

"နေဦး ဆရာရဲ့ မပြီးသေးဘူး၊ အဲဒီလို မေတ္တသုတ် ရွတ်၊ ပဌာန်းပုတီးစိပ်ပြီး အောင်စည် (၉)ချက်တီး၊ အောင်မောင်း (၉) ချက်ခေါက်လို့ ခိုင်းတယ်၊ ဒါပေမဲ့ ကျွန်တော်က ဆရာတော်ဘုရား မေတ္တသုတ် ပရိတ်ရွတ်၊ ပဌာန်းပုတီးစိပ်တာက ဟုတ်ပါပြီ၊ တပည့်တော်မှာက အောင်စည်လည်း မရှိ၊ အောင်မောင်းလည်း မရှိဘူးဆိုတော့ ဆရာတော်က ၉ လက်မ အောင်စည်တစ်လုံးနဲ့၊ ၉ လက်မ အောင်မောင်းလေးတစ်လုံး ဝယ်ပေါ့ဗျာ၊ အဆင်ပြေလာတော့ ဒီထက်ကြီးတာ ဝယ်ပေါ့လို့ ပြောပြီး အောင်စည်အောင်မောင်းဝယ်ဖို့ ငွေသုံးသောင်း ထုတ်ပေးတယ်ဗျ"

"တယ်ဟုတ်ပါလား၊ ဆက်စမ်းပါဦး

"ဒီလိုနဲ့ ကျွန်တော်လည်း ချက်ချင်းပဲ မဟာမြတ်မုနိဘုရားကြီး ဈေးတန်းသွားပြီး အောင်စည်နဲ့ အောင်မောင်း ဝယ်လိုက်တယ်၊ ပြီးတော့ ဆရာတော်မိန့်တဲ့အတိုင်း နံနက်တိုင်း ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ပြီး အောင်စည်အောင်မောင်း တီးခဲ့တယ်။

ခု ဆရာမြင်တဲ့အတိုင်းပဲ၊ အိမ်လေးတစ်လုံးလည်း ဆောက်နိုင်ခဲ့ပြီ၊ ဆိုင်ကယ်လည်း တစ်စီး မဟုတ်တော့ဘူး၊ နှစ်စီး၊ သုံးစီး စီးနိုင်နေပြီ၊ ဆရာတော်ရဲ့ မေတ္တာကြောင့် သားသမီးတွေလည်း လိမ္မာပြီး အလုပ်အကိုင်တွေ အဆင်ပြေလာတယ်"

ဟု ရှည်လျားစွာ ပြောပြလေရာ ကျွန်ုပ်မှာ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း အင်းလိုက်ရင်း စာရေးဆရာ အိမ်မှ ဘုရားခန်းကို ကြည့်ခွင့်ရမလားဟု မေးရာ အိမ်မှာ ဆောက်လက်စတန်းလန်းဖြစ်သော်လည်း ဘုရားတော်ကြောင်းဆောင်ကို ဦးစားပေး ဆောက်လုပ်ထားပြီးဖြစ်၍ တွန့်နုပ်အား အိမ်ပေါ် သို့ ခေါ်သွား၏။



အပြင်သုံးထပ်ထားပါဖြစ်သော နဂါးကိုးကောင်နဂါးရုံဘုရား



လမ္ဘလိပ်အောင်ချမ်းသာမှ မဟည်၍ ကည်ဇားကိုးကွယ်လည်ပတ်ဝတ်ပြုသည့် အဓိဌာန်အောင် နဂါးကိုးကောင် နဂါးရုံဘုရား



နဂါးကိုးကောင် သိပ်သော်မင်းသားကြီး



နဂါးကိုးကောင် ကုသိုလ်ပြစ်သောပေးသန်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် မျှော်လင့်သည့်အတိုင်းပင် ဘုရားကျောင်းဆောင်တွင် အောင်သပြေပန်းများ၊ ရွက်လှပန်းများ ဝေဝေဆာဆာတွေ့ရပြီး သောက်တော်ရေခွက်များလဲသည်း ကပ်လှူထားသည်ကို တွေ့ရ၏။ ထွန်းလက်စ အမွှေးနံ့သာတိုင်များ၊ ဆီမီးအလင်းတိုင်များလည်း တွေ့ရ၏။

ရုပ်ပွားဆင်းတုတော်မှာလည်း ပလ္လင်တော်နှင့်တကွ ရွှေဆိုင်းချထားပြီး ရောင်ခြည်တော် မီးများ ပူဇော်ထားလေရာ လွန်စွာကြည်ညိုဩဇာယဉ်လှသည်။

ကျွန်ုပ်လည်း ဦးစွာ ဘုရားဝတ်ပြု၍ ဘုရားကျောင်းဆောင်၏ ဘေးတစ်ဖက်တစ်ချက်တွင် ချိတ်ဆွဲထားသော ၉ လက်မ အောင်စည်တော်နှင့် အောင်မောင်းကို တွေ့လိုက်ရ၏။ အမှတ်ပေးပြီး ကြေးစည်ထုရန် ကြေးစည်တစ်လုံးကိုလည်း အလယ်မှာ ချိတ်ဆွဲထား၏။ ထို့ပြင် ဘုရားကျောင်းဆောင်ရှေ့တွင် ကျေးဇူးရှင် နဂါးကိုးကောင်ဆရာတော်၏ ဓာတ်ပုံကိုလည်း မှန်ဘောင်သွင်း၍ ချိတ်ဆွဲထားသည်ကို တွေ့လိုက်ရသည်။

"ကျေးဇူးပဲ စာရေးဆရာရေ၊ ကျုပ်တော့ ခင်ဗျားဆီလာရတာ လာရကျိုးနပ်သွားပြီ၊ ကျုပ်လည်း ဆယ်နှစ်ဆယ်မိုးရေခွင့်မပြုလို့ ငြိမ်နေခဲ့ရတဲ့ နဂါးကိုးကောင်ဆရာတော်အကြောင်း ရေးနေတာ၊ ခုဆိုရင် အောင်စည်အောင်မောင်းယကြာပါ ရေးလို့ရသွားပြီ။

ကျုပ်ကိုယ်တိုင်လည်း စစ်ကိုင်းမှာ ဘုရားတစ်ဆူတည်ဖို့ အဓိဋ္ဌာန်ပြုထားတာရှိတယ်၊ အဲဒီတော့ ဒီကပြန်တာနဲ့ ဘုရားကြီးစောင်းတန်းဝင်ပြီး အောင်စည် အောင်မောင်း ဝယ်သွားတော့မယ်" ဟု ပြောလိုက်ရာ စာရေးဆရာမှာ ကျေနပ်အားရစွာဖြင့် -

"ရေးပါဆရာ၊ ရေးပါ ရေးပါ၊ ဒါလည်း ကုသိုလ်ပြုခြင်း တစ်မျိုးပါပဲ၊ သူများအကြောင်းလည်း ကိုယ်ရေးတာပဲ၊ ကိုယ့်အကြောင်းလည်း သူများရေးပါစေပေါ့၊ ဘာပဲဖြစ်ဖြစ် နေတတ်ရင် ကျေနပ်စရာပါ"

ဟူ၍ ပြောလေရာ ကျွန်ုပ်လည်း စာရေးဆရာအားလက်ဆွဲ နှုတ်ဆက်၍ ပြန်လာခဲ့သည်။

စာရေးဆရာထံမှ ပြန်လာရင်း "မေတ္တာ" "၅-၇" "ပဌာန်း" ၅-၇၊ "ပုတီး" ၅-၇ ဖြစ်၍ ဓာတ်တူနှစ်တူ အကျိုးထူးပေးလေသလားဟု စဉ်းစားနေမိပါတော့သည်။

ပဉ္စဝဂ္ဂီ အဟံဝန္ဒာမိ သဗ္ဗဒါ

မင်းကွန်းက(ခေတ္တ စစ်ကိုင်းတောင်တန်း)

❑

အင်းဂလိုင်ဘိုးဘိုးကြီးနန်း အကြားအမြင်ဆရာမကြီး ဒေါ်ကြည်ကြည်မို့

စီးပွားရေးတွေ နိမ့်ကျနေသလား။ ငွေကိစ္စ အခက်အခဲကြုံနေသလား။ လုပ်ငန်းကိစ္စ လွဲချော်နေသလား။ အိမ်ထောင်ရေး အဆင်ပြေချင်တာလား။ အိမ်ကယောကျ်ား ခြေလှမ်းမှားနေပြီလား။ ပစ္စည်းပျောက်၊ ငွေပျောက်၊ ရွှေပျောက်နေပြီလား။ အတိုက်အခံတွေ ပေါ်နေသလား။ ပြောရေးဆိုရေးတွေ အောင်မြင်ချင်တာလား။ အလုပ် အမြန်ရလိုတာလား။ ကျန်းမာရေးတွေ ညံ့နေလို့လား။ ဒါတွေဒါတွေ နိမ့်နေတာတွေ မြင့်ဖို့၊ ပိတ်နေတာတွေ ပွင့်ဖို့၊ ခက်နေတာတွေ လွယ်ဖို့ ဆရာမကြီးနဲ့ ဆွေးနွေးဖို့ အချိန်တန်ပြီ။

ဟောခန်းတည်ရာ ● အောင်မြေသာယာစေတီတော် တနင်္္ဂနွေထောင့် အင်းဂလိုင်ဘိုးဘိုးကြီးနန်း လမ်းညွှန် ● ၂၁၁၊ ၁၂၅၊ ၁၂၈၊ ၈၆၊ ၃၃၃၊ ၉၆ ကားများစီးဝင် ရုံးရှေ့မှတ်တိုင် ဆင်းပါ။

● (ဝိတ်ရက်မရှိ) ပယောဂ အထူးကုပါသည်။ ●

ရှေ့ဖြစ်ဟော ဓာတ်ဆင် ဓာတ်ရိုက် ယကြာ အထူးဆောင်ရွက်ပေးသည်။

လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၆၁၁၈၃၈၇

www.burmeseclassic.com

သိန်းတန်းသစ်

ဝိဇ္ဇာအောင်မင်းခေါင်ဆုံးပုလိပ်သောဒေါက်

(၁)

ဝိဇ္ဇာ အောင်မင်းခေါင်ရုပ်တု အတော်များများတွင် ဒူးပေါ်၊ ပေါင်ပေါ် တင်ပျဉ်ခွေထိုင်နေဟန် တွေ့မြင်ကြရသည်။ ယင်းကဲ့သို့ ထိုင်နေခြင်းမှာ အကြောင်း ရှိပါသည်။

အကြောင်းကြောင့် အကျိုး ဖြစ်ထွန်းရာ ဝိဇ္ဇာအောင်မင်းခေါင်၏ တပည့်ရင်း ဖြစ်သူအား တွေ့ဆုံစဉ် ပြောပြချက်အရ သိရှိရသည်ကို ပြန်လည်ရေးသား တင်ပြလိုက်ပါသည်။

အချိန်ကာလအားဖြင့် ၁၉စ၇ ခုနှစ် ဒီဇင်ဘာလအတွင်း ဖြစ်ပါသည်။

ကျွန်တော်နှင့် ဓမ္မမိတ်ဆွေ ကိုစိန်ခင်တို့ ပုပွားတောင်ကလပ် ရွှေဂူချောင်၌ အဓိဌာန်ဝင်နေချိန် ဖြစ်ပါသည်။ အဓိဌာန်နောက်ဆုံးရက်တွင် စကားဝါချောင်၌ အထိုင်ချနေထိုင်သော ဦးမေဓာဝီအား သွားရောက်တွေ့ဆုံဝါရဝပြုပါသည်။

ပုပွားတောင်ကလပ် ရွှေဂူချောင်၌ ဦးပရမဝဏ္ဏသိဒ္ဓိ အထိုင်ချနေထိုင်ပါသည်။ ဦးပရမဝဏ္ဏသိဒ္ဓိမှာ အညှိုဝတ်ဖြင့် ကျင့်ကြံအားထုတ်ပြီး ဦးမေဓာဝီမှာ ပိတ်ဖြူဝတ်ဖြင့် ကျင့်ကြံအားထုတ်ပါသည်။

ယင်းဆရာကြီးနှစ်ဦး၏ အကျင့်လမ်းစဉ်မှာ မတူညီကြပါ။

ဦးပရမဝဏ္ဏသိဒ္ဓိမှာ သိုက်ကြီး၊ နတ်ကြီးကိုင်၍ သာသနာပြုပါသည်။ လောကီနယ်ပယ်အတွင်း နေထိုင်ကြကုန်သော (၇)ရက်သားသမီး အများစုမှာ ဘဝသာယာရေးအတွက် သိုက်ဓာတ်၊ နတ်ဓာတ်များနှင့် ဒွေးရောယှက်တင် ရှိနေကြ၍ ဦးပရမဝဏ္ဏသိဒ္ဓိ၏ ရွှေဂူချောင်မှာ သာသနာဓာတ် ပိုပွင့်ပါသည်။

ဦးမေဓာဝီမှာ ဓမ္မဝိဇ္ဇာဓိရံလမ်းကျင့်ကြံအားထုတ်၍ (၇)ရက် သားသမီးများနှင့် ကင်းကင်းရှင်းရှင်း နေထိုင်ပါသည်။

ဝိဇ္ဇာအောင်မင်းခေါင် အထွက် စခန်းမဝင်မီ တပည့်ရင်းအဖြစ် ပါရမီဖြည့်ဖူးသော ဦးမေတိ၏အတွေ့အကြုံများကို သိရှိခဲ့ရပါသည်။

(၂)

ဂျပန်ခေတ် အချိန်ကာလဖြစ်ပါသည်။ အမျိုးဘာသာ၊ သာသနာကို မိစ္ဆာအယူဝါဒ ကျင့်သုံးသော ဂျပန်တို့စော်ကားဖျက်ဆီးချိန် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လေးပေစင်မြင့်ရွာ ဆရာတော်ဦးအာစိဏ္ဏ၏ ရုပ်ခန္ဓာကိုယ်ကြီးအား နာဝံကိန်းပြီး ပုပ္ပားတောင်ကလပ် စကားဝါချောင်၌ အဓိဋ္ဌာန် စခန်းချနေထိုင်ပြီး (၇) ရက်သားသမီးတို့၏ ဒုက္ခများကို ဝိဇ္ဇာသိဒ္ဓိဖြင့် ကယ်ဆယ်ပေးချိန် ဖြစ်ပါသည်။

အဘ အောင်မင်းခေါင်သည် ပုပ္ပားတောင်ကလပ်ခြေရင်း ညောင်ပင်နှင့်သရက်ပင်ကြားရှိ ဓာတ်နန်းတိုက်၌ နေထိုင်ပါသည်။ မလိုအပ်ဘဲ မည်သူ့ကိုမျှ စကားပြောဆိုခြင်းမရှိဘဲ ထွက်လေ၊ ဝင်လေကို ရှုမှတ်ရင်း အာနပါန သတိပဋ္ဌာန်တရားဖြင့်သာ နေပါသည်။

ဂျပန်တပ်များကို အင်္ဂလိပ် စစ်တပ်မှလည်း ဗုံးကြဲ တိုက်ခိုက်နေချိန်ဖြစ်၍ မြန်မာပြည် အနယ်နယ် အရပ်ရပ်မှ ပြည်သူလူထုများ ပုပ္ပားတောင်ကလပ် ဝိဇ္ဇာအောင်မင်းခေါင်ရှိရာသို့ လာရောက်ခိုလှုံ နေထိုင်ကြပါသည်။

တစ်နေ့တွင် ဂျပန်လေယာဉ်တစ်စင်းမှ လူစုလူဝေးရှိနေသော ပုပ္ပားတောင်ကလပ် စကားဝါချောင်သို့ ဗုံးနှစ်လုံး ကြဲချလိုက်ပါသည်။ လေယာဉ်မှ ကြဲချလိုက်သော ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ပါက လူအများ သေဆုံးကြမည်ကို သိမြင်သော ဝိဇ္ဇာအောင်မင်းခေါင်က လေယာဉ်ပုံမှကျလာသော ဗုံးနှစ်လုံးကို လက်ညှိုးဖြင့်ထိုးပြီး နှုတ်မှ တတွတ်တွတ်ဖြင့် ရွတ်ဆိုလိုက်ရာ မြေကြီးပေါ်ကျလာသော ဗုံးနှစ်လုံးမှာ ပေါက်ကွဲခြင်းမရှိတော့ကြောင်း တွေ့မြင်လိုက်ရသော ပြည်သူများမှာ ဝိဇ္ဇာအောင်မင်းခေါင်၏ တန်ခိုးဖြင့် ကယ်တင်လိုက်ကြောင်း သိလိုက်ကြ၍ ဝိဇ္ဇာအောင်မင်းခေါင်အား ပိုမိုကြည်ညို လေးစားသွားကြပါသည်။

ဝိဇ္ဇာအောင်မင်းခေါင်မှာ စွပ်ကျယ်အင်္ကျီ၊ အပေါ်ဖျင်နီတိုက်ပုံအင်္ကျီကို ဝတ်ဆင်ထား၍ လုံချည်ကွက်ကဲကြီးဖြင့် မသပ်မရုပ်နှစ့် ဖွာလန်ကဲ့နေသော ကုပ်ဝဲဆံပင်ဖြင့် နေထိုင်ရာလူတချို့က စိတ်မနှံ့သောအရူးကြီးဟု ထင်မြင်နေကြသည်။

(၃)

ပုပ္ပားတောင်ကလပ်သို့ စစ်ဘေးရှောင်လာပြီး နေထိုင်ကြသူများအား အဘဝိဇ္ဇာအောင်မင်းခေါင်က အခါအခွင့်ကြုံတိုင်း ကယ်တင်ဝေးနေပါသည်။

တစ်နေ့တွင် လူအုပ်စုများ ဝိဇ္ဇာအောင်မင်းခေါင်ရှေ့ စုဝေးပြီး နေထိုင်စဉ် ဝိဇ္ဇာအောင်မင်းခေါင်က လူအုပ်စုထဲမှ မန္တလေးမြို့သားများကို ခေါ်ထုတ်လိုက်ပြီး အမှိုက်များကို ကောက်ယူခိုင်းကာ စုပုံစေပါသည်။

မန္တလေးသားများမှာ သူတို့ဘယ်မြို့၊ ဘယ်ရွာက ရောက်လာသည်ကို ထုတ်ဖော်မပြောဘဲ ဝိဇ္ဇာအောင်မင်းခေါင်က လူအများကြားမှ ခေါ်ထုတ်လိုက်၍ အံ့အားသင့်နေကြပါသည်။ မန္တလေးသားများ စုပုံထားသော အမှိုက်ပုံအား ယင်းတို့ကိုပင် မီးရှို့ခိုင်းလိုက်ပါသည်။

ဝိဇ္ဇာအောင်မင်းခေါင်က မီးလောင်နေသော အမှိုက်ပုံအားကြည့်ပြီး "မန္တလေးမြို့တော့ မီးလောင်သွားပြီ" ဟု နှုတ်က ထုတ်ပြော၍ ယင်းသာဓကကြောင်း၊ ဝိဇ္ဇာအောင်မင်းခေါင်၏ ယင်းသာဓကကြောင့် ဂျပန်ခေတ်တွင်မန္တလေးမြို့မှာ မီးဘေးမှ ကင်းဝေးခဲ့ကြောင်း သိရှိရပါသည်။

ယင်းကဲ့သို့ ပခုက္ကူမြို့သားများကိုလည်း လူအုပ်စုထဲမှ ခေါ်ထုတ်၍ အမှိုက်ပုံစေပြီး မီးရှို့ခိုင်းပါသည်။ ဝိဇ္ဇာအောင်မင်းခေါင်က နှုတ်မှ မီးလောင်နေသော အမှိုက်ပုံအားကြည့်၍ "ပခုက္ကူမြို့တော့ မီးလောင်သွားပြီ" ဟူ၍ ယင်းသာဓကကြောင်း၊ ပခုက္ကူမြို့မှာလည်း ဂျပန်ခေတ်အတွင်း မီးဘေးမှ ကင်းဝေးခဲ့ကြောင်း သိရှိရပါသည်။

ဝိဇ္ဇာအောင်မင်းခေါင်၏ သတင်းကို ကြားသိကြ၍ ရန်ကုန်မြို့မှ လူအများ ပုပ္ပားတောင်ကလပ်ရှိ ဝိဇ္ဇာအောင်မင်းခေါင်ထံ လာရောက်သူ များပြားလျက်ရှိကြသည်။

(၄)

ထိုအချိန်က ပုပ္ပားတောင်ကလပ်သို့ လာရာလမ်းမှာ ညောင်ပင်ဆိပ်မှ ဝင်ရာလမ်းကြီး ဖြစ်ပါသည်။

နောင်အခါ ဦးပရမဝဏ္ဏသိဒ္ဓိဦးဆောင်ပြီး မြင်းခြံသို့သွားရာလမ်းမှ ပုပ္ပားရွာအနီး ပုပ္ပားတောင်ကလပ်သို့ လမ်းဖောက်လုပ်ခဲ့၍ ဘုရားဖူးများအတွက် သွားလာရေး လွယ်ကူသွားပါသည်။

ယခုအချိန် ညောင်ပင်ဆိပ်လမ်းမှာလည်း သာယာလျက်ရှိပြီး ရွှေမန်ကျည်းတောစခန်းနှင့် အလောင်းတော်ကဿပလိုဏ်ဂူတော်ကြီးမှာ ပြီးစီး၍ ဘုရားဖူးများ စည်ကားလျက်ရှိပါသည်။

ဝိဇ္ဇာအောင်မင်းခေါင် ရှိစဉ်ကာလ ပုပ္ပားတောင်ကလပ်သို့ လာရာလမ်းတွင် ဓားပြများ သောင်းကျန်းလျက်ရှိနေသည်။ ဘုရားဖူးများ မကြာခဏ ဓားပြတိုက်ခံကြရသည်။

ဓားပြများနှင့် အဆက်အသွယ်ရှိသော ရွှေနေတစ်ဦးမှာ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။ ရွှေနေ၏ ထောက်ခံချက် စာပါလျှင် ဓားပြများက လွတ်ငြိမ်းခွင့်ပေးပြီး ဓားပြမတိုက်ကြပါ။

ဝိဇ္ဇာအောင်မင်းခေါင်ထံ လာသူများအား ထောက်ခံချက်စာတွင်-

'ဘိုးမင်းခေါင်၏ လပြွတ်ကြီးဖူးမြော်ရန် ခွင့်ပြုလိုက်သည်' ဟု ရေးပေးလိုက်ပါသည်။ ဝိဇ္ဇာအောင်မင်းခေါင်အား ထိုသူများက ရွှေနေစာကို ပေးအပ်ခဲ့ပါသည်။

တစ်နေ့သောအခါ ယင်းရွှေနေမှာ အရေးပေါ်ကိစ္စတစ်ခု ကြုံလာ၍ ဝိဇ္ဇာအောင်မင်းခေါင်ထံ လာတွေ့ရန် ရန်ကုန်မြို့မှ တပည့်များနှင့် ထွက်ခွာလာခဲ့ပါသည်။

ဝိဇ္ဇာအောင်မင်းခေါင်က ကြိုသိနေ၍ ညောင်ပင်ဆိပ်မှ သွားရောက်စောင့်ဆိုင်းနေခဲ့ပါသည်။

www.burmeseclassic.com

ဝိဇ္ဇာအောင်မင်းခေါင်က ဒူးပေါ်၊ ပေါင်ပေါ် တင်ပျဉ်ခွေထိုင်နေပြီး ရှေ့နေ ရောက်လာသည့်အခါ-

"ဘိုးမင်းခေါင်လပြွတ်ကြီး လာ ဖူးတာလား" ဟု မေးပါသည်။

ရှေ့နေမှာ ဝိဇ္ဇာအောင်မင်းခေါင် စကားကြောင့် အံ့သြထိတ်လန့်သွားပြီး ဝိဇ္ဇာအောင်မင်းခေါင်အား သူမှားပါ ကြောင်း ကန်တော့၍ တောင်းပန်ခဲ့ ကြောင်း ဦးမေဓာဝီက ပြောပြခဲ့ပါသည်။

ဦးမေဓာဝီက လူ့လောက၊ လူ့ နယ်ပယ်တွင် သိုက်ပိုင်းဆိုင်ရာများ၊ နတ်ပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များ ဆက်စပ်မှု ရှိနေကြောင်း ပြောကြားပါသည်။

အောင်မင်းခေါင်၏ သတ္တဝါ များအပေါ် ပြဟ္မစိုရ်တရား လေးပါးနှင့် အညီ ကယ်တင်စေခဲ့ကြောင်း၊ မြန်မာ ပြည်သည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်သည်နှင့်အညီ ဘုရားဖျက်၊ ကျောင်း ဖျက်၊ မိစ္ဆာဝါဒ ကျင့်သုံးသော ဂျပန် တို့ကို မြန်မာပြည်မှ အမြန်ဆုံး ထွက်ခွာ သွားစေရန် ဝိဇ္ဇာမယ ပညာရပ်များဖြင့် ကယ်တင်ခဲ့ခြင်းဖြစ်လေသည်။

"မုန့်လုံး စတ္တူကပ်ပါလို့၊ ကြာ ကလပ်မှာတဲ့ ဆွမ်းတော်တင်၊ ပလ္လင် ပေါ်က မျောက်ကလေး ဆင်းတယ်လို့ ပြေး" ဆိုတဲ့ တဘောင်စကားဟာ ဂျပန် တွေ မြန်မာပြည်မှ ထွက်ခွာပေးရမယ့် နိမိတ်စကားဖြစ်ကြောင်းလည်း ပြော ကြားပါသည်။

"ဝိဇ္ဇာအောင်မင်းခေါင် ဆိုတာ ဆုထူးပန်ပုဂ္ဂိုလ်ကြီးဗျ"

"ဘုရားဆုပန်ထားတဲ့ ပုဂ္ဂိုလ် ထူးကြီး၊ ဆုတောင်းမပြည့်ခင် ပါရမီတွေ ဖြည့်နေရတာ၊ ဝိဇ္ဇာအောင်မင်းခေါင် အပါအဝင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူး ကြီးတွေက လောဘ၊ ဒေါသ၊ မောဟ စရိုက်ထူပြောတဲ့ လူ့လောက၊ လူ့နယ် ပယ်မှာ မနေကြဘဲ မဟာမြိုင်လို တော တွေမှာ ဧကစာအုကျင့်နဲ့ နေထိုင်ကြ တာ၊ အမျိုးဘာသာ၊ သာသနာ ဖျက် ဆီးဖို့ မိစ္ဆာဝါဒ ပေါ်ပေါက်လာရင် ပြည်ဝင်တယ်ဆိုတဲ့ ဝိဇ္ဇာတို့ လူ့လောက၊ လူ့နယ်ကိုဝင်လာကြပြီး အကာအကွယ် ပေးကြရမြဲနိမ်တယ်"

"ဝိဇ္ဇာဆိုတာ မြတ်ဗုဒ္ဓရဲ့ သမထ၊ ဝိပဿနာတရားတွေကို ပေါက်မြောက် အောင် ကျင့်ကြံအားထုတ်ပြီး ဘဝ များစွာ ပါရမီဖြည့်ခဲ့တဲ့ အထုံကြောင့် လူသားဘဝတံခေါ် မြင့်မြတ်တဲ့ လူ နတ်ဘဝ ဖြစ်သွားကြတာ"

"နတ်ပြည်ခြောက်ထပ်က နတ် တွေဟာ ကံကြောင့် နတ်ဖြစ်ကြရတာ၊ ဝိဇ္ဇာတွေက သမထ၊ ဝိပဿနာတရားနဲ့ ကျင့်ကြံအားထုတ် ပေါက်မြောက်ပြီး အင်း၊ ဆေး၊ စမ် ဝိဇ္ဇာတွေ ဖြစ်သွား ကြတာ၊ နတ်တွေနဲ့ တန်ခိုးကြွွဖို့ပါဒ် တူ သွားကြရတာ၊ နတ်တွေက ဆုတောင်း မှု၊ ပါရမီဖြည့်မှု မရှိကြတဲ့ဘဝတွေ၊ နတ် ပြည်က စုတေရင် တိရစ္ဆာန်ဘုံ၊ ငရဲ ဘုံကိုလည်း ရောက်သွားနိုင်ကြတာ၊ ဝိဇ္ဇာတွေက မဖောက်မပြန် အကျင့် မှန်တဲ့ သမထ၊ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ပြီး သောတာပတ္တိ မဂ်ဆိုက်သွားရင် အပါယ်တံခါးပိတ် သွားကြတဲ့ ကလျာဏပုထုဇဉ်တွေ ဖြစ် သွားကြတာ"

အဘ ဦးမေဓာဝီက ရှင်းလင်း ပြောကြားခဲ့ပါသည်။

(၅)

"ဝိဇ္ဇာအောင်မင်းခေါင် အထွက် စခန်း သွားတဲ့နှစ်မှာ ကျုပ်က ဒီဘဝ ရောက်တဲ့ နှစ်ပဲဗျ။

ဝိဇ္ဇာအောင်မင်းခေါင်ကို ပါရမီ ဖြည့်တဲ့ လုပ်ငန်းတွေ အနီးကပ်ဆောင် ရွက်ပေးခဲ့ရတယ်၊ စကားဝါချောင်မှာ ဝိဇ္ဇာအောင်မင်းခေါင်ရဲ့ သာသနာပြု လုပ်ငန်းကို ဆက်ခံပြီး လုပ်ဆောင်နေ တာ ယနေ့ထိပါပဲ"

အဘ ဦးမေဓာဝီသည် မော သွားဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက် မော့သောက်လိုက်ပါသည်။

အဘ ဦးမေဓာဝီ၏ ဥပဓိရုပ်မှာ ခဲ့ညားလှပြီး ဦးခေါင်းမှာ ကြီးမား၍ ဆင်ဦးကင်းကဲ့သို့ မဟာနဇူးရှိပါသည်။ ပညာဉာဏ်ကြီးမားရင့်သန်သည့် ပုဂ္ဂိုလ် တစ်ဦးဖြစ်ပါသည်။ အဘ ဦးမေဓာဝီ သည် နတ်ကြီး၊ သိုက်ကြီး မကိုင်ပါ။ မမွေဝိဇ္ဇာမိုရ်လမ်းစဉ်ဖြင့် ကျင့်ကြံအား ထုတ်နေသူ ဖြစ်ပါသည်။

"သိုက်တို့၊ နတ်တို့ဆိုတာ လူတွေ နဲ့ ဒွေးရောယှက်တင် ရှိနေကြတာ၊ လောကီနယ်ပယ်မှာ ကင်းလွတ်လို့မရ ပါဘူး၊ သိုက်တို့၊ နတ်တို့ ပုဂ္ဂိုလ်တွေကို ဒါနအားနဲ့ ပူဇော်ကြရမယ်၊ ကိုးကွယ်ရ မယ့် တရားက ရတနာသုံးပါးဖြစ်တယ်၊ ဘုရား၊ တရား၊ သံဃာ (၃) ပါးပေါ့"

တွန်တော်သိချင်သောအကြောင်း တရားများကို အဘဦးမေဓာဝီက ရှင်း ပြပါသည်။

ဝိဇ္ဇာအောင်မင်းခေါင်၏ တပည့် ရင်းဖြစ်ခဲ့သော အဘဦးမေဓာဝီအား ဝိဇ္ဇာအောင်မင်းခေါင်၏ အထွဋ်ဖွတ္တိ စာအုပ်ရေးရန် တောင်းပန်စကား ပြော ကြားခဲ့ပါသည်။

"စာရေးဆရာတွေ လာမေးလို့ ဝိဇ္ဇာအောင်မင်းခေါင်အကြောင်း ပြော ကြားပေးလိုက်တယ်၊ ကိုယ်တိုင် မရေး ဖြစ်ခဲ့သေးဘူး၊ ရေးဖို့ အစီအစဉ်ရှိပါ တယ်၊ ပျဉ်းမနား အဖေကြီးစခန်း သာ သနာ့ကိစ္စတွေ ဆောင်ရွက်နေရလို့ အလုပ်မအားသေးလို့ပါ"

ကျွန်တော် စာရေးနေဆဲမှာ အဘ ဦးမေဓာဝီ လူ့လောကၠ ဝန်ခံတော့ပါ။ အဘ ဦးမေဓာဝီအား ပထမဆုံးနဲ့ နောက်ဆုံး တွေ့ဆုံလိုက်ရခြင်း ဖြစ် ပါသည်။

အဘဦးမေဓာဝီ၏ လားရာဘဝ သည် ဆရာကောင်းတပည့် ပန်းတောင်း ပန်ကြရသည် ဖြစ်၍ ဝိဇ္ဇာအောင်မင်း ခေါင်၏ ဘဝတစ်ခုထဲသို့ ရောက်ရှိသွား မည်ဟု ယုံကြည်မိပါသည်။

သိန်းဝွန်းသစ်

❑

www.burmeseclassic.com

www.burmeseclassic.com

တိုတိုတုတ်တုတ်နှင့် အာဂုပ်ဖြစ်တဲ့ အာဟုတ်ဖြစ်တဲ့ ဂါထာတော်

...တရားဓိဆရာတော်ဘုရား



တပို့တွဲလပြည့်နေ့ည ကျောက်တော်ကြီးဘုရားပေါ် သို့ စာရေးသူသည် အကြောပြင်ဆရာကြီး ဦးသောင်းနှင့်အတူ ရောက်ဖြစ်ခဲ့၏။ ဘုရားရှိခိုး ပုတီးစိပ်ပြီး ထိုင်နေကျဖြစ်သော တောင်ဘက်ရင်ပြင် အစွန်ဆုံးတွင် ထိုင်ကြပြီး ပန်းချီဆရာကိုဇေမှ ဖော့ဘူးဖြင့်ပေးလိုက်သော ထမနဲနှင့် ဟိန္နူမိတ်ဆွေ ရိုးတူးမားမှ လက်ဆောင်ပေးလိုက်သော မုန့်ချိုလုံး(ဂျလေဘီ) များစားရင်း ထွေရာလေးပါး ပြောဆိုကြရင်း တစ်ပတ်အတွင်း မိမိတို့ အတွေ့အကြုံများကို ဖလှယ်ကာ အပန်းဖြေနေကြ၏။

ဆရာကြီးက အသက်(၆၀)နီးသော်လည်း အသက်(၄၅)အရွယ်နှင့်မခြား သန်မာဖျတ်လတ်သော လူလတ်တစ်ဦးဟု ထင်ရဖွယ်ရှိ၏။ စာရေးသူမှာတော့ အစပ်ရှောင်ရ (ဝမ်းနှုးလွယ်၍)၊ အချဉ်ရှောင်ရ (အစာအိမ်ကြောင့်)၊ အချိုလျှော့ရ (ဆီးချိုကာတွယ်လို၍) နှင့်။ ဆရာကြီးမှာတော့ အိန္ဒိယမုန့်ချိုလုံးများကို တစ်လုံးပြီးတစ်လုံး စားပြီး ထမနဲကိုပါ ဆက်တိုက် စားနိုင်သော သွေးဘဝပေးကုသိုလ်ကို အားကျမိပါကာ မုဒိတာ ပွားနေမိသည်။ သူကတော့ "မိခင်အိုကို လုပ်ကျွေးလို့၊ ပဌာန်းတန်ခိုးလို့" ဟူ၍ ဂုဏ်ယူလေ့ရှိ၏။

စားသောက်ကြပြီးနောက် ဆုရာဦးသောင်းမှ -

"ဆရာအောင်ဝိုး၊ အခုတစ်လော အိန္ဒိယမုန့်ချိုတွေ ဓာတ်တည့်နေပါလား၊ ပြီးခဲ့စဲ့ ဗုဒ္ဓဟူးတုန်းကလည်း မုန့်ချိုတွေပဲ၊ မလိုင်ခဲတောင် ပါသေး၊ ထူးတော့ ထူးသား" ဟုပြောဆိုကာ သူ၏ ကွမ်းရောင်လွှမ်းသော မဟူရာသွားများပေါ် အောင် ပြုံးရယ်ရင်း စကားဆို၏။ စာရေးသူမှ -

"ထူးပါပြီကော ဆရာသောင်းရာ၊ ဒီလိုဆရာသောင်းရဲ့ ကျွန်တော့် ၁၀ မိုင်ကုန်း ဂေါ်ရခါးကုန်းရပ်ကွက်ထဲက ဟိန္နူအမျိုးသား ရိုးကူးမားပေါ့၊ လူက သန့်သန့်ပြန့်ပြန့်နဲ့ လူမှုရေးရှိတဲ့သူပေါ့၊ သူက မိရိုးဖလာ ဟိန္နူဖြစ်ပေမယ့် ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်တယ်၊ မိဘအိမ်အနီးမှာရှိတဲ့ သာသနာပါလ ကျောင်းမှာ ဆွမ်းဝေယျာဝစ္စ မပြတ်သလို စေတီတော်ပုတ်လည်မှာလည်း သံန့်ရှင်းရေးကို စိတ်ပါလက်ပါ ကူလုပ်လို့ပြု

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ တရားပွဲမှာလည်း အလေးအနက် တရားနာယူ မှတ်သားပြီး ကျွန်တော့်ဆီမှာ မရှင်းတာရှိရင် မေးလေ့ရှိတယ် ဆရာသောင်း။

တစ်နေ့ ကျွန်တော့်ဟောခန်းမှာ တစ်နေကုန် အချိန်ကုန်ခံပြီး ဗေဒင်ကြည့်ဖို့ အံချိန်ပေးတာ နည်းနည်းထူးဆန်းတာပေါ့၊ ကြည့်လေ တချို့က ကုန်သည်စိတ် အချိန်ကရွေ့ အချိန်က ငွေလို့ပဲ သိထားတဲ့လူတွေ၊ ဗေဒင်မေးဖို့ စောင့်နေတဲ့အချိန်များ လာလိုက်တဲ့ဖုန်း၊ ဆက်လိုက်တဲ့ဖုန်း မျက်စိပါ နောက်တယ် ကိုသောင်းရေ"

စာရေးသူမှ ပြောရင်း နှစ်သက်လှသော တပ်ဖွဲ့တွဲရဲ့ စတားဖြစ်သည့် ထမနဲကို နှမ်းနက်များများဖြူးပြီး အသာအယာ မြုံပြီး စားလိုက်၏။ ဆက်ပြီး သူ့အလှည့်ကျတော့ -

"ဆရာ ကျွန်တော်များများစားစား မမေးဘူး၊ အဓိက ကတော့ တစ် ကျွန်တော့်လုပ်ငန်းတွေ အရှုံးဆက်တိုက်ပြတယ်၊ နှစ် ကျွန်တော် ရစရာအကြွေးတွေ မရဖြစ်နေတယ်၊ သုံး ကျွန်တော့်မိန်းမနဲ့ တွေ့တာနဲ့ မျက်နှာချင်းဆိုင်တာနဲ့ ရန်တွေ့ ရန်ဖြစ်တော့တာပဲ ဆရာ၊ အိမ်ပူနေတယ်၊ လေးကျွန်တော့်သားကြီး စာမဖတ် စကားနားမထောင်လို့ စိတ်ညစ်နေတယ်၊ ငါး ရောဂါတွေလည်း တစ်ခုပြီးတစ်ခု ဖိစီးလာတယ်"

အဲဒါနဲ့ စာရေးသူက 'ခြောက် မရှိတော့ဘူးလား'လို့ မေးလိုက်တယ်၊ ကိုရိုးကူးများက -

"ဟာ- ဆရာရှိတယ်၊ ဒါ အရေးကြီးတယ်၊ ကျွန်တော့်ကား ငှားမရတာ လေးလရှိပြီ၊ အဲဒီကားငှားခ ရတဲ့ငွေနဲ့ မိဘကို ကန်တော့နေတာပါဆရာရယ်" လို့ပြောပြီး သူခေါင်းကို မနားတမ်း ကုတ်ပွတ်နေတော့တာပဲ။ စာရေးသူက -

"ကဲကဲ ခုနစ်တို့ ရှစ်တို့ ကိုး တစ်ဆယ် စတဲ့ အချက်ပေါင်း သောင်းခြောက်ထောင်ကို ဒီနေ့ နားထောင်ရင်နဲ့ အချိန်ကုန်သွားမယ်၊ အားလုံး အဆင်ပြေစေမယ့် ယတြာနဲ့ ကျင့်စဉ်ကို ပေးလိုက်မယ်" လို့ပြောပြီး ရေးမှတ်ရန် ညွှန်ကြား၍ မဆုံးမီ -

"ဟိုး ဆရာ ဟိုး၊ ကျွန်တော့်ကို ယတြာတွေ များများမပေးပါနဲ့ ဆရာ၊ ဂါထာတွေလည်း များများမရွတ်ခိုင်းပါနဲ့၊ ဖြစ်နိုင်ရင် တိုတိုတုတ်တုတ်နဲ့ အလုပ်ဖြစ်တဲ့ ဂါထာ ချီးမြှင့်ပါ ဆရာရယ်" ဟု အကွန့်တက်၏။

တိုတိုတုတ်တုတ်နှင့် အလုပ်ဖြစ်တဲ့ ဂါထာ၊ တိုထိုတုတ်တုတ်နှင့် အဟုတ်ဖြစ်တဲ့ ဂါထာ၊ ဒီလိုတောင်းဆိုမှုတွေ ယောက်ျားသားကြီးတွေက တောင်းဆိုလေ့ရှိတဲ့ ကန်ထရိုက်စကားလုံးပါ။

ဒီလိုနှင့် လွန်ခဲ့တဲ့ နှစ်နှစ်က တရုတ်အမျိုးသား ဗေဒင်မိတ်ဆွေက-၁၈ လစ်မှာ နေထိုင်ပါသည်။ နာမည်က ကိုမျိုးအောင်ပါ။ ဂန္ဓာလရာဇ်နွယ် ယောက်ျားများမှာ ဗေဒင်နှင့် ခပ်ခွာခွာနေထိုင်တတ်ကြပါသည်။ မိမိနှင့် မိတ်ဆွေဖြစ်ရန် အကြောင်းပေါ်လာပြီး ဗေဒင်လေး မေးတတ်လာခြင်းဖြစ်ပါသည်။ သူက -

"ဂါထာဆို အရှည်မပေးပါနဲ့ ဆရာ၊ တိုတိုတုတ်တုတ်လေး လုပ်ပါ" ဟူ၍။ အခုတော့ အလုပ်အကိုင် အဆင်ချောပြီး ကုမ္ပဏီမှ ပြည်ပသို့ တာဝန်ပေးသဖြင့် ထွက်ခွာခွင့်ရခဲ့လေပြီ။ ရတနာသုံးပါးအား နက်ရှိုင်းစွာ ယုံကြည်သက်ဝင်လာသော ကိုမျိုးအောင်ကို အကျိုးထူးပြလေပြီပေါ့။

နောက်တစ်ဦးက သင်္ဘောသားကြီး ဦးဇော်တင့်။ သင်္ဘောတက်ရေး ထစ်ငေါ့နေတာကို အကူအညီတောင်းပြန်၏။ ယတြာထုက် ကျင့်စဉ်ကို ဦးစားပေးတတ်သော စာရေးသူရဲ့ဟန်ကို သိ၍ သူကပင် -

"ဆရာရယ် ဒီတစ်ခါ ဂါထာပေးရင် တိုတိုတုတ်တုတ်နဲ့ ထိရောက်မယ့် ဂါထာမျိုး ချီးမြှင့်ပေးပါ ဆရာရယ်" ဟူ၏။

စာရေးသူမှ ပေးအပ်သောကျင့်စဉ်ဖြင့် ယခု စာရေးနေချိန်တွင် ပင်လယ်ပြင်တွင် လက်ညှိုးညွှန်ရာ ရေဖြစ်သော သင်္ဘောသားဘဝကို ပျော်ရွှင်စွာ လုပ်ငန်းဝင်နေကြောင်း ကြားသိရပါ၏။

"ကဲ ဆရာသောင်း မုန့်ချိုလုံးရတဲ့ ဇာတ်လမ်းကို သဘောပေါက်ရောပေါ့၊ ဒါတောင် ရုပ်ဝေးရောက်တဲ့ ကိုမျိုးအောင်သာ ရှိနေရင် တီကွေးမုန့်လည်း စားရကိန်းကြီးမှာ ဆရာသောင်းရဲ့" ဟု ဆိုလိုက်၏။

ဆရာသောင်းမှ -

"ဟုတ်ပါပြီ၊ ဂါထာတိုတိုနဲ့ အလုပ်ဖြစ်တဲ့ အဟုတ်ဖြစ်တဲ့ ကျင့်စဉ်ကိုလည်း အမိန့်ရှိပါဦး အာစရိယရဲ့" ဟု နောက်ဆုံး ထမနဲလက်ကျန်ကိုစားရင်း မေးလာ၏။ စာရေးသူမှ -

"ဒီဂါထာကို အမြဲဌာန်နဲ့ တစ်နေ့ ပုတီး ၁၀ ပတ်နှုန်းနဲ့ ၈၁ ရက် အဓိဌာန် ယူရတယ်၊ အချိန်ပေးနိုင်ရင် သိပ်အရေးကြီးရင် ၁၈ ရက်အတွင်း အကြိမ်ပေါင်း ၈၄၀၀၀ ဂါထာကို ရွတ်ပေးရမယ်၊ ဂါထာတစ်ပုဒ်လုံးကို တစ်ကြိမ်လို့ မှတ်ပါ။ ပုံမှန် လာဘ်ဝင်ဖို့ စာမေးပွဲအောင်ဖို့ဆိုရင် တစ်နေ့ သုံးပတ်နှုန်းနဲ့ သက်စေ့ရွတ်ရတယ် ဆရာ"

"ဆရာ့ဂါထာကို ပြောဖို့ ကျန်သေးတယ်လေ"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ပြောပြပါ့မယ် ဆရာသောင်းရယ်၊ ဂါထာကတော့ နမောတဿ ဃတောမဟိ မတောဃဿ တမေယန ပါ ဆရာသောင်း"

မော်လမြိုင် တိုက်မင်းရောပြို့မှ ကောလှဆရာတော်ဘုရားကြီးအား အစဉ်မပြတ် ဦးတင်လျက် -

နတ်မျက်စိ ဆရာအောင်မိုး

www.burmeseclassic.com

www.burmeseclassic.com

အောင်ကြည်သန်း
(ဖောင်တော်သီ)

ရပ်တိုင်းအတွက်
နှဝင်းအညွှန့် စာတမ်းပြကြာ

တစ်မိုးကုန်လို့ တစ်ဆောင်းသစ်ခဲ့ပြန်လေပြီ။ ဆောင်းအကြို အရှေ့မြောက်လေနုအေးလေးတွေ တိုက်ခတ်လာနေသည်။ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်း ဆုတောင်းပြည့်စေတီတော် ဘုရားဝင်းထဲက ပိတောက်၊ ကရမက်၊ သရဖီ၊ ဗာဒံပင်တွေဆီက ရော်ရွက်ဝါလေးတွေ ဆောင်းလေအေး ဝေ့ဝိုက်ကျီစယ်လိုက်သဖြင့် ကြွေကျကာ လေတွင် ပျံဝဲပြီး မြေခနေကြသည်။

ကြွေရွက်ဝါနေရာတို့တွင် ရွက်သစ်လေးတွေ အစားထိုး ဝင်ရောက်လာကြပြီး စိမ်းစိုလန်းဆန်းကာ သဘာဝအလှပန်းချီကားကို ဖန်တီးနေကြလေသည်။

ဆောင်းလေနှင့်အတူ တစ်မိုးတွင်းလုံး ပျောက်ချက်သား ကောင်းနေသည့် ဥဩငှက်ငယ်ကလေးတွေလည်း ဘယ်ဆီဘယ်ဝယ်ကနေ ဘယ်လို ရောက်လာကြသည်မသိ။ ဗာဒံပင်ထိပ်ဖျား ရွက်ကြိုရွက်ကြားက ဥဩ... ဥဩ... ဥဩ မြည်သံပေးပြီး လွမ်းတေးသီဆိုနေကြသည်။

မိုးကောင်းဆုတောင်းဖြည့်စေတီတော် ထီးတော်ကြီးဆီက ဆည်းလည်းသံ တချွင်ချွင်ကိုလည်း ကြားနေရသည်။ ဘုရားရင်ပြင် ရှေ့မြောက်ခွင်က မော့ငးကြီးတီးသံ တဒူဒူနှင့် ကြေးစည်ကြီးတီးသံ ဒူဝေဒူဝေကိုလည်း တစ်ချက်တစ်ချက် ကြားနေရသည်။

သည်ဆောင်း သည်လေနှင့် ဥဩသံ၊ ဆည်းလည်းသံတွေကို ကြားလိုက်ရသဖြင့် မွေးရပ်ရွာကို သတိရမိ လာသည်။ လွမ်းသလိုလို ဆွေးသလိုလို ရင်ထဲမှာ ခံစားမိသည်။ ငယ်စဉ်က ရွှေရောင်လွမ်းနေသည့် လယ်စပါးခင်းမှာ စာကခလေးတွေ အုပ်စုလိုက်လာစားကြသဖြင့် နှင်းတောထဲ စာတွေခြောက်မောင်းခဲ့ရသည်ကို ပြေးလို့သတိရလိုက်သည်။

တစ်ဆက်တည်း ငွေနှင်းမှန်ကြားမှာ တူနှစ်ကိုယ် လှုပ်ရှားသွားလာခဲ့ကြသည့် ငယ်ကျွမ်းဆွေလေးကို သတိရအောက်မေ့နေမိစဉ် -

"ဆရာ ဝင်ခွင့်ပြုပါ" ဆိုသည့်အသံနှင့်အတူ ကိုလှမင်း တစ်ယောက် ဗေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။

ကိုလှမင်းနှင့်ကျွန်တော်က ပြောမနာဆိုမနာ မိတ်ဆွေရင်းချာများ ဖြစ်ကြသည်။ သူ့ကို ယခုတွေ့ရသည်မှာ မျက်နှာကမကောင်း၊ ယခင်ကလို တက်တက်ကြွကြွ လန်းလန်းဆန်းဆန်း မရှိလှ။

"လာ ထိုင်၊ မတွေ့တာကြာပြီ၊ ဘယ်ပျောက်နေလဲ၊ ကဲ-ပြော၊ ဘာအကူအညီပေးရမလဲ"

"ခနီးအထွက်များနေလို့ ဆရာ့ဆီ မရောက်ဖြစ်တာပါ။ လူမရောက်ပေမယ့် စိတ်ကတော့ ရောက်ပါတယ်၊ ဒီနှစ်မိုးတွင်း မိုးကကောင်း၊ ရေတွေကြီး၊ လမ်းတံတားတွေကပျက်စီ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ခမီးသွားလုပ်ငန်းတွေ မှန်းသလောက် အဆင်မပြေခဲ့ဘူး ဆရာ၊ လမ်းတွေက မကောင်းတော့ ကားတွေက ပျက်လိုက်၊ နားလိုက်၊ ပြင်လိုက်နဲ့ ဂျာအေးကို သူအမေရှိက်ပါလို့ မှောင်မိုက်မှာငို ဆိုသလို ဖြစ်နေတယ်ဆရာ၊ အဲဒါကြောင့် တစ်နှစ်ပတ်လုံး လုပ်ငန်းတွေ အဆင်ပြေမယ့် ယကြာကောင်းကောင်းလေး ပေးပါဦး"

"လူဘဝဆိုတာ ဒီလိုပါပဲဗျာ၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ကောင်းလိုက်၊ ဆိုးလိုက်ပဲ၊ အဘအောင်မင်းခေါင် ပြောသလို ပေါ့ဗျာ၊ လုပ်တိုင်းမဖြစ် စိတ်မညစ်နဲ့ ကိုယ်လုပ်တိုင်းသာဖြစ်နေပါက ဘယ်မှာအနုတ္တရိမလဲတဲ့။

ကိုလှမင်းရဲ့ လုပ်ငန်းတွေ တစ်နှစ်ပတ်လုံး ကောင်းအောင် ကျွန်တော် နဝင်းအည္ဆန့် ဓာတ်ယကြာ ပေးလိုက်ပါမယ်၊ ဒီယကြာက အသက် ၏စစ်နှစ်ပြည့်တိုင်း ပြည့်တိုင်း လုပ်ပေးရတယ်၊ စီးပွားရေးလုပ်ငန်းတွေသာမကဘဲ လူမှုရေး၊ အိမ်ထောင်ရေး အစရှိတဲ့ ကိစ္စတွေအတွက်လည်း ကောင်းတယ်၊ ပြောပြပေးမယ်၊ လိုက်သာမှတ်ဗျာ"

"ဟုတ်ကဲ့ သေချာလိုက်မှတ်ထားပါ့မယ် ဆရာ"

"ဒီယကြာက ကိုလှမင်း အခုရောက်နေတဲ့ အသက်ကို တည်ပြီး ခုနစ်နဲ့ စားရမယ်၊ ရလဒ်မလိုဘူး၊ အကြွင်းကို ကြည့်ရမယ်၊ အကြွင်းအရ အင်္ဂါဝင္ဆာတိုင် ထူရမယ်၊ တိုင်ရဲ့အပေါ် ဘက် နံသုံးလုံးရဲ့ နံတူပန်း အည္ဆန့်၊ အရွက်၊ အခက် သုံးခုစီကို အသင့်ယူထားရမယ်၊ နောက်ပြီး ပုလင်းအဝကျယ်ကျယ် တစ်လုံးလိုမယ်၊ ဟောလစ်ပုလင်းအရွယ်လောက်ဆို သုံးလို့ ရပါတယ်။

ပုလင်းထဲကို မြေသန့်သန့် (၉) ခွန်း ထည့်ရမယ်၊ ရေသန့်သန့် ပုလင်းအဝနားအထိ ထည့်ရမယ်၊ ပုလင်းထဲကို အသင့်ယူထားတဲ့ ပန်း၊ အည္ဆန့် အခက်တွေ ထည့်ရမယ်၊ အဲဒီလို ထည့်ပြီး ပန်းအိုးပြင်ဆင်ပြီးရင် မွေးနေ့ မနက် (၉) နာရီအချိန် အိမ်ဘုရားမှာ ကပ်လှူရမယ်။

လိုတဲ့ဆုတွေ တောင်းရမယ်၊ ဘုံသုံးဆယ့်တစ်ဖြာ လူနတ်ဗြဟ္မာတွေကို မေတ္တာပို့ အမျှဝေပေးရမယ်၊ ပန်းတွေညှိုးရင် လဲလဲပေး၊ ပန်းအိုးထဲက ရေကို သုံးရက်တစ်ခါ လောက် လဲပေး၊ ဒီယကြာလုပ်ရင် ခင်ဗျားလုပ်ငန်းတွေ အဆင်ပြေပြီသာ မှတ်တော့ဗျာ"

"ကျွန်တော့်အသက်က အခု (၅၀) နှစ်ထဲ စဝင်နေပြီ၊ နမူနာလေး တွက်ပြပေးပါဦး ဆရာ"

"တွက်ပြပေးပါ့မယ်၊ ခင်ဗျားလည်း အင်္ဂါဝင္ဆာတိုင် လောက်တော့ ထူတတ်နေတာပဲ၊ (၅၀) ကို (၇) နဲ့စားရင် အကြွင်း (၁) ရမယ်ဗျာ၊ (၁) ကိုတည်ပြီး တိုင်ထူရင် တိုင်အပေါ်ဘက်မှာ ကြာသပတေး၊ တနင်္လာ၊ သောကြာ ရှိနေတယ်၊ ကြာသပတေးနံအတွက် မေမြို့ပန်း (၃) ပွင့်၊ တနင်္လာနံအတွက် ကံကော်ညွှန့် (၃) ညွှန့်၊ သောကြာနံအတွက် သီတိုင်ညွှန့် (၃) ညွှန့် **ညွှန့် (၃) ညွှန့်ကို မြေနဲ့ရေ** ထည့်ထားတဲ့ ပုလင်းထဲမှာ ထည့်ပြီး ခင်ဗျားရဲ့မွေးနေ့ဖြစ်တဲ့ ဗုဒ္ဓဟူးနေ့ မနက် (၉) နာရီ အိမ်ဘုရားမှာ ကပ်လှူပေါ့ဗျာ၊ ပုံပါ ဆွဲပြပေးလိုက်မယ်၊ ဒီလောက်ဆို နဝင်းအည္ဆန့် ဓာတ်ယကြာကို လုပ်တတ်ရောပေါ့"

"ဆရာရှင်းပြလိုက်တော့လည်း အလွယ်သားပဲ၊ လုပ်တတ်ပါပြီ"



ပုလင်း - ၁ + ၄ - ၉
ရေမြေ - ၄ + ၁ - ၉
လှူချိန် - ၉ နာရီ - ၉

ကျွန်တော်တို့နှစ်ယောက် စီးပွားရေး၊ သားရေး သမီးရေး၊ ဘာသာရေး၊ ထွေရာလေးပါး ရောက်တတ်ရာရာ အကြောင်း စကားတွေ ဖောင်ဖွဲ့ပြောဖြစ်ကြသည်။

အချိန်အတော်လေးကြာမှ "ကျေးဇူးပဲ ဆရာ" တူနွှတ်ဆက်ကာ ကိုလှမင်းတစ်ယောက် ပြန်သွားပါတော့သည်။

နဝင်းဓာတ်ယကြာကို လူတိုင်း အလွယ်တကူ စီရင်နိုင်ရန်အတွက် အကြွင်းအလိုက် အင်္ဂါဝင္ဆာတိုင်များနှင့် တစ်လျှရန် မန်း၊ အည္ဆန့်၊ အခက်တို့ကို ဖော်ပြပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိတို့ ရောက်ရှိနေသည့် အသက်ကိုတည်ပြီး (၇)ဖြင့် စားကာ အကြွင်းတိုင် အပေါ် ဘက် သုံးလုံးကိုကြည့်၍ နဝင်း အညွှန်မှတ် ယတြာကို စီရင်နိုင်ပါသည်။

(၁) ကြွင်းတိုင်
၅ - မေမြို့ပန်း (၃) ပွင့်
၂ - ကံ့ကော်ညွှန့် (၃) ညွှန့်
၆ - သီဟိုဠ်ညွှန့် (၃) ညွှန့်
၁၃
၇
၀
၃

(၂) ကြွင်းတိုင်
၆ - သီဟိုဠ်ညွှန့် (၃) ညွှန့်
၃ - ဆီးညွှန့် (၃) ညွှန့်
၀ - ဒန်းညွှန့် (၃) ညွှန့်
၉
၅
၁၀
၇

(၃) ကြွင်းတိုင်
၀ - ဒန်းညွှန့် (၃) ညွှန့်
၇ - ရွှက်လှညွှန့် (၃) ညွှန့်
၁ - အုန်းညွှန့် (၃) ညွှန့်
၃
၆
၂
၅

(၄) ကြွင်းတိုင်
၁ - အုန်းညွှန့် (၃) ညွှန့်
၅ - မေမြို့ပန်း (၃) ပွင့်
၂ - ကံ့ကော်ညွှန့် (၃) ညွှန့်
၈
၀
၃
၆

(၅) ကြွင်းတိုင်
၂ - ကံ့ကော်ညွှန့် (၃) ညွှန့်
၆ - သီဟိုဠ်ညွှန့် (၃) ညွှန့်
၃ - ဆီးညွှန့် (၃) ညွှန့်
၁၁
၁
၈
၀

(၆) ကြွင်းတိုင်
၃ - ဆီးညွှန့် (၃) ညွှန့်
၀ - ဒန်းညွှန့် (၃) ညွှန့်
၇ - ရွှက်လှညွှန့် (၃) ညွှန့်
၆
၂
၅
၁

(၀) သုညကြွင်းတိုင်
၇ - ရွှက်လှညွှန့် (၃) ညွှန့်
၁ - အုန်းညွှန့် (၃) ညွှန့်
၅ - မေမြို့ပန်း (၃) ပွင့်
၀
၃
၆
၂

ရှေးဆရာများ အဆိုရှိကြသည်မှာ "ကွန်ဆိတာ နိန္ဓိတံ ဖလံယာတိ ပဝတ္တ တိတိယကြော" ဟု အဆိုရှိသည်။ လိုအပ် သောအကျိုး၊ မလိုအပ်သောအကျိုး နှစ်ပါးတို့ကို ကောင်းစွာ ဖြစ်စေတတ် ရောက်စေတတ်သောကြောင့် ယတြာဟုခေါ်ဆို လေသည်။

ယခုဖော်ပြပါ နဝင်းအညွှန့်မှတ်ယတြာကို ကောင်း စွာ စီရင်ကပ်လှူခြင်းကြောင့် စီးပွားလုပ်ငန်းများ တိုးတက် အောင်မြင်ခြင်းသာမက်ဘဲ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး အစရှိသည်တို့လည်း တိုးတက်ကောင်းမွန် အောင်မြင်ပါစေသည်။ လူတိုင်း ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေရယ်လို့သာ။

အောင်ကြည်သန်း(ဖောင်တော်သီ)

www.burmeseclassic.com

အကယ်ဒမီ မောင်လူလှနှင့် မှတ်ဉာဏ်ကောင်းစေသော ယတြာ

ထက်လင်းထက်

ကျွန်တော်သည် မြောက်ဥက္ကလာပမြို့၊ မယ်လမုစေတီတော်ကြီးသို့ အပတ်စဉ် ကြာသပတေးနေ့တိုင်း ရောက်ရှိလေ့ရှိပါသည်။ ယနေ့လည်း ကြာသပတေးနေ့ဖြစ်ရာ ထိုစေတီတော်ကြီးဆင်းအတွင်းရှိ နောင်တော်ကြီးစေတီသို့ ဝင်ရှိဖူးမြော်လေ၏။

ထို့နောက် ဂေါပကခုံးအနီးရှိ ဈေးကြည့်တိုက်တွင်း ဝင်ရောက်ကာ လောကီ၊ လောကုတ္တရာဆိုင်ရာ စာအုပ်စာစောင်များအား ဖတ်ရှုလေ့လာခဲ့၏။

နံနက် ၉ နာရီခန့်သာ ရှိသေးသောကြောင့် စိတ်အေး ချမ်းသာစွာဖြင့် လေ့လာမှတ်သားပြီးလေသော် **ရေဇော်ရေဖတ်** ဆရာ 'ဝစကြာ'ထံသို့ **ဆတ်လတ် ထွတ်** ခွာခဲ့၏။

သူသည်ကား ထိုစေတီအတွင်းရှိ ဗေဒင်ဆိုင်တန်းတွင် ဗေဒင်ဇော်ဇကာ ထောင်ပြောနေသူဖြစ်၏။

ထိုဝဠာရပ်တို့တွင် ထူးချွန်ထက်မြက်သူဖြစ်သည့်အတွက် ယုံကြည်အားကိုးသူတို့ အမြဲမပြတ် သူ့ထံတွင် ရှိနေတတ်သည်။

ယခု ကျွန်တော်ရောက်သွားချိန်တွင်ပင် သူ့ပရိသတ်များကြောင့် အခွံ့

www.burmeseclassic.com

အနည်းငယ်မျှသာ စကားပြောကာ နှုတ်ဆက် ထွက်ခွာလာခဲ့ရလေ၏။

ကျွန်တော်သည် ငမိုးရိပ်ချောင်း တစ်ဆက်တည်းရှိ ဝင့်ကြွေးတော်ပြေ စေတီတော်အား သည်မှာဘက်ကမ်းစပ်မှ လှမ်း၍ဖူးမြော်ရလေ၏။ ထို့နောက် ငါးစာ၊ လိပ်စာများ ကျွေးမွေး ကုသိုလ်ယူပြန်လေ၏။ ဆင်စီးမြင်းရံဘုရား၊ အောင်ခြင်းရှုစ်ပါး စသည်တို့ကို လှည့်လည် ဖူးမြော်ခဲ့လေ၏။

ပြီးလျှင် သူတော်စင်များဆောင်သို့ဝင်ကာ ရှိခိုးကန်တော့ ဆုများ တောင်းခဲ့ရပြန်လေ၏။ ခဏမျှ နားနေခဲ့ကာ ဒဲ့မြောက်ပြန်ရန် ကားဂိတ်သို့ ဆက်လက်ထွက်ခွာလာခဲ့၏။ ကားဂိတ်တွင် ကားစောင့်ဆိုင်းနေစဉ် ကျွန်တော်၏တူ မောင်လူလှနှင့် တူမ သန္တာခင်တို့ နှစ်ယောက်နှင့် ဆုံရလေ၏။ ထွေ့လျှင်တွေ့ချင်း မောင်လူလှက -

"ဘဘ ထက်လင်းထက်၊ ဘယ်ကိုသွားမှာလဲ၊ ကျွန်တော်တို့က စာမေးပွဲအတွက် လိုအပ်တာလေးတွေ ဝိုင်းဖွဲ့ကျက်မှတ်ဖို့ (၂) ရပ်ကွက်ကသူငယ်ချင်းတွေဆီလာတာ၊ ဘဘကို လှမ်းမြင်လိုက်လို့ပါ၊ မမေမောတောင် ဟိုနေ့က ပြောနေသေးတယ်၊ နင်တို့ ဘဘဆီလည်း ငါ မရောက်တာ ကြာပြီဟယ်၊ မရမ်းကုန်းနဲ့ မြောက်ဒဂုံ မဝေးလှပေမယ့် နေ့စဉ် မိသားစုရဲ့ ဝတ္တရားတွေကများလို့ မရောက်ဖြစ်တာ၊ နက်ဖြန် သန်ဘက်ခါတော့ အစ်ကို့ဆီကို သွားဖြစ်အောင်သွားမယ်ဆိုပြီး ဘဘကြိုက်တဲ့ ဆတ်သားခြောက်ဖုတ် ဆီစိမ်နဲ့ ဝက်ခြေထောက်ပေါင်းတွေ စီစဉ်နေတယ်၊ ကဲပါ လမ်းကြီးမှာ မနိုပ်ပါဘူး၊ ဟော့တိုဆိုင်မှာ တစ်ခုခုစားရင်း စကားပြောကြရအောင်ပါ ဘဘရယ်"

ဟုဆိုကာ ကျွန်တော့်လက်ကို ဆွဲပြီး 'စည်းစိမ်သျှ' စားသောက်ဆိုင်သို့ ဝင်ကြလေတော့သည်။ ကြိုက်နှစ်သက်ရာကိုယ်စီ မှာယူစားသောက်ခဲ့ကြလေ၏။

ရောက်တတ်ရာရာ စကားများ ပြောဆိုနေကြလေရာ ကျွန်တော်တို့ စားပွဲဝိုင်း ဘယ်ဘက်ခြမ်း တစ်ဝိုင်း ကျော်လောက်ဆီမှ အသက် ၂၀ နှစ် အရွယ်ခန့်ရှိ မိန်းကလေး၊ ယောကျ်ားလေး ၅ ယောက်ခန့်သည် လာမည့် အကယ်ဒမီဆု ချီးမြှင့်ပွဲနှင့် ပတ်သက်၍ ထင်ကြေးပေးစကားများ ဧဝဖန်ငြင်းခုံ စကားများဖြင့်ရှိရာ အနီးအနား စားသောက်သူတို့က သူတို့ရဲ့ အမြင်အမျိုးမျိုး၊ မျက်နှာထားအမျိုးမျိုး တို့ဖြင့် ငဲ့စောင်း၍ ကြည့်နေကြလေသည်။

ဤတွင် ကျွန်တော်၏တူနှင့် တူမတို့က -

"ဘဘရှင့်. . . အကယ်ဒမီ ဆုပေးပွဲနဲ့ ပတ်သက်ပြီး သမီးတို့ကို ပြောပြပါလားဟင်၊ ဘဘက စာသမားဆိုတော့လေ"

"ဘဘကို ဒီလောက်ကြီးလည်း ထင်မထားကြနဲ့ကွာ၊ ဘဘ ကလေးဘဝ လောက်ကတည်းက ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ဆဲ့စနစ်က ရှိခဲ့တာမို့ သေချာမသိဘူး၊ လေ့လာ မှတ်သားမိသရွေ့တော့ ပြောပြပါ့မယ်၊ ပြည့်စုံလှမယ် မထင်လို့ တခြားသိနိုင်တဲ့၊ သိတဲ့ လူပုဂ္ဂိုလ်ထဲကလည်း ဗဟုသုတဖြည့်ဆည်းကြဦးမေ့ါ့ကွယ်"

ကျွန်တော်က သောက်လက်စ လက်ဖက်ရည်ကို တစ်ကျိုက်တည်း မော့ချလိုက်လေ၏။

ရေနွေးကြမ်းတစ်ခွက်ဖြင့် လည်ချောင်းရှင်းလိုက်ပြီး -

"ဒီလိုကွဲ့၊ ဘဘငယ်စဉ် ကလေးဘဝ ၁၉၅၂ ခုလောက်ဆီကပဲ တို့မြန်မာနိုင်ငံမှာ မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်နိုင်ဖို့ အကဲဖြတ်အဖွဲ့ ဆိုတာ ရှိခဲ့တယ်၊ အဲဒီမှာ အကောင်းဆုံး ရုပ်ရှင်ဇာတ်လမ်းဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုတွေကို အကဲဖြတ်အဖွဲ့က စိစစ်ရွေးချယ်ပြီး ထိုက်တန်တဲ့ဆုကို ချီးမြှင့်ခဲ့ကြတယ်၊ ဆုတံဆိပ်တွေကတော့ ဆုအလိုက် ခွဲခြားထားရတာပေါ့"

ဟု ရှင်းပြကာ ခေတ္တမျှ စဉ်းစားရန် ရေနွေးတစ်ခွက်မော့၍ သောက်စဉ် တူတော်မောင်က -

"ဘဘခင်ဗျား၊ ဆုတံဆိပ်ပုံစံလည်း သိပါရစေဦး"

ဟု မေးရာ ကျွန်တော်က -

"အေးပါ. . . တံဆိပ်က ရွှေတစ်ကျပ်သားအလေးချိန်ရှိတဲ့ အလျားခု ၁သမ ၅ လက်မ၊ အနံက ၁ ၁သမ ၅ လက်မရှည်တဲ့ အရွယ်အစားကွဲ့၊ မြန်မာ့အနုပညာ ကနုတ်ပန်းတွေရဲ့ အလယ်မှာ ဖလင်ခွေနဲ့ ဖလင်စ ရစ်ပတ်ထားတဲ့ ဖော်ငြာပုံကို ဖော်ထားတယ်၊ အဲဒီဖလင်ခွေရဲ့ အောက်ဘက်နားဆီမှာ ကြယ်ပွင့်ကို ထည့်ထားတယ်၊ ဖလင်ခွေရဲ့ အပေါ်ဝိုင်းဆီမှာတော့ အမျိုးသား ဇာတ်ဆောင်ဆုအတွက် ဆုဆိုရင် 'မင်္ဂိုဠ်' ပုံပါတယ်၊ အမျိုးသမီးဇာတ်ဆောင်ဆုဆိုရင်တော့ 'စည်းပုံ' ပုံပါတယ်လေ"

ဟု ပြောရာတွင် တူ၊ တူမတို့က-

"ဘဘက တယ်ပြီး သိနေတာပဲနော်"

ဟု ချီးမွမ်းစကား ဆိုကြကုန်လေ၏။ ကျွန်တော်က -

"စောစောကတည်းက မင်းတို့ကို ပြောထားပြီးသားပဲကွယ်၊ ဦးတို့သိပ်ပြီး ထင်မထားကြပါနဲ့လို့၊ ခုပြောပြနိုင်တာက ဆရာမောင်ကြည်သန်းရဲ့ 'မြန်မာ့ဖြစ်ရပ် နောက်ထပ် ၁၀၀' စာအုပ်ထဲက ဖတ်၊ မှတ်ထားတာပါ၊ အဲဒီစာအုပ် မင်းတို့ ဖတ်ရင် ပိုပြီး ပြည့်စုံပေလိမ့်မယ်"

ထို့စဉ် တူမလေးက -

"အကောင်းဆုံး ဇာတ်လမ်းဆုကိုကျတော့ကော ရွှေချယ်လား၊ ရွှေချယ်ရင် ဘာဆုတွေ ဘယ်လိုအမှတ်အသားပုံစံနဲ့ ချီးမြှင့်ခဲ့သလဲဟင်"

"အေး. . . ဒါလည်း ပြောပြဦးမှာပါ၊ ဒီလိုရှိတယ်၊ အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းဆု ပထမဆုအတွက်ကိုတော့ 'ရွှေကိန္နရီ' ရုပ်ကွဲ၊ ဒုတိယဆုကျတော့ 'ငွေဒေါင်းရုပ်' နဲ့ တတိယအကောင်းဆုံးဆုကိုတော့ 'ကြေးခြင်္သေ့' ရုပ်ဖြစ်တယ်ကွဲ့"

ဟုဆိုကာ ဆိုင်နံရံထက်ဆီမှန်ရာရီကို ကျွန်တော်က ပင့်၍ကြည့်လိုက်သည်။

ထိုစဉ် တူတော်မောင် မောင်လူလှက ကျွသင့်ငွေတို့အား စားပွဲထိုးကလေးငယ်အား ပေးချေလိုက်ကာ ပြန်ရန်ပြင်ကြလေ၏။

ဤတွင် တူမတော် သန္တာခင်က တောင်းဆိုပြန်၏။

"သမီးတို့က ခုလာမယ့် အထက်တန်းစာမေးပွဲကြီးအတွက် ပြင်ဆင်နေရတာမို့ စာမေးပွဲမှာ ကျက်မှတ်ထားတာများ မမေ့မလျော့ စိတ်ပေါ့ပါးစွာ ဖြေဆိုနိုင်ဖို့ အဆောင် ယတြာလေးများ ညွှန်ပြပါဦး"

ဟု တောင်းဆိုပြန်ရာ ကျွန်တော်က -

"လူတချို့က လက်ရှိဘဝမှာ ကတိချွတ်ယွင်း မှတ်ဉာဏ်နည်းပါးရတာဟာဖြင့် လွန်လေပြီးတဲ့ဘဝ ဘဝတွေမှာ မုသာဝါဒ ကျူးလွန်ခဲ့ကြလို့ ဖြစ်တယ်။

ဝိသုဏာဝါစာဆိုတဲ့ ချောပစ်ကုန်းတိုက်စကားဆိုတာ၊ ဖရုသဝါစာဆိုတဲ့ ကြမ်းတမ်းတဲ့စကားကိုဆိုတာ၊ သမ္ဖပ္ပလာပဝါစာဆိုတဲ့ သိမ်ဖျင်းသောစကားဆိုတာ၊ မုသာဝါဒဆိုတဲ့ လိမ်လည်လှည့်ဖြားစကားဆိုသူတွေဟာဖြင့် သတိအမှတ် ချွတ်ယွင်း၊ ဉာဏ်ရည်ဉာဏ်သွေး မမီတတ်ဘူးတဲ့။

ဒါကြောင့် သီလရှိတဲ့ ရဟန်းနဲ့ လူပုဂ္ဂိုလ်တို့ကို မီးလုံး၊ မီးချောင်း၊ မီးအိမ်၊ မျက်စဉ်း၊ ခေါင်းအုံးတို့ လှူဒါန်းပေးရတယ်လို့ လေ့လာ မှတ်သားဖူးတယ်၊ မင်းတို့လိုပဲ တချို့သူများကို ညွှန်ပြပေးခဲ့ဖူးတယ်၊ ပြန်ပြီး ကြားရသိရသလောက်တော့ အတော်ကြီးကို ထူးခြားတယ်ကွဲ့၊ ယုံယုံကြည်ကြည်သာ လုပ်ကြပေတော့ကွဲ့၊ ရတနာသုံးပါး မမေ့နဲ့၊ ကံငါးပါးကို လုံပလေ့စေ၊ မင်းတို့တွေရှေ့ရေး ကောင်းပြီသာ မှတ်ကြပေတော့"

တူဆိုရာ သူတို့က လုံးဝယုံကြည်အားထားစွာ လိုက်နာလုပ်ဆောင်ကြပါမည်ဟု ကတိစကားဆိုကြကာ သူတို့က မရမ်းကုန်းမြို့နယ်ဘက်သွားမည့် ကားရပ်နားရာသို့လည်းကောင်း၊ ကျွန်တော်က မြောက်ဒဂုံဘက်ဆီသို့ သွားမည့် ကားရပ်နားရာသို့လည်းကောင်း အသီးသီး ထွက်ခွာခဲ့ကြပါတော့သည်။

ထက်လင်းထက်

❑

ဆရာဦးဗစ်ဒီးထွန်း D.B.B.W - C.T (Med)

ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ

နံလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို ဝမ်းတွင်းဒဏ်ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကြိတ်၊ ပို့နာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျိုနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➤ နေ့စဉ် နံနက် (၇)နာရီမှ ည (၇)နာရီအထိ

လိပ်စာ ➤ အမှတ် (၆၇၁)၊ ဘုရင့်နောင်လမ်းမကြီး အုပ်ချုပ်ရေးကုန်းအနီး ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း ➤ ၀၉-၇၃၁၃၆၄၃၊ ၀၉-၇၉၉၆၉၃၉၉၇၊ ၀၉-၂၅၄၉၃၂၆၉၉

ထမင်းညွှန် ➤ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၈၊ ၃၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးဒီဇို ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

နှံဝိုး

ရေနံဝှေ့ဖြစ်ပွားနေသည့် ဆန်းကြယ်မှုများ၏ အဖြေများ

အမေရိကန်နိုင်ငံ၊ ပစ်ဘတ်မြို့၊ ကာနက်ဂျီ စာကြည့်တိုက် သိပ္ပံနှင့်နည်းပညာဌာန၏ ဝန်ထမ်းများမှ ကွန်ပျူတာနှင့် နှစ်စဉ်ဘဝင်၊ ဆန်းကြယ်မှုများ၏ အဖြေများကို စာအုပ်ပေါင်း ၃၉၅၀၀၀၊ အချိန်မှန်ထွက်သည့် စာစောင် ၄၂၅၀၀၀၊ အစိုးရထုတ်ပြန်ချက် ထောင်သောင်းသော အစီရင်ခံစာများကို ကိုးကားလျက် အဖြေများကို ပြုစုထားရာ ကဏ္ဍအလိုက် အမေးအဖြေပြု၍ ဖော်ပြဖေးလိုက်ရပေသည်။

အတြိမ်မည်မျှ မျက်တောင်ခတ်ကြပါသနည်း။

လူတို့သည် ငါးစက္ကန့်တိုင်း တစ်ကြိမ် မျက်တောင်ခတ်လေ့ရှိကြရာ နှိုးနေသည့် ၁၆ နာရီ တစ်နေ့လျှင် ၁၁၅၀၀ အကြိမ် (သို့မဟုတ်) တစ်နှစ်လျှင် ၄၂၂ သန်းအကြိမ်ခန့် ပျမ်းမျှ မျက်တောင်ခတ်လေ့ ရှိကြပေသည်။

အစားအစာ စားကြရာတွင် သွားကြိတ်သည်နှုန်း မည်မျှရှိသနည်း။

သင်၏ မေးရိုးကြွက်သားများဖြင့် သွားများကို အဖွင့်အပိတ် ပြုလုပ်ရာတွင် အရှေ့သွားများဖြင့် ကြိတ်အားသည် ၅၅ ပေါင်နှင့် အဲသွားများဖြင့် ကြိတ်အားသည် ၂၀၀ ပေါင် ရှိသည်။

အဲသွားကြိတ်နှုန်း၏ အမြင့်မားဆုံးသည် ၂၆၈ ပေါင် ရှိကြောင်း အစီရင်ခံစာတစ်ခုအရ သိရှိရသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com



အစာကို ခြေဖျက်ရန် မည်မျှကြာသနည်း။

သင်၏ ဝမ်းပိုက်သည် အစားအစာကို တစ်လီတာ အထိ ဖြည့်သိမ်းထားနိုင်ပြီး ၎င်းတို့ကို အစာခြေလမ်းကြောင်း မှတစ်ဆင့် ခြေထုတ်ပစ်ရာတွင် နှစ်နာရီမှ ခြောက်နာရီအထိ ကြာရှည်သည်။ ၁၂ နာရီခန့် ကြာလျှင် ပထမဆုံး စားလိုက်သည့် အစားအစာသည် အစာအိမ်လမ်းကြောင်းမှ စတင် ဆင်းသက်၍ ပြန်လည်စွန့်ထုတ်ပစ်ရန် အူမမှ စတင်လုပ် ဆောင်လေ့ရှိသည်။

ကျွန်ုပ်တို့၏ ဦးခေါင်းတွင် ဆံပင် ဘယ်နှစ်ချောင်း ရှိနေကြသနည်း။

လူတစ်ဦးတွင် ပျမ်းမျှ ဆံပင် ၁၀၀,၀၀၀ ခန့်ရှိသည်။ အနီရောင်ဆံပင် ရှိသူတို့တွင် ၉၀,၀၀၀၊ ရွှေရောင်ဆံပင်ရှိ သူတို့တွင် ၁,၄၀,၀၀၀၊ အနက်ရောင်ဆံပင် ရှိသူတို့တွင် ၉၀,၀၀၀ မှ ၁,၄၀,၀၀၀ အကြားတွင်ရှိသည်။ လူတစ်ဦးသည် ဆံပင် ၅၀ မှ ၁၀၀ အထိ အများဆုံး ကျွတ်ကျလေ့ရှိ၏။

ကြောင်မျိုးနွယ်များ မည်သည့်အတွက် ငိုတတ်မည်းကြသနည်း။

တောင်ခြင်္သေ့များ၊ လင့်ကြောင်ဖြီးတို့များ၊ ကျားများနှင့် ခြင်္သေ့များ စသည့် ကြောင်မျိုးနွယ်ဝင် အားလုံးတို့သည် အလားတူ ငိုက်မျည်းကြရာ၌ တူညီကြလေသည်။

၎င်းတို့သည် အနုပြင်းပြင်း(အပုပ်နံ့စသည်)ကို ရှုရှိုက် မိခဲ့ကြလျှင် သူတို့သည် ကိုယ်ကိုလှိမ့်ခြင်း၊ မျက်နှာကို ပွတ် သပ်ခြင်း၊ လက်သည်း ခြေသည်းများကို ဆန့်ထုတ်ခြင်းနှင့် **ခန္ဓာတိုယ်**ကို တွန့်လိမ်ပစ်ခြင်း စသည်တို့ကို ပြုလုပ်လေ့ **ရှိကြ၏။** အနံ့စူးရှရှတို့တွင် မာတုဗေဒဖြစ် (Transreplalac-tone) ပါရှိနေသောကြောင့် **ကာမစိတ် နိုးကြွလာစေသည်။** စိတ်လှုပ်ရှားမှု သဘောတရားနှင့် **အတူတူပင် ဖြစ်ပေသည်။**

ပင့်ကူတစ်ကောင်သည် ပင့်ကူအိမ် ရက်လုပ်ရန် မည်မျှကြာသနည်း။

ပင့်ကူတစ်ကောင်သည် ပင့်ကူအိမ် အငိုင်းတစ်ခုကို ရက်လုပ်ရန် ပျမ်းမျှ ၃၀ မိနစ်မှ ၆၀ မိနစ်ခန့် ကြာမြင့်၏။

တချို့ပင့်ကူများသည် ညဘက်၌ ပင့်ကူအိမ်အသစ်ကို ရက်လုပ်ကြစဉ် အခြားသော အကောင်များသည် ပင့်ကူအိမ် အဟောင်းကို လိုအပ်သလို ပြင်ဆင်တတ်ကြပေသည်။

ခိုများသည် အိမ်အပြန်လမ်းကို မည်ကဲ့သို့ ရှာဖွေကြသနည်း။

မှန်းဆချက် တစ်ရပ်တွင် "အနံ့မြေပုံ" တစ်ချပ် ပါဝင် လျက်ရှိသည်။ သူတို့၏ အသိုက်ရှိရာသို့ ပြန်ရန် ပတ်ဝန်းကျင် ရှိ အရပ်မျက်နှာအသီးသီးမှ အနံ့များကို ခံယူတတ်အောင် ကလေးများမှအစ သင်ယူတတ်မြောက်နေကြောင်း သီဝရီ တစ်ခုမှ အကြံပြုပေးထားသည်။

နောက်ထပ် ခန့်မှန်းချက် တစ်ခုမှာ ကမ္ဘာမြေကြီး၏ သံလိုက်စက်ကွင်းမှနေ၍ အပြန်လမ်းကို ဌက်တစ်ကောင်မှ ဆွဲယူကာ သိရှိနိုင်သည်ဟုဆိုသည်။

အုပ်သင်းပွဲ၍ ဘဲငန်း သို့မဟုတ် ငန်းများ မည်သည့်အတွက် ပျံသန်းကြပါသနည်း။

တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသွားလာတတ် ကြသည့် ငှက်များ (ဆောင်းခိုငှက်များ)သည် **ခရီးဝေးသွားကြ** ရာတွင် စွမ်းအင်ထုတ်လုပ်မှု လျော့ချရန် ဝီ(V)ပုံသဏ္ဌာန်ဖြင့် ပျံသန်းကြကြောင်း လေထုအတွင်း ပျံသန်းမှုဆိုင်ရာ သိပ္ပံ ပညာရှင်များမှ ယူဆထားကြသည်။ ငှက်တစ်ကောင်တည်း သာ ပျံသန်းသွားလာသည်ထက် အုပ်စုဖွဲ့၍ ယင်းပုံစံဖြင့် ပျံသန်းရာတွင် လေတိုက်နှုန်း၏ ဖိအားကို လျော့ချပေး နိုင်ကြောင်း အဆိုပါ သိပ္ပံပညာရှင်များမှ ကောက်ချက်ချ ထားကြပေသည်။

မြောက်ဝင်ရိုးစွန်းဒေသတွင် ဆီးနှင်းများ အမြဲတမ်း အေးလွန်းနေပါသလား။

မြောက်ဝင်ရိုးစွန်းဒေသများတွင် ဆီးနှင်းများသည် **တစ်နှစ်ပြီးတစ်နှစ် စုံပုံလာနေပေသည်။** လေသည် အအေး **ဓာတ်ကို မည်မျှလောက်ပင် ရရှိနေစေကာမူ** အစိုဓာတ်များ **ကို ရရှိနေဆဲဖြင့် ဆီးနှင်းပုံဆောင်ခဲများ** ကျဆင်းနေဆဲပင် **ရှိနေသည်။ ယခု ၂၁-ရာစုနှစ်**တွင် ကမ္ဘာကြီး ပူနွေးလာသဖြင့် **တောင်နှင့်မြောက်ဝင်ရိုးစွန်းများမှ** ဆီးနှင်းများသည် တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com

ဖြည်းနှင့် ပျော်ဆင်းနေကြပေသည်။ အလွန်အားသော လေသည် ဆီးနှင်းများဖြင့် သက်ဆိုင်ခြင်းမရှိပေ။ ယေဘုယျအားဖြင့် ရှေ့မှအအေး၏ အနောက်ဘက်တွင် ရှင်းလင်းနေသည့် နေရာသို့ မြောက်လတ္တီကျွဒ်၏ လေများ ဝင်ရောက်လာ၍ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလာခြင်းဖြစ်သည်။

နေတို မည်ကဲ့သို့ ပြုလုပ်ထားသနည်း။
ၾင်းသည် မည်မျှလောတိ ပူပြင်းသနည်း။
မည်သည့်အခါ နေသည်
ပျောတ်တွယ်သွားမည်နည်း။

နေတွင် ဟိုက်ဒရိုဂျင် ၇၃ ရာခိုင်နှုန်းနှင့် ဟဲလီယမ် ၂၅ ရာခိုင်နှုန်း အခြေခံပါဝင်ပြီး ဟုန်းဟုန်းတောက်နေသည့် ဘောလုံးကြီးတစ်ခုဖြစ်သည်။ နေ၏ဗဟိုချက်မသည် အကြမ်းဖျင်း ၁၅ ဒီဂရီဆဲလ်စီးယပ်စ်၊ မျက်နှာပြင်သည် ၅၅၀၀ ဒီဂရီပတ်ဝန်းကျင် ရှိ၏။

ယခုမှစတင်၍ နှစ်ပေါင်း ငါးဘီလီယံခန့်အကြာတွင် ဟိုက်ဒရိုဂျင် လောင်စာအဖြစ်မှ ဟဲလီယံဒြပ်အဖြစ်သို့ ပြောင်းလဲပြီး ဧရာမ နွားနီရောင်ကြီး ဖြစ်ပေါ်လာမည်။ ၎င်း၏ အချင်းသည် ကမ္ဘာမြေကြီး၏ ငြိုတ်ပတ်လမ်းကြောင်း၏ နောက်ဘက်သို့ ကျော်လွန်ကာ ကျွန်ုပ်တို့၏ ငြိုတ်ကမ္ဘာကို မီးသွေးပြာ၊ မီးသွေးတုံး ဖြစ်သွားအောင် ချစ်ချစ်တောက်ပူပြင်း၍ လောင်ကျွမ်းသွားပေလိမ့်မည်။ ထိုအခါ သက်ရှိများ ဆက်လက်နေထိုင်နိုင်အောင် ထောက်ကူပေးနိုင်တော့မည် မဟုတ်ပေ။

အာကာသတွင် ရောတ်နေကြသည့်
အာကာသယာဉ်မှူးများ၏ ခန္ဓာတိုလိ
ပြောင်းလဲထွင်းပါသလား။

စကိုင်းလက် (Skylab) အာကာသယာဉ်မှူးများ၏ ကျောရိုးဆန့်တန်း၍ ဖြောင့်မတ်လာကြသည့်အတွက် ၎င်းတို့၏ အရပ်အမောင်းသည် ၁ လက်မခွဲမှ ၂ လက်မခန့် ရှည်ထွက်လာကြသည်။

၎င်းတို့၏ ခန္ဓာကိုယ်ထဲမှ အတွင်းအင်္ဂါအစိတ်အပိုင်းများသည် အပေါ်ဘက်သို့ ရွှေ့ပြောင်းသွားခဲ့ကြသောကြောင့် သူတို့၏ ခါးအတိုင်းအတာသည် လက်မ အများအပြား လျော့ကျသွားသည်။ သူတို့၏ ခြေသလုံးကြွက်သားများသည် ပိုမို၍ သေးငယ်သွားသည်။

အကြောင်းရင်းမှာ ၎င်းတို့၏ ခြေထောက်ကြွက်သားများမှ သွေးများနှင့် အခြားသော အရည်များသည် ခန္ဓာကိုယ်အထက်ဘက်ဆီသို့ တက်သွားသောကြောင့်ဖြစ်သည်။ ဤသို့အားဖြင့် ပေါင်တံနှင့် ခြေသလုံးကြွက်သားများ၏ လုံးပတ်အတိုင်းအတာသည်လည်း လျော့ကျသွားပေတော့သည်။



ဆီးနှင်းတစ်လတ်မတွင် ရေမည်မျှပါရှိသနည်း။

ပျမ်းမျှအားဖြင့် နှင်းဆယ်လက်မသည် ရေတစ်လက်မနှင့် ညီမျှသည်။ သိပ်သည်းလေးလံ၍ စိုရွှဲသော ဆီးနှင်းသည် ရေ၏ နှစ်ဆရှိပေသည်။ ခြောက်သွေ့၍ ပေါင်ဒါမှုန့်ကဲ့သို့ ဆီးနှင်းသည် ရေတစ်လက်မဖြစ်လာရန်အောင် ဆီးနှင်း ၁၅ လက်မ လိုအပ်ပေသည်။

နိုင်ယာဂရာ ရေတံခွန်
ပျောတ်တွယ်သွားတော့မှာလား။

နိုင်ယာဂရာရေတံခွန်မှ စီးဆင်းလာကြသည့်ရေများသည် အောက်ဘက်၌ ရေကန်ကြီးများ ဖြစ်ပေါ်လာအောင် တူးပေးနေကြပေသည်။ ဤသို့အားဖြင့် အထက်ဘက် ချောက်ကမ်းပါး၏ နုန်းကျောက်များကို ဖဲ့ထုတ်ပစ်လေ့ရှိသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀၀ မှ ဖွဲ့စည်းခဲ့သည့် ရေတံခွန်၏ အလျား ခုနစ်မိုင်ခန့်သည် တဖြည်းဖြည်းချင်း ယုတ်လျော့လာခဲ့သည်။ ဤနှုန်းအတိုင်း ဆက်လက်ဖြစ်ပေါ်နေပါက နှစ်ပေါင်း ၂၄၀၀၀ ခန့်တွင် ရေတံခွန် ပျောက်ကွယ်သွားမည်ဟု ခန့်မှန်းရပေသည်။

လူတစ်ဦး၏ခေါင်းပေါ်မှ အပူသည်
ဦးထုပ် မဆောင်းလျှင် မည်မျှလောတ်
ဆုံးရှုံးသွားမည်နည်း။

ဦးခေါင်းဆီသို့ သွေးလည်ပတ် ပို့ဆောင်ပေးရန် နှလုံး၏လုပ်ဆောင်မှုအပေါ် မူတည်လျက် ခန္ဓာကိုယ်၏ အပူနှုန်

www.burmeseclassic.com

www.burmeseclassic.com

စုစုပေါင်းသည် ၄၀ မှ ၅၀ ရာခိုင်နှုန်းအထိ အများဆုံး ဆုံးရှုံး သွားနိုင်ပေသည်။

ဘယ်သန်နှင့် ညာသန်အရေအတွက် မည်မျှရှိသနည်း။

လူအများဆုံး၏ မျက်စိ၊ နားနှင့် ခြေထောက်များသည် ညာသန်များ ဖြစ်နေကြကြောင်း မကြာခဏ တွေ့ရှိနေကြ ရပေသည်။ လေ့လာဆန်းစစ်မှု တစ်ရပ်အရ လက်မောင်း ညာသန် ၇၂ ရာခိုင်နှုန်း နှင့် ဘယ်သန် ၅.၃ ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ ၎င်း၏ ဆန့်ကျင် ဘက်အဖြစ်ဖြင့် ညာဘက်ခြေထောက် သန်သူများသည် ၄၆ ရာခိုင်နှုန်းရှိပြီး ဘယ်ဘက်ခြေထောက် သန်သူများသည် ၃. ၉ ရာခိုင်နှုန်းရှိသည်ဟု ဆိုပေသည်။

မည်သည့်ကဲ့အရောင်သည် လုံခြုံစိတ်အေးချမ်းဆုံး ဖြစ်ပါသနည်း။

အပြာရောင် သို့မဟုတ် အဝါရောင်သည် လုံခြုံမှုအရှိ ဆုံးနှင့် မီးခိုးရောင်သည် အဆိုးရွားဆုံးဖြစ်ကြောင်း ကျွမ်း ကျင်သူအချို့မှ အကြံပြုထားကြပေသည်။ မာစီဒီးဘင်ကား ကုမ္ပဏီ၏ လေ့လာမှုပြုချက်အရ အဖြူရောင်၊ အဝါရောင် တောက်တောက်နှင့် လိမ္မော်ရောင်တောက်တောက်တို့သည် အကောင်းဆုံးနှင့် အစိမ်းရင့်ရောင်သည် မြင်သာထင်ရှား သော အရောင်မဟုတ်ဘဲ လျော့ပါးမှုရှိသည်ဟု ဆိုပေသည်။

ရေကန်တစ်ကန်ပေါ်မှ ရေခဲ၏ ခံနိုင်ဝန် မည်မျှရှိသနည်း။

ရေကန်တစ်ကန်၌ ကြည်လင်နေသည့် ရေခဲမျက်နှာ ပြင်သည် ခြောက်လက်မခန့်ရှိနေသည့်တိုင်အောင် လူတစ်ဦးမှ လေးလေးပင်ပင် လမ်းလျှောက်သွားလျှင် မ,တင်မထားနိုင် ကြောင်း အမေရိကန်နိုင်ငံ အမျိုးသား ရာသီဥတု ဝန်ဆောင် မှုမှ ခန့်မှန်းထားသည်။

အဆိုပါ အခြေအနေအတိုင်း ရေခဲသည် ၂၄ လက်မ ရှိနေလျှင် ကားတစ်စီး သို့မဟုတ် ထရပ်ကားအပေါ့စား၏ ဝန်ကို ခံနိုင်စွမ်းရှိသည်။ ဆောင်းရာသီစောစောပိုင်း၌ ရေခဲ ပြင်သည် ၎င်း၏ နှစ်ဆခန့်ထူနေလျှင် ပိုမိုစိတ်ချ၍ လုံခြုံမှု ရှိသည်ဟု ဆိုပေသည်။

ကမ္ဘာပေါ်မှ မည်သည့်ပိုးတောင်သည် အဆိုးရွားဆုံး ဗျက်ခြီးတတ်သော သတ္တဝါဖြစ်သနည်း။

အိန္ဒိယ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက စသည့် ခြောက်သွေ့၍ မိုးနည်းပါးစွာ ရွာသွန်းသော ဒေသများတွင် သဲကန္တာရကျိုင်းကောင် (Schisfo-cerca gregasia) သည် အဆိုးရွားဆုံး ဗျက်ခြီးတတ်သည့် တိရစ္ဆာန်ဖြစ်ကြောင်း လူတို့ သိရှိထားကြပြီဖြစ်သည်။

ဤသဲဆူး ခြေဖနောင့်ပါသည့် နှံကောင်မျိုးများသည် သူတို့၏ လည်မျိုမှ သူတို့၏ ကိုယ်အလေးချိန်အတိုင်း တစ်နေ့ လျှင် ဝမ်းဗိုက်အပြည့် စားနိုင်ကြသည်။ ကျိုင်းကောင်တစ်အုပ် သည် တစ်နေ့တွင်းချင်းအတွင်း အပင်တန်ချိန် ၂၀၀၀ ကို စားပစ်နိုင်ကြ၏။

သင်၏မျက်စိများအတွင်းမှ မည်သည့်အရောဗျာ လူပ်ရှားနေကြသနည်း။

မြင်ကွင်းထဲတွင် အစက်အပြောက် အမှုန်အကြည် ကလေးများအား လှုပ်ရှားနေသည့် အရောများဟုခေါ်သည်။ တချို့သည် သွေးနီကလာပ်စည်းများဖြင့် ပေါ်ပေါက်လာပြီး ၎င်းတို့ကို မြင်လွှာသွေးကြောများမှ လွှတ်ထုတ်၍ ကြိုးအမှင် များအဖြစ် ဖွဲ့စည်းထားသည်။ ထို့နောက် မြင်လွှာ (သို့) မျက်ကြောလွှာ၏ ပတ်ဝန်းကျင်တွင် မျောနေပေသည်။

မျက်စိထဲတွင် ပြည့်နေသည့် ဂျယ်လီကဲ့သို့အရည် သည် "အရိပ်ထင်၍နေသည်ကို လှုပ်ရှားနေသည့်အရောများ ဟုခေါ်သည်။ အရည်သစ်များအဖြစ် အပယ်ကာ မြင်ကွင်းထဲ၌ တောက်ပနေသည့် အလင်းရောင်အဖြစ် ပေါ်ပေါက်လာခဲ့ သော် မျက်လွှာ သို့မဟုတ် မျက်ကြောလွှာ စုတ်ပြဲခြင်း သို့ မဟုတ် ကွာကျခြင်း ဖြစ်လာတော့မည်ဟု ညွှန်ပြနေပေသည်။

ဖြစ်လေ့ဖြစ်ထရှိသည့်ရောဂါ မည်သည်ပါနည်း။

ကူးစက်တတ်သည့်ရောဂါ အဖြစ်အများဆုံးမှာ နှာ စေး၊ နှာရည်ယို သို့မဟုတ် နှာခေါင်းမြွေး ရောင်ရမ်းသည့် "Coryza" သို့မဟုတ် "Common Cold" ရောဂါပင်ဖြစ်ပေ သည်။ ကူးစက်မှုမရှိသည့်ရောဂါမှာ သွားများ၏ပတ်ဝန်းကျင် ရှိ တစ်သျှူးများ၌ ဖြစ်ပွားတတ်သည့် ရောဂါဖြစ်သည်။ ဥပမာ အားဖြင့် သွားဖုံးရောဂါ (gingivitis) ဖြစ်သည်။ ဤရောဂါ မဖြစ်ပွားအောင် ရာသက်ပန် ရှောင်ရှားနိုင်သူ အနည်းငယ် သာ ရှိသည်။

ဦးတိုး(တက္ကသိုလ)

Ref : Reader's Digest, May 1996 From Answers to Everyday Mysteries - Compted by Science and Technology Department of Cornegie Library of Pittsbwz.

❑

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းသားတော် ရွှေဘုန်းမွန်ဆရာကြီး ဦးခန့်ကျော်

တဆ-၀၂၂၂၀

ပါရဂူမြောက်လက္ခဏာ ဗတိကြားခြင်း အတတ်ပညာကျမ်းနှင့်

THE ENCYCLOPEDIA OF PALMISTRY ကျမ်းပြုသူ

ဗေဒင်လက္ခဏာဟောနည်းပိပိစာ - ၂၇ ဆွေဘုန်းမွှေးဘုရားနေတန်း ရေကျော်ပွဲခန်းဟောင်းမြို့နယ်၊ ရန်ကုန်မြို့။

-09-5198240, 09-421075765, 09-420186129, 09-975446054, 09-975446053, 09-795286547

E-mail; ukhantkyaw@gmail.com Website: UKhantKyaw.MyanmarFortuneTeller.com

နေ့စဉ်နံနက် (၉း၀၀) နာရီမှ ညနေ (၃း၀၀) နာရီထိ

ဦးခန့်ကျော်စာပေ (မြ - ၀၄၉၁၂၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com

ဝါစတုသ္သုက္ကရပညာ

မင်္ဂလာရှိသော အိမ်ကြီး မြေနှင့် သိဂ္ဂဠေဟာရွေးချယ်နည်းများ

ဆရာဦးခန့်ကျော်

ယခင်လမှအဆက်

အစီအစဉ်တကျ မြေတူးဖော်ခြင်း

ဝင်းထရံနံရံအတွက် ပန္နက်ချနိုင်ရန် မြေကြီးများကို ထူးဖော်သည့်ကိစ္စမှာ အလွန်အရေးကြီးသည့် အဆင့်ဖြစ်သည်။ စွမ်းအင်များက အဆောက်အအုံတည်ဆောက်မှုများထိုးထွက်ရန်နှင့် မြန်မြန်ထက်ထက် ဆက်လက်လုပ်ဆောင်ရန် အတွက် ထိုအဆင့်က အရေးပါသည်။

အတယ်၍ ထိုအချက်ကိုလျစ်လျူရှုမိပါက အဆောက်အအုံပြီးစီးမှု ကိစ္စရပ်တွင် အဆက်အခဲများစွာ တစ်ခုစီတွက် တစ်ခု ပေါ်ပေါက်လာပြီး ဒိတ်ဆွေအတွက် စိတ်ဖျက်စရာများဖြင့် ကြုံတွေ့ရနိုင်သည်။ ထို့ပြင် တည်ဆောက်နေတဲ့ အချိန်ကြာသင့်သည်ထက် ပိုကြာမြင့်နေပြီး ငွေကြေးတုန်တုန်မှုက များလာနိုင်သည်။

အတယ်၍ ဒိတ်ဆွေအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ချောချောမွေ့မွေ့နှင့် အစစ အဆင်ပြေစေရန်မှာ အောက်ပါ အစီအစဉ်များကို လိုက်နာ လုပ်ဆောင်ရပါမည်။

www.burmeseclassic.com

မြေသား တူးဖော်ဖယ်ရှားသည့် အလုပ်ကို အရှေ့မြောက်ထောင့်မှ စတင်ရမည်။

၁။ ပထမအဆင့် - အရှေ့မြောက်မှ အရှေ့တောင်သို့၊
၂။ ဒုတိယအဆင့် - အရှေ့မြောက်မှ အနောက်မြောက်သို့၊
၃။ တတိယအဆင့် - အနောက်မြောက်မှ အနောက်တောင်သို့၊
၄။ စတုတ္ထအဆင့် - အရှေ့တောင်မှအနောက်တောင်သို့။

ပန်းကျောက်တုံးကို ချသည့်အခါ အောက်ပါအတိုင်း ပြုလုပ်ရမည်။

ပထမအဆင့် - ပထမဆုံး ပန်းချခြင်းကို အနောက်တောင်ဘက်မှစ၍ အရှေ့တောင်အထိ ပြုလုပ်ရန်၊
ဒုတိယအဆင့် - ပထမဆုံး ပန်းချခြင်းကို အနောက်တောင်ဘက်မှစ၍ အနောက်မြောက်အထိ ပြုလုပ်ရန်၊
တတိယအဆင့် - ဒုတိယလုပ်ငန်းအဖြစ် ပထမအဆင့်က အတိုင်း ဆက်လုပ်ရန်၊
စတုတ္ထအဆင့် - ဒုတိယလုပ်ငန်းအဖြစ် ဒုတိယအဆင့်က အတိုင်း ဆက်လုပ်ရန်၊
ပဉ္စမအဆင့် - ပထမဆုံးပန်းချခြင်းကို အရှေ့တောင်ဘက်မှစ၍ အရှေ့မြောက်အထိ ပြုလုပ်ရန်၊
ဆဋ္ဌမအဆင့် - ပထမဆုံး ပန်းချခြင်းကို အနောက်မြောက်ဘက်မှစ၍ အရှေ့မြောက်အထိ ပြုလုပ်ရန်၊

နောက်မှ ဆက်လက်ဖြစ်ပေါ်လာသည့် အလုပ်များကိုလည်း ထိုနည်းလမ်းအတိုင်းပင် ပန်းချသည့်လုပ်ငန်း ပြီးစီးသွားသည်အထိ ပြုလုပ်သွားရပါမည်။

ဤနေရာတွင် မိတ်ဆွေ တွေ့မြင်ရနိုင်သည်က အရှေ့မြောက်ထောင့်သည် ပထမဆုံး မြေသားထုဖယ်ရှားခံရသည့် နေရာဖြစ်နေပြီး မြေသားအစား ကျောက်တုံး အလေးချိန်ဝန်ကို လက်ခံရရှိသည့် နောက်ဆုံးပိတ်နေရာ ဖြစ်နေခြင်းပင် ဖြစ်သည်။ တစ်ဖက်ကလည်း အနောက်တောင်ထောင့်သည် မြေသားဖယ်ရှားခံရသည့် နောက်ဆုံးနေရာဖြစ်နေပြီး ပန်းကျောက်တုံး အလေးချိန်ဝန်ကို ပထမဆုံးလက်ခံရရှိသည့် ထောင့် ဖြစ်နေသည်။ ပန်းချခြင်းများက လိုအပ်သည့် အဆင့်သို့ ရောက်ရှိပြီး နံရံပန်းခုံ (plinth) ကိုပတ်မိသည့်အခါ အတွင်းဘက်မြေသား တူးဖော်ဖယ်ရှားခြင်းနှင့် ပန်းချခြင်း ကိစ္စများကို အထက်ပါ ပုံသေနည်းကို ကိုင်စွဲပြီး ဆက်လက် လုပ်ဆောင်ရပါမည်။

အိမ်တိုင်ပန်းချခြင်း

(က) အိမ်တိုင်အရေအတွက်များက 'စုံ' ဂဏန်း ဖြစ်နေ/မဖြစ်နေ ဟူသည့်အချက်ကို စစ်ဆေးပါ။ 'မ' ဂဏန်း မဖြစ်ရပါ။ ယင်းနောက်ခံအကြောင်းရင်းက မြေကွက်တွင် တည်ဆောက်ရေးပစ္စည်းများ ဖြန့်ဝေမှု အဆင်ပြေစေရန်အတွက်ဖြစ်သည်။ ရက်များလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။

(ခ) ပထမဆုံးတိုင်အတွက် အရှေ့မြောက်ဘက်တွင် မြေကျင်းကို အလျင်တူးရပါမည်။ တိုင်များအတွက် မြေကျင်းတူးခြင်းများကို အရှေ့တောင်ဘက်သို့ လည်းကောင်း၊ အနောက်မြောက်ဘက်သို့ လည်းကောင်း၊ ထိုမှတစ်ဖန် အနောက်တောင်ဘက်သို့ လည်းကောင်း တူးဖော်သွားရပါမည်။

(ဂ) ပထမဆုံးတိုင်အတွက် ကွန်ကရစ်လောင်းခြင်းကို အနောက်၊ အနောက်တောင်ဘက်မှ စတင်ပြီး အရှေ့မြောက်ဘက်သို့ ရွှေ့သွားရမည်။ အထက်ပါနည်းလမ်းများအတိုင်း ဆက်လက်လုပ်ဆောင်သွားရပါမည်။

(ဃ) ထို့နောက် အနောက်တောင်ထောင့်တွင် စတင် တိုင်ထူမတ်ပြီး မြေများ စတင်ဖို့ရပါမည်။ ထိုသို့ အစီအစဉ်တကျ လုပ်ဆောင်သွားရင်း အရှေ့မြောက်ထောင့်တွင် အဆုံးသတ်ရမည်။

ဝင်းထရံပေါက်များ

နေအိမ်၏ အဓိကဝင်းထရံပေါက်ကို မြေကွက်ထဲရှိ အဖိုဓာတ်အား အကောင်းဆုံးနေရာတွင် ဖောက်လုပ်ထားရပါမည်။

အောက်ပါနေရာများသည် လမ်းများကို မျက်နှာပြုမှု ကွဲပြားခြားနားသည့် အပေါ် မူတည်ပြီး အဖိုဓာတ်အား ကောင်းသည့်နေရာများ ဖြစ်သည်။

မြောက်ဘက်မျက်နှာပြုထားလျှင် - မြောက်ဘက်၏ အရှေ့မြောက်၊
တောင်ဘက်မျက်နှာပြုထားလျှင် - တောင်ဘက်၏ အရှေ့တောင်၊
အရှေ့ဘက်မျက်နှာပြုထားလျှင် - အရှေ့၏ အရှေ့မြောက်၊
အနောက်ဘက်မျက်နှာပြုထားလျှင် - အနောက်၏ အနောက်တောင်၊

နေအိမ်၏ အဓိက ဝင်ထွက်ရာတံခါးမသည် အဆိုပါ ဝင်းတံခါး၏ လက်ဝဲဘက်ခြမ်းတွင် အမြဲတမ်းထားရှိရပါမည်။ ထိုအချက်တွင် ယုတ္တိတန်မှုရှိသည်။ ထိုအချက်ကို ဇီဝသိပ္ပံပညာရှင်များက လေ့လာတွေ့ရှိထားကြသည်။ နွယ်ပင်များ နွယ်အပင်များသည် တစ်ခုခုအပေါ် တွယ်တက်ရာတွင် သူ

www.burmeseclassic.com

လက်ဝဲဘက်ကို အားပြုတွယ်တက်တတ်ပြီး လက်ယာရစ် ပုံစံဖြင့် ဖက်တွယ်ထားတတ်သည်ဟု ဆိုသည်။ ထိုအယူအဆက မြေထဲပင်လယ်တွင် တည်ရှိသည့် နိုင်ငံများနှင့် မြောက်ဝင်ရိုးစွန်းဒေသနေ လူများအပေါ်တွင် သြဇာညောင်းလွှသည်။ ထို့ကြောင့်လည်း ဟိန္ဒူများ ဘုရားဝတ်ပြုကြသည့်အခါ စန်တမ်စန်တိုရမ် (sanctum sanctorum)အား လက်ယာရစ် ပတ်သည်ကို တွေ့မြင်ကြရသည်။

ထိုအချက်ကို ကြည့်ရှုခြင်းဖြင့် မြေကြီးစွမ်းအားသည် လက်ယာရစ် ပတ်တတ်သည့်သဘောရှိပြီး အဆောက်အအုံအတွင်းသို့ မြေကြီးစွမ်းအားများ ဝင်ရောက်လာသည့်အခါ တွင်လည်း လက်ယာရစ်ပုံစံဖြင့် ဝင်လာသည့် လက္ခဏာရှိသည်။ ထိုကြောင့် ၎င်းပုံစံသည် အကောင်းဆုံးနည်းအဖြစ် လက်ခံ ကျင့်သုံးသင့်ပါသည်။

ပထမဆုံး ခြံစည်းရိုးနံရံဝင်ပေါက် ပြီးစီးသွားသည့် အခါ ဒုတိယဝင်ပေါက်ကိုမူ နှစ်ဆက်သည့်နေရာတွင် ထား ရှိနိုင်ပါသည်။ ပထမဝင်ပေါက်က စနစ်တကျ ဖောက်ထား ပြီးသား ဖြစ်နေလျှင် အခြားမည်သည့် ပြဿနာမျှ မရှိနိုင် တော့ပါ။

အစောင့်ကင်းတဲ

အဆောက်အအုံတစ်ခု၏ လုံခြုံရေးအတွက် အစောင့် ကင်းတဲကို ထားရှိတတ်ကြပါသည်။ အကယ်၍ မိတ်ဆွေ၏ မြေကွက်က အတန်ငယ်သေးနေလျှင် ခြံချင်းဆက်နေသည့် နေရာတွင် တစ်ဖက်ခြံ၏သဘောတူညီချက်ဖြင့် တည်ဆောက် ခြင်းက အကောင်းဆုံးဖြစ်ပေသည်။

ဤကိစ္စရပ်တွင် ခြံနှစ်ခြံစလုံးတွင် တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးနေပြီးဖြစ်ရန်လိုသည်။ ထိုအခါအဆောက် အအုံများနှင့် ပတ်သက်၍ မည်သူ့အတြောင်းအလိုမျိုးမျှ လုပ်စရာမလိုတော့သည့် အနေအထားဖြစ်သည်။ သို့သော် အစောင့်တဲကိုမူ မိမိခြံဘက်ခြမ်းတွင်သာ ဆောက်ရပါမည်။

ဤသို့ဆောက်ရာတွင်လည်း အရှေ့မြောက်ထောင့် တွင် မဆောက်ရပါ။ အရှေ့တောင်ထောင့်နှင့် အနောက် မြောက်ထောင့်များဆွေး ဆောက်နိုင်ပါသည်။

မော်တော်ကားဂိုဒေါင်

မော်တော်ကားဂိုဒေါင်အတွက် အကောင်းဆုံးနေရာ က အရှေ့တောင်ထောင့် (သို့) အနောက်မြောက်ထောင့် ထိုပင် ဖြစ်သည်။ ကားဂိုဒေါင် ခေါင်မိုးသည် နိမ့်ရမည်။ အရေးကြီးဆုံး အချက်တစ်ခုက ဂိုဒေါင်နှင့် ပင်မအဆောက် အအုံတို့ ထိစပ်နေခြင်းမျိုး မဖြစ်စေရပါ။ လေဝင်လေထွက် ကောင်းစေရန် အနည်းဆုံး ၆ လက်မမျှ ခွာထားရပါမည်။ ကားဂိုဒေါင်ကို မည်သည့်အခါတွင်မျှ အရှေ့မြောက်ထောင့် တွင် မထားရပါ။ အနောက်တောင်ထောင့်တွ အိမ်ရှင် အိမ်ထောင်ဦးစီး၏ အခန်းအတွက် အသုံးပြုလျှင် အကောင်း ဆုံး ဖြစ်သည်။

အထောက်အကူများ (Off Sets)

'အထောက်အကူများ' ဟူသည်က အဆောက်အအုံ နှင့် ခြံစည်းရိုးအကြား လေးဖက်လေးတန်တွင် ရှိနေသည့် မြေပိုများကို ဆိုလိုပါသည်။ ထိုနေရာများကို အထူးဂရုစိုက် ရန် လိုပါမည်။ အဘယ်ကြောင့်ဆိုသော် ယင်းနေရာများမှ အကောင်းဆုံးဝါစကုများကို ရနိုင်သောကြောင့် ဖြစ်ပါသည်။ ဤအစွန်အဖျားနေရာများတွင် စွမ်းအင်စီးကြောင်းက တည် ရှိနေသည်။ အကယ်၍ အဆောက်အအုံ တည်ဆောက်ရာ တွင် စည်းတမ်းဥပဒေနှင့် မလိုက်နာပါက ပြီးစီးနေထိုင်သူ အိမ်သူအိမ်သားများတွင် ပြဿနာများ ရင်ဆိုင်ကြုံတွေ့ နိုင်ခြေ မြင့်မားလာသည်ဟု ယူဆနိုင်သည့်အနေအထားမျိုး ဖြစ်နေပါတော့သည်။

အထောက်အကူများနှင့် ပတ်သက်၍ အောက်ပါ တို့ကို မှတ်သားထားပါ။

၁။ မြောက်နှင့် အရှေ့ဘက်တွင် နေရာပို ချန်ထားပါ။

၂။ အရှေ့မြောက် အစိတ်အပိုင်းကို လုံးဝ ဖွင့်ထားပါ။ (မိမိမြေကွက်တွင် အရှေ့မြောက်အစိတ်အပိုင်း အတိ အကျ ဖြစ်နေပါစေ။)

၃။ တောင်ဘက်နှင့်အနောက်ဘက်တွင် အထောက်အကူ မြေပိုကို လျှပ်ရှားနိုင်စေရန် လုံလောက်အောင် ချန်ပါ။ (ပေ ၄၀ × ပေ ၆၀ မြေကွက်အတွက် ၃ ပေခန့် ချန် ထားရပါမည်။)

၄။ အနောက်တောင်အစိတ်အပိုင်းကို အိပ်ခန်းနှင့် ဝိတ် ထားပါ။ ထိုနေရာကို ဖွင့်မထားသင့်ပါ။ အကယ်၍ ထိုသို့ ပြုလုပ်ရန် မဖြစ်နိုင်ပါက တောင်ဘက်နှင့် အနောက်ဘက်တကွဲသို့ အထောက်အကူ ဖန်တီး ထားပါ။

အဆောက်အအုံတွင်းတွင် မည်သည့်နေရာများ တွင် မည်သို့ဖွဲ့စည်းထားမည်နည်း။

မြေကွက်အတွင်း မြေကြီးအထောက်အကူများ၊ မြေ သားဖယ်ရှားသည့်လုပ်ငန်းနှင့် ဖြည့်ချသည့်လုပ်ငန်းများကို ဝင်းထရံနံရံတည်ဆောက်ရာတွင် ပြုလုပ်နည်းကိုင်း ဆက် လက် လုပ်ဆောင်ရပါမည်။ ဤကဏ္ဍနှင့်ပတ်သက်၍ ပြီးခဲ့ သည့်အခန်းများတို့ ပြန်လည် လေ့လာစေလိုပါသည်။

မိတ်ဆွေအနေဖြင့် စွမ်းအင်အဆင့်နှင့် အပူစွမ်းအား ဝရုပ်ပုံများတို့ ယခင်အခန်းများတွင် လေ့လာသိရှိပြီးဖြစ်သည်။

www.burmeseclassic.com



ပုံ(၄၃)

ထို့ကြောင့် မိတ်ဆွေအတွက် အောက်ဖော်ပြပါ နေရာချထားမှုနှင့် အဘယ်ကြောင့် နှစ်သက်ရသည်ဟူသည့်အချက်များကို ခံစားနိုင်ပါလိမ့်မည်။ ကျွန်ုပ်က အပြောင်းအလဲ လုပ်နိုင်သည့်အချက်များကို ညွှန်ပြသွားပါမည်။ ထိုအချက်များက မည်သည့်အနေအထားက အကောင်းဆုံးဖြစ်မည်ဆိုသည်ကို သင့်အနေဖြင့် စဉ်းစားတွေးတော ကြံဆနိုင်ပါလိမ့်မည်။

မြေကွက်မှ **အရှေ့မြောက်ထောင့်**ကို ဖွင့်ထားရပါမည်။ ထိုထောင့်တွင် မည်သည့်တည်ဆောက်မှုမျိုးမှ မပြုလုပ်ရပါ။ တိုင်မပါသည့် ပေါ်တီကိုထားရှိ၍ မြေကွက်ကို မျက်နှာမူထားသည့် မြောက်ဘက်နှင့် အရှေ့ဘက်ဧရိယာကို မိုးထားနိုင်သည်။ မြေအောက်ရေလှောင်ကန်ကို ထားရှိနိုင်သည်။ မြေကွက်ကို မျက်နှာမူထားသည့် တောင်ဘက်နှင့် အနောက်ဘက်ကို ဖွင့်ထားရမည်။ ပေါ်တီကိုလုပ်၍ အကျိုးမရှိပါ။ ယင်းဧရိယာအပေါ်တွင် အိမ်အမိုးက ပေါ်တီကိုအစား တည်ရှိနေသဖြင့် နေအိမ်အောက်ထပ်တွင် နေထိုင်သူများအနေဖြင့် ထိုနေရာတွင် ထွက်ထိုင်၍ ရနိုင်ပါသည်။

ကျန်အခင်းအကျင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖြစ်သည်။

၁။ မီးဖိုချောင်

အကောင်းဆုံးနေရာ	-	အရှေ့တောင်
ဒုတိယအဆင့်	-	အနောက်မြောက်
တတိယအဆင့်	-	အနောက်တောင်
မလုပ်သင့်သည့်နေရာ	-	အရှေ့မြောက်

ချက်ပြုတ်နေသူက အရှေ့ဘက် မျက်နှာပြုရမည်။ ပန်းကန်ခွက်ယောက်ဆေးခွက်သည် မီးဖိုချောင်၏ အရှေ့မြောက်တွင် ရှိရမည်။ မီးဖိုသည် မီးဖိုချောင်၏ အရှေ့တောင်တွင် ရှိရမည်။

၂။ သန့်စင်ခန်း

အကောင်းဆုံးနေရာ	-	အရှေ့ဘက်၏လက်ဝဲဘက်
ဒုတိယအဆင့်	-	တောင်ဘက်၏အရှေ့တောင်
တတိယအဆင့်	-	အနောက်မြောက်

အခြားသောနေရာများကို အကြံမပေးသင့်ပါ။
ရေချိုးသူသည် အရှေ့ဘက်ကို မျက်နှာပြုထားရမည်။

၃။ ပူဇော်(Pooja)ဘုရားခန်း

အဖိုဓာတ်စိုးမိုးထားသည့် အရှေ့ဘက်ခြမ်း တစ်ဝက်။ အကယ်၍ ဖြစ်နိုင်သည့် အခြေအနေမျိုး. မပေးပါက မည်သည့်နေရာတွင်မဆို ထားနိုင်သည်။ အရှေ့မြောက်ထောင့်တွင် ပူဇော်ကိုထားခြင်းသည် အခန်းများ ထားရှိသကဲ့သို့ပင် ဆိုးရွားသည့်သက်ရောက်မှု ဖြစ်စေနိုင်ပါသည်။ လူအတော်များများက ပူဇော်အတွက် အသင့်တော်ဆုံးနေရာက အရှေ့မြောက်ဟု ထင်ထားတတ်ကြသည်။ မဟုတ်ပါ။ ထိုနေရာကို 'ဘုရားသခင်၏နေရာ' (God's place)ဟု သတ်မှတ်ထားခြင်းသည် အခြားအကြောင်းရှိနိုင်သည်။ စင်စစ်အားဖြင့် ၎င်းနေရာတွင် မည်သည့်တည်ဆောက်မှုမျိုးကိုမျှ ခွင့်ပြုမထားဘဲ ချန်လှပ်ထားရမည်။ စွမ်းအင်များက ထိုနေရာမှ ဝင်ရောက်လာပြီး နေထိုင်သူများကို ကောင်းကျိုးများပေးသည့် နေရာထူးဖြစ်သည်။ ထို့အချက်ကို သဘောပေါက်လွဲပြီး ဟိန္ဒူဘာသာဝင်များက ပူဇော်ကို ထိုနေရာတွင် ထားလိုသောဆန္ဒဖြစ်ပေါ်ကြခြင်း ဖြစ်သည်။ အမှန်တကယ်အားဖြင့် ဝါစတုပညာရပ်သည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ပြီး ဆစ်လူမျိုးခရစ်ယာန်များ၊ မွတ်ဆလင်များနှင့် အခြားဘာသာဝင်များလည်း လက်ခံကျင့်သုံးနိုင်ကြပါသည်။

ဘုရားဝတ်ပြု ရှိခိုးသူများ

အနောက်သို့မျက်နှာငေးခြင်း	-	အကောင်းဆုံး
အရှေ့သို့မျက်နှာပြုခြင်း	-	ဒုတိယအကောင်းဆုံး
မြောက်သို့ မျက်နှာပြုခြင်း	-	တတိယအကောင်းဆုံး
တောင်သို့မျက်နှာပြုခြင်း	-	မလုပ်သင့်ပါ

၄။ အိပ်ခန်းများ

အနောက်တောင်	-	အိမ်ထောင်ဦးစီးအခန်း-အကောင်းဆုံး
အနောက်	-	ကောင်း
တောင်	-	ကောင်း
အနောက်မြောက်	-	ပြုလုပ်နိုင်သည်
မြောက်နှင့်အရှေ့	-	အကြံမပေးသင့်ပါ
အရှေ့မြောက်	-	လုံးဝမလုပ်သင့်ပါ

www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာမေါ်တွင် လဲလျောင်းရမည့် အနေအထား

အိပ်ရာများသည် အရှေ့တောင်ထောင့်မှ အခန်းများတွင် ထားရမည်။ အသက်အရွယ်ကြီးသူများအတွက် တောင်ဘက်သို့ ဦးခေါင်းထားပြီး ခြေထောက်ကို မြောက်ဘက်ထားရန် အကြံပြုလိုပါသည်။ ကျောင်းသားကျောင်းသူများအတွက်မူ ဦးခေါင်းကို အရှေ့ဘက်တွင်ထား၍ ခြေထောက်ကို အနောက်ဘက်တွင် ထားသင့်သည်။

ထိုအချက် နောက်ကွယ်မှ အကြောင်းအကျိုးကို ကျွန်ုပ်တို့ ဆင်ခြင်ကြပါစို့။ ကမ္ဘာကြီး၏ သံလိုက်ဝင်ရိုးသည် မြောက်နှင့်တောင်ကို တန်းနေသည်။ သံလိုက်စွမ်းအားရှိသည့် မြောက်အရပ်သည် ဘူမိမြောက်ဝင်ရိုးစွန်းအနီးတွင် တည်ရှိနေသည်။

လူ့ခန္ဓာကိုယ်တွင် သံဓာတ်က ဟီမိုဂလိုဗင် (Haemoglobin)ပုံစံဖြင့် ဖွဲ့စည်းထားလျက်ရှိသည်။ သံချောင်း တစ်ချောင်းကို မြောက်နှင့်တောင်တန်းထားပြီး ကြိုးနှင့်ဆွဲထားကြည့်လျှင် ကမ္ဘာသံလိုက်စက်ကွင်းကြောင့် အလိုအလျောက် သံလိုက်ချောင်း ဖြစ်သွားတတ်သည်။ ဆေးသိပ္ပံဆိုင်အရာအဖွဲ့အစည်း အမျိုးမျိုး၏ သုတေသန ပြုချက်များအရလူတစ်ယောက်အနေဖြင့် တောင်ဘက်သို့ ဦးခေါင်းထား၍ လဲလျောင်းအိပ်စက်ခြင်း အနေအထားသည် လူတို့ သက်သောင့်သက်သာဖြစ်စေပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေသည်ဟု သိရသည်။

လူငယ်ကျောင်းသားကျောင်းသူများမှာ ငယ်ရွယ်သူများပီပီ သဘာဝအရ ကောင်းကောင်းအိပ်ပျော်တတ်ကြသည်။ သင်အံကျက်မှတ်ထားသည့် ပညာရပ်များကို မှတ်ဉာဏ်တွင် ထိန်းသိမ်းထားရန်မှာ သူတို့အတွက် အရေးကြီးလှသည်။ သူတို့အတွက် ဦးခေါင်းကို အရှေ့ဘက်ထား အိပ်စက်လဲလျောင်းခြင်းသည် သူတို့၏ မှတ်ဉာဏ်ကို ထိမ်းသိမ်းထားနိုင်မှုကို အားကောင်းစေသည်။ အသက်အရွယ်ကြီးသူများမှာ စိတ်သောဏ ကြောင့်ကြမှုများဖြင့် စိတ်တင်းမာမှု ကိုယ်စီနှင့် ဖြစ်နေတတ်ကြသည်။ ထိုသောက ကြောင့်ကြမှုများမှ ကင်းလွတ်မှုရနိုင်ရန်မှာ တောင်ဘက်သို့ ဦးခေါင်းထား လဲလျောင်းအိပ်စက်ခြင်းဖြစ်၍ မဖြစ်မနေ လုပ်သင့်သည့် အချက်ပင် ဖြစ်သည်။

၅။ စာကျက်ခန်း

အနောက်ဘက်မှ အခန်း။ စာကျက်သည့်အခါ အရှေ့ဘက်သို့ မျက်နှာပြုထားရမည်။

၆။ ည့ဉ်ခန်း

ည့ဉ်ခန်းကို သက်သောင့်သက်သာ ဖြစ်စေရန်နှင့် အလှအပ မွမ်းမံနိုင်သည်။ ည့ဉ်ခန်းကို ဖွဲ့စည်းရာတွင် ည့ဉ်ခန်း၏ အဓိကနေရာ အထောက်များများကို ခြွေကွက်၏ ဗဟို အစိတ်အပိုင်းတွင် ကျရောက်နေစေရမည်။ ထင်းအကြောင်းရင်းက ထိုဧရိယာအစိတ်အပိုင်းတွင် စွမ်းအင် တည်ရှိနေမှုက အကန့်အသတ်နှင့် ဖြစ်နေသဖြင့် တစ်အိမ်လုံးတွင် စွမ်းအင်ရမှု အားအနည်းဆုံး နေရာပင်ဖြစ်သည်။

ထိုအချက်ကြောင့် ဖြစ်မည်ထင်သည်။ ကွန်လက် တွင်ရှိသည့် အိမ်ဟောင်းများတွင် အလယ်ကောင်နေရာတို့ အမိုးမမိုးဘဲ လှစ်ဟထားတတ်ကြသည်။ ထို့ပြင် ရှေးဟောင်းကျမ်းများတွင် ဖော်ပြထားသကဲ့သို့ ထမင်းစားခန်းကို အနောက်ဘက်သို့ ပြောင်းရွှေ့ထားခြင်းများကို ပြုလုပ်ထားတတ်သည်။

သို့သော် မီးဖိုချောင်ကို အရှေ့တောင်ထောင့်တွင် ထားခြင်းနှင့် ထမင်းစားခန်းကို အနောက်ဘက်ခြမ်းတွင် ထားရှိခြင်းတို့က အဓိပ္ပာယ်မရှိလှချေ။ လုပ်ရကိုင်ရ လွယ်ကူသည့်အတွက် ရွှေ့ပြောင်းခြင်းမျိုးသာ ဖြစ်နိုင်လေသည်။

နေရာက အကန့်အသတ်နှင့် တည်ရှိနေတတ်သည့် မြို့ပြအိမ်ယာများသည် ထိုအခြေအနေမျိုး ဖန်တီးနိုင်ရန် မဖြစ်နိုင်တော့ချေ။ ည့ဉ်ခန်းနှင့် ထမင်းစားခန်းများက မီးဖိုချောင်နှင့် အိပ်ခန်းများအတွက် သတ်မှတ်ထားရမည့် နေရာများတွင် ရောက်ချင်ရောက်နေတတ်သည်။

ကျွန်ုပ်က ရှေးဟောင်းကျမ်းများတွင် ဖော်ပြပါရှိသည့် ထမင်းစားသောက်စဉ် အနေအထားကို ဖော်ပြလိုပါသည်။ ထိုအချက်နှင့်ပတ်သက်သည့် သိအိုရီကို အထောက်အထားပြုသည့် အထောက်အထားများကိုမူ ကျွန်ုပ်မတွေ့ရှိသေးပါ။ သို့သော် လေ့လာချက်များအရ ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့မှာ -

ထမင်းစားသောက်စဉ် မျက်နှာပြုရမည့်

အကောင်းဆုံးအနေအထား - တောင်
ဒုတိယအကောင်းဆုံး - အနောက်
တတိယ(ပြောင်းလဲနိုင်သည့်အနေအထား) - အရှေ့
လုံးဝမလုပ်ရသည့် အနေအထား - မြောက်

အူအချဉ်ပေါက်နေသည့် ဝေဒနာသည်များ၊ အစာမကြေဖြစ်တတ်သည့် ဝေဒနာသည်များအနေဖြင့် တောင်ဘက်မျက်နှာပြုသည့် အနေအထားမျိုးတွင် နေသင့်သည်။

၇။ သန့်စင်ခန်း(သို့)အိမ်သာ

အရှေ့ဘက်မှ အရှေ့တောင်၊ တောင်ဘက်၏ အရှေ့တောင်၊ တောင်ဘက်၏ အနောက်မြောက်အစိတ်အပိုင်းတို့သည် အကောင်းဆုံးနေရာများ ဖြစ်သည်။

တွဲထားသည့် အိမ်သာများကို အနောက်တောင်နှင့် အနောက်ဘက်တွင် ထားရှိနိုင်သည်။ အိန္ဒိယနိုင်ငံသား

www.burmeseclassic.com

သုံးလေ့ရှိသည့် အော်ရစ္စ(Orissa)ခွက်များကိုမူ အနောက်တောင်နှင့် အနောက်ဘက်တွင် မသုံးသင့်ပါ။ အိမ်သာတက်သည့်အခါ အနောက်ဘက်ကို မျက်နှာမူထားရပါမည်။ အော်ရစ္စခွက်ကိုသုံးလျှင် အနောက်တောင်ဘက်ကို မျက်နှာမူရမည်။ လိပ်ခေါင်းရှိသူများနှင့် ဝမ်းချုပ်တတ်သူများအနေဖြင့် မိမိတို့ နေအိမ်တွင် အော်ရစ္စခွက်ကို အနောက်ဘက်/အရှေ့ဘက်သို့ မျက်နှာပြုထားနိုင်ပြီး အသုံးပြုသင့်ပါသည်။

၈။ စတိုခန်း

မီးဖိုခန်းထဲတွင် အနောက်ဘက်(သို့)တောင်ဘက်တွင် ထားသင့်သည်။ ပစ္စည်းတင်စင်များကို အနောက်ဘက်နံရံနှင့် တောင်ဘက်နံရံတွင်သာ ပြုလုပ်ထားရပါမည်။

၉။ အလုံပိတ်ခန်း

အနောက်တောင်ထောင့်တွင်သာ ခွင့်ပြုသည်။ အရှေ့တောင်နှင့် အနောက်မြောက်တွင် ကားဂိုဒေါင်နှင့်တွဲ၍ တည်ဆောက်ပါက ပင်မအဆောက်အအုံနှင့် မထိစပ်စေရဘဲ အမိုးများကိုလည်း နှိမ့်ထားရမည်။ အရှေ့မြောက်ထောင့်တွင်မူ လုံးဝ တည်ဆောက်ခွင့်မပြုပါ။

အကယ်၍ အနောက်တောင်ထောင့်တွင် တည်ဆောက်ပါက မိတ်ဆွေ၏ အဆောက်အအုံသည် အိမ်နီးနားချင်းများ၏ အဆောက်အအုံနှင့် မထိမိစေရန် ဂရုပြုရမည်။ အကယ်၍ အနောက်တောင် အလုံပိတ်သည့် ထိုစည်းကမ်းဥပဒေအပေါ် သက်ရောက်မှုရှိနေလျှင် အနောက်တောင်ထောင့်ကို ချန်လှပ်ထားပြီး ဖွင့်ထားလိုက်ပါ။

၁၀။ ဝရန်တာ

ဝရန်တာက အရှေ့ဘက်နှင့်မြောက်ဘက်တွင် တပ်နိုင်သည်။ သို့သော် ပင်မအဆောက်အအုံတွင် မဟုတ်ဘဲ အတန်ငယ်နိမ့်သည့် ပထမထပ်တွင်သာ ဖြစ်ရမည်။ အနောက်ဘက်နှင့် တောင်ဘက်မှ မြေကွက်များကို မျက်နှာပြုထားသည့် နေရာများတွင် ဝရန်တာခပ်မြင့်မြင့် တပ်ဆင်ထားနိုင်သည်။ ညှို့ခန်းသို့ ဝင်ရောက်လိုလျှင် လှေကားဖြင့် ဆင်းရသည့် အနေအထားမျိုးဖြစ်သည်။

၁၁။ လှေကား

လှေကားခုံ ဦးတည်ရာသည် အလွန်အနေကြီးလှသည်။ အရှေ့မှ အနောက်သို့ လည်းကောင်း၊ မြောက်မှ တောင်သို့လည်း တဖြည်းဖြည်း မြင့်တက်သွားရမည်။

လက်ယာရစ် ခရုပတ်လှေကားမျိုးသည် ဝါစတုအကျိုးကျေးဇူးကို ထပ်ဆင့်ခံစားရပါသည်။

၁၂။ ရေတိုင်ကီစင်မြင့်

အနောက်တောင်ထောင့်တွင် ထားခြင်းက အကောင်းဆုံး ဖြစ်သည်။ ဆင်းတက်(Sintex)အမျိုးအစား အဝိုင်းပုံ ရေတိုင်ကီမျိုးထက် စတုဝံပုံစံ ရေတိုင်ကီများကိုသာ သုံးစွဲသင့်ပါသည်။

ဝါစတုကျမ်းတစ်စောင်၏အလိုအရ အနောက်တောင်ထောင့်တွင် ရေမရှိစေရဟု ဆိုထားသဖြင့် ယင်းထောင့်တွင် ရေတိုင်ကီစင်မြင့် မတည်ဆောက်ထားသင့်ဟူသည့်သဘောသက်ရောက်နေပါသည်။ ထိုအချက်က မမှန်ကန်ပါ။ ထိုအယူအဆကို နားလည်မှု လွဲသွားနိုင်သည်။ အဆိုပါ ထောင့်တွင် ရေမရှိရဟု မဆိုလိုပါ။ အခေါင်းများ၊ ဂလိုင်များ ရှိနေလျှင် ပြဿနာများကို ဖန်တီးတတ်သဖြင့် ထိုသို့ညွှန်းဆိုခြင်း ဖြစ်ပါသည်။

ရေသည် နေရာတကာတွင် ရှိနေနိုင်သည်။ မြေကြီးအောက်တွင်လည်း ရေရှိသည်။ အဆိုပါ အနောက်တောင်ထောင့် မြေကြီးအောက်တွင်လည်း ရေက ရှိနေမည်မှာ အမှန်ပင် ဖြစ်သည်။ မိုးရွာလာပြီဆိုလျှင် အဆိုပါ အနောက်တောင်ထောင့်ကို မိုးရေက ချန်လှပ်ထားမည် မဟုတ်ပါ။ ထိုနေရာ ထိုထောင့်တွင် ရေရှိလျှင် ဒုက္ခပေးတတ်သည်ဟူဆိုလျှင် ကျွန်ုပ်တို့ မည်သည့်နည်းဖြင့် တားဆီးနိုင်ပါမည်နည်း။

ထို့ကြောင့် မိတ်ဆွေအနေဖြင့် အဆိုပါ အနောက်တောင်ထောင့်တွင် ရေတိုင်ကီစင်မြင့်ကို တည်ဆောက်လိုက်ပါ။ အကောင်းဆုံး ဝါစတုအကျိုးကျေးဇူးများကို ခံစားရရှိနိုင်ပါသည်။ ကြောက်နေစရာမလိုပါ။ အနောက်တောင်ထောင့်တွင် အခြားသော တည်ဆောက်ထားမှု တစ်ခုခု ရှိနေပါက အနောက်ဘက်နှင့်တောင်ဘက်တို့တွင်လည်း ရေတိုင်ကီစင်မြင့်များ တည်ဆောက်ထားနိုင်ပါသည်။ အနောက်တောင်ထောင့်တွင် အလေးချိန် ပို့နေခြင်းသည် ကောင်းသောအကျိုးကို ရစေတတ်ပါသည်။ တစ်ခုမှတ်ထားရန်က အနောက်တောင်ထောင့်တွင် ဖိအားဖြစ်ပေါ်ခြင်းက ဒုက္ခပေးတတ်ခြင်းဖြစ်သည်။ ရေက ပြဿနာ မဟုတ်ပါ။

၁၃။ အထပ်ဦးများ

အခန်းတိုင်းတွင် တောင်ဘက်နှင့် အနောက်ဘက်နံရံများတွင် ထားရှိနိုင်သည်။ မြောက်နှင့် အရှေ့နံရံများကို ရှောင်ကြဉ်ရမည်။ ကွပ်ပျစ်များကို ချာချီ (chejja) အောက်တွင် မထားမိရန် သတိထားပါ။

၁၄။ နံရံကပ်ဗီရိုများ

တောင်ဘက်နှင့် အနောက်ဘက်နံရံများတွင် ပြုလုပ်ထားနိုင်သည်။ အရှေ့ဘက်နှင့် မြောက်ဘက်တို့တွင် မလုပ်သင့်ပါ။

www.burmeseclassic.com

၁၅။ ရှီးကေ့စ် (Show cases)ဇီရိုမျာ
နံရံကပ်ဇီရိုများအတိုင်းပင် ထားရှိနိုင်သည်။

အမိုး

ခေါင်မိုးအပြားများကို သုံးခြင်းမှာ ပြဿနာအထူးအထေ မရှိလှပါ။ မိုးရေစီးကျနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ရာတွင် အဦးဘက်မှာ စီးဆင်းမှုကို ဖြစ်စေရမည်ဖြစ်ပြီး အနောက်မြောက်ဘက်မှ အရှေ့မြောက်ဘက်သို့ စီးဆင်းသွားစေပြီး ရေတံလျှောက်ထဲသို့ ဝင်ရောက်စေရမည်။

အကယ်၍ ရေတံလျှောက်များ ထပ်မံလိုအပ်ခဲ့လျှင် အရှေ့ဘက်က ပထမတစ်ဝက်ခြမ်းနှင့် မြောက်ဘက်က ပထမတစ်ဝက်ခြမ်းမှ သွယ်တန်းထားနိုင်ပါသည်။

ဆိုင်ခန်းအမိုး

မြောက်ဘက်နှင့် အရှေ့ဘက်သို့ ဦးတည်ထိုးထားရမည်။ အနောက်ဘက်နှင့် တောင်ဘက်တွင် အမိုးဆင်ခြေလျှောများ မဖြစ်စေရန် သတိထားရမည်။

ရေထွက်ပေါက် အသုံးပြုခြင်း

အကယ်၍ အရှေ့ဘက်၏ အရှေ့မြောက်ဘက်တွင် ရေလျှောင်ကန် တည်ရှိနေပါက ရေထွက်ပေါက်ကို မြောက်ဘက်၏အရှေ့မြောက်တွင် ထားရှိနိုင်သည်။ရေလျှောင်ကန်က မြောက်ဘက်၏ အရှေ့မြောက်ဘက်တွင် တည်ရှိနေပါက အရှေ့ဘက်၏ အရှေ့မြောက်ဘက်တွင် ထားနိုင်သည်။ သို့သော် မြေကွက်ကျဉ်းနေပါက ထိုသို့ပြုလုပ်၍ မဖြစ်နိုင်ပါ။ အရှေ့ဘက်၏ ပထမတစ်ဝက်ခြမ်း (သို့) မြောက်ဘက်၏ ပထမတစ်ဝက်ခြမ်းတွင် ပြုလုပ်ရန် ထည့်သွင်းစဉ်းစားနိုင်သည်။ အခြားနေရာများတွင် လုံးဝ လုပ်၍မရပါ။

မိလ္လာကန်

အရှေ့ဘက်၏ ပထမတစ်ဝက်ခြမ်း(သို့)မြောက်ဘက်၏ ပထမတစ်ဝက်ခြမ်းတွင် ပြုလုပ်နိုင်သည်။ ကျန်နေရာများတွင် မပြုလုပ်သင့်ပါ။

အခြားသောအချက်များ

အရှေ့မြောက်ထောင့် ကြီးထားခြင်း။

လူအတော်များများက အဆောက်အအုံများသည် အရှေ့မြောက်ဘက်တွင် ကြီးထွားနေလျှင်ကောင်းသည်ဟု အထင်ရှိနေတတ်သည်။ ထိုအချက်က အလွန် မှားယွင်းနေပါသည်။ အရှေ့မြောက်ဘက်ထောင့်ကို ကောင်းကင်အမိုး ဖွင့်ထားပေးနိုင်လျှင် ယင်းကြီးထွားမှုက ထိရောက်မှု ရှိနိုင်သည်။

ထိုအစိတ်အပိုင်းကို အဆောက်အအုံဖြင့် ဖုံးထားခြင်းဖြင့် ဝါစတုအကျိုးကျေးဇူးများ ကျဆင်းသွားစေနိုင်သည်။

ပုံ(၄၄)။ ထိုပုံစံများ တည်ဆောက်ခြင်းကို ရှောင်ကြဉ်ရပါမည်။



ပုံ (၄၄)

အဆောက်အအုံက အရှေ့မြောက်ဘက်တွင် ကြီးထွားနေသည်။ ထိုသို့ မဖြစ်သင့်ပါ။

မိမိ၏အဆောက်အအုံကို အိမ်နီးနားချင်း အဆောက်အအုံနှင့် တွဲထားခြင်း

ဤသည်က အဆိုးရွားဆုံး လုပ်ရပ်ဟု ဆိုနိုင်ပါမည်။ ဘန်ဂလောကဲ့သို့ မြို့ကြီးပြကြီးများတွင် လူများက မိမိမြေကွက်ကို အပြည့်အဝအသုံးချနိုင်ရန် ရည်သန်ပြီး မိမိ၏ အဆောက်အအုံကို အိမ်နီးနားချင်း၏ အဆောက်အအုံနှင့် ထိစပ် တည်ဆောက်တတ်ကြသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဝါစတုသက်ရောက်မှုက အနှောင့်အယှက်များ ဖြစ်ပေါ်လာရတော့သည်။

အဘယ်ကြောင့်ဆိုသော် ဝါစတုပညာရပ်အရ ထို အဆောက်အအုံ နှစ်ခုသည် တစ်ခုတည်းသော အဆောက်အအုံ ဖြစ်သွားတော့သည်။ ထိုဖြစ်ရပ်ကြောင့် တစ်အိမ်က အကျိုးခံစားရလျှင် ကျန်အိမ်သို့လည်း ကူးစက်ရရှိသွားစေနိုင်ပါသည်။

စိတ်ဝင်စားစရာ ကောင်းသည့် ကိစ္စရပ်တစ်ခုနှင့် ကြုံဖူးသည်။ ၎င်းမှာ နေအိမ်အဆောက်အအုံတစ်ခုက မြောက်ဘက်သို့ မျက်နှာပြုထားသည့် မြေကွက်ပေါ်တွင် တည်ရှိပြီး အဆောက်အအုံတည်ဆောက်စဉ်က ဝါစတုပညာအရ တိတိကျကျ လိုက်နာလုပ်ဆောင်ခဲ့သည်။ သို့သော် ပိုင်ရှင်က အမှားတစ်ခုကို ကျူးလွန်မိခဲ့သည်။ သူအဆောက်အအုံ၏ အနောက်မြောက်ဘက်၌ ရေတိုင်ကီစင်ကို တည်ဆောက်လိုက်သည်။ သူဘေးအိမ်က သူအိမ်၏ အနောက်ဘက်တွင် တည်ရှိနေသည်။ ထိုအိမ်တွင် ဝင်ရောက်နေထိုင်ပြီး သုံးလအကြာတွင် သူ၏ ဆယ်ကျော်သက်အရွယ် သမီးတ

www.burmeseclassic.com

www.burmeseclassic.com

အလွန်မိုက်မဲသည့် ကိစ္စရပ်တစ်ခုနှင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည်။

ထိုအချိန်အတွင်းမှာပင် သူ့အိမ် အနောက်ဘက်နေအိမ်မှ ပုဂ္ဂိုလ်မှာ သူ့စီးပွားရေးလုပ်ငန်းများ အောင်မြင်ပြီး အမြတ်ဝေစု အများအပြားရရှိကာ ချမ်းသာသွားတော့သည်။

ဤဖြစ်စဉ်ကို ကြည့်လိုက်လျှင် ထိုသို့သုံးသပ်နိုင်ပါသည်။ အနောက်ဘက်မှ အိမ်နီးချင်းအတွက် အဆောက်အအုံသစ်သည် အရှေ့ဘက်တွင် တိုးချဲ့ထားသကဲ့သို့ ဖြစ်နေစေပြီး ဝါစတုအကျိုးများကို ခံစားလိုက်ရတော့သည်။ အသစ်ဆောက်လိုက်သည့် အဆောက်အအုံတွင် အရှေ့မြောက်အစိတ်အပိုင်းက ကောင်းကောင်းဖွင့်ထားသည့်အပြင် အရှေ့ဘက်တွင် တိုးချဲ့တည်ဆောက်ထားသကဲ့သို့ ဖြစ်နေသည့်အတွက် သူ့စီးပွားရေးက တိုးတက်လာတော့သည်။

အရှေ့ဘက်နေ အဆောက်အအုံသစ်ပိုင်ရှင်ခမျာမှာမူ အနောက်ဘက်တွင် ထိကပ်မှုက အနောက်ဘက်ကြီးထွားလာသည့်သဘော ဖြစ်သွားပြီး ကြမ္မာဆိုးများကို ဆက်တိုက်ရင်ဆိုင်နေရမတော့။ အလားတူ အဖြစ်အပျက်မျိုး အခြားလော အိမ်များတွင်လည်း ကြုံတွေ့ရဖူးသည်။

ဝါစတုအကျိုးကိုခံစားလိုလျှင် မိမိနေအိမ်အဆောက်အအုံက လွတ်လွတ်ကင်းကင်းဖြစ်နေရန် ဦးစားပေးရပါမည်။ ယင်းနှင့် စီးပွားရေးလုပ်ငန်းများ၊ စျေးဆိုင်ခန်းများနှင့် မပတ်သက်စေသင့်ပါ။

တိုးချဲ့ခြင်းများ

အကယ်၍ မိမိ၏ ဘတ်ဂျက်ငွေကြေး အခြေအနေ မကောင်းခဲ့လျှင် အဆောက်အအုံတစ်ခုလုံးကို မိမိရည်မှန်းထားသည့်အတိုင်း တည်ဆောက်နိုင်မည့် အခြေအနေမျိုး မရှိပါက တစ်ဆင့်စီ တည်ဆောက်သွားရပါမည်။ ထိုသို့ဖြစ်လျှင် မိတ်ဆွေအနေဖြင့် တောင်ဘက်နှင့် အနောက်ဘက် တစ်ဝက်ကို စတင် တည်ဆောက်ပါ။ ထို့နောက်တွင် အခြေအနေပေးလျှင် ပေးသလို မြောက်ဘက်နှင့် အရှေ့ဘက်ကို တိုးချဲ့ တည်ဆောက်ပါ။ အကယ်၍ မိတ်ဆွေအနေဖြင့် မြောက်ဘက်နှင့် အရှေ့ဘက်အစိတ်အပိုင်းများကို စတင် တည်ဆောက်ပြီး နောင်တစ်ချိန်တွင် ယင်းအဆောက်အအုံကို တောင်နှင့်အနောက်ဘက်သို့ တိုးချဲ့မည်ဆိုလျှင် ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။

ထိုအခြေအနေမျိုးတွင် အပြောင်းအလဲတစ်ခုကိုသာ လုပ်နိုင်ပါမည်။ ယင်းက အခြားမဟုတ်ပါ။ တောင်ဘက်နှင့် အနောက်ဘက်တို့တွင် လွတ်လပ်သည့် အဆောက်အအုံတစ်ခုကို နေရာလွတ်တွင် တည်ဆောက်ခြင်းပင် ဖြစ်သည်။ ထိုသို့ဆောက်ရာတွင်ပင် သတိထားရမည့် အချက်များက ရှိနေပေသေးသည်။

နေရာလပ်များရှိနေသည့် တောင်ဘက်နှင့် အနောက်ဘက်တို့တွင် ဝင်းထရံနံရံကာရံသည့်အခါ ယင်းတောင်ဘက်နှင့် အနောက်ဘက်တွင် ထွက်ရှိလာမည့်မြေပိုများက မြောက်ဘက်နှင့်အရှေ့ဘက်မှ မြေပိုထက် နီညိုးနေရန်လိုသည်။ သို့မှသာ တစ်နေ့နေ့ တစ်ချိန်ချိန် မိတ်ဆွေတွင် ငွေအင်အားရှိလာသည့်အခါ နေရာလပ်ပေါ်၌ တည်ဆောက်မှုများ ပြုလုပ်လာနိုင်ပါမည်။ ထိုအချက်ကို လျစ်လျူရှုမိသဖြင့် တောင်ဘက်နှင့် အနောက်ဘက်တို့တွင်ရှိသည့် နေရာလွတ်များက မြောက်ဘက်နှင့် အရှေ့ဘက်တို့မှ မြေပိုထက် အချိုးအစား အရ ပိုမိုနေလျှင် မိတ်ဆွေ၏ စီးပွားရေး အခြေအနေသည် တောင်ရပါမှ လိမ့်ကျသည့်ပုံစံမျိုး ဖြစ်သွားပြီး တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ပြန်လည်လုပ်နိုင်မည့် အခြေအနေမျိုး မရှိတော့သည်အထိ ဖြစ်သွားနိုင်ပါသည်။

မြေပိုများပေါ်မှ ဆင်ခြေလျှောများ

မြေပိုများပေါ်မှ ဆင်ခြေလျှောများက ဝါစတုအကျိုးများ တိုးတက်ရရှိရန်အတွက် လွန်စွာ အရေးပါလှသည်။ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးချိန်တွင် ထိုလုပ်ငန်းအတွက် အာရုံစူးစိုက်ထားရပါမည်။ ယင်းဆင်ခြေလျှောလုပ်ငန်းအတွက် အောက်ပါအတိုင်း လိုက်နာလုပ်ဆောင်ရပါမည်။

မြေပြင်အဖြင့် ဆုံးဖြတ်သည့် အနောက်-တောင်မှ မိုးရေများကို အရှေ့-တောင်နှင့် အနောက်-မြောက်ဘက်သို့ စီးဆင်းစေရမည်။ အရှေ့-တောင်နှင့် အနောက်-မြောက်မှ ဆင်ခြေလျှောကို အရှေ့-မြောက်ဘက်သို့ ရေစီးသွားနိုင်စေရန် ပြုလုပ်ထားရမည်။

ရေထွက်ပေါက်နေရာကို အရှေ့ဘက်၏ အရှေ့မြောက် (သို့)မြောက်ဘက်၏ အရှေ့မြောက် အစိတ်အပိုင်းတွင် ဖြစ်နေစေရမည်။ အရှေ့တောင်အစိတ်အပိုင်းမှ မြေပြင်ညီသည့် အနောက်မြောက်အစိတ်အပိုင်းထက် အတန်ငယ် မြင့်မားနေရန်လိုသည်။ ထို့ကြောင့် အရှေ့ဘက်၏ အရှေ့တောင်အစွန်နှင့် မြောက်ဘက်၏ အနောက်မြောက်အစွန်ကို မြှင့်ထားရပါမည်။ ထိုသို့လုပ်ခြင်းဖြင့် ယင်းတို့သည် နံရံမန်းခုံးနှင့် တညီတညွတ်း ဖြစ်သွားစေနိုင်သည်။ မြေအနေအထား၏ အရှေ့တောင်ဘက်တွင် မြင့်တက်နေမှုနှင့် အနောက်မြောက်ဘက်တွင် နိမ့်လျှောဖြစ်နေမှုများကြောင့် အရှေ့တောင်အစိတ်အပိုင်းသည် အနောက်မြောက် အစိတ်အပိုင်းထက် အနည်းငယ် ပိုမြင့်နေခြင်းက ကြိုက်နှစ်သက်စရာကောင်းပါသည်။ ထို့ပြင် ထိုသို့ဖြစ်နေခြင်းကြောင့် ထိုအဆင့်က မြေကြီးစောင်းနေမှုနှင့် ဟန်ချက်ညီစေနိုင်ပါသည်။

(ဆက်ရန်)

ဆရာဦးခန့်ကျော်

လပြည့်ဝန်းမဂ္ဂဇင်း (၉လိုင်လ၊ ၂၀၁၆)

www.burmeseclassic.com

ခုနစ်ရက်သားသမီးများအတွက်
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ

ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)

တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန ကောင်းအားကို ပဝတ္တိဌာန ဆိုးအားက ပူးယှဉ်နေရာ ယခင်လထက် ဇာတာရှင် အဖို့ ကံဇာတာ ပုံမှန်ရှိရာက အကြံအစည် လွဲမှားတတ်သလို စိတ်လေလွင့်တတ်၏။ လုပ်ငန်းအကြံအစည် အပေါ် အာရုံမကပ်သကဲ့သို့ စိတ်ဓာတ်ကျတတ်၏။ အပျော်အပါး၊ အသောက်အစား ချောင်ပါ။ ခရီးသွားလာချင်စိတ်များနှင့် အာရုံနောက်ကြိတတ်၏။ အင်္ဂါနံသက်ရှိ သက်မဲ့တို့ကြောင့် စိတ်သောက ဖြစ်ရတတ်၏။ ငွေဖြန်းမှုရှောင်ပါ။ အလွယ်ရသောလမ်းစဉ်ကို မလိုက်ပါနှင့်။ ကံကောင်းထောက်မ၍ ပြည်ပရပ်ခြား ခရီးသွားကိန်းရှိ၏။ ဝန်ထမ်းများ သင်တန်း တက်ရတတ်၏။

ယတြာ - စိတ်တည်ငြိမ်သော အကျင့်တစ်ခုခုကို တည်ထောင်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - လမ်းကူး လမ်းဖြတ်၊ ကားကူး ကားမောင်း အထူးဂရုပြုပါ။

ယတြာ - အဂီနံသတ္တဝါ အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ပုဒ္ဓဟူးနေ့ ညံ့၏။

မှတ်ချက်။ ကောင်းသောအတုကို ခိုးပါ။

တနလာသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများနေသဖြင့် ယခင်လနည်းတူ အကျပ်အတည်းရှိမည်။ အကြံပိတ် ဉာဏ်ပိတ် ရှိနေမည်။ ငွေကြေးသောက၊ လူမှုရေးသောကများနှင့် ရင်ဆိုင်နေရတတ်သလို ခြေနှစ်ချောင်း ဒုက္ခကောင်းကောင်းပေးမည်။ လုပ်ငန်းတွင် အမြတ်မပေါ်ဘဲ ရှိနေမည်။ မိမိပိုင် အတွင်းပစ္စည်းများ ထုခွဲရောင်းချရတတ်၏။ သို့သော် ငယ်သူများ၏ အကူအညီဖြင့် အခက်အခဲကို ဖြေရှင်းနိုင်မည်။ ပျော်ပွဲစားခရီး၊ အပျော်ခရီး ရှောင်ပါ။ ဝန်ထမ်းများ စိတ်လေလွင့်လျက်ရှိမည်။

ယတြာ - ကောင်းမှုကုသိုလ်တစ်ခုခု မပြတ်လုပ်ပေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - အသည်း၊ အဆုတ်၊ ကျောက်ကပ်တွင် ဥပဒ်ကပ်နေ၏။

ယတြာ - ပုဒ္ဓဟူးနံ သတ္တဝါ အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ပုဒ္ဓဟူးနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ပုဒ္ဓဟူးနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

မှတ်ချက်။ မိဘကို မြူစုပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာနနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ရှိနေရာ ယခင်လထက် ကြံရည်ဖန်ရည်ရှိလျက် အတွေးသစ် အမြင်သစ်၊ မိတ်ဆွေသစ်များ ရမည်။ ကိုယ်ပိုင်မဟုတ်သေးသော ငွေကြေးများ လက်ဝယ် ကိုင်ဆောင်ထားရကိန်းရှိ၏။ သံယိဇနဝဏမူကို ရှောင်ပါ။ ရပ်ဝေးမိတ်ဆွေများ အကူအညီကြောင့် အခက်အခဲများ ပြေလည်မည်။ ဝန်ထမ်းများ မကောင်းသတင်း အလွှင့်ခံရတတ်၏။

ယတြာ - ခေါင်းလောင်းလှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - သွေးပေါင်ချိန်မမှန်၊ သွေးတိုးဆီးချို ဂရုပြုပါ။

ယတြာ - ရေသတ္တဝါ လွှတ်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနှင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညှိ၏။

မှတ်ချက်။ တိုးတက်မှုကို ပန်းတိုင်အဖြစ် ရှေးရှုပါ။

ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအား အနည်းငယ်က ပူးယှဉ်ထားသဖြင့် စိတ်ဘဝင်မကျမှုများ ခဏ ခဏ ခံစားရတတ်၏။ တနင်္ဂနွေနှင့် အင်္ဂါသားသမီးတို့၏ အတိုက်အခံပြုခံရတတ်၏။ မိဘ၊ ဆွေမျိုး၊ အကြီးအကဲများအတွက် သောကရှိ၏။ စွန့်စားလိုမှုများ ဖြစ်ပေါ်တတ်၏။ ကန့်ထရိုက်လုပ်ငန်းများ အမှတ်မထင် တွေ့ရတတ်၏။ ပညာရေး ညှိ၏။ ဝန်ထမ်းများ အသက်မစေ့မီ ပင်စင်ယူလိုစိတ် ဖြစ်ပေါ်တတ်၏။

ယတြာ - ဘုန်းတော်ကြီးကျောင်း လေ့ကား သန့်ရှင်းရေး လုပ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါ ဂရုပြုပါ။

ယတြာ - ရွှေရင်အော်း ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္လာနေ့ ညှိ၏။

မှတ်ချက်။ မေတ္တာ ဘာဝနာကို အားကိုးပါ။

ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ပြည့်နေသဖြင့် ယခင်လထက် စိတ်သက်သာရာရမည်။ သူတစ်ပါးအတွက် ငွေအာမခံခြင်း၊ တရားရုံးတွင် အာမခံခြင်းမျိုး မပြုလုပ်သင့်။ သူတစ်ပါး အမှုကိစ္စ ကြားဝင်မပါသင့်၊ ရန်ရှိ၏။ မထင်မှတ်ဘဲ ရေတိုအကျိုးပြုမည့် လုပ်ငန်းတစ်စုံတစ်ခု တွေ့မည်။ အခွင့်ကောင်း လက်မလွှတ်သင့်။ ကံဇာတာ အနည်းငယ်တက်လာပြီး အများ၏ အားကိုးမှုခံရတတ်၏။ ဝန်ထမ်းများ တပည့်ငယ်သားများအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံရတတ်၏။

ယတြာ - သီလရှိသူများကို ဒါနပြုပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အထင်မှား ခံရတတ်၏။

(ဂ) **ကျန်းမာရေး** - ခြေလက် ကျိုးတတ်၏။

ယတြာ - စနေနံ သက်ရှိသတ္တဝါ အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညှိ၏။

မှတ်ချက်။ ပရဟိတလုပ်ငန်းများ အကျိုးပြုမည်။

www.burmeseclassic.com

www.burmeseclassic.com

သေဘကြာသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ပူးယှဉ်လိုက်ရာ ယခင်လနည်းတူ အခက်အခဲ အနည်းငယ်ရှိရုံမျှဖြစ်ပြီး လုပ်ငန်းအကြံအစည်များ တံ့ဆိုင်းမှုမရှိဘဲ အဆင်ပြေမည်။ ဒေသအနှံ့ လုပ်ငန်းခွဲများ လုပ်ရကိန်းကြံ၏။ သတင်းအချက်အလက် ဆက်သွယ်ရေးလုပ်ငန်းများနှင့် ဆက်နွယ်မည်။ ရပ်ဝေးမိတ်ဆွေများနှင့် လူမျိုးခြားများ၏ အကူအညီကြောင့် ဘဝရပ်တည်ချက် ကောင်းမည်။ ငယ်သူများအိုးခွဲ အိမ်ထောင်ခွဲကိန်း ရှိ၏။ ခရီးဝေး သွားရကိန်းရှိ၏။ ဝန်ထမ်းများ DE/PE အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်ရတတ်၏။

ယတြာ - ရွှင်ဥပဂုတ္တမထေရ်မြတ်အား ဆည်းကပ်ကိုးကွယ်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - သွေး အဆိပ်သင့်တတ်၏။

ယတြာ - နာမကျန်းသူများကို ဆေးလှူဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

မှတ်ချက်။ မိမိကိုယ်မိမိ အားကိုးပါ။

စနေသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ခြေဖျက်နိုင်သဖြင့် ယခင်လထက် သက်သာရာရသော ကာလဖြစ်၏။ လျှပ်တစ်ပြက် အကြံအစည်များ ပေါ်တတ်၏။ ပညာရေးအခြေအနေ မဆိုးပါ။ လုပ်ငန်းအကူအညီ ပေးမည့်သူ၊ လမ်းပြမည့်သူ ပေါ်ပေါက်တတ်၏။ ဗုဒ္ဓဟူးနံ့ ရွှေဝင်မည်။ လူကောင်း တွေ့မည်။ သားသမီးများ အိမ်ထောင်ကျတတ်၏။ အင်္ဂါနံ သက်ရှိ၊ သက်မဲ့ကြောင့် သောကရှိ၏။ ဝန်ထမ်းများ အမှတ်မထင် ဦးမြှောက်ခံရတတ်၏။

ယတြာ - သာသနိက အဆောက်အအုံများ အတွက် အုတ်၊ သဲ လှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - အိပ်မပျော်သောရောဂါ ကပ်ငြိတတ်၏။

ယတြာ - အိပ်ရာ ခေါင်းအုံးအောက်မှာ ကန်စွန်းညွှန့် (၅)ညွှန့် ထား၍ အိပ်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံ့သင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့တို့ အကျိုးပြု၍ (၅) ဂဏန်းနှင့် ကြာသပတေးနေ့တို့ ညံ့၏။

မှတ်ချက်။ သူတစ်ပါးကျေးဇူးကို သိတတ်ပါ။

မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။
ဦးညွှန့်လှိုင် (ကြို့ပင်ကောက်)
တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၀၉၃၃
စနေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ
[တယ်လီဖုန်းဖြင့် ဖေးမြန်းခြင်း သည်းခံပါ။
ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ
လက်ခံဆောင်ရွက်ပါသည်။]
စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊
ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်
ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ရာသီခွင်နှင့် ကုလိုင်လ ဟောကိန်းများ

ဆရာဦးခန့်ကျော်

CAPRICORN
မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း မကာရရာသီဖွားများ အနေဖြင့် စီးပွားဝင်ငွေ ကောင်းမည်။ လုပ်ငန်းနှစ်မျိုး၊ သုံးမျိုးကို တစ်ပြိုင်တည်းလုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများ ပေါ် ထွက်လာလိမ့်မည်။ မိဘနှစ်ပါးမွေအနှစ်ကိစ္စနှင့်သော်လည်းကောင်း၊ အိုးအိမ်၊ ခြံမြေကိစ္စနှင့်သော်လည်းကောင်း ပြဿနာ အမှုအခင်းများ ပေါ် ပေါက်တတ်သည်။ အတတ်နိုင်ဆုံး စိတ်အေးအေးထား၍ စဉ်းစားဆုံးဖြတ် ဆောင်ရွက်သင့်သည်။ ဆွေမျိုးအသိုင်းအဝိုင်းများကြောင့် စိတ်ညစ်ရမှုများရှိမည်။ ငယ်ရွယ်သူဖြစ်ပါက အချစ်ရေးကိစ္စများ အဆင်ပြေမည်။ အိမ်ထောင်ပြုရန်အကြောင်းများလည်း ပေါ် ပေါက်တတ်မည်။ ဝန်ထမ်းဖြစ်ပါက လူနေရာ၊ အလုပ်ဇနရာ အပြောင်းအလဲ အပြောင်းအရွှေ့များရှိမည်။ မမျှော်လင့်ဘဲ ရာထူးတိုးခြင်း၊ လစာတိုးခြင်းများလည်း ရှိမည်။ လက်ရှိအိုးအိမ်ကို ပြန်လည်ပြုပြင်ရခြင်း၊ အိုးသစ်အိမ်သစ်သို့ ပြောင်းရွှေ့နေထိုင်ရခြင်းများလည်းရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ယခုလအတွင်း ကျန်းမာရေး ချို့ချာမှုများရှိမည်။ မကြာခဏ ဆေးရုံဆေးခန်း ရောက်ရတတ်မည်။ ရုတ်တရက် သွေးပေါင်ကျခြင်း၊ မူးလဲခြင်းများ ဖြစ်ပေါ် ခံစားရတတ်သည်။ ကျန်းမာရေးကြောင့် ငွေကုန်ကြေးကျများရလိမ့်မည်။ ဤရာသီဖွားများ ထိထိုးမည် ဆိုပါက (၂၄၊ ၀၊ ၉)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

AQUARIUS
ကုံဘရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၈ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုံရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း စီးပွားရေး၊ လူမှုရေးကိစ္စများဖြင့် အနားမရသဲ့ ဖြစ်နေတတ်မည်။ ပြည်ပသို့သွားရန် စီစဉ်ကြိုးစားထားမှုများ အားလုံးအဆင်ပြေတတ်မည်။ မမျှော်လင့်သောနေရာမှ သတင်းကောင်းများလည်း ကြားရနိုင်မည်။ စီးပွားရေးမှာ လက်ရှိလုပ်ငန်းအပြင် အခြားလုပ်ငန်းသစ်များလည်း လုပ်ကိုင်နိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်မည်။ တစ်ဦးနှင့်တစ်ဦး အထင်ခြင်လွဲမှားမှုများ ဖြစ်တတ်မည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်စာမေးပွဲ ဖြေဆိုရခြင်း၊ ဌာနဆိုင်ရာသင်တန်းများ တက်ရခြင်း၊ ခရီးစဉ် ပေါ် ပေါက်တတ်ခြင်းများရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စတွင် ရှုပ်ထွေးမှု၊ ရန်ပြဿနာ ပေါ် ပေါက်တတ်မှုများ ရှိမည်ဖြစ်၍ အထူးသတိထားသင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သည်းခြေဆိုင်ရာ၊ ကျောက်ကပ်ဆိုင်ရာဝေဒနာများ ပြင်းပြင်းထန်ထန် ခံစားရတတ်သည်။ ဖြစ်နိုင်လျှင် ယခုကာလအတွင်း ကျန်းမာရေးကို အကာအကွယ်ဖြစ်ရန်အတွက် သန္တာကျောက်ကန်သေးကို ဝတ်ဆင်ခြင်း (သို့)ဆောင်ထားခြင်း ပြုပါ။ ထီထိုးကံစမ်းမည်ဆိုပါက (၉၊ ၀၊ ၆၊ ၄)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

PISCES
မိန်ရာသီ

(ဖေဖော်ဝါရီ - ၁၉ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများသည် ယခုကာလအတွင်း အိုးအိမ်၊ ခြံမြေကိစ္စနှင့်ပတ်သက်၍ ပြဿနာအကြိုးအကျယ် ပေါ် တတ်မည်။ အမှုအခင်းများလည်း ဖြစ်တတ်မည်။ ထို့အပြင် ကြိုတင်ပြောဆိုထားသော ငွေကြေးကိစ္စများ အဆင်မပြေဖြစ်တတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစု အတူတကွ ပြန်လည်နေရမှုများ ရှိနိုင်မည်။ သွားသမီးဦးရေ တိုးပွားမှုများလည်း ရှိမည်။ ငယ်ရွယ်သူများဖြစ်ပါက အချစ်ရေးကိစ္စကို ဦးစားပေးမှု လွန်ကဲနေတတ်မည်။ အပျော်ခရီး ထွက်ခြင်းများလည်းရှိမည်။ သို့သော်-ယခုကာလအတွင်း အသွားအလာ အနေအထိုင် အထူးသတိထားဆင်ခြင်သင့်သည်။ မိန်ရာသီဖွားများ အနေဖြင့် စိတ်အေးအေးထားခြင်း၊ သည်းခံစိတ်မွေးခြင်း၊ ဆာသာရေး အလုပ်များကို အချိန်များများပေး၍ လုပ်ကိုင်ခြင်းဖြင့် ပြုသင့်သည်။ ကျန်းမာရေးမှာ အစားမှားခြင်း၊ မတည့်စား ရော

www.burmeseclassic.com

www.burmeseclassic.com

စားမိခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်းများ ရှိမည်။ တစ်လ အတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၄၊ ၈၊ ၁၅၊ ၁၉၊ ၂၂၊ ၂၃၊ ၂၈)ရက်များသည် သင့်အတွက် ကံကုသိုလ်ကောင်းစေသော ရက်များဖြစ်၍ အဆိုပါရက်များနှင့် တိုက်ဆိုင်ပြီး (၇၊ ၀၊ ၂ ၈)ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။

ARIES
မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

မိဿရာသီဖွားများအနေဖြင့် ယခုလအတွင်း ရပ်နိုးရပ်ဝေးနေ ဆွေမျိုးများ သင့်အိမ်သို့ ရောက်လာတတ်မည်။ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ သင့်အိမ်တွင် လူဝင်၊ လူထွက် များနေတတ်ခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းမှ ပြောင်းလဲပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် အခွင့်အလမ်းများ ပေါ်ပေါက်ခြင်း၊ အကူအညီပေးမည့်သူနှင့် ဆုံတွေ့ရခြင်း၊ အမှန်တကယ် လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်နိုင်ခြင်းများလည်း ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအတွင်း စနေသားသမီး ရှိနေလျှင် ထိုသားသမီးအတွက် စိုးရိမ်ပူပန်ရခြင်းများ ရှိမည်။ အတူနေ လူကြီးမိဘများ၏ ကျန်းမာရေးအတွက်လည်း စိတ်ပူပန်ရခြင်းများ ရှိမည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးကံကောင်းမည်။ မိမိဆန္ဒရှိသည်များ အကောင်အထည်ဖော်နိုင်လိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးကံမကောင်းသေးပါ။ ကြားလူပယောဂကြောင့် ချစ်သူချင်း အဆင်မပြေ ဖြစ်ရတတ်သည်။ ကျန်းမာရေးမှာ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ အာရုံကြောအားနည်းခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်မည်။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၃၊ ၀၊ ၁၊ ၈) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

TAURUS
ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ရသောလုပ်ငန်းများ၊ ပြည်ပတွင် သွားရောက်လုပ်ကိုင်ရသောလုပ်ငန်းများ အဆင်ပြေမှုနည်းပါးလိမ့်မည်။ စီးပွားဝင်ငွေ အလွန်လျော့နည်းနေတတ်မည်။ ဥည့်သည့်စီးပွားရေးလုပ်ငန်းတို့ လုပ်ကိုင်သည်ဖြစ်စေ ကြားလူမထားဘဲ မိမိကိုယ်တိုင် တိုက်ရိုက်ဆက်ဆံ ပြောဆို လုပ်ကိုင်ခြင်းပြုပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ အိမ်ထောင်ရေး ဖောက်ပြန်တတ်မှုကို သတိထားပါ။ မိသားစုအတွက် အချိန်များများပေးသင့်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်ပြေမည်။ အထက်လူကြီးများ၏ အားပေးကူညီမှုများကိုလည်း ရရှိတတ်မည်။ ငယ်ရွယ်သူများဖြစ်ပါက ချစ်သူနှင့်အဆင်ပြေမည်။ စေ့စပ်ကြောင်းလမ်းခြင်း၊ လက်ထပ်ခြင်းကိစ္စများ အဆင်ပြေမည်။ ပညာသင်ကျောင်းသား ဖြစ်ပါက ပညာရေးဆိုင်ရာ ထူးချွန်မှုများရှိမည်။ ဂုဏ်ပြုခံးမြှင့်ခြင်း ခံရတတ်ခြင်း၊ ဆုလက်ဆောင်များလည်း ရရှိပိုင်ဆိုင်ရခြင်းများ ရှိမည်။ သင့်အနေဖြင့် ဝါသနာပါလျှင် ထီထိုးခြင်း၊ ကံစမ်းခြင်းများကို များများပြုပေးပါ။ ထီထိုးမည်ဆိုပါက (၅၊ ၄၊ ၀၊ ၉) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

GEMINI
မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

မေထုန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း လက်ရှိလုပ်နေကျလုပ်ငန်းအပြင် ပေါ်ပင်စီးပွားရေးလုပ်ငန်းမျိုး လုပ်ကိုင်ခြင်းဖြင့်လည်း စီးပွားဝင်ငွေကောင်းနိုင်မည်။ မိမိအား တစ်နည်းနည်းဖြင့် အကူအညီပေးမည့်သူများ ပေါ်ပေါက်လာတတ်မည်။ မည်သည့်အရေးကြီးလုပ်ငန်းအတွက်ကိုမဆို တနလ်းသားလူကြီးမိဘ ပုဂ္ဂိုလ်အကြီးအကဲ တစ်ဦးဦးနှင့် တိုင်ပင်လုပ်ကိုင်ခြင်းအပြင် ထိုပုဂ္ဂိုလ်ထံမှ အကြံဉာဏ်များတောင်းခံ၍သော်လည်းကောင်း၊ ငွေကြေးထည့်ဝင် လုပ်ကိုင်စေခြင်းဖြင့်သော်လည်းကောင်း အဆင်ပြေ အောင်မြင်မှုများ ရရှိနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမှုရှိမည်။ မိသားစု အလှူအတန်းကိစ္စများ ပြုရတတ်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာအပြောင်းအလဲ အပြောင်းအလွှေများ ရှိမည်။ ခရီးများရှိမည်။ ပြည်တွင်း ပြည်ပ နှစ်မျိုးစလုံး ဖြစ်နိုင်သည်။ ငယ်ရွယ်သူများ အချစ်ရေး ဦးစားပေးမှုကြောင့် ပညာရေး ထိခိုက်တတ်မည်ကို အထူးသတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အရိုးအဆစ်များ ရောင်ရမ်းနာကျင်ခြင်း၊ အဆစ်လွဲခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ မေထုန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၆၊ ၄၊ ၀၊ ၁)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

CANCER
ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ကရကဋ်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း ကိစ္စရပ်တိုင်းတွင် အတွေးအခေါ်မှားခြင်း၊ ဆုံးဖြတ်ချက်မှား တတ်ခြင်းများရှိနိုင်မည်။ စီးပွားရေးလုပ်ငန်းသစ်တစ်ခု လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်တတ်မည်ဖြစ်၍ အရာရာ စိတ်အေးအေးထားပြီး ဆုံးဖြတ်လုပ်ကိုင်ပါ။ တစ်လ အတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၂၊ ၇၊ ၁၀၊ ၁၃၊ ၁၈၊ ၂၃၊ ၂၅၊ ၂၆)ရက်များသည် သင့်အတွက် ကံကုသိုလ် ကောင်းစေသော ရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်း ကိစ္စအဝဝတို့ကို အကောင်အထည်ဖော် လုပ်ကိုင်သင့်သည်။ လိင်မတူသူများ၏ စိတ်ဝင်စားခြင်း၊ အကူအညီပေးခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အထက်လူကြီး၊ အဲကြီး အကဲများ၏ အထင်အမြင်လွဲမှားခြင်း၊ သံသယဖြစ်ခြင်းများ ရှိတတ်မည်၊ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအတွင်း တနလ်ာ သားသမီးရှိလျှင် ထိုနေ့နံသားသမီးအတွက် စိတ် သောက ရောက်ရတတ်မှုများရှိမည်။ ငယ်ရွယ်သူများ အသွား အလာ အနေအထိုင် ဆင်ခြင်သင့်သည်။ ချစ်၍ဖြစ်စေ၊ မုန်း၍ဖြစ်စေ အနှောင့်အယှက်ပေးခြင်း ခံရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆုတ်အအေးပတ်ခြင်း၊ အသက်ရှူမဝခြင်း၊ နှလုံးအားနည်းခြင်း စသည့် ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ သင်သည် ထိထိုးမည်ဆိုပါက (၂၊ ၅၊ ၈၊ ၉)ဂဏန်းများဖြင့် အောင်ဘာလေထီကို ထိုးပါ။



LEO
သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ သြဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါဒေါ်လမွေး)

ယခုကာလအတွင်း အချိန်ကောင်းကို စောင့်ဆိုင်းပြီး စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်သင့်သည်။ အထူးသဖြင့် သိုလှောင်ထားသော ပစ္စည်းများကို ပြန်လည်ရောင်းထုတ် ခြင်းဖြင့် အမြတ်အစွန်းများ ရရှိမည်။ အိုးအိမ်ခြံမြေ အရောင်း အဝယ်ကိစ္စများ အခက်အခဲများကြားမှ အဆင်ပြေသွားမည်။ သို့သော် အဖိုးတန်ပစ္စည်း ပျောက်ရှုခြင်း၊ အခိုးခံ၊ အလှုခံရ တတ်သဖြင့် အစစအရာရာ သတိထား သွားလာသင့်သည်။ ပြည်ပသို့သွားရန် စီစဉ်ထားမှုများရှိပါက အဆင်ပြေသွား လိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ကံကောင်းခြင်း၊ အဆင်ပြေခြင်း၊ အခွင့်အလမ်းကောင်းများ ရရှိပိုင်ဆိုင်ခြင်း ရှိမည်။ သို့သော် မိမိ၏ အဆင်ပြေ အောင်မြင်မှုအပေါ် မနာလိုဖြစ်သူများ လည်း ရှိနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစု ဘုရားဖူး ခရီးထွက်ရခြင်းများရှိမည်။ ပညာသင်ကျောင်းသားများ ပညာ ရေးက် အနည်းငယ်ညံ့မည်။ ငယ်ရွယ်သူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်မည်။ စေ့စပ်ကြောင်းလမ်းရန် သို့မဟုတ် လက်ထပ်ရန် စီစဉ်ထားပါကလည်း အားလုံးအဆင်ပြေနိုင်မည်။ ကျန်းမာရေးမှာ ဝမ်းလျှောဝမ်းကိုက်ခြင်း၊ အစာမကြေခြင်း၊ မကြာခဏ အအေးမိခြင်းများ ဖြစ်တတ်မည်။ သိဟ် ရာသီဖွားများ ထိထိုးမည်ဆိုပါက (၀၊ ၄၊ ၅၊ ၈)ဂဏန်းများ ပါသော အောင်ဘာလေထီကို ထိုးပါ။

VIRGO
ကန်ရာသီ

(သြဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ကန်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းကို မိမိမွေးရပ်မှကျော်လွန်သော အရပ်ဒေသများတွင် လုပ်ကိုင် ခြင်းဖြင့် စီးပွားဝင်ငွေ သိသိသာသာ တိုးလာလိမ့်မည်။ ယခု ကာလအတွင်း ရင်းနှီးမြှုပ်နှံထားသော၊ စုဆောင်းထားသော ငွေကြေးများ ပြန်လည်ရရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိ အိမ်ထောင်ဖက်နှင့် ရန်တကျက်ကျက် ဖြစ်နေရတတ်မည်။ ဝန်ထမ်းဖြစ်ပါက လက်အောက်ငယ်သားအတွက် ပြဿနာ ဖြေရှင်းပေးရခြင်း၊ စိတ်ညစ်ရခြင်း၊ ငွေကုန်ကြေးကျများရတတ် ခြင်း၊ ခရီးထွက်ရခြင်းများ ရှိမည်။ အချစ်ရေးနှင့်ပတ်သက်၍ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်မည်။ လူပျို ကြီး၊ အပျိုကြီးများလည်း စွံလိမ့်မည်။ ငယ်ရွယ်သူများ အသွား အလာ ဆင်ခြင်ပါ။ ပညာသင်ကျောင်းသားများ ပညာရေး ကံကောင်းမည်။ ရည်ရွယ်စိတ်ကူးထားချက်များ အကောင် အထည်ပေါ်လာလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မတော်တဆ ထိခိုက်အနာတရဖြစ်တတ်ခြင်း၊ အမြင့်မှပြုတ်ကျ ခြင်း၊ ချော်လဲခြင်း၊ ယာဉ်ကား အန္တရာယ် ကြုံတွေ့ရတတ်ခြင်း များ ရှိမည်၊ ကန်ရာသီဖွားများအနေဖြင့် နေဝင်ရီတရော အချိန်နှင့် ညပိုးချုပ်အချိန်များတွင် အပြင်သို့ တစ်ယောက် တည်း မသွားပါနှင့်။ မဖြစ်မနေ သွားရမည်ဆိုပါက အဖော် တစ်ယောက်ယောက်နှင့်သွားပါ။ ထိထိုးမည်ဆိုပါက (၁၊ ၄၊ ၀၊ ၂)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

www.burmeseclassic.com

LIBRA
တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

တူရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်၊ မြေ၊ မြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေမှုများ ရှိမည်။ လက်အောက်ငယ်သား တပည့် တပန်း မမြဲခြင်း၊ ၎င်းတို့၏ အတိုက်အခံပြုခြင်း၊ သစ္စာမဲ့ခြင်းများကို ခံရတတ်သည်။ ဝန်ထမ်းဖြစ်ပါက အပြောင်းအလဲတစ်စုံတစ်ရာရှိမည်။ ကောင်းသောအပြောင်းအလဲများ ဖြစ်လိမ့်မည်။ မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့် ပြည်ပသွားရန် အကြောင်းကိစ္စများ ပေါ်လာလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက ယခုကာလအတွင်း မယ်တစ်ရာ မောင်တစ်မြို့ နေရခြင်းမှ အတူတကွ ပြန်လည်အနေနီးရလိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးကံမကောင်းသေးပါ။ ချစ်သူ၏ သစ္စာမဲ့ခြင်း၊ စွန့်ခွာသွားခြင်းကို ခံရတတ်မည်။ ပညာရေး လိုက်စားသူဖြစ်ပါက အခက်အခဲများနှင့် တွေ့ကြုံရတတ်သည်။ သို့သော် အဆိုပါ အခက်အခဲများကို ကူညီဖြေရှင်းပေးမည့်သူ ပေါ်ပေါက်လာလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခြေနှင့် လက်တို့တွင် ထိခိုက်ဒဏ်ရာ သွေးထွက်သံယို ဖြစ်တတ်မှု၊ ရေနွေးပူ၊ ဆီပူလောင်ခြင်း ဖြစ်တတ်မှုများအတွက် အထူး သတိထားပါ။ တူရာသီဖွားများ ထိထိုးမည်ဆိုပါက (၆၊ ၃၊ ၂ ၀)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

SCORPIO
ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခုကာလအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက စီးပွားဝင်ငွေသင့်မည်။ အလုပ်အကိုင် ရှာဖွေသူဖြစ်ပါက အလုပ်အကိုင်များ အဆင်ပြေစွာ ရရှိတတ်မည်။ မိတ်ကောင်းဆွေကောင်းများ တိုးပွားတတ်မည်။ လူမျိုး သို့မဟုတ် ဘာသာကွာသူ၊ ရေမြေခြားသူ၊ အသက်ကွာသူများ၏ အကူအညီပေးမှုကို ရရှိတတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးတံခါးကောင်းမည်။ အများ၏ အားပေးခြီးကျူးခြင်းကို ခံရတတ်မည်။ စာပေအဘာသာရပ်နှင့် ဆက်နွယ်တတ်သော ပညာများနှင့် တွေ့ဆုံရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ အသိုင်းအဝိုင်းဆက်သွယ် အထွေအထူးများ ရရှိတတ်မည်။ သို့သော် အခက်အခဲနှင့်ကြုံရခြင်း ဖြစ်မည်။ ငယ်ရွယ်သူများ အချစ်ရေးတိုစွန့်ပြတ်ခဲ့ခြင်း ပြဿနာများ ပေါ်တတ်မည်။ တျန်းမာရေးနှင့်ပတ်သက်၍ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲခြင်း၊ လေးတောနာဆန်းဖြစ်ခြင်း၊ မကြာခဏ ဆေးရုံ၊ ဆေးခန်း ရောက်ရတတ်ခြင်းများ ရှိမည်။ သင်သည် ထိထိုးမည်ဆိုပါက (၄၊ ၅၊ ၀၊ ၈)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

SAGITTARIUS
ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဓနုရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားဝင်ငွေ ကောင်းသလို ထွက်ငွေလည်း ကောင်းနေတတ်မည်။ စက်ပစ္စည်းများနှင့်ပတ်သက်၍ မိမိကိုယ်တိုင် ဝယ်ခြင်းအပြင် လက်ဆောင်အဖြစ်လည်း ရရှိတတ်မည်။ ကံကုသိုလ်ကောင်းနေသော အချိန်အခါဖြစ်၍ ခရီးထွက်ခြင်း၊ လုပ်ငန်းသစ်များ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ပြုသင့်သည်။ မမျှော်လင့်ဘဲ အလှူအတန်း ကြီးကြီးမားမား ပြုရတတ်သည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များအား ဖူးတွေ့ရတတ်သည်။ အလုပ်အကိုင် ရှာဖွေနေသူများဖြစ်ပါက ယခုကာလအတွင်း မိမိနှင့် သင့်တော်မည့်အလုပ် ရရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိအလုပ်မှထွက်ပြီး ပြင်ပစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် ပို၍အဆင်ပြေမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် စန်းပွင့်မည်။ ချစ်သူ ဝိုင်းဝိုင်းလည်နေတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခါးနာခြင်း၊ ဗိုက်အောင့်ခြင်း၊ အစာအိမ်နာခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဓနုရာသီဖွားများ အနေဖြင့် ထီပေါက်ခြင်း သို့မဟုတ် ထီပေါက်သကဲ့သို့ ငွေကြေးများ ဝင်တတ်မည်ဖြစ်၍ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို မြှုပေးပါ။ ထီထိုးမည်ဆိုပါက (၀၊ ၅၊ ၂ ၆) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

ဆရာဦးခန့်ကျော်
(အတိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)ဧရာဝတီနန်းမွေ့ဘုရားလွှေးတန်း(ဇ)ရပ်ကွက်၊
ရေနွေကျင်း၊ ပုန္နဂိုတောင်ပြို့နယ်၊ ရန်ကုန်ပြို့။
ဖုန်း-၄၅၉၂၇၊ ဖုန်း-၄၂၀၀၅၅၀၆၊

www.burmeseclassic.com